http://www.dhammadownload.com

ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်

သံယုတ္တနိကာယ်ဝင် သုတ္တန်ပိဋကတ်

မဟာဝဂ္ဂ

# သံယုတ်ပါဠိတော်

# မြန်မာပြန်

သာသနာ - ၂၅၅၄ ကောဇာ - ၁၃၇၂ ၂၀၁၁

သံယုတ်ပါဠိတော်မြန်မာပြန် (မဟာဝဂ္ဂ)

http://www.dhammadownload.com

ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်

သံယုတ္တနိကာယ်ဝင် သုတ္တန်ပိဋကတ်

# မဟာဝဂ္ဂ

# သံယုတ်ပါဠိတော်

# မြန်မာပြန်

သာသနာ - ၂၅၅၄ ကောဇာ - ၁၃၇၂ ၂၀၁၀

http://www.dhammadownload.com

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
ကမ္ဘာအေးစာပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

http://www.dhammadownload.com

ဆဋ္ဌသံဂါယနာတင် ပိဋကတ်တော်

သံယုတ္တနိကာယ်ဝင် သုတ္တန်ပိဋကတ်

မဟာဝဂ္ဂ

# သံယုတ်ပါဠိတော်

# မြန်မာပြန်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
ကမ္ဘာအေးစာပုံနှိပ်တိုက်၌ရိုက်နှိပ်သည်။

သာသနာ-၂၅၅၄ ကောဇာ-၁၃၇၂ ၂၀၁၁

http://www.dhammadownload.com

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးစာပုံနှိပ်တိုက်တွင်
ညွှန်ကြားရေးမှူး ဦးဝင်းနိုင်
မှတ်ပုံတင်အမှတ် (၀၃၈၄၃/၀၂၄၀၅)က
ပုံနှိပ်ထုတ်ဝေသည်။

http://www.dhammadownload.com



# ပိဋကတ် မြန်မာပြန်ကျမ်းများ အတွက်

# လမ်းညွှန်မာတိကာ

| | နိကာယ် | ပိဋက | ကျမ်း | စာအုပ် | သုတ် |
|---|---|---|---|---|---|
| က | ဒီဃ (အရှည်) | သုတ္တန် | (၃) | (၃) | (၃၄) |
| ခ | မဇ္ဈိမ (အလယ်) | ( ။ ) | (၃) | (၃) | (၁၅၂) |
| ဂ | သံယုတ္တ (ယှဉ်တွဲ) | ( ။ ) | (၅) | (၃) | (၇၇၆၂) |
| ဃ | အင်္ဂုတ္တရ (ပိုမို) | ( ။ ) | (၁၁) | (၃) | (၉၅၅၇) |
| င | ခုဒ္ဒက (အတို) | (ဝိနည်း) င–၁ | (၅) | (၅) | |
| | | (အဘိဓမ္မာ) င–၂ | (၇) –၃ | (၁၂) –၇ (လျော့) | |
| | | (သုတ္တန်) င–၃ | (၁၈) –၄ | (၁၁) –၄ (လျော့) | |
| | (၅) ရပ် | (၃) ပုံ | (၅၂) –၇ | (၄၀) –၁၁ (လျော့) | |

အပြည့်ရှိရန် = (၅၂) ကျမ်း – (၄၀) အုပ်
ယခုရှိပြီး = (၄၅) ကျမ်း – (၂၉) အုပ်

http://www.dhammadownload.com



## က–ဒီဃနိကာယ်

၁.က. ၁/၃ - ၁ သီလက္ခန္ဓဝဂ္ဂ (သီလက္ခန္ဓဝဂ်) သုတ်သီလက္ခန် ၁၃
၂.က. ၂/၃ - ၂ မဟာဝဂ္ဂ (မဟာဝဂ်) သုတ်မဟာဝါ ၁၀
၃.က. ၃/၃ - ၃ ပါထိကဝဂ္ဂ (ပါထိကဝဂ်) သုတ်ပါထေယျ ၁၁
၃၄ သုတ်

- သီလနှင့်တန်ဆာဆင်
- မဟာသတိပဋ္ဌာနသုတ် (သံသရာလွတ်ကြောင်းအခြေခံ)

---

## ခ–မဇ္ဈိမနိကာယ်

၄. ခ. ၁/၃ - ၁ မူလပဏ္ဏာသ [ရှေ့ဦးအစသုတ် ၅၀ ပါကျမ်း]
၅. ခ. ၂/၃ - ၂ မဇ္ဈိမ ။ [အလယ်သုတ် ၅၀ ။ ]
၆. ခ. ၃/၃ - ၃ ဥပရိ ။ [နောက်ဆုံးသုတ် ၅၂ ။ ]
၁၅၂ သုတ်

- "သမာဓိဘာဝနာ" ကျင့်နိုင်ရန်လမ်းညွှန်
- သမ္မာဒိဋ္ဌိသုတ်၊ ရထဝိနီတသုတ် [ဝိသုဒ္ဓိ 7 ပါး]

---

## ဂ–သံယုတ္တနိကာယ်

၇. ဂ. ၁/၃ - ၁ သဂါထာဝဂ္ဂကျမ်းနှင့် နိဒါနဝဂ္ဂကျမ်း (ပ)
၈. ဂ. ၂/၃ - ၂ ခန္ဓဝဂ္ဂကျမ်းနှင့် သဠာယတနဝဂ္ဂကျမ်း (ဒ)
၉. ဂ. ၃/၃ - ၃ မဟာဝဂ္ဂကျမ်း (တ)
၇၇၆၂ သုတ်

---

## ဃ–အင်္ဂုတ္တရနိကာယ်

၁၀.ဃ.၁/၃ - ၁ ဧကက နိပါတ်မှ စတုက္က နိပါတ်ထိ (၄) ကျမ်း
၁၁.ဃ.၂/၃ - ၂ ပဉ္စက ။ သတ္တက ။ (၃) ကျမ်း
၁၂.ဃ.၃/၃ - ၃ အဋ္ဌက ။ ဧကာဒသက ။ (၄) ကျမ်း
၉၅၅၇ သုတ်

- ဗဟုသုတ ပဒေသာပင်၊ ယဉ်ကျေးမှု၏ ရေသောက်မြစ်
- အောင်မြင်နည်း၊ သတ္တိပြည့်နည်း၊ ကြွယ်ဝနည်း၊ ပညာရှိနည်း၊ ဂုဏ်ကျော်နည်း၊ လောကစံစံနိုင်နည်း။

http://www.dhammadownload.com



## ၄–ခုဒ္ဒကနိကာယ်

[ကျမ်းအရေအတွက်အများဆုံးနှင့်
တရားသဘောအစုံဆုံးနိကာယ်]

### (၄–၁) ခုဒ္ဒကနိကာယ် **ဝိနည်း** ပိဋက

( ၅ ကျမ်း - ၅ အုပ် )


| | | | |
|---|---|---|---|
| ၁၃.၄–၁. ၁/၅ | - | ၁ ပါရာဇိက | (ပါရာဇိကကဏ်) |
| ၁၄.၄–၁. ၂/၅ | - | ၂ ပါစိတ္တိယ | (ပါစိတ်) |
| ၁၅.၄–၁. ၃/၅ | - | ၃ မဟာဝဂ္ဂ | (ဝိနည်းမဟာဝါ) |
| ၁၆.၄–၁. ၄/၅ | - | ၄ စူဠဝဂ္ဂ | (စူဠဝါ) |
| ၁၇.၄–၁. ၅/၅ | - | ၅ ပါရိဝါရ | (ပရိဝါ) |


### (၄–၂) ခုဒ္ဒကနိကာယ် **အဘိဓမ္မ** ပိဋက

( ၇ ကျမ်းမှ ၄ ကျမ်း - ၅ အုပ် )


| | | | |
|---|---|---|---|
| ၁၈.၄–၂. ၁/၅ | - | ၁ ဓမ္မသင်္ဂဏီ | (၁) အုပ် |
| ၁၉.၄–၂. ၂/၅ | - | ၂ ဝိဘင်း | (၁) |
| – | | ၃ ဓါတုကထာ | x |
| ၂၀.၄–၂. ၃/၅ | - | ၄ ပုဂ္ဂလပညတ် | (၁) |
| ၂၁.၄–၂. ၄/၅ | - | ၅ ကထာဝတ္ထု (ပ) | (၁) |
| ၂၂.၄–၂. ၅/၅ | - | ကထာဝတ္ထု (ဒု) | (၁) |
| — | | ၆ ယမိုက် | x |
| — | | ၇ ပဋ္ဌာန်း | x |
| | | | (၅) အုပ် |

http://www.dhammadownload.com



## (င-၃) ခုဒ္ဒကနိကာယ် **သုတ္တန္တ** ပိဋက

( ၁၈ ကျမ်းမှ ၁၄ ကျမ်း - ၇ အုပ် )

| | | | |
|---|---|---|---|
| ၂၃. င-၃. ၁/၇ - | ၁ ခုဒ္ဒကပါဌ<br>၂ ဓမ္မပဒ<br>၃ ဥဒါန=ဥဒါန်း<br>၄ ဣတိဝုတ္တက=ဣတိဝုတ်<br>၅ သုတ္တနိပါတ=သုတ္တနိပါတ် | ၅ကျမ်း | |
| ၂၄. င-၃. ၂/၇ - | ၆ အပဒါန် (ပ)တွဲ (ထေရာပဒါန်) | | ၁ |
| ၂၅. င-၃. ၃/၇ - | အပဒါန် (ဒု)တွဲ (ကျန်ထေရာပဒါန်+ ထေရီအပဒါန်)<br>၇. ဗုဒ္ဓဝံသ<br>၈ စရိယာပိဋက | | ၁ |
| ၂၆. င-၃. ၄/၇ - | ၉ ပဋိသမ္ဘိဒါ မဂ် | | ၁ |
| ၂၇. င-၃ ၅/၇ - | ၁၀ မိလိန္ဒပဉှာ | | ၁ |
| ၂၈. င-၃. ၆/၇ - | ၁၁ ဝိမာနဝတ္ထု<br>၁၂ ပေတဝတ္ထု | | ၁ |
| ၂၉. င-၃. ၇/၇ - | ၁၃ ထေရဂါထာ<br>၁၄ ထေရီဂါထာ | | ၁ |
| | ၁၄ ကျမ်း | | ၇ အုပ် |

**ပိုင်းခြားပုံစနစ်**

| | | | |
|---|---|---|---|
| ⓵ဝိမုတ္တိရသ | (၁) | ⓸ပိဋက | (၃) |
| ⓶ဓမ္မဝိနယ | (၂) | ⓹နိကာယ် | (၅) |
| ⓷ဝစန | (၃) | ⓺ဓမ္မက္ခန္ဓာ | (၈၄၀၀၀ ) |

http://www.dhammadownload.com

## မဟာဝဂ္ဂသံယုတ်ပါဠိတော် မြန်မာပြန်

# မာတိကာ

ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ်

### ၁-မဂ္ဂသံယုတ်

### ၁-အဝိဇ္ဇာဝဂ်


| | |
|---|---|
| ၁-အဝိဇ္ဇာသုတ် .... .... .... .... .... .... | ၁ |
| ၂-ဥပၑုသုတ် .... .... .... .... .... .... | ၂ |
| ၃-သာရိပုတ္တသုတ် .... .... .... .... .... .... | ၃ |
| ၄-ဇာဏုဿောဏိဗြာဟ္မဏသုတ် .... .... .... .... .... | ၄ |
| ၅-ကိမတ္ထိယသုတ် .... .... .... .... .... .... | ၆ |
| ၆-ပဌမ အညတရဘိက္ခုသုတ် .... .... .... .... .... | ၇ |
| ၇-ဒုတိယ အညတရဘိက္ခုသုတ် .... .... .... .... .... | ၈ |
| ၈-ဝိဘင်္ဂသုတ် .... .... .... .... .... .... | ၈ |
| ၉-သူကသုတ် .... .... .... .... .... .... | ၁၀ |
| ၁၀-နန္ဒိယသုတ် .... .... .... .... .... .... | ၁၁ |


### ၂-ဝိဟာရဝဂ်


| | |
|---|---|
| ၁-ပဌမ ဝိဟာရသုတ် .... .... .... .... .... | ၁၂ |
| ၂-ဒုတိယ ဝိဟာရသုတ် .... .... .... .... .... | ၁၂ |
| ၃-သေက္ခသုတ် .... .... .... .... .... .... | ၁၃ |
| ၄-ပဌမ ဥပ္ပါဒသုတ် .... .... .... .... .... .... | ၁၃ |
| ၅-ဒုတိယ ဥပ္ပါဒသုတ် .... .... .... .... .... .... | ၁၄ |
| ၆-ပဌမ ပရိသုဒ္ဓသုတ် .... .... .... .... .... | ၁၄ |
| ၇-ဒုတိယ ပရိသုဒ္ဓသုတ် .... .... .... .... .... | ၁၄ |
| ၈-ပဌမ ကုက္ကုဋာရာမသုတ် .... .... .... .... .... | ၁၅ |
| ၉-ဒုတိယ ကုက္ကုဋာရာမသုတ် .... .... .... .... .... | ၁၅ |
| ၁၀-တတိယ ကုက္ကုဋာရာမသုတ် .... .... .... .... .... | ၁၆ |


### ၃-မိစ္ဆတ္တဝဂ်


| | |
|---|---|
| ၁-မိစ္ဆတ္တသုတ် .... .... .... .... .... .... | ၁၆ |
| ၂-အကုသလဓမ္မသုတ် .... .... .... .... .... | ၁၆ |

http://www.dhammadownload.com



# မဟာဝဂ္ဂသံယုတ်ပါဠိတော် မြန်မာပြန်

| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|

## ၃-မိတ္တဝဂ်


၃-ပဌမ ပဋိပဒါသုတ် .... .... .... .... .... ၁၇
၄-ဒုတိယ ပဋိပဒါသုတ် .... .... .... .... .... ၁၇
၅-ပဌမ အသပ္ပုရိသသုတ် .... .... .... .... .... ၁၈
၆-ဒုတိယ အသပ္ပုရိသသုတ် .... .... .... .... .... ၁၈
၇-ကုမ္ဘသုတ် .... .... .... .... .... .... ၁၉
၈-သမာဓိသုတ် .... .... .... .... .... .... ၁၉
၉-ဝေဒနာသုတ် .... .... .... .... .... .... ၁၉
၁၀-ဥတ္တိယသုတ် .... .... .... .... .... .... ၂၀


## ၄-ပဋိပတ္တိဝဂ်


၁-ပဌမ ပဋိပတ္တိသုတ် .... .... .... .... .... ၂၀
၂-ဒုတိယ ပဋိပတ္တိသုတ် .... .... .... .... .... ၂၁
၃-ဝိရဒ္ဓသုတ် .... .... .... .... .... .... ၂၁
၄-ပါရင်္ဂမသုတ် .... .... .... .... .... .... ၂၁
၅-ပဌမ သာမညသုတ် .... .... .... .... .... ၂၂
၆-ဒုတိယ သာမညသုတ် .... .... .... .... .... ၂၃
၇-ပဌမ ဗြဟ္မညသုတ် .... .... .... .... .... ၂၃
၈-ဒုတိယ ဗြဟ္မညသုတ် .... .... .... .... .... ၂၃
၉-ပဌမ ဗြဟ္မစရိယသုတ် .... .... .... .... .... ၂၃
၁၀-ဒုတိယ ဗြဟ္မစရိယသုတ် .... .... .... .... .... ၂၄


## ၅-အညတိတ္ထိယပေယျာလဝဂ်


၁-ရာဂဝိရာဂသုတ် .... .... .... .... .... .... ၂၄
၂-၇-သံယောဇနပ္ပဟာနစသော ၆-သုတ် .... .... .... .... ၂၅
၈-အနုပါဒါပရိနိဗ္ဗာနသုတ် .... .... .... .... .... ၂၅


## ၆-သူရိယပေယျာလဝဂ်


၁-ကလျာဏမိတ္တသုတ် .... .... .... .... .... ၂၆
၂-၆-သီလသမ္ပဒါစသော ၅-သုတ် .... .... .... .... .... ၂၆
၇-ယောနိသောမနသိကာရသမ္ပဒါသုတ် .... .... .... .... ၂၆
၁-ကလျာဏမိတ္တသုတ် .... .... .... .... .... ၂၇
၂-၆-သီလသမ္ပဒါစသော ၅-သုတ် .... .... .... .... .... ၂၇
၇-ယောနိသောမနသိကာရသမ္ပဒါသုတ် .... .... .... .... ၂၈

http://www.dhammadownload.com



# မာတိကာ


| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **၇-ဧကဓမ္မပေယျာလဝဂ်** | |
| | ၁-ကလျာဏမိတ္တသုတ် | ၂၈ |
| | ၂-၆-ပဌမ သီလသမ္ပဒါစသော ၅-သုတ် | ၂၉ |
| | ၇-ယောနိသောမနသိကာရသမ္ပဒါသုတ် | ၂၉ |
| | ၁-ကလျာဏမိတ္တသုတ် | ၃၀ |
| | ၂-၆-သီလသမ္ပဒါစသော ၅-သုတ် | ၃၀ |
| | ၇-ယောနိသောမနသိကာရသမ္ပဒါသုတ် | ၃၀ |
| | **၈-ဒုတိယ ဧကဓမ္မပေယျာလဝဂ်** | |
| | ၁-ကလျာဏမိတ္တသုတ် | ၃၁ |
| | ၂-၆-သီလသမ္ပဒါစသော ၅-သုတ် | ၃၁ |
| | ၇-ယောနိသောမနသိကာရသမ္ပဒါသုတ် | ၃၂ |
| | ၁-ကလျာဏမိတ္တသုတ် | ၃၂ |
| | ၂-၆-သီလသမ္ပဒါစသော ၅-သုတ် | ၃၃ |
| | ၇-ယောနိသောမနသိကာရသမ္ပဒါသုတ် | ၃၃ |
| | **၉-ဂင်္ဂါပေယျာလဝဂ်** | |
| | ၁-ပဌမ ပါစီနနိန္နသုတ် | ၃၃ |
| | ၂-၅-ဒုတိယာဒိပါစီနနိန္နသုတ် ၄-သုတ် | ၃၄ |
| | ၆-ဆဋ္ဌ ပါစီနနိန္နသုတ် | ၃၄ |
| | ၁-ပဌမ သမုဒ္ဒနိန္နသုတ် | ၃၄ |
| | ၂-၆-ဒုတိယာဒိသမုဒ္ဒနိန္နသုတ် ၅-သုတ် | ၃၅ |
| | **၂-ဒုတိယ ဂင်္ဂါပေယျာလဝဂ်** | |
| | ၁-ပဌမ ပါစီနနိန္နသုတ် | ၃၅ |
| | ၂-၆-ဒုတိယာဒိပါစီနနိန္နသုတ် ၅-သုတ် | ၃၆ |
| | ၇-ပဌမ သမုဒ္ဒနိန္နသုတ် | ၃၆ |
| | ၈-၁၂-ဒုတိယာဒိသမုဒ္ဒနိန္နသုတ် ၅-သုတ် | ၃၇ |
| | ၁၃-ပဌမ ပါစီနနိန္နသုတ် | ၃၇ |
| | ၁၄-၁၈-ဒုတိယာဒိပါစီနနိန္နသုတ် | ၃၇ |
| | ၁၉-ပဌမ သမုဒ္ဒနိန္နသုတ် | ၃၈ |
| | ၂၀-၂၄-ဒုတိယာဒိသမုဒ္ဒနိန္နသုတ် | ၃၈ |
| | ၂၅-ပဌမ ပါစီနနိန္နသုတ် | ၃၉ |
| | ၂၆-၃၀-ဒုတိယာဒိပါစီနနိန္နသုတ် | ၃၉ |

http://www.dhammadownload.com



| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **၂-ဒုတိယ ဂင်္ဂါပေယျာလဝဂ်** | |
| ၃၁ | ပဌမ သမုဒ္ဒနိန္နသုတ် | ၄၀ |
| ၃၂-၃၆ | ဒုတိယာဒိသမုဒ္ဒနိန္နသုတ် | ၄၀ |
| | **၅-အပ္ပမာဒပေယျာလဝဂ်** | |
| ၁ | တထာဂတသုတ် | ၄၀ |
| ၂ | ပဒသုတ် | ၄၂ |
| ၃-၇ | ကူဋာဒိသုတ် | ၄၃ |
| ၈-၁၀ | စန္ဒိမာဒိသုတ် | ၄၃ |
| | **၆-ဗလကရဏီယဝဂ်** | |
| ၁ | ဗလသုတ် | ၄၄ |
| ၂ | ဗီဇသုတ် | ၄၆ |
| ၃ | နာဂသုတ် | ၄၆ |
| ၄ | ရုက္ခသုတ် | ၄၇ |
| ၅ | ကုမ္ဘသုတ် | ၄၇ |
| ၆ | သူကသုတ် | ၄၈ |
| ၇ | အာကာသသုတ် | ၄၉ |
| ၈ | ပဌမ မေဃသုတ် | ၄၉ |
| ၉ | ဒုတိယ မေဃသုတ် | ၅၀ |
| ၁၀ | နာဝါသုတ် | ၅၀ |
| ၁၁ | အာဂန္တုကသုတ် | ၅၁ |
| ၁၂ | နဒီသုတ် | ၅၂ |
| | **၇-ဧသနာဝဂ်** | |
| ၁ | ဧသနာသုတ် | ၅၃ |
| ၂ | ဝိဓာသုတ် | ၅၅ |
| ၃ | အာသဝသုတ် | ၅၅ |
| ၄ | ဘဝသုတ် | ၅၅ |
| ၅ | ဒုက္ခတာသုတ် | ၅၆ |
| ၆ | ခိလသုတ် | ၅၆ |
| ၇ | မလသုတ် | ၅၆ |
| ၈ | နီဃသုတ် | ၅၇ |
| ၉ | ဝေဒနာသုတ် | ၅၇ |
| ၁၀ | တဏှာသုတ် | ၅၇ |
| ၁၁ | တသိနာသုတ် | ၅၈ |

http://www.dhammadownload.com



| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|

## ၈-ဩဃဝဂ်


| | |
|---|---|
| ၁-ဩဃသုတ် .... .... .... .... .... .... | ၅၈ |
| ၂-ယောဂသုတ် .... .... .... .... .... .... | ၅၈ |
| ၃-ဥပါဒါနသုတ် .... .... .... .... .... .... | ၅၉ |
| ၄-ဂန္ထသုတ် .... .... .... .... .... .... | ၅၉ |
| ၅-အနုသယသုတ် .... .... .... .... .... .... | ၅၉ |
| ၆-ကာမဂုဏသုတ် .... .... .... .... .... .... | ၆၀ |
| ၇-နီဝရဏသုတ် .... .... .... .... .... .... | ၆၀ |
| ၈-ဥပါဒါနက္ခန္ဓသုတ် .... .... .... .... .... .... | ၆၀ |
| ၉-ဩရမ္ဘာဂိယသုတ် .... .... .... .... .... .... | ၆၀ |
| ၁၀-ဥဒ္ဒံဘာဂိယသုတ် .... .... .... .... .... .... | ၆၁ |

## ၂-ဗောဇ္ဈင်္ဂသံယုတ်

## ၁-ပဗ္ဗတဝဂ်

| | |
|---|---|
| ၁-ဟိမဝန္တသုတ် .... .... .... .... .... .... | ၆၂ |
| ၂-ကာယသုတ် .... .... .... .... .... .... | ၆၂ |
| ၃-သီလသုတ် .... .... .... .... .... .... | ၆၅ |
| ၄-ဝတ္ထသုတ် .... .... .... .... .... .... | ၆၈ |
| ၅-ဘိက္ခုသုတ် .... .... .... .... .... .... | ၆၉ |
| ၆-ကုဏ္ဍလိယသုတ် .... .... .... .... .... .... | ၆၉ |
| ၇-ကူဋာဂါရသုတ် .... .... .... .... .... .... | ၇၂ |
| ၈-ဥပဝါနသုတ် .... .... .... .... .... .... | ၇၂ |
| ၉-ပဌမ ဥပ္ပန္နသုတ် .... .... .... .... .... .... | ၇၃ |
| ၁၀-ဒုတိယ ဥပ္ပန္နသုတ် .... .... .... .... .... .... | ၇၃ |

## ၂-ဂိလာနဝဂ်

| | |
|---|---|
| ၁-ပါဏသုတ် .... .... .... .... .... .... | ၇၄ |
| ၂-ပဌမ သူရိယူပမသုတ် .... .... .... .... .... | ၇၄ |
| ၃-ဒုတိယ သူရိယူပမသုတ် .... .... .... .... ... | ၇၄ |
| ၄-ပဌမ ဂိလာနသုတ် .... .... .... .... .... .... | ၇၅ |
| ၅-ဒုတိယ ဂိလာနသုတ် .... .... .... .... .... | ၇၆ |
| ၆-တတိယ ဂိလာနသုတ် .... .... .... .... .... | ၇၇ |
| ၇-ပါရင်္ဂမသုတ် .... .... .... .... .... .... | ၇၇ |
| ၈-ဝိရဒ္ဓသုတ် .... .... .... .... .... .... | ၇၈ |

http://www.dhammadownload.com



| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|

## ၂-ဂိလာနဝဂ်


၉-အရိယသုတ် .... .... .... .... .... .... ၇၈
၁၀-နိဗ္ဗိဒါသုတ် .... .... .... .... .... .... ၇၉


## ၃-ဥဒါယိဝဂ်


၁-ဗောဓာယသုတ် .... .... .... .... .... .... ၇၉
၂-ဗောဇ္ဈင်္ဂဒေသနာသုတ် .... .... .... .... .... ၇၉
၃-ဌာနိယသုတ် .... .... .... .... .... .... ၈၀
၄-အယောနိသောမနသိကာရသုတ် .... .... .... .... ၈၁
၅-အပရိဟာနိယသုတ် .... .... .... .... .... ၈၁
၆-တဏှက္ခယသုတ် .... .... .... .... .... .... ၈၂
၇-တဏှာနိရောဓသုတ် .... .... .... .... .... ၈၂
၈-နိဗ္ဗေဓဘာဂိယသုတ် .... .... .... .... .... ၈၃
၉-ဧကဓမ္မသုတ် .... .... .... .... .... .... ၈၃
၁၀-ဥဒါယီသုတ် .... .... .... .... .... .... ၈၄


## ၄-နီဝရဏဝဂ်


၁-ပဌမ ကုသလသုတ် .... .... .... .... .... ၈၅
၂-ဒုတိယ ကုသလသုတ် .... .... .... .... .... ၈၆
၃-ဥပက္ကိလေသသုတ် .... .... .... .... .... .... ၈၆
၄-အနုပက္ကိလေသသုတ် .... .... .... .... .... ၈၇
၅-အယောနိသောမနသိကာရသုတ် .... .... .... .... ၈၇
၆-ယောနိသောမနသိကာရသုတ် .... .... .... .... .... ၈၈
၇-ဗုဒ္ဓိသုတ် .... .... .... .... .... .... ၈၈
၈-အာဝရဏနီဝရဏသုတ် .... .... .... .... .... ၈၉
၉-ရုက္ခသုတ် .... .... .... .... .... .... ၉၀
၁၀-နီဝရဏသုတ် .... .... .... .... .... .... ၉၁


## ၅-စက္ကဝတ္တိဝဂ်


၁-ဝိဓာသုတ် .... .... .... .... .... .... ၉၂
၂-စက္ကဝတ္တိသုတ် .... .... .... .... .... .... ၉၂
၃-မာရသုတ် .... .... .... .... .... .... ၉၂
၄-ဒုပ္ပညသုတ် .... .... .... .... .... .... ၉၃
၅-ပညဝန္တသုတ် .... .... .... .... .... .... ၉၃

http://www.dhammadownload.com



| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|

## ၅-စက္ကဝတ္တိဝဂ်


| | |
|---|---|
| ၆-ဒလိဒ္ဒသုတ် | ၉၃ |
| ၇-အဒလိဒ္ဒသုတ် | ၉၄ |
| ၈-အာဒိစ္စသုတ် | ၉၄ |
| ၉-အဇ္ဈတ္တိကင်္ဂသုတ် | ၉၄ |
| ၁၀-ဗာဟိရင်္ဂသုတ် | ၉၅ |


## ၆-သာကစ္ဆဝဂ်


| | |
|---|---|
| ၁-အာဟာရသုတ် | ၉၅ |
| ၂-ပရိယာယသုတ် | ၁၀၀ |
| ၃-အဂ္ဂိသုတ် | ၁၀၂ |
| ၄-မေတ္တာသဟဂတသုတ် | ၁၀၄ |
| ၅-သင်္ဂါရဝသုတ် | ၁၁၀ |
| ၆-အဘယသုတ် | ၁၁၅ |


## ၇-အာနာပါနဝဂ်


| | |
|---|---|
| ၁-အဋ္ဌိကမဟပ္ဖလသုတ် | ၁၁၇ |
| အညတရဖလသုတ် | ၁၁၇ |
| မဟတ္ထသုတ် | ၁၁၇ |
| ယောဂက္ခေမသုတ် | ၁၁၈ |
| သံဝေဂသုတ် | ၁၁၈ |
| ဖာသုဝိဟာရသုတ် | ၁၁၈ |
| ၂-ပုဠုဝကသညာသုတ် | ၁၁၉ |
| ၃-ဝိနီလကသုတ် | ၁၁၉ |
| ၄-ဝိစ္ဆိဒ္ဒကသုတ် | ၁၁၉ |
| ၅-ဥဒ္ဓုမာတကသုတ် | ၁၁၉ |
| ၆-မေတ္တာသုတ် | ၁၂၀ |
| ၇-ကရုဏာသုတ် | ၁၂၀ |
| ၈-မုဒိတာသုတ် | ၁၂၀ |
| ၉-ဥပေက္ခာသုတ် | ၁၂၀ |
| ၁၀-အာနာပါနသုတ် | ၁၂၀ |


## ၈-နိရောဓဝဂ်


| | |
|---|---|
| ၁-အသုဘသညာသုတ် | ၁၂၀ |
| ၂-မရဏသုတ် | ၁၂၁ |

http://www.dhammadownload.com




| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **၈-နိရောဓဝဂ်** | |
| ၃-အာဟာရေပဋိကူလသညာသုတ် | .... .... .... .... | ၁၂၁ |
| ၄-အနဘိရတိသုတ် | .... .... .... .... .... | ၁၂၁ |
| ၅-အနိစ္စသုတ် | .... .... .... .... .... | ၁၂၁ |
| ၆-ဒုက္ခသုတ် | .... .... .... .... .... | ၁၂၁ |
| ၇-အနတ္တသုတ် | .... .... .... .... .... | ၁၂၁ |
| ၈-ပဟာနသုတ် | .... .... .... .... .... | ၁၂၂ |
| ၉-ဝိရာဂသုတ် | .... .... .... .... .... | ၁၂၂ |
| ၁၀-နိရောဓသုတ် | .... .... .... .... .... | ၁၂၂ |
| | **၉-ဂင်္ဂါပေယျာလဝဂ်** | |
| ၁-၁၂-ဂင်္ဂါနဒီစသော ၁၂-သုတ် | .... .... .... .... | ၁၂၃ |
| | **၁၀-အပ္ပမာဒဝဂ်** | |
| ၁-၁၀-တထာဂတာဒိသုတ် | .... .... .... .... .... | ၁၂၄ |
| | **၁၁-ဗလကရဏီယဝဂ်** | |
| ၁-၁၂-ဗလာဒိသုတ် | .... .... .... .... .... | ၁၂၄ |
| | **၁၂-ဧသနာဝဂ်** | |
| ၁-၁၀-ဧသနာဒိသုတ် | .... .... .... .... .... | ၁၂၄ |
| | **၁၃-ဩဃဝဂ်** | |
| ၁-၉-ဩဃာဒိသုတ် | .... .... .... .... .... | ၁၂၄ |
| ၁၀-ဥဒ္ဓမ္ဘာဂိယသုတ် | .... .... .... .... .... | ၁၂၅ |
| | **၁၄-ပုနဂင်္ဂါပေယျာလဝဂ်** | |
| ၃၁၂-၃၂၃-ပုနဂင်္ဂါနဒီအာဒိသုတ် | .... .... .... .... | ၁၂၅ |
| | **၁၅-ပုနအပ္ပမာဒဝဂ်** | |
| ၃၂၄-၃၃၃-တထာဂတာဒိသုတ် | .... .... .... .... .... | ၁၂၅ |
| | **၁၆-ပုနဗလကရဏီယဝဂ်** | |
| ၃၃၄-၃၄၅-ပုနဗလာဒိသုတ် | .... .... .... .... .... | ၁၂၅ |

http://www.dhammadownload.com



| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|

## ၁၇-ပုနသေနဝဂ်


၃၄၆-၃၅၆-ပုနသေနာဒိသုတ် .... .... .... .... .... ၁၂၆


## ၁၈-ပုနသြဃဝဂ်


၃၅၇-၃၆၆-ပုနသြဃာဒိသုတ် .... .... .... .... .... ၁၂၆


## ၃-သတိပဋ္ဌာနသံယုတ်

## ၁-အမ္ဗပါလိဝဂ်


၁-အမ္ဗပါလိသုတ် .... .... .... .... .... ၁၂၇
၂-သတိသုတ် .... .... .... .... .... ၁၂၇
၃-ဘိက္ခုသုတ် .... .... .... .... .... ၁၂၈
၄-သာလသုတ် .... .... .... .... .... ၁၃၀
၅-အကုသလရာသိသုတ် .... .... .... .... .... ၁၃၁
၆-သကုဏဂ္ဃိသုတ် .... .... .... .... .... ၁၃၂
၇-မက္ကဋသုတ် .... .... .... .... .... ၁၃၃
၈-သူဒသုတ် .... .... .... .... .... ၁၃၅
၉-ဂိလာနသုတ် .... .... .... .... .... ၁၃၇
၁၀-ဘိက္ခုနုပဿယသုတ် .... .... .... .... .... ၁၃၉


## ၂-နာလန္ဒဝဂ်


၁-မဟာပုရိသသုတ် .... .... .... .... .... ၁၄၂
၂-နာလန္ဒသုတ် .... .... .... .... .... ၁၄၂
၃-စုန္ဒသုတ် .... .... .... .... .... ၁၄၅
၄-ဥက္ကစေလသုတ် .... .... .... .... .... ၁၄၆
၅-ဗာဟိယသုတ် .... .... .... .... .... ၁၄၈
၆-ဥတ္တိယသုတ် .... .... .... .... .... ၁၄၉
၇-အရိယသုတ် .... .... .... .... .... ၁၅၀
၈-ဗြဟ္မသုတ် .... .... .... .... .... ၁၅၀
၉-သေဒကသုတ် .... .... .... .... .... ၁၅၁
၁၀-ဇနပဒကလျာဏီသုတ် .... .... .... .... .... ၁၅၂


## ၃-သီလဋ္ဌိတိဝဂ်


၁-သီလသုတ် .... .... .... .... .... ၁၅၃
၂-စိရဋ္ဌိတိသုတ် .... .... .... .... .... ၁၅၄
၃-ပရိဟာနသုတ် .... .... .... .... .... ၁၅၅

http://www.dhammadownload.com



| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|

### ၃-သီလဋ္ဌိတိဝဂ်


၄-သုဒ္ဓသုတ် .... .... .... .... .... ၁၅၆

၅-အညတရဗြာဟ္မဏသုတ် .... .... .... .... .... ၁၅၆

၆-ပဒေသသုတ် .... .... .... .... .... ၁၅၇

၇-သမတ္တသုတ် .... .... .... .... .... ၁၅၇

၈-လောကသုတ် .... .... .... .... .... ၁၅၈

၉-သိရိဝစ္ဆသုတ် .... .... .... .... .... ၁၅၈

၁၀-မာနဒိန္နသုတ် .... .... .... .... .... ၁၆၀


### ၄-အနနုဿုတဝဂ်


၁-အနနုဿုတသုတ် .... .... .... .... .... ၁၆၀

၂-ဝိရာဂသုတ် .... .... .... .... .... ၁၆၁

၃-ဝိရဒ္ဓသုတ် .... .... .... .... .... ၁၆၂

၄-ဘာဝိတသုတ် .... .... .... .... .... ၁၆၂

၅-သတိသုတ် .... .... .... .... .... ၁၆၃

၆-အညာသုတ် .... .... .... .... .... ၁၆၃

၇-ဆန္ဒသုတ် .... .... .... .... .... ၁၆၄

၈-ပရိညာတသုတ် .... .... .... .... .... ၁၆၄

၉-ဘာဝနာသုတ် .... .... .... .... .... ၁၆၅

၁၀-ဝိဘင်္ဂသုတ် .... .... .... .... .... ၁၆၆


### ၅-အမတဝဂ်


၁-အမတသုတ် .... .... .... .... .... ၁၆၇

၂-သမုဒယသုတ် .... .... .... .... .... ၁၆၇

၃-မဂ္ဂသုတ် .... .... .... .... .... ၁၆၇

၄-သတိသုတ် .... .... .... .... .... ၁၆၉

၅-ကုသလရာသိသုတ် .... .... .... .... .... ၁၆၉

၆-ပါတိမောက္ခသံဝရသုတ် .... .... .... .... .... ၁၆၉

၇-ဒုစ္စရိတသုတ် .... .... .... .... .... ၁၇၀

၈-မိတ္တသုတ် .... .... .... .... .... ၁၇၁

၉-ဝေဒနာသုတ် .... .... .... .... .... ၁၇၂

၁၀-အာသဝသုတ် .... .... .... .... .... ၁၇၂


### ၆-ဂင်္ဂါပေယျာလဝဂ်


၁-၁၂-ဂင်္ဂါနဒီစသော ၁၂-သုတ်.... .... .... .... .... ၁၇၃

http://www.dhammadownload.com



ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

၇-အပ္ပမာဒဝဂ်

၁-၁၀-ဓာထာဂတစသော ၁၀-သုတ် .... .... .... .... ၁၇၃

၈-ဖလကရဏီယဝဂ်

၁-၁၂-ဖလစသော ၁၂-သုတ် .... .... .... .... .... ၁၇၃

၉-သေနာဝဂ်

၁-၁၀-သေနာစသော ၁၀-သုတ် .... .... .... .... .... ၁၇၄

၁၀-ဩဃဝဂ်

၁-၁၀-ဥဒ္ဓမ္ဘာဂိယစသော ၁၀-သုတ် .... .... .... .... ၁၇၄

၄-ဈာနသံယုတ်

၁-သုဒ္ဓိကဝဂ်

၁-သုဒ္ဓိကသုတ် .... .... .... .... .... .... ၁၇၅
၂-ပဌမ သောတာပန္နသုတ် .... .... .... .... .... ၁၇၅
၃-ဒုတိယ သောတာပန္နသုတ် .... .... .... .... .... ၁၇၅
၄-ပဌမ အရဟန္တသုတ် .... .... .... .... .... ၁၇၅
၅-ဒုတိယ အရဟန္တသုတ် .... .... .... .... .... ၁၇၆
၆-ပဌမ သမဏဗြာဟ္မဏသုတ် .... .... .... .... .... ၁၇၆
၇-ဒုတိယ သမဏဗြာဟ္မဏသုတ် .... .... .... .... ၁၇၇
၈-ဒဋ္ဌဗ္ဗသုတ် .... .... .... .... .... .... ၁၇၇
၉-ပဌမ ဝိဘင်္ဂသုတ် .... .... .... .... .... ၁၇၇
၁၀-ဒုတိယ ဝိဘင်္ဂသုတ် .... .... .... .... .... ၁၇၈

၂-မုဒုတရဝဂ်

၁-ပဋိလာဘသုတ် .... .... .... .... .... .... ၁၈၀
၂-ပဌမ သံခိတ္တသုတ် .... .... .... .... .... ၁၈၁
၃-ဒုတိယ သံခိတ္တသုတ် .... .... .... .... .... ၁၈၁
၄-တတိယ သံခိတ္တသုတ် .... .... .... .... .... ၁၈၂
၅-ပဌမ ဝိတ္ထာရသုတ် .... .... .... .... .... ၁၈၂
၆-ဒုတိယ ဝိတ္ထာရသုတ် .... .... .... .... .... ၁၈၃
၇-တတိယ ဝိတ္ထာရသုတ် .... .... .... .... .... ၁၈၃
၈-ပဋိပန္နသုတ် .... .... .... .... .... .... ၁၈၄

http://www.dhammadownload.com



ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

## ၂-မုဒုတရဝဂ်


၉-သမ္ပန္နသုတ် .... .... .... .... .... .... ၁၈၄
၁၀-အာသဝက္ခယသုတ် .... .... .... .... .... ၁၈၅


## ၃-ဆဠိန္ဒြိယဝဂ်


၁-ပုနဗ္ဘဝသုတ် .... .... .... .... .... .... ၁၈၅
၂-ဇီဝိတိန္ဒြိယသုတ် .... .... .... .... .... .... ၁၈၅
၃-အညိန္ဒြိယသုတ် .... .... .... .... .... .... ၁၈၆
၄-ဧကဗီဇီသုတ် .... .... .... .... .... .... ၁၈၆
၅-သုဒ္ဓကသုတ် .... .... .... .... .... .... ၁၈၆
၆-သောတာပန္နသုတ် .... .... .... .... .... ၁၈၇
၇-အရဟန္တသုတ် .... .... .... .... .... .... ၁၈၇
၈-သမ္ဗုဒ္ဓသုတ် .... .... .... .... .... .... ၁၈၇
၉-ပဌမ သမဏဗြာဟ္မဏသုတ် .... .... .... .... .... ၁၈၈
၁၀-ဒုတိယ သမဏဗြာဟ္မဏသုတ်.... .... .... .... .... ၁၈၈


## ၄-သုခိန္ဒြိယဝဂ်


၁-သုဒ္ဓိကသုတ် .... .... .... .... .... .... ၁၈၉
၂-သောတာပန္နသုတ် .... .... .... .... .... ၁၈၉
၃-အရဟန္တသုတ် .... .... .... .... .... .... ၁၈၉
၄-ပဌမ သမဏဗြာဟ္မဏသုတ် .... .... .... .... .... .... ၁၈၉
၅-ဒုတိယ သမဏဗြာဟ္မဏသုတ် ... .... .... .... .... ၁၉၀
၆-ပဌမ ဝိဘင်္ဂသုတ် .... .... .... .... .... .... ၁၉၀
၇-ဒုတိယ ဝိဘင်္ဂသုတ် .... .... .... .... .... ၁၉၁
၈-တတိယ ဝိဘင်္ဂသုတ် .... .... .... .... .... ၁၉၂
၉-ကဋ္ဌောပမသုတ် .... .... .... .... .... .... ၁၉၃
၁၀-ဥပ္ပဋိပါဋိကသုတ် .... .... .... .... .... .... ၁၉၄


## ၅-ဇရာဝဂ်


၁-ဇရာဓမ္မသုတ် .... .... .... .... .... .... ၁၉၆
၂-ဥဏ္ဏာဘဗြာဟ္မဏသုတ် .... .... .... .... .... ၁၉၇
၃-သာကေတသုတ် .... .... .... .... .... .... ၁၉၈
၄-ပုဗ္ဗကောဋ္ဌကသုတ် .... .... .... .... .... ၁၉၉
၅-ပဌမ ပုဗ္ဗာရာမသုတ် .... .... .... .... .... ၂၀၀

http://www.dhammadownload.com



# မာတိကာ


| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **၅-ဇရာဝဂ်** | |
| ၆ | ဒုတိယ ပုဗ္ဗာရာမသုတ် | ၂၀၁ |
| ၇ | တတိယ ပုဗ္ဗာရာမသုတ် | ၂၀၁ |
| ၈ | စတုတ္ထ ပုဗ္ဗာရာမသုတ် | ၂၀၂ |
| ၉ | ပိဏ္ဍောလဘာရဒွါဇသုတ် | ၂၀၂ |
| ၁၀ | အာပဏသုတ် | ၂၀၃ |
| | **၆-သူကရခတဝဂ်** | |
| ၁ | သာလသုတ် | ၂၀၅ |
| ၂ | မလ္လိကသုတ် | ၂၀၆ |
| ၃ | သေခသုတ် | ၂၀၆ |
| ၄ | ပဒသုတ် | ၂၀၈ |
| ၅ | သာရသုတ် | ၂၀၈ |
| ၆ | ပတိဋ္ဌိတသုတ် | ၂၀၉ |
| ၇ | သဟမ္ပတိဗြဟ္မသုတ် | ၂၀၉ |
| ၈ | သူကရခတသုတ် | ၂၁၀ |
| ၉ | ပဌမ ဥပ္ပါဒသုတ် | ၂၁၁ |
| ၁၀ | ဒုတိယ ဥပ္ပါဒသုတ် | ၂၁၂ |
| | **၇-ဗောဓိပက္ခိယဝဂ်** | |
| ၁ | သံယောဇနသုတ် | ၂၁၂ |
| ၂ | အနုသယသုတ် | ၂၁၂ |
| ၃ | ပရိညာသုတ် | ၂၁၂ |
| ၄ | အာသဝက္ခယသုတ် | ၂၁၃ |
| ၅ | ပဌမ ဖလသုတ် | ၂၁၃ |
| ၆ | ဒုတိယ ဖလသုတ် | ၂၁၃ |
| ၇ | ပဌမ ရုက္ခသုတ် | ၂၁၄ |
| ၈ | ဒုတိယ ရုက္ခသုတ် | ၂၁၄ |
| ၉ | တတိယ ရုက္ခသုတ် | ၂၁၅ |
| ၁၀ | စတုတ္ထ ရုက္ခသုတ် | ၂၁၅ |
| | **၈-ဂင်္ဂါပေယျာလဝဂ်** | |
| ၁-၁၂ | ပါစီနစသော ၁၂-သုတ် | ၂၁၅ |

http://www.dhammadownload.com



## မဟာဝဂ္ဂသံယုတ်ပါဠိတော် မြန်မာပြန်


| ဦးစရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | ၁၂-ဩဃဝဂ် | |
| ၁-၁၀-ဩဃစသော ၁၀-သုတ် | .... .... .... .... .... | ၂၁၆ |
| | ၁၃-ဂင်္ဂါပေယျာလဝဂ် | |
| ၁-၁၂-ပါစီနစသော ၁၂-သုတ် | .... .... .... .... .... | ၂၁၆ |
| | ၁၇-ဩဃဝဂ် | |
| ၁-၁၀-ဩဃစသော ၁၀-သုတ် | .... .... .... .... .... | ၂၁၇ |
| | ၅-သမ္မပ္ပဓာနသံယုတ် | |
| | ၁-ဂင်္ဂါပေယျာလဝဂ် | |
| ၁-၁၂-ပါစီနစသော ၁၂-သုတ် | .... .... .... .... .... | ၂၁၈ |
| | ၂-အပ္ပမာဒဝဂ် | |
| | ၃-ဗလကရဏီယဝဂ် | |
| ၁-၁၂-ဗလကရဏီယစသော ၁၂-သုတ် | .... .... .... .... | ၂၁၉ |
| | ၄-ဧသနာဝဂ် | |
| ၁-၁၀-ဧသနာစသော ၁၀-သုတ် | .... .... .... .... .... | ၂၁၉ |
| | ၅-ဩဃဝဂ် | |
| ၁-၁၀-ဩဃစသော ၁၀-သုတ် | .... .... .... .... .... | ၂၂၀ |
| | ၆-ဗလသံယုတ် | |
| | ၁-ဂင်္ဂါပေယျာလဝဂ် | |
| ၁-၁၂-ဗလစသော ၁၂-သုတ် | .... .... .... .... .... | ၂၂၁ |
| | ၅-ဩဃဝဂ် | |
| ၁-၁၀-ဩဃစသော ၁၀-သုတ် | .... .... .... .... .... | ၂၂၁ |
| | ၆-ဂင်္ဂါပေယျာလဝဂ် | |
| ၁-၁၂-ပါစီနစသော ၁၂-သုတ် | .... .... .... .... .... | ၂၂၂ |

http://www.dhammadownload.com



ဦးရေ အကြောင်းအရာ မျက်နှာအမှတ်


## ၉-သေနာဝဂ်

၁-၁၂-သေနာစသော ၁၂-သုတ် .... ၂၂၂

## ၁၀-ဩဃဝဂ်

၁-၁၀-ဩဃစသော ၁၀-သုတ် .... ၂၂၂

## ၇-ဣဒ္ဓိပါဒသံယုတ်

## ၁-စာပါလဝဂ်

၁-အပါရသုတ် .... ၂၂၄
၂-ဝိရဒ္ဓသုတ် .... ၂၂၄
၃-အရိယသုတ် .... ၂၂၄
၄-နိဗ္ဗိဒါသုတ် .... ၂၂၅
၅-ဣဒ္ဓိပဒေသသုတ် .... ၂၂၅
၆-သမတ္တသုတ် .... ၂၂၆
၇-ဘိက္ခုသုတ် .... ၂၂၆
၈-ဗုဒ္ဓသုတ် .... ၂၂၇
၉-ဉာဏသုတ် .... ၂၂၈
၁၀-စေတိယသုတ် .... ၂၂၉

## ၂-ပါသာဒကမ္ပနဝဂ်

၁-ပုဗ္ဗသုတ် .... ၂၃၃
၂-မဟပ္ဖလသုတ် .... ၂၃၆
၃-ဆန္ဒသမာဓိသုတ် .... ၂၃၇
၄-မောဂ္ဂလာနသုတ် .... ၂၃၈
၅-ဥဏ္ဏာဘဗြာဟ္မဏသုတ် .... ၂၄၀
၆-ပဌမ သမဏဗြာဟ္မဏသုတ် .... ၂၄၂
၇-ဒုတိယ သမဏဗြာဟ္မဏသုတ် .... ၂၄၂
၈-ဘိက္ခုသုတ် .... ၂၄၄
၉-ဣဒ္ဓါဒိဒေသနာသုတ် .... ၂၄၄
၁၀-ဝိဘင်္ဂသုတ် .... ၂၄၅

## ၃-အယောဂုဠဝဂ်

၁-မဂ္ဂသုတ် .... ၂၄၈
၂-အယောဂုဠသုတ် .... ၂၄၉

http://www.dhammadownload.com



ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

၃-အယောဂုဠဝဂ်

၃-ဘိက္ခုသုတ် .... .... .... .... .... .... ၂၅၁
၄-သုဒ္ဓိကသုတ် .... .... .... .... .... .... ၂၅၁
၅-ပဌမ ဖလသုတ် .... .... .... .... .... .... ၂၅၁
၆-ဒုတိယ ဖလသုတ် .... .... .... .... .... ၂၅၂
၇-ပဌမ အာနန္ဒသုတ် .... .... .... .... .... ၂၅၂
၈-ဒုတိယ အာနန္ဒသုတ် .... .... .... .... .... ၂၅၃
၉-ပဌမ ဘိက္ခုသုတ်.... .... .... .... .... .... ၂၅၄
၁၀-ဒုတိယ ဘိက္ခုသုတ် .... .... .... .... .... ၂၅၄
၁၁-မောဂ္ဂလာနသုတ် .... .... .... .... .... ၂၅၅
၁၂-တထာဂတသုတ် .... .... .... .... .... .... ၂၅၆

၄-ဂင်္ဂါပေယျာလဝဂ်

၁-၁၂-ဂင်္ဂါနဒီစသော ၁၂-သုတ် .... .... .... .... .... ၂၅၇

၈-ဩဃဝဂ်

၁-၁၀-ဩဃာဒိသုတ် .... .... .... .... .... .... ၂၅၈

၈-အနုရုဒ္ဓသံယုတ်
၁-ရဟောဂတဝဂ်

၁-ပဌမ ရဟောဂတသုတ် .... .... .... .... .... ၂၅၉
၂-ဒုတိယ ရဟောဂတသုတ် .... .... .... .... .... ၂၆၁
၃-သုတနုသုတ် .... .... .... .... .... .... ၂၆၂
၄-ပဌမ ကဏ္ဍကီသုတ် .... .... .... .... .... ၂၆၂
၅-ဒုတိယ ကဏ္ဍကီသုတ် .... .... .... .... .... ၂၆၃
၆-တတိယ ကဏ္ဍကီသုတ် .... .... .... .... .... ၂၆၃
၇-တဏှက္ခယသုတ် .... .... .... .... .... .... ၂၆၄
၈-သလဠာဂါရသုတ် .... .... .... .... .... ၂၆၄
၉-အမ္ဗပါလိဝနသုတ် .... .... .... .... .... ၂၆၅
၁၀-ဗာဠ္ဟဂိလာနသုတ် .... .... .... .... .... ၂၆၆

၂-ဒုတိယဝဂ်

၁-ကပ္ပသဟဿသုတ် .... .... .... .... .... ၂၆၆
၂-ဣဒ္ဓိဝိဓသုတ် .... .... .... .... .... .... ၂၆၇
၃-ဒိဗ္ဗသောတသုတ်.... .... .... .... .... ၂၆၇

http://www.dhammadownload.com



ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

## ၂-ဒုတိယဝဂ်

၄-စေတောပရိယသုတ် .... .... .... .... .... ၂၆၇
၅-ဌာနသုတ် .... .... .... .... .... .... ၂၆၈
၆-ကမ္မသမာဒါနသုတ် .... .... .... .... .... ၂၆၈
၇-သဗ္ဗတ္ထဂါမိနီသုတ် .... .... .... .... .... .... ၂၆၈
၈-နာနာဓာတုသုတ် .... .... .... .... .... .... ၂၆၈
၉-နာနာဓိမုတ္တိသုတ် .... .... .... .... .... .... ၂၆၉
၁၀-ဣန္ဒြိယပရောပရိယတ္တသုတ် .... .... .... .... .... ၂၆၉
၁၁-ဈာနာဒိသုတ် .... .... .... .... .... .... ၂၆၉
၁၂-ပုဗ္ဗေနိဝါသသုတ် .... .... .... .... .... .... ၂၆၉
၁၃-ဒိဗ္ဗစက္ခုသုတ် .... .... .... .... .... .... ၂၆၉
၁၄-အာသဝက္ခယသုတ် .... .... .... .... .... ၂၇၀

## ၉-ဈာနသံယုတ်

## ၁-ဂင်္ဂါပေယျာလဝဂ်

၁-၁၂-ဈာန်စသော ၁၂-သုတ် .... .... .... .... .... ၂၇၁

## ၅-ဩဃဝဂ်

၁-၁၀-ဩဃစသော ၁၀-သုတ် .... .... .... .... .... ၂၇၂

## ၁၀-အာနာပါနသံယုတ်

## ၁-ကေဓမ္မဝဂ်

၁-ကေဓမ္မသုတ် .... .... .... .... .... .... ၂၇၃
၂-ဗောဇ္ဈင်္ဂသုတ် .... .... .... .... .... .... ၂၇၄
၃-သုဒ္ဓိကသုတ် .... .... .... .... .... .... ၂၇၄
၄-ပဌမ ဖလသုတ် .... .... .... .... .... .... ၂၇၅
၅-ဒုတိယ ဖလသုတ် .... .... .... .... .... .... ၂၇၅
၆-အရိဋ္ဌသုတ် .... .... .... .... .... .... ၂၇၆
၇-မဟာကပ္ပိနသုတ် .... .... .... .... .... .... ၂၇၇
၈-ပဒီပေါပမသုတ် .... .... .... .... .... .... ၂၇၈
၉-ဝေသာလီသုတ် .... .... .... .... .... .... ၂၈၀
၁၀-ကိမိလသုတ် .... .... .... .... .... .... ၂၈၂

http://www.dhammadownload.com



ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ်

## ၂-ဒုတိယဝဂ်


၁-ဣစ္ဆာနင်္ဂလသုတ် .... .... .... .... .... .... ၂၈၅
၂-ကင်္ခေယျသုတ် .... .... .... .... .... .... ၂၈၆
၃-ပဌမ အာနန္ဒသုတ် .... .... .... .... .... ၂၈၈
၄-ဒုတိယ အာနန္ဒသုတ် .... .... .... .... .... ၂၉၂
၅-ပဌမ ဘိက္ခုသုတ် .... .... .... .... .... ၂၉၃
၆-ဒုတိယ ဘိက္ခုသုတ် .... .... .... .... .... ၂၉၄
၇-သံယောဇနပ္ပဟာနသုတ် .... .... .... .... .... ၂၉၈
၈-အနုသယသမုဂ္ဃါတသုတ် .... .... .... .... .... ၂၉၈
၉-အဒ္ဓါနပရိညာသုတ် .... .... .... .... .... ၂၉၈
၁၀-အာသဝက္ခယသုတ် .... .... .... .... .... ၂၉၈


## ၁၁-သောတာပတ္တိသံယုတ်

## ၁-ဝေဠုဒွါရဝဂ်


၁-စက္ကဝတ္တိရာဇသုတ် .... .... .... .... .... ၂၉၉
၂-ဗြဟ္မစရိယောဂဓသုတ် .... .... .... .... .... ၃၀၀
၃-ဒီဃာဝုဥပါသကသုတ် .... .... .... .... .... ၃၀၁
၄-ပဌမ သာရိပုတ္တသုတ် .... .... .... .... .... ၃၀၃
၅-ဒုတိယ သာရိပုတ္တသုတ် .... .... .... .... .... ၃၀၄
၆-ထပတိသုတ် .... .... .... .... .... .... ၃၀၄
၇-ဝေဠုဒွါရေယျသုတ် .... .... .... .... .... ၃၀၈
၈-ပဌမ ဂိဉ္ဇကာဝသထသုတ် .... .... .... .... .... ၃၁၂
၉-ဒုတိယ ဂိဉ္ဇကာဝသထ သုတ် .... .... .... .... .... ၃၁၃
၁၀-တတိယ ဂိဉ္ဇကာဝသထသုတ် .... .... .... .... .... ၃၁၃


## ၂-ရာဇကာရာမဝဂ်


၁-သဟဿဘိက္ခုနိသံဃသုတ် .... .... .... .... .... ၃၁၅
၂-ဗြာဟ္မဏသုတ် .... .... .... .... .... .... ၃၁၆
၃-အာနန္ဒတ္ထေရသုတ်.... .... .... .... .... .... ၃၁၆
၄-ဒုဂ္ဂတိဘယသုတ် .... .... .... .... .... .... ၃၁၈
၅-ဒုဂ္ဂတိဝိနိပါတဘယသုတ် .... .... .... .... .... ၃၁၈
၆-ပဌမ မိတ္တာမစ္စသုတ် .... .... .... .... .... ၃၁၉
၇-ဒုတိယ မိတ္တာမစ္စသုတ် .... .... .... .... .... ၃၁၉
၈-ပဌမ ဒေဝစာရိကသုတ် .... .... .... .... .... ၃၂၀

http://www.dhammadownload.com



# မာတိကာ


| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **၂-ရာဇကာရာမဝဂ်** | |
| ၉- | ဒုတိယ ဒေဝစာရိကသုတ် | ၃၂၀ |
| ၁၀- | တတိယ ဒေဝစာရိကသုတ် | ၃၂၃ |
| | **၃-သရဏာနိဝဂ်** | |
| ၁- | ပဌမ မဟာနာမသုတ် | ၃၂၄ |
| ၂- | ဒုတိယ မဟာနာမသုတ် | ၃၂၅ |
| ၃- | ဂေါဓသက္ကသုတ် | ၃၂၆ |
| ၄- | ပဌမ သရဏာနိသက္ကသုတ် | ၃၂၉ |
| ၅- | ဒုတိယ သရဏာနိသက္ကသုတ် | ၃၃၁ |
| ၆- | ပဌမ အနာထပိဏ္ဍိကသုတ် | ၃၃၅ |
| ၇- | ဒုတိယ အနာထပိဏ္ဍိကသုတ် | ၃၃၉ |
| ၈- | ပဌမ ဘယဝေရူပသန္တသုတ် | ၃၄၂ |
| ၉- | ဒုတိယ ဘယဝေရူပသန္တသုတ် | ၃၄၃ |
| ၁၀- | နန္ဒကလိစ္ဆဝိသုတ် | ၃၄၃ |
| | **၄-ပုညာဘိသန္ဒဝဂ်** | |
| ၁- | ပဌမ ပုညာဘိသန္ဒသုတ် | ၃၄၄ |
| ၂- | ဒုတိယ ပုညာဘိသန္ဒသုတ် | ၃၄၅ |
| ၃- | တတိယ ပုညာဘိသန္ဒသုတ် | ၃၄၆ |
| ၄- | ပဌမ ဒေဝပဒသုတ် | ၃၄၆ |
| ၅- | ဒုတိယ ဒေဝပဒသုတ် | ၃၄၇ |
| ၆- | ဒေဝသဘာဂသုတ် | ၃၄၈ |
| ၇- | မဟာနာမသုတ် | ၃၄၈ |
| ၈- | ဝဿသုတ် | ၃၄၉ |
| ၉- | ကာဠိဂေါဓာသုတ် | ၃၅၀ |
| ၁၀- | နန္ဒိယသက္ကသုတ် | ၃၅၁ |
| | **၅-သဂါထကပုညာဘိသန္ဒဝဂ်** | |
| ၁- | ပဌမ အဘိသန္ဒသုတ် | ၃၅၃ |
| ၂- | ဒုတိယ အဘိသန္ဒသုတ် | ၃၅၄ |
| ၃- | တတိယ အဘိသန္ဒသုတ် | ၃၅၅ |
| ၄- | ပဌမ မဟဒ္ဓနသုတ် | ၃၅၆ |
| ၅- | ဒုတိယ မဟဒ္ဓနသုတ် | ၃၅၆ |

http://www.dhammadownload.com




| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **၅-သဂါထကပုညာဘိသန္ဒဝဂ်** | |
| ၆-သုဒ္ဓကသုတ် | .... .... .... .... .... | ၃၅၇ |
| ၇-နန္ဒိယသုတ် | .... .... .... .... .... | ၃၅၇ |
| ၈-ဘဒ္ဒိယသုတ် | .... .... .... .... .... | ၃၅၈ |
| ၉-မဟာနာမသုတ် | .... .... .... .... .... | ၃၅၈ |
| ၁၀-အင်္ဂသုတ် | .... .... .... .... .... | ၃၅၉ |
| | **၆-သပ္ပညဝဂ်** | |
| ၁-သဂါထကသုတ် | .... .... .... .... .... | ၃၅၉ |
| ၂-ဝဿံဝုတ္ထသုတ် | .... .... .... .... .... | ၃၆၀ |
| ၃-ဓမ္မဒိန္နသုတ် | .... .... .... .... .... | ၃၆၁ |
| ၄-ဂိလာနသုတ် | .... .... .... .... .... | ၃၆၂ |
| ၅-သောတာပတ္တိဖလသုတ် | .... .... .... .... .... | ၃၆၄ |
| ၆-သကဒါဂါမိဖလသုတ် | .... .... .... .... .... | ၃၆၄ |
| ၇-အနာဂါမိဖလသုတ် | .... .... .... .... .... | ၃၆၄ |
| ၈-အရဟတ္တဖလသုတ် | .... .... .... .... .... | ၃၆၄ |
| ၉-ပညာပဋိလာဘသုတ် | .... .... .... .... .... | ၃၆၄ |
| ၁၀-ပညာဝုဒ္ဓိသုတ် | .... .... .... .... .... | ၃၆၅ |
| ၁၁-ပညာဝေပုလ္လသုတ် | .... .... .... .... .... | ၃၆၅ |
| | **၇-မဟာပညဝဂ်** | |
| ၁-မဟာပညာသုတ် | .... .... .... .... .... | ၃၆၅ |
| ၂-ပုထုပညာသုတ် | .... .... .... .... .... .... | ၃၆၅ |
| ၃-ဝိပုလပညာသုတ် | .... .... .... .... .... .... | ၃၆၅ |
| ၄-ဂမ္ဘီရပညာသုတ် | .... .... .... .... .... | ၃၆၅ |
| ၅-အပ္ပမတ္တပညာသုတ် | .... .... .... .... .... | ၃၆၆ |
| ၆-ဘူရိပညာသုတ် | .... .... .... .... .... .... | ၃၆၆ |
| ၇-ပညာဗာဟုလ္လသုတ် | .... .... .... .... .... | ၃၆၆ |
| ၈-သီဃပညာသုတ် | .... .... .... .... .... | ၃၆၆ |
| ၉-လဟုပညာသုတ် | .... .... .... .... .... .... | ၃၆၆ |
| ၁၀-ဟာသပညာသုတ် | .... .... .... .... .... | ၃၆၆ |
| ၁၁-ဇဝနပညာသုတ် | .... .... .... .... .... .... | ၃၆၆ |
| ၁၂-တိက္ခပညာသုတ် | .... .... .... .... .... .... | ၃၆၇ |
| ၁၃-နိဗ္ဗေဓိကပညာသုတ် | .... .... .... .... .... | ၃၆၇ |

http://www.dhammadownload.com



မာတိကာ

| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|

## ၁၂-သစ္စသံယုတ်

### ၁-သမာဓိဝဂ်


၁-သမာဓိသုတ် .... .... .... .... .... .... ၃၆၈
၂-ပဋိသလ္လာနသုတ် .... .... .... .... .... .... ၃၆၈
၃-ပဌမ ကုလပုတ္တသုတ် .... .... .... .... .... ၃၆၈
၄-ဒုတိယ ကုလပုတ္တသုတ် .... .... .... .... .... ၃၆၉
၅-သမဏဗြာဟ္မဏသုတ် .... .... .... .... .... ၃၇၀
၆-ဒုတိယ သမဏဗြာဟ္မဏသုတ် .... .... .... .... .... ၃၇၀
၇-ဝိတက္ကသုတ် .... .... .... .... .... .... ၃၇၁
၈-စိန္တသုတ် .... .... .... .... .... .... ၃၇၁
၉-ဝိဂ္ဂါဟိကကထာသုတ် .... .... .... .... .... ၃၇၂
၁၀-တိရစ္ဆာနကထာသုတ် .... .... .... .... .... ၃၇၃


### ၂-ဓမ္မစက္ကပ္ပဝတ္တနဝဂ်


၁-ဓမ္မစက္ကပ္ပဝတ္တနသုတ် .... .... .... .... .... ၃၇၃
၂-တထာဂတသုတ် .... .... .... .... .... .... ၃၇၇
၃-ခန္ဓသုတ် .... .... .... .... .... .... ၃၇၈
၄-အဇ္ဈတ္တိကာယတနသုတ် .... .... .... .... .... ၃၇၉
၅-ပဌမ ဓာရဏသုတ် .... .... .... .... .... ၃၈၀
၆-ဒုတိယ ဓာရဏသုတ် .... .... .... .... .... ၃၈၁
၇-အဝိဇ္ဇာသုတ် .... .... .... .... .... .... ၃၈၂
၈-ဝိဇ္ဇာသုတ် .... .... .... .... .... .... ၃၈၂
၉-သင်္ကာသနသုတ် .... .... .... .... .... .... ၃၈၃
၁၀-တထသုတ် .... .... .... .... .... .... ၃၈၃


### ၃-ကောဋိဂါမဝဂ်


၁-ပဌမ ကောဋိဂါမသုတ် .... .... .... .... .... ၃၈၄
၂-ဒုတိယ ကောဋိဂါမသုတ် .... .... .... .... .... ၃၈၅
၃-သမ္မာသမ္ဗုဒ္ဓသုတ်.... .... .... .... .... .... ၃၈၅
၄-အရဟန္တသုတ် .... .... .... .... .... .... ၃၈၆
၅-အာသဝက္ခယသုတ် .... .... .... .... .... ၃၈၆
၆-မိတ္တသုတ် .... .... .... .... .... .... ၃၈၇
၇-တထသုတ် .... .... .... .... .... .... ၃၈၇
၈-လောကသုတ် .... .... .... .... .... .... ၃၈၈

http://www.dhammadownload.com



# မဟာဝဂ္ဂသံယုတ်ပါဠိတော် မြန်မာပြန်


| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **၃–ကောဋ္ဌိဂါမဝဂ်** | |
| ၉ | ပရိဉ္ဉေယျသုတ် | ၃၈၈ |
| ၁၀ | ဂဝမ္ပတိသုတ် | ၃၈၉ |
| | **၄-သီသပါဝနဝဂ်** | |
| ၁ | သီသပါနေသုတ် | ၃၈၉ |
| ၂ | ခဒိရပတ္တသုတ် | ၃၉၀ |
| ၃ | ဒဏ္ဍသုတ် | ၃၉၁ |
| ၄ | စေလသုတ် | ၃၉၁ |
| ၅ | သတ္တိသတသုတ် | ၃၉၂ |
| ၆ | ပါဏသုတ် | ၃၉၂ |
| ၇ | ပဌမ သူရိယသုတ် | ၃၉၃ |
| ၈ | ဒုတိယ သူရိယသုတ် | ၃၉၃ |
| ၉ | ဣန္ဒခီလသုတ် | ၃၉၄ |
| ၁၀ | ဝါဒတ္ထိကသုတ် | ၃၉၅ |
| | **၅-ပပါတဝဂ်** | |
| ၁ | လောကစိန္တာသုတ် | ၃၉၆ |
| ၂ | ပပါတသုတ် | ၃၉၇ |
| ၃ | မဟာပရိဠာဟသုတ် | ၃၉၉ |
| ၄ | ကူဋာဂါရသုတ် | ၄၀၀ |
| ၅ | ဝါလသုတ် | ၄၀၁ |
| ၆ | အန္ဓကာရသုတ် | ၄၀၂ |
| ၇ | ပဌမ ဆိဂ္ဂဠယုဂသုတ် | ၄၀၃ |
| ၈ | ဒုတိယ ဆိဂ္ဂဠယုဂသုတ် | ၄၀၄ |
| ၉ | ပဌမ သိနေရုပဗ္ဗတရာဇသုတ် | ၄၀၄ |
| ၁၀ | ဒုတိယ သိနေရုပဗ္ဗတရာဇသုတ် | ၄၀၅ |
| | **၆-အဘိသမယဝဂ်** | |
| ၁ | နခသိခသုတ် | ၄၀၆ |
| ၂ | ပေါက္ခရဏီသုတ် | ၄၀၆ |
| ၃ | ပဌမ သံဘေဇ္ဇသုတ် | ၄၀၇ |
| ၄ | ဒုတိယ သံဘေဇ္ဇသုတ် | ၄၀၇ |
| ၅ | မဟာပထဝီသုတ် | ၄၀၇ |

http://www.dhammadownload.com




| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **၃-အဘိသမယဝဂ်** | |
| ၆- | ဒုတိယ မဟာပထဝီသုတ် | ၄၀၈ |
| ၇- | ပဌမ မဟာသမုဒ္ဒသုတ် | ၄၀၈ |
| ၈- | ဒုတိယ မဟာသမုဒ္ဒသုတ် | ၄၀၉ |
| ၉- | ပဌမ ပဗ္ဗတူပမသုတ် | ၄၀၉ |
| ၁၀- | ဒုတိယ ပဗ္ဗတူပမသုတ် | ၄၀၉ |
| | **၇-ပဌမ အာမကဓညပေယျာလဝဂ်** | |
| ၁- | အညတြသုတ် | ၄၁၀ |
| ၂- | ပစ္စန္တသုတ် | ၄၁၁ |
| ၃- | ပညာသုတ် | ၄၁၁ |
| ၄- | သုရာမေရယသုတ် | ၄၁၁ |
| ၅- | ဩဒကသုတ် | ၄၁၁ |
| ၆- | မတ္တေယျသုတ် | ၄၁၂ |
| ၇- | ပေတ္တေယျသုတ် | ၄၁၂ |
| ၈- | သာမညသုတ် | ၄၁၂ |
| ၉- | ဗြဟ္မညသုတ် | ၄၁၂ |
| ၁၀- | ပစာယိကသုတ် | ၄၁၂ |
| | **၈-ဒုတိယ အာမကဓညပေယျာလဝဂ်** | |
| ၁- | ပါဏာတိပါတသုတ် | ၄၁၃ |
| ၂- | အဒိန္နာဒါနသုတ် | ၄၁၃ |
| ၃- | ကာမေသုမိစ္ဆာစာရသုတ် | ၄၁၃ |
| ၄- | မုသာဝါဒသုတ် | ၄၁၃ |
| ၅- | ပေသုညသုတ် | ၄၁၃ |
| ၆- | ဖရုသဝါစာသုတ် | ၄၁၄ |
| ၇- | သမ္ဖပ္ပလာပသုတ် | ၄၁၄ |
| ၈- | ဗီဇဂါမသုတ် | ၄၁၄ |
| ၉- | ဝိကာလဘောဇနသုတ် | ၄၁၄ |
| ၁၀- | ဂန္ဓဝိလေပနသုတ် | ၄၁၄ |
| | **၉-တတိယ အာမကဓညပေယျာလဝဂ်** | |
| ၁- | နစ္စဂီတသုတ် | ၄၁၅ |
| ၂- | ဥစ္စာသယနသုတ် | ၄၁၅ |

http://www.dhammadownload.com



ဦးရေ အကြောင်းအရာ မျက်နှာအမှတ်

## ၉-တတိယ အာမကဓညပေယျာလဝဂ်


၃-ဇာတရူပရဇတသုတ် .... .... .... .... .... ၄၁၅
၄-အာမကဓညသုတ် .... .... .... .... .... ၄၁၅
၅-အာမကမံသသုတ် .... .... .... .... .... ၄၁၅
၆-ကုမာရိကသုတ် .... .... .... .... .... .... ၄၁၆
၇-ဒါသိဒါသသုတ် .... .... .... .... .... .... ၄၁၆
၈-အဇေဠကသုတ် .... .... .... .... .... .... ၄၁၆
၉-ကုက္ကုဋသူကရသုတ် .... .... .... .... .... ၄၁၆
၁၀-ဟတ္ထိဂဝဿသုတ်.... .... .... .... .... .... ၄၁၆


## ၁၀-စတုတ္ထ အာမကဓညပေယျာလဝဂ်


၁-ခေတ္တဝတ္ထုသုတ်.... .... .... .... .... .... ၄၁၇
၂-ကယဝိက္ကယသုတ် .... .... .... .... .... ၄၁၇
၃-ဒူတေယျသုတ် .... .... .... .... .... .... ၄၁၇
၄-တုလာကူဋသုတ် .... .... .... .... .... .... ၄၁၇
၅-ဥက္ကောဋနသုတ် .... .... .... .... .... .... ၄၁၇
၆-၁၁-ဆေဒနာဒိသုတ် .... .... .... .... .... ၄၁၈


## ၁၁-ပဉ္စဂတိပေယျာလဝဂ်


၁-မနုဿစုတိ နိရယသုတ် .... .... .... .... .... ၄၁၈
၂-မနုဿစုတိ တိရစ္ဆာနသုတ် .... .... .... .... .... ၄၁၈
၃-မနုဿစုတိပေတ္တိဝိသယသုတ် .... .... .... .... ၄၁၉
၄-၅-၆-မနုဿစုတိ ဒေဝနိရယာဒိသုတ် .... .... .... .... ၄၁၉
၇-၉-ဒေဝစုတိ နိရယာဒိသုတ် .... .... .... .... .... ၄၁၉
၁၀-၁၂-ဒေဝမနုဿနိရယသုတ် .... .... .... .... .... ၄၁၉
၁၃-၁၅-နိရယမနုဿနိရယာဒိသုတ် .... .... .... .... ၄၂၀
၁၆-၁၈-နိရယဒေဝနိရယာဒိသုတ်.... .... .... .... .... ၄၂၀
၁၉-၂၁-တိရစ္ဆာန မနုဿနိရယာဒိသုတ် .... .... .... .... ၄၂၀
၂၂-၂၄-တိရစ္ဆာနဒေဝနိရယာဒိသုတ် .... .... .... .... ၄၂၀
၂၅-၂၇-ပေတ္တိမနုဿနိရယာဒိသုတ် .... .... .... .... ၄၂၀
၂၈-၂၉-ပေတ္တိ ဒေဝနိရယာဒိသုတ် .... .... .... .... ၄၂၁
၃၀-ပေတ္တိဒေဝပေတ္တိဝိသယသုတ် .... .... .... .... ၄၂၁


မဟာဝဂ္ဂသံယုတ် မာတိကာ ပြီး၏။

http://www.dhammadownload.com

# ကြို တင်သိမှတ်ရန် သင်္ကေတ လက္ခဏာ များ

"   " ဤကဲ့သို့ ကော်မာပြလျှင် ကော်မာအတွင်းရှိ စာပိုဒ်များမှာ ပုဂ္ဂိုလ်တဦးဦး၏ ဆိုလိုသော အခြင်းအရာ 'အာကာရ' ဟု သိမှတ်ရန်။

'   ' ဤကဲ့သို့ ကော်မာပြလျှင် ရှေ့က ကပ်လျက်ရှိသောပုဒ်နှင့် အဓိပ္ပါယ်သဘောတူ ဟု သိမှတ်ရန်။

"  '  '  " ဤကဲ့သို့ ကော်မာနှစ်ထပ်ပြလျှင် ပုဂ္ဂိုလ်တဦးဦး၏ ဆိုလိုသောစကားအတွင်း၌ အခြားပြောဆိုပုံ စကားတရပ်ရှိနေသည် ဟု သိမှတ်ရန်။

(   ) ဤကဲ့သို့ ဘရက်ကက် လက်သည်းကွင်းပြလျှင် ၎င်းအတွင်းရှိ ပုဒ်သည် မူရင်းပါဠိတော်တွင် တိုက်ရိုက်မလာ၊ မြန်မာအသုံးအနှုန်းအရ ပြည့်စုံစေရန် ဖြည့်စွက်သောပုဒ် ဟု သိမှတ်ရန်။

—— ဒက် ခေါ် မျဉ်းတိုကိုပြလျှင် စကားဝါကျ မဆုံးသေး ဟု သိမှတ်ရန်။

[   ] ဤကဲ့သို့ ကွင်းချိပ်ကိုပြလျှင် ၎င်းအတွင်းရှိ စာများမှာ ရှေးနည်းတူ ဆက်လက်ပြုလုပ်ရန်(ဖော်ထုတ်ရွတ်ဆိုရန်) မှာထားသော စကားများ ဖြစ်သည် ဟု သိမှတ်ရန်။

၁-၂-ဤကဲ့သို့ စာသားအတွင်း၌ ဂဏန်းကိုပြလျှင် ၎င်းဂဏန်းရှေ့၌ ကပ်လျက်ရှိသောပုဒ်၏ အဓိပ္ပါယ်ကို သိလွယ်စေရန် စာမျက်နှာအောက်ခြေတွင် မျဉ်းသားလျက် သီးခြား ဂဏန်းအစဉ်အလိုက် ဖော်ပြထားသည်ဟု သိမှတ်ရန်။ * ဤကဲ့သို့ ချရားပွင့်ပြရာ၌လည်း ထို့အတူပင် မှတ်သားရန်ဖြစ်ပါသည်။

http://www.dhammadownload.com

http://www.dhammadownload.com

# သံယုတ္တနိကာယ်

## မဟာဝဂ္ဂ

# သံယုတ်ပါဠိတော်

# မြန်မာပြန်

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁-မဂ္ဂသံယုတ်

### ၁-အဝိဇ္ဇာဝဂ် ၁-အဝိဇ္ဇာသုတ်

၁။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌(သီတင်းသုံး)နေတော်မူ၏၊ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို“ရဟန်းတို့”ဟု ခေါ်တော်မူ၏၊ထိုရဟန်းတို့သည်“အသျှင်ဘုရား” ဟု မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကြကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

ရဟန်းတို့ မသိမှု ‘အဝိဇ္ဇာ’ သည် အကုသိုလ်တရားတို့ ဖြစ်ရန် ရှေ့သွားခေါင်းဆောင်ဖြစ်၏၊ မရှက်မှု ‘အဟိရိက’ မလန့်မှု ‘အနောတ္တပ္ပ’ သည် နောက်လိုက်သာလျှင် ဖြစ်၏။ ရဟန်းတို့ အဝိဇ္ဇာနှင့် ပြည့်စုံသော ပညာမဲ့သူအား မှားသော အမြင် ‘မိစ္ဆာဒိဋ္ဌိ’ ဖြစ်နိုင်၏၊မှားသောအမြင်ရှိသူအား မှားသောအကြံ ‘မိစ္ဆာသင်္ကပ္ပ’ ဖြစ်နိုင်၏၊ မှားသော အကြံရှိသူအား မှားသောစကား ‘မိစ္ဆာဝါစာ’ ဖြစ်နိုင်၏၊ မှားသော စကားရှိသူအား မှားသောအလုပ် ‘မိစ္ဆာကမ္မန္တ’ ဖြစ်နိုင်၏၊

http://www.dhammadownload.com



မှားသောအလုပ် ရှိသူအား မှားသော အသက်မွေးမှု 'မိစ္ဆာဇီဝ' ဖြစ်နိုင်၏၊ မှားသော အသက်မွေးမှုရှိသူအား မှားသောအားထုတ်မှု'မိစ္ဆာဝါယာမ'ဖြစ်နိုင်၏၊မှားသော အားထုတ်မှုရှိသူအား မှားသော အောက်မေ့မှု 'မိစ္ဆာသတိ' ဖြစ်နိုင်၏၊ မှားသော အောက်မေ့မှုရှိသူအား မှားသော တည်ကြည်မှု 'မိစ္ဆာသမာဓိ' ဖြစ်နိုင်၏။

ရဟန်းတို့ အသိဉာဏ် 'ဝိဇ္ဇာ' သည်ကား ကုသိုလ်တရားတို့ ဖြစ်ရန် ရှေ့သွား ခေါင်းဆောင်ဖြစ်၏၊ ရှက်မှု 'ဟိရီ' လန့်မှု 'ဩတ္တပ္ပ' သည် နောက်လိုက်သာလျှင် ဖြစ်၏။ ရဟန်းတို့ အသိဉာဏ် 'ဝိဇ္ဇာ'နှင့် ပြည့်စုံသူ ပညာရှိသူအား မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ' ဖြစ်နိုင်၏၊ မှန်ကန်သော အမြင်ရှိသူအား မှန်ကန်သော အကြံ 'သမ္မာသင်္ကပ္ပ' ဖြစ်နိုင်၏၊ မှန်ကန်သော အကြံရှိသူအား မှန်ကန်သော စကား 'သမ္မာဝါစာ' ဖြစ်နိုင်၏၊ မှန်ကန်သော စကားရှိသူအား မှန်ကန်သောအလုပ် 'သမ္မာကမ္မန္တ' ဖြစ်နိုင်၏၊မှန်ကန်သော အလုပ်ရှိသူအား မှန်ကန်သော အသက်မွေးမှု 'သမ္မာအာဇီဝ' ဖြစ်နိုင်၏၊ မှန်ကန်သော အသက်မွေးမှုရှိသူအား မှန်ကန်သော အားထုတ်မှု 'သမ္မာဝါယာမ' ဖြစ်နိုင်၏၊ မှန်ကန်သော အားထုတ်မှုရှိသူအား မှန်ကန်သော အောက်မေ့မှု 'သမ္မာသတိ' ဖြစ်နိုင်၏၊ မှန်ကန်သော အောက်မေ့မှုရှိသူအား မှန်ကန်သောတည်ကြည်မှု 'သမ္မာသမာဓိ' ဖြစ်နိုင်၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-ဥပဍ္ဎသုတ်

၂။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သက္ကတိုင်း သက္ကရမည်သော သာကီဝင်မင်းတို့၏ နိဂုံး၌(သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင်တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—"အသျှင်ဘုရား မိတ်ဆွေကောင်းရှိသည်၏အဖြစ် အပေါင်းအသင်းကောင်းရှိသည်၏အဖြစ် မိတ်ဆွေကောင်းတို့၌ ကိုင်းရှိုင်းသည်၏ အဖြစ်သည် အကျင့်မြတ်ကို ထက်ဝက်ပြီးစေနိုင်ပါ၏" ဟု (လျှောက်၏)။

အာနန္ဒာ ဤသို့ မဆိုလင့်၊ အာနန္ဒာ ဤသို့ မဆိုလင့်၊ အာနန္ဒာ မိတ်ဆွေကောင်းရှိသည်၏အဖြစ် အပေါင်းအသင်းကောင်း ရှိသည်၏အဖြစ် မိတ်ဆွေကောင်းတို့၌ ကိုင်းရှိုင်းသည်၏ အဖြစ်သည် အကျင့်မြတ်ကို အလုံးစုံပင် ပြီးစေနိုင်၏၊ အာနန္ဒာ မိတ်ဆွေကောင်း အပေါင်းအသင်းကောင်းရှိ၍ မိတ်ဆွေကောင်းတို့၌ ကိုင်းရှိုင်းသော ရဟန်းအား အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများနိုင်လိမ့်မည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာပြုနိုင်လိမ့်မည်ဟူသော ဤအကြောင်းကို မချွတ် (ရလိမ့်မည်ဟု) မြော်လင့်အပ်၏။

အာနန္ဒာ မိတ်ဆွေကောင်း အပေါင်းအသင်းကောင်းရှိ၍ မိတ်ဆွေကောင်းတို့၌ ကိုင်းရှိုင်းခြင်းရှိသော ရဟန်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို အဘယ်သို့လျှင် ပွါးများသနည်း၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို အဘယ်သို့လျှင် ကြိမ်ဖန်များစွာ ပြုလုပ်သနည်း၊ အာနန္ဒာ

http://www.dhammadownload.com



ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်မှု၌မှီသော စွဲမက်မှု 'ရာဂ'ကင်းခြင်း၌မှီသော ချုပ်ငြိမ်းမှု၌မှီသော နိဗ္ဗာန်သို့ညွတ်သော မှန်ကန်သောအမြင်'သမ္မာဒိဋ္ဌိ'ကို ပွါးများ၏၊ ဆိတ်ငြိမ်မှု၌မှီသော မှန်ကန်သောအကြံ'သမ္မာသင်္ကပ္ပ'ကို ပွါးများ၏။ပ။မှန်ကန်သော စကား 'သမ္မာဝါစာ'ကို ပွါးများ၏၊ မှန်ကန်သော အလုပ်'သမ္မာကမ္မန္တ'ကို ပွါးများ၏။ပ။မှန်ကန်သော အသက်မွေးမှု 'သမ္မာအာဇီဝ'ကို ပွါးများ၏။ပ။မှန်ကန်သောအားထုတ်မှု'သမ္မာဝါယာမ'ကိုပွါးများ၏။ပ။မှန်ကန်သော အောက်မေ့မှု 'သမ္မာသတိ'ကို ပွါးများ၏။ပ။ဆိတ်ငြိမ်မှု၌မှီသော စွဲမက်မှု 'ရာဂ'ကင်းခြင်း၌မှီသော ချုပ်ငြိမ်းမှု၌မှီသော နိဗ္ဗာန်သို့ ညွတ်သော မှန်ကန်သောတည်ကြည်မှု 'သမ္မာသမာဓိ'ကို ပွါးများ၏။ အာနန္ဒာ ဤသို့လျှင် မိတ်ဆွေကောင်း အပေါင်းအသင်းကောင်းရှိ၍ မိတ်ဆွေကောင်းတို့၌ ကိုင်းရှိုင်းသော ရဟန်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများ၏၊အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်၏။

အာနန္ဒာ မိတ်ဆွေကောင်းရှိသည်၏အဖြစ် အပေါင်းအသင်းကောင်းရှိသည်၏အဖြစ် မိတ်ဆွေကောင်းတို့၌ ကိုင်းရှိုင်းခြင်းရှိသည်၏အဖြစ်သည် အကျင့်မြတ်ကို အလုံးစုံပင် ပြီးစေနိုင်၏ဟူသော ဤစကားကို ဤသို့သော အကြောင်းပရိယာယ် ဖြင့်လည်း သိအပ်၏။ မိတ်ဆွေကောင်းဖြစ်သော ငါဘုရားကို အကြောင်းပြု၍ ပဋိသန္ဓေနေမှု သဘောရှိကုန်သော သတ္တဝါတို့သည် ပဋိသန္ဓေနေမှုမှ လွတ်မြောက်ကုန်၏၊ အိုမှုသဘောရှိကုန်သော သတ္တဝါတို့သည် အိုမှုမှ လွတ်မြောက်ကုန်၏၊ သေမှုသဘောရှိကုန်သော သတ္တဝါတို့သည် သေမှုမှ လွတ်မြောက်ကုန်၏၊ စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာပင်ပန်းမှု သဘောရှိကုန်သော သတ္တဝါတို့သည် စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာ ပင်ပန်းမှုတို့မှ လွတ်မြောက်ကုန်၏။ အာနန္ဒာ မိတ်ဆွေကောင်းရှိသည်၏အဖြစ် အပေါင်းအသင်းကောင်းရှိသည်၏အဖြစ် မိတ်ဆွေကောင်းတို့၌ ကိုင်းရှိုင်းခြင်းရှိသည်၏အဖြစ်သည် အကျင့်မြတ်ကို အလုံးစုံပင် ပြီးစေနိုင်၏ဟူသော ထိုစကားကို ဤသို့သော အကြောင်းပရိယာယ်အားဖြင့် သိအပ်၏ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-သာရိပုတ္တသုတ်

၃။ သာဝတ္ထိနိဒါန်း။ ထိုအခါ အသျှင်သာရိပုတြာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—"အသျှင်ဘုရား မိတ်ဆွေကောင်းရှိသည်၏အဖြစ် အပေါင်းအသင်းကောင်းရှိသည်၏ အဖြစ် မိတ်ဆွေကောင်းတို့၌ ကိုင်းရှိုင်းသည်၏အဖြစ်သည် အကျင့်မြတ်ကို အလုံးစုံပင် ပြီးစေနိုင်၏" ဟု (လျှောက်၏)။

သာရိပုတြာ ကောင်းပေစွ၊ ကောင်းပေစွ၊ သာရိပုတြာ မိတ်ဆွေကောင်းရှိသည်၏အဖြစ် အပေါင်းအသင်းကောင်းရှိသည်၏အဖြစ် မိတ်ဆွေကောင်းတို့၌ ကိုင်းရှိုင်းခြင်းရှိသည်၏အဖြစ်သည် အကျင့်မြတ်ကို အလုံးစုံပင် ပြီးစေနိုင်၏၊ သာရိပုတြာ မိတ်ဆွေကောင်း အပေါင်းအသင်းကောင်း ရှိ၍ မိတ်ဆွေကောင်းတို့၌ ကိုင်းရှိုင်းခြင်းရှိသော ရဟန်းအား အင်္ဂါရှစ်ပါးရှိသော အရိယမဂ်

http://www.dhammadownload.com



ကို ပွါးများနိုင်လိမ့်မည်၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာ ပြုနိုင်လိမ့်မည် ဟူသော ဤအကြောင်းကို မချွတ်(ရလိမ့်မည်ဟု)မြော်လင့်အပ်၏၊သာရိပုတြာ မိတ်ဆွေကောင်း အပေါင်းအသင်းကောင်းရှိ၍ မိတ်ဆွေကောင်းတို့၌ ကိုင်းရှိုင်းခြင်းရှိသော ရဟန်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို အဘယ်သို့လျှင် ပွါးများသနည်း၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို အဘယ်သို့လျှင် ကြိမ်ဖန်များစွာ ပြုလုပ်သနည်း။

သာရိပုတြာ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်မှု၌မှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်း၌ မှီသော ချုပ်ငြိမ်းမှု၌ မှီသော နိဗ္ဗာန်သို့ ညွတ်သော မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ' ကို ပွါးများ၏။ပ။ဆိတ်ငြိမ်မှု၌ မှီသော စွဲမက်မှု'ရာဂ' ကင်းခြင်း၌ မှီသော ချုပ်ငြိမ်းမှု၌ မှီသော နိဗ္ဗာန်သို့ ညွတ်သော မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ'ကို ပွါးများ၏၊ သာရိပုတြာ ဤသို့လျှင် မိတ်ဆွေကောင်း အပေါင်းအသင်းကောင်းရှိ၍ မိတ်ဆွေကောင်းတို့၌ ကိုင်းရှိုင်းခြင်း ရှိသော ရဟန်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများ၏၊ ကြိမ်ဖန်များစွာပြုလုပ်၏။

သာရိပုတြာ မိတ်ဆွေကောင်း ရှိသည်၏အဖြစ် အပေါင်း အသင်းကောင်း ရှိသည်၏ အဖြစ် မိတ်ဆွေကောင်းတို့၌ ကိုင်းရှိုင်းခြင်းရှိသည်၏အဖြစ်သည် အကျင့်မြတ်ကို အလုံးစုံပင် ပြီးစေနိုင်၏ ဟူသော ဤစကားကို ဤသို့သော အကြောင်း ပရိယာယ်ဖြင့်လည်း သိအပ်၏၊ သာရိပုတြာ မိတ်ဆွေကောင်းဖြစ်သော ငါဘုရားကို အကြောင်းပြု၍ ပဋိသန္ဓေနေမှု သဘောရှိကုန်သော သတ္တဝါတို့သည် ပဋိသန္ဓေနေမှုမှ လွတ်မြောက်ကုန်၏၊ အိုမှုသဘော ရှိကုန်သော သတ္တဝါတို့သည် အိုမှုမှ လွတ်မြောက်ကုန်၏၊ သေမှုသဘောရှိကုန်သော သတ္တဝါတို့သည် သေမှုမှ လွတ်မြောက်ကုန်၏၊စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာပင်ပန်းမှု သဘောရှိကုန်သော သတ္တဝါတို့သည် စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ပြင်းစွာ ပင်ပန်းမှုတို့မှ လွတ်မြောက်ကုန်၏။ သာရိပုတြာ မိတ်ဆွေကောင်းရှိသည်၏အဖြစ် အပေါင်း အသင်းကောင်း ရှိသည်၏အဖြစ် မိတ်ဆွေကောင်းတို့၌ ကိုင်းရှိုင်းခြင်းရှိသည်၏ အဖြစ်သည် အကျင့်မြတ်ကို အလုံး စုံပင်ပြီးစေနိုင်၏ ဟူသော ထိုစကားကို ဤသို့သော အကြောင်းပရိယာယ်အားဖြင့် သိအပ် ၏ဟု(မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-ဇာဏုဿောဏိဗြာဟ္မဏသုတ်

၄။ သာဝတ္ထိနိဒါန်း။ ထိုအခါ အသျှင်အာနန္ဒာသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ဆောင်ယူပြီးလျှင် သာဝတ္ထိပြည်သို့ ဆွမ်းခံဝင်၏၊ အသျှင်အာနန္ဒာသည် အလုံးစုံ ဖြူသော မြင်းမကသော ရထားဖြင့် သာဝတ္ထိပြည်မှ ထွက်လာသော ဇာဏုဿောဏိပုဏ္ဏားကို မြင်လေ၏၊ ကထားသော မြင်းမတို့သည်လည်း ဖြူကုန်၏၊ ရထားတန်ဆာတို့သည်လည်း ဖြူကုန်၏၊ ရထားသည်လည်း ဖြူ၏၊ ဖြူသော အခြံအရံလည်း ရှိ၏၊ ဇက်ကြိုးတို့သည်လည်း ဖြူကုန်၏၊ နှင်တံသည်လည်း ဖြူ၏၊ ထီးသည်လည်း ဖြူ၏၊ သင်းကျစ်သည်လည်း ဖြူ၏၊ အဝတ်တို့သည်လည်း

http://www.dhammadownload.com



ဖြူကုန်၏၊ ဘိနပ်တို့သည်လည်း ဖြူကုန်၏၊ ဖြူသော သားမြီးယပ်ဖြင့် ယပ်ခပ်စေ၏၊ လူအများသည် ထိုရထားကို တွေ့မြင်ကြ၍ "အချင်းတို့ ရထားသည် ကောင်းမြတ်လှပေစွတကား၊ အချင်းတို့ ဗြဟ္မယာဉ်နှင့်တူပေစွ တကား"ဟု ပြောဆို၏။

ထိုအခါ အသျှင်အာနန္ဒာသည် သာဝတ္ထိပြည်မှ ဆွမ်းခံ လှည့်လည်ပြီး၍ ဆွမ်းစား ပြီးသည့်နောက် ဆွမ်းစားရာမှ ဖဲခဲ့၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးလျက် တခုသော နေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်ထား၏—

အသျှင်ဘုရား အကျွန်ုပ်သည် ဤနေ့ နံနက်၌ သင်္ကန်းကိုပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင်ပြီးလျှင် သာဝတ္ထိပြည်သို့ ဆွမ်းခံဝင်ပါ၏၊ အသျှင်ဘုရား အကျွန်ုပ်သည် အလုံးစုံဖြူသော မြင်းမ ကသော ရထားဖြင့် သာဝတ္ထိပြည်မှ ထွက်လာသော ဇာဏုဿောဏိပုဏ္ဏားကို တွေ့မြင်ခဲ့ပါ၏၊ ကထားသော မြင်းမတို့သည်လည်း ဖြူပါကုန်၏၊ ရထားတန်ဆာတို့သည်လည်း ဖြူပါကုန်၏၊ ရထားသည်လည်း ဖြူပါ၏၊ ဖြူသော အခြံအရံလည်း ရှိပါ၏၊ ဇက်ကြိုးတို့သည်လည်း ဖြူပါကုန်၏၊ နှင်တံတို့သည်လည်း ဖြူပါကုန်၏၊ ထီးသည်လည်း ဖြူပါ၏၊ သင်းကျစ်သည်လည်း ဖြူပါ၏၊ အဝတ်တို့သည်လည်း ဖြူပါကုန်၏၊ဘိနပ်တို့သည်လည်း ဖြူပါကုန်၏၊ဖြူသော သားမြီးယပ်ဖြင့် ယပ်ခပ်စေပါ၏၊ လူအများသည် ထိုရထားကို တွေ့မြင်ကြ၍ "အချင်းတို့ ရထားသည် ကောင်းမြတ် လှပေစွတကား၊ အချင်းတို့ ဗြဟ္မယာဉ်နှင့် တူပေစွတကား" ဟု ပြောဆိုပါကုန်၏၊ အသျှင်ဘုရား ဤသာသနာတော်၌ ဗြဟ္မယာဉ်ကို ပညတ်ခြင်းငှါ စွမ်းနိုင်ပါမည်လောဟု လျှောက်၏။

"အာနန္ဒာ စွမ်းနိုင်၏"ဟု မြတ်စွာဘုရားသည် မိန့်တော်မူ၏၊ အာနန္ဒာ ဗြဟ္မယာဉ်ဟူသော ဤအမည်သည်ရင်း ဓမ္မယာဉ်ဟူသော ဤအမည်သည်ရင်း အတုမရှိမူ၍ (ကိလေသာ)စစ်ပွဲ၌အောင်မြင်နိုင်သော ယာဉ်ဟူသော ဤအမည်သည်ရင်း အင်္ဂါရှစ်ပါးရှိသော အရိယမဂ်၏ အမည်သာ ဖြစ်၏။

အာနန္ဒာ မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ'ကို ပွါးများသော် ကြိမ်ဖန်များစွာ ပြုလုပ်သော် စွဲမက်မှု'ရာဂ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိ၏၊အမျက်ထွက်မှု'ဒေါသ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိ၏၊ တွေဝေမှု'မောဟ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိ၏။ အာနန္ဒာ မှန်ကန်သောအကြံ 'သမ္မာသင်္ကပ္ပ'ကို ပွါးများသော် ကြိမ်ဖန်များစွာ ပြုလုပ်သော် စွဲမက်မှု'ရာဂ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိ၏၊ အမျက်ထွက်မှု'ဒေါသ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိ၏၊ တွေဝေမှု 'မောဟ' ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိ၏။ အာနန္ဒာ မှန်ကန်သောစကား 'သမ္မာဝါစာ' ကို ပွါးများသော် ကြိမ်ဖန်များစွာ ပြုလုပ်သော် စွဲမက်မှု'ရာဂ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိ၏၊ အမျက်ထွက်မှု'ဒေါသ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိ၏၊ တွေဝေမှု'မောဟ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိ၏။ အာနန္ဒာ မှန်ကန်သော အလုပ် 'သမ္မာကမ္မန္တ'ကို ပွါးများသော် ကြိမ်ဖန်များစွာ ပြုလုပ်သော် စွဲမက်မှု'ရာဂ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိ၏၊ အမျက်ထွက်မှု 'ဒေါသ' ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိ၏၊ တွေဝေမှု 'မောဟ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိ၏။ အာနန္ဒာ မှန်ကန်သော အသက်မွေးမှု 'သမ္မာအာဇီဝ'ကို ပွါးများသော် ကြိမ်ဖန်များစွာ ပြုလုပ်သော် စွဲမက်မှု'ရာဂ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိ၏၊ အမျက်ထွက်မှု'ဒေါသ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိ၏၊ တွေဝေမှု'မောဟ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိ၏။ အာနန္ဒာ မှန်ကန်

http://www.dhammadownload.com



သော အောက်မေ့မှု 'သမ္မာသတိ'ကို ပွါးများသော် ကြိမ်ဖန်များစွာပြုလုပ်သော် စွဲမက်မှု'ရာဂ' ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိ၏၊ အမျက်ထွက်မှု'ဒေါသ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိ၏၊ တွေဝေမှု'မောဟ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိ၏။ အာနန္ဒာ မှန်ကန်သော တည်ကြည်မှု'သမ္မာသမာဓိ'ကို ပွါးများသော် ကြိမ်ဖန်များစွာ ပြုလုပ်သော် စွဲမက်မှု'ရာဂ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိ၏၊ အမျက်ထွက်မှု 'ဒေါသ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိ၏၊ တွေဝေမှု 'မောဟ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိ၏။

အာနန္ဒာ မြတ်သောယာဉ်ဟူသော ဤအမည်သည်ငှင်း ဓမ္မယာဉ်ဟူသော ဤအမည်သည်ငှင်း အတုမရှိမှု၍ (ကိလေသာ) စစ်ပွဲ၌ အောင်မြင်နိုင်သော ယာဉ်ဟူသော ဤအမည်သည်ငှင်း အင်္ဂါရှစ်ပါးရှိသော အရိယမဂ်၏ အမည်တည်းဟူသော ဤစကားကို ဤဆိုခဲ့ပြီး အကြောင်းဖြင့် သိအပ်၏။ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ဤတရားစကားကို ဟောကြားပြီး၍ ထိုမှတပါး ဤဂါထာများကို ဟောတော်မူ၏—

"အကြင်မဂ္ဂင်ရထားအား သဒ္ဓါနှင့် ပညာတရားနှစ်ပါးတို့ကို အခါခပ်သိမ်း(ဥပေက္ခာဟူသော) ထမ်းပိုး၌ ကအပ်ကုန်၏၊ ရှက်မှု'ဟိရီ'သည် ရထားသံမည်၏၊ ဝိပဿနာစိတ် (မဂ်စိတ်)သည် ဇက်ကြိုးမည်၏၊ အောက်မေ့မှု'သတိ'သည် စောင့်ရှောက်သော ရထားထိန်းမည်၏။

(မဂ္ဂင်) ရထားသည် သီလတည်းဟူသော တန်ဆာရှိ၏၊ ဈာန်တည်းဟူသော ဝင်ရိုးရှိ၏၊ ဝီရိယတည်းဟူသော ဘီးရှိ၏၊ ဥပေက္ခာသည် ရထားဦးကို တည်ငြိမ်စေ၏၊ အလောဘသည် အကာအရံဖြစ်ပေ၏။

မပျက်စီးစေလိုမှု 'အဗျာပါဒ' မညှဉ်းဆဲလိုမှု 'အဝိဟိံသာ' ဆိတ်ငြိမ်မှု 'ဝိဝေက'သည် အကြင်မဂ္ဂင်ရထား၌ တည်သူ၏ လက်နက်မည်၏၊ သည်းခံခြင်းသည် ချပ်ဝတ်တန်ဆာမည်၏၊ ထိုမဂ္ဂင်ရထား၌ တည်သူသည် ယောဂ၏ကုန်ရာ (နိဗ္ဗာန်)သို့ ရွေးရှူသွား၏။

ပညာရှိတို့သည် မိမိသန္တာန်၌ ဖြစ်ပေါ်လာသော အတုမရှိသော ထိုမြတ်သောယာဉ်တည်းဟူသော မဂ္ဂင်ရထားကို(တက်စီးကြပြီးလျှင်) အောင်ပွဲမှန်သမျှကို စင်စစ် အောင်မြင်ကြ၍ လောကမှ ထွက်မြောက်ကြကုန်၏"ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-ကိမတ္ထိယသုတ်

၅။ သာဝတ္ထိနိဒါန်း။ ထိုအခါ များစွာသောရဟန်းတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကုန်၍ တခုသောနေရာ၌ ထိုင်နေကြပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်ကြကုန်၏—

အသျှင်ဘုရား အယူတပါးရှိကုန်သော ပရိဗိုဇ်တို့သည် အကျွန်ုပ်တို့အား "ငါ့သျှင်တို့ အဘယ်အကျိုးကိုလို၍ ရဟန်းဂေါတမ၏ထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးဘိသနည်း"ဟု မေးကုန်၏၊ အသျှင်ဘုရား ဤသို့အမေးခံရသော အကျွန်ုပ်တို့သည် အယူတပါးရှိကုန်သော ပရိဗိုဇ်တို့အား "ငါ့သျှင်တို့ ဆင်းရဲကို ပိုင်းခြား၍ သိခြင်းငှါ မြတ်စွာဘုရား၏အထံ၌ မြတ်သောအကျင့်ကို ကျင့်သုံး

http://www.dhammadownload.com



၏”ဟု ဤသို့ဖြေကြားပါကုန်၏၊ အသျှင်ဘုရား အသို့ပါနည်း၊ ဤသို့အမေးခံရ၍ ဤသို့ဖြေခဲ့ကုန်သော အကျွန်ုပ်တို့သည် မြတ်စွာဘုရား ဟောတော်မူတိုင်း ဖြေခဲ့ကြသူများ ဟုတ်ပါ၏လော၊ မြတ်စွာဘုရားကို မဟုတ်မမှန်သောစကားဖြင့် စွပ်စွဲရာ မရောက်ပဲ ရှိပါကုန်၏လော၊ တရားတော်အား လျော်သည်ကို ဖြေဆိုခဲ့ကြသူများ ဖြစ်ပါကုန်၏လော၊ အကျွန်ုပ်တို့၏ဝါဒ အနုဝါဒသည် အကြောင်းနှင့်တကွ ဖြစ်၍ အကဲ့ရဲ့ခံရခြင်းသို့ အနည်းငယ်မျှ မရောက်ပဲ ရှိပါ၏လောဟု လျှောက်ကြကုန်၏။

ရဟန်းတို့ ဤသို့အမေးခံရ၍ ဤသို့ဖြေဆိုခဲ့ကုန်သော သင်တို့သည် စင်စစ် ငါဘုရားဟောကြားတော်မူတိုင်း ဖြေဆိုသူများဖြစ်ကုန်၏၊ ငါဘုရားကိုလည်း မဟုတ်မမှန်သောစကားဖြင့် စွပ်စွဲရာ မရောက်ကုန်၊ တရားတော်အား လျော်သည်ကိုသာ ဖြေဆိုသူများ ဖြစ်ကြကုန်၏၊ သင်တို့၏ဝါဒ အနုဝါဒသည် အကြောင်းနှင့်တကွ ဖြစ်၍ အကဲ့ရဲ့ခံရခြင်းသို့ အနည်းငယ်မျှ မရောက်ပေ။ မှန်၏၊ ဒုက္ခကို ပိုင်းခြား၍သိခြင်းငှါ ငါ့ထံ၌ မြတ်သောအကျင့်ကို ကျင့်သုံး၏။ ရဟန်းတို့ အကယ်၍ အယူတပါးရှိကုန်သော ပရိဗိုဇ်တို့သည် “ငါ့သျှင်တို့ ဤဆင်းရဲ'ဒုက္ခ'ကို ပိုင်းခြား၍ သိခြင်းငှါ လမ်းစဉ်ရှိပါသလော အကျင့်ရှိပါသလော”ဟု သင်တို့ကို ဤကဲ့သို့ မေးမြန်းကုန်ငြားအံ့၊ ရဟန်းတို့ ဤသို့အမေးခံရသော သင်တို့သည် အယူတပါးရှိကုန်သော ပရိဗိုဇ်တို့အား “ငါ့သျှင်တို့ ဤဆင်းရဲ 'ဒုက္ခ'ကို ပိုင်းခြား၍ သိခြင်းငှါ လမ်းစဉ်သည် ရှိ၏ အကျင့်သည် ရှိ၏”ဟု ဤသို့ဖြေဆိုကြကုန်လော့။

ရဟန်းတို့ ဤဆင်းရဲ'ဒုက္ခ'ကို ပိုင်းခြား၍ သိခြင်းငှါ လမ်းစဉ်သည် အဘယ်နည်း အကျင့်သည် အဘယ်နည်း၊ အင်္ဂါရှစ်ပါးရှိသော ဤ အရိယမဂ် ပင်တည်း၊ ဤသည်တို့ကား အဘယ်တို့နည်း၊ မှန်ကန်သောအမြင်'သမ္မာဒိဋ္ဌိ'။ပ။ မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ'တို့တည်း၊ ရဟန်းတို့ ဤသည်ကား ဤဆင်းရဲ'ဒုက္ခ'ကို ပိုင်းခြား၍သိခြင်းငှါ လမ်းစဉ်တည်း အကျင့်တည်း။ ရဟန်းတို့ ဤသို့အမေးခံရသော သင်တို့သည် အယူတပါးရှိကုန်သော ပရိဗိုဇ်တို့အား ဤအတိုင်း ဖြေဆိုကြကုန်လော့ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၆-ပဌမ အညတရဘိက္ခုသုတ်

၆။ သာဝတ္ထိနိဒါန်း။ ထိုအခါ ရဟန်းတပါးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ တခုသော နေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—“အသျှင်ဘုရား အကျင့်မြတ် အကျင့်မြတ်ဟု ဆိုအပ်၏၊ အသျှင်ဘုရား အကျင့်မြတ်သည် အဘယ်ပါနည်း၊ အကျင့်မြတ်၏ အဆုံးကား အဘယ်ပါနည်း”ဟု (လျှောက်၏)။

ရဟန်း အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်သည်ပင် အကျင့်မြတ်တည်း၊ ဤသည်တို့ကား အဘယ်တို့နည်း၊ မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ'။ပ။ မှန်ကန်သောတည်ကြည်မှု 'သမ္မာသမာဓိ'တို့တည်း။ ရဟန်း စွဲမက်မှု'ရာဂ'ကုန်ရာ အမျက်ထွက်မှု 'ဒေါသ'ကုန်ရာ တွေဝေမှု'မောဟ'ကုန်ရာသည် အကျင့်မြတ်၏ အဆုံးဖြစ်၏ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

http://www.dhammadownload.com



## ၇-ဒုတိယ အညတရဘိက္ခုသုတ်

၇။ သာဝတ္ထိနိဒါန်း။ ထိုအခါ ရဟန်းတပါးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ တခုသော နေရာ၌ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

အသျှင်ဘုရား "စွဲမက်မှု'ရာဂ'ကို ပယ်ဖျောက်ရာ အမျက်ထွက်မှု 'ဒေါသ'ကို ပယ်ဖျောက်ရာ တွေဝေမှု'မောဟ'ကို ပယ်ဖျောက်ရာ"ဟု ဆိုအပ်ပါ၏၊ "စွဲမက်မှု'ရာဂ'ကို ပယ်ဖျောက်ရာ အမျက်ထွက်မှု'ဒေါသ'ကို ပယ်ဖျောက်ရာ တွေဝေမှု'မောဟ'ကို ပယ်ဖျောက်ရာ"ဟူသော အမည်သည် အဘယ်တရား၏ အမည်ပါနည်းဟု (လျှောက်၏)။ ရဟန်း စွဲမက်မှု'ရာဂ'ကို ပယ်ဖျောက်ရာ အမျက်ထွက်မှု'ဒေါသ'ကို ပယ်ဖျောက်ရာ တွေဝေမှု'မောဟ'ကို ပယ်ဖျောက်ရာဟူသော ဤအမည်သည် နိဗ္ဗာနဓာတ်၏ အမည်တည်း၊ ထို့ကြောင့် အာသဝတရားတို့၏ ကုန်ရာဟု ဆိုအပ်၏။

ဤသို့မိန့်တော်မူလတ်သော် ထိုရဟန်းသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏ အသျှင်ဘုရား "မသေရာ မသေရာ"ဟု ဆိုအပ်၏။ မသေရာကား အဘယ်ပါနည်း၊ မသေရာသို့ ရောက်ကြောင်းလမ်းစဉ်ကား အဘယ်ပါနည်းဟု လျှောက်၏၊ ရဟန်း စွဲမက်မှု'ရာဂ'ကုန်ရာ အမျက်ထွက်မှု'ဒေါသ'ကုန်ရာ တွေဝေမှု 'မောဟ'ကုန်ရာကို မသေရာဟု ဆိုအပ်၏၊ အင်္ဂါရှစ်ပါး ရှိသော ဤ အရိယမဂ်ကိုပင်လျှင် မသေရာသို့ရောက်ကြောင်းလမ်းစဉ်ဟု ဆိုအပ်၏။ ဤသည်တို့ကား အဘယ်တို့နည်း၊ မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ'။ပ။မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ'တို့ တည်းဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈-ဝိဘင်္ဂသုတ်

၈။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ သင်တို့အား အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ဟောကြားပေအံ့၊ ဝေဖန်ပေအံ့၊ ထိုတရားကို နာကြကုန်လော့၊ကောင်းစွာ နှလုံးသွင်းကုန်လော့၊ ဟောပေအံ့ဟု (မိန့်တော်မူ၏)။ ထိုရဟန်းတို့သည် "အသျှင်ဘုရား ကောင်းပါပြီ"ဟု မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

ရဟန်းတို့ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်သည် အဘယ်နည်း၊ မှန်ကန်သော အမြင် 'သမ္မာဒိဋ္ဌိ'။ပ။ မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ'တို့တည်း။ ရဟန်းတို့ မှန်ကန်သော အမြင် 'သမ္မာဒိဋ္ဌိ'ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဆင်းရဲကို သိသောဉာဏ် ဆင်းရဲဖြစ်ကြောင်းကို သိသောဉာဏ်ဆင်းရဲချုပ်ငြိမ်းရာကို သိသောဉာဏ် ဆင်းရဲချုပ်ငြိမ်းရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ကို သိသောဉာဏ်ပင်တည်း။ ရဟန်းတို့ ဤသည်ကို မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ'ဟု ဆိုအပ်၏။

ရဟန်းတို့ မှန်ကန်သောအကြံ'သမ္မာသင်္ကပ္ပ'ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ထွက်မြောက်လိုသောကြံစည်မှု မပျက်စီးစေလိုသောကြံစည်မှု မညှဉ်းဆဲလိုသော ကြံစည်မှုသည်ရှိ၏။ ရဟန်းတို့ ဤသည်ကို မှန်ကန်သောအကြံ'သမ္မာသင်္ကပ္ပ'ဟု ဆိုအပ်၏။

http://www.dhammadownload.com



ရဟန်းတို့ မှန်ကန်သောစကား'သမ္မာဝါစာ'ဟူသည် အဘယ်နည်း၊ ရဟန်းတို့ မမှန်ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း ကုန်းစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း ကြမ်းထမ်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်းသည် ရှိ၏။ ရဟန်းတို့ ဤသည်ကို မှန်ကန်သောစကား'သမ္မာဝါစာ'ဟု ဆိုအပ်၏။

ရဟန်းတို့ မှန်ကန်သောအလုပ်'သမ္မာကမ္မန္တ'ဟူသည် အဘယ်နည်း၊ ရဟန်းတို့ အသက်သတ်မှုမှ ရှောင်ကြဉ်ခြင်း မပေးသည်ကို ယူမှုမှ ရှောင်ကြဉ်ခြင်း မမြတ်သော မေထုန်အကျင့်မှ ရှောင်ကြဉ်ခြင်းသည်ရှိ၏။ ရဟန်းတို့ ဤသည်ကို မှန်ကန်သောအလုပ် 'သမ္မာကမ္မန္တ'ဟု ဆိုအပ်၏။

ရဟန်းတို့ မှန်ကန်သော အသက်မွေးမှု'သမ္မာအာဇီဝ'ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အရိယာဖြစ်သော တပည့်သည် မှားယွင်းသောအသက်မွေးမှု'မိစ္ဆာဇီဝ'ကို ပယ်၍ မှန်ကန်သောအသက်မွေးမှု 'သမ္မာအာဇီဝ'ဖြင့် အသက်မွေး၏။ ရဟန်းတို့ ဤသည်ကို မှန်ကန်သောအသက်မွေးမှု'သမ္မာအာဇီဝ'ဟု ဆိုအပ်၏။

ရဟန်းတို့ မှန်ကန်သော အားထုတ်မှု'သမ္မာဝါယာမ'ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မဖြစ်ကုန်သေးသော ယုတ်ညံ့သော အကုသိုလ်တရားတို့ကို မဖြစ်စေရန် ဆန္ဒကို ဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကို ချီးမြှောက်၏၊ ဆောက်တည်၏။ ဖြစ်ပြီးကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့ကို ပယ်ရန် ဆန္ဒကို ဖြစ်စေ၏။ပ။ မဖြစ်ကုန်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေရန် ဆန္ဒကို ဖြစ်စေ၏။ပ။ ဖြစ်ကုန်ပြီးသော ကုသိုလ်တရားတို့ကို တည်မြဲစေရန် မပျောက်ပျက်စေရန် တိုးတက်ဖြစ်ပွါးစေရန် ပြန့်ပြောစေရန် ပွါးများမှုပြည့်စုံစေရန် ဆန္ဒကိုဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊စိတ်ကို ချီးမြှောက်၏၊ ဆောက်တည်၏။ရဟန်းတို့ ဤသည်ကို မှန်ကန်သောအားထုတ်မှု 'သမ္မာဝါယာမ'ဟု ဆိုအပ်၏။

ရဟန်းတို့ မှန်ကန်သောအောက်မေ့မှု 'သမ္မာသတိ'ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ်'သမ္ပဇဉ်' အောက်မေ့မှု'သတိ'ရှိသည် ဖြစ်၍ လောက၌ မက်မောမှု'အဘိဇ္ဈာ' နှလုံးမသာမှု'ဒေါမနဿ'ကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍နေ၏၊ ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ' ရှိသည်ဖြစ်၍ လောက၌ မက်မောမှု 'အဘိဇ္ဈာ' နှလုံးမသာမှု 'ဒေါမနဿ'ကို ပယ်ဖျောက်လျက် ဝေဒနာတို့၌ ဝေဒနာတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ်'သမ္ပဇဉ်' အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ မက်မောမှု 'အဘိဇ္ဈာ' နှလုံးမသာမှု 'ဒေါမနဿ'ကို ပယ်ဖျောက်လျက် စိတ်၌ စိတ်ကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍ နေ၏၊ ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ်'သမ္ပဇဉ်'အောက်မေ့မှု'သတိ'ရှိသည်ဖြစ်၍ လောက၌ မက်မောမှု'အဘိဇ္ဈာ'နှလုံးမသာမှု'ဒေါမနဿ'ကို ပယ်ဖျောက်လျက် သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍ နေ၏။ ရဟန်းတို့ ဤသည်ကို မှန်ကန်သော အောက်မေ့မှု'သမ္မာသတိ'ဟု ဆိုအပ်၏။

http://www.dhammadownload.com



ရဟန်းတို့ မှန်ကန်သော တည်ကြည်မှု'သမ္မာသမာဓိ'ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကာမတို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်မှု'ဝိတက်'နှင့် တကွဖြစ်သော သုံးသပ်မှု'ဝိစာရ'နှင့် တကွဖြစ်သော နီဝရဏဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သိမ့်မှု'ပီတိ' ချမ်းသာမှု'သုခ'ရှိသော ပဌမဈာန်သို့ ရောက်၍နေ၏၊ ကြံစည်မှု'ဝိတက်' သုံးသပ်မှု 'ဝိစာရ'တို့၏ ချုပ်ခြင်းကြောင့် ကြံစည်မှု'ဝိတက်' သုံးသပ်မှု 'ဝိစာရ'မရှိသော စိတ်ကို ကြည်လင်စေတတ်သော စိတ်၏တည်ကြည်မှု 'သမာဓိ'ကို ဖြစ်စေတတ်သော တည်ကြည်မှု 'သမာဓိ'ကြောင့် ဖြစ်သော နှစ်သိမ့်မှု 'ပီတိ' ချမ်းသာမှု 'သုခ' ရှိသော ဒုတိယဈာန်သို့ ရောက်၍ နေ၏၊ နှစ်သိမ့်မှု'ပီတိ'ကိုလည်း မစွဲမက်ခြင်းကြောင့် လျစ်လျူရှု၍သာလျှင် နေ၏၊ အောက်မေ့မှု 'သတိ'ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'နှင့် ပြည့်စုံသည်ဖြစ်၍ ချမ်းသာမှု 'သုခ'ကိုလည်း ကိုယ်ဖြင့် ခံစား၏၊ (အကြင် တတိယဈာန်ကြောင့်) ထိုသူကို လျစ်လျူရှုသူ သတိရှိသူ ချမ်းသာစွာနေလေ့ရှိသူဟု အရိယာပုဂ္ဂိုလ်တို့သည် ချီးမွမ်းပြောဆိုကုန်၏၊ ထိုတတိယဈာန်သို့ ရောက်၍နေ၏။ ချမ်းသာမှု 'သုခ'ကိုလည်း ပယ်ခြင်းကြောင့် ဆင်းရဲမှု 'ဒုက္ခ'ကိုလည်း ပယ်ခြင်းကြောင့် ဝမ်းသာမှု'သောမနဿ' နှလုံးမသာမှု 'ဒေါမနဿ'တို့ ရှေးဦးကပင်လျှင် ချုပ်နှင့်ခြင်းကြောင့် ဆင်းရဲ ချမ်းသာကင်းသော လျစ်လျူရှုမှုကြောင့်ဖြစ်သော သတိ၏စင်ကြယ်ခြင်း ရှိသော စတုတ္ထဈာန်သို့ ရောက်၍နေ၏။ ရဟန်းတို့ ဤသည်ကို မှန်ကန်သောတည်ကြည်မှု 'သမ္မာသမာဓိ'ဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-သူကသုတ်

၉။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ဥပမာသော်ကား မကောင်းသဖြင့် (လှဲ၍) ထားသည့် သလေးစပါးမြီးကိုဖြစ်စေ မုယောစပါးမြီးကိုဖြစ်စေ လက်ဖြင့်သော်၎င်း ခြေဖြင့်သော်၎င်း ဖိမိနင်းမိသော် လက်ကို၎င်း ခြေကို၎င်း စူးရှဖျက်ဆီးပေလိမ့်မည် သွေးကိုလည်း ထွက်စေပေလိမ့်မည် ဟူသော အကြောင်းသည် မရှိပေ၊ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ စပါးမြီးကို မကောင်းသဖြင့် (လှဲ၍) ထားအပ်သောကြောင့်တည်း။ ရဟန်းတို့ ဤအတူပင် ထိုရဟန်းသည် မကောင်းသဖြင့် ထားအပ်သော (ကမ္မဿကတာပညာ)မကောင်းသဖြင့် ဖြစ်စေအပ်သော မဂ္ဂဘာဝနာဖြင့် မသိမှု'အဝိဇ္ဇာ'ကို ဖောက်ဖျက်ဆီးနိုင်ပေလိမ့်မည်၊ အသိဉာဏ်'ဝိဇ္ဇာ'ကို ဖြစ်စေနိုင်လိမ့်မည် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်လိမ့်မည် ဟူသော အကြောင်းသည် မရှိပေ။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့(ကမ္မဿကတာပညာနှင့် မဂ္ဂဘာဝနာကို) မကောင်းသဖြင့် ထားအပ် မကောင်းသဖြင့် ဖြစ်စေအပ်သောကြောင့်ပေတည်း။

ရဟန်းတို့ ဥပမာသော်ကား ကောင်းစွာ(ထောင်၍)ထားအပ်သော သလေးစပါးမြီးကိုဖြစ်စေ မုယောစပါးမြီးကိုဖြစ်စေ လက်ဖြင့်သော်၎င်း ခြေဖြင့်သော်၎င်း ဖိမိနင်းမိသော် လက်ကို၎င်း ခြေကို၎င်း စူးရှဖျက်ဆီးမပေလိမ့်မည် သွေးကိုသော်လည်း ထွက်စေပေလိမ့်မည်ဟူသော အကြောင်းသည်ရှိ၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ စပါးမြီးကို ကောင်းစွာ(ထောင်၍) ထားအပ်သောကြောင့် ပေတည်း။ ရဟန်းတို့ ဤအတူပင် ရဟန်းသည် ကောင်းစွာထားအပ်သော

http://www.dhammadownload.com



(ကမ္မဿကတာပညာ) ကောင်းစွာ ဖြစ်စေအပ်သောမဂ္ဂဘာဝနာဖြင့် မသိမှု 'အဝိဇ္ဇာ'ကို ကေန် ဖျက်ဆီးနိုင်ပေလိမ့်မည် အသိဉာဏ် 'ဝိဇ္ဇာ'ကို ဖြစ်စေနိုင်လိမ့်မည် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်လိမ့် မည်ဟူသော အကြောင်းသည် ရှိ၏၊ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ (ကမ္မဿ ကတာပညာနှင့်မဂ္ဂဘာဝနာကို) ကောင်းစွာထားအပ် ကောင်းစွာဖြစ်စေအပ်သောကြောင့်တည်း။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ကောင်းစွာထားအပ်သော (ကမ္မဿကတာပညာ) ကောင်းစွာဖြစ်စေအပ်သော မဂ္ဂဘာဝနာဖြင့် မသိမှု'အဝိဇ္ဇာ'ကို ဖျက်ဆီးနိုင်သနည်း၊အသိဉာဏ် 'ဝိဇ္ဇာ'ကို ဖြစ်စေနိုင်သနည်း၊ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သနည်း၊ ရဟန်းတို့ ဤသာသနာ တော်၌ ရဟန်းသည် (ကိလေသာမှ) ဆိတ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကိုမှီသော ချုပ်ငြိမ်းခြင်း၌မှီသော နိဗ္ဗာန်သို့ညွတ်သော မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ'ကို ပွါးများ၏။ပ။ (ကိလေသာမှ) ဆိတ်ခြင်းကိုမှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကိုမှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်၌ညွတ်သော မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ'ကို ပွါးများ၏။ ရဟန်းတို့ ဤသို့ လျှင် ကောင်းစွာ ထားအပ်သော (ကမ္မဿကတာပညာ) ကောင်းစွာ ဖြစ်စေအပ်သော မဂ္ဂ ဘာဝနာဖြင့် မသိမှု 'အဝိဇ္ဇာ'ကို ဖျက်ဆီးနိုင်၏၊ အသိဉာဏ် 'ဝိဇ္ဇာ'ကို ဖြစ်စေနိုင်၏၊ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်၏ ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

## ၁၀-နန္ဒိယသုတ်

၁၀။ သာဝတ္ထိနိဒါန်း။ ထိုအခါ နန္ဒိယပရိဗိုဇ်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာ ဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုပြီးလျှင် တခုသောနေရာ၌ ထိုင်နေ ပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏ "အသျှင်ဂေါတမ အဘယ်မျှသောတရား တို့ကို ပွါးများအပ်ပါလျှင် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ပါလျှင် နိဗ္ဗာန်သို့ ရောက်နိုင်ကုန်သည် နိဗ္ဗာန်လျှင် မှီခိုအားထားရာ ရှိကုန်သည် နိဗ္ဗာန်လျှင် အပြီးအဆုံးရှိကုန်သည် ဖြစ်ပါကုန်သနည်း" ဟု (လျှောက်၏)။

နန္ဒိယ ဤရှစ်ပါးသော တရားတို့ကို ပွါးများလျှင် ကြိမ်ဖန်များစွာပြုလုပ်လျှင် နိဗ္ဗာန် သို့ ကေန်ရောက်နိုင်ကုန်၏၊ နိဗ္ဗာန်လျှင် မှီခိုအားထားရာရှိကုန်၏၊နိဗ္ဗာန်လျှင် အပြီးအဆုံးရှိကုန်၏။ အဘယ် ရှစ်ပါးတို့နည်း၊ မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ'။ပ။ မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ' တို့တည်း။ နန္ဒိယ ဤရှစ်ပါးသော တရားတို့ကို ပွါးများလျှင် ကြိမ်ဖန်များစွာ ပြုလုပ်လျှင် နိဗ္ဗာန်သို့ ကေန်ရောက်နိုင်ကုန်၏၊ နိဗ္ဗာန်လျှင် မှီခိုအားထားရာရှိကုန်၏၊ နိဗ္ဗာန်လျှင် အပြီးအဆုံးရှိကုန်၏ဟု မိန့်တော်မူ၏။ ဤသို့ ဟောကြားတော်မူသော် နန္ဒိယပရိဗိုဇ်သည် မြတ်စွာ ဘုရားအား ဤစကားကို လျှောက်၏ "အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေစွ၊ အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေစွ။ပ။ အသျှင်ဂေါတမ သည် အကျွန်ုပ်ကို ယနေ့မှအစပြု၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သူ ဥပါသကာဟု မှတ်တော်မူပါ"ဟု (လျှောက်၏)။

ဒသမသုတ်။

ရှေးဦးစွာသော အဝိဇ္ဇာဝဂ် ပြီး၏။

http://www.dhammadownload.com



## ၂-ဝိဟာရဝဂ်  ၁-ပဌမ ဝိဟာရသုတ်

၁၁။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ငါသည် (တဆယ့်ငါးရက်) လဝက်ပတ်လုံး တပါးတည်း ကိန်းအောင်းနေထိုင်လို၏၊ ဆွမ်းပို့မည့် ရဟန်းတဦးမှတပါး မည်သူမျှ ငါ့ထံသို့ မချဉ်းကပ်ရဟု မိန့်တော်မူ၏။ "အသျှင်ဘုရား ကောင်းပါပြီ"ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဝန်ခံကုန်ပြီးလျှင် ဆွမ်းပို့သော ရဟန်းတဦးမှတပါး မည်သူမျှ မြတ်စွာဘုရားထံသို့ မချဉ်းကပ်ကုန်။

ထို့နောက် မြတ်စွာဘုရားသည် ထိုလဝက်ကုန်လွန်သဖြင့် တပါးတည်း ကိန်းအောင်းရာမှ ထတော်မူခဲ့၍ ရဟန်းတို့ကို မိန့်တော်မူ၏—"ရဟန်းတို့ ငါဘုရားသည် ဘုရားဖြစ်ခါစနေခြင်းမျိုး၏ တစိတ်တဒေသဖြင့် (ယခုလဝက်အတွင်း၌) နေခဲ့၏၊ ထိုငါသည် ဤသို့သိ၏၊ မှားယွင်းသော အမြင် 'မိစ္ဆာဒိဋ္ဌိ' ကြောင့်လည်း ခံစားရ၏၊ မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ'ကြောင့်လည်း ခံစားရ၏ ။ပ။ မှားယွင်းသော တည်ကြည်မှု 'မိစ္ဆာသမာဓိ'ကြောင့်လည်း ခံစားရ၏၊ မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ' ကြောင့်လည်း ခံစားရ၏၊ အလို 'ဆန္ဒ' ကြောင့်လည်း ခံစားရ၏၊ ကြံစည်မှု 'ဝိတက်'ကြောင့်လည်း ခံစားရ၏၊ မှတ်သားမှု 'သညာ'ကြောင့်လည်း ခံစားရ၏၊ အလို 'ဆန္ဒ'လည်း မငြိမ်း ကြံစည်မှု 'ဝိတက်' လည်း မငြိမ်း မှတ်သားမှု 'သညာ' လည်း မငြိမ်းသော ကြောင့်လည်း ခံစားရ၏၊ အလို 'ဆန္ဒ'လည်းငြိမ်း ကြံစည်မှု 'ဝိတက်'လည်းငြိမ်း မှတ်သားမှု 'သညာ'လည်း ငြိမ်းခြင်းကြောင့်လည်း ခံစားရ၏။ မရောက်ရသေးသော အရဟတ္တဖိုလ်သို့ရောက်ခြင်းငှါ အားထုတ်မှုသည်ရှိ၏၊ ထိုအရဟတ္တဖိုလ်ရခြင်း၏ အကြောင်းသည် အစဉ်ရောက်လာသည် ရှိသော် ထိုအကြောင်းကြောင့်လည်း ခံစားရ၏"ဟု ဤသို့ သိ၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-ဒုတိယ ဝိဟာရသုတ်

၁၂။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ငါသည် သုံးလပတ်လုံး တပါးတည်း ကိန်းအောင်းနေထိုင်လို၏၊ ဆွမ်းပို့မည့် ရဟန်းတဦးမှတပါး မည်သူမျှ ငါ့ထံသို့ မချဉ်းကပ်ရဟု မိန့်တော်မူ၏။ "အသျှင်ဘုရား ကောင်းပါပြီ" ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဝန်ခံပြီးလျှင် ဆွမ်းပို့သော ရဟန်းတဦးမှတပါး မည်သူမျှ မြတ်စွာဘုရားထံသို့ မချဉ်းကပ်ကုန်။

ထို့နောက် မြတ်စွာဘုရားသည် ထိုသုံးလလွန်သဖြင့် တပါးတည်းကိန်းအောင်းရာမှ ထတော်မူခဲ့၍ ရဟန်းတို့ကို မိန့်တော်မူ၏—"ရဟန်းတို့ ငါဘုရားသည် ဘုရားဖြစ်ခါစ နေခြင်းမျိုး၏ တစိတ် တဒေသဖြင့် (ယခုသုံးလအတွင်း) နေခဲ့၏၊ ထိုငါသည် ဤသို့သိ၏၊ မှားယွင်းသောအမြင် 'မိစ္ဆာဒိဋ္ဌိ'ကြောင့်လည်း ခံစားရ၏၊ မှားယွင်းသောအမြင် 'မိစ္ဆာဒိဋ္ဌိ' ငြိမ်းခြင်းကြောင့်လည်း ခံစားရ၏၊ မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ'ကြောင့်လည်း ခံစားရ၏၊ မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ' ငြိမ်းခြင်းကြောင့်လည်း ခံစားရ၏။ပ။ မှားယွင်းသော တည်ကြည်မှု 'မိစ္ဆာသမာဓိ'ကြောင့်လည်း ခံစားရ၏၊ မှားယွင်းသော တည်ကြည်မှု 'မိစ္ဆာသမာဓိ' ငြိမ်းခြင်းကြောင့်လည်း ခံစားရ၏၊ မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ' ကြောင့်လည်း ခံစားရ၏၊ မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ' ငြိမ်းခြင်းကြောင့်လည်း ခံစားရ၏၊ အလို'ဆန္ဒ' ကြောင့်လည်း ခံစားရ၏၊ အလို

http://www.dhammadownload.com



'ဆန္ဒ' ငြိမ်းခြင်းကြောင့်လည်း ခံစားရ၏၊ ကြံစည်မှု 'ဝိတက်' ကြောင့်လည်း ခံစားရ၏၊ ကြံစည်မှု 'ဝိတက်' ငြိမ်းခြင်းကြောင့်လည်း ခံစားရ၏၊ မှတ်သားမှု 'သညာ' ကြောင့်လည်း ခံစားရ၏၊ မှတ်သားမှု 'သညာ' ငြိမ်းခြင်းကြောင့်လည်း ခံစားရ၏။ အလို 'ဆန္ဒ' လည်း မငြိမ်း ကြံစည်မှု 'ဝိတက်'လည်း မငြိမ်း မှတ်သားမှု 'သညာ' လည်း မငြိမ်းခြင်းကြောင့်လည်း ခံစားရ၏။ အလို 'ဆန္ဒ' လည်းငြိမ်း ကြံစည်မှု 'ဝိတက်'လည်းငြိမ်း မှတ်သားမှု 'သညာ'လည်း ငြိမ်းခြင်းကြောင့်လည်း ခံစားရ၏၊ မရောက်ရသေးသော အရဟတ္တဖိုလ်သို့ ရောက်ခြင်းငှါ အားထုတ်မှုသည် ရှိ၏၊ ထိုအရဟတ္တဖိုလ် ရခြင်း၏အကြောင်းသည် အစဉ်ရောက်လာသည်ရှိသော် ထိုအကြောင်းကြောင့်လည်း ခံစားရ၏"ဟု ဤသို့ ငါသိ၏ ဟု (မိန့်တော်မူ၏)။

ဒုတိယ သုတ်။

---

## ၃-သေက္ခသုတ်

၁၃။ သာဝတ္ထိနိဒါန်း။ ထိုအခါ ရဟန်းတပါးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍။ပ။ တခုသော နေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—"အသျှင်ဘုရား "ကျင့်ဆဲ'သေက္ခ'ပုဂ္ဂိုလ် ကျင့်ဆဲ'သေက္ခ'ပုဂ္ဂိုလ်"ဟု ပြောဆိုပါ၏၊ အသျှင်ဘုရား အဘယ်မျှလောက်ဖြင့် ကျင့်ဆဲ 'သေက္ခ'ပုဂ္ဂိုလ် ဖြစ်နိုင်ပါသနည်း ဟု (လျှောက်၏)။ ရဟန်း ဤသာသနာတော်၌ ကျင့်ဆဲ 'သေက္ခ'ပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ' နှင့် ပြည့်စုံ၏။ပ။ ကျင့်ဆဲ'သေက္ခ' ပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော မှန်ကန်သောတည်ကြည်မှု 'သမ္မာသမာဓိ' နှင့် ပြည့်စုံ၏။ ရဟန်း ဤမျှဖြင့် ကျင့်ဆဲ'သေက္ခ'ပုဂ္ဂိုလ် ဖြစ်နိုင်၏"ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-ပဌမ ဥပ္ပါဒသုတ်

၁၄။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင် မှန်စွာသိတော်မူသော မြတ်စွာဘုရား ထင်ရှားပွင့်တော်မူသော အခါ၌သာ မဖြစ်ပေါ်ဘူးသေးကုန်သော ပွါးများအပ်ကုန်သော ကြိမ်ဖန်များစွာ ပြုအပ်ကုန်သော ဤတရားရှစ်ပါးတို့သည် ဖြစ်ပေါ်ကုန်၏၊ အဘယ်ရှစ်ပါးတို့နည်း၊ မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ'။ပ။ မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ' တို့တည်း။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော မြတ်စွာဘုရား ထင်ရှားပွင့်တော်မူသော အခါ၌သာ မဖြစ်ပေါ်ဘူးသေးကုန်သော ပွါးများအပ်ကုန်သော ကြိမ်ဖန်များစွာ ပြုအပ်ကုန်သော ဤတရားရှစ်ပါးတို့သည် ဖြစ်ပေါ်ကုန်၏ ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

http://www.dhammadownload.com



## ၅-ဒုတိယ ဥပ္ပါဒသုတ်

၁၅။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ မြတ်စွာဘုရား၏အဆုံးအမ'သာသနာ'တော်၌သာ မဖြစ်ပေါ် ဘူးသေးကုန်သော ပွါးများအပ်ကုန်သော ကြိမ်ဖန်များစွာ ပြုအပ်ကုန်သော ဤတရားရှစ်ပါး တို့သည် ဖြစ်ပေါ်ကုန်၏၊ အဘယ်ရှစ်ပါးတို့နည်း၊ မှန်ကန်သောအမြင်'သမ္မာဒိဋ္ဌိ'။ပ။ မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ'တို့တည်း။ ရဟန်းတို့ မြတ်စွာဘုရား၏ အဆုံးအမ 'သာသနာ'တော်၌ သာ မဖြစ်ပေါ်ဘူးသေးကုန်သော ပွါးများအပ်ကုန်သော ကြိမ်ဖန်များစွာ ပြုအပ်ကုန်သော ဤ တရား ရှစ်ပါးတို့သည် ဖြစ်ပေါ်ကုန်၏ ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၆-ပဌမ ပရိသုဒ္ဓသုတ်

၁၆။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရား တို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော မြတ်စွာဘုရား ထင်ရှားပွင့်တော်မူသော အခါ၌သာ စင်ကြယ်ကုန်သော ဖြူစင်ကုန်သော အညစ်အကြေး မရှိကုန်သော ညစ်ညူးခြင်း ကင်းကုန်သော မဖြစ်ပေါ်ဘူးသေးကုန်သော ဤတရားရှစ်ပါးတို့သည် ဖြစ်ပေါ်ကုန်၏၊ အဘယ်ရှစ်ပါးတို့နည်း၊ မှန် ကန်သော အမြင် 'သမ္မာဒိဋ္ဌိ'။ပ။ မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ' တို့တည်း။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရား ထင်ရှားပွင့်တော်မူသော အခါ၌သာ စင်ကြယ်ကုန်သော ဖြူစင်ကုန်သော အညစ် အကြေးမရှိကုန်သော ညစ်ညူးခြင်းကင်းကုန်သော မဖြစ်ပေါ်ဘူးသေးကုန်သော ဤတရားရှစ်ပါး တို့သည် ဖြစ်ပေါ်ကုန်၏ ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-ဒုတိယ ပရိသုဒ္ဓသုတ်

၁၇။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ မြတ်စွာဘုရား၏ အဆုံးအမ'သာသနာ'တော်၌သာ စင်ကြယ် ကုန်သော ဖြူစင်ကုန်သော အညစ်အကြေး မရှိကုန်သော ညစ်ညူးခြင်းကင်းကုန်သော မဖြစ်ပေါ် ဘူးသေးကုန်သော ဤတရား ရှစ်ပါးတို့သည် ဖြစ်ပေါ်ကုန်၏၊ အဘယ်ရှစ်ပါးတို့နည်း၊ မှန်ကန်သော အမြင်'သမ္မာဒိဋ္ဌိ'။ပ။ မှန်ကန်သော တည်ကြည်မှု'သမ္မာသမာဓိ'တို့တည်း။ ရဟန်းတို့ မြတ်စွာဘုရား ၏ အဆုံးအမ 'သာသနာ'တော်၌သာ စင်ကြယ်ကုန်သော ဖြူစင်ကုန်သော အညစ်အကြေး မရှိ ကုန်သော ညစ်ညူးခြင်းကင်းကုန်သော မဖြစ်ပေါ်ဘူးသေးကုန်သော ဤတရားရှစ်ပါးတို့သည် ဖြစ်ပေါ်ကုန်၏ ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

http://www.dhammadownload.com



## ၈-ပဌမ ကုက္ကုဋာရာမသုတ်

၁၈။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ အသျှင်အာနန္ဒာနှင့် အသျှင်ဘဒ္ဒတို့သည် ပါဋလိပုတ်ပြည် ကုက္ကုဋာရုံကျောင်း၌ (သီတင်းသုံး)နေတော်မူကုန်၏၊ ထိုအခါ အသျှင်ဘဒ္ဒသည် ညနေချမ်းအချိန် တပါးတည်း ကိန်းအောင်းရာမှ ထခဲ့၍ အသျှင်အာနန္ဒာထံသို့ ချဉ်းကပ်လျက် အသျှင်အာနန္ဒာနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုပြီးလျှင် တခုသောနေရာ၌ ထိုင်နေပြီးသော် အသျှင်အာနန္ဒာအား ဤစကားကို လျှောက်၏—

ငါ့သျှင်အာနန္ဒာ "မမြတ်သောအကျင့် မမြတ်သောအကျင့်"ဟု ဆို၏၊ ငါ့သျှင် မမြတ်သောအကျင့်ဟူသည် အဘယ်ပါနည်း ဟု(လျှောက်၏)။ငါ့သျှင်ဘဒ္ဒ ကောင်းပေစွ၊ ကောင်းပေစွ၊ငါ့သျှင်ဘဒ္ဒ သင်၏ဉာဏ်ဖြင့် စူးစမ်းခြင်းသည် ကောင်းပေစွ၊ ဉာဏ်အမြင်သည် ကောင်းပေစွ၊ ဆွေးနွေးမေးမြန်းမှုသည် ကောင်းပေစွ။ ငါ့သျှင်ဘဒ္ဒ သင်သည် ငါ့သျှင်အာနန္ဒာ "မမြတ်သောအကျင့် မမြတ်သောအကျင့်"ဟု ဆိုအပ်၏၊ ငါ့သျှင် မမြတ်သောအကျင့်ဟူသည် အဘယ်ပါနည်းဟု ဤသို့ မေးမြန်းသည် မဟုတ်လောဟု ဆို၏၊ ငါ့သျှင် ဟုတ်ပါ၏ဟု ဆို၏၊ ငါ့သျှင် အင်္ဂါရှစ်ပါးရှိသော ဤမှားယွင်းသောလမ်းစဉ် မိစ္ဆာမဂ်သည်ပင်လျှင် မမြတ်သောအကျင့်တည်း။ မှားယွင်းသောလမ်းစဉ် မိစ္ဆာမဂ်တို့ကား အဘယ်တို့နည်း၊ မှားယွင်းသောအမြင် 'မိစ္ဆာဒိဋ္ဌိ'။ပ။ မှားယွင်းသော တည်ကြည်မှု 'မိစ္ဆာသမာဓိ'တို့တည်း ဟု (မိန့်ဆို၏)။

အဋ္ဌမသုတ်။

---

## ၉-ဒုတိယ ကုက္ကုဋာရာမသုတ်

၁၉။ ပါဋလိပုတ်နိဒါန်း။ ငါ့သျှင်အာနန္ဒာ"အကျင့်မြတ်'ဗြဟ္မစရိယ' အကျင့်မြတ်'ဗြဟ္မစရိယ' ဟု ဆို၏၊ ငါ့သျှင် အကျင့်မြတ် 'ဗြဟ္မစရိယ' ဟူသည် အဘယ်ပါနည်း၊ အကျင့်မြတ် 'ဗြဟ္မစရိယ'၏ အဆုံးကား အဘယ်ပါနည်း ဟု(လျှောက်၏)။ ငါ့သျှင် ဘဒ္ဒ ကောင်းပေစွ၊ ကောင်းပေစွ၊ ငါ့သျှင်ဘဒ္ဒ သင်၏ ဉာဏ်ဖြင့် စူးစမ်းခြင်းသည် ကောင်းပေစွ၊ ဉာဏ်အမြင်သည် ကောင်းပေစွ၊ ဆွေးနွေးမေးမြန်းမှုသည် ကောင်းပေစွ၊ ငါ့သျှင်ဘဒ္ဒ သင်သည် ငါ့သျှင်အာနန္ဒာ "အကျင့်မြတ် 'ဗြဟ္မစရိယ' အကျင့်မြတ် 'ဗြဟ္မစရိယ'ဟု ဆိုအပ်၏၊ ငါ့သျှင် အကျင့်မြတ် 'ဗြဟ္မစရိယ'ဟူသည် အဘယ်ပါနည်း၊ အကျင့်မြတ်'ဗြဟ္မစရိယ'၏ အဆုံးကား အဘယ်ပါနည်း"ဟု ဤသို့ မေးမြန်းသည် မဟုတ်ပါလောဟု ဆို၏၊ ငါ့သျှင်အာနန္ဒာ ဟုတ်ပါ၏ ဟု ဆို၏၊ ငါ့သျှင် ဤအင်္ဂါရှစ်ပါးရှိသော အရိယမဂ်သည်ပင်လျှင် အကျင့်မြတ် 'ဗြဟ္မစရိယ'တည်း။ ဤအရိယမဂ်ဟူသည် အဘယ်နည်း၊ မှန်ကန်သော အမြင် 'သမ္မာဒိဋ္ဌိ'။ပ။ မှန်ကန်သော တည်ကြည်မှု'သမ္မာသမာဓိ' တို့တည်း။ ငါ့သျှင် စွဲမက်မှု'ရာဂ'ကုန်ရာ အမျက်ထွက်မှု 'ဒေါသ'ကုန်ရာ တွေဝေမှု'မောဟ'ကုန်ရာ နိဗ္ဗာန်သည် အကျင့်မြတ် 'ဗြဟ္မစရိယ'၏ အဆုံးတည်းဟု (မိန့်ဆို၏)။

နဝမသုတ်။

http://www.dhammadownload.com



## ၁၀-တတိယ ကုက္ကုဋာရာမသုတ်

၂၀။ ပါဋလိပုတ်နိဒါန်း။ ငါ့သျှင်အာနန္ဒာ "အကျင့်မြတ် 'ဗြဟ္မစရိယ' အကျင့်မြတ် 'ဗြဟ္မစရိယ'ဟု ဆိုအပ်၏၊ ငါ့သျှင် အကျင့်မြတ် 'ဗြဟ္မစရိယ'ဟူသည် အဘယ်ပါနည်း၊ အကျင့်မြတ် 'ဗြဟ္မစရိယ'ရှိသူသည် အဘယ်ပါနည်း၊ အကျင့်မြတ် 'ဗြဟ္မစရိယ'၏ အဆုံးကား အဘယ်ပါနည်းဟု မေးမြန်းလျှောက်ထား၏။ ငါ့သျှင်ဘဒ္ဒ ကောင်းပေစွ၊ ကောင်းပေစွ၊ ငါ့သျှင်ဘဒ္ဒ သင်၏ ဉာဏ်ဖြင့် ဖူးစမ်းမှုသည် ကောင်းပေစွ၊ ဉာဏ်အမြင်သည် ကောင်းပေစွ၊ ဆွေးနွေးမေးမြန်းမှုသည် ကောင်းပေစွ။ ငါ့သျှင်ဘဒ္ဒ သင်သည် "ငါ့သျှင်အာနန္ဒာ အကျင့်မြတ်'ဗြဟ္မစရိယ'ဟု ဆိုအပ်၏၊ ငါ့သျှင် အကျင့်မြတ် 'ဗြဟ္မစရိယ' ဟူသည် အဘယ်ပါနည်း၊ အကျင့်မြတ်'ဗြဟ္မစရိယ' ရှိသူသည် အဘယ်ပါနည်း၊ အကျင့်မြတ် 'ဗြဟ္မစရိယ'၏ အဆုံးကား အဘယ်ပါနည်း"ဟု ဤသို့ မေးမြန်းသည် မဟုတ်ပါလော ဟု ဆို၏၊ ငါ့သျှင် အာနန္ဒာ ဟုတ်ပါ၏ ဟု ဆို၏၊ ငါ့သျှင် ဤအင်္ဂါရှစ်ပါးရှိသော အရိယမဂ်သည်ပင်လျှင် အကျင့်မြတ် 'ဗြဟ္မစရိယ'တည်း။ ဤအရိယမဂ်ဟူသည် အဘယ်နည်း၊ မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ'။ပ။ မှန်ကန်သော တည်ကြည်မှု'သမ္မာသမာဓိ' တို့တည်း။ ငါ့သျှင် အကြင်သူသည် အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်နှင့် ပြည့်စုံ၏၊ ဤအရိယမဂ်နှင့် ပြည့်စုံသူကို အကျင့်မြတ်ရှိသူဟု ဆိုအပ်၏။ ငါ့သျှင် စွဲမက်မှု'ရာဂ' ကုန်ရာ အမျက်ထွက်မှု 'ဒေါသ' ကုန်ရာ တွေဝေမှု 'မောဟ'ကုန်ရာ နိဗ္ဗာန်သည်ကား အကျင့်မြတ် 'ဗြဟ္မစရိယ'၏ အဆုံးတည်းဟု (မိန့်ဆို၏)။

ဒသမသုတ်။

[ဤကုက္ကုဋာရာမသုတ် ၃-သုတ်တို့သည် ပါဋလိပုတ်မြို့ဟူသော ဟောရာနိဒါန်း တူကြကုန်၏]။

နှစ်ခုမြောက် ဝိဟာရဝဂ် ပြီး၏။

---

## ၃-မိစ္ဆတ္တဝဂ် ၁-မိစ္ဆတ္တသုတ်

၂၁။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ သင်တို့အား မကောင်းသော သဘောကိုရှင်း ကောင်းသော သဘောကိုရှင်း ဟောပေအံ့၊ ထိုတရားကို နာကြကုန်လော့။ ရဟန်းတို့ မကောင်းသော သဘောဟူသည် အဘယ်နည်း၊ မကောင်းသော သဘောတို့ကား မှားယွင်းသောအမြင် 'မိစ္ဆာဒိဋ္ဌိ'။ပ။ မှားယွင်းသော တည်ကြည်မှု 'မိစ္ဆာသမာဓိ'တို့တည်း။ ရဟန်းတို့ ဤသည်ကို မကောင်းသော သဘောဟု ဆိုအပ်၏။ ရဟန်းတို့ ကောင်းသောသဘောဟူသည် အဘယ်နည်း၊ ကောင်းသော သဘောတို့ကား မှန်ကန်သောအမြင်'သမ္မာဒိဋ္ဌိ'။ပ။ မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ' တို့တည်း။ ရဟန်းတို့ ဤသည်ကို ကောင်းသော သဘောဟု ဆိုအပ်၏ဟု(မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-အကုသလဓမ္မသုတ်

၂၂။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ သင်တို့အား အကုသိုလ်တရားတို့ကိုရှင်း ကုသိုလ်တရားတို့ကို ရှင်း ဟောပေအံ့၊ ထိုတရားကို နာကြကုန်လော့။ ရဟန်းတို့ အကုသိုလ်တရားတို့ဟူသည် အဘယ်

http://www.dhammadownload.com



နည်း၊ အကုသိုလ်တရားတို့ကား မှားယွင်းသောအမြင်'မိစ္ဆာဒိဋ္ဌိ'။ပ။ မှားယွင်းသော တည်ကြည်မှု 'မိစ္ဆာသမာဓိ'တို့တည်း။ရဟန်းတို့ ဤသည်တို့ကို အကုသိုလ်တရားတို့ဟု ဆိုအပ်ကုန်၏။ ရဟန်းတို့ ကုသိုလ်တရားတို့ဟူသည် အဘယ်နည်း၊ ကုသိုလ်တရားတို့ကား မှန်ကန်သောအမြင်'သမ္မာဒိဋ္ဌိ' ။ပ။မှန်ကန်သော တည်ကြည်မှု'သမ္မာသမာဓိ'တို့တည်း။ ရဟန်းတို့ ဤသည်တို့ကို ကုသိုလ်တရားတို့ဟု ဆိုအပ်ကုန်၏ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-ပဌမ ပဋိပဒါသုတ်

၂၃။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ သင်တို့အား မှားသောအကျင့်ကိုင်း မှန်သော အကျင့်ကိုင်း ဟောပေအံ့၊ ထိုတရားကို နာကြကုန်လော့။ ရဟန်းတို့ မှားသောအကျင့်ဟူသည် အဘယ်နည်း၊ မှားသောအကျင့်တို့ကား မှားယွင်းသောအမြင်'မိစ္ဆာဒိဋ္ဌိ'။ပ။မှားယွင်းသော တည်ကြည်မှု 'မိစ္ဆာသမာဓိ'တို့တည်း။ ရဟန်းတို့ ဤသည်ကို မှားသောအကျင့်ဟု ဆိုအပ်၏။ ရဟန်းတို့ မှန်သော အကျင့်ဟူသည် အဘယ်နည်း၊ မှန်သော အကျင့်ကား မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ' ။ပ။မှန်ကန်သော တည်ကြည်မှု'သမ္မာသမာဓိ'တို့တည်း။ရဟန်းတို့ ဤသည်ကို မှန်သောအကျင့်ဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-ဒုတိယ ပဋိပဒါသုတ်

၂၄။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ လူ၏ အကျင့်ဖြစ်စေ ရဟန်း၏ အကျင့်ဖြစ်စေ မှားသော အကျင့်ကို ငါဘုရား မချီးမွမ်း။ ရဟန်းတို့ လူဖြစ်စေ ရဟန်းဖြစ်စေ မကောင်းသဖြင့် ကျင့်သည်ရှိသော် မကောင်းသဖြင့် ကျင့်ခြင်းဟူသော အကြောင်းကြောင့် အသင့်အားဖြင့် ဖြစ်သော (အရိယာမဂ်)ကုသိုလ်တရားကို မပြီးစေနိုင်။ ရဟန်းတို့ မှားသောအကျင့်ဟူသည် အဘယ်နည်း၊ မှားသောအကျင့်ကား မှားယွင်းသောအမြင် 'မိစ္ဆာဒိဋ္ဌိ'။ပ။ မှားယွင်းသော တည်ကြည်မှု 'မိစ္ဆာသမာဓိ'တို့တည်း။ ရဟန်းတို့ ဤသည်ကို မှားသောအကျင့်ဟု ဆိုအပ်၏။ ရဟန်းတို့ လူ၏အကျင့်ဖြစ်စေ ရဟန်း၏ အကျင့်ဖြစ်စေ မှားသောအကျင့်ကို ငါဘုရား မချီးမွမ်း။ ရဟန်းတို့ လူဖြစ်စေ ရဟန်းဖြစ်စေ မကောင်းသဖြင့် ကျင့်သည်ရှိသော် မကောင်းသဖြင့် ပြုကျင့်ခြင်းဟူသော အကြောင်းကြောင့် အသင့်အားဖြင့်ဖြစ်သော (အရိယာမဂ်)ကုသိုလ်တရားကို မပြီးစေနိုင်။

ရဟန်းတို့ လူ၏အကျင့်ဖြစ်စေ ရဟန်း၏အကျင့်ဖြစ်စေ မှန်သော အကျင့်ကို ငါဘုရား ချီးမွမ်း၏။ ရဟန်းတို့ လူဖြစ်စေ ရဟန်းဖြစ်စေ ကောင်းစွာ ကျင့်သည်ရှိသော် ကောင်းစွာ ကျင့်ခြင်းဟူသော အကြောင်းကြောင့် အသင့်အားဖြင့် ဖြစ်သော (အရိယာမဂ်) ကုသိုလ်တရားကို ပြီးစေနိုင်၏၊ရဟန်းတို့ မှန်သော အကျင့်ဟူသည် အဘယ်နည်း၊မှန်သောအကျင့်ကား မှန်ကန်သော အမြင်'သမ္မာဒိဋ္ဌိ'။ပ။ မှန်ကန်သော တည်ကြည်မှု'သမ္မာသမာဓိ'တို့တည်း။ ရဟန်းတို့ ဤသည်ကို မှန်သော အကျင့်ဟု ဆိုအပ်၏။ ရဟန်းတို့ လူ၏အကျင့်ဖြစ်စေ ရဟန်း၏အကျင့်ဖြစ်စေ မှန်သော

http://www.dhammadownload.com



အကျင့်ကို ငါဘုရား ချီးမွမ်း၏။ရဟန်းတို့ လူဖြစ်စေ ရဟန်းဖြစ်စေ ကောင်းစွာကျင့်သည်ရှိသော် ကောင်းစွာ ကျင့်ခြင်း ဟူသောအကြောင်းကြောင့် အသင့်အားဖြင့် ဖြစ်သော (အရိယာမဂ်) ကုသိုလ်တရားကို ပြီးစေနိုင်၏ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

## ၅-ပဉ္စမ အသပ္ပုရိသသုတ်

၂၅။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ သင်တို့အား သူယုတ်မာကိုဂင်း သူတော်ကောင်းကိုင်း ဟောပေအံ့၊ ထိုတရားကို နာကြကုန်လော့။ ရဟန်းတို့ သူယုတ်မာဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော သူသည် မှားယွင်းသော အယူရှိ၏၊ မှားယွင်းသော အကြံ ရှိ၏၊မှားယွင်းသော စကားရှိ၏၊ မှားယွင်းသော အလုပ်ရှိ၏၊ မှားယွင်းသော အသက်မွေးမှုရှိ၏၊ မှားယွင်းသော အားထုတ်မှုရှိ၏၊ မှားယွင်းသော အောက်မေ့မှုရှိ၏၊ မှားယွင်းသောတည်ကြည်မှု ရှိ၏။ ရဟန်းတို့ ဤသူမျိုးကို သူယုတ်မာဟု ဆိုအပ်၏။

ရဟန်းတို့ သူတော်ကောင်းဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော သူသည် မှန်ကန်သောအမြင်ရှိ၏၊ မှန်ကန်သော အကြံရှိ၏၊ မှန်ကန်သော စကားရှိ၏၊ မှန်ကန် သော အလုပ်ရှိ၏၊ မှန်ကန်သော အသက်မွေးမှုရှိ၏၊ မှန်ကန်သော အားထုတ်မှုရှိ၏၊ မှန်ကန်သော အောက်မေ့မှုရှိ၏၊ မှန်ကန်သော တည်ကြည်မှုရှိ၏။ ရဟန်းတို့ ဤသူမျိုးကို သူတော်ကောင်းဟု ဆိုအပ်၏ဟု(မိန့်တော်မူ၏)။

ပဉ္စမသုတ်။

## ၆-ဒုတိယ အသပ္ပုရိသသုတ်

၂၆။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ သင်တို့အား သူယုတ်မာကိုဂင်း သူယုတ်မာအောက် ပို၍ ယုတ်မာသူကိုင်း ဟောပေအံ့၊ ရဟန်းတို့ သင်တို့အား သူတော်ကောင်းကိုင်း သူတော်ကောင်း ထက် ပို၍ ကောင်းသူကိုင်း ဟောပေအံ့၊ ထိုတရားကို နာကြကုန်လော့၊ ရဟန်းတို့ သူယုတ်မာ ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော သူသည် မှားယွင်းသော အမြင် ရှိ၏။ပ။ မှားယွင်းသော တည်ကြည်မှုရှိ၏။ ရဟန်းတို့ ဤသူမျိုးကို သူယုတ်မာဟု ဆိုအပ်၏။

ရဟန်းတို့ သူယုတ်မာအောက်ပို၍ ယုတ်မာသူဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သောသူသည် မှားယွင်းသော အမြင်ရှိ၏။ပ။ မှားယွင်းသော တည်ကြည်မှုရှိ၏၊ မှားယွင်းသော ဆင်ခြင်ဉာဏ်ရှိ၏၊ မှားယွင်းသော လွတ်မြောက်မှုရှိ၏။ ရဟန်းတို့ ဤသူမျိုးကို သူယုတ်မာအောက်ပို၍ ယုတ်မာသူဟု ဆိုအပ်၏။

ရဟန်းတို့ သူတော်ကောင်းဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သော သူသည် မှန်ကန်သော အမြင်ရှိ၏ ။ပ။ မှန်ကန်သော တည်ကြည်မှုရှိ၏။ ရဟန်းတို့ ဤသူမျိုးကို သူတော်ကောင်းဟု ဆိုအပ်၏။

http://www.dhammadownload.com



ရဟန်းတို့ သူတော်ကောင်းထက်ပို၍ ကောင်းသူဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သောသူသည် မှန်ကန်သော အမြင်ရှိ၏။ပ။ မှန်ကန်သော တည်ကြည်မှုရှိ၏၊ မှန်ကန်သော ဆင်ခြင်ဉာဏ်ရှိ၏၊ မှန်ကန်သော လွတ်မြောက်မှုရှိ၏။ရဟန်းတို့ ဤသူမျိုးကို သူတော်ကောင်းထက် ပို၍ ကောင်းသူဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-ကုမ္ဘသုတ်

၂၇။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ကရွတ်ခွေ မရှိသော အိုးသည် လိမ့်လွယ်သကဲ့သို့ရှိငြား ကရွတ်ခွေရှိသော အိုးသည် လိမ့်နိုင်ခဲသကဲ့သို့ရှိငြား ထို့အတူပင် တည်ရာမှီရာ မရှိသော စိတ်သည် ပျံ့လွင့်လွယ်၏၊ တည်ရာမှီရာရှိသော စိတ်သည် ပျံ့လွင့်နိုင်ခဲ၏။ ရဟန်းတို့ စိတ်၏ တည်ရာ ဟူသည် အဘယ်နည်း၊ အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်ပင်တည်း။ ဤအရိယမဂ်ဟူသည် အဘယ်နည်း၊ မှန်ကန်သော အမြင် 'သမ္မာဒိဋ္ဌိ'။ပ။ မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ'တို့တည်း၊ ဤအရိယမဂ်သည် စိတ်၏ တည်ရာတည်း။ ရဟန်းတို့ ကရွတ်ခွေ မရှိသော အိုးသည် လိမ့်လွယ်သကဲ့သို့ရှိငြား ကရွတ်ခွေ ရှိသော အိုးသည် လိမ့်နိုင်ခဲသကဲ့သို့ရှိငြား ထို့အတူပင် တည်ရာမှီရာမရှိသော စိတ်သည် ပျံ့လွင့်လွယ်၏၊ တည်ရာမှီရာရှိသော စိတ်သည် ပျံ့လွင့်နိုင်ခဲ၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈-သမာဓိသုတ်

၂၈။ ရဟန်းတို့ သင်တို့အား အကြောင်းနှင့်တကွ အခြံအရံနှင့်တကွဖြစ်သော မြတ်သော မှန်ကန်သော တည်ကြည်မှု'သမ္မာသမာဓိ'ကို ဟောပေအံ့၊ ထိုတရားကို နာကြကုန်လော့။ရဟန်းတို့ အကြောင်းနှင့်တကွ အခြံအရံနှင့်တကွဖြစ်သော မြတ်သော မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ'ဟူသည် အဘယ်နည်း။ မှန်ကန်သော အမြင်'သမ္မာဒိဋ္ဌိ'။ပ။ မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ'တို့တည်း။ ရဟန်းတို့ ဤအင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော အကြင်စိတ်၏ တည်ကြည်မှုသည် အခြံအရံနှင့် တကွဖြစ်၏။ ရဟန်းတို့ ဤစိတ်၏ မြတ်သော မှန်ကန်သောတည်ကြည်မှု 'သမ္မာသမာဓိ'ကို အကြောင်းနှင့်တကွဖြစ်၏ဟူ၍ငြား အခြံအရံနှင့်တကွဖြစ်၏ ဟူ၍ငြား ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

## ၉-ဝေဒနာသုတ်

၂၉။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ဝေဒနာတို့သည် ဤသုံးပါးတို့တည်း။ အဘယ်သုံးပါးတို့နည်း၊ သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာတို့တည်း။ ရဟန်းတို့ ဝေဒနာတို့သည် ဤသုံးပါးတို့ပင် တည်း။ ရဟန်းတို့ ဤဝေဒနာသုံးပါးတို့ကို ပိုင်းခြား၍ သိနိုင်ရန် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို

http://www.dhammadownload.com



ပွါးများအပ်၏။ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ဟူသည် အဘယ်နည်း၊ မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ'။ပ။ မှန်ကန်သော တည်ကြည်မှု'သမ္မာသမာဓိ'တို့တည်း။ ရဟန်းတို့ ဤဝေဒနာ သုံးပါးတို့ကို ပိုင်းခြား၍ သိနိုင်ရန် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများအပ်၏ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

## ၁၀-ဥတ္တိယသုတ်

၃၀။ သာဝတ္ထိနိဒါန်း။ ထိုအခါ အသျှင်ဥတ္တိယသည် မြတ်စွာဘုရား ထံသို့ ချဉ်းကပ်၍။ပ။ တခုသော နေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤ စကားကို လျှောက်၏— "အသျှင်ဘုရား ဆိတ်ငြိမ်ရာသို့ကပ်လျက် တပါးတည်း ကိန်းအောင်းနေသော အကျွန်ုပ်အား မြတ်စွာဘုရားသည် ကာမဂုဏ်ငါးပါးတို့ကို ဟောကြားတော်မူအပ်ကုန်၏၊ မြတ်စွာဘုရား ဟောကြားအပ်ကုန်သော ကာမဂုဏ်ငါးပါးတို့ကား အဘယ်တရားများပါနည်း"ဟု ဤသို့ စိတ်အကြံ ဖြစ်ပါ၏ဟု (လျှောက်၏)။ ဥတ္တိယ ကောင်းပေစွ၊ ကောင်းပေစွ၊ ဥတ္တိယ ငါဘုရားသည် ဤကာမဂုဏ်ငါးပါးတို့ကို ဟောကြားအပ်ကုန်၏။ အဘယ်ငါးပါးတို့နည်း၊ အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကို ပွါးစေတတ်ကုန် ချစ်ခင်ဖွယ်သဘောရှိကုန် ကာမနှင့်စပ်ကုန်သော တပ်မက်ဖွယ်ကောင်းကုန်သော စက္ခုဝိညာဏ်ဖြင့် မြင်အပ်ကုန်သော အဆင်း'ရူပါရုံ'တို့ရင်း။ပ။ သောတဝိညာဏ်ဖြင့် ကြားအပ်ကုန်သော အသံ'သဒ္ဒါရုံ'တို့ရင်း။ပ။ ဃာနဝိညာဏ်ဖြင့် နံအပ်ကုန်သော အနံ့'ဂန္ဓာရုံ'တို့ရင်း။ပ။ ဇိဝှါဝိညာဏ်ဖြင့် လျက်အပ်ကုန်သော အရသာ'ရသာရုံ'တို့ရင်း အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကိုပွါးစေတတ်ကုန် ချစ်ခင်ဖွယ်သဘောရှိကုန်သော ကာမနှင့်စပ်ကုန်သော တပ်မက်ဖွယ်ကောင်းကုန်သော ကာယဝိညာဏ်ဖြင့် တွေ့ထိအပ်ကုန်သော အတွေ့အထိ 'ဖောဋ္ဌဗ္ဗာရုံ'တို့ရင်းတည်း။ ဥတ္တိယ ငါဘုရား ဟောကြားအပ်ကုန်သော ကာမဂုဏ် တရားတို့သည်ကား ဤငါးပါးတို့တည်း။ ဥတ္တိယ ဤကာမဂုဏ်ငါးပါးတို့ကို ပယ်စွန့်ရန် အင်္ဂါရှစ်ပါး ရှိသော အရိယမဂ်ကို ပွါးများအပ်၏၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ဟူသည် အဘယ်နည်း၊ ဤအရိယမဂ် တရားကား မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ'။ပ။ မှန်ကန်သောတည်ကြည်မှု 'သမ္မာသမာဓိ'တို့တည်း။ ဥတ္တိယ ဤကာမဂုဏ်ငါးပါးတို့ကိုပယ်ရန် အင်္ဂါရှစ်ပါးရှိသော အရိယ မဂ်ကို ပွါးများအပ်၏ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

သုံးခုမြောက် မိစ္ဆတ္တဝဂ် ပြီး၏ ။

## ၄-ပဋိပတ္တိဝဂ် ၁-ပဌမ ပဋိပတ္တိသုတ်

၃၁။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ သင်တို့အား မှားသောအကျင့်ကိုရင်း မှန်သောအကျင့်ကိုရင်း ဟောပေအံ့၊ ထိုတရားကို နာကြကုန်လော့။ ရဟန်းတို့ မှားသောအကျင့်ဟူသည် အဘယ်နည်း၊ မှားယွင်းသောအမြင် 'မိစ္ဆာဒိဋ္ဌိ'။ပ။မှားယွင်းသော တည်ကြည်မှု 'မိစ္ဆာသမာဓိ'တို့တည်း။ ရဟန်းတို့

http://www.dhammadownload.com



ဤသည်ကို မှားသောအကျင့်ဟု ဆိုအပ်၏။ ရဟန်းတို့ မှန်သော အကျင့်ဟူသည် အဘယ်နည်း၊ မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ'။ပ။ မှန်ကန်သောတည်ကြည်မှု 'သမ္မာသမာဓိ' တို့တည်း။ ရဟန်းတို့ ဤသည်ကို မှန်ကန်သောအကျင့်ဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

## ၂-ဒုတိယ ပဋိပတ္တိသုတ်

၃၂။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ သင်တို့အား မှားသောအကျင့်ရှိသူကိုငှင်း မှန်သောအကျင့်ရှိသူကိုငှင်း ဟောပေအံ့၊ ထိုတရားကို နာကြကုန်လော့။ ရဟန်းတို့ မှားသောအကျင့်ရှိသူဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သောသူသည် မှားယွင်းသောအမြင်ရှိ၏။ပ။ မှားယွင်းသော တည်ကြည်မှုရှိ၏။ ရဟန်းတို့ ဤသူကို မှားသောအကျင့်ရှိသူဟု ဆိုအပ်၏။ ရဟန်းတို့ မှန်သောအကျင့်ရှိသူဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤလောက၌ အချို့သောသူသည် မှန်ကန်သော အမြင်ရှိ၏။ပ။ မှန်ကန်သောတည်ကြည်မှုရှိ၏။ ရဟန်းတို့ ဤသူကို မှန်သောအကျင့်ရှိသူဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

## ၃-ဝိရဒ္ဓသုတ်

၃၃။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ချွတ်ယွင်းစေသူဟူသမျှ တို့အား ကောင်းစွာ ဆင်းရဲ၏ကုန်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ချွတ်ယွင်းစေသည်မည်၏။ ရဟန်းတို့ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို အားထုတ်ကြသူဟူသမျှ တို့အား ကောင်းစွာ ဝဋ်ဆင်းရဲ၏ကုန်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အင်္ဂါရှစ်ပါးရှိသော အရိယ မဂ်ကို အားထုတ်သည်မည်၏။ ဤသည်ကား အဘယ်နည်း၊ မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ'။ပ။ မှန်ကန်သောတည်ကြည်မှု 'သမ္မာသမာဓိ' တို့တည်း။ ရဟန်းတို့ အင်္ဂါရှစ်ပါးရှိသော ဤအရိယ မဂ်ကို ချွတ်ယွင်းစေသူဟူသမျှတို့အား ကောင်းစွာဆင်းရဲ၏ကုန်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အင်္ဂါ ရှစ်ပါးရှိသော အရိယမဂ်ကို ချွတ်ယွင်းစေသည်မည်၏။ ရဟန်းတို့ အင်္ဂါရှစ်ပါးရှိသော ဤအရိယ မဂ်ကို အားထုတ်သူဟူသမျှတို့အား ကောင်းစွာ ဝဋ်ဆင်းရဲ၏ကုန်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို အားထုတ်သည်မည်၏ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

## ၄-ပါရံဂမသုတ်

၃၄။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ဤတရားရှစ်ပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ် အပ်သည်ရှိသော် သံသရာဝဋ်ဟူသော ဤဖက်ကမ်းမှ နိဗ္ဗာန်ဟူသော ထိုဖက်ကမ်းသို့ ရောက်နိုင်ရန်

http://www.dhammadownload.com



ဖြစ်ကုန်၏။ အဘယ်ရှစ်ပါးတို့နည်း၊ မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ'။ပ။ မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ'တို့တည်း။ ရဟန်းတို့ ဤတရားရှစ်ပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် သံသရာဝဋ်ဟူသော ဤဖက်ကမ်းမှ နိဗ္ဗာန်ဟူသော ထိုဖက်ကမ်းသို့ ရောက်နိုင်ရန် ဖြစ်ကုန်၏ဟု မြတ်စွာဘုရားသည် ဟောကြားတော်မူ၏၊ ထို့နောက် နတ်လူတို့၏ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဤဆိုလတ္တံ့သော ဂါထာတို့ကို ဟောတော်မူ၏—

"လူတို့တွင် (နိဗ္ဗာန်ဟူသော) တဖက်ကမ်းသို့ ရောက်သူတို့သည် အနည်းငယ်သာ ဖြစ်ကုန်၏၊ ဤနိဗ္ဗာန်သို့ ရောက်သူမှတပါး အခြားသော သတ္တဝါသည်ကား ဝဋ်ဆင်းရဲဟူသော ဤဖက်ကမ်း၌သာလျှင် လှည့်လည်ပြေးသွားရ၏။

ကောင်းစွာ ဟောကြားအပ်သော (မဂ်)တရား၌ တရားသို့ အစဉ်လိုက်၍ ကျင့်ကြသူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်း၏နိုင်ငံကို (လွန်မြောက်၍) နိဗ္ဗာန်ဟူသော တဖက်ကမ်းသို့ ရောက်ကြရကုန်လတ္တံ့။

ပညာရှိသောသူသည် မည်းနက်သော (အကုသိုလ်)တရားကို ပယ်စွန့်၍ သံသရာဝဋ်မှ နိဗ္ဗာန်ကိုအာရုံပြုလျက် ဖြူစင်သော (ကုသိုလ်) တရားကို ပွါးများကြရာ၏၊ အကြင် ဆိတ်ငြိမ်မှု 'ဝိဝေက'၌ မွေ့လျော်နိုင်ခဲ၏၊ ထိုဆိတ်ငြိမ်မှု 'ဝိဝေက'၌ အလွန်မွေ့လျော်မှုကို အလိုရှိရာ၏။ ပညာရှိသောသူသည် ကာမဂုဏ်တို့ကို ပယ်စွန့်လျက် ကိလေသာအကြွင်းအကျန် မရှိမူ၍ စိတ်ကို ညစ်ညူးစေတတ်သော နီဝရဏတရားတို့မှ မိမိကိုယ်ကို ဖြူစင်သန့်ရှင်းစေရာ၏။

အကြင်ပုဂ္ဂိုလ်တို့အား အရဟတ္တမဂ်၏ အကြောင်းဖြစ်သော ဗောဇ္ဈင်ခုနစ်ပါးတို့၌ စိတ်ကို ကောင်းစွာပွါးများအပ်၏၊ထိုပုဂ္ဂိုလ်တို့သည်မစွဲလမ်းမှု၍စွဲလမ်းမှု'ဥပါဒါန်'ကိုစွန့်ရာ နိဗ္ဗာန်၌ မွေ့လျော်ကြကုန်၏၊ လောက၌ အာသဝေါကုန်ပြီးသော ကြီးသောအာနုဘော်ရှိကုန်သော ထိုပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန်ဝင်စံချုပ်ငြိမ်းကြကုန်၏" ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-ပဉ္စမ သာမညသုတ်

၃၅။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ သင်တို့အား သာမညမည်သောမဂ်တရားကိုဎင်း သာမညဖလမည်သော ဖိုလ်တရားကိုဎင်း ဟောပေအံ့၊ ထိုတရားကို နာကြကုန်လော့။ ရဟန်းတို့ သာမညမည်သော မဂ်တရားသည် အဘယ်နည်း၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ပင်တည်း။ ဤအရိယမဂ်ဟူသည် အဘယ်နည်း၊မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ'။ပ။မှန်ကန်သော တည်ကြည်မှု'သမ္မာသမာဓိ' တို့တည်း။ ဤသည်ကို သာမညဟု ဆိုအပ်၏။ ရဟန်းတို့ သာမညဖလမည်သော ဖိုလ်တရားတို့ကား အဘယ်တို့နည်း၊ သောတာပတ္တိဖိုလ် သကဒါဂါမိဖိုလ် အနာဂါမိဖိုလ် အရဟတ္တဖိုလ်တို့ပေတည်း ဤသည်တို့ကို သာမည ဖလ မည်သော ဖိုလ်တရားတို့ဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

http://www.dhammadownload.com



## ၆-ဒုတိယ သာမညသုတ်

၃၆။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ သင်တို့အား သာမညမည်သော မဂ်တရားကိုင်း သာမညတ္ထမည်သော နိဗ္ဗာန်ကိုင်း ဟောပေအံ့၊ ထိုတရားကို နာကြကုန်လော့။ရဟန်းတို့ သာမညမည်သော မဂ်တရားဟူသည် အဘယ်နည်း၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ပင်တည်း၊ ဤအရိယမဂ်ဟူသည် အဘယ်နည်း၊မှန်ကန်သောအမြင်'သမ္မာဒိဋ္ဌိ'။ပ။မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ'တို့တည်း၊ ဤသည်ကို သာမညဟု,ဆိုအပ်၏။ ရဟန်းတို့ သာမညတ္ထမည်သော နိဗ္ဗာန်ဟူသည် အဘယ်နည်း၊ တပ်မက်မှု 'ရာဂ' ကုန်ရာ အမျက်ထွက်မှု 'ဒေါသ' ကုန်ရာ တွေဝေမှု 'မောဟ' ကုန်ရာတည်း။ ဤသည်ကို သာမညတ္ထမည်သော နိဗ္ဗာန်ဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-ပဌမ ဗြဟ္မညသုတ်

၃၇။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ သင်တို့အား ဗြဟ္မည မည်သောမဂ်ကိုင်း ဗြဟ္မည ဖလမည်သော ဖိုလ်ကိုင်း ဟောပေအံ့၊ ထိုတရားကို နာကြကုန်လော့။ ရဟန်းတို့ ဗြဟ္မညမည်သော မဂ်ဟူသည် အဘယ်နည်း၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ပင်တည်း၊ ဤအရိယမဂ်ဟူသည် အဘယ်နည်း၊ မှန်ကန်သောအမြင်'သမ္မာဒိဋ္ဌိ'။ပ။မှန်ကန်သော တည်ကြည်မှု'သမ္မာသမာဓိ' တို့ပေတည်း၊ ဤသည်ကို ဗြဟ္မညဟု ဆိုအပ်၏။ ရဟန်းတို့ ဗြဟ္မညဖလမည်သော ဖိုလ်တို့ဟူသည် အဘယ်တို့နည်း၊ သောတာပတ္တိဖိုလ် သကဒါဂါမိဖိုလ် အနာဂါမိဖိုလ် အရဟတ္တဖိုလ်တို့ပေတည်း။ ဤသည်တို့ကို ဗြဟ္မညဖလတို့ဟု ဆိုအပ်၏ ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈-ဒုတိယ ဗြဟ္မညသုတ်

၃၈။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ သင်တို့အား ဗြဟ္မညမည်သော မဂ်ကိုင်း ဗြဟ္မညတ္ထမည်သော နိဗ္ဗာန်ကိုင်း ဟောပေအံ့၊ထိုတရားကို နာကြကုန်လော့။ ရဟန်းတို့ ဗြဟ္မညဟူသည် အဘယ်နည်း၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ပင်တည်း၊ ဤအရိယမဂ်ဟူသည် အဘယ်နည်း၊ မှန်ကန်သော အမြင် 'သမ္မာဒိဋ္ဌိ'။ပ။ မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ' တို့တည်း၊ ဤသည်ကို ဗြဟ္မညဟု ဆိုအပ်၏။ ဗြဟ္မညတ္ထမည်သော နိဗ္ဗာန်ဟူသည် အဘယ်နည်း၊ တပ်မက်မှု 'ရာဂ'၏ကုန်ရာ အမျက်ထွက်မှု 'ဒေါသ'၏ကုန်ရာ တွေဝေမှု 'မောဟ'၏ ကုန်ရာတည်း။ ဤသည်ကို ဗြဟ္မညတ္ထမည်သော နိဗ္ဗာန်ဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

## ၉-ပဌမ ဗြဟ္မစရိယသုတ်

၃၉။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ သင်တို့အား ဗြဟ္မစရိယမည်သော မဂ်ကိုင်း ဗြဟ္မစရိယဖလ မည်သော ဖိုလ်ကိုင်း ဟောပေအံ့၊ ထိုတရားကို နာကြကုန်လော့။ ရဟန်းတို့ ဗြဟ္မစရိယဟူသည်

http://www.dhammadownload.com



အဘယ်နည်း၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ပင်တည်း။ ဤအရိယမဂ်ဟူသည် အဘယ်နည်း၊ မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ'။ ပ ။ မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ 'တို့တည်း၊ ဤသည်ကို ဗြဟ္မစရိယဟု ဆိုအပ်၏။ ရဟန်းတို့ ဗြဟ္မစရိယဖလဟူသည် အဘယ်နည်း၊ သောတာပတ္တိဖိုလ် သကဒါဂါမိဖိုလ် အနာဂါမိဖိုလ် အရဟတ္တဖိုလ်တို့ ပေတည်း။ ဤသည်တို့ကို ဗြဟ္မစရိယဖလဟု ဆိုအပ်၏ ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

## ၁၀-ဒုတိယ ဗြဟ္မစရိယသုတ်

၄၀။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ သင်တို့အား ဗြဟ္မစရိယ မည်သော မဂ်ကိုငင်း ဗြဟ္မစရိယတ္ထ မည်သော နိဗ္ဗာန်ကိုငင်း ဟောပေအံ့၊ ထိုတရားကို နာကြကုန်လော့။ ရဟန်းတို့ ဗြဟ္မစရိယမည်သောမဂ်ဟူသည် အဘယ်နည်း၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ပင်တည်း။ ဤအရိယမဂ်ဟူသည် အဘယ်နည်း၊မှန်ကန်သောအမြင်'သမ္မာဒိဋ္ဌိ'။ပ။မှန်ကန်သောတည်ကြည်မှု'သမ္မာသမာဓိ'တို့တည်း၊ ဤသည်ကို ဗြဟ္မစရိယဟု ဆိုအပ်၏။ရဟန်းတို့ ဗြဟ္မစရိယတ္ထမည်သောနိဗ္ဗာန်ဟူသည် အဘယ်နည်း၊ တပ်မက်မှု 'ရာဂ'၏ ကုန်ရာ အမျက်ထွက်မှု 'ဒေါသ'၏ ကုန်ရာ တွေဝေမှု 'မောဟ'၏ကုန်ရာတည်း။ ဤသည်ကို ဗြဟ္မစရိယတ္ထမည်သော နိဗ္ဗာန်ဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

လေးခုမြောက် ပဋိပတ္တိဝဂ် ပြီး၏။

## ၅-အညတိတ္ထိယပေယျာလဝဂ်

## ၁-ရာဂ ဝိရာဂသုတ်

၄၁။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ သာသနာ့ပြင်ပ အယူရှိကုန်သော ပရိဗိုဇ်တို့သည် "ငါ့သျှင်တို့ အဘယ်အကျိုးငှါ ရဟန်းဂေါတမထံ၌ မြတ်သောအကျင့်ကို ကျင့်သုံး နေထိုင်ကြပါသနည်း" ဟု သင်တို့ကို မေးမြန်းကုန်မူ ရဟန်းတို့ ဤကဲ့သို့ အမေးခံကြရသော သင်ဘို့သည် သာသနာ့ပြင်ပ အယူရှိကုန်သော ထိုပရိဗိုဇ်တို့အား "ငါ့သျှင်တို့ စွဲမက်မှု 'ရာဂ' ကင်းစေခြင်းအကျိုးငှါ မြတ်စွာဘုရား၏ထံတော်၌ မြတ်သောအကျင့်ကို ကျင့်သုံးနေထိုင်ကြပါ၏"ဟု ဖြေဆိုကြကုန်ရာ၏။ရဟန်းတို့ သာသနာ့ပြင်ပ အယူရှိကုန်သော ပရိဗိုဇ်တို့သည် "ငါ့သျှင်တို့ စွဲမက်မှု 'ရာဂ' ကင်းစေခြင်း အကျိုးငှါ လမ်းစဉ်ရှိပါသလော အကျင့်ရှိပါသလော"ဟု သင်တို့ကို မေးမြန်းကြကုန်မူ ရဟန်းတို့ ဤသို့ အမေးခံကြရသော သင်တို့သည် သာသနာ့ပြင်ပ အယူရှိကုန်သော ထိုပရိဗိုဇ်တို့အား "ငါ့သျှင်တို့ စွဲမက်မှု'ရာဂ' ကင်းစေခြင်းငှါ လမ်းစဉ်ရှိသည်သာတည်း၊ အကျင့်ရှိသည်သာတည်း"ဟု ဖြေဆိုကြကုန်ရာ၏။ရဟန်းတို့ စွဲမက်မှု 'ရာဂ' ကင်းစေခြင်းငှါ လမ်းစဉ်သည် အဘယ်နည်း၊ အကျင့်သည် အဘယ်နည်း၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ပင်တည်း။ ဤအရိယမဂ်ဟူသည် အဘယ်နည်း၊ မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ'။ပ။ မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ'တို့တည်း၊ ရဟန်းတို့ ဤဆိုခဲ့ပြီးသော အရိယမဂ်တရားသည် စွဲမက်မှု'ရာဂ'ကင်းစေခြင်းငှါ လမ်းစဉ်ဖြစ်၏၊ အကျင့်ဖြစ်၏။

http://www.dhammadownload.com



ရဟန်းတို့ ဤကဲ့သို့ အမေးခံကြရသော သင်တို့သည် သာသနာ့ပြင်ပ အယူရှိကုန်သော ထိုပရိဗိုဇ်တို့အား ဤဆိုခဲ့သည့်အတိုင်းသာ ဖြေဆိုကြကုန်ရာ၏ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

## ၂-၇-သံယောဇနပ္ပဟာနစသော ဖြ-သုတ်

၄၂-၄၇။ ရဟန်းတို့ သာသနာ့ပြင်ပ အယူရှိကုန်သော ပရိဗိုဇ်တို့သည် "ငါ့သျှင်တို့ အဘယ် အကျိုးငှါ ရဟန်းဂေါတမထံ၌ မြတ်သော အကျင့်ကို ကျင့်သုံးနေထိုင်ကြပါသနည်း"ဟု သင်တို့ကို မေးမြန်းကုန်မူ ရဟန်းတို့ ဤကဲ့သို့ အမေးခံကြရသော သင်တို့သည် သာသနာ့ပြင်ပ အယူရှိကုန် သော ထိုပရိဗိုဇ်တို့အား "ငါ့သျှင်တို့ သံယောဇဉ်ကိုပယ်ကာ နိဗ္ဗာန်အကျိုးငှါ မြတ်စွာဘုရား၏ ထံတော်၌ မြတ်သောအကျင့်ကို ကျင့်သုံး နေထိုင်ကြပါ၏" ဟု ဖြေဆိုကြကုန်ရာ၏။ပ။ "ငါ့သျှင်တို့ အနုသယကို နုတ်ပယ်ကာ နိဗ္ဗာန် အကျိုးငှါ မြတ်စွာဘုရား၏ ထံတော်၌ မြတ်သောအကျင့်ကို ကျင့်သုံးနေထိုင်ကြပါ၏"ဟု ဖြေဆိုကြကုန်ရာ၏။ပ။ "ငါ့သျှင်တို့ သံသရာအစွန်ကို ပိုင်းခြား၍ သိရာ နိဗ္ဗာန်အကျိုးငှါ မြတ်စွာဘုရား၏ ထံတော်၌ မြတ်သောအကျင့်ကို ကျင့်သုံး နေထိုင်ကြပါ၏"ဟု ဖြေဆိုကြကုန်ရာ၏။ပ။ "ငါ့သျှင်တို့ အာသဝတရားတို့၏ ကုန်ရာ နိဗ္ဗာန်အကျိုးငှါ မြတ်စွာဘုရား ၏ထံတော်၌ မြတ်သောအကျင့်ကို ကျင့်သုံးနေထိုင် ကြပါ၏"ဟု ဖြေဆိုကြကုန်ရာ၏။ပ။ "ငါ့သျှင် တို့ ဝိဇ္ဇာဝိမုတ္တိဟု ဆိုအပ်သော အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်းအကျိုးငှါ မြတ်စွာဘုရား၏ ထံတော်၌ မြတ်သောအကျင့်ကို ကျင့်သုံးနေထိုင်ကြပါ၏"ဟု ဖြေဆိုကြကုန်ရာ၏။ပ။ "ငါ့သျှင်တို့ ပစ္စဝေက္ခဏာဉာဏ်အမြင် အကျိုးငှါ မြတ်စွာဘုရား၏ ထံတော်၌ မြတ်သောအကျင့်ကို ကျင့်သုံး နေထိုင်ကြပါ၏"ဟု ဖြေဆိုကြကုန်ရာ၏ ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈-အနုပါဒါပရိနိဗ္ဗာနသုတ်

၄၈။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ သာသနာ့ပြင်ပ အယူရှိကုန်သော ပရိဗိုဇ်တို့သည် သင်တို့ကို "ငါ့သျှင်တို့ အဘယ်အကျိုးငှါ ရဟန်းဂေါတမထံ၌ မြတ်သော အကျင့်ကို ကျင့်သုံးနေထိုင်ကြပါ သနည်း"ဟု မေးမြန်းကြကုန်မူ ဤကဲ့သို့ အမေးခံကြရသော သင်တို့သည် သာသနာ့ပြင်ပ အယူ ရှိကုန်သော ထိုပရိဗိုဇ်တို့အား "ငါ့သျှင်တို့ အကြောင်းကင်းသော နိဗ္ဗာန်အကျိုးငှါ မြတ်စွာဘုရား၏ ထံတော်၌ မြတ်သော အကျင့်ကို ကျင့်သုံးနေထိုင်ကြပါ၏" ဟု ဖြေဆိုကြကုန်ရာ၏။ ရဟန်းတို့ သာသနာ့ပြင်ပ အယူရှိကုန်သော ပရိဗိုဇ်တို့သည် ငါ့သျှင်တို့ အကြောင်းကင်းသော နိဗ္ဗာန်ရ ခြင်းငှါ လမ်းစဉ်ရှိပါသလော အကျင့်ရှိပါသလော ဟု ဤသို့သင်တို့ကို မေးမြန်းကြကုန်မူ ရဟန်းတို့ ဤကဲ့သို့ အမေးခံကြရသော သင်တို့သည် သာသနာ့ပြင်ပ အယူရှိကုန်သော ထိုပရိဗိုဇ်တို့အား ငါ့သျှင်တို့ အကြောင်းကင်းသော နိဗ္ဗာန်ရခြင်းငှါ လမ်းစဉ်ရှိသည်သာတည်း၊ အကျင့် ရှိသည် သာတည်း" ဟု ဤသို့ ဖြေဆိုကြကုန်ရာ၏။ ရဟန်းတို့ အကြောင်းကင်းသော နိဗ္ဗာန်ရခြင်းငှါ လမ်းစဉ်သည် အဘယ်နည်း၊ အကျင့်သည် အဘယ်နည်း၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ပင်တည်း။ ဤအရိယမဂ်ဟူသည် အဘယ်နည်း၊ မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ'။ပ။ မှန်ကန်သော တည်ကြည်

http://www.dhammadownload.com



မှု 'သမ္မာသမာဓိ'ကို ပေတည်း။ ရဟန်းတို့ ဤဆိုခဲ့ပြီးသော အရိယမဂ်တရားသည် အကြောင်း ကင်းသော နိဗ္ဗာန်ရခြင်း၌ လမ်းစဉ် ဖြစ်၏ အကျင့်ဖြစ်၏။ ရဟန်းတို့ ဤသို့ အမေးခံကြရသော သင်တို့သည် သာသနာ့ပြင်ပ အယူရှိကုန်သော ထိုပရိဗိုဇ်တို့အား ဤဆိုခဲ့သည့်အတိုင်းပင် ဖြေဆို ကြကုန်ရာ၏ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

အညတိတ္ထိယပေယျာလဝဂ် ပြီး၏

## ၆-သူရိယပေယျာလဝဂ် ၁-ကလျာဏမိတ္တသုတ်

၄၉။ သာဝတ္ထိနိဒါန်း။ အရုဏ်တက်ခြင်းသည် နေထွက်ပေါ် လာခြင်း၏ ရှေ့သွားဖြစ်သကဲ့သို့ ပုဗ္ဗနိမိတ်ဖြစ်သကဲ့သို့ ရဟန်းအား မိတ်ဆွေကောင်း ရှိခြင်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ် တရားဖြစ်ပေါ် ရန် ရှေ့သွားဖြစ်၏၊ ပုဗ္ဗနိမိတ်ဖြစ်၏။ ရဟန်းတို့ မိတ်ဆွေကောင်းရှိသော ရဟန်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများလိမ့်မည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန် များစွာ ပြုလုပ်လိမ့်မည်ဟု မြော်လင့်အပ်၏၊ရဟန်းတို့ မိတ်ဆွေကောင်းရှိသော ရဟန်းသည် အင်္ဂါ ရှစ်ပါးရှိသော အရိယမဂ်ကို အဘယ်သို့လျှင် ပွါးများသနည်း၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို အဘယ်သို့လျှင် ကြိမ်ဖန်များစွာ ပြုလုပ်သနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကို မှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ ညွတ်သော မှန်ကုန်သော အမြင် 'သမ္မာဒိဋ္ဌိ'ကို ပွါးများ၏။ပ။ ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ'ကင်းခြင်းကို မှီသော ချုပ်ခြင်းကို မှီသောနိဗ္ဗာန်သို့ ညွတ်သော မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ'ကို ပွါးများ၏။ ရဟန်းတို့ ဤသို့လျှင် မိတ်ဆွေကောင်းရှိသော ရဟန်းသည် အင်္ဂါ ရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများ၏၊ ကြိမ်ဖန်များစွာ ပြုလုပ်၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

## ၂-၆-သီလသမ္ပဒါစသော ၅-သုတ်

၅၀-၅၄။ ရဟန်းတို့ အရုဏ် တက်ခြင်းသည် နေထွက်ပေါ်လာခြင်း၏ ရှေ့သွားဖြစ်သကဲ့သို့ ပုဗ္ဗနိမိတ်ဖြစ်သကဲ့သို့ ရဟန်းအား စတုပါရိသုဒ္ဓိသီလနှင့် ပြည့်စုံခြင်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်တရား ဖြစ်ပေါ် ရန် ရှေ့သွားဖြစ်၏ ပုဗ္ဗနိမိတ်ဖြစ်၏။ ရဟန်းတို့ စတုပါရိသုဒ္ဓိသီလနှင့် ပြည့်စုံသော ရဟန်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများလတ္တံ့ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်လတ္တံ့ဟု မြော်လင့်အပ်၏။ပ။ ကုသိုလ်ကောင်းမှုကို ပြုလိုမှု 'ဆန္ဒ'နှင့် ပြည့်စုံခြင်းသည်။ပ။ ပြည့်စုံသော စိတ်ရှိခြင်းသည်။ပ။ ဉာဏ်အမြင်နှင့် ပြည့်စုံခြင်း သည်။ပ။ မမေ့လျော့မှု 'အပ္ပမာဒ'တရားနှင့် ပြည့်စုံခြင်းသည်။ပ။

ဆဋ္ဌသုတ်။

## ၇-ယောနိသောမနသိကာရသမ္ပဒါသုတ်

၅၅။ ရဟန်းတို့ အရုဏ်တက်ခြင်းသည် နေထွက်ပေါ် လာခြင်း၏ ရှေ့သွားဖြစ်သကဲ့သို့ ပုဗ္ဗနိမိတ် ဖြစ်သကဲ့သို့ ရဟန်းအား သင့်လျော်သော အကြောင်းအားဖြင့် နှလုံးသွင်းမှု 'ယောနိသောမနသိ

http://www.dhammadownload.com



ကာရ’နှင့် ပြည့်စုံခြင်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်တရားဖြစ်ပေါ်ရန် ရှေ့သွားဖြစ်၏ ပုဗ္ဗနိမိတ်ဖြစ်၏။ ရဟန်းတို့ သင့်လျော်သော အားဖြင့် နှလုံးသွင်းမှု ‘ယောနိသောမနသိကာရ’နှင့် ပြည့်စုံသော ရဟန်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများလတ္တံ့၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်လတ္တံ့ဟု မျှော်လင့်အပ်၏။ ရဟန်းတို့ သင့်လျော်သော အားဖြင့် နှလုံးသွင်းမှု ‘ယောနိသော မနသိကာရ’နှင့်ပြည့်စုံသော ရဟန်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို အဘယ်သို့လျှင် ပွါးများသနည်း၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို အဘယ်သို့လျှင် ကြိမ်ဖန်များစွာ ပြုလုပ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု ‘ရာဂ’ကင်းခြင်းကို မှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ညွတ်သော မှန်ကန်သော အမြင် ‘သမ္မာဒိဋ္ဌိ’ကို ပွါးများ၏။ပ။ ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု ‘ရာဂ’ ကင်းခြင်းကို မှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ ညွတ်သော မှန်ကန်သော တည်ကြည်မှု ‘သမ္မာသမာဓိ’ကို ပွါးများ၏။ ရဟန်းတို့ ဤသို့လျှင် သင့်လျော်သောအားဖြင့် နှလုံးသွင်းမှု ‘ယောနိသောမနသိကာရ’နှင့် ပြည့်စုံသော ရဟန်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများ၏၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၁-ကလျာဏမိတ္တသုတ်

၅၆။ ရဟန်းတို့ အရုဏ်တက်ခြင်းသည် နေထွက်ပေါ်လာခြင်း၏ ရှေ့သွားဖြစ်သကဲ့သို့ ပုဗ္ဗနိမိတ်ဖြစ်သကဲ့သို့ ရဟန်းအား မိတ်ဆွေကောင်းရှိခြင်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်တရားဖြစ်ပေါ်ရန် ရှေ့သွားဖြစ်၏ ပုဗ္ဗနိမိတ်ဖြစ်၏။ ရဟန်းတို့ မိတ်ဆွေကောင်းရှိသော ရဟန်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများလတ္တံ့၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်လတ္တံ့ဟု မျှော်လင့်အပ်၏။ ရဟန်းတို့ မိတ်ဆွေကောင်းရှိသော ရဟန်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို အဘယ်သို့လျှင် ပွါးများသနည်း၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို အဘယ်သို့လျှင် ကြိမ်ဖန်များစွာ ပြုလုပ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် စွဲမက်မှု ‘ရာဂ’ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော အမျက်ထွက်မှု ‘ဒေါသ’ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော တွေဝေမှု‘မောဟ’ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော မှန်ကန်သောအမြင် ‘သမ္မာဒိဋ္ဌိ’ကို ပွါးများ၏။ပ။ စွဲမက်မှု‘ရာဂ’ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော အမျက်ထွက်မှု ‘ဒေါသ’ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော တွေဝေမှု ‘မောဟ’ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော မှန်ကန်သော တည်ကြည်မှု ‘သမ္မာသမာဓိ’ ကို ပွါးများ၏။ ရဟန်းတို့ ဤသို့လျှင် မိတ်ဆွေကောင်းရှိသော ရဟန်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများ၏၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-၆- သီလသမ္ပဒါစသော ၅-သုတ်

၅၇-၆၁။ ရဟန်းတို့ အရုဏ်တက်ခြင်းသည် နေထွက်ပေါ်လာခြင်း၏ ရှေ့သွားဖြစ်သကဲ့သို့ ပုဗ္ဗနိမိတ်ဖြစ်သကဲ့သို့ ရဟန်းအား စတုပါရိသုဒ္ဓိသီလနှင့် ပြည့်စုံခြင်းသည် အင်္ဂါရှစ်ပါးရှိသော အရိယ

http://www.dhammadownload.com



မဂ်တရား ဖြစ်ပေါ်ရန် ရှေ့သွားဖြစ်၏ ပုဗ္ဗနိမိတ်ဖြစ်၏။ပ။ ကုသိုလ်ကောင်းမှုကို ပြုလုပ်လိုမှု'ဆန္ဒ'နှင့် ပြည့်စုံခြင်းသည်။ပ။ ပြည့်စုံသော စိတ်ရှိခြင်းသည်။ပ။ ဉာဏ်အမြင်နှင့် ပြည့်စုံခြင်းသည်။ပ။ မမေ့လျော့မှု'အပ္ပမာဒ'တရားနှင့် ပြည့်စုံခြင်းသည်။ပ။

ဆဋ္ဌသုတ်။

## ၇-ယောနိသောမနသိကာရသမ္ပဒါသုတ်

၆၂။ (ရဟန်းတို့ အရုဏ်တက်ခြင်းသည် နေထွက်ပေါ်လာခြင်း၏ ရှေ့သွားဖြစ်သကဲ့သို့ ပုဗ္ဗနိမိတ်ဖြစ်သကဲ့သို့ ရဟန်းအား သင့်လျော်သောအားဖြင့် နှလုံးသွင်းမှု 'ယောနိသောမနသိကာရ' နှင့် ပြည့်စုံခြင်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်တရား ဖြစ်ပေါ်ရန် ရှေ့သွားဖြစ်၏ ပုဗ္ဗနိမိတ်ဖြစ်၏)။ ရဟန်းတို့ သင့်လျော်သောအားဖြင့် နှလုံးသွင်းမှု 'ယောနိသောမနသိကာရ'နှင့် ပြည့်စုံသော ရဟန်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများလတ္တံ့ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်လတ္တံ့ဟု မျှော်လင့်အပ်၏။ ရဟန်းတို့ သင့်လျော်သော အားဖြင့် နှလုံးသွင်းမှု'ယောနိသောမနသိကာရ'နှင့် ပြည့်စုံသော ရဟန်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို အဘယ်သို့လျှင် ပွါးများသနည်း၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို အဘယ်သို့ လျှင် ကြိမ်ဖန်များစွာ ပြုလုပ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် စွဲမက်မှု'ရာဂ' ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော အမျက်ထွက်မှု'ဒေါသ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံး ရှိသော တွေဝေမှု'မောဟ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော မှန်ကန်သောအမြင်'သမ္မာဒိဋ္ဌိ' ကို ပွါးများ၏။ပ။ စွဲမက်မှု'ရာဂ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော အမျက်ထွက်မှု'ဒေါသ' ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော တွေဝေမှု'မောဟ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိ သော မှန်ကန်သော တည်ကြည်မှု'သမ္မာသမာဓိ'ကို ပွါးများ၏၊ ရဟန်းတို့ ဤသို့လျှင် သင့်လျော် သောအားဖြင့် နှလုံးသွင်းမှု 'ယောနိသောမနသိကာရ'နှင့် ပြည့်စုံသော ရဟန်းသည် အင်္ဂါရှစ်ပါး ရှိသော အရိယမဂ်ကို ပွါးများ၏၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

သူရိယပေယျာလဝဂ် ပြီး၏။

## ၇-ဧကဓမ္မပေယျာလဝဂ်

## ၁-ကလျာဏမိတ္တသုတ်

၆၃။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ တခုသောတရားသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ဖြစ်စေခြင်းငှါ ကျေးဇူးများ၏၊ တခုသော တရားဟူသည် အဘယ်နည်း၊ မိတ်ဆွေကောင်း ရှိခြင်း တည်း။ ရဟန်းတို့ မိတ်ဆွေကောင်းရှိသော ရဟန်းအား အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်လတ္တံ့ဟု မျှော်လင့်အပ်၏။ ရဟန်းတို့ မိတ်ဆွေကောင်းရှိသော ရဟန်း သည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို အဘယ်သို့လျှင် ပွါးများသနည်း၊ အင်္ဂါရှစ်ပါးရှိသော

http://www.dhammadownload.com



အရိယမဂ်ကို အဘယ်သို့လျှင် ကြိမ်ဖန်များစွာ ပြုလုပ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကို မှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ ညွတ်သော မှန်ကန်သော အမြင် 'သမ္မာဒိဋ္ဌိ'ကို ပွါးများ၏။ပ။ ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ'ကင်းခြင်းကို မှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ ညွတ်သော တည်ကြည်မှု 'သမ္မာသမာဓိ'ကို ပွါးများ၏။ ရဟန်းတို့ ဤသို့လျှင် မိတ်ဆွေကောင်းရှိသော ရဟန်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများ၏ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

## ၂-၆-ပဌမ သီလသမ္ပဒါစသော ၅-သုတ်

၆၄-၆၈။ ရဟန်းတို့ တခုသောတရားသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ဖြစ်စေခြင်းငှါ ကျေးဇူးများ၏၊ တခုသော တရားဟူသည် အဘယ်နည်း၊ သီလနှင့် ပြည့်စုံခြင်းတည်း။ပ။ကုသိုလ်ကောင်းမှုကို ပြုလိုမှု'ဆန္ဒ'နှင့်ပြည့်စုံခြင်းတည်း။ပ။ပြည့်စုံသော စိတ်ရှိခြင်းတည်း။ပ။ ဉာဏ်အမြင်နှင့် ပြည့်စုံခြင်းတည်း။ပ။မမေ့လျော့မှု 'အပ္ပမာဒ'တရားနှင့် ပြည့်စုံခြင်းတည်း။ပ။

ဆဋ္ဌသုတ်။

## ၇-ယောနိသောမနသိကာရသမ္ပဒါသုတ်

၆၉။ (ရဟန်းတို့ တခုသော တရားသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ဖြစ်စေခြင်းငှါ ကျေးဇူးများ၏၊ တခုသော တရားဟူသည် အဘယ်နည်း)၊ ရဟန်းတို့ သင့်လျော်သောအားဖြင့် နှလုံးသွင်းမှု 'ယောနိသောမနသိကာရ'နှင့် ပြည့်စုံခြင်းတည်း။ ရဟန်းတို့ သင့်လျော်သောအားဖြင့် နှလုံးသွင်းမှု 'ယောနိသောမနသိကာရ'နှင့် ပြည့်စုံသောရဟန်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများလတ္တံ့၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်လတ္တံ့ ဟု မြော်လင့်အပ်၏။ ရဟန်းတို့ သင့်လျော်သောအားဖြင့် နှလုံးသွင်းမှု 'ယောနိသောမနသိကာရ'နှင့် ပြည့်စုံသော ရဟန်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို အဘယ်သို့လျှင် ပွါးများသနည်း၊ အဘယ်သို့လျှင် ကြိမ်ဖန်များစွာ ပြုလုပ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကို မှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ ညွတ်သော မှန်ကန်သော အမြင် 'သမ္မာဒိဋ္ဌိ'ကို ပွါးများ၏။ပ။ ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ'ကင်းခြင်းကို မှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ညွတ်သော မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ'ကို ပွါးများ၏။ ရဟန်းတို့ ဤသို့လျှင် သင့်လျော်သောအားဖြင့် နှလုံးသွင်းမှု 'ယောနိသောမနသိကာရ'နှင့် ပြည့်စုံသော ရဟန်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများ၏၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာပြုလုပ်၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

http://www.dhammadownload.com



## ၁-ကလျာဏမိတ္တသုတ်

၃၀။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ တခုသောတရားသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ဖြစ်စေခြင်းငှါ ကျေးဇူးများ၏၊ တခုသောတရားဟူသည် အဘယ်နည်း၊ မိတ်ဆွေကောင်းရှိခြင်း တည်း။ ရဟန်းတို့ မိတ်ဆွေကောင်းရှိသော ရဟန်းအား အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများလတ္တံ့ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်လတ္တံ့ ဟု မျှော်လင့်အပ်၏။ ရဟန်းတို့ မိတ်ဆွေကောင်းရှိသော ရဟန်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို အဘယ်သို့လျှင် ပွါးများသနည်း၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို အဘယ်သို့လျှင် ကြိမ်ဖန်များစွာ ပြုလုပ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် စွဲမက်မှု 'ရာဂ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော အမျက်ထွက်မှု 'ဒေါသ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော တွေဝေမှု'မောဟ' ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော မှန်ကန်သော အမြင် 'သမ္မာဒိဋ္ဌိ'ကို ပွါးများ၏။ပ။ စွဲမက်မှု 'ရာဂ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော အမျက်ထွက်မှု 'ဒေါသ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော တွေဝေမှု 'မောဟ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ' ကို ပွါးများ၏။ ရဟန်းတို့ ဤသို့လျှင် မိတ်ဆွေကောင်းရှိသော ရဟန်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများ၏၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-၆-သီလသမ္ပဒါစသော ၅-သုတ်

၃၁-၃၅။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ တခုသောတရားသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကိုဖြစ်စေခြင်းငှါ ကျေးဇူးများ၏၊ တခုသောတရားဟူသည် အဘယ်နည်း၊ သီလနှင့်ပြည့်စုံခြင်းတည်း။ပ။ကုသိုလ်ကောင်းမှုကို ပြုလုပ်လိုမှု 'ဆန္ဒ'နှင့် ပြည့်စုံခြင်းတည်း။ပ။ပြည့်စုံသောစိတ်ရှိခြင်းတည်း။ပ။ဉာဏ်အမြင်နှင့် ပြည့်စုံခြင်းတည်း။ပ။မမေ့လျော့မှု'အပ္ပမာဒ'တရားနှင့် ပြည့်စုံခြင်းတည်း။ပ။

ဆဋ္ဌသုတ်။

---

## ၇-ယောနိသော မနသိကာရသမ္ပဒါသုတ်

၃၆။ (ရဟန်းတို့ တခုသောတရားသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ဖြစ်စေခြင်းငှါ ကျေးဇူးများ၏၊ တခုသောတရားဟူသည် အဘယ်နည်း)၊ ရဟန်းတို့ သင့်လျော်သောအားဖြင့် နှလုံးသွင်းမှု 'ယောနိသောမနသိကာရ'နှင့် ပြည့်စုံခြင်းတည်း။ ရဟန်းတို့ သင့်လျော်သောအားဖြင့် နှလုံးသွင်းမှု 'ယောနိသောမနသိကာရ'နှင့် ပြည့်စုံသော ရဟန်းအား အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများလတ္တံ့ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်လတ္တံ့ ဟု မျှော်လင့်အပ်၏။ ရဟန်းတို့ သင့်လျော်သောအားဖြင့် နှလုံးသွင်းမှု 'ယောနိသောမနသိကာရ'နှင့် ပြည့်စုံသော ရဟန်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို အဘယ်သို့လျှင် ပွါးများသနည်း၊ အင်္ဂါရှစ်ပါး

http://www.dhammadownload.com



ရှိသော အရိယမဂ်ကို အဘယ်သို့လျှင် ကြိမ်ဖန်များစွာ ပြုလုပ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် စွဲမက်မှု 'ရာဂ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော အမျက်ထွက်မှု 'ဒေါသ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော တွေဝေမှု 'မောဟ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ'ကို ပွါးများ၏။ပ။ စွဲမက်မှု 'ရာဂ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော အမျက်ထွက်မှု'ဒေါသ'ကိုပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော တွေဝေမှု 'မောဟ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ'ကို ပွါးများ၏။ ရဟန်းတို့ ဤသို့လျှင် သင့်လျော်သောအားဖြင့် နှလုံးသွင်းမှု 'ယောနိသောမနသိကာရ'နှင့် ပြည့်စုံသောရဟန်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများ၏၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာပြုလုပ်၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

ကေ ဓမ္မ ပေယျာလဝဂ် ပြီး၏။

---

## ၈-ဒုတိယ ကေဝမ္မပေယျာလဝဂ်

### ၁-ကလျာဏမိတ္တသုတ်

၇၇။ သာဝတ္ထိနိဒါန်း။ မဖြစ်ပေါ်သေးသော အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ဖြစ်ပေါ်ရန် ဖြစ်ပေါ်ပြီးသော အင်္ဂါရှစ်ပါးရှိသော အရိယမဂ် ပွါးများပြည့်စုံခြင်းသို့ ရောက်ရန် မိတ်ဆွေကောင်းရှိခြင်းမှတပါး အခြား တခုသောတရားကိုမျှလည်း ငါဘုရား မြင်တော်မမူ။ ရဟန်းတို့ မိတ်ဆွေကောင်းရှိသော ရဟန်းအား အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများလတ္တံ့, အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်လတ္တံ့ ဟု မျှော်လင့်အပ်၏။ ရဟန်းတို့ မိတ်ဆွေကောင်းရှိသော ရဟန်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို အဘယ်သို့လျှင် ပွါးများသနည်း၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို အဘယ်သို့လျှင် ကြိမ်ဖန်များစွာ ပြုလုပ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကို မှီသော။ပ။မှန်ကန်သော အမြင် 'သမ္မာဒိဋ္ဌိ'ကို ပွါးများ၏။ပ။ ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု'ရာဂ' ကင်းခြင်းကို မှီသော ချုပ်ခြင်းကို မှီသောနိဗ္ဗာန်သို့ ညွတ်သော မှန်ကန်သောတည်ကြည်မှု 'သမ္မာသမာဓိ'ကို ပွါးများ၏။ ရဟန်းတို့ ဤသို့လျှင် မိတ်ဆွေကောင်းရှိသော ရဟန်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများ၏၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်၏ဟု(မိန့်တော်မူ၏)။

ပဌမသုတ်။

---

### ၂-၆-သီလသမ္ပဒါစသော ၅-သုတ်

၇၈-၈၂။ ရဟန်းတို့ မဖြစ်ပေါ်သေးသော အင်္ဂါရှစ်ပါးရှိသော အရိယမဂ် ဖြစ်ပေါ်ရန် ဖြစ်ပေါ်ပြီးသော အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများပြည့်စုံခြင်းသို့ရောက်ရန် သီလနှင့် ပြည့်စုံခြင်းမှတပါး။ပ။ရဟန်းတို့ ကုသိုလ်ကောင်းမှုကို ပြုလုပ်လိုမှု'ဆန္ဒ'နှင့် ပြည့်စုံခြင်းမှတပါး။ပ။ ရဟန်းတို့ ပြည့်စုံသော စိတ်ရှိခြင်းမှတပါး။ပ။ရဟန်းတို့ ဉာဏ်အမြင်နှင့် ပြည့်စုံခြင်းမှတပါး။ပ။ ရဟန်းတို့ ဤမမေ့လျော့မှု'အပ္ပမာဒ'တရားနှင့် ပြည့်စုံခြင်းမှတပါး။ပ။

ဆဋ္ဌသုတ်။

http://www.dhammadownload.com



## ၇-ယောနိသောမနသိကာရသမ္ပဒါသုတ်

၈၃။ ရဟန်းတို့ သင့်လျော်သောအားဖြင့် နှလုံးသွင်းမှု 'ယောနိသောမနသိကာရ'နှင့် ပြည့်စုံခြင်းမှတပါး (အခြားတခုသော တရားကိုမျှလည်း ငါဘုရား မြင်တော်မမူ)၊ ရဟန်းတို့ သင့်လျော်သောအားဖြင့် နှလုံးသွင်းမှု'ယောနိသောမနသိကာရ'နှင့် ပြည့်စုံသော ရဟန်းအား အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများလတ္တံ့၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်လတ္တံ့ ဟု မြော်လင့်အပ်၏။ ရဟန်းတို့ သင့်လျော်သောအားဖြင့်နှလုံးသွင်းမှု'ယောနိသောမနသိကာရ'နှင့် ပြည့်စုံသော ရဟန်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို အဘယ်သို့လျှင် ပွါးများသနည်း၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို အဘယ်သို့လျှင် ကြိမ်ဖန်များစွာ ပြုလုပ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကို မှီသော။ပ။ မှန်ကန်သောအမြင်'သမ္မာဒိဋ္ဌိ'ကိုပွါးများ၏။ပ။ ဆိတ်ငြိမ်ခြင်းကိုမှီသော စွဲမက်မှု'ရာဂ'ကင်းခြင်းကို မှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ညွတ်သော မှန်ကန်သော တည်ကြည်မှု'သမ္မာသမာဓိ'ကို ပွါးများ၏။ ရဟန်းတို့ ဤသို့လျှင် သင့်လျော်သောအားဖြင့် နှလုံးသွင်းမှု'ယောနိသောမနသိကာရ'နှင့် ပြည့်စုံသော ရဟန်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများ၏၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်၏ဟု(မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၁-ကလျာဏမိတ္တသုတ်

၈၄။ ရဟန်းတို့ မဖြစ်ပေါ်သေးသော အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ဖြစ်ပေါ်ရန် ဖြစ်ပေါ်ပြီးသော အင်္ဂါရှစ်ပါးရှိသော အရိယမဂ် ပွါးများပြည့်စုံခြင်းသို့ရောက်ရန် မိတ်ဆွေကောင်းရှိခြင်းမှတပါး အခြား တခုသော တရားကိုမျှလည်း ငါဘုရား မြင်တော်မမူ။ ရဟန်းတို့ မိတ်ဆွေကောင်းရှိသော ရဟန်းအား အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများလတ္တံ့၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်လတ္တံ့ ဟု မြော်လင့်အပ်၏။ ရဟန်းတို့ မိတ်ဆွေကောင်းရှိသော ရဟန်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို အဘယ်သို့လျှင် ပွါးများသနည်း၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို အဘယ်သို့လျှင် ကြိမ်ဖန်များစွာ ပြုလုပ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် စွဲမက်မှု'ရာဂ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော အမျက်ထွက်မှု'ဒေါသ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော တွေဝေမှု'မောဟ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော မှန်ကန်သောအမြင်'သမ္မာဒိဋ္ဌိ'ကို ပွါးများ၏။ပ။စွဲမက်မှု'ရာဂ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော အမျက်ထွက်မှု'ဒေါသ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော တွေဝေမှု'မောဟ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော မှန်ကန်သောတည်ကြည်မှု'သမ္မာသမာဓိ'ကို ပွါးများ၏။ ရဟန်းတို့ ဤသို့လျှင် မိတ်ဆွေကောင်းရှိသော ရဟန်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများ၏၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်၏ဟု(မိန့်တော်မူ၏)။

ပဌမသုတ်။

http://www.dhammadownload.com



## ၂-၆-သီလသမ္ပဒါစသော ၅-သုတ်

၇၅-၇၉။ ရဟန်းတို့ မဖြစ်ပေါ်သေးသော အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ဖြစ်ပေါ်ရန် ဖြစ်ပေါ်ပြီးသော အင်္ဂါရှစ်ပါးရှိသော အရိယမဂ် ပွါးများပြည့်စုံခြင်းသို့ရောက်ရန် သီလနှင့် ပြည့်စုံခြင်းမှတပါး အခြားတခုသော တရားကိုမျှလည်း ငါဘုရားမြင်တော်မမူ၊ ရဟန်းတို့ ကုသိုလ်ကောင်းမှုကို ပြုလုပ်လိုမှု'ဆန္ဒ'နှင့် ပြည့်စုံခြင်းမှတပါး။ပ။ ရဟန်းတို့ ပြည့်စုံသော စိတ်ရှိခြင်းမှတပါး။ပ။ ရဟန်းတို့ ဉာဏ်အမြင်နှင့် ပြည့်စုံခြင်းမှတပါး။ပ။ရဟန်းတို့ မမေ့လျော့မှု'အပ္ပမာဒ'တရားနှင့် ပြည့်စုံခြင်းမှတပါး။ပ။

ဆဋ္ဌသုတ်။

## ၇-ယောနိသောမနသိကာရသမ္ပဒါသုတ်

၈၀။ ရဟန်းတို့ သင့်လျော်သောအားဖြင့် နှလုံးသွင်းမှု 'ယောနိသောမနသိကာရ'နှင့် ပြည့်စုံခြင်းမှတပါး (အခြားတခုသော တရားကိုမျှလည်း ငါဘုရား မြင်တော်မမူ)။ ရဟန်းတို့ သင့်လျော်သောအားဖြင့် နှလုံးသွင်းမှု'ယောနိသောမနသိကာရ'နှင့် ပြည့်စုံသော ရဟန်းအား အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများလတ္တံ့, အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်လတ္တံ့ ဟု မြှော်လင့်အပ်၏။ ရဟန်းတို့ သင့်လျော်သောအားဖြင့် နှလုံးသွင်းမှု 'ယောနိသောမနသိကာရ'နှင့် ပြည့်စုံသော ရဟန်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို အဘယ်သို့လျှင် ပွါးများသနည်း၊အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို အဘယ်သို့လျှင် ကြိမ်ဖန်များစွာ ပြုလုပ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် စွဲမက်မှု'ရာဂ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော အမျက်ထွက်မှု'ဒေါသ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော တွေဝေမှု 'မောဟ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော မှန်ကန်သောအမြင်'သမ္မာဒိဋ္ဌိ'ကို ပွါးများ၏။ပ။ စွဲမက်မှု'ရာဂ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော အမျက်ထွက်မှု 'ဒေါသ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော တွေဝေမှု'မောဟ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော မှန်ကန်သော တည်ကြည်မှု'သမ္မာသမာဓိ'ကို ပွါးများ၏။ ရဟန်းတို့ ဤသို့လျှင် သင့်လျော်သောအားဖြင့် နှလုံးသွင်းမှု'ယောနိသောမနသိကာရ'နှင့် ပြည့်စုံသော ရဟန်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများ၏၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

ကေဝမ္ပပေယျာလဝဂ် ပြီး၏။

## ၉-ဂင်္ဂါပေယျာလဝဂ် ၁-ပဌမ ပါစီနနိန္နသုတ်

၈၁။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ဂင်္ဂါမြစ်သည် အရှေ့အရပ်သို့ ညွတ် ကိုင်း ရှိုင်းသကဲ့သို့ ထို့အတူပင် အင်္ဂါရှစ်ပါးရှိသည့် အရိယမဂ်ကို ပွါးများသော ကြိမ်ဖန်များစွာ ပြုလုပ်သော ရဟန်းသည် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်း၏။ ရဟန်းတို့ အင်္ဂါရှစ်ပါးရှိသည့် အရိယမဂ်ကို ပွါးများသော ကြိမ်ဖန်များစွာပြုလုပ်သော ရဟန်းသည် အဘယ်သို့လျှင် နိဗ္ဗာန်သို့ ညွတ် ကိုင်း

http://www.dhammadownload.com



ရှိုင်းသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကို မှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ညွတ်သော မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ'ကို ပွါးများ၏။ပ။ ဆိတ်ငြိမ်ခြင်းကိုမှီသော စွဲမက်မှု'ရာဂ' ကင်းခြင်းကို မှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ညွတ်သော မှန်ကန်သော တည်ကြည်မှု'သမ္မာသမာဓိ'ကို ပွါးများ၏။ ရဟန်းတို့ ဤသို့လျှင် အင်္ဂါရှစ်ပါးရှိသည့် အရိယမဂ်ကို ပွါးများသော ကြိမ်ဖန်များစွာ ပြုလုပ်သော ရဟန်းသည် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်း၏ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

## ၂-၅-ဒုတိယာဒိပါစီနနိန္နသုတ် ၄-သုတ်

၉၂-၉၅။ ရဟန်းတို့ ယမုနာမြစ်သည် အရှေ့အရပ်သို့ ညွတ် ကိုင်း ရှိုင်းသကဲ့သို့ ရဟန်းတို့ ထို့အတူပင်။ပ။ရဟန်းတို့ အစိရဝတီမြစ်သည် အရှေ့အရပ်သို့ ညွတ် ကိုင်း ရှိုင်းသကဲ့သို့ ရဟန်းတို့ ထို့အတူပင်။ပ။ရဟန်းတို့ သရဘူမြစ်သည် အရှေ့အရပ်သို့ ညွတ် ကိုင်း ရှိုင်းသကဲ့သို့ ရဟန်းတို့ ထို့အတူပင်။ပ။ရဟန်းတို့ မဟီမြစ်သည် အရှေ့အရပ်သို့ ညွတ် ကိုင်း ရှိုင်းသကဲ့သို့ ရဟန်းတို့ ထို့အတူပင်။ပ။

ပဉ္စမသုတ်။

## ၆-ဆဋ္ဌ ပါစီနနိန္နသုတ်

၉၆။ ရဟန်းတို့ ဂင်္ဂါ ယမုနာ အစိရဝတီ သရဘူ မဟီဟူသော ဤမြစ်ကြီးအားလုံးတို့သည် အရှေ့အရပ်သို့ ညွတ် ကိုင်း ရှိုင်းကုန်သကဲ့သို့ ရဟန်းတို့ ထို့အတူပင် အင်္ဂါရှစ်ပါးရှိသည့် အရိယမဂ်ကို ပွါးများသော ကြိမ်ဖန်များစွာပြုလုပ်သော ရဟန်းသည် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်း၏။ ရဟန်းတို့ အင်္ဂါရှစ်ပါးရှိသည့် အရိယမဂ်ကို ပွါးများသော ကြိမ်ဖန်များစွာ ပြုလုပ်သော ရဟန်းသည် အဘယ်သို့လျှင် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်းသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကို မှီသော။ပ။မှန်ကန်သော အမြင်'သမ္မာဒိဋ္ဌိ'ကို ပွါးများ၏။ပ။ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု'ရာဂ'ကင်းခြင်းကိုမှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ညွတ်သော မှန်ကန်သော တည်ကြည်မှု'သမ္မာသမာဓိ'ကို ပွါးများ၏။ ရဟန်းတို့ ဤသို့လျှင် အင်္ဂါရှစ်ပါးရှိသည့် အရိယမဂ်ကို ပွါးများသော ကြိမ်ဖန်များစွာပြုလုပ်သော ရဟန်းသည် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်း၏ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၁-ပဉ္စမ သမုဒ္ဒနိန္နသုတ်

၉၇။ ရဟန်းတို့ ဂင်္ဂါမြစ်သည် သမုဒ္ဒရာသို့ ညွတ် ကိုင်း ရှိုင်းသကဲ့သို့ ထို့အတူပင် အင်္ဂါရှစ်ပါး ရှိသည့် အရိယမဂ်ကို ပွါးများသော ကြိမ်ဖန်များစွာ ပြုလုပ်သော ရဟန်းသည် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်း၏။ ရဟန်းတို့ အင်္ဂါရှစ်ပါးရှိသည့် အရိယမဂ်ကို ပွါးများသော ကြိမ်ဖန်များစွာ ပြုလုပ်သော ရဟန်းသည် အဘယ်သို့လျှင် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်းသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကိုမှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကို

http://www.dhammadownload.com



မှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ညွတ်သော မှန်ကန်သောအမြင်'သမ္မာဒိဋ္ဌိ'ကို ပွါးများ၏။ပ။ ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု'ရာဂ'ကင်းခြင်းကို မှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ ညွတ်သော မှန်ကန်သောတည်ကြည်မှု 'သမ္မာသမာဓိ'ကို ပွါးများ၏။ ရဟန်းတို့ ဤသို့လျှင် အင်္ဂါရှစ်ပါးရှိသည့် အရိယမဂ်ကို ပွါးများသော ကြိမ်ဖန်များစွာပြုလုပ်သော ရဟန်းသည် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်း၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၂-၆-ဒုတိယာဒိသမုဒ္ဒနိန္နသုတ် ၅-သုတ်

၉၈-၁၀၂။ ရဟန်းတို့ ယမုနာမြစ်သည် သမုဒ္ဒရာသို့ ညွတ် ကိုင်း ရှိုင်းသကဲ့သို့ ရဟန်းတို့ ထို့အတူပင် ရဟန်းသည်။ပ။ရဟန်းတို့ အစိရဝတီမြစ်သည် သမုဒ္ဒရာသို့ ညွတ် ကိုင်း ရှိုင်းသကဲ့သို့ ရဟန်းတို့ ထို့အတူပင်။ပ။ ရဟန်းတို့ သရဘူမြစ်သည် သမုဒ္ဒရာသို့ ညွတ် ကိုင်း ရှိုင်းသကဲ့သို့ ရဟန်းတို့ ထို့အတူပင်။ပ။ ရဟန်းတို့ မဟီမြစ်သည် သမုဒ္ဒရာသို့ ညွတ် ကိုင်း ရှိုင်းသကဲ့သို့ ရဟန်းတို့ ထို့အတူပင်။ပ။ရဟန်းတို့ ဂင်္ဂါ ယမုနာ အစိရဝတီ သရဘူ မဟီဟူသော ဤမြစ်ကြီး အားလုံးတို့သည် သမုဒ္ဒရာသို့ ညွတ် ကိုင်း ရှိုင်းကုန်သကဲ့သို့ ထို့အတူပင် အင်္ဂါရှစ်ပါးရှိသည့် အရိယမဂ်ကို ပွါးများသော ကြိမ်ဖန်များစွာပြုလုပ်သော ရဟန်းသည် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်း၏။ ရဟန်းတို့ အင်္ဂါရှစ်ပါးရှိသည့် အရိယမဂ်ကို ပွါးများသော ကြိမ်ဖန်များစွာပြုလုပ်သော ရဟန်းသည် အဘယ်သို့လျှင် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်းသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကိုမှီသော စွဲမက်မှု'ရာဂ'ကင်းခြင်းကို မှီသော ချုပ်ခြင်းကို မှီသောနိဗ္ဗာန်သို့ ညွတ်သော မှန်ကန်သောအမြင်'သမ္မာဒိဋ္ဌိ'ကို ပွါးများ၏။ပ။ ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ'ကင်းခြင်းကိုမှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ညွတ်သော မှန်ကန်သောတည်ကြည်မှု 'သမ္မာသမာဓိ'ကို ပွါးများ၏။ ရဟန်းတို့ ဤသို့လျှင် အင်္ဂါရှစ်ပါးရှိသည့် အရိယမဂ်ကို ပွါးများသော ကြိမ်ဖန်များစွာပြုလုပ်သော ရဟန်းသည် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်း၏ဟု(မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

ဂင်္ဂါပေယျာလဝဂ် ပြီး၏။

---

## ၂-ဒုတိယ ဂင်္ဂါပေယျာလဝဂ် ၁-ပဌမ ပါစီနနိန္နသုတ်

၁၀၃။ ရဟန်းတို့ ဂင်္ဂါမြစ်သည် အရှေ့အရပ်သို့ ညွတ် ကိုင်း ရှိုင်းသကဲ့သို့ ထို့အတူပင် အင်္ဂါရှစ်ပါးရှိသည့် အရိယမဂ်ကို ပွါးများသော ကြိမ်ဖန်များစွာပြုလုပ်သော ရဟန်းသည် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်း၏။ရဟန်းတို့ အင်္ဂါရှစ်ပါးရှိသည့် အရိယမဂ်ကို ပွါးများသော ကြိမ်ဖန်များစွာ ပြုလုပ်သော ရဟန်းသည် အဘယ်သို့လျှင် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်းသနည်း၊ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် စွဲမက်မှု 'ရာဂ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော အမျက်ထွက်မှု

http://www.dhammadownload.com



'ဒေါသ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော တွေဝေမှု'မောဟ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော မှန်ကန်သောအမြင်'သမ္မာဒိဋ္ဌိ'ကို ပွါးများ၏။ပ။စွဲမက်မှု'ရာဂ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော အမျက်ထွက်မှု'ဒေါသ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော တွေဝေမှု 'မောဟ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော မှန်ကန်သောတည်ကြည်မှု 'သမ္မာသမာဓိ'ကို ပွါးများ၏။ ရဟန်းတို့ ဤသို့လျှင် အင်္ဂါရှစ်ပါးရှိသည့် အရိယမဂ်ကို ပွါးများသော ကြိမ်ဖန်များစွာ ပြုလုပ်သော ရဟန်းသည် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်း၏ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၂-၆-ဒုတိယာဒိပါစီနနိန္နသုတ် ၅-သုတ်

၁၀၄-၁၀၈။ ရဟန်းတို့ ယမုနာမြစ်သည် အရှေ့အရပ်သို့ ညွတ် ကိုင်း ရှိုင်းသကဲ့သို့ ထို့အတူပင် ရဟန်းသည်။ပ။ရဟန်းတို့ အစိရဝတီမြစ်သည် အရှေ့အရပ်သို့ ညွတ် ကိုင်း ရှိုင်းသကဲ့သို့ ထို့အတူပင် ရဟန်းသည်။ပ။ရဟန်းတို့ သရဘူမြစ်သည် အရှေ့အရပ်သို့ ညွတ် ကိုင်း ရှိုင်းသကဲ့သို့ ထို့အတူပင် ရဟန်းသည်။ပ။ ရဟန်းတို့ မဟီမြစ်သည် အရှေ့အရပ်သို့ ညွတ် ကိုင်း ရှိုင်းသကဲ့သို့ ထို့အတူပင် ရဟန်းသည်။ပ။ရဟန်းတို့ ဂင်္ဂါ ယမုနာ အစိရဝတီ သရဘူ မဟီဟူသော ဤမြစ်ကြီးအားလုံးတို့သည် အရှေ့အရပ်သို့ ညွတ် ကိုင်း ရှိုင်းကုန်သကဲ့သို့ ထို့အတူပင် ရဟန်းသည်။ပ။

ဆဋ္ဌသုတ်။

---

## ၇-ပဉ္စမ သမုဒ္ဒနိန္နသုတ်

၁၀၉။ ရဟန်းတို့ ဂင်္ဂါမြစ်သည် သမုဒ္ဒရာသို့ ညွတ် ကိုင်း ရှိုင်းသကဲ့သို့ ထို့အတူပင် အင်္ဂါရှစ်ပါးရှိသည့် အရိယမဂ်ကို ပွါးများသော ကြိမ်ဖန်များစွာ ပြုလုပ်သော ရဟန်းသည် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်း၏။ရဟန်းတို့ အင်္ဂါရှစ်ပါးရှိသည့် အရိယမဂ်ကို ပွါးများသော ကြိမ်ဖန်များစွာ ပြုလုပ်သော ရဟန်းသည် အဘယ်သို့လျှင် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်းသနည်း၊ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် စွဲမက်မှု'ရာဂ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော အမျက်ထွက်မှု'ဒေါသ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော တွေဝေမှု 'မောဟ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ'ကို ပွါးများ၏။ပ။စွဲမက်မှု'ရာဂ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော အမျက်ထွက်မှု'ဒေါသ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော တွေဝေမှု'မောဟ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ'ကို ပွါးများ၏။ ရဟန်းတို့ ဤသို့လျှင် အင်္ဂါရှစ်ပါးရှိသည့် အရိယမဂ်ကို ပွါးများသော ကြိမ်ဖန်များစွာပြုလုပ်သော ရဟန်းသည် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်း၏ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

http://www.dhammadownload.com



## ၈-၁၂-ဒုတိယာဒိ သမုဒ္ဒနိန္နသုတ် ၅-သုတ်

၁၁၀-၁၁၄။ ရဟန်းတို့ ယမုနာမြစ်သည် သမုဒ္ဒရာသို့ ညွတ် ကိုင်း ရှိုင်းသကဲ့သို့ ထို့အတူပင် ရဟန်းသည်။ပ။ ရဟန်းတို့ အစိရဝတီမြစ်သည် သမုဒ္ဒရာသို့ ညွတ် ကိုင်း ရှိုင်းသကဲ့သို့ ထို့အတူပင် ရဟန်းသည်။ပ။ ရဟန်းတို့ သရဘူမြစ်သည် သမုဒ္ဒရာသို့ ညွတ် ကိုင်း ရှိုင်းသကဲ့သို့ ထို့အတူပင် ရဟန်းသည်။ပ။ရဟန်းတို့ မဟီမြစ်သည် သမုဒ္ဒရာသို့ ညွတ် ကိုင်း ရှိုင်းသကဲ့သို့ ထို့အတူပင် ရဟန်းသည်။ပ။ ရဟန်းတို့ ဂင်္ဂါ ယမုနာ အစိရဝတီ သရဘူ မဟီဟူသော ဤမြစ်ကြီးအားလုံးတို့သည် သမုဒ္ဒရာသို့ ညွတ် ကိုင်း ရှိုင်းကုန်သကဲ့သို့ ထို့အတူပင် အင်္ဂါရှစ်ပါးရှိသည့် အရိယမဂ်ကို ပွါးများသော ကြိမ်ဖန်များစွာပြုလုပ်သော ရဟန်းသည် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်း၏။ရဟန်းတို့ အင်္ဂါရှစ်ပါးရှိသည့် အရိယမဂ်ကို ပွါးများသော ကြိမ်ဖန်များစွာ ပြုလုပ်သော ရဟန်းသည် အဘယ်သို့လျှင် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်းသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် စွဲမက်မှု 'ရာဂ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော အမျက်ထွက်မှု 'ဒေါသ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော တွေဝေမှု 'မောဟ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ'ကို ပွါးများ၏။ပ။စွဲမက်မှု 'ရာဂ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော အမျက်ထွက်မှု 'ဒေါသ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော တွေဝေမှု 'မောဟ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော မှန်ကန်သောတည်ကြည်မှု 'သမ္မာသမာဓိ'ကို ပွါးများ၏။ ရဟန်းတို့ ဤသို့လျှင် အင်္ဂါရှစ်ပါးရှိသည့် အရိယမဂ်ကို ပွါးများသော ကြိမ်ဖန်များစွာပြုလုပ်သော ရဟန်းသည် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်း၏ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၁၃-ပဉ္စမ ပါစီနနိန္နသုတ်

၁၁၅။ ရဟန်းတို့ ဂင်္ဂါမြစ်သည် အရှေ့အရပ်သို့ ညွတ် ကိုင်း ရှိုင်းသကဲ့သို့ ထို့အတူပင် အင်္ဂါရှစ်ပါးရှိသည့် အရိယမဂ်ကို ပွါးများသော ကြိမ်ဖန်များစွာပြုလုပ်သော ရဟန်းသည် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်း၏။ ရဟန်းတို့ အင်္ဂါရှစ်ပါးရှိသည့် အရိယမဂ်ကို ပွါးများသော ကြိမ်ဖန်များစွာ ပြုလုပ်သော ရဟန်းသည် အဘယ်သို့လျှင် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်းသနည်း၊ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် နိဗ္ဗာန်သို့သက်ဝင်သော အမြိုက်နိဗ္ဗာန်လျှင် လည်းလျှောင်းရာရှိသော အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိသော မှန်ကန်သောအမြင်'သမ္မာဒိဋ္ဌိ'ကို ပွါးများ၏။ပ။အမြိုက်နိဗ္ဗာန်သို့ သက်ဝင်သော အမြိုက်နိဗ္ဗာန်လျှင် လည်းလျှောင်းရာရှိသော အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိသော မှန်ကန်သောတည်ကြည်မှု'သမ္မာသမာဓိ'ကို ပွါးများ၏။ ရဟန်းတို့ ဤသို့လျှင် အင်္ဂါရှစ်ပါးရှိသည့် အရိယမဂ်ကို ပွါးများသော ကြိမ်ဖန်များစွာ ပြုလုပ်သော ရဟန်းသည် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်း၏ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၁၄-၁၈-ဒုတိယာဒိပါစီနနိန္နသုတ်

၁၁၆-၁၂၀။ ရဟန်းတို့ ယမုနာမြစ်သည် အရှေ့အရပ်သို့ ညွတ် ကိုင်း ရှိုင်းသကဲ့သို့ ထို့အတူပင် ရဟန်းသည်။ပ။ရဟန်းတို့ အစိရဝတီမြစ်သည် အရှေ့အရပ်သို့ ညွတ် ကိုင်း ရှိုင်းသကဲ့သို့ ထို့အတူပင်

http://www.dhammadownload.com



ရဟန်းသည်။ပ။ ရဟန်းတို့ သရဘူမြစ်သည် အရှေ့အရပ်သို့ ညွတ် ကိုင်း ရှိုင်းသကဲ့သို့ ထို့အတူပင် ရဟန်းသည်။ပ။ရဟန်းတို့ မဟီမြစ်သည် အရှေ့အရပ်သို့ ညွတ် ကိုင်း ရှိုင်းသကဲ့သို့ ထို့အတူပင် ရဟန်းသည်။ပ။ ရဟန်းတို့ ဂင်္ဂါ၊ ယမုနာ အစိရဝတီ သရဘူ မဟီဟူသော ဤမြစ်ကြီးအားလုံး တို့သည် အရှေ့အရပ်သို့ ညွတ် ကိုင်း ရှိုင်းကုန်သကဲ့သို့ ထို့အတူပင် ရဟန်းသည်။ပ။

ဆဋ္ဌသုတ်။

## ၁၉-ပဉ္စမ သမုဒ္ဒနိန္နသုတ်

၁၂၁။ ရဟန်းတို့ ဂင်္ဂါမြစ်သည် သမုဒ္ဒရာသို့ ညွတ် ကိုင်း ရှိုင်းသကဲ့သို့ ထို့အတူပင် အင်္ဂါရှစ်ပါး ရှိသည့် အရိယမဂ်ကို ပွါးများသော ကြိမ်ဖန်များစွာ ပြုလုပ်သော ရဟန်းသည် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်း၏။ ရဟန်းတို့ အင်္ဂါရှစ်ပါးရှိသည့် အရိယမဂ်ကို ပွါးများသော ကြိမ်ဖန်များစွာ ပြုလုပ်သော ရဟန်းသည် အဘယ်သို့လျှင် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်းသနည်း၊ ရဟန်းတို့ ဤ သာသနာတော်၌ ရဟန်းသည် အမြိုက်နိဗ္ဗာန်သို့ သက်ဝင်သော အမြိုက်နိဗ္ဗာန်လျှင် လည်းလျောင်း ရာရှိသော အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိသော မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ'ကို ပွါးများ၏။ပ။ အမြိုက်နိဗ္ဗာန်သို့ သက်ဝင်သော အမြိုက်နိဗ္ဗာန်လျှင် လည်းလျောင်းရာရှိသော အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိသော မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ'ကို ပွါးများ၏။ ရဟန်းတို့ ဤသို့လျှင် အင်္ဂါရှစ်ပါးရှိသည့် အရိယမဂ်ကို ပွါးများသော ကြိမ်ဖန်များစွာ ပြုလုပ်သော ရဟန်းသည် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်း၏ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

## ၂၀-၂၄-ဒုတိယာဒိသမုဒ္ဒနိန္နသုတ်

၁၂၂-၁၂၆။ ရဟန်းတို့ ယမုနာမြစ်သည် သမုဒ္ဒရာသို့ ညွတ် ကိုင်း ရှိုင်းသကဲ့သို့ ထို့အတူပင် ရဟန်းသည်။ပ။ရဟန်းတို့ အစိရဝတီမြစ်သည် သမုဒ္ဒရာသို့ ညွတ် ကိုင်း ရှိုင်းသကဲ့သို့ ထို့အတူပင် ရဟန်းသည်။ပ။ ရဟန်းတို့ သရဘူမြစ်သည် သမုဒ္ဒရာသို့ ညွတ် ကိုင်း ရှိုင်းသကဲ့သို့ ထို့အတူပင် ရဟန်းသည်။ပ။ ရဟန်းတို့ မဟီမြစ်သည် သမုဒ္ဒရာသို့ ညွတ် ကိုင်း ရှိုင်းသကဲ့သို့ ထို့အတူပင် ရဟန်းသည်။ပ။ ရဟန်းတို့ ဂင်္ဂါ ယမုနာ အစိရဝတီ သရဘူ မဟီဟူသော ဤမြစ်ကြီးအားလုံးတို့သည် သမုဒ္ဒရာသို့ ညွတ် ကိုင်း ရှိုင်းကုန်သကဲ့သို့ ထို့အတူပင် အင်္ဂါရှစ်ပါးရှိသည့် အရိယမဂ်ကို ပွါးများသော ကြိမ်ဖန် များစွာ ပြုလုပ်သော ရဟန်းသည် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်း၏။ ရဟန်းတို့ အင်္ဂါရှစ်ပါးရှိသည့် အရိယမဂ်ကို ပွါးများသော ကြိမ်ဖန်များစွာပြုလုပ်သော ရဟန်းသည် အဘယ်သို့လျှင် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်းသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အမြိုက်နိဗ္ဗာန်သို့ သက်ဝင်သော အမြိုက်နိဗ္ဗာန်လျှင် လည်းလျောင်းရာရှိသော အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိသော မှန်ကန်သော အမြင် 'သမ္မာဒိဋ္ဌိ'ကို ပွါးများ၏။ပ။ အမြိုက်နိဗ္ဗာန်သို့ သက်ဝင်သော အမြိုက် နိဗ္ဗာန်လျှင် လည်းလျောင်းရာရှိသော အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိသော မှန်ကန်သော တည်ကြည် မှု 'သမ္မာသမာဓိ'ကို ပွါးများ၏။ ရဟန်းတို့ ဤသို့လျှင် အင်္ဂါရှစ်ပါးရှိသည့် အရိယမဂ်ကို

http://www.dhammadownload.com



ပွါးများသော ကြိမ်ဖန်များစွာ ပြုလုပ်သော ရဟန်းသည် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်း၏ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၂၅-ပဥ္စမ ပါစီနနိန္နသုတ်

၁၂၇။ ရဟန်းတို့ ဂင်္ဂါမြစ်သည် အရှေ့အရပ်သို့ ညွတ် ကိုင်း ရှိုင်းသကဲ့သို့ ထို့အတူပင် အင်္ဂါရှစ်ပါးရှိသည့် အရိယမဂ်ကို ပွါးများသော ကြိမ်ဖန်များစွာ ပြုလုပ်သော ရဟန်းသည် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်း၏။ ရဟန်းတို့ အင်္ဂါရှစ်ပါးရှိသည့် အရိယမဂ်ကို ပွါးများသော ကြိမ်ဖန်များစွာ ပြုလုပ်သော ရဟန်းသည် အဘယ်သို့လျှင် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်းသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်းသော မှန်ကန်သော အမြင် 'သမ္မာဒိဋ္ဌိ'ကို ပွါးများ၏။ပ။နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်းသော မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ'ကို ပွါးများ၏။ ရဟန်းတို့ ဤသို့လျှင် အင်္ဂါရှစ်ပါးရှိသည့် အရိယမဂ်ကို ပွါးများသော ကြိမ်ဖန်များစွာ ပြုလုပ်သော ရဟန်းသည် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်း၏ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

## ၂၆-၃၀-ဒုတိယာဒိပါစီနနိန္နသုတ်

၁၂၈-၁၃၂။ ရဟန်းတို့ ယမုနာမြစ်သည် အရှေ့အရပ်သို့ ညွတ် ကိုင်း ရှိုင်းသကဲ့သို့ ထို့အတူပင် ရဟန်းသည်။ပ။ရဟန်းတို့ အစိရဝတီမြစ်သည် အရှေ့အရပ်သို့ ညွတ် ကိုင်း ရှိုင်းသကဲ့သို့ ထို့အတူပင် ရဟန်းသည်။ပ။ရဟန်းတို့ သရဘူမြစ်သည် အရှေ့အရပ်သို့ ညွတ် ကိုင်း ရှိုင်းသကဲ့သို့ ထို့အတူပင် ရဟန်းသည်။ပ။ရဟန်းတို့ မဟီမြစ်သည် အရှေ့အရပ်သို့ ညွတ် ကိုင်း ရှိုင်းသကဲ့သို့ ထို့အတူပင် ရဟန်းသည်။ပ။ ရဟန်းတို့ ဂင်္ဂါ ယမုနာ အစိရဝတီ သရဘူ မဟီဟူသော ဤမြစ်ကြီးအားလုံးတို့သည် သမုဒ္ဒရာသို့ ညွတ် ကိုင်း ရှိုင်းကုန်သကဲ့သို့ ထို့အတူပင် အင်္ဂါရှစ်ပါးရှိသည့် အရိယမဂ်ကို ပွါးများသော ကြိမ်ဖန်များစွာ ပြုလုပ်သော ရဟန်းသည် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်း၏။ ရဟန်းတို့ ဤအင်္ဂါရှစ်ပါးရှိသည့် အရိယမဂ်ကို ပွါးများသော ကြိမ်ဖန်များစွာပြုလုပ်သော ရဟန်းသည် အဘယ်သို့လျှင် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်းသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်းသော မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ'ကို ပွါးများ၏။ပ။ နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်းသော မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ'ကို ပွါးများ၏။ ရဟန်းတို့ ဤသို့လျှင် အင်္ဂါရှစ်ပါးရှိသည့် အရိယမဂ်ကို ပွါးများသော ကြိမ်ဖန်များစွာ ပြုလုပ်သော ရဟန်းသည် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်း၏ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

http://www.dhammadownload.com



## ၁၁-ပဉ္စမ သမုဒ္ဒနိန္နသုတ်

၁၃၃။ ရဟန်းတို့ ဂင်္ဂါမြစ်သည် သမုဒ္ဒရာသို့ ညွတ် ကိုင်း ရှိုင်းသကဲ့သို့ ထို့အတူပင် အင်္ဂါရှစ်ပါးရှိသည့် အရိယမဂ်ကို ပွါးများသော ကြိမ်ဖန်များစွာ ပြုလုပ်သော ရဟန်းသည် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်း၏။ ရဟန်းတို့ အင်္ဂါရှစ်ပါးရှိသည့် အရိယမဂ်ကို ပွါးများသော ကြိမ်ဖန်များစွာ ပြုလုပ်သော ရဟန်းသည် အဘယ်သို့လျှင် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်းသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်းသော မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ'ကို ပွါးများ၏။ပ။နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်းသော မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ'ကို ပွါးများ၏။ ရဟန်းတို့ ဤသို့လျှင် အင်္ဂါရှစ်ပါးရှိသည့် အရိယမဂ်ကို ပွါးများသော ကြိမ်ဖန်များစွာ ပြုလုပ်သော ရဟန်းသည် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်း၏ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၁၂-၁၆-ဒုတိယာဒိသမုဒ္ဒနိန္နသုတ်

၁၃၄-၁၃၈။ ရဟန်းတို့ ယမုနာမြစ်သည် သမုဒ္ဒရာသို့ ညွတ် ကိုင်း ရှိုင်းသကဲ့သို့ ထို့အတူပင် ရဟန်းသည်။ပ။ ရဟန်းတို့ အစိရဝတီမြစ်သည် သမုဒ္ဒရာသို့ ညွတ် ကိုင်း ရှိုင်းသကဲ့သို့ ထို့အတူပင် ရဟန်းသည်။ပ။ ရဟန်းတို့ သရဘူမြစ်သည် သမုဒ္ဒရာသို့ ညွတ် ကိုင်း ရှိုင်းသကဲ့သို့ ထို့အတူပင် ရဟန်းသည်။ပ။ ရဟန်းတို့ မဟီမြစ်သည် သမုဒ္ဒရာသို့ ညွတ် ကိုင်း ရှိုင်းသကဲ့သို့ ထို့အတူပင် ရဟန်းသည်။ပ။ ရဟန်းတို့ ဂင်္ဂါ ယမုနာ အစိရဝတီ သရဘူ မဟီဟူသော ဤမြစ်ကြီးအားလုံးတို့သည် သမုဒ္ဒရာသို့ ညွတ် ကိုင်း ရှိုင်းကုန်သကဲ့သို့ ထို့အတူပင် အင်္ဂါရှစ်ပါးရှိသည့် အရိယမဂ်ကို ပွါးများသော ကြိမ်ဖန်များစွာ ပြုလုပ်သော ရဟန်းသည် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်း၏။ ရဟန်းတို့ အင်္ဂါရှစ်ပါးရှိသည့် အရိယမဂ်ကို ပွါးများသော ကြိမ်ဖန်များစွာပြုလုပ်သော ရဟန်းသည် အဘယ်သို့လျှင် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်းသနည်း၊ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်းသော မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ'ကို ပွါးများ၏။ပ။နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်းသော မှန်ကန်သောတည်ကြည်မှု 'သမ္မာသမာဓိ'ကို ပွါးများ၏။ရဟန်းတို့ ဤသို့လျှင် အင်္ဂါရှစ်ပါးရှိသည့် အရိယမဂ်ကို ပွါးများသော ကြိမ်ဖန်များစွာပြုလုပ်သော ရဟန်းသည် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်း၏ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

ကိုးခုမြောက် ဂင်္ဂါပေယျာလဝဂ် ပြီး၏။

---

## ၅-အပ္ပမာဒပေယျာလဝဂ်

### ၁-တထာဂတသုတ်

၁၃၉။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ အခြေမရှိသောသတ္တဝါ အခြေနှစ်ချောင်းရှိသောသတ္တဝါ အခြေလေးချောင်းရှိသောသတ္တဝါ အခြေများစွာရှိသောသတ္တဝါ ရုပ်ရှိသောသတ္တဝါ ရုပ်မရှိသော သတ္တဝါ သညာရှိသောသတ္တဝါ သညာမရှိသောသတ္တဝါ သညာရှိသည်လည်းမဟုတ် မရှိသည်လည်း

http://www.dhammadownload.com



မဟုတ်သော သတ္တဝါဟူသမျှတို့ထက် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားကို အမြတ်ဆုံးဟု ဆိုအပ်၏။ ရဟန်းတို့ ထို့အတူပင် ကုသိုလ်တရားဟူသမျှတို့သည် မမေ့လျော့မှု 'အပ္ပမာဒ' တရားလျှင် အကြောင်းရင်း ရှိကုန်၏၊ မမေ့လျော့မှု 'အပ္ပမာဒ' တရားလျှင် စုဝေးရာရှိကုန်၏၊ မမေ့လျော့မှု 'အပ္ပမာဒ' တရားကို ထိုကုသိုလ်တရားဟူသမျှတို့ထက် မြတ်၏ဟု ဆိုအပ်၏၊ ရဟန်းတို့ မမေ့လျော့သော ရဟန်းအား အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများလတ္တံ့၊ ကြိမ်ဖန်များစွာ ပြုလုပ်လတ္တံ့ဟု မျှော်လင့်အပ်၏။ ရဟန်းတို့ မမေ့လျော့သော ရဟန်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို အဘယ်သို့လျှင် ပွါးများသနည်း၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို အဘယ်သို့လျှင် ကြိမ်ဖန်များစွာ ပြုလုပ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကိုမှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကိုမှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ညွတ်သော မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ' ကို ပွါးများ၏။ပ။ ဆိတ်ငြိမ်ခြင်းကိုမှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကိုမှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ညွတ်သော မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ' ကို ပွါးများ၏။ ရဟန်းတို့ ဤသို့လျှင် မမေ့လျော့သော ရဟန်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်၏ ဟု (မိန့်တော်မူ၏)။

ရဟန်းတို့ အခြေမရှိသောသတ္တဝါ အခြေနှစ်ချောင်းရှိသောသတ္တဝါ အခြေလေးချောင်းရှိသောသတ္တဝါ အခြေများစွာရှိသောသတ္တဝါ ရုပ်ရှိသောသတ္တဝါ ရုပ်မရှိသောသတ္တဝါ သညာရှိသောသတ္တဝါ သညာမရှိသောသတ္တဝါ သညာရှိသည်လည်းမဟုတ် မရှိသည်လည်း မဟုတ်သော သတ္တဝါဟူသမျှတို့ထက် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော်မူသော မြတ်စွာဘုရားကို အမြတ်ဆုံးဟု ဆိုအပ်၏။ ရဟန်းတို့ ထို့အတူပင် ကုသိုလ်တရားဟူသမျှတို့သည် မမေ့လျော့မှု 'အပ္ပမာဒ' တရားလျှင် အကြောင်းရင်းရှိကုန်၏၊ မမေ့လျော့မှု 'အပ္ပမာဒ' တရားလျှင် စုဝေးရာရှိကုန်၏၊ မမေ့လျော့မှု 'အပ္ပမာဒ' တရားကို ထိုကုသိုလ်တရားဟူသမျှတို့ထက် မြတ်၏ဟု ဆိုအပ်၏၊ ရဟန်းတို့ မမေ့လျော့သော ရဟန်းအား အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများလတ္တံ့၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်လတ္တံ့ဟု မျှော်လင့်အပ်၏။ ရဟန်းတို့ မမေ့လျော့သော ရဟန်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို အဘယ်သို့လျှင် ပွါးများသနည်း၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို အဘယ်သို့လျှင် ကြိမ်ဖန်များစွာပြုလုပ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် စွဲမက်မှု 'ရာဂ' ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော အမျက်ထွက်မှု 'ဒေါသ' ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော တွေဝေမှု 'မောဟ' ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ' ကို ပွါးများ၏။ပ။ စွဲမက်မှု 'ရာဂ' ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော အမျက်ထွက်မှု 'ဒေါသ' ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော တွေဝေမှု 'မောဟ' ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော မှန်ကန်သောတည်ကြည်မှု 'သမ္မာသမာဓိ' ကို ပွါးများ၏။ ရဟန်းတို့ ဤသို့လျှင် မမေ့လျော့သော ရဟန်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများ၏၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်၏ဟု (မိန့်တော်မူ၏)။

ရဟန်းတို့ အခြေမရှိသောသတ္တဝါ အခြေနှစ်ချောင်းရှိသောသတ္တဝါ အခြေလေးချောင်းရှိသော သတ္တဝါ အခြေများစွာရှိသောသတ္တဝါ ရုပ်ရှိသောသတ္တဝါ ရုပ်မရှိသောသတ္တဝါ သညာရှိသော သတ္တဝါ သညာမရှိသောသတ္တဝါ သညာရှိသည်လည်း မဟုတ် မရှိသည်လည်း မဟုတ်သော သတ္တဝါ

http://www.dhammadownload.com



ဟူသမျှတို့ထက် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော မြတ်စွာဘုရားကို အမြတ်ဆုံးဟု ဆိုအပ်၏။ ရဟန်းတို့ ထို့အတူပင် ကုသိုလ်တရားဟူသမျှတို့သည် မမေ့လျော့မှု 'အပ္ပမာဒ' တရားလျှင် အကြောင်းရင်း ရှိကုန်၏၊ မမေ့လျော့မှု 'အပ္ပမာဒ' တရားလျှင် စုဝေးရာရှိကုန်၏၊ မမေ့လျော့မှု 'အပ္ပမာဒ' တရားကို ထိုကုသိုလ်တရားဟူသမျှတို့ထက် မြတ်၏ဟု ဆိုအပ်၏။ ရဟန်းတို့ မမေ့လျော့သော ရဟန်းအား အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများလတ္တံ့၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်လတ္တံ့ဟု မြော်လင့်အပ်၏။ ရဟန်းတို့ မမေ့လျော့သော ရဟန်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို အဘယ်သို့လျှင် ပွါးများသနည်း၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို အဘယ်သို့လျှင် ကြိမ်ဖန်များစွာ ပြုလုပ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အမြိုက်နိဗ္ဗာန်သို့ သက်ဝင်သော အမြိုက်နိဗ္ဗာန်လျှင် လည်းလျောင်းရာရှိသော အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိသော မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ'ကို ပွါးများ၏။ပ။ အမြိုက်နိဗ္ဗာန်သို့ သက်ဝင်သော အမြိုက်နိဗ္ဗာန်လျှင် လည်းလျောင်းရာရှိသော အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိသော မှန်ကန်သောတည်ကြည်မှု 'သမ္မာသမာဓိ'ကို ပွါးများ၏။ ရဟန်းတို့ ဤသို့လျှင် မမေ့လျော့သော ရဟန်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများ၏၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်၏ဟု (မိန့်တော်မူ၏)။

ရဟန်းတို့ အခြေမရှိသောသတ္တဝါ အခြေနှစ်ချောင်းရှိသောသတ္တဝါ အခြေလေးချောင်းရှိသောသတ္တဝါ အခြေများစွာရှိသောသတ္တဝါ ရုပ်ရှိသောသတ္တဝါ ရုပ်မရှိသောသတ္တဝါ သညာရှိသောသတ္တဝါ သညာမရှိသောသတ္တဝါ သညာရှိသည်လည်း မဟုတ် မရှိသည်လည်း မဟုတ်သော သတ္တဝါဟူသမျှတို့ထက် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားကို အမြတ်ဆုံးဟု ဆိုအပ်၏။ ရဟန်းတို့ ထို့အတူပင် ကုသိုလ်တရားဟူသမျှတို့သည် မမေ့လျော့မှု 'အပ္ပမာဒ' တရားလျှင် အကြောင်းရင်း ရှိကုန်၏၊ မမေ့လျော့မှု 'အပ္ပမာဒ' တရားလျှင် စုဝေးရာ ရှိကုန်၏၊ မမေ့လျော့မှု 'အပ္ပမာဒ' တရားကို ထိုကုသိုလ်တရားဟူသမျှတို့ထက် မြတ်၏ဟု ဆိုအပ်၏၊ ရဟန်းတို့ မမေ့လျော့သော ရဟန်းအား အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများလတ္တံ့၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်လတ္တံ့ဟု မြော်လင့် အပ်၏။ ရဟန်းတို့ မမေ့လျော့သော ရဟန်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို အဘယ်သို့လျှင် ပွါးများသနည်း၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို အဘယ်သို့လျှင် ကြိမ်ဖန်များစွာ ပြုလုပ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်းသော မှန်ကန်သော အမြင် 'သမ္မာဒိဋ္ဌိ'ကို ပွါးများ၏။ပ။ နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်းသော မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ'ကို ပွါးများ၏။ ရဟန်းတို့ ဤသို့လျှင် မမေ့လျော့သော ရဟန်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများ၏၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာပြုလုပ်၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-ပဒသုတ်

၁၁၀။ ရဟန်းတို့ မြေနေသတ္တဝါတို့၏ ခြေရာဟူသမျှတို့သည် ဆင်ခြေရာ၌ အတွင်းဝင်ကုန်၏၊ ဆင်ခြေရာကို ကြီးသည်၏ အဖြစ်ကြောင့် ထိုခြေရာတို့ထက် မြတ်၏ဟု ဆိုအပ်သကဲ့သို့ ရဟန်းတို့

http://www.dhammadownload.com



ထို့အတူပင် ကုသိုလ်တရားဟူသမျှတို့သည် မမေ့လျော့မှု'အပ္ပမာဒ' တရားလျှင် အကြောင်းရင်း ရှိကုန်၏၊ မမေ့လျော့မှု'အပ္ပမာဒ'တရားလျှင် စုဝေးရာရှိကုန်၏၊ မမေ့လျော့မှု'အပ္ပမာဒ' တရားကို ထိုကုသိုလ်တရား ဟူသမျှတို့ထက် မြတ်၏ဟု ဆိုအပ်၏။ရဟန်းတို့ မမေ့လျော့သော ရဟန်းအား အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများလတ္တံ့ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာပြုလုပ်လတ္တံ့ ဟု မျှော်လင့်အပ်၏။ ရဟန်းတို့ မမေ့လျော့သော ရဟန်းသည် အင်္ဂါ ရှစ်ပါး ရှိသော အရိယမဂ်ကို အဘယ်သို့လျှင် ပွါးများသနည်း၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို အဘယ်သို့လျှင် ကြိမ်ဖန်များစွာ ပြုလုပ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကိုမှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ ညွတ်သော မှန်ကန်သော အမြင် 'သမ္မာဒိဋ္ဌိ' ကို ပွါးများ၏။ပ။ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကို မှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ ညွတ်သော မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ' ကို ပွါးများ၏။ ရဟန်းတို့ ဤသို့လျှင် မမေ့လျော့သော ရဟန်းသည် အင်္ဂါ ရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများ၏၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာပြုလုပ်၏ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-၇-ကူဋာဒိသုတ်

၁၄၁-၁၄၅။ ရဟန်းတို့ အထွတ်တပ်သော အိမ်၏အခြင်ရနယ် ဟူသမျှတို့သည် အထွတ်သို့ ရောက်ကုန်၏၊ အထွတ်သို့ ညွတ်ကုန်၏၊ အထွတ်လျှင် စုဝေးရာရှိကုန်၏၊ အထွတ်သည် အခြင်ရနယ် ဟူသမျှတို့ထက် မြတ်၏ဟု ဆိုအပ်သကဲ့သို့ ရဟန်းတို့ ထို့အတူပင်။ [ဤအတိုင်း အောက်သုတ်တို့ကို ချဲ့အပ်၏]။ ရဟန်းတို့ အကျော်နံ့သာကို အမြစ်နံ့သာ ဟူသမျှတို့ထက် မြတ်၏ဟု ဆိုအပ်သကဲ့သို့ ရဟန်းတို့ ထို့အတူပင် ။ပ။ ရဟန်းတို့ စန္ဒကူးနံ့သာကို အနှစ်နံ့သာ ဟူသမျှတို့ထက် မြတ်၏ဟု ဆိုအပ်သကဲ့သို့ ရဟန်းတို့ ထို့အတူပင်။ပ။ ရဟန်းတို့ မြတ်လေးပန်းကို အပွင့်နံ့သာ ဟူသမျှတို့ထက် မြတ်၏ဟု ဆိုအပ်သကဲ့သို့ ရဟန်းတို့ ထို့အတူပင် ။ပ။ ရဟန်းတို့ အရံမင်းငယ် ဟူသမျှတို့သည် စကြာမင်း၏ နောက်လိုက်(ငယ်သား) ဖြစ်ကုန်၏၊ စကြာမင်းကို ထိုအရံမင်းငယ်ဟူသမျှတို့ထက် မြတ်၏ဟု ဆိုအပ်သကဲ့သို့ ရဟန်းတို့ ထို့အတူပင်။ပ။

သတ္တမသုတ်။

---

## ၈-၁၀-စန္ဒိမာဒိသုတ်

၁၄၆-၁၄၈။ ရဟန်းတို့ ကြယ်တာရာတို့၏ အရောင်ဟူသမျှတို့သည် လရောင်၏ တဆယ့်ခြောက်စိတ် တစိတ်ကို မမှီကုန်၊ လရောင်ကို ထိုကြယ်ရောင်တို့ထက် မြတ်၏ဟု ဆိုအပ်သကဲ့သို့ ရဟန်းတို့ ထို့အတူပင်။ပ။ ရဟန်းတို့ တန်ဆောင်မုန်းလ အခါ၌ မိုးကောင်းကင်သည် တိမ်တိုက်

http://www.dhammadownload.com



ကင်းစင်၍ မြင့်လတ်သော် နေသည် ကောင်းကင်သို့ တက်လျက် ကောင်းကင် တခုလုံးရှိ အမိုက်မှောင်ကို ဖျက်ဆီး၍ ထွန်းလင်းတောက်ပ တင့်တယ်လှသကဲ့သို့ ရဟန်းတို့ ထို့အတူပင်။ပ။ ရဟန်းတို့ ကာသိတိုင်းဖြစ် အထည်ကို ချည်ထည်ဟူသမျှတို့ထက် မြတ်၏ဟု ဆိုအပ်သကဲ့သို့ ရဟန်းတို့ ထို့အတူပင် ကုသိုလ်တရားဟူသမျှတို့သည် မမေ့လျော့မှု 'အပ္ပမာဒ' တရားလျှင် အကြောင်းရင်း ရှိကုန်၏၊ မမေ့လျော့မှု 'အပ္ပမာဒ' တရားလျှင် စုဝေးရာ ရှိကုန်၏၊ မမေ့လျော့မှု 'အပ္ပမာဒ' တရားကို ထိုကုသိုလ်တရား ဟူသမျှတို့ထက် မြတ်၏ဟု ဆိုအပ်၏။ ရဟန်းတို့ မမေ့လျော့သော ရဟန်းအား အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများလတ္တံ့၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန် များစွာ ပြုလုပ်လတ္တံ့ ဟု မြော်လင့်အပ်၏။ ရဟန်းတို့ မမေ့လျော့သော ရဟန်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို အဘယ်သို့လျှင် ပွါးများသနည်း၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို အဘယ်သို့လျှင် ကြိမ်ဖန်များစွာ ပြုလုပ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကိုမှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကိုမှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ ညွတ်သော မှန်ကန်သော အမြင် 'သမ္မာဒိဋ္ဌိ'ကို ပွါးများ၏။ပ။ ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကို မှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ညွတ်သော မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ' ကို ပွါးများ၏။ ရဟန်းတို့ ဤသို့လျှင် မမေ့လျော့သော ရဟန်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများ၏၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်၏ ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

[တထာဂတသုတ်၌ကဲ့သို့ ကြွင်းသောသုတ်ဟူသမျှကို ချဲ့အပ်၏]။

ငါးခုမြောက် အပ္ပမာဒဝဂ် ပြီး၏။

## ၆-ဗလကရဏီယဝဂ် -၁-ဗလသုတ်

၁၄၉။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ခွန်အားဖြင့် ပြုလုပ်အပ်ကုန်သော အလုပ်ဟူသမျှတို့ကို မြေကြီးကိုမှီ၍ မြေကြီး၌တည်၍ ပြုလုပ်အပ်ကုန်သကဲ့သို့ ရဟန်းတို့ ထို့အတူပင် ရဟန်းသည် သီလကိုမှီ၍ သီလ၌တည်၍ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများ၏၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်၏။ ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် သီလကိုမှီ၍ သီလ၌တည်၍ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများသနည်း၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကို မှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ ညွတ်သော မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ'ကို ပွါးများ၏။ပ။ ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု'ရာဂ'ကင်းခြင်းကို မှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ ညွတ်သော မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ' ကို ပွါးများ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် သီလကိုမှီ၍ သီလ၌တည်၍ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများ၏၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်၏ ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



[နောက်၌ ဆိုအပ်ပြီးသော ဂင်္ဂါပေယျာလဝဂ်ကို သုတ်အပြည့်အစုံ ဆိုအပ်သကဲ့သို့ ဤဝဂ်၌ ချဲ့သင့်သော စကားကို ချဲ့အပ်၏]။

ရဟန်းတို့ ခွန်အားဖြင့် ပြုလုပ်အပ်ကုန်သော အလုပ်ဟူသမျှတို့ကို မြေကြီးကိုမှီ၍ မြေကြီး၌ တည်၍ ပြုလုပ်အပ်ကုန်သကဲ့သို့ ရဟန်းတို့ ထို့အတူပင် ရဟန်းသည် သီလကိုမှီ၍ သီလ၌ တည်၍ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများ၏၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်၏။ ရဟန်းတို့ ရဟန်းသည် သီလကိုမှီ၍ သီလ၌တည်၍ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို အဘယ်သို့လျှင် ပွါးများသနည်း၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို အဘယ်သို့လျှင် ကြိမ်ဖန်များစွာ ပြုလုပ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် စွဲမက်မှု 'ရာဂ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော အမျက်ထွက်မှု'ဒေါသ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော တွေဝေမှု'မောဟ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ' ကိုပွါးများ၏။ပ။စွဲမက်မှု'ရာဂ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော အမျက်ထွက်မှု 'ဒေါသ' ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော တွေဝေမှု'မောဟ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ'ကို ပွါးများ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် သီလကိုမှီ၍ သီလ၌တည်၍ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများ၏၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်၏ဟု (မိန့်တော်မူ၏)။

ရဟန်းတို့ ခွန်အားဖြင့် ပြုလုပ်အပ်ကုန်သော အလုပ်ဟူသမျှတို့ကို မြေကြီးကို မှီ၍ မြေကြီး၌ တည်၍ ပြုလုပ်အပ်ကုန်သကဲ့သို့ ရဟန်းတို့ ထို့အတူပင် ရဟန်းသည် သီလကို မှီ၍ သီလ၌ တည်၍ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများ၏၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်၏။ ရဟန်းတို့ ရဟန်းသည် သီလကိုမှီ၍ သီလ၌တည်၍ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို အဘယ်သို့လျှင် ပွါးများသနည်း၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို အဘယ်သို့လျှင် ကြိမ်ဖန်များစွာ ပြုလုပ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အမြိုက်နိဗ္ဗာန်သို့ သက်ဝင်သော အမြိုက်နိဗ္ဗာန်လျှင် လည်းလျောင်းရာရှိသော အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိသော မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ'ကို ပွါးများ၏။ပ။အမြိုက်နိဗ္ဗာန်သို့ သက်ဝင်သော အမြိုက်နိဗ္ဗာန်လျှင် လည်းလျောင်းရာရှိသော အမြိုက် နိဗ္ဗာန်လျှင် အဆုံးရှိသော မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ'ကို ပွါးများ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် သီလကို မှီ၍ သီလ၌ တည်၍ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများ၏၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်၏ဟု (မိန့်တော်မူ၏)။

ရဟန်းတို့ ခွန်အားဖြင့် ပြုလုပ်အပ်ကုန်သော အလုပ်ဟူသမျှတို့ကို မြေကြီးကို မှီ၍ မြေကြီး၌ တည်၍ ပြုလုပ်အပ်ကုန်သကဲ့သို့ ရဟန်းတို့ ထို့အတူပင် ရဟန်းသည် သီလကို မှီ၍ သီလ၌ တည်၍ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများ၏၊အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်၏။ ရဟန်းတို့ ရဟန်းသည် သီလကို မှီ၍ သီလ၌တည်၍ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို အဘယ်သို့လျှင် ပွါးများသနည်း၊အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို အဘယ်သို့လျှင် ကြိမ်ဖန်များစွာ ပြုလုပ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်းသော မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ'ကို ပွါးများ၏။ပ။နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်းသော မှန်ကန်သော

http://www.dhammadownload.com



တည်ကြည်မှု 'သမ္မာသမာဓိ'ကို ပွါးများ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် သီလကို မှီ၍ သီလ၌တည်၍ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများ၏၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-ဗီဇသုတ်

၁၅၀။ ရဟန်းတို့ ကြီးပွါး စည်ပင် ပြန့်ပြောခြင်းသို့ ရောက်ကုန်သော မျိုးစေ့ ဗီဇဂါမ်နှင့်[၁] အပင် ဘူတဂါမ်[၂] ဟူသမျှတို့သည် မြေကြီးကို မှီ၍ မြေကြီး၌တည်၍ ကြီးပွါး စည် ပင် ပြန့်ပြော ခြင်းသို့ ရောက်ကုန်သကဲ့သို့ ထို့အတူပင် ရဟန်းသည် သီလကို မှီ၍ သီလ၌တည်၍ အင်္ဂါရှစ်ပါး ရှိသော အရိယမဂ်ကို ပွါးများသည်ရှိသော် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်သည်ရှိသော် တရားတို့၌ ကြီးပွါး စည်ပင် ပြန့်ပြောခြင်းသို့ ရောက်၏။ ရဟန်းတို့ ရဟန်း သည် သီလကို မှီ၍ သီလ၌တည်၍ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို အဘယ်သို့လျှင် ပွါးများ သည်ရှိသော် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို အဘယ်သို့လျှင် ကြိမ်ဖန်များစွာ ပြုလုပ်သည်ရှိသော် တရားတို့၌ ကြီးပွါး စည်ပင် ပြန့်ပြောခြင်းသို့ရောက်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်း သည် ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ'ကင်းခြင်းကို မှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ ညွတ်သော မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ'ကို ပွါးများ၏။ပ။ ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကို မှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ ညွတ်သော မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ'ကို ပွါးများ၏ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် သီလကို မှီ၍ သီလ၌တည်၍ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများသည်ရှိသော် အင်္ဂါရှစ် ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်သည်ရှိသော် တရားတို့၌ ကြီးပွါး စည်ပင် ပြန့်ပြောခြင်းသို့ ရောက်၏ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-နာဂသုတ်

၁၅၁။ ရဟန်းတို့ ဥပမာသော်ကား နဂါးတို့သည် ဟိမဝန္တာတောင်မင်းကိုမှီ၍ ကိုယ်ကိုတိုးပွါး စေ အားယူစေ၍ အိုင်ငယ်တို့သို့ သက်ဆင်းကုန်၏၊အိုင်ငယ်တို့သို့ သက်ဆင်းပြီး၍ အိုင်ကြီးတို့သို့ သက်ဆင်းကုန်၏၊ အိုင်ကြီးတို့သို့ သက်ဆင်းပြီး၍ မြစ်ငယ်တို့သို့ သက်ဆင်းကုန်၏၊ မြစ်ငယ်တို့သို့ သက်ဆင်းပြီး၍ မြစ်ကြီးတို့သို့ သက်ဆင်းကုန်၏၊ မြစ်ကြီးတို့သို့ သက်ဆင်းပြီး၍ မဟာသမုဒ္ဒရာသို့ သက်ဆင်းကုန်၏။ ထိုနဂါးတို့သည် ထိုမဟာသမုဒ္ဒရာ၌ ခန္ဓာကိုယ်ဖြင့် ကြီးမားပြန့်ပြောသည်၏

---

၁- အစေ့ အညွန့် အပင် အမြစ် အဆစ်ဟူသော ဤမျိုးစေ့ ငါးမျိုးကို ဗီဇဂါမ်ဟု ယူအပ်၏။
၂- ရင်းမျိုးစေ့တို့မှ ပေါက်လာ၍ စိမ်းညိုသော အရွက် အညွန့် ထွက်လာသော အခါမှ စ၍ အပင်ဟူသမျှကို ဘူတဂါမ်ဟ ယူအပ်၏။

http://www.dhammadownload.com



အဖြစ်သို့ ရောက်ကုန်၏၊ ထိုအတူပင် ရဟန်းသည် သီလကိုမှီ၍ သီလ၌တည်၍ အင်္ဂါရှစ်ပါး ရှိသော အရိယမဂ်ကို ပွါးများသည်ရှိသော် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်သည်ရှိသော် တရားတို့၌ ကြီးမားပြန့်ပြောသည်၏အဖြစ်သို့ ရောက်၏။ရဟန်းတို့ ရဟန်းသည် သီလကိုမှီ၍ သီလ၌တည်၍ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို အဘယ်သို့လျှင် ပွါးများသည်ရှိသော် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို အဘယ်သို့လျှင် ကြိမ်ဖန်များစွာ ပြုလုပ်သည်ရှိသော် တရားတို့၌ ကြီးမားပြန့်ပြောသည်၏ အဖြစ်သို့ ရောက်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကိုမှီသော စွဲမက်မှု'ရာဂ'ကင်းခြင်းကိုမှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ညွတ်သော မှန်ကန်သောအမြင်'သမ္မာဒိဋ္ဌိ'ကို ပွါးများ၏။ပ။ဆိတ်ငြိမ်ခြင်းကိုမှီသော စွဲမက်မှု'ရာဂ'ကင်းခြင်းကို မှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ညွတ်သော မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ'ကို ပွါးများ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် သီလကိုမှီ၍ သီလ၌တည်၍ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများသည်ရှိသော် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်သည် ရှိသော် တရားတို့၌ ကြီးမားပြန့်ပြောသည်၏အဖြစ်သို့ ရောက်၏ဟု(မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-ရုက္ခသုတ်

၁၅၂။ ရဟန်းတို့ ဥပမာသော်ကား အရှေ့အရပ်သို့ ညွတ် ကိုင်း ရှိုင်းသော သစ်ပင်သည် အမြစ် ပြတ်သည်ရှိသော် အဘယ်အရပ်သို့ လဲကျရာသနည်း။ အသျှင်ဘုရား ညွတ် ကိုင်း ရှိုင်းရာအရပ်သို့ သာ လဲကျရာပါ၏။ ရဟန်းတို့ ထိုအတူပင် ရဟန်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများသည်ရှိသော် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်သည်ရှိသော် နိဗ္ဗာန် သို့ ညွတ် ကိုင်း ရှိုင်း၏။ ရဟန်းတို့ ရဟန်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို အဘယ်သို့လျှင် ပွါးများသည်ရှိသော် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို အဘယ်သို့လျှင် ကြိမ်ဖန်များစွာ ပြုလုပ် သည်ရှိသော် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်းသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု'ရာဂ'ကင်းခြင်းကို မှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ ညွတ်သော မှန်ကန်သောအမြင်'သမ္မာဒိဋ္ဌိ'ကို ပွါးများ၏။ပ။ဆိတ်ငြိမ်ခြင်းကိုမှီသော စွဲမက်မှု'ရာဂ' ကင်းခြင်းကိုမှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ညွတ်သော မှန်ကန်သော တည်ကြည်မှု'သမ္မာ သမာဓိ'ကို ပွါးများ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများသည်ရှိသော် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်သည်ရှိသော် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်း၏ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-ကုမ္ဘသုတ်

၁၅၃။ ရဟန်းတို့ ဥပမာသော်ကား ရေအိုးကို မှောက်သည်ရှိသော် ရေသည် အန်ထွက် သည်သာတည်း၊ပြန်၍ဝင်တော့မည်မဟုတ်၊ ရဟန်းတို့ ထိုအတူပင် ရဟန်းသည် အင်္ဂါရှစ်ပါးရှိသော

http://www.dhammadownload.com



အရိယမဂ်ကို ပွါးများသည်ရှိသော် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်သည်ရှိသော် ယုတ်ညံ့သော အကုသိုလ်တရားတို့သည် အန်ထွက်ကုန်၏၊ ပြန်၍ဝင်တော့မည်မဟုတ်ကုန်။ ရဟန်းတို့ ရဟန်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို အဘယ်သို့လျှင် ပွါးများသည်ရှိသော် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို အဘယ်သို့လျှင် ကြိမ်ဖန်များစွာ ပြုလုပ်သည်ရှိသော် ယုတ်ညံ့သော အကုသိုလ်တရားတို့ အန်ထွက်ကုန်သနည်း၊ ပြန်၍မဝင်ကုန်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကိုမှီသော စွဲမက်မှု'ရာဂ'ကင်းခြင်းကိုမှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ညွတ်သော မှန်ကန်သောအမြင်'သမ္မာဒိဋ္ဌိ'ကို ပွါးများ၏။ပ။ ဆိတ်ငြိမ်ခြင်းကိုမှီသော စွဲမက်မှု'ရာဂ'ကင်းခြင်းကိုမှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ညွတ်သော မှန်ကန်သော တည်ကြည်မှု'သမ္မာသမာဓိ'ကို ပွါးများ၏။ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများသည်ရှိသော် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်သည်ရှိသော် ယုတ်ညံ့သော အကုသိုလ်တရားတို့ အန်ထွက်ကုန်သည်သာတည်း၊ ပြန်၍ဝင်တော့မည်မဟုတ်ကုန်ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၆-သူကသုတ်

၁၅၄။ ရဟန်းတို့ ဥပမာသော်ကား ကောင်းစွာ(ထောင်၍)ထားအပ်သော သလေးစပါးမြီးကိုဖြစ်စေ မုယောစပါးမြီးကိုဖြစ်စေ လက်ဖြင့်သော်ငင်း ခြေဖြင့်သော်ငင်း ဖိမိ နင်းမိသော် လက်ကိုသော်ငင်း ခြေကိုသော်ငင်း စူးရှဖျက်ဆီးပေလိမ့်မည် သွေးကိုသော်လည်း ထွက်စေလိမ့်မည်ဟူသော အကြောင်းသည် ရှိ၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ စပါးမြီးကို ကောင်းစွာ (ထောင်၍) ထားအပ်သောကြောင့်တည်း။ ရဟန်းတို့ ထို့အတူပင် ရဟန်းသည် ကောင်းစွာ ထားအပ်သော (ကမ္မဿကတာပညာ) ကောင်းစွာ ဖြစ်စေအပ်သော မဂ္ဂဘာဝနာဖြင့် မသိမှု'အဝိဇ္ဇာ'ကို ဖေန်ဖျက်ဆီးနိုင်လိမ့်မည် အသိဉာဏ်'ဝိဇ္ဇာ'ကို ဖြစ်စေနိုင်လိမ့်မည် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်လိမ့်မည် ဟူသော အကြောင်းသည်ရှိ၏၊ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ (ကမ္မဿကတာပညာနှင့် မဂ္ဂဘာဝနာကို) ကောင်းစွာထားအပ် ကောင်းစွာ ဖြစ်စေအပ်သောကြောင့်တည်း။ ရဟန်းတို့ ရဟန်းသည် ကောင်းစွာထားအပ်သော (ကမ္မဿကတာပညာ)ကောင်းစွာဖြစ်စေအပ်သော မဂ္ဂဘာဝနာဖြင့် မသိမှု'အဝိဇ္ဇာ'ကို အဘယ်သို့လျှင် ဖျက်ဆီးနိုင်သနည်း၊ အသိဉာဏ်'ဝိဇ္ဇာ'ကို အဘယ်သို့လျှင် ဖြစ်စေနိုင်သနည်း၊ နိဗ္ဗာန်ကို အဘယ်သို့လျှင် မျက်မှောက်ပြုနိုင်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကိုမှီသော စွဲမက်မှု'ရာဂ'ကင်းခြင်းကိုမှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ညွတ်သော မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ'ကို ပွါးများ၏။ပ။ ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကို မှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ညွတ်သော မှန်ကန်သော တည်ကြည်မှု'သမ္မာသမာဓိ'ကို ပွါးများ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ကောင်းစွာထားအပ်သော(ကမ္မဿကတာပညာ) ကောင်းစွာဖြစ်စေ အပ်သော မဂ္ဂဘာဝနာဖြင့် မသိမှု'အဝိဇ္ဇာ'ကို ဖျက်ဆီးနိုင်ပေ၏၊ အသိဉာဏ်'ဝိဇ္ဇာ'ကို ဖြစ်စေနိုင်ပေ၏၊ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပေ၏ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

http://www.dhammadownload.com



## ၇-အာကာသသုတ်

၁၅၅။ ရဟန်းတို့ ဥပမာသော်ကား ကောင်းကင်၌ အမျိုးမျိုးသော လေတို့သည် တိုက်ခတ်ကုန်၏၊ အရှေ့လေတို့သည်လည်း တိုက်ခတ်ကုန်၏၊အနောက်လေတို့သည်လည်း တိုက်ခတ်ကုန်၏၊ မြောက်လေတို့သည်လည်း တိုက်ခတ်ကုန်၏၊ တောင်လေတို့သည်လည်း တိုက်ခတ်ကုန်၏၊ မြူပါသော လေတို့သည်လည်း တိုက်ခတ်ကုန်၏၊ မြူမပါသော လေတို့သည်လည်း တိုက်ခတ်ကုန်၏၊ လေအေးတို့သည်လည်း တိုက်ခတ်ကုန်၏၊ လေပူတို့သည်လည်း တိုက်ခတ်ကုန်၏၊ လေညှင်းတို့သည်လည်း တိုက်ခတ်ကုန်၏၊ လေပြင်းတို့သည်လည်း တိုက်ခတ်ကုန်၏။ ရဟန်းတို့ ထို့အတူပင် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများသော အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်သော ရဟန်းအား သတိပဋ္ဌာန်လေးပါးတို့သည်ရှင်း သမ္မပ္ပဓာန်လေးပါးတို့သည်ရှင်း ဣဒ္ဓိပါဒ်လေးပါးတို့သည်ရှင်း ဣန္ဒြေငါးပါးတို့သည်ရှင်း ဗိုလ်ငါးပါးတို့သည်ရှင်း ဗောဇ္ဈင်ခုနစ်ပါးတို့သည်ရှင်း ပွါးများ ပြည့်စုံခြင်းသို့ ရောက်ကုန်၏။ ရဟန်းတို့ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများသော အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်သော ရဟန်းအား သတိပဋ္ဌာန်လေးပါးတို့သည်ရှင်း သမ္မပ္ပဓာန်လေးပါးတို့သည်ရှင်း ဣဒ္ဓိပါဒ်လေးပါးတို့သည်ရှင်း ဣန္ဒြေငါးပါးတို့သည်ရှင်း ဗိုလ်ငါးပါးတို့သည်ရှင်း ဗောဇ္ဈင်ခုနစ်ပါးတို့သည်ရှင်း အဘယ်သို့လျှင် ပွါးများ ပြည့်စုံခြင်းသို့ ရောက်ကုန်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ'ကင်းခြင်းကို မှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ ညွတ်သော မှန်ကန်သော အမြင်'သမ္မာဒိဋ္ဌိ'ကို ပွါးများ၏။ပ။ ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကို မှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ ညွတ်သော မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ'ကို ပွါးများ၏။ ရဟန်းတို့ ဤသို့လျှင် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများသော အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာပြုလုပ်သော ရဟန်းအား သတိပဋ္ဌာန်လေးပါးတို့သည်ရှင်း သမ္မပ္ပဓာန်လေးပါးတို့သည်ရှင်း ဣဒ္ဓိပါဒ်လေးပါးတို့သည်ရှင်း ဣန္ဒြေငါးပါးတို့သည်ရှင်း ဗိုလ်ငါးပါးတို့သည်ရှင်း ဗောဇ္ဈင်ခုနစ်ပါးတို့သည်ရှင်း ပွါးများပြည့်စုံခြင်းသို့ ရောက်ကုန်၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ဂ-ပဌမ မေဃသုတ်

၁၅၆။ ရဟန်းတို့ နွေဥတု၏နောက်ဆုံး ဝါဆိုလ၌ အထက်သို့ တက်သော မြူမှုန်ကို အခါမဲ့ ရွာသော မိုးကြီးသည် တခဏခြင်း ကွယ်ပျောက် ငြိမ်းအေးစေသကဲ့သို့ ရဟန်းတို့ ထို့အတူပင် ရဟန်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများသည်ရှိသော် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်သည်ရှိသော် ဖြစ်တိုင်းဖြစ်တိုင်းသော ယုတ်ညံ့သော အကုသိုလ်တရားတို့ကို တခဏခြင်း ကွယ်ပျောက် ငြိမ်းအေးစေနိုင်၏။ ရဟန်းတို့ ရဟန်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများသည်ရှိသော် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာပြုလုပ်သည်ရှိသော် အဘယ်သို့လျှင် ဖြစ်တိုင်းဖြစ်တိုင်းသော ယုတ်ညံ့သော အကုသိုလ်တရားတို့ကို တခဏခြင်း ကွယ်ပျောက်ငြိမ်းအေးစေနိုင်သနည်း၊ ရဟန်းတို့ ဤသာသနာ

http://www.dhammadownload.com



တော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ'ကင်းခြင်းကို မှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ ညွတ်သော မှန်ကန်သောအမြင်'သမ္မာဒိဋ္ဌိ'ကို ပွါးများ၏။ပ။ ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ'ကင်းခြင်းကို မှီသော နိဗ္ဗာန်သို့ ညွတ်သော မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ'ကို ပွါးများ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများသည်ရှိသော် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်သည်ရှိသော် ဖြစ်တိုင်းဖြစ်တိုင်းသော ယုတ်ညံ့သော အကုသိုလ်တရားတို့ကို တခဏခြင်း ကွယ်ပျောက်ငြိမ်းအေး စေနိုင်၏ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

## ၉-ဒုတိယ မေဃသုတ်

၁၅၇။ ရဟန်းတို့ တက်လာသော မိုးကြီးကို လေပြင်းမုန်တိုင်းသည် (မရွာမီ)အကြား၌ပင် ကွယ်ပျောက်ငြိမ်းအေးစေသကဲ့သို့ ရဟန်းတို့ ထို့အတူပင် ရဟန်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများသည်ရှိသော် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်သည်ရှိသော် ဖြစ်တိုင်းဖြစ်တိုင်းသော ယုတ်ညံ့သော အကုသိုလ်တရားတို့ကို(မဖြစ်မီ) အကြား၌ပင် ကွယ်ပျောက်ငြိမ်းအေးစေနိုင်၏။ ရဟန်းတို့ ရဟန်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများသည်ရှိသော် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်သည်ရှိသော် အဘယ်သို့လျှင် ဖြစ်တိုင်းဖြစ်တိုင်းသော ယုတ်ညံ့သော အကုသိုလ်တရားတို့ကို (မဖြစ်မီ)အကြား၌ပင် ကွယ်ပျောက်ငြိမ်းအေးစေနိုင်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု'ရာဂ'ကင်းခြင်းကို မှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ ညွတ်သော မှန်ကန်သော အမြင်'သမ္မာဒိဋ္ဌိ'ကို ပွါးများ၏။ပ။ ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ'ကင်းခြင်းကို မှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ ညွတ်သော မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ'ကို ပွါးများ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများသည်ရှိသော် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်သည်ရှိသော် ဖြစ်တိုင်း ဖြစ်တိုင်းသော ယုတ်ညံ့သော အကုသိုလ်တရားတို့ကို (မဖြစ်မီ)အကြား၌ပင် ကွယ်ပျောက် ငြိမ်းအေးစေနိုင်၏ ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

## ၁၀-နာဝါသုတ်

၁၅၈။ ရဟန်းတို့ ခြောက်လတို့ပတ်လုံး ရေ၌ အပြန်ပြန် အခေါက်ခေါက်သွားလာ၍ ဆောင်း ဥတု၌ ကုန်းပေါ်သို့ ထင်ထားသော သမုဒ္ဒရာကူး ကြိမ်ချုပ်လှေ၌ လေနေပူတို့ဖြင့် နှိပ်စက်အပ် ကုန်သော ချုပ်ဖွဲ့ထားသော ကြိမ်တို့သည် ရွာသွန်းသော မိုးရေဖြင့် စွတ်စိုအပ်သည်ဖြစ်၍ အလွယ်တကူအားဖြင့်သာလျှင် ပြတ်တောက်ပုပ်ဆွေးကုန်သကဲ့သို့ ရဟန်းတို့ ထို့အတူပင် ရဟန်း သည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများသော အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို

http://www.dhammadownload.com



ကြိမ်ဖန်များစွာ ပြုလုပ်သော ရဟန်းအား သံယောဇဉ်တို့သည် အလွယ်တကူအားဖြင့်သာလျှင် ပြတ်တောက် ပုပ်ဆွေးကုန်၏။ ရဟန်းတို့ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများသော အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်သော ရဟန်းအား အဘယ်သို့လျှင် သံယောဇဉ်တို့သည် အလွယ်တကူအားဖြင့်သာလျှင် ပြတ်တောက်ပုတ်ဆွေးကုန်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု'ရာဂ'ကင်းခြင်းကို မှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ ညွတ်သော မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ'ကို ပွါးများ၏။ပ။ ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု'ရာဂ'ကင်းခြင်းကို မှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ ညွတ်သော မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ'ကို ပွါးများ၏။ ရဟန်းတို့ ဤသို့လျှင် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများသော အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်သော ရဟန်းအား သံယောဇဉ်တို့သည် အလွယ်တကူအားဖြင့်သာလျှင် ပြတ်တောက် ပုပ်ဆွေးကုန်၏ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

---

## ၁၁-အာဂန္တုကသုတ်

၁၅၉။ ရဟန်းတို့ ဥပမာသော်ကား ဧည့်သည်ဘို့ တည်းခိုရာအိမ်၌ အရှေ့အရပ်မှရင်း အနောက်အရပ်မှရင်း မြောက်အရပ်မှရင်း တောင်အရပ်မှရင်း လာ၍ တည်းခိုနေကုန်၏၊ မင်းတို့သည်ရင်း ပုဏ္ဏားတို့သည်ရင်း ကုန်သည်တို့သည်ရင်း ဆင်းရဲသားတို့သည်ရင်း လာ၍ တည်းခိုနေကြကုန်၏။ ရဟန်းတို့ ဤအတူပင် ရဟန်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများသည်ရှိသော် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်သည်ရှိသော် ထူးသော ဉာဏ်ဖြင့် ပိုင်းခြား၍သိအပ်သော တရားတို့ကို ထူးသောဉာဏ်ဖြင့် ပိုင်းခြား၍ သိ၏၊ ထူးသော ဉာဏ်ဖြင့် ပယ်စွန့်အပ်သော တရားတို့ကို ထူးသောဉာဏ်ဖြင့် ပယ်စွန့်၏၊ ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုအပ်သော တရားတို့ကို ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြု၏။ ထူးသောဉာဏ်ဖြင့် ပွါးများအပ်သော တရားတို့ကို ထူးသောဉာဏ်ဖြင့် ပွါးများ၏။

ရဟန်းတို့ ထူးသောဉာဏ်ဖြင့် ပိုင်းခြား၍သိအပ်သော တရားတို့ကား အဘယ်တို့နည်း၊ ဥပါဒါနက္ခန္ဓာ ငါးပါးတို့တည်းဟု ဖြေဆိုရာ၏။ ဥပါဒါနက္ခန္ဓာငါးပါးတို့ဟူသည် အဘယ်နည်း၊ ရူပုပါဒါနက္ခန္ဓာ။ပ။ဝိညာဏုပါဒါနက္ခန္ဓာတို့တည်း။ ရဟန်းတို့ ဤတရားငါးပါးတို့ကို ထူးသော ဉာဏ်ဖြင့် ပိုင်းခြား၍ သိအပ်ကုန်၏။ ရဟန်းတို့ ထူးသောဉာဏ်ဖြင့် ပယ်စွန့်အပ်သော တရားတို့ကား အဘယ်တို့နည်း၊ အဝိဇ္ဇာနှင့် ဘဝတဏှာတို့တည်း။ ရဟန်းတို့ ဤတရားတို့ကို ထူးသော ဉာဏ်ဖြင့် ပယ်စွန့်အပ်ကုန်၏။ ရဟန်းတို့ ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုအပ်သော တရားတို့ကား အဘယ်တို့နည်း၊ ဝိဇ္ဇာနှင့် ဝိမုတ္တိတို့တည်း။ ရဟန်းတို့ ဤတရားတို့ကို ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုအပ်ကုန်၏။ ရဟန်းတို့ ထူးသောဉာဏ်ဖြင့် ပွါးများအပ်သော တရားတို့ကား အဘယ်တို့နည်း၊ သမထနှင့် ဝိပဿနာတရားတို့တည်း။ ရဟန်းတို့ ဤတရားတို့ကို ထူးသောဉာဏ်ဖြင့် ပွါးများအပ်ကုန်၏။ ရဟန်းတို့ ရဟန်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများသည်ရှိသော် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်သည်ရှိသော် အဘယ်သို့လျှင် ထူးသောဉာဏ်ဖြင့် ပိုင်းခြား၍သိအပ်သော တရားတို့ကို ထူးသောဉာဏ်ဖြင့် ပိုင်းခြား၍ သိသနည်း၊

http://www.dhammadownload.com



အဘယ်သို့လျှင် ထူးသောဉာဏ်ဖြင့် ပယ်စွန့်အပ်သော တရားတို့ကို ထူးသောဉာဏ်ဖြင့် ပယ်စွန့်သနည်း၊ အဘယ်သို့လျှင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုအပ်သော တရားတို့ကို ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုသနည်း၊ အဘယ်သို့လျှင် ထူးသောဉာဏ်ဖြင့် ပွါးများအပ်သော တရားတို့ကို ထူးသောဉာဏ်ဖြင့် ပွါးများသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကို မှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ညွှတ်သော မှန်ကန်သော အမြင် 'သမ္မာဒိဋ္ဌိ'ကို ပွါးများ၏။ပ။ ဆိတ်ငြိမ်ခြင်းကိုမှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကိုမှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ ညွှတ်သော မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ'ကို ပွါးများ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများသည်ရှိသော် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်သည်ရှိသော် ထူးသောဉာဏ်ဖြင့် ပိုင်းခြား၍သိအပ်သော တရားတို့ကို ထူးသောဉာဏ်ဖြင့် ပိုင်းခြား၍ သိ၏၊ ထူးသောဉာဏ်ဖြင့် ပယ်စွန့်အပ်သော တရားတို့ကို ထူးသောဉာဏ်ဖြင့် ပယ်စွန့်၏၊ ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုအပ်သော တရားတို့ကို ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြု၏၊ ထူးသောဉာဏ်ဖြင့် ပွါးများအပ်သော တရားတို့ကို ထူးသောဉာဏ်ဖြင့် ပွါးများ၏ဟု (မိန့်တော်မူ၏)။

ဧကောဒသမသုတ်။

---

## ၁၂-နဒီသုတ်

၁၆၀။ ရဟန်းတို့ ဥပမာသော်ကား ဂင်္ဂါမြစ်သည် အရှေ့သို့ ညွတ် ကိုင်း ရှိုင်း၏၊ ထိုအခါ များစွာသော လူအပေါင်းသည် ပေါက်တူး ခြင်းတောင်းကိုယူလျက် ငါတို့သည် ဤဂင်္ဂါမြစ်ကို အနောက်သို့ ညွတ် ကိုင်း ရှိုင်းအောင် ပြုလုပ်အံ့ဟု လာရာ၏၊ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ ထိုလူအပေါင်းသည် ဂင်္ဂါမြစ်ကို အနောက်သို့ ညွတ် ကိုင်း ရှိုင်းအောင် ပြုလုပ်နိုင်ရာသလောဟု မေးတော်မူ၏။ အသျှင်ဘုရား မပြုလုပ်နိုင်ရာပါ၊ အကြောင်းမူကား ဂင်္ဂါမြစ်သည် အရှေ့သို့ ညွတ် ကိုင်း ရှိုင်းပါ၏၊ ထိုဂင်္ဂါမြစ်ကို အနောက်သို့ ညွတ် ကိုင်း ရှိုင်းအောင် ပြုလုပ်ရန် မလွယ်ကူပါ၊ ထိုလူအပေါင်းသည် အလွန်ပင်ပန်းဆင်းရဲခြင်း၏အဘို့ ရှိသည်သာ ဖြစ်ရာ၏။ ရဟန်းတို့ ဤအတူပင် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများသော အင်္ဂါရှစ်ပါးရှိသော အရိယာမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်သော ရဟန်းကို မင်းတို့သည်၎င်း မင်း၏အမတ်ကြီးတို့သည်၎င်း မိတ်ဆွေတို့သည်၎င်း ခင်ပွန်းတို့သည်၎င်း ဆွေမျိုးတို့သည်၎င်း သွေးချင်းတို့သည်၎င်း "အမောင်ယောကျ်ား လာလော့၊ ဤဖန်ရည်ဆိုးထားသော သင်္ကန်းကိုဝတ်ခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ ဤဖန်ရည်ဆိုးသော သင်္ကန်းတို့သည် ပူလောင်ကုန်၏၊ ခေါင်းတုံးရိတ်လျက် ခွက်လက်စွဲကာ လှည့်လည်ခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ လာလော့၊ လူထွက်၍ စည်းစိမ်တို့ကိုလည်း သုံးဆောင်ခံစားလော့၊ ကောင်းမှုတို့ကိုလည်း ပြုလုပ်ပါလော့"ဟု စည်းစိမ်တို့ဖြင့် ရွေးရှူဆောင်၍ ဖိတ်ကုန်ငြားအံ့။ ရဟန်းတို့ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများသော အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်သော ထိုရဟန်းသည် အကျင့်သိက္ခာကို စွန့်ပစ်၍ လူထွက်အံ့ဟူသော ဤအကြောင်းသည် မရှိ၊ အကြောင်းမူကား ရဟန်းတို့ စိတ်သည် ရှည်စွာသောကာလပတ်လုံး ဆိတ်ငြိမ်ခြင်း၌ ညွတ် ကိုင်း ရှိုင်းသောကြောင့် ထိုပုဂ္ဂိုလ်သည် စင်စစ် လူထွက်လိမ့်မည်ဟူသော အကြောင်းမရှိတော့ပေ။

http://www.dhammadownload.com



ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများသနည်း၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု'ရာဂ'ကင်းခြင်းကို မှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ညွတ်သော မှန်ကန်သော အမြင်'သမ္မာဒိဋ္ဌိ'ကို ပွါးများ၏။ပ။ ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ'ကင်းခြင်းကို မှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ညွတ်သော မှန်ကန်သောတည်ကြည်မှု 'သမ္မာသမာဓိ'ကို ပွါးများ၏။ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများ၏၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ကြိမ်ဖန်များစွာ ပြုလုပ်အပ်၏ဟု (မိန့်တော်မူ၏)။

ဒွါဒသမသုတ်။

ခြောက်ခုမြောက် ဗလကရဏီယဝဂ် ပြီး၏။

---

## ၇-သေနာဝဂ် ၁-သေနာသုတ်

၁၆၁။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ရှာမှီးခြင်းတို့သည် ဤသုံးပါးတို့တည်း။ အဘယ်သုံးပါးတို့နည်း၊ ကာမကိုရှာမှီးခြင်း ဘဝကိုရှာမှီးခြင်း အကျင့်မြတ်ကို ရှာမှီးခြင်းတို့တည်း။ ရဟန်းတို့ ရှာမှီးခြင်းတို့သည် ဤသုံးပါးတို့ပင်တည်း။ ရဟန်းတို့ ဤရှာမှီးခြင်းသုံးပါးတို့ကို ထူးသောဉာဏ်ဖြင့် သိခြင်းငှါ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများအပ်၏။ အဘယ်သို့လျှင် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများအပ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကိုမှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကို မှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ညွတ်သော မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ'ကို ပွါးများ၏။ပ။ ဆိတ်ငြိမ်ခြင်းကိုမှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကိုမှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ ညွတ်သော မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ'ကို ပွါးများ၏။ ရဟန်းတို့ ဤ ရှာမှီးခြင်းသုံးပါးတို့ကို ထူးသောဉာဏ်ဖြင့် သိခြင်းငှါ ဤအင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများအပ်၏ဟု (မိန့်တော်မူ၏)။

ရဟန်းတို့ ရှာမှီးခြင်းတို့သည် ဤသုံးပါးတို့တည်း။ အဘယ်သုံးပါးတို့နည်း၊ ကာမကိုရှာမှီးခြင်း ဘဝကို ရှာမှီးခြင်း အကျင့်မြတ်ကို ရှာမှီးခြင်းတို့တည်း။ ရဟန်းတို့ ရှာမှီးခြင်းတို့သည် ဤသုံးပါးတို့ပင်တည်း။ ရဟန်းတို့ ဤ ရှာမှီးခြင်းသုံးပါးတို့ကို ထူးသောဉာဏ်ဖြင့် သိခြင်းငှါ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများအပ်၏။ အဘယ်သို့လျှင် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများအပ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် စွဲမက်မှု 'ရာဂ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော အမျက်ထွက်မှု 'ဒေါသ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော တွေဝေမှု 'မောဟ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ'ကို ပွါးများ၏။ပ။ စွဲမက်မှု 'ရာဂ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော အမျက်ထွက်မှု 'ဒေါသ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော တွေဝေမှု 'မောဟ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ'ကို ပွါးများ၏။ ရဟန်းတို့ ဤ ရှာမှီးခြင်းသုံးပါးတို့ကို ထူးသောဉာဏ်ဖြင့် သိခြင်းငှါ ဤအင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများအပ်၏ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



ရဟန်းတို့ ရှာမှီးခြင်းတို့သည် ဤသုံးပါးတို့တည်း။ အဘယ်သုံးပါးတို့နည်း၊ ကာမကို ရှာမှီးခြင်း ဘဝကိုရှာမှီးခြင်း အကျင့်မြတ်ကို ရှာမှီးခြင်းတို့တည်း၊ ရဟန်းတို့ ရှာမှီးခြင်းတို့သည် ဤသုံးပါးတို့ပင်တည်း။ ရဟန်းတို့ ဤ ရှာမှီးခြင်းသုံးပါးတို့ကို ထူးသောဉာဏ်ဖြင့် သိခြင်းငှါ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများအပ်၏။ အဘယ်သို့လျှင် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများအပ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အမြိုက်နိဗ္ဗာန်သို့ သက်ဝင်သော အမြိုက်နိဗ္ဗာန်လျှင် လည်းလျောင်းရာရှိသော အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိသော မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ'ကို ပွါးများ၏။ပ။ အမြိုက်နိဗ္ဗာန်သို့ သက်ဝင်သော အမြိုက်နိဗ္ဗာန်လျှင် လည်းလျောင်းရာရှိသော အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိသော မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ'ကို ပွါးများ၏။ ရဟန်းတို့ ဤ ရှာမှီးခြင်းသုံးပါးတို့ကို ထူးသောဉာဏ်ဖြင့် သိခြင်းငှါ ဤအင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများအပ်၏ဟု (မိန့်တော်မူ၏)။

ရဟန်းတို့ ရှာမှီးခြင်းတို့သည် ဤသုံးပါးတို့တည်း။အဘယ်သုံးပါးတို့နည်း၊ ကာမကို ရှာမှီးခြင်း ဘဝကို ရှာမှီးခြင်း အကျင့်မြတ်ကို ရှာမှီးခြင်းတို့တည်း၊ ရဟန်းတို့ ရှာမှီးခြင်းတို့သည် ဤသုံးပါးတို့ပင်တည်း။ ရဟန်းတို့ ဤ ရှာမှီးခြင်းသုံးပါးတို့ကို ထူးသောဉာဏ်ဖြင့် သိခြင်းငှါ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများအပ်၏။ အဘယ်သို့လျှင် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများအပ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်းသော မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ'ကို ပွါးများ၏။ပ။ နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်းသော မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ'ကို ပွါးများ၏။ ရဟန်းတို့ ဤ ရှာမှီးခြင်းသုံးပါးတို့ကို ထူးသောဉာဏ်ဖြင့် ပိုင်းခြား၍သိခြင်းငှါ ဤအင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများအပ်၏ဟု (မိန့်တော်မူ၏)။

ရဟန်းတို့ ရှာမှီးခြင်းတို့သည် ဤသုံးပါးတို့တည်း။ အဘယ်သုံးပါးတို့နည်း၊ ကာမကို ရှာမှီးခြင်း ဘဝကို ရှာမှီးခြင်း အကျင့်မြတ်ကို ရှာမှီးခြင်းတို့တည်း၊ ရဟန်းတို့ ရှာမှီးခြင်းတို့သည် ဤသုံးပါးတို့ပင်တည်း။ ရဟန်းတို့ ဤ ရှာမှီးခြင်းသုံးပါးတို့ကို ပိုင်းခြား၍သိခြင်းငှါ။ပ။ ဤအင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများအပ်၏။ [ပိုင်းခြား၍ သိပုံကို ချဲ့အပ်၏]။

ရဟန်းတို့ ရှာမှီးခြင်းတို့သည် ဤသုံးပါးတို့တည်း။ အဘယ်သုံးပါးတို့နည်း၊ ကာမကို ရှာမှီးခြင်း ဘဝကို ရှာမှီးခြင်း အကျင့်မြတ်ကို ရှာမှီးခြင်းတို့တည်း၊ ရဟန်းတို့ ရှာမှီးခြင်းတို့သည် ဤသုံးပါးတို့ပင်တည်း။ ရဟန်းတို့ ဤ ရှာမှီးခြင်းသုံးပါးတို့ကို ကုန်ခန်းစေခြင်းငှါ။ပ။ ဤအင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများအပ်၏။ [ကုန်ခန်းပုံကို ချဲ့အပ်၏]။

ရဟန်းတို့ ရှာမှီးခြင်းတို့သည် ဤသုံးပါးတို့တည်း။ အဘယ်သုံးပါးတို့နည်း၊ ကာမကို ရှာမှီးခြင်း ဘဝကိုရှာမှီးခြင်း အကျင့်မြတ်ကို ရှာမှီးခြင်းတို့တည်း၊ ရဟန်းတို့ ရှာမှီးခြင်းတို့သည် ဤသုံးပါးတို့ပင်တည်း။ ရဟန်းတို့ ဤ ရှာမှီးခြင်းသုံးပါးတို့ကို ပယ်ခြင်းငှါ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများအပ်၏။ အဘယ်သို့လျှင် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများအပ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကို မှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ညွတ်သော မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ'ကို ပွါးများ၏ ။ပ။ ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကို မှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့

http://www.dhammadownload.com



ညွတ်သော မှန်ကန်သောတည်ကြည်မှု 'သမ္မာသမာဓိ'ကို ပွါးများ၏။ ရဟန်းတို့ ဤရှာမှီးခြင်းသုံးပါးတို့ကို ပယ်ခြင်းငှါ ဤအင်္ဂါရှစ်ပါးရှိသော အရိယာမဂ်ကို ပွါးများအပ်၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

## ၂-ဝိဓာသုတ်

၁၆၂။ ရဟန်းတို့ ထောင်လွှားမှု 'မာန' တို့သည် ဤသုံးပါးတို့တည်း။ သုံးပါးတို့ဟူသည် အဘယ်တို့နည်း၊ ငါသည် (သူ့ထက်)မြတ်၏ဟု ထောင်လွှားမှု 'မာန' ငါသည် (သူနှင့်)တူ၏ဟု ထောင်လွှားမှု 'မာန' ငါသည် (သူ့အောက်)ယုတ်၏ဟု ထောင်လွှားမှု'မာန'တို့တည်း၊ ရဟန်းတို့ ထောင်လွှားမှု 'မာန'တို့သည် ဤသုံးပါးတို့တည်း။ ရဟန်းတို့ ဤ ထောင်လွှားမှု'မာန'သုံးပါးတို့ကို ထူးသောဉာဏ်ဖြင့် သိခြင်းငှါ ပိုင်းခြား၍ သိခြင်းငှါ ကုန်စေခြင်းငှါ ပယ်ခြင်းငှါ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများအပ်၏။ အဘယ်သို့လျှင် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများအပ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကိုမှီသော စွဲမက်မှု'ရာဂ' ကင်းခြင်းကိုမှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ ညွတ်သော မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ'ကို ပွါးများ၏။ပ။ ဆိတ်ငြိမ်ခြင်းကိုမှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကိုမှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ညွတ်သော မှန်ကန်သောတည်ကြည်မှု 'သမ္မာသမာဓိ'ကို ပွါးများ၏။ ရဟန်းတို့ ဤ ထောင်လွှားမှု 'မာန' သုံးပါးတို့ကို ထူးသောဉာဏ်ဖြင့် သိခြင်းငှါ ပိုင်းခြား၍သိခြင်းငှါ ကုန်စေခြင်းငှါ ပယ်ခြင်းငှါ ဤအင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများအပ်၏ဟု (မိန့်တော်မူ၏)။ [သေနာသုတ် ကဲ့သို့ ဤသုတ်ကို ချဲ့အပ်၏]။

ဒုတိယသုတ်။

## ၃-အာသဝသုတ်

၁၆၃။ ရဟန်းတို့ ယိုစီးတတ်သော 'အာသဝ'တရားတို့သည် ဤသုံးပါးတို့တည်း။အဘယ်သုံးပါးတို့နည်း၊ ကာမတဏှာဟူသော အာသဝ ဘဝတဏှာဟူသော အာသဝ မသိမှု 'အဝိဇ္ဇာ'ဟူသော အာသဝတို့တည်း၊ ရဟန်းတို့ ယိုစီးတတ်သော အာသဝတရားတို့သည် ဤသုံးပါးတို့တည်း။ရဟန်းတို့ ဤ အာသဝတရားသုံးပါးတို့ကို ထူးသောဉာဏ်ဖြင့် သိခြင်းငှါ ပိုင်းခြား၍ သိခြင်းငှါ ကုန်စေခြင်းငှါ ပယ်ခြင်းငှါ။ပ။ ဤအင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများအပ်၏ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

## ၄-ဘဝသုတ်

၁၆၄။ ရဟန်းတို့ ဖြစ်ရာဘဝတို့သည် ဤသုံးပါးတို့တည်း။ အဘယ်သုံးပါးတို့နည်း၊ ကာမတဆယ့်တဘုံဟူသော ကာမဘဝ ရူပတဆယ့်ခြောက်ဘုံဟူသော ရူပဘဝ အရူပလေးဘုံဟူသော အရူပဘဝတို့တည်း၊ ရဟန်းတို့ ဖြစ်ရာဘဝတို့သည် ဤသုံးပါးတို့တည်း။ ရဟန်းတို့ ဤဖြစ်ရာဘဝ

http://www.dhammadownload.com



သုံးပါးတို့ကို ထူးသောဉာဏ်ဖြင့် သိခြင်းငှါ ပိုင်းခြား၍သိခြင်းငှါ ကုန်စေခြင်းငှါ ပယ်ခြင်းငှါ။ပ။ ဤအင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများအပ်၏ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-ဒုက္ခတာသုတ်

၁၆၅။ ရဟန်းတို့ ဆင်းရဲခြင်း 'ဒုက္ခ' တို့သည် ဤသုံးပါးတို့တည်း။ အဘယ်သုံးပါးတို့နည်း၊ ဆင်းရဲစစ်အဖြစ်ဖြင့် ဆင်းရဲခြင်းဒုက္ခဒုက္ခ [၁] ပြုပြင်အပ်သည့် အဖြစ်ဖြင့် ဆင်းရဲခြင်း သင်္ခါရဒုက္ခ [၂] ဖောက်ပြန်အပ်သည့် အဖြစ်ဖြင့် ဆင်းရဲခြင်း ဝိပရိဏာမဒုက္ခ [၃] တို့တည်း၊ ရဟန်းတို့ ဆင်းရဲခြင်း 'ဒုက္ခ'တို့သည် ဤသုံးပါးတို့တည်း။ ရဟန်းတို့ ဤဆင်းရဲခြင်း 'ဒုက္ခ' သုံးပါးတို့ကို ထူးသောဉာဏ်ဖြင့် သိခြင်းငှါ ပိုင်းခြား၍သိခြင်းငှါ ကုန်စေခြင်းငှါ ပယ်ခြင်းငှါ။ပ။ ဤအင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများအပ်၏ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၆-ခိလသုတ်

၁၆၆။ ရဟန်းတို့ ငြောင့်တို့သည် ဤသုံးပါးတို့တည်း။ အဘယ်သုံးပါးတို့နည်း၊ ရာဂငြောင့် ဒေါသငြောင့် မောဟငြောင့်တို့တည်း၊ ရဟန်းတို့ ငြောင့်တို့သည် ဤသုံးပါးတို့တည်း။ ရဟန်းတို့ ဤငြောင့်သုံးပါးတို့ကို ထူးသောဉာဏ်ဖြင့် သိခြင်းငှါ ပိုင်းခြား၍သိခြင်းငှါ ကုန်စေခြင်းငှါ ပယ်ခြင်းငှါ။ပ။ ဤအင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများအပ်၏ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-မလသုတ်

၁၆၇။ ရဟန်းတို့ အညစ်အကြေးတို့သည် ဤသုံးပါးတို့တည်း။ အဘယ်သုံးပါးတို့နည်း၊ ရာဂအညစ်အကြေး ဒေါသအညစ်အကြေး မောဟအညစ်အကြေးတို့တည်း၊ ရဟန်းတို့ အညစ်အကြေးတို့သည် ဤသုံးပါးတို့တည်း။ ရဟန်းတို့ ဤအညစ်အကြေးသုံးပါးတို့ကို ထူးသောဉာဏ်ဖြင့် သိခြင်းငှါ ပိုင်းခြား၍ သိခြင်းငှါ ကုန်စေခြင်းငှါ ပယ်စေခြင်းငှါ။ပ။ ဤအင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများအပ်၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

၁-ကိုယ်စိတ်၌ ဖြစ်သော ဆင်းရဲခြင်း 'ဒုက္ခဝေဒနာ' ကို သဘောအားဖြင့်၎င်း အမည်အားဖြင့်၎င်း ဆင်းရဲသောကြောင့် ဒုက္ခ ဒုက္ခဟုခေါ်သည်။

၂-ဥပေက္ခာဝေဒနာနှင့် တေဘူမကသင်္ခါရတရားတို့ကို ဖြစ်ခြင်း ပျက်ခြင်းဖြင့် နှိပ်စက်အပ်သောကြောင့် သင်္ခါရဒုက္ခဟု ခေါ်သည်။

၃-သုခဝေဒနာကို ဖောက်ပြန်သဖြင့် ဆင်းရဲဖြစ်ခြင်း၏ အကြောင်းဖြစ်သောကြောင့် ဝိပရိဏာမဒုက္ခဟု ခေါ်သည်။

http://www.dhammadownload.com



## ၈-နီဃသုတ်

၁၆၈။ ရဟန်းတို့ ညှဉ်းဆဲတတ်သော 'နီဃ' တရားတို့သည် ဤသုံးပါးတို့တည်း။ အဘယ်သုံးပါးတို့နည်း၊ ရာဂ ဟူသော ညှဉ်းဆဲတတ်သောတရား ဒေါသဟူသော ညှဉ်းဆဲတတ်သောတရား မောဟဟူသော ညှဉ်းဆဲတတ်သောတရားတို့တည်း၊ ရဟန်းတို့ ညှဉ်းဆဲတတ်သော 'နီဃ' တရားတို့သည် ဤသုံးပါးတို့တည်း။ ရဟန်းတို့ ဤညှဉ်းဆဲတတ်သော 'နီဃ' တရားသုံးပါးတို့ကို ထူးသော ဉာဏ်ဖြင့် သိခြင်းငှါ ပိုင်းခြား၍ သိခြင်းငှါ ကုန်စေခြင်းငှါ ပယ်ခြင်းငှါ။ပ။ ဤအင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများအပ်၏ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-ဝေဒနာသုတ်

၁၆၉။ ရဟန်းတို့ ခံစားမှု 'ဝေဒနာ' တို့သည် ဤသုံးပါးတို့တည်း။ အဘယ်သုံးပါးတို့နည်း၊ သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာ တို့တည်း၊ ရဟန်းတို့ ဝေဒနာတို့သည် ဤသုံးပါးတို့တည်း။ ရဟန်းတို့ ဤဝေဒနာသုံးပါးတို့ကို ထူးသောဉာဏ်ဖြင့် သိခြင်းငှါ ပိုင်းခြား၍ သိခြင်းငှါ ကုန်စေခြင်းငှါ ပယ်ခြင်းငှါ။ပ။ ဤအင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများအပ်၏ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-တဏှာသုတ်

၁၇၀။ ရဟန်းတို့ တပ်မက်မှု 'တဏှာ' တို့သည် ဤ သုံးပါးတို့တည်း။ အဘယ် သုံးပါးတို့နည်း၊ ကာမ၌ တပ်မက်မှု 'ကာမတဏှာ' ဘဝမပြတ်ဟူသော အယူနှင့်တကွ ဖြစ်သော တပ်မက်မှု 'ဘဝတဏှာ' ဘဝပြတ်၏ဟူသော အယူနှင့်တကွဖြစ်သော တပ်မက်မှု 'ဝိဘဝတဏှာ' တို့တည်း၊ ရဟန်းတို့ တပ်မက်မှု 'တဏှာ'တို့သည် ဤသုံးပါးတို့တည်း။ ရဟန်းတို့ ဤတပ်မက်မှု 'တဏှာ' သုံးပါးတို့ကို ထူးသော ဉာဏ်ဖြင့် သိခြင်းငှါ ပိုင်းခြား၍သိခြင်းငှါ ကုန်စေခြင်းငှါ ပယ်ခြင်းငှါ။ပ။ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများအပ်၏၊ အဘယ်သို့လျှင် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများအပ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ'ကင်းခြင်းကို မှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ ညွတ်သော မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ'ကို ပွါးများ၏။ပ။ ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ'ကင်းခြင်းကို မှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ ညွတ်သော မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ'ကို ပွါးများ၏။ ရဟန်းတို့ ဤတပ်မက်မှု 'တဏှာ' သုံးပါးတို့ကို ထူးသောဉာဏ်ဖြင့် သိခြင်းငှါ ပိုင်းခြား၍ သိခြင်းငှါ ကုန်စေခြင်းငှါ ပယ်ခြင်းငှါ။ပ။ ဤအင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများအပ်၏ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

http://www.dhammadownload.com



## ၁၁-တသိနာသုတ်

၁၇၁။ ရဟန်းတို့ မွတ်သိပ်မှု 'တသိနာ' တို့သည် ဤ သုံးပါးတို့တည်း။ အဘယ်သုံးပါးတို့နည်း၊ ကာမ၌ မွတ်သိပ်မှု 'ကာမတသိနာ' ဘဝမပြတ် ဟူသော အယူနှင့်တကွ ဖြစ်သော မွတ်သိပ်မှု 'ဘဝတသိနာ' ဘဝပြတ်၏ဟူသော အယူနှင့်တကွဖြစ်သော မွတ်သိပ်မှု 'ဝိဘဝတသိနာ' တို့တည်း၊ ရဟန်းတို့ မွတ်သိပ်မှု 'တသိနာ'တို့သည် ဤသုံးပါးတို့တည်း။ရဟန်းတို့ မွတ်သိပ်မှု 'တသိနာ'သုံးပါးတို့ကို ထူးသောဉာဏ်ဖြင့်သိခြင်းငှါ ပိုင်းခြား၍သိခြင်းငှါ ကုန်စေခြင်းငှါ ပယ်ခြင်းငှါ။ပ။ တပ်မက်မှု 'ရာဂ' ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော အမျက်ထွက်မှု 'ဒေါသ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော တွေဝေမှု 'မောဟ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော။ပ။ အမြိုက်နိဗ္ဗာန်သို့ သက်ဝင်သော အမြိုက်နိဗ္ဗာန်လျှင် လည်းလျောင်းရာရှိသော အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိသော။ပ။ နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်းသော မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ'ကို ပွါးများ၏။ ရဟန်းတို့ ဤမွတ်သိပ်မှု'တသိနာ' သုံးပါးတို့ကို ထူးသောဉာဏ်ဖြင့် သိခြင်းငှါ ပိုင်းခြား၍ သိခြင်းငှါ ကုန်စေခြင်းငှါ ပယ်ခြင်းငှါ။ပ။ ဤအင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများအပ်၏ ဟု (မိန့်တော်မူ၏)။

ကောဒသမသုတ်။

ခုနစ်ခုမြောက် သေနာဝဂ် ပြီး၏။

---

## ၈-ဩဃဝဂ် ၁-ဩဃသုတ်

၁၇၂။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ဝဋ်ဆင်းရဲ၌ နစ်စေတတ်သော'ဩဃ' တို့သည် ဤလေးပါး တို့တည်း၊ အဘယ် လေးပါးတို့နည်း၊ ကာမတဏှာ ဟူသော ကာမောဃ ဘဝတဏှာဟူသော ဘဝေါဃ ဒိဋ္ဌိခြောက်ဆယ့်နှစ်ပါးဟူသော ဒိဋ္ဌောဃ မသိမှု 'အဝိဇ္ဇာ' ဟူသော အဝိဇ္ဇောဃ တို့တည်း၊ ရဟန်းတို့ ဩဃတို့သည် ဤလေးပါးတို့တည်း။ ရဟန်းတို့ ဤဩဃလေးပါးတို့ကို ထူးသောဉာဏ်ဖြင့်သိခြင်းငှါ ပိုင်းခြား၍သိခြင်းငှါ ကုန်စေခြင်းငှါ ပယ်ခြင်းငှါ။ပ။ ဤအင်္ဂါရှစ်ပါး ရှိသော အရိယမဂ်ကို ပွါးများအပ်၏ ဟု (မိန့်တော်မူ၏)။ [သေနာသုတ်ကဲ့သို့ ချဲ့အပ်၏]။

ပဌမသုတ်။

---

## ၂-ယောဂသုတ်

၁၇၃။ ရဟန်းတို့ ဝဋ်ဆင်းရဲ၌ ယှဉ်စေတတ်သော 'ယောဂ' တရားတို့သည် ဤလေးပါး တို့တည်း၊ အဘယ်လေးပါးတို့နည်း၊ ကာမတဏှာ ဟူသော ကာမယောဂ ဘဝတဏှာ ဟူသော ဘဝယောဂ ဒိဋ္ဌိခြောက်ဆယ့်နှစ်ပါးဟူသော ဒိဋ္ဌိယောဂ မသိမှု'အဝိဇ္ဇာ'ဟူသော အဝိဇ္ဇာယောဂ တို့တည်း၊ ရဟန်းတို့ ယောဂတို့သည် ဤလေးပါးတို့တည်း။ ရဟန်းတို့ ဤယောဂတရားလေးပါး တို့ကို ထူးသော ဉာဏ်ဖြင့် သိခြင်းငှါ ပိုင်းခြား၍ သိစေခြင်းငှါ ကုန်စေခြင်းငှါ ပယ်ခြင်းငှါ။ပ။ ဤအင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများအပ်၏ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

http://www.dhammadownload.com



## ၃-ဥပါဒါနသုတ်

၁၇၄။ ရဟန်းတို့ ပြင်းစွာစွဲယူခြင်း 'ဥပါဒါန်' တရားတို့သည် ဤလေးပါး တို့တည်း။ အဘယ် လေးပါးတို့နည်း၊ ကာမတဏှာဟူသော ပြင်းစွာ စွဲယူမှု 'ကာမုပါဒါန်' ခြောက်ဆယ့် နှစ်ပါးသော ဒိဋ္ဌိဟူသော ပြင်းစွာစွဲယူမှု 'ဒိဋ္ဌုပါဒါန်' နွားစသည်တို့၏ အလေ့အကျင့်ဖြင့် စင်ကြယ်၏ဟု ပြင်းစွာ စွဲယူမှု'သီလဗ္ဗတုပါဒါန်' အတ္တဟူသော အယူကို ပြင်းစွာစွဲယူမှု 'အတ္တဝါဒုပါဒါန်' တို့တည်း၊ ရဟန်းတို့ ဥပါဒါန်တရားတို့သည် ဤလေးပါး တို့တည်း။ ရဟန်းတို့ ဤဥပါဒါန်တရား လေးပါး တို့ကို ထူးသောဉာဏ်ဖြင့် သိခြင်းငှါ ပိုင်းခြား၍ သိခြင်းငှါ ကုန်စေခြင်းငှါ ပယ်ခြင်းငှါ။ပ။ ဤ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများအပ်၏ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

## ၄-ဂန္ထသုတ်

၁၇၅။ ရဟန်းတို့ ဝဋ်ဆင်းရဲ၌ ထုံးဖွဲ့တတ်သော 'ဂန္ထ' တရားတို့သည် ဤလေးပါးတို့တည်း။ အဘယ်လေးပါးတို့နည်း၊ မက်မောခြင်း 'အဘိဇ္ဈာ' ဟူသော နာမ်အပေါင်းကို ဝဋ်ဆင်းရဲ၌ ထုံးဖွဲ့ တတ်သောတရား 'အဘိဇ္ဈာကာယဂန္ထ' ဖျက်ဆီးခြင်း'ဗျာပါဒ'ဟူသော နာမ်အပေါင်းကို ဝဋ်ဆင်း ရဲ၌ ထုံးဖွဲ့တတ်သောတရား 'ဗျာပါဒကာယဂန္ထ' နွားစသည်တို့၏ အလေ့အကျင့်ဖြင့် စင်ကြယ်၏ဟု မှားသောအားဖြင့် သုံးသပ်ခြင်းဟူသော နာမ်အပေါင်းကို ဝဋ်ဆင်းရဲ၌ ထုံးဖွဲ့တတ်သော တရား 'သီလဗ္ဗတပရာမာသကာယဂန္ထ' ငါ၏ ဤအယူသာ မှန်၏ဟု မှားသောအားဖြင့် နှလုံးသွင်းမှု ဟူသော နာမ်အပေါင်းကို ဝဋ်ဆင်းရဲ၌ ထုံးဖွဲ့တတ်သောတရား 'ဣဒံသစ္စာဘိနိဝေသကာယဂန္ထ' တို့တည်း၊ ရဟန်းတို့ ဂန္ထတရားတို့သည် ဤလေးပါးတို့တည်း။ ရဟန်းတို့ ဤဂန္ထတရားလေးပါး တို့ကို ထူးသောဉာဏ်ဖြင့် သိခြင်းငှါ ပိုင်းခြား၍ သိခြင်းငှါ ကုန်စေခြင်းငှါ ပယ်ခြင်းငှါ။ပ။ ဤ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများအပ်၏ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

## ၅-အနုသယသုတ်

၁၇၆။ ရဟန်းတို့ အစဉ်ကိန်းသော 'အနုသယ' တရားတို့သည် ဤခုနစ်ပါးတို့တည်း။ ခုနစ်ပါး တို့ဟူသည် အဘယ်တို့နည်း၊ ကာမရာဂါနုသယ ပဋိဃာနုသယ ဒိဋ္ဌာနုသယ ဝိစိကိစ္ဆာနုသယ မာနာနုသယ ဘဝရာဂါနုသယ အဝိဇ္ဇာနုသယတို့တည်း၊ ရဟန်းတို့ အနုသယတရားတို့သည် ဤခုနစ်ပါးတို့တည်း။ ရဟန်းတို့ ဤအနုသယတရား ခုနစ်ပါးတို့ကို ထူးသောဉာဏ်ဖြင့် သိခြင်းငှါ ပိုင်းခြား၍ သိခြင်းငှါ ကုန်စေခြင်းငှါ ပယ်ခြင်းငှါ။ပ။ ဤအင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများအပ်၏ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

http://www.dhammadownload.com



## ၆-ကာမဂုဏသုတ်

၁၇၇။ ရဟန်းတို့ ကာမဂုဏ်တို့သည် ဤငါးပါးတို့တည်း။ ငါးပါးတို့ဟူသည် အဘယ်တို့နည်း၊ အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကို ပွါးစေတတ်ကုန်သော ချစ်ခင်ဖွယ်သဘောရှိ၍ ကာမနှင့်စပ်ယှဉ်လျက် စွဲမက်ဖွယ်ဖြစ်ကုန်သော စက္ခုဝိညာဏ်ဖြင့် မြင်အပ်သော အဆင်း 'ရူပါရုံ'။ပ။ သောတဝိညာဏ်ဖြင့် ကြားအပ်သော အသံ 'သဒ္ဒါရုံ'။ပ။ ဃာနဝိညာဏ်ဖြင့် နံအပ်သော အနံ့ 'ဂန္ဓာရုံ'။ပ။ ဇိဝှါဝိညာဏ်ဖြင့် လျက်အပ်သော အရသာ 'ရသာရုံ'။ အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကို ပွါးစေတတ်ကုန်သော ချစ်ခင်ဖွယ်သဘောရှိ၍ ကာမနှင့်စပ်ယှဉ်လျက် စွဲမက်ဖွယ် ဖြစ်ကုန်သော ကာယဝိညာဏ်ဖြင့် တွေ့ထိအပ်ကုန်သော အတွေ့အထိ 'ဖောဋ္ဌဗ္ဗာရုံ' တို့တည်း၊ ရဟန်းတို့ ကာမဂုဏ်တို့သည် ဤငါးပါးတို့တည်း။ ရဟန်းတို့ ဤကာမဂုဏ်ငါးပါးတို့ကို ထူးသောဉာဏ်ဖြင့် သိခြင်းငှါ ပိုင်းခြား၍သိခြင်းငှါ ကုန်စေခြင်းငှါ ပယ်ခြင်းငှါ။ပ။ ဤအင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများအပ်၏ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-နီဝရဏသုတ်

၁၇၈။ ရဟန်းတို့ ပိတ်ပင်တတ်သောတရား 'နီဝရဏ' တို့သည် ဤ ငါးပါးတို့တည်း။ အဘယ် ငါးပါးတို့နည်း၊ ကာမစ္ဆန္ဒနီဝရဏ ဗျာပါဒနီဝရဏ ထိနမိဒ္ဓနီဝရဏ ဥဒ္ဓစ္စ ကုက္ကုစ္စနီဝရဏ ဝိစိကိစ္ဆာ နီဝရဏတို့တည်း၊ ရဟန်းတို့ နီဝရဏတို့သည် ဤငါးပါးတို့တည်း။ ရဟန်းတို့ နီဝရဏငါးပါးတို့ကို ထူးသောဉာဏ်ဖြင့် သိခြင်းငှါ ပိုင်းခြား၍ သိခြင်းငှါ ကုန်စေခြင်းငှါ ပယ်ခြင်းငှါ။ပ။ ဤအင်္ဂါရှစ်ပါး ရှိသော အရိယမဂ်ကို ပွါးများအပ်၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈-ဥပါဒါနက္ခန္ဓသုတ်

၁၇၉။ ရဟန်းတို့ တဏှာဒိဋ္ဌိတို့ဖြင့် စွဲလမ်းယူအပ်ကုန်သော တရားအစု 'ဥပါဒါနက္ခန္ဓာ' တို့သည် ဤငါးပါးတို့တည်း။ ငါးပါးတို့ဟူသည် အဘယ်တို့နည်း၊ ရူပုပါဒါနက္ခန္ဓာ ဝေဒနုပါဒါနက္ခန္ဓာ သညုပါဒါနက္ခန္ဓာ သင်္ခါရုပါဒါနက္ခန္ဓာ ဝိညာဏုပါဒါနက္ခန္ဓာတို့တည်း၊ ရဟန်းတို့ ဥပါဒါနက္ခန္ဓာတို့သည် ဤငါးပါးတို့တည်း။ ရဟန်းတို့ ဤဥပါဒါနက္ခန္ဓာငါးပါးတို့ကို ထူးသောဉာဏ်ဖြင့် သိခြင်းငှါ ပိုင်းခြား၍ သိခြင်းငှါ ကုန်စေခြင်းငှါ ပယ်ခြင်းငှါ။ပ။ ဤအင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများအပ်၏ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

## ၉-ဩရမ္ဘာဂိယသုတ်

၁၈၀။ ရဟန်းတို့ အောက်ပိုင်းသံယောဇဉ်တို့သည် ဤငါးပါးတို့တည်း။ ငါးပါးတို့ဟူသည် အဘယ်တို့နည်း၊ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသ ကာမစ္ဆန္ဒ ဗျာပါဒတို့တည်း၊ ရဟန်း

http://www.dhammadownload.com



တို့ အောက်ပိုင်း သံယောဇဉ်တို့သည် ဤငါးပါးတို့တည်း။ ရဟန်းတို့ ဤ အောက်ပိုင်း သံယောဇဉ်ငါးပါးတို့ကို ထူးသောဉာဏ်ဖြင့် သိခြင်းငှါ ပိုင်းခြား၍သိမြင်းငှါ ကုန်စေခြင်းငှါ ပယ်ခြင်းငှါ။ပ။ ဤအင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများအပ်၏ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

## ၁၀-ဥဒ္ဓံဘာဂိယသုတ်

၁၈၁။ ရဟန်းတို့ အထက်ပိုင်း သံယောဇဉ်တို့သည် ဤငါးပါးတို့တည်း။ ငါးပါးတို့ဟူသည် အဘယ်တို့နည်း၊ ရူပရာဂ အရူပရာဂ မာန ဥဒ္ဓစ္စ အဝိဇ္ဇာတို့ဘည်း၊ ရဟန်းတို့ အထက်ပိုင်း သံယောဇဉ်တို့သည် ဤငါးပါးတို့တည်း။ ရဟန်းတို့ ဤ အထက်ပိုင်းသံယောဇဉ် ငါးပါးတို့ကို ထူးသောဉာဏ်ဖြင့် သိခြင်းငှါ ပိုင်းခြား၍သိခြင်းငှါ ကုန်စေခြင်းငှါ ပယ်ခြင်းငှါ။ပ။ ဤအင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများအပ်၏။ အဘယ်သို့လျှင် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများအပ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကိုမှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ညွတ်သော မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ' ကို ပွါးများ၏။ပ။ ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကိုမှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ညွတ်သော မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ' ကို ပွါးများ၏။ ရဟန်းတို့ ဤ အထက်ပိုင်းသံယောဇဉ်ငါးပါးတို့ကို ထူးသောဉာဏ်ဖြင့် သိခြင်းငှါ ပိုင်းခြား၍ သိခြင်းငှါ ကုန်စေခြင်းငှါ ပယ်ခြင်းငှါ။ပ။ ဤ အင်္ဂါရှစ်ပါးရှိတော အရိယမဂ်ကို ပွါးများအပ်၏ဟု (မိန့်တော်မူ၏)။

ရဟန်းတို့ အထက်ပိုင်း သံယောဇဉ်တို့သည် ဤငါးပါးတို့တည်း။ ငါးပါးတို့ဟူသည် အဘယ်တို့နည်း၊ ရူပရာဂ အရူပရာဂ မာန ဥဒ္ဓစ္စ အဝိဇ္ဇာတို့တည်း၊ ရဟန်းတို့ အထက်ပိုင်း သံယောဇဉ်တို့သည် ဤငါးပါးတို့တည်း။ ရဟန်းတို့ ဤ အထက်ပိုင်းသံယောဇဉ်ငါးပါးတို့ကို ထူးသောဉာဏ်ဖြင့် သိခြင်းငှါ ပိုင်းခြား၍ သိခြင်းငှါ ကုန်စေခြင်းငှါ ပယ်ခြင်းငှါ ဤ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများအပ်၏။ အဘယ်သို့လျှင် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများအပ်သနည်း၊ ရဟန်းတို့ ဤ သာသနာတော်၌ ရဟန်းသည် စွဲမက်မှု 'ရာဂ' ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော အမျက်ထွက်မှု 'ဒေါသ' ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော တွေဝေမှု 'မောဟ' ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ' ကို ပွါးများ၏။ပ။ စွဲမက်မှု 'ရာဂ' ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော အမျက်ထွက်မှု 'ဒေါသ' ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော တွေဝေမှု 'မောဟ' ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော အမြိုက် နိဗ္ဗာန်သို့ သက်ဝင်သော အမြိုက်နိဗ္ဗာန်လျှင် လည်းလျောင်းရာရှိသော အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိသော နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်းသော မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ' ကို ပွါးများ၏။ ရဟန်းတို့ ဤအထက်ပိုင်း သံယောဇဉ် ငါးပါးတို့ကို ထူးသော ဉာဏ်ဖြင့် သိခြင်းငှါ ပိုင်းခြား၍ သိခြင်းငှါ ကုန်စေခြင်းငှါ ပယ်ခြင်းငှါ ဤအင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို ပွါးများအပ်၏ ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

ရှစ်ခုမြောက် ဩဃဝဂ် ပြီး၏။

မဂ္ဂသံယုတ် ပြီး၏။

http://www.dhammadownload.com

# ၂-ဗောဇ္ဈင်္ဂသံယုတ်

## ၁-ပဗ္ဗတဝဂ် ၁-ဟိမဝန္တသုတ်

၁၈၂။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ဥပမာသော်ကား နဂါးတို့သည် ဟိမဝန္တာတောင်မင်းကို မှီ၍ ကိုယ်ကိုတိုးပွါးစေ အားယူစေပြီးလျှင် အိုင်ငယ်တို့သို့ သက်ဆင်းကုန်၏၊ အိုင်ငယ်တို့သို့ သက်ဆင်းပြီး၍ အိုင်ကြီးတို့သို့ သက်ဆင်းကုန်၏၊ အိုင်ကြီးတို့သို့ သက်ဆင်းပြီး၍ မြစ်ငယ်တို့သို့ သက်ဆင်းကုန်၏၊ မြစ်ငယ်တို့သို့ သက်ဆင်းပြီး၍ မြစ်ကြီးတို့သို့ သက်ဆင်းကုန်၏၊ မြစ်ကြီးတို့သို့ သက်ဆင်းပြီး၍ မဟာသမုဒ္ဒရာသို့ သက်ဆင်းကုန်၏၊ ထိုနဂါးတို့သည် ထိုမဟာသမုဒ္ဒရာ၌ ခန္ဓာကိုယ်ဖြင့် ကြီးမားပြန့်ပြောသည်၏ အဖြစ်သို့ ရောက်ကုန်၏၊ ရဟန်းတို့ ထို့အတူပင် ရဟန်းသည် သီလကိုမှီ၍ သီလ၌ တည်၍ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများသည်ရှိသော် ဗောဇ္ဈင်ခုနစ်ပါးတို့ကို ကြိမ်ဖန်များစွာ ပြုလုပ်သည်ရှိသော် တရားတို့၌ ကြီးမားပြန့်ပြောသည်၏ အဖြစ်သို့ရောက်၏၊ ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် သီလကိုမှီ၍ သီလ၌တည်၍ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများသည် ရှိသော် ဗောဇ္ဈင်ခုနစ်ပါးတို့ကို ကြိမ်ဖန်များစွာ ပြုလုပ်သည်ရှိသော် တရားတို့၌ ကြီးမား ပြန့်ပြောသည်၏ အဖြစ်သို့ ရောက်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကို မှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ ညွတ်သော သတိသမ္ဗောဇ္ဈင်ကို ပွါးများ၏ ။ပ။ ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ပွါးများ၏ ။ပ။ ဝီရိယသမ္ဗောဇ္ဈင်ကို ပွါးများ၏ ။ပ။ ပီတိသမ္ဗောဇ္ဈင်ကို ပွါးများ၏ ။ပ။ ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ပွါးများ၏။ပ။ သမာဓိသမ္ဗောဇ္ဈင်ကို ပွါးများ၏၊ ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကို မှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ ညွတ်သော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် သီလကိုမှီ၍ သီလ၌တည်၍ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများသည် ရှိသော် ဗောဇ္ဈင် ခုနစ်ပါးတို့ကို ကြိမ်ဖန်များစွာ ပြုလုပ်သည်ရှိသော် တရားတို့၌ ကြီးမားပြန့်ပြော သည်၏ အဖြစ်သို့ ရောက်၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-ကာယသုတ်

၁၈၃။ သာဝတ္ထိနိဒါန်း။ရဟန်းတို့ ဥပမာသော်ကား ဤကိုယ်သည် အကြောင်း'အာဟာရ'လျှင် တည်ရာရှိ၏၊ အကြောင်း'အာဟာရ'ကို စွဲ၍ တည်၏၊ အကြောင်း'အာဟာရ' မရှိပဲ မတည်နိုင်။ ရဟန်းတို့ ထို့အတူပင် နီဝရဏ ငါးပါးတို့သည် အကြောင်း 'အာဟာရ'လျှင် တည်ရာရှိကုန်၏၊ အကြောင်း 'အာဟာရ'ကိုစွဲ၍ တည်ကုန်၏၊အကြောင်း 'အာဟာရ'မရှိပဲ မတည်နိုင်ကုန်။

ရဟန်းတို့ မဖြစ်သေးသော ကာမဂုဏ်ကို လိုလားမှု 'ကာမစ္ဆန္ဒ'ကို ဖြစ်စေရန် ဖြစ်ပြီးသော ကာမဂုဏ်ကိုလိုလားမှု 'ကာမစ္ဆန္ဒ'ကို အတိုင်းထက်အလွန် ဖြစ်စေရန် ပြန့်ပြောစေရန် အကြောင်းကား အဘယ်နည်း၊ ရဟန်းတို့ တင့်တယ်သော အာရုံ 'နိမိတ်'သည် ရှိ၏၊ ထိုအာရုံ၌ မသင့်လျော်သောအားဖြင့် နှလုံးသွင်းမှုကို ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းပင်တည်း၊ ဤသည်ကား မဖြစ်သေး

http://www.dhammadownload.com



သော ကာမဂုဏ်ကိုလိုလားမှု 'ကာမစ္ဆန္ဒ'ကို ဖြစ်စေရန် ဖြစ်ပြီးသော ကာမဂုဏ်ကိုလိုလားမှု 'ကာမစ္ဆန္ဒ'ကို အတိုင်းထက်အလွန်ဖြစ်စေရန် ပြန့်ပြောစေရန် အကြောင်းဖြစ်၏။

ရဟန်းတို့ မဖြစ်သေးသော ပျက်စီးစေလိုမှု'ဗျာပါဒ'ကို ဖြစ်စေရန် ဖြစ်ပြီးသော ပျက်စီးစေလိုမှု 'ဗျာပါဒ'ကို အတိုင်းထက်အလွန် ဖြစ်စေရန် ပြန့်ပြောစေရန် အကြောင်းကား အဘယ်နည်း၊ ရဟန်းတို့ ထိပါးမှု'ပဋိဃ'၏ အာရုံ 'နိမိတ်'သည် ရှိ၏၊ ထိုအာရုံ၌ မသင့်လျော်သော အားဖြင့် နှလုံးသွင်းမှုကို ကြိမ်ဖန်များစွာပြုလုပ်ခြင်းပင်တည်း၊ ဤသည်ကား မဖြစ်သေးသော ပျက်စီးစေလိုမှု 'ဗျာပါဒ' ကို ဖြစ်စေရန် ဖြစ်ပြီးသော ပျက်စီးစေလိုမှု 'ဗျာပါဒ' ကို အတိုင်းထက် အလွန် ဖြစ်စေရန် ပြန့်ပြောစေရန် အကြောင်းဖြစ်၏။

ရဟန်းတို့ မဖြစ်သေးသော လေးလံထိုင်းမှိုင်းမှု'ထိနမိဒ္ဓ' ကို ဖြစ်စေရန် ဖြစ်ပြီး သော လေးလံထိုင်းမှိုင်းမှု'ထိနမိဒ္ဓ' ကို အတိုင်းထက်အလွန် ဖြစ်စေရန် ပြန့်ပြောစေရန် အကြောင်းကား အဘယ်နည်း၊ ရဟန်းတို့ မမွေ့လျော်ခြင်း ပျင်းရိခြင်း ကိုယ်လက် ဆန့်ငင် ဖြစ်ခြင်း ထမင်းဆီ ယစ်ခြင်း စိတ်၏ ဆုတ်နစ်ခြင်းတို့သည် ရှိကုန်၏၊ ထို(မမွေ့လျော်ခြင်းစသည်)၌ မသင့်လျော်သောအားဖြင့် နှလုံးသွင်းမှုကို ကြိမ်ဖန်များစွာပြုလုပ်ခြင်းပင်တည်း၊ ဤသည်ကား မဖြစ်သေးသော လေးလံထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ'ကို ဖြစ်စေရန် ဖြစ်ပြီး သော လေးလံ ထိုင်းမှိုင်းမှု'ထိနမိဒ္ဓ'ကို အတိုင်းထက် အလွန် ဖြစ်စေရန် ပြန့်ပြောစေရန် အကြောင်းဖြစ်၏။

ရဟန်းတို့ မဖြစ်သေးသော စိတ်ပျံ့လွင့်မှု'ဥဒ္ဓစ္စ' နောင်တတဖန် ပူပန်မှု 'ကုက္ကုစ္စ'ကို ဖြစ်စေရန် ဖြစ်ပြီးသော စိတ်ပျံ့လွင့်မှု'ဥဒ္ဓစ္စ'နောင်တတဖန် ပူပန်မှု'ကုက္ကုစ္စ'ကို အတိုင်းထက်အလွန် ဖြစ်စေရန် ပြန့်ပြောစေရန် အကြောင်းကား အဘယ်နည်း၊ရဟန်းတို့ စိတ်၏မငြိမ်းအေးမှုသည် ရှိ၏၊ထို(စိတ်၏ မငြိမ်းအေးမှု)၌ မသင့်လျော်သောအားဖြင့် နှလုံးသွင်းမှုကို ကြိမ်ဖန်များစွာပြုလုပ်ခြင်းပင်တည်း၊ ဤသည်ကား မဖြစ်သေးသော စိတ်ပျံ့လွင့်မှု 'ဥဒ္ဓစ္စ' နောင်တတဖန် ပူပန်မှု 'ကုက္ကုစ္စ' ကို ဖြစ်စေရန် ဖြစ်ပြီးသော စိတ်ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'နောင်တတဖန် ပူပန်မှု 'ကုက္ကုစ္စ' ကို အတိုင်းထက်အလွန် ဖြစ်စေရန် ပြန့်ပြောစေရန် အကြောင်းဖြစ်၏။

ရဟန်းတို့ မဖြစ်သေးသော မဝေခွဲနိုင်မှု'ဝိစိကိစ္ဆာ'ကို ဖြစ်စေရန် ဖြစ်ပြီးသော မဝေခွဲနိုင်မှု 'ဝိစိကိစ္ဆာ'ကို အတိုင်းထက်အလွန်ဖြစ်စေရန် ပြန့်ပြောစေရန် အကြောင်းကား အဘယ်နည်း၊ ရဟန်းတို့ မဝေခွဲနိုင်မှု'ဝိစိကိစ္ဆာ'၏တည်ရာ အာရုံတရားတို့သည် ရှိကုန်၏၊ ထို(အာရုံတရားတို့)၌ မသင့်လျော်သောအားဖြင့် နှလုံးသွင်းမှုကို ကြိမ်ဖန်များစွာပြုလုပ်ခြင်းပင်တည်း၊ ဤသည်ကား မဖြစ်သေးသော မဝေခွဲနိုင်မှု 'ဝိစိကိစ္ဆာ'ကို ဖြစ်စေရန် ဖြစ်ပြီးသော မဝေခွဲနိုင်မှု 'ဝိစိကိစ္ဆာ'ကို အတိုင်းထက်အလွန်ဖြစ်စေရန် ပြန့်ပြောစေရန် အကြောင်းဖြစ်၏။

ရဟန်းတို့ ဥပမာသော်ကား ဤကိုယ်သည် အကြောင်း'အာဟာရ'လျှင် တည်ရာရှိ၏၊ အကြောင်း 'အာဟာရ'ကို စွဲ၍တည်၏၊ အကြောင်း'အာဟာရ'မရှိပဲ မတည်နိုင်။ ရဟန်းတို့ ထိုအတူပင် နီဝရဏငါးပါးတို့သည် အကြောင်း'အာဟာရ'လျှင် တည်ရာရှိကုန်၏၊ အကြောင်း 'အာဟာရ'ကို စွဲ၍တည်ကုန်၏၊ အကြောင်း'အာဟာရ'မရှိပဲ မတည်နိုင်ကုန်။

ရဟန်းတို့ ဥပမာသေင်ကား ဤကိုယ်သည် အကြောင်း'အာဟာရ'လျှင် တည်ရာရှိ၏၊ အကြောင်း'အာဟာရ'ကို စွဲ၍တည်၏၊ အကြောင်း'အာဟာရ'မရှိပဲ မတည်နိုင်။ ရဟန်းတို့

http://www.dhammadownload.com



ထိုအတူပင် ဗောဇ္ဈင်ခုနစ်ပါးတို့သည် အကြောင်း'အာဟာရ'လျှင် တည်ရာရှိကုန်၏၊ အကြောင်း 'အာဟာရ'ကို စွဲ၍တည်ကုန်၏၊ အကြောင်း'အာဟာရ'မရှိပဲ မတည်နိုင်ကုန်။

ရဟန်းတို့ မဖြစ်သေးသော သတိသမ္ဗောဇ္ဈင်ကို ဖြစ်စေရန် ဖြစ်ပြီးသော သတိသမ္ဗောဇ္ဈင်ကို ပွါးများမှုပြည့်စုံစေရန် အကြောင်းကား အဘယ်နည်း၊ ရဟန်းတို့ သတိသမ္ဗောဇ္ဈင်၏ တည်ရာ အာရုံဖြစ်ကုန်သော (ဗောဓိပက္ခိယတရား လောကုတ္တရာ)တရားတို့သည် ရှိကုန်၏၊ထိုတရားတို့၌ သင့်လျော်သောအားဖြင့် နှလုံးသွင်းမှုကို ကြိမ်ဖန်များစွာပြုလုပ်ခြင်းပင်တည်း၊ ဤသည်ကား မဖြစ်သေးသော သတိသမ္ဗောဇ္ဈင်ကို ဖြစ်စေရန် ဖြစ်ပြီးသော သတိသမ္ဗောဇ္ဈင်ကို ပွါးများမှု ပြည့်စုံစေရန် အကြောင်းတည်း။

ရဟန်းတို့ မဖြစ်သေးသော ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ဖြစ်စေရန် ဖြစ်ပြီးသော ဓမ္မဝိစယ သမ္ဗောဇ္ဈင်ကို ပွါးများမှုပြည့်စုံစေရန် အကြောင်းကား အဘယ်နည်း၊ ရဟန်းတို့ ကုသိုလ် အကုသိုလ်တရား အပြစ်ရှိ အပြစ်မဲ့တရား အယုတ်အမြတ်တရား အကျိုးတူအဘို့ရှိသည့် အမည်း အဖြူဖြစ်သော တရားတို့သည် ရှိကုန်၏၊ ထိုတရားတို့၌ သင့်လျော်သောအားဖြင့် နှလုံးသွင်းမှုကို ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းပင်တည်း၊ ဤသည်ကား မဖြစ်သေးသော ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ဖြစ်စေရန် ဖြစ်ပြီးသော ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ပွါးများမှုပြည့်စုံစေရန် အကြောင်းဖြစ်၏။

ရဟန်းတို့ မဖြစ်သေးသော ဝီရိယသမ္ဗောဇ္ဈင်ကို ဖြစ်စေရန် ဖြစ်ပြီးသော ဝီရိယသမ္ဗောဇ္ဈင် ကို ပွါးများမှုပြည့်စုံစေရန် အကြောင်းကား အဘယ်နည်း၊ ရဟန်းတို့ ရှေးဦးစွာ အားထုတ်မှု 'အာရမ္ဘဓာတ်' ပျင်းရိခြင်းမှ လွတ်မြောက်မှု 'နိက္ကမဓာတ်' အဆင့်ဆင့်အားထုတ်မှု'ပရက္ကမဓာတ်' တို့သည် ရှိကုန်၏၊ ထိုအားထုတ်မှုတို့၌ သင့်လျော်သောအားဖြင့် နှလုံးသွင်းမှုကို ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းပင်တည်း၊ ဤသည်ကား မဖြစ်သေးသော ဝီရိယသမ္ဗောဇ္ဈင်ကို ဖြစ်စေရန် ဖြစ်ပြီးသော ဝီရိယသမ္ဗောဇ္ဈင်ကို ပွါးများမှုပြည့်စုံစေရန် အကြောင်းဖြစ်၏။

ရဟန်းတို့ မဖြစ်သေးသော ပီတိသမ္ဗောဇ္ဈင်ကို ဖြစ်စေရန် ဖြစ်ပြီးသော ပီတိသမ္ဗောဇ္ဈင်ကို ပွါးများမှုပြည့်စုံစေရန် အကြောင်းကား အဘယ်နည်း၊ ရဟန်းတို့ ပီတိသမ္ဗောဇ္ဈင်၏တည်ရာ အာရုံဖြစ်သော တရားတို့သည် ရှိကုန်၏၊ ထိုတရားတို့၌ သင့်လျော်သောအားဖြင့် နှလုံးသွင်း မှုကို ကြိမ်ဖန်များစွာပြုလုပ်ခြင်းပင်တည်း၊ ဤသည်ကား မဖြစ်သေးသော ပီတိသမ္ဗောဇ္ဈင်ကို ဖြစ်စေရန် ဖြစ်ပြီးသော ပီတိသမ္ဗောဇ္ဈင်ကို ပွါးများမှုပြည့်စုံစေရန် အကြောင်းဖြစ်၏။

ရဟန်းတို့ မဖြစ်သေးသော ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ဖြစ်စေရန် ဖြစ်ပြီးသော ပဿဒ္ဓိသမ္ဗောဇ္ဈင် ကို ပွါးများမှုပြည့်စုံစေရန် အကြောင်းကား အဘယ်နည်း၊ ရဟန်းတို့ ကိုယ်၏ငြိမ်းချမ်းမှု စိတ်၏ငြိမ်းချမ်းမှုတို့သည် ရှိကုန်၏၊ ထိုငြိမ်းချမ်းမှုတို့၌ သင့်လျော်သောအားဖြင့် နှလုံးသွင်း မှုကို ကြိမ်ဖန်များစွာပြုလုပ်ခြင်းပင်တည်း၊ ဤသည်ကား မဖြစ်သေးသော ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ဖြစ်စေရန် ဖြစ်ပြီးသော ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ပွါးများမှုပြည့်စုံစေရန် အကြောင်းဖြစ်၏။

ရဟန်းတို့ မဖြစ်သေးသော သမာဓိသမ္ဗောဇ္ဈင်ကို ဖြစ်စေရန် ဖြစ်ပြီးသော သမာဓိ သမ္ဗောဇ္ဈင်ကို ပွါးများမှုပြည့်စုံစေရန် အကြောင်းကား အဘယ်နည်း၊ ရဟန်းတို့ ကိလေသာ ငြိမ်းကြောင်း'သမထ'၏အာရုံ မပျံ့လွင့်သော သမာဓိ၏အာရုံတို့သည် ရှိကုန်၏၊ ထိုအာရုံတို့၌ သင့်လျော်သောအားဖြင့် နှလုံးသွင်းမှုကို ကြိမ်ဖန်များစွာပြုလုပ်ခြင်းပင်တည်း၊ ဤသည်ကား

http://www.dhammadownload.com



မဖြစ်သေးသော သမာဓိသမ္ဗောဇ္ဈင်ကို ဖြစ်စေရန် ဖြစ်ပြီးသော သမာဓိသမ္ဗောဇ္ဈင်ကို ပွါးများမှု ပြည့်စုံစေရန် အကြောင်းဖြစ်၏။

ရဟန်းတို့ မဖြစ်သေးသော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ဖြစ်စေရန် ဖြစ်ပြီးသော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများမှုပြည့်စုံစေရန် အကြောင်းကား အဘယ်နည်း၊ ရဟန်းတို့ ဥပေက္ခာသမ္ဗောဇ္ဈင်၏တည်ရာ အချုံဖြစ်သော တရားတို့သည် ရှိကုန်၏၊ ထိုတရားတို့၌ သင့်လျော်သော အားဖြင့် နှလုံးသွင်းမှုကို ကြိမ်ဖန်များစွာပြုလုပ်ခြင်းပင်တည်း၊ ဤသည်ကား မဖြစ်သေးသော ဥပေက္ခာသမ္ဗောဇ္ဈင်ကိုဖြစ်စေရန် ဖြစ်ပြီးသော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများမှုပြည့်စုံစေရန် အကြောင်းဖြစ်၏။

ရဟန်းတို့ ဥပမာသော်ကား ဤကိုယ်သည် အကြောင်း'အာဟာရ'လျှင် တည်ရာရှိ၏၊ အကြောင်း'အာဟာရ'ကို စွဲ၍တည်၏၊ အကြောင်း'အာဟာရ'မရှိပဲ မတည်နိုင်။ ရဟန်းတို့ ထို့အတူပင် ဗောဇ္ဈင်ခုနစ်ပါးတို့သည် အကြောင်း 'အာဟာရ' လျှင် တည်ရာရှိကုန်၏၊ အကြောင်း'အာဟာရ'ကို စွဲ၍တည်ကုန်၏၊ အကြောင်း'အာဟာရ'မရှိပဲ မတည်နိုင်ကုန်ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-သီလသုတ်

၁၈၄။ ရဟန်းတို့ သီလနှင့်ပြည့်စုံကုန်သော သမာဓိနှင့်ပြည့်စုံကုန်သော ဉာဏ်နှင့်ပြည့်စုံကုန်သော လွတ်မြောက်မှု'အရဟတ္တဖိုလ်ဝိမုတ္တိ'နှင့် ပြည့်စုံကုန်သော လွတ်မြောက်မှုကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်နှင့် ပြည့်စုံကုန်သော ရဟန်းတို့အား ဖူးမြော်ရခြင်းကိုလည်း ကျေးဇူးများ၏ဟု ငါဆို၏၊ ထိုရဟန်းတို့၏ ဂုဏ်ကျေးဇူးစကားကို ကြားနာရခြင်းကိုလည်း ကျေးဇူးများ၏ဟု ငါဆို၏၊ ထိုရဟန်းတို့အား ဆည်းကပ်ရခြင်းကိုလည်း ကျေးဇူးများ၏ဟု ငါဆို၏၊ ထိုရဟန်းတို့အား အဖန်ဖန်အောက်မေ့ရခြင်းကိုလည်း ကျေးဇူးများ၏ဟု ငါဆို၏၊ ထိုရဟန်းတို့သို့ အတုလိုက်၍ ရဟန်းပြုရခြင်းကိုလည်း ကျေးဇူးများ၏ဟု ငါဆို၏။ ထိုသို့ဆိုခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ ထိုသို့သဘောရှိကုန်သော ရဟန်းတို့၏တရားကို ကြားနာရသည်ရှိသော် ကိုယ်၏ငြိမ်းချမ်းခြင်းဧရင်း စိတ်၏ငြိမ်းချမ်းခြင်းရင်း ငြိမ်းချမ်းခြင်းနှစ်ပါးဖြင့် ငြိမ်းချမ်းစွာ နေရ၏၊ ထိုသူသည် ထိုကဲ့သို့ ငြိမ်းချမ်းစွာနေလျက် ထို(ဆုံးမဟောကြားအပ်သော)တရားကို အဖန်ဖန် အောက်မေ့၏၊ အဖန်ဖန် ကြံစည်၏။

ရဟန်းတို့ အကြင်အခါ ရဟန်းသည် ထိုသို့ ငြိမ်းချမ်းစွာနေလျက် ထို(ဆုံးမဟောကြားအပ်သော)တရားကို အဖန်ဖန် အောက်မေ့၏၊ အဖန်ဖန် ကြံစည်၏၊ ထိုအခါ ရဟန်းအား သတိသမ္ဗောဇ္ဈင်ကို အားထုတ်ပြီးဖြစ်၏၊ ထိုအခါ ရဟန်းသည် သတိသမ္ဗောဇ္ဈင်ကို ပွါးများ၏၊ထိုအခါ ရဟန်းအား သတိသမ္ဗောဇ္ဈင်သည် ပွါးများပြည့်စုံခြင်းသို့ ရောက်၏၊ ထိုရဟန်းသည် ထိုသို့ သတိနှင့်ပြည့်စုံစွာနေလျက် ထို(ဆုံးမဟောကြားအပ်သော)တရားကို ပညာဖြင့် စီစစ်၏၊ဉာဏ်ကို ဖြစ်စေ၏၊ စူးစမ်းရှာဖွေခြင်းသို့ ရောက်၏။

ရဟန်းတို့ အကြင်အခါ၌ ရဟန်းသည် ထိုသို့ သတိနှင့်ပြည့်စုံစွာနေလျက် ထို(ဆုံးမဟော ကြားအပ်သော)တရားကို ပညာဖြင့် စီစစ်၏၊ ဉာဏ်ကိုဖြစ်စေ၏၊ စူးစမ်းရှာဖွေခြင်းသို့ ရောက်၏၊

http://www.dhammadownload.com



ထိုအခါ ရဟန်းအား ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို အားထုတ်ပြီး ဖြစ်၏၊ ထိုအခါ ရဟန်းသည် ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ပွါးများ၏၊ ထိုအခါ ရဟန်းအား ဓမ္မဝိစယသမ္ဗောဇ္ဈင်သည် ပွါးများ ပြည့်စုံခြင်းသို့ ရောက်၏။ ထို(ဆုံးမဟောကြားအပ်သော)တရားကို ပညာဖြင့် စိစစ်သော ဉာဏ်ကိုဖြစ်စေသော စူးစမ်းရှာဖွေခြင်းသို့ ရောက်သော ထိုရဟန်းအား မတွန့်တိုသော လုံ့လကို အားထုတ်ပြီးဖြစ်၏။

ရဟန်းတို့ အကြင်အခါ ထို(ဆုံးမဟောကြားအပ်သော)တရားကို ပညာဖြင့် စိစစ်သော ဉာဏ်ကိုဖြစ်စေသော စူးစမ်းရှာဖွေခြင်းသို့ ရောက်သော ရဟန်းအား မတွန့်တိုသောလုံ့လကို အားထုတ်ပြီးဖြစ်၏၊ ထိုအခါ ရဟန်းအား ဝီရိယသမ္ဗောဇ္ဈင်ကို အားထုတ်ပြီးဖြစ်၏၊ ထိုအခါ ရဟန်းသည် ဝီရိယသမ္ဗောဇ္ဈင်ကို ပွါးများ၏၊ ထိုအခါ ရဟန်းအား ဝီရိယသမ္ဗောဇ္ဈင်သည် ပွါးများ ပြည့်စုံခြင်းသို့ ရောက်၏။မြဲမြံစွာ အားထုတ်ပြီးသော ရဟန်းအား ကာမဂုဏ်'အာမိသ'ကင်းသော နှစ်သိမ့်မှု'ပီတိ'ဖြစ်၏။

ရဟန်းတို့ အကြင်အခါ မြဲမြံစွာ အားထုတ်ပြီးသော ရဟန်းအား ကာမဂုဏ် 'အာမိသ' ကင်းသော နှစ်သိမ့်မှု'ပီတိ'ဖြစ်၏၊ ထိုအခါ ရဟန်းသည် ပီတိသမ္ဗောဇ္ဈင်ကို အားထုတ်ပြီးဖြစ်၏၊ ထိုအခါ ရဟန်းသည် ပီတိသမ္ဗောဇ္ဈင်ကို ပွါးများ၏၊ထိုအခါ ရဟန်းအား ပီတိသမ္ဗောဇ္ဈင်သည် ပွါးများပြည့်စုံခြင်းသို့ ရောက်၏။ ရဟန်းတို့ အကြင်အခါ နှစ်သိမ့်သော စိတ်ရှိသော ရဟန်းအား ကိုယ်သည်လည်း ငြိမ်းချမ်း၏၊ စိတ်သည်လည်း ငြိမ်းချမ်း၏၊ ထိုအခါ ရဟန်းသည် ပဿဒ္ဓိ သမ္ဗောဇ္ဈင်ကို အားထုတ်ပြီးဖြစ်၏၊ ထိုအခါ ရဟန်းသည် ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ပွါးများ၏၊ထိုအခါ ရဟန်းအား ပဿဒ္ဓိသမ္ဗောဇ္ဈင်သည် ပွါးများပြည့်စုံခြင်းသို့ ရောက်၏။ ငြိမ်းချမ်းသော ကိုယ်ရှိ သော ချမ်းသာသော ရဟန်း၏ စိတ်သည် တည်ကြည်၏။

အကြင်အခါ ငြိမ်းချမ်းသော ကိုယ်ရှိသော ချမ်းသာသော ရဟန်း၏ စိတ်သည် တည်ကြည်၏၊ ထိုအခါ၊ ရဟန်းအား သမာဓိသမ္ဗောဇ္ဈင်ကို အားထုတ်ပြီး ဖြစ်၏၊ ထိုအခါ ရဟန်းသည် သမာဓိ သမ္ဗောဇ္ဈင်ကို ပွါးများ၏၊ထိုအခါ ရဟန်းအား သမာဓိသမ္ဗောဇ္ဈင်သည် ပွါးများပြည့်စုံခြင်းသို့ ရောက်၏။ ထိုရဟန်းသည် ထိုသို့ တည်ကြည်သော စိတ်ကို ကောင်းစွာ လျစ်လျူရှု၏။

ရဟန်းတို့ အကြင်အခါ ရဟန်းသည် ထိုသို့ တည်ကြည်သော စိတ်ကို ကောင်းစွာ လျစ်လျူရှု ၏၊ ထိုအခါ ဥပေက္ခာသမ္ဗောဇ္ဈင်ကို အားထုတ်ပြီးဖြစ်၏၊ ထိုအခါ ရဟန်းသည် ဥပေက္ခာသမ္ဗောဇ္ဈင် ကို ပွါးများ၏။ထိုအခါ ရဟန်းအား ဥပေက္ခာသမ္ဗောဇ္ဈင်သည် ပွါးများပြည့်စုံခြင်းသို့ ရောက်၏။

ရဟန်းတို့ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ဤသို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည် ရှိသော် ခုနစ်ပါးသော အကျိုးအာနိသင်တို့ကို(မချွတ်ရလိမ့်မည်ဟု) မျှော်လင့်အပ်၏။ ခုနစ်ပါး သော အကျိုးအာနိသင်ဟူသည် အဘယ်နည်း၊ မျက်မှောက်ဘဝ စောစောကပင် အရဟတ္တဖိုလ် ကို ပြီးစေနိုင်၏။ မျက်မှောက်ဘဝ စောစောကပင် အရဟတ္တဖိုလ်ကို မပြီးစေနိုင်ခဲ့မူ သေခါနီး အခါ၌ အရဟတ္တဖိုလ်ကို ပြီးစေနိုင်၏။မျက်မှောက်ဘဝ စောစောကပင် အရဟတ္တဖိုလ်ကို မပြီးစေနိုင် ခဲ့မူ သေခါနီးအခါ၌ အရဟတ္တဖိုလ်ကို မပြီးစေနိုင်ခဲ့မူ အောက်ပိုင်းသံယောဇဉ်ငါးပါးတို့ ကုန်ခြင်း ကြောင့် (အသက်တမ်း၏) အလယ်၌ (အရဟတ္တဖိုလ်သို့ ရောက်လျက်) ပရိနိဗ္ဗာန် ပြုရသော အန္တရာပရိနိဗ္ဗာယီမည်သော အနာဂါမ်ဖြစ်နိုင်၏။ မျက်မှောက်ဘဝ စောစောကပင် မသေမီက

http://www.dhammadownload.com



အရဟတ္တဖိုလ်ကို မပြီးစေနိုင်ခဲ့မူ သေခါနီးအခါ၌ အရဟတ္တဖိုလ်ကို မပြီးစေနိုင်ခဲ့မူ အောက်ပိုင်းသံယောဇဉ်ငါးပါးတို့ ကုန်ခြင်းကြောင့် အသက်တမ်း၏ အလယ်၌ (အရဟတ္တဖိုလ်သို့ ရောက်လျက်) ပရိနိဗ္ဗာန်ပြုရသော အန္တရာပရိနိဗ္ဗာယီမည်သော အနာဂါမ်မဖြစ်နိုင်ခဲ့မူ အောက်ပိုင်းသံယောဇဉ်ငါးပါးတို့ ကုန်ခြင်းကြောင့် အသက်တမ်း၏ ထက်ပက်ကို လွန်၍ အရဟတ္တဖိုလ်သို့ ရောက်လျက် ပရိနိဗ္ဗာန်ပြုရသော ဥပဟစ္စပရိနိဗ္ဗာယီမည်သော အနာဂါမ်ဖြစ်နိုင်၏။ မျက်မှောက် ဘဝ စောစောကပင် အရဟတ္တဖိုလ်ကို မပြီးစေနိုင်ခဲ့မူ သေခါနီးအခါ၌ အရဟတ္တဖိုလ်ကို မပြီးစေနိုင်ခဲ့မူ အောက်ပိုင်းသံယောဇဉ်ငါးပါးတို့ ကုန်ခြင်းကြောင့် အသက်တမ်း၏ အလယ်၌(အရဟတ္တဖိုလ်သို့ ရောက်လျက်) ပရိနိဗ္ဗာန်ပြုရသော အန္တရာပရိနိဗ္ဗာယီမည်သော အနာဂါမ်မဖြစ်နိုင်ခဲ့မူ အောက်ပိုင်းသံယောဇဉ်ငါးပါးတို့ ကုန်ခြင်းကြောင့် အသက်တမ်း၏ ထက်ဝက်ကို လွန်၍ အရဟတ္တဖိုလ်သို့ ရောက်လျက် ပရိနိဗ္ဗာန်ပြုရသော ဥပဟစ္စပရိနိဗ္ဗာယီမည်သော အနာဂါမ်မဖြစ်နိုင်ခဲ့မူ အောက်ပိုင်းသံယောဇဉ်ငါးပါးတို့ ကုန်ခြင်းကြောင့် ပယောဂ (လုံ့လ) မပါပဲ (အရဟတ္တဖိုလ်သို့ ရောက်လျက်) ပရိနိဗ္ဗာန်ပြုရသော အသင်္ခါရပရိနိဗ္ဗာယီမည်သော အနာဂါမ်ဖြစ်နိုင်၏။ မျက်မှောက် ဘဝ စောစောကပင် အရဟတ္တဖိုလ်ကို မပြီးစေနိုင်ခဲ့မူ သေခါနီး အခါ၌ အရဟတ္တဖိုလ်ကို မပြီးစေနိုင်ခဲ့မူ အောက်ပိုင်းသံယောဇဉ်ငါးပါးတို့ ကုန်ခြင်းကြောင့် အသက်တမ်း၏ အလယ်၌(အရဟတ္တဖိုလ်သို့ ရောက်လျက်) ပရိနိဗ္ဗာန်ပြုရသော အန္တရာပရိနိဗ္ဗာယီမည်သော အနာဂါမ် မဖြစ်နိုင်ခဲ့မူ အောက်ပိုင်းသံယောဇဉ်ငါးပါးတို့ ကုန်ခြင်းကြောင့် အသက်တမ်း၏ ထက်ဝက်ကို လွန်၍(အရဟတ္တဖိုလ်သို့ ရောက်လျက်) ပရိနိဗ္ဗာန်ပြုရသော ဥပဟစ္စပရိနိဗ္ဗာယီမည်သော အနာဂါမ်မဖြစ်နိုင်ခဲ့မူ အောက်ပိုင်းသံယောဇဉ်ငါးပါးတို့ ကုန်ခြင်းကြောင့် ပယောဂ(လုံ့လ) မပါပဲ (အရဟတ္တဖိုလ်သို့ ရောက်လျက်) ပရိနိဗ္ဗာန်ပြုရသော အသင်္ခါရပရိနိဗ္ဗာယီမည်သော အနာဂါမ်မဖြစ်နိုင်ခဲ့မူ အောက်ပိုင်းသံယောဇဉ်တို့ ကုန်ခြင်းကြောင့် ပယောဂ (လုံ့လ) နှင့်တကွ (အရဟတ္တဖိုလ်သို့ ရောက်လျက်)ပရိနိဗ္ဗာန်ပြုရသော သသင်္ခါရပရိနိဗ္ဗာယီမည်သော အနာဂါမ်ဖြစ်နိုင်၏။ မျက်မှောက် ဘဝ စောစောကပင် အရဟတ္တဖိုလ်ကို မပြီးစေနိုင်ခဲ့မူ သေခါနီးအခါ၌ အရဟတ္တဖိုလ်ကို မပြီးစေနိုင်ခဲ့မူ အောက်ပိုင်းသံယောဇဉ်ငါးပါးတို့ ကုန်ခြင်းကြောင့် အသက်တမ်း၏ အလယ်၌ (အရဟတ္တဖိုလ်သို့ ရောက်လျက်) ပရိနိဗ္ဗာန်ပြုရသော အန္တရာပရိနိဗ္ဗာယီမည်သော အနာဂါမ်မဖြစ်နိုင်ခဲ့မူ အောက်ပိုင်းသံယောဇဉ်ငါးပါးတို့ ကုန်ခြင်းကြောင့် အသက်တမ်း၏ ထက်ဝက်ကို လွန်၍(အရဟတ္တဖိုလ်သို့ ရောက်လျက်) ပရိနိဗ္ဗာန်ပြုရသော ဥပဟစ္စပရိနိဗ္ဗာယီမည်သော အနာဂါမ်မဖြစ်နိုင်ခဲ့မူ အောက်ပိုင်းသံယောဇဉ်ငါးပါးတို့ ကုန်ခြင်းကြောင့် ပယောဂ(လုံ့လ) မပါပဲ (အရဟတ္တဖိုလ်သို့ ရောက်လျက်) ပရိနိဗ္ဗာန်ပြုရသော အသင်္ခါရပရိနိဗ္ဗာယီမည်သော အနာဂါမ်မဖြစ်နိုင်ခဲ့မူ အောက်ပိုင်းသံယောဇဉ်ငါးပါးတို့ ကုန်ခြင်းကြောင့် ပယောဂ(လုံ့လ)နှင့်တကွ (အရဟတ္တဖိုလ်သို့ ရောက်လျက်) ပရိနိဗ္ဗာန်ပြုရသော သသင်္ခါရပရိနိဗ္ဗာယီမည်သော အနာဂါမ်မဖြစ်နိုင်ခဲ့မူ အောက်ပိုင်းသံယောဇဉ်ငါးပါးတို့ ကုန်ခြင်းကြောင့် အထက်အထက်ဘုံသို့ အဆင့်ဆင့်တက်၍ အကနိဋ္ဌဘုံ၌ (အရဟတ္တဖိုလ်သို့ ရောက်လျက်)ပရိနိဗ္ဗာန်ပြုရသော ဥဒ္ဓံသောတအကနိဋ္ဌဂါမီမည်သော အနာဂါမ် ဖြစ်နိုင်၏။ ရဟန်းတို့ ဗောဇ္ဈင် ခုနစ်ပါးတို့ကို ဤသို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ် ကုန်သည်ရှိသော် ဤခုနစ်ပါးသော အကျိုးအာနိသင်တို့ကို (မချွတ်ရလိမ့်မည်ဟု) မြော်လင့်အပ်၏ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

http://www.dhammadownload.com



## ၄-ဝတ္ထသုတ်

၁၈၅။ အခါတပါး၌ အသျှင်သာရိပုတြာသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ အသျှင်သာရိပုတြာသည် ရဟန်းတို့ကို "ငါ့သျှင်ရဟန်းတို့"ဟု ခေါ်တော်မူ၏၊ ထိုရဟန်းတို့သည် "ငါ့သျှင်"ဟု အသျှင်သာရိပုတြာအား ပြန်လျှောက်ကြကုန်၏။အသျှင်သာရိပုတြာသည် ဤစကားကို မိန့်တော်မူ၏—

ငါ့သျှင်တို့ ဗောဇ္ဈင်တို့သည် ဤခုနစ်ပါးတို့တည်း။ အဘယ်ခုနစ်ပါးတို့နည်း၊ သတိသမ္ဗောဇ္ဈင် ဓမ္မဝိစယသမ္ဗောဇ္ဈင် ဝီရိယသမ္ဗောဇ္ဈင် ပီတိသမ္ဗောဇ္ဈင် ပဿဒ္ဓိသမ္ဗောဇ္ဈင် သမာဓိသမ္ဗောဇ္ဈင် ဥပေက္ခာသမ္ဗောဇ္ဈင်တို့တည်း၊ ငါ့သျှင်တို့ ဗောဇ္ဈင်တို့သည် ဤခုနစ်ပါးတို့တည်း။ ငါ့သျှင်တို့ ငါသည် ဗောဇ္ဈင်ခုနစ်ပါးတို့တွင် နံနက်အချိန်၌ နေလိုသော ဗောဇ္ဈင်ဖြင့် နေနိုင်၏၊ မွန်းတည့်အချိန်၌ နေလိုသော ဗောဇ္ဈင်ဖြင့် နေနိုင်၏၊ ညနေအချိန်၌ နေလိုသော ဗောဇ္ဈင်ဖြင့် နေနိုင်၏။ ငါ့သျှင်တို့ သတိသမ္ဗောဇ္ဈင်ဟူ၍ ငါ့အား (နှလုံးသွင်းခြင်း) ဖြစ်ခဲ့မူ မနှိုင်းရှည့်နိုင်သော သတိသမ္ဗောဇ္ဈင်ဖြစ်၏ဟု ငါ့အား(နှလုံးသွင်းခြင်း)ဖြစ်၏၊ကောင်းစွာ ပြည့်စုံပြီးသော သတိသမ္ဗောဇ္ဈင်ဖြစ်၏ဟု ငါ့အား (နှလုံးသွင်းခြင်း) ဖြစ်၏၊ တည်တံ့သော သတိသမ္ဗောဇ္ဈင်ကိုလည်း တည်တံ့၏ဟု ငါသိ၏၊ ငါ့အား သတိသမ္ဗောဇ္ဈင် ရွေ့လျောသွားခဲ့မူ ဤအကြောင်းကြောင့် ရွေ့လျောသွား၏ဟု ငါသိ၏။ပ။ ငါ့သျှင်တို့ ဥပေက္ခာသမ္ဗောဇ္ဈင်ဟူ၍ ငါ့အား (နှလုံးသွင်းခြင်း) ဖြစ်ခဲ့မူ မနှိုင်းရှည့်နိုင်သော ဥပေက္ခာသမ္ဗောဇ္ဈင်ဖြစ်၏ဟု ငါ့အား (နှလုံးသွင်းခြင်း) ဖြစ်၏၊ ကောင်းစွာ ပြည့်စုံပြီးသော ဥပေက္ခာသမ္ဗောဇ္ဈင်ဖြစ်၏ဟု ငါ့အား(နှလုံးသွင်းခြင်း)ဖြစ်၏၊ တည်တံ့သော ဥပေက္ခာသမ္ဗောဇ္ဈင်ကိုလည်း တည်တံ့၏ဟု ငါသိ၏၊ ငါ့အား ဥပေက္ခာသမ္ဗောဇ္ဈင် ရွေ့လျောသွားခဲ့မူ ဤအကြောင်းကြောင့် ရွေ့လျောသွား၏ဟု ငါသိ၏။

ငါ့သျှင်တို့ ဥပမာသော်ကား မင်း၏ငှင်း မင်း အမတ်ကြီး၏ငှင်း ပုဆိုးသေတ္တာသည် အမျိုးမျိုး ဆိုးအပ်ကုန်သော ပုဆိုးတို့ဖြင့် ပြည့်ရာ၏၊ ထိုမင်းသည် နံနက်အချိန်၌ ဝတ်ရုံလိုသော ပုဆိုးအစုံကို ဝတ်ရုံနိုင်ရာ၏၊ မွန်းတည့်အချိန်၌ ဝတ်ရုံလိုသော ပုဆိုးအစုံကို ဝတ်ရုံနိုင်ရာ၏၊ ညနေအချိန်၌ ဝတ်ရုံလိုသော ပုဆိုးအစုံကို ဝတ်ရုံနိုင်ရာ၏။ ထို့အတူပင် ငါသည် ဗောဇ္ဈင်ခုနစ်ပါးတို့တွင် နံနက်အချိန်၌ နေလိုသော ဗောဇ္ဈင်ဖြင့် နေနိုင်၏၊ မွန်းတည့်အချိန်၌ နေလိုသော ဗောဇ္ဈင်ဖြင့် နေနိုင်၏၊ ညနေအချိန်၌ နေလိုသော ဗောဇ္ဈင်ဖြင့် နေနိုင်၏။ ငါ့သျှင်တို့ သတိသမ္ဗောဇ္ဈင်ဟူ၍ ငါ့အား (နှလုံးသွင်းခြင်း) ဖြစ်ခဲ့မူ မနှိုင်းရှည့်နိုင်သော သတိသမ္ဗောဇ္ဈင်ဖြစ်၏ဟု ငါ့အား (နှလုံးသွင်းခြင်း) ဖြစ်၏၊ ကောင်းစွာ ပြည့်စုံပြီးသော သတိသမ္ဗောဇ္ဈင်ဖြစ်၏ဟု ငါ့အား (နှလုံးသွင်းခြင်း) ဖြစ်၏၊ တည်တံ့သော သတိသမ္ဗောဇ္ဈင်ကိုလည်း တည်တံ့၏ဟု ငါသိ၏၊ ငါ့အား သတိသမ္ဗောဇ္ဈင် ရွေ့လျောခဲ့မူ ဤအကြောင်းကြောင့် ရွေ့လျောသွား၏ဟု ငါသိ၏။ပ။ ဥပေက္ခာသမ္ဗောဇ္ဈင် ဟူ၍ ငါ့အား (နှလုံးသွင်းခြင်း) ဖြစ်ခဲ့မူ မနှိုင်းရှည့်နိုင်သော ဥပေက္ခာသမ္ဗောဇ္ဈင် ဖြစ်၏ဟု ငါ့အား (နှလုံးသွင်းခြင်း) ဖြစ်၏၊ ကောင်းစွာ ပြည့်စုံပြီးသော ဥပေက္ခာသမ္ဗောဇ္ဈင်ဖြစ်၏ဟု ငါ့အား (နှလုံးသွင်းခြင်း)ဖြစ်၏၊ တည်တံ့သော ဥပေက္ခာသမ္ဗောဇ္ဈင်ကိုလည်း တည်တံ့၏ဟု ငါသိ၏၊ ငါ့အား ဥပေက္ခာသမ္ဗောဇ္ဈင် ရွေ့လျောသွားခဲ့မူ ဤအကြောင်းကြောင့် ရွေ့လျောသွား၏ဟု ငါသိ၏ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

http://www.dhammadownload.com



## ၅-ဘိက္ခုသုတ်

၁၈၆။ သာဝတ္ထိနိဒါန်း။ ထိုအခါ ရဟန်းတပါးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား "အသျှင်ဘုရား ဗောဇ္ဈင် ဗောဇ္ဈင်ဟု ဆိုအပ်ပါကုန်၏၊ အဘယ့်ကြောင့် ဗောဇ္ဈင်ဟု ဆိုအပ်ပါကုန်သနည်း"ဟု လျှောက်၏။ ရဟန်း(နိဗ္ဗာန်ကို) သိခြင်းအကျိုးငှါ ဖြစ်ကုန်သောကြောင့် ဗောဇ္ဈင်တို့ဟု ဆိုအပ်ကုန်၏။ ရဟန်း ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကိုမှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကိုမှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ညွတ်သော သတိသမ္ဗောဇ္ဈင်ကို ပွါးများ၏။ပ။ ဆိတ်ငြိမ်ခြင်းကိုမှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကိုမှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ညွတ်သော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများ၏။ ဤဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများသော ထိုရဟန်း၏ စိတ်သည် ကာမာသဝမှလည်း လွတ်မြောက်၏၊ ဘဝါသဝမှလည်း လွတ်မြောက်၏၊ အဝိဇ္ဇာသဝမှလည်း လွတ်မြောက်၏၊ လွတ်မြောက်ပြီးသော အရဟတ္တဖိုလ်၌ လွတ်မြောက်ပြီဟု အသိဉာဏ် ဖြစ်ပေါ်၏၊ "ပဋိသန္ဓေနေမှုကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်ကိစ္စ) အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ"ဟု သိ၏၊ ရဟန်း (နိဗ္ဗာန်ကို) သိခြင်းအကျိုးငှါ ဖြစ်ကုန်သောကြောင့် ဗောဇ္ဈင်တို့ဟု ဆိုအပ်ကုန်၏ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၆-ကုဏ္ဍလိယသုတ်

၁၈၇။ အခါတပါး၌ မြတ်စွာဘုရားသည် သာကေတမြို့ဝယ် သားတို့အားဘေးမဲ့ပေးရာဖြစ်သော အဉ္စနတော၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ ကုဏ္ဍလိယပရိဗိုဇ်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုပြီးလျှင် တခုသော နေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—"အသျှင်ဂေါတမ အကျွန်ုပ်သည် အရံကိုအမှီပြု၍ နေလေ့ရှိပါ၏၊ ပရိသတ်၌ ကျက်စားပါ၏၊ ဆွမ်းစားပြီးနောက် နံနက်စာ စားပြီးသော အကျွန်ုပ်အား 'အရံတခုမှ အရံတခုသို့ ဥယျာဉ်တခုမှ ဥယျာဉ်တခုသို့ လှည့်လည်သွားလာခြင်း ထိုထို ဤဤ လှည့်လည်ခြင်း'ဟူသော ဤအကျင့်ရှိပါ၏၊ ထိုအကျွန်ုပ်သည် ထိုအရံဥယျာဉ်တို့၌ ဤသို့ ဝါဒတင်ခြင်းမျိုးမှ လွတ်မြောက်ခြင်းအကျိုးလည်းရှိသော သူတပါးတို့အပေါ်၌ ချုတ်ချယ်ခြင်းအကျိုးလည်းရှိသော စကားကို ပြောဆိုနေကုန်သော အချို့သမဏ ဗြာဟ္မဏတို့ကို တွေ့မြင်ရပါ၏၊ အသျှင်ဂေါတမသည်ကား အဘယ်အကျိုးရှိ၍ နေပါသနည်း" ဟု(လျှောက်၏)။ ကုဏ္ဍလိယ မြတ်စွာဘုရားသည် အသိဉာဏ်'ဝိဇ္ဇာ'(ကိလေသာမှ)လွတ်မြောက်မှု 'ဝိမုတ္တိ' အကျိုးအာနိသင်ရှိ၍သာ နေ၏ဟု (မိန့်တော်မူ၏)။

အသျှင်ဂေါတမ အဘယ်တရားတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည် ရှိသော် အသိဉာဏ်'ဝိဇ္ဇာ' (ကိလေသာမှ) လွတ်မြောက်မှု 'ဝိမုတ္တိ'ကို ပြည့်စုံစေနိုင်ပါကုန်သနည်း။ ကုဏ္ဍလိယ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် အသိဉာဏ် 'ဝိဇ္ဇာ' (ကိလေသာမှ) လွတ်မြောက်မှု 'ဝိမုတ္တိ' ကို ပြည့်စုံစေနိုင်ကုန်၏။ အသျှင်

http://www.dhammadownload.com



ဂေါတမ အဘယ်တရားတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပြည့်စုံစေနိုင်ပါကုန်သနည်း။ ကုဏ္ဍလိယ သတိပဋ္ဌာန်လေးပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပြည့်စုံစေနိုင်ကုန်၏။ အသျှင်ဂေါတမ အဘယ်တရားတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် သတိပဋ္ဌာန်လေးပါးတို့ကို ပြည့်စုံစေနိုင်ပါကုန်သနည်း။ ကုဏ္ဍလိယ ကောင်းစွာအကျင့် 'သုစရိုက်' သုံးပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် သတိပဋ္ဌာန်လေးပါးတို့ကို ပြည့်စုံစေနိုင်ကုန်၏။ အသျှင်ဂေါတမ အဘယ်တရားတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် ကောင်းသောအကျင့် 'သုစရိုက်' သုံးပါးတို့ကို ပြည့်စုံစေနိုင်ပါကုန်သနည်း။ ကုဏ္ဍလိယ ဣန္ဒြေစောင့်စည်းမှု 'ဣန္ဒြိယသံဝရသီလ'ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် ကောင်းသောအကျင့် 'သုစရိုက်' သုံးပါးတို့ကို ပြည့်စုံစေနိုင်ကုန်၏။

ကုဏ္ဍလိယ အဘယ်သို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သော ဣန္ဒြေစောင့်စည်းမှု 'ဣန္ဒြိယသံဝရသီလ' သည် ကောင်းသောအကျင့် 'သုစရိုက်' သုံးပါးတို့ကို ပြည့်စုံစေနိုင်သနည်း၊ ကုဏ္ဍလိယ ဤသာသနာတော်၌ ရဟန်းသည် မျက်စိဖြင့် နှစ်သက်ဖွယ်အဆင်း'ရူပါရုံ'ကို မြင်သည်ရှိသော် မမက်မော မရွှင်ပျ စွဲမက်မှု 'ရာဂ' မဖြစ်၊ ထိုရဟန်း၏ နာမကာယသည်လည်း(ကမ္မဋ္ဌာန်း) အာရုံ (အဇ္ဈတ္တ)၌ တည်၏၊စိတ်သည်လည်း(ကမ္မဋ္ဌာန်း)အာရုံ (အဇ္ဈတ္တ)၌ တည်၏၊ ကောင်းစွာ တည်၏၊ (ကိလေသာမှ)ကောင်းစွာ လွတ်မြောက်၏၊ မျက်စိဖြင့် မနှစ်သက်ဖွယ် အဆင်း'ရူပါရုံ'ကို မြင်သည်ရှိသော် မျက်နှာမသာမှုမဖြစ်၊ (ကိလေသာ၏အစွမ်းဖြင့်)တည်သောစိတ်မရှိ၊ ဆင်းရဲသော စိတ် မရှိ၊ဖျက်ဆီးတတ်သော 'ဒေါသ'စိတ် မရှိ၊ထိုရဟန်း၏ နာမကာယသည်လည်း (ကမ္မဋ္ဌာန်း) အာရုံ (အဇ္ဈတ္တ)၌ တည်၏၊ စိတ်သည်လည်း (ကမ္မဋ္ဌာန်း) အာရုံ (အဇ္ဈတ္တ)၌ တည်၏၊ ကောင်းစွာတည်၏၊ (ကိလေသာမှ) ကောင်းစွာ လွတ်မြောက်၏။

ကုဏ္ဍလိယ နောက်တမျိုးကား ရဟန်းသည် နားဖြင့် အသံ 'သဒ္ဒါရုံ' ကို ကြားသည်ရှိသော် ။ပ။ နှာခေါင်းဖြင့် အနံ့ 'ဂန္ဓာရုံ' ကို နမ်းသည်ရှိသော်။ပ။ လျှာဖြင့် အရသာ 'ရသာရုံ'ကို လျက်သည်ရှိသော်။ပ။ ကိုယ်ဖြင့် အတွေ့အထိ 'ဖောဋ္ဌဗ္ဗာရုံ'ကို တွေ့ထိသည်ရှိသော်။ပ။စိတ်ဖြင့် နှစ်သက်ဖွယ်သောသဘော 'ဓမ္မာရုံ' ကို သိသည်ရှိသော် မမက်မော မရွှင်ပျ စွဲမက်မှု'ရာဂ' မဖြစ်၊ ထိုရဟန်း၏ နာမကာယသည်လည်း (ကမ္မဋ္ဌာန်း) အာရုံ (အဇ္ဈတ္တ) ၌ တည်၏၊ စိတ်သည်လည်း (ကမ္မဋ္ဌာန်း) အာရုံ (အဇ္ဈတ္တ)၌ တည်၏၊ ကောင်းစွာတည်၏၊ (ကိလေသာမှ)ကောင်းစွာ လွတ်မြောက်၏။ စိတ်ဖြင့် မနှစ်သက်ဖွယ်သဘော 'ဓမ္မာရုံ' ကို သိသည်ရှိသော် မျက်နှာမသာမှု မဖြစ်၊ (ကိလေသာ၏အစွမ်းဖြင့်) တည်သောစိတ်မရှိ၊ ဆင်းရဲသောစိတ်မရှိ၊ ဖျက်ဆီးတတ်သော'ဒေါသ'စိတ်မရှိ၊ထိုရဟန်း၏ နာမကာယသည်လည်း(ကမ္မဋ္ဌာန်း) အာရုံ(အဇ္ဈတ္တ)၌ တည်၏၊ စိတ်သည်လည်း (ကမ္မဋ္ဌာန်း) အာရုံ (အဇ္ဈတ္တ)၌ တည်၏၊ ကောင်းစွာ တည်၏၊ (ကိလေသာမှ) ကောင်းစွာ လွတ်မြောက်၏။

ကုဏ္ဍလိယ ယင်းသို့သော အကြောင်းကြောင့်ပင် ရဟန်းအား မျက်စိဖြင့် အဆင်း'ရူပါရုံ'ကို မြင်သည်ရှိသော် နှစ်သက်ဖွယ် မနှစ်သက်ဖွယ်ဖြစ်သော အဆင်း 'ရူပါရုံ' တို့၌ နာမကာယသည်လည်း (ကမ္မဋ္ဌာန်း) အာရုံ (အဇ္ဈတ္တ) ၌ တည်၏၊ စိတ်သည်လည်း (ကမ္မဋ္ဌာန်း) အာရုံ (အဇ္ဈတ္တ) ၌ တည်၏၊ကောင်းစွာ တည်၏၊(ကိလေသာမှ) ကောင်းစွာ လွတ်မြောက်၏။ နားဖြင့်

http://www.dhammadownload.com



အသံ 'သဒ္ဒါရုံ' ကို ကြားသည်ရှိသော်။ပ။ နှာခေါင်းဖြင့် အနံ့ 'ဂန္ဓာရုံ' ကို နမ်းသည်ရှိသော်။ပ။ လျှာဖြင့် အရသာ 'ရသာရုံ' ကို လျက်သည်ရှိသော်။ပ။ ကိုယ်ဖြင့် အတွေ့အထိ 'ဖောဋ္ဌဗ္ဗာရုံ' ကို တွေ့ထိသည်ရှိသော်။ပ။စိတ်ဖြင့် သဘောတရား 'ဓမ္မာရုံ' ကို တွေ့ထိသည်ရှိသော် နှစ်သက်ဖွယ် မနှစ်သက်ဖွယ်ဖြစ်သော သဘော 'ဓမ္မာရုံ' တို့၌ နာမကာယသည်လည်း (ကမ္မဋ္ဌာန်း) အာရုံ (အဇ္ဈတ္တ) ၌ တည်၏၊ စိတ်သည်လည်း (ကမ္မဋ္ဌာန်း) အာရုံ (အဇ္ဈတ္တ) ၌ တည်၏၊ ကောင်းစွာဘည်၏၊ (ကိလေသာမှ) ကောင်းစွာလွတ်မြောက်၏။ ကုဏ္ဍလိယ ဤသို့ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သော ဣန္ဒြေစောင့်စည်းမှု 'ဣန္ဒြိယသံဝရသီလ' သည် ကောင်းသောအကျင့် 'သုစရိုက်' သုံးပါးတို့ကို ပြည့်စုံစေနိုင်၏။

ကုဏ္ဍလိယ အဘယ်သို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သော ကောင်းသောအကျင့် 'သုစရိုက်' သုံးပါးတို့သည် သတိပဋ္ဌာန်လေးပါးတို့ကို ပြည့်စုံစေနိုင်ကုန်သနည်း၊ ကုဏ္ဍလိယ ဤသာသနာတော်၌ ရဟန်းသည် ကိုယ်ဖြင့်ပြုအပ်သော မကောင်းသောအကျင့် 'ကာယဒုစရိုက်' ကို ပယ်၍ ကိုယ်ဖြင့်ပြုအပ်သော ကောင်းသောအကျင့် 'ကာယသုစရိုက်' ကို ပွါးများ၏၊ နှုတ်ဖြင့်ပြုအပ်သော မကောင်းသောအကျင့် 'ဝစီဒုစရိုက်' ကို ပယ်၍ နှုတ်ဖြင့်ပြုအပ်သော ကောင်းသောအကျင့် 'ဝစီသုစရိုက်' ကို ပွါးများ၏၊ စိတ်ဖြင့် ကြံအပ်သော မကောင်းသောအကျင့် 'မနောဒုစရိုက်' ကို ပယ်၍ စိတ်ဖြင့်ပြုအပ်သော ကောင်းသောအကျင့် 'မနောသုစရိုက်' ကို ပွါးများ၏။ ကုဏ္ဍလိယ ဤသို့ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သော ကောင်းသောအကျင့် 'သုစရိုက်' သုံးပါးတို့သည် သတိပဋ္ဌာန်လေးပါးတို့ကို ပြည့်စုံစေနိုင်ကုန်၏။

ကုဏ္ဍလိယ အဘယ်သို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သော သတိပဋ္ဌာန်လေးပါးတို့သည် ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပြည့်စုံစေနိုင်ကုန်သနည်း၊ ကုဏ္ဍလိယ ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာအားထုတ်လျက် ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ' နှင့် ပြည့်စုံသည်ဖြစ်၍ လောက၌ မက်မောမှု 'အဘိဇ္ဈာ' နှလုံးမသာမှု 'ဒေါမနဿ' တို့ကို ပယ်ဖျောက်၍ ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အဖန်ဖန်ရှုလျက် နေ၏။ ဝေဒနာတို့၌။ပ။ စိတ်၌။ပ။ ပြင်းစွာအားထုတ်လျက် ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ' နှင့် ပြည့်စုံသည်ဖြစ်၍ လောက၌ မက်မောမှု 'အဘိဇ္ဈာ' နှလုံးမသာမှု 'ဒေါမနဿ' တို့ကို ပယ်ဖျောက်၍ သဘောတရားတို့ကို အဖန်ဖန်ရှုလျက် နေ၏။ ကုဏ္ဍလိယ ဤသို့ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သော သတိပဋ္ဌာန်လေးပါးတို့သည် ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပြည့်စုံစေနိုင်ကုန်၏။

ကုဏ္ဍလိယ အဘယ်သို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သော ဗောဇ္ဈင်ခုနစ်ပါးတို့သည် အသိဉာဏ် 'ဝိဇ္ဇာ' (ကိလေသာမှ) လွတ်မြောက်မှု 'ဝိမုတ္တိ' ကို ပြည့်စုံစေနိုင်ကုန်သနည်း၊ ကုဏ္ဍလိယ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကိုမှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကိုမှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ညွတ်သော သတိသမ္ဗောဇ္ဈင်ကို ပွါးများ၏။ပ။ ဆိတ်ငြိမ်ခြင်းကိုမှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကိုမှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ညွတ်သော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများ၏။ ကုဏ္ဍလိယ ဤသို့ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သော ဗောဇ္ဈင်ခုနစ်ပါးတို့သည် အသိဉာဏ် 'ဝိဇ္ဇာ' (ကိလေသာမှ) လွတ်မြောက်မှု 'ဝိမုတ္တိ' ကို ပြည့်စုံစေနိုင်ကုန်၏ဟု (မိန့်တော်မူ၏)။

ဤသို့မိန့်တော်မူသည်ရှိသော် ကုဏ္ဍလိယပရိဗိုဇ်သည် မြတ်စွာဘုရားအား ဤစကားကိုလျှောက်၏ "အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေစွ၊ အသျှင်ဂေါတမ (တရား

http://www.dhammadownload.com



တော်သည်)အလွန်နှစ်သက်ဖွယ် ရှိပါပေစွ၊ အသျှင်ဂေါတမ မှောက်ထားသောအိုးကို လှန်ဘိသကဲ့သို့ရင်း ဖုံးလွှမ်းထားသောဝတ္ထုကို ဖွင့်လှစ်ဘိသကဲ့သို့ရင်း မျက်စိလည်သောသူအား လမ်းမှန်ကို ပြောကြားဘိသကဲ့သို့ရင်း 'မျက်စိ အမြင်ရှိသော သူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်'ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့ရင်း အသျှင်ဂေါတမ ဤအတူ ပင်လျှင် အသျှင်ဂေါတမသည် အကြောင်းအမျိုးမျိုးဖြင့် တရားတော်ကို ပြတော်မူပါပေ၏။ အသျှင်ဂေါတမ ထိုအကျွန်ုပ်သည် အသျှင်ဂေါတမကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကိုရင်း သံဃာတော်ကိုရင်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ အသျှင်ဂေါတမသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ် ဆည်းကပ်သော ဥပါသကာဟု မှတ်တော်မူပါ" ဟု လျှောက်၏။

ဆဋ္ဌသုတ်။

## ၇-ကုဏ္ဍလိယသုတ်

၁၈၈။ ရဟန်းတို့ အထွတ်တပ်သောအိမ်၌ အလုံးစုံသော အခြင်ရနယ်တို့သည် အထွတ်သို့ ညွတ် ကိုင်း ရှိုင်းကုန်သကဲ့သို့ ထိုအတူပင် ရဟန်းသည် ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများသည်ရှိသော် ကြိမ်ဖန်များစွာ ပြုလုပ်သည်ရှိသော် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်း၏။ ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများသည်ရှိသော် ကြိမ်ဖန်များစွာ ပြုလုပ်သည်ရှိသော် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်းသနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကိုမှီသော စွဲမက်မှု'ရာဂ'ကင်းခြင်းကို မှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ညွတ်သော သတိသမ္ဗောဇ္ဈင်ကို ပွါးများ၏။ပ။ဆိတ်ငြိမ်ခြင်းကိုမှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကို မှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ ညွတ်သော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများသည်ရှိသော် ကြိမ်ဖန်များစွာ ပြုလုပ်သည်ရှိသော် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်း၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈-ဥပဝါနသုတ်

၁၈၉။ အခါတပါး၌ အသျှင်ဥပဝါနနှင့် အသျှင်သာရိပုတြာတို့သည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ (သီတင်းသုံး) နေကုန်၏၊ ထိုအခါ အသျှင်သာရိပုတြာသည် ညနေချမ်းအခါ တပါးတည်း ကိန်းအောင်းရာမှ ထခဲ့၍ အသျှင်ဥပဝါနထံသို့ ချဉ်းကပ်ပြီးလျှင် အသျှင်ဥပဝါနနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုပြီးသော် တခုသော နေရာ၌ ထိုင်နေလျက် ဥပဝါနအား"ငါ့သျှင်ဥပဝါန ရဟန်းသည် သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်းကြောင့် ဤသို့ ကောင်းစွာ အားထုတ်ပြီးကုန်သော ဗောဇ္ဈင်ခုနစ်ပါးတို့သည် ငါ့အား ချမ်းသာစွာ နေခြင်းငှါ ဖြစ်ကုန်၏ဟု ကိုယ်တိုင်ပင် သိနိုင်ရာသလော"ဟုဤစကားကို ဆို၏။ ငါ့သျှင်သာရိပုတြာ ရဟန်းသည် သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်းကြောင့် ဤသို့ ကောင်းစွာ အားထုတ်ပြီးကုန်သော ဗောဇ္ဈင်ခုနစ်ပါးတို့သည် ငါ့အား ချမ်းသာစွာ မနေခြင်းငှါ ဖြစ်ကုန်၏ဟု ကိုယ်တိုင်ပင် သိနိုင်ရာ၏။

http://www.dhammadownload.com



ငါ့သျှင် သတိသမ္ဗောဇ္ဈင်ကို အားထုတ်သည်ရှိသော် "ငါ၏ စိတ်သည်လည်း (ကိလေသာမှ) ကောင်းစွာ လွတ်မြောက်၏၊ ငါသည် လေးလံထိုင်းမှိုင်းမှု'ထိန မိဒ္ဓ'ကိုလည်း ကောင်းစွာ နုတ်ပယ်အပ်ပြီ၊ ငါသည် စိတ်ပျံ့လွင့်မှု'ဥဒ္ဓစ္စ' နောင်တတဖန် ပူပန်မှု 'ကုက္ကုစ္စ'ကို ကောင်းစွာ ပယ်ပြီးပြီ၊ ငါသည် လုံ့လကိုလည်း မြဲမြံစွာ အားထုတ်ပြီးပြီ၊ ငါသည် အလိုရှိသည်ကို ပြု၍ နှလုံးသွင်း၏၊ တွန့်ဆုတ်ခြင်းလည်းမဖြစ်"ဟု သိ၏။ပ။ ငါ့သျှင် ရဟန်းသည် ဥပေက္ခာသမ္ဗောဇ္ဈင်ကို အားထုတ်သည်ရှိသော် "ငါ၏ စိတ်သည်လည်း(ကိလေသာမှ) ကောင်းစွာ လွတ်မြောက်၏၊ ငါသည် လေးလံထိုင်းမှိုင်းမှု'ထိန မိဒ္ဓ'ကိုလည်း ကောင်းစွာ နုတ်ပယ်အပ်ပြီ၊ ငါသည် စိတ်ပျံ့လွင့်မှု'ဥဒ္ဓစ္စ'နောင်တတဖန် ပူပန်မှု 'ကုက္ကုစ္စ'ကို ကောင်းစွာ ပယ်ဖျောက်ပြီးပြီ၊ ငါသည် လုံ့လကိုလည်း မြဲမြံစွာ အားထုတ်အပ်ပြီ၊ ငါသည် အလိုရှိသည်ကို ပြု၍ နှလုံးသွင်း၏၊ တွန့်ဆုတ်ခြင်းလည်းမဖြစ်"ဟု သိ၏။ ငါ့သျှင်သာရိပုတြာ ဤသို့လျှင်ရဟန်းသည် သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်းကြောင့် ဤသို့ ကောင်းစွာအားထုတ်အပ်ကုန်သော ဗောဇ္ဈင်ခုနစ်ပါးတို့သည် ငါ့အား ချမ်းသာစွာ နေခြင်းငှါ ဖြစ်ကုန်၏ဟု ကိုယ်တိုင်ပင် သိနိုင်ရာ၏ဟု (ဖြေဆိုလေ၏)။

အဋ္ဌမသုတ်။

---

## ၉-ပဌမ ဥပ္ပန္နသုတ်

၁၉၀။ ရဟန်းတို့ မဖြစ်ပေါ်ဘူးသေးကုန်သော ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သော ဤဗောဇ္ဈင်ခုနစ်ပါးတို့သည် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရား ထင်ရှားပွင့်သော အခါ၌သာ ဖြစ်ကြကုန်၏။ အဘယ်ခုနစ်ပါးတို့နည်း၊ သတိသမ္ဗောဇ္ဈင်။ပ။ ဥပေက္ခာသမ္ဗောဇ္ဈင်တို့တည်း။ ရဟန်းတို့ မဖြစ်ပေါ်ဘူးသေးကုန်သော ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သော ဤဗောဇ္ဈင်ခုနစ်ပါးတို့သည် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရား ထင်ရှားပွင့်သော အခါ၌သာ ဖြစ်ကုန်၏ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-ဒုတိယ ဥပ္ပန္နသုတ်

၁၉၁။ ရဟန်းတို့ မဖြစ်ပေါ်ဘူးသေးကုန်သော ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သော ဤဗောဇ္ဈင်ခုနစ်ပါးတို့သည် မြတ်စွာဘုရား၏ အဆုံးအမ'သာသနာ'၌သာ ဖြစ်ကုန်၏၊ အဘယ်ခုနစ်ပါးတို့နည်း၊ သတိသမ္ဗောဇ္ဈင်။ပ။ ဥပေက္ခာသမ္ဗောဇ္ဈင်တို့တည်း။ ရဟန်းတို့ မဖြစ်ပေါ်ဘူးသေးကုန်သော ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သော ဤဗောဇ္ဈင်ခုနစ်ပါးတို့သည် မြတ်စွာဘုရား အဆုံးအမ 'သာသနာ' ၌သာ ဖြစ်ကုန်၏၊ တခြားသာသနာ၌ မဖြစ်ကုန်ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

ရှေးဦးစွာသော ပဗ္ဗတဝဂ်ပြီး၏။

http://www.dhammadownload.com



## ၂-ဂိလာနဝဂ် ၁-ပါဏသုတ်

၁၉၂။ ရဟန်းတို့ အလုံးစုံသော သတ္တဝါတို့သည် မြေကြီးကို မှီ၍ မြေကြီး၌ တည်၍ ရံခါ သွားခြင်း ရံခါ ရပ်ခြင်း ရံခါ ထိုင်ခြင်း ရံခါ အိပ်ခြင်း ဣရိယာပုထ်လေးပါးဘို့ကို ပြုလုပ်ကုန် သကဲ့သို့ ထို့အတူပင် ရဟန်းသည် သီလ၌ တည်၍ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများ၏၊ ဗောဇ္ဈင် ခုနစ်ပါးတို့ကို ကြိမ်ဖန်များစွာ ပြုလုပ်၏။ ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် သီလကို မှီ၍ သီလ၌ တည်၍ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများသနည်း၊ ကြိမ်ဖန်များစွာ ပြုလုပ်သနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု'ရာဂ'ကင်းခြင်း ကို မှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ ညွတ်သော သတိသမ္ဗောဇ္ဈင်ကို ပွါးများ၏။ပ။ ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကို မှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ ညွတ်သော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် သီလကို မှီ၍ သီလ၌ တည်၍ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများ၏၊ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ကြိမ်ဖန်များစွာ ပြုလုပ်၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-ပဌမ သူရိယူပမသုတ်

၁၉၃။ ရဟန်းတို့ အရုဏ်တက်ခြင်းသည် နေထွက်ပေါ်လာခြင်း၏ ရှေ့သွားဖြစ်သကဲ့သို့ ပုဗ္ဗနိမိတ်ဖြစ်သကဲ့သို့ ရဟန်းတို့ ထို့အတူ ရဟန်းအား မိတ်ဆွေကောင်း ရှိခြင်းသည် ဗောဇ္ဈင် ခုနစ်ပါးတို့ ဖြစ်ပေါ်ရန် ရှေ့သွားဖြစ်၏။ ပုဗ္ဗနိမိတ်ဖြစ်၏၊ ရဟန်းတို့ မိတ်ဆွေကောင်းရှိသော ရဟန်းအား ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများလတ္တံ့ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ကြိမ်ဖန်များစွာ ပြုလုပ်လတ္တံ့ ဟု မြော်လင့်အပ်၏။

ရဟန်းတို့ အဘယ်သို့လျှင် မိတ်ဆွေကောင်းရှိသော ရဟန်းသည် ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများသနည်း၊ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ကြိမ်ဖန်များစွာ ပြုလုပ်သနည်း၊ ရဟန်းတို့ ဤသာသနာ တော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကို မှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ ညွတ်သော သတိသမ္ဗောဇ္ဈင်ကို ပွါးများ၏။ပ။ ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ'ကင်းခြင်းကို မှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ ညွတ်သော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများ၏။ ရဟန်းတို့ ဤသို့လျှင် မိတ်ဆွေကောင်းရှိသော ရဟန်းသည် ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများ၏၊ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ကြိမ်ဖန်များစွာ ပြုလုပ်၏ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-ဒုတိယ သူရိယူပမသုတ်

၁၉၄။ ရဟန်းတို့ အရုဏ်တက်ခြင်းသည် နေထွက်ပေါ်လာခြင်း၏ ရှေ့သွားဖြစ်သကဲ့သို့ ပုဗ္ဗနိမိတ် ဖြစ်သကဲ့သို့ ထို့အတူ ရဟန်းအား သင့်လျော်သောအားဖြင့် နှလုံးသွင်းမှုနှင့် ပြည့်စုံ

http://www.dhammadownload.com



ခြင်းသည် ဗောဇ္ဈင်ခုနစ်ပါးတို့ ဖြစ်ပေါ်ရန် ရှေ့သွားဖြစ်၏၊ ပုဗ္ဗနိမိတ် ဖြစ်၏၊ ရဟန်းတို့ သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်းနှင့် ပြည့်စုံသော ရဟန်းအား ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများလတ္တံ့၊ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ကြိမ်ဖန်များစွာ ပြုလုပ်လတ္တံ့ဟု မျှော်လင့်အပ်၏။

ရဟန်းတို့ အဘယ်သို့လျှင် သင့်လျော်သော အားဖြင့် နှလုံးသွင်းခြင်းနှင့်ပြည့်စုံသော ရဟန်းသည် ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများသနည်း၊ ဗောဇ္ဈင် ခုနစ်ပါးတို့ကို ကြိမ်ဖန် များစွာ ပြုလုပ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကိုမှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ ညွတ်သော သတိသမ္ဗောဇ္ဈင်ကို ပွါးများ၏။ပ။ ဆိတ်ငြိမ်ခြင်းကိုမှီသော စွဲမက်မှု 'ရာဂ' ကင်ခြင်းကို မှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ ညွတ်သော 'ဥပေက္ခာသမ္ဗောဇ္ဈင်'ကို ပွါးများ၏။ ရဟန်းတို့ ဤသို့လျှင် သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်းနှင့် ပြည့်စုံသော ရဟန်းသည် ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများ၏၊ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ကြိမ်ဖန်များစွာ ပြုလုပ်၏ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

## ၄-ပဌမ ဂိလာနသုတ်

၁၉၅။ အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာကျွေးရာ ဖြစ်သော ဝေဠုဝန်ကျောင်း၌(သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ အသျှင်မဟာကဿပသည် ပိပ္ဖလိလိုဏ်ဂူ၌ အနာနှိပ်စက်ရကား ဆင်းရဲခြင်းသို့ရောက်လျက် ပြင်းထန်စွာ မကျန်းမမာဖြစ်၍ နေ၏။ ထိုအခါ မြတ်စွာဘုရားသည် ညနေချမ်းအချိန်၌ တပါးတည်း ကိန်းအောင်းတော်မူရာမှ ထတော်မူခဲ့၍ အသျှင်မဟာကဿပထံသို့ ချဉ်းကပ်တော်မူပြီးလျှင် ခင်းထားသော နေရာ၌ ထိုင်နေတော်မူပြီးသော် အသျှင်မဟာကဿပအား—

"ကဿပ သင့်အား ခန့်ကျန်းပါ၏လော၊ မျှတပါ၏လော၊ ဆင်းရဲဝေဒနာတို့သည် ဆုတ်ယုတ်ပါ၏လော၊ မတိုးပွါးပဲရှိပါကုန်၏လော၊ ဆင်းရဲဝေဒနာတို့သည် ဆုတ်ယုတ်၏ဟု ထင်ပါ၏လော၊ တိုးပွါး၏ဟု မထင်ပဲရှိပါ၏လော"ဟု မိန့်တော်မူ၏။ အသျှင်ဘုရား အကျွန်ုပ်အား မခန့်ကျန်းပါ၊ မမျှတပါ၊ ဆင်းရဲ ဝေဒနာတို့သည် တိုးပွါးပါကုန်၏၊ မဆုတ်ယုတ်ပါကုန်၊ ဆင်းရဲဝေဒနာတို့သည် တိုးပွါး၏ဟု ထင်ပါ၏၊ ဆုတ်ယုတ်၏ဟု မထင်ပါဟု (လျှောက်၏)။

ကဿပ ငါသည် ကောင်းစွာ ဟောကြားအပ်ကုန်သော ဤ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် ထူးသောဉာဏ်ဖြင့် သိခြင်းငှါ ကိုယ်တိုင် သိခြင်းငှါ နိဗ္ဗာန်အကျိုးငှါ ဖြစ်ကုန်၏။အဘယ်ခုနစ်ပါးတို့နည်း၊ကဿပ ငါသည် ကောင်းစွာ ဟောကြားအပ်သော သတိသမ္ဗောဇ္ဈင်ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် ထူးသောဉာဏ်ဖြင့် သိခြင်းငှါ ကိုယ်တိုင်သိခြင်းငှါ နိဗ္ဗာန်အကျိုးငှါ ဖြစ်၏ ။ပ။ ကဿပ ငါသည် ကောင်းစွာဟောကြားအပ်သော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် ထူးသော ဉာဏ်ဖြင့်သိခြင်းငှါ ကိုယ်တိုင်သိခြင်းငှါ နိဗ္ဗာန်အကျိုးငှါ ဖြစ်၏။ ကဿပ ငါသည် ကောင်းစွာ ဟောကြားအပ်ကုန်သော ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် ထူးသောဉာဏ်ဖြင့် သိခြင်းငှါ ကိုယ်တိုင်သိခြင်းငှါ နိဗ္ဗာန် အကျိုးငှါ

http://www.dhammadownload.com



ဖြစ်ကုန်၏ဟု ဟောတော်မူလတ်သော် မြတ်စွာဘုရား ဗောဇ္ဈင်တို့သည် စင်စစ် ကောင်းမြတ်ပါကုန်၏၊မြတ်စွာဘုရား ဗောဇ္ဈင်တို့သည် စင်စစ် ကောင်းမြတ်ပါကုန်၏ဟု လျှောက်ထား၏။

မြတ်စွာဘုရားသည် ဤဗောဇ္ဈင်တရားကို ဟောတော်မူ၏၊ အသျှင်မဟာကဿပသည် မြတ်စွာဘုရား ဟောကြားအပ်သော တရားတော်ကို အလွန် နှစ်သက် ဝမ်းမြောက်၏။ ထိုအနာမှလည်း ထမြောက်၏၊ ထိုနှစ်သက်ခြင်းဖြင့်ပင် အနာကို ပယ်ဖျောက်နိုင်၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၅-ဒုတိယ ဂိလာနသုတ်

၁၉၆။ အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌(သီတင်းသုံး)နေတော်မူ၏။ ထိုအခါ အသျှင်မဟာမောဂ္ဂလာန်သည် ဂိဇ္ဈကုဋ်တောင်၌ အနာနှိပ်စက်ရကား ဆင်းရဲခြင်းသို့ရောက်လျက် ပြင်းထန်စွာ မကျန်းမမာ ဖြစ်နေ၏။ ထိုအခါ မြတ်စွာဘုရားသည် ညနေချမ်း အချိန်၌ တပါးတည်း ကိန်းအောင်းတော်မူရာမှ ထတော်မူခဲ့၍ အသျှင်မဟာမောဂ္ဂလာန်ထံသို့ ချဉ်းကပ်တော်မူပြီးလျှင် ခင်းထားအပ်သော နေရာ၌ ထိုင်နေတော်မူပြီးသော် အသျှင်မဟာမောဂ္ဂလာန်အား—

"မောဂ္ဂလာန် သင့်အား ခန့်ကျန်းပါ၏လော၊ မျှတပါ၏လော၊ ဆင်းရဲ ဝေဒနာတို့သည် ဆုတ်ယုတ်ပါ၏လော၊မတိုးပွါးပဲ ရှိပါကုန်၏လော၊ ဆင်းရဲဝေဒနာတို့သည် ဆုတ်ယုတ်၏ဟု ထင်ပါ၏လော၊ တိုးပွါး၏ဟု မထင်ပဲရှိပါ၏လော"ဟု မိန့်တော်မူ၏။ အသျှင်ဘုရား အကျွန်ုပ်အား မခန့်ကျန်းပါ၊မမျှတပါ၊ ဆင်းရဲ ဝေဒနာတို့သည် တိုးပွါးပါကုန်၏၊ မဆုတ်ယုတ်ပါကုန်၊ ဆင်းရဲ ဝေဒနာတို့သည် တိုးပွါး၏ဟု ထင်ပါ၏။ ဆုတ်ယုတ်၏ဟု မထင်ပါဟု (လျှောက်၏)။

မောဂ္ဂလာန် ငါသည် ကောင်းစွာ ဟောကြား အပ်ကုန်သော ဤဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ် အပ်ကုန်သည်ရှိသော် ထူးသောဉာဏ်ဖြင့် သိခြင်းငှါ ကိုယ်တိုင် သိခြင်းငှါ နိဗ္ဗာန်အကျိုးငှါ ဖြစ်ကုန်၏။ အဘယ်ခုနစ်ပါးတို့နည်း၊ မောဂ္ဂလာန် ငါသည် ကောင်းစွာ ဟောကြား အပ်သော သတိသမ္ဗောဇ္ဈင်ကို ပွါးများအပ် ကြိမ်ဖန် များစွာ ပြုလုပ်အပ်သည်ရှိသော် ထူးသောဉာဏ်ဖြင့် သိခြင်းငှါ ကိုယ်တိုင် သိခြင်းငှါ နိဗ္ဗာန် အကျိုးငှါ ဖြစ်၏။ပ။ မောဂ္ဂလာန် ငါသည် ကောင်းစွာ ဟောကြား အပ်သော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် ထူးသော ဉာဏ်ဖြင့် သိခြင်းငှါ ကိုယ်တိုင်သိခြင်းငှါ နိဗ္ဗာန်အကျိုးငှါ ဖြစ်၏။မောဂ္ဂလာန် ငါသည် ကောင်းစွာဟောကြားအပ်သော ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် ထူးသောဉာဏ်ဖြင့် သိခြင်းငှါ ကိုယ်တိုင်သိခြင်းငှါ နိဗ္ဗာန်အကျိုးငှါ ဖြစ်ကုန်၏ဟု ဟောတော်မူလတ်သော် မြတ်စွာဘုရား ဗောဇ္ဈင်တို့သည် စင်စစ် ကောင်းမြတ်ပါကုန်၏၊ မြတ်စွာဘုရား ဗောဇ္ဈင်တို့သည် စင်စစ် ကောင်းမြတ်ပါကုန်၏ဟု လျှောက်ထား၏။

မြတ်စွာဘုရားသည် ဤဗောဇ္ဈင်တရားကို ဟောတော်မူ၏၊ အသျှင်မဟာမောဂ္ဂလာန်သည် မြတ်စွာဘုရား ဟောကြားအပ်သော တရားတော်ကို အလွန်နှစ်သက်ဝမ်းမြောက်၏။ ထိုအနာမှလည်း ထမြောက်၏၊ ထိုနှစ်သက်ခြင်းဖြင့်ပင် ထိုအနာကို ပယ်ဖျောက်နိုင်၏ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

http://www.dhammadownload.com



## ၆-တတိယ ဂိလာနသုတ်

၁၉၇။ အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌(သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် အနာနှိပ်စက်ရကား ဆင်းရဲခြင်းသို့ရောက်လျက် ပြင်းထန်စွာ မကျန်းမမာ ဖြစ်နေ၏။ ထိုအခါ အသျှင်မဟာစုန္ဒသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးပြီး၍ တခုသောနေရာ၌ ထိုင်နေ၏၊ တခုသောနေရာ၌ ထိုင်နေသော အသျှင်မဟာစုန္ဒအား "စုန္ဒ ဗောဇ္ဈင်တို့ကို သင်၏ဉာဏ်၌ ထင်ပါစေလော့"ဟု မိန့်တော်မူ၏။

အသျှင်ဘုရား မြတ်စွာဘုရားသည် ကောင်းစွာ ဟောကြားအပ်ကုန်သော ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် ထူးသောဉာဏ်ဖြင့် သိခြင်းငှါ ကိုယ်တိုင် သိခြင်းငှါ နိဗ္ဗာန်အကျိုးငှါ ဖြစ်ပါကုန်၏။ အဘယ်ခုနစ်ပါးတို့နည်း၊ အသျှင်ဘုရား မြတ်စွာဘုရားသည် ကောင်းစွာ ဟောကြားအပ်သော သတိသမ္ဗောဇ္ဈင်ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် ထူးသောဉာဏ်ဖြင့် သိခြင်းငှါ ကိုယ်တိုင်သိခြင်းငှါ နိဗ္ဗာန်အကျိုးငှါ ဖြစ်ပါ၏။ပ။အသျှင်ဘုရား မြတ်စွာဘုရားသည် ကောင်းစွာဟောကြားအပ်သော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် ထူးသော ဉာဏ်ဖြင့် သိခြင်းငှါ နိဗ္ဗာန်အကျိုးငှါ ဖြစ်ပါ၏။ အသျှင်ဘုရား မြတ်စွာဘုရားသည် ကောင်းစွာ ဟောကြားအပ်ကုန်သော ဤဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် ထူးသောဉာဏ်ဖြင့် သိခြင်းငှါ ကိုယ်တိုင်သိခြင်းငှါ နိဗ္ဗာန်အကျိုးငှါ ဖြစ်ပါကုန်၏ဟု လျှောက်၏။ စုန္ဒ ဗောဇ္ဈင်တို့သည် စင်စစ် ကောင်းမြတ်ကုန်၏၊ စုန္ဒ ဗောဇ္ဈင်တို့သည် စင်စစ် ကောင်းမြတ်ကုန်၏ဟု မိန့်တော်မူ၏။

အသျှင်စုန္ဒသည် ဤဗောဇ္ဈင်တရားတော်ကို လျှောက်ထား၏၊ မြတ်စွာဘုရားသည် နှစ်သက်တော်မူ၍ ထိုအနာမှ ထတော်မူ၏၊ ထိုနှစ်သက်ခြင်းဖြင့်ပင် ထိုအနာကို ဝယ်စွန့်တော်မူနိုင်၏။

ဆဋ္ဌသုတ်။

---

## ၇-ပါရင်္ဂမသုတ်

၁၉၈။ ရဟန်းတို့ ဤဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် (သံသရာဝဋ် ဟူသော) ဤဖက်ကမ်းမှ (နိဗ္ဗာန်တည်းဟူသော) ထိုဖက်ကမ်းသို့ ရောက်နိုင်ရန် ဖြစ်ကုန်၏။ အဘယ် ခုနစ်ပါးတို့နည်း၊ သတိသမ္ဗောဇ္ဈင်။ပ။ဥပေက္ခာသမ္ဗောဇ္ဈင်တို့တည်း။ ရဟန်းတို့ ဤဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် (သံသရာဟူသော) ဤဖက်ကမ်းမှ (နိဗ္ဗာန်ဟူသော)ထိုဖက်ကမ်းသို့ ရောက်နိုင်ရန် ဖြစ်ကုန်၏။

လူတို့တွင်(နိဗ္ဗာန်ဟူသော) တဖက်ကမ်းသို့ ရောက်ကုန်သူတို့သည် အနည်းငယ်သာ ဖြစ်ကုန်၏၊ ဤနိဗ္ဗာန်သို့ ရောက်သူမှတပါး အခြားသော သတ္တဝါသည်ကား ဝဋ်ဆင်းရဲဟူသော ဤဖက်ကမ်း၌သာလျှင် လှည့်လည်ပြေးသွားရ၏။

http://www.dhammadownload.com



ကောင်းစွာဟောကြားအပ်သော ဗောဇ္ဈင်တရားတော်၌ တရားသို့ အစဉ်လိုက်၍ ကျင့်ကြသူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်း၏နိုင်ငံကို (လွန်မြောက်၍) နိဗ္ဗာန်ဟူသော တဖက်ကမ်းသို့ ရောက်ကြရကုန်လတ္တံ့။

ပညာရှိသူသည် မည်းနက်သော(အကုသိုလ်)တရားကို ပယ်စွန့်၍ (သံသရာ)ဝဋ်မှ နိဗ္ဗာန်ကိုအာရုံပြုလျက် ဖြူစင်သော(ကုသိုလ်)တရားကို ပွါးများရာ၏။ အကြင်ဆိတ်ငြိမ်မှု 'ဝိဝေက'၌ မွေ့လျော်နိုင်ခဲ၏၊ ထိုဆိတ်ငြိမ်မှု'ဝိဝေက'၌ အလွန်မွေ့လျော်မှုကို အလိုရှိရာ၏၊ ပညာရှိသောသူသည် ကာမဂုဏ်ဘို့ကို ပယ်စွန့်လျက် ကိလေသာ အကြွင်းအကျန်မရှိမူ၍ စိတ်ကို ညစ်ညူးစေတတ်သော နီဝရဏတရားတို့မှ မိမိကိုယ်ကို ဖြူစင် သန့်ရှင်းစေရာ၏။

အကြင်ပုဂ္ဂိုလ်တို့အား အရဟတ္တမဂ်၏ အကြောင်းဖြစ်သော ဗောဇ္ဈင်ခုနစ်ပါးတို့၌ စိတ်ကို ပွါးများအပ်၏၊ထိုပုဂ္ဂိုလ်တို့သည် မစွဲလမ်းမူ၍ စွဲလမ်းမှု'ဥပါဒါန်'ကို စွန့်ရာ နိဗ္ဗာန်၌ မွေ့လျော်ကြကုန်၏။

လောက၌ အာသဝကုန်ပြီးသော ကြီးသောအာနုဘော်ရှိသော ထိုပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်းကြကုန်၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-ဝိရဒ္ဓသုတ်

၁၉၉။ ရဟန်းတို့ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ချွတ်ယွင်းစေသူ ဟူသမျှတို့အား ကောင်းစွာ ဆင်းရဲ၏ကုန်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော အရိယမဂ်ကို ချွတ်ယွင်းစေသည် မည်၏။ ရဟန်းတို့ ဗောဇ္ဈင်ခုနစ်ပါးတို့ကို အားထုတ်ကြသူ ဟူသမျှတို့အား ကောင်းစွာ ဝဋ်ဆင်းရဲ၏ကုန်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အရိယမဂ်ကို အားထုတ်အပ်သည် မည်၏။ အဘယ်ခုနစ်ပါးတို့နည်း၊ သတိသမ္ဗောဇ္ဈင်။ပ။ ဥပေက္ခာသမ္ဗောဇ္ဈင်တို့တည်း။ ရဟန်းတို့ ဤဗောဇ္ဈင်ခုနစ်ပါးတို့ကို ချွတ်ယွင်းစေသူတို့အား ကောင်းစွာ ဝဋ်ဆင်းရဲ၏ကုန်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော အရိယမဂ်ကို ချွတ်ယွင်းစေသည် မည်၏။ ရဟန်းတို့ ဤဗောဇ္ဈင်ခုနစ်ပါးတို့ကို အားထုတ်ကြသူတို့အား ကောင်းစွာ ဝဋ်ဆင်းရဲ၏ကုန်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အရိယမဂ်ကို အားထုတ်အပ်သည် မည်၏ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-အရိယသုတ်

၂၀၀။ ရဟန်းတို့ ဖြူစင်ကောင်းမြတ်၍ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း ဖြစ်ကုန်သော ဤဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် ထိုဗောဇ္ဈင်ကို ပြုလုပ် ပွါးများသူကို ကောင်းစွာ ဆင်းရဲကုန်ခြင်းငှာ အကျိုးငှါ ထုတ်ဆောင်ကုန်၏။ အဘယ်ခုနစ်ပါးတို့နည်း၊ သတိသမ္ဗောဇ္ဈင်။ပ။ ဥပေက္ခာသမ္ဗောဇ္ဈင်တို့တည်း။ ရဟန်းတို့ ပွါးများ

http://www.dhammadownload.com



အပ်ကုန်သော ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သော ဖြူစင်ကောင်းမြတ်၍ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သော ဤဗောဇ္ဈင်ခုနစ်ပါးတို့သည် ထို ဗောဇ္ဈင်ကို ပြုလုပ် ပွါးများသူကို ကောင်းစွာ ဆင်းရဲကုန်ခြင်းငှါ ထုတ်ဆောင်ကုန်၏ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-နိဗ္ဗိဒါသုတ်

၂၀၁။ ရဟန်းတို့ ဤဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် စင်စစ် ငြီးငွေ့ခြင်းငှါ ငြိမ်းအေးခြင်းငှါ အထူးသိခြင်းငှါ ကိုယ်တိုင်သိခြင်းငှါ နိဗ္ဗာန်အကျိုးငှါ ဖြစ်ကုန်၏။ အဘယ်ခုနစ်ပါးတို့နည်း၊သတိသမ္ဗောဇ္ဈင်။ပ။ ဥပေက္ခာသမ္ဗောဇ္ဈင်တို့တည်း။ ရဟန်းတို့ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် စင်စစ် ငြီးငွေ့ခြင်းငှါ စွဲမက်မှု 'ရာဂ' ကင်းခြင်းငှါ (ကိလေသာ)ငြိမ်းအေးခြင်းငှါ အထူးသိခြင်းငှါ ကိုယ်တိုင်သိခြင်းငှါ နိဗ္ဗာန်အကျိုးငှါ ဖြစ်ကုန်၏ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

နှစ်ခုမြောက် ဂိလာနဝဂ် ပြီး၏။

---

## ၃-ဥဒါယိဝဂ် ၁-ဗောဓာယသုတ်

၂၀၂။ ထိုအခါ ရဟန်းတပါးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား—

"အသျှင်ဘုရား ဗောဇ္ဈင် ဗောဇ္ဈင်ဟု ဆိုအပ်ကုန်၏၊ အဘယ့်ကြောင့် ဗောဇ္ဈင်ဟု ဆိုအပ်ပါကုန်သနည်း"ဟု လျှောက်၏။ ရဟန်း နိဗ္ဗာန်ကို သိခြင်းအကျိုးငှါဖြစ်သောကြောင့် ဗောဇ္ဈင်ဟု ဆိုအပ်ကုန်၏။ ရဟန်း ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကိုမှီသော နိဗ္ဗာန်သို့ ညွတ်သော သတိသမ္ဗောဇ္ဈင်ကို ပွါးများ၏။ပ။ ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကိုမှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ ညွတ်သော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများ၏။ ရဟန်း နိဗ္ဗာန်ကို သိခြင်းအကျိုးငှါ ဖြစ်သောကြောင့် ဗောဇ္ဈင်ဟု ဆိုအပ်ကုန်၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-ဗောဇ္ဈင်္ဂဒေသနာသုတ်

၂၀၃။ ရဟန်းတို့ သင်တို့အား ဗောဇ္ဈင်ခုနစ်ပါးတို့ကို ငါဟောကြားပေအံ့၊ ထိုတရားကို နာကြကုန်လော့။ ရဟန်းတို့ ဗောဇ္ဈင်ခုနစ်ပါးတို့ကား အဘယ်တို့နည်း၊ သတိသမ္ဗောဇ္ဈင်။ပ။ ဥပေက္ခာ

http://www.dhammadownload.com



သမ္ဗောဇ္ဈင်တို့တည်း။ ရဟန်းတို့ ဗောဇ္ဈင်ခုနစ်ပါးတို့ကား ဤဆိုခဲ့ပြီး တရားတို့ပင်တည်းဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-ဌာနိယသုတ်

၂၀၄။ ရဟန်းတို့ ကာမဂုဏ်စွဲမက်မှု 'ကာမရာဂ'၏ အကြောင်း (အာရုံ) ဖြစ်ကုန်သော တရားတို့ကို နှလုံးသွင်းခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် မဖြစ်သေးသော ကာမဂုဏ်လိုချင်မှု 'ကာမစ္ဆန္ဒ'သည်လည်း ဖြစ်၏၊ ဖြစ်ပြီးသော ကာမဂုဏ်လိုချင်မှု 'ကာမစ္ဆန္ဒ' သည်လည်း အတိုင်းထက်အလွန် ဖြစ်ခြင်းငှါ ပြန့်ပြောခြင်းငှါ ဖြစ်၏။

ရဟန်းတို့ ပျက်စီးစေလိုမှု 'ဗျာပါဒ'၏ အကြောင်း (အာရုံ)ဖြစ်ကုန်သော တရားတို့ကို နှလုံးသွင်းခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် မဖြစ်သေးသော ပျက်စီးစေလိုမှု 'ဗျာပါဒ' သည်လည်း ဖြစ်၏၊ ဖြစ်ပြီးသော ပျက်စီးစေလိုမှု 'ဗျာပါဒ'သည်လည်း အတိုင်းထက်အလွန် ဖြစ်ခြင်းငှါ ပြန့်ပြောခြင်းငှါ ဖြစ်၏။

ရဟန်းတို့ လေးလံထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ'၏ အကြောင်း (အာရုံ) ဖြစ်ကုန်သော တရားတို့ကို နှလုံးသွင်းခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် မဖြစ်သေးသော လေးလံထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ' သည်လည်း ဖြစ်၏၊ ဖြစ်ပြီးသော လေးလံထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ' သည်လည်း အတိုင်းထက်အလွန် ဖြစ်ခြင်းငှါ ပြန့်ပြောခြင်းငှါ ဖြစ်၏။

ရဟန်းတို့ စိတ်ပျံ့လွင့်မှု နောင်တတဖန်ပူပန်မှု 'ဥဒ္ဓစ္စကုက္ကုစ္စ'၏ အကြောင်း (အာရုံ) ဖြစ်ကုန်သောတရားတို့ကို နှလုံးသွင်းခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် မဖြစ်သေးသော စိတ်ပျံ့လွင့်မှု နောင်တတဖန် ပူပန်မှု 'ဥဒ္ဓစ္စကုက္ကုစ္စ'သည်လည်း ဖြစ်၏၊ ဖြစ်ပြီးသော စိတ်ပျံ့လွင့်မှု နောင်တတဖန် ပူပန်မှု 'ဥဒ္ဓစ္စကုက္ကုစ္စ' သည်လည်း အတိုင်းထက်အလွန် ဖြစ်ခြင်းငှါ ပြန့်ပြောခြင်းငှါဖြစ်၏။

ရဟန်းတို့ မဝေခွဲနိုင်မှု 'ဝိစိကိစ္ဆာ'၏ အကြောင်း(အာရုံ)ဖြစ်ကုန်သော တရားတို့ကို နှလုံးသွင်းခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် မဖြစ်သေးသော မဝေခွဲနိုင်မှု 'ဝိစိကိစ္ဆာ' သည်လည်း ဖြစ်၏၊ ဖြစ်ပြီးသော မဝေခွဲနိုင်မှု 'ဝိစိကိစ္ဆာ'သည်လည်း အတိုင်းထက်အလွန် ဖြစ်ခြင်းငှါ ပြန့်ပြောခြင်းငှါ ဖြစ်၏။

ရဟန်းတို့ သတိသမ္ဗောဇ္ဈင်၏ အကြောင်း(အာရုံ)ဖြစ်ကုန်သော တရားတို့ကို နှလုံးသွင်းခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် မဖြစ်သေးသော သတိသမ္ဗောဇ္ဈင်သည်လည်း ဖြစ်၏၊ ဖြစ်ပြီးသော သတိသမ္ဗောဇ္ဈင်သည်လည်း ပွါးများပြည့်စုံခြင်းသို့ ရောက်၏။ပ။ ရဟန်းတို့ ဥပေက္ခာသမ္ဗောဇ္ဈင်၏ အကြောင်း(အာရုံ)ဖြစ်ကုန်သော တရားတို့ကို နှလုံးသွင်းခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် မဖြစ်သေးသော ဥပေက္ခာသမ္ဗောဇ္ဈင်သည်လည်း ဖြစ်၏၊ ဖြစ်ပြီးသော ဥပေက္ခာသမ္ဗောဇ္ဈင်သည်လည်း ပွါးများပြည့်စုံခြင်းသို့ ရောက်၏ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

http://www.dhammadownload.com



## ၄-အယောနိသောမနသိကာရသုတ်

၂၀၅။ ရဟန်းတို့ မသင့်လျော်သောအားဖြင့် နှလုံးသွင်းသူအား မဖြစ်သေးသော ကာမဂုဏ်လိုချင်မှု 'ကာမစ္ဆန္ဒ' သည်လည်း ဖြစ်၏၊ ဖြစ်ပြီးသော ကာမဂုဏ်လိုချင်မှု 'ကာမစ္ဆန္ဒ' သည်လည်း အတိုင်းထက်အလွန် ဖြစ်ခြင်းငှါ ပြန့်ပြောခြင်းငှါ ဖြစ်၏။မဖြစ်သေးသော ပျက်စီးစေလိုမှု 'ဗျာပါဒ' သည်လည်းဖြစ်၏၊ ဖြစ်ပြီးသော ပျက်စီးစေလိုမှု 'ဗျာပါဒ' သည်လည်း အတိုင်းထက် အလွန် ဖြစ်ခြင်းငှါ ပြန့်ပြောခြင်းငှါ ဖြစ်၏။ မဖြစ်သေးသော လေးလံထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ' သည်လည်း ဖြစ်၏၊ ဖြစ်ပြီးသော လေးလံထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ' သည်လည်း အတိုင်းထက်အလွန် ဖြစ်ခြင်းငှါ ပြန့်ပြောခြင်းငှါ ဖြစ်၏။ မဖြစ်သေးသော စိတ်ပျံ့လွင့်မှု နောင်တတဖန် ပူပန်မှု 'ဥဒ္ဓစ္စကုက္ကုစ္စ' သည်လည်း ဖြစ်၏၊ ဖြစ်ပြီးသော စိတ်ပျံ့လွင့်မှု နောင်တတဖန်ပူပန်မှု 'ဥဒ္ဓစ္စကုက္ကုစ္စ' သည်လည်း အတိုင်းထက်အလွန် ဖြစ်ခြင်းငှါ ပြန့်ပြောခြင်းငှါ ဖြစ်၏။ မဖြစ်သေးသော မဝေခွဲနိုင်မှု 'ဝိစိကိစ္ဆာ' သည်လည်း ဖြစ်၏၊ဖြစ်ပြီးသော မဝေခွဲနိုင်မှု 'ဝိစိကိစ္ဆာ' သည်လည်း အတိုင်းထက်အလွန် ဖြစ်ခြင်းငှါ ပြန့်ပြောခြင်းငှါ ဖြစ်၏။ မဖြစ်သေးသော သတိသမ္ဗောဇ္ဈင်သည်လည်း မဖြစ်၊ ဖြစ်ပြီးသော သတိသမ္ဗောဇ္ဈင်သည်လည်း ချုပ်၏။ပ။ မဖြစ်သေးသော ဥပေက္ခာသမ္ဗောဇ္ဈင်သည်လည်း မဖြစ်၊ ဖြစ်ပြီးသော ဥပေက္ခာသမ္ဗောဇ္ဈင်သည်လည်း ချုပ်၏။

ရဟန်းတို့ သင့်လျော်သောအားဖြင့် နှလုံးသွင်းသောသူအား မဖြစ်သေးသော ကာမဂုဏ်လိုချင်မှု 'ကာမစ္ဆန္ဒ'သည်လည်း မဖြစ်၊ ဖြစ်ပြီးသော ကာမဂုဏ် လိုချင်မှု 'ကာမစ္ဆန္ဒ'သည်လည်း ပျောက်၏၊ မဖြစ်သေးသော ပျက်စီးစေလိုမှု 'ဗျာပါဒ' သည်လည်း မဖြစ်၊ ဖြစ်ပြီးသော ပျက်စီးစေလိုမှု 'ဗျာပါဒ' သည်လည်း ပျောက်၏။ မဖြစ်သေးသော လေးလံထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ' သည်လည်း မဖြစ်၊ ဖြစ်ပြီးသော လေးလံထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ' သည်လည်း ပျောက်၏။ မဖြစ်သေးသော စိတ်ပျံ့လွင့်မှု နောင်တတဖန်ပူပန်မှု 'ဥဒ္ဓစ္စကုက္ကုစ္စ'သည်လည်း မဖြစ်၊ ဖြစ်ပြီးသော စိတ်ပျံ့လွင့်မှု နောင်တတဖန် ပူပန်မှု 'ဥဒ္ဓစ္စကုက္ကုစ္စ' သည်လည်း ပျောက်၏။ မဖြစ်သေးသော မဝေခွဲနိုင်မှု 'ဝိစိကိစ္ဆာ' သည်လည်း မဖြစ်၊ ဖြစ်ပြီးသော မဝေခွဲနိုင်မှု 'ဝိစိကိစ္ဆာ' သည်လည်း ပျောက်၏။

မဖြစ်သေးသော သတိသမ္ဗောဇ္ဈင်သည်လည်း ဖြစ်၏၊ ဖြစ်ပြီးသော သတိသမ္ဗောဇ္ဈင်သည်လည်း ပွါးများ ပြည့်စုံခြင်းသို့ ရောက်၏။ပ။ မဖြစ်သေးသော ဥပေက္ခာသမ္ဗောဇ္ဈင်သည်လည်း ဖြစ်၏၊ ဖြစ်ပြီးသော ဥပေက္ခာသမ္ဗောဇ္ဈင်သည်လည်း ပွါးများပြည့်စုံခြင်းသို့ ရောက်၏ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-အပရိဟာနိယသုတ်

၂၀၆။ ရဟန်းတို့ သင်တို့အား မဆုတ်ယုတ်ကြောင်း တရားခုနစ်ပါးတို့ကို ဟောကြားပေအံ့၊ ထိုတရားကို နာကြကုန်လော့။ ရဟန်းတို့ ဤမဆုတ်ယုတ်ကြောင်း တရားခုနစ်ပါးတို့ကား အဘယ်နည်း၊ ဗောဇ္ဈင် ခုနစ်ပါးတို့တည်း။ ဗောဇ္ဈင်ခုနစ်ပါးတို့ဟူသည် အဘယ်တို့နည်း၊ သတိသမ္ဗောဇ္ဈင်။ပ။ ဥပေက္ခာသမ္ဗောဇ္ဈင်တို့တည်း။ ရဟန်းတို့ မဆုတ်ယုတ်ကြောင်း တရားတို့ကား ဤခုနစ်ပါးတို့တည်းဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

http://www.dhammadownload.com



## ၆-တဏှက္ခယသုတ်

၂၀၇။ ရဟန်းတို့ တဏှာကုန်ရာ လမ်းစဉ်အကျင့်ကို ပွါးများကြကုန်လော့။ ရဟန်းတို့ အဘယ် လမ်းစဉ် အဘယ်အကျင့်သည် တဏှာကုန်ခြင်းငှါ ဖြစ်သနည်း၊ ဤဗောဇ္ဈင်ခုနစ်ပါးတို့ကည်း။ ဗောဇ္ဈင်ခုနစ်ပါးတို့ဟူသည် အဘယ်တို့နည်း၊ သတိသမ္ဗောဇ္ဈင်။ပ။ ဥပေက္ခာသမ္ဗောဇ္ဈင်တို့တည်း။ ဤသို့ ဟောတော်မူသော် အသျှင်ဥဒါယီသည် မြတ်စွာဘုရားအား "အသျှင်ဘုရား အဘယ်သို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သော ဗောဇ္ဈင်ခုနစ်ပါးတို့သည် တဏှာကုန်ခြင်းငှါ ဖြစ်ပါကုန်သနည်း"ဟု (လျှောက်၏)။

ဥဒါယီ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကိုမှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကို မှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ညွတ်သော ပြန့်ပြောသော မြတ်သည့်အဖြစ်သို့ရောက်သော အတိုင်းအရှည် မရှိသော ကြောင့်ကြမှု (ဆင်းရဲ)မှ ကင်းသော သတိသမ္ဗောဇ္ဈင်ကို ပွါးများ၏။ ဆိတ်ငြိမ်ခြင်းကိုမှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကိုမှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ ညွတ်သော ပြန့်ပြောသော မြတ်သည့်အဖြစ်သို့ရောက်သော အတိုင်းအရှည်မရှိသော ကြောင့်ကြမှု (ဆင်းရဲ)မှ ကင်းသော သတိသမ္ဗောဇ္ဈင်ကို ပွါးများသော ထိုရဟန်းသည် တပ်မက်မှု 'တဏှာ' ကို ပယ်၏၊ တပ်မက်မှု 'တဏှာ' ကို ပယ်ခြင်းကြောင့် ကံကို ပယ်၏၊ ကံကို ပယ်ခြင်းကြောင့် ဝဋ်ဆင်းရဲကို ပယ်၏။ပ။ဆိတ်ငြိမ်ခြင်းကိုမှီသော စွဲမက်မှု'ရာဂ'ကင်းခြင်းကိုမှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ ညွတ်သော ပြန့်ပြောသော မြတ်သည့်အဖြစ်သို့ရောက်သော အတိုင်းအရှည်မရှိသော ကြောင့်ကြမှု (ဆင်းရဲ) မှ ကင်းသော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများ၏။ ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကိုမှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ညွတ်သော ပြန့်ပြောသော မြတ်သည့် အဖြစ်သို့ ရောက်သော အတိုင်းအရှည်မရှိသော ကြောင့်ကြမှု (ဆင်းရဲ)မှ ကင်းသော ဥပေက္ခာ သမ္ဗောဇ္ဈင်ကို ပွါးများသော ထိုရဟန်းသည် တပ်မက်မှု 'တဏှာ' ကို ပယ်၏၊ တပ်မက်မှု 'တဏှာ' ကို ပယ်ခြင်းကြောင့် ကံကို ပယ်၏၊ ကံကိုပယ်ခြင်းကြောင့် ဝဋ်ဆင်းရဲကို ပယ်၏။ ဥဒါယီ ဤသို့လျှင် တဏှာကုန်ခြင်းကြောင့် ကံကုန်၏၊ ကံကုန်ခြင်းကြောင့် ဆင်းရဲကုန်၏ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-တဏှာနိရောဓသုတ်

၂၀၈။ ရဟန်းတို့ တဏှာချုပ်ရန် လမ်းစဉ်အကျင့်ကို ပွါးများကုန်လော့။ ရဟန်းတို့ အဘယ် လမ်းစဉ် အဘယ်အကျင့်သည် တဏှာချုပ်ရန် ဖြစ်သနည်း၊ ဤဗောဇ္ဈင်ခုနစ်ပါးတို့တည်း။ ဗောဇ္ဈင် ခုနစ်ပါးတို့ဟူသည် အဘယ်တို့နည်း၊ သတိသမ္ဗောဇ္ဈင်။ပ။ ဥပေက္ခာသမ္ဗောဇ္ဈင်တို့တည်း။ ရဟန်းတို့ ဗောဇ္ဈင်ခုနစ်ပါးတို့ကို အဘယ်သို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သော် တဏှာ ချုပ်ငြိမ်းရန် ဖြစ်ကုန်သနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကိုမှီသော စွဲမက်မှု'ရာဂ'ကင်းခြင်း ကိုမှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ ညွတ်သော သတိသမ္ဗောဇ္ဈင်ကို ပွါးများ၏။ပ။ ဆိတ်ငြိမ် ခြင်းကိုမှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကိုမှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ ညွတ်သော

http://www.dhammadownload.com



ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများ၏။ ရဟန်းတို့ ဤသို့လျှင် ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သော် တဏှာချုပ်ငြိမ်းရန် ဖြစ်ကုန်၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-နိဗ္ဗေဓဘာဂိယသုတ်

၂၀၉။ ရဟန်းတို့ ဖောက်ခွဲတတ်သော အဘို့ရှိသော လမ်းစဉ်ကို သင်တို့အား ဟောကြားပေအံ့၊ ထိုတရားကို နာကြကုန်လော့။ ရဟန်းတို့ ဖောက်ခွဲတတ်သော အဘို့ရှိသော လမ်းစဉ်ဟူသည် အဘယ်နည်း၊ ဗောဇ္ဈင်ခုနစ်ပါးတို့တည်း။ ဗောဇ္ဈင်ခုနစ်ပါးတို့ဟူသည် အဘယ်တို့နည်း၊ သတိသမ္ဗောဇ္ဈင်။ပ။ဥပေက္ခာသမ္ဗောဇ္ဈင်တို့တည်း။ ဤသို့ ဟောတော်မူသော် အသျှင်ဥဒါယီသည် မြတ်စွာဘုရားအား "အသျှင်ဘုရား အဘယ်သို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သော် ဗောဇ္ဈင်ခုနစ်ပါးတို့သည် ဖောက်ခွဲရန်ဖြစ်ပါကုန်သနည်း"ဟု လျှောက်၏။

ဥဒါယီ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကိုမှီသော စွဲမက်မှု'ရာဂ'ကင်းခြင်းကို မှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ ညွတ်သော ပြန့်ပြောသော မြတ်သည့် အဖြစ်သို့ ရောက်သော အတိုင်းအရှည်မရှိသော ကြောင့်ကြမှု (ဆင်းရဲ)မှ ကင်းသော သတိသမ္ဗောဇ္ဈင်ကို ပွါးများ၏။ ထိုရဟန်းသည် သတိသမ္ဗောဇ္ဈင်ကို ပွါးများသောအားဖြင့် ရှေးက မဖောက်ဘူး မခွဲဘူး သေးသော လောဘအစုကို ဖောက်၏ ခွဲ၏၊ ရှေးက မဖောက်ဘူး မခွဲဘူးသေးသော ဒေါသအစုကို ဖောက်၏ ခွဲ၏၊ ရှေးက မဖောက်ဘူး မခွဲဘူးသေးသော မောဟအစုကို ဖောက်၏ ခွဲ၏။ပ။ ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကို မှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ ညွတ်သော ပြန့်ပြောသော မြတ်သည့်အဖြစ်သို့ ရောက်သော အတိုင်းအရှည် မရှိသော ကြောင့်ကြမှု(ဆင်းရဲ)မှ ကင်းသော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများ၏။ ထိုရဟန်းသည် ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများသောစိတ်ဖြင့် ရှေးကမဖောက်ဘူး မခွဲဘူးသေးသော လောဘအစုကို ဖောက်၏ ခွဲ၏၊ ရှေးကမဖောက်ဘူး မခွဲဘူးသေးသော ဒေါသအစုကို ဖောက်၏ ခွဲ၏၊ ရှေးက မဖောက်ဘူး မခွဲဘူးသေးသော မောဟအစုကို ဖောက်၏ ခွဲ၏။ ဥဒါယီ ဤသို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သော် ဗောဇ္ဈင်ခုနစ်ပါးတို့သည် ဖောက်ခွဲရန် ဖြစ်ကုန်၏ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-ကေဝဋ္ဋသုတ်

၂၁၀။ ရဟန်းတို့ သံယောဇဉ်၏ အာရုံတရားတို့ကို ပယ်ခြင်းငှါ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သော ဤဗောဇ္ဈင်ခုနစ်ပါးတို့မှ တပါး အခြား တခုသော တရားကိုမျှလည်း ငါဘုရား မြင်တော်မမူ။ ဗောဇ္ဈင်ခုနစ်ပါးတို့ဟူသည် အဘယ်တို့နည်း၊ သတိသမ္ဗောဇ္ဈင်။ပ။ ဥပေက္ခာသမ္ဗောဇ္ဈင်တို့တည်း။ ရဟန်းတို့ ဗောဇ္ဈင်ခုနစ်ပါးတို့ကို အဘယ်သို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သော် သံယောဇဉ်၏ အာရုံတရားတို့ကို ပယ်ခြင်းငှါ ဖြစ်ကုန်သနည်း။

http://www.dhammadownload.com



ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကိုမှီသော စွဲမက်မှု'ရာဂ'ကင်းခြင်းကို မှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ညွတ်သော သတိသမ္ဗောဇ္ဈင်ကို ပွါးများ၏။ပ။ ဆိတ်ငြိမ်ခြင်းကိုမှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကိုမှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ညွတ်သော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများ၏။ ရဟန်းတို့ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ဤသို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သော် သံယောဇဉ်၏ အာရုံတရားတို့ကို ပယ်ခြင်းငှါ ဖြစ်ကုန်၏။

ရဟန်းတို့ သံယောဇဉ်၏ အာရုံတရားတို့ကား အဘယ်တို့နည်း၊ ရဟန်းတို့ မျက်စိ'စက္ခုပသာဒ' သည် သံယောဇဉ်၏ အာရုံဖြစ်သော တရားတည်း၊ ဤမျက်စိ 'စက္ခုပသာဒ'၌ ထိုသံယောဇဉ် အနှောင်အဖွဲ့တို့သည် လွှမ်းမိုးသက်ဝင်လျက် ဖြစ်ကြကုန်၏။ပ။လျှာ'ဇိဝှါပသာဒ'သည် သံယောဇဉ် ၏ အာရုံဖြစ်သော တရားတည်း၊ ဤလျှာ 'ဇိဝှါပသာဒ'၌ ထိုသံယောဇဉ် အနှောင်အဖွဲ့တို့သည် လွှမ်းမိုးသက်ဝင်ကုန်လျက် ဖြစ်ကုန်၏။ပ။ စိတ်သည် သံယောဇဉ်၏ အာရုံဖြစ်သော တရားတည်း၊ ဤစိတ်၌ ထိုသံယောဇဉ် အနှောင်အဖွဲ့တို့သည် လွှမ်းမိုးသက်ဝင်ကုန်လျက် ဖြစ်ကုန်၏။ ရဟန်းတို့ ဤဆိုခဲ့သောတရားတို့ကို သံယောဇဉ်၏ အာရုံတရားတို့ဟု ဆိုအပ်ကုန်၏ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-ဥဒါယိသုတ်

၂၁၁။ အခါတပါး၌ မြတ်စွာဘုရားသည် သုမ္ဘတိုင်း သေတကနိဂုံး၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ အသျှင်ဥဒါယီသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

အသျှင်ဘုရား (တရားတော်သည်) အံ့ဩဖွယ်ရှိပါပေ၏၊ အသျှင်ဘုရား (တရားတော်သည်) မဖြစ်ဘူးမြဲဖြစ်ပါပေ၏၊အသျှင်ဘုရား မြတ်စွာဘုရား၌ ချစ်ခြင်း ရိုသေခြင်း ရှက်ခြင်း ကြောက်ခြင်း တရားတို့သည် အလွန်ကျေးဇူးများပါကုန်၏၊ အသျှင်ဘုရား အကျွန်ုပ်သည် ရှေး လူဖြစ်စဉ်က တရားတော်၌ များစွာမြတ်နိုးခြင်းကို မပြုခဲ့ပါ၊ သံဃာတော်၌ များစွာမြတ်နိုးခြင်းကို မပြုခဲ့ပါ၊ အကျွန်ုပ်သည် စင်စစ်အားဖြင့် မြတ်စွာဘုရား၌ ချစ်ခြင်း ရိုသေခြင်း ရှက်ခြင်း ကြောက်ခြင်းကို ကောင်းစွာတွေ့မြင်ရသည်ဖြစ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက် (ရဟန်းပြု) ခဲ့ပါ၏၊ ထိုအကျွန်ုပ်အား မြတ်စွာဘုရားသည် ဤကား ရုပ် ဤကား ရုပ်၏ဖြစ်ကြောင်း ဤကား ရုပ်၏ ချုပ်ကြောင်း ဤကား ဝေဒနာ။ပ။ဤကား သညာ ဤကား သင်္ခါရ ဤကား ဝိညာဏ် ဤကား ဝိညာဏ်၏ဖြစ်ကြောင်း ဤကား ဝိညာဏ်၏ ချုပ်ကြောင်းဟု တရားတော်ကို ဟောတော်မူပါ၏။

အသျှင်ဘုရား ထိုအကျွန်ုပ်သည် တပါးတည်း ဆိတ်ငြိမ်ရာသို့ကပ်လျက် ဤဥပါဒါနက္ခန္ဓာ ငါးပါးတို့၏ အဖြစ်အပျက်ကို အပြန်အလှန် သုံးသပ်သည်ရှိသော် ဤကား ဆင်းရဲတည်းဟု ဟုတ်တိုင်းမှန်စွာ သိပါပြီ၊ ဤကား ဆင်းရဲဖြစ်ကြောင်းတည်းဟု ဟုတ်တိုင်းမှန်စွာ သိပါပြီ၊ ဤကား ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)တည်းဟု ဟုတ်တိုင်းမှန်စွာ သိပါပြီ၊ ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တရားတည်းဟု ဟုတ်တိုင်းမှန်စွာ သိပါပြီ။ အသျှင်ဘုရား အကျွန်ုပ်သည် ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သော(ဝိပဿနာ)တရားကိုလည်း သိပါပြီ၊(ဝိပဿနာ)

http://www.dhammadownload.com



လမ်းစဉ်ကိုလည်း ရပါပြီ၊ "ပဋိသန္ဓေနေမှုကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်ကိစ္စ) အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ"ဟု သိနိုင်မည့် အခြင်းအရာဖြင့် နေထိုင်သော အကျွန်ုပ်ကို (ပစ္စဝေက္ခဏာဉာဏ်) အမှန် ဖြစ်ခြင်းငှါ ဆောင်ပါလိမ့်မည်။

အသျှင်ဘုရား အကျွန်ုပ်သည် ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သော သတိသမ္ဗောဇ္ဈင်ကို ရပါပြီ၊ "ပဋိသန္ဓေနေမှုကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်ကိစ္စ) အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ"ဟု သိနိုင်မည့်အခြင်းအရာဖြင့် နေထိုင်သော အကျွန်ုပ်ကို (ပစ္စဝေက္ခဏာဉာဏ်)အမှန် ဖြစ်ခြင်းငှါ ဆောင်ပါလိမ့်မည်။ပ။ အသျှင်ဘုရား အကျွန်ုပ်သည် ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ရပါပြီ၊ "ပဋိသန္ဓေနေမှုကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်ကိစ္စ) အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ"ဟု သိနိုင်မည့် အခြင်းအရာဖြင့် နေထိုင်သော အကျွန်ုပ်ကို (ပစ္စဝေက္ခဏာဉာဏ်) အမှန်ဖြစ်ခြင်းငှါ ဆောင်ပါလိမ့်မည်။ အသျှင်ဘုရား အကျွန်ုပ်သည် ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အင်သော ဤ(ဝိပဿနာ) တရားကိုလည်း စင်စစ်အားဖြင့် သိပါပြီ၊ (ဝိပဿနာ)လမ်းစဉ်ကိုလည်း ရပါပြီ၊ "ပဋိသန္ဓေနေမှုကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်ကိစ္စ)အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ"ဟု သိနိုင်မည့် အခြင်းအရာဖြင့် နေထိုင်သော အကျွန်ုပ်ကို (ပစ္စဝေက္ခဏာဉာဏ်) အမှန်ဖြစ်ခြင်းငှါ ဆောင်ပါလိမ့်မည်ဟု (လျှောက်၏)။

ဥဒါယီ ကောင်းပေစွ ကောင်းပေစွ၊ ဥဒါယီ သင်သည် ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သော (ဝိပဿနာ) လမ်းစဉ်ကို ရပေပြီ၊ "ပဋိသန္ဓေနေမှုကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်ကိစ္စ) အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ"ဟု သိလတ္တံ့သော အခြင်းအရာဖြင့် နေထိုင်သော သင့်ကို (ပစ္စဝေက္ခဏာဉာဏ်) အမှန်ဖြစ်ခြင်းငှါ ဆောင်ပေလိမ့်မည်ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

သုံးခုမြောက် ဥဒါယိဝဂ် ပြီး၏။

---

## ၄-နီဝရဏဝဂ် ၁-ပဌမ ကုသလသုတ်

၂၁၂။ ရဟန်းတို့ ကုသိုလ်အဘို့ရှိကုန်သော ကုသိုလ်အသင်းအပင်း ဖြစ်ကုန်သော ကုသိုလ်တရားဟူသမျှတို့သည် မမေ့လျော့မှု 'အပ္ပမာဒ'လျှင် အကြောင်းရင်း ရှိကုန်၏၊ မမေ့လျော့မှု 'အပ္ပမာဒ'လျှင် စုဝေးရာရှိကုန်၏၊ မမေ့လျော့မှု 'အပ္ပမာဒ'ကို ထိုကုသိုလ်တရားတို့ထက် မြတ်၏ဟု ဆိုအပ်၏။ ရဟန်းတို့ မမေ့လျော့သောရဟန်းအား ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများလိမ့်မည်၊ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ကြိမ်ဖန်များစွာ ပြုလုပ်လိမ့်မည်ဟု မြော်လင့်အပ်၏။

ရဟန်းတို့ အဘယ်သို့လျှင် မမေ့လျော့သော ရဟန်းသည် ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများသနည်း၊ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ကြိမ်ဖန်များစွာ ပြုလုပ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကိုမှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကိုမှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ညွတ်သော သတိသမ္ဗောဇ္ဈင်ကို ပွါးများ၏။ပ။ ဆိတ်ငြိမ်ခြင်းကိုမှီသော စွဲမက်မှု'ရာဂ'

http://www.dhammadownload.com



ကင်းခြင်းကိုမှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ညွတ်သော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများ၏။ ရဟန်းတို့ ဤသို့လျှင် မမေ့လျော့သော ရဟန်းသည် ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများ၏၊ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ကြိမ်ဖန်များစွာ ပြုလုပ်၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

## ၂-ဒုတိယ ကုသလသုတ်

၂၁၃။ ရဟန်းတို့ ကုသိုလ်အဘို့ရှိကုန်သော ကုသိုလ်အသင်းအပင်းဖြစ်ကုန်သော ကုသိုလ်တရားဟူသမျှတို့သည် ယောနိသောမနသိကာရလျှင် အကြောင်းရင်း ရှိကုန်၏၊ ယောနိသောမနသိကာရလျှင် စုဝေးရာရှိကုန်၏၊ ယောနိသောမနသိကာရကို ထိုကုသိုလ်တရားတို့ထက် မြတ်၏ဟုဆိုအပ်၏။ ရဟန်းတို့ ယောနိသောမနသိကာရနှင့် ပြည့်စုံသောရဟန်းအား ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများလိမ့်မည် ကြိမ်ဖန်များစွာ ပြုလုပ်လိမ့်မည်ဟု မြော်လင့်အပ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ယောနိသောမနသိကာရနှင့် ပြည့်စုံသောရဟန်းသည် ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများသနည်း၊ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ကြိမ်ဖန်များစွာပြုလုပ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကိုမှီသော စွဲမက်မှု'ရာဂ' ကင်းခြင်းကိုမှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ညွတ်သော သတိသမ္ဗောဇ္ဈင်ကို ပွါးများ၏။ပ။ဆိတ်ငြိမ်ခြင်းကိုမှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကိုမှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ညွတ်သော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများ၏။ ရဟန်းတို့ ဤသို့လျှင် ယောနိသောမနသိကာရနှင့် ပြည့်စုံသော ရဟန်းသည် ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများ၏၊ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ကြိမ်ဖန်များစွာ ပြုလုပ်၏ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

## ၃-ဥပက္ကိလေသသုတ်

၂၁၄။ ရဟန်းတို့ ရွှေ၏အညစ်အကြေးတို့သည် ဤငါးပါးတို့တည်း၊ ယင်းအညစ်အကြေးတို့ဖြင့် ညစ်ပေသောရွှေသည် နူးလည်း မနူးညံ့၊ပြုလုပ်ခြင်းငှါလည်း အသင့်မဖြစ်၊ အရောင်လည်းမထွက်၊ ကြွပ်ဆတ်သော သဘောလည်းရှိ၏၊ လက်ဝတ်တန်ဆာ ပြုလုပ်ခြင်းငှါလည်း ကောင်းစွာမဖြစ်ပေ။ အဘယ်ငါးပါးတို့နည်း၊ ရဟန်းတို့ သံသည် ရွှေ၏ အညစ်အကြေးတည်း၊ ယင်း အညစ်အကြေးဖြင့် ညစ်ပေသောရွှေသည် နူးလည်း မနူးညံ့၊ ပြုလုပ်ခြင်းငှါလည်း အသင့်မဖြစ်၊ အရောင်လည်း မထွက်၊ ကြွပ်ဆတ်သော သဘောလည်းရှိ၏၊ လက်ဝတ်တန်ဆာ ပြုလုပ်ခြင်းငှါလည်း ကောင်းစွာမဖြစ်။ ကြေးသည် ရွှေ၏အညစ်အကြေးတည်း၊ ယင်းအညစ်အကြေးဖြင့် ညစ်ပေသော ရွှေသည်။ပ။ခဲပုပ်သည် ရွှေ၏အညစ်အကြေးတည်း။ ခဲမဖြူသည် ရွှေ၏အညစ်အကြေးတည်း။ ငွေသည် ရွှေ၏အညစ်အကြေးတည်း၊ ယင်းအညစ်အကြေးဖြင့် ညစ်ပေသော ရွှေသည် နူးလည်း မနူးညံ့၊ ပြုလုပ်ခြင်းငှါလည်း အသင့်မဖြစ်၊ အရောင်းလည်း မထွက်၊ ကြွပ်ဆတ်သောသဘောလည်း ရှိ၏၊ လက်ဝတ်တန်ဆာ ပြုလုပ်ခြင်းငှါလည်း ကောင်းစွာမဖြစ်။ ရဟန်းတို့ ရွှေ၏အညစ်အကြေးတို့သည် ဤငါးပါးတို့တည်း၊ ယင်း အညစ်အကြေးတို့ဖြင့် ညစ်ပေသောရွှေသည် နူးလည်း မနူးညံ့၊

http://www.dhammadownload.com



ပြုလုပ်ခြင်းငှါလည်း အသင့်မဖြစ်၊ အရောင်လည်း မထွက်၊ ကြွပ်ဆတ်သော သဘောလည်းရှိ၏၊ လက်ဝတ်တန်ဆာ ပြုလုပ်ခြင်းငှါလည်း ကောင်းစွာမဖြစ်။

ရဟန်းတို့ ဤအတူပင် စိတ်၏အညစ်အကြေးတို့သည် ဤငါးပါးတို့တည်း။ ယင်း အညစ်အကြေးတို့ဖြင့် ညစ်ပေသောစိတ်သည် နူးလည်း မနူးညံ့၊ ပြုလုပ်ခြင်းငှါလည်း အသင့်မဖြစ်၊ အရောင်လည်း မထွက်၊ ကြွပ်ဆတ်သောသဘောလည်း ရှိ၏၊ အာသဝတရားတို့၏ ကုန်ခြင်းငှါ ကောင်းစွာလည်း မထားနိုင်။ အဘယ်ငါးပါးတို့နည်း၊ ရဟန်းတို့ ကာမဂုဏ်လိုချင်မှု 'ကာမစ္ဆန္ဒ' သည် စိတ်၏အညစ်အကြေးတည်း၊ ယင်း အညစ်အကြေးဖြင့် ညစ်ပေသောစိတ်သည် နူးလည်း မနူးညံ့၊ ပြုလုပ်ခြင်းငှါလည်း အသင့်မဖြစ်၊ အရောင်လည်း မထွက်၊ကြွပ်ဆတ်သောသဘောလည်း ရှိ၏၊အာသဝတရားတို့၏ကုန်ခြင်းငှါ ကောင်းစွာလည်းမထားနိုင်။ပ။ရဟန်းတို့ စိတ်၏ အညစ်အကြေးတို့သည် ဤငါးပါးတို့တည်း၊ ယင်း အညစ်အကြေးတို့ဖြင့် ညစ်ပေသောစိတ်သည် နူးလည်း မနူးညံ့၊ ပြုလုပ်ခြင်းငှါလည်း အသင့်မဖြစ်၊ အရောင်လည်း မထွက်၊ ကြွပ်ဆတ်သော သဘောလည်း ရှိ၏၊ အာသဝတရားတို့၏ ကုန်ခြင်းငှါ ကောင်းစွာလည်း မထားနိုင်ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

## ၄-အနုပက္ကိလေသသုတ်

၂၁၅။ ရဟန်းတို့ ကုသိုလ်တရားကို မပိတ်ပင် မတားဆီးတတ်ကုန်သော စိတ်ကို မညစ်ညူးစေတတ်ကုန်သော ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည် ရှိသော် (အရဟတ္တမဂ် အရဟတ္တဖိုလ်ဟူသော) အသိဉာဏ် 'ဝိဇ္ဇာ'(ကိလေသာမှ)လွတ်မြောက်မှု 'ဝိမုတ္တိ' အကျိုးကို မျက်မှောက်ပြုခြင်းငှါ ဖြစ်ကုန်၏။ အဘယ် ခုနစ်ပါးတို့နည်း၊ ရဟန်းတို့ မပိတ်ပင် မတားဆီးတတ်သော စိတ်ကို မညစ်ညူးစေတတ်သော သတိသမ္ဗောဇ္ဈင်ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် အသိဉာဏ် 'ဝိဇ္ဇာ' (ကိလေသာမှ) လွတ်မြောက်မှု 'ဝိမုတ္တိ' အကျိုးကို မျက်မှောက်ပြုခြင်းငှါ ဖြစ်၏။ပ။ ရဟန်းတို့ ကုသိုလ်တရားကို မပိတ်ပင် မတားဆီးတတ်သော စိတ်ကို မညစ်ညူးစေတတ်သော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် အသိဉာဏ် 'ဝိဇ္ဇာ' (ကိလေသာမှ) လွတ်မြောက်မှု 'ဝိမုတ္တိ' အကျိုးကို မျက်မှောက်ပြုခြင်းငှါ ဖြစ်၏။ ရဟန်းတို့ ကုသိုလ်တရားကို မပိတ်ပင်မတားဆီးတတ်ကုန်သော စိတ်ကို မညစ်ညူးစေတတ်ကုန်သော ဤဆိုခဲ့ပြီးဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် အသိဉာဏ် 'ဝိဇ္ဇာ'(ကိလေသာမှ) လွတ်မြောက်မှု 'ဝိမုတ္တိ'အကျိုးကို မျက်မှောက်ပြုခြင်းငှါ ဖြစ်ကုန်၏ဟု(မိန့်တော်မူ၏)။

စတုတ္ထသုတ်။

## ၅-အယောနိသောမနသိကာရသုတ်

၂၁၆။ ရဟန်းတို့ မသင့်လျော်သောအားဖြင့် နှလုံးသွင်းသူအား မဖြစ်သေးသော ကာမဂုဏ်လိုချင်မှု 'ကာမစ္ဆန္ဒ' သည်လည်း ဖြစ်၏၊ ဖြစ်ပြီးသော ကာမဂုဏ် လိုချင်မှု 'ကာမစ္ဆန္ဒ' သည်လည်း

http://www.dhammadownload.com



အတိုင်းထက်အလွန် ဖြစ်ခြင်းငှါ ပြန့်ပြောခြင်းငှါ ဖြစ်၏။ မဖြစ်သေးသော ပျက်စီးစေလိုမှု'ဗျာပါဒ' သည်လည်း ဖြစ်၏၊ ဖြစ်ပြီးသော ပျက်စီးစေလိုမှု 'ဗျာပါဒ' သည်လည်း အတိုင်းထက်အလွန် ဖြစ်ခြင်းငှါ ပြန့်ပြောခြင်းငှါ ဖြစ်၏။ မဖြစ်သေးသော လေးလံထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ' သည်လည်း ဖြစ်၏၊ ဖြစ်ပြီးသော လေးလံထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ' သည်လည်း အတိုင်းထက်အလွန် ဖြစ်ခြင်းငှါ ပြန့်ပြောခြင်းငှါ ဖြစ်၏။ မဖြစ်သေးသော စိတ်ပျံ့လွင့်မှု နောင်တတဖန် ပူပန်မှု 'ဥဒ္ဓစ္စကုက္ကုစ္စ' သည်လည်း ဖြစ်၏၊ ဖြစ်ပြီးသော စိတ်ပျံ့လွင့်မှု နောင်တတဖန် ပူပန်မှု 'ဥဒ္ဓစ္စကုက္ကုစ္စ' သည်လည်း အတိုင်းထက်အလွန် ဖြစ်ခြင်းငှါ ပြန့်ပြောခြင်းငှါ ဖြစ်၏။ မဖြစ်သေးသော မဝေခွဲနိုင်မှု 'ဝိစိကိစ္ဆာ' သည်လည်း ဖြစ်၏၊ ဖြစ်ပြီးသော မဝေခွဲနိုင်မှု 'ဝိစိကိစ္ဆာ' သည်လည်း အတိုင်းထက်အလွန် ဖြစ်ခြင်းငှါ ပြန့်ပြောခြင်းငှါ ဖြစ်၏ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၆-ယောနိသောမနသိကာရသုတ်

၂၁၇။ ရဟန်းတို့ သင့်လျော်သောအားဖြင့် နှလုံးသွင်းသောသူအား မဖြစ်သေးသော သတိသမ္ဗောဇ္ဈင်သည်လည်း ဖြစ်၏၊ ဖြစ်ပြီးသော သတိသမ္ဗောဇ္ဈင်သည်လည်း ပွါးများ ပြည့်စုံခြင်းသို့ရောက်၏။ပ။ ရဟန်းတို့ သင့်လျော်သောအားဖြင့် နှလုံးသွင်းသောသူအား မဖြစ်သေးသော ဥပေက္ခာသမ္ဗောဇ္ဈင်သည်လည်း ဖြစ်၏၊ ဖြစ်ပြီးသော ဥပေက္ခာသမ္ဗောဇ္ဈင်သည်လည်း ပွါးများ ပြည့်စုံခြင်းသို့ ရောက်၏ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-ဗုဒ္ဓိသုတ်

၂၁၈။ ရဟန်းတို့ ဤဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် တိုးပွါးခြင်းငှါ မဆုတ်ယုတ်ခြင်းငှါ ဖြစ်ကုန်၏။ အဘယ်ခုနစ်ပါးတို့နည်း၊ သတိသမ္ဗောဇ္ဈင်။ပ။ ဥပေက္ခာသမ္ဗောဇ္ဈင်တို့တည်း။ ရဟန်းတို့ ဤဗောဇ္ဈင် ခုနစ်ပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် တိုးပွါးခြင်းငှါ မဆုတ်ယုတ်ခြင်းငှါ ဖြစ်ကုန်၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-အာဝရဏနီဝရဏသုတ်

၂၁၉။ ရဟန်းတို့ ဤငါးပါးတို့သည် (ကုသိုလ်တရားကို) ပိတ်ပင်တတ်ကုန်၏၊ (ကုသိုလ်တရားကို) တားဆီးတတ်ကုန်၏၊ စိတ်ကို ညစ်ညူးစေတတ်ကုန်၏၊ ပညာကို အားနည်းအောင် ပြုလုပ်တတ်ကုန်၏။ အဘယ်ငါးပါးတို့နည်း၊ ရဟန်းတို့ ကာမဉ္စ လိုချင်မှု 'ကာမစ္ဆန္ဒ' သည် ကုသိုလ်တရားကို ပိတ်ပင်တတ်၏၊ ကုသိုလ်တရားကို တားဆီးတတ်၏၊ စိတ်ကို ညစ်ညူးစေတတ်၏၊ ပညာကို အားနည်းအောင် ပြုလုပ်တတ်၏။ ရဟန်းတို့ ပျက်စီးစေလိုမှု 'ဗျာပါဒ' သည် ကုသိုလ်

http://www.dhammadownload.com



တရားကို ပိတ်ပင်တတ်၏၊ ကုသိုလ်တရားကို တားဆီးတတ်၏၊ စိတ်ကို ညစ်ညူးစေတတ်၏။ ပညာကို အားနည်းအောင် ပြုလုပ်တတ်၏။ လေးလံထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ' သည် ကုသိုလ်တရားကို ပိတ်ပင်တတ်၏၊ကုသိုလ်တရားကို တားဆီးတတ်၏၊စိတ်ကို ညစ်ညူးစေတတ်၏၊ပညာကို အားနည်းအောင် ပြုလုပ်တတ်၏။ စိတ်ပျံ့လွင့်မှု နောင်တတဖန် ပူပန်မှု 'ဥဒ္ဓစ္စကုက္ကုစ္စ' သည် ကုသိုလ်တရားကို ပိတ်ပင်တတ်၏၊ ကုသိုလ်တရားကို တားဆီးတတ်၏၊ စိတ်ကို ညစ်ညူးစေတတ်၏၊ ပညာကို အားနည်းအောင် ပြုလုပ်တတ်၏။ မဆုံးဖြတ်နိုင်မှု 'ဝိစိကိစ္ဆာ' သည် ကုသိုလ်တရားကို ပိတ်ပင်တတ်၏၊ ကုသိုလ်တရားကို တားဆီးတတ်၏၊စိတ်ကို ညစ်ညူးစေတတ်၏၊ ပညာကို အားနည်းအောင် ပြုလုပ်တတ်၏။ ရဟန်းတို့ ဤတရားငါးပါးတို့သည် ကုသိုလ်တရားကို ပိတ်ပင်တတ်ကုန်၏၊ တားဆီးတတ်ကုန်၏၊ စိတ်ကို ညစ်ညူးစေတတ်ကုန်၏၊ ပညာကို အားနည်းအောင် ပြုလုပ်တတ်ကုန်၏။

ရဟန်းတို့ ကုသိုလ်တရားကို မပိတ်ပင် မတားဆီးတတ် စိတ်ကို မညစ်ညူးစေတတ်ကုန်သော ဤ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် (အရဟတ္တမဂ် အရဟတ္တဖိုလ်ဟူသော) အသိဉာဏ် 'ဝိဇ္ဇာ' (ကိလေသာမှ) လွတ်မြောက်မှု 'ဝိမုတ္တိ' အကျိုးကို မျက်မှောက်ပြုခြင်းငှါ ဖြစ်ကုန်၏။ အဘယ်ခုနစ်ပါးတို့နည်း၊ ရဟန်းတို့ ကုသိုလ် တရားကို မပိတ်ပင် မတားဆီးတတ် စိတ်ကို မညစ်ညူးစေတတ်သော သတိသမ္ဗောဇ္ဈင်ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် အသိဉာဏ် 'ဝိဇ္ဇာ' (ကိလေသာမှ) လွတ်မြောက်မှု 'ဝိမုတ္တိ' အကျိုးကို မျက်မှောက်ပြုခြင်းငှါ ဖြစ်၏။ပ။ ရဟန်းတို့ ကုသိုလ်တရားကို မပိတ်ပင် မတားဆီးတတ် စိတ်ကို မညစ်ညူးစေတတ်သော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် အသိဉာဏ် 'ဝိဇ္ဇာ' (ကိလေသာမှ) လွတ်မြောက်မှု 'ဝိမုတ္တိ' အကျိုးကို မျက်မှောက်ပြုခြင်းငှါ ဖြစ်၏။ ရဟန်းတို့ ကုသိုလ်တရားကို မပိတ်ပင် မတားဆီးတတ် စိတ်ကို မညစ်ညူးစေတတ်ကုန်သော ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် အသိဉာဏ် 'ဝိဇ္ဇာ' (ကိလေသာမှ) လွတ်မြောက်မှု 'ဝိမုတ္တိ' အကျိုးကို မျက်မှောက်ပြုခြင်းငှါ ဖြစ်ကုန်၏။

ရဟန်းတို့ အရိယာတပည့်သည် အရိုအသေပြုကာ နှလုံးသွင်းလျက် အလုံးစုံကို စိတ်၌ ကောင်းစွာထားပြီး စူးစိုက်နားထောင်သည်ဖြစ်၍ တရားတော်ကို နာကြားသောအခါ ဤအရိယာတပည့်အား နီဝရဏငါးပါးတို့သည် မဖြစ်ကုန်၊ ဗောဇ္ဈင်ခုနစ်ပါးတို့သည် ပွါးများ ပြည့်စုံခြင်းသို့ ရောက်ကုန်၏။

ထိုအခါ အဘယ် နီဝရဏငါးပါးတို့သည် မဖြစ်ကုန်သနည်း၊ ထိုအခါ ကာမ၌ လိုချင်မှု 'ကာမစ္ဆန္ဒ နီဝရဏ' ပျက်စီးစေလိုမှု 'ဗျာပါဒနီဝရဏ' လေးလံထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ နီဝရဏ' စိတ်ပျံ့လွင့်မှု နောင်တတဖန် ပူပန်မှု'ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ'မဆုံးဖြတ်နိုင်မှု 'ဝိစိကိစ္ဆာနီဝရဏ'သည် မဖြစ်။ ထိုအခါ ဤအရိယာတပည့်အား ဤနီဝရဏငါးပါးတို့သည် မဖြစ်ကုန်။

ထိုအခါ အဘယ်ဗောဇ္ဈင်ခုနစ်ပါးတို့သည် ပွါးများ ပြည့်စုံခြင်းသို့ ရောက်ကုန်သနည်း၊ ထိုအခါ သတိသမ္ဗောဇ္ဈင်သည် ပွါးများ ပြည့်စုံခြင်းသို့ရောက်၏။ပ။ ထိုအခါ ဥပေက္ခာသမ္ဗောဇ္ဈင်သည် ပွါးများပြည့်စုံခြင်းသို့ ရောက်၏။

**ထိုအခါ၌ ဤဆိုခဲ့ပြီးသော** ဗောဇ္ဈင်ခုနစ်ပါးတို့သည် ပွါးများပြည့်စုံခြင်းသို့ ရောက်ကုန်၏။ **ရဟန်းတို့ အရိယာတပည့်သည်** အရိုအသေပြုကာ နှလုံးသွင်းလျက် အလုံးစုံကို စိတ်၌ကောင်းစွာ

http://www.dhammadownload.com



ထားပြီး စူးစိုက်နားထောင်သည်ဖြစ်၍ တရားတော်ကို နာကြားသောအခါ ဤအရိယာတပည့်အား နီဝရဏငါးပါးတို့သည် မဖြစ်ကုန်၊ ဤဗောဇ္ဈင်ခုနစ်ပါးတို့သည် ပွါးများ ပြည့်စုံခြင်းသို့ ရောက်ကုန်၏ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

## ၉-ရုက္ခသုတ်

၂၂၀။ ရဟန်းတို့ သစ်ပင်တို့ကို လွှမ်းမိုး ပေါက်ရောက်တတ်ကုန်သော အစေ့သေးငယ်၍ ပင်စည်ကြီးကုန်သော သစ်ပင်ကြီးတို့သည် ရှိကုန်၏၊ ယင်းသစ်ပင်ကြီးတို့ လွှမ်းမိုးခံရကုန်သော သစ်ပင်တို့သည် ကျိုးပြတ် ပျက်စီး၍ လဲကျကုန်၏။ သစ်ပင်တို့ကို လွှမ်းမိုး၍ ကျိုးပြတ်ပျက်စီး လဲကျစေနိုင်သည့် အစေ့သေးငယ်၍ ပင်စည်ကြီးသော သစ်ပင်ကြီးတို့ဟူသည် အဘယ်တို့နည်း၊ ညောင်ဗုဒ္ဓဟေပင် ပညောင်ပင် ညောင်ကြတ်ပင် ရေသဖန်းပင် ခအောင်းပင် ညောင်ချဉ်ပင်တို့တည်း။ ရဟန်းတို့ သစ်ပင်တို့ကို လွှမ်းမိုး၍ ကျိုးပြတ် ပျက်စီး လဲကျစေနိုင်သည့် အစေ့သေးငယ်၍ ပင်စည်ကြီးသော သစ်ပင်ကြီးတို့ဟူသည် ဤသည်တို့တည်း။ ရဟန်းတို့ ဤအတူပင် ဤလောက၌ အချို့သော အမျိုးကောင်းသားသည် အကြင်သို့ သဘောရှိကုန်သော ကာမဂုဏ်တို့ကို ပယ်စွန့်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်(ရဟန်းပြု)၏၊ ထိုသူသည် ထိုသို့ သဘောရှိသော ကာမဂုဏ်တို့မှုရင်း ထို့ထက်ပို၍ ယုတ်နိမ့်သော ကာမဂုဏ်တို့မှုရင်း ကျိုးပြတ်၍ ကျ၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့သည် ပိတ်ပင်တားဆီးတတ်ကုန်၏၊ စိတ်ကို လွှမ်းမိုးတတ်ကုန်၏၊ ပညာကို အားနည်းအောင် ပြုလုပ်တတ်ကုန်၏။အဘယ်ငါးမျိုးတို့နည်း၊ရဟန်းတို့ ကာမဂုဏ်လိုချင်မှု 'ကာမစ္ဆန္ဒ'သည် ပိတ်ပင်တားဆီးတတ်၏၊ စိတ်ကို လွှမ်းမိုးတတ်၏၊ ပညာကို အားနည်းအောင် ပြုလုပ်တတ်၏။ ပျက်စီးစေလိုမှု'ဗျာပါဒ'သည် ပိတ်ပင်တားဆီးတတ်၏၊ စိတ်ကို လွှမ်းမိုးတတ်၏၊ ပညာကို အားနည်းအောင် ပြုလုပ်တတ်၏။ လေးလံထိုင်းမှိုင်းမှု'ထိနမိဒ္ဓ'သည် ပိတ်ပင်တားဆီးတတ်၏၊ စိတ်ကို လွှမ်းမိုးတတ်၏၊ ပညာကို အားနည်းအောင် ပြုလုပ်တတ်၏။ စိတ်ပျံ့လွင့်မှု နောင်တတဖန်ပူပန်မှု'ဥဒ္ဓစ္စကုက္ကုစ္စ'သည် ပိတ်ပင်တားဆီးတတ်၏၊စိတ်ကို လွှမ်းမိုးတတ်၏၊ပညာကို အားနည်းအောင် ပြုလုပ်တတ်၏။ မဆုံးဖြတ်နိုင်မှု'ဝိစိကိစ္ဆာ'သည် ပိတ်ပင်တားဆီးတတ်၏၊ စိတ်ကို လွှမ်းမိုးတတ်၏၊ပညာကို အားနည်းအောင် ပြုလုပ်တတ်၏။ရဟန်းတို့ ဤငါးပါးတို့သည် ကုသိုလ်တရားကို ပိတ်ပင်တားဆီးတတ်ကုန်၏၊ စိတ်ကို လွှမ်းမိုးတတ်ကုန်၏၊ ပညာကို အားနည်းအောင် ပြုလုပ်တတ်ကုန်၏။

ရဟန်းတို့ ကုသိုလ်တရားတို့ကို မပိတ်ပင် မတားဆီးတတ်ကုန်သော စိတ်ကို မလွှမ်းမိုးတတ်ကုန်သော ဤဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် အသိဉာဏ်'ဝိဇ္ဇာ' (ကိလေသာမှ)လွတ်မြောက်မှု'ဝိမုတ္တိ' အကျိုးကို မျက်မှောက်ပြုခြင်းငှါ ဖြစ်ကုန်၏။ အဘယ်ခုနစ်ပါးတို့နည်း၊ ရဟန်းတို့ ကုသိုလ်တရားတို့ကို မပိတ်ပင်မတားဆီးတတ် စိတ်ကို မလွှမ်းမိုးတတ်သော သတိသမ္ဗောဇ္ဈင်ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် အသိဉာဏ် 'ဝိဇ္ဇာ' (ကိလေသာမှ) လွတ်မြောက်မှု 'ဝိမုတ္တိ' အကျိုးကို မျက်မှောက်ပြုခြင်းငှါ

http://www.dhammadownload.com



ဖြစ်၏။ပ။ ရဟန်းတို့ ကုသိုလ်တရားတို့ကို မပိတ်ပင် မတားဆီးတတ် စိတ်ကို မလွှမ်းမိုးတတ်သော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် အသိဉာဏ် 'ဝိဇ္ဇာ' (ကိလေသာမှ) လွတ်မြောက်မှု 'ဝိမုတ္တိ' အကျိုးကို မျက်မှောက်ပြုခြင်းငှါ ဖြစ်၏။ ရဟန်းတို့ ကုသိုလ်တရားတို့ကို မပိတ်ပင် မတားဆီးတတ် စိတ်ကို မလွှမ်းမိုးတတ်ကုန်သော ဤဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် အသိဉာဏ်'ဝိဇ္ဇာ' (ကိလေသာမှ) လွတ်မြောက်မှု'ဝိမုတ္တိ'အကျိုးကို မျက်မှောက်ပြုခြင်းငှါ ဖြစ်ကုန်၏ဟု(မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၁-နီဝရဏသုတ်

၂၂၁။ ရဟန်းတို့ ဤနီဝရဏငါးပါးတို့သည် ကန်းအောင် ပြုလုပ်တတ်ကုန်၏၊မျက်စိမရှိအောင် ပြုလုပ်တတ်ကုန်၏၊ အသိဉာဏ်မဲ့အောင် ပြုလုပ်တတ်ကုန်၏၊ ပညာကို ချုပ်ပျောက်စေတတ်ကုန်၏၊ ပင်ပန်းဆင်းရဲခြင်းအဘို့ ရှိကုန်၏၊ (ကိလေသာမှ)ငြိမ်းအေးခြင်းငှါ မဖြစ်စေနိုင်ကုန်။ အဘယ်ငါးပါးတို့နည်း၊ ရဟန်းတို့ ကာမဉ္စလိုချင်မှု'ကာမစ္ဆန္ဒနီဝရဏ'သည် ကန်းအောင် ပြုလုပ်တတ်၏၊ မျက်စိ မရှိအောင် ပြုလုပ်တတ်၏၊ အသိဉာဏ်မဲ့အောင် ပြုလုပ်တတ်၏၊ ပညာကို ချုပ်ပျောက်စေတတ်၏၊ပင်ပန်းဆင်းရဲခြင်းအဘို့ ရှိ၏ (ကိလေသာမှ)ငြိမ်းအေးခြင်းငှါ မဖြစ်စေနိုင်။ ပျက်စီးစေလိုမှု 'ဗျာပါဒနီဝရဏ'သည်။ပ။လေးလံထိုင်းမှိုင်းမှု 'ထိနမိဒ္ဓနီဝရဏ'သည် စိတ်ပျံ့လွင့်မှု နောင်တတဖန်ပူပန်မှု'ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ'သည် မဝေခွဲနိုင်မှု'ဝိစိကိစ္ဆာနီဝရဏ'သည် ကန်းအောင် ပြုလုပ်တတ်၏၊ မျက်စိမရှိအောင် ပြုလုပ်တတ်၏၊ အသိဉာဏ်မဲ့အောင် ပြုလုပ်တတ်၏၊ ပညာကို ချုပ်ပျောက်စေတတ်၏၊ ပင်ပန်းဆင်းရဲခြင်းအဘို့ ရှိ၏၊(ကိလေသာမှ)ငြိမ်းအေးခြင်းငှါ မဖြစ်စေနိုင်။ရဟန်းတို့ နီဝရဏငါးပါးတို့သည် ကန်းအောင် ပြုလုပ်တတ်ကုန်၏၊မျက်စိမရှိအောင် ပြုလုပ်တတ်ကုန်၏၊ အသိဉာဏ်မဲ့အောင် ပြုလုပ်တတ်ကုန်၏၊ ပညာကို ချုပ်ပျောက်စေတတ်ကုန်၏၊ ပင်ပန်းဆင်းရဲခြင်း အဘို့ရှိကုန်၏၊ (ကိလေသာမှ) ငြိမ်းအေးခြင်းငှါ မဖြစ်စေနိုင်ကုန်။

ရဟန်းတို့ ဗောဇ္ဈင်ခုနစ်ပါးတို့သည် ပညာမျက်စိကို ပြုလုပ်တတ်ကုန်၏၊ အသိဉာဏ်ကို ပြုလုပ်တတ်ကုန်၏၊ ပညာတိုးပွါးခြင်းကို ဖြစ်စေတတ်ကုန်၏၊ ပင်ပန်းဆင်းရဲခြင်းအဘို့ မရှိကုန်၊ (ကိလေသာမှ) ငြိမ်းအေးခြင်းငှါ ဖြစ်စေနိုင်ကုန်၏။ အဘယ်ခုနစ်ပါးတို့နည်း၊ ရဟန်းတို့ သတိသမ္ဗောဇ္ဈင်သည် ပညာမျက်စိကို ပြုလုပ်တတ်၏၊ အသိဉာဏ်ကို ပြုလုပ်တတ်၏၊ပညာတိုးပွါးခြင်းကို ဖြစ်စေတတ်၏၊ ပင်ပန်းဆင်းရဲခြင်းအဘို့ မရှိ၊ (ကိလေသာမှ) ငြိမ်းအေးခြင်းငှါ ဖြစ်စေနိုင်၏။ပ။ ရဟန်းတို့ ဥပေက္ခာသမ္ဗောဇ္ဈင်သည် ပညာမျက်စိကို ပြုလုပ်တတ်၏၊ အသိဉာဏ်ကို ပြုလုပ်တတ်၏၊ ပညာတိုးပွါးခြင်းကို ဖြစ်စေတတ်၏၊ပင်ပန်းဆင်းရဲခြင်းအဘို့ မရှိ၊ (ကိလေသာမှ)ငြိမ်းအေးခြင်းငှါ ဖြစ်စေနိုင်၏။ ရဟန်းတို့ ဤဗောဇ္ဈင်ခုနစ်ပါးတို့သည် ပညာမျက်စိကို ပြုလုပ်တတ်ကုန်၏၊ အသိဉာဏ်ကို ပြုလုပ်တတ်ကုန်၏၊ ပညာတိုးပွါးခြင်းကို ဖြစ်စေတတ်ကုန်၏၊ ပင်ပန်းဆင်းရဲခြင်း အဘို့ မရှိကုန်၊ (ကိလေသာမှ) ငြိမ်းအေးခြင်းငှါ ဖြစ်စေနိုင်ကုန်၏ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

လေးခုမြောက် နီဝရဏဝဂ် ပြီး၏။

http://www.dhammadownload.com



## ၅-စက္ကဝတ္တိဝဂ် ၁ ဝိဓာသုတ်

၂၂၂။ သာဝတ္ထိနိဒါန်း။ရဟန်းတို့ အတိတ်အခါ၌ အလုံးစုံသော သမဏဗြာဟ္မဏတို့သည် ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် ထောင်လွှားမှု'မာန' သုံးမျိုးတို့ကို ပယ်ခဲ့ကုန်ပြီ။ ရဟန်းတို့ အနာဂတ်အခါ၌ အလုံးစုံသော သမဏဗြာဟ္မဏတို့သည် ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် ထောင်လွှားမှု'မာန' သုံးမျိုးတို့ကို ပယ်ကုန်လတ္တံ့။ရဟန်းတို့ ယခုပစ္စုပ္ပန်အခါ၌ အလုံးစုံသော သမဏဗြာဟ္မဏတို့သည် ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် ထောင်လွှားမှု'မာန' သုံးမျိုးတို့ကို ပယ်ကြကုန်၏။ အဘယ်ဗောဇ္ဈင်ခုနစ်ပါးတို့နည်း၊ သတိသမ္ဗောဇ္ဈင်ကိုရင်း။ပ။ ဥပေက္ခာသမ္ဗောဇ္ဈင်ကိုရင်းတည်း။ရဟန်းတို့ အတိတ်အခါ၌ အလုံးစုံသော သမဏဗြာဟ္မဏတို့သည် ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် ထောင်လွှားမှု'မာန' သုံးမျိုးတို့ကို ပယ်ခဲ့ကုန်ပြီ။ အနာဂတ်အခါ၌။ပ။ ပယ်ကြကုန်လတ္တံ့။ ယခုပစ္စုပ္ပန်အခါ၌ အလုံးစုံသော သမဏဗြာဟ္မဏတို့သည် ဤဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် ထောင်လွှားမှု'မာန' သုံးမျိုးကို ပယ်ကြကုန်၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-စက္ကဝတ္တိသုတ်

၂၂၃။ ရဟန်းတို့ စကြဝတေးမင်း၏ ထင်ရှားဖြစ်ပေါ်ခြင်းကြောင့် ရတနာခုနစ်ပါးတို့ ထင်ရှားဖြစ်ပေါ်လာ၏။ အဘယ်ရတနာခုနစ်ပါးတို့နည်း၊ စကြာရတနာ ထင်ရှားဖြစ်ပေါ်၏၊ ဆင်ရတနာ ထင်ရှားဖြစ်ပေါ်၏၊ မြင်းရတနာ ထင်ရှားဖြစ်ပေါ်၏၊ ပတ္တမြားရတနာ ထင်ရှားဖြစ်ပေါ်၏၊ မိန်းမရတနာ ထင်ရှားဖြစ်ပေါ်၏၊ သူကြွယ်ရတနာ ထင်ရှားဖြစ်ပေါ်၏၊ သားကြီးရတနာ ထင်ရှားဖြစ်ပေါ်၏။ ရဟန်းတို့ စကြဝတေးမင်း၏ ထင်ရှားဖြစ်ပေါ်ခြင်းကြောင့် ဤရတနာခုနစ်ပါးတို့ ထင်ရှားဖြစ်ပေါ်လာ၏။

ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရား ထင်ရှားဖြစ်ပေါ်ခြင်းကြောင့် ဗောဇ္ဈင်ခုနစ်ပါးတို့ ထင်ရှားဖြစ်ပေါ်လာ၏။ အဘယ်ဗောဇ္ဈင်ခုနစ်ပါးတို့နည်း၊ သတိသမ္ဗောဇ္ဈင် ထင်ရှားဖြစ်ပေါ်၏။ပ။ ဥပေက္ခာသမ္ဗောဇ္ဈင် ထင်ရှားဖြစ်ပေါ်၏။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရား၏ ထင်ရှားဖြစ်ပေါ်ခြင်းကြောင့် ဤဗောဇ္ဈင်ခုနစ်ပါးတို့ ထင်ရှားဖြစ်ပေါ်လာ၏ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-မာရသုတ်

၂၂၄။ ရဟန်းတို့ သင်တို့အား မာရ်မင်း၏ စစ်သည်ကို နှိမ်နင်းကြောင်း လမ်းစဉ်ကို ဟောပေအံ့၊ထို တရားကို နာကြကုန်လော့။ ရဟန်းတို့ မာရ်မင်း၏ စစ်သည်ကို နှိမ်နင်းကြောင်း လမ်းစဉ်

http://www.dhammadownload.com



ဟူသည် အဘယ်နည်း၊ ဗောဇ္ဈင်ခုနစ်ပါးတို့တည်း။ အဘယ်ခုနစ်ပါးတို့နည်း၊ သတိသမ္ဗောဇ္ဈင်။ပ။ ဥပေက္ခာသမ္ဗောဇ္ဈင်တို့တည်း။ ရဟန်းတို့ ဤသည်ကား မာရ်မင်း၏ စစ်သည်ကို နှိမ်နင်းကြောင်း လမ်းစဉ်ပေတည်းဟု (မိန့်တော်မူ၏)။

တတိယသုတ်။

## ၄-ဒုပ္ပညသုတ်

၂၂၅။ ထိုအခါ ရဟန်းတပါးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် တခုသော နေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—အသျှင်ဘုရား "ပညာမဲ့၍ ဖျင်းအသူ ပညာမဲ့၍ ဖျင်းအသူ"ဟု ဆိုအပ်ပါ၏၊ အသျှင်ဘုရား အဘယ့်ကြောင့် "ပညာမဲ့၍ ဖျင်းအသူ" ဟု ဆိုအပ်ပါသနည်းဟု (လျှောက်၏)။ ရဟန်း ဗောဇ္ဈင်ခုနစ်ပါးတို့ကို မပွါးများခြင်း ကြိမ်ဖန်များစွာ မပြုလုပ်ခြင်းကြောင့် ပညာမဲ့၍ ဖျင်းအသူဟု ဆိုအပ်၏။ အဘယ်ခုနစ်ပါးတို့နည်း၊ သတိသမ္ဗောဇ္ဈင်။ပ။ ဥပေက္ခာသမ္ဗောဇ္ဈင်တို့တည်း။ ရဟန်းတို့ ဗောဇ္ဈင်ခုနစ်ပါးတို့ကို မပွါးမျ[illegible]င်း ကြိမ်ဖန်များစွာ မပြုလုပ်ခြင်းကြောင့် "ပညာမဲ့၍ ဖျင်းအသူ" ဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

## ၅-ပညဝန္တသုတ်

၂၂၆။ အသျှင်ဘုရား "ပညာရှိ၍ မဖျင်းအသူ ပညာရှိ၍ မဖျင်းအသူ"ဟု ဆိုအပ်၏၊ အသျှင်ဘုရား အဘယ့်ကြောင့် "ပညာရှိ၍ မဖျင်းအသူ"ဟု ဆိုအပ်ပါသနည်းဟု လျှောက်၏။ ရဟန်း ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့်"ပညာရှိ၍ မဖျင်းအသူ" ဟု ဆိုအပ်၏။ အဘယ်ခုနစ်ပါးတို့နည်း၊ သတိသမ္ဗောဇ္ဈင်။ပ။ ဥပေက္ခာသမ္ဗောဇ္ဈင်တို့တည်း။ ရဟန်း ဤဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် "ပညာရှိ၍ မဖျင်းအသူ"ဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

## ၆-ဒလိဒ္ဒသုတ်

၂၂၇။ အသျှင်ဘုရား"ပစ္စည်းမဲ့သူ ပစ္စည်းမဲ့သူ"ဟု ဆိုအပ်ပါ၏၊ အသျှင်ဘုရား အဘယ့်ကြောင့် "ပစ္စည်းမဲ့သူ"ဟု ဆိုအပ်ပါသနည်းဟု လျှောက်၏။ ရဟန်း ဗောဇ္ဈင်ခုနစ်ပါးတို့ကို မပွါးများခြင်း ကြိမ်ဖန်များစွာ မပြုလုပ်ခြင်းကြောင့် "ပစ္စည်းမဲ့သူ"ဟု ဆိုအပ်၏။ အဘယ်ခုနစ်ပါးတို့နည်း၊ သတိသမ္ဗောဇ္ဈင်။ပ။ ဥပေက္ခာသမ္ဗောဇ္ဈင်တို့တည်း။ ရဟန်း ဤဗောဇ္ဈင်ခုနစ်ပါးတို့ကို မပွါးများခြင်း ကြိမ်ဖန်များစွာ မပြုလုပ်ခြင်းကြောင့် "ပစ္စည်းမဲ့သူ"ဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

http://www.dhammadownload.com



## ၇-အဒလိဒ္ဒသုတ်

၂၂၈။ အသျှင်ဘုရား "ပစ္စည်းကြွယ်ဝသူ ပစ္စည်းကြွယ်ဝသူ"ဟု ဆိုအပ်ပါ၏၊ အသျှင်ဘုရား အဘယ့်ကြောင့် "ပစ္စည်းကြွယ်ဝသူ"ဟု ဆိုအပ်ပါသနည်းဟု လျှောက်၏။ ရဟန်း ဗောဇ္ဈင် ခုနစ်ပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် "ပစ္စည်းကြွယ်ဝသူ"ဟု ဆိုအပ်၏။ အဘယ်ခုနစ်ပါးတို့နည်း၊ သတိသမ္ဗောဇ္ဈင်။ပ။ ဥပေက္ခာသမ္ဗောဇ္ဈင်တို့တည်း၊ ရဟန်း ဤဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် "ပစ္စည်းကြွယ်ဝသူ"ဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈ အာဒိစ္စသုတ်

၂၂၉။ ရဟန်းတို့ အရုဏ်တက်ခြင်းသည် နေထွက်ပေါ်လာခြင်း၏ ရှေ့သွားဖြစ်သကဲ့သို့ ပုဗ္ဗနိမိတ်ဖြစ်သကဲ့သို့ ထို့အတူ မိတ်ဆွေကောင်း ရှိခြင်းသည် ရဟန်းအား ဗောဇ္ဈင်ခုနစ်ပါးတို့ ဖြစ်ပေါ်ရန် ရှေ့သွားဖြစ်၏၊ ပုဗ္ဗနိမိတ် ဖြစ်၏၊ ရဟန်းတို့ မိတ်ဆွေကောင်းရှိသော ရဟန်းအား ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများလိမ့်မည် ဗောဇ္ဈင်ခုနစ်ပါးတို့ကို ကြိမ်ဖန်များစွာ ပြုလုပ်လိမ့်မည်ဟု မျှော်လင့်အပ်၏။ ရဟန်းတို့ အဘယ်သို့လျှင် မိတ်ဆွေကောင်းရှိသော ရဟန်းသည် ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများသနည်း၊ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ကြိမ်ဖန်များစွာ ပြုလုပ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု'ရာဂ'ကင်းခြင်းကို မှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ ညွတ်သော သတိသမ္ဗောဇ္ဈင်ကို ပွါးများ၏။ပ။ ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု'ရာဂ' ကင်းခြင်းကို မှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ညွတ်သော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများ၏။ ရဟန်းတို့ ဤသို့လျှင် မိတ်ဆွေကောင်း ရှိသော ရဟန်းသည် ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများ၏၊ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ကြိမ်ဖန်များစွာ ပြုလုပ်၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၉-အဇ္ဈတ္တိကင်္ဂသုတ်

၂၃၀။ ရဟန်းတို့ ဗောဇ္ဈင်ခုနစ်ပါးတို့ ဖြစ်ပေါ်ရန် ဤသင့်လျော်သော အားဖြင့် နှလုံးသွင်းမှုမှ တပါး အတွင်းအင်္ဂါဖြစ်သည့် အခြားသော အကြောင်း'အင်္ဂါ'တခု ကိုမျှလည်း ငါဘုရား မြင်တော်မမူ၊ ရဟန်းတို့ သင့်လျော်သော အားဖြင့် နှလုံးသွင်းမှုနှင့် ပြည့်စုံသော ရဟန်းအား ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများလိမ့်မည် ဗောဇ္ဈင်ခုနစ်ပါးတို့ကို ကြိမ်ဖန်များစွာ ပြုလုပ်လိမ့်မည်ဟု မျှော်လင့်အပ်၏။ ရဟန်းတို့ အဘယ်သို့လျှင် သင့်လျော်သောအားဖြင့် နှလုံးသွင်းမှုနှင့် ပြည့်စုံသော ရဟန်းသည် ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများသနည်း၊ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ကြိမ်ဖန်များစွာ ပြုလုပ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ'ကင်းခြင်းကို မှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ ညွတ်သော သတိသမ္ဗောဇ္ဈင်ကို ပွါးများ၏။ပ။ ဆိတ်ငြိမ်ခြင်းကိုမှီသော စွဲမက်မှု'ရာဂ'ကင်းခြင်းကို မှီသော ချုပ်ခြင်းကို မှီသော

http://www.dhammadownload.com



နိဗ္ဗာန်သို့ ညွတ်သော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများ၏။ ရဟန်းတို့ ဤသို့လျှင် သင့်လျော်သော အားဖြင့် နှလုံးသွင်းမှုနှင့် ပြည့်စုံသော ရဟန်းသည် ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများ၏၊ ဗောဇ္ဈင် ခုနစ်ပါးတို့ကို ကြိမ်ဖန်များစွာ ပြုလုပ်၏ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

## ၁၀-ဗာဟိရင်္ဂသုတ်

၂၃၁။ ရဟန်းတို့ ဗောဇ္ဈင်ခုနစ်ပါးတို့ဖြစ်ပေါ်ရန် မိတ်ဆွေကောင်း ရှိခြင်းမှတပါး အပ အင်္ဂါ ဖြစ်သည့် အခြားသော အကြောင်း'အင်္ဂါ'တခုကိုမျှလည်း ငါဘုရားမြင်တော်မမူ။ ရဟန်းတို့ မိတ် ဆွေကောင်းရှိသော ရဟန်းအား ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများလိမ့်မည် ဗောဇ္ဈင်ခုနစ်ပါးတို့ကို ကြိမ်ဖန်များစွာ ပြုလုပ်လိမ့်မည်ဟု မျှော်လင့်အပ်၏။ ရဟန်းတို့ အဘယ်သို့လျှင် မိတ်ဆွေကောင်း ရှိသော ရဟန်းသည် ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများသနည်း၊ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ကြိမ်ဖန် များစွာ ပြုလုပ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု'ရာဂ'ကင်းခြင်းကို မှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ ညွတ်သော သတိသမ္ဗောဇ္ဈင်ကို ပွါးများ၏။ပ။ ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု'ရာဂ' ကင်းခြင်းကို မှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ ညွတ်သော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများ၏။ ရဟန်းတို့ ဤသို့လျှင် မိတ်ဆွေကောင်း ရှိသော ရဟန်းသည် ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများ၏၊ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ကြိမ်ဖန်များစွာ ပြုလုပ်၏ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

ငါးခုမြောက် စက္ကဝတ္တိဝဂ် ပြီး၏။

## ၆-သာကစ္ဆဝဂ် ၁-အာဟာရသုတ်

၂၃၂။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ နီဝရဏငါးပါးနှင့် ဗောဇ္ဈင်ခုနစ်ပါးတို့၏ အကြောင်း ဖြစ်သော တရားကိုငင်း အကြောင်းမဖြစ်သော တရားကိုငင်း ဟောပေအံ့၊ ထိုတရားကို နာကြ ကုန်လော့။ ရဟန်းတို့ မဖြစ်သေးသော ကာမ၌လိုချင်မှု 'ကာမစ္ဆန္ဒ' ကို ဖြစ်စေရန် ဖြစ်ပြီး သော ကာမ၌ လိုချင်မှု 'ကာမစ္ဆန္ဒ' ကို အတိုင်းထက် အလွန် ဖြစ်စေရန် ပြန့်ပြောစေရန် အကြောင်းကား အဘယ်နည်း၊ရဟန်းတို့ တင့်တယ်သော သုဘနိမိတ်အာရုံမျိုးသည် ရှိ၏၊ထိုသုဘ နိမိတ် အာရုံ၌ မသင့်လျော်သော အားဖြင့် နှလုံးသွင်းမှုကို ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းပင်တည်း၊ ဤသည်ကား မဖြစ်သေးသော ကာမ၌ လိုချင်မှု'ကာမစ္ဆန္ဒ'ကို ဖြစ်စေရန် ဖြစ်ပြီးသော ကာမ၌ လိုချင်မှု'ကာမစ္ဆန္ဒ'ကို အတိုင်းထက်အလွန် ဖြစ်စေရန် ပြန့်ပြောစေရန် အကြောင်းတည်း။

ရဟန်းတို့ မဖြစ်သေးသော ပျက်စီးစေလိုမှု'ဗျာပါဒ'ကို ဖြစ်စေရန် ဖြစ်ပြီးသော ပျက်စီးစေ လိုမှု'ဗျာပါဒ'ကို အတိုင်းထက်အလွန် ဖြစ်စေရန် ပြန့်ပြောစေရန် အကြောင်းကား အဘယ်နည်း၊ ရဟန်းတို့ ထိပါးမှု'ပဋိဃ'နိမိတ်အာရုံသည် ရှိ၏၊ထိုပဋိဃ နိမိတ်အာရုံ၌ မသင့်လျော်သောအားဖြင့်

http://www.dhammadownload.com



နှလုံးသွင်းမှုကို ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းပင်တည်း၊ ဤသည်ကား မဖြစ်သေးသော ပျက်စီးစေလိုမှု'ဗျာပါဒ'ကို ဖြစ်စေရန် ဖြစ်ပြီးသော ပျက်စီးစေလိုမှု 'ဗျာပါဒ'ကို အဘိုင်းထက် အလွန် ဖြစ်စေရန် ပြန့်ပြောစေရန် အကြောင်းတည်း။

ရဟန်းတို့ မဖြစ်သေးသော လေးလံထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ'ကို ဖြစ်စေရန် ဖြစ်ပြီးသော လေးလံထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ'ကို အတိုင်းထက်အလွန် ဖြစ်စေရန် ပြန့်ပြောစေရန် အကြောင်းကား အဘယ်နည်း၊ ရဟန်းတို့ မမွေ့လျော်ခြင်း ပျင်းရိခြင်း ကိုယ်လက်ဆန့်ငင်ဖြစ်ခြင်း ထမင်းဆီယစ်ခြင်း စိတ်၏ ဆုတ်နစ်ခြင်းသည် ရှိ၏၊ ထို(မမွေ့လျော်ခြင်းစသည်)၌ မသင့်လျော်သောအားဖြင့် နှလုံးသွင်းမှုကို ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းပင်တည်း၊ ဤသည်ကား မဖြစ်သေးသော လေးလံ ထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ'ကို ဖြစ်စေရန် ဖြစ်ပြီးသော လေးလံထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ'ကို အတိုင်းထက်အလွန် ဖြစ်စေရန် ပြန့်ပြောစေရန် အကြောင်းတည်း။

ရဟန်းတို့ မဖြစ်သေးသော စိတ်ပျံ့လွင့်မှု 'ဥဒ္ဓစ္စ' နောင်တတဖန် ပူပန်မှု 'ကုက္ကုစ္စ'ကိုဖြစ်စေရန် ဖြစ်ပြီးသော စိတ်ပျံ့လွင့်မှု 'ဥဒ္ဓစ္စ' နောင်တတဖန် ပူပန်မှု 'ကုက္ကုစ္စ'ကို အတိုင်းထက်အလွန်ဖြစ်စေရန် ပြန့်ပြောစေရန် အကြောင်းကား အဘယ်နည်း၊ ရဟန်းတို့ စိတ်မငြိမ်းအေးမှုသည် ရှိ၏၊ ထိုစိတ် မငြိမ်းအေးမှု၌ မသင့်လျော်သောအားဖြင့် နှလုံးသွင်းမှုကို ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းပင်တည်း။ ဤသည်ကား မဖြစ်သေးသော စိတ်ပျံ့လွင့်မှု'ဥဒ္ဓစ္စ' နောင်တတဖန်ပူပန်မှု 'ကုက္ကုစ္စ'ကို အတိုင်းထက်အလွန် ဖြစ်စေရန် ပြန့်ပြောစေရန် အကြောင်းတည်း။

ရဟန်းတို့ မဖြစ်သေးသော မဝေခွဲနိုင်မှု 'ဝိစိကိစ္ဆာ'ကို ဖြစ်စေရန် ဖြစ်ပြီးသော မဝေခွဲနိုင်မှု 'ဝိစိကိစ္ဆာ'ကို အတိုင်းထက်အလွန် ဖြစ်စေရန် ပြန့်ပြောစေရန် အကြောင်းကား အဘယ်နည်း၊ ရဟန်းတို့ မဝေခွဲနိုင်မှု 'ဝိစိကိစ္ဆာ'၏ တည်ရာ အာရုံတရားတို့သည် ရှိကုန်၏၊ ထိုတရားတို့၌ မသင့်လျော်သောအားဖြင့် နှလုံးသွင်းမှုကို ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းပင်တည်း၊ ဤသည်ကား မဖြစ်သေးသော မဝေခွဲနိုင်မှု 'ဝိစိကိစ္ဆာ'ကို ဖြစ်စေရန် ဖြစ်ပြီးသော မဝေခွဲနိုင်မှု'ဝိစိကိစ္ဆာ'ကို အတိုင်းထက်အလွန် ဖြစ်စေရန် ပြန့်ပြောစေရန် အကြောင်းတည်း။

ရဟန်းတို့ မဖြစ်သေးသော အောက်မေ့မှု သတိသမ္ဗောဇ္ဈင်ကို ဖြစ်စေရန် ဖြစ်ပြီးသော သတိသမ္ဗောဇ္ဈင်ကို ပွါးများမှု ပြည့်စုံစေရန် အကြောင်းကား အဘယ်နည်း၊ ရဟန်းတို့ သတိသမ္ဗောဇ္ဈင်၏ တည်ရာ အာရုံဖြစ်ကုန်သော (ဗောဓိပက္ခိယတရား လောကုတ္တရာ) တရားတို့သည် ရှိကုန်၏၊ ထိုတရားတို့၌ သင့်လျော်သောအားဖြင့် နှလုံးသွင်းမှုကို ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းပင်တည်း၊ ဤသည်ကား မဖြစ်သေးသော သတိသမ္ဗောဇ္ဈင်ကို ဖြစ်စေရန် ဖြစ်ပြီးသော သတိသမ္ဗောဇ္ဈင်ကို ပွါးများပြည့်စုံစေရန် အကြောင်းတည်း။

ရဟန်းတို့ မဖြစ်သေးသော ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ပွါးများမှု ပြည့်စုံစေရန် အကြောင်းကား အဘယ်နည်း၊ ရဟန်းတို့ ကုသိုလ် အကုသိုလ်တရား အပြစ်ရှိ အပြစ်မဲ့တရား အယုတ်အမြတ်တရား အကျိုးတူအဘို့ ရှိသည့် အမည်းအဖြူဖြစ်သော တရားတို့သည် ရှိကုန်၏၊ ထိုတရားတို့၌ သင့်လျော်သောအားဖြင့် နှလုံးသွင်းမှုကို ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းပင်တည်း၊ ဤသည်ကား မဖြစ်သေးသော ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ဖြစ်စေရန် ဖြစ်ပြီးသော ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ပွါးများ ပြည့်စုံစေရန် အကြောင်းတည်း။

ရဟန်းတို့ မဖြစ်သေးသော ဝီရိယသမ္ဗောဇ္ဈင်ကို ဖြစ်စေရန် ဖြစ်ပြီးသော ဝီရိယသမ္ဗောဇ္ဈင်ကို ပွါးများမှု ပြည့်စုံစေရန် အကြောင်းကား အဘယ်နည်း၊ ရဟန်းတို့ ရှေးဦးစွာ

http://www.dhammadownload.com



အားထုတ်မှု 'အာရမ္ဘဓာတ်' ပျင်းရိခြင်းမှ ထွက်မြောက်မှု 'နိက္ကမဓာတ်' အဆင့်ဆင့် အားထုတ်မှု 'ပရက္ကမဓာတ်'တို့ ရှိကုန်၏၊ ထိုအားထုတ်မှုတို့၌ သင့်လျော်သောအားဖြင့် နှလုံးသွင်းမှုကို ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းပင်တည်း၊ ဤသည်ကား မဖြစ်သေးသော ဝီရိယသမ္ဗောဇ္ဈင်ကို ဖြစ်စေရန် ဖြစ်ပြီးသော ဝီရိယသမ္ဗောဇ္ဈင်ကို ပွါးများပြည့်စုံစေရန် အကြောင်းတည်း။

ရဟန်းတို့ မဖြစ်သေးသော ပီတိသမ္ဗောဇ္ဈင်ကို ဖြစ်စေရန် ဖြစ်ပြီးသော ပီတိသမ္ဗောဇ္ဈင်ကို ပွါးများပြည့်စုံစေရန် အကြောင်းကား အဘယ်နည်း၊ ရဟန်းတို့ ပီတိသမ္ဗောဇ္ဈင်၏ တည်ရာ (အာရုံ)ဖြစ်သော တရားတို့သည် ရှိကုန်၏၊ ထိုတရားတို့၌ သင့်လျော်သောအားဖြင့် နှလုံးသွင်းမှုကို ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းပင်တည်း၊ ဤသည်ကား မဖြစ်သေးသော ပီတိသမ္ဗောဇ္ဈင်ကို ဖြစ်စေရန် ဖြစ်ပြီးသော ပီတိသမ္ဗောဇ္ဈင်ကို ပွါးများပြည့်စုံစေရန် အကြောင်းတည်း။

ရဟန်းတို့ မဖြစ်သေးသော ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ဖြစ်စေရန် ဖြစ်ပြီးသော ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ပွါးများပြည့်စုံစေရန် အကြောင်းကား အဘယ်နည်း၊ ရဟန်းတို့ မဖြစ်သေးသော ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ဖြစ်စေရန် ဖြစ်ပြီးသော ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ပွါးများပြည့်စုံစေရန် အကြောင်းကား အဘယ်နည်း၊ ရဟန်းတို့ ကိုယ်၏ ငြိမ်းချမ်းမှု စိတ်၏ ငြိမ်းချမ်းမှုတို့သည် ရှိကုန်၏၊ ထိုငြိမ်းချမ်းမှုတို့၌ သင့်လျော်သောအားဖြင့် နှလုံးသွင်းမှုကို ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းပင်တည်း၊ ဤသည်ကား မဖြစ်သေးသော ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ဖြစ်စေရန် ဖြစ်ပြီးသော ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ပွါးများပြည့်စုံစေရန် အကြောင်းတည်း။

ရဟန်းတို့ မဖြစ်သေးသော သမာဓိသမ္ဗောဇ္ဈင်ကို ဖြစ်စေရန် ဖြစ်ပြီးသော သမာဓိသမ္ဗောဇ္ဈင်ကို ပွါးများ ပြည့်စုံစေရန် အကြောင်းကား အဘယ်နည်း၊ ရဟန်းတို့ (ကိလေသာမှ) ငြိမ်းကြောင်း သမထ၏ အာရုံ မပျံ့လွင့်သော သမာဓိ၏ အာရုံတို့သည် ရှိကုန်၏၊ ထိုအာရုံတို့၌ သင့်လျော်သောအားဖြင့် နှလုံးသွင်းမှုကို ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းပင်တည်း၊ ဤသည်ကား မဖြစ်သေးသော သမာဓိသမ္ဗောဇ္ဈင်ကို ဖြစ်စေရန်ဖြစ်ပြီးသော သမာဓိသမ္ဗောဇ္ဈင်ကို ပွါးများပြည့်စုံစေရန် အကြောင်းတည်း။

ရဟန်းတို့ မဖြစ်သေးသော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ဖြစ်စေရန် ဖြစ်ပြီးသော သစ္စာလေးပါးကိုသိကြောင်း ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများ ပြည့်စုံစေရန် အကြောင်းကား အဘယ်နည်း၊ ရဟန်းတို့ ဥပေက္ခာသမ္ဗောဇ္ဈင်၏ တည်ရာ (အာရုံ) ဖြစ်သော တရားတို့သည် ရှိကုန်၏၊ ထိုတရားတို့၌ သင့်လျော်သောအားဖြင့် နှလုံးသွင်းမှုကို ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းပင်တည်း၊ ဤသည်ကား မဖြစ်သေးသော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ဖြစ်စေရန် ဖြစ်ပြီးသော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများပြည့်စုံစေရန် အကြောင်းတည်း။

ရဟန်းတို့ မဖြစ်သေးသော ကာမဂုဏ်လိုချင်မှု 'ကာမစ္ဆန္ဒ'ကို ဖြစ်စေရန် ဖြစ်ပြီးသော ကာမဂုဏ်လိုချင်မှု 'ကာမစ္ဆန္ဒ'ကို အတိုင်းထက်အလွန် ဖြစ်စေရန် ပြန့်ပြောစေရန် အကြောင်း မဟုတ်သော တရားကား အဘယ်နည်း၊ ရဟန်းတို့ မတင့်တယ်သော အသုဘနိမိတ်အာရုံသည် ရှိ၏၊ ထိုအာရုံ၌ သင့်လျော်သောအားဖြင့် နှလုံးသွင်းမှုကို ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းပင်တည်း။ ဤသည်ကား မဖြစ်သေးသော ကာမဂုဏ်လိုချင်မှု 'ကာမစ္ဆန္ဒ'ကို ဖြစ်စေရန် ဖြစ်ပြီးသော ကာမဂုဏ်လိုချင်မှု'ကာမစ္ဆန္ဒ'ကို အတိုင်းထက်အလွန် ဖြစ်စေရန် ပြန့်ပြောစေရန် အကြောင်းမဟုတ်သော တရားတည်း။

http://www.dhammadownload.com



ရဟန်းတို့ မဖြစ်သေးသော ပျက်စီးစေလိုမှု 'ဗျာပါဒ'ကို ဖြစ်စေရန် ဖြစ်ပြီးသော ပျက်စီးစေလိုမှု 'ဗျာပါဒ'ကို အတိုင်းထက်အလွန် ဖြစ်စေရန် ပြန့်ပြောစေရန် အကြောင်း မဟုတ်သော တရားကား အဘယ်နည်း၊ ရဟန်းတို့ စိတ်၏ ဆန့်ကျင်ဖက်တရားတို့မှ လွတ်သော'စေတောဝိမုတ္တိ' မည်သော မေတ္တာသည်ရှိ၏၊ ထိုမေတ္တာ၌ သင့်လျော်သောအားဖြင့် နှလုံးသွင်းမှုကို ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းပင်တည်း၊ ဤသည်ကား မဖြစ်သေးသော ပျက်စီးစေလိုမှု 'ဗျာပါဒ'ကို ဖြစ်စေရန် ဖြစ်ပြီးသော ပျက်စီးစေလိုမှု 'ဗျာပါဒ'ကို အတိုင်းထက်အလွန် ဖြစ်စေရန် ပြန့်ပြောစေရန် အကြောင်းမဟုတ်သော တရားတည်း။

ရဟန်းတို့ မဖြစ်သေးသော လေးလံထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ'ကို ဖြစ်စေရန် ဖြစ်ပြီးသော လေးလံထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ'ကို အတိုင်းထက်အလွန် ဖြစ်စေရန် ပြန့်ပြောစေရန် အကြောင်း မဟုတ်သောတရားကား အဘယ်နည်း၊ ရဟန်းတို့ ရှေးဦးစွာအားထုတ်မှု 'အာရမ္ဘဓာတ်' ပျင်းရိခြင်းမှ ထွက်မြောက်မှု 'နိက္ကမဓာတ်' အဆင့်ဆင့်အားထုတ်မှု'ပရက္ကမဓာတ်'တို့ရှိကုန်၏၊ ထိုအားထုတ်မှုတို့၌ သင့်လျော်သောအားဖြင့် နှလုံးသွင်းမှုကို ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းပင်တည်း၊ ဤသည်ကား မဖြစ်သေးသော လေးလံထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ'ကို ဖြစ်စေရန် ဖြစ်ပြီးသော လေးလံထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ'ကို အတိုင်းထက်အလွန် ဖြစ်စေရန် အကြောင်းမဟုတ်သော တရားတည်း။

ရဟန်းတို့ မဖြစ်သေးသော စိတ်ပျံ့လွင့်မှု 'ဥဒ္ဓစ္စ' နောင်တတတဖန်ပူပန်မှု 'ကုက္ကုစ္စ'ကို ဖြစ်စေရန် ဖြစ်ပြီးသော စိတ်ပျံ့လွင့်မှု 'ဥဒ္ဓစ္စ' နောင်တတတဖန်ပူပန်မှု 'ကုက္ကုစ္စ'ကို အတိုင်းထက်အလွန်ဖြစ်စေရန် ပြန့်ပြောစေရန် အကြောင်းမဟုတ်သောတရားကား အဘယ်နည်း၊ ရဟန်းတို့ စိတ်၏ငြိမ်းအေးမှုသည် ရှိ၏၊ ထိုစိတ်၏ ငြိမ်းအေးမှု၌ သင့်လျော်သောအားဖြင့် နှလုံးသွင်းမှုကို ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းပင်တည်း၊ ဤသည်ကား မဖြစ်သေးသော စိတ်ပျံ့လွင့်မှု 'ဥဒ္ဓစ္စ' နောင်တတတဖန်ပူပန်မှု 'ကုက္ကုစ္စ'ကို ဖြစ်စေရန် ဖြစ်ပြီးသော စိတ်ပျံ့လွင့်မှု 'ဥဒ္ဓစ္စ' နောင်တတဖန်ပူပန်မှု 'ကုက္ကုစ္စ'ကို အတိုင်းထက်အလွန် ဖြစ်စေရန် ပြန့်ပြောစေရန် အကြောင်းမဟုတ်သော တရားတည်း။

ရဟန်းတို့ မဖြစ်သေးသော မဝေခွဲနိုင်မှု 'ဝိစိကိစ္ဆာ'ကို ဖြစ်စေရန် ဖြစ်ပြီးသော မဝေခွဲနိုင်မှု 'ဝိစိကိစ္ဆာ'ကို အတိုင်းထက်အလွန် ဖြစ်စေရန် ပြန့်ပြောစေရန် အကြောင်းမဟုတ်သော တရားကား အဘယ်နည်း၊ ရဟန်းတို့ ကုသိုလ် အကုသိုလ်တရား အပြစ်ရှိ အပြစ်မဲ့တရား အယုတ်အမြတ်တရား အကျိုးတူအဘို့ရှိသည့် အမည်း အဖြူဖြစ်သော တရားတို့သည် ရှိကုန်၏၊ ထိုတရားတို့၌ သင့်လျော်သောအားဖြင့် နှလုံးသွင်းမှုကို ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းပင်တည်း၊ ဤသည်ကား မဖြစ်သေးသော မဝေခွဲနိုင်မှု 'ဝိစိကိစ္ဆာ'ကို ဖြစ်စေရန် ဖြစ်ပြီးသော မဝေခွဲနိုင်မှု 'ဝိစိကိစ္ဆာ'ကို အတိုင်းထက်အလွန် ဖြစ်စေရန် ပြန့်ပြောစေရန် အကြောင်းမဟုတ်သော တရားတည်း။

ရဟန်းတို့ မဖြစ်သေးသော သတိသမ္ဗောဇ္ဈင်ကို ဖြစ်စေရန် ဖြစ်ပြီးသော သတိသမ္ဗောဇ္ဈင်ကို ပွါးများမှုပြည့်စုံစေရန် အကြောင်းမဟုတ်သော တရားကား အဘယ်နည်း၊ ရဟန်းတို့ သတိသမ္ဗောဇ္ဈင်၏ တည်ရာ (အာရုံ)ဖြစ်ကုန်သော (ဗောဓိပက္ခိယတရား လောကုတ္တရာ) တရားတို့သည် ရှိကုန်၏၊ ထိုတရားတို့၌ နှလုံးမသွင်းမှုကို ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းပင်တည်း၊ ဤသည်ကား မဖြစ်သေးသော သတိသမ္ဗောဇ္ဈင်ကို ဖြစ်စေရန် ဖြစ်ပြီးသော သတိသမ္ဗောဇ္ဈင်ကို ပွါးများပြည့်စုံစေရန် အကြောင်းမဟုတ်သော တရားတည်း။

http://www.dhammadownload.com



ရဟန်းတို့ မဖြစ်သေးသော ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ဖြစ်စေရန် ဖြစ်ပြီးသော ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ပွါးများမှုပြည့်စုံစေရန် အကြောင်းမဟုတ်သောတရားကား အဘယ်နည်း၊ ရဟန်းတို့ ကုသိုလ် အကုသိုလ်တရား အပြစ်ရှိ အပြစ်မဲ့တရား အယုတ်အမြတ်တရား အကျိုးတူအဘို့ရှိသည့် အမည်း အဖြူဖြစ်သောတရားတို့သည် ရှိကုန်၏၊ ထိုတရားတို့၌ နှလုံးမသွင်းမှုကို ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းပင်တည်း၊ ဤသည်ကား မဖြစ်သေးသော ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ဖြစ်စေရန် ဖြစ်ပြီးသော ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ပွါးများပြည့်စုံစေရန် အကြောင်းမဟုတ်သော တရားတည်း။

ရဟန်းတို့ မဖြစ်သေးသော ဝီရိယသမ္ဗောဇ္ဈင်ကို ဖြစ်စေရန် ဖြစ်ပြီးသော ဝီရိယသမ္ဗောဇ္ဈင်ကို ပွါးများမှုပြည့်စုံစေရန် အကြောင်းမဟုတ်သော တရားကား အဘယ်နည်း၊ ရဟန်းတို့ ရှေးဦးစွာ အားထုတ်မှု 'အာရမ္ဘဓာတ်' ပျင်းရိခြင်းမှ ထွက်မြောက်မှု 'နိက္ကမဓာတ်' အဆင့်ဆင့်အားထုတ်မှု 'ပရက္ကမဓာတ်'တို့ ရှိကုန်၏၊ ထိုအားထုတ်မှုတို့၌ နှလုံးမသွင်းမှုကို ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းပင်တည်း၊ ဤသည်ကား မဖြစ်သေးသော ဝီရိယသမ္ဗောဇ္ဈင်ကို ဖြစ်စေရန် ဖြစ်ပြီးသော ဝီရိယသမ္ဗောဇ္ဈင်ကို ပွါးများပြည့်စုံစေရန် အကြောင်းမဟုတ်သော တရားတည်း။

ရဟန်းတို့ မဖြစ်သေးသော ပီတိသမ္ဗောဇ္ဈင်ကို ဖြစ်စေရန် ဖြစ်ပြီးသော ပီတိသမ္ဗောဇ္ဈင်ကို ပွါးများမှု ပြည့်စုံစေရန် အကြောင်းမဟုတ်သော တရားကား အဘယ်နည်း၊ ရဟန်းတို့ ပီတိသမ္ဗောဇ္ဈင်၏ တည်ရာ (အာရုံ)ဖြစ်သော တရားတို့သည် ရှိကုန်၏၊ ထိုတရားတို့၌ နှလုံးမသွင်းမှုကို ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းပင်တည်း၊ ဤသည်ကား မဖြစ်သေးသော ပီတိသမ္ဗောဇ္ဈင်ကို ဖြစ်စေရန် ဖြစ်ပြီးသော ပီတိသမ္ဗောဇ္ဈင်ကို ပွါးများပြည့်စုံစေရန် အကြောင်းမဟုတ်သော တရားတည်း။

ရဟန်းတို့ မဖြစ်သေးသော ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ဖြစ်စေရန် ဖြစ်ပြီးသော ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ပွါးများမှုပြည့်စုံစေရန် အကြောင်းမဟုတ်သော တရားကား အဘယ်နည်း၊ ရဟန်းတို့ ကိုယ်၏ ငြိမ်းချမ်းမှု စိတ်၏ငြိမ်းချမ်းမှုတို့သည် ရှိကုန်၏၊ထိုငြိမ်းချမ်းမှုတို့၌ နှလုံးမသွင်းမှုကို ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းပင်တည်း၊ ဤသည်ကား မဖြစ်သေးသော ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ဖြစ်စေရန် ဖြစ်ပြီးသော ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ပွါးများပြည့်စုံစေရန် အကြောင်းမဟုတ်သော တရားတည်း။

ရဟန်းတို့ မဖြစ်သေးသော သမာဓိသမ္ဗောဇ္ဈင်ကို ဖြစ်စေရန် ဖြစ်ပြီးသော သမာဓိသမ္ဗောဇ္ဈင်ကို ပွါးများမှု ပြည့်စုံစေရန် အကြောင်းမဟုတ်သော တရားကား အဘယ်နည်း၊ ရဟန်းတို့ ကိလေသာ ငြိမ်းကြောင်း သမထ၏အာရုံ မပျံ့လွင့်သော သမာဓိ၏အာရုံတို့သည် ရှိကုန်၏၊ ထိုအာရုံတို့၌ နှလုံးမသွင်းမှုကို ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းပင်တည်း၊ ဤသည်ကား မဖြစ်သေးသော သမာဓိသမ္ဗောဇ္ဈင်ကို ဖြစ်စေရန် ဖြစ်ပြီးသော သမာဓိသမ္ဗောဇ္ဈင်ကို ပွါးများပြည့်စုံစေရန် အကြောင်း မဟုတ်သော တရားတည်း။

ရဟန်းတို့ မဖြစ်သေးသော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ဖြစ်စေရန် ဖြစ်ပြီးသော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများမှု ပြည့်စုံစေရန် အကြောင်းမဟုတ်သောတရားကား အဘယ်နည်း၊ ရဟန်းတို့ ဥပေက္ခာသမ္ဗောဇ္ဈင်၏ တည်ရာ(အာရုံ)ဖြစ်သောတရားတို့သည် ရှိကုန်၏၊ထိုတရားတို့၌ နှလုံးမသွင်းမှုကို ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းပင်တည်း၊ ဤသည်ကား မဖြစ်သေးသော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ဖြစ်စေရန် ဖြစ်ပြီးသော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများပြည့်စုံစေရန် အကြောင်းမဟုတ်သော တရားတည်း ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

http://www.dhammadownload.com



## ၂-ပရိယာယသုတ်

၂၃၃။ ထိုအခါ များစွာသော ရဟန်းတို့သည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင်ပြီးလျှင် သာဝတ္ထိပြည်သို့ ဆွမ်းခံဝင်ကြကုန်၏၊ ထိုအခါ ထိုရဟန်းတို့အား ဤအကြံသည် ဖြစ်၏— "သာဝတ္ထိပြည်၌ ဆွမ်းခံလှည့်လည်ရန် အချိန်စောသေး၏၊ ငါတို့ကား ဤသာသနာ့ပြင်ပ အယူရှိကုန်သော ပရိဗိုဇ်တို့၏ အရံသို့ ချဉ်းကပ်ကြရလျှင် ကောင်းပေလိမ့်မည်"ဟု အကြံဖြစ်၏။

ထို့နောက် ထိုရဟန်းတို့သည် သာသနာ့ပြင်ပ အယူရှိကုန်သော ပရိဗိုဇ်တို့၏ အရံသို့ ချဉ်းကပ်ကုန်ပြီးလျှင် ထိုသာသနာ့ပြင်ပ အယူရှိကုန်သည့် ပရိဗိုဇ်တို့နှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆို ပြီးဆုံးစေပြီး၍ တခုသော နေရာ၌ ထိုင်နေကုန်၏၊ တခုသော နေရာ၌ ထိုင်နေကုန်သော ထိုရဟန်းတို့အား သာသနာ့ပြင်ပ အယူရှိကုန်သော ပရိဗိုဇ်တို့သည် ဤစကားကို ဆိုကုန်၏—

ငါ့သျှင်တို့ ရဟန်းဂေါတမသည် တပည့်'သာဝက'တို့အား"ရဟန်းတို့ လာကြကုန်၊ သင်တို့သည် စိတ်ကို ညစ်ညူးစေတတ်ကုန်သော ပညာကို အားနည်းအောင် ပြုလုပ်တတ်ကုန်သော နီဝရဏငါးပါးတို့ကို ပယ်စွန့်ကုန်၍ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ဟုတ်မှန်သောအတိုင်း ပွါးများကြကုန်လော့" ဟု ဤသို့သော တရားကို ဟောကြား၏၊ ငါ့သျှင်တို့ ငါတို့သည်လည်း တပည့် 'သာဝက'တို့အား "ငါ့သျှင်တို့ လာကြကုန်၊ သင်တို့သည် စိတ်ကို ညစ်ညူးစေတတ်ကုန်သော ပညာကို အားနည်းအောင် ပြုလုပ်တတ်ကုန်သော နီဝရဏငါးပါးတို့ကို ပယ်စွန့်ကုန်၍ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ဟုတ်မှန်သောအတိုင်း ပွါးများကုန်လော့"ဟု ဤသို့သော တရားကို ဟောကုန်၏၊ ငါ့သျှင်တို့ ဤအရာ၌ ရဟန်းဂေါတမ၏ တရားဟောခြင်းနှင့် ငါတို့၏ တရားဟောခြင်းသည်ငှင်း ရဟန်းဂေါတမ၏ ဆုံးမခြင်းနှင့် ငါတို့၏ ဆုံးမခြင်းသည်ငှင်း အထူးကား အဘယ်နည်း၊ သာလွန်ခြင်းကား အဘယ်နည်း၊ ကွဲပြားချက်ကား အဘယ်နည်းဟု ဆိုကြကုန်၏။

ထိုအခါ ထိုရဟန်းတို့သည် သာသနာ့ပြင်ပ အယူရှိကုန်သော ထိုပရိဗိုဇ်တို့ ပြောဆိုအပ်သော စကားကို မနှစ်သက် မတားမြစ်မူ၍"မြတ်စွာဘုရား၏ အထံတော်၌ ဤစကား၏ အနက်ကို သိကြရကုန်အံ့"ဟု နေရာမှ ထပြီးလျှင် ဖဲခွါခဲ့ကြကုန်၏။ ထို့နောက် ထိုရဟန်းတို့သည် သာဝတ္ထိပြည်သို့ ဆွမ်းခံလှည့်လည်၍ ဆွမ်းစားပြီးနောက် ဆွမ်းစားရာ အရပ်မှ ဖဲခွါခဲ့ကြကုန်ပြီးသော် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကုန်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေကုန်ပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်ကုန်၏—

အသျှင်ဘုရား အကျွန်ုပ်တို့သည် နံနက်အချိန် သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင်ပြီးလျှင် သာဝတ္ထိပြည်သို့ ဆွမ်းခံဝင်ခဲ့ကြပါကုန်၏၊ အသျှင်ဘုရား တပည့်တော်တို့အား "သာဝတ္ထိပြည်၌ ဆွမ်းခံလှည့်လည်ရန် အချိန်စောသေး၏၊ ငါတို့ကား သာသနာ့ပြင်ပ အယူရှိကုန်သော ပရိဗိုဇ်တို့၏ အရံသို့ ချဉ်းကပ်ကြရလျှင် ကောင်းပေလိမ့်မည်"ဟု အကြံ ဖြစ်ပေါ်ပါ၏၊ ထို့နောက် အကျွန်ုပ်တို့သည် သာသနာ့ပြင်ပ အယူရှိကုန်သော ပရိဗိုဇ်တို့၏ အရံသို့ ချဉ်းကပ်ကုန်ပြီးလျှင် ထိုသာသနာ့ပြင်ပ အယူရှိကုန်သော ပရိဗိုဇ်တို့နှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုပြီးဆုံးစေပြီး၍ တခုသော နေရာ၌ ထိုင်နေပါကုန်၏၊ တခုသော နေရာ၌ ထိုင်နေသော အကျွန်ုပ်တို့အား သာသနာ့ပြင်ပ အယူရှိကုန်သော ပရိဗိုဇ်တို့သည် ဤစကားကို ဆိုပါကုန်၏၊ ငါ့သျှင်တို့ ရဟန်းဂေါတမသည် တပည့်'သာဝက'တို့အား "ရဟန်းတို့ လာကြကုန်၊ သင်တို့သည်

http://www.dhammadownload.com



စိတ်ကို ညစ်ညူးစေတတ်ကုန်သော ပညာကို အားနည်းအောင် ပြုလုပ်တတ်ကုန်သော နီဝရဏငါးပါး တို့ကို ပယ်စွန့်ကုန်၍ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ဟုတ်မှန်သောအတိုင်း ပွါးများကြကုန်လော့”ဟု ဤသို့သော တရားကို ဟောကြား၏။ ငါတို့သည်လည်း တပည့်‘သာဝက’တို့အား “ငါ့သျှင်တို့ လာကြကုန်၊ သင်တို့သည် စိတ်ကို ညစ်ညူးစေတတ်ကုန်သော ပညာကို အားနည်းအောင် ပြုလုပ်တတ်ကုန်သော နီဝရဏငါးပါးတို့ ပယ်စွန့်ကုန်၍ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ဟုတ်မှန်သောအတိုင်း ပွါးများကြကုန်လော့”ဟု ဤသို့သော တရားကို ဟောကြားကုန်၏၊ ငါ့သျှင်တို့ ဤအရာ၌ ရဟန်းဂေါတမ၏ တရားဟောခြင်းနှင့် ငါတို့၏ တရားဟောခြင်းသည်ရင်း ရဟန်းဂေါတမ၏ ဆုံးမခြင်းနှင့် ငါတို့၏ ဆုံးမခြင်းသည်ရင်း အထူးကား အဘယ်နည်း၊ သာလွန်ခြင်းကား အဘယ်နည်း၊ ကွဲပြားချက်ကား အဘယ်နည်းဟု ဤစကားကို ပြောဆိုပါကုန်၏။

အသျှင်ဘုရား ထိုအခါ တပည့်တော်တို့သည် သာသနာ့ပြင်ပ အယူရှိကြသည့် ထိုပရိဗိုဇ်တို့ ပြောဆိုအပ်သော စကားကို မနှစ်သက် မတားမြစ်မူ၍ “မြတ်စွာဘုရား၏ အထံတော်၌ ဤစကား၏ အနက်ကို သိရကုန်အံ့”ဟု နေရာမှ ထကာ ဖဲခွါခဲ့ကြပါကုန်၏ဟု လျှောက်ကုန်၏။

ရဟန်းတို့ ဤသို့ ပြောဆိုလေ့ရှိကြကုန်သော သာသနာ့ပြင်ပ အယူရှိကြကုန်သော ပရိဗိုဇ်တို့အား ဤသို့ ပြောဆိုကုန်ရာ၏ “ငါ့သျှင်တို့ အကြင်အကြောင်းကို စွဲ၍ နီဝရဏငါးပါးတို့သည် ဆယ်ပါးဖြစ်ကုန်၏၊ ဗောဇ္ဈင်ခုနစ်ပါးတို့သည် တဆယ့်လေးပါး ဖြစ်ကုန်၏၊ ထိုအကြောင်းသည် ရှိပါသလော”ဟု (ပြောဆိုကုန်ရာ၏)၊ရဟန်းတို့ ဤသို့ မေးအပ်ကုန်သည်ရှိသော် သာသနာ့ပြင်ပ အယူရှိကုန်သော ပရိဗိုဇ်တို့သည် ပြည့်စုံစွာ မဖြေဆိုနိုင်ကြကုန်လတ္တံ့၊ ထို့ပြင် ပင်ပန်းဆင်းရဲခြင်းသို့လည်း ရောက်ကုန်လတ္တံ့၊ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ၎င်းတို့၏ အရာ မဟုတ်သောကြောင့်တည်း။ ရဟန်းတို့ ငါဘုရားကို ဖြစ်စေ ငါဘုရား၏ တပည့် ‘သာဝက’ကို ဖြစ်စေ ဤသာသနာတော်မှ ကြားနာရသော သူကိုဖြစ်စေ ဖယ်ထား၍ ဤပြဿနာတို့ကို ဖြေဆိုခြင်းဖြင့် စိတ်ကို နှစ်သက်စေနိုင်မည့်သူကို နတ် မာရ်နတ် ဗြဟ္မာနှင့် တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏမင်းများ လူများနှင့် တကွသော လူ့ လောက၌ ငါဘုရား မမြင်။

ရဟန်းတို့ အကြင်အကြောင်းကို စွဲ၍ နီဝရဏငါးပါးတို့သည် ဆယ်ပါး ဖြစ်ကုန်၏၊ ထိုအကြောင်းကား အဘယ်နည်း၊ ရဟန်းတို့ မိမိခန္ဓာကို စွဲ၍ဖြစ်သော ကာမ၌ လိုချင်မှု‘ကာမစ္ဆန္ဒ’ သည်လည်း နီဝရဏတည်း၊ ပြင်ပခန္ဓာကို စွဲ၍ဖြစ်သော ကာမ၌ လိုချင်မှု ‘ကာမစ္ဆန္ဒ’သည်လည်း နီဝရဏတည်း၊ ဤသို့လျှင် ကာမစ္ဆန္ဒနီဝရဏသည် ဤအကြောင်းပရိယာယ်အားဖြင့် နှစ်ပါး ဖြစ်၏။ ရဟန်းတို့ မိမိခန္ဓာကို စွဲ၍ဖြစ်သော ပျက်စီးစေလိုမှု ‘ဗျာပါဒ’သည်လည်း နီဝရဏတည်း၊ ပြင်ပခန္ဓာကို စွဲ၍ဖြစ်သော ပျက်စီးစေလိုမှု ‘ဗျာပါဒ’ သည်လည်း နီဝရဏတည်း၊ ဤသို့လျှင် ဗျာပါဒနီဝရဏသည် ဤသို့သော အကြောင်းပရိယာယ်အားဖြင့် နှစ်ပါးဖြစ်၏။ ရဟန်းတို့ စိတ်၏ ထိုင်းမှိုင်းမှု ‘ထိန’သည်လည်း နီဝရဏတည်း၊ စေတသိက်၏ ထိုင်းမှိုင်းမှု ‘မိဒ္ဓ’သည်လည်း နီဝရဏတည်း။ ဤသို့လျှင် ထိနမိဒ္ဓနီဝရဏသည် ဤသို့သော အကြောင်းပရိယာယ်အားဖြင့် နှစ်ပါးဖြစ်၏။ ရဟန်းတို့ စိတ်ပျံ့လွင့်မှု‘ဥဒ္ဓစ္စ’သည်လည်း နီဝရဏတည်း၊ နောင်တတဖန် ပူပန်မှု‘ကုက္ကုစ္စ’သည်လည်း နီဝရဏတည်း၊ ဤသို့လျှင် ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏသည် ဤအကြောင်းပရိယာယ်အားဖြင့်လည်း နှစ်ပါးဖြစ်၏။ ရဟန်းတို့ မိမိခန္ဓာတရားတို့၌ မဝေခွဲနိုင်မှု ‘ဝိစိကိစ္ဆာ’ သည်လည်း နီဝရဏတည်း၊ ပြင်ပခန္ဓာတရားတို့၌ မဆုံးဖြတ်နိုင်မှု ‘ဝိစိကိစ္ဆာ’သည်လည်း နီဝရဏတည်း၊ ဤသို့လျှင် ထိုဝိစိကိစ္ဆာနီဝရဏသည် အကြောင်းပရိယာယ်အားဖြင့်လည်း နှစ်ပါး

http://www.dhammadownload.com



ဖြစ်၏။ ရဟန်းတို့ အကြင်အကြောင်းကို စွဲ၍ နီဝရဏငါးပါးတို့သည် ဆယ်ပါးဖြစ်ကုန်၏၊ ဤသည်ကား အကြောင်းပရိယာယ်တည်း။

ရဟန်းတို့ အကြင်အကြောင်းကိုစွဲ၍ ဗောဇ္ဈင်ခုနစ်ပါးတို့သည် တဆယ့်လေးပါးဖြစ်ကုန်၏၊ ထိုအကြောင်းကား အဘယ်နည်း၊ ရဟန်းတို့ အတွင်းသန္တာန်ရှိတရားတို့၌ အောက်မေ့မှု 'သတိ' သည်လည်း သတိသမ္ဗောဇ္ဈင်တည်း၊ ပြင်ပသန္တာန်ရှိတရားတို့၌ အောက်မေ့မှု 'သတိ' သည်လည်း သတိသမ္ဗောဇ္ဈင်တည်း၊ ဤသို့လျှင် ထိုသတိသမ္ဗောဇ္ဈင်သည် ဤအကြောင်း ပရိယာယ်အားဖြင့်လည်း နှစ်ပါးဖြစ်၏။

ရဟန်းတို့ အတွင်းသန္တာန်ရှိတရားတို့၌ ပညာဖြင့် ဆင်ခြင်ခြင်း သုံးသပ်ခြင်း စုံစမ်းခြင်းသို့ရောက်ခြင်းသည်လည်း ဓမ္မဝိစယသမ္ဗောဇ္ဈင်တည်း၊ ပြင်ပသန္တာန်ရှိတရားတို့၌ ပညာဖြင့် ဆင်ခြင်ခြင်း သုံးသပ်ခြင်း စုံစမ်းခြင်းသို့ ရောက်ခြင်းသည်လည်း ဓမ္မဝိစယသမ္ဗောဇ္ဈင်တည်း။ ဤသို့လျှင် ဓမ္မဝိစယသမ္ဗောဇ္ဈင်သည် ဤအကြောင်း ပရိယာယ်အားဖြင့်လည်း နှစ်ပါးဖြစ်၏။

ရဟန်းတို့ ကိုယ်၌ဖြစ်သော အားထုတ်မှုသည်လည်း ဝီရိယသမ္ဗောဇ္ဈင်တည်း၊ စိတ်၌ဖြစ်သော အားထုတ်မှုသည်လည်း ဝီရိယသမ္ဗောဇ္ဈင်တည်း၊ ဤသို့လျှင် ဝီရိယသမ္ဗောဇ္ဈင်သည် ဤအကြောင်း ပရိယာယ်အားဖြင့်လည်း နှစ်ပါးဖြစ်၏။

ရဟန်းတို့ ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ' တို့နှင့် တကွဖြစ်သော နှစ်သိမ့်မှု 'ပီတိ' သည်လည်း ပီတိသမ္ဗောဇ္ဈင်တည်း၊ ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ' တို့ မရှိသော နှစ်သိမ့်မှု 'ပီတိ' သည်လည်း ပီတိသမ္ဗောဇ္ဈင်တည်း၊ ဤသို့လျှင် ပီတိသမ္ဗောဇ္ဈင်သည် ဤအကြောင်း ပရိယာယ်အားဖြင့်လည်း နှစ်ပါးဖြစ်၏။

ရဟန်းတို့ ကိုယ်၏ ငြိမ်းချမ်းမှု 'ကာယပဿဒ္ဓိ' သည်လည်း ပဿဒ္ဓိသမ္ဗောဇ္ဈင်တည်း၊ စိတ်၏ ငြိမ်းချမ်းမှု 'စိတ္တပဿဒ္ဓိ' သည်လည်း ပဿဒ္ဓိသမ္ဗောဇ္ဈင်တည်း၊ ဤသို့လျှင် ပဿဒ္ဓိသမ္ဗောဇ္ဈင်သည် ဤအကြောင်း ပရိယာယ်အားဖြင့်လည်း နှစ်ပါးဖြစ်၏။

ရဟန်းတို့ ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ' တို့နှင့် တကွဖြစ်သော တည်ကြည်မှု 'သမာဓိ' သည်လည်း သမာဓိသမ္ဗောဇ္ဈင်တည်း၊ ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ' တို့ မရှိသော တည်ကြည်မှု 'သမာဓိ' သည်လည်း သမာဓိသမ္ဗောဇ္ဈင်တည်း၊ ဤသို့လျှင် သမာဓိသမ္ဗောဇ္ဈင်သည် ဤအကြောင်း ပရိယာယ်အားဖြင့်လည်း နှစ်ပါးဖြစ်၏။

ရဟန်းတို့ အတွင်းသန္တာန်ရှိတရားတို့၌ အညီအမျှရှုမှု 'ဥပေက္ခာ' သည်လည်း ဥပေက္ခာသမ္ဗောဇ္ဈင်တည်း၊ ပြင်ပသန္တာန်ရှိတရားတို့၌ အညီအမျှရှုမှု 'ဥပေက္ခာ' သည်လည်း ဥပေက္ခာသမ္ဗောဇ္ဈင်တည်း၊ ဤသို့လျှင် ဥပေက္ခာသမ္ဗောဇ္ဈင်သည် ဤအကြောင်းပရိယာယ်အားဖြင့်လည်း နှစ်ပါးဖြစ်၏၊ ရဟန်းတို့ အကြင်အကြောင်းကိုစွဲ၍ ဗောဇ္ဈင်ခုနစ်ပါးတို့သည် တဆယ့်လေးပါးဖြစ်ကုန်၏၊ ဤသည်ကား အကြောင်းပရိယာယ်တည်းဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-အဂ္ဂိသုတ်

၂၃၄။ ထိုအခါ များစွာသော ရဟန်းတို့သည် နံနက်အချိန် သင်္ကန်းကို ပြင်ဝတ်၍ သပိတ် သင်္ကန်းကိုဆောင်ယူလျက် သာဝတ္ထိပြည်သို့ ဆွမ်းခံလှည့်လည်ကုန်၏။ [ပရိယာယသုတ်နှင့်တူ၏]။

http://www.dhammadownload.com



ရဟန်းတို့ ဤသို့ပြောဆိုလေ့ရှိကုန်သော သာသနာ့ပြင်ပ အယူရှိကုန်သော ပရိဗိုဇ်တို့ကို ဤသို့ပြောဆိုကုန်ရာ၏။ ငါ့သျှင်တို့ စိတ်တွန့်တို (ဆုတ်နစ်) သောအခါ၌ အဘယ်ဗောဇ္ဈင်တို့ကို ပွါးများရန် အခါမဟုတ်ပါသနည်း၊ အဘယ်ဗောဇ္ဈင်တို့ကို ပွါးများရန် အခါဟုတ်ပါသနည်း၊ ငါ့သျှင်တို့ စိတ်ပျံ့လွင့်သော အခါ၌ အဘယ်ဗောဇ္ဈင်တို့ကို ပွါးများရန် အခါမဟုတ်ပါသနည်း၊ အဘယ်ဗောဇ္ဈင်တို့ကို ပွါးများရန် အခါဟုတ်ပါသနည်း၊ ရဟန်းတို့ ဤသို့ မေးအပ်သည်ရှိသော် သာသနာ့ပြင်ပ အယူရှိကြသည့် ပရိဗိုဇ်တို့သည် ပြည့်စုံစွာ မဖြေဆိုနိုင်ကြကုန်လတ္တံ့၊ ထို့ပြင် ပင်ပန်းဆင်းရဲခြင်းသို့လည်း ရောက်ကုန်လတ္တံ့၊ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ ၎င်းတို့၏ အရာမဟုတ်သောကြောင့်တည်း။

ရဟန်းတို့ ငါဘုရားကိုဖြစ်စေ ငါဘုရား၏တပည့် 'သာဝက' ကို ဖြစ်စေ ဤသာသနာတော်မှ ကြားနာရသောသူကိုဖြစ်စေ ဖယ်ထား၍ ဤပြဿနာတို့ကို ဖြေဆိုခြင်းဖြင့် စိတ်ကို နှစ်သက်စေနိုင်မည့်သူကို နတ် မာရ်နတ် ဗြဟ္မာနှင့်တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏ မင်းများ လူများနှင့်တကွသော လူ့လောက၌ ငါဘုရား မမြင်။

ရဟန်းတို့ စိတ်တွန့်တို (ဆုတ်နစ်)သောအခါ၌ ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ပွါးများရန် အခါမဟုတ်၊ သမာဓိသမ္ဗောဇ္ဈင်ကို ပွါးများရန် အခါမဟုတ်၊ ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများရန် အခါမဟုတ်၊ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ စိတ်သည် တွန့်တို(ဆုတ်နစ်)၏၊ ထိုတွန့်တို (ဆုတ်နစ်)သော စိတ်ကို ထိုတရားသုံးပါးတို့သည် ထစေနိုင်ခဲသောကြောင့်တည်း။

ရဟန်းတို့ ဥပမာသော်ကား ယောကျ်ားသည် အနည်းငယ်သောမီးကို တောက်စေလို၏၊ ထိုယောကျ်ားသည် ထိုမီးထဲ၌ မြက်စိုတို့ကိုငှင်း နွားချေးစိုဘို့ကိုငှင်း ထင်းစိုတို့ကိုငှင်း ထည့်ချာ၏၊ ရေပါသောလေကိုလည်း (မှုတ်) ပေးရာ၏၊ မြေမှုန့်ဖြင့်လည်း ကြဲဖြန့်ရာ၏၊ ထို ယောကျ်ားသည် အနည်းငယ်သောမီးကို တောက်စေနိုင်ရာအံ့လော ဟု မေးတော်မူ၏။ အသျှင်ဘုရား မတောက်စေနိုင်ရာပါ။

ရဟန်းတို့ ဤအတူပင် စိတ်တွန့်တို (ဆုတ်နစ်) သောအခါ၌ ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ပွါးများရန် အခါမဟုတ်၊ သမာဓိသမ္ဗောဇ္ဈင်ကို ပွါးများရန် အခါမဟုတ်၊ ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများရန် အခါမဟုတ်။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ရဟန်းတို့ စိတ်သည် တွန့်တို(ဆုတ်နစ်)၏၊ ထိုတွန့်တို(ဆုတ်နစ်)သောစိတ်ကို ထိုတရားသုံးပါးတို့သည် ထစေနိုင်ခဲသောကြောင့်တည်း။

ရဟန်းတို့ စိတ်တွန့်တို (ဆုတ်နစ်)သောအခါ၌—ဤဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ပွါးများရန် အခါတည်း၊ ဝီရိယသမ္ဗောဇ္ဈင်ကို ပွါးများရန် အခါတည်း၊ ပီတိသမ္ဗောဇ္ဈင်ကို ပွါးများရန် အခါတည်း။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ စိတ်သည် တွန့်တို(ဆုတ်နစ်)၏၊ ထိုတွန့်တို(ဆုတ်နစ်)သောစိတ်ကို ဤဗောဇ္ဈင်တရားသုံးပါးတို့သည် ကောင်းစွာ ထစေနိုင်သောကြောင့်တည်း။

ရဟန်းတို့ ဥပမာသော်ကား ယောကျ်ားသည် အနည်းငယ်သောမီးကို တောက်စေလို၏၊ ထိုယောကျ်ားသည် ထိုမီးထဲ၌ မြက်ခြောက်တို့ကိုငှင်း နွားချေးခြောက်ဘို့တို့ငှင်း ထင်းခြောက်တို့ကိုငှင်း ထည့်ရာ၏၊ ခံတွင်းလေကိုလည်း (မှုတ်)ပေးရာ၏၊ မြေမှုန့်ဖြင့်လည်း မကြဲဖြန့်ရာ၊ ဤယောကျ်ားသည် အနည်းငယ်သောမီးကို တောက်စေနိုင်ရာသည် မဟုတ်လော။ အသျှင်ဘုရား တောက်စေနိုင်ရာပါ၏။

http://www.dhammadownload.com



ရဟန်းတို့ ဤအတူပင် စိတ်ဟွန့်တို(ဆုတ်နစ်)သောအခါ၌ ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ပွါးများရန် အခါတည်း၊ ဝီရိယသမ္ဗောဇ္ဈင်ကို ပွါးများရန် အခါတည်း၊ ပီတိသမ္ဗောဇ္ဈင်ကို ပွါးများရန် အခါတည်း။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ စိတ်သည် တွန့်တို(ဆုတ်နစ်)၏၊ ထိုတွန့်တို(ဆုတ်နစ်)သောစိတ်ကို ဤဗောဇ္ဈင်တရားသုံးပါးတို့သည် ကောင်းစွာ ထစေသောကြောင့်တည်း။

ရဟန်းတို့ စိတ်ပျံ့လွင့်သောအခါ၌ ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ပွါးများရန်အခါမဟုတ်၊ ဝီရိယသမ္ဗောဇ္ဈင်ကို ပွါးများရန်အခါမဟုတ်၊ ပီတိသမ္ဗောဇ္ဈင်ကို ပွါးများရန်အခါမဟုတ်။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ စိတ်သည် ပျံ့လွင့်၏၊ ထိုပျံ့လွင့်သောစိတ်ကို ဤဗောဇ္ဈင်တရား သုံးပါးတို့သည် ငြိမ်းစေနိုင်ခဲသောကြောင့်တည်း။

ရဟန်းတို့ ဥပမာသော်ကား ယောကျ်ားသည် မီးပုံကြီးကို ငြိမ်းအေးစေလို၏၊ ထိုယောကျ်ားသည် ထိုမီးပုံ၌ မြက်ခြောက်တို့ကိုငင်း နွားချေးခြောက်တို့ကိုငင်း ထင်းခြောက်တို့ကိုငင်း ထည့်ရာ၏၊ ခံတွင်းလေကိုလည်း (မှုတ်)ပေးရာ၏၊ မြေမှုန့်ဖြင့်လည်း မကြဲဖြန့်ရာ၊ ထိုယောကျ်ားသည် မီးပုံကြီးကို ငြိမ်းအေးစေနိုင်ရာအံ့လော။ အသျှင်ဘုရား မငြိမ်းအေးစေနိုင်ရာပါ။

ရဟန်းတို့ ဤအတူပင် စိတ်ပျံ့လွင့်သောအခါ၌ ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ပွါးများရန် အခါမဟုတ်၊ ဝီရိယသမ္ဗောဇ္ဈင်ကို ပွါးများရန်အခါမဟုတ်၊ ပီတိသမ္ဗောဇ္ဈင်ကို ပွါးများရန် အခါမဟုတ်။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ စိတ်သည် ပျံ့လွင့်၏၊ ထိုပျံ့လွင့်သောစိတ်ကို ဤဗောဇ္ဈင်တရားသုံးပါးတို့သည် ငြိမ်းအေးစေနိုင်ခဲသောကြောင့်တည်း။

ရဟန်းတို့ စိတ်ပျံ့လွင့်သောအခါ၌ ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ပွါးများရန်အခါတည်း၊ သမာဓိသမ္ဗောဇ္ဈင်ကို ပွါးများရန်အခါတည်း၊ ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများရန်အခါတည်း၊ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ စိတ်သည် ပျံ့လွင့်၏၊ ထိုပျံ့လွင့်သောစိတ်ကို ဤဗောဇ္ဈင်တရား သုံးပါးတို့သည် ငြိမ်းအေးစေနိုင်သောကြောင့်တည်း။ ရဟန်းတို့ ဥပမာသော်ကား ယောကျ်ားသည် မီးပုံကြီးကို ငြိမ်းအေးစေလို၏၊ထိုယောကျ်ားသည် ထိုမီးပုံထဲ၌ မြက်စိုတို့ကိုငင်း နွားချေးစိုတို့ကိုငင်း ထင်းစိုတို့ကိုငင်း ထည့်ရာ၏၊ ရေပါသောလေကိုလည်း (မှုတ်)ပေးရာ၏၊ မြေမှုန့်ဖြင့်လည်း ကြဲဖြန့်ရာ၏၊ ထိုယောကျ်ားသည် မီးပုံကြီးကို ငြိမ်းအေးစေနိုင်ရာသည် မဟုတ်လော။ အသျှင်ဘုရား ငြိမ်းအေးစေနိုင်ရာပါ၏။

ရဟန်းတို့ ဤအတူပင် စိတ်ပျံ့လွင့်သောအခါ ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ပွါးများရန်အခါတည်း၊ သမာဓိသမ္ဗောဇ္ဈင်ကို ပွါးများရန်အခါတည်း၊ ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများရန်အခါတည်း။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ စိတ်သည် ပျံ့လွင့်၏၊ ထိုပျံ့လွင့်သောစိတ်ကို ဤတရားသုံးပါးတို့သည် ငြိမ်းအေးစေနိုင်၏။ ရဟန်းတို့ သတိကိုကား အလုံးစုံ(စိတ်ဆုတ်နစ်ရာ စိတ်ပျံ့လွင့်ရာ၌) အလိုရှိအပ်ပေ၏ဟု ငါဘုရားဆို၏ဟု(မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-မေတ္တာသဟဂတသုတ်

၂၃၅။ အခါတပါး၌ မြတ်စွာဘုရားသည် ကောလိယတိုင်း ဟလိဒ္ဒဝသနမည်သော ကောလိယတိုင်းသားတို့၏နိဂုံး၌ (သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ များစွာသော ရဟန်းတို့သည် နံနက်အချိန် သင်္ကန်းကိုပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင်ပြီးလျှင် ဟလိဒ္ဒဝသနနိဂုံးသို့ ဆွမ်းခံ

http://www.dhammadownload.com



ဝင်ကုန်၏၊ ထိုအခါ ထိုရဟန်းတို့အား ဤအကြံဖြစ်၏— "ဟလိဒ္ဒဝသနနိဂုံး၌ ဆွမ်းခံလှည့်လည်ရန် အချိန်စောသေး၏၊ ငါတို့သည် သာသနာ့ပြင်ပ အယူရှိကုန်သော ပရိဗိုဇ်တို့၏ အရံသို့ ချဉ်းကပ်ရလျှင် ကောင်းပေလိမ့်မည်" ဟု အကြံဖြစ်၏။

ထို့နောက် ထိုရဟန်းတို့သည် သာသနာ့ပြင်ပ အယူရှိကုန်သော ပရိဗိုဇ်တို့၏ အရံသို့ ချဉ်းကပ်ကုန်၍ ထိုသာသနာ့ပြင်ပ အယူရှိကုန်သော ပရိဗိုဇ်တို့နှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုပြီးလျှင် တခုသောနေရာ၌ ထိုင်နေကုန်၏၊ တခုသောနေရာ၌ ထိုင်နေကြသော ထိုရဟန်းတို့အား သာသနာ့ပြင်ပ အယူရှိကုန်သော ပရိဗိုဇ်တို့သည် ဤစကားကို ပြောဆိုကုန်၏—

"ငါ့သျှင်တို့ ရဟန်းဂေါတမသည် တပည့် 'သာဝက' တို့အား ဤသို့ တရားကိုဟောကြား၏၊ 'ရဟန်းတို့ လာကြကုန်၊ သင်တို့သည် စိတ်ကို ညစ်ညူးစေတတ်ကုန်သော ပညာကို အားနည်းအောင် ပြုလုပ်တတ်ကုန်သော နီဝရဏငါးပါးတို့ကို ပယ်စွန့်ကုန်၍ ချမ်းသာစေလိုခြင်း 'မေတ္တာ'နှင့် ယှဉ်သော စိတ်ဖြင့် တခုသောအရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေကုန်လော့၊ ထို့အတူ နှစ်ခုမြောက် အရပ်မျက်နှာကို။ သုံးခုမြောက် အရပ်မျက်နှာကို။ လေးခုမြောက် အရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေကုန်လော့၊ ဤနည်းအားဖြင့် အထက်အောက် ဖီလာ အရပ်မျက်နှာ အလုံးစုံသော အရပ်မျက်နှာတို့၌ သတ္တဝါအားလုံးကို မိမိနှင့်အတူပြု၍ သတ္တဝါအားလုံးပါဝင်သော သတ္တလောကကို ပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည်မရှိသော ရန်မရှိသော ငြိုငြင်ခြင်းမရှိသော မေတ္တာနှင့်ယှဉ်သော စိတ်ဖြင့် ပျံ့နှံ့စေ၍ နေကုန်လော့။ သနားခြင်း 'ကရုဏာ'နှင့် ယှဉ်သောစိတ်ဖြင့် တခုသော အရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေကုန်လော့၊ ထို့အတူ နှစ်ခုမြောက် အရပ်မျက်နှာကို။ သုံးခုမြောက် အရပ်မျက်နှာကို။ လေးခုမြောက် အရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေကုန်လော့၊ ဤနည်းအားဖြင့် အထက်အောက် ဖီလာ အလုံးစုံသော အရပ်မျက်နှာတို့၌ သတ္တဝါအားလုံးကို မိမိနှင့်အတူပြု၍ သတ္တဝါအားလုံးပါဝင်သော သတ္တလောကကို ပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည်မရှိသော ရန်မရှိသော ငြိုငြင်ခြင်းမရှိသော သနားခြင်း 'ကရုဏာ'နှင့် ယှဉ်သော စိတ်ဖြင့် ပျံ့နှံ့စေ၍နေကုန်လော့။ ဝမ်းမြောက်ခြင်း 'မုဒိတာ'နှင့် ယှဉ်သော စိတ်ဖြင့် တခုသော အရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေကုန်လော့၊ ထို့အတူ နှစ်ခုမြောက် အရပ်မျက်နှာကို။ သုံးခုမြောက် အရပ်မျက်နှာကို။ လေးခုမြောက် အရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေကုန်လော့။ ဤနည်းအားဖြင့် အထက်အောက် ဖီလာ အလုံးစုံသောအရပ်မျက်နှာတို့၌ သတ္တဝါအားလုံးကို မိမိနှင့်အတူပြု၍ သတ္တဝါအားလုံးပါဝင်သော သတ္တလောကကို ပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည်မရှိသော ရန်မရှိသော ငြိုငြင်ခြင်းမရှိသော ဝမ်းမြောက်ခြင်း 'မုဒိတာ' နှင့် ယှဉ်သော စိတ်ဖြင့် ပျံ့နှံ့စေ၍ နေကုန်လော့။ လျစ်လျူရှုခြင်း 'ဥပေက္ခာ'နှင့် ယှဉ်သော စိတ်ဖြင့် တခုသောအရပ်မျက်နှာကို ပျံ့နှံ့စေ၍နေကုန်လော့၊ ထို့အတူ နှစ်ခုမြောက် အရပ်မျက်နှာကို။ သုံးခုမြောက် အရပ်မျက်နှာကို။ လေးခုမြောက် အရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေကုန်လော့၊ ဤနည်းအားဖြင့် အထက်အောက် ဖီလာ အလုံးစုံသောအရပ်မျက်နှာတို့၌ သတ္တဝါအားလုံးကို မိမိနှင့်အတူပြု၍ သတ္တဝါအားလုံးပါဝင်သော သတ္တလောကကို ပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည်မရှိသော ရန်မရှိသော ငြိုငြင်ခြင်း မရှိသော လျစ်လျူရှုခြင်း 'ဥပေက္ခာ'နှင့် ယှဉ်သော စိတ်ဖြင့် ပျံ့နှံ့စေ၍ နေကုန်လော့' ဟု ဤသို့တရားကို ဟောကြား၏။

http://www.dhammadownload.com



ငါ့သျှင်တို့ ငါတို့သည်လည်း တပည့် 'သာဝက' တို့အား ဤသို့တရားကို ဟောကြားကုန်၏ "ငါ့သျှင်တို့ လာကြကုန်၊ သင်တို့သည် စိတ်ကို ညစ်ညူးစေတတ်ကုန်သော ပညာကို အားနည်းအောင် ပြုလုပ်တတ်ကုန်သော နီဝရဏငါးပါးတို့ကို ပယ်စွန့်၍ မေတ္တာနှင့်ယှဉ်သော စိတ်ဖြင့် တခုသော အရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေကုန်လော့။ပ။ သနားခြင်း 'ကရုဏာ' နှင့် ယှဉ်သော စိတ်ဖြင့် ဝမ်းမြောက်ခြင်း 'မုဒိတာ' နှင့် ယှဉ်သောစိတ်ဖြင့်။ လျစ်လျူရှုခြင်း 'ဥပေက္ခာ' နှင့် ယှဉ်သော စိတ်ဖြင့် တခုသောအရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေကုန်လော့၊ ထို့အတူ နှစ်ခုမြောက် အရပ်မျက်နှာကို။ သုံးခုမြောက် အရပ်မျက်နှာကို။ လေးခုမြောက် အရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေကုန်လော့၊ ဤနည်းအားဖြင့် အထက်အောက် ဖီလာအလုံးစုံသော အရပ်မျက်နှာတို့၌ သတ္တဝါအားလုံးကို မိမိနှင့် အတူပြု၍ သတ္တဝါအားလုံးပါဝင်သော သတ္တလောကကို ပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည်မရှိသော ရန်မရှိသော ငြိုငြင်ခြင်းမရှိသော လျစ်လျူရှုခြင်း 'ဥပေက္ခာ' နှင့်ယှဉ်သော စိတ်ဖြင့် ပျံ့နှံ့စေ၍ နေကုန်လော့' ဟု ဤသို့ ဟောကြားပါကုန်၏။ ငါ့သျှင်တို့ ဤအရာ၌ ရဟန်းဂေါတမ၏တရားဟောခြင်းနှင့် ငါတို့၏ တရားဟောခြင်းသည်၎င်း ရဟန်းဂေါတမ၏ ဆုံးမခြင်းနှင့် ငါတို့၏ဆုံးမခြင်းသည်၎င်း အထူးကား အဘယ်နည်း၊ သာလွန်ခြင်းကား အဘယ်နည်း၊ ကွဲပြားချက်ကား အဘယ်နည်း" ဟု ဤသို့ ပြောဆိုကုန်၏။

ထိုအခါ ထိုရဟန်းတို့သည် သာသနာ့ပြင်ပ အယူရှိကုန်သော ထိုပရိဗိုဇ်တို့ ပြောဆိုအပ်သော စကားကို မနှစ်သက် မတားမြစ်မူ၍ "မြတ်စွာဘုရား၏ အထံတော်၌ ဤစကား၏ အနက်ကို သိကြရကုန်အံ့" ဟု (ကြံစည်ကာ) နေရာမှထကာ ဖဲခွါခဲ့ကြကုန်၏။ ထို့နောက် ထိုရဟန်းတို့သည် ဟာလိဒ္ဒဝသနနိဂုံး၌ ဆွမ်းခံလှည့်လည်၍ ဆွမ်းစားပြီးနောက် ဆွမ်းစားရာ အရပ်မှ ဖဲခွါခဲ့ကုန်၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကြကုန်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးပြီး တခုသောနေရာ၌ ထိုင်နေကုန်ပြီးသော် ဤစကားကို လျှောက်ထားကုန်၏—

"အသျှင်ဘုရား အကျွန်ုပ်တို့သည် ဤနံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင်ခဲ့ပြီးလျှင် ဟာလိဒ္ဒဝသနနိဂုံးသို့ ဆွမ်းခံဝင်ခဲ့ပါကုန်၏၊ 'အသျှင်ဘုရား အကျွန်ုပ်တို့အား ငါတို့သည် ဟာလိဒ္ဒဝသနနိဂုံး၌ ဆွမ်းခံသွားရန် အချိန်စောသေး၏၊ သာသနာ့ပြင်ပ အယူရှိကုန်သော ပရိဗိုဇ်တို့၏ အရံသို့ ချဉ်းကပ်ကြရမူ ကောင်းပေလိမ့်မည်' ဟု ဤအကြံသည် ဖြစ်ပါ၏။

အသျှင်ဘုရား ထို့နောက် အကျွန်ုပ်တို့သည် သာသနာ့ပြင်ပ အယူရှိကုန်သော ပရိဗိုဇ်တို့၏ အရံသို့ ချဉ်းကပ်ကုန်ပြီးလျှင် သာသနာ့ပြင်ပ အယူရှိကုန်သော ပရိဗိုဇ်တို့နှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆို ပြီး၍ တခုသောနေရာ၌ ထိုင်နေကြပါကုန်၏၊ တခုသောနေရာ၌ ထိုင်နေကြကုန်သော အကျွန်ုပ်တို့အား သာသနာ့ပြင်ပ အယူရှိကုန်သော ပရိဗိုဇ်တို့သည် ဤစကားကို ပြောဆိုကြပါကုန်၏—

ငါ့သျှင်တို့ ရဟန်းဂေါတမသည် တပည့် 'သာဝက' တို့အား 'ရဟန်းတို့ လာကြကုန်၊ သင်တို့သည် ညစ်ညူးစေတတ်ကုန်သော ပညာကိုအားနည်းအောင် ပြုလုပ်တတ်ကုန်သော နီဝရဏငါးပါးတို့ကို ပယ်စွန့်ကုန်၍ မေတ္တာနှင့်ယှဉ်သော စိတ်ဖြင့် တခုသော အရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေကုန်လော့။ပ။ သနားခြင်း 'ကရုဏာ' နှင့် ယှဉ်သောစိတ်ဖြင့်။ ဝမ်းမြောက်ခြင်း 'မုဒိတာ' နှင့် ယှဉ်သောစိတ်ဖြင့်။ လျစ်လျူရှုခြင်း 'ဥပေက္ခာ' နှင့် ယှဉ်သောစိတ်ဖြင့် တခုသောအရပ်မျက်နှာကို

http://www.dhammadownload.com



ပျံ့နှံ့စေ၍ နေကုန်လော့၊ ထိုအတူ နှစ်ခုမြောက် အရပ်မျက်နှာကို။ သုံးခုမြောက် အရပ်မျက်နှာကို။ လေးခုမြောက် အရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေကုန်လော့၊ ဤနည်းအားဖြင့် အထက်အောက် ဖီလာ အလုံးစုံသော အရပ်မျက်နှာတို့၌ သတ္တဝါအားလုံးကို မိမိနှင့်အတူပြု၍ သတ္တဝါအားလုံး ပါဝင်သော သတ္တလောကကို ပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည်မရှိသော ရန်မရှိသော ငြိုငြင်ခြင်းမရှိသော လျစ်လျူရှုခြင်း 'ဥပေက္ခာ' နှင့် ယှဉ်သော စိတ်ဖြင့် ပျံ့နှံ့စေ၍ နေကုန်လော့' ဟု ဤသို့တရားကို ဟောကြား၏။

ငါ့သျှင်တို့ ငါတို့သည်လည်း တပည့် 'သာဝက'တို့အား ဤသို့ တရားကို ဟောကြားကုန်၏၊ 'ငါ့သျှင်တို့ လာကြကုန်၊ သင်တို့သည် စိတ်ကို ညစ်ညူးစေတတ်ကုန်သော ပညာကို အားနည်းအောင် ပြုလုပ်တတ်ကုန်သော နီဝရဏငါးပါးတို့ကို ပယ်စွန့်ကြ၍ မေတ္တာနှင့်ယှဉ်သော စိတ်ဖြင့် တခုသောအရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေကြကုန်လော့။ပ။ သနားခြင်း 'ကရုဏာ' နှင့် ယှဉ်သော စိတ်ဖြင့်။ ဝမ်းမြောက်ခြင်း 'မုဒိတာ' နှင့် ယှဉ်သောစိတ်ဖြင့်။ လျစ်လျူရှုခြင်း 'ဥပေက္ခာ' နှင့် ယှဉ်သော စိတ်ဖြင့် တခုသော အရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေကုန်လော့၊ ထိုအတူ နှစ်ခုမြောက် အရပ်မျက်နှာကို။ သုံးခုမြောက် အရပ်မျက်နှာကို။ လေးခုမြောက် အရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေကုန်လော့၊ ဤနည်းအားဖြင့် အထက်အောက် ဖီလာ အလုံးစုံသော အရပ်မျက်နှာတို့၌ သတ္တဝါအားလုံးကို မိမိနှင့်အတူပြု၍ သတ္တဝါအားလုံးပါဝင်သော သတ္တလောကကို ပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည်မရှိသော ငြိုငြင်ခြင်းမရှိသော လျစ်လျူရှုခြင်း 'ဥပေက္ခာ' နှင့်ယှဉ်သော စိတ်ဖြင့် ပျံ့နှံ့စေ၍ နေကြကုန်လော့' ဟု ဤသို့ ဟောကြားပါကုန်၏။ ငါ့သျှင်တို့ ဤအရာ၌ ရဟန်းဂေါတမ၏ တရားဟောခြင်းနှင့် ငါတို့၏ တရားဟောခြင်းသည်ငှင်း ရဟန်းဂေါတမ၏ ဆုံးမခြင်းနှင့် ငါတို့၏ ဆုံးမခြင်းသည်ငှင်း အထူးကား အဘယ်နည်း၊ သာလွန်ခြင်းကား အဘယ်နည်း၊ ကွဲပြားချက်ကား အဘယ်နည်းဟု ဤစကားကို ပြောဆိုပါကုန်၏။

အသျှင်ဘုရား ထိုအခါ တပည့်တော်တို့သည် သာသနာ့ပြင်ပ အယူရှိကုန်သော ထိုပရိဗိုဇ်တို့ ပြောဆိုအပ်သော စကားကို မနှစ်သက် မတားမြစ်ကြမူ၍ မြတ်စွာဘုရား၏ အထံတော်၌ ဤစကား၏ အနက်ကို သိရကုန်အံ့ဟု (ကြံစည်ကာ) နေရာမှ ထပြီးလျှင် ဖဲခွါခဲ့ကြပါ၏" ဟု လျှောက်ထားကုန်၏။

ရဟန်းတို့ ဤသို့ ပြောဆိုလေ့ရှိကြကုန်သော သာသနာ့ပြင်ပ အယူရှိကုန်သော ပရိဗိုဇ်တို့ကို ဤသို့ ပြောဆိုကုန်ရာ၏—"ငါ့သျှင်တို့ မေတ္တာနှင့်ယှဉ်သော စိတ်ဖြင့် နီဝရဏတို့မှ လွတ်မြောက်မှု 'မေတ္တာစေတောဝိမုတ္တိ' ကို အဘယ်သို့ ပွါးများသည်ရှိသော် အဘယ်လျှင် ဖြစ်ခြင်း ရှိသနည်း၊ အဘယ်လျှင် အလွန်အမြတ်ရှိသနည်း၊ အဘယ်လျှင် အကျိုးရှိသနည်း၊ အဘယ်လျှင် ပြီးဆုံးခြင်း ရှိသနည်း၊ ငါ့သျှင်တို့ ကရုဏာနှင့်ယှဉ်သော စိတ်ဖြင့် နီဝရဏတို့မှ လွတ်မြောက်မှု 'ကရုဏာစေတောဝိမုတ္တိ' ကို အဘယ်သို့ ပွါးများသည်ရှိသော် အဘယ်လျှင် ဖြစ်ခြင်းရှိသနည်း၊ အဘယ်လျှင် အလွန်အမြတ်ရှိသနည်း၊ အဘယ်လျှင် အကျိုးရှိသနည်း၊ အဘယ်လျှင် ပြီးဆုံးခြင်း ရှိသနည်း၊ ငါ့သျှင်တို့ မုဒိတာနှင့်ယှဉ်သောစိတ်ဖြင့် နီဝရဏတို့မှ လွတ်မြောက်မှု 'မုဒိတာစေတောဝိမုတ္တိ' ကို အဘယ်သို့ ပွါးများသည်ရှိသော် အဘယ်လျှင် ဖြစ်ခြင်းရှိသနည်း၊ အဘယ်လျှင် အလွန်အမြတ် ရှိသနည်း၊ အဘယ်လျှင် အကျိုးရှိသနည်း၊ အဘယ်လျှင် ပြီးဆုံးခြင်းရှိသနည်း၊ ငါ့သျှင်တို့

http://www.dhammadownload.com



ဥပေက္ခာနှင့်ယှဉ်သော စိတ်ဖြင့် နီဝရဏတို့မှ လွတ်မြောက်မှု 'ဥပေက္ခာ စေတောဝိမုတ္တိ'ကို ပွါးများသည်ရှိသော် အဘယ်လျှင် ဖြစ်ခြင်းရှိသနည်း၊ အဘယ်လျှင် အလွန်အမြတ်ရှိသနည်း၊ အဘယ်လျှင် အကျိုးရှိသနည်း၊ အဘယ်လျှင် ပြီးဆုံးခြင်း ရှိသနည်း"ဟု ဤသို့ ပြောဆို မေးမြန်းအပ်ကုန်၏။ ရဟန်းတို့ ဤသို့ ပြောဆိုအပ်ကုန်သည်ရှိသော် သာသနာ့ပြင်ပ အယူရှိကုန်သော ပရိဗိုဇ်တို့သည် ပြည့်စုံစွာ မဖြေဆိုနိုင်ကုန်လတ္တံ့၊ ထို့ပြင် ပင်ပန်းဆင်းရဲခြင်းသို့လည်း ရောက်ကုန်လတ္တံ့။ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ၎င်းတို့၏ အရာမဟုတ်သောကြောင့်တည်း။ ရဟန်းတို့ ငါဘုရားကို ဖြစ်စေ ငါဘုရား၏ တပည့် 'သာဝက'ကို ဖြစ်စေ ဤသာသနာတော်မှ ကြားနာရသောသူကို ဖြစ်စေ ဖယ်ထား၍ ဤ ပြဿနာကို ဖြေဆိုခြင်းဖြင့် စိတ်ကို နှစ်သက်စေနိုင်မည့်သူကို နတ် မာရ်နတ် ဗြဟ္မာနှင့် တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏ မင်းများ လူများနှင့် တကွသော လူ့လောက၌ ငါဘုရားမမြင်။

ရဟန်းတို့ မေတ္တာနှင့်ယှဉ်သော စိတ်ဖြင့် နီဝရဏတို့မှ လွတ်မြောက်မှု'မေတ္တာစေတောဝိမုတ္တိ'ကို အဘယ်သို့ ပွါးများသည်ရှိသော် အဘယ်လျှင် ဖြစ်ခြင်းရှိသနည်း၊ အဘယ်လျှင် အလွန်အမြတ်ရှိသနည်း၊ အဘယ်လျှင် အကျိုးရှိသနည်း၊ အဘယ်လျှင် ပြီးဆုံးခြင်းရှိသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မေတ္တာနှင့် ယှဉ်သော သတိ သမ္ဗောဇ္ဈင်ကို ပွါးများ၏။ပ။ ဆိတ်ငြိမ်ခြင်းကိုမှီသော စွဲမက်မှု'ရာဂ'ကင်းခြင်းကိုမှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ ညွတ်သော မေတ္တာနှင့် ယှဉ်သော ဥပေက္ခာသမ္ဗောဇ္ဈင်ကိုပွါးများ၏။ ထိုရဟန်းသည် စက်ဆုပ်ဖွယ် မဟုတ်သော အာရုံ၌ စက်ဆုပ်ဖွယ် အမှတ်ရှိ၍ နေလိုခဲ့မူ ထိုအာရုံ၌ စက်ဆုပ်ဖွယ် အမှတ်ရှိ၍ နေနိုင်၏၊ စက်ဆုပ်ဖွယ် အာရုံ၌ စက်ဆုပ်ဖွယ် မဟုတ်ဟု အမှတ်ရှိ၍ နေလိုခဲ့မူ ထိုအာရုံ၌ စက်ဆုပ်ဖွယ် မဟုတ်ဟု အမှတ်ရှိ၍ နေနိုင်၏၊ စက်ဆုပ်ဖွယ် မဟုတ်သော အာရုံ၌ငှင်း စက်ဆုပ်ဖွယ် အာရုံ၌ငှင်း စက်ဆုပ်ဖွယ် အမှတ်ရှိ၍ နေလိုခဲ့မူ ထိုအာရုံ၌ စက်ဆုပ်ဖွယ် အမှတ်ရှိ၍ နေနိုင်၏၊ စက်ဆုပ်ဖွယ် အာရုံ၌ငှင်း စက်ဆုပ်ဖွယ် မဟုတ်သော အာရုံ၌ငှင်း စက်ဆုပ်ဖွယ် မဟုတ်ဟု အမှတ်ရှိ၍ နေလိုခဲ့မူ ထိုအာရုံ၌ စက်ဆုပ်ဖွယ် မဟုတ်ဟု အမှတ်ရှိ၍ နေနိုင်၏၊ စက်ဆုပ်ဖွယ် မဟုတ်သောအာရုံကိုငှင်း စက်ဆုပ်ဖွယ် အာရုံကိုငှင်း ထိုနှစ်ပါးစုံကို ကြဉ်၍ အောက်မေ့မှု 'သတိ' ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' နှင့် ပြည့်စုံကာ အညီအမျှ ရှု၍နေလိုခဲ့မူ ထိုအာရုံ၌ အောက်မေ့မှု 'သတိ' ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'နှင့် ပြည့်စုံကာ အညီအမျှရှုလျက် နေနိုင်၏၊ တင့်တယ်မှုကို အာရုံပြု၍ဖြစ်သော လွတ်မြောက်ခြင်း'သုဘဝိမောက္ခ' သို့ ရောက်၍နေ၏။ ရဟန်းတို့ အထက် လောကုတ္တရာတရားကို မသိနိုင်၍ လောကီပညာမျှသာ ရှိသော ရဟန်း၏ မေတ္တာနှင့် ယှဉ်သော စိတ်ဖြင့် နီဝရဏတို့မှ လွတ်မြောက်မှု 'မေတ္တာစေတောဝိမုတ္တိ'ကို တင့်တယ်မှုလျှင် အပြီးအဆုံးရှိ၏ဟု ငါဘုရား ဟောတော်မူ၏။

ရဟန်းတို့ ကရုဏာနှင့် ယှဉ်သော စိတ်ဖြင့် နီဝရဏတို့မှ လွတ်မြောက်မှု ''ကရုဏာစေတောဝိမုတ္တိ'ကို အဘယ်သို့ ပွါးများသည်ရှိသော် အဘယ်လျှင်ဖြစ်ခြင်း ရှိသနည်း၊ အဘယ်လျှင် အလွန်အမြတ်ရှိသနည်း၊ အဘယ်လျှင် အကျိုးရှိသနည်း၊ အဘယ်လျှင် ပြီးဆုံးခြင်း ရှိသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် သနားခြင်း 'ကရုဏာ' နှင့် ယှဉ်သော သတိသမ္ဗောဇ္ဈင်ကို ပွါးများ၏။ပ။ ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကို မှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ညွတ်သော သနားခြင်း 'ကရုဏာ'နှင့် တကွဖြစ်သော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများ၏။ထိုရဟန်းသည် စက်ဆုပ်ဖွယ် မဟုတ်သော အာရုံ၌ စက်ဆုပ်ဖွယ် အမှတ်ရှိ၍ နေလိုခဲ့မူ ထိုအာရုံ၌ စက်ဆုပ်ဖွယ်အမှတ်ရှိ၍ နေနိုင်၏။ပ။ စက်ဆုပ်ဖွယ်မဟုတ်သော အာရုံကိုငှင်း စက်ဆုပ်

http://www.dhammadownload.com



ဖွယ်အာရုံကိုင်း ထိုနှစ်ပါးစုံကို ကြဉ်၍ အောက်မေ့မှု 'သတိ'ဆင်ခြင်ဉာဏ်'သမ္ပဇဉ်'နှင့်ပြည့်စုံကာ အညီအမျှရှုလျက် နေလိုခဲ့မူ ထိုအာရုံ၌ အောက်မေ့မှု'သတိ'ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'နှင့် ပြည့်စုံကာ အညီအမျှရှုလျက်နေ၏၊ ရုပ်ဟူသော အမှတ်'သညာ'ကို လုံးဝလွန်မြောက်ခြင်းကြောင့်၎င်း ထိခိုက်မှု'ပဋိဃ'ဟူသော အမှတ်'သညာ'တို့ ချုပ်ခြင်းကြောင့်၎င်း အထူးထူးသော အမှတ် 'သညာ'တို့ကို နှလုံးမသွင်းခြင်းကြောင့်၎င်း "ကောင်းကင်သည် အဆုံးမရှိ"ဟု (စီးဖြန်းကာ) အာကာသာနဉ္စာယတနစျာန်သို့ ရောက်၍နေ၏။ ရဟန်းတို့ အထက်လောကုတ္တရာတရားကို မသိနိုင်၍ လောကီပညာမျှသာရှိသော ရဟန်း၏ ကရုဏာနှင့် ယှဉ်သော စိတ်ဖြင့် နီဝရဏတို့မှ လွတ်မြောက်မှု 'ကရုဏာစေတောဝိမုတ္တိ'ကို အာကာသာနဉ္စာယတနစျာန်လျှင် အပြီးအဆုံးရှိ၏ဟု ငါဘုရား ဟော၏။

ရဟန်းတို့ မုဒိတာနှင့် ယှဉ်သောစိတ်ဖြင့် နီဝရဏတို့မှ လွတ်မြောက်မှု 'မုဒိတာစေတောဝိမုတ္တိ' ကို အဘယ်သို့ ပွါးများသည်ရှိသော် အဘယ်လျှင် ဖြစ်ခြင်းရှိသနည်း၊ အဘယ်လျှင်အလွန်အမြတ် ရှိသနည်း၊ အဘယ်လျှင် အကျိုး ရှိသနည်း၊ အဘယ်လျှင် ပြီးဆုံးခြင်းရှိသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဝမ်းမြောက်ခြင်း 'မုဒိတာ'နှင့် ယှဉ်သော သတိသမ္ဗောဇ္ဈင်ကို ပွါးများ၏။ပ။ ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု'ရာဂ' ကင်းခြင်းကိုမှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ညွတ်သော ဝမ်းမြောက်ခြင်း 'မုဒိတာ'နှင့် ယှဉ်သော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများ ၏။ပ။ထိုရဟန်းသည် စက်ဆုပ်ဖွယ် မဟုတ်သော အာရုံ၌ စက်ဆုပ်ဖွယ်အမှတ်ရှိ၍ နေလိုခဲ့မူ ထိုအာရုံ၌ စက်ဆုပ်ဖွယ်အမှတ်ရှိ၍ နေနိုင်၏။ပ။ စက်ဆုပ်ဖွယ် မဟုတ်သော အာရုံကိုင်း စက်ဆုပ်ဖွယ်အာရုံကိုင်း ထိုနှစ်ပါးစုံကို ကြဉ်၍ အောက်မေ့မှု 'သတိ' ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'နှင့် ပြည့်စုံကာ အညီအမျှရှု၍ နေလိုခဲ့မူ ထိုအာရုံ၌ အောက်မေ့မှု 'သတိ' ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'နှင့် ပြည့်စုံကာ အညီအမျှရှု၍ နေနိုင်၏၊ အာကာသာနဉ္စာယတနစျာန်ကို လုံးဝ လွန်မြောက်၍ "ပဉ္စမာရုပ္ပဝိညာဏ်သည် အဆုံးမရှိ"ဟု (စီးဖြန်းကာ) ဝိညာဏဉ္စာယတနစျာန်သို့ ရောက်၍နေ၏။ ရဟန်းတို့ အထက်လောကုတ္တရာတရားကို မသိနိုင်၍ လောကီပညာမျှသာရှိသော ရဟန်း၏ မုဒိတာနှင့် ယှဉ်သော စိတ်ဖြင့် နီဝရဏတို့မှ လွတ်မြောက်မှု'မုဒိတာစေတောဝိမုတ္တိ'ကို ဝိညာဏဉ္စာယတနစျာန်လျှင် အပြီးအဆုံးရှိ၏ဟု ငါဘုရား ဟော၏။

ရဟန်းတို့ ဥပေက္ခာနှင့် ယှဉ်သော စိတ်ဖြင့် နီဝရဏတို့မှ လွတ်မြောက်မှု 'ဥပေက္ခာစေတော ဝိမုတ္တိ'ကို အဘယ်သို့ ပွါးများသည်ရှိသော် အဘယ်လျှင် ဖြစ်ခြင်းရှိသနည်း၊ အဘယ်လျှင် အလွန် အမြတ် ရှိသနည်း၊ အဘယ်လျှင် အကျိုးရှိသနည်း၊ အဘယ်လျှင် ပြီးဆုံးခြင်းရှိသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အညီအမျှရှုခြင်း 'ဥပေက္ခာ'နှင့် ယှဉ်သော သတိသမ္ဗောဇ္ဈင် ကို ပွါးများ၏။ပ။ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု'ရာဂ'ကင်းခြင်းကို မှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ညွတ်သော အညီအမျှရှုခြင်း 'ဥပေက္ခာ'နှင့်ယှဉ်သော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများ၏။ ထိုရဟန်းသည် စက်ဆုပ်ဖွယ်မဟုတ်သော အာရုံ၌ စက်ဆုပ်ဖွယ်အမှတ်ရှိ၍ နေလိုခဲ့မူ ထိုအာရုံ၌ စက်ဆုပ်ဖွယ်အမှတ်ရှိ၍ နေနိုင်၏။ စက်ဆုပ်ဖွယ်အာရုံ၌ စက်ဆုပ်ဖွယ်မဟုတ်ဟု အမှတ်ရှိ၍ နေလို ခဲ့မူ ထိုအာရုံ၌ စက်ဆုပ်ဖွယ်မဟုတ်ဟု အမှတ်ရှိ၍ နေနိုင်၏။ စက်ဆုပ်ဖွယ်မဟုတ်သော အာရုံ၌ ၎င်း စက်ဆုပ်ဖွယ်အာရုံ၌၎င်း စက်ဆုပ်ဖွယ်အမှတ်ရှိ၍ နေလိုခဲ့မူ ထိုအာရုံ၌ စက်ဆုပ်ဖွယ်အမှတ် ရှိ၍ နေနိုင်၏။ စက်ဆုပ်ဖွယ်အာရုံ၌၎င်း စက်ဆုပ်ဖွယ်မဟုတ်သော အာရုံ၌၎င်း စက်ဆုပ်ဖွယ် မဟုတ်ဟု အမှတ်ရှိ၍ နေလိုခဲ့မူ ထိုအာရုံ၌ စက်ဆုပ်ဖွယ်မဟုတ်ဟု အမှတ်ရှိ၍ နေနိုင်၏၊ စက်ဆုပ်

http://www.dhammadownload.com



ဖွယ်မဟုတ်သော အာရုံကိုရင်း စက်ဆုပ်ဖွယ်အာရုံကိုရင်း ထိုနှစ်ပါးစုံကို ကြဉ်၍ အောက်မေ့မှု 'သတိ' ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'နှင့် ပြည့်စုံကာ အညီအမျှရှု၍ နေလိုခဲ့မူ ထိုအာရုံ၌ အောက်မေ့မှု 'သတိ' ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'နှင့် ပြည့်စုံကာ အညီအမျှရှု၍ နေနိုင်၏၊ ဝိညာဏဉ္စာယတနစျာန်ကို လုံးဝလွန်မြောက်၍ "တစုံတခုမျှ မရှိ"ဟု (စီးဖြန်းကာ) အာကိဉ္စညာယတနစျာန်သို့ ရောက်၍ နေ၏။ ရဟန်းတို့ အထက်လောကုတ္တရာတရားကို မသိနိုင်၍ လောကီပညာမျှသာရှိသော ရဟန်း၏ ဥပေက္ခာနှင့် ယှဉ်သောစိတ်ဖြင့် နီဝရဏတို့မှ လွတ်မြောက်မှု 'ဥပေက္ခာစေတောဝိမုတ္တိ'သည် အာကိဉ္စညာယတနစျာန်လျှင် အပြီးအဆုံးရှိ၏ဟု ငါဘုရား ဟောတော်မူ၏ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-သင်္ဂါရဝသုတ်

၂၃၆။ သာဝတ္ထိနိဒါန်း။ ထိုအခါ သင်္ဂါရဝပုဏ္ဏားသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့် အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုပြီးလျှင် တခုသော နေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

"အသျှင်ဂေါတမ ကာလရှည်စွာ ရွတ်အံ(သရဇ္ဈာယ်)မှုကို ပြုပါကုန်သော်လည်း တခါတရံ ဗေဒင်တို့သည် ဉာဏ်၌ မထင်ပါကုန်၊ ရွတ်အံ(သရဇ္ဈာယ်)မှုကို မပြုကုန်ပါမူကား အဘယ်ဆိုဖွယ် ရာ ရှိပါအံ့နည်း။ ယင်းအကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း၊ အသျှင်ဂေါတမ ကာလရှည်စွာ ရွတ်အံ (သရဇ္ဈာယ်)မှုကို မပြုပါကုန်သော်လည်း တခါတရံ ဗေဒင်တို့သည် ဉာဏ်၌ ထင်ကြပါ၏၊ ရွတ်အံ(သရဇ္ဈာယ်)မှုကို ပြုကြကုန်ပါမူကား အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း။ ယင်းအကြောင်းကား အဘယ်ပါနည်း၊ အထောက်အပံ့ကား အဘယ်ပါနည်း"ဟု (လျှောက်၏)။

ပုဏ္ဏား ကာမရာဂထကြွနှိပ်စက်သော စိတ်ဖြင့် နေသောအခါ ဖြစ်ပေါ်လာသော ကာမရာဂ၏ လွတ် မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာ မသိ၊ ထိုအခါ မိမိအကျိုးကိုလည်း ဟုတ်တိုင်း မှန်စွာ မသိမမြင်၊ သူတပါးအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်၊ အကျိုးနှစ်မျိုးစုံ ကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်၊ ကာလရှည်စွာ ရွတ်အံ (သရဇ္ဈာယ်)မှုကို ပြုပါကုန်သော် လည်း ဗေဒင်တို့သည် ဉာဏ်၌ မထင်ကုန်၊ ရွတ်အံ(သရဇ္ဈာယ်)မှုကို မပြုကြကုန်မူကား အဘယ် ဆိုဖွယ်ရာရှိအံ့နည်း။ ပုဏ္ဏား ဥပမာသော်ကား ချိတ်နှင့် ဖြစ်စေ နီနှင်းနှင့် ဖြစ်စေ မဲနယ်နှင့် ဖြစ်စေ ထန်းကျင့်(နီပါးဆေး)မှုန့်နှင့်ဖြစ်စေ ရောနှောသော ရေခွက်သည် ရှိ၏၊ ထိုရေခွက်၌ မျက်စိအမြင် ရှိသောယောကျ်ားသည် မိမိမျက်နှာရိပ်ကို ဆင်ခြင် (ကြည့်ရှု)လတ်သော် ဟုတ်တိုင်းမှန်စွာ မသိ မမြင်နိုင်ရာ။ ပုဏ္ဏား ထို့အတူပင် ကာမရာဂထကြွနှိပ်စက်သောစိတ်ဖြင့် နေသောအခါ ဖြစ်ပေါ်လာ သော ကာမရာဂ၏ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာ မသိ၊ ထိုအခါ မိမိ၏ အကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်၊ သူတပါးအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိ မမြင်၊အကျိုးနှစ်မျိုးစုံကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်နိုင်။ ကာလရှည်စွာ ရွတ်အံ(သရဇ္ဈာယ်) မှုကို ပြုပါကုန်သော်လည်း ဗေဒင်တို့သည် ဉာဏ်၌ မထင်ကုန်၊ ရွတ်အံ(သရဇ္ဈာယ်)မှုကို မပြုကုန် မူကား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။

http://www.dhammadownload.com



ပုဏ္ဏားနောက်တမျိုးကား ပျက်စီးစေလိုမှု'ဗျာပါဒ' ထကြွနှိပ်စက်သောစိတ်ဖြင့် နေသောအခါ ဖြစ်ပေါ်လာသော ပျက်စီးစေလိုမှု 'ဗျာပါဒ'၏ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာ မသိ၊ ထိုအခါ မိမိအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်၊ သူတပါးအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်၊ အကျိုးနှစ်ပါးစုံကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်နိုင်၊ ကာလရှည်စွာ ရွတ်အံ (သရဇ္ဈာယ်)မှုကို ပြုပါကုန်သော်လည်း ဗေဒင်တို့သည် ဉာဏ်၌ မထင်ကုန်၊ ရွတ်အံ(သရဇ္ဈာယ်)မှုကို မပြုကုန်မူကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။ ပုဏ္ဏား ဥပမာသော်ကား မီးဖြင့် ပူစေအပ်သော ရေခွက်သည် ဆူပွက်၏၊ ရေခိုး ရေငွေ့ဖြစ်၏၊ ထိုရေခွက်၌ မျက်စိအမြင်ရှိသော ယောကျာ်းသည် မိမိမျက်နှာရိပ်ကို ဆင်ခြင်(ကြည့်ရှု) လတ်သော် ဟုတ်တိုင်းမှန်စွာ မသိမမြင်နိုင်ရာ။ ပုဏ္ဏား ထို့အတူပင် ပျက်စီးစေလိုမှု 'ဗျာပါဒ' ထကြွနှိပ်စက်သော စိတ်ဖြင့် နေသောအခါ ဖြစ်ပေါ်လာသော ပျက်စီးစေလိုမှု 'ဗျာပါဒ'၏ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာ မသိ၊ထိုအခါ မိမိအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်၊ သူတပါးအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်၊ အကျိုးနှစ်မျိုးစုံကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်နိုင်။ ကာလရှည်စွာ ရွတ်အံ(သရဇ္ဈာယ်)မှုကို ပြုပါကုန်သော်လည်း ဗေဒင်တို့သည် ဉာဏ်၌ မထင်ကုန်၊ ရွတ်အံ(သရဇ္ဈာယ်)မှုကို မပြုကုန်လျှင်မူကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။

ပုဏ္ဏား နောက်တမျိုးကား လေးလံထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ' ထကြွနှိပ်စက်သော စိတ်ဖြင့် နေသောအခါ ဖြစ်ပေါ်လာသော လေးလံထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ'၏ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာ မသိ၊ ထိုအခါ မိမိအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်၊ သူတပါးအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်၊ အကျိုးနှစ်မျိုးစုံကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်နိုင်။ ကာလရှည်စွာ ရွတ်အံ(သရဇ္ဈာယ်)မှုကို ပြုပါကုန်သော်လည်း ဗေဒင်တို့သည် ဉာဏ်၌ မထင်ကုန်၊ ရွတ်အံ(သရဇ္ဈာယ်)မှုကို ပြုကုန်လျှင်မူကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။

ပုဏ္ဏား ဥပမာသော်ကား ရေခွက်သည် မှော်သေးရေညှိတို့ဖြင့် မြှေးယှက် (ဖုံးလွှမ်း) နေ၏၊ ထိုရေခွက်၌ မျက်စိအမြင်ရှိသော ယောကျာ်းသည် မိမိမျက်နှာရိပ်ကို ဆင်ခြင် (ကြည့်ရှု) လတ်သော် ဟုတ်တိုင်းမှန်စွာ မသိမမြင်နိုင်ရာ၊ ပုဏ္ဏား ထို့အတူပင် လေးလံထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ' ထကြွနှိပ်စက်သော စိတ်ဖြင့် နေသောအခါ ဖြစ်ပေါ်လာသော လေးလံထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ'၏ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာမသိ၊ ထိုအခါ မိမိအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်၊ သူတပါးအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်၊ အကျိုးနှစ်မျိုးစုံကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်နိုင်။ ကာလရှည်စွာ ရွတ်အံ (သရဇ္ဈာယ်)မှုကို ပြုပါကုန်သော်လည်း ဗေဒင်တို့သည် ဉာဏ်၌ မထင်ကုန်၊ ရွတ်အံ(သရဇ္ဈာယ်)မှုကို မပြုကုန်လျှင်မူကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။

ပုဏ္ဏား နောက်တမျိုးကား စိတ်ပျံ့လွင့်မှု'ဥဒ္ဓစ္စ' နောင်တတဖန်ပူပန်မှု 'ကုက္ကုစ္စ' ထကြွနှိပ်စက်သောစိတ်ဖြင့် နေသောအခါ ဖြစ်ပေါ်လာသော စိတ်ပျံ့လွင့်မှု 'ဥဒ္ဓစ္စ' နောင်တတဖန် ပူပန်မှု 'ကုက္ကုစ္စ'တို့၏ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာ မသိ၊ ထိုအခါ မိမိ အကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်၊ သူတပါးအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်၊ အကျိုးနှစ်မျိုးစုံကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်နိုင်။ ကာလရှည်စွာ ရွတ်အံ (သရဇ္ဈာယ်) မှုကို ပြုပါကုန်သော်လည်း ဗေဒင်တို့သည် ဉာဏ်၌ မထင်ကုန်၊ ရွတ်အံ (သရဇ္ဈာယ်)မှုကို

http://www.dhammadownload.com



မပြုကုန်လျှင်မူကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။ ပုဏ္ဏားဥပမာသော်ကား လေတိုက်သောရေခွက်သည် လှုပ်ရှား၏၊ တုန်လှုပ်၏၊ လှိုင်းထ၏၊ ထိုရေခွက်၌ မျက်စိအမြင်ရှိသော ယောကျ်ားသည် မိမိမျက်နှာရိပ်ကို ဆင်ခြင်(ကြည့်ရှု)လတ်သော် ဟုတ်တိုင်းမှန်စွာ မသိမမြင်နိုင်။ ပုဏ္ဏား ထို့အတူပင် စိတ်ပျံ့လွင့်မှု 'ဥဒ္ဓစ္စ' နောင်တတဖန်ပူပန်မှု 'ကုက္ကုစ္စ' ထကြွနှိပ်စက်သောစိတ်ဖြင့် နေသောအခါ ဖြစ်ပေါ်လာသော စိတ်ပျံ့လွင့်မှု'ဥဒ္ဓစ္စ'နောင်တတဖန်ပူပန်မှု'ကုက္ကုစ္စ'တို့၏ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာ မသိ၊ ထိုအခါ မိမိ၏ အကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်၊ သူတပါးအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်၊ အကျိုးနှစ်မျိုးစုံကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်နိုင်။ ကာလရှည်စွာ ရွတ်အံ (သရဇ္ဈာယ်) မှုကို ပြုပါကုန်သော်လည်း ဗေဒင်တို့သည် ဉာဏ်၌ မထင်ကုန်၊ ရွတ်အံ(သရဇ္ဈာယ်)မှုကို မပြုကုန်လျှင်မူကား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။

ပုဏ္ဏား နောက်တမျိုးကား မဝေခွဲနိုင်မှု'ဝိစိကိစ္ဆာ' ထကြွနှိပ်စက်သောစိတ်ဖြင့် နေသောအခါ ဖြစ်ပေါ်လာသော မဝေခွဲနိုင်မှု'ဝိစိကိစ္ဆာ'၏ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာမသိ၊ ထိုအခါ မိမိ၏အကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်၊ သူတပါးအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်၊ အကျိုးနှစ်မျိုးစုံကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်နိုင်။ ကာလရှည်စွာ ရွတ်အံ(သရဇ္ဈာယ်)မှုကို ပြုပါကုန်သော်လည်း ဗေဒင်တို့သည် ဉာဏ်၌ မထင်ကုန်၊ ရွတ်အံ(သရဇ္ဈာယ်)မှုကို မပြုကုန်လျှင်မူကား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။

ပုဏ္ဏား ဥပမာသော်ကား ရေခွက်သည် နောက်ကျု၏၊ မငြိမ်သက်၊ ရွှံ့နှစ်ရေဖြစ်၏၊ အမှောင်၌ထား၏၊ ထိုရေခွက်၌ မျက်စိအမြင်ရှိသော ယောကျ်ားသည် မိမိမျက်နှာရိပ်ကို ဆင်ခြင်ကြည့်ရှုလတ်သော် ဟုတ်တိုင်းမှန်စွာ မသိမမြင်နိုင်ရာ။ ပုဏ္ဏား ထို့အတူပင် မဝေခွဲနိုင်မှု'ဝိစိကိစ္ဆာ' ထကြွနှိပ်စက်သောစိတ်ဖြင့် နေသောအခါ ဖြစ်ပေါ်လာသော မဝေခွဲနိုင်မှု'ဝိစိကိစ္ဆာ'၏ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာ မသိ၊ ထိုအခါ မိမိ၏အကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်၊ သူတပါးအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်၊ အကျိုးနှစ်မျိုးစုံကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်နိုင်။ ကာလရှည်စွာ ရွတ်အံ(သရဇ္ဈာယ်)မှုကို ပြုပါကုန်သော်လည်း ဗေဒင်တို့သည် တခါတရံ ဉာဏ်၌ မထင်ကုန်၊ ရွတ်အံ(သရဇ္ဈာယ်)မှုကို မပြုကုန်လျှင်မူကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။ ပုဏ္ဏား ဤသည်ပင် အကြောင်းတည်း၊ ဤသည်ပင် အထောက်အပံ့တည်း၊ ယင်းအကြောင်း အထောက်အပံ့ကြောင့် ကာလရှည်စွာ ရွတ်အံ(သရဇ္ဈာယ်)မှုကို ပြုပါကုန်သော်လည်း ဗေဒင်တို့သည် တခါတရံ ဉာဏ်၌ မထင်ကုန်၊ ရွတ်အံ(သရဇ္ဈာယ်)မှုကို မပြုကုန်လျှင်မူကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။

ပုဏ္ဏား ကာမရာဂ ထကြွနှိပ်စက်သောစိတ်ဖြင့် မနေသောအခါ ဖြစ်ပေါ်လာသော ကာမရာဂ၏ ထွက်မြောက်ကြောင်းကို ဟုတ်တိုင်းမှန်စွာ သိမြင်၏၊ ထိုအခါ မိမိအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာသိမြင်၏၊ သူတပါးအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်၏၊ အကျိုးနှစ်မျိုးစုံကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်နိုင်၏။ ကာလရှည်စွာ ရွတ်အံ(သရဇ္ဈာယ်)မှုကို မပြုပါကုန်သော်လည်း ဗေဒင်တို့သည် ဉာဏ်၌ ထင်ကုန်၏၊ ရွတ်အံ(သရဇ္ဈာယ်)မှုကို ပြုကုန်လျှင်မူကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။

ပုဏ္ဏား ဥပမာသော်ကား ချိတ်နှင့်ဖြစ်စေ နံ့နှင်းနှင့်ဖြစ်စေ မဲနယ်နှင့်ဖြစ်စေ ထန်းကျင့်(နီပါးဆေး)မှုန့်နှင့်ဖြစ်စေ မရောနှောသော ရေခွက်သည် ရှိ၏၊ ထိုရေခွက်၌ မျက်စိအမြင်ရှိသော

http://www.dhammadownload.com



ယောကျ်ားသည် မိမိမျက်နှာရိပ်ကို ဆင်ခြင်(ကြည့်ရှု)လတ်သော် ဟုတ်တိုင်းမှန်စွာ သိမြင်နိုင်ရာ၏။ ပုဏ္ဏား ထို့အတူပင် ကာမရာဂ ထကြွနှိပ်စက်သော စိတ်ဖြင့် မနေသောအခါ ဖြစ်ပေါ်လာသော ကာမရာဂ၏ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာ သိ၏၊ ထိုအခါ မိမိ၏အကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်၏၊ သူတပါးအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်၏၊ အကျိုးနှစ်မျိုးစုံကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်နိုင်၏။ ကာလရှည်စွာ ရွတ်အံ(သရဇ္ဈာယ်)မှုကို မပြုပါကုန်သော်လည်း ဗေဒင်တို့သည် ဉာဏ်၌ ထင်ကုန်၏၊ ရွတ်အံ(သရဇ္ဈာယ်)မှုကို ပြုကုန်လျှင်မူကား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။

ပုဏ္ဏား နောက်တမျိုးကား ပျက်စီးစေလိုမှု'ဗျာပါဒ' ထကြွနှိပ်စက်သောစိတ်ဖြင့် မနေသောအခါ ဖြစ်ပေါ်လာသော ပျက်စီးစေလိုမှု'ဗျာပါဒ'၏ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာ သိ၏၊ ထိုအခါ မိမိ၏အကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်၏၊ သူတပါးအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်၏၊ အကျိုးနှစ်မျိုးစုံကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်နိုင်၏။ ကာလရှည်စွာ ရွတ်အံ(သရဇ္ဈာယ်)မှုကို မပြုပါကုန်သော်လည်း ဗေဒင်တို့သည် ဉာဏ်၌ ထင်ကုန်၏၊ ရွတ်အံ(သရဇ္ဈာယ်)မှုကို ပြုကုန်လျှင်မူကား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။

ပုဏ္ဏား ဥပမာသော်ကား မီးဖြင့်မပူစေအပ်သော ရေခွက်သည် မဆူမပွက် ရေခိုးရေငွေ့မထွက်၊ ထိုရေခွက်၌ မျက်စိအမြင်ရှိသော ယောကျ်ားသည်မိမိမျက်နှာရိပ်ကို ဆင်ခြင်(ကြည့်ရှု)လတ်သော် ဟုတ်တိုင်းမှန်စွာ သိမြင်နိုင်ရာ၏။ ပုဏ္ဏား ထို့အတူပင် ပျက်စီးစေလိုမှု'ဗျာပါဒ' ထကြွနှိပ်စက်သော စိတ်ဖြင့် မနေသောအခါ ဖြစ်ပေါ်လာသော ပျက်စီးစေလိုမှု'ဗျာပါဒ'၏ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာ သိ၏၊ ထိုအခါ မိမိ၏အကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်၏၊ သူတပါးအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်၏၊ အကျိုးနှစ်မျိုးစုံကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်နိုင်၏။ ကာလရှည်စွာ ရွတ်အံ(သရဇ္ဈာယ်)မှုကို မပြုပါကုန်သော်လည်း ဗေဒင်တို့သည် ဉာဏ်၌ ထင်ကုန်၏၊ ရွတ်အံ(သရဇ္ဈာယ်)မှုကို ပြုကုန်လျှင်မူကား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။

ပုဏ္ဏား နောက်တမျိုးကား လေးလံထိုင်းမှိုင်းမှု'ထိနမိဒ္ဓ' ထကြွနှိပ်စက်သောစိတ်ဖြင့် မနေသောအခါ ဖြစ်ပေါ်လာသော လေးလံထိုင်းမှိုင်းမှု'ထိနမိဒ္ဓ'၏ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာ သိ၏၊ ထိုအခါ မိမိ၏အကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်၏၊ သူတပါးအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်၏၊ အကျိုးနှစ်မျိုးစုံကိုလည်း ဟုတ်တိုင်းမှန်စွာသိမြင်နိုင်၏။ ကာလရှည်စွာ ရွတ်အံ(သရဇ္ဈာယ်)မှုကို မပြုပါကုန်သော်လည်း ဗေဒင်တို့သည် ဉာဏ်၌ ထင်ကုန်၏၊ ရွတ်အံ (သရဇ္ဈာယ်)မှုကို ပြုကုန်လျှင်မူကား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။

ပုဏ္ဏား ဥပမာသော်ကား ရေခွက်သည် မှော်သေးရေညှိတို့ဖြင့် မမြေးယှက်၊ ထိုရေခွက်၌ မျက်စိအမြင်ရှိသော ယောကျ်ားသည် မိမိမျက်နှာရိပ်ကို ဆင်ခြင်(ကြည့်ရှု)လတ်သော် ဟုတ်တိုင်းမှန်စွာ သိမြင်နိုင်ရာ၏။ ပုဏ္ဏား ထို့အတူပင် လေးလံထိုင်းမှိုင်းမှု'ထိနမိဒ္ဓ' ထကြွနှိပ်စက်သောစိတ်ဖြင့် မနေသောအခါ ဖြစ်ပေါ်လာသော လေးလံထိုင်းမှိုင်းမှု'ထိနမိဒ္ဓ'၏ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်၏၊ ထိုအခါ မိမိ၏အကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်၏၊ သူတပါးအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်၏၊ အကျိုးနှစ်မျိုးစုံကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်နိုင်၏။ ကာလရှည်စွာ ရွတ်အံ(သရဇ္ဈာယ်)မှုကို မပြုပါကုန်သော်လည်း ဗေဒင်တို့သည် ဉာဏ်၌ ထင်ကုန်၏၊ ရွတ်အံ(သရဇ္ဈာယ်)မှုကို ပြုကုန်လျှင်မူကား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။

သံ မြန် ၃-၈—၉-၄

http://www.dhammadownload.com



ပုဏ္ဏား နောက်တမျိုးကား စိတ်ပျံ့လွင့်မှု 'ဥဒ္ဓစ္စ' နောင်တတတဖန် ပူပန်မှု 'ကုက္ကုစ္စ' ထကြွနှိပ်စက်သောစိတ်ဖြင့် မနေသောအခါ ဖြစ်ပေါ်လာသော စိတ်ပျံ့လွင့်မှု 'ဥဒ္ဓစ္စ' နောင်တ တဖန် ပူပန်မှု 'ကုက္ကုစ္စ' တို့၏ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာသိ၏၊ ထိုအခါ မိမိ၏အကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်၏၊ သူတပါးအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်၏၊ အကျိုးနှစ်မျိုးစုံကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်နိုင်၏။ ကာလရှည်စွာ ရွတ်အံ (သရဇ္ဈာယ်) မှုကို မပြုပါကုန်သော်လည်း ဗေဒင်တို့သည် ဉာဏ်၌ထင်ကုန်၏၊ ရွတ်အံ (သရဇ္ဈာယ်) မှုကို ပြုကုန်လျှင်မူကား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။

ပုဏ္ဏား ဥပမာသော်ကား လေမတိုက်သော ရေခွက်သည် မလှုပ်ရှား မတုန်လှုပ် လှိုင်းမထ၊ ထိုရေခွက်၌ မျက်စိအမြင်ရှိသော ယောကျ်ားသည် မိမိမျက်နှာရိပ်ကို ဆင်ခြင် (ကြည့်ရှု) လတ်သော် ဟုတ်တိုင်းမှန်စွာ သိမြင်နိုင်ရာ၏။ ပုဏ္ဏား ထိုအတူပင် စိတ်ပျံ့လွင့်မှု 'ဥဒ္ဓစ္စ' နောင်တတတဖန် ပူပန်မှု 'ကုက္ကုစ္စ' ထကြွနှိပ်စက်သောစိတ်ဖြင့် မနေသောအခါ ဖြစ်ပေါ်လာသော စိတ်ပျံ့လွင့်မှု 'ဥဒ္ဓစ္စ' နောင်တတဖန် ပူပန်မှု 'ကုက္ကုစ္စ' တို့၏ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာသိ၏၊ ထိုအခါ မိမိ၏အကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာသိမြင်၏၊ သူတပါးအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်၏၊ အကျိုးနှစ်မျိုးစုံကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်နိုင်၏။ ကာလရှည်စွာ ရွတ်အံ (သရဇ္ဈာယ်) မှုကို မပြုပါကုန်သော်လည်း ဗေဒင်တို့သည် ဉာဏ်၌ထင်ကုန်၏၊ ရွတ်အံ (သရဇ္ဈာယ်) မှုကို ပြုကုန်လျှင်မူကား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။

ပုဏ္ဏား နောက်တမျိုးကား မဝေခွဲနိုင်မှု 'ဝိစိကိစ္ဆာ' ထကြွနှိပ်စက်သောစိတ်ဖြင့် မနေသောအခါ ဖြစ်ပေါ်လာသော မဝေခွဲနိုင်မှု 'ဝိစိကိစ္ဆာ' ၏ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာသိ၏၊ ထိုအခါ မိမိ၏အကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်၏၊ သူတပါးအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာသိမြင်၏၊ အကျိုးနှစ်မျိုးစုံကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်နိုင်၏။ ကာလရှည်စွာ ရွတ်အံ (သရဇ္ဈာယ်) မှုကို မပြုပါကုန်သော်လည်း ဗေဒင်တို့သည် ဉာဏ်၌ ထင်ကုန်၏၊ ရွတ်အံ့ (သရဇ္ဈာယ်) မှုကို ပြုကုန်လျှင်မူကား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။

ပုဏ္ဏား ဥပမာသော်ကား ရေခွက်သည် ကြည်လင်၏၊ အထူးသဖြင့် ကြည်လင်၏၊ မနောက်ကျု၊ အလင်းရောင်၌ထား၏၊ ထိုရေခွက်၌ မျက်စိအမြင်ရှိသော ယောကျ်ားသည် မိမိမျက်နှာရိပ်ကို ဆင်ခြင် (ကြည့်ရှု) လတ်သော် ဟုတ်တိုင်းမှန်စွာ သိမြင်နိုင်ရာ၏။ ပုဏ္ဏား ထိုအတူပင် မဝေခွဲနိုင်မှု 'ဝိစိကိစ္ဆာ' ထကြွနှိပ်စက်သောစိတ်ဖြင့် မနေသောအခါ ဖြစ်ပေါ်လာသော မဝေခွဲနိုင်မှု 'ဝိစိကိစ္ဆာ' ၏ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာသိ၏၊ ထိုအခါ မိမိ၏အကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်၏၊ သူတပါးအကျိုးကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်၏၊ အကျိုးနှစ်မျိုးစုံကိုလည်း ဟုတ်တိုင်းမှန်စွာ သိမြင်နိုင်၏။ ကာလရှည်စွာ ရွတ်အံ (သရဇ္ဈာယ်) မှုကို မပြုပါကုန်သော်လည်း ဗေဒင်တို့သည် ဉာဏ်၌ထင်ကုန်၏၊ ရွတ်အံ (သရဇ္ဈာယ်) မှုကို ပြုကုန်လျှင်မူကား အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း။ ပုဏ္ဏား ဤသည်ပင် အကြောင်းတည်း၊ ဤသည်ပင် အထောက်အပံ့တည်း၊ ယင်း အကြောင်း အထောက်အပံ့ကြောင့် ကာလရှည်စွာ ရွတ်အံ (သရဇ္ဈာယ်) မှုကို မပြုပါကုန်သော်လည်း တခါတရံ ဗေဒင်တို့သည် ဉာဏ်၌ထင်ကုန်၏၊ ရွတ်အံ (သရဇ္ဈာယ်) မှုကို ပြုကုန်လျှင်မူကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။

http://www.dhammadownload.com



ပုဏ္ဏား ဤဗောဇ္ဈင်ခုနစ်မျိုးတို့ကား မပိတ်ပင် မတားဆီးတတ်ကုန်၊ စိတ်ကို မညစ်ညူးစေတတ်ကုန်၊ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် အသိဉာဏ်'ဝိဇ္ဇာ'(ကိလေသာမှ) လွတ်မြောက်မှု 'ဝိမုတ္တိ'အကျိုးကို မျက်မှောက်ပြုရန် ဖြစ်ကုန်၏။အဘယ်ခုနစ်မျိုးတို့နည်း၊ ပုဏ္ဏား သတိသမ္ဗောဇ္ဈင်သည် မပိတ်ပင် မတားဆီးတတ် စိတ်ကို မညစ်ညူးစေတတ်၊ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် အသိဉာဏ် 'ဝိဇ္ဇာ'(ကိလေသာမှ)လွတ်မြောက်မှု 'ဝိမုတ္တိ' အကျိုးကို မျက်မှောက်ပြုရန်ဖြစ်၏။ပ။ပုဏ္ဏား ဥပေက္ခာသမ္ဗောဇ္ဈင်သည် မပိတ်ပင် မတားဆီးတတ် စိတ်ကို မညစ်ညူးစေတတ်၊ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် အသိဉာဏ်'ဝိဇ္ဇာ'(ကိလေသာမှ)လွတ်မြောက်မှု'ဝိမုတ္တိ'အကျိုးကို မျက်မှောက်ပြုရန်ဖြစ်၏။ ပုဏ္ဏား ဤဗောဇ္ဈင်ခုနစ်မျိုးတို့ကား မပိတ်ပင် မတားဆီးတတ်ကုန်၊ စိတ်ကို မညစ်ညူးစေတတ်ကုန်၊ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် အသိဉာဏ် 'ဝိဇ္ဇာ'(ကိလေသာမှ) လွတ်မြောက်မှု 'ဝိမုတ္တိ' အကျိုးကို မျက်မှောက်ပြုရန် ဖြစ်ကုန်၏ဟု (မိန့်တော်မူ၏)၊ ဤသို့ ဟောကြားလတ်သော် သင်္ဂါရဝပုဏ္ဏားသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်ထား၏ "အသျှင်ဂေါတမ တရားတော်သည် အလွန်နှစ်သက်ဖွယ် ရှိပါပေစွ။ပ။ အသျှင်ဂေါတမသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ခြင်းသို့ရောက်သော ဥပါသကာ ဟု မှတ်တော်မူပါ"ဟု (လျှောက်၏)။

ပဉ္စမသုတ်။

---

## ၆-အဘယသုတ်

၂၃၇။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ အဘယမင်းသားသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကိုရှိခိုးလျက် တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏— "အသျှင်ဘုရား မသိမမြင်ရန် အကြောင်းအထောက်အပံ့ မရှိ၊ အကြောင်းအထောက်အပံ့မရှိပဲ မသိမမြင်ခြင်းဖြစ်၏၊ သိမြင်ရန် အကြောင်းအထောက်အပံ့ မရှိ၊ အကြောင်းအထောက်အပံ့မရှိပဲ သိမြင်ခြင်းဖြစ်၏ဟု ပူရဏကဿပသည် ဤသို့ဆိုပါ၏၊ ဤအရာ၌ မြတ်စွာဘုရားသည် အဘယ်သို့ မိန့်ဆိုတော်မူပါမည်နည်း"ဟု (လျှောက်၏)။ မင်းသား မသိမမြင်ရန် အကြောင်းအထောက်အပံ့ရှိ၏၊ အကြောင်းအထောက်အပံ့နှင့်တကွ မသိမမြင်ခြင်း ဖြစ်၏၊ သိမြင်ရန် အကြောင်းအထောက်အပံ့ရှိ၏၊ အကြောင်းအထောက်အပံ့နှင့်တကွ သိမြင်ခြင်း ဖြစ်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား မသိမမြင်ရန် အကြောင်းအထောက်အပံ့ကား အဘယ်ပါနည်း၊ အဘယ်သို့လျှင် အကြောင်းအထောက်အပံ့နှင့်တကွ မသိမမြင်ခြင်း ဖြစ်ပါသနည်းဟု (လျှောက်၏)။ မင်းသား အကြင်အခါ၌ ကာမရာဂ ထကြွနှိပ်စက်သော စိတ်ဖြင့် နေ၏၊ ဖြစ်ပေါ်လာသော ကာမရာဂ၏ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်၊ မင်းသား ဤသည်လည်း မသိမမြင်ရန် အကြောင်းအထောက်အပံ့ ဖြစ်၏။ ဤသို့လည်း အကြောင်းအထောက်အပံ့နှင့်တကွ မသိမမြင်ခြင်း ဖြစ်၏။

http://www.dhammadownload.com



မင်းသား နောက်တမျိုးကား အကြင်အခါ၌ ပျက်စီးစေလို့မှု 'ဗျာပါဒ' ထကြွနှိပ်စက်သော စိတ်ဖြင့်။ပ။ လေးလံထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ' ထကြွနှိပ်စက်သောစိတ်ဖြင့်။ပ။ စိတ်ပျံ့လွင့်မှု 'ဥဒ္ဓစ္စ' နောင်တ တဖန်ပူပန်မှု 'ကုက္ကုစ္စ' ထကြွနှိပ်စက်သောစိတ်ဖြင့်။ပ။ မဝေခွဲနိုင်မှု 'ဝိစိကိစ္ဆာ' ထကြွနှိပ်စက်သောစိတ်ဖြင့် နေ၏၊ ဖြစ်ပေါ်လာသော မဝေခွဲနိုင်မှု 'ဝိစိကိစ္ဆာ'၏ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာ မသိမမြင်။ မင်းသား ဤသည်လည်း မသိမမြင်ရန် အကြောင်းအထောက်အပံ့ဖြစ်၏၊ ဤသို့လည်း အကြောင်းအထောက်အပံ့နှင့်တကွ မသိမမြင်ခြင်းဖြစ်၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား ဤတရားဒေသနာတော်သည် အဘယ်အမည်ရှိပါသနည်းဟု (လျှောက်၏)။ မင်းသား ဤတရားတို့ကား နီဝရဏမည်ကုန်၏။ မြတ်စွာဘုရား စင်စစ် နီဝရဏ မည်ထိုက်ပါကုန်၏၊ မြတ်စွာဘုရား နီဝရဏမည်ထိုက်ပါကုန်၏၊ အသျှင်ဘုရား နီဝရဏတပါးပါး နှိပ်စက်သည်ရှိသော် ဟုတ်တိုင်းမှန်စွာ မသိနိုင်၊ မမြင်နိုင် ဖြစ်တုံဘိသေး၏၊ နီဝရဏ ငါးပါးလုံး နှိပ်စက်သည်ရှိသော်ကား အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း။

အသျှင်ဘုရား သိမြင်ရန် အကြောင်းအထောက်အပံ့ကား အဘယ်ပါနည်း၊ အဘယ်သို့လျှင် အကြောင်းအထောက်အပံ့နှင့်တကွ သိမြင်ခြင်း ဖြစ်ပါသနည်းဟု (လျှောက်၏)။ မင်းသား ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကိုမှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ညွတ်သော သတိသမ္ဗောဇ္ဈင်ကို ပွါးများ၏၊ ထိုရဟန်းသည် သတိသမ္ဗောဇ္ဈင်ကို ပွါးများသောစိတ်ဖြင့် ဟုတ်တိုင်းမှန်စွာ သိမြင်၏၊ ဤသည်လည်း သိမြင်ရန် အကြောင်း အထောက်အပံ့တည်း၊ ဤသို့လျှင် အထောက်အပံ့နှင့်တကွ သိမြင်ခြင်းဖြစ်၏။

မင်းသား နောက်တမျိုးကား ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကို မှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ညွတ်သော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများ၏၊ ထိုရဟန်းသည် ဥပေက္ခာသမ္ဗောဇ္ဈင် ပွါးများသောစိတ်ဖြင့် ဟုတ်တိုင်းမှန်စွာ သိမြင်၏၊ မင်းသား ဤသည်လည်း သိမြင်ရန် အကြောင်း အထောက်အပံ့ဖြစ်၏၊ ဤသို့လျှင် အကြောင်းအထောက်အပံ့နှင့်တကွ သိမြင်ခြင်းဖြစ်၏။

အသျှင်ဘုရား ဤတရားဒေသနာတော်သည် အဘယ်အမည် ရှိပါသနည်းဟု (လျှောက်၏)။ မင်းသား ဤတရားတို့ကား ဗောဇ္ဈင်မည်ကုန်၏။ မြတ်စွာဘုရား စင်စစ် ဗောဇ္ဈင်တို့ မည်ထိုက်ပါကုန်၏၊ မြတ်စွာဘုရား စင်စစ် ဗောဇ္ဈင်တို့ မည်ထိုက်ပါကုန်၏၊ အသျှင်ဘုရား ဗောဇ္ဈင်တပါးပါးနှင့် ပြည့်စုံသည်ရှိသော် ဟုတ်တိုင်းမှန်စွာ သိနိုင်မြင်နိုင် ဖြစ်တုံဘိသေး၏၊ ဗောဇ္ဈင် ခုနစ်ပါးလုံးတို့နှင့် ပြည့်စုံသည်ရှိသော်ကား အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း။ အသျှင်ဘုရား ဂိဇ္ဈကုဋ်တောင်ကို တက်သော တပည့်တော်အား ကိုယ်၏ ပင်ပန်းခြင်း စိတ်၏ ပင်ပန်းခြင်းသည်ဖြစ်ပါ၏၊ ထို ပင်ပန်းခြင်းသည် တပည့်တော်အား ငြိမ်းပျောက်ပါပြီ၊ တပည့်တော်သည် တရားတော်ကိုလည်း သိအပ်ပါပြီဟု (လျှောက်၏)။

ဆဋ္ဌသုတ်။

ခြောက်ခုမြောက် သာကစ္ဆဝဂ် ပြီး၏။

http://www.dhammadownload.com



## ၇-အာနာပါနဝဂ် ၁-အဋ္ဌိကမဟပ္ဖလသုတ်

၂၃၈။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ အရိုးစုဟု မှတ်သားမှု 'အဋ္ဌိကသညာ' ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် အကျိုးအာနိသင်ကြီး၏၊ ရဟန်းတို့ အရိုးစုဟု မှတ်သားမှု 'အဋ္ဌိကသညာ'ကို အဘယ်သို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် အကျိုး အာနိသင်ကြီးသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကို မှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ညွတ်သော အရိုးစုဟု မှတ်သားမှု 'အဋ္ဌိကသညာ' နှင့်တကွဖြစ်သော သတိသမ္ဗောဇ္ဈင်ကို ပွါးများ၏။ပ။ ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု'ရာဂ'ကင်းခြင်းကို မှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ညွတ်သော အရိုးစုဟု မှတ်သားမှု 'အဋ္ဌိကသညာ'နှင့် တကွဖြစ်သော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများ၏။ ရဟန်းတို့ အရိုးစုဟု မှတ်သားမှု'အဋ္ဌိကသညာ'ကို ဤသို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် အကျိုး အာနိသင်ကြီး၏ဟု (မိန့်တော်မူ၏)။

## အညတရဖလသုတ်

ရဟန်းတို့ အရိုးစုဟု မှတ်သားမှု 'အဋ္ဌိကသညာ' ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ် သည်ရှိသော် မျက်မှောက်ဘဝ၌ပင် အရဟတ္တဖိုလ်ကို ရနိုင်ခြင်း စွဲလမ်းမှု 'ဥပါဒါန်' အကြွင်းအကျန် ရှိခဲ့သော် အနာဂါမ်ဖြစ်နိုင်ခြင်းဟူသော အကျိုးနှစ်ပါးတို့တွင် အကျိုးတပါးပါးကို (မချွတ်ရလိမ့် မည်ဟု) မြော်လင့်အပ်၏။ ရဟန်းတို့ အရိုးစုဟု မှတ်သားမှု 'အဋ္ဌိကသညာ'ကို အဘယ်သို့ ပွါးများ အပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် မျက်မှောက်ဘဝ၌ပင် အရဟတ္တဖိုလ်ကို ရနိုင်ခြင်း စွဲလမ်းမှု'ဥပါဒါန်'အကြွင်းအကျန်ရှိခဲ့သော် အနာဂါမ်ဖြစ်နိုင်ခြင်းဟူသော အကျိုးနှစ်ပါး တို့တွင် အကျိုးတပါးပါးကို (မချွတ်ရလိမ့်မည်ဟု) မြော်လင့်အပ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကို မှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ညွတ်သော အရိုးစုဟု မှတ်သားမှု 'အဋ္ဌိကသညာ'နှင့် တကွဖြစ်သော သတိသမ္ဗောဇ္ဈင်ကို ပွါးများ၏။ပ။ ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု'ရာဂ' ကင်းခြင်းကို မှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ညွတ်သော အရိုးစုဟု မှတ်သားမှု 'အဋ္ဌိကသညာ'နှင့် တကွဖြစ်သော ဥပေက္ခာသမ္ဗောဇ္ဈင် ကို ပွါးများ၏။ ရဟန်းတို့ အရိုးစုဟု မှတ်သားမှု 'အဋ္ဌိကသညာ'ကို ဤသို့ ပွါးများအပ် ကြိမ်ဖန် များစွာ ပြုလုပ်အပ်သည်ရှိသော် မျက်မှောက်ဘဝ၌ပင် အရဟတ္တဖိုလ်ကို ရနိုင်ခြင်း စွဲလမ်းမှု 'ဥပါဒါန်' အကြွင်းအကျန်ရှိခဲ့သော် အနာဂါမ်ဖြစ်နိုင်ခြင်းဟူသော အကျိုးနှစ်ပါးတို့တွင် အကျိုး တပါးပါးကို (မချွတ်ရလိမ့်မည်ဟု) မြော်လင့်အပ်၏ဟု (မိန့်တော်မူ၏)။

## မဟတ္ထသုတ်

ရဟန်းတို့ အရိုးစုဟု မှတ်သားမှု'အဋ္ဌိကသညာ'ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ် သည်ရှိသော် အကျိုးကြီးခြင်းငှါ ဖြစ်၏။ ရဟန်းတို့ အရိုးစုဟု မှတ်သားမှု 'အဋ္ဌိကသညာ'ကို အဘယ်သို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် အကျိုးကြီးခြင်းငှါ ဖြစ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကိုမှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကို

http://www.dhammadownload.com



မှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ ညွတ်သော အရိုးစုဟု မှတ်သားမှု 'အဋ္ဌိကသညာ'နှင့် တကွဖြစ်သော သတိသမ္ဗောဇ္ဈင်ကို ပွါးများ၏။ပ။ ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကို မှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ ညွတ်သော အရိုးစုဟု မှတ်သားမှု 'အဋ္ဌိကသညာ'နှင့် တကွဖြစ်သော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများ၏။ရဟန်းတို့ အရိုးစုဟု မှတ်သားမှု 'အဋ္ဌိကသညာ'ကို ဤသို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် အကျိုးကြီးခြင်းငှါ ဖြစ်ပေ၏ဟု (မိန့်တော်မူ၏)။

## ယောဂက္ခေမသုတ်

ရဟန်းတို့ အရိုးစုဟု မှတ်သားမှု'အဋ္ဌိကသညာ'ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် များစွာသော ယောဂ တရားတို့၏ ကုန်ခြင်းငှါဖြစ်၏။ရဟန်းတို့ အရိုးစုဟု မှတ်သားမှု 'အဋ္ဌိကသညာ'ကို အဘယ်သို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် များစွာသော ယောဂ တရားတို့၏ ကုန်ခြင်းငှါ ဖြစ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကို မှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ ညွတ်သော အရိုးစုဟု မှတ်သားမှု 'အဋ္ဌိကသညာ'နှင့် တကွဖြစ်သော သတိသမ္ဗောဇ္ဈင်ကို ပွါးများ၏။ပ။ ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု'ရာဂ'ကင်းခြင်းကို မှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ ညွတ်သော အရိုးစုဟု မှတ်သားမှု 'အဋ္ဌိကသညာ'နှင့် တကွဖြစ်သော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများ၏။ ရဟန်းတို့ အရိုးစုဟု မှတ်သားမှု 'အဋ္ဌိကသညာ'ကို ဤသို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် များစွာသော ယောဂတရားတို့၏ ကုန်ခြင်းငှါ ဖြစ်ပေ၏ဟု (မိန့်တော်မူ၏)။

## သံဝေဂသုတ်

ရဟန်းတို့ အရိုးစုဟု မှတ်သားမှု'အဋ္ဌိကသညာ'ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည် ရှိသော် ကြီးစွာသော ထိတ်လန့်မှု'သံဝေဂ' ဖြစ်ခြင်းငှါဖြစ်၏။ရဟန်းတို့ အရိုးစုဟု မှတ်သားမှု 'အဋ္ဌိကသညာ'ကို အဘယ်သို့ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် ကြီးစွာသော ထိတ်လန့်မှု 'သံဝေဂ' ဖြစ်ခြင်းငှါ ဖြစ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကို မှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ ညွတ်သော အရိုးစုဟု မှတ်သားမှု 'အဋ္ဌိကသညာ'နှင့် တကွဖြစ်သော သတိသမ္ဗောဇ္ဈင်ကို ပွါးများ၏။ပ။ ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကို မှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ ညွတ်သော အရိုးစုဟု မှတ်သားမှု 'အဋ္ဌိကသညာ'နှင့် တကွဖြစ်သော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများ၏။ ရဟန်းတို့ အရိုးစုဟု မှတ်သားမှု 'အဋ္ဌိကသညာ'ကို ဤသို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် ကြီးစွာသော ထိတ်လန့်မှု 'သံဝေဂ' ဖြစ်ခြင်းငှါ ဖြစ်ပေ၏ဟု(မိန့်တော်မူ၏)။

## ဖာသုဝိဟာရသုတ်

ရဟန်းတို့ အရိုးစုဟု မှတ်သားမှု 'အဋ္ဌိကသညာ'ကို ပွါးများအပ် ကြိမ်ဖန် များစွာ ပြုလုပ်အပ်သည်ရှိသော် ကြီးစွာသော ချမ်းချမ်းသာသာ နေရခြင်းငှါဖြစ်၏။ ရဟန်းတို့ အရိုးစုဟု မှတ်သားမှု

http://www.dhammadownload.com



'အဋ္ဌိကသညာ'ကို အဘယ်သို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် ကြီးစွာသော ချမ်းချမ်းသာသာနေရခြင်းငှါ ဖြစ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကို မှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ ညွတ်သော အရိုးစုဟု မှတ်သားမှု 'အဋ္ဌိကသညာ' နှင့် တကွဖြစ်သော သတိသမ္ဗောဇ္ဈင်ကို ပွါးများ၏။ပ။ ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကို မှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ ညွတ်သော အရိုးစုဟု မှတ်သားမှု 'အဋ္ဌိကသညာ' နှင့် တကွဖြစ်သော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများ၏။ ရဟန်းတို့ အရိုးစုဟု မှတ်သားမှု 'အဋ္ဌိကသညာ'ကို ဤသို့ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် ကြီးစွာသော ချမ်းချမ်းသာသာ နေရခြင်းငှါ ဖြစ်ပေ၏ဟု(မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-ပုဠုဝကသညာသုတ်

၂၃၉။ ရဟန်းတို့ ပိုးလောက်တို့ဖြင့် ပြည့်နေသော သူသေကောင်ဟု မှတ်သားမှု 'ပုဠုဝကသညာ'ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော်။ပ။

ဒုတိယသုတ်။

---

## ၃-ဝိနီလကသုတ်

၂၄၀။ ရဟန်းတို့ ရုပ်ဆင်းပျက်လျက် ညိုမဲနေသော သူသေကောင်ဟု မှတ်သားမှု 'ဝိနီလကသညာ'ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော်။ပ။

တတိယသုတ်။

---

## ၄-ဝိစ္ဆိဒ္ဒကသုတ်

၂၄၁။ ရဟန်းတို့ အလယ်၌ နှစ်ပိုင်းပြတ်သော သူသေကောင်ဟု မှတ်သားမှု 'ဝိစ္ဆိဒ္ဒကသညာ' ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော်။ပ။

စတုတ္ထသုတ်။

---

## ၅-ဥဒ္ဓုမာတကသုတ်

၂၄၂။ ဖူးဖူးရောင်နေသော သူသေကောင်ဟု မှတ်သားမှု 'ဥဒ္ဓုမာတကသညာ'ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည် ရှိသော်။ပ။

ပဉ္စမသုတ်။

http://www.dhammadownload.com



### ၆-မေတ္တာသုတ်

၂၄၃။ ရဟန်းတို့ ချစ်ခြင်း 'မေတ္တာ'ကို ပွါးများအပ် ကြိမ်ဖန် များစွာ ပြုလုပ် အပ်သည် ရှိသော်။ပ။

ဆဋ္ဌသုတ်။

### ၇-ကရုဏာသုတ်

၂၄၄။ ရဟန်းတို့ သနားခြင်း 'ကရုဏာ'ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည် ရှိသော်။ပ။

သတ္တမသုတ်။

### ၈-မုဒိတာသုတ်

၂၄၅။ ရဟန်းတို့ ဝမ်းမြောက်ခြင်း 'မုဒိတာ'ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည် ရှိသော်။ပ။

အဋ္ဌမသုတ်။

### ၉-ဥပေက္ခာသုတ်

၂၄၆။ ရဟန်းတို့ အညီအမျှ ရှုမှု 'ဥပေက္ခာ' ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည် ရှိသော်။ပ။

နဝမသုတ်။

### ၁၀-အာနာပါနသုတ်

၂၄၇။ ရဟန်းတို့ ထွက်သက်ဝင်သက်ကို အောက်မေ့မှု 'အာနာပါနဿတိ'ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော်။ပ။

ဒသမသုတ်။

ခုနစ်ခုမြောက် အာနာပါနဝဂ် ပြီး၏။

### ၈-နိရောဓဝဂ် ၁-အသုဘသညာသုတ်

၂၄၈။ ရဟန်းတို့ မတင့်တယ်ဟူသော မှတ်သားမှု 'အသုဘသညာ'ကို။ပ။

ပဌမသုတ်။

http://www.dhammadownload.com



## ၂-မရဏသုတ်

၂၄၉။ ရဟန်းတို့ (မုချသေရလိမ့်မည်ဟု) သေရခြင်း၌ မှတ်သားမှု 'မရဏသညာ' ကို။ပ။

ဒုတိယသုတ်။

---

## ၃-အာဟာရေပဋိကူလသညာသုတ်

၂၅၀။ ရဟန်းတို့ စားမျိုအပ်သောအစာ၌ စက်ဆုပ်ဖွယ်ဟု မှတ်သားမှု 'အာဟာရေပဋိကူလသညာ' ကို။ပ။

တတိယသုတ်။

---

## ၄-အနဘိရတိသုတ်

၂၅၁။ ရဟန်းတို့ အလုံးစုံသောလောက၌ မမွေ့လျော်ဖွယ်ဟု မှတ်သားမှု 'သဗ္ဗလောကေ အနဘိရတိသညာ' ကို။ပ။

စတုတ္ထသုတ်။

---

## ၅-အနိစ္စသုတ်

၂၅၂။ ရဟန်းတို့ မမြဲဟု မှတ်သားမှု 'အနိစ္စသညာ' ကို။ပ။

ပဉ္စမသုတ်။

---

## ၆-ဒုက္ခသုတ်

၂၅၃။ ရဟန်းတို့ မမြဲသောတရားသည် ဆင်းရဲ၏ဟု မှတ်သားမှု 'အနိစ္စေဒုက္ခသညာ' ကို။ပ။

ဆဋ္ဌသုတ်။

---

## ၇-အနတ္တသုတ်

၂၅၄။ ရဟန်းတို့ ဆင်းရဲသောတရား၌ အစိုးမရ အလိုသို့မလိုက် 'အနတ္တ' ဟု မှတ်သားမှု 'ဒုက္ခေအနတ္တသညာ' ကို။ပ။

သတ္တမသုတ်။

http://www.dhammadownload.com



### ၈-ပဟာနသုတ်

၂၅၅။ ရဟန်းတို့ ပယ်စွန့်အပ်၏ဟု မှတ်သားမှု 'ပဟာနသညာ'ကို။ပ။

အဋ္ဌမသုတ်။

---

### ၉-ဝိရာဂသုတ်

၂၅၆။ ရဟန်းတို့ စွဲမက်ခြင်းကင်း၏ဟု မှတ်သားမှု 'ဝိရာဂသညာ'ကို။ပ။

နဝမသုတ်။

---

### ၁၀-နိရောဓသုတ်

၂၅၇။ ရဟန်းတို့ ချုပ်ငြိမ်းရာနိဗ္ဗာန်ဟု မှတ်သားမှု 'နိရောဓသညာ'ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် အကျိုးအာနိသင်ကြီး၏။ ရဟန်းတို့ ချုပ်ငြိမ်းရာ နိဗ္ဗာန်ဟု မှတ်သားမှု 'နိရောဓ သညာ'ကို အဘယ်သို့ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် အကျိုးအာနိသင်ကြီးသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ'ကင်းခြင်းကိုမှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ညွတ်သော ချုပ်ငြိမ်းရာ နိဗ္ဗာန်ဟု မှတ်သားမှု 'နိရောဓသညာ'နှင့် တကွဖြစ်သော သတိသမ္ဗောဇ္ဈင်ကို ပွါးများ၏။ပ။ ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကို မှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ ညွတ်သော ချုပ်ငြိမ်းရာ နိဗ္ဗာန်ဟု မှတ်သားမှု 'နိရောဓသညာ' နှင့် တကွဖြစ်သော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများ၏။ ရဟန်းတို့ ချုပ်ငြိမ်းရာ နိဗ္ဗာန်ဟု မှတ်သားမှု'နိရောဓသညာ'ကို ဤသို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် အကျိုးအာနိသင်ကြီး၏။

ရဟန်းတို့ ချုပ်ငြိမ်းရာနိဗ္ဗာန်ဟု မှတ်သားမှု 'နိရောဓသညာ'ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် မျက်မှောက်ဘဝ၌ပင် အရဟတ္တဖိုလ်ကို ရနိုင်ခြင်း စွဲလမ်းမှု 'ဥပါဒါန်' အကြွင်းအကျန်ရှိခဲ့သော် အနာဂါမ်ဖြစ်နိုင်ခြင်းဟူသော အကျိုးနှစ်ပါးတို့တွင် အကျိုးတပါးပါးကို (မချွတ်ရလိမ့်မည်ဟု) မြော်လင့်အပ်၏။ ရဟန်းတို့ ချုပ်ငြိမ်းရာနိဗ္ဗာန်ဟု မှတ်သားမှု 'နိရောဓသညာ'ကို အဘယ်သို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် မျက်မှောက်ဘဝ၌ပင် အရဟတ္တဖိုလ်ကို ရနိုင်ခြင်း စွဲလမ်းမှု 'ဥပါဒါန်' အကြွင်းအကျန်ရှိခဲ့သော် အနာဂါမ်ဖြစ်နိုင်ခြင်းဟူသော အကျိုးနှစ်ပါးတို့တွင် အကျိုးတပါးပါးကို (မချွတ်ရလိမ့်မည်ဟု) မြော်လင့်အပ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ'ကင်းခြင်းကို မှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ညွတ်သော ချုပ်ငြိမ်းရာနိဗ္ဗာန်ဟု မှတ်သားမှု 'နိရောဓသညာ'နှင့် တကွဖြစ်သော သတိသမ္ဗောဇ္ဈင်ကို ပွါးများ၏။ပ။ ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကို မှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ ညွတ်သော ချုပ်ငြိမ်းရာ နိဗ္ဗာန်ဟု မှတ်သားမှု 'နိရောဓသညာ' နှင့် တကွဖြစ်သော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများ၏။ ရဟန်းတို့

http://www.dhammadownload.com



ချုပ်ငြိမ်းရာ နိဗ္ဗာန်ဟု မှတ်သားမှု 'နိရောဓသညာ'ကို ဤသို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် မျက်မှောက်ဘဝ၌ပင် အရဟတ္တဖိုလ်ကို ရနိုင်ခြင်း စွဲလမ်းမှု 'ဥပါဒါန်' အကြွင်း အကျန်ရှိခဲ့သော် အနာဂါမ်ဖြစ်နိုင်ခြင်း ဟူသော အကျိုးနှစ်ပါးတို့တွင် တပါးပါးကို (မချွတ်ရလိမ့်မည်ဟု) မျှော်လင့်အပ်၏။

ရဟန်းတို့ ချုပ်ငြိမ်းရာနိဗ္ဗာန်ဟု မှတ်သားမှု 'နိရောဓသညာ'ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် အကျိုးကြီးခြင်းငှါဖြစ်၏၊ များစွာသော ယောဂတရားတို့၏ ကုန်ခြင်းငှါ ဖြစ်၏၊ ကြီးစွာသော ထိတ်လန့်မှု 'သံဝေဂ' ဖြစ်ခြင်းငှါဖြစ်၏၊ ကြီးစွာသော ချမ်းချမ်းသာသာ နေရခြင်းငှါ ဖြစ်၏။ ရဟန်းတို့ ချုပ်ငြိမ်းရာ နိဗ္ဗာန်ဟု မှတ်သားမှု 'နိရောဓသညာ'ကို အဘယ်သို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်သည်ရှိသော် အကျိုးကြီးခြင်းငှါ များစွာသော ယောဂတရားတို့၏ ကုန်ခြင်းငှါ ကြီးစွာသောထိတ်လန့်မှု 'သံဝေဂ' ဖြစ်ခြင်းငှါ ကြီးစွာသော ချမ်းချမ်းသာသာ နေရခြင်းငှါ ဖြစ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ'ကင်းခြင်းကို မှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ညွတ်သော ချုပ်ငြိမ်းရာနိဗ္ဗာန်ဟု မှတ်သားမှု 'နိရောဓသညာ'နှင့်တကွဖြစ်သော သတိသမ္ဗောဇ္ဈင်ကို ပွါးများ၏။ပ။ ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ'ကင်းခြင်းကိုမှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ညွတ်သော ချုပ်ငြိမ်းရာ နိဗ္ဗာန်ဟု မှတ်သားမှု 'နိရောဓသညာ'နှင့်တကွဖြစ်သော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများ၏။ ရဟန်းတို့ ချုပ်ငြိမ်းရာနိဗ္ဗာန်ဟု မှတ်သားမှု'နိရောဓသညာ'ကို ဤသို့ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် အကျိုးကြီးခြင်းငှါ ဖြစ်၏၊ များစွာသော ယောဂတရားတို့၏ ကုန်ခြင်းငှါဖြစ်၏၊ ကြီးစွာသော ထိတ်လန့်မှု 'သံဝေဂ' ဖြစ်ခြင်းငှါ ဖြစ်၏၊ ကြီးစွာသော ချမ်းချမ်းသာသာ နေရခြင်းငှါ ဖြစ်၏ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

ရှစ်ခုမြောက် နိရောဓဝဂ် ပြီး၏။

---

## ၉-ဂင်္ဂါပေယျာလဝဂ်

## ၁-၁၂-ဂင်္ဂါနဒီစသော ၁၂-သုတ်

၂၅၈-၂၆၉။ ရဟန်းတို့ ဥပမာသော်ကား ဂင်္ဂါမြစ်သည် အရှေ့အရပ်သို့ ညွတ် ကိုင်း ရှိုင်းသကဲ့သို့ ထို့အတူပင် ရဟန်းသည် ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်း၏။ ရဟန်းတို့ ရဟန်းသည် အဘယ်သို့လျှင် ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်းသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကို မှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ ညွတ်သော သတိသမ္ဗောဇ္ဈင်ကို ပွါးများ၏။ပ။ ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကို မှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ ညွတ်သော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်း၏ ဟု (မိန့်တော်မူ၏)။ [ဧသနာသုတ်တိုင်အောင် ပါဠိကို ချဲ့အပ်၏]။

ကိုးခုမြောက် ဂင်္ဂါပေယျာလဝဂ် ပြီး၏။

http://www.dhammadownload.com



## ၁၀-အပ္ပမာဒဝဂ်

### ၁-၁၀-တထာဂတာဒိသုတ်

၂၇၀-၂၇၉။ ရဟန်းတို့ အခြေမရှိကုန်သောသတ္တဝါ အခြေနှစ်ချောင်းရှိကုန်သောသတ္တဝါ အခြေလေးချောင်းရှိကုန်သောသတ္တဝါ အခြေများစွာရှိကုန်သောသတ္တဝါဟူသမျှတို့သည် ရှိကုန်၏၊ ဤသို့ စသည်အားဖြင့် ချဲ့အပ်၏။

ဆယ်ခုမြောက် အပ္ပမာဒဝဂ် ပြီး၏။

[ဗောဇ္ဈင်္ဂသံယုတ်၏ အပ္ပမာဒဝဂ်ကို ဗောဇ္ဈင်တို့၏ အစွမ်းအားဖြင့် ချဲ့အပ်၏]။

---

## ၁၁-ဗလကရဏီယဝဂ်

### ၁-၁၂-ဗလာဒိသုတ်

၂၈၀-၂၉၁။ ရဟန်းတို့ လက်ရုံးအားကိုး ပြုလုပ်အပ်ကုန်သော အလုပ်ဟူသမျှတို့ကို မြေကြီးကို မှီ၍ မြေကြီး၌ တည်၍ လုပ်အပ်ကုန်သကဲ့သို့ ဤသို့စသည်အားဖြင့် ချဲ့အပ်၏။

တဆယ့်တခုမြောက် ဗလကရဏီယဝဂ် ပြီး၏။

[ဗောဇ္ဈင်္ဂသံယုတ်၏ ဗလကရဏီယဝဂ်ကို ဗောဇ္ဈင်တို့၏ အစွမ်းအားဖြင့် ချဲ့အပ်၏]။

---

## ၁၂-ဧသနာဝဂ်

### ၁-၁၀-ဧသနာဒိသုတ်

၂၉၂-၃၀၁။ ရဟန်းတို့ ရှာမှီးခြင်းတရားတို့ကား ဤသုံးပါးတို့တည်း။ အဘယ်သုံးပါးတို့နည်း ကာမကို ရှာမှီးခြင်း ဘဝကို ရှာမှီးခြင်း အကျင့်မြတ်ကို ရှာမှီးခြင်း၊ ဤသို့ စသည်အားဖြင့် ချဲ့အပ်၏။

တဆယ့်နှစ်ခုမြောက် ဧသနာဝဂ် ပြီး၏။

[ဗောဇ္ဈင်္ဂသံယုတ်၏ ဝိဝေကနိဿိတပုဒ်နှင့် ယှဉ်သော ဧသနာပေယျာလကို ချဲ့အပ်၏]။

---

## ၁၃-ဩဃဝဂ်

### ၁-၉-ဩဃာဒိသုတ်

၃၀၂-၃၁၀။ ရဟန်းတို့ ဩဃတရားတို့ကား ဤလေးပါးတို့တည်း။ အဘယ်လေးပါးတို့နည်း၊ ကာမောဃ ဘဝေါဃ ဒိဋ္ဌောဃ အဝိဇ္ဇောဃ ဤသို့ စသည်အားဖြင့် ချဲ့အပ်၏။

http://www.dhammadownload.com



### ၁၀-ဥဒ္ဓမ္ဘာဂိယသုတ်

၃၁၁။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ အထက်ပိုင်းသံယောဇဉ်တို့ကား ဤငါးပါးတို့တည်း။ အဘယ်ငါးပါးတို့နည်း၊ ရူပဘုံ၌ တပ်မက်မှု 'ရူပရာဂ' အရူပဘုံ၌ တပ်မက်မှု 'အရူပရာဂ' ထောင်လွှားမှု 'မာန' စိတ်ပျံ့လွင့်မှု 'ဥဒ္ဓစ္စ' မသိမှု 'အဝိဇ္ဇာ' တို့တည်း။ ရဟန်းတို့ အထက်ပိုင်းသံယောဇဉ်တို့ကား ဤငါးပါးတို့ပင်တည်း။ ရဟန်းတို့ ဤ အထက်ပိုင်း သံယောဇဉ်ငါးပါးတို့ကို ထူးသောဉာဏ်ဖြင့် သိခြင်းငှါ ပိုင်းခြား၍ သိခြင်းငှါ ကုန်စေခြင်းငှါ ပယ်ခြင်းငှါ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများအပ်ကုန်၏။ အဘယ်ခုနစ်ပါးတို့နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကို မှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ ညွတ်သော သတိသမ္ဗောဇ္ဈင်ကို ပွါးများ၏။ပ။ စွဲမက်မှု 'ရာဂ' ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော အမျက်ထွက်မှု 'ဒေါသ' ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော တွေဝေမှု 'မောဟ' ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော အမြိုက်နိဗ္ဗာန်သို့ သက်ဝင်သော အမြိုက်နိဗ္ဗာန်လျှင် လည်းလျောင်းရာရှိသော အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိသော နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်းသော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများ၏။ ရဟန်းတို့ ဤအထက်ပိုင်း သံယောဇဉ်ငါးပါးတို့ကို ထူးသော ဉာဏ်ဖြင့် သိခြင်းငှါ ပိုင်းခြား၍ သိခြင်းငှါ ကုန်စေခြင်းငှါ ပယ်ခြင်းငှါ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများအပ်ကုန်၏ဟု (မိန့်တော်မူ၏)။

တဆယ့်သုံးခုမြောက် ဩဃပေယျာလဝဂ် ပြီး၏။

---

### ၁၄-ပုနဂင်္ဂါပေယျာလဝဂ်

### ၃၁၂-၃၂၃-ပုနဂင်္ဂါနဒီအာဒိသုတ်

တဆယ့်လေးခုမြောက် ပုနဂင်္ဂါပေယျာလဝဂ် ပြီး၏။

[ဗောဇ္ဈင်္ဂသံယုတ်၏ ဂင်္ဂါပေယျာလကို ရာဂ၏ အစွမ်းအားဖြင့် ချဲ့အပ်၏]။

---

### ၁၅-ပုနအပ္ပမာဒဝဂ်

### ၃၂၄-၃၃၃-တထာဂတာဒိသုတ်

တဆယ့်ငါးခုမြောက် ပုနအပ္ပမာဒဝဂ် ပြီး၏။

[အပ္ပမာဒဝဂ်ကို ရာဂ၏အစွမ်းအားဖြင့် ချဲ့အပ်၏]။

---

### ၁၆-ပုနဗလကရဏီယဝဂ်

### ၃၃၄-၃၄၅-ပုနဗလာဒိသုတ်

တဆယ့်ခြောက်ခုမြောက် ပုနဗလကရဏီယဝဂ် ပြီး၏။

[ဗောဇ္ဈင်္ဂသံယုတ်၏ ဗလကရဏီယဝဂ်ကို ရာဂ၏ အစွမ်းအားဖြင့် ချဲ့အပ်၏]။

http://www.dhammadownload.com



## ၁၇-ပုနသေနာဝဂ်

### ၃၄၆-၃၅၆-ပုနသေနာဒိသုတ်

တဆယ့်ခုနစ်ခုမြောက် ပုနသေနာဝဂ် ပြီး၏။

---

## ၁၈-ပုနသြဃဝဂ်

### ၃၅၇-၃၆၆-ပုနသြဃာဒိသုတ်

ဗောဇ္ဈင်္ဂသံယုတ်၏ တဆယ့်ရှစ်ခုမြောက် ပုနသြဃဝဂ် ပြီး၏။

[ တပ်မက်မှု 'ရာဂ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော အမျက်ထွက်မှု 'ဒေါသ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော တွေဝေမှု 'မောဟ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော ဝဂ်ကို ချဲ့အပ်၏]။ [မဂ္ဂသံယုတ်ကို ချဲ့သကဲ့သို့ ဗောဇ္ဈင်္ဂသံယုတ်ကို ချဲ့အပ်၏]။

နှစ်ခုမြောက် ဗောဇ္ဈင်္ဂသံယုတ် ပြီး၏။

http://www.dhammadownload.com

# ၃–သတိပဋ္ဌာနသံယုတ်

## ၁-အမ္ဗပါလိဝဂ် ၁-အမ္ဗပါလိသုတ်

၃၆၇။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် ဝေသာလီပြည် အမ္ဗပါလိ(ပြည့်တန်ဆာမ)၏ သရက်ဥယျာဉ်၌ ( သီတင်းသုံး )နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့"ဟု ခေါ်တော်မူ၏၊ ထိုရဟန်းတို့သည် "အသျှင်ဘုရား"ဟု မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကုန်၏၊ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

ရဟန်းတို့ ဤခရီးလမ်းသည် သတ္တဝါတို့၏ စိတ်စင်ကြယ်ရန် စိုးရိမ်ပူပန်ခြင်း ငိုကြွေးခြင်းတို့ကို လွန်မြောက်ရန် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတို့ ချုပ်ငြိမ်းရန် အရိယမဂ်ကိုရရန် နိဗ္ဗာန်ကိုမျက်မှောက်ပြုရန် တကြောင်းတည်းသော ခရီးလမ်းဖြစ်ပေ၏၊ ယင်းသည့်ခရီးလမ်းကား ဤသတိပဋ္ဌာန် လေးပါးတို့တည်း။ အဘယ်လေးပါးတို့နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'အောက်မေ့မှု 'သတိ' ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍ နေ၏။ ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် ဝေဒနာတို့၌ ဝေဒနာတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍နေ၏။ ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'အောက်မေ့မှု 'သတိ' ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် စိတ်၌ စိတ်ကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍နေ၏။ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ်'သမ္ပဇဉ်'အောက်မေ့မှု 'သတိ' ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရဟန်းတို့ ဤခရီးလမ်းသည် သတ္တဝါတို့၏ စိတ်စင်ကြယ်ရန် စိုးရိမ်ပူပန်ခြင်း ငိုကြွေးခြင်းတို့ကို လွန်မြောက်ရန် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတို့ ချုပ်ငြိမ်းရန် အရိယမဂ်ကိုရရန် နိဗ္ဗာန်ကိုမျက်မှောက်ပြုရန် တကြောင်းတည်းသော ခရီးလမ်းဖြစ်ပေ၏၊ ယင်းသည့်ခရီးလမ်းကား ဤသတိပဋ္ဌာန်လေးပါးတို့ပင်တည်း။

မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏၊ ထိုရဟန်းတို့သည် မြတ်စွာဘုရားဟော တော်မူသော တရားတော်ကို လွန်စွာ နှစ်သက် ဝမ်းမြောက်ကြလေကုန်၏ဟု(မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-သတိသုတ်

၃၆၈။ အခါတပါး၌ မြတ်စွာဘုရားသည် ဝေသာလီပြည် အမ္ဗပါလိ(ပြည့်တန်ဆာမ)၏ သရက်ဥယျာဉ်၌ ( သီတင်းသုံး )နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို

http://www.dhammadownload.com



“ရဟန်းတို့”ဟု ခေါ်တော်မူ၏၊ ထိုရဟန်းတို့သည် “အသျှင်ဘုရား”ဟု မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကုန်၏။ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

ရဟန်းတို့ ရဟန်းသည် အောက်မေ့မှု‘သတိ’ဆင်ခြင်ဉာဏ်‘သမ္ပဇဉ်’ရှိသည်ဖြစ်၍ နေရာ၏၊ ဤသည်ကား သင်တို့အား ငါတို့၏ အဆုံးအမပင်တည်း။ ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် သတိရှိသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ်‘သမ္ပဇဉ်’ အောက်မေ့မှု ‘သတိ’ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍ နေ၏။ဝေဒနာတို့၌။ပ။စိတ်၌။ပ။ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ်‘သမ္ပဇဉ်’ အောက်မေ့မှု‘သတိ’ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍နေ၏။ ရဟန်းတို့ ဤသို့နေလျှင် ရဟန်းသည် သတိရှိပေ၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည်ဆင်ခြင်ဉာဏ်‘သမ္ပဇဉ်’ရှိသနည်း၊ရဟန်းတို့ဤသာသနာတော်၌ ရဟန်းသည် ရှေ့သို့တိုးရာ နောက်သို့ဆုတ်ရာ၌ သိလျက်ပြုလေ့ရှိ၏၊ တူရူကြည့်ရာ တစောင်းကြည့်ရာ၌ သိလျက်ပြုလေ့ရှိ၏၊ ကွေးရာ ဆန့်ရာ၌ သိလျက်ပြုလေ့ရှိ၏၊ ဒုကုဋ် သပိတ် သင်္ကန်းကိုဆောင်ရာ၌ သိလျက်ပြုလေ့ရှိ၏၊ စားရာ သောက်ရာ ခဲရာ လျက်ရာ၌ သိလျက်ပြုလေ့ရှိ၏၊ ကျင်ကြီး ကျင်ငယ်စွန့်ရာ၌ သိလျက်ပြုလေ့ရှိ၏၊ သွားရာ ရပ်ရာ ထိုင်ရာ အိပ်ရာ နိုးရာ ပြောရာ ဆိတ်ဆိတ်နေရာ၌ သိလျက်ပြုလေ့ရှိ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ဆင်ခြင်ဉာဏ် ‘သမ္ပဇဉ်’ရှိ၏။ရဟန်းတို့ ရဟန်းသည် သတိသမ္ပဇဉ်ရှိသည်ဖြစ်၍ နေရာ၏၊ဤသည်ကား သင်တို့အား ငါတို့၏ အဆုံးအမပင်တည်းဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-ဘိက္ခုသုတ်

၃၆၉။ အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဋ္ဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ ရဟန်းတပါးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏— “အသျှင်ဘုရား တောင်းပန်ပါ၏၊ အကျွန်ုပ်အား မြတ်စွာဘုရားသည် အကျဉ်းအားဖြင့် တရားဟောတော်မူပါ၊ အကျွန်ုပ်သည် မြတ်စွာဘုရား၏ ယင်းတရားတော်ကို ကြားနာရသည်ရှိသော် တယောက်တည်း ဆိတ်ငြိမ်ရာသို့ကပ်လျက် မမေ့မလျော့ ပြင်းစွာ အား ထုတ်သည်ဖြစ်၍ နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိသည်ဖြစ်၍ နေလိုပါ၏”ဟု (လျှောက်၏)။ ဤလောက၌ အချို့သော(မဂ်ဖိုလ်မှ)အချည်းနှီးသော ယောကျ်ားတို့သည် ဤကဲ့သို့ပင် ငါဘုရား ကို တိုက်တွန်းကြကုန်၏၊ တရားတော်ကို ဟောသည်ရှိသော် ငါဘုရား (နောက်) သို့သာ အစဉ် လိုက်သင့်၏ဟု မှတ်ထင်ကြကုန်၏ဟု(မိန့်တော်မူ၏)။အသျှင်ဘုရား အကျွန်ုပ်အား မြတ်စွာဘုရား သည် အကျဉ်းအားဖြင့် တရားဟောတော်မူပါ၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် အကျဉ်းအားဖြင့် တရားတော်ကို ဟောတော်မူပါ၊ အကျွန်ုပ်သည် မြတ်စွာ ဘုရား ဟောကြားတော်မူသော တရားတော်၏ အနက်ကို သိနိုင် ကောင်းတန်ရာပါ၏၊ တပည့်

http://www.dhammadownload.com



တော်သည် မြတ်စွာဘုရား ဟောကြားအပ်သော တရားတော်၏ အမွေခံဖြစ်နိုင်ကောင်းတန်ရာပါ၏ဟု (လျှောက်ပြန်၏)။ ရဟန်း သို့ဖြစ်လျှင် သင်သည် ကုသိုလ်တရားတို့၌ အစကိုပင် သုတ်သင်လော့၊ ကုသိုလ်တရားတို့၏ အစကား အဘယ်နည်း၊ ကောင်းစွာစင်ကြယ်သော သီလနှင့် ဖြောင့်မတ်သော အယူပင်တည်း။ ရဟန်း အကြင်အခါ သင့်အား သီလသည်လည်း စင်ကြယ်ပေလိမ့်မည်၊ အယူသည်လည်း ဖြောင့်မတ်ပေလိမ့်မည်၊ ရဟန်း ထိုအခါ သင်သည် သီလကိုမှီ၍ သီလ၌တည်၍ သတိပဋ္ဌာန်လေးပါးတို့ကို သုံးပါးသော အဘို့အစုအားဖြင့် ပွါးများလေလော့။

အဘယ်လေးပါးတို့နည်း၊ ရဟန်း ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ' ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် အတွင်းသန္တာန်၌ဖြစ်သော ရုပ်အပေါင်း၌မှုလည်း ရုပ်အပေါင်းကိုအကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍နေလော့။ ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ' ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် အပသန္တာန်၌ဖြစ်သော ရုပ်အပေါင်း၌မှုလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေလော့။ ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ' ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် အတွင်းသန္တာန် အပသန္တာန်၌ ဖြစ်သော ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေလော့။ ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ' ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် အတွင်းသန္တာန်၌ဖြစ်သော ဝေဒနာတို့၌၎င်း အပသန္တာန်၌ဖြစ်သော ဝေဒနာတို့၌၎င်း အတွင်းသန္တာန် အပသန္တာန်၌ဖြစ်သော ဝေဒနာတို့၌၎င်း ဝေဒနာတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေလော့။ ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ' ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် အတွင်းသန္တာန်၌ ဖြစ်သော စိတ်၌၎င်း အပသန္တာန်၌ဖြစ်သော စိတ်၌၎င်း အတွင်းသန္တာန် အပသန္တာန်၌ဖြစ်သော စိတ်၌၎င်း စိတ်ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေလော့။ ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ' ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် အတွင်းသန္တာန်၌ဖြစ်သော သဘောတရားတို့၌၎င်း အပသန္တာန်၌ဖြစ်သော သဘောတရားတို့၌၎င်း အတွင်းသန္တာန် အပသန္တာန်၌ ဖြစ်သော သဘောတရားတို့၌၎င်း သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေလော့။ ရဟန်း အကြင်အခါ သင်သည် သီလကိုမှီ၍ သီလ၌တည်၍ ဤသတိပဋ္ဌာန်လေးပါးတို့ကို ဤသုံးပါးသော အဘို့အစုအားဖြင့် ပွါးနိုင်လိမ့်မည်၊ ထိုအခါ ရောက်လာမည့် ညဉ့်နေ့တို့ဝယ် သင့်အား ကုသိုလ်တရားတို့၌ တိုးပွါးခြင်းကို (မချွတ်ဖြစ်လိမ့်မည်ဟု) မြော်လင့်အပ်၏၊ ဆုတ်ယုတ်ခြင်းကို မမြော်လင့်အပ်။

ထိုအခါ ထိုရဟန်းသည် မြတ်စွာဘုရားဟောတော်မူသော တရားတော်ကို အလွန်နှစ်သက် ဝမ်းမြောက်၍ နေရာမှထကာ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် အရိုအသေပြု၍ ဖဲသွားလေ၏။ ထို့နောက် ထိုရဟန်းသည် တယောက်တည်း ဆိတ်ငြိမ်ရာသို့ကပ်လျက် မမေ့မလျော့ပြင်းစွာ အားထုတ်သည်ဖြစ်၍ နိဗ္ဗာန်သို့စေလွှတ်သော စိတ်ရှိသည်ဖြစ်လျက် နေလတ်သော် ကောင်းစွာ သာလျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက် ရဟန်းပြုသော အမျိုးသားများ လိုလားအပ်သော အတုမရှိသော အကျင့်မြတ်၏ အဆုံးဖြစ်သော အရဟတ္တဖိုလ်အကျိုးကို မကြာမီ ယခု

http://www.dhammadownload.com



ဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက်ရောက်၍နေရ၏၊ “ပဋိသန္ဓေနေမှုကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ မဂ်ကိစ္စကို ပြုပြီးပြီ၊ ဤ (မဂ်ကိစ္စ) အလို့ငှါ တပါးသော ပြုဖွယ် မရှိတော့ပြီ”ဟု သိ၏၊ ထိုရဟန်းသည် ရဟန္တာတို့တွင် တပါးအပါအဝင် ဖြစ်လေ၏။

တတိယသုတ်။

---

## ၄-သာလသုတ်

၃၇၀။ အခါတပါး၌ မြတ်စွာဘုရားသည် ကောသလတိုင်း သာလမည်သော ပုဏ္ဏားရွာ၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို ခေါ်တော်မူ၏။ပ။ ဤစကားကို မိန့်တော်မူ၏—

ရဟန်းတို့ သင်တို့သည် ရဟန်းပြု၍ မကြာမြင့်သေးမူ၍ ဤသာသနာတော်သို့ ယခုပင် (မကြာသေးမီက)ရောက်လာကြကုန်သော ရဟန်းသစ်တို့အား သတိပဋ္ဌာန်လေးပါးတို့ကို ပွါးများ ရန် ဆောက်တည်စေအပ်ကုန်၏၊ သွင်းထားအပ်ကုန်၏၊ တည်စေအပ်ကုန်၏။ အဘယ်လေးပါးတို့ နည်း။ငါ့သျှင်တို့ လာကြကုန်လော့၊ သင်တို့သည်ပြင်းစွာအားထုတ်သော လုံ့လရှိကုန် ဆင်ခြင်ဉာဏ် ‘သမ္ပဇဉ်’ရှိကုန်လျက် တခုတည်းသော အာရုံ၌တည်ကာ အထူးသဖြင့် ကြည်လင်သောစိတ် ကောင်း စွာထားသောစိတ် တည်ကြည်သောစိတ် ရှိကုန်သည်ဖြစ်၍ ရုပ်အပေါင်းကို ဟုတ်တိုင်းမှန်စွာ သိခြင်းငှါ ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေကြကုန်လော့။ပြင်းစွာ အားထုတ်သော လုံ့လရှိကုန် ဆင်ခြင်ဉာဏ်‘သမ္ပဇဉ်’ရှိကုန်လျက် တခုတည်းသော အာရုံ၌တည်ကာ အထူးသဖြင့် ကြည်လင်သောစိတ်ကောင်းစွာထားအပ်သောစိတ် တည်ကြည်သောစိတ်ရှိကုန်သည် ဖြစ်၍ ဝေဒနာတို့ကို ဟုတ်တိုင်းမှန်စွာသိခြင်းငှါ ဝေဒနာတို့၌ ဝေဒနာတို့ကို အကြိမ်ကြိမ်ရှုလေ့ ရှိသည်ဖြစ်၍ နေကြကုန်လော့။ ပြင်းစွာအားထုတ်သော လုံ့လရှိကုန် ဆင်ခြင်ဉာဏ်‘သမ္ပဇဉ်’ရှိကုန် လျက် တခုတည်းသော အာရုံ၌တည်ကာ အထူးသဖြင့် ကြည်လင်သောစိတ် ကောင်းစွာ ထားအပ် သောစိတ် တည်ကြည်သောစိတ် ရှိကုန်သည်ဖြစ်၍ စိတ်ကို ဟုတ်တိုင်းမှန်စွာ သိခြင်းငှါ စိတ်၌ စိတ် ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေကြကုန်လော့။ပြင်းစွာအားထုတ်သော လုံ့လရှိကုန် ဆင်ခြင် ဉာဏ် ‘သမ္ပဇဉ်’ ရှိကုန်လျက် တခုတည်းသော အာရုံ၌တည်ကာ အထူးသဖြင့် ကြည်လင်သောစိတ် ကောင်းစွာ ထားအပ်သောစိတ် တည်ကြည်သောစိတ် ရှိကုန်သည်ဖြစ်၍ သဘောတရားတို့ကို ဟုတ်တိုင်းမှန်စွာ သိခြင်းငှါ သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ ရှိသည်ဖြစ်၍ နေကြကုန်လော့ (ဟု ဆောက်တည်စေအပ်ကုန်၏၊ သွင်းထားအပ်ကုန်၏၊ တည်စေ အပ်ကုန်၏)။ရဟန်းတို့ ကျင့်ဆဲ ‘သေက္ခ’ ပုဂ္ဂိုလ် ဖြစ်ကုန်၍ အရဟတ္တဖိုလ်သို့ မရောက်ကုန်သေးမူ၍ ယောဂတို့၏ကုန်ရာ အတုမရှိ မြတ်သော နိဗ္ဗာန်ကို တောင့်တလျက် နေကြသူ ရဟန်းတို့ သည်လည်း ပြင်းစွာအားထုတ်သော လုံ့လရှိကုန် ဆင်ခြင်ဉာဏ် ‘သမ္ပဇဉ်’ ရှိကုန်လျက် တခုတည်းသော အာရုံ၌တည်ကာ အထူးသဖြင့် ကြည်လင်သောစိတ် ကောင်းစွာ ထားအပ် သောစိတ် တည်ကြည်သောစိတ် ရှိကုန်သည်ဖြစ်၍ ရုပ်အပေါင်းကို ပိုင်းခြား၍ သိခြင်းငှါ ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေကုန်၏။ ပြင်းစွာ အားထုတ်သော လုံ့လရှိကုန် ဆင်ခြင်ဉာဏ်‘သမ္ပဇဉ်’ရှိကုန်လျက် တခုတည်းသော အာရုံ၌ တည်ကာ အထူးသဖြင့် ကြည်လင်သောစိတ် ကောင်းစွာထားအပ်သောစိတ် တည်ကြည်သောစိတ်

http://www.dhammadownload.com



ရှိကုန်သည်ဖြစ်၍ ဝေဒနာတို့ကို ပိုင်းခြား၍သိခြင်းငှါ ဝေဒနာတို့၌ ဝေဒနာတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေကုန်၏။ ပြင်းစွာအားထုတ်သော လုံ့လရှိကုန် ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' ရှိကုန်လျက် တခုတည်းသောအာရုံ၌တည်ကာ အထူးသဖြင့် ကြည်လင်သောစိတ် ကောင်းစွာထားအပ်သော စိတ် တည်ကြည်သောစိတ်ရှိကုန်သည်ဖြစ်၍ စိတ်ကို ပိုင်းခြား၍သိခြင်းငှါ စိတ်၌ စိတ်ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေကုန်၏။ ပြင်းစွာအားထုတ်သော လုံ့လရှိကုန် ဆင်ခြင်ဉာဏ်'သမ္ပဇဉ်'ရှိကုန်လျက် တခုတည်းသောအာရုံ၌တည်ကာ အထူးသဖြင့် ကြည်လင်သောစိတ် ကောင်းစွာထားအပ်သောစိတ် တည်ကြည်သောစိတ်ရှိကုန်သည်ဖြစ်၍ သဘောတရားတို့ကို ပိုင်းခြား၍သိခြင်းငှါ သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေကြကုန်၏။

ရဟန်းတို့ အာသဝတရားကုန်ပြီးသူ ကျင့်သုံးပြီးသော မဂ်အကျင့်ရှိသူ ပြုဖွယ်မဂ်ကိစ္စကို ပြုပြီးသူ ခန္ဓာဝန်ကို ချထားပြီးသူ မိမိ၏ အကျိုးသို့ ရောက်ပြီးဖြစ်သူ ဘဝကို တပ်မက်တတ်သည့် နှောင်ကြိုး 'ဘဝသံယောဇဉ်' ကုန်ပြီးသူ ကောင်းစွာသိ၍ (ကိလေသာမှ) လွတ်မြောက်ပြီးသူ ထို ရဟန္တာဖြစ်သော ရဟန်းတို့သည်လည်း ပြင်းစွာအားထုတ်သော လုံ့လရှိကုန် ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'ရှိကုန်လျက် တခုတည်းသော အာရုံ၌တည်ကာ အထူးသဖြင့် ကြည်လင်သောစိတ် ကောင်းစွာ ထားအပ်သောစိတ် တည်ကြည်သောစိတ် ရှိကုန်သည်ဖြစ်၍ ရုပ်အပေါင်းနှင့် မစပ်ယှဉ်မူ၍ ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေကြကုန်၏။ ပြင်းစွာအားထုတ်သော လုံ့လရှိကုန် ဆင်ခြင်ဉာဏ်'သမ္ပဇဉ်'ရှိကုန်လျက် တခုတည်းသောအာရုံ၌ တည်ကာ အထူးသဖြင့် ကြည်လင်သောစိတ် ကောင်းစွာထားအပ်သောစိတ် တည်ကြည်သောစိတ်ရှိကုန်သည်ဖြစ်၍ဝေဒနာနှင့် မစပ်ယှဉ်မူ၍ ဝေဒနာတို့၌ ဝေဒနာတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေကြကုန်၏။ ပြင်းစွာအားထုတ်သောလုံ့လရှိကုန် ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'ရှိကုန်လျက် တခုတည်းသော အာရုံ၌ တည်ကာ အထူးသဖြင့် ကြည်လင်သောစိတ် ကောင်းစွာ ထားအပ်သောစိတ် တည်ကြည်သောစိတ်ရှိကုန်သည်ဖြစ်၍ စိတ်နှင့် မစပ်ယှဉ်မူ၍ စိတ်၌ စိတ်ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေကြကုန်၏။ ပြင်းစွာ အားထုတ်သောလုံ့လရှိကုန် ဆင်ခြင်ဉာဏ်'သမ္ပဇဉ်'ရှိကုန်လျက် တခုတည်းသော အာရုံ၌တည်ကာ အထူးသဖြင့် ကြည်လင်သောစိတ် ကောင်းစွာထားအပ်သောစိတ် တည်ကြည်သောစိတ်ရှိကုန်သည်ဖြစ်၍ သဘောတရားတို့နှင့် မစပ်ယှဉ်မူ၍ သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေကြကုန်၏။

ရဟန်းတို့ သင်တို့သည် ရဟန်းပြု၍ မကြာမြင့်သေးမူ၍ ဤသာသနာတော်သို့ ယခုပင် (မကြာသေးမီက) ရောက်လာကြကုန်သော ရဟန်းသစ်တို့ကိုလည်း ဤသတိပဋ္ဌာန်လေးပါးတို့ကို ပွါးများရန် ဆောက်တည်စေအပ်ကုန်၏၊ သွင်းထားအပ်ကုန်၏၊ တည်စေအပ်ကုန်၏ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-အကုသလရာသိသုတ်

၃၇၁။ သာဝတ္ထိနိဒါန်း။ ထိုအခါ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏— "ရဟန်းတို့ အကုသိုလ်အစုဟု ဆိုလိုသောသူသည် ကောင်းစွာဆိုလိုခဲ့မူ နီဝရဏ ငါးပါးတို့ကို ဆိုရာ၏၊ ရဟန်းတို့

http://www.dhammadownload.com



ဤ နီဝရဏငါးပါးတို့သည် အကုသိုလ်အစု သက်သက်သာဖြစ်ပေ၏။ အဘယ် ငါးပါးတို့နည်း၊ ကာမစ္ဆန္ဒနီဝရဏ ဗျာပါဒနီဝရဏ ထိနမိဒ္ဓနီဝရဏ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ ဝိစိကိစ္ဆာနီဝရဏတို့တည်း။ ရဟန်းတို့ "အကုသိုလ်အစု" ဟု ဆိုသောသူသည် ကောင်းစွာ ဆိုလိုခဲ့မူ နီဝရဏငါးပါးတို့ကို ဆိုရာ၏။ ရဟန်းတို့ ဤနီဝရဏငါးပါးတို့သည် အကုသိုလ်အစု သက်သက်သာ ဖြစ်၏။

ရဟန်းတို့ "ကုသိုလ်အစု"ဟု ဆိုလိုသောသူသည် ကောင်းစွာ ဆိုလိုခဲ့မူ သတိပဋ္ဌာန်လေးပါးတို့ကို ဆိုရာ၏။ ရဟန်းတို့ ဤသတိပဋ္ဌာန် လေးပါးတို့သည် ကုသိုလ်အစု သက်သက်သာ ဖြစ်၏။ အဘယ်လေးပါးတို့နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ဝေဒနာတို့၌။ပ။ စိတ်၌။ပ။ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရဟန်းတို့ ကုသိုလ်အစုဟုဆိုလိုသောသူသည် ကောင်းစွာ ဆိုလိုခဲ့မူ သတိပဋ္ဌာန်လေးပါးတို့ကိုသာ ဆိုရာ၏။ ရဟန်းတို့ ဤသတိပဋ္ဌာန်လေးပါးတို့သည် ကုသိုလ်အစု သက်သက်သာဖြစ်၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၆-သကုဏဂ္ဃိသုတ်

၃၇၂။ ရဟန်းတို့ ရှေး၌ဖြစ်ဘူးသည်ကား သိန်းငှက်သည် လျင်မြန်စွာ ရောက်လာ၍ ဗီလုံး ငှက်ကို ဖမ်းသုတ်လေ၏။ ရဟန်းတို့ ထိုအခါ ဗီလုံးငှက်သည် သိန်းငှက် ထိုးသုတ်ဆောင်ယူအပ်သည် ဖြစ်၍ ဤသို့ ငိုကြွေးမြည်တမ်းလေ၏—"ငါတို့သာ ကြက်သရေမဲ့ကုန်၏၊ငါတို့သာ ဘုန်းကံနည်းပါး ကုန်၏၊ ငါတို့သည် မကျက်စားသင့်သော သူတပါးတို့၏ နေရာ(အရပ်)၌ ကျက်စားမိကုန်၏၊ယနေ့ ငါသည် မိမိအဖ၏နေရာ(မိရိုးဖလာအရပ်)ဖြစ်သော စားကျက်၌ ကျက်စားခဲ့မူ ဤသိန်းငှက်သည် ငါ့အား မဖမ်းနိုင်ရာ၊ စစ်ထိုးခြင်းသာ ဖြစ်လေရာ၏"ဟု (မြည်တမ်း၏)။ ဗီလုံးငှက် မိမိ အဖ၏ နေရာဖြစ်သော သင်၏စားကျက်ကား အဘယ်နည်းဟု(သိန်းငှက်က မေးလေ၏)။ ထွန်ဖြင့် ထွန် ယက်ခြင်းကိုပြုရာ ထွန်ချေးခဲရှိရာ အရပ်ပင်တည်းဟု ပြောလေ၏။ ရဟန်းတို့ ထိုအခါ သိန်းငှက် သည် မိမိ၏ အားအစွမ်းကို အားကိုး ယုံကြည်လျက် မိမိ၏ အားအစွမ်းကို (အထူးအထွေ)မပြော ဆိုတော့ပဲ "ဗီလုံးငှက် သင် သွားလေလော့၊ ထိုအရပ်သို့ ရောက်ပါသော်လည်း ငါ့လက်မှ မလွတ် နိုင်လတ္တံ့"ဟု(ဆို၍)ဗီလုံးငှက်ကို လွှတ်လိုက်လေ၏။

ရဟန်းတို့ ထိုအခါ ဗီလုံးငှက်သည် ထွန်ဖြင့် ထွန်ယက်ခြင်းကိုပြုရာ ထွန်ချေးခဲရှိရာ အရပ်သို့ သွားပြီးလျှင် ထွန်ချေးခဲကြီးထက်သို့ တက်၍ "သိန်းငှက် ယခု ငါ့နေရာသို့ လာခဲ့လော့၊ သိန်း ငှက် ယခု ငါ့နေရာသို့ လာခဲ့လော့"ဟု သိန်းငှက်ကို ပြောလျက် ရပ်နေလေ၏၊ ရဟန်းတို့ ထိုအခါ သိန်းငှက်သည် မိမိ၏ အားအစွမ်းကို အားကိုးယုံကြည်လျက် မိမိ၏အားအစွမ်းကို(အထူးအထွေ) မပြောဆိုတော့ပဲ အတောင် နှစ်ဖက်တို့ကို ရှုက်၍ ဗီလုံးငှက်ထံသို့ လျင်မြန်စွာ ရောက်လာလေ၏။

http://www.dhammadownload.com



ရဟန်းတို့ ဤသိန်းငှက်သည် ငါ့ကို (ဖမ်းရန်) များစွာ နီးကပ်လာပြီဟု ဗိုလ်ငှက် သိသောအခါ ထိုထွန်ချေးခဲ၏ အကြားသို့သာ ဝင်သွားလေ၏၊ရဟန်းတို့ ထိုအခါ သိန်းငှက်သည် ထိုထွန်ချေးခဲ၌ ပင် ရင်ပတ်ကို ပြင်းစွာတိုက်ခတ်မိလေ၏၊ ရဟန်းတို့ မကျက်စား သင့်သော သူတပါးတို့၏ နေရာ (အရပ်)၌ ကျက်စားသွားလာသော သူသည် ဤအတူပင်ဖြစ်၏၊ ထို့ကြောင့်ပင် မကျက်စားသင့် သော သူတပါးတို့၏ နေရာ (အရပ်)၌ မကျက်စား မသွားလာကြကုန်လင့်။ ရဟန်းတို့ မကျက် စားသင့်သော သူတပါးတို့၏ နေရာ(အရပ်) ၌ ကျက်စား သွားလာကုန်သူတို့အား ကိလေသာ မာရ်သည် (ဖျက်ဆီးရန်) အခွင့်ကိုရ၏၊ ကိလေသာ မာရ်သည် (ဖျက်ဆီးရန်)အကြောင်းကိုရ၏။

ရဟန်းတို့ ရဟန်း၏ မကျက်စားသင့်သော သူတပါးတို့၏ နေရာ(အရပ်)ကား အဘယ်နည်း၊ဤ ကာမဂုဏ် ငါးပါးတို့ပင်တည်း။အဘယ်ငါးပါးတို့နည်း၊ အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံး ကို ပွါးစေတတ်ကုန်သော ချစ်ခင်ဖွယ်သဘောရှိ၍ ကာမနှင့် စပ်ကုန်သော တပ်မက်ဖွယ် ကောင်း ကုန်သော စက္ခုဝိညာဏ်ဖြင့် မြင်အပ်သော ရူပါရုံ။ပ။သောတဝိညာဉ်ဖြင့် ကြားအပ်သော သဒ္ဒါရုံ ။ပ။ ဃာနဝိညာဉ်ဖြင့် နမ်းရှူအပ်သော ဂန္ဓာရုံ ။ပ။ ဇိဝှါဝိညာဉ်ဖြင့် လျက်အပ်သော ရသာရုံ အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကို ပွါးစေတတ်ကုန်သော ချစ်ခင်ဖွယ် သဘောရှိ၍ ကာမနှင့် စပ်ကုန်သော တပ်မက်ဖွယ် ကောင်းကုန်သော ကာယဝိညာဉ်ဖြင့် တွေ့ထိအပ်သော ဖောဋ္ဌဗ္ဗာရုံတို့တည်း။ ရဟန်းတို့ ရဟန်း၏ မကျက်စားသင့်သော သူတပါးတို့၏နေရာ(အရပ်)ကား ဤကာမဂုဏ် ငါးပါးတို့ပင်တည်း။

ရဟန်းတို့ မိမိအဖ၏ နေရာ (မိရိုးဖလာအရပ်) ဖြစ်သော ကျက်စားရာ၌ ကျက်စားကြကုန်၊ မိမိအဖ၏ နေရာဖြစ်သော ကျက်စားရာ၌ ကျက်စားကုန်သော သူတို့အား ကိလေသာမာရ်သည် (ဖျက်ဆီးရန်)အခွင့်ကို မရ၊ ကိလေသာမာရ်သည် (ဖျက်ဆီးရန်) အကြောင်းကိုမရ။ ရဟန်းတို့ ရဟန်း၏ အဖနေရာ ဖြစ်သော ကျက်စားရာကား အဘယ်နည်း၊ ဤသတိပဋ္ဌာန် လေးပါးတို့ပင် တည်း၊အဘယ်လေးပါးတို့နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာ အားထုတ် သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍ နေ၏။ဝေဒနာတို့၌။ပ။စိတ်၌ ။ပ။ ပြင်းစွာ အားထုတ်သော လုံ့လ ရှိသည်ဖြစ်၍ ဆင်ခြင် ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက် လျက် သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ရဟန်းတို့ ရဟန်း၏ မိမိအဖ၏နေရာဖြစ်သော ကျက်စားရာသည်ကား ဤ သတိပဋ္ဌာန်လေးပါးတို့ပင်တည်းဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-မက္ကဋသုတ်

၃၇၃။ ရဟန်းတို့ မျောက်တို့ လှည့်လည် သွားလာ ခြင်းလည်း မရှိသော လူတို့ လှည့်လည် သွားလာခြင်းလည်း မရှိသော ဟိမဝန္တာတောင်မင်း၏ သွားရန် ခက်ခဲ၍ မညီညွတ်ကုန်သော

http://www.dhammadownload.com



အရပ်တို့သည် ရှိကုန်၏၊ မျောက်တို့ လှည့်လည် သွားလာခြင်းသာရှိ၍ လူတို့လှည့်လည် သွားလာခြင်း မရှိသော ဟိမဝန္တာတောင်မင်း၏ သွားရန် ခက်ခဲ၍ မညီညွတ်ကုန်သော အရပ်တို့သည် ရှိကုန်၏၊ မျောက်တို့ လှည့်လည် သွားလာခြင်းလည်း ရှိသော လူတို့လှည့်လည်သွားလာခြင်းလည်း ရှိသော ဟိမဝန္တာတောင်မင်း၏ ညီညွတ်သော မြေအဘို့ရှိသော မွေ့လျော်ဖွယ်ရာ အရပ်တို့သည် ရှိကုန်၏။ ရဟန်းတို့ ထို (ညီညွတ်သော မြေအဘို့ရှိ၍ မွေ့လျော်ဖွယ်ရာ) အရပ်၌ မုဆိုးတို့သည် မျောက်တို့ကို သတ်ဖြတ် ဖျက်ဆီးရန် မျောက်တို့ သွားလာရာ လမ်းတို့၌ မျောက်နှဲစေးကို ထောင်ကုန်၏။

ရဟန်းတို့ ထိုဟိမဝန္တာတောင်၌ မိုက်သောသဘောမရှိ လျှပ်ပေါ်သော သဘောမရှိကုန်သော မျောက်တို့သည် ထိုအရပ်၌ မျောက်နှဲစေးကို မြင်ကုန်သည် ရှိသော် ဝေးစွာ ရှောင်ဖဲကုန်၏၊ မိုက်သောသဘော လျှပ်ပေါ်သော သဘောရှိသော မျောက်သည်ကား ထိုမျောက်နှဲစေး ရှိရာသို့ ချဉ်းကပ်၍ လက်ဖြင့် ကိုင်ယူ၏၊ ထိုလက်သည် ထိုမျောက်နှဲစေး၌ကပ်ငြိ၏။ "လက်ကိုလွတ်စေအံ့" ဟု ဒုတိယ လက်ဖြင့် ကိုင်ယူပြန်၏၊ ထိုဒုတိယ လက်သည် ထိုမျောက်နှဲစေး၌ ကပ်ငြိပြန်၏၊ "လက်နှစ်ဖက်တို့ကို လွတ်စေအံ့" ဟု ခြေဖြင့် ကိုင်ယူပြန်၏၊ ထိုခြေသည် ထိုမျောက်နှဲစေး၌ ကပ်ငြိ၏။ "လက်နှစ်ဖက်တို့ကိုရင်း ခြေကိုရင်း လွတ်စေအံ့" ဟု ဒုတိယ ခြေဖြင့် ကိုင်ယူပြန်၏၊ ထို ဒုတိယခြေသည် ထိုမျောက်နှဲစေး၌ ကပ်ငြိပြန်၏။ "လက်နှစ်ဖက်တို့ကိုရင်း ခြေနှစ်ဖက်တို့ကိုရင်း လွတ်စေအံ့" ဟု နှုတ်သီးဖြင့် ကိုင်ယူပြန်၏၊ ထိုနှုတ်သီးသည် ထိုမျောက်နှဲစေး၌ ကပ်ငြိပြန်၏။ ရဟန်းတို့ ဤသို့လျှင် ထိုမျောက်သည် ငါးဌာနတို့၌ နှောင်ဖွဲ့မိသည် ဖြစ်၍သာလျှင် ညည်းတွားလျက် အိပ်ရလေ၏၊ အကျိုးမဲ့ခြင်းသို့ ရောက်ရလေ၏၊ ပျက်စီးခြင်းသို့ ရောက်ရလေ၏၊ မုဆိုး၏အလိုရှိတိုင်း ပြုလုပ်မှုကို ခံရလေ၏။ ရဟန်းတို့ မုဆိုးသည် ထိုမျောက်ကို (တံစို့) ထိုးလျက် ထိုအရပ်၌ပင်လျှင် ထင်းမီးကျီး၌ ကင်မြိုက်၍ အလိုရှိရာ အရပ်သို့ ဖဲခွါသွားလေ၏။ ရဟန်းတို့ မကျက်စားသင့်သော သူတပါးတို့၏ နေရာ (အရပ်) ၌ ကျက်စား သွားလာသောသူသည် ဤအတူပင်ဖြစ်၏။

ရဟန်းတို့ ထို့ကြောင့် မကျက်စားသင့်သော သူတပါးတို့၏ နေရာ (အရပ်) ၌ မကျက်စား မသွားလာကြကုန်လင့်၊ မကျက်စားမသွားလာသင့်သော သူတပါးတို့၏ နေရာ (အရပ်) ၌ ကျက်စား သူတို့အား ကိလေသာမာရ်သည် (ဖျက်ဆီးရန်) အခွင့်ကိုရ၏၊ ကိလေသာမာရ်သည် (ဖျက်ဆီးရန်) အကြောင်းကိုရ၏။ ရဟန်းတို့ ရဟန်း၏ မကျက်စားသင့်သော သူတပါးတို့၏ နေရာအရပ်ကား အဘယ်နည်း၊ ဤကာမဂုဏ်ငါးပါးတို့ပင်တည်း။ အဘယ်ငါးပါးတို့နည်း၊ အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန်စိတ်နှလုံးကို ပွါးစေတတ်ကုန်သော ချစ်ခင်ဖွယ် သဘောရှိကုန်၍ ကာမနှင့်စပ်ယှဉ်လျက် တပ်မက်ဖွယ် ကောင်းကုန်သော စက္ခုဝိညာဉ်ဖြင့် မြင်အပ်သော ရူပါရုံ။ပ။ သောတဝိညာဉ်ဖြင့် ကြားအပ်သောသဒ္ဒါရုံ။ပ။ ဃာနဝိညာဉ်ဖြင့် နမ်းရှူအပ်သော ဂန္ဓာရုံ ။ပ။ ဇိဝှါဝိညာဉ်ဖြင့် လျက်အပ်သော ရသာရုံ အလိုရှိအပ်ကုန် နှစ်သက်အပ်ကုန် စိတ်နှလုံးကို ပွါးစေတတ်ကုန်သော ချစ်ခင်ဖွယ်သဘောရှိ၍ ကာမနှင့် စပ်ယှဉ်လျက် တပ်မက်ဖွယ် ကောင်းကုန်သော ကာယဝိညာဉ်ဖြင့် တွေ့ထိအပ်သော ဖောဋ္ဌဗ္ဗာရုံတို့တည်း။ ရဟန်းတို့ ရဟန်း၏ မကျက်စားသင့်သော သူတပါးတို့၏ နေရာ (အရပ်) ကား ဤကာမဂုဏ်ငါးပါးတို့ပင်တည်း။

ရဟန်းတို့ မိမိအဖ၏နေရာ (မိရိုးဖလာအရပ်) ဖြစ်သော စားကျက်၌ ကျက်စားသွားလာကုန်လော့၊ မိမိအဖ၏နေရာ ဖြစ်သော စားကျက်၌ ကျက်စားသွားလာကြသူတို့အား ကိလေသာမာရ်သည် (ဖျက်ဆီးရန်) အခွင့်ကို မရ၊ ကိလေသာမာရ်သည် (ဖျက်ဆီးရန်) အကြောင်းကို မရ။

http://www.dhammadownload.com



ရဟန်းတို့ ရဟန်း၏ မိမိအဖ၏နေရာ ဖြစ်သော ကျက်စားရာကား အဘယ်နည်း၊ ဤသတိပဋ္ဌာန် လေးပါးတို့ပင်တည်း။အဘယ်လေးပါးတို့နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာ အားထုတ်သောလုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ်'သမ္ပဇဉ်'အောက်မေ့မှု'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကိုပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ဝေဒနာတို့၌။ပ။ စိတ်၌။ပ။ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရဟန်းတို့ ရဟန်း၏ မိမိအဖ၏နေရာဖြစ်သော ကျက်စားရာသည်ကား ဤသတိပဋ္ဌာန် လေးပါးတို့ပင်တည်းဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈-သူဒသုတ်

၃၇၄။ ရဟန်းတို့ ဥပမာသော်ကား မကျွမ်းကျင် မလိမ္မာသော စားတော်ကဲမိုက်သည် မင်းကိုဖြစ်စေ မင်း၏ အမတ်ကြီးကိုဖြစ်စေ အမျိုးမျိုးစီမံအပ်သော ဟင်းတို့ဖြင့် ရှေ့သို့ဆောင်ကာ ဆက်သရာ၏၊ချဉ်သောအရသာရှိသော ဟင်းတို့ဖြင့်ဖြစ်စေ ခါးသောအရသာရှိသော ဟင်းတို့ဖြင့်ဖြစ်စေ စပ်သောအရသာရှိသော ဟင်းတို့ဖြင့်ဖြစ်စေ ချိုသောအရသာရှိသော ဟင်းတို့ဖြင့်ဖြစ်စေ ငန်သောအရသာရှိသော ဟင်းတို့ဖြင့်ဖြစ်စေ မငန်သော အရသာရှိသော ဟင်းတို့ဖြင့်ဖြစ်စေ ဆားပါသော ဟင်းတို့ဖြင့်ဖြစ်စေ ဆားမပါသော ဟင်းတို့ဖြင့်ဖြစ်စေ ရှေ့သို့ဆောင်ကာ ဆက်သရာ၏။

ရဟန်းတို့ မကျွမ်းကျင် မလိမ္မာသော ထိုစားတော်ကဲမိုက်သည် မိမိထမင်း၏ အကြောင်းကို မမှတ်ယူ "ယနေ့ ငါ၏ ထမင်းဟင်းကိုလည်း နှစ်သက်၏၊ ဤထမင်းဟင်းကိုလည်း လက်လှမ်း၏၊ ဤထမင်းဟင်းကိုလည်း များစွာ ယူ၏၊ ဤထမင်းဟင်းကိုလည်း ချီးမွမ်းပြောဆို၏၊ ယနေ့ ငါ၏ ချဉ်သော အရသာရှိသော ထမင်းဟင်းကိုလည်း နှစ်သက်၏၊ချဉ်သောအရသာရှိသော ထမင်းဟင်းကိုလည်း လက်လှမ်း၏၊ ချဉ်သောအရသာရှိသော ထမင်းဟင်းကိုလည်း များစွာ ယူ၏၊ချဉ်သော အရသာရှိသော ထမင်းဟင်းကိုလည်း ချီးမွမ်းပြောဆို၏။ယနေ့ ငါ၏ ခါးသော အရသာရှိသော ထမင်းဟင်းကိုလည်း နှစ်သက်၏၊ ယနေ့ ငါ၏စပ်သောအရသာရှိသော ထမင်းဟင်းကိုလည်း နှစ်သက်၏၊ ယနေ့ ငါ၏ ချိုသောအရသာရှိသော ထမင်းဟင်းကိုလည်း နှစ်သက်၏၊ ယနေ့ ငါ၏ ငန်သော အရသာရှိသော ထမင်းဟင်းကိုလည်း နှစ်သက်၏၊ ယနေ့ ငါ၏ မငန်သော အရသာရှိသော ထမင်းဟင်းကိုလည်း နှစ်သက်၏၊ ယနေ့ ငါ၏ ဆားပါသော ထမင်းဟင်းကိုလည်း နှစ်သက်၏၊ ယနေ့ ငါ၏ ဆားမပါသော ထမင်းဟင်းကိုလည်း နှစ်သက်၏၊ ဆားမပါသော ထမင်းဟင်းကိုလည်း များစွာ ယူ၏၊ ဆားမပါသော ထမင်းဟင်းကိုလည်း ချီးမွမ်းပြောဆို၏" ဟု မိမိထမင်း၏ အကြောင်းကိုမမှတ်ယူ။

ရဟန်းတို့ မကျွမ်းကျင် မလိမ္မာသော ထိုစားတော်ကဲမိုက်သည် အဝတ်ကိုလည်း မရ၊ အခ (လစာ)ကိုလည်း မရ၊ရွှေးရှုဆောင်အပ်သော ဆုလာဘ်တို့ကိုလည်း မရပေ။ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ မကျွမ်းကျင် မလိမ္မာသော ထိုစားတော်ကဲမိုက်သည် မိမိ

http://www.dhammadownload.com



ထမင်း၏ အကြောင်းကို မမှတ်ယူသောကြောင့်တည်း။ ရဟန်းတို့ ဤအတူပင် ဤသာသနာတော်၌ မကျွမ်းကျင် မလိမ္မာသော အချို့ရဟန်းမိုက်သည် ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေသော ထိုရဟန်းမိုက်၏ စိတ်သည် မတည်ကြည်၊ ညစ်ညူးစေတတ်သော ကိလေသာတို့ကိုလည်း မပယ်နိုင်ကုန်၊ ထိုရဟန်းမိုက်သည် ထိုအာရုံကိုမမှတ်ယူ။ ဝေဒနာတို့၌ ဝေဒနာတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေသော၊ပ။ စိတ်၌ စိတ်ကိုအကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍နေသော။ပ။ ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍-လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက်သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေသော ထို ရဟန်းမိုက်၏ စိတ်သည် မတည်ကြည်၊ ညစ်ညူးစေတတ်သော ကိလေသာတို့ကိုလည်း မပယ်နိုင်ကုန်၊ ထိုရဟန်းမိုက်သည် ထိုအာရုံကို မမှတ်ယူ။

ရဟန်းတို့ မကျွမ်းကျင် မလိမ္မာသော ထိုရဟန်းမိုက်သည် မျက်မှောက်ဘဝ၌ပင် ချမ်းသာစွာ နေရခြင်းတို့ကိုလည်း မရနိုင်၊ သတိသမ္ပဇဉ်ကိုလည်း မရနိုင်။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ မကျွမ်းကျင် မလိမ္မာသော ထိုရဟန်းမိုက်သည် မိမိစိတ်၏ အာရုံကို မမှတ်ယူသောကြောင့်တည်း။

ရဟန်းတို့ ဥပမာသော်ကား ကျွမ်းကျင်လိမ္မာသော ပညာရှိစားတော်ကဲသည် မင်းကိုဖြစ်စေ မင်း၏ အမတ်ကြီးကိုဖြစ်စေ အမျိုးမျိုးသော ဟင်းတို့ဖြင့် ရှေ့သို့ ဆောင်ကာ ဆက်သရာ၏၊ ချဉ်သောအရသာရှိသော ဟင်းတို့ဖြင့်ဖြစ်စေ ခါးသောအရသာရှိသော ဟင်းတို့ဖြင့်ဖြစ်စေ စပ်သော အရသာရှိသော ဟင်းတို့ဖြင့်ဖြစ်စေ ချိုသောအရသာရှိသော ဟင်းတို့ဖြင့်ဖြစ်စေ ငန်သောအရသာရှိသော ဟင်းတို့ဖြင့်ဖြစ်စေ မငန်သော အရသာရှိသော ဟင်းတို့ဖြင့်ဖြစ်စေ ဆားပါသော ဟင်းတို့ဖြင့်ဖြစ်စေ ဆားမပါသော ဟင်းတို့ဖြင့်ဖြစ်စေ ရှေ့သို့ ဆောင်ကာ ဆက်သရာ၏။

ရဟန်းတို့ ထိုကျွမ်းကျင်လိမ္မာသော ပညာရှိစားတော်ကဲသည် မိမိထမင်း၏ အကြောင်းကို မှတ်ယူ၏ "ယနေ့ ငါ၏ ဤထမင်းဟင်းကိုလည်း နှစ်သက်၏၊ဤထမင်းဟင်းကိုလည်း လက်လှမ်း၏၊ ဤထမင်းဟင်းကိုလည်း များစွာ ယူ၏၊ ဤထမင်းဟင်းကိုလည်း ချီးမွမ်းပြောဆို၏၊ ယနေ့ ငါ၏ ချဉ်သော အရသာရှိသော ထမင်းဟင်းကိုလည်း နှစ်သက်၏၊ ချဉ်သောအရသာရှိသော ထမင်းဟင်းကိုလည်း လက်လှမ်း၏၊ချဉ်သောအရသာရှိသော ထမင်းဟင်းကိုလည်း များစွာယူ၏၊ ချဉ်သော အရသာရှိသော ထမင်းဟင်းကိုလည်း ချီးမွမ်းပြောဆို၏။ယနေ့ ငါ၏ ခါးသောအရသာရှိသော ထမင်းဟင်းကိုလည်း နှစ်သက်၏၊ ယနေ့ ငါ၏ စပ်သောအရသာရှိသော ထမင်းဟင်းကိုလည်း နှစ်သက်၏၊ ယနေ့ ငါ၏ ချိုသောအရသာရှိသော ထမင်းဟင်းကိုလည်း နှစ်သက်၏၊ ယနေ့ ငါ၏ ငန်သော အရသာရှိသော ထမင်းဟင်းကိုလည်း နှစ်သက်၏၊ ယနေ့ ငါ၏ မငန်သော အရသာရှိသော ထမင်းဟင်းကိုလည်း နှစ်သက်၏၊ ယနေ့ ငါ၏ ဆားပါသော ထမင်းဟင်းကိုလည်း နှစ်သက်၏၊ ယနေ့ ငါ၏ ဆားမပါသော ထမင်းဟင်းကိုလည်း နှစ်သက်၏၊ ဆားမပါသော ထမင်းဟင်းကိုလည်း လက်လှမ်း၏၊ ဆားမပါသော ထမင်းဟင်းကိုလည်း များစွာယူ၏၊ ဆားမပါသော ထမင်းဟင်းကိုလည်း ချီး မွမ်းပြောဆို၏"ဟု မိမိထမင်း၏ အကြောင်းကို မှတ်ယူ၏။

http://www.dhammadownload.com



ရဟန်းတို့ ထိုကျွမ်းကျင်လိမ္မာသော ပညာရှိစားတော်ကဲသည် အဝတ်ကိုလည်း ရ၏၊ အခ (လစာ)ကိုလည်း ရ၏၊ ရွေးရှုဆောင်အပ်သော ဆုလာဘ်တို့ကိုလည်း ရ၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ရဟန်းတို့ ထိုကျွမ်းကျင်လိမ္မာသော ပညာရှိစားတော်ကဲသည် မိမိထမင်း၏ အကြောင်းကို မှတ်ယူသောကြောင့်တည်း။ ရဟန်းတို့ ဤအတူပင် ဤသာသနာတော်၌ ကျွမ်းကျင်လိမ္မာသော အချို့ပညာရှိရဟန်းသည် ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍နေသော ထိုရဟန်းပညာရှိ၏ စိတ်သည် တည်ကြည်၏၊ ညစ်ညူးစေတတ်သော ကိလေသာတို့ကိုလည်း ပယ်ကုန်၏၊ထိုရဟန်းပညာရှိသည် ထိုအာရုံကို မှတ်ယူ၏။ ဝေဒနာတို့၌ ဝေဒနာတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍နေသော။ပ။ စိတ်၌ စိတ်ကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍နေသော။ပ။ပြင်းစွာအားထုတ်သော လုံ့လရှိသည် ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍နေ၏၊ သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေသော ထိုရဟန်းပညာရှိ၏စိတ်သည် တည်ကြည်၏၊ ညစ်ညူးစေတတ်သော ကိလေသာတို့ကိုလည်း ပယ်ကုန်၏၊ ထိုရဟန်းပညာရှိသည် ထိုအာရုံကို မှတ်ယူ၏။

ရဟန်းတို့ ကျွမ်းကျင်လိမ္မာသော ထိုရဟန်းပညာရှိသည် မျက်မှောက်ဘဝ၌ပင် ချမ်းသာစွာ နေရခြင်းကိုလည်း ရနိုင်၏၊ သတိ သမ္ပဇဉ်ကိုလည်း ရနိုင်၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ ကျွမ်းကျင်လိမ္မာသော ထိုရဟန်းပညာရှိသည် မိမိစိတ်၏အာရုံကို မှတ်ယူနိုင်သောကြောင့်တည်းဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-ဂိလာနသုတ်

၃၇၅။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် ဝေသာလီပြည် ဝေဠုဝရွာငယ်၌ (သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို မိန့်တော်မူ၏— "ရဟန်းတို့ လာကြကုန်လော့၊ သင်တို့သည် အဆွေခင်ပွန်းရှိရာ တွေ့မြင်နေကျ မိတ်ဆွေရှိရာ အတူတကွ စားဘော်စားဘက် မိတ်ဆွေရှိရာ ဝေသာလီပြည်၏ ထက်ဝန်းကျင်၌ ဝါကပ်ကြကုန်လော့၊ ငါသည်ကား ဤဝေဠုဝရွာငယ်၌ပင် ဝါကပ်အံ့"ဟု (မိန့်တော်မူ၏)။ "ကောင်းပါပြီ အသျှင်ဘုရား"ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဝန်ခံကုန်ပြီးလျှင် အဆွေခင်ပွန်းရှိရာ တွေ့မြင်နေကျ မိတ်ဆွေရှိရာ စားဘော်စားဘက် မိတ်ဆွေရှိရာ ဝေသာလီပြည်၏ ထက်ဝန်းကျင်၌ ဝါကပ်ကြကုန်၏၊ မြတ်စွာဘုရားသည်လည်း ထိုဝေဠုဝရွာငယ်၌ပင် ဝါကပ်တော်မူ၏။

ထိုအခါ ဝါကပ်တော်မူပြီးသော မြတ်စွာဘုရားအား ကြမ်းထမ်းသောအနာသည် ဖြစ်လေ၏၊ သေလုနီးပါး ပြင်းထန်သောဝေဒနာတို့သည် ဖြစ်ကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည် အောက်

http://www.dhammadownload.com



မေ့မှု'သတိ' ဆင်ခြင်ဉာဏ်'သမ္ပဇဉ်'ရှိတော်မူလျက် မပင်မပန်း(မညည်းမညူ)သည်းခံတော်မူ၏။ ထိုအခါ မြတ်စွာဘုရားအား ဤအကြံသည် ဖြစ်၏— "အလုပ်အကျွေးတို့ကို မသိစေမူ၍ ရဟန်းသံဃာကို မပန်ကြားမူ၍ ပရိနိဗ္ဗာန်ပြုခြင်းသည် ငါ့အား မသင့်လျော်ချေ၊ ငါသည် ဤအနာကို လုံ့လဖြင့် တွန်းလှန်ပယ်ခွါ၍ အသက်ကိုပြုစီရင်တတ်သော ဖလသမာပတ်ကို ဆောက်တည်နေရမူ ကောင်းပေလိမ့်မည်"ဟု အကြံဖြစ်၏။ ထို့နောက် မြတ်စွာဘုရားသည် ထိုအနာကို လုံ့လဖြင့် တွန်းလှန်ပယ်ခွါ၍ အသက်ကို ပြုစီရင်တတ်သော ဖလသမာပတ်ကို ဆောက်တည်နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရား၏ ထိုအနာသည် ငြိမ်းပျောက်လေ၏။

ထို့နောက် မြတ်စွာဘုရားသည် မကျန်းမာရာမှ ထတော်မူလျက် အနာရောဂါကင်းပျောက်ပြီး၍ မကြာမြင့်မီကျောင်းမှ ထွက်တော်မူကာ ကျောင်း၏နောက်ဖက် အရိပ်ဝယ် ခင်းထားသောနေရာ၌ ထိုင်နေတော်မူ၏။ ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏ "အသျှင်ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရား၏ ချမ်းသာခြင်းကို မြင်ရပါပြီ၊ မြတ်စွာဘုရား၏ ခန့်ကျန်းခြင်းကို မြင်ရပါပြီ၊ မြတ်စွာဘုရား၏ မျှတခြင်းကို မြင်ရပါပြီ၊ အသျှင်ဘုရား စင်စစ်အားဖြင့် မြတ်စွာဘုရား နာဖျားခြင်းကြောင့် တပည့်တော်၏ကိုယ်သည် တောင့်တင်း လေးလံသကဲ့သို့ ဖြစ်နေပါ၏၊ အရပ်မျက်နှာတို့သည်လည်း အကျွန်ုပ်အား မထင်ပါကုန်၊ တရားတို့သည်လည်း အကျွန်ုပ်အား မထင်ပါကုန်၊ အသျှင်ဘုရား စင်စစ်သော်ကား မြတ်စွာဘုရားသည် ရဟန်းသံဃာကိုအကြောင်းပြု၍ တစုံတရာ မမြွက်ကြားရသေးသမျှ ကာလပတ်လုံး ပရိနိဗ္ဗာန်ပြုလိမ့်မည် မဟုတ်ဟု တပည့်တော်အား သက်သာရာ အနည်းငယ်မျှဖြစ်ရပါ၏"ဟု (လျှောက်၏)။

အာနန္ဒာ ယခု အဘယ့်ကြောင့် ရဟန်းသံဃာသည် ငါဘုရား၌ တောင့်တသနည်း၊ အာနန္ဒာ ငါသည် အတွင်းအပြင်မထားမူ၍ တရားတော်ကို ဟောခဲ့၏၊ အာနန္ဒာ မြတ်စွာဘုရားအား တရားတို့၌ ဆရာစားချန်ထားသော တရားဟူ၍မရှိ။ အာနန္ဒာ ရဟန်းသံဃာကို ငါသာလျှင် ဆောင်အံ့ဟူ၍ငင်း ရဟန်းသံဃာသည် ငါ့ကိုသာ (ကိုးကွယ်ရာဆရာဟု) ညွှန်ပြလိမ့်မည်ဟူ၍ငင်း ဤသို့သောအကြံ ဖြစ်သူသည် ရဟန်းသံဃာကို အကြောင်းပြု၍ တစုံတခုကို ပြောရာ၏၊ အာနန္ဒာ ရဟန်းသံဃာကို ငါသာလျှင်ဆောင်အံ့ဟူ၍ငင်း ရဟန်းသံဃာသည် ငါ့ကိုသာ(ကိုးကွယ်ရာဆရာဟု) ညွှန်ပြလိမ့်မည်ဟူ၍ငင်း မြတ်စွာဘုရားအား ဤသို့ အကြံမဖြစ်၊ အာနန္ဒာ သံဃာကိုအကြောင်းပြု၍ မြတ်စွာဘုရားသည် အဘယ့်ကြောင့် တစုံတရာ ပြောဆိုအံ့နည်း၊ အာနန္ဒာ ယခုအခါ၌သော်ကား ငါသည် အိုမင်းကြီးမြင့် အရွယ်ရင့်ခဲ့ပြီ၊ ရှည်သောကာလသို့ ရောက်ခဲ့ပြီ၊ အဆုံးအရွယ်သို့ ရောက်ခဲ့ပြီ၊ ငါ၏အသက်သည် ရှစ်ဆယ်ရှိပြီ၊ အာနန္ဒာ လှည်းအိုသည် ချည်ဘုပ်နှောင်ဖွဲ့ခြင်းဖြင့် မျှတစေသကဲ့သို့ အာနန္ဒာ ထိုအတူပင် မြတ်စွာဘုရားကိုယ်သည် ပြုပြင်ခြင်းနှင့်ရောနှောသည်ဖြစ်၍ မျှတယောင်တကား။

အာနန္ဒာ မြတ်စွာဘုရားသည် အလုံးစုံသော အာရုံ(နိမိတ်)တို့ကို နှလုံးမသွင်းခြင်းကြောင့် အချို့သော ဝေဒနာတို့ချုပ်ခြင်းကြောင့် အာရုံ(နိမိတ်)မရှိသော စိတ်၏တည်ကြည်မှု'အနိမိတ္တစေတောသမာဓိ'ကို ဝင်စားနေသောအခါ မြတ်စွာဘုရား၏ ကိုယ်သည် အလွန်ချမ်းသာ(ကျန်းမာ)ခြင်း ဖြစ်၏၊ အာနန္ဒာ ထို့ကြောင့်ပင် သူတပါးကို အားမကိုးမူ၍ မိမိကိုယ်ကို မှီခိုအားကိုးကာ နေကြကုန်လော့၊ အခြားတရားကို အားမကိုးမူ၍ (လောကုတ္တရာ) တရားတော်ကို မှီခိုအားကိုးကာ နေကြကုန်လော့။

http://www.dhammadownload.com



အာနန္ဒာ အဘယ်သို့လျှင် ရဟန်းသည် သူတပါးကို အားမကိုးမူ၍ မိမိကိုယ်ကို မှီခိုအားကိုးကာ နေရသနည်း၊ အခြားတရားကို အားမကိုးမူ၍ (လောကုတ္တရာ)တရားတော်ကို မှီခိုအားကိုးကာ နေရသနည်း၊ အာနန္ဒာ ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာအားထုတ်သော လုံ့လရှိသည် ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ မလောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ဝေဒနာတို့၌။ပ။စိတ်၌။ပ။ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ အာနန္ဒာ ဤသို့လျှင် ရဟန်းသည် သူတပါးကို အားမကိုးမူ၍ မိမိကိုယ်ကို မှီခိုအားကိုးကာနေရ၏၊ အခြားတရားကို အားမကိုးမူ၍(လောကုတ္တရာ)တရားတော်ကို မှီခိုအားကိုးကာ နေရ၏။ အာနန္ဒာ ယခုအခါ၌၎င်း ငါဘုရားကွယ်လွန်သောအခါ၌၎င်း သူတပါးကို အားမကိုးမူ၍ မိမိကိုယ်ကို မှီခိုအားကိုးကြလျက် အခြားတရားကို အားမကိုးမူ၍ (လောကုတ္တရာ) တရားတော်ကို မှီခိုအားကိုးကာ နေကြမည့် ရဟန်းအားလုံးတို့သည် သိက္ခာသုံးပါးကို အလိုရှိသော ရဟန်းအားလုံးတို့ထက် အမြတ်ဆုံးဖြစ်ကြပေလိမ့်မည်ဟု(မိန့်တော်မူ၏)။

နဝမသုတ်။

## ၁၀-ဘိက္ခုနုပဿယသုတ်

၃၇၆။ ထိုအခါ အသျှင်အာနန္ဒာသည် နံနက်အချိန် သင်္ကန်းကိုပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင်လျက် ရဟန်းမတို့၏ ကျောင်းတကျောင်းသို့ ချဉ်းကပ်ပြီးလျှင် ခင်းထားသောနေရာ၌ ထိုင်နေ၏။ ထိုအခါ များစွာသော ရဟန်းမတို့သည် အသျှင်အာနန္ဒာထံသို့ ချဉ်းကပ်ကုန်၍ အသျှင်အာနန္ဒာကို ရှိခိုးလျက် တခုသောနေရာ၌ ထိုင်နေကုန်ပြီးသော် ဤစကားကို လျှောက်ထားကုန်၏—

အသျှင်ဘုရားအာနန္ဒာ ဤသာသနာတော်ဝယ် သတိပဋ္ဌာန်လေးပါးတို့၌ စိတ်ကိုကောင်းစွာတည်စေ၍ နေကုန်သော ရဟန်းမများစွာတို့သည် ရှေ့တရားထူးထက် မြတ်သော နောက်တရားထူးကို ကောင်းစွာသိပါကုန်၏ဟု လျှောက်ကုန်၏၊ နှမတို့ ဤစကားသည် ဤအတိုင်းမှန်၏၊ နှမတို့ ဤစကားသည် ဤအတိုင်းမှန်၏။ တဦးဦးသော ရဟန်းသည်၎င်း ရဟန်းမသည်၎င်း သတိပဋ္ဌာန်လေးပါးတို့၌ စိတ်ကို ကောင်းစွာတည်စေ၍ နေခဲ့မူ ထိုသူသည် "ရှေ့တရားထူးထက် မြတ်သော နောက်တရားထူးကို ကောင်းစွာ သိလိမ့်မည်" ဟူသော ဤအကြောင်းကို (မချွတ်ရလိမ့်မည်ဟု) မြော်လင့်အပ်၏ဟု မိန့်တော်မူ၏။

ထို့နောက် အသျှင်အာနန္ဒာသည် ထိုရဟန်းမတို့အား တရားစကားဖြင့် အကျိုးစီးပွါးကို ပြလျက် တရားကို ဆောက်တည်စေကာ တရားကျင့်သုံးရန် ထက်သန်ရွှင်လန်းစေတော်မူပြီးလျှင် နေရာမှ ထကာ ဖဲသွားလေ၏။ ထို့နောက် အသျှင်အာနန္ဒာသည် သာဝတ္ထိပြည်၌ ဆွမ်းခံလှည့်လည်၍ ဆွမ်းစားပြီးနောက် ဆွမ်းစားရာအရပ်မှဖဲခွါပြီးသော် မြတ်စွာဘုရားထံသို့ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေ၏၊ တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကိုလျှောက်၏—

http://www.dhammadownload.com



အသျှင်ဘုရား အကျွန်ုပ်သည် ယနေ့နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်ပြီးလျှင် သပိတ် သင်္ကန်းကို ယူဆောင်လျက် ရဟန်းမတို့၏ ကျောင်းတကျောင်းသို့ ချဉ်းကပ်၍ ခင်းထားသော နေရာ၌ ထိုင်နေပါ၏၊ ထိုအခါ များစွာသော ရဟန်းမတို့သည် အကျွန်ုပ်ထံသို့ ချဉ်းကပ်ကုန်၍ အကျွန်ုပ်ကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေကြပြီးသော် အကျွန်ုပ်အား ဤစကားကို လျှောက်ထားပါကုန်၏ "အသျှင်ဘုရားအာနန္ဒာ ဤသာသနာတော်ဝယ် သတိပဋ္ဌာန်လေးပါးတို့၌ စိတ်ကို ကောင်းစွာတည်စေ၍ နေကုန်သော များစွာသော ရဟန်းမတို့သည် ရှေ့တရားထူးထက် မြတ်သော နောက်တရားထူးကို ကောင်းစွာသိပါကုန်၏"ဟု (ဤသို့လျှောက်ကြပါ၏)။ အသျှင်ဘုရား ဤသို့လျှောက်ကုန်သော ထိုရဟန်းမတို့အား "နှမတို့ ဤစကားသည် ဤအတိုင်းမှန်၏၊ ဤစကားသည် ဤအတိုင်းမှန်၏၊ တဦးဦးသော ရဟန်းသည်၎င်း ရဟန်းမသည်၎င်း သတိပဋ္ဌာန် လေးပါးတို့၌ စိတ်ကို ကောင်းစွာတည်စေ၍ နေခဲ့မူ ထိုသူသည် ရှေ့တရားထူးထက် မြတ်သော နောက်တရားထူးကို ကောင်းစွာ သိလိမ့်မည်ဟူသော ဤအကြောင်းကို (မချွတ်ဖြစ်ရလိမ့်မည်ဟု) မြော်လင့်အပ်ပေသည်ဟူ၍ ပြောလိုက်ပါသည်"ဟု လျှောက်၏။

အာနန္ဒာ ဤစကားသည် ဤအတိုင်းမှန်၏၊ အာနန္ဒာ ဤစကားသည် ဤအတိုင်းမှန်၏၊ အာနန္ဒာ တဦးဦးသော ရဟန်းသည်၎င်း ရဟန်းမသည်၎င်း သတိပဋ္ဌာန်လေးပါးတို့၌ စိတ်ကို ကောင်းစွာတည်စေ၍ နေခဲ့မူ ထိုသူသည် ရှေ့တရားထူးထက် မြတ်သော နောက်တရားထူးကို ကောင်းစွာ သိလိမ့်မည်ဟူသော အကြောင်းကို (မချွတ်ရလိမ့်မည်ဟု) မြော်လင့်အပ်၏။

အဘယ်လေးပါးတို့နည်း၊ အာနန္ဒာ ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍နေသော ထိုရဟန်းအား ရုပ် အပေါင်းလျှင် အာရုံရှိသည်ဖြစ်၍ ကိုယ်၌ (ကိလေသာ) ပူပန်ခြင်းသည်၎င်း စိတ်၏ တွန့်တိုဆုတ်နစ် ခြင်းသည်၎င်း ဖြစ်၏၊ပြင်ပ၌မူလည်း စိတ်ပျံ့လွင့်၏၊ အာနန္ဒာ ထိုရဟန်းသည် ကြည်ညိုဖွယ်ဖြစ်သော တစုံတခုသော အာရုံ၌ စိတ်ကိုထားအပ်၏၊ ကြည်ညိုဖွယ်ဖြစ်သော တစုံတခုသော အာရုံ၌ စိတ်ကို ထားသော ရဟန်းအား ဝမ်းမြောက်ခြင်းသည်ဖြစ်၏၊ ဝမ်းမြောက်သော ရဟန်းအား နှစ်သိမ့်မှု 'ပီတိ'ဖြစ်၏၊ နှစ်သိမ့်သောစိတ်ရှိသော ရဟန်း၏ ကိုယ်သည် ငြိမ်းချမ်း၏၊ ကိုယ်ငြိမ်းချမ်းသော ရဟန်းသည် ချမ်းသာကို ခံစား၏၊ချမ်းသာသော ရဟန်း၏စိတ်သည် တည်ကြည်၏၊ ထိုတည်ကြည် သော ရဟန်းသည် "အကြင်အကျိုးငှါ ငါသည် စင်စစ် စိတ်ကိုထား၏၊ ငါ့အား ထိုအကျိုးသည် ပြီးပြည့်စုံပြီ၊ ယခု(ကြည်ညိုဖွယ်အာရုံမှ)စိတ်ကို ရုပ်သိမ်းတော့အံ့"ဟု ဤသို့ဆင်ခြင်၏။ ထိုရဟန်း သည် (ကြည်ညိုဖွယ်အာရုံမှ) စိတ်ကို ရုပ်လည်း ရုပ်သိမ်း၏၊ ကြံလည်း မကြံစည်၊ သုံးလည်း မသုံး သပ်၊ "ငါသည် မကြံစည် မသုံးသပ် အဇ္ဈတ္တသန္တာန်၌ သတိရှိသည်ဖြစ်၍ ချမ်းသာ၏"ဟု သိ၏။

အာနန္ဒာ နောက်တမျိုးကား ရဟန်းသည် ဝေဒနာတို့၌။ပ။ စိတ်၌။ပ။ ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်

http://www.dhammadownload.com



ဖြစ်၍ နေ၏။ သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေသော ထိုရဟန်းအား သဘောတရားတို့လျှင် အာရုံရှိသည်ဖြစ်၍ ကိုယ်၌ပူပန်ခြင်းသည်၎င်း စိတ်၏တွန့်တို ဆုတ်နစ်ခြင်းသည်၎င်း ဖြစ်၏၊ အပ၌မူလည်း စိတ်သည် ပျံ့လွင့်၏၊ အာနန္ဒာ ထိုရဟန်းသည် ကြည်ညို ဖွယ်ဖြစ်သော တစုံတခုသော အာရုံ၌ စိတ်ကိုထားအပ်၏၊ ကြည်ညိုဖွယ်ဖြစ်သော တစုံတခုသော အာရုံ၌ စိတ်ကိုထားသော် ထိုရဟန်းအား ဝမ်းမြောက်ခြင်းသည်ဖြစ်၏၊ ဝမ်းမြောက်သော ရဟန်း အား နှစ်သိမ့်မှု 'ပီတိ' ဖြစ်၏၊ နှစ်သိမ့်သော ရဟန်း၏ကိုယ်သည် ငြိမ်းချမ်း၏၊ ကိုယ်ငြိမ်းချမ်းသော ရဟန်းသည် ချမ်းသာကို ခံစားရ၏၊ ချမ်းသာသော ရဟန်း၏စိတ်သည် တည်ကြည်၏၊ ထိုတည် ကြည်သော ရဟန်းသည် "အကြောင်းအကျိုးငှါ ငါသည် စင်စစ် စိတ်ကိုထား၏၊ ငါ့အား ထိုအကျိုး သည် ပြီးပြည့်စုံပြီ၊ ယခု (ကြည်ညိုဖွယ်အာရုံမှ) စိတ်ကို ရုပ်သိမ်းတော့အံ့"ဟု ဤသို့ ဆင်ခြင်၏၊ ထိုရဟန်းသည် (ကြည်ညိုဖွယ်အာရုံမှ) စိတ်ကို ရုပ်လည်း ရုပ်သိမ်း၏၊ ကြံလည်း မကြံစည် သုံးလည်း မသုံးသပ်၊ "ငါသည် မကြံစည် မသုံးသပ် အဇ္ဈတ္တသန္တာန်၌ သတိရှိသည်ဖြစ်၍ ချမ်းသာ၏"ဟုသိ၏။ အာနန္ဒာ ဤသို့လျှင် စိတ်ကို ဆောက်တည်၍ ပွါးများခြင်းဖြစ်၏။

အာနန္ဒာ အဘယ်သို့လျှင် စိတ်ကို မထားမူ၍ ပွါးများခြင်းဖြစ်သနည်း၊ အာနန္ဒာ ရဟန်းသည် ပြင်ပ (အာရုံ)၌စိတ်ကို မထားမူ၍ "ငါ၏စိတ်သည် ပြင်ပ(အာရုံ)၌ မထား"ဟု သိ၏။ ထို့နောက် "ငါ၏စိတ်သည် နောက်၌၎င်း ရှေ့၌၎င်း မကြုံ့လွတ်၏၊ မတောင့်တ"ဟု သိ၏၊ ထို့ပြင်လည်း "(ငါသည်) ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍နေ၏၊ ချမ်းသာ ၏"ဟု သိ၏။ အာနန္ဒာ ရဟန်းသည် ပြင်ပ (အာရုံ)၌ စိတ်ကို မထားမူ၍ "ငါ၏ စိတ်ကို ပြင်ပ (အာရုံ)၌ မထား"ဟု သိ၏၊ ထို့နောက် "ငါ၏စိတ်သည် နောက်၌၎င်း ရှေ့၌၎င်း မကြုံ့ လွတ်၏၊ မတောင့်တ"ဟု သိ၏။ ထို့ပြင်လည်း "(ငါသည်) ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'အောက်မေ့မှု'သတိ'ရှိသည်ဖြစ်၍ ဝေဒနာတို့၌ ဝေဒနာတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ ချမ်းသာ၏"ဟု သိ၏၊ အာနန္ဒာ ရဟန်းသည် ပြင်ပ(အာရုံ)၌ စိတ်ကို မထားမူ၍ "ငါ၏ စိတ်ကို ပြင်ပ(အာရုံ)၌ မထား"ဟု သိ၏၊ ထို့နောက် "ငါ၏စိတ်သည် နောက်၌ ၎င်း ရှေ့၌၎င်း မကြုံ့လွတ်၏၊ မတောင့်တ"ဟု သိ၏။ ထို့ပြင်လည်း "(ငါသည်) ပြင်းစွာအားထုတ် သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ စိတ်၌ စိတ်ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ ချမ်းသာ၏" ဟု သိ၏၊ အာနန္ဒာ ရဟန်းသည် "ပြင်ပ (အာရုံ)၌ စိတ်ကိုမထားမူ၍ ငါ၏စိတ်ကို ပြင်ပ (အာရုံ)၌ မထား"ဟု သိ၏၊ ထို့နောက် "ငါ၏ စိတ်သည် နောက်၌၎င်း ရှေ့၌၎င်း မကြုံ့လွတ်၏၊ မတောင့်တ"ဟု သိ၏။ ထို့ပြင်လည်း "(ငါသည်) ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ'ရှိသည် ဖြစ်၍ သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ ချမ်းသာ ၏"ဟု သိ၏။ အာနန္ဒာ ဤသို့လျှင် စိတ်ကို မထားမူ၍ ပွါးများခြင်း ဖြစ်၏။

အာနန္ဒာ ဤသို့လျှင် စိတ်ကိုထား၍ ပွါးများခြင်းကိုလည်း ငါဟောအပ်ပြီ၊ စိတ်ကို မထားမူ၍ ပွါးများခြင်းကိုလည်း ငါဟောအပ်ပြီ။အာနန္ဒာ တပည့်သာဝကတို့၏ စီးပွါးကို လိုလားသော အစဉ် သနားတတ်သော သင်တို့ဆရာ ငါသည် အစဉ်သနားသည်ဖြစ်၍ သင်တို့အတွက် ပြုသင့်ပြုထိုက်သည် ကို ပြုအပ်ပြီ။ အာနန္ဒာ ဤသည်တို့ကား သစ်ပင်ရင်းတို့တည်း၊ ဤသည်တို့ကား ဆိတ်ငြိမ်ရာအရပ်

http://www.dhammadownload.com



တို့တည်း၊ အာနန္ဒာ ရှုကြကုန်လော့၊ မမေ့လျော့ကုန်လင့်၊ နောက်၌ နှလုံးမသာယာ မဖြစ်ကြကုန်လင့်၊ ဤသည်ကား သင်တို့အား ငါတို့၏ အဆုံးအမပေတည်းဟု (မိန့်တော်မူ၏)။ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားဟောတော်မူသော တရားတော်ကို လွန်စွာ နှစ်သက်ဝမ်းမြောက်လေ၏။

ဒသမသုတ်။

ရှေးဦးစွာသော အမ္ဗပါလိဝဂ် ပြီး၏။

## ၂-နာလန္ဒဝဂ် ၁-မဟာပုရိသသုတ်

၃၇၇။ သာဝတ္ထိနိဒါန်း။ ထိုအခါ အသျှင်သာရိပုတြာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏ "အသျှင်ဘုရား ယောကျ်ားမြတ် ယောကျ်ားမြတ်ဟု ဆိုပါ၏၊ အသျှင်ဘုရား အဘယ်မျှဖြင့် ယောကျ်ားမြတ် ဖြစ်ပါသနည်း"ဟု (လျှောက်၏)။ သာရိပုတြာ (အာသဝတို့မှ) လွတ်မြောက်သော စိတ်ရှိသောကြောင့်သာ "ယောကျ်ားမြတ်"ဟု ငါဆို၏၊ (အာသဝတို့မှ)လွတ်မြောက်သော စိတ်မရှိမူ "ယောကျ်ားမြတ်ဟု ငါမဆို"ဟု (မိန့်တော်မူ၏)။

သာရိပုတြာ အဘယ်သို့လျှင် (အာသဝတို့မှ) လွတ်မြောက်သော စိတ်ရှိသနည်း၊ သာရိပုတြာ ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေသော ထိုရဟန်းအား စိတ်သည် တပ်မက်မှု ကင်း၏၊ (တဏှာဒိဋ္ဌိတို့ဖြင့်) တစုံတခုသော အာရုံကို မစွဲလမ်းမူ၍ အာသဝေါတို့မှ လွတ်မြောက်၏။ ဝေဒနာတို့၌။ပ။ စိတ်၌။ပ။ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေသော ရဟန်း၏ စိတ်သည် တပ်မက်မှု ကင်း၏၊ (တဏှာဒိဋ္ဌိတို့ဖြင့်)တစုံတခုသော အာရုံကို မစွဲလမ်းမူ၍ အာသဝေါတို့မှ လွတ်မြောက်၏။ သာရိပုတြာ ဤသို့လျှင် လွတ်မြောက်သော စိတ်ရှိ၏။ သာရိပုတြာ (အာသဝတို့မှ) လွတ်မြောက်သော စိတ်ရှိသောကြောင့်သာ "ယောကျ်ားမြတ်"ဟု ငါဆို၏။ (အာသဝတို့မှ) လွတ်မြောက်သော စိတ်မရှိမူ "ယောကျ်ားမြတ်ဟု ငါ မဆို"ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

## ၂-နာလန္ဒသုတ်

၃၇၈။ အခါတပါး၌ မြတ်စွာဘုရားသည် နာလန္ဒမြို့ ပါဝါရိက သရက်ဥယျာဉ်၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ အသျှင်သာရိပုတြာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို

http://www.dhammadownload.com



ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏ "သမ္ဗောဓိဉာဏ်တော်၌ မြတ်စွာဘုရားထက် ပိုမိုလွန်ကဲစွာသိသော မြတ်စွာဘုရားမှ အခြားတပါး သောသမဏသည်ငြင်း ဗြာဟ္မဏသည်ငြင်း ဖြစ်လည်း မဖြစ်ဘူး၊ ဖြစ်လိမ့်မည်လည်း မဟုတ်၊ ယခုအခါလည်း မရှိပါဟု မြတ်စွာဘုရား၌ တပည့်တော် ယုံကြည်ပါ၏"ဟု လျှောက်၏။ သာရိပုတြာ "သမ္ဗောဓိဉာဏ်တော်၌ မြတ်စွာဘုရားထက် ပိုမိုလွန်ကဲသော မြတ်စွာဘုရားမှ အခြား တပါးသော သမဏသည်ငြင်း ဗြာဟ္မဏသည်ငြင်း ဖြစ်လည်း မဖြစ်ဘူး၊ ဖြစ်လိမ့်မည်လည်း မဟုတ်၊ ယခုအခါ၌လည်း မရှိပါဟု မြတ်စွာဘုရား၌ တပည့်တော် ဤသို့ ယုံကြည်ပါ၏"ဟု သင်သည် မြတ်သော ရဲရင့်သော စကားကို ပြော၏၊ တဖက်သတ်ဆုံးဖြတ်ချက်ချ၏၊ မြတ်သော ကြုံးဝါး ခြင်းကို ကြုံးဝါး၏ဟု (မိန့်တော်မူ၏)။

သာရိပုတြာ ရှေးအခါ၌ ဖြစ်တော်မူခဲ့ကုန်သော ပူဇော်အထူးကို ခံတော်မူထိုက်ကုန်သော (အလုံးစုံသောတရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူကုန်သော အလုံးစုံသော မြတ်စွာဘုရား တို့၏ စိတ်ကို"ထိုမြတ်စွာဘုရားတို့သည် ဤသို့ သီလရှိကုန်ပြီဟုငြင်း ဤသို့ (သမာဓိ) တရားရှိကုန် ပြီဟုငြင်း ဤသို့ ပညာရှိကုန်ပြီဟုငြင်း ဤသို့ နေလေ့ရှိကုန်ပြီဟုငြင်း ထိုမြတ်စွာဘုရားတို့သည် ဤသို့ (အာသဝတို့မှ) လွတ်မြောက်ကုန်ပြီဟုငြင်း သင့်စိတ်ဖြင့် ပိုင်းခြား၍ သိသလော"။ အသျှင် ဘုရား ဤသို့ မသိပါ။

သာရိပုတြာ နောင်အခါ၌ ဖြစ်တော်မူလတ္တံ့သော ပူဇော်အထူးကို ခံတော်မူထိုက်ကုန်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူကုန်သော အလုံးစုံသော မြတ်စွာ ဘုရားတို့၏ စိတ်ကို "ထိုမြတ်စွာဘုရားတို့သည် ဤသို့ သီလရှိကုန်လတ္တံ့ဟုငြင်း ဤသို့ (သမာဓိ) တရားရှိကုန်လတ္တံ့ဟုငြင်း ဤသို့ ပညာရှိကုန်လတ္တံ့ဟုငြင်း ဤသို့ နေလေ့ရှိကုန်လတ္တံ့ဟုငြင်း ထိုမြတ်စွာဘုရားတို့သည် ဤသို့ (အာသဝတို့မှ) လွတ်မြောက်ကုန်လတ္တံ့ဟုငြင်း သင့်စိတ်ဖြင့် ပိုင်းခြား၍သိသလော"။ အသျှင်ဘုရား ဤသို့ မသိပါ။

သာရိပုတြာ ယခုအခါ၌ ပူဇော်အထူးကို ခံတော်မူထိုက်ကုန်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ငါဘုရား၏ စိတ်ကို "မြတ်စွာဘုရားသည် ဤသို့ သီလရှိ၏ဟုငြင်း ဤသို့ (သမာဓိ)တရားရှိ၏ဟုငြင်း ဤသို့ ပညာရှိ၏ဟုငြင်း ဤသို့ နေလေ့ရှိ၏ဟုငြင်း မြတ်စွာဘုရား သည် ဤသို့ (အာသဝတို့မှ)လွတ်မြောက်၏ဟုငြင်း ဤသို့ သင့်စိတ်ဖြင့် ပိုင်းခြား၍ သိသလော"။ အသျှင်ဘုရား ဤသို့ မသိပါ။

သာရိပုတြာ အတိတ်အနာဂတ် ပစ္စုပ္ပန်တို့၌ (ပွင့်တော်မူကုန်သည့်) ပူဇော်အထူးကို ခံတော် မူထိုက်ကုန်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူကုန်သော ဤ မြတ်စွာဘုရားတို့၌ စိတ်ကို ပိုင်းခြား၍ သိနိုင်သော ဉာဏ်သည် သင့်အား မရှိ၊ ထိုသို့ မရှိပါပဲလျက် "သမ္ဗောဓိဉာဏ်တော်၌ မြတ်စွာဘုရားထက် ပိုမိုလွန်ကဲစွာသိသော မြတ်စွာဘုရားမှ အခြားတပါး သော သမဏသည်ငြင်း ဗြာဟ္မဏသည်ငြင်း ဖြစ်လည်း မဖြစ်ဘူး၊ ဖြစ်လိမ့်မည်လည်းမဟုတ်၊ ယခု အခါ၌လည်း မရှိပါဟု မြတ်စွာဘုရား၌ တပည့်တော် ယုံကြည်ပါ၏"ဟု သင်သည် ဤမြတ်သော ရဲရင့်သောစကားကို အဘယ့်ကြောင့် ပြောဘိသနည်း၊ တဖက်သတ် ဆုံးဖြတ်ချက် ချဘိသနည်း၊ မြတ်သောကြုံးဝါးခြင်းကို ကြုံးဝါးဘိသနည်း ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



အသျှင်ဘုရား အတိတ် အနာဂတ် ပစ္စုပ္ပန်တို့၌ (ပွင့်တော်မူကုန်သည့်) ပူဇော်အထူးကို ခံတော်မူထိုက်ကုန်သော(အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာသိတော်မူကုန်သော မြတ်စွာဘုရားတို့၌ စိတ်ကို ပိုင်းခြား၍ သိနိုင်သောဉာဏ်သည် အကျွန်ုပ်အား မရှိပါ၊ သို့သော်လည်း တရားတော်သို့ အစဉ်လိုက်၍ သိရပါ၏။ အသျှင်ဘုရား ဥပမာသော်ကား မင်း၏တိုင်းစွန်ကျသော မြို့သည် ခိုင်မြဲသောတန်တိုင်းခြေရှိ၏၊ ခိုင်မြဲသော တန်တိုင်းနှင့်တုရိုဏ်တိုင်ရှိ၏၊ တံခါးတပေါက်သာ ရှိ၏၊ ထိုမြို့၌ တံခါးစောင့်သည် ပညာရှိ၏၊ ကျွမ်းကျင်လိမ္မာ၏၊ ဌာနအားလျော်စွာ သိတတ်သော ပညာ ရှိ၏၊ မသိသောသူတို့ကို တားမြစ်၍ သိသောသူတို့ကိုသာ ဝင်စေ၏၊ ထိုတံခါးစောင့်သည် ထိုမြို့၏ပတ်ဝန်းကျင်မှ အစဉ်အတိုင်းလှည့်သွားသောလမ်းသို့အစဉ်လိုက်သွားသည်ရှိသော် တန်တိုင်း အစပ်ကိုင်း တန်တိုင်းအပေါက်ကိုင်း အယုတ်ဆုံးအားဖြင့် ကြောင်ထွက်လောက်ရုံ အပေါက် ကိုမျှလည်း မတွေ့မြင်ရာ။ ထိုတံခါးစောင့်အား"ဤမြို့တွင်းသို့ ဝင်သူ ထွက်သူ ကြီးမားသော သတ္တဝါအားလုံးတို့သည် ဤတံခါးဖြင့်သာ ဝင်လည်း ဝင်ကုန်၏၊ ထွက်လည်း ထွက်ကုန်၏"ဟု အကြံဖြစ်ရာ၏။ အသျှင်ဘုရား ထို့အတူပင် တပည့်တော်သည် ရှေးအခါ၌ ပွင့်တော်မူကုန်သော ပူဇော်အထူးကို ခံတော်မူထိုက်ကုန်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာသိတော် မူကုန်သော အလုံးစုံသော မြတ်စွာဘုရားတို့သည်သည်း စိတ်ကို ညစ်ညူးစေတတ်ကုန်သော ပညာကို အားနည်းအောင် ပြုလုပ်တတ်ကုန်သော နီဝရဏငါးပါးတို့ကို ပယ်စွန့်၍ သတိပဋ္ဌာန် လေးပါးတို့၌ စိတ်ကို ကောင်းစွာတည်စေကုန်လျက် ဗောဇ္ဈင်ခုနစ်ပါးတို့ကို ဟုတ်တိုင်းမှန်စွာ ပွါးများ၍ အတုမရှိ မြတ်သောအရဟတ္တမဂ်ဉာဏ်နှင့် သဗ္ဗညုတဉာဏ်ကို ထိုးထွင်း၍ သိတော် မူကုန်ပြီ၊ နောင်အခါ ပွင့်တော်မူကုန်မည့် ပူဇော်အထူးကို ခံတော်မူထိုက်ကုန်သော (အလုံး စုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူကုန်သော အလုံးစုံသော မြတ်စွာဘုရားတို့သည် လည်း စိတ်ကို ညစ်ညူးစေတတ်ကုန်သော ပညာကိုအားနည်းအောင် ပြုလုပ်တတ်ကုန်သော နီဝရဏငါးပါးတို့ကို ပယ်စွန့်၍ သတိပဋ္ဌာန်လေးပါးတို့၌ စိတ်ကို ကောင်းစွာ တည်စေကုန်လျက် ဗောဇ္ဈင်ခုနစ်ပါးတို့ကို ဟုတ်တိုင်းမှန်စွာ ပွါးများ၍ အတုမရှိ မြတ်သော အရဟတ္တမဂ်ဉာဏ်နှင့် သဗ္ဗညုတဉာဏ်ကို ထိုးထွင်း၍ သိတော်မူကုန်လတ္တံ့။ အသျှင်ဘုရား ယခုအခါ၌ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာ ဘုရားသည်လည်း စိတ်ကိုညစ်ညူးစေတတ်ကုန်သော ပညာကို အားနည်းအောင် ပြုလုပ်တတ် ကုန်သော နီဝရဏငါးပါးတို့ကို ပယ်စွန့်၍ သတိပဋ္ဌာန်လေးပါးတို့၌ စိတ်ကို ကောင်းစွာတည်စေ၍ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ဟုတ်တိုင်းမှန်စွာ ပွါးများ၍ အတုမရှိ မြတ်သော အရဟတ္တမဂ်ဉာဏ်နှင့် သဗ္ဗညုတဉာဏ်ကို ထိုးထွင်း၍ သိတော်မူ၏ ဟု တရားတော်သို့ အစဉ်လိုက်၍ သိရပါ၏ ဟု (လျှောက်၏)။

သာရိပုတြာ ကောင်းပေစွ၊ ကောင်းပေစွ၊ ထို့ကြောင့်ပင် သင်သည် ဤတရားဒေသနာတော်ကို ရဟန်း ရဟန်းမ ဥပါသကာ ဥပါသိကာမတို့အား အမြဲမပြတ် ဟောကြားလေလော့။ သာရိပုတြာ မှန်၏၊ ငါဘုရား၌ ယုံမှားခြင်းသည်ငှင်း တွေးတောခြင်းသည်ငှင်း ဖြစ်ကုန်သော (မဂ်ဖိုလ်မှ) အချည်းနှီးဖြစ်ကုန်သော သူတို့သော်မှလည်း ဤတရားဒေသနာကို ကြားနာရသည်ရှိသော် မြတ်စွာဘုရား၌ ယုံမှားခြင်းကိုငှင်း တွေးတောခြင်းကိုငှင်း ပယ်ဖျောက်နိုင်ပေလတ္တံ့ ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

http://www.dhammadownload.com



## ၃-စုန္ဒသုတ်

၃၇၉။ အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌(သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ အသျှင်သာရိပုတြာသည် မဂဓတိုင်း နာလကရွာငယ်၌ အနာရောဂါနှိပ်စက်ရကား ဆင်းရဲသို့ရောက်သည်ဖြစ်၍ ပြင်းထန်စွာ မကျန်းမမာဖြစ်နေ၏၊ သမဏုဒ္ဒေသအမည်ရသော အသျှင်စုန္ဒသည် အသျှင်သာရိပုတြာ၏ အလုပ်အကျွေးဖြစ်၏။

ထိုအခါ အသျှင်သာရိပုတြာသည် ထိုအနာဖြင့်ပင် ပရိနိဗ္ဗာန် ပြုတော်မူလေ၏၊ ထိုအခါ သမဏုဒ္ဒေသအမည်ရသော အသျှင်စုန္ဒသည် အသျှင်သာရိပုတြာ၏ သပိတ်သင်္ကန်းကိုယူခဲ့၍ သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏အရံဖြစ်သော ဇေတဝန်ကျောင်းနေ အသျှင်အာနန္ဒာထံ ချဉ်းကပ်၍ အသျှင်အာနန္ဒာကို ရှိခိုးလျက် တခုသောနေရာ၌ ထိုင်နေပြီးသော် အသျှင်အာနန္ဒာအား "အသျှင်ဘုရား အသျှင်သာရိပုတြာသည် ပရိနိဗ္ဗာန်ပြုတော်မူပါပြီ၊ ဤသည်ကား ထိုအသျှင်သာရိပုတြာ၏ သပိတ်သင်္ကန်းပါတည်း" ဟု လျှောက်၏။ ငါ့သျှင်စုန္ဒ မြတ်စွာဘုရားကို ဖူးမြင်ရန် ဤစကားလက်ဆောင်သည် ရှိ၏၊ ငါ့သျှင်စုန္ဒ သွားကုန်အံ့၊ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထားကုန်အံ့ဟု မိန့်ဆို၏၊ သမဏုဒ္ဒေသအမည်ရသော အသျှင်စုန္ဒသည် "အသျှင်ဘုရား ကောင်းပါပြီ"ဟု အသျှင်အာနန္ဒာအား ပြန်လျှောက်၏။

ထို့နောက် အသျှင်အာနန္ဒာနှင့် သမဏုဒ္ဒေသအမည်ရသော အသျှင်စုန္ဒသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကုန်၍ မြတ်စွာဘုရားကို ရှိခိုးကုန်လျက် တခုသောနေရာ၌ ထိုင်နေကုန်ပြီးသော် အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏ "အသျှင်ဘုရား သမဏုဒ္ဒေသအမည်ရသော ဤအသျှင်စုန္ဒသည် 'အသျှင်ဘုရား အသျှင်သာရိပုတြာသည် ပရိနိဗ္ဗာန်ပြုပါပြီ၊ ဤသည်ကား ထိုအသျှင်သာရိပုတြာ၏ သပိတ်သင်္ကန်းပါတည်း'ဟု လျှောက်၏။ အသျှင်ဘုရား အသျှင်သာရိပုတြာသည် ပရိနိဗ္ဗာန်ပြုပြီဟု ကြားရသောကြောင့် စင်စစ်အားဖြင့် တပည့်တော်၏ ကိုယ်သည် လေးလံတောင့်တင်းသကဲ့သို့ ဖြစ်ပါ၏၊ အရပ်မျက်နှာတို့သည်လည်း တပည့်တော်အား မထင်ပါကုန်၊ တရားတို့သည်လည်း တပည့်တော်အား မထင်ပါကုန်"ဟု လျှောက်၏။

အာနန္ဒာ သာရိပုတြာသည် သင်၏ သီလအစုကိုယူ၍ ပရိနိဗ္ဗာန်ပြုသလော၊ သမာဓိအစုကို ယူ၍ ပရိနိဗ္ဗာန်ပြုသလော၊ ပညာအစုကိုယူ၍ ပရိနိဗ္ဗာန်ပြုသလော၊ လွတ်မြောက်မှု'ဝိမုတ္တိ' (အရဟတ္တမဂ် အရဟတ္တဖိုလ်)အစုကိုယူ၍ ပရိနိဗ္ဗာန်ပြုသလော၊ လွတ်မြောက်မှုကိုသိသော ဝိမုတ္တိဉာဏ်အမြင် (ပစ္စဝေက္ခဏာဉာဏ်)အစုကိုယူ၍ ပရိနိဗ္ဗာန်ပြုသလောဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား အသျှင်သာရိပုတြာသည် တပည့်တော်၏ သီလအစုကိုယူ၍ ပရိနိဗ္ဗာန်မပြုပါ၊ သမာဓိအစု။ပ။ ပညာအစု။ပ။ လွတ်မြောက်မှု 'ဝိမုတ္တိ' (အရဟတ္တမဂ် အရဟတ္တဖိုလ်) အစု။ပ။ ဝိမုတ္တိဉာဏ်အမြင် (ပစ္စဝေက္ခဏာဉာဏ်)အစုကိုယူ၍ ပရိနိဗ္ဗာန်မပြုပါ၊ အသျှင်ဘုရား စင်စစ်သော်ကား အသျှင်သာရိပုတြာသည် တပည့်တော်အား ဆုံးမပါ၏၊ (တရား၌) သက်ဝင်စေပါ၏၊ (တရားကို) သိစေပါ၏၊ တရားကို ဆောက်တည်စေပါ၏၊ (တရားကျင့်သုံးရန်)ထက်သန်စေပါ၏၊ ရွှင်လန်းစေပါ၏၊ တရားဟောရန် ကြောင့်ကြစိုက်ပါ၏၊ သီတင်းသုံးဖော်တို့ကို ချီးမြှောက်တတ်ပါ၏၊ တပည့်တော်တို့သည် အသျှင်သာရိပုတြာ၏ ထိုတရားဩဇာ တရားအသုံးအဆောင် တရားတော်ဖြင့် ချီးမြှောက်မှုကို မပြတ်အောက်မေ့မိပါကုန်၏ဟု (လျှောက်၏)။

သံ မြန် - ၃-၁၀

http://www.dhammadownload.com



အာနန္ဒာ အလုံးစုံသော ချစ်အပ်သော နှလုံးကို ပွါးစေတတ်သော သူတို့နှင့် ရှင်ကွဲကွဲရခြင်း သေကွဲကွဲရခြင်း ဘဝတခြားစီဖြစ်ရခြင်းကို ရှေးမဆွကပင် ငါဟောထားအပ်သည် မဟုတ်ပါလော။ အာနန္ဒာ "ဖြစ်ခြင်း ကြီးပွါးခြင်း ဖျပုပြင်ရခြင်း ပျက်စီးတတ်ခြင်း သဘောရှိသောတရားကို စင်စစ်အားဖြင့် မပျက်စီးပါလင့်"ဟု ဤသို့သော တောင့်တခြင်းကို ဤအရာ၌ အဘယ်မှာလျှင် ရနိုင်ပါမည်နည်း၊ ဤအကြောင်းမျိုးသည် မရှိပေ။ အာနန္ဒာ အနှစ်ရှိသော သစ်ပင်ကြီးသည် တည်ရှိနေစဉ် အကြီးဆုံးသော အကိုင်းသည် ပျက်စီးရာသကဲ့သို့ အာနန္ဒာ ထို့အတူပင် အနှစ်ရှိသော များစွာသော ရဟန်းအပေါင်းသည် တည်ရှိနေစဉ် သာရိပုတြာသည် ပရိနိဗ္ဗာန်ပြုပြီ၊ အာနန္ဒာ "ဖြစ်ခြင်း ကြီးပွါးခြင်း ပြုပြင်ရခြင်း ပျက်စီးတတ်ခြင်း သဘောရှိသော တရားကို စင်စစ်အားဖြင့် မပျက်စီးပါစေလင့်"ဟု ဤသို့သော တောင့်တခြင်းကို ဤအရာ၌အဘယ်မှာလျှင် ရနိုင်ပါမည်နည်း၊ ဤအကြောင်းမျိုးသည် မရှိပေ။ အာနန္ဒာ ထို့ကြောင့်ပင် သူတပါးကို အားမကိုးကြမူ၍ မိမိကိုယ်ကို မှီခိုအားကိုးကာ နေကြကုန်လော့၊ အခြားတရားကို အားမကိုးကြမူ၍ (လောကုတ္တရာ) တရားတော်ကို မှီခိုအားကိုးကာ နေကြကုန်လော့။

အာနန္ဒာ ရဟန်းသည် အဘယ်သို့လျှင် သူတပါးကို အားမကိုးမူ၍ မိမိကိုယ်ကို မှီခိုအားကိုးကာ နေရသနည်း၊အခြားတရားကို အားမကိုးမူ၍(လောကုတ္တရာ)တရားတော်ကို မှီခိုအားကိုးကာ နေရသနည်း။ အာနန္ဒာ ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာ အားထုတ်သော လုံ့လရှိသည် ဖြစ်၍ ဆင်ခြင်ဉာဏ်'သမ္ပဇဉ်' အောက်မေ့မှု'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ဝေဒနာတို့၌။ပ။စိတ်၌။ပ။ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍ နေ၏။ အာနန္ဒာ ဤသို့လျှင် ရဟန်းသည် သူတပါးကို အားမကိုးမူ၍ မိမိကိုယ်ကို မှီခိုအားကိုးကာ နေရ၏၊ အခြားတရားကို အားမကိုးမူ၍ (လောကုတ္တရာ)တရားတော်ကို မှီခိုအားကိုးကာ နေရ၏၊ အာနန္ဒာ ယခုအခါ၌ဂျင်း ငါဘုရား ကွယ်လွန်သော အခါ၌ဂျင်း သူတပါးကို အားမကိုးမူ၍ မိမိကိုယ်ကို မှီခိုအားကိုးကြလျက် အခြားတရားကို အားမကိုးကြမူ၍ (လောကုတ္တရာ)တရားတော်ကို မှီခိုအားကိုးကာ နေကြရမည့် ရဟန်းဟူသမျှ အားလုံးတို့သည် သိက္ခာသုံးပါးကို အလိုရှိသော ရဟန်းအားလုံးတို့ထက် အမြတ်ဆုံး ဖြစ်ကြ ပေလိမ့်မည်ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-ဥက္ကစေလသုတ်

၃၈၀။ အခါတပါး၌ အသျှင်သာရိပုတြာနှင့် အသျှင်မဟာမောဂ္ဂလာန်တို့ ပရိနိဗ္ဗာန် ပြု၍ မကြာမီ မြတ်စွာဘုရားသည် ဝဇ္ဇီတိုင်း ဥက္ကစေလာမြို့ ဂင်္ဂါမြစ်ကမ်းနား၌ များစွာသော ရဟန်းသံဃာနှင့်အတူ(သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် များစွာသော ရဟန်းသံဃာ ခြံရံတော်မူလျက် လွင်တီးခေါင်၌ ထိုင်နေတော်မူ၏။

http://www.dhammadownload.com



ထိုအခါ မြတ်စွာဘုရားသည် တိတ်ဆိတ်စွာ နေသော ရဟန်းသံဃာကို စောင်းငဲ့ ကြည့်ရှုတော်မူ၍ ရဟန်းတို့ကို မိန့်တော်မူ၏—ရဟန်းတို့ ငါ၏ ဤပရိသတ်သည် သာရိပုတြာနှင့် မောဂ္ဂလာန်တို့ ပရိနိဗ္ဗာန် ပြုကုန်ပြီးသော် စင်စစ်အားဖြင့် ဆိတ်သုဉ်းသကဲ့သို့ ထင်ရ၏၊ရဟန်းတို့ ငါ၏ပရိသတ်သည် မဆိတ်သုဉ်း၊ သာရိပုတြာနှင့်မောဂ္ဂလာန်တို့ နေရာကို ငဲ့ကွက်ခြင်း မရှိ။ ရဟန်းတို့ ရှေးအခါ၌ ပွင့်တော်မူကုန်ပြီးသော ပူဇော်အထူးကို ခံတော်မူထိုက်ကုန်သော(အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူကုန်သော မြတ်စွာဘုရားတို့အား ငါ၏ (တပည့်အစုံဖြစ်သော) သာရိပုတြာနှင့် မောဂ္ဂလာန်တို့ကဲ့သို့ ထိုအတိုင်း အရှည်ရှိသည်သာဖြစ်သော တပည့်အစုံ ဖြစ်ခဲ့ဘူးပြီ။ ရဟန်းတို့ နောင်အခါ၌ ပွင့်တော်မူမည့် ပူဇော်အထူးကို ခံတော်မူထိုက်ကုန်သော(အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူကုန်သော မြတ်စွာဘုရားတို့အားလည်း ငါ၏ (တပည့်အစုံဖြစ်သော)သာရိပုတြာနှင့်မောဂ္ဂလာန်တို့ကဲ့သို့ ထိုအတိုင်းအရှည်ရှိသည်သာဖြစ်သော တပည့်အစုံဖြစ်လိမ့်မည်။ ရဟန်းတို့ တပည့်'သာဝက'တို့၏(အဖြစ်မျိုးသည်)အံ့ဩဖွယ်ဖြစ်ပေစွ၊ မဖြစ်ဘူးမြဲဖြစ်ပေစွ၊ မြတ်စွာဘုရား၏ ဆုံးမချက်ကို လိုက်နာကုန်ဘိ၏၊ သွန်သင်ချက်ကို လိုက်နာ ပြုလုပ်ကုန်ဘိ၏၊ ပရိသတ်လေးပါးတို့သည် ချစ်အပ် မြတ်နိုးအပ်ကုန်သည်ဖြစ်၍ အလေးပြုအပ်နှလုံးကို ပွါးစေတတ်ကုန်၏။ ရဟန်းတို့ မြတ်စွာဘုရား၏ (အဖြစ်မျိုးသည်) အံ့ဩဖွယ်ဖြစ်ပေစွ၊ မဖြစ်ဘူးမြဲ ဖြစ်ပေစွ၊ ဤသို့ သဘောရှိသော တပည့်'သာဝက'အစုံသည် ပရိနိဗ္ဗာန်ပြုပါသော်လည်း မြတ်စွာဘုရားအား စိုးရိမ်ပူဆွေးခြင်းသည်ရင်း ငိုကြွေးခြင်းသည်ရင်း မရှိပေ၊''ဖြစ်ခြင်း ကြီးပွါးခြင်း ပြုပြင်ရခြင်း ပျက်စီးတတ်ခြင်းသဘောရှိသော တရားကို စင်စစ်အားဖြင့် မပျက်စီးပါစေလင့်''ဟု ဤသို့သော တောင့်တခြင်းကို ဤအရာ၌ အဘယ်မှာလျှင် ရနိုင်ပါမည်နည်း၊ ဤအကြောင်းမျိုးလည်း မရှိပေ၊ ရဟန်းတို့ အနှစ်ရှိသော သစ်ပင်ကြီးသည် တည်ရှိနေစဉ် အကြီးဆုံး အကိုင်းတို့သည် ပျက်စီးကုန်ရာသကဲ့သို့ ရဟန်းတို့ ထို့အတူပင် အနှစ်ရှိသော များစွာသော ရဟန်းအပေါင်းသည် တည်ရှိနေစဉ် သာရိပုတြာနှင့် မောဂ္ဂလာန်တို့သည် ပရိနိဗ္ဗာန်ပြုကုန်ပြီ၊ ''ဖြစ်ခြင်း ကြီးပွါးခြင်း ပြုပြင်ရခြင်း ပျက်စီးခြင်းသဘောရှိသော တရားကို စင်စစ်အားဖြင့် မပျက်စီးပါစေလင့်''ဟု ဤသို့သော တောင့်တခြင်းကို ဤအရာ၌ အဘယ်မှာလျှင် ရနိုင်ပါမည်နည်း၊ ဤအကြောင်းမျိုးလည်း မရှိပေ။ ရဟန်းတို့ ထို့ကြောင့် သူတပါးကို အားမကိုးမူ၍ မိမိကိုယ်ကို မှီခိုအားကိုးကာ နေကြကုန်လော့၊ အခြားတရားကို အားမကိုးမူ၍ (လောကုတ္တရာ)တရားတော်ကို မှီခိုအားကိုးကာ နေကြကုန်လော့။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် သူတပါးကို အားမကိုးမူ၍ မိမိကိုယ်ကို မှီခိုအားကိုးကာ နေရသနည်း၊ အခြားတရားကို အားမကိုးမူ၍(လောကုတ္တရာ)တရားတော်ကို မှီခိုအားကိုးကာ နေရသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကိုပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ ဝေဒနာတို့၌။ပ။ စိတ်၌။ပ။ ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် သူတပါးကို အားမကိုးမူ၍ မိမိကိုယ်ကို မှီခို အားကိုးကာ နေရ၏၊ အခြား တရားကို အားမကိုးမူ၍ (လောကုတ္တရာ) တရား တော်ကို မှီခိုအားကိုးကာ နေရ၏။

http://www.dhammadownload.com



ရဟန်းတို့ ယခုအခါ၌၎င်း ငါဘုရား ကွယ်လွန်သောအခါ၌၎င်း သူတပါးကို အားမကိုးမူ၍ မိမိကိုယ်ကို မှီခိုအားကိုးကြလျက် အခြားတရားကို အားမကိုးကြမူ၍ (လောကုတ္တရာ) တရားတော်ကို မှီခိုအားကိုးကာ နေကြကုန်လိမ့်မည်။ ရဟန်းအားလုံးတို့သည် သိက္ခာသုံးပါးကို အလိုရှိသော ရဟန်းအားလုံးတို့ထက် အမြတ်ဆုံး ဖြစ်ကြပေလိမ့်မည်ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

## ၅-ဗာဟိယသုတ်

၃၈၁။ သာဝတ္ထိနိဒါန်း။ ထိုအခါ အသျှင်ဗာဟိယသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား "အသျှင်ဘုရား တောင်းပန်ပါ၏၊ တပည့်တော်အား မြတ်စွာဘုရားသည် အကျဉ်းအားဖြင့် တရားဟောတော်မူပါ၊ တပည့်တော်သည် မြတ်စွာဘုရား၏ ယင်းတရားတော်ကို ကြားနာရသည်ရှိသော် တယောက်တည်း ဆိတ်ငြိမ်ရာသို့ ကပ်လျက် မမေ့မလျော့ လုံ့လထုတ်ကာ နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိသည်ဖြစ်၍ နေလိုပါ၏"ဟု လျှောက်ထား၏။ ဗာဟိယ သို့ဖြစ်လျှင် သင်သည် ကုသိုလ်တရားတို့၌ အစကိုပင် သုတ်သင်လော့၊ ကုသိုလ်တရားတို့၏ အစကား အဘယ်နည်း၊ ကောင်းစွာ စင်ကြယ်သော သီလနှင့် ဖြောင့်မှန်သော အယူပင်တည်း။ ဗာဟိယ အကြင်အခါ သင့်အား သီလသည်လည်း စင်ကြယ်ပေလိမ့်မည်၊ အယူသည်လည်း ဖြောင့်မတ်ပေလိမ့်မည်၊ ဗာဟိယ ထိုအခါ သင်သည် သီလကို မှီ၍ သီလ၌ တည်၍ သတိပဋ္ဌာန်လေးပါးတို့ကို ပွါးများလေလော့။

အဘယ်လေးပါးတို့နည်း၊ ဗာဟိယ ဤသာသနာတော်၌ သင်သည် ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ဝေဒနာတို့၌။ပ။ စိတ်၌။ပ။ ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'အောက်မေ့မှု သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေလော့။ ဗာဟိယ အကြင်အခါ သင်သည် သီလကိုမှီ၍ သီလ၌ တည်၍ ဤသတိပဋ္ဌာန်လေးပါးတို့ကို ဤသို့ ပွါးများနိုင်လိမ့်မည်၊ထိုအခါ ရောက်လာမည့် ညဉ့်နေ့တို့ဝယ် သင့်အား ကုသိုလ်တရား တိုးပွါးခြင်းကိုသာ (မချွတ်ဖြစ်လိမ့်မည်ဟု)မြော်လင့်အပ်၏၊ဆုတ်ယုတ်လိမ့်မည်ဟု မမြော်လင့်အပ်ဟု(မိန့်တော်မူ၏)။

ထိုအခါ အသျှင်ဗာဟိယသည် မြတ်စွာဘုရား ဟောကြားအပ်သော တရားတော်ကို အလွန်နှစ်သက်ဝမ်းမြောက်လျက် နေရာမှထကာ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် အရိုအသေပြုလျက် ဖဲခွါသွားလေ၏။ ထို့နောက် အသျှင်ဗာဟိယသည် တယောက်တည်း ဆိတ်ငြိမ်ရာသို့ ကပ်လျက် မမေ့မလျော့ ပြင်းစွာအားထုတ်လျက် နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိသည်ဖြစ်၍ နေလတ်သော် ကောင်းစွာသာလျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက် ရဟန်းပြုကုန်သော အမျိုးသားများ လိုလားအပ်သော အတုမရှိသော အကျင့်မြတ်၏ အဆုံးဖြစ်သော အရဟတ္တဖိုလ်အကျိုးကို မကြာမီ မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက်

http://www.dhammadownload.com



ရောက်၍နေရ၏၊ "ပဋိသန္ဓေနေမှု ကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊မင်္ဂကိစ္စကို ပြုပြီးပြီ၊ ဤ (မဂ်ကိစ္စ)အလို့ ငှါ တပါးသော ပြုဖွယ် မရှိတော့ပြီ"ဟု သိ၏၊အသျှင်ဗာဟိယသည် ရဟန္တာတို့တွင် တပါးအပါအဝင်ဖြစ်လေ၏။

ပဉ္စမသုတ်။

---

## ၆-ဥတ္တိယသုတ်

၃၇၂။ သာဝတ္ထိနိဒါန်း။ ထိုအခါ အသျှင်ဥတ္တိယသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးလျက် တခုသော နေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား "အသျှင်ဘုရား တောင်းပန်ပါ၏၊ အကျွန်ုပ်အား မြတ်စွာဘုရားသည် အကျဉ်းအားဖြင့် တရားတော်ကို ဟောတော်မူပါလော့၊အကျွန်ုပ်သည် မြတ်စွာဘုရား၏ ယင်းတရားတော်ကို ကြားနာရသည်ရှိသော် တယောက်တည်း ဆိတ်ငြိမ်ရာသို့ ကပ်လျက် မမေ့မလျော့ လုံ့လထုတ်ကာ နိဗ္ဗာန်သို့စေလွှတ်သော စိတ်ရှိသည်ဖြစ်၍ နေလိုပါ၏"ဟု လျှောက်၏။ ဥတ္တိယ သို့ဖြစ်လျှင် သင်သည် ကုသိုလ် တရားတို့၌ အစကိုပင် သုတ်သင်လော့၊ ကုသိုလ်တရားတို့၏ အစကား အဘယ်နည်း၊ ကောင်းစွာ စင်ကြယ်သော သီလနှင့် ဖြောင့်မှန်သော အယူပင်တည်း။ ဥတ္တိယ အကြင်အခါ သင့်အား သီလသည်လည်း စင်ကြယ်ပေလိမ့်မည်၊ အယူသည်လည်း ဖြောင့်မတ်ပေလိမ့်မည်၊ ဥတ္တိယ ထိုအခါ သင်သည် သီလကိုမှီ၍ သီလ၌ တည်၍ သတိပဋ္ဌာန်လေးပါးတို့ကို ပွါးများလေလော့။

အဘယ်လေးပါးတို့နည်း၊ ဥတ္တိယ ဤသာသနာတော်၌ သင်သည် ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေလော့။ ဝေဒနာတို့၌။ပ။ စိတ်၌။ပ။ ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေလော့။ ဥတ္တိယ အကြင်အခါ သင်သည် သီလကိုမှီ၍ သီလ၌ တည်၍ ဤသတိပဋ္ဌာန်လေးပါးတို့ကို ဤသို့ ပွါး များနိုင်လိမ့်မည်၊ ထိုအခါ သေမင်းနိုင်ငံဟူသော သံသရာ၏ တဖက်ကမ်း (နိဗ္ဗာန်)သို့ ရောက်နိုင်လတ္တံ့ ဟု (မိန့်တော်မူ၏)။

ထိုအခါ အသျှင်ဥတ္တိယသည် မြတ်စွာဘုရား ဟောကြားအပ်သော တရားတော်ကို အလွန် နှစ်သက်ဝမ်းမြောက်ကာ နေရာမှ ထ၍ မြတ်စွာဘုရားကို ရှိခိုးလျက် အရိုအသေပြုပြီးလျှင် ဖဲခွါသွားလေ၏။ ထို့နောက် အသျှင်ဥတ္တိယသည် တယောက်တည်း ဆိတ်ငြိမ်ရာသို့ ကပ်လျက် မမေ့မလျော့ ပြင်းစွာအားထုတ်သည်ဖြစ်၍ နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိလျက် နေလတ်သော် ကောင်းစွာသာလျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက် (ရဟန်းပြု)ကုန်သော အမျိုး သားများ လိုလားအပ်သော အတုမရှိသော အကျင့်မြတ်၏ အဆုံးဖြစ်သော အရဟတ္တဖိုလ် အကျိုးကို မကြာမီမျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက် ၍နေ၏၊"ပဋိသန္ဓေ နေမှုကုန်ပြီ၊အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ဤ(မဂ်ကိစ္စ)

http://www.dhammadownload.com



အလိုင့်ါ တပါးသော ပြုဖွယ် မရှိတော့ပြီ”ဟု သိ၏။ အသျှင်ဥတ္တိယသည် ရဟန္တာတို့တွင် တပါး အပါအဝင်ဖြစ်လေ၏။

ဆဋ္ဌသုတ်။

## ၇-အရိယသုတ်

၃၇၃။ ရဟန်းတို့ ဤသတိပဋ္ဌာန်လေးပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် ဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်သော(အရိယမဂ်)တရားတို့သည် ထိုသတိပဋ္ဌာန်ကို ပြုလုပ်ပွါးများသူကို ကောင်းစွာဆင်းရဲကုန်ခြင်းငှါ ထုတ်ဆောင်ကုန်၏။ အဘယ်လေးပါးတို့နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ်‘သမ္ပဇဉ်’အောက်မေ့မှု ‘သတိ’ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍နေ၏။ ဝေဒနာတို့၌။ပ။ စိတ်၌။ပ။ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ်‘သမ္ပဇဉ်’အောက်မေ့မှု ‘သတိ’ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရဟန်းတို့ သတိပဋ္ဌာန်လေးပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် ဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်သော (အရိယမဂ်)တရားတို့သည် ထိုသတိပဋ္ဌာန် ပြုလုပ်ပွါးများသူကို ကောင်းစွာ ဆင်းရဲကုန်ခြင်းငှါ ထုတ်ဆောင်ကုန်၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈-ဗြဟ္မသုတ်

၃၇၄။ အခါတပါး၌ မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူစ ဥရုဝေလတော နေရဉ္ဇရာမြစ်ကမ်းနားဝယ် အဇပါလပညောင်ပင်ရင်း၌ (သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ ဆိတ်ငြိမ်ရာသို့ ကပ်လျက် တပါးတည်း ကိန်းအောင်းတော်မူသော မြတ်စွာဘုရားအား ဤသို့ အကြံဖြစ်တော်မူ၏—ဤခရီးလမ်းသည် သတ္တဝါတို့၏ စိတ်စင်ကြယ်ရန် စိုးရိမ်ပူပန်ခြင်း ငိုကြွေးခြင်းတို့ကို လွန်မြောက်ရန် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတို့ချုပ်ငြိမ်းရန် အရိယမဂ်ကို ရရန် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် တကြောင်းတည်းသော ခရီးလမ်းဖြစ်ပေ၏၊ ယင်းသည့်ခရီးလမ်းကား ဤသတိပဋ္ဌာန်လေးပါးတို့ပင်တည်း။

အဘယ်လေးပါးတို့နည်း၊ ရဟန်းသည် ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ်‘သမ္ပဇဉ်’ အောက်မေ့မှု ‘သတိ’ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍နေ၏။ ဝေဒနာတို့၌။ပ။ စိတ်၌။ပ။ ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် ‘သမ္ပဇဉ်’ အောက်မေ့မှု ‘သတိ’ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍နေ၏။ ဤခရီးလမ်းသည် သတ္တဝါတို့၏

http://www.dhammadownload.com



စိတ်စင်ကြယ်ရန် စိုးရိမ်ပူပန်ခြင်း ငိုကြွေးခြင်းတို့ကို လွန်မြောက်ရန် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတို့ ချုပ်ငြိမ်းရန် အရိယမဂ်ကို ရရန် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် တကြောင်းတည်းသော ခရီးလမ်း ဖြစ်ပေ၏။ ယင်းသည့်ခရီးလမ်းကား ဤသတိပဋ္ဌာန် လေးပါးတို့ပင်တည်းဟု အကြံဖြစ်တော်မူ၏။

ထိုအခါ သဟမ္ပတိဗြဟ္မာသည် မြတ်စွာဘုရား၏ စိတ်အကြံကို မိမိစိတ်ဖြင့်သိ၍ အားရှိသော ယောကျ်ားသည် ကွေးသော လက်မောင်းကို ဆန့်ရာသကဲ့သို့ရင်း ဆန့်သော လက်မောင်းကို ကွေးရာသကဲ့သို့ရင်း ထို့အတူပင် ဗြဟ္မာ့ဘုံမှကွယ်ခဲ့၍ မြတ်စွာဘုရား၏ရှေ့၌ ကိုယ်ထင်ရှားဖြစ်ပေါ်လာ၏။ ထိုအခါ သဟမ္ပတိဗြဟ္မာသည် ပခုံးတဖက်၌ ကိုယ်ရုံကိုတင်လျက် မြတ်စွာဘုရားထံသို့ လက်အုပ်ချီကာ မြတ်စွာဘုရားအား ဤစကားကို လျှောက်ထား၏—ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤစကားသည် ဤအတိုင်းမှန်ပါ၏၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား ဤစကားသည် ဤအတိုင်းမှန်ပါ၏။ အသျှင်ဘုရား ဤခရီးလမ်းသည် သတ္တဝါတို့၏ စိတ်စင်ကြယ်ရန် စိုးရိမ်ပူပန်ခြင်း ငိုကြွေးခြင်းတို့ကို လွန်မြောက်ရန် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတို့ ချုပ်ငြိမ်းရန် တကြောင်းတည်းသော ခရီးလမ်းဖြစ်ပေ၏၊ ယင်းသည့်ခရီးလမ်းကား ဤသတိပဋ္ဌာန် လေးပါးတို့ပင်တည်း။

အဘယ်လေးပါးတို့နည်း၊ အသျှင်ဘုရား ရဟန်းသည် ပြင်းစွာအားထုတ်သော လုံ့လရှိသည် ဖြစ်၍ ဆင်ခြင်ဉာဏ်'သမ္ပဇဉ်'အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ဝေဒနာတို့၌။ပ။ စိတ်၌။ပ။ရဟန်းသည် ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ်'သမ္ပဇဉ်' အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ အသျှင်ဘုရား ဤခရီးလမ်းသည် သတ္တဝါတို့၏ စိတ်စင်ကြယ်ရန် စိုးရိမ်ပူပန်ခြင်း ငိုကြွေးခြင်းတို့ကို လွန်မြောက်ရန် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတို့ ချုပ်ငြိမ်းရန် အရိယမဂ်ကိုရရန် နိဗ္ဗာန်ကို မျက်မှောက် ပြုရန် တကြောင်းတည်းသော ခရီးလမ်းဖြစ်ပါ၏၊ ယင်းသည့် ခရီးလမ်းကား ဤသတိပဋ္ဌာန်လေးပါးတို့ပါတည်းဟု သဟမ္ပတိဗြဟ္မာသည် ဤစကားကို လျှောက်၏။

ဤစကားကို လျှောက်ထားပြီးနောက် တပါးသောစကားကို လျှောက်ထားပြန်၏—

"ဇာတိ၏ကုန်ရာ နိဗ္ဗာန်ကို မြင်တော်မူသော (သတ္တဝါတို့၏)အစီးအပွါးကို အစဉ်စောင့်ရှောက်တော်မူသော မြတ်စွာဘုရားသည် တကြောင်းတည်းသော(သတိပဋ္ဌာန်) လမ်းကို သိတော်မူ၏၊ ဤသတိပဋ္ဌာန်လမ်းဖြင့် (အရိယာသူတော်ကောင်းတို့သည်) သတ္တဝါတို့ကို နစ်မွန်းစေတတ်သော ဩဃကို ရှေးကလည်း ကူးမြောက်ကုန်ပြီ၊(နောင်၌လည်း)ကူးမြောက်ကုန်လတ္တံ့၊(ယခုလည်း)ကူးမြောက်ဆဲဖြစ်ကုန်၏"ဟု(လျှောက်၏)။

အဋ္ဌမသုတ်။

## ၉-သေဒကသုတ်

၃၇၅။ အခါတပါး၌ မြတ်စွာဘုရားသည် သုမ္ဘတိုင်း သေဒကမည်သော သုမ္ဘတိုင်းသူတို့၏ နိဂုံး၌ (သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို မိန့်တော်မူ၏—

http://www.dhammadownload.com



ရဟန်းတို့ ရှေး၌ဖြစ်ဘူးသည်ကား စဏ္ဍာလ(မည်သော)ဝါးတိုင်ကို တက်တတ်သောဆရာသည် စဏ္ဍာလဝါးကို စိုက်ထူစေ၍ မေဒကထာလိကမည်သော တပည့်အား "အမောင်မေဒကထာလိက လာလော့၊ သင်သည် စဏ္ဍာလဝါးတိုင်သို့တက်၍ ငါ၏ပခုံးထက်၌ ရပ်လော့"ဟု ပြော၏။ ရဟန်းတို့ "ဆရာ ကောင်းပါပြီ"ဟု တပည့်မေဒကထာလိကသည် စဏ္ဍာလဝါးတိုင် တက်တတ်သော ဆရာအား ဝန်ခံပြောကြားပြီးလျှင် စဏ္ဍာလဝါးတိုင်ထက်သို့ တက်၍ ဆရာ၏ပခုံးထက်၌ ရပ်၏။ ရဟန်းတို့ ထိုအခါ စဏ္ဍာလဝါးတိုင် တက်တတ်သော ဆရာသည် တပည့်မေဒကထာလိကအား "အမောင် မေဒကထာလိက သင်သည် အကျွန်ုပ်ကို စောင့်ရှောက်ပါ၊ အကျွန်ုပ်သည် သင့်ကို စောင့်ရှောက်ပါအံ့၊ ဤသို့ ငါတို့ အချင်းချင်း လုံခြုံအောင် စောင့်ရှောက်ကြကာ အတတ် (ပညာ) တို့ကိုလည်း ပြကုန်အံ့၊ လာဘ်ကိုလည်း ရကုန်အံ့၊ စဏ္ဍာလဝါးတိုင်မှလည်း ချမ်းသာစွာ ဆင်းနိုင်ကြကုန်အံ့"ဟု ပြောဆို၏။ ရဟန်းတို့ ဤသို့ ပြောဆိုလတ်သော် မေဒကထာလိကသည် စဏ္ဍာလဝါးတိုင် တက်တတ်သည့်ဆရာအား "ဆရာ ဤစကားသည် မသင့်ပါ၊ ဤသို့ဖြစ်ပါအံ့၊ ဆရာ သင်သည်လည်း မိမိကိုယ်ကို စောင့်ရှောက်ပါ၊ အကျွန်ုပ်သည်လည်း မိမိကိုယ်ကို စောင့်ရှောက်ပါအံ့၊ ဤသို့ အကျွန်ုပ်တို့သည် မိမိကိုယ်ကိုသာ လုံခြုံအောင် စောင့်ရှောက်ကြကာ အတတ်ပညာတို့ကိုလည်း ပြပါကုန်အံ့၊ လာဘ်ကိုလည်း ရပါကုန်အံ့၊ စဏ္ဍာလဝါးတိုင်မှလည်း ချမ်းသာစွာ ဆင်းနိုင်ကြရပါကုန်အံ့"ဟု ပြောဆို၏။

"ထို (ဆရာတပည့်နှစ်ဦးတို့၏) စကားတို့တွင် ထိုတပည့်၏ စကားသည် သင့်မြတ်သော အကြောင်းဖြစ်ပေ၏"ဟု မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏၊ ရဟန်းတို့ တပည့်မေဒကထာလိကသည် ဆရာကိုပြောသကဲ့သို့ "မိမိကိုယ်ကို စောင့်ရှောက်အံ့"ဟု သတိပဋ္ဌာန်ကို မှီဝဲအပ်၏၊ "သူတပါးကို စောင့်ရှောက်အံ့"ဟု သတိပဋ္ဌာန်ကို မှီဝဲအပ်၏။ ရဟန်းတို့ မိမိကိုယ်ကို စောင့်ရှောက်သည်ရှိသော် သူတပါးကိုလည်း စောင့်ရှောက်ရာရောက်၏၊ သူတပါးကို စောင့်ရှောက်သည်ရှိသော် မိမိကိုယ်ကိုလည်း စောင့်ရှောက်ရာရောက်၏၊

ရဟန်းတို့ အဘယ်သို့လျှင် မိမိကိုယ်ကို စောင့်ရှောက်သည်ရှိသော် သူတပါးကို စောင့်ရှောက်ရာရောက်သနည်း၊ အဖန်ဖန် မှီဝဲခြင်း ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းဖြင့် မိမိကိုယ်ကို စောင့်ရှောက်သည်ရှိသော် သူတပါးကို စောင့်ရှောက်ရာရောက်၏။ ရဟန်းတို့ အဘယ်သို့လျှင် သူတပါးကို စောင့်ရှောက်သည်ရှိသော် မိမိကိုယ်ကို စောင့်ရှောက်ရာရောက်သနည်း၊ သည်းခံခြင်း မညှဉ်းဆဲခြင်း မေတ္တာစိတ်ရှိခြင်း အစဉ်သနားခြင်းဖြင့် သူတပါးကို စောင့်ရှောက်သည်ရှိသော် မိမိကိုယ်ကို စောင့်ရှောက်ရာ ရောက်ပေ၏။ ရဟန်းတို့ မိမိကိုယ်ကို စောင့်ရှောက်အံ့ဟု သတိပဋ္ဌာန်ကို မှီဝဲအပ်၏၊ သူတပါးကို စောင့်ရှောက်အံ့ဟု သတိပဋ္ဌာန်ကို မှီဝဲအပ်၏။ ရဟန်းတို့ မိမိကိုယ်ကို စောင့်ရှောက်သည်ရှိသော် သူတပါးကို စောင့်ရှောက်ရာရောက်၏၊ သူတပါးကို စောင့်ရှောက်သည် ရှိသော် မိမိကိုယ်ကိုလည်း စောင့်ရှောက်ရာ ရောက်၏ဟု(မိန့်တော်မူ၏)။

နဝမသုတ်။

---

### ၁၀-ဇနပဒကလျာဏီသုတ်

၃၈၆။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သုမ္ဘတိုင်း သေဒကမည်သော သုမ္ဘတိုင်းသူတို့၏နိဂုံး၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရား

http://www.dhammadownload.com



သည် ရဟန်းတို့ကို "ရဟန်းတို့"ဟု မိန့်တော်မူ၏၊ ထိုရဟန်းတို့သည် "အသျှင်ဘုရား" ဟု မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားကုန်၏၊ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

ရဟန်းတို့ ဥပမာသော်ကား "ကောင်းခြင်းပြည့်ကြွယ် တိုင်းကြီးမယ် ကောင်းခြင်းပြည့်ကြွယ် တိုင်းကြီးမယ်"ဟု(ပြောကြကာ)များစွာသော လူအပေါင်းသည် စုဝေးရာ၏၊ ထိုကောင်းခြင်းပြည့်ကြွယ် တိုင်းကြီးမယ်သည် ကသည်ရှိသော် ကောင်းမြတ်သော ကိုယ်ဟန်အမူအရာရှိရာ၏၊ သီဆိုသည်ရှိသော် ကောင်းမြတ်သော သံနေ သံထား အမူအရာရှိရာ၏၊ ရဟန်းတို့"ကောင်းခြင်းပြည့်ကြွယ် တိုင်းကြီးမယ်သည် က၏ သီဆို၏"ဟု များစွာသော လူအပေါင်းသည် အတိုင်းထက်အလွန် စုဝေးရာ၏။ ထိုအခါ အသက်ရှင်လိုသော မသေလိုသော ချမ်းသာလိုသော ဆင်းရဲခြင်းကို စက်ဆုပ်သော ယောကျာ်းသည် လာရာ၏ ထိုသူအား "အမောင်ယောကျာ်း ဤအနားနှင့်အညီ ပြည့်နေသော ဆီခွက်ကို ပွဲသဘင်ကြီးနှင့် ကောင်းခြင်းပြည့်ကြွယ် တိုင်းကြီးမယ်၏ အကြားသို့ ဆောင်ယူသွားအပ်၏၊ ထိုဆီကို အနည်းငယ်မျှ ကျသောအရပ်၌ပင် သင်၏ဦးခေါင်းကို ဖြတ်အံ့"ဟု (ပြောကာ) သန်လျက်မိုးနေသော ယောကျာ်းသည်လည်း သင်၏နောက်မှ အစဉ်လိုက်လတ္တံ့ ဟု ဤသို့ပြောဆိုရာ၏။ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊စင်စစ်အားဖြင့် ထိုယောကျာ်းသည် ထိုဆီခွက်ကို နှလုံးမသွင်းမူ၍ ပြင်ပအာရုံကြောင့် မေ့လျော့ကာ ဆောင်ယူရာသလော၊ အသျှင်ဘုရား ဤသို့ မဖြစ်နိုင်ပါ။

ရဟန်းတို့ အနက်ကိုသိစေခြင်းငှါ ဤဥပမာကို ငါပြု၏၊ ဤဆိုလတ္တံ့ သည်ကား ဤအရာ၌ အနက်ပေတည်း၊ ရဟန်းတို့ "အနားနှင့်အညီ ပြည့်နေသော ဆီခွက်" ဟူသော အမည်သည် ကာယဂတာသတိ၏ အမည်တည်း။ ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ ဤသို့ကျင့်ရမည် "ငါတို့သည် ကာယဂတာသတိကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ် ယာဉ်ကဲ့သို့ ပြုအပ် တည်ရာသကဲ့သို့ ပြုအပ် အဖန်ဖန်တည်စေအပ် အဖန်ဖန်လေ့ကျက်အပ် ကောင်းစွာ အားထုတ်အပ်သည် ဖြစ်လတ္တံ့"၊ ရဟန်းတို့ ဤသို့လျှင် သင်တို့ ကျင့်ရမည်ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

နှစ်ခုမြောက် နာလန္ဒဝဂ် ပြီး၏။

---

## ၃-သီလဋ္ဌိတိဝဂ် ၁-သီလသုတ်

၃၇၇။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—အခါတပါး၌ အသျှင်အာနန္ဒာနှင့် အသျှင်ဘဒ္ဒသည် ပါဋလိပုတ်ပြည် ကုက္ကုဋာရုံကျောင်း၌ (သီတင်းသုံး) နေကြကုန်၏၊ ထိုအခါ အသျှင်ဘဒ္ဒသည် ညနေချမ်းအခါ တပါးတည်းကိန်းအောင်းရာမှ ထခဲ့၍ အသျှင်အာနန္ဒာထံသို့ ချဉ်းကပ်ပြီးလျှင် အသျှင်အာနန္ဒာနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုပြီး၍ တခုသောနေရာ၌ ထိုင်နေပြီးသော် အသျှင်အာနန္ဒာအား— "ငါ့သျှင်အာနန္ဒာ မြတ်စွာဘုရား ဟောတော်မူကုန်သော ကုသိုလ်သီလတို့သည် အဘယ်အကျိုး ရှိပါကုန်သနည်း"ဟု ဆို၏။

ငါ့သျှင်ဘဒ္ဒ ကောင်းပေစွ၊ ကောင်းပေစွ၊ ငါ့သျှင်ဘဒ္ဒ သင်၏ ပြဿနာရှာခြင်းသည် ကောင်းပေ၏၊ သင်၏ စုံစမ်းခြင်း ဉာဏ်အမြင်သည် ကောင်းပေ၏၊ သင်၏ ဆွေးနွေး မေးမြန်း ခြင်းသည်

http://www.dhammadownload.com



ကောင်းပေ၏၊ ငါ့ချင်ဘဒ္ဒ သင့်သည် "ငါ့ချင်အာနန္ဒာ မြတ်စွာဘုရား ဟောတော်မူကုန်သော ကုသိုလ်သီလတို့သည် အဘယ်အကျိုးရှိပါကုန်သနည်း" ဟု ဤသို့မေးမြန်းသည် မဟုတ်ပါလောဟု (ဆို၏)။ ငါ့ချင်အာနန္ဒာ ဟုတ်ပါ၏ဟု(ဆို၏)။ငါ့ချင်ဘဒ္ဒ မြတ်စွာဘုရားဟောတော်မူကုန်သော ကုသိုလ်သီလတို့ကို သတိပဋ္ဌာန်လေးပါးတို့ကို အလွန်ပွါးများခြင်းငှါ မြတ်စွာဘုရား ဟောတော်မူကုန်၏။

အဘယ်လေးပါးတို့နည်း၊ ငါ့ချင် ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ဝေဒနာတို့၌။ပ။ စိတ်၌။ပ။ ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ငါ့ချင်ဘဒ္ဒ မြတ်စွာဘုရား ဟောတော်မူကုန်သော ကုသိုလ်သီလတို့ကို ဤသတိပဋ္ဌာန်လေးပါးတို့ကို အလွန်ပွါးများခြင်းငှါ မြတ်စွာဘုရား ဟောတော်မူကုန်၏ ဟု (မိန့်ဆို၏)။

ပဌမသုတ်။

---

## ၂-စိရဋ္ဌိတိသုတ်

၃၈၈။ ထိုနိဒါန်းပင်တည်း။တခုသောနေ့ဆုတ်၌ ထိုင်နေပြီးသော အသျှင်ဘဒ္ဒသည် အသျှင်အာနန္ဒာ အား ဤစကားကို လျှောက်၏— "ငါ့ချင်အာနန္ဒာ မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူသည် ရှိသော် သူတော်ကောင်းတရား ကြာရှည်စွာ မတည်ခြင်း၏ အကြောင်းအထောက်အပံ့ကား အဘယ်ပါနည်း၊ မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူသည်ရှိသော် သူတော်ကောင်းတရား ကြာရှည်စွာ တည်ခြင်း၏ အကြောင်းအထောက်အပံ့ကား အဘယ်ပါနည်း" ဟု (လျှောက်၏)။

ငါ့ချင်ဘဒ္ဒ ကောင်းပေစွ၊ ကောင်းပေစွ၊ ငါ့ချင်ဘဒ္ဒ သင်၏ပြဿနာကိုရှာခြင်းသည် ကောင်းပေ၏၊ သင်၏စုံစမ်းခြင်းဉာဏ်အမြင်သည် ကောင်းပေ၏၊ သင်၏ သွေးနွေးမေးမြန်းခြင်းသည် ကောင်းပေ၏၊ ငါ့ချင်ဘဒ္ဒ သင်သည်"ငါ့ချင်အာနန္ဒာ မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူသည် ရှိသော် သူတော်ကောင်းတရား ကြာရှည်စွာမတည်ခြင်း၏အကြောင်းအထောက်အပံ့ကား အဘယ် ပါနည်း၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသည်ရှိသော် သူတော်ကောင်းတရားကြာရှည်စွာတည် ခြင်း၏ အကြောင်းအထောက်အပံ့ကား အဘယ်ပါနည်း"ဟု ဤသို့မေးမြန်းသည် မဟုတ်ပါလောဟု (ဆို၏)။ ငါ့ချင် (အာနန္ဒာ) ဟုတ်ပါ၏။ ငါ့ချင်ဘဒ္ဒ သတိပဋ္ဌာန်လေးပါးတို့ကို မပွါးများ ခြင်းကြောင့် ကြိမ်ဖန်များစွာ မပြုလုပ်ခြင်းကြောင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသည် ရှိသော် သူတော်ကောင်းတရား ကြာရှည်စွာမတည်၊ သတိပဋ္ဌာန်လေးပါးတို့ကို ပွါးများခြင်း ကြောင့် ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသည်ရှိသော် သူတော်ကောင်းတရား ကြာရှည်စွာတည်၏။

အဘယ်လေးပါးတို့နည်း၊ ငါ့ချင် ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ်'သမ္ပဇဉ်'အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ

http://www.dhammadownload.com



ဒေါမနဿကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ဝေဒနာတို့၌။ပ။ စိတ်၌။ပ။ ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် 'သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ငါ့သျှင်ဘဒ္ဒ ဤသတိပဋ္ဌာန်လေးပါးတို့ကို မပွါးများခြင်းကြောင့် ကြိမ်ဖန်များစွာ မပြုလုပ်ခြင်းကြောင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသည်ရှိသော် သူတော်ကောင်းတရား ကြာရှည်စွာမတည်၊ သတိပဋ္ဌာန်လေးပါးတို့ကို ပွါးများခြင်းကြောင့် ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသည်ရှိသော် သူတော်ကောင်းတရား ကြာရှည်စွာတည်၏ဟု (မိန့်ဆို၏)။

ဒုတိယသုတ်။

---

## ၃-ပရိဟာနသုတ်

၃၇၉။ အခါတပါး၌ အသျှင်အာနန္ဒာနှင့် အသျှင်ဘဒ္ဒသည် ပါဋလိပုတ်ပြည် ကုက္ကုဋာရုံကျောင်း၌(သီတင်းသုံး)နေကြကုန်၏၊ ထိုအခါ အသျှင်ဘဒ္ဒသည် ညချမ်းအခါ တပါးတည်းကိန်းအောင်းရာမှထခဲ့၍ အသျှင်အာနန္ဒာထံသို့ ချဉ်းကပ်ပြီးလျှင် အသျှင်အာနန္ဒာနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုပြီးလျှင် တခုသောနေရာ၌ ထိုင်နေပြီ သော် အသျှင်အာနန္ဒာအား ဤစကားကို ဆို၏ "ငါ့သျှင်အာနန္ဒာ သူတော်ကောင်းတရား ဆုတ်ယုတ်ခြင်း၊ အကြောင်း အထောက်အပံ့ကား အဘယ်ပါနည်း၊ ငါ့သျှင်အာနန္ဒာ သူတော်ကောင်းတရား မဆုတ်ယုတ်ခြင်း အကြောင်းအထောက်အပံ့ကား အဘယ်ပါနည်း"ဟု (ဆို၏)။

ငါ့သျှင်ဘဒ္ဒ ကောင်းပေစွ၊ ကောင်းပေစွ။ ငါ့သျှင်ဘဒ္ဒ သင်၏ပြဿနာကို ရှာခြင်းသည် ကောင်းပေ၏၊ သင်၏စုံစမ်းခြင်း ဉာဏ်အမြင်သည် ကောင်းပေ၏၊ သင်၏ဆွေးနွေးမေးမြန်းခြင်းသည် ကောင်းပေ၏။ ငါ့သျှင်ဘဒ္ဒ သင်သည် "ငါ့သျှင်အာနန္ဒာ သူတော်ကောင်းတရား ဆုတ်ယုတ်ခြင်း အကြောင်းအထောက်အပံ့ကား အဘယ်ပါနည်း၊ ငါ့သျှင်အာနန္ဒာ သူတော်ကောင်းတရား မဆုတ်ယုတ်ခြင်း အကြောင်းအထောက်အပံ့ကား အဘယ်ပါနည်း" ဟု ဤသို့ မေးမြန်းသည် မဟုတ်ပါလော။ ငါ့သျှင်အာနန္ဒာ ဟုတ်ပါ၏။ ငါ့သျှင်ဘဒ္ဒ သတိပဋ္ဌာန်လေးပါးတို့ကို မပွါးများခြင်းကြောင့် ကြိမ်ဖန်များစွာ မပြုလုပ်ခြင်းကြောင့် သူတော်ကောင်းတရား ဆုတ်ယုတ်ခြင်းသည် ဖြစ်၏၊ သတိပဋ္ဌာန်လေးပါးတို့ကို ပွါးများခြင်းကြောင့် ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် သူတော်ကောင်းတရား မဆုတ်ယုတ်ခြင်းသည် ဖြစ်၏။

အဘယ်လေးပါးတို့နည်း၊ ငါ့သျှင် ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ဝေဒနာတို့၌။ပ။ စိတ်၌။ပ။ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ငါ့သျှင် ဤသတိပဋ္ဌာန်လေးပါးတို့ကို မပွါးများခြင်းကြောင့် ကြိမ်ဖန်များစွာ မပြုလုပ်ခြင်းကြောင့် သူတော်ကောင်း

http://www.dhammadownload.com



တရား ဆုတ်ယုတ်ခြင်းသည် ဖြစ်၏၊ သတိပဋ္ဌာန်လေးပါးတို့ကို ပွါးများခြင်းကြောင့် ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် သူဘော်ကောင်းတရား မဆုတ်ယုတ်ခြင်းသည် ဖြစ်၏ဟု (မိန့်ဆို၏)။

ထတိယသုတ်။

---

## ၄-သုဒ္ဓသုတ်

၃၉၀။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ သတိပဋ္ဌာန်တို့ကား ဤလေးပါးတို့တည်း။ အဘယ်လေးပါးတို့နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ်'သမ္ပဇဉ်' အောက်မေ့မှု 'သတိ' ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ဝေဒနာတို့၌။ပ။ စိတ်၌။ပ။ ပြင်းစွာ အားသုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'အောက်မေ့မှု 'သတိ' ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ရဟန်းတို့ သတိပဋ္ဌာန်တို့ကား ဤလေးပါးတို့တည်းဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-အညတရဗြာဟ္မဏသုတ်

၃၉၁။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ ပုဏ္ဏားတယောက်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့်အတူဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုပြီးလျှင် တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏ "အသျှင်ဂေါတမ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသည်ရှိသော် သူတော်ကောင်းတရား ကြာရှည်စွာ မတည်ခြင်း၏အကြောင်း အထောက်အပံ့ကား အဘယ်ပါနည်း၊ အသျှင်ဂေါတမ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသည်ရှိသော် သူတော်ကောင်းတရား ကြာရှည်စွာ တည်ခြင်း၏အကြောင်း အထောက်အပံ့ကား အဘယ်ပါနည်း"ဟု (လျှောက်၏)။

ပုဏ္ဏား သတိပဋ္ဌာန်လေးပါးတို့ကို မပွါးများခြင်းကြောင့် ကြိမ်ဖန်များစွာ မပြုလုပ်ခြင်းကြောင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသည်ရှိသော် သူတော်ကောင်းတရား ကြာရှည်စွာ မတည်၊ သတိပဋ္ဌာန်လေးပါးတို့ကို ပွါးများခြင်းကြောင့် ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသည်ရှိသော် သူတော်ကောင်းတရား ကြာရှည်စွာ တည်၏။

အဘယ်လေးပါးတို့နည်း၊ ပုဏ္ဏား ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ်'သမ္ပဇဉ်' အောက်မေ့မှု 'သတိ' ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ဝေဒနာတို့၌။ပ။ စိတ်၌။ပ။ ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက်

http://www.dhammadownload.com



သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ ပုဏ္ဏား ဤသတိပဋ္ဌာန်လေးပါးတို့ကို မပွါးများခြင်းကြောင့် ကြိမ်ဖန်များစွာ မပြုလုပ်ခြင်းကြောင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသည် ရှိသော် သူတော်ကောင်းတရား ကြာရှည်စွာ မတည်၊ ဤသတိပဋ္ဌာန်လေးပါးတို့ကို ပွါးများခြင်းကြောင့် ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသည်ရှိသော် သူတော်ကောင်းတရား ကြာရှည်စွာ တည်၏ဟု (မိန့်တော်မူ၏)။

ဤသို့ မိန့်တော်မူသည်ရှိသော် ထိုပုဏ္ဏားသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏ "အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ်ရှိပါပေစွ။ပ။ အသျှင်ဂေါတမသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သူ ဥပါသကာဟု မှတ်တော်မူပါ" ဟု (လျှောက်၏)။

ပဌမသုတ်။

---

## ၆-ပဒေသသုတ်

၃၉၂။ အခါတပါး၌ အသျှင်သာရိပုတြာ အသျှင်မဟာမောဂ္ဂလာန်နှင့် အသျှင်အနုရုဒ္ဓါတို့သည် သာကေတမြို့ ကဏ္ဍကီတော၌ (သီတင်းသုံး) နေတော်မူကုန်၏၊ ထိုအခါ အသျှင်သာရိပုတြာနှင့် အသျှင်မဟာမောဂ္ဂလာန်တို့သည် ညနေချမ်းအခါ တပါးတည်း ကိန်းအောင်းနေရာမှ ထတော်မူခဲ့ကုန်၍ အသျှင်အနုရုဒ္ဓါထံသို့ ချဉ်းကပ်ကုန်လျက် အသျှင်အနုရုဒ္ဓါနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုပြီးလျှင် တခုသောနေရာ၌ ထိုင်နေကုန်၏၊ တခုသောနေရာ၌ ထိုင်နေပြီးသော အသျှင်သာရိပုတြာသည် အသျှင်အနုရုဒ္ဓါအား ဤစကားကို ဆို၏—"ငါ့သျှင်အနုရုဒ္ဓါ သေခပုဂ္ဂိုလ် သေခပုဂ္ဂိုလ်ဟု ဆို၏၊ ငါ့သျှင် အဘယ့်မျှဖြင့် သေခပုဂ္ဂိုလ် ဖြစ်ပါသနည်း"ဟု (ဆို၏)။ ငါ့သျှင်သာရိပုတြာ သတိပဋ္ဌာန်လေးပါးတို့ကို တစိတ်တဒေသ ပွါးများခြင်းကြောင့် သေခပုဂ္ဂိုလ် ဖြစ်၏။

အဘယ်လေးပါးတို့နည်း၊ ငါ့သျှင် ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ဝေဒနာတို့၌။ပ။ စိတ်၌။ပ။ ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ငါ့သျှင် ဤသတိပဋ္ဌာန်လေးပါးတို့ကို တစိတ်တဒေသ ပွါးများခြင်းကြောင့် သေခပုဂ္ဂိုလ်ဖြစ်၏ဟု (ဖြေဆို၏)။

ဆဋ္ဌသုတ်။

---

## ၇-သမတ္တသုတ်

၃၉၃။ ထိုနိဒါန်းပင်တည်း။ တခုသောနေရာ၌ ထိုင်နေပြီးသော အသျှင်သာရိပုတြာသည် အသျှင်အနုရုဒ္ဓါအား ဤစကားကို ဆို၏—"ငါ့သျှင်အနုရုဒ္ဓါ အသေခပုဂ္ဂိုလ် အသေခပုဂ္ဂိုလ်ဟု

http://www.dhammadownload.com



ဆို၏၊ ငါ့သျှင် အဘယ့်ကြောင့် အသေခပုဂ္ဂိုလ်ဖြစ်ပါသနည်း''ဟု (ဆို၏)။ ငါ့သျှင်သာရိပုတြာ သတိပဋ္ဌာန်လေးပါးတို့ကို အပြည့်အစုံ ပွါးများခြင်းကြောင့် အသေခ ပုဂ္ဂိုလ်ဖြစ်၏။

အဘယ်လေးပါးတို့နည်း၊ ငါ့သျှင် ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် သမ္ပဇဉ် အောက်မေ့မှု သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ဝေဒနာတို့၌။ပ။ စိတ်၌။ပ။ ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ' ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ငါ့သျှင် ဤသတိပဋ္ဌာန်လေးပါးတို့ကို အပြည့်အစုံ ပွါးများခြင်းကြောင့် အသေခ ပုဂ္ဂိုလ်ဖြစ်၏ဟု (ဖြေဆို၏)။

သတ္တမသုတ်။

---

## ၈-လောကသုတ်

၃၉၄။ ထိုနိဒါန်းပင်တည်း။ တခုသောနေရာ၌ ထိုင်နေပြီးသော အသျှင်သာရိပုတြာသည် အသျှင်အနုရုဒ္ဓါအား ဤစကားကို ဆို၏—''ငါ့သျှင်အနုရုဒ္ဓါ အဘယ်တရားတို့ကို ပွါးများခြင်း ကြောင့် ကြိမ်ဖန်များစွာပြုလုပ်ခြင်းကြောင့် မြတ်သောအဘိညာဉ်နှင့် ပြည့်စုံခြင်းသို့ ရောက်ပါ သနည်း''ဟု (ဆို၏)။ ငါ့သျှင်သာရိပုတြာ သတိပဋ္ဌာန်လေးပါးတို့ကို ပွါးများခြင်းကြောင့် ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် မြတ်သောအဘိညာဉ်နှင့်ပြည့်စုံခြင်းသို့ ရောက်၏။

အဘယ်လေးပါးတို့နည်း၊ ငါ့သျှင် ဤသာသနာတော်၌ ငါသည် ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ' ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ဝေဒနာတို့၌။ပ။ စိတ်၌။ပ။ ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ' ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ငါ့သျှင် ငါသည် ဤသတိပဋ္ဌာန်လေးပါးတို့ကို ပွါးများခြင်းကြောင့် ကြိမ်ဖန်များစွာပြုလုပ်ခြင်းကြောင့် မြတ်သော အဘိညာဉ်နှင့်ပြည့်စုံခြင်းသို့ ရောက်ခဲ့၏၊ ငါသည် ဤသတိပဋ္ဌာန်လေးပါးတို့ကို ပွါးများခြင်း ကြောင့် ကြိမ်ဖန်များစွာပြုလုပ်ခြင်းကြောင့် လောကတထောင်ကို ထူးသောဉာဏ်ဖြင့် သိ၏ဟု (ဖြေဆို၏)။

အဋ္ဌမသုတ်။

---

## ၉-သိရိဝဍ္ဎသုတ်

၃၉၅။ အခါတပါး၌ အသျှင်အာနန္ဒာသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့ကို အစာကျွေးရာ ဖြစ်သော ဝေဠုဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ သိရိဝဍ္ဎသူကြွယ်သည် အနာရောဂါနှိပ်စက်ရကား ဆင်းရဲခြင်းသို့ရောက်လျက် ပြင်းထန်စွာ မကျန်းမမာဖြစ်နေ၏၊ ထိုအခါ သိရိဝဍ္ဎသူကြွယ်သည် ယောကျ်ားတယောက်ကို ပြောကြား၏—''အမောင်ယောကျ်ား လာလော့၊

http://www.dhammadownload.com



သင်သည် အသျှင်အာနန္ဒာထံသို့ ချဉ်းကပ်၍ ငါ၏စကားဖြင့် အသျှင်အာနန္ဒာ၏ ခြေတော်တို့ကို ဦးခိုက်ပါလော့၊ 'အသျှင်ဘုရား သိရိဝစ္ဆသူကြွယ်သည် အနာရောဂါနှိပ်စက်ရကား ဆင်းရဲခြင်းသို့ ရောက်လျက် ပြင်းထန်စွာ မကျန်းမမာဖြစ်နေပါ၏၊ ထိုသူကြွယ်သည် အသျှင်အာနန္ဒာ၏ ခြေတော်တို့ကို ဦးခိုက်ပါ၏'ဟု လျှောက်လော့၊ အသျှင်ဘုရား တောင်းပန်ပါ၏ 'အသျှင်အာနန္ဒာသည် အစဉ်သနားသည်ကို အကြောင်းပြု၍ သိရိဝစ္ဆသူကြွယ်၏ အိမ်သို့ချဉ်းကပ်တော်မူပါ' ဟု ဤသို့လည်း လျှောက်လော့" ဟု (ပြောကြား၏)။ ထိုယောကျ်ားသည် "အသျှင် ကောင်းပါပြီ"ဟု သိရိဝစ္ဆသူကြွယ်အား ဝန်ခံပြီးနောက် အသျှင်အာနန္ဒာထံသို့ ချဉ်းကပ်၍ အသျှင်အာနန္ဒာအား ရှိခိုးလျက် တခုသောနေရာ၌ ထိုင်နေပြီးသော် အသျှင်အာနန္ဒာအား ဤစကားကို လျှောက်၏— "အသျှင်ဘုရား သိရိဝစ္ဆသူကြွယ်သည် အနာရောဂါနှိပ်စက်ရကား ဆင်းရဲခြင်းသို့ရောက်လျက် ပြင်းထန်စွာ မကျန်းမမာဖြစ်နေ၏၊ ထိုသူကြွယ်သည် အသျှင်အာနန္ဒာ၏ ခြေတော်တို့ကို ဦးခိုက်ပါ၏ 'အသျှင်ဘုရား တောင်းပန်ပါ၏၊ အသျှင်အာနန္ဒာသည် အစဉ်သနားသည်ကို အကြောင်းပြု၍ သိရိဝစ္ဆသူကြွယ်၏ အိမ်သို့ ချဉ်းကပ်တော်မူပါ'ဟု ဤသို့လည်း လျှောက်လိုက်ပါ၏"ဟု လျှောက်၏။ အသျှင်အာနန္ဒာသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူ၏။

ထို့နောက် အသျှင်အာနန္ဒာသည် နံနက်အချိန် သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင်ပြီးလျှင် သိရိဝစ္ဆသူကြွယ်၏ နေအိမ်သို့ချဉ်းကပ်ကာ ခင်းထားသောနေရာ၌ ထိုင်နေတော်မူ၍ သိရိဝစ္ဆသူကြွယ်ကို "သူကြွယ် သင် ခန္ဓာကျန်းပါ၏လော၊ မျှတပါ၏လော၊ ဆင်းရဲဝေဒနာတို့သည် ဆုတ်ယုတ်ပါကုန်၏လော၊ မတိုးပွါးပဲ ရှိပါကုန်၏လော၊ဆင်းရဲဝေဒနာတို့သည် ဆုတ်ယုတ်၏ဟု ထင်ပါ၏လော၊ တိုးပွါး၏ဟု မထင်ပဲ ရှိပါ၏လော"ဟု မေးတော်မူ၏။ အသျှင်ဘုရား အကျွန်ုပ်အား မခန္ဓာကျန်းပါ၊ မမျှတပါ၊ ဆင်းရဲဝေဒနာတို့သည် တိုးပွါးပါကုန်၏၊ မဆုတ်ယုတ်ပါကုန်၊ ဆင်းရဲဝေဒနာတို့သည် တိုးပွါး၏ဟု ထင်ပါ၏၊ ဆုတ်ယုတ်၏ဟု မထင်ပါဟု (လျှောက်၏)။

သူကြွယ် သို့ဖြစ်လျှင် သင်သည် ဤသို့ ကျင့်ရမည် "ပြင်းစွာအားထုတ်သော လုံ့လရှိသည် ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍နေအံ့၊ ဝေဒနာတို့၌။ပ။စိတ်၌။ပ။ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေအံ့"ဟု သင်သည် ဤသို့လျှင် ကျင့်ရမည်ဟု မိန့်တော်မူ၏။

အသျှင်ဘုရား မြတ်စွာဘုရား ဟောကြားတော်မူကုန်သော သတိပဋ္ဌာန်လေးပါးတို့သည် ရှိပါကုန်၏၊ ထိုတရားတို့သည်လည်း အကျွန်ုပ်၌ ရှိပါကုန်၏၊ အကျွန်ုပ်သည်လည်း ထိုတရားတို့၌ ကောင်းစွာ ထင်မြင်ပါ၏။ အသျှင်ဘုရား မှန်ပါ၏၊ အကျွန်ုပ်သည် ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေပါ၏။ ဝေဒနာတို့၌။ပ။ စိတ်၌။ပ။ ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေပါ၏။ အသျှင်ဘုရား မြတ်စွာဘုရား ဟောကြားအပ်ကုန်သော အောက်ပိုင်းသံယောဇဉ် ငါးမျိုးတို့တွင် မိမိကိုယ်၌

http://www.dhammadownload.com



မပယ်ရသေးသော သံယောဇဉ်တစုံတခုကိုမျှ အကျွန်ုပ် မမြင်ရပါဟု လျှောက်၏။သူကြွယ် သင်သည် (လူ့ ဘဝကို) အရတော်ပေစွ၊ သင်သည် (လူ့ ဘဝကို) ကောင်းစွာ ရအပ်ပေစွ၊ သူကြွယ် သင်သည် အနာဂါမိဖိုလ်ကို ဖြေကြားနိုင်၏ဟု (မိန့်ဆို၏)။

နဝမသုတ်။

## ၁၀-မာနဒိန္နသုတ်

၃၉၆။ ထိုနိဒါန်းပင်တည်း။ ထိုအခါ မာနဒိန္နသူကြွယ်သည် အနာရောဂါ နှိပ်စက်ရကား ဆင်းရဲခြင်းသို့ရောက်လျက် ပြင်းထန်စွာ မကျန်းမမာဖြစ်နေ၏၊ ထိုအခါ မာနဒိန္နသူကြွယ်သည် ယောကျာ်းတယောက်ကို ပြောကြား၏ "အမောင်ယောကျာ်း လာလော့။ပ။" အသျှင်ဘုရား အကျွန်ုပ်အား မခန့်ကျန်းပါ၊ မမျှတပါ၊ ဆင်းရဲဝေဒနာတို့သည် တိုးပွါးပါကုန်၏၊ မဆုတ်ယုတ်ပါကုန်၊ ဆင်းရဲဝေဒနာတို့သည် တိုးပွါး၏ဟု ထင်ပါ၏၊ဆုတ်ယုတ်၏ဟု မထင်ပါ။ အသျှင်ဘုရား တပည့်တော်သည် ဤသို့သဘောရှိသော ဆင်းရဲဝေဒနာကို တွေ့ရပါသော်လည်း ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ' ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေပါ၏။ ဝေဒနာတို့၌။ပ။ စိတ်၌။ပ။ ပြင်းစွာအားထုတ်သော လုံ့လ ရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ' ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် သဘောတရားတို့၌ သဘောတရားတို့ကို အကြမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေပါ၏၊အသျှင်ဘုရား မြတ်စွာဘုရား ဟောထားတော်မူသော အောက်ပိုင်း သံယောဇဉ်ငါးမျိုးတို့တွင် မိမိကိုယ်၌ မပယ်ရသေးသော သံယောဇဉ် တစုံတခုကိုမျှ အကျွန်ုပ် မမြင်ရပါဟု လျှောက်၏။ သူကြွယ် သင်သည် (လူ့ ဘဝကို) အရတော်ပေစွ၊ သင်သည် (လူ့ ဘဝကို) ကောင်းစွာ ရအပ်ပေစွ၊ သူကြွယ် သင်သည် အနာဂါမိဖိုလ်ကို ဖြေကြားနိုင်၏ဟု (မိန့်ဆို၏)။

ဒသမသုတ်။

သုံးခုမြောက် သီလဋ္ဌိတိဝဂ် ပြီး၏။

## ၄-အနနုဿုတဝဂ် ၁ အနနုဿုတသုတ်

၃၉၇။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ဤသည်ကား ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုမှုတည်းဟု(ဘုရားမဖြစ်မီ)ရှေးက မကြားစဘူးကုန်သော တရားတို့၌ ငါ့အား ပညာမျက်စိသည် ထင်ရှား ဖြစ်ပေါ်လာပြီ၊ အသိဉာဏ်သည် ထင်ရှား ဖြစ်ပေါ်လာပြီ၊ အပြားအားဖြင့်သိမှု 'ပညာ'သည် ထင်ရှားဖြစ်ပေါ်လာပြီ၊ ထိုးထွင်း၍သိမှု'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်ပေါ်လာပြီ၊ ပညာ အလင်းရောင်သည် ထင်ရှားဖြစ်ပေါ်လာပြီ။ရဟန်းတို့ ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုမှုကို ငါသည် ပွါးများအပ်၏ဟူ၍။ပ။ပွါးများပြီးပြီဟူ၍ (ဘုရားမဖြစ်မီ) ရှေးက မကြားစဘူးကုန်သော တရားတို့၌ ငါ့အား ပညာမျက်စိသည် ထင်ရှား ဖြစ်ပေါ်လာပြီ၊ အသိဉာဏ်သည် ထင်ရှားဖြစ်ပေါ်လာပြီ၊ အပြားအားဖြင့်သိမှု 'ပညာ' သည် ထင်ရှား ဖြစ်ပေါ်လာပြီ၊ ထိုးထွင်း၍ သိမှု'ဝိဇ္ဇာ' သည် ထင်ရှားဖြစ်ပေါ်လာပြီ၊ ပညာအလင်းရောင်သည် ထင်ရှားဖြစ်ပေါ်လာပြီ။

http://www.dhammadownload.com



ရဟန်းတို့ ဤသည်ကား ဝေဒနာတို့၌ ဝေဒနာတို့ကို အကြိမ်ကြိမ်ရှုမှုတည်းဟု (ဘုရားမဖြစ်မီ) ရှေးက မကြားစဘူးကုန်သော တရားတို့၌ ငါ့အား ပညာမျက်စိသည် ထင်ရှားဖြစ်ပေါ်လာပြီ၊ အသိဉာဏ်သည် ထင်ရှားဖြစ်ပေါ်လာပြီ၊အပြားအားဖြင့်သိမှု'ပညာ'သည် ထင်ရှားဖြစ်ပေါ်လာပြီ၊ ထိုးထွင်း၍သိမှု 'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်ပေါ်လာပြီ၊ ပညာအလင်းရောင်သည် ထင်ရှားဖြစ်ပေါ်လာပြီ။ရဟန်းတို့ ဤဝေဒနာတို့၌ ဝေဒနာတို့ကို အကြိမ်ကြိမ်ရှုမှုကို ငါသည် ပွါးများ အပ်၏။ပ။ ပွါးများပြီးပြီဟူ၍ (ဘုရားမဖြစ်မီ)ရှေးက မကြားစဘူးကုန်သော တရားတို့၌ ငါ့အား ပညာမျက်စိသည် ထင်ရှားဖြစ်ပေါ်လာပြီ၊ အသိဉာဏ်သည် ထင်ရှားဖြစ်ပေါ်လာပြီ၊ အပြားအားဖြင့်သိမှု 'ပညာ'သည် ထင်ရှားဖြစ်ပေါ်လာပြီ၊ ထိုးထွင်း၍သိမှု'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်ပေါ်လာပြီ၊ ပညာအလင်းရောင်သည် ထင်ရှားဖြစ်ပေါ်လာပြီ။

ရဟန်းတို့ ဤသည်ကား စိတ်၌ စိတ်ကို အကြိမ်ကြိမ်ရှုမှုတည်းဟု(ဘုရားမဖြစ်မီ)ရှေးကမကြားစဘူးကုန်သော တရားတို့၌ ငါ့အား ပညာမျက်စိသည် ထင်ရှားဖြစ်ပေါ်လာပြီ၊ အသိဉာဏ်သည် ထင်ရှားဖြစ်ပေါ်လာပြီ၊ အပြားအားဖြင့်သိမှု'ပညာ'သည် ထင်ရှားဖြစ်ပေါ်လာပြီ၊ထိုးထွင်း၍သိမှု 'ဝိဇ္ဇာ'သည် ထင်ရှား ဖြစ်ပေါ်လာပြီ၊ အလင်းရောင်သည် ထင်ရှား ဖြစ်ပေါ်လာပြီ၊ ရဟန်းတို့ စိတ်၌ စိတ်ကို အကြိမ်ကြိမ်ရှုမှုကို ငါသည် ပွါးများ အပ်၏ဟူ၍ ။ပ။ ပွါးများပြီးပြီဟူ၍ (ဘုရားမဖြစ်မီ) ရှေးကမကြားစဘူးကုန်သော တရားတို့၌ ငါ့အား ပညာမျက်စိသည် ထင်ရှားဖြစ်ပေါ်လာပြီ၊ အသိဉာဏ်သည် ထင်ရှားဖြစ်ပေါ်လာပြီ၊ အပြားအားဖြင့် သိမှု'ပညာ'သည် ထင်ရှားဖြစ်ပေါ်လာပြီ၊ထိုးထွင်း၍သိမှု 'ဝိဇ္ဇာ' သည် ထင်ရှားဖြစ်ပေါ်လာပြီ၊ပညာအလင်းရောင်သည်ထင်ရှားဖြစ်ပေါ်လာပြီ။

ရဟန်းတို့ ဤသည်ကား သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုမှုတည်းဟု (ဘုရားမဖြစ်မီ)ရှေးကမကြားစဘူးကုန်သော တရားတို့၌ ငါ့အား ပညာမျက်စိသည် ထင်ရှားဖြစ်ပေါ်လာပြီ၊ အသိဉာဏ်သည် ထင်ရှားဖြစ်ပေါ်လာပြီ၊ အပြားအားဖြင့်သိမှု 'ပညာ'သည် ထင်ရှားဖြစ်ပေါ်လာပြီ၊ ထိုးထွင်း၍သိမှု 'ဝိဇ္ဇာ'သည် ထင်ရှား ဖြစ်ပေါ်လာပြီ၊ ပညာ အလင်းရောင်သည် ထင်ရှားဖြစ်ပေါ်လာပြီ။ ရဟန်းတို့ သဘောတရားတို့၌ သဘော တရားတို့ကို အကြိမ်ကြိမ်ရှုမှုကို ငါသည် ပွါးများအပ်၏ဟူ၍။ပ။ပွါးများပြီး ပြီဟူ၍(ဘုရားမဖြစ်မီ) ရှေးက မကြားစဘူး ကုန်သော တရားတို့၌ ငါ့အား ပညာမျက်စိသည် ထင်ရှားဖြစ်ပေါ်လာပြီ၊ အသိဉာဏ်သည် ထင်ရှားဖြစ်ပေါ်လာပြီ၊ အပြားအားဖြင့် သိမှု'ပညာ'သည် ထင်ရှား ဖြစ်ပေါ်လာပြီ၊ ထိုးထွင်း၍ သိမှု 'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်ပေါ်လာပြီ၊ ပညာအလင်းရောင်သည် ထင်ရှား ဖြစ်ပေါ်လာပြီဟု(မိန့်တော်မူ၏)။

ပဥ္စမသုတ်။

---

## ၂-ဝိရာဂသုတ်

၃၉၇။ ရဟန်းတို့ သတိပဋ္ဌာန်လေးပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည် ရှိသော် စင်စစ်ငြီးငွေ့ခြင်းငှါ စွဲမက်မှု 'ရာဂ' ကင်းခြင်းငှါ (ကိလေသာ) ချုပ်ခြင်းငှါ(ကိလေသာ) ငြိမ်းအေးခြင်းငှါ ထူးသောဉာဏ်ဖြင့် သိခြင်းငှါ ကိုယ်တိုင်သိခြင်းငှါ နိဗ္ဗာန်အလို့ငှါ ဖြစ်ကုန်၏။

အဘယ်လေးပါးတို့နည်း၊ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာအားထုတ်သော သဘောရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ်'သမ္ပဇဉ်' အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ

http://www.dhammadownload.com



ဒေါမနဿကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍ နေ၏။ ဝေဒနာတို့၌။ပ။ စိတ်၌။ပ။ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ်'သမ္ပဇဉ်' အောက်မေ့မှု'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရဟန်းတို့ သတိပဋ္ဌာန် လေးပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် စင်စစ် ငြီးငွေ့ခြင်းငှါ စွဲမက်မှု 'ရာဂ' ကင်းခြင်းငှါ (ကိလေသာ) ချုပ်ခြင်းငှါ (ကိလေသာ) ငြိမ်းအေးခြင်းငှါ ထူးသော ဉာဏ်ဖြင့် သိခြင်းငှါ ကိုယ်တိုင်သိခြင်းငှါ နိဗ္ဗာန်အလို့ငှါ ဖြစ်ကုန်၏ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

## ၃-ဝိရဒ္ဓသုတ်

၃၉၉။ ရဟန်းတို့ သတိပဋ္ဌာန်လေးပါးတို့ကို ချတ်ယွင်းစေသူ ဟူသမျှတို့အား ကောင်းစွာ ဆင်းရဲ၏ကုန်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အရိယမဂ်ကို ချတ်ယွင်းစေသည် မည်၏။ ရဟန်းတို့ သတိပဋ္ဌာန်လေးပါးတို့ကို အားထုတ်ကြသူ ဟူသမျှတို့အား ကောင်းစွာဝဋ်ဆင်းရဲ၏ကုန်ရာ နိဗ္ဗာန် သို့ရောက်ကြောင်း အရိယမဂ်ကို အားထုတ်အပ်သည် မည်၏။

အဘယ်လေးပါးတို့နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာ အားထုတ်အပ် သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ်'သမ္ပဇဉ်' အောက်မေ့မှု'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍ နေ၏။ ဝေဒနာတို့၌။ပ။စိတ်၌။ပ။ပြင်းစွာ အားထုတ်သောလုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရဟန်းတို့ သတိ ပဋ္ဌာန်လေးပါးတို့ကို ချတ်ယွင်းစေသူ ဟူသမျှတို့အား ကောင်းစွာ ဆင်းရဲ၏ကုန်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အရိယမဂ်ကို ချတ်ယွင်းစေသည် မည်၏၊ ရဟန်းတို့ ဤသတိပဋ္ဌာန်လေးပါးတို့ကို အားထုတ်ကြသူ ဟူသမျှတို့အား ကောင်းစွာ ဆင်းရဲ၏ကုန်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အရိယမဂ်ကို အားထုတ်အပ်သည် မည်၏ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

## ၄-ဘာဝိတသုတ်

၄၀၀။ ရဟန်းတို့ သတိပဋ္ဌာန်လေးပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန် သည်ရှိသော် (သံသရာဝဋ်ဟူသော) ဤဖက်ကမ်းမှ (နိဗ္ဗာန်ဟူသော) ထိုဖက်ကမ်းသို့ သွား ခြင်းငှါ ဖြစ်ကုန်၏။

**အဘယ်လေးပါးတို့နည်း**၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာအားထုတ်အပ် သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ်'သမ္ပဇဉ်' အောက်မေ့မှု'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်

http://www.dhammadownload.com



ဖြစ်၍ နေ၏။ ဝေဒနာတို့၌။ပ။စိတ်၌။ပ။ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရဟန်းတို့ ဤသတိပဋ္ဌာန်လေးပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် (သံသရာဝဋ်ဟူသော) ဤဖက်ကမ်းမှ (နိဗ္ဗာန်ဟူသော) ထိုဖက်ကမ်းသို့ သွားခြင်းငှါဖြစ်ကုန်၏ ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

## ၅-သတိသုတ်

၄၀၁။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ရဟန်းသည် အောက်မေ့မှု'သတိ' ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' နှင့် ပြည့်စုံသည်ဖြစ်၍ နေရာ၏၊ ဤသည်ကား သင်တို့အတွက် ငါတို့၏ အဆုံးအမပင်တည်း။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် အောက်မေ့မှု 'သတိ' နှင့် ပြည့်စုံသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ဝေဒနာတို့၌။ပ။ စိတ်၌။ပ။ ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ်'သမ္ပဇဉ်'အောက်မေ့မှု'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍နေ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် သတိနှင့်ပြည့်စုံ၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' နှင့် ပြည့်စုံသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းအား ခံစားမှု 'ဝေဒနာ'တို့သည် ထင်ရှားစွာ ဖြစ်ကုန်၏၊ ထင်ရှားစွာ ထင်ကုန်၏၊ ထင်ရှားစွာ ချုပ်ခြင်းသို့ ရောက်ကုန်၏။ကြံစည်မှု'ဝိတက်'တို့သည် ထင်ရှားစွာဖြစ်ကုန်၏၊ ထင်ရှားစွာ ထင်ကုန်၏၊ ထင်ရှားစွာ ချုပ်ခြင်းသို့ ရောက်ကုန်၏။ မှတ်သားမှု 'သညာ'တို့သည် ထင်ရှားစွာ ဖြစ်ကုန်၏၊ ထင်ရှားစွာ ထင်ကုန်၏၊ ထင်ရှားစွာ ချုပ်ခြင်းသို့ ရောက်ကုန်၏။ ရဟန်းတို့ ဤသို့သိသော ရဟန်းသည် ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'နှင့် ပြည့်စုံ၏။ ရဟန်းတို့ ရဟန်းသည် အောက်မေ့မှု'သတိ' ဆင်ခြင်ဉာဏ်'သမ္ပဇဉ်' နှင့် ပြည့်စုံသည်ဖြစ်၍ နေရာ၏၊ ဤသည်ကား သင်တို့အတွက် ငါဘုရားတို့၏ အဆုံးအမပင်တည်းဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

## ၆-အညာသုတ်

၄၀၂။ ရဟန်းတို့ သတိပဋ္ဌာန်တို့ကား ဤလေးပါးတို့တည်း။ အဘယ်လေးပါးတို့နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍နေ၏။ ဝေဒနာတို့၌။ပ။ စိတ်၌။ပ။ ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ်'သမ္ပဇဉ်'အောက်မေ့မှု'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် သဘောတရားတို့၌ သဘောတရားတို့ကို

http://www.dhammadownload.com



အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍ နေ၏။ ရဟန်းတို့ သတိပဋ္ဌာန်တို့ကား ဤလေးပါးတို့တည်း။ ရဟန်းတို့ ဤသတိပဋ္ဌာန်လေးပါးတို့ကို ပွါးများခြင်းကြောင့် ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် မျက်မှောက်ဘဝ၌ပင် အရဟတ္တဖိုလ်ကို ရနိုင်ခြင်း ဥပါဒါန်အကြွင်းအကျန်ရှိခဲ့သော် အနာဂါမိဖိုလ်ကို ရနိုင်ခြင်းဟူသော အကျိုးနှစ်ပါးတို့တွင် အကျိုးတပါးပါးကို (မချွတ်ရလိမ့်မည်ဟု) မြော်လင့်အပ်၏ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-ဆန္ဒသုတ်

၄၀၃။ ရဟန်းတို့ သတိပဋ္ဌာန်တို့ကား ဤလေးပါးတို့တည်း။အဘယ်လေးပါးတို့နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ' ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေသော ထိုရဟန်းအား ရုပ်အပေါင်း၌ ဖြစ်သော အလို 'ဆန္ဒ' ကင်းပျောက်၏၊ အလို'ဆန္ဒ' ကင်းပျောက်ခြင်းကြောင့် အမြိုက် နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်၏။

ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ်'သမ္ပဇဉ်'အောက်မေ့မှု 'သတိ'ရှိသည် ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် ဝေဒနာတို့၌ ဝေဒနာတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ဝေဒနာတို့၌ ဝေဒနာတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍နေသော ထိုရဟန်းအား ဝေဒနာတို့၌ ဖြစ်သော အလို'ဆန္ဒ'ကင်းပျောက်၏၊ အလို'ဆန္ဒ' ကင်းပျောက်ခြင်း ကြောင့် အမြိုက်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်၏။

ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ်'သမ္ပဇဉ်' အောက်မေ့မှု'သတိ'ရှိသည် ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် စိတ်၌ စိတ်ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ စိတ်၌ စိတ်ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေသော ထိုရဟန်းအား စိတ်၌ ဖြစ်သော အလို'ဆန္ဒ'ကင်းပျောက်၏၊ အလို'ဆန္ဒ'ကင်းပျောက်ခြင်းကြောင့် အမြိုက်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်၏။

ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ်'သမ္ပဇဉ်'အောက်မေ့မှု'သတိ'ရှိသည် ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍နေသော ထိုရဟန်းအား သဘောတရားတို့၌ ဖြစ်သော အလို'ဆန္ဒ' ကင်းပျောက်၏၊ အလို 'ဆန္ဒ' ကင်းပျောက်ခြင်းကြောင့် အမြိုက်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်၏ဟု (မိန့် တော်မူ၏)။

သတ္တမသုတ်။

## ၈-ပရိညာတသုတ်

၄၀၄။ ရဟန်းတို့ သတိပဋ္ဌာန်တို့ကား ဤလေးပါးတို့တည်း။ အဘယ်လေးပါးတို့နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍

http://www.dhammadownload.com



ဆင်ခြင်ဉာဏ်'သမ္ပဇဉ်' အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍နေ၏၊ ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍နေသော ထိုရဟန်းအား ရုပ်အပေါင်းကို ပိုင်းခြား၍ သိ၏၊ ရုပ်အပေါင်းကို ပိုင်းခြား၍ သိခြင်းကြောင့် အမြိုက်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်၏။

ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ်'သမ္ပဇဉ်'အောက်မေ့မှု'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် ဝေဒနာတို့၌ ဝေဒနာတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍နေ၏၊ ဝေဒနာတို့၌ ဝေဒနာတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေသော ထိုရဟန်းအား ဝေဒနာတို့ကို ပိုင်းခြား၍ သိကုန်၏၊ ဝေဒနာတို့ကို ပိုင်းခြား၍ သိခြင်းကြောင့် အမြိုက်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်၏။

ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ်'သမ္ပဇဉ်'အောက်မေ့မှု'သတိ'ရှိသည် ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် စိတ်၌ စိတ်ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ စိတ်၌ စိတ်ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍နေသော ထိုရဟန်းအား စိတ်ကို ပိုင်းခြား၍ သိ၏၊ စိတ်ကို ပိုင်းခြား၍ သိခြင်းကြောင့် အမြိုက်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်၏။

ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ်'သမ္ပဇဉ်'အောက်မေ့မှု'သတိ'ရှိသည် ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေသော ထိုရဟန်းအား သဘောတရားတို့ကို ပိုင်းခြား၍ သိခြင်းကြောင့် အမြိုက်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်၏ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-ဘာဝနာသုတ်

၄၀၅။ ရဟန်းတို့ သတိပဋ္ဌာန်လေးပါးတို့ကို ပွါးများမှု သတိပဋ္ဌာနဘာဝနာကို ဟော ကြားပေအံ့၊ ထိုတရားကို နာကြကုန်လော့။ ရဟန်းတို့ သတိပဋ္ဌာန်လေးပါးတို့ကို ပွါးများမှု ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ်'သမ္ပဇဉ်' အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ဝေဒနာတို့၌။ပ။ စိတ်၌။ ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ်'သမ္ပဇဉ်' အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် သဘော တရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရဟန်းတို့ ဤသည်ကား သတိပဋ္ဌာန်လေးပါးတို့ကို ပွါးများမှုပင်တည်းဟု (မိန့်တော်မူ၏)။

နဝမသုတ်။

http://www.dhammadownload.com



## ၁၀-ဝိဘင်္ဂသုတ်

၄၀၆။ ရဟန်းတို့ သတိပဋ္ဌာန်ကိုလည်းကောင်း သတိပဋ္ဌာန်ပွါးများခြင်းကိုလည်းကောင်း သတိပဋ္ဌာန်ပွါးများခြင်းသို့ ရောက်ကြောင်း အကျင့်ကိုလည်းကောင်း သင်တို့အား ဟောပေအံ့၊ ထိုတရားကို နာကြကုန်လော့။ ရဟန်းတို့ သတိပဋ္ဌာန်ကား အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ' ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် ဝေဒနာတို့၌ ဝေဒနာတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍ နေ၏။ပ။ စိတ်၌။ ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍ နေ၏။ ရဟန်းတို့ ဤသည်ကို သတိပဋ္ဌာန်ဟု ဆိုအပ်၏။

ရဟန်းတို့ သတိပဋ္ဌာန်ပွါးများခြင်းဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ်'သမ္ပဇဉ်'အောက်မေ့မှု'သတိ' ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍ နေ၏၊ရုပ်အပေါင်း၌ ပျက်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ ရုပ်အပေါင်း၌ ဖြစ်ခြင်း ပျက်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ဝေဒနာတို့၌ ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍ နေ၏၊ ဝေဒနာတို့၌ ပျက်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ ဝေဒနာတို့၌ ဖြစ်ခြင်းပျက်ခြင်း သဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ စိတ်၌ ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ပ။ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ်'သမ္ပဇဉ်' အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် သဘောတရားတို့၌ ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ သဘောတရားတို့၌ ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ သဘောတရားတို့၌ ဖြစ်ခြင်း ပျက်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရဟန်းတို့ ဤသည်ကို သတိပဋ္ဌာန် ပွါးများခြင်းဟု ဆိုအပ်၏။

ရဟန်းတို့ သတိပဋ္ဌာန် ပွါးများခြင်းသို့ ရောက်ကြောင်း အကျင့်ဟူသည် အဘယ်နည်း၊ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ပင်တည်း။ ဤ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်သည် အဘယ်နည်း၊ မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ' မှန်ကန်သောအကြံ 'သမ္မာသင်္ကပ္ပ' မှန်ကန်သောစကား 'သမ္မာဝါစာ' မှန်ကန်သောအလုပ် 'သမ္မာကမ္မန္တ' မှန်ကန်သောအသက်မွေးမှု 'သမ္မာအာဇီဝ' မှန်ကန်သော အားထုတ်မှု 'သမ္မာဝါယာမ' မှန်ကန်သော အောက်မေ့မှု 'သမ္မာသတိ' မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ'တို့တည်း။ ရဟန်းတို့ ဤအရိယမဂ်ကို သတိပဋ္ဌာန်ပွါးများခြင်းသို့ ရောက်ကြောင်း အကျင့်ဟု ဆိုအပ်၏ဟု(မိန့်တော်မူ၏)။

ဒသမသုတ်။

လေးခုမြောက် အနနုဿုတဝဂ် ပြီး၏။

http://www.dhammadownload.com



## ၅-အမတဝဂ် ၁-အမတသုတ်

၄၀၇။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ သတိပဋ္ဌာန်လေးပါးတို့၌ ကောင်းစွာတည်သော စိတ်ရှိသည်ဖြစ်၍ နေကြကုန်လော့၊ သင်တို့အား အမြိုက်နိဗ္ဗာန်သည် မပျက်စီးပါစေလင့်။ အဘယ်လေးပါးတို့၌နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ဝေဒနာတို့၌။ပ။စိတ်၌။ပ။ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရဟန်းတို့ ဤသတိပဋ္ဌာန်လေးပါးတို့၌ ကောင်းစွာတည်သော စိတ်ရှိသည်ဖြစ်၍ နေကြကုန်လော့၊ သင်တို့အား အမြိုက်နိဗ္ဗာန်သည် မပျက်စီးပါစေလင့်ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-သမုဒယသုတ်

၄၀၈။ ရဟန်းတို့ သတိပဋ္ဌာန်လေးပါးတို့၏ ဖြစ်ကြောင်းကိုလည်း ချုပ်ကြောင်းကိုလည်း ဟောပေအံ့၊ ထိုတရားကို နာကြကုန်လော့။ ရဟန်းတို့ ရုပ်အပေါင်း၏ဖြစ်ကြောင်းကား အဘယ်နည်း၊ အာဟာရဖြစ်ခြင်းကြောင့် ရုပ်အပေါင်းဖြစ်ပေါ်၏၊ အာဟာရချုပ်ခြင်းကြောင့် ရုပ်အပေါင်းချုပ်၏။ ဖဿဖြစ်ခြင်းကြောင့် ဝေဒနာတို့ဖြစ်၏၊ ဖဿချုပ်ခြင်းကြောင့် ဝေဒနာတို့ ချုပ်ကုန်၏။ နာမ်ရုပ်ဖြစ်ခြင်းကြောင့် စိတ်ဖြစ်၏၊ နာမ်ရုပ်ချုပ်ခြင်းကြောင့် စိတ်ချုပ်၏။ နှလုံးသွင်းမှုဖြစ်ခြင်းကြောင့် သဘောတရားတို့ ဖြစ်ကုန်၏၊ နှလုံးသွင်းမှု ချုပ်ခြင်းကြောင့် သဘောတရားတို့ ချုပ်ကုန်၏ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-မဂ္ဂသုတ်

၄၀၉။ သာဝတ္ထိနိဒါန်း။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို မိန့်တော်မူ၏—ရဟန်းတို့ အခါတပါး၌ ငါဘုရားသည် ဘုရားဖြစ်တော်မူစ ဉရုဝေလတော နေရဉ္ဇရာ မြစ်ကမ်းနားဝယ် အဇပါလ ပညောင်ပင်ရင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ရဟန်းတို့ ဆိတ်ငြိမ်ရာသို့ကပ်လျက် တပါးတည်း ကိန်းအောင်းနေသော ငါ့အား ဤသို့ အကြံဖြစ်၏—ခရီးလမ်းသည် သတ္တဝါတို့၏ စိတ်စင်ကြယ်ရန် စိုးရိမ်ပူပန်ခြင်း ငိုကြွေးခြင်းတို့ကို လွန်မြောက်ရန် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတို့ ချုပ်ငြိမ်းရန် အရိယမဂ်ကိုရရန် နိဗ္ဗာန်ကိုမျက်မှောက်ပြုရန် တကြောင်းတည်းသော ခရီးလမ်းဖြစ်ပေ၏၊ ယင်းသည့် ခရီးလမ်းကား ဤသတိပဋ္ဌာန်လေးပါးတို့တည်း။

အဘယ်လေးပါးတို့နည်း၊ ရဟန်းသည် ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရဟန်းသည် ဝေဒနာတို့၌

http://www.dhammadownload.com



မှုလည်း ဝေဒနာတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရဟန်းသည် စိတ်၌မှုလည်း စိတ်ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရဟန်းသည် ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ဤခရီးလမ်းသည် သတ္တဝါတို့၏ စိတ်စင်ကြယ်ရန် စိုးရိမ်ပူပန်ခြင်း ငိုကြွေးခြင်းတို့ကို လွန်မြောက်ရန် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတို့ချုပ်ငြိမ်းရန် အရိယမဂ်ကိုရရန် နိဗ္ဗာန်ကိုမျက်မှောက်ပြုရန် တကြောင်းတည်းသော ခရီးလမ်းဖြစ်ပေ၏၊ ယင်းသည့် ခရီးလမ်းကား ဤသတိပဋ္ဌာန် လေးပါးတို့တည်းဟု အကြံဖြစ်၏။

ရဟန်းတို့ ထိုအခါ သဟမ္ပတိဗြဟ္မာသည် ငါ၏စိတ်အကြံကို(သူ၏)စိတ်ဖြင့်သိ၍ အားရှိသော ယောကျ်ားသည် ကွေးသောလက်မောင်းကို ဆန့်ရာသကဲ့သို့ရင်း ဆန့်သော လက်မောင်းကို ကွေးရာသကဲ့သို့ရင်း ထို့အတူပင် ဗြဟ္မာ့ဘုံမှကွယ်ခဲ့၍ ငါ၏ရှေ့၌ (ကိုယ်)ထင်ရှားဖြစ်ပေါ်လာ၏။ ရဟန်းတို့ ထိုအခါ သဟမ္ပတိဗြဟ္မာသည် ပခုံးတဖက်၌ ကိုယ်ရုံကိုတင်လျက် ငါဘုရားထံသို့ လက်အုပ်ချီ၍ ငါဘုရားအား ဤစကားကို လျှောက်၏—ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤစကားသည် ဤအတိုင်းမှန်ပါ၏၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား ဤစကားသည် ဤအတိုင်းမှန်ပါ၏။ အသျှင်ဘုရား ဤခရီးလမ်းသည် သတ္တဝါတို့၏ စိတ်စင်ကြယ်ရန် စိုးရိမ်ပူပန်ခြင်း ငိုကြွေးခြင်းတို့ကို လွန်မြောက်ရန် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတို့ ချုပ်ငြိမ်းရန် တကြောင်းတည်းသော ခရီးလမ်း ဖြစ်ပေ၏၊ယင်းသည့် ခရီးလမ်းကား ဤသတိပဋ္ဌာန် လေးပါးတို့တည်း။

အဘယ်လေးပါးတို့နည်း၊ အသျှင်ဘုရား ရဟန်းသည် ပြင်းစွာအားထုတ်သော လုံ့လရှိသည် ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ဝေဒနာတို့၌ မှုလည်း။ပ။ စိတ်၌မှုလည်း။ပ။ အသျှင်ဘုရား ရဟန်းသည် ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ အသျှင်ဘုရား ဤခရီးလမ်းသည် သတ္တဝါတို့၏ စိတ်စင်ကြယ်ရန် စိုးရိမ်ပူပန်ခြင်း ငိုကြွေးခြင်းတို့ကို လွန်မြောက်ရန် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတို့ ချုပ်ငြိမ်းရန် အရိယမဂ်ကိုရရန် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် တကြောင်းတည်းသော ခရီးလမ်းဖြစ်ပါ၏၊ ယင်းသည့် ခရီးလမ်းကား ဤ သတိပဋ္ဌာန်လေးပါးတို့ပါတည်း ဟု သဟမ္ပတိဗြဟ္မာသည် ဤစကားကို လျှောက်၏။

ဤစကားကို လျှောက်ပြီးနောက် တပါးသော ဤဂါထာကို လျှောက်ပြန်၏—

> "ဇာတိ၏ကုန်ရာ (နိဗ္ဗာန်)ကို မြင်တော်မူသော သတ္တဝါတို့၏ စီးပွါးကို အစဉ်စောင့်ရှောက်တော်မူသော မြတ်စွာဘုရားသည် တကြောင်းတည်းသော (သတိပဋ္ဌာန်)လမ်းကို သိတော်မူ၏၊ ဤသတိပဋ္ဌာန်လမ်းဖြင့် (အရိယာသူတော်ကောင်းတို့သည်) သတ္တဝါတို့ကို နစ်မွန်းစေတတ်သော ဩဃကို ရှေးကလည်း ကူးမြောက်ကုန်ပြီ၊ (နောက်၌လည်း) ကူးမြောက်ကုန်လတ္တံ့၊ (ယခုလည်း) ကူးမြောက်ဆဲဖြစ်ကုန်၏" ဟု (လျှောက်ထားလေ၏)။

**စတုတ္ထသုတ်။**

http://www.dhammadownload.com



## ၄-သတိသုတ်

၄၁၀။ ရဟန်းတို့ ရဟန်းသည် သတိနှင့်ပြည့်စုံသည်ဖြစ်၍ နေရာ၏၊ ဤသည်ကား သင်တို့အတွက် ငါဘုရားတို့၏ အဆုံးအမတည်း။ ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် သတိနှင့်ပြည့်စုံရာသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ်'သမ္ပဇဉ်'အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ဝေဒနာတို့၌။ပ။ စိတ်၌။ပ။ ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် သတိနှင့်ပြည့်စုံ၏။ ရဟန်းတို့ ရဟန်းသည် သတိနှင့်ပြည့်စုံသည်ဖြစ်၍ နေရာ၏၊ ဤသည်ကား သင်တို့အတွက် ငါဘုရားတို့၏ အဆုံးအမတည်း ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-ကုသလရာသိသုတ်

၄၁၁။ ရဟန်းတို့ "ကုသိုလ်အစု" ဟု ဆိုသောသူသည် ကောင်းစွာဆိုလိုခဲ့မူ သတိပဋ္ဌာန်လေးပါးတို့ကို ဆိုရာ၏၊ ရဟန်းတို့ မှန်၏၊ ဤ သတိပဋ္ဌာန်လေးပါးတို့သည် ကုသိုလ်အစု သက်သက်သာဖြစ်၏။

အဘယ်လေးပါးတို့နည်း၊ ရဟန်းတို့ ဤ သာသနာတော်၌ ရဟန်းသည် ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ဝေဒနာတို့၌။ပ။ စိတ်၌။ပ။ ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရဟန်းတို့ ကုသိုလ်အစုဟု ဆိုသောသူသည် ကောင်းစွာဆိုလိုခဲ့မူ ဤသတိပဋ္ဌာန်လေးပါးတို့ကိုသာ ဆိုရာ၏။ ရဟန်းတို့ ဤသတိပဋ္ဌာန်လေးပါးတို့သည် ကုသိုလ်အစု သက်သက်သာ ဖြစ်၏ ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၆-ပါတိမောက္ခသံဝရသုတ်

၄၁၂။ ထိုအခါ ရဟန်းတပါးသည် မြတ်စွာဘုရားထံ ချဉ်းကပ်ပြီးလျှင် တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

http://www.dhammadownload.com



အသျှင်ဘုရား တောင်းပန်ပါ၏၊ အကျွန်ုပ်အား မြတ်စွာဘုရားသည် အကျဉ်းအားဖြင့် တရား ဟောတော်မူပါ၊ အကျွန်ုပ်သည် မြတ်စွာဘုရား၏ ယင်းတရားတော်ကို ကြားနာရသည်ရှိသော် တပါးတည်း ဆိတ်ငြိမ်ရာသို့ကပ်လျက် မမေ့မလျော့ ပြင်းစွာအားထုတ်ကာ နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိသည်ဖြစ်၍ နေပါလိုမှ်ဟု (လျှောက်၏)။ ရဟန်း သို့ဖြစ်လျှင် သင်သည် ကုသိုလ်တရားတို့၌ အစကိုပင် သုတ်သင်လော့။ ကုသိုလ်တရားတို့၏ အစကား အဘယ်နည်း၊ ရဟန်း ဤသာသနာတော်၌ သင်သည် ပါတိမောက္ခသံဝရသီလကို စောင့်စည်း၍ နေလော့၊ အကျင့် 'အာစာရ' ကျက်စားရာ 'ဂေါစရ'နှင့် ပြည့်စုံသည်ဖြစ်၍ အနည်းငယ်မျှသော အပြစ်တို့၌သော်လည်း ဘေးဟု ရှုလေ့ရှိသည်ဖြစ်၍နေလော့၊ သိက္ခာပုဒ်တို့ကို ကောင်းစွာဆောက်တည်၍ နေလော့။ ရဟန်း အကြင်အခါ သင်သည် ပါဘိမောက္ခသံဝရသီလကို စောင့်စည်းသည်ဖြစ်၍ အကျင့် 'အာစာရ' ကျက်စားရာ 'ဂေါစရ'နှင့်ပြည့်စုံသည်ဖြစ်၍ အနည်းငယ်မျှသော အပြစ်တို့၌သော်လည်း ဘေးဟု ရှုလေ့ရှိသည်ဖြစ်၍ နေလိမ့်မည်၊ သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်လိမ့်မည်၊ ထိုအခါ သင်သည် သီလကိုမှီ၍ သီလ၌တည်၍ သတိပဋ္ဌာန်လေးပါးတို့ကို ပွါးများနိုင်ရာ၏ (ပွါးများလော့)။

အဘယ်လေးပါးတို့နည်း၊ ရဟန်း ဤသာသနာတော်၌ သင်သည် ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေလော့။ ဝေဒနာတို့၌။ပ။ စိတ်၌။ပ။ ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေလော့။ ရဟန်း အကြင်အခါ သင်သည် သီလကိုမှီ၍ သီလ၌တည်၍ ဤသတိပဋ္ဌာန်လေးပါးတို့ကို ဤသို့ ပွါးများလတ္တံ့၊ ထိုအခါ သင့်အား ရောက်လာသော ညဉ့်နေ့တို့ဝယ် ကုသိုလ်တရားတို့၌ တိုးပွါးခြင်းကိုသာ (မချွတ်ရလိမ့်ဟု) မြော်လင့်အပ်၏၊ ဆုတ်ယုတ်ခြင်းကို မမြော်လင့်အပ် ဟု (မိန့်တော်မူ၏)။ ထိုအခါ ထိုရဟန်းသည် မြတ်စွာဘုရား ဟောကြားအပ်သော တရားတော်ကို အလွန်နှစ်သက် ဝမ်းမြောက်ကာ နေရာမှထ၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် အရိုအသေပြုကာ ဖဲ၍သွားလေ၏။

ထို့နောက် ထိုရဟန်းသည် တဦးတည်း ဆိတ်ငြိမ်ရာသို့ကပ်လျက် မမေ့မလျော့ ပြင်းစွာအားထုတ်ကာ နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိသည်ဖြစ်၍ နေလတ်သော် ကောင်းစွာသာလျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက် (ရဟန်းပြု) ကုန်သော အမျိုးသားများ လိုလားအပ်သော အတုမရှိသော အကျင့်မြတ်၏ အဆုံးဖြစ်သော အရဟတ္တဖိုလ်အကျိုးကို မကြာမီ မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍နေရ၏၊ "ပဋိသန္ဓေနေမှုကုန်ပြီ၊အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ် ကိစ္စ) အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ"ဟု သိ၏၊ ထိုရဟန်းသည်လည်း ရဟန္တာတို့တွင် တပါးအပါအဝင် ဖြစ်လေ၏ဟု(မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-ဗုဇ္ဇရိတသုတ်

၄၁၃။ ထိုအခါ ရဟန်းတပါးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ တခုသော နေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—အသျှင်ဘုရား တောင်းပန်ပါ၏၊

http://www.dhammadownload.com



အကျွန်ုပ်အား မြတ်စွာဘုရားသည် အကျဉ်းအားဖြင့် တရားဟောတော်မူပါ၊ အကျွန်ုပ်သည် မြတ်စွာဘုရား၏ ယင်းတရားတော်ကို ကြားနာရလည်ရှိသော် တပါးတည်း ဆိတ်ငြိမ်ရာသို့ ကပ်လျက် မမေ့မလျော့ ပြင်းစွာအားထုတ်ကာ နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိသည်ဖြစ်၍ နေလိုပါ၏ဟု လျှောက်၏။ ရဟန်း သို့ဖြစ်လျှင် သင်သည် ကုသိုလ်တရားတို့၌ အစကိုပင် သုတ်သင်လော့။ ကုသိုလ်တရားတို့၏ အစကား အဘယ်နည်း၊ ရဟန်း ဤသာသနာတော်၌ သင်သည် ကာယဒုစရိုက်ကိုပယ်၍ ကာယသုစရိုက်ကို ပွါးများလတ္တံ့၊ ဝစီဒုစရိုက်ကိုပယ်၍ ဝစီသုစရိုက်ကို ပွါးများလတ္တံ့၊ မနောဒုစရိုက်ကို ပယ်၍ မနောသုစရိုက်ကို ပွါးများလတ္တံ့။ ရဟန်း သင်သည် အကြင်အခါ ကာယဒုစရိုက်ကိုပယ်၍ ကာယသုစရိုက်ကို ပွါးများလတ္တံ့၊ ဝစီဒုစရိုက်ကိုပယ်၍ ဝစီသုစရိုက်ကို ပွါးများလတ္တံ့၊ မနောဒုစရိုက်ကိုပယ်၍ မနောသုစရိုက်ကို ပွါးများလတ္တံ့၊ ထိုအခါ သင်သည် သီလကိုမှီ၍ သီလ၌တည်၍ သတိပဋ္ဌာန်လေးပါးတို့ကို ပွါးများလေလော့။

အဘယ်လေးပါးတို့နည်း၊ ရဟန်း ဤသာသနာတော်၌ သင်သည် ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေလော့။ ဝေဒနာတို့၌။ပ။ စိတ်၌။ပ။ ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'အောက်မေ့မှု 'သတိ' ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေလော့။ ရဟန်း အကြင်အခါ သင်သည် သီလကိုမှီ၍ သီလ၌တည်၍ ဤသတိပဋ္ဌာန်လေးပါးတို့ကို ပွါးများလတ္တံ့၊ ထိုအခါ သင့်အား ရောက်လာသော ညဉ့်နေ့တို့ဟူ ကုသိုလ်တရားတို့၌ တိုးပွါးခြင်းကိုသာ (မချွတ်ရလိမ့်မည်ဟု) မျှော်လင့်အပ်၏၊ ဆုတ်ယုတ်ခြင်းကို မမျှော်လင့်အပ် ဟု (မိန့်တော်မူ၏)။ပ။ ထိုရဟန်းသည်လည်း ရဟန္တာတို့တွင် တပါးအပါအဝင် ဖြစ်လေ၏။

သတ္တမသုတ်။

## ၈-မိတ္တသုတ်

၄၁၄။ ရဟန်းတို့ သင်တို့သည် အစဉ်သနားစောင့်ရှောက်ထိုက်ကုန်သော မိမိစကားကို နာယူလိမ့်မည်ဟု မှတ်ထင်ရကုန်သော မိတ်ဆွေခင်ပွန်း ဆွေမျိုးသားချင်းတို့အား သတိပဋ္ဌာန်လေးပါးတို့ကို ပွါးများရန် ဆောက်တည်စေအပ်ကုန်၏၊ သွင်းထားအပ်ကုန်၏၊ တည်စေအပ်ကုန်၏။

အဘယ်လေးပါးတို့နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ဝေဒနာတို့၌။ပ။ စိတ်၌။ပ။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရဟန်းတို့ သင်တို့သည် အစဉ်သနားစောင့်ရှောက်ထိုက်ကုန်သော မိမိစကားကို နာယူလိမ့်မည်ဟု မှတ်ထင်ရကုန်သော မိတ်ဆွေခင်ပွန်း ဆွေမျိုးသားချင်း

http://www.dhammadownload.com



တို့အား ဤသတိပဋ္ဌာန်လေးပါးတို့ကို ပွါးများရန် ဆောက်တည်စေအပ်ကုန်၏၊ သွင်းထားအပ်ကုန်၏၊ တည်စေအပ်ကုန်၏ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-ဝေဒနာသုတ်

၄၁၅။ ရဟန်းတို့ ဝေဒနာတို့သည် ဤသုံးမျိုးတို့တည်း။ အဘယ်သုံးမျိုးတို့နည်း၊ သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာတို့တည်း၊ ရဟန်းတို့ ဝေဒနာတို့ကား ဤသုံးမျိုးတို့ပင်တည်း၊ ရဟန်းတို့ ဝေဒနာသုံးမျိုးတို့ကို ပိုင်းခြား၍သိခြင်းငှါ သတိပဋ္ဌာန်လေးပါးတို့ကို ပွါးများအပ်ကုန်၏။

အဘယ်လေးပါးတို့နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ဝေဒနာတို့၌"ပ။ စိတ်၌။ပ။ ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရဟန်းတို့ ဤဝေဒနာသုံးမျိုးတို့ကို ပိုင်းခြား၍ သိခြင်းငှါ သတိပဋ္ဌာန်လေးပါးတို့ကို ပွါးများအပ်ကုန်၏ ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-အာသဝသုတ်

၄၁၆။ ရဟန်းတို့ အာသဝတရားတို့သည် ဤသုံးမျိုးတို့တည်း။ အဘယ်သုံးမျိုးတို့နည်း၊ ကာမာသဝ ဘဝါသဝ အဝိဇ္ဇာသဝတို့တည်း၊ ရဟန်းတို့ အာသဝတရားတို့ကား ဤသုံးမျိုးတို့ပင်တည်း။ ရဟန်းတို့ ဤအာသဝသုံးမျိုးတို့ကို ပယ်ခြင်းငှါ သတိပဋ္ဌာန် လေးပါးတို့ကို ပွါးများအပ်ကုန်၏။

အဘယ်လေးပါးတို့နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ဝေဒနာတို့၌။ပ။ စိတ်၌။ပ။ ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရဟန်းတို့ အာသဝ သုံးမျိုးတို့ကို ပယ်ခြင်းငှါ ဤသတိပဋ္ဌာန်လေးပါးတို့ကို ပွါးများအပ်ကုန်၏ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

**ငါးခုမြောက် အမတဝဂ် ပြီး၏။**

http://www.dhammadownload.com



## ၆-ဂင်္ဂါပေယျာလဝဂ်

### ၁-၁၂-ဂင်္ဂါနဒီစသော ၁၂-သုတ်

၄၁၇-၄၂၈။ ရဟန်းတို့ ဥပမာသော်ကား ဂင်္ဂါမြစ်သည် အရှေ့အရပ်သို့ ညွတ် ကိုင်း ရှိုင်း သကဲ့သို့ ထိုအတူပင် ရဟန်းသည် သတိပဋ္ဌာန်လေးပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာပြုလုပ် အပ်သည်ရှိသော် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်း၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် သတိပဋ္ဌာန်လေးပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များ စွာပြုလုပ်အပ်သည်ရှိသော် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်းသနည်း၊ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ' ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ရုပ် အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ဝေဒနာတို့၌။ပ။ စိတ်၌။ပ။ ပြင်းစွာ အားထုတ် သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ' ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် သတိပဋ္ဌာန်လေးပါးတို့ကို ပွါးများ အပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်း၏ဟု (မိန့်တော်မူ၏)။

ခြောက်ခုမြောက် ဂင်္ဂါပေယျာလဝဂ် ပြီး၏။

---

## ၇-အပ္ပမာဒဝဂ်

### ၁-၁၀-တထာဂတစသော ၁၀-သုတ်

၄၂၉-၄၃၈။ ရဟန်းတို့ အခြေမရှိကုန်သောသတ္တဝါ အခြေနှစ်ချောင်းရှိကုန်သောသတ္တဝါ အခြေလေးချောင်းရှိကုန်သောသတ္တဝါ အခြေများစွာရှိကုန်သော သတ္တဝါဟူသမျှတို့သည်။ ဤသို့ စသည်ဖြင့် ချဲ့အပ်၏။

ခုနစ်ခုမြောက် အပ္ပမာဒဝဂ် ပြီး၏။

---

## ၈-ဗလကရဏီယဝဂ်

### ၁-၁၂-ဗလစသော ၁၂-သုတ်

၄၃၉-၄၅၀။ ရဟန်းတို့ ဥပမာသော်ကား လက်ရုံးအားဖြင့် ပြုလုပ်အပ်သော အလုပ်ဟူသမျှ တို့ကို ပြုလုပ်အပ်ကုန်သကဲ့သို့။ဤသို့ စသည်ဖြင့် ချဲ့အပ်၏။

ရှစ်ခုမြောက် ဗလကရဏီယဝဂ် ပြီး၏။

http://www.dhammadownload.com



## ၉-သေနာဝဂ်

### ၁-၁၀-သေနာစသော ၁၀-သုတ်

၄၅၁-၄၆၀။ ရဟန်းတို့ ရှာမှီးခြင်းတို့သည် ဤသုံးမျိုးတို့တည်း။ အဘယ်သုံးမျိုးတို့နည်း၊ ကာမကိုရှာမှီးခြင်း ဘဝကိုရှာမှီးခြင်း အကျင့်မြတ်ကိုရှာမှီးခြင်းတို့တည်း။ ဤသို့ စသည်ဖြင့် ချဲ့အပ်၏။

ကိုးခုမြောက် သေနာဝဂ် ပြီး၏။

---

## ၁၀-ဩဃဝဂ်

### ၁-၁၀-ဥဒ္ဓမ္ဘာဂိယစသော ၁၀-သုတ်

၄၆၁-၄၇၀။ ရဟန်းတို့ အထက်ပိုင်း သံယောဇဉ်တို့သည် ဤငါးပါးတို့တည်း။ အဘယ်ငါးပါး တို့နည်း၊ ရူပရာဂ အရူပရာဂ မာန ဥဒ္ဓစ္စ အဝိဇ္ဇာတို့တည်း၊ ရဟန်းတို့ အထက်ပိုင်း သံယောဇဉ် တို့ကား ဤငါးပါးတို့ပင်တည်း။ ရဟန်းတို့ ဤအထက်ပိုင်း သံယောဇဉ်ငါးပါးတို့ကို ထူးသော ဉာဏ်ဖြင့် သိခြင်းငှါ ပိုင်းခြား၍ သိခြင်းငှါ ကုန်စေခြင်းငှါ ပယ်ခြင်းငှါ ဤသတိပဋ္ဌာန်လေးပါးတို့ကို ပွါးများအပ်ကုန်၏။

အဘယ်လေးပါးတို့နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာအားထုတ် သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ' ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍ နေ၏။ ဝေဒနာတို့၌။ပ။စိတ်၌။ပ။ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရဟန်းတို့ ဤအထက်ပိုင်း သံယောဇဉ် ငါးပါးတို့ကို ထူးသောဉာဏ်ဖြင့် သိခြင်းငှါ ပိုင်းခြား၍ သိခြင်းငှါ ကုန်စေခြင်းငှါ ပယ်ခြင်းငှါ ဤသတိပဋ္ဌာန်လေးပါးတို့ကို ပွါးများအပ်ကုန်၏ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

[မဂ္ဂသံယုတ်ကို ချဲ့အပ်သကဲ့သို့ ထိုအတူ သတိပဋ္ဌာနသံယုတ်ကို ချဲ့အပ်၏]။

ဆယ်ခုမြောက် ဩဃဝဂ် ပြီး၏။

သုံးခုမြောက် သတိပဋ္ဌာနသံယုတ် ပြီး၏။

http://www.dhammadownload.com

# ၄-ဈာန်သံယုတ်

## ၁-သုဒ္ဓိကဝဂ် ၁-သုဒ္ဓိကသုတ်

၄၇၁။ သာဝတ္ထိနိဒါန်း။ ထိုအခါ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—ရဟန်းတို့ ဣန္ဒြေတို့သည် ဤ ငါးပါးတို့တည်း။ အဘယ်ငါးပါးတို့နည်း၊ သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေတို့တည်း။ ရဟန်းတို့ ဣန္ဒြေတို့သည် ဤငါးပါးတို့တည်း ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-ပဌမ သောတာပန္နသုတ်

၄၇၂။ ရဟန်းတို့ ဣန္ဒြေတို့သည် ဤငါးပါးတို့တည်း။ အဘယ်ငါးပါးတို့နည်း၊ သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေတို့တည်း။ ရဟန်းတို့ အကြင်အခါ အရိယာတပည့်သည် ဤဣန္ဒြေငါးပါးတို့၏ သာယာဖွယ်ကိုရင်း အပြစ်ကိုရင်း ထွက်မြောက်ရာကိုရင်း ဟုတ်တိုင်းမှန်စွာ သိ၏၊ ထိုအခါ ဤအရိယာတပည့်ကို အပါယ်သို့ကျခြင်း သဘောမရှိ ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိသော သောတာပန်ဟူ၍ ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-ဒုတိယ သောတာပန္နသုတ်

၄၇၃။ ရဟန်းတို့ ဣန္ဒြေတို့သည် ဤငါးပါးတို့တည်း။ အဘယ်ငါးပါးတို့နည်း။ သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေတို့တည်း။ ရဟန်းတို့ အကြင်အခါ အရိယာတပည့်သည် ဤဣန္ဒြေငါးပါးတို့၏ ဖြစ်ခြင်းကိုရင်း ချုပ်ခြင်းကိုရင်း သာယာဖွယ်ကိုရင်း အပြစ်ကိုရင်း ထွက်မြောက်ရာကိုရင်း ဟုတ်တိုင်းမှန်စွာ သိ၏။ ထိုအခါ ဤအရိယာတပည့်ကို အပါယ်သို့ကျခြင်း သဘောမရှိ ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိသော သောတာပန်ဟူ၍ ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-ပဌမ အရဟန္တသုတ်

၄၇၄။ ရဟန်းတို့ ဣန္ဒြေတို့သည် ဤငါးပါးတို့တည်း။ အဘယ်ငါးပါးတို့နည်း၊ သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေတို့တည်း။ ရဟန်းတို့ အကြင်အခါ အရိယာတပည့်သည်

http://www.dhammadownload.com



ဤဣန္ဒြေငါးပါးတို့၏ သာယာဖွယ်ကိုရင်း အပြစ်ကိုရင်း ထွက်မြောက်ရာကိုရင်း ဟုတ်တိုင်းမှန်စွာ သိ၍ မစွဲလမ်းပဲ (ကိလေသာမှ) လွတ်မြောက်၏။ ထိုအခါ ဤရဟန်းကို ပူဇော်အထူးကို ခံထိုက်သော အာသဝကုန်ပြီးသော မဂ်အကျင့်ကို ကျင့်သုံးပြီးသော ပြုဖွယ်ကိစ္စကို ပြုပြီးသော ခန္ဓာဝန်ကို ချပြီးသော မိမိအကျိုး အရဟတ္တဖိုလ်သို့ ရောက်ပြီးသော ဘဝသံယောဇဉ်ကုန်ပြီးသော ကောင်းစွာ သိ၍ (ကိလေသာမှ) လွတ်မြောက်ပြီးသော ရဟန္တာဟူ၍ ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-ဒုတိယ အရဟန္တသုတ်

၄၇၅။ ရဟန်းတို့ ဣန္ဒြေတို့သည် ဤငါးပါးတို့တည်း။ အဘယ်ငါးပါးတို့နည်း၊ သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေတို့တည်း။ ရဟန်းတို့ အကြင်အခါ ရဟန်းသည် ဤဣန္ဒြေငါးပါးတို့၏ ဖြစ်ခြင်းကိုရင်း ချုပ်ခြင်းကိုရင်း သာယာဖွယ်ကိုရင်း အပြစ်ကိုရင်း ထွက်မြောက်ရာကိုရင်း ဟုတ်တိုင်းမှန်စွာသိ၍ မစွဲလမ်းပဲ (ကိလေသာမှ) လွတ်မြောက်၏။ ထိုအခါ ဤရဟန်းကို ပူဇော်အထူးကို ခံထိုက်သော အာသဝကုန်ပြီးသော မဂ်အကျင့်ကို ကျင့်သုံးပြီးသော ပြုဖွယ်ကိစ္စကို ပြုပြီးသော ခန္ဓာဝန်ကို ချပြီးသော မိမိအကျိုး အရဟတ္တဖိုလ်သို့ ရောက်ပြီးသော ဘဝသံယောဇဉ်ကုန်ပြီးသော ကောင်းစွာသိ၍(ကိလေသာမှ) လွတ်မြောက်ပြီးသော ရဟန္တာဟူ၍ ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၆-ပဌမ သမဏ ဗြာဟ္မဏသုတ်

၄၇၆။ ရဟန်းတို့ ဣန္ဒြေတို့သည် ဤငါးပါးတို့တည်း။ အဘယ်ငါးပါးတို့နည်း၊ သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေတို့တည်း။ ရဟန်းတို့ ဤဣန္ဒြေငါးပါးတို့၏ဖြစ်ခြင်းကိုရင်း ချုပ်ခြင်းကိုရင်း သာယာဖွယ်ကိုရင်း အပြစ်ကိုရင်း ထွက်မြောက်ရာကိုရင်း ဟုတ်တိုင်းမှန်စွာမသိကုန်သော သမဏ ဗြာဟ္မဏဟူသမျှတို့ကို သမဏတို့တွင်လည်း သမဏဟု မသမုတ်အပ်ကုန်၊ ဗြာဟ္မဏတို့တွင်လည်း ဗြာဟ္မဏဟု မသမုတ်အပ်ကုန်၊ ထိုအသျှင်တို့သည် သမဏဖြစ်ကျိုးကိုရင်း ဗြာဟ္မဏဖြစ်ကျိုးကိုရင်း မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ မနေရကုန်။

ရဟန်းတို့ ဤဣန္ဒြေငါးပါးတို့၏ ဖြစ်ခြင်းကိုရင်း ချုပ်ခြင်းကိုရင်း သာယာဖွယ်ကိုရင်း အပြစ်ကိုရင်း ထွက်မြောက်ရာကိုရင်း ဟုတ်တိုင်းမှန်စွာသိကုန်သော သမဏ ဗြာဟ္မဏဟူသမျှတို့ကို သမဏတို့တွင်လည်း သမဏ ဟု သမုတ်အပ်ကုန်၏၊ ဗြာဟ္မဏတို့တွင်လည်း ဗြာဟ္မဏဟု သမုတ်အပ်ကုန်၏၊ ထိုအသျှင်တို့သည် သမဏဖြစ်ကျိုးကိုရင်း ဗြာဟ္မဏဖြစ်ကျိုးကိုရင်း မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုလျက် ရောက်၍နေရကုန်၏ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

http://www.dhammadownload.com



## ၇-ဒုတိယ သမဏဗြာဟ္မဏသုတ်

၄၇၇။ ရဟန်းတို့ သဒ္ဓိန္ဒြေကို မသိသူ သဒ္ဓိန္ဒြေ၏ဖြစ်ကြောင်းကို မသိသူ သဒ္ဓိန္ဒြေ၏ချုပ်ရာကို မသိသူ သဒ္ဓိန္ဒြေ၏ချုပ်ရာသို့ ရောက်ကြောင်းအကျင့်ကို မသိသူ။ ဝီရိယိန္ဒြေကို မသိသူ။ပ။ သတိန္ဒြေကို မသိသူ။ပ။ သမာဓိန္ဒြေကို မသိသူ။ပ။ ပညိန္ဒြေကို မသိသူ ပညိန္ဒြေ၏ ဖြစ်ကြောင်းကို မသိသူ ပညိန္ဒြေ၏ချုပ်ရာကို မသိသူ ပညိန္ဒြေ၏ ချုပ်ရာသို့ရောက်ကြောင်းအကျင့်ကို မသိသူ သမဏ ဗြာဟ္မဏဟူသမျှတို့ကို သမဏတို့တွင်လည်း သမဏဟု မသမုတ်အပ်ကုန်၊ ဗြာဟ္မဏတို့တွင်လည်း ဗြာဟ္မဏဟု မသမုတ်အပ်ကုန်၊ ထိုအသျှင်တို့သည် သမဏဖြစ်ကျိုးကိုငင်း ဗြာဟ္မဏဖြစ်ကျိုးကိုငင်း ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ မနေရကုန်။

ရဟန်းတို့ သဒ္ဓိန္ဒြေကိုသိသူ သဒ္ဓိန္ဒြေ၏ဖြစ်ကြောင်းကိုသိသူ သဒ္ဓိန္ဒြေ၏ချုပ်ရာကိုသိသူ သဒ္ဓိန္ဒြေ၏ ချုပ်ရာသို့ ရောက်ကြောင်းအကျင့်ကိုသိသူ။ ဝီရိယိန္ဒြေကိုသိသူ။ပ။ သတိန္ဒြေကိုသိသူ။ပ။ သမာဓိန္ဒြေကိုသိသူ။ပ။ ပညိန္ဒြေကိုသိသူ ပညိန္ဒြေ၏ဖြစ်ကြောင်းကိုသိသူ ပညိန္ဒြေ၏ချုပ်ရာကိုသိသူ ပညိန္ဒြေ၏ ချုပ်ရာသို့ ရောက်ကြောင်းအကျင့်ကိုသိသူ သမဏ ဗြာဟ္မဏ ဟူသမျှတို့ကို သမဏတို့တွင်လည်း သမဏဟု သမုတ်အပ်ကုန်၏၊ ဗြာဟ္မဏတို့၌တွင်လည်း ဗြာဟ္မဏဟု သမုတ်အပ်ကုန်၏၊ ထိုအသျှင်တို့သည် သမဏဖြစ်ကျိုးကိုငင်း ဗြာဟ္မဏဖြစ်ကျိုးကိုငင်း ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍နေရကုန်၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-ဒဋ္ဌဗ္ဗသုတ်

၄၇၈။ ရဟန်းတို့ ဣန္ဒြေတို့သည် ဤငါးပါးတို့တည်း။ အဘယ်ငါးပါးတို့နည်း၊ သဒ္ဓိန္ဒြေ။ပ။ ပညိန္ဒြေတို့တည်း။ ရဟန်းတို့ အဘယ်အရာ၌ သဒ္ဓိန္ဒြေကို ရှုမှတ်အပ်သနည်း၊ သောတာပတ္တိမဂ်၏ အကြောင်းတရားလေးပါးဟူသော ဤအရာတို့၌ သဒ္ဓိန္ဒြေကို ရှုမှတ်အပ်၏။ ရဟန်းတို့ အဘယ် အရာ၌ ဝီရိယိန္ဒြေကို ရှုမှတ်အပ်သနည်း၊ သမ္မပ္ပဓာန်လေးပါးဟူသော ဤအရာတို့၌ ဝီရိယိန္ဒြေကို ရှုမှတ်အပ်၏။ ရဟန်းတို့ အဘယ်အရာ၌ သတိန္ဒြေကို ရှုမှတ်အပ်သနည်း၊ သတိပဋ္ဌာန်လေးပါး ဟူသော ဤအရာတို့၌ သတိန္ဒြေကို ရှုမှတ်အပ်၏။ ရဟန်းတို့ အဘယ်အရာ၌ သမာဓိန္ဒြေကို ရှုမှတ် အပ်သနည်း၊ ဈာန်လေးပါးဟူသော ဤအရာတို့၌ သမာဓိန္ဒြေကို ရှုမှတ်အပ်၏။ ရဟန်းတို့ အဘယ် အရာ၌ ပညိန္ဒြေကို ရှုမှတ်အပ်သနည်း၊ အရိယာသစ္စာလေးပါးဟူသော ဤအရာတို့၌ ပညိန္ဒြေကို ရှုမှတ်အပ်၏။ ရဟန်းတို့ ဣန္ဒြေတို့သည် ဤငါးပါးတို့တည်းဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်

---

## ၉-ပဌမ ဝိဘင်္ဂသုတ်

၄၇၉။ ရဟန်းတို့ ဣန္ဒြေတို့သည် ဤငါးပါးတို့တည်း။ အဘယ်ငါးပါးတို့နည်း၊ သဒ္ဓိန္ဒြေ။ပ။ ပညိန္ဒြေတို့တည်း။ ရဟန်းတို့ သဒ္ဓိန္ဒြေဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အရိယာ

http://www.dhammadownload.com



တပည့်သည် ယုံကြည်မှုသဒ္ဓါတရားရှိ၏ ''ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကိုခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံမည်တော်မူ၏၊ (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသောအကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏၊ အသိဉာဏ်'ဝိဇ္ဇာ' အကျင့် 'စရဏ'နှင့်ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတ မည်တော်မူ၏၊ လောကကို သိတော်မူသောအကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူ၏၊ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ် ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရောပုရိသဒမ္မသာရထိ မည်တော်မူ၏၊ နတ်လူတို့၏ဆရာ ဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓမည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါမည်တော်မူ၏''ဟု မြတ်စွာဘုရား၏ ဗောဓိဉာဏ်ကို ယုံကြည်၏။ ရဟန်းတို့ ဤသည်ကို သဒ္ဓိန္ဒြေဟု ဆိုအပ်၏။

ရဟန်းတို့ ဝီရိယိန္ဒြေဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အရိယာတပည့်သည် အကုသိုလ်တရားတို့ကို ပယ်ခြင်းငှါ ကုသိုလ်တရားတို့နှင့်ပြည့်စုံစေခြင်းငှါ အားထုတ်အပ်သော လုံ့လရှိသည်ဖြစ်၍ နေ၏၊ ကုသိုလ်တရားတို့၌ အားအစွမ်းရှိ၏၊ မြဲမြံစွာ အားထုတ်၏၊ တာဝန်ကို ပစ်ချထားသူမဟုတ်။ ရဟန်းတို့ ဤသည်ကို ဝီရိယိန္ဒြေဟု ဆိုအပ်၏။

ရဟန်းတို့ သတိန္ဒြေဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အရိယာတပည့်သည် သတိရှိ၏၊ လွန်ကဲသောပညာနှင့်ယှဉ်သော သတိနှင့် ပြည့်စုံ၏၊ ကြာမြင့်စွာကပြုအပ်သော အမှုကိုငှင်း ကြာမြင့်စွာက ပြောအပ်သောစကားကိုငှင်း အောက်မေ့နိုင်၏၊ အဖန်ဖန်အောက်မေ့နိုင်၏။ ရဟန်းတို့ ဤသည်ကို သတိန္ဒြေဟု ဆိုအပ်၏။

ရဟန်းတို့ သမာဓိန္ဒြေဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အရိယာတပည့်သည် နိဗ္ဗာန်ကို အာရုံပြုလျက် တည်ကြည်မှု 'သမာဓိ'ကို ရ၏၊ စိတ်၏အာရုံတခုတည်း၌ တည်ကြည်မှု 'ဧကဂ္ဂတာ'ကို ရ၏။ ရဟန်းတို့ ဤသည်ကို သမာဓိန္ဒြေဟု ဆိုအပ်၏။

ရဟန်းတို့ ပညိန္ဒြေဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အရိယာတပည့်သည် ပညာရှိ၏၊ အဖြစ်အပျက်ကို သိမ်းဆည်းတတ်သော ရုပ်နာမ်ကို ထွင်းဖောက်၍ သိနိုင်သော ဆင်းရဲကုန်ရာ နိဗ္ဗာန်သို့ ကောင်းစွာရောက်စေတတ်သော မြတ်သောပညာနှင့် ပြည့်စုံ၏၊ ရဟန်းတို့ ဤသည်ကို ပညိန္ဒြေဟု ဆိုအပ်၏။ ရဟန်းတို့ ဣန္ဒြေတို့သည် ဤငါးပါးတို့ပင်တည်းဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-ဒုတိယ ဝိဘင်္ဂသုတ်

၄၇၆။ ရဟန်းတို့ ဣန္ဒြေတို့သည် ဤငါးပါးတို့ဘည်း။ အဘယ်ငါးပါးတို့နည်း၊ သဒ္ဓိန္ဒြေ။ပ။ ပညိန္ဒြေတို့တည်း။ ရဟန်းတို့ သဒ္ဓိန္ဒြေဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အရိယာတပည့်သည် ယုံကြည်မှု 'သဒ္ဓါ'တရားရှိ၏၊ ''ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏၊ (အလုံးစုံသော တရားတို့ကို)

http://www.dhammadownload.com



ကိုယ်တိုင်မှန်စွာ သိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏၊ အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ'နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏ သမ္ပန္နမည်တော်မူ၏၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတမည်တော်မူ၏၊ လောကကို သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူ၏၊ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ်ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရောပုရိသဒမ္မသာရထိ မည်တော်မူ၏၊ နတ်လူတို့၏ဆရာ ဖြစ်တော်မူသော အကြောင်းကြောင့်လည်း, သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓမည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏"ဟု မြတ်စွာဘုရား၏ ဗောဓိဉာဏ်ကို ယုံကြည်၏။ ရဟန်းတို့ ဤသည်ကို သဒ္ဓိန္ဒြေဟု ဆိုအပ်၏။

ရဟန်းတို့ ဝီရိယိန္ဒြေဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အရိယာတပည့်သည် အကုသိုလ်တရားတို့ကို ပယ်ခြင်းငှါ ကုသိုလ်တရားတို့နှင့် ပြည့်စုံစေခြင်းငှါ အားထုတ်အပ်သော လုံ့လရှိသည်ဖြစ်၍ နေ၏၊ ကုသိုလ်တရားတို့၌ အားအစွမ်းရှိ၏၊ မြဲမြံစွာ အားထုတ်၏၊ တာဝန်ကို ပစ်ချထားသူမဟုတ်၊ထိုအရိယာတပည့်သည် မဖြစ်သေးသော ယုတ်ညံ့သော အကုသိုလ်တရားတို့ကို မဖြစ်ပေါ်စေရန် ဆန္ဒကို ဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကို ချီးမြှောက်၏၊ ဆောက်တည်၏၊ ဖြစ်ကုန်ပြီးသော ယုတ်ညံ့ကုန်သော အကုသိုလ်တရားတို့ကို ပယ်ရန် ဆန္ဒကို ဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကို ချီးမြှောက်၏၊ ဆောက်တည်၏၊ မဖြစ်ကုန်သေးသော ကုသိုလ်တရားကို ဖြစ်စေရန် ဆန္ဒကို ဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကို ချီးမြှောက်၏၊ ဆောက်တည်၏၊ ဖြစ်ကုန်ပြီးသော ကုသိုလ်တရားတို့ကို တည်မြဲစေရန် မပျောက်ပျက်စေရန် တိုးတက်ဖြစ်ပွါးစေရန် ပြန့်ပြောစေရန် ပွါးများမှု ပြည့်စုံစေရန် ဆန္ဒကို ဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကို ချီးမြှောက်၏၊ ဆောက်တည်၏။ ရဟန်းတို့ ဤသည်ကို ဝီရိယိန္ဒြေဟု ဆိုအပ်၏။

ရဟန်းတို့ သတိန္ဒြေဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အရိယာ တပည့်သည် သတိရှိ၏၊ လွန်ကဲသော ပညာနှင့်ယှဉ်သော သတိနှင့်ပြည့်စုံ၏၊ ကြာမြင့်စွာက ပြုအပ်သော အမှုကိုငှင်း ကြာမြင့်စွာက ပြောအပ်သော စကားကိုငှင်း အောက်မေ့နိုင်၏၊ အဖန်ဖန် အောက်မေ့ နိုင်၏၊ထိုအရိယာ တပည့်သည် ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ်'သမ္ပဇဉ်' အောက်မေ့မှု 'သတိ'ရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍ နေ၏၊ ဝေဒနာတို့၌။ပ။ စိတ်၌။ပ။ ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု 'သတိ' ရှိသည်ဖြစ်ရှိ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် သဘောတရားတို့၌ သဘော တရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ရဟန်းတို့ ဤသည်ကို သတိန္ဒြေဟု ဆိုအပ်၏။

ရဟန်းတို့ သမာဓိန္ဒြေဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အရိယာတပည့် သည် နိဗ္ဗာန်ကို အာရုံပြုလျက် တည်ကြည်မှု 'သမာဓိ' ကို ရ၏၊ စိတ်၏ အာရုံတခုတည်း၌ တည်ကြည်မှု 'ဧကဂ္ဂတာ' ကို ရ၏။ ထိုသူသည် ကာမတို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာ လျှင် ကြံစည်မှု 'ဝိတက်'နှင့် တကွဖြစ်သော သုံးသပ်မှု 'ဝိစာရ'နှင့်တကွဖြစ်သော နီဝရဏကင်းဆိတ် ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်မှု 'ပီတိ' ချမ်းသာမှု 'သုခ'ရှိသော ပဌမဈာန်သို့ရောက်၍ နေ၏။ ဝိတက် ဝိစာရငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကို ကြည်လင်စေတတ်သော စိတ်တည်ကြည်မှု

http://www.dhammadownload.com



'သမာဓိ'ကို ဖြစ်စေတတ်သော ကြံစည်မှု'ဝိတက်' သုံးသပ်မှု'ဝိစာရ'မရှိသော တည်ကြည်မှု'သမာဓိ' ကြောင့်ဖြစ်သော နှစ်သိမ့်မှု'ပီတိ'ချမ်းသာမှု'သုခ'ရှိသော ဒုတိယဈာန်သို့ရောက်၍နေ၏။နှစ်သိမ့်မှု 'ပီတိ'ကိုလည်း မစွဲမက်ခြင်းကြောင့် လျစ်လျူရှု၍သာလျှင် နေ၏၊ အောက်မေ့မှု 'သတိ' ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'နှင့် ပြည့်စုံသည်ဖြစ်၍ နေ၏၊ ချမ်းသာမှု 'သုခ' ကိုလည်း ကိုယ်ဖြင့် ခံစား၏၊အကြင် တတိယဈာန်ကြောင့် ထိုသူကို လျစ်လျူရှုသူ သတိရှိသူ ချမ်းသာစွာ နေလေ့ ရှိသူ ဟု အရိယာပုဂ္ဂိုလ်တို့သည် ချီးမွမ်းပြောဆိုကုန်၏၊ ထိုတတိယဈာန်သို့ ရောက်၍ နေ၏။ ချမ်းသာမှု'သုခ'ကိုလည်း ပယ်ခြင်းကြောင့် ဆင်းရဲမှု'ဒုက္ခ'ကိုလည်း ပယ်ခြင်းကြောင့် ဝမ်းသာခြင်း 'သောမနဿ' နှလုံးမသာခြင်း'ဒေါမနဿ'တို့ ရှေးဦးကပင်လျှင် ချုပ်နှင့် ခြင်းကြောင့် ဆင်းရဲ ချမ်းသာ ကင်းသော လျစ်လျူရှုမှုကြောင့်ဖြစ်သော သတိ၏ စင်ကြယ်ခြင်း ရှိသော စတုတ္ထဈာန် သို့ ရောက်၍ နေ၏။ ရဟန်းတို့ ဤသည်ကို သမာဓိန္ဒြေဟု ဆိုအပ်၏။

ရဟန်းတို့ ပညိန္ဒြေဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အရိယာတပည့် သည် ပညာရှိ၏၊ အဖြစ်အပျက်ကို သိမ်းဆည်းတတ်သော ရုပ်နာမ်ကို ထွင်းဖောက်၍ သိနိုင်သော ဆင်းရဲကုန်ရာ နိဗ္ဗာန်သို့ကောင်းစွာ ရောက်စေတတ်သော မြတ်သောပညာနှင့်ပြည့်စုံ၏။ထိုအရိယာ တပည့်သည် ဤကား ဆင်းရဲတည်းဟု ဟုတ်တိုင်း မှန်စွာ သိ၏၊ ဤကား ဆင်းရဲဖြစ်ကြောင်း တည်းဟု ဟုတ်တိုင်းမှန်စွာသိ၏၊ ဤကား ဆင်းရဲ ချုပ်ရာတည်း ဟု ဟုတ်တိုင်း မှန်စွာသိ၏၊ဤကား ဆင်းရဲ ချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်းဟု ဟုတ်တိုင်းမှန်စွာသိ၏။ ရဟန်းတို့ ဤသည်ကို ပညိန္ဒြေဟု ဆိုအပ်၏။ ရဟန်းတို့ ဣန္ဒြေတို့သည် ဤငါးပါးတို့ပင်တည်းဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

ရှေးဦးစွာသော သုဒ္ဓိကဝဂ် ပြီး၏။

---

## ၂-မုဒုတရဝဂ် ၁-ပဋိလာဘသုတ်

၄၇၁။ ရဟန်းတို့ ဣန္ဒြေတို့သည် ဤငါးပါးတို့တည်း။ အဘယ်ငါးပါးတို့နည်း၊ သဒ္ဓိန္ဒြေ ။ပ။ ပညိန္ဒြေတို့တည်း။ရဟန်းတို့ သဒ္ဓိန္ဒြေဟူသည် အဘယ်နည်း၊ရဟန်းတို့ ဤသာသနာတော်၌ အရိယာ တပည့်သည် ယုံကြည်မှု သဒ္ဓါတရားရှိ၏၊ "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက် သောအကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏၊ (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသောအကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏၊ အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ'နှင့် ပြည့်စုံတော်မူသောအကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတ မည်တော်မူ၏၊ လောကကို သိတော်မူတတ်သော အကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူ၏၊ ဆုံးမထိုက် သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ်ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရောပုရိသ ဒမ္မသာရထိ မည်တော်မူ၏၊ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို) သိစေတော်မူသော အကြောင်း ကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုး ကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏" ဟု မြတ်စွာဘုရား၏ ဗောဓိဉာဏ်ကို ယုံကြည်၏။ ရဟန်းတို့ ဤသည်ကို သဒ္ဓိန္ဒြေဟု ဆိုအပ်၏။

http://www.dhammadownload.com



ရဟန်းတို့ ဝီရိယိန္ဒြေဟူသည် အဘယ်နည်း၊ ရဟန်းတို့ သမ္မပ္ပဓာန် လေးမျိုးတို့ကို အကြောင်း ပြု၍ အားထုတ်မှု 'ဝီရိယ'ကို ရ၏။ ရဟန်းတို့ ဤသည်ကို ဝီရိယိန္ဒြေဟု ဆိုအပ်၏။

ရဟန်းတို့ သတိန္ဒြေဟူသည် အဘယ်နည်း၊ ရဟန်းတို့ သတိပဋ္ဌာန်လေးပါးတို့ကို အကြောင်း ပြု၍ အောက်မေ့မှု 'သတိ' ကို ရ၏။ ရဟန်းတို့ ဤသည်ကို သတိန္ဒြေဟု ဆိုအပ်၏။

ရဟန်းတို့ သမာဓိန္ဒြေဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အရိယာတပည့် သည် နိဗ္ဗာန်ကို အာရုံပြုလျက် တည်ကြည်မှု'သမာဓိ'ကို ရ၏၊ စိတ်၏အာရုံတခုတည်း၌ တည်ကြည် မှု'ဧကဂ္ဂတာ' ကို ရ၏။ ရဟန်းတို့ ဤသည်ကို သမာဓိန္ဒြေဟု ဆိုအပ်၏။

ရဟန်းတို့ ပညိန္ဒြေဟူသည် အဘယ်နည်း၊ရဟန်းတို့ ဤသာသနာတော်၌ အရိယာတပည့်သည် ပညာရှိ၏၊ အဖြစ်အပျက်ကို သိမ်းဆည်းတတ်သော ရုပ်နာမ်ကို ထွင်းဖောက်၍ သိနိုင်သော ဆင်းရဲကုန်ရာ နိဗ္ဗာန်သို့ ကောင်းစွာ ရောက်စေတတ်သော မြတ်သောပညာနှင့်ပြည့်စုံ၏။ရဟန်းတို့ ဤသည်ကို ပညိန္ဒြေဟု ဆိုအပ်၏။ ရဟန်းတို့ ဣန္ဒြေတို့သည် ဤငါးပါးတို့ပင်တည်းဟု (မိန့်တော် မူ၏)။

ပဌမသုတ်။

## ၂-ပဌမ သံခိတ္တသုတ်

၄၇၂။ ရဟန်းတို့ ဣန္ဒြေတို့သည် ဤငါးပါးတို့တည်း။ အဘယ်ငါးပါးတို့နည်း၊ သဒ္ဓိန္ဒြေ။ပ။ ပညိန္ဒြေတို့တည်း။ ရဟန်းတို့ ဣန္ဒြေတို့သည် ဤငါးပါးတို့ပင်တည်း။ ရဟန်းတို့ ဤဣန္ဒြေငါးပါး တို့၏ ပြီးစီးပြည့်စုံခြင်းကြောင့် ရဟန္တာဖြစ်၏၊ ထိုအောက် အထူးသဖြင့် နုံ့သောဣန္ဒြေတို့ကြောင့် အနာဂါမ်ဖြစ်၏၊ ထိုအောက် အထူးသဖြင့် နုံ့သော ဣန္ဒြေတို့ကြောင့် သကဒါဂါမ်ဖြစ်၏၊ ထိုအောက် အထူးသဖြင့် နုံ့သောဣန္ဒြေတို့ကြောင့် သောတာပန်ဖြစ်၏၊ထိုအောက် အထူးသဖြင့် နုံ့သောဣန္ဒြေတို့ကြောင့် ဓမ္မာနုသာရီမည်သော သောတာပန်ပုဂ္ဂိုလ်ဖြစ်၏၊ ထိုအောက် အထူး သဖြင့် နုံ့သောဣန္ဒြေတို့ကြောင့် သဒ္ဓါနုသာရီမည်သော သောတာပန်ပုဂ္ဂိုလ်ဖြစ်၏ဟု (မိန့်တော် မူ၏။

ဒုတိယသုတ်။

## ၃-ဒုတိယ သံခိတ္တသုတ်

၄၇၃။ ရဟန်းတို့ ဣန္ဒြေတို့သည် ဤငါးပါးတို့တည်း။ အဘယ်ငါးပါးတို့နည်း၊ သဒ္ဓိန္ဒြေ။ပ။ ပညိန္ဒြေတို့တည်း။ ရဟန်းတို့ ဣန္ဒြေတို့သည် ဤငါးပါးတို့ပင်တည်း။ ရဟန်းတို့ ဤဣန္ဒြေငါးပါး တို့၏ ပြီးစီးပြည့်စုံခြင်းကြောင့် ရဟန္တာဖြစ်၏၊ ထိုအောက် အထူးသဖြင့်နုံ့သော ဣန္ဒြေတို့ကြောင့် အနာဂါမ်ဖြစ်၏၊ ထိုအောက် အထူးသဖြင့်နုံ့သော ဣန္ဒြေတို့ကြောင့် သကဒါဂါမ်ဖြစ်၏၊ထိုအောက် အထူးသဖြင့် နုံ့သောဣန္ဒြေတို့ကြောင့် သောတာပန်ဖြစ်၏၊ ထိုအောက် အထူးသဖြင့် နုံ့သော ဣန္ဒြေတို့ကြောင့် ဓမ္မာနုသာရီမည်သော သောတာပန်ပုဂ္ဂိုလ်ဖြစ်၏၊ ထိုအောက် အထူးသဖြင့် နုံ့သော ဣန္ဒြေတို့ကြောင့် သဒ္ဓါနုသာရီမည်သော သောတာပန်ပုဂ္ဂိုလ်ဖြစ်၏။ ရဟန်းတို့ ဤသို့

http://www.dhammadownload.com



လျှင် ဣန္ဒြေထူးသောကြောင့် ဖိုလ်ထူး၏၊ ဖိုလ်ထူးသောကြောင့် ပုဂ္ဂိုလ်ထူး၏ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

## ၄-တတိယ သံခိတ္တသုတ်

၄၇၄။ ရဟန်းတို့ ဣန္ဒြေတို့သည် ဤငါးပါးတို့တည်း။ အဘယ်ငါးပါးတို့နည်း၊ သဒ္ဓိန္ဒြေ။ပ။ ပညိန္ဒြေတို့တည်း။ ရဟန်းတို့ ဣန္ဒြေတို့သည် ဤငါးပါးတို့ပင်တည်း။ ရဟန်းတို့ ဣန္ဒြေငါးပါးတို့၏ ပြီးစီးပြည့်စုံခြင်းကြောင့် ရဟန္တာဖြစ်၏၊ ထိုအောက် အထူးသဖြင့် နုံ့သော ဣန္ဒြေတို့ကြောင့် အနာဂါမ်ဖြစ်၏၊ ထိုအောက် အထူးသဖြင့် နုံ့သော ဣန္ဒြေတို့ကြောင့် သကဒါဂါမ်ဖြစ်၏၊ ထိုအောက် အထူးသဖြင့် နုံ့သော ဣန္ဒြေတို့ကြောင့် သောတာပန်ဖြစ်၏၊ ထိုအောက် အထူးသဖြင့် နုံ့သော ဣန္ဒြေတို့ကြောင့် ဓမ္မာနုသာရီမည်သော သောတာပန်ပုဂ္ဂိုလ်ဖြစ်၏၊ ထိုအောက် အထူးသဖြင့် နုံ့သော ဣန္ဒြေတို့ကြောင့် သဒ္ဓါနုသာရီမည်သော သောတာပန်ပုဂ္ဂိုလ်ဖြစ်၏။ ရဟန်းတို့ ဤသို့လျှင် အပြည့်အစုံ (အရဟတ္တမဂ်)ကို ပြုလုပ်လေ့ရှိသူသည် အပြည့်အစုံ (အရဟတ္တဖိုလ်)ကို ပြီးစေနိုင်၏၊ တစိတ်တဒေသ(အောက်မဂ်သုံးခု)ကို ပြုလုပ်လေ့ရှိသူသည် တစိတ်တဒေသ(အောက်ဖိုလ်သုံးခု)ကို ပြီးစေနိုင်၏။ ရဟန်းတို့ ဣန္ဒြေငါးပါးတို့သည် မမြုံကုန်ဟူ၍သာ ငါဆို၏ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

## ၅-ပဉ္စမ ဝိတ္ထာရသုတ်

၄၇၅။ ရဟန်းတို့ ဣန္ဒြေတို့သည် ဤငါးပါးတို့တည်း။ အဘယ်ငါးပါးတို့နည်း၊ သဒ္ဓိန္ဒြေ။ပ။ ပညိန္ဒြေတို့တည်း။ ရဟန်းတို့ ဣန္ဒြေတို့သည် ဤငါးပါးတို့ပင်တည်း။ ရဟန်းတို့ ဣန္ဒြေငါးပါးတို့၏ ပြီးစီးပြည့်စုံခြင်းကြောင့် ရဟန္တာဖြစ်၏၊ ထိုအောက် အထူးသဖြင့် နုံ့သောဣန္ဒြေတို့ကြောင့် အသက်တမ်း၏အလယ်၌ (အရဟတ္တဖိုလ်သို့ ရောက်လျက်) ပရိနိဗ္ဗာန်ပြုသော အန္တရာပရိနိဗ္ဗာယီမည်သော အနာဂါမ်ဖြစ်၏၊ ထိုအောက် အထူးသဖြင့် နုံ့သော ဣန္ဒြေတို့ကြောင့် အသက်တမ်း၏ ထက်ဝက်ကိုလွန်၍ (အရဟတ္တဖိုလ်သို့ ရောက်လျက်)ပရိနိဗ္ဗာန်ပြုသော ဥပဟစ္စပရိနိဗ္ဗာယီမည်သော အနာဂါမ်ဖြစ်၏၊ ထိုအောက် အထူးသဖြင့် နုံ့သော ဣန္ဒြေတို့ကြောင့် ပယောဂလုံ့လမပါပဲ (အရဟတ္တဖိုလ်သို့ ရောက်လျက်)ပရိနိဗ္ဗာန်ပြုသော အသင်္ခါရပရိနိဗ္ဗာယီမည်သော အနာဂါမ် ဖြစ်၏၊ ထိုအောက် အထူးသဖြင့် နုံ့သော ဣန္ဒြေတို့ကြောင့် ပယောဂလုံ့လနှင့်တကွ(အရဟတ္တဖိုလ်သို့ ရောက်လျက်) ပရိနိဗ္ဗာန်ပြုသော သသင်္ခါရပရိနိဗ္ဗာယီမည်သော အနာဂါမ်ဖြစ်၏၊ ထိုအောက် အထူးသဖြင့် နုံ့သောဣန္ဒြေတို့ကြောင့် အထက်ဘုံသို့ အစဉ်အတိုင်းတက်၍ အကနိဋ္ဌဘုံ၌ (အရဟတ္တဖိုလ်သို့ ရောက်လျက်) ပရိနိဗ္ဗာန်ပြုသော ဥဒ္ဓံသောတအကနိဋ္ဌဂါမီမည်သော အနာဂါမ်ဖြစ်၏၊ ထိုအောက် အထူးသဖြင့် နုံ့သော ဣန္ဒြေတို့ကြောင့် သကဒါဂါမ်ဖြစ်၏၊ ထိုအောက် အထူးသဖြင့် နုံ့သော ဣန္ဒြေတို့ကြောင့် သောတာပန်ဖြစ်၏၊ ထိုအောက် အထူးသဖြင့် နုံ့သောဣန္ဒြေတို့ကြောင့် ဓမ္မာနုသာရီမည်သော သောတာပန်ပုဂ္ဂိုလ် ဖြစ်၏၊ ထိုအောက် အထူးသဖြင့် နုံ့သော ဣန္ဒြေတို့ကြောင့် သဒ္ဓါနုသာရီမည်သော သောတာပန်ပုဂ္ဂိုလ်ဖြစ်၏ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

http://www.dhammadownload.com



## ၆-ဒုတိယ ဝိတ္ထာရသုတ်

၄၇၆။ ရဟန်းတို့ ဣန္ဒြေတို့သည် ဤငါးပါးတို့တည်း။ အဘယ်ငါးပါးတို့နည်း၊ သဒ္ဓိန္ဒြေ။ပ။ ပညိန္ဒြေတို့တည်း။ ရဟန်းတို့ ဣန္ဒြေတို့သည် ဤငါးပါးတို့ပင်တည်း။ ရဟန်းတို့ ဤဣန္ဒြေငါးပါးတို့၏ ပြီးစီးပြည့်စုံခြင်းကြောင့် ရဟန္တာဖြစ်၏၊ထိုအောက် အထူးသဖြင့် နုံ့သော ဣန္ဒြေတို့ကြောင့် အသက်တမ်း၏အလယ်၌ (အရဟတ္တဖိုလ်သို့ရောက်လျက်) ပရိနိဗ္ဗာန်ပြုသော အန္တရာပရိနိဗ္ဗာယီ မည်သော အနာဂါမ်ဖြစ်၏၊ ထိုအောက် အထူးသဖြင့်နုံ့သော ဣန္ဒြေတို့ကြောင့် အသက်တမ်း၏ ထက်ဝက်ကိုလွန်၍ (အရဟတ္တဖိုလ်သို့ရောက်လျက်) ပရိနိဗ္ဗာန်ပြုသော ဥပဟစ္စပရိနိဗ္ဗာယီမည်သော အနာဂါမ်ဖြစ်၏၊ ထိုအောက် အထူးသဖြင့် နုံ့သော ဣန္ဒြေတို့ကြောင့် ပယောဂ လုံ့လမပါပဲ (အရဟတ္တဖိုလ်သို့ရောက်လျက်) ပရိနိဗ္ဗာန်ပြုသော အသင်္ခါရပရိနိဗ္ဗာယီမည်သော အနာဂါမ်ဖြစ်၏၊ ထိုအောက် အထူးသဖြင့် နုံ့သောဣန္ဒြေတို့ကြောင့် ပယောဂလုံ့လနှင့်တကွ (အရဟတ္တဖိုလ်သို့ရောက်လျက်) ပရိနိဗ္ဗာန်ပြုသော သသင်္ခါရပရိနိဗ္ဗာယီမည်သော အနာဂါမ်ဖြစ်၏၊ ထိုအောက် အထူးသဖြင့် နုံ့သောဣန္ဒြေတို့ကြောင့် အထက်ဘုံသို့ အစဉ်အတိုင်းတက်၍ အကနိဋ္ဌဘုံ၌ (အရဟတ္တဖိုလ်သို့ ရောက်လျက်) ပရိနိဗ္ဗာန်ပြုသော ဥဒ္ဓံသောတအကနိဋ္ဌဂါမီမည်သော အနာဂါမ်ဖြစ်၏၊ ထိုအောက် အထူးသဖြင့် နုံ့သောဣန္ဒြေတို့ကြောင့် သကဒါဂါမ်ဖြစ်၏၊ ထိုအောက် အထူးသဖြင့် နုံ့သောဣန္ဒြေ တို့ကြောင့် သောတာပန်ပုဂ္ဂိုလ်ဖြစ်၏၊ ထိုအောက် အထူးသဖြင့် နုံ့သော ဣန္ဒြေတို့ကြောင့် ဓမ္မာနုသာရီမည်သော သောတာပန်ပုဂ္ဂိုလ်ဖြစ်၏၊ ထိုအောက် အထူးသဖြင့် နုံ့သောဣန္ဒြေတို့ ကြောင့် သဒ္ဓါနုသာရီမည်သော သောတာပန်ပုဂ္ဂိုလ်ဖြစ်၏။ ရဟန်းတို့ ဤသို့လျှင် ဣန္ဒြေထူး သောကြောင့် ဖိုလ်ထူး၏၊ ဖိုလ်ထူးသောကြောင့် ပုဂ္ဂိုလ်ထူး၏ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-တတိယ ဝိတ္ထာရသုတ်

၄၇၇။ ရဟန်းတို့ ဣန္ဒြေတို့သည် ဤငါးပါးတို့တည်း။ အဘယ်ငါးပါးတို့နည်း၊ သဒ္ဓိန္ဒြေ။ပ။ ပညိန္ဒြေတို့တည်း။ ရဟန်းတို့ ဣန္ဒြေတို့သည် ဤငါးပါးတို့ပင်တည်း။ ရဟန်းတို့ ဤဣန္ဒြေငါးပါး တို့၏ ပြီးစီးပြည့်စုံခြင်းကြောင့် ရဟန္တာဖြစ်၏၊ထိုအောက် အထူးသဖြင့် နုံ့သောဣန္ဒြေတို့ကြောင့် အသက်တမ်း၏အလယ်၌ (အရဟတ္တဖိုလ်သို့ ရောက်လျက်) ပရိနိဗ္ဗာန်ပြုသော အန္တရာပရိနိဗ္ဗာယီ မည်သော အနာဂါမ်ဖြစ်၏၊ ထိုအောက် အထူးသဖြင့် နုံ့သောဣန္ဒြေတို့ကြောင့် အသက်တမ်း၏ ထက်ဝက်ကိုလွန်၍(အရဟတ္တဖိုလ်သို့ ရောက်လျက်)ပရိနိဗ္ဗာန်ပြုသော ဥပဟစ္စပရိနိဗ္ဗာယီမည်သော အနာဂါမ်ဖြစ်၏၊ ထိုအောက် အထူးသဖြင့် နုံ့သောဣန္ဒြေတို့ကြောင့် ပယောဂလုံ့လမပါပဲ (အရဟတ္တဖိုလ်သို့ ရောက်လျက်)ပရိနိဗ္ဗာန်ပြုသော အသင်္ခါရပရိနိဗ္ဗာယီမည်သော အနာဂါမ် ဖြစ် ၏၊ ထိုအောက် အထူးသဖြင့် နုံ့သောဣန္ဒြေတို့ကြောင့် ပယောဂလုံ့လနှင့်တကွ(အရဟတ္တဖိုလ်သို့ ရောက်လျက်) ပရိနိဗ္ဗာန်ပြုသော သသင်္ခါရပရိနိဗ္ဗာယီမည်သော အနာဂါမ်ဖြစ်၏၊ ထိုအောက် အထူးသဖြင့် နုံ့သောဣန္ဒြေတို့ကြောင့် အထက်ဘုံသို့ အစဉ်အတိုင်းတက်၍ အကနိဋ္ဌဘုံ၌ (အရဟတ္တဖိုလ်သို့ ရောက်လျက်) ပရိနိဗ္ဗာန်ပြုသော ဥဒ္ဓံသောတအကနိဋ္ဌဂါမီမည်သော အနာဂါမ် ဖြစ်၏၊ ထိုအောက် အထူးသဖြင့် နုံ့သောဣန္ဒြေတို့ကြောင့် သကဒါဂါမ်ဖြစ်၏၊ ထိုအောက် အထူး

http://www.dhammadownload.com



သဖြင့် နှံ့သော ဣန္ဒြေတို့ကြောင့် သောတာပန်ဖြစ်၏၊ ထိုအောက် အထူးသဖြင့် နှံ့သော ဣန္ဒြေတို့ကြောင့် ဓမ္မာနုသာရီမည်သော သောတာပန်ပုဂ္ဂိုလ်ဖြစ်၏၊ ထိုအောက် အထူးသဖြင့် နှံ့သော ဣန္ဒြေတို့ကြောင့် သဒ္ဓါနုသာရီမည်သော သောတာပန်ပုဂ္ဂိုလ်ဖြစ်၏။ ရဟန်းတို့ ဤသို့လျှင် အပြည့်အစုံ(အရဟတ္တမဂ်)ကို ပြုလေ့ရှိသူသည် အပြည့်အစုံ(အရဟတ္တဖိုလ်)ကို ပြီးစေနိုင်၏၊ တစိတ်တဒေသ(အောက်မဂ်သုံးပါး)ကို ပြုလေ့ရှိသူသည် တစိတ်တဒေသ(အောက်ဖိုလ်သုံးပါး)ကို ပြီးစေနိုင်၏။ ရဟန်းတို့ ဣန္ဒြေငါးပါးတို့သည် မမြုံကုန်ဟူ၍သာ ငါဆို၏ဟု(မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈-ပဋိပန္နသုတ်

၄၇၇။ ရဟန်းတို့ ဣန္ဒြေတို့သည် ဤငါးပါးတို့တည်း။ အဘယ်ငါးပါးတို့နည်း၊ သဒ္ဓိန္ဒြေ။ပ။ ပညိန္ဒြေတို့တည်း။ ရဟန်းတို့ ဣန္ဒြေတို့သည် ဤငါးပါးတို့ပင်တည်း။ ရဟန်းတို့ ဤဣန္ဒြေငါးပါးတို့၏ ပြီးစီးပြည့်စုံခြင်းကြောင့် ရဟန္တာဖြစ်၏၊ ထိုအောက် အထူးသဖြင့် နှံ့သော ဣန္ဒြေတို့ကြောင့် အရဟတ္တဖိုလ်ကိုမျက်မှောက်ပြုရန် ကျင့်သူဖြစ်၏၊ ထိုအောက် အထူးသဖြင့် နှံ့သော ဣန္ဒြေတို့ကြောင့် အနာဂါမ်ဖြစ်၏၊ ထိုအောက် အထူးသဖြင့် နှံ့သော ဣန္ဒြေတို့ကြောင့် အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သူဖြစ်၏၊ ထို့အောက် အထူးသဖြင့် နှံ့သော ဣန္ဒြေ ဘို့ကြောင့် သကဒါဂါမ် ဖြစ်၏၊ ထိုအောက် အထူးသဖြင့် နှံ့သော ဣန္ဒြေတို့ကြောင့် သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သူဖြစ်၏၊ ထိုအောက် အထူးသဖြင့် နှံ့သော ဣန္ဒြေတို့ကြောင့် သောတာပန်ဖြစ်၏၊ထိုအောက် အထူးသဖြင့် နှံ့သော ဣန္ဒြေတို့ကြောင့် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သူဖြစ်၏။ ရဟန်းတို့ ဤဣန္ဒြေငါးပါးတို့ အချင်းခပ်သိမ်းမရှိသောသူကို (ဤအရိယာချစ်ယောက်တို့မှ)အပဖြစ်သူ ပုထုဇဉ်အဘို့၌ တည်သူဟု ငါဆို၏ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

## ၉-သမ္ပန္နသုတ်

၄၇၈။ ထိုအခါ ရဟန်းတပါးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား—

အသျှင်ဘုရား "ဣန္ဒြေတို့နှင့်ပြည့်စုံသူ ဣန္ဒြေတို့နှင့်ပြည့်စုံသူ"ဟု ဆိုပါ၏၊ အဘယ်မျှဖြင့် "ဣန္ဒြေတို့နှင့် ပြည့်စုံသူ ဖြစ်ပါသနည်း"ဟု လျှောက်၏။ ရဟန်း ဤသာသနာတော်၌ ရဟန်းသည် ငြိမ်းအေးရာ(နိဗ္ဗာန်)သို့ ရောက်စေတတ်သော ကောင်းစွာသိသော (အရဟတ္တမဂ်)ဉာဏ်သို့ ရောက်စေတတ်သော သဒ္ဓိန္ဒြေကို ပွါးများ၏။ ငြိမ်းအေးရာ(နိဗ္ဗာန်)သို့ ရောက်စေတတ်သော ကောင်းစွာသိသော (အရဟတ္တမဂ်)ဉာဏ်သို့ ရောက်စေတတ်သော ဝီရိယိန္ဒြေကို ပွါးများ၏။ ငြိမ်းအေးရာ(နိဗ္ဗာန်)သို့ ရောက်စေတတ်သော ကောင်းစွာသိသော (အရဟတ္တမဂ်)ဉာဏ်သို့ ရောက်စေတတ်သော သတိန္ဒြေကို ပွါးများ၏။ ငြိမ်းအေးရာ(နိဗ္ဗာန်)သို့ ရောက်စေတတ်သော ကောင်းစွာသိသော (အရဟတ္တမဂ်)ဉာဏ်သို့ ရောက်စေတတ်သော သမာဓိန္ဒြေကို ပွါးများ၏။

http://www.dhammadownload.com



ငြိမ်းအေးရာ(နိဗ္ဗာန်)သို့ ရောက်စေတတ်သော ကောင်းစွာသိသော (အရဟတ္တမဂ်)ဉာဏ်သို့ ရောက်စေတတ်သော ပညိန္ဒြေကို ပွါးများ၏။ ရဟန်း ဤမျှဖြင့်ပင် ရဟန်းသည် ဣန္ဒြေတို့နှင့် ပြည့်စုံသူ ဖြစ်၏ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-အာသဝက္ခယသုတ်

၄၈၀။ ရဟန်းတို့ ဣန္ဒြေတို့သည် ဤငါးပါးတို့တည်း။ အဘယ်ငါးပါးတို့နည်း၊ သဒ္ဓိန္ဒြေ။ပ။ ပညိန္ဒြေတို့တည်း။ ရဟန်းတို့ ဣန္ဒြေတို့သည် ဤငါးပါးတို့ပင်တည်း။ ရဟန်းတို့ ရဟန်းသည် ဣန္ဒြေငါးပါးတို့ကို ပွါးများခြင်းကြောင့် ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် အာသဝတို့၏ ကုန်ခြင်းကြောင့် အာသဝကင်းသောစိတ်ဖြင့်(ကိလေသာမှ) လွတ်မြောက်သော(အရဟတ္တဖိုလ်) စိတ်နှင့် (အရဟတ္တဖိုလ်)ပညာကို မျက်မှောက်ဘဝ၌ပင် ကိုယ်ဘိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍နေရ၏ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

နှစ်ခုမြောက် မုဒုတရဝဂ် ပြီး၏။

---

## ၃-ဆဋ္ဌိန္ဒြိယဝဂ် ၁-ပုနဗ္ဘဝသုတ်

၄၈၁။ ရဟန်းတို့ ဣန္ဒြေတို့သည် ဤငါးပါးတို့တည်း။ အဘယ်ငါးပါးတို့နည်း၊ သဒ္ဓိန္ဒြေ။ပ။ ပညိန္ဒြေတို့တည်း။ ရဟန်းတို့ ငါသည် ဤဣန္ဒြေငါးပါးတို့၏ ဖြစ်ခြင်းကိုင်း ချုပ်ခြင်းကိုင်း သာယာဖွယ်ကိုင်း အပြစ်ကိုင်း ထွက်မြောက်ရာကိုင်း ဟုတ်တိုင်းမှန်စွာ မသိသေးသမျှ ကာလပတ်လုံး နတ် မာရ်နတ် ဗြဟ္မာနှင့်တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏမင်းများ လူများနှင့်တကွသော လူ့လောက၌ အတုမရှိသော သမ္မာသမ္ဗောဓိဉာဏ်ကို ထိုးထွင်း၍ သိပြီဟု ငါဝန်မခံခဲ့။ ရဟန်းတို့ ငါသည် ဤဣန္ဒြေငါးပါးတို့၏ ဖြစ်ခြင်းကိုင်း ချုပ်ခြင်းကိုင်း သာယာဖွယ်ကိုင်း အပြစ်ကိုင်း ထွက်မြောက်ရာကိုင်း ဟုတ်တိုင်းမှန်စွာ သိပြီးသောအခါ နတ် မာရ်နတ် ဗြဟ္မာနှင့် တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏမင်းများ လူများနှင့် တကွသော လူ့လောက၌ အတုမရှိသော သမ္မာသမ္ဗောဓိဉာဏ်ကို ထိုးထွင်း၍ သိပြီဟု ငါဝန်ခံခဲ့ပြီ။ ငါ့အား ဉာဏ်အမြင်သည် ထင်ရှားဖြစ်ပေါ်ပြီ၊ ငါ၏(ကိလေသာမှ) လွတ်မြောက်မှု (အရဟတ္တဖိုလ်)သည် မပျက်စီးတော့ပြီ၊ ဤကား အဆုံးစွန်သော ဘဝတည်း၊ နောင်တဖန် ဘဝသစ်၌ တဖန်ပဋိသန္ဓေ နေမှု မရှိတော့ပြီဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-ဇီဝိတိန္ဒြိယသုတ်

၄၈၂။ ရဟန်းတို့ ဣန္ဒြေတို့သည် ဤသုံးပါးတို့တည်း။ အဘယ်သုံးပါးတို့နည်း၊ ဣတ္ထိန္ဒြေ ပုရိသိန္ဒြေ ဇီဝိတိန္ဒြေတို့တည်း။ ရဟန်းတို့ ဣန္ဒြေတို့သည် ဤသုံးပါးတို့ပင်တည်းဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

http://www.dhammadownload.com



## ၃-အညိန္ဒြိယသုတ်

၄၉၃။ ရဟန်းတို့ ဣန္ဒြေတို့သည် ဤသုံးပါးတို့တည်း။ အဘယ်သုံးပါးတို့နည်း၊ အနညာတညဿာမီတိန္ဒြေ အညိန္ဒြေ အညာတာဝိန္ဒြေတို့တည်း။ ရဟန်းတို့ ဣန္ဒြေတို့သည် ဤသုံးပါးတို့ပင်တည်းဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-ကေဗိဇီသုတ်

၄၉၄။ ရဟန်းတို့ ဣန္ဒြေတို့သည် ဤငါးပါးတို့တည်း။ အဘယ်ငါးပါးတို့နည်း၊ သဒ္ဓိန္ဒြေ။ပ။ ပညိန္ဒြေတို့တည်း။ ရဟန်းတို့ ဣန္ဒြေတို့သည် ဤငါးပါးတို့ပင်တည်း။ ရဟန်းတို့ ဤဣန္ဒြေငါးပါးတို့၏ ပြီးစီးပြည့်စုံခြင်းကြောင့် ရဟန္တာဖြစ်၏၊ ထိုအောက် အထူးသဖြင့် နုံ့သော ဣန္ဒြေတို့ကြောင့် အသက်တမ်း၏ အလယ်၌ (အရဟတ္တဖိုလ်သို့ရောက်လျက်) ပရိနိဗ္ဗာန်ပြုသော အန္တရာပရိနိဗ္ဗာယီမည်သော အနာဂါမ်ဖြစ်၏၊ ထိုအောက် အထူးသဖြင့် နုံ့သော ဣန္ဒြေတို့ကြောင့် အသက်တမ်း၏ ထက်ဝက်ကိုလွန်၍ (အရဟတ္တဖိုလ်သို့ရောက်လျက်) ပရိနိဗ္ဗာန်ပြုသော ဥပဟစ္စပရိနိဗ္ဗာယီမည်သော အနာဂါမ်ဖြစ်၏၊ ထိုအောက် အထူးသဖြင့်နုံ့သော ဣန္ဒြေတို့ကြောင့် ပယောဂလုံ့လမပါပဲ (အရဟတ္တဖိုလ်သို့ ရောက်လျက်) ပရိနိဗ္ဗာန်ပြုသော အသင်္ခါရပရိနိဗ္ဗာယီမည်သော အနာဂါမ်ဖြစ်၏၊ ထိုအောက် အထူးသဖြင့် နုံ့သော ဣန္ဒြေတို့ကြောင့် ပယောဂလုံ့လနှင့်တကွ (အရဟတ္တဖိုလ်သို့ ရောက်လျက်)ပရိနိဗ္ဗာန်ပြုသော သသင်္ခါရပရိနိဗ္ဗာယီမည်သော အနာဂါမ်ဖြစ်၏၊ ထိုအောက် အထူးသဖြင့် နုံ့သော ဣန္ဒြေတို့ကြောင့် အထက်ဘုံသို့ အစဉ်အတိုင်း တက်၍ အကနိဋ္ဌဘုံ၌(အရဟတ္တဖိုလ်သို့ ရောက်လျက်)ပရိနိဗ္ဗာန်ပြုသော ဥဒ္ဓံသောတအကနိဋ္ဌဂါမီမည်သော အနာဂါမ်ဖြစ်၏၊ ထိုအောက် အထူးသဖြင့် နုံ့သော ဣန္ဒြေတို့ကြောင့် သကဒါဂါမ်ဖြစ်၏၊ ထိုအောက် အထူးသဖြင့် နုံ့သော ဣန္ဒြေတို့ကြောင့် တဘဝသာဖြစ်၍ အရဟတ္တဖိုလ်သို့ရောက်ရသော ကေဗီဇီသောတာပန်ဖြစ်၏၊ ထိုအောက် အထူးသဖြင့် နုံ့သော ဣန္ဒြေတို့ကြောင့် နှစ်ဘဝသုံးဘဝ စသည်ဖြစ်၍ အရဟတ္တဖိုလ်သို့ ရောက်သော ကောလံကောလသောတာပန် ဖြစ်၏၊ ထိုအောက် အထူးသဖြင့် နုံ့သော ဣန္ဒြေတို့ကြောင့် ဘဝခုနစ်ကြိမ်ဖြစ်၍ အရဟတ္တဖိုလ်သို့ ရောက်သော သတ္တက္ခတ္တုပရမ သောတာပန်ဖြစ်၏၊ ထိုအောက် အထူးသဖြင့် နုံ့သော ဣန္ဒြေတို့ကြောင့် ဓမ္မာနုသာရီမည်သော သောတာပန်ပုဂ္ဂိုလ်ဖြစ်၏။ ထိုအောက် အထူးသဖြင့် နုံ့သော ဣန္ဒြေတို့ကြောင့် သဒ္ဓါနုသာရီမည်သော သောတာပန်ပုဂ္ဂိုလ်ဖြစ်၏ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-သုဒ္ဓကသုတ်

၄၉၅။ ရဟန်းတို့ ဣန္ဒြေတို့သည် ဤခြောက်ပါးတို့တည်း။ အဘယ်ခြောက်ပါးတို့နည်း၊ စက္ခုန္ဒြေ သောတိန္ဒြေ ဃာနိန္ဒြေ ဇိဝှိန္ဒြေ ကာယိန္ဒြေ မနိန္ဒြေတို့တည်း။ ရဟန်းတို့ ဣန္ဒြေတို့သည် ဤခြောက်ပါးတို့ပင်တည်းဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

http://www.dhammadownload.com



## ၆-သောတာပန္နသုတ်

၄၉၆။ ရဟန်းတို့ ဣန္ဒြေတို့သည် ဤခြောက်ပါးတို့တည်း။ အဘယ်ခြောက်ပါးတို့နည်း၊ စက္ခုန္ဒြေ။ပ။မနိန္ဒြေတို့တည်း။ ရဟန်းတို့ အရိယာတပည့်သည် ဤဣန္ဒြေခြောက်ပါးတို့၏ ဖြစ်ခြင်းကိုရင်း ချုပ်ခြင်းကိုရင်း သာယာဖွယ်ကိုရင်း အပြစ်ကိုရင်း ထွက်မြောက်ရာကိုရင်း ဟုတ်တိုင်းမှန်စွာ သိသောကြောင့် ဤအရိယာတပည့်ကို အပါယ်သို့ ကျခြင်းသဘောမရှိ၊ ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိသော သောတာပန်ဟူ၍ ဆိုအပ်၏ ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-အရဟန္တသုတ်

၄၉၇။ ရဟန်းတို့ ဣန္ဒြေတို့သည် ဤခြောက်ပါးတို့တည်း။ အဘယ်ခြောက်ပါးတို့နည်း၊ စက္ခုန္ဒြေ။ပ။မနိန္ဒြေတို့တည်း။ ရဟန်းတို့ အရိယာတပည့်သည် ဤဣန္ဒြေခြောက်ပါးတို့၏ ဖြစ်ခြင်းကိုရင်း ချုပ်ခြင်းကိုရင်း သာယာဖွယ်ကိုရင်း အပြစ်ကိုရင်း ထွက်မြောက်ရာကိုရင်း ဟုတ်တိုင်းမှန်စွာသိ၍ မစွဲလမ်းပဲ (ကိလေသာမှ) လွတ်မြောက်သောကြောင့် ဤရဟန်းကို အာသဝကုန်ပြီးသူ မဂ် အကျင့်ကို ကျင့်သုံးပြီးသူ ပြုဖွယ်ကိစ္စကို ပြုပြီးသူ ခန္ဓာဝန်ကို ချပြီးသူ မိမိအကျိုး အရဟတ္တဖိုလ်သို့ ရောက်ပြီးသူ ဘဝသံယောဇဉ်ကုန်ပြီးသူ ကောင်းစွာသိ၍ လွတ်မြောက်ပြီးသူ ရဟန္တာဟူ၍ ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-သမ္ဗုဒ္ဓသုတ်

၄၉၈။ ရဟန်းတို့ ဣန္ဒြေတို့သည် ဤခြောက်ပါးဘို့တည်း။ အဘယ်ခြောက်ပါးတို့နည်း၊စက္ခုန္ဒြေ ။ပ။ မနိန္ဒြေတို့တည်း။ ရဟန်းတို့ ငါဘုရားသည် ဤဣန္ဒြေခြောက်ပါးတို့၏ ဖြစ်ခြင်းကိုရင်း ချုပ်ခြင်းကိုရင်း သာယာဖွယ်ကိုရင်း အပြစ်ကိုရင်း ထွက်မြောက်ရာကိုရင်း ဟုတ်တိုင်းမှန်စွာ မသိသေး သမျှကာလပတ်လုံး နတ် မာရ်နတ် ဗြဟ္မာနှင့်တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏမင်းများ လူများနှင့်တကွသော လူ့လောက၌ အတုမရှိသော သမ္မာသမ္ဗောဓိဉာဏ်ကို ထိုးထွင်း၍ သိပြီဟု ဝန်မခံခဲ့။ ရဟန်းတို့ ငါဘုရားသည် ဣန္ဒြေငါးပါးတို့၏ ဖြစ်ခြင်းကိုရင်း ချုပ်ခြင်းကိုရင်း သာယာဖွယ်ကိုရင်း အပြစ်ကိုရင်း ထွက်မြောက်ရာကိုရင်း ဟုတ်တိုင်းမှန်စွာ သိပြီးသောအခါ နတ် မာရ်နတ် ဗြဟ္မာနှင့်တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏမင်းများ လူများနှင့်တကွသော လူ့လောက၌ အတုမရှိသော သမ္မာသမ္ဗောဓိဉာဏ်ကို ထိုးထွင်း၍သိပြီဟု ငါ ဝန်ခံခဲ့ပြီ။ ငါ့အား ဉာဏ်အမြင်သည် ထင်ရှားဖြစ်ပေါ်ပြီ၊ ငါ၏(ကိလေသာမှ)လွတ်မြောက်မှု(အရဟတ္တဖိုလ်)သည် မပျက်စီးတော့ပြီ၊ ဤကား အဆုံးစွန်သော ဘဝတည်း၊ နောင်တဖန် ဘဝသစ်၌ ပဋိသန္ဓေ နေမှု မရှိတော့ပြီဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

http://www.dhammadownload.com



## ၉-ပဌမ သမဏဗြာဟ္မဏသုတ်

၄၉၉။ ရဟန်းတို့ ဣန္ဒြေတို့သည် ဤခြောက်ပါးတို့တည်း။ အဘယ်ခြောက်ပါးတို့နည်း၊ စက္ခုန္ဒြေ။ပ။မနိန္ဒြေတို့တည်း။ ရဟန်းတို့ ဤဣန္ဒြေခြောက်ပါးတို့၏ ဖြစ်ခြင်းကိုရင်း ချုပ်ခြင်းကိုရင်း သာယာဖွယ်ကိုရင်း အပြစ်ကိုရင်း ထွက်မြောက်ရာကိုရင်း ဟုတ်တိုင်းမှန်စွာ မသိကုန်သော သမဏ ဗြာဟ္မဏဟူသမျှတို့ကို သမဏတို့တွင်လည်း သမဏဟု မသမုတ်အပ်ကုန်၊ ဗြာဟ္မဏတို့တွင်လည်း ဗြာဟ္မဏဟု မသမုတ်အပ်ကုန်၊ ထိုအသျှင်တို့သည် သမဏဖြစ်ကျိုးကိုရင်း ဗြာဟ္မဏဖြစ်ကျိုးကိုရင်း ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ မနေရကုန်။ ရဟန်းတို့ ဤဣန္ဒြေခြောက်ပါးတို့၏ ဖြစ်ခြင်းကိုရင်း ချုပ်ခြင်းကိုရင်း သာယာဖွယ်ကိုရင်း အပြစ်ကိုရင်း ထွက်မြောက်ရာကိုရင်း ဟုတ်တိုင်းမှန်စွာ သိကုန်သော သမဏဗြာဟ္မဏဟူသမျှတို့ကို သမဏတို့တွင် လည်း သမဏဟု သမုတ်အပ်ကုန်၏၊ ဗြာဟ္မဏတို့တွင်လည်း ဗြာဟ္မဏဟု သမုတ်အပ်ကုန်၏၊ ထိုအသျှင်တို့သည် သမဏဖြစ်ကျိုးကိုရင်း ဗြာဟ္မဏဖြစ်ကျိုးကိုရင်း ယခုဘဝ၌ပင် ကိုယ်တိုင်ထူး သောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေရကုန်၏ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-ဒုတိယ သမဏဗြာဟ္မဏသုတ်

၅၀၀။ ရဟန်းတို့ စက္ခုန္ဒြေကို မသိသူ စက္ခုန္ဒြေ၏ ဖြစ်ကြောင်းကို မသိသူ စက္ခုန္ဒြေ၏ ချုပ်ရာကို မသိသူ စက္ခုန္ဒြေ၏ ချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ကို မသိသူ သမဏဗြာဟ္မဏ ဟူသမျှတို့ကို။ သောတိန္ဒြေ။ပ။ဃာနိန္ဒြေ။ပ။ဇိဝှိန္ဒြေ။ပ။ကာယိန္ဒြေ။ပ။မနိန္ဒြေကို မသိသူ မနိန္ဒြေ၏ ဖြစ်ကြောင်းကို မသိသူ မနိန္ဒြေ၏ချုပ်ရာကို မသိသူ မနိန္ဒြေ၏ချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ကိုမသိသူ သမဏဗြာဟ္မဏဟူသမျှတို့ကို သမဏတို့တွင်လည်း သမဏဟုမသမုတ်အပ်ကုန်။ပ။ ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ မနေရကုန်။

ရဟန်းတို့ စက္ခုန္ဒြေကိုသိသူ စက္ခုန္ဒြေ၏ဖြစ်ကြောင်းကိုသိသူ စက္ခုန္ဒြေ၏ချုပ်ရာ(နိဗ္ဗာန်)ကို သိသူ စက္ခုန္ဒြေ၏ချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်ကိုသိသူ သမဏဗြာဟ္မဏဟူသမျှတို့ကို။ သောတိန္ဒြေ။ပ။ ဃာနိန္ဒြေ။ပ။ ဇိဝှိန္ဒြေ။ပ။ ကာယိန္ဒြေ။ပ။ မနိန္ဒြေကိုသိသူ မနိန္ဒြေ၏ဖြစ်ကြောင်း ကိုသိသူ မနိန္ဒြေ၏ချုပ်ရာ (နိဗ္ဗာန်)ကိုသိသူ မနိန္ဒြေ၏ချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့် ကိုသိသူ သမဏဗြာဟ္မဏဟူသမျှတို့ကို သမဏတို့တွင်လည်း သမဏဟု သမုတ်အပ်ကုန်၏၊ ဗြာဟ္မဏ တို့တွင်လည်း ဗြာဟ္မဏဟု သမုတ်အပ်ကုန်၏။ ထိုအသျှင်တို့သည် သမဏဖြစ်ကျိုးကိုရင်း ဗြာဟ္မဏ ဖြစ်ကျိုးကိုရင်း ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေရ ကုန်၏ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

သုံးခုမြောက် ဆဠိန္ဒြိယဝဂ် ပြီး၏။

http://www.dhammadownload.com



## ၄-သုခိန္ဒြိယဝဂ် ၁-သုဒ္ဓိကသုတ်

၅၀၁။ ရဟန်းတို့ ဣန္ဒြေတို့သည် ဤငါးပါးတို့တည်း။ အဘယ်ငါးပါးတို့နည်း၊ သုခိန္ဒြေ ဒုက္ခိန္ဒြေ သောမနဿိန္ဒြေ ဒေါမနဿိန္ဒြေ ဥပေက္ခိန္ဒြေတို့တည်း။ ရဟန်းတို့ ဣန္ဒြေတို့သည် ဤငါးပါးတို့ပင်တည်းဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

## ၂-သောတာပန္နသုတ်

၅၀၂။ ရဟန်းတို့ ဣန္ဒြေတို့သည် ဤငါးပါးတို့တည်း။ အဘယ်ငါးပါးတို့နည်း၊ သုခိန္ဒြေ ဒုက္ခိန္ဒြေ သောမနဿိန္ဒြေ ဒေါမနဿိန္ဒြေ ဥပေက္ခိန္ဒြေတို့တည်း။ ရဟန်းတို့ ဤဣန္ဒြေငါးပါးတို့၏ဖြစ်ခြင်းကိုင်း ချုပ်ခြင်းကိုင်း သာယာဖွယ်ကိုင်း အပြစ်ကိုင်း ထွက်မြောက်ရာကိုင်း ဟုတ်တိုင်းမှန်စွာသိသောကြောင့် ဤအရိယာတပည့်ကို အပါယ်သို့ကျခြင်းသဘောမရှိ ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိသော သောတာပန်ဟူ၍ ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

## ၃-အရဟန္တသုတ်

၅၀၃။ ရဟန်းတို့ ဣန္ဒြေတို့သည် ဤငါးပါးတို့တည်း။ အဘယ်ငါးပါးတို့နည်း၊ သုခိန္ဒြေ ဒုက္ခိန္ဒြေ သောမနဿိန္ဒြေ ဒေါမနဿိန္ဒြေ ဥပေက္ခိန္ဒြေတို့တည်း။ ရဟန်းတို့ ဤဣန္ဒြေငါးပါးတို့၏ ဖြစ်ခြင်းကိုင်း ချုပ်ခြင်းကိုင်း သာယာဖွယ်ကိုင်း အပြစ်ကိုင်း ထွက်မြောက်ရာကိုင်း ဟုတ်တိုင်းမှန်စွာ သိ၍ မစွဲလမ်းပဲ (ကိလေသာမှ) လွတ်မြောက်သောကြောင့် ဤရဟန်းကို အာသဝကုန်ပြီးသူ မဂ်အကျင့်ကို ကျင့်သုံးပြီးသူ မဂ်ကိစ္စကို ပြုပြီးသူ (ခန္ဓာ) ဝန်ကို ချပြီးသူ မိမိအကျိုး အရဟတ္တဖိုလ်သို့ ရောက်ပြီးသူ ဘဝသံယောဇဉ်ကုန်ပြီးသူ ကောင်းစွာသိ၍ လွတ်မြောက်ပြီးသူ ရဟန္တာဟူ၍ ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

## ၄-ပဌမ သမဏဗြာဟ္မဏသုတ်

၅၀၄။ ရဟန်းတို့ ဣန္ဒြေတို့သည် ဤငါးပါးတို့တည်း။ အဘယ်ငါးပါးတို့နည်း၊ သုခိန္ဒြေ ဒုက္ခိန္ဒြေ သောမနဿိန္ဒြေ ဒေါမနဿိန္ဒြေ ဥပေက္ခိန္ဒြေတို့တည်း။ ရဟန်းတို့ ဤဣန္ဒြေငါးပါးတို့၏ ဖြစ်ခြင်းကိုင်း ချုပ်ခြင်းကိုင်း သာယာဖွယ်ကိုင်း အပြစ်ကိုင်း ထွက်မြောက်ရာကိုင်း ဟုတ်တိုင်းမှန်စွာ မသိသူ သမဏဗြာဟ္မဏဟူသမျှတို့ကို သမဏတို့တွင်လည်း သမဏဟု မသမုတ်အပ်ကုန်၊ ဗြာဟ္မဏတို့တွင်လည်း ဗြာဟ္မဏဟု မသမုတ်အပ်ကုန်၊ ထိုအသျှင်တို့သည် သမဏဖြစ်ကျိုးကိုင်း ဗြာဟ္မဏဖြစ်ကျိုးကိုင်း ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ မနေရကုန်။

http://www.dhammadownload.com



ရဟန်းတို့ ဤဣန္ဒြေငါးပါးတို့၏ ဖြစ်ခြင်းကိုင်း ချုပ်ခြင်းကိုင်း သာယာဖွယ်ကိုင်း အပြစ်ကိုင်း ထွက်မြောက်ရာကိုင်း ဟုတ်တိုင်းမှန်စွာ သိသူ သမဏဗြာဟ္မဏဟူသမျှတို့ကို သမဏတို့တွင်လည်း သမဏဟု သမုတ်အပ်ကုန်၏၊ ဗြာဟ္မဏတို့တွင်လည်း ဗြာဟ္မဏဟု သမုတ်အပ်ကုန်၏၊ ထိုအသျှင်တို့သည် သမဏဖြစ်ကျိုးကိုင်း ဗြာဟ္မဏဖြစ်ကျိုးကိုင်း ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေရကုန်၏ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-ဒုတိယ သမဏဗြာဟ္မဏသုတ်

၁၀၅။ ရဟန်းတို့ ဣန္ဒြေတို့သည် ဤငါးပါးတို့တည်း။ အဘယ်ငါးပါးတို့နည်း၊ သုခိန္ဒြေ ဒုက္ခိန္ဒြေ သောမနဿိန္ဒြေ ဒေါမနဿိန္ဒြေ ဥပေက္ခိန္ဒြေတို့တည်း။ ရဟန်းတို့ သုခိန္ဒြေကို မသိကြသူ သုခိန္ဒြေ၏ ဖြစ်ကြောင်းကို မသိကြသူ သုခိန္ဒြေ၏ ချုပ်ရာ(နိဗ္ဗာန်)ကို မသိကြသူ သုခိန္ဒြေ၏ ချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ကို မသိကြသူ သမဏဗြာဟ္မဏဟူသမျှတို့ကို။ ဒုက္ခိန္ဒြေကို မသိကြသူ။ပ။ သောမနဿိန္ဒြေကို မသိကြသူ။ပ။ ဒေါမနဿိန္ဒြေကို မသိကြသူ။ပ။ ဥပေက္ခိန္ဒြေကို မသိကြသူ ဥပေက္ခိန္ဒြေ၏ ဖြစ်ကြောင်းကို မသိကြသူ ဥပေက္ခိန္ဒြေ၏ ချုပ်ရာ(နိဗ္ဗာန်) ကို မသိကြသူ ဥပေက္ခိန္ဒြေ၏ ချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ကို မသိကြသူ သမဏ ဗြာဟ္မဏဟူသမျှတို့ကို သမဏတို့တွင်လည်း သမဏဟု မသမုတ်အပ်ကုန်၊ ဗြာဟ္မဏတို့တွင်လည်း ဗြာဟ္မဏဟု မသမုတ်အပ်ကုန်၊ ထိုအသျှင်တို့သည် သမဏဖြစ်ကျိုးကိုင်း ဗြာဟ္မဏဖြစ်ကျိုးကိုင်း ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ မနေရကုန်။

ရဟန်းတို့ သုခိန္ဒြေကို သိကြသူ သုခိန္ဒြေ၏ ဖြစ်ကြောင်းကို သိကြသူ သုခိန္ဒြေ၏ ချုပ်ရာ (နိဗ္ဗာန်)ကို သိကြသူ သုခိန္ဒြေ၏ချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်ကို သိကြသူ။ဒုက္ခိန္ဒြေကို သိကြသူ သမဏဗြာဟ္မဏဟူသမျှတို့ကို။ပ။ သောမနဿိန္ဒြေကို သိကြသူ။ပ။ ဒေါမနဿိန္ဒြေကို သိကြသူ။ပ။ ဥပေက္ခိန္ဒြေကို သိကြသူ ဥပေက္ခိန္ဒြေ၏ ဖြစ်ကြောင်းကို သိကြသူ ဥပေက္ခိန္ဒြေ၏ ချုပ်ရာ (နိဗ္ဗာန်)ကို သိကြသူ ဥပေက္ခိန္ဒြေ၏ ချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ကို သိကြသူ သမဏဗြာဟ္မဏဟူသမျှတို့ကို သမဏတို့တွင်လည်း သမဏဟု သမုတ်အပ်ကုန်၏၊ ဗြာဟ္မဏ တို့တွင်လည်း ဗြာဟ္မဏဟု သမုတ်အပ်ကုန်၏၊ ထိုအသျှင်တို့သည် သမဏဖြစ်ကျိုးကိုင်း ဗြာဟ္မဏ ဖြစ်ကျိုးကိုင်း ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေရကုန်၏ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၆-ပဌမ ဝိဘင်္ဂသုတ်

၁၀၆။ ရဟန်းတို့ ဣန္ဒြေတို့သည် ဤငါးပါးတို့တည်း။ အဘယ်ငါးပါးတို့နည်း၊ သုခိန္ဒြေ ဒုက္ခိန္ဒြေ သောမနဿိန္ဒြေ ဒေါမနဿိန္ဒြေ ဥပေက္ခိန္ဒြေတို့တည်း။

http://www.dhammadownload.com



ရဟန်းတို့ သုခိန္ဒြေဟူသည် အဘယ်နည်း၊ ရဟန်းတို့ ကိုယ်၌ဖြစ်သော ချမ်းသာမှု ကိုယ်၌ဖြစ်သော သာယာမှု ကိုယ်အတွေ့ကြောင့်ဖြစ်သော ချမ်းသာမှု သာယာမှု ခံစားမှုကို သုခိန္ဒြေဟု ဆိုအပ်၏။

ရဟန်းတို့ ဒုက္ခိန္ဒြေဟူသည် အဘယ်နည်း၊ ရဟန်းတို့ ကိုယ်၌ဖြစ်သော ဆင်းရဲမှု ကိုယ်၌ဖြစ်သော မသာယာမှု ကိုယ်အတွေ့ကြောင့်ဖြစ်သော ဆင်းရဲမှု မသာယာမှု ခံစားမှုကို ဒုက္ခိန္ဒြေဟု ဆိုအပ်၏။

ရဟန်းတို့ သောမနဿိန္ဒြေဟူသည် အဘယ်နည်း၊ ရဟန်းတို့ စိတ်၌ဖြစ်သော ချမ်းသာမှု စိတ်၌ဖြစ်သော သာယာမှု စိတ်အတွေ့ကြောင့်ဖြစ်သော ချမ်းသာမှု သာယာမှု ခံစားမှုကို သောမနဿိန္ဒြေဟု ဆိုအပ်၏။

ရဟန်းတို့ ဒေါမနဿိန္ဒြေဟူသည် အဘယ်နည်း၊ ရဟန်းတို့ စိတ်၌ဖြစ်သော ဆင်းရဲမှု စိတ်၌ဖြစ်သော မသာယာမှု စိတ်အတွေ့ကြောင့်ဖြစ်သော ဆင်းရဲမှု မသာယာမှု ခံစားမှုကို ဒေါမနဿိန္ဒြေဟု ဆိုအပ်၏။

ရဟန်းတို့ ဥပေက္ခိန္ဒြေဟူသည် အဘယ်နည်း၊ ရဟန်းတို့ ကိုယ်၌ဖြစ်သော သာယာမှုလည်း မဟုတ် မသာယာမှုလည်း မဟုတ်သော ခံစားမှုကိုဂင်း စိတ်၌ဖြစ်သော သာယာမှုလည်း မဟုတ် မသာယာမှုလည်း မဟုတ်သော ခံစားမှုကိုဂင်း ဥပေက္ခိန္ဒြေဟု ဆိုအပ်၏။ ရဟန်းတို့ *ဣန္ဒြေတို့သည်* ဤငါးပါးတို့ပင်တည်းဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-ဒုတိယ ဝိဘင်္ဂသုတ်

၅၀၇။ ရဟန်းတို့ ဣန္ဒြေတို့သည် ဤငါးပါးတို့တည်း။ အဘယ်ငါးပါးတို့နည်း၊ သုခိန္ဒြေ ဒုက္ခိန္ဒြေ သောမနဿိန္ဒြေ ဒေါမနဿိန္ဒြေ ဥပေက္ခိန္ဒြေတို့တည်း။

ရဟန်းတို့ သုခိန္ဒြေဟူသည် အဘယ်နည်း၊ ရဟန်းတို့ ကိုယ်၌ဖြစ်သော ချမ်းသာမှု ကိုယ်၌ဖြစ်သော သာယာမှု ကိုယ်အတွေ့ကြောင့်ဖြစ်သော ချမ်းသာမှု သာယာမှု ခံစားမှုကို သုခိန္ဒြေဟု ဆိုအပ်၏။

ရဟန်းတို့ ဒုက္ခိန္ဒြေဟူသည် အဘယ်နည်း၊ ရဟန်းတို့ ကိုယ်၌ဖြစ်သော ဆင်းရဲမှု ကိုယ်၌ဖြစ်သော မသာယာမှု ကိုယ်အတွေ့ကြောင့်ဖြစ်သော ဆင်းရဲမှု မသာယာမှု ခံစားမှုကို ဒုက္ခိန္ဒြေဟု ဆိုအပ်၏။

ရဟန်းတို့ သောမနဿိန္ဒြေဟူသည် အဘယ်နည်း၊ ရဟန်းတို့ စိတ်၌ဖြစ်သော ချမ်းသာမှု စိတ်၌ဖြစ်သော သာယာမှု စိတ်အတွေ့ကြောင့်ဖြစ်သော ချမ်းသာမှု သာယာမှု ခံစားမှုကို သောမနဿိန္ဒြေဟု ဆိုအပ်၏။

ရဟန်းတို့ ဒေါမနဿိန္ဒြေဟူသည် အဘယ်နည်း၊ ရဟန်းတို့ စိတ်၌ဖြစ်သော ဆင်းရဲမှု စိတ်၌ဖြစ်သော မသာယာမှု စိတ်အတွေ့ကြောင့်ဖြစ်သော ဆင်းရဲမှု မသာယာမှု ခံစားမှုကို ဒေါမနဿိန္ဒြေဟု ဆိုအပ်၏။

http://www.dhammadownload.com



ရဟန်းတို့ ဥပေက္ခိန္ဒြေဟူသည် အဘယ်နည်း၊ ရဟန်းတို့ ကိုယ်၌ဖြစ်သော သာယာမှုလည်း မဟုတ် မသာယာမှုလည်း မဟုတ်သော ခံစားမှုကိုရင်း စိတ်၌ဖြစ်သော သာယာမှုလည်း မဟုတ် မသာယာမှုလည်း မဟုတ်သော ခံစားမှုကိုရင်း ဥပေက္ခိန္ဒြေဟု ဆိုအပ်၏။

ရဟန်းတို့ ထိုဣန္ဒြေတို့တွင် သုခိန္ဒြေကိုရင်း သောမနဿိန္ဒြေကိုရင်း သုခဝေဒနာဟု ရှုမှတ်အပ်၏။ ထိုဣန္ဒြေတို့တွင် ဒုက္ခိန္ဒြေကိုရင်း ဒေါမနဿိန္ဒြေကိုရင်း ဒုက္ခဝေဒနာဟု ရှုမှတ်အပ်၏။ ထိုဣန္ဒြေတို့တွင် ဥပေက္ခိန္ဒြေကို မဆင်းရဲ မချမ်းသာ (အလယ်အလတ်)ကို ခံစားမှု အဒုက္ခမသုခဝေဒနာဟု ရှုမှတ်အပ်၏။ ရဟန်းတို့ ဣန္ဒြေတို့သည် ဤငါးပါးတို့ပင်တည်းဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-တတိယ ဝိဘင်္ဂသုတ်

၅၀၈။ ရဟန်းတို့ ဣန္ဒြေတို့သည် ဤငါးပါးတို့တည်း။ အဘယ်ငါးပါးတို့နည်း၊ သုခိန္ဒြေ ဒုက္ခိန္ဒြေ သောမနဿိန္ဒြေ ဒေါမနဿိန္ဒြေ ဥပေက္ခိန္ဒြေတို့တည်း။

ရဟန်းတို့ သုခိန္ဒြေဟူသည် အဘယ်နည်း၊ ရဟန်းတို့ ကိုယ်၌ဖြစ်သော ချမ်းသာမှု ကိုယ်၌ဖြစ်သော သာယာမှု ကိုယ်အတွေ့ကြောင့်ဖြစ်သော ချမ်းသာမှု သာယာမှု ခံစားမှုကို သုခိန္ဒြေဟု ဆိုအပ်၏။

ရဟန်းတို့ ဒုက္ခိန္ဒြေဟူသည် အဘယ်နည်း၊ ရဟန်းတို့ ကိုယ်၌ဖြစ်သော ဆင်းရဲမှု ကိုယ်၌ဖြစ်သော မသာယာမှု ကိုယ်အတွေ့ကြောင့်ဖြစ်သော ဆင်းရဲမှု မသာယာမှု ခံစားမှုကို ဒုက္ခိန္ဒြေဟု ဆိုအပ်၏။

ရဟန်းတို့ သောမနဿိန္ဒြေဟူသည် အဘယ်နည်း၊ ရဟန်းတို့ စိတ်၌ဖြစ်သော ချမ်းသာမှု စိတ်၌ဖြစ်သော သာယာမှု စိတ်အတွေ့ကြောင့် ဖြစ်သော ချမ်းသာမှု သာယာမှု ခံစားမှုကို သောမနဿိန္ဒြေဟု ဆိုအပ်၏။

ရဟန်းတို့ ဒေါမနဿိန္ဒြေဟူသည် အဘယ်နည်း၊ ရဟန်းတို့ စိတ်၌ဖြစ်သော ဆင်းရဲမှု စိတ်၌ဖြစ်သော မသာယာမှု စိတ်အတွေ့ဖြစ်သော ဆင်းရဲမှု မသာယာမှု ခံစားမှုကို ဒေါမနဿိန္ဒြေဟု ဆိုအပ်၏။

ရဟန်းတို့ ဥပေက္ခိန္ဒြေဟူသည် အဘယ်နည်း၊ ရဟန်းတို့ ကိုယ်၌ဖြစ်သော သာယာမှုလည်း မဟုတ် မသာယာမှုလည်းမဟုတ်သော ခံစားမှုကိုရင်း စိတ်၌ဖြစ်သော သာယာမှုလည်း မဟုတ် မသာယာမှုလည်းမဟုတ်သော ခံစားမှုကိုရင်း ဥပေက္ခိန္ဒြေဟု ဆိုအပ်၏။

ရဟန်းတို့ ထိုဣန္ဒြေတို့တွင် သုခိန္ဒြေကိုရင်း သောမနဿိန္ဒြေကိုရင်း သုခဝေဒနာဟု ရှုမှတ်အပ်၏၊ ထိုဣန္ဒြေတို့တွင် ဒုက္ခိန္ဒြေကိုရင်း ဒေါမနဿိန္ဒြေကိုရင်း ဒုက္ခဝေဒနာဟု ရှုမှတ်အပ်၏။ ထိုဣန္ဒြေတို့တွင် ဥပေက္ခိန္ဒြေကို မဆင်းရဲ မချမ်းသာ(အလယ်အလတ်)ခံစားမှု အဒုက္ခမသုခဝေဒနာဟု ရှုမှတ်အပ်၏။ ရဟန်းတို့ ဤသို့လျှင် ဤဣန္ဒြေငါးပါးတို့သည် အကြောင်း 'ပရိယာယ်' အားဖြင့် ငါးပါးတို့ဖြစ်လျက် သုံးပါးတို့ ဖြစ်ကုန်၏၊ သုံးပါးတို့ဖြစ်လျက် *ငါးပါးတို့ဖြစ်ကုန်၏* ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

http://www.dhammadownload.com



## ၉-ကဋ္ဌောပမသုတ်

၅၀၉။ ရဟန်းတို့ ဣန္ဒြေတို့သည် ဤငါးပါးတို့တည်း။ အဘယ်ငါးပါးတို့နည်း၊ သုခိန္ဒြေ ဒုက္ခိန္ဒြေ သောမနဿိန္ဒြေ ဒေါမနဿိန္ဒြေ ဥပေက္ခိန္ဒြေတို့တည်း။ ရဟန်းတို့ သုခဝေဒနာ၏ အကြောင်းဖြစ်သော တွေ့ထိမှု'ဖဿ'ကို စွဲ၍ သုခိန္ဒြေ ဖြစ်၏၊ထိုသူသည် ချမ်းသာသည်ရှိသော် "ငါချမ်းသာ၏" ဟု သိ၏၊ သုခဝေဒနာ၏ အကြောင်းဖြစ်သော ထိုတွေ့ထိမှု 'ဖဿ'ချုပ်ခြင်းကြောင့် ထိုအကြောင်းအားလျော်စွာ ခံစားအပ်သော သုခဝေဒနာ၏အကြောင်းဖြစ်သည့် တွေ့ထိမှု 'ဖဿ'ကို စွဲ၍ဖြစ်သော သုခိန္ဒြေသည် ချုပ်၏ ငြိမ်း၏ဟု သိ၏။

ရဟန်းတို့ ဒုက္ခဝေဒနာ၏ အကြောင်းဖြစ်သော တွေ့ထိမှု 'ဖဿ' ကိုစွဲ၍ ဒုက္ခိန္ဒြေဖြစ်၏၊ ထိုသူသည် ဆင်းရဲသည်ရှိသော် "ငါဆင်းရဲ၏"ဟု သိ၏၊ ဒုက္ခဝေဒနာ၏အကြောင်းဖြစ်သော ထိုတွေ့ထိမှု 'ဖဿ' ချုပ်ခြင်းကြောင့် ထိုအကြောင်းအားလျော်စွာ ခံစားအပ်သော ဒုက္ခဝေဒနာ၏ အကြောင်းဖြစ်သည့် တွေ့ထိမှု 'ဖဿ' ကိုစွဲ၍ဖြစ်သော ဒုက္ခိန္ဒြေသည် ချုပ်၏ ငြိမ်း၏ဟု သိ၏။

ရဟန်းတို့ သောမနဿဝေဒနာ၏ အကြောင်းဖြစ်သော တွေ့ထိမှု 'ဖဿ'ကိုစွဲ၍ သောမနဿိန္ဒြေ ဖြစ်၏၊ ထိုသူသည် ဝမ်းမြောက်သည်ရှိသော် "ငါဝမ်းမြောက်၏"ဟု သိ၏၊သောမနဿဝေဒနာ၏အကြောင်းဖြစ်သော ထိုတွေ့ထိမှု 'ဖဿ'ချုပ်ခြင်းကြောင့် ထိုအကြောင်းအားလျော်စွာ ခံစားအပ်သော သောမနဿဝေဒနာ အကြောင်းဖြစ်သည့် တွေ့ထိမှု 'ဖဿ'ကို စွဲ၍ဖြစ်သော သောမနဿိန္ဒြေသည် ချုပ်၏ ငြိမ်း၏ဟု သိ၏။

ရဟန်းတို့ ဒေါမနဿဝေဒနာကြောင့်ဖြစ်သော တွေ့ထိမှု 'ဖဿ'ကိုစွဲ၍ ဒေါမနဿိန္ဒြေဖြစ်၏၊ ထိုသူသည် နှလုံးမသာသည်ရှိသော်"ငါနှလုံးမသာဖြစ်၏"ဟု သိ၏၊ဒေါမနဿဝေဒနာ၏အကြောင်းဖြစ်သော ထိုတွေ့ထိမှု 'ဖဿ'ချုပ်ခြင်းကြောင့် ထိုအကြောင်းအားလျော်စွာ ခံစားအပ်သော ဒေါမနဿဝေဒနာ၏ အကြောင်းဖြစ်သည့် တွေ့ထိမှု'ဖဿ'ကို စွဲ၍ဖြစ်သော ဒေါမနဿိန္ဒြေသည် ချုပ်၏ ငြိမ်း၏ဟု သိ၏။

ရဟန်းတို့ ဥပေက္ခာဝေဒနာ၏အကြောင်းဖြစ်သော တွေ့ထိမှု 'ဖဿ'ကိုစွဲ၍ ဥပေက္ခိန္ဒြေဖြစ်၏၊ ထိုသူသည် လျစ်လျူရှုသည်ရှိသော်"ငါလျစ်လျူရှု၏"ဟု သိ၏၊ ဥပေက္ခာဝေဒနာ၏အကြောင်းဖြစ်သော ထိုတွေ့ထိမှု 'ဖဿ' ချုပ်ခြင်းကြောင့် ထိုအကြောင်းအားလျော်စွာ ခံစားအပ်သော ဥပေက္ခာဝေဒနာ၏ အကြောင်းဖြစ်သည့် တွေ့ထိမှု'ဖဿ'ကိုစွဲ၍ဖြစ်သော ဥပေက္ခိန္ဒြေသည် ချုပ်၏ ငြိမ်း၏ ဟု သိ၏။

ရဟန်းတို့ သစ်သားနှစ်ခုတို့၏ ထိခိုက်ပေါင်းဆုံခြင်းကြောင့် အပူငွေ့ဖြစ်၏၊ မီးဖြစ်ပေါ်လာ၏၊ ထိုသစ်သားနှစ်ခုတို့ကိုပင် တခြားစီခွဲ၍ထားခြင်းကြောင့် ထိုသစ်သားနှစ်ခုတို့ ပွတ်ခြင်းကြောင့် ဖြစ်ပေါ်လာသော အပူငွေ့သည် ချုပ်ငြိမ်းသကဲ့သို့ ထို့အတူပင် ရဟန်းတို့ သုခဝေဒနာ၏ အကြောင်းဖြစ်သော တွေ့ထိမှု 'ဖဿ'ကိုစွဲ၍ သုခိန္ဒြေဖြစ်၏၊ ထိုသူသည် ချမ်းသာသည်ရှိသော် "ငါချမ်းသာ၏"ဟု သိ၏၊သုခဝေဒနာ၏အကြောင်းဖြစ်သော ထိုတွေ့ထိမှု'ဖဿ'ချုပ်ခြင်းကြောင့် ထိုအကြောင်းအားလျော်စွာ ခံစားအပ်သော သုခဝေဒနာ၏ အကြောင်းဖြစ်သည့် တွေ့ထိမှု 'ဖဿ' ကိုစွဲ၍ဖြစ်သော သုခိန္ဒြေသည် ချုပ်၏ငြိမ်း၏ဟု သိ၏။ ဒုက္ခဝေဒနာ၏အကြောင်းဖြစ်သည့် တွေ့ထိမှု 'ဖဿ'ကိုစွဲ၍။ပ။သောမနဿဝေဒနာ၏ အကြောင်းဖြစ်သည့် တွေ့ထိမှု 'ဖဿ'ကို စွဲ၍။ပ။ ဒေါမနဿဝေဒနာ၏ အကြောင်းဖြစ်သည့် တွေ့ထိမှု 'ဖဿ'ကိုစွဲ၍။ပ။ရဟန်းတို့ ဥပေက္ခာဝေဒနာ

http://www.dhammadownload.com



၏အကြောင်းဖြစ်သော တွေ့ထိမှု 'ဖဿ'ကိုစွဲ၍ ဥပေက္ခိန္ဒြေ ဖြစ်၏၊ ထိုသူသည် လျစ်လျူရှုသည် ရှိသော် "ငါ လျစ်လျူရှု၏"ဟု သိ၏၊ ဥပေက္ခာဝေဒနာ၏ အကြောင်းဖြစ်သော ထိုတွေ့ထိမှု 'ဖဿ' ချုပ်ခြင်းကြောင့် ထိုအကြောင်းအားလျော်စွာ ခံစားအပ်သော ဥပေက္ခာဝေဒနာ၏ အကြောင်းဖြစ်သည့် တွေ့ထိမှု 'ဖဿ'ကို စွဲ၍ဖြစ်သော ဥပေက္ခိန္ဒြေသည် ချုပ်၏ ငြိမ်း၏ဟု သိ၏ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

## ၁၀-ဥပ္ပဋိပါဋိကသုတ်

၅၁၀။ ရဟန်းတို့ ဣန္ဒြေတို့သည် ဤငါးပါးတို့တည်း။ အဘယ်ငါးပါးတို့နည်း၊ ဒုက္ခိန္ဒြေ ဒေါမနဿိန္ဒြေ သုခိန္ဒြေ သောမနဿိန္ဒြေ ဥပေက္ခိန္ဒြေတို့တည်း။ ရဟန်းတို့ ဤသာသနာတော်၌ မမေ့မလျော့ ပြင်းစွာအားထုတ်လျက် နိဗ္ဗာန်သို့စေလွှတ်သော စိတ်ရှိသည်ဖြစ်၍ နေသော ရဟန်း အား ဒုက္ခိန္ဒြေသည် ဖြစ်၏၊ထိုရဟန်းသည် "ငါ့အား ဤဒုက္ခိန္ဒြေသည် ဖြစ်ခဲ့ပြီ၊ ထိုဒုက္ခိန္ဒြေသည်လည်း စင်စစ်အားဖြင့် အကြောင်း 'နိမိတ်'နှင့်တကွဖြစ်၏၊ အကြောင်းခံနှင့်တကွဖြစ်၏၊ ပြုပြင်မှုနှင့်တကွ ဖြစ်၏၊ အထောက်အပံ့နှင့်တကွဖြစ်၏၊ ထိုဒုက္ခိန္ဒြေသည် အကြောင်း 'နိမိတ်' မရှိလတ်သော် အကြောင်းခံ မရှိလတ်သော် ပြုပြင်မှုမရှိလတ်သော် အထောက်အပံ့မရှိလတ်သော် ဖြစ်လိမ့်မည် ဟူသော ဤအကြောင်းမျိုးသည် မရှိ"ဟု ဤသို့ သိ၏။ ထိုရဟန်းသည် ဒုက္ခိန္ဒြေကိုလည်း သိ၏၊ ဒုက္ခိန္ဒြေ၏ ဖြစ်ကြောင်းကိုလည်း သိ၏၊ ဒုက္ခိန္ဒြေ၏ ချုပ်ရာကိုလည်း သိ၏၊ ဖြစ်ပြီးသော ဒုက္ခိန္ဒြေ၏ အကြွင်းမဲ့ချုပ်ရာ တရားကိုလည်း သိ၏။ ဖြစ်ပေါ်လာသည့် ဒုက္ခိန္ဒြေသည် အဘယ်တရား၌ အကြွင်းမဲ့ချုပ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကာမတို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်မှု 'ဝိတက်'နှင့်တကွဖြစ်သော သုံးသပ်မှု 'ဝိစာရ'နှင့် တကွဖြစ်သော နီဝရဏဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ'ရှိသော ပဌမဈာန်သို့ရောက်၍နေ၏၊ ဖြစ်ပေါ်လာသော ဒုက္ခိန္ဒြေသည် ဤပဌမဈာန်၌ အကြွင်းမဲ့ချုပ်၏။ ရဟန်းတို့ ဤရဟန်းကို ဒုက္ခိန္ဒြေ၏ချုပ်ရာကို သိပြီးသူ ထိုဒုက္ခိန္ဒြေ၏ချုပ်ရာ (ပဌမဈာန်) အကျိုးငှါ စိတ်ကို ကပ်၍ဆောင်သူဟု ဆိုအပ်၏။

ရဟန်းတို့ ဤသာသနာတော်၌ မမေ့မလျော့ပြင်းစွာအားထုတ်လျက် နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိသည် ဖြစ်၍နေသော ရဟန်းအား ဒေါမနဿိန္ဒြေသည် ဖြစ်၏၊ ထိုရဟန်းသည် "ငါ့အား ဤဒေါမနဿိန္ဒြေသည် ဖြစ်ခဲ့ပြီ၊ ထိုဒေါမနဿိန္ဒြေသည်လည်း စင်စစ်အားဖြင့် အကြောင်း 'နိမိတ်'နှင့်တကွဖြစ်၏၊ အကြောင်းခံနှင့်တကွဖြစ်၏၊ ပြုပြင်မှုနှင့်တကွဖြစ်၏၊ အထောက်အပံ့နှင့် တကွဖြစ်၏၊ အကြောင်း 'နိမိတ်' မရှိလတ်သော် အကြောင်းခံ မရှိလတ်သော် ပြုပြင်မှုမရှိ လတ်သော် အထောက်အပံ့မရှိလတ်သော် ဖြစ်လိမ့်မည် ဟူသော ဤအကြောင်းမျိုးသည် မရှိ"ဟု ဤသို့ သိ၏။ ထိုရဟန်းသည် ဒေါမနဿိန္ဒြေကိုလည်း သိ၏၊ ဒေါမနဿိန္ဒြေ၏ ဖြစ်ကြောင်း ကိုလည်းသိ၏၊ ဒေါမနဿိန္ဒြေ၏ ချုပ်ရာကိုလည်း သိ၏၊ ဖြစ်ပြီးသော ဒေါမနဿိန္ဒြေ၏ အကြွင်းမဲ့ ချုပ်ရာ တရားကိုလည်း သိ၏။ ဖြစ်ပေါ်လာသည့် ဒေါမနဿိန္ဒြေသည် အဘယ်တရား၌ အကြွင်းမဲ့ချုပ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကြံစည်မှု 'ဝိတက်' သုံးသပ်မှု 'ဝိစာရ'တို့၏ ငြိမ်းခြင်းကြောင့် မိမိကိုယ်၌ စိတ်ကိုကြည်လင်စေတတ်သော စိတ်၏ တည်ကြည်ခြင်း 'သမာဓိ' ကို ပွါးစေတတ်သော ကြံစည်မှု 'ဝိတက်' မရှိသော သုံးသပ်မှု

http://www.dhammadownload.com



'ဝိစာရ' မရှိသော တည်ကြည်မှု 'သမာဓိ' ကြောင့်ဖြစ်သော နှစ်သိမ့်မှု 'ပီတိ' ချမ်းသာမှု 'သုခ' ရှိသော ဒုတိယဈာန်သို့ ရောက်၍နေ၏၊ ဖြစ်ပေါ်လာသော ဒေါမနဿိန္ဒြေသည် ဤဒုတိယဈာန်၌ အကြွင်းမဲ့ချုပ်၏။ ရဟန်းတို့ ဤရဟန်းကို ဒေါမနဿိန္ဒြေ၏ ချုပ်ရာကို သိပြီးသူ ထိုဒေါမနဿိန္ဒြေ၏ ချုပ်ရာ (ဒုတိယဈာန်)အကျိုးငှါ စိတ်ကိုကပ်၍ ဆောင်သူဟု ဆိုအပ်၏။

ရဟန်းတို့ ဤသာသနာတော်၌ မမေ့မလျော့ ပြင်းစွာအားထုတ်လျက် နိဗ္ဗာန်သို့စေလွှတ်သော စိတ်ရှိသည်ဖြစ်၍ နေသော ရဟန်းအား သုခိန္ဒြေသည် ဖြစ်၏၊ ထိုရဟန်းသည် "ငါ့အား သုခိန္ဒြေသည် ဖြစ်ခဲ့ပြီ၊ထိုသုခိန္ဒြေသည်လည်း စင်စစ်အားဖြင့် အကြောင်း'နိမိတ်'နှင့်တကွဖြစ်၏၊အကြောင်း, ခံနှင့်တကွဖြစ်၏၊ ပြုပြင်မှုနှင့်တကွဖြစ်၏၊ အထောက်အပံ့နှင့်တကွဖြစ်၏၊ အကြောင်း 'နိမိတ်' မရှိလတ်သော် အကြောင်းခံမရှိလတ်သော် ပြုပြင်မှုမရှိလတ်သော် အထောက်အပံ့မရှိလတ်သော် ဖြစ်လိမ့်မည် ဟူသော ဤအကြောင်းမျိုးသည် မရှိ" ဟု ဤသို့ သိ၏။ထိုရဟန်းသည် သုခိန္ဒြေကိုလည်း သိ၏၊ သုခိန္ဒြေ၏ဖြစ်ကြောင်းကိုလည်း သိ၏၊ သုခိန္ဒြေ၏ ချုပ်ရာကိုလည်း သိ၏၊ ဖြစ်ပြီးသော သုခိန္ဒြေ၏ အကြွင်းမဲ့ချုပ်ရာ တရားကိုလည်း သိ၏။ ဖြစ်ပေါ်လာသည့် သုခိန္ဒြေသည် အဘယ် တရား၌ အကြွင်းမဲ့ချုပ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် နှစ်သိမ့်မှု'ပီတိ' ကိုလည်း မတပ်မက်ခြင်းကြောင့် လျစ်လျူရှုလျက်သာလျှင် နေ၏၊ သတိသမ္ပဇဉ်နှင့် ပြည့်စုံသည် ဖြစ်၍ ချမ်းသာမှု'သုခ'ကိုလည်း ကိုယ်ဖြင့် ခံစား၏၊အကြင်တတိယဈာန်ကြောင့် ထိုသူ့ကို လျစ်လျူရှုသူ သတိရှိသူ ချမ်းသာစွာနေလေ့ရှိသူဟု အရိယာပုဂ္ဂိုလ်တို့သည် ပြောကြားကုန်၏၊ ရဟန်းသည် ထိုတတိယဈာန်သို့ ရောက်၍နေ၏၊ ဖြစ်ပေါ်လာသော သုခိန္ဒြေသည် ဤတတိယဈာန်၌ အကြွင်းမဲ့ ချုပ်၏။ ရဟန်းတို့ ဤရဟန်းကို သုခိန္ဒြေ၏ချုပ်ရာကိုသိပြီးသူ ထိုသုခိန္ဒြေ၏ချုပ်ရာ(တတိယဈာန်) အကျိုးငှါ စိတ်ကိုကပ်၍ ဆောင်သူဟု ဆိုအပ်၏။

ရဟန်းတို့ ဤသာသနာတော်၌ မမေ့မလျော့ ပြင်းစွာအားထုတ်လျက် နိဗ္ဗာန်သို့စေလွှတ်သော စိတ်ရှိသည်ဖြစ်၍နေသော ရဟန်းအား သောမနဿိန္ဒြေသည် ဖြစ်၏၊ ထိုရဟန်းသည် "ငါ့အား သောမနဿိန္ဒြေသည် ဖြစ်ခဲ့ပြီ၊ ထိုသောမနဿိန္ဒြေသည်လည်း စင်စစ်အားဖြင့် အကြောင်း 'နိမိတ်'နှင့်တကွဖြစ်၏၊ အကြောင်းခံနှင့်တကွဖြစ်၏၊ ပြုပြင်မှုနှင့်တကွဖြစ်၏၊ အထောက်အပံ့နှင့် တကွဖြစ်၏၊ ထိုသောမနဿိန္ဒြေသည် အကြောင်း 'နိမိတ်' မရှိလတ်သော် အကြောင်းခံ မရှိ လတ်သော် ပြုပြင်မှုမရှိလတ်သော် အထောက်အပံ့ မရှိလတ်သော် ဖြစ်လိမ့်မည် ဟူသော ဤ အကြောင်းမျိုးသည် မရှိ" ဟု ဤသို့ သိ၏။ ထိုရဟန်းသည် သောမနဿိန္ဒြေကိုလည်း သိ၏၊ သောမနဿိန္ဒြေ၏ ဖြစ်ကြောင်းကိုလည်း သိ၏၊ သောမနဿိန္ဒြေ၏ ချုပ်ရာကိုလည်း သိ၏၊ ဖြစ်ပြီး သော သောမနဿိန္ဒြေ၏ အကြွင်းမဲ့ချုပ်ရာကိုလည်း သိ၏။ဖြစ်ပေါ်လာသည့် သောမနဿိန္ဒြေသည် အဘယ်တရား၌ အကြွင်းမဲ့ချုပ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ချမ်းသာ ဆင်းရဲကိုပယ်ခြင်းကြောင့်၎င်း ရှေးဦးကပင်လျှင် ဝမ်းသာခြင်း နှလုံးမသာခြင်းတို့၏ ချုပ်နှင့်ခြင်း ကြောင့်၎င်း ဆင်းရဲချမ်းသာမရှိသော လျစ်လျူရှုမှု 'ဥပေက္ခာ'ကြောင့် ဖြစ်သည့် သတိ၏ စင်ကြယ်ခြင်းရှိသော စတုတ္ထဈာန်သို့ ရောက်၍နေ၏၊ ဖြစ်ပေါ်လာသော သောမနဿိန္ဒြေသည် စတုတ္ထဈာန်၌ အကြွင်းမဲ့ချုပ်၏။ ရဟန်းတို့ ဤရဟန်းကို သောမနဿိန္ဒြေ၏ ချုပ်ရာကို သိပြီးသူ ထိုသောမနဿိန္ဒြေ၏ချုပ်ရာ (စတုတ္ထဈာန်) အကျိုးငှါ စိတ်ကို ကပ်၍ ဆောင်သူဟု ဆိုအပ်၏။

ရဟန်းတို့ ဤသာသနာတော်၌ မမေ့မလျော့ ပြင်းစွာအားထုတ်လျက် နိဗ္ဗာန်သို့ စေလွှတ် သော စိတ်ရှိသည်ဖြစ်၍ နေသောရဟန်းအား ဥပေက္ခိန္ဒြေသည် ဖြစ်၏၊ ထိုရဟန်းသည် "ငါ့အား

http://www.dhammadownload.com



ဥပေက္ခိန္ဒြေသည် ဖြစ်ခဲ့ပြီ၊ ထိုဥပေက္ခိန္ဒြေသည်လည်း စင်စစ်အားဖြင့် အကြောင်း 'နိမိတ်'နှင့်တကွ ဖြစ်၏၊ အကြောင်းခံနှင့်တကွဖြစ်၏၊ ပြုပြင်မှုနှင့် တကွဖြစ်၏၊ အထောက်အပံ့နှင့် တကွဖြစ်၏၊ အကြောင်း'နိမိတ်' မရှိလတ်သော် အကြောင်းခံမရှိလတ်သော် ပြုပြင်မှုမရှိလတ်သော် အထောက်အပံ့မရှိလတ်သော် ဖြစ်လိမ့်မည်ဟူသော ဤအကြောင်းမျိုးသည် မရှိ"ဟု ဤသို့ သိ၏။ ထိုရဟန်းသည် ဥပေက္ခိန္ဒြေကိုလည်း သိ၏၊ ဥပေက္ခိန္ဒြေ၏ ဖြစ်ကြောင်းကိုလည်း သိ၏၊ဥပေက္ခိန္ဒြေ၏ချုပ်ရာကိုလည်း သိ၏၊ ဖြစ်ပြီးသော ဥပေက္ခိန္ဒြေ၏ အကြွင်းမဲ့ချုပ်ရာကိုလည်း သိ၏။ ဖြစ်ပေါ်လာသည့် ဥပေက္ခိန္ဒြေသည် အဘယ်တရား၌ အကြွင်းမဲ့ ချုပ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အလုံးစုံသော နေဝသညာနာသညာယတနစျာန်ကို ကောင်းစွာ လွန်မြောက်လျက် သညာဝေဒနာတို့၏ ချုပ်ရာ နိရောဓသမာပတ်သို့ ရောက်၍နေ၏၊ ဖြစ်ပေါ်လာသော ဥပေက္ခိန္ဒြေသည် နိရောဓသမာပတ်၌ အကြွင်းမဲ့ချုပ်၏။ ရဟန်းတို့ ဤရဟန်းကို ဥပေက္ခိန္ဒြေ၏ ချုပ်ရာကို သိပြီးသူ ထိုဥပေက္ခိန္ဒြေ၏ချုပ်ရာ (နိရောဓသမာပတ်) အကျိုးငှါ စိတ်ကိုကပ်၍ ဆောင်သူဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

လေးခုမြောက် သုခိန္ဒြိယဝဂ် ပြီး၏။

---

## ၅-ဇရာဝဂ် ၁-ဇရာဓမ္မသုတ်

၅၁၁။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်း မိဂါရမာတာဝိသာခါ၏ ပြာသာဒ်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ညနေချမ်းအချိန်၌ တပါးတည်း ကိန်းအောင်းတော်မူရာမှ ထခဲ့၍ ကျောင်းအနောက်ဖက် နေပူဆာ၌ ကျောက်ကုန်းကို နေစာလှုံလျက် နေတော်မူ၏။

ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် မြတ်စွာဘုရား၏ ကိုယ်တော်ကို လက်ဖြင့် အဖန်ဖန်ဆုပ်နယ် သုံးသပ်လျက် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏ "အသျှင်ဘုရား အံ့ဩဖွယ်ရှိပါပေစွ၊ အသျှင်ဘုရား မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ၊ အသျှင်ဘုရား ယခုမြတ်စွာဘုရား၏ အရေအဆင်းတော်သည် ရှေးကကဲ့သို့ စင်ကြယ်ဖြူစင်ခြင်း မရှိတော့ပါ၊ ခန္ဓာကိုယ်အားလုံးတို့သည် လျော့ပါးကုန်သည်ဖြစ်၍ အရေတွန့်လိပ်နေပါကုန်၏၊ ခန္ဓာကိုယ်သည် ရှေ့သို့ ကိုင်းရှိုင်းပါ၏၊ စက္ခုန္ဒြေ သောတိန္ဒြေ ဃာနိန္ဒြေ ဇိဝှိန္ဒြေ ကာယိန္ဒြေဟူသော ဣန္ဒြေတို့၏ ဖောက်ပြန်ခြင်းသည် ထင်ပါ၏"ဟု လျှောက်၏။

အာနန္ဒာ ထိုစကားသည် မှန်၏၊ပျိုနုခြင်းသဘောရှိခဲ့သော် အိုခြင်းသဘောရှိ၏၊ကျန်းမာခြင်းသဘောရှိခဲ့သော် နာခြင်းသဘောရှိ၏၊ အသက်ရှင်ခြင်း သဘောရှိခဲ့သော် သေခြင်းသဘောရှိ၏၊ အရေအဆင်းသည် ရှေးကကဲ့သို့ စင်ကြယ်ဖြူစင်ခြင်း မရှိတော့ပေ၊ ခန္ဓာကိုယ်အားလုံးတို့သည် လျော့ပါးကုန်သည်ဖြစ်၍ အရေတွန့်လိပ်နေကုန်၏၊ ခန္ဓာကိုယ်သည် ရှေ့သို့ ကိုင်းရှိုင်း၏၊ စက္ခုန္ဒြေ သောတိန္ဒြေ ဃာနိန္ဒြေ ဇိဝှိန္ဒြေ ကာယိန္ဒြေဟူသော ဣန္ဒြေတို့၏ ဖောက်ပြန်ခြင်းသည် ထင်၏ဟု မိန့်တော်မူ၏။

ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဤစကားကို ဟောကြားတော်မူပြီးနောက် ထိုမှ တပါး ဤဂါထာကို မိန့်တော်မူပြန်၏—

http://www.dhammadownload.com



"ယုတ်မာလှသော ဟယ်ဇရာတရား၊ သင့်အား စက်ဆုပ်ဖွယ်ဖြစ်ပါစေ၊ အဆင်းပျက်အောင် ပြုလုပ်တတ်သော ဟယ်ဇရာတရား၊ နှစ်သက်ဖွယ် ကောင်းသော ခန္ဓာကိုယ် အတ္တဘောကို ဇရာတရားသည် ဖိစီး နှိပ်စက်လေစွတကား။

အနှစ်တရာ အသက်ရှည်သူသည်လည်း သေရခြင်းလျှင် လည်းလျောင်းရာရှိ၏၊သေခြင်းတရားသည် တစုံတယောက်ကိုမျှ မရှောင်ကြဉ်၊ အလုံးစုံသောသတ္တဝါကိုပင် ဖိစီးနှိပ်စက်လေ၏"ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-ဥဏ္ဏာဘဗြာဟ္မဏသုတ်

၅၂၁။ သာဝတ္ထိနိဒါန်း။ ထိုအခါ ဥဏ္ဏာဘပုဏ္ဏားသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုပြီးလျှင် တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

အသျှင်ဂေါတမ အာရုံအမျိုးမျိုး ကျက်စားရာအမျိုးမျိုး ရှိကုန်၍ အချင်းချင်း၏ ကျက်စားရာ အာရုံကို မခံစားကုန်သော ဣန္ဒြေတို့သည် ဤငါးပါးတို့ပါတည်း။ အဘယ်ငါးပါးတို့နည်း၊ စက္ခုန္ဒြေ သောတိန္ဒြေ ဃာနိန္ဒြေ ဇိဝှိန္ဒြေ ကာယိန္ဒြေတို့ပါတည်း။ အသျှင်ဂေါတမ အာရုံအမျိုးမျိုး ကျက်စားရာအမျိုးမျိုး ရှိကုန်၍ အချင်းချင်း၏ ကျက်စားရာ အာရုံကို မခံစားကုန်သော ဤဣန္ဒြေငါးပါးတို့၏ မှီခိုရာကား အဘယ်ပါနည်း၊ ထိုဣန္ဒြေတို့၏ ကျက်စားရာ အာရုံကို အဘယ်တရားက ခံစားပါသနည်းဟု (လျှောက်၏)။

ပုဏ္ဏား အာရုံအမျိုးမျိုး ကျက်စားရာအမျိုးမျိုးရှိကုန်၍ အချင်းချင်း၏ ကျက်စားရာ အာရုံကို မခံစားကုန်သော ဣန္ဒြေတို့သည် ဤငါးပါးတို့တည်း၊ အဘယ်ငါးပါးတို့နည်း။စက္ခုန္ဒြေ သောတိန္ဒြေ ဃာနိန္ဒြေ ဇိဝှိန္ဒြေ ကာယိန္ဒြေတို့တည်း။ ပုဏ္ဏား အာရုံအမျိုးမျိုး ကျက်စားရာ အမျိုးမျိုးရှိကုန်၍ အချင်းချင်း၏ ကျက်စားရာ အာရုံကို မခံစားကုန်သော ဤဣန္ဒြေငါးပါးတို့၏ မှီခိုရာကား စိတ်တည်း၊ ထိုဣန္ဒြေတို့၏ ကျက်စားရာ အာရုံကို စိတ်ကသာ ခံစား၏ဟု မိန့်တော်မူ၏။

အသျှင်ဂေါတမ စိတ်၏မှီခိုရာသည် အဘယ်ပါနည်း၊ ပုဏ္ဏား စိတ်၏မှီခိုရာသည် အောက်မေ့မှု 'သတိ' တည်း၊ အသျှင်ဂေါတမ အောက်မေ့မှု 'သတိ'၏ မှီခိုရာသည် အဘယ်ပါနည်း၊ ပုဏ္ဏား အောက်မေ့မှု 'သတိ'၏ မှီခိုရာသည်(ကိလေသာမှ)လွတ်မြောက်မှု 'ဝိမုတ္တိ'တည်း။ အသျှင်ဂေါတမ (ကိလေသာမှ)လွတ်မြောက်မှု 'ဝိမုတ္တိ' ၏ မှီခိုရာသည် အဘယ်ပါနည်း၊ ပုဏ္ဏား (ကိလေသာမှ) လွတ်မြောက်မှု 'ဝိမုတ္တိ'၏ မှီခိုရာသည် နိဗ္ဗာန်တည်း။အသျှင်ဂေါတမ နိဗ္ဗာန်၏မှီခိုရာသည် အဘယ်ပါနည်း၊ပုဏ္ဏား အမေးပြဿနာသည် လွန်သွားခဲ့ပြီ၊အမေးပြဿနာ၏ အဆုံးကို ယူခြင်းငှါ သင် မတတ်နိုင်၊ ပုဏ္ဏား မှန်၏၊ နိဗ္ဗာန်သို့ သက်ဝင်သည် နိဗ္ဗာန်လျှင် လည်းလျောင်းရာရှိသည် နိဗ္ဗာန်လျှင် အဆုံးရှိသည်ဖြစ်၍ အကျင့်မြတ်ကို ကျင့်သုံးရ၏ဟု (မိန့်တော်မူ၏)။

ထိုအခါ ဥဏ္ဏာဘပုဏ္ဏားသည် မြတ်စွာဘုရား၏ စကားတော်ကို အလွန်နှစ်သက်ဝမ်းမြောက်ကာ နေရာမှ ထ၍ မြတ်စွာဘုရားကို ရှိခိုးသျှက် အရိုအသေပြုပြီးလျှင် ဖဲသွားလေ၏။

http://www.dhammadownload.com



ထိုနောက် မြတ်စွာဘုရားသည် ဥဏ္ဏာဘပုဏ္ဏား ဖဲသွား၍ မကြာမြင့်မီ ရဟန်းတို့အား မိန့်တော်မူ၏ “ရဟန်းတို့ ဥပမာသော်ကား အထွတ်တပ်သော အိမ်၌ဖြစ်စေ အထွတ်တပ်သော စရပ်၌ ဖြစ်စေ အရှေ့ဖက် လေသောက်ပြူတင်းမှ နေတက်သည်ရှိသော် လေသောက်ပြူတင်း ပေါက်ဖြင့် နေရောင်တို့သည် ဝင်၍ အဘယ်အရပ်၌ တည်ကြကုန်သနည်း”ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား အနောက်နံရံ၌ တည်ပါကုန်၏ဟု လျှောက်ကုန်၏။ ရဟန်းတို့ ဤအတူပင် ဥဏ္ဏာဘ ပုဏ္ဏား၏ ယုံကြည်မှု'သဒ္ဓါ'သည် (ငါ)ဘုရား၌ တည်၏၊ အမြစ်အရင်းကဲ့သို့ ဖြစ်၍တည်၏၊ မြဲမြံ၏၊ သမဏဖြစ်စေ ဗြာဟ္မဏဖြစ်စေ နတ်ဖြစ်စေ မာရ်နတ်ဖြစ်စေ ဗြဟ္မာဖြစ်စေ လောက၌ တစုံ တယောက်သောသူမျှ မရွေ့ပြောင်းနိုင်။ ရဟန်းတို့ ဤအခါ၌ ဥဏ္ဏာဘပုဏ္ဏား သေခဲ့မူ အကြင် သံယောဇဉ်နှင့် စပ်ယှဉ်သည်ဖြစ်၍ ဥဏ္ဏာဘပုဏ္ဏားသည် ဤလောကသို့ တဖန် ပြန်လာရာ၏၊ ထိုသံယောဇဉ်မျိုးသည် (ဥဏ္ဏာဘပုဏ္ဏားအား) မရှိတော့ချေ ဟု(မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-သာကေတသုတ်

၅၁၃။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်— အခါတပါး၌ မြတ်စွာဘုရားသည် သာကေတမြို့ဝယ် သားတို့အား ဘေးမဲ့ပေးရာ အဉ္စနတော၌(သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို မိန့်တော်မူ၏ “ရဟန်းတို့ အကြောင်းပရိယာယ်ကို စွဲ၍ ဣန္ဒြေငါးပါးတို့သည် ဗိုလ်ငါးပါးတို့ ဖြစ်ကုန်၏၊ ဗိုလ်ငါးပါးတို့သည် ဣန္ဒြေငါးပါးတို့ ဖြစ်ကုန်၏၊ ယင်း အကြောင်းပရိယာယ်သည် ရှိသလော”ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား တရားတော်တို့သည် မြတ်စွာဘုရားလျှင် အရင်းမူလ ရှိပါကုန်၏၊ မြတ်စွာ ဘုရားလျှင် ထုတ်ဆောင်သူ ရှိပါကုန်၏၊ မြတ်စွာဘုရားလျှင် ကိုးကွယ်ရာ ရှိပါကုန်၏၊ အသျှင်ဘုရား တောင်းပန်ပါ၏၊ ဤဟောအပ်သော တရား၏ အနက်သည် မြတ်စွာဘုရား၏ ဉာဏ်၌သာလျှင် ထင်ပါစေလော့၊ မြတ်စွာဘုရား၏ အထံတော်မှ ကြားနာရ၍ ရဟန်းတို့သည် ဆောင်ထားရပါ လိမ့်မည်။ပ။ ရဟန်းတို့ အကြောင်းပရိယာယ်ကို စွဲ၍ ဣန္ဒြေငါးပါးတို့သည် ဗိုလ်ငါးပါးတို့ ဖြစ် ကုန်၏၊ ဗိုလ်ငါးပါးတို့သည် ဣန္ဒြေငါးပါးတို့ ဖြစ်ကုန်၏၊ ယင်းအကြောင်းပရိယာယ်သည် ရှိ၏။

ရဟန်းတို့ အကြောင်းပရိယာယ်ကို စွဲ၍ ဣန္ဒြေငါးပါးတို့သည် ဗိုလ်ငါးပါးတို့ ဖြစ်ကုန်၏၊ ဗိုလ်ငါးပါးတို့သည် ဣန္ဒြေငါးပါးတို့ ဖြစ်ကုန်၏၊ ယင်းအကြောင်းပရိယာယ်သည် အဘယ်နည်း၊ ရဟန်းတို့ သဒ္ဓိန္ဒြေသည် သဒ္ဓါဗိုလ်ဖြစ်၏၊ သဒ္ဓါဗိုလ်သည် သဒ္ဓိန္ဒြေဖြစ်၏၊ ဝီရိယိန္ဒြေသည် ဝီရိယ ဗိုလ် ဖြစ်၏၊ ဝီရိယဗိုလ်သည် ဝီရိယိန္ဒြေဖြစ်၏၊ သတိန္ဒြေသည် သတိဗိုလ်ဖြစ်၏၊ သတိဗိုလ်သည် သတိန္ဒြေဖြစ်၏၊ သမာဓိန္ဒြေသည် သမာဓိဗိုလ်ဖြစ်၏၊ သမာဓိဗိုလ်သည် သမာဓိန္ဒြေဖြစ်၏၊ ပညိန္ဒြေ သည် ပညာဗိုလ်ဖြစ်၏၊ ပညာဗိုလ်သည် ပညိန္ဒြေဖြစ်၏။ ရဟန်းတို့ ဥပမာသော်ကား မြစ်သည် အရှေ့အရပ်သို့ ညွတ် ကိုင်း ရှိုင်း၏၊ ထိုမြစ်၏ အလယ်၌ ကျွန်းရှိ၏။ ရဟန်းတို့ အကြောင်းပရိယာယ် ကိုစွဲ၍ ထိုမြစ်၌ ရေအယဉ်တခုတည်းသာဟု ရေတွက်ခြင်းသို့ ရောက်၏၊ယင်းအကြောင်းပရိယာယ် သည် ရှိ၏။ ရဟန်းတို့ အကြောင်းပရိယာယ်ကို စွဲ၍ ထိုမြစ်၌ ရေအယဉ်နှစ်ခုတို့သာဟု ရေတွက် ခြင်းသို့ ရောက်၏၊ ယင်းအကြောင်းပရိယာယ်သည်လည်း ရှိ၏။

http://www.dhammadownload.com



ရဟန်းတို့ အကြောင်းပရိယာယ်ကို စွဲ၍ ထိုမြစ်၌ ရေအယဉ်တခုတည်းသာဟု ရေတွက်ခြင်းသို့ ရောက်၏၊ ယင်းအကြောင်းပရိယာယ်ကား အဘယ်နည်း၊ ရဟန်းတို့ ထိုကျွန်း၏ အရှေ့ဖက် အစွန်၌လည်း ရေရှိ၏၊ အနောက်ဖက်အစွန်၌လည်း ရေရှိ၏၊ ရဟန်းတို့ ဤအရှေ့ဖက်အစွန် အနောက်ဖက်အစွန်၌ ရေရှိခြင်းဟူသော အကြောင်းပရိယာယ်ကို စွဲ၍ ထိုမြစ်၌ ရေအယဉ် တခု တည်းသာဟု ရေတွက်ခြင်းသို့ ရောက်၏၊ ဤသည်ကား အကြောင်းပရိယာယ်တည်း။

ရဟန်းတို့ အကြောင်းပရိယာယ်ကို စွဲ၍ ထိုမြစ်၌ ရေအယဉ်နှစ်ခုတို့ဟု ရေတွက်ခြင်းသို့ ရောက်၏၊ ယင်းအကြောင်းပရိယာယ်ကား အဘယ်နည်း၊ ရဟန်းတို့ ထိုကျွန်း၏ မြောက်ဖက်အစွန်၌ လည်း ရေရှိ၏၊ တောင်ဖက်အစွန်၌လည်း ရေရှိ၏၊ ရဟန်းတို့ ဤမြောက်ဖက်အစွန် တောင်ဖက် အစွန်၌ ရေရှိခြင်းဟူသော အကြောင်းပရိယာယ်ကို စွဲ၍ ထိုမြစ်၌ ရေအယဉ်နှစ်ခုတို့ဟု ရေတွက် ခြင်းသို့ ရောက်ကုန်၏၊ ဤသည်ကား အကြောင်းပရိယာယ်တည်း။ ရဟန်းတို့ ဤအတူပင် သဒ္ဓိန္ဒြေသည် သဒ္ဓါဗိုလ်ဖြစ်၏၊ သဒ္ဓါဗိုလ်သည် သဒ္ဓိန္ဒြေဖြစ်၏၊ ဝီရိယိန္ဒြေသည် ဝီရိယဗိုလ် ဖြစ်၏၊ ဝီရိယဗိုလ်သည် ဝီရိယိန္ဒြေဖြစ်၏။ သတိန္ဒြေသည် သတိဗိုလ်ဖြစ်၏၊ သတိဗိုလ်သည် သတိန္ဒြေဖြစ်၏၊ သမာဓိန္ဒြေသည် သမာဓိဗိုလ်ဖြစ်၏၊ သမာဓိဗိုလ်သည် သမာဓိန္ဒြေဖြစ်၏၊ ပညိန္ဒြေသည် ပညာဗိုလ်ဖြစ်၏၊ ပညာဗိုလ်သည် ပညိန္ဒြေဖြစ်၏။ ရဟန်းတို့ ငါးပါးသော ဣန္ဒြေတို့ကို ပွါးများခြင်းကြောင့် ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် ရဟန်းသည် အာသဝကုန်သည်ဖြစ်၍ အာသဝမရှိသော (ကိလေသာမှ) လွတ်မြောက်သော အရဟတ္တဖိုလ်စိတ်နှင့် အရဟတ္တဖိုလ်ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေရ၏ဟု (မိန့်တော် မူ၏)။

တတိယသုတ်။

---

## ၄-ပုဗ္ဗကောဋ္ဌကသုတ်

၅၁၄။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်— အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ပုဗ္ဗကောဋ္ဌကအရပ်၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် အသျှင်သာရိပုတြာအား ဤစကားကို မိန့်တော်မူ၏—“သာရိပုတြာ သဒ္ဓိန္ဒြေကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် အမြိုက်နိဗ္ဗာန်သို့ သက်ဝင်၏၊ အမြိုက်နိဗ္ဗာန်လျှင် လည်းလျောင်းရာ ရှိ၏၊ အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိ၏။ပ။ ပညိန္ဒြေကို ပွါးများအပ် ကြိမ်ဖန် များစွာ ပြုလုပ်အပ်သည်ရှိသော် အမြိုက်နိဗ္ဗာန်သို့ သက်ဝင်၏၊ အမြိုက်နိဗ္ဗာန်လျှင် လည်းလျောင်း ရာရှိ၏၊ အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိ၏ဟု သင်ယုံကြည်သလော”ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား သဒ္ဓိန္ဒြေကို။ပ။ ပညိန္ဒြေကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည် ရှိသော် အမြိုက်နိဗ္ဗာန်သို့ သက်ဝင်၏၊ အမြိုက်နိဗ္ဗာန်လျှင် လည်းလျောင်းရာ ရှိ၏၊ အမြိုက်နိဗ္ဗာန် လျှင် အဆုံးရှိ၏ဟု ဤဣန္ဒြေ၌ အကျွန်ုပ်သည် မြတ်စွာဘုရားအား ယုံကြည်ရုံမျှဖြင့် ဆည်းကပ်သည် မဟုတ်ပါ။ အသျှင်ဘုရား သဒ္ဓိန္ဒြေကို။ပ။ ပညိန္ဒြေကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည် ရှိသော် အမြိုက်နိဗ္ဗာန်သို့ သက်ဝင်၏၊ အမြိုက်နိဗ္ဗာန်လျှင် လည်းလျောင်းရာရှိ၏၊ အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိ၏ဟု ထိုဣန္ဒြေငါးပါးကို မသိကုန် မမြင်ကုန် မထင်ကုန် မျက်မှောက် မပြုကုန် ပညာဖြင့်

http://www.dhammadownload.com



မတွေ့ထိကုန်သောသူတို့သည် ထိုဣန္ဒြေတို့၌ သူတပါးတို့အား ယုံကြည်ခြင်းဖြင့် ဆည်းကပ်ကုန်ရာ၏။ အသျှင်ဘုရား သဒ္ဓိန္ဒြေကို။ပ။ပညိန္ဒြေကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် အမြိုက်နိဗ္ဗာန်သို့ သက်ဝင်၏၊ အမြိုက်နိဗ္ဗာန်လျှင် လည်းလျောင်းရာရှိ၏၊ အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိ၏ ဟု ထိုဣန္ဒြေငါးပါးကို သိကုန် မြင်ကုန် ထင်ကုန် မျက်မှောက်ပြုကုန် ပညာဖြင့် တွေ့ထိကုန်သောသူတို့သည် ထိုဣန္ဒြေတို့၌ ယုံမှားခြင်း မရှိကုန်၊ မဝေခွဲနိုင်ခြင်း မရှိကုန်။ အသျှင်ဘုရား သဒ္ဓိန္ဒြေကို။ပ။ ပညိန္ဒြေကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် အမြိုက်နိဗ္ဗာန်သို့ သက်ဝင်၏၊ အမြိုက်နိဗ္ဗာန်လျှင် လည်းလျောင်းရာ ရှိ၏၊အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိ၏ဟု အကျွန်ုပ်သည် ဤဣန္ဒြေငါးပါးကို သိပါ၏၊ မြင်ပါ၏၊ ထင်ပါ၏၊ မျက်မှောက်ပြုပါ၏၊ ပညာဖြင့် တွေ့ထိပါ၏၊ အကျွန်ုပ်သည် ထိုဣန္ဒြေတို့၌ ယုံမှားခြင်း မရှိပါ၊ မဝေခွဲနိုင်ခြင်း မရှိပါဟု လျှောက်၏။

သာရိပုတြာ ကောင်းပေစွ၊ ကောင်းပေစွ၊ သာရိပုတြာ သဒ္ဓိန္ဒြေကို။ပ။ပညိန္ဒြေကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် အမြိုက်နိဗ္ဗာန်သို့ သက်ဝင်၏၊ အမြိုက်နိဗ္ဗာန်လျှင် လည်းလျောင်းရာရှိ၏၊ အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိ၏ ဟု ထိုဣန္ဒြေငါးပါးကို မသိကုန် မမြင်ကုန် မထင်ကုန် မျက်မှောက်မပြုကုန် ပညာဖြင့် မတွေ့ထိကုန်သော သူတို့သည် ထိုဣန္ဒြေတို့၌ သူတပါးတို့အား ယုံကြည်ခြင်းဖြင့် ဆည်းကပ်ကုန်ရာ၏။ သာရိပုတြာ သဒ္ဓိန္ဒြေကို။ပ။ပညိန္ဒြေကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် အမြိုက်နိဗ္ဗာန်သို့ သက်ဝင်၏၊ အမြိုက်နိဗ္ဗာန်လျှင် လည်းလျောင်းရာရှိ၏၊ အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိ၏ ဟု ထိုဣန္ဒြေငါးပါးကို သိကုန် မြင်ကုန် ထင်ကုန် မျက်မှောက်ပြုကုန် ပညာဖြင့် တွေ့ထိကုန်သော သူတို့သည် ထိုဣန္ဒြေတို့၌ ယုံမှားခြင်းမရှိကုန် မဝေခွဲနိုင်ခြင်း မရှိကုန် ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-ပဉ္စမ ပုဗ္ဗာရာမသုတ်

၅၁၅။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် ပုဗ္ဗာရုံကျောင်း မိဂါရမာတာ ဝိသာခါ၏ပြာသာဒ်၌ (သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို မိန့်တော်မူ၏ "ရဟန်းတို့ အဘယ်မျှသော ဣန္ဒြေတို့ကို ပွါးများခြင်းကြောင့် ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် အာသဝကုန်ပြီးသော ရဟန်းသည် 'ပဋိသန္ဓေနေမှု ကုန်ပြီ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်ကိစ္စ) အလို့ငှါ တပါးသောပြုဖွယ် မရှိတော့ပြီ'ဟု ငါသိ၏"ဟူ၍ အရဟတ္တဖိုလ်ကို ပြောကြားသနည်းဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား တရားတော်တို့သည် မြတ်စွာဘုရားလျှင် အရင်းအမြစ် ရှိပါကုန်၏။ပ။ ဟု လျှောက်ကုန်၏။ရဟန်းတို့ ဣန္ဒြေတပါးကို ပွါးများခြင်းကြောင့် ကြိမ်ဖန်များစွာပြုလုပ်ခြင်းကြောင့် အာသဝကုန်ပြီးသော ရဟန်းသည် "ပဋိသန္ဓေနေမှုကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကိုပြုပြီးပြီ၊ဤ(မဂ်ကိစ္စ)အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီဟု ငါသိ၏"ဟူ၍ အရဟတ္တဖိုလ်ကို ပြောကြား၏။ အဘယ် ဣန္ဒြေတပါးကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့်နည်း၊ ပညိန္ဒြေကို ပွါးများခြင်းကြောင့် ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့်တည်း။ ရဟန်းတို့ ပညာရှိသော အရိယာသာဝကအား ထိုပညာသို့ အစဉ်လိုက်သော ယုံကြည်မှု 'သဒ္ဓါ' သည်

http://www.dhammadownload.com



ကောင်းစွာတည်၏၊ ထိုပညာသို့ အစဉ်လိုက်သော အားထုတ်မှု 'ဝီရိယ' သည် ကောင်းစွာတည်၏၊ ထိုပညာသို့ အစဉ်လိုက်သော အောက်မေ့မှု 'သတိ' သည် ကောင်းစွာ တည်၏၊ ထိုပညာသို့ အစဉ်လိုက်သော တည်ကြည်မှု 'သမာဓိ' သည် ကောင်းစွာ တည်၏။ ရဟန်းတို့ ဤဣန္ဒြေတပါးကို ပွါးများခြင်းကြောင့် ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် အာသဝကုန်ပြီးသော ရဟန်းသည် "ပဋိသန္ဓေနေမှုကုန်ပြီ၊အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်ကိစ္စ) အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီဟု ငါသိ၏" ဟူ၍ အရဟတ္တဖိုလ်ကို ပြောကြား၏ ဟု (မိန့်တော်မူ၏)။

ပဌမသုတ်၊

## ၆-ဒုတိယ ပုဗ္ဗာရာမသုတ်

၅၁၆။ ထိုသာဝတ္ထိနိဒါန်းပင်တည်း။ ရဟန်းတို့ အဘယ်မျှသော ဣန္ဒြေတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် အာသဝကုန်ပြီးသော ရဟန်းသည် "ပဋိသန္ဓေနေမှု ကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်ကိစ္စ)အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီဟု ငါသိ၏" ဟူ၍ အရဟတ္တဖိုလ်ကို ပြောကြားသနည်းဟု (လျှောက်၏)။ အသျှင်ဘုရား တရားတော်တို့သည် မြတ်စွာဘုရားလျှင် အရင်းအမြစ်ရှိပါကုန်၏။ပ။ရဟန်းတို့ ဣန္ဒြေနှစ်ပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာပြုလုပ်ခြင်းကြောင့် အာသဝကုန်ပြီးသော ရဟန်းသည် "ပဋိသန္ဓေနေမှုကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်ကိစ္စ)အလို့ငှါ တပါးသောပြုဖွယ် မရှိတော့ပြီ ဟု ငါသိ၏" ဟူ၍ အရဟတ္တဖိုလ်ကို ပြောကြား၏။ အဘယ်နှစ်ပါးတို့နည်း၊ အရိယာပညာကိုင်း (ကိလေသာမှ) လွတ်မြောက်ကြောင်း ဖြစ်သော အရိယာသမာဓိကိုင်း ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့်တည်း။ ရဟန်းတို့ မှန်၏၊ ထိုရဟန်း၏ အရိယာ ပညာသည် ပညိန္ဒြေဖြစ်၏။ ထိုရဟန်း၏(ကိလေသာမှ) လွတ်မြောက်ကြောင်းဖြစ်သော အရိယာသမာဓိသည် သမာဓိန္ဒြေဖြစ်၏။ ရဟန်းတို့ ဤဣန္ဒြေနှစ်ပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် အာသဝကုန်ပြီးသော ရဟန်းသည် "ပဋိသန္ဓေနေမှုကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်ကိစ္စ)အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီဟု ငါသိ၏" ဟူ၍ အရဟတ္တဖိုလ်ကိုပြောကြား၏ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-တတိယ ပုဗ္ဗာရာမသုတ်

၅၁၇။ ထိုသာဝတ္ထိနိဒါန်းပင်တည်း။ ရဟန်းတို့ အဘယ်မျှသော ဣန္ဒြေတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် အာသဝကုန်ပြီးသောရဟန်းသည် "ပဋိသန္ဓေနေမှု ကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤ (မဂ်ကိစ္စ) အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ ဟု ငါသိ၏" ဟူ၍ အရဟတ္တဖိုလ်ကို ပြောကြားသနည်း ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား တရားတော်တို့သည် မြတ်စွာဘုရားလျှင် အရင်းအမြစ် ရှိပါကုန်၏။ပ။ ရဟန်းတို့ ဣန္ဒြေလေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် အာသဝကုန်ပြီးသော ရဟန်း

http://www.dhammadownload.com



သည် "ပဋိသန္ဓေနေမှုကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်ကိစ္စ) အလို့ငှါ တပါးသော ပြုဖွယ်ကိစ္စမရှိတော့ပြီ ဟု ငါသိ၏"ဟူ၍ အရဟတ္တဖိုလ်ကို ပြော ကြား၏။ အဘယ်လေးပါးတို့နည်း၊ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေတို့ကို ပွါးများခြင်း ကြိမ်ဖန် များစွာ ပြုလုပ်ခြင်းကြောင့်တည်း။ ရဟန်းတို့ ဤဣန္ဒြေလေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် အာသဝကုန်ပြီးသော ရဟန်းသည် "ပဋိသန္ဓေနေမှု ကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်ကိစ္စ)အလို့ငှါ တပါးသော ပြုဖွယ် မရှိတော့ပြီဟု ငါသိ၏" ဟူ၍ အရဟတ္တဖိုလ်ကို ပြောကြား၏ ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-ဒုတိယ ပုဗ္ဗာရာမသုတ်

၅၁၈။ ထိုသာဝတ္ထိနိဒါန်းပင်တည်း။ ရဟန်းတို့ အဘယ်မျှသော ဣန္ဒြေတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် အာသဝကုန်ပြီးသော ရဟန်းသည် "ပဋိသန္ဓေနေမှု ကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤ (မဂ်ကိစ္စ) အလို့ငှါ တပါးသော ပြုဖွယ် မရှိတော့ပြီဟု ငါသိ၏" ဟူ၍ အရဟတ္တဖိုလ်ကို ပြောကြားသနည်း ဟု မိန့်တော်မူ၏။ အသျှင်ဘုရား တရားတော်တို့သည် မြတ်စွာဘုရားလျှင် အရင်းအမြစ် ရှိပါကုန်၏။ပ။ ရဟန်းတို့ ဣန္ဒြေငါးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာပြုလုပ်ခြင်းကြောင့် အာသဝကုန်ပြီးသော ရဟန်းသည် "ပဋိသန္ဓေနေမှု ကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်ကိစ္စ)အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ"ဟု ငါသိ၏ ဟူ၍ အရဟတ္တဖိုလ်ကို ပြောကြား၏။ အဘယ်ငါးပါးတို့နည်း၊ သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့်တည်း။ ရဟန်းတို့ ဤဣန္ဒြေငါးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် အာသဝကုန်ပြီးသော ရဟန်းသည် "ပဋိသန္ဓေနေမှု ကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်ကိစ္စ) အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီဟု ငါသိ၏" ဟူ၍ အရဟတ္တဖိုလ်ကို ပြောကြား၏ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-ပိဏ္ဍောလဘာရဒွါဇသုတ်

၅၁၉။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ အသျှင်ပိဏ္ဍောလဘာရဒွါဇသည် "ပဋိသန္ဓေနေမှု ကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်ကိစ္စ) အလို့ငှါ တပါးသော ပြုဖွယ် မရှိတော့ပြီဟု ငါသိ၏"ဟူ၍ အရဟတ္တဖိုလ်ကို ပြောကြား၏၊ ထိုအခါ များစွာကုန်သော ရဟန်းတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကြပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောနေရာ၌ ထိုင်နေကြပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်ကုန်၏—

http://www.dhammadownload.com



အသျှင်ဘုရား အသျှင်ပိဏ္ဍောလဘာရဒွါဇသည် ''ပဋိသန္ဓေနေမှုကုန်ပြီ၊အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်ကိစ္စ) အလို့ငှါ တပါ သော ပြုဖွယ်မရှိတော့ပြီဟု ငါသိ၏'' ဟူ၍ အရဟတ္တဖိုလ်ကို ပြောကြားပါ၏။ အသျှင်ဘုရား အဘယ်အကျိုးထူးကို မြင်သဖြင့် အသျှင်ပိဏ္ဍောလဘာရဒွါဇသည် ''ပဋိသန္ဓေ နေမှုကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်ကိစ္စ )အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီဟု ငါသိ၏''ဟူ၍ အရဟတ္တဖိုလ်ကို ပြောကြားပါသနည်းဟု(လျှောက်ကုန်၏)။

ရဟန်းတို့ ဣန္ဒြေသုံးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် ပိဏ္ဍောလဘာရဒွါဇရဟန်းသည်''ပဋိသန္ဓေနေမှုကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤ(မဂ်ကိစ္စ) အလို့ငှါ တပါးသော ပြုဖွယ် မရှိတော့ပြီဟု ငါသိ၏'' ဟူ၍ အရဟတ္တဖိုလ်ကို ပြောကြား၏။ အဘယ်သုံးပါးတို့နည်း၊ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေကို ပွါးများခြင်း ကြိမ်ဖန်များစွာပြုလုပ်ခြင်းကြောင့်တည်း။ ရဟန်းတို့ ဤဣန္ဒြေသုံးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် ပိဏ္ဍောလဘာရဒွါဇရဟန်းသည်''ပဋိသန္ဓေ နေမှုကုန်ပြီ၊အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ဤ(မဂ်ကိစ္စ)အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီဟု ငါသိ၏''ဟူ၍ အရဟတ္တဖိုလ် ကိုပြောကြား၏။ ရဟန်းတို့ ဤဣန္ဒြေ သုံးပါးတို့သည် အဘယ်အဆုံးရှိကုန်သနည်း၊ ကုန်ခြင်းအဆုံးရှိ၏။ အဘယ်တရား၏ ကုန်ခြင်းအဆုံးရှိကုန်သနည်း၊ ပဋိသန္ဓေနေမှု အိုမှု သေမှု၏ ကုန်ခြင်း အဆုံးရှိကုန်၏။ ရဟန်းတို့ ပဋိသန္ဓေနေမှု အိုမှု သေမှု ကုန်ပြီဟု ကောင်းစွာ သိမြင်သဖြင့် ပိဏ္ဍောလဘာရဒွါဇ ရဟန်းသည် ''ပဋိသန္ဓေနေမှု ကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤ (မဂ်ကိစ္စ) အလို့ငှါ တပါးသော ပြုဖွယ်မရှိတော့ပြီ ဟု ငါသိ၏''ဟူ၍ အရဟတ္တဖိုလ်ကို ပြောကြား၏ ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-အာပဏသုတ်

၅၂၀။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် အင်္ဂတိုင်း အာပဏမည်သော အင်္ဂတိုင်းသူတို့၏ နိဂုံး၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုနိဂုံး၌ မြတ်စွာဘုရားသည် အသျှင်သာရိပုတြာအား ဤစကားကို မိန့်တော်မူ၏– ''သာရိပုတြာ ငါ ဘုရား၌ စင်စစ်သက်ဝင်လျက် အလွန်ယုံကြည်သော အရိယာသာဝကသည် ငါဘုရား၌ဖြစ်စေ ငါဘုရား၏ အဆုံးအမ 'သာသနာ'၌ဖြစ်စေ ယုံမှားခြင်းလည်း မဖြစ်ရာ၊ မဝေခွဲနိုင်ခြင်းလည်း မဖြစ်ရာဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား မြတ်စွာဘုရား၌ စင်စစ်သက်ဝင်လျက်အလွန်ယုံကြည်သော အရိယာသာဝကသည် မြတ်စွာဘုရား၌ဖြစ်စေ မြတ်စွာဘုရား၏ အဆုံးအမ'သာသနာ'၌ဖြစ်စေ ယုံမှားခြင်းလည်းမဖြစ်ရာ၊မဝေခွဲနိုင်ခြင်းလည်း မဖြစ်ရာ။ အသျှင်ဘုရား ယုံကြည်မှု'သဒ္ဓါ'ရှိသော အရိယာသာဝကအား အကုသိုလ်တရားတို့ကို ပယ်ခြင်းငှါ ကုသိုလ်တရားတို့နှင့်ပြည့်စုံစေခြင်းငှါ ထက်သန်သော လုံ့လရှိသည်ဖြစ်၍ နေလိမ့်မည်၊ကုသိုလ်တရားတို့၌ အားအစွမ်းရှိလျက် မြဲမြံစွာအားထုတ်ကာ တာဝန်ကို ပစ်ချထားသူမဟုတ်မူ၍ နေလိမ့်မည်ဟူသော ဤအကြောင်းကို(မချွတ်ရလိမ့်မည်ဟု) မြော်လင့်အပ်၏။ အသျှင်ဘုရား မှန်ပါ၏၊ ထိုအရိယာတပည့်၏ ဝီရိယသည် ဝီရိယိန္ဒြေဖြစ်ပါ၏။

http://www.dhammadownload.com



အသျှင်ဘုရား ယုံကြည်မှု 'သဒ္ဓါ' ရှိသော ထက်သန်သောလုံ့လရှိသော အရိယာတပည့်အား သတိရှိလိမ့်မည် လွန်ကဲသောပညာနှင့်ယှဉ်သော သတိနှင့်ပြည့်စုံလိမ့်မည် ကြာမြင့်စွာကပြုလုပ်အပ်သော အမှုကိုရင်း ကြာမြင့်စွာက ပြောအပ်သောစကားကိုရင်း အောက်မေ့နိုင် အဖန်ဖန်အောက်မေ့နိုင်လိမ့်မည်ဟူသော ဤအကြောင်းကို မြော်လင့်အပ်၏။ အသျှင်ဘုရား မှန်ပါ၏၊ ထိုအရိယာတပည့်၏ သတိသည် သတိန္ဒြေဖြစ်ပါ၏။

အသျှင်ဘုရား ယုံကြည်မှု 'သဒ္ဓါ' ရှိ၍ ထက်သန်သောလုံ့လရှိသော ထင်သောသတိရှိသော အရိယာတပည့်အား နိဗ္ဗာန်ကိုအာရုံပြု၍ တည်ကြည်မှု 'သမာဓိ' ကို ရလိမ့်မည် စိတ်၏အာရုံတခုတည်း၌ တည်မှု 'ဧကဂ္ဂတာ' ကို ရလိမ့်မည်ဟူသော ဤအကြောင်းကို မြော်လင့်အပ်၏။ အသျှင်ဘုရား မှန်ပါ၏၊ ထိုအရိယာတပည့်၏ သမာဓိသည် သမာဓိန္ဒြေဖြစ်ပါ၏။

အသျှင်ဘုရား ယုံကြည်မှု 'သဒ္ဓါ' ရှိ၍ ထက်သန်သောလုံ့လရှိသော ထင်သောသတိရှိလျက် စိတ်တည်ကြည်သော အရိယာတပည့်အား " အဝိဇ္ဇာ ပိတ်ပင်ခံရကုန်သည် တဏှာတည်းဟူသောနှောင်ကြိုး 'သံယောဇဉ်' ရှိကုန်သည်ဖြစ်၍ ပြေးသွားကျင်လည်နေရကုန်သော သတ္တဝါတို့၏ ရုပ်နာမ်အစဉ် သံသရာသည် စင်စစ်အားဖြင့် အစကို မသိအပ်၊ ရှေးအစွန်းသည် မထင်။ အမှန်မသိမှု 'အဝိဇ္ဇာ' ဟူသော အမှောင်ထု၏ အကြွင်းမဲ့ကင်းချုပ်ရာ အလုံးစုံသော ပြုပြင်မှု 'သင်္ခါရ' တို့၏ ငြိမ်းရာ အလုံးစုံသောတည်ရာ 'ဥပဓိ' တို့ကိုစွန့်ရာ တဏှာကုန်ရာ မစွဲမက်ရာ ချုပ်ရာနိဗ္ဗာန်သည် ငြိမ်သက်၏ မြတ်၏" ဟု ဤသို့ သိလိမ့်မည်ဟူသော ဤအကြောင်းကို မြော်လင့်အပ်၏။ အသျှင်ဘုရား မှန်ပါ၏၊ ထိုအရိယာတပည့်၏ ပညာသည် ပညိန္ဒြေဖြစ်ပါ၏။

အသျှင်ဘုရား ယုံကြည်မှု 'သဒ္ဓါ' ရှိသော ထိုအရိယာတပည့်သည် ဤသို့အားထုတ်၍ အားထုတ်၍ ဤသို့အောက်မေ့၍ အောက်မေ့၍ "ဤသို့ဆောက်တည်၍ ဆောက်တည်၍ ဤသို့ သိ၍ သိ၍ "ငါ ရှေးကကြားဘူးသော တရားတို့သည် ဤတရားတို့ပင်တည်း၊ ထို့ကြောင့် ငါသည် ယခုကိုယ်ဖြင့်လည်း တွေ့ထိ၍နေရ၏၊ ပညာဖြင့်လည်း ထိုးထွင်း၍ မြင်ရ၏" ဟု ဤသို့ ယုံကြည်၏။ အသျှင်ဘုရား မှန်ပါ၏၊ ထိုအရိယာတပည့်၏ သဒ္ဓါသည် သဒ္ဓိန္ဒြေဖြစ်ပါ၏ဟု လျှောက်၏။

သာရိပုတြာ ကောင်းပေစွ၊ ကောင်းပေစွ၊ သာရိပုတြာ (ငါ) ဘုရား၌ စင်စစ် သက်ဝင်လျက် အလွန်ယုံကြည်သော အရိယာတပည့်သည် (ငါ) ဘုရား၌ရင်း (ငါ) ဘုရား၏အဆုံးအမ 'သာသနာ' ၌ရင်း ယုံမှားခြင်းလည်း မဖြစ်ရာ၊ မဝေခွဲနိုင်ခြင်းလည်း မဖြစ်ရာ။

သာရိပုတြာ ယုံကြည်မှု 'သဒ္ဓါ' ရှိသော အရိယာတပည့်အား အကုသိုလ်တရားတို့ကို ပယ်ခြင်းငှါ ကုသိုလ်တရားတို့နှင့် ပြည့်စုံစေခြင်းငှါ ထက်သန်သောလုံ့လရှိသည်ဖြစ်၍ နေလိမ့်မည် ကုသိုလ်တရားတို့၌ အားအစွမ်းရှိလျက် မြဲမြံစွာအားထုတ်ကာ တာဝန်ကို ပစ်ချထားသူ မဟုတ်မူ၍ နေလိမ့်မည်ဟူသော ဤအကြောင်းကို မြော်လင့်အပ်၏။ သာရိပုတြာ မှန်၏၊ ထိုအရိယာတပည့်၏ ဝီရိယသည် ဝီရိယိန္ဒြေဖြစ်၏။

သာရိပုတြာ ယုံကြည်မှု 'သဒ္ဓါ' ရှိသော ထက်သန်သောလုံ့လရှိသော အရိယာတပည့်သည် သတိရှိလိမ့်မည် လွန်ကဲသောပညာနှင့် ယှဉ်သောသတိနှင့် ပြည့်စုံလိမ့်မည် ကြာမြင့်စွာက ပြုလုပ်အပ်သော အမှုကိုရင်း ကြာမြင့်စွာက ပြောအပ်သော စကားကိုရင်း အောက်မေ့နိုင် အဖန်ဖန်

http://www.dhammadownload.com



အောက်မေ့နိုင်လိမ့်မည်ဟူသော ဤအကြောင်းကို မြဲ့ြလင့်အပ်၏။ သာရိပုတြာ မှန်၏၊ ထိုအရိယာ တပည့်၏ သတိသည် သတိန္ဒြေဖြစ်၏။

သာရိပုတြာ ယုံကြည်မှု 'သဒ္ဓါ'ရှိ၍ ထက်သန်သောလုံ့လရှိသော ထင်သောသတိရှိသော အရိယာတပည့်အား နိဗ္ဗာန်ကိုအာရုံပြု၍ တည်ကြည်မှု 'သမာဓိ'ကို ရလိမ့်မည် စိတ်၏အာရုံတခု တည်း၌ တည်မှု 'ဧကဂ္ဂတာ'ကို ရလိမ့်မည်ဟူသော ဤအကြောင်းကို မြဲ့ြလင့်အပ်၏။ သာရိပုတြာ မှန်၏၊ ထိုအရိယာတပည့်၏ သမာဓိသည် သမာဓိန္ဒြေဖြစ်၏။

သာရိပုတြာ ယုံကြည်မှု 'သဒ္ဓါ' ရှိ၍ ထက်သန်သောလုံ့လရှိသော ထင်သောသတိရှိသော စိတ်တည်ကြည်သော အရိယာတပည့်အား "အဝိဇ္ဇာ ပိတ်ပင်ခံရကုန်သည် တဏှာနှောင်ကြိုး 'သံယောဇဉ်' ရှိကုန်သည်ဖြစ်၍ ပြေးသွားကျင်လည်နေရကုန်သော သတ္တဝါတို့၏ ရုပ်နာမ်အစဉ် 'သံသရာ'သည် စင်စစ်အားဖြင့် အစကို မသိအပ်၊ ရှေးအစွန်းသည် မထင်၊ အမှန်မသိမှု 'အဝိဇ္ဇာ' ဟူသော အမှောင်ထု၏ အကြွင်းမဲ့ကင်းချုပ်ရာ အလုံးစုံသော ပြုစီရင်မှု 'သင်္ခါရ'တို့၏ ငြိမ်းရာ အလုံးစုံသော တည်ရာ 'ဥပဓိ'တို့ကို စွန့်ရာ တဏှာကုန်ရာ မစွဲမက်ရာ ချုပ်ရာ နိဗ္ဗာန်သည် ငြိမ်သက်၏ မြတ်၏"ဟု ဤသို့ သိလိမ့်မည်ဟူသော ဤအကြောင်းကို မြဲ့ြလင့်အပ်၏။ သာရိပုတြာ မှန်၏၊ ထိုအရိယာတပည့်၏ ပညာသည် ပညိန္ဒြေဖြစ်၏။

သာရိပုတြာ ယုံကြည်မှု 'သဒ္ဓါ'ရှိသော ထိုအရိယာတပည့်သည် ဤသို့ အားထုတ်၍ အားထုတ်၍ ဤသို့ အောက်မေ့၍ အောက်မေ့၍ ဤသို့ ဆောက်တည်၍ ဆောက်တည်၍ ဤသို့ သိ၍ သိ၍ "ငါ ရှေးက ကြားဘူးသော တရားတို့သည် ဤတရားတို့ပင်တည်း၊ ထို့ကြောင့် ငါသည် ယခုကိုယ်ဖြင့် လည်း တွေ့ထိ၍နေရ၏၊ ပညာဖြင့်လည်း ထိုးထွင်း၍ မြင်ရ၏"ဟု ဤသို့ ယုံကြည်၏။ သာရိပုတြာ မှန်၏၊ ထိုအရိယာတပည့်၏ သဒ္ဓါသည် သဒ္ဓိန္ဒြေဖြစ်၏ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

ငါးခုမြောက် ဇရာဝဂ် ပြီး၏။

## ၆-သူကရခတဝဂ် ၁-သာလသုတ်

၅၂၀။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် ကောသလတိုင်း သာလမည်သော ပုဏ္ဏားရွာ၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရား သည် ရဟန်းတို့ကို မိန့်တော်မူ၏—ရဟန်းတို့ တိရစ္ဆာန်သတ္တဝါအားလုံးတို့တွင် သားတို့သနင်း ခြင်္သေ့မင်းကို အားအစွမ်းဖြင့်ရင်း လျင်မြန်ခြင်းဖြင့်ရင်း ရဲရင့်ခြင်းဖြင့်ရင်း မြတ်၏ဟု ဆိုအပ် သကဲ့သို့ ရဟန်းတို့ ဤအတူပင် ဗောဓိပက္ခိယတရား အားလုံးတို့ထက် သိရန်အလို့ငှါ ပညိန္ဒြေကို မြတ်၏ဟု ဆိုအပ်၏။

ရဟန်းတို့ ဗောဓိပက္ခိယတရားတို့သည် အဘယ်တို့နည်း၊ ရဟန်းတို့ သဒ္ဓိန္ဒြေသည် ဗောဓိပက္ခိယ တရားတည်း၊ ထိုသဒ္ဓိန္ဒြေသည် သိရန်အလို့ငှါဖြစ်၏။ ဝီရိယိန္ဒြေသည် ဗောဓိပက္ခိယတရားတည်း၊ ထိုဝီရိယိန္ဒြေသည် သိရန်အလို့ငှါဖြစ်၏။ သတိန္ဒြေသည် ဗောဓိပက္ခိယတရားတည်း၊ ထိုသတိန္ဒြေသည် သိရန်အလို့ငှါဖြစ်၏။ သမာဓိန္ဒြေသည် ဗောဓိပက္ခိယတရားတည်း၊ ထိုသမာဓိန္ဒြေသည် သိရန်အလို့ငှါ

http://www.dhammadownload.com



ဖြစ်၏။ပညိန္ဒြေသည် ဗောဓိပက္ခိယတရားတည်း၊ ထိုပညိန္ဒြေသည် သိရန်အလို့ငှါ ဖြစ်၏။ ရဟန်းတို့ တိရစ္ဆာန်သတ္တဝါအားလုံးတို့တွင် သားတို့သနင်း ခြင်္သေ့မင်းကို အားအစွမ်းဖြင့်၎င်း လျင်မြန်ခြင်း ဖြင့်၎င်း ရဲရင့်ခြင်းဖြင့်၎င်း မြတ်၏ဟု ဆိုအပ်သကဲ့သို့ ရဟန်းတို့ ဤအတူပင် ဗောဓိပက္ခိယတရား အားလုံးတို့တွင် သိရန် အလို့ငှါ ပညိန္ဒြေကို မြတ်၏ဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-မလ္လိကသုတ်

၅၂၂။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်— အခါတပါး၌ မြတ်စွာဘုရားသည် မလ္လတိုင်း ဥရုဝေလကပ္ပမည်သော မလ္လတိုင်းသူတို့၏ နိဂုံး၌ (သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို မိန့်တော်မူ၏—ရဟန်းတို့ အရိယာတပည့်အား အရိယာဉာဏ် မဖြစ်သေးသမျှကာလပတ်လုံး ဣန္ဒြေလေးပါးတို့၏ ကောင်းစွာ တည်မှု စွဲမြဲစွာ တည်မှု မဖြစ်သေး၊ ရဟန်းတို့ အရိယာတပည့်အား အရိယာဉာဏ်ဖြစ်သောအခါ ဣန္ဒြေလေးပါးတို့၏ ကောင်းစွာ တည်မှု စွဲမြဲစွာ တည်မှု ဖြစ်၏။

ရဟန်းတို့ အထွတ်တပ်သော အိမ်၏ အထွတ်ကို မစိုက်ထူရသေးသမျှ ကာလပတ်လုံး အခြင်ရနယ်တို့၏ ကောင်းစွာ တည်မှု စွဲမြဲစွာတည်မှု မဖြစ်သေး။ ရဟန်းတို့ အထွတ်တပ်သော အိမ်၏ အထွတ်ကို စိုက်ထူပြီးသောအခါ အခြင်ရနယ်တို့၏ ကောင်းစွာ တည်မှု စွဲမြဲစွာ တည်မှုဖြစ်သကဲ့သို့ ရဟန်းတို့ ဤအတူပင် အရိယာတပည့်အား အရိယာဉာဏ် မဖြစ်သေးသမျှ ကာလပတ်လုံး ဣန္ဒြေတို့၏ ကောင်းစွာ တည်မှု စွဲမြဲစွာ တည်မှု မဖြစ်သေး၊ ရဟန်းတို့ အရိယာတပည့်အား အရိယာဉာဏ်ဖြစ်သောအခါ ဣန္ဒြေလေးပါးတို့၏ ကောင်းစွာ တည်မှု စွဲမြဲစွာ တည်မှု ဖြစ်၏။

အဘယ်လေးပါးတို့နည်း၊ သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေတို့တည်း။ ရဟန်းတို့ ပညာရှိသော အရိယာတပည့်အား ထိုပညာသို့ အစဉ်လိုက်သော ယုံကြည်မှု 'သဒ္ဓါ'သည် ကောင်းစွာတည်၏၊ ထိုပညာသို့ အစဉ်လိုက်သော အားထုတ်မှု 'ဝီရိယ'သည် ကောင်းစွာ တည်၏၊ ထို ပညာသို့ အစဉ်လိုက်သော အောက်မေ့မှု 'သတိ'သည် ကောင်းစွာ တည်၏၊ ထိုပညာသို့ အစဉ် လိုက်သော တည်ကြည်မှု 'သမာဓိ'သည် ကောင်းစွာ တည်၏ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-သေခသုတ်

၅၂၃။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်— အခါတပါး၌ မြတ်စွာဘုရားသည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရား သည် ရဟန်းတို့ကို မိန့်တော်မူ၏—ရဟန်းတို့ အကြောင်းပရိယာယ်ကို စွဲ၍ ကျင့်ဆဲ 'သေခ'ရဟန်း သည် ကျင့်ဆဲ'သေခ'ဘုံ၌ တည်၍ (ငါသည်) "ကျင့်ဆဲ'သေခ' ပုဂ္ဂိုလ်ဖြစ်၏"ဟု သိရာ၏၊ ကျင့်ပြီး 'အသေခရဟန္တာ'ရဟန်းသည် ကျင့်ပြီး 'အသေခ'ဘုံ၌ တည်၍ (ငါသည်) "ကျင့်ပြီး 'အသေခ ရဟန္တာ'ပုဂ္ဂိုလ်"ဟု သိရာ၏။ ယင်းအကြောင်းပရိယာယ်သည် ရှိသလောဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



အသျှင်ဘုရား တရားတော်တို့သည် မြတ်စွာဘုရားလျှင် အရင်းအမြစ် ရှိပါကုန်၏။ပ။ရဟန်းတို့ အကြောင်းပရိယာယ်ကို စွဲ၍ ကျင့်ဆဲ'သေခ'ရဟန်းသည် ကျင့်ဆဲ'သေခ'ဘုံ၌ တည်၍ (ငါသည်) "ကျင့်ဆဲ'သေခ' ပုဂ္ဂိုလ်ဖြစ်၏"ဟု သိရာ၏၊ ကျင့်ပြီး 'အသေခရဟန္တာ' ရဟန်းသည် ကျင့်ပြီး 'အသေခ'ဘုံ၌ တည်၍(ငါသည်) "ကျင့်ပြီး 'အသေခရဟန္တာ'ပုဂ္ဂိုလ်"ဟု သိရာ၏၊ယင်းအကြောင်း ပရိယာယ်သည် ရှိ၏။

ရဟန်းတို့ အကြောင်းပရိယာယ်ကို စွဲ၍ ကျင့်ဆဲ 'သေခ' ရဟန်းသည် ကျင့်ဆဲ 'သေခ'ဘုံ၌ တည်၍(ငါသည်) "ကျင့်ဆဲ'သေခ'ပုဂ္ဂိုလ်ဖြစ်၏"ဟု သိသော အကြောင်းပရိယာယ်သည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ကျင့်ဆဲ 'သေခ'ရဟန်းသည်"ဤကား ဆင်းရဲတည်း"ဟု ဟုတ်တိုင်းမှန်စွာ သိ၏၊ "ဤကား ဆင်းရဲဖြစ်ပေါ်ကြောင်းတည်း"ဟု ဟုတ်တိုင်းမှန်စွာ သိ၏၊ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) တည်း"ဟု ဟုတ်တိုင်းမှန်စွာ သိ၏၊ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း"ဟု ဟုတ်တိုင်းမှန်စွာ သိ၏။ ရဟန်းတို့ ဤသည်လည်း အကြောင်းပရိယာယ်ကို စွဲ၍ ကျင့်ဆဲ'သေခ'ရဟန်းသည် ကျင့်ဆဲ'သေခ' ဘုံ၌ တည်၍ (ငါသည်) "ကျင့်ဆဲ'သေခ'ပုဂ္ဂိုလ်ဖြစ်၏"ဟု သိသော အကြောင်းပရိယာယ်ပင်တည်း။

ရဟန်းတို့ နောက်တမျိုးကား "ဤသာသနာတော်မှ အပ၌ မြတ်စွာဘုရားနည်းတူ အဟုတ်အမှန် မဖောက်ပြန်သော တရားတော်ကို ဟောကြားသော မြတ်စွာဘုရားမှ အခြားတပါးသော သမဏသည်ရှင်း ဗြာဟ္မဏသည်ရှင်း ရှိသလော"ဟု ကျင့်ဆဲ'သေခ'ရဟန်းသည် အဖန်ဖန် ဆင်ခြင်၏၊ ထိုရဟန်းသည် 'ဤသာသနာတော်မှ အပ၌ မြတ်စွာဘုရားနည်းတူ အဟုတ်အမှန် မဖောက်ပြန်သော တရားတော်ကို ဟောကြားသော မြတ်စွာဘုရားမှ အခြားတပါးသော သမဏသည်ရှင်း ဗြာဟ္မဏသည်ရှင်း မရှိ"ဟု ဤသို့ သိ၏။ ရဟန်းတို့ ဤသည်လည်း အကြောင်းပရိယာယ်ကို စွဲ၍ ကျင့်ဆဲ'သေခ'ရဟန်းသည် ကျင့်ဆဲ 'သေခ'ဘုံ၌ တည်၍(ငါသည်) 'ကျင့်ဆဲ'သေခ' ပုဂ္ဂိုလ်ဖြစ်၏" ဟု သိသော အကြောင်းပရိယာယ်ပင်တည်း။

ရဟန်းတို့ နောက်တမျိုးကား ကျင့်ဆဲ'သေခ'ရဟန်းသည် သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေဟု ဆိုအပ်ကုန်သော ဣန္ဒြေငါးပါးတို့ကို သိ၏၊ အလားအလာရှိကုန်သော လွန်မြတ်ကုန်သော အကျိုးရှိကုန်သော ပြီးဆုံးခြင်းရှိကုန်သော ဣန္ဒြေငါးပါးတို့ကို ကိုယ်ဖြင့် တွေ့ထိ၍ မနေနိုင်၊ ပညာဖြင့်ကား ထိုးထွင်း၍ မြင်၏။ ရဟန်းတို့ ဤသည်လည်း အကြောင်း ပရိယာယ်ကို စွဲ၍ ကျင့်ဆဲ'သေခ'ရဟန်းသည် ကျင့်ဆဲ 'သေခ' ဘုံ၌ တည်၍ (ငါသည်)"ကျင့်ဆဲ 'သေခ'ပုဂ္ဂိုလ်ဖြစ်၏"ဟု သိသော အကြောင်းပရိယာယ်ပင်တည်း။

ရဟန်းတို့ အကြောင်းပရိယာယ်ကို စွဲ၍ ကျင့်ပြီး 'အသေခရဟန္တာ' ပုဂ္ဂိုလ်သည် ကျင့်ပြီး 'အသေခ'ဘုံ၌ တည်၍ (ငါသည်) "ကျင့်ပြီး 'အသေခရဟန္တာ' ပုဂ္ဂိုလ်ဖြစ်၏"ဟု သိသော အကြောင်းပရိယာယ်သည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ကျင့်ပြီး 'အသေခရဟန္တာ' ပုဂ္ဂိုလ်သည် သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေဟု ဆိုအပ်ကုန်သော ဣန္ဒြေငါးပါးတို့ကို သိ၏၊ အလားအလာရှိကုန်သော လွန်မြတ်ကုန်သော အကျိုးရှိကုန်သော ပြီးဆုံးခြင်းရှိကုန်သော ဣန္ဒြေငါးပါးတို့ကို ကိုယ်ဖြင့်လည်း တွေ့ထိ၍ နေ၏၊ ပညာဖြင့်လည်း ထိုးထွင်း၍ မြင်၏။ ရဟန်းတို့ ဤသည်လည်း အကြောင်းပရိယာယ်ကို စွဲ၍ ကျင့်ပြီး 'အသေခရဟန္တာ'ပုဂ္ဂိုလ်သည် ကျင့်ပြီး 'အသေခ'ဘုံ၌ တည်၍ (ငါသည်) "ကျင့်ပြီး 'အသေခရဟန္တာ' ပုဂ္ဂိုလ်ဖြစ်၏"ဟု သိသော အကြောင်းပရိယာယ်ပင်တည်း။

http://www.dhammadownload.com



ရဟန်းတို့ နောက်တမျိုးကား ကျင့်ပြီး 'အသေခရဟန္တာ' ပုဂ္ဂိုလ်သည် စက္ခုန္ဒြေ သောတိန္ဒြေ ဃာနိန္ဒြေ ဇိဝှိန္ဒြေ ကာယိန္ဒြေ မနိန္ဒြေဟု ဆိုအပ်ကုန်သော ဣန္ဒြေခြောက်ပါးတို့ကို သိ၏။ ဤဣန္ဒြေ ခြောက်ပါးတို့သည် "အချင်း ခပ်သိမ်း အခါခပ်သိမ်း အကြွင်းမဲ့ ချုပ်ကုန်လတ္တံ့၊ အခြားသော ဣန္ဒြေခြောက်ပါးတို့သည်လည်း တရံတခါမျှ မဖြစ်ကုန်လတ္တံ့"ဟု သိ၏။ ရဟန်းတို့ ဤသည်လည်း အကြောင်းပရိယာယ်ကိုစွဲ၍ ကျင့်ပြီး 'အသေခရဟန္တာ' ပုဂ္ဂိုလ်သည် ကျင့်ပြီး 'အသေခ' ဘုံ၌ တည်၍ (ငါသည်) "ကျင့်ပြီး 'အသေခရဟန္တာ' ပုဂ္ဂိုလ်ဖြစ်၏"ဟု သိသောအကြောင်း ပရိယာယ် ပင်တည်းဟု (မိန့်တော်မူ၏)။

တတိယသုတ်။

## ၄-ပဒသုတ်

၅၂၄။ ရဟန်းတို့ ဥပမာသော်ကား မြေ၌ နေကုန်သော အခြေရှိသော သတ္တဝါတို့၏ ခြေရာ ဟူသမျှ အားလုံးတို့သည် ဆင်ခြေရာ၌ အတွင်း ဝင်ကုန်၏၊ ဆင်ခြေရာကို ကြီးသည်၏ အဖြစ် ကြောင့် ထိုခြေရာ ဟူသမျှ အားလုံးတို့ထက် မြတ်၏ ဟု ဆိုအပ်၏၊ ဤအတူပင် တရားအစု ဟူသမျှ တို့ထက် သိရန်အလို့ငှါ ပညိန္ဒြေအစုကို မြတ်၏ဟု ဆိုအပ်၏။ ရဟန်းတို့ အဘယ်တရား အစုတို့ သည် သိရန်အလို့ငှါ ဖြစ်ကုန်သနည်း။ ရဟန်းတို့ သဒ္ဓိန္ဒြေအစုသည် သိရန်အလို့ငှါဖြစ်၏၊ ဝီရိယိန္ဒြေ အစုသည် သိရန်အလို့ငှါဖြစ်၏၊ သတိန္ဒြေအစုသည် သိရန်အလို့ငှါဖြစ်၏၊ သမာဓိန္ဒြေအစုသည် သိရန်အလို့ငှါ ဖြစ်၏၊ ပညိန္ဒြေအစုသည် သိရန်အလို့ငှါဖြစ်၏။ ရဟန်းတို့ ဥပမာသော်ကား မြေ၌ နေကုန်သော အခြေရှိသော သတ္တဝါတို့၏ ခြေရာဟူသမျှ အားလုံးတို့သည် ဆင်ခြေရာ၌ အတွင်း ဝင်ကုန်၏၊ ဆင်ခြေရာကို ကြီးသည်၏အဖြစ်ကြောင့် ထိုခြေရာ ဟူသမျှအားလုံးတို့ထက် မြတ်၏ဟု ဆိုအပ်၏၊ ဤအတူပင် သိရန်အလို့ငှါ ဖြစ်ကုန်သော တရားအစု ဟူသမျှတို့ထက် သိရန်အလို့ငှါ ပညိန္ဒြေအစုကိုမြတ်၏ဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

## ၅-သာရသုတ်

၅၂၅။ ရဟန်းတို့ စန္ဒကူးနီကို အနှစ်နံ့သာ ဟူသမျှအားလုံးတို့ထက် မြတ်၏ဟု ဆိုအပ်သကဲ့ သို့ ဤအတူပင် ဗောဓိပက္ခိယတရားအားလုံးတို့ထက် သိရန်အလို့ငှါ ပညိန္ဒြေကို မြတ်၏ ဟု ဆိုအပ်၏။ ရဟန်းတို့ ဗောဓိပက္ခိယတရားတို့သည် အဘယ်တို့နည်း၊ ရဟန်းတို့ သဒ္ဓိန္ဒြေသည် ဗောဓိပက္ခိယတရားတည်း၊ ထိုသဒ္ဓိန္ဒြေသည် သိရန်အလို့ငှါဖြစ်၏၊ ဝီရိယိန္ဒြေ။ပ။ သတိန္ဒြေ။ပ။ သမာဓိန္ဒြေ။ပ။ ပညိန္ဒြေသည် ဗောဓိပက္ခိယတရားတည်း၊ ထိုပညိန္ဒြေသည် သိရန်အလို့ငှါဖြစ်၏။ ရဟန်းတို့ စန္ဒကူးနီကို အနှစ်နံ့သာဟူသမျှ အားလုံးတို့ထက် မြတ်၏ဟုဆိုအပ်သကဲ့သို့ ဤအတူပင် ဗောဓိပက္ခိယတရားအားလုံးတို့ထက် သိရန်အလို့ငှါ ပညိန္ဒြေကို မြတ်၏ဟု ဆိုအပ်၏ဟု (မိန့်တော် မူ၏)။

ပဉ္စမသုတ်။

http://www.dhammadownload.com



## ၆-ပတိဋ္ဌိတသုတ်

၁၂၆။ ရဟန်းတို့ တခုတည်းသော တရား၌ တည်သော ရဟန်းအား ပွါးများအပ်သော ဣန္ဒြေငါးပါးတို့သည် ကောင်းစွာ ပွါးများအပ်သည် မည်ကုန်၏။ အဘယ်တခုတည်းသော တရား၌နည်း၊ မမေ့မလျော့မှုတည်း။ ရဟန်းတို့ မမေ့မလျော့မှုသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အာသဝတရားတို့၌၎င်း အာသဝတို့၏ အာရုံတရားတို့၌၎င်း စိတ်ကို စောင့်ရှောက်၏၊ အာသဝတရားတို့၌၎င်း အာသဝတို့၏ အာရုံတရားတို့၌၎င်း စိတ်ကို စောင့်ရှောက်သော ထိုရဟန်းအား သဒ္ဓိန္ဒြေ သည်လည်း ပွါးများပြည့်စုံခြင်းသို့ ရောက်၏၊ ဝီရိယိန္ဒြေသည်လည်း ပွါးများပြည့်စုံခြင်းသို့ ရောက်၏၊ သတိန္ဒြေသည်လည်း ပွါးများပြည့်စုံခြင်းသို့ ရောက်၏၊ သမာဓိန္ဒြေသည်လည်း ပွါးများ ပြည့်စုံခြင်းသို့ ရောက်၏၊ ပညိန္ဒြေသည်လည်း ပွါးများ ပြည့်စုံခြင်းသို့ ရောက်၏။ ရဟန်းတို့ ဤသို့လျှင် တခုတည်းသော တရား၌ တည်သော ရဟန်းအား ပွါးများအပ်သော ဣန္ဒြေငါးပါးတို့သည် ကောင်းစွာ ပွါးများအပ်သည် မည်ကုန်၏ ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-သဟမ္ပတိဗြဟ္မသုတ်

၁၂၇။ အခါတပါး၌ မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူစ ဥရုဝေလတော နေရဉ္ဇရာမြစ်ကမ်းနား အဇပါလပညောင်ပင်ရင်း၌ (ဃီတင်းသုံး) နေတော်မူ၏၊ ထိုအခါ ဆိတ်ငြိမ်ရာသို့ ကပ်လျက် တပါးတည်း ကိန်းအောင်းနေတော်မူသော မြတ်စွာဘုရားအား ဤသို့သော စိတ်အကြံ ဖြစ်၏—"ဣန္ဒြေ ငါ့ပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ် အပ်ကုန်သည်ရှိသော် အမြိုက် နိဗ္ဗာန်သို့ သက်ဝင်ကုန်၏၊ အမြိုက်နိဗ္ဗာန်လျှင် လည်းလျောင်းရာရှိကုန်၏၊ အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိကုန်၏။ အဘယ်ငါးပါးတို့နည်း၊ သဒ္ဓိန္ဒြေကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် အမြိုက်နိဗ္ဗာန်သို့ သက်ဝင်၏၊ အမြိုက်နိဗ္ဗာန်လျှင် လည်းလျောင်းရာ ရှိ၏၊ အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိ၏။ ဝီရိယိန္ဒြေကို။ပ။ သတိန္ဒြေကို။ပ။ သမာဓိန္ဒြေကို ။ပ။ ပညိန္ဒြေကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် အမြိုက်နိဗ္ဗာန်သို့ သက်ဝင်၏၊ အမြိုက်နိဗ္ဗာန်လျှင် လည်းလျောင်းရာရှိ၏၊ အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိ၏။ ဤ ဣန္ဒြေငါးပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် အမြိုက် နိဗ္ဗာန်သို့ သက်ဝင်ကုန်၏၊ အမြိုက် နိဗ္ဗာန်လျှင် လည်းလျောင်းရာရှိကုန်၏၊ အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိကုန်၏" ဟု (အကြံဖြစ်၏)။

ထိုအခါ သဟမ္ပတိဗြဟ္မာသည် မြတ်စွာဘုရား၏ စိတ်အကြံကို (မိမိ) စိတ်ဖြင့်သိ၍ အားရှိသော ယောကျ်ားသည် ကွေးသော လက်မောင်းကို ဆန့်သကဲ့သို့၎င်း ဆန့်သော လက်မောင်းကို ကွေးသကဲ့သို့၎င်း ထိုအတူပင် ဗြဟ္မာ့ပြည်မှကွယ်ခဲ့၍ မြတ်စွာဘုရား၏ရှေ့၌ ထင်ရှားဖြစ်ပေါ်၏။ ထိုအခါ သဟမ္ပတိဗြဟ္မာသည် ပခုံးတဖက်၌အပေါ်ရုံကို စမွယ်ဘင်လျက် မြတ်စွာဘုရားရှိရာသို့ လက်အုပ်ချီ၍ မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—ဘုန်းတော်ကြီးသော မြတ်စွာဘုရား ဤအကြံသည်ဤအတိုင်းမှန်ပါ၏၊ ကောင်းသောစကားကိုဆိုတော်မူတတ်သောမြတ်စွာဘုရား ဤအကြံသည်

http://www.dhammadownload.com



ဤအတိုင်း မှန်ပါ၏၊ ဣန္ဒြေငါးပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် အမြိုက်နိဗ္ဗာန်သို့ သက်ဝင်ကုန်၏၊ အမြိုက်နိဗ္ဗာန်လျှင် လည်းလျောင်းရာ ရှိကုန်၏၊ အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိကုန်၏။ အဘယ်ငါးပါးတို့နည်း၊ သဒ္ဓိန္ဒြေကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် အမြိုက်နိဗ္ဗာန်သို့ သက်ဝင်၏၊အမြိုက်နိဗ္ဗာန်လျှင် လည်းလျောင်းရာရှိ၏၊အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိ၏။ပ။ပညိန္ဒြေကို ပွါးများအပ်ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် အမြိုက်နိဗ္ဗာန်သို့ သက်ဝင်၏၊ အမြိုက်နိဗ္ဗာန်လျှင် လည်းလျောင်းရာရှိ၏ အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိ၏။ ဤဣန္ဒြေငါးပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် အမြိုက်နိဗ္ဗာန်သို့ သက်ဝင်ကုန်၏၊အမြိုက်နိဗ္ဗာန်လျှင် လည်းလျောင်းရာရှိကုန်၏၊ အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိကုန်၏။

အသျှင်ဘုရား ရှေးကဖြစ်ဘူးသည်ကား အကျွန်ုပ်သည် ကဿပမြတ်စွာဘုရား အထံ၌ အကျင့်မြတ်ကို ကျင့်ခဲ့ပါ၏၊ ထိုအခါ၌ အကျွန်ုပ်ကို "သဟကရဟန်း သဟကရဟန်း"ဟု ဤသို့ သိကြပါကုန်၏။ အသျှင်ဘုရား အကျွန်ုပ်သည် ဤဣန္ဒြေငါးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် ကာမတို့၌ အလွန်လိုချင်မှု'ကာမစ္ဆန္ဒ'ကို ကင်းစေလျက် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ ဗြဟ္မာ့ပြည်၌ ဖြစ်ပါ၏၊ ထိုဗြဟ္မာ့ပြည်၌လည်း အကျွန်ုပ်ကို "သဟမ္ပတိဗြဟ္မာ သဟမ္ပတိဗြဟ္မာ"ဟု ဤသို့ သိကြပါကုန်၏၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား ဤအကြံသည် ဤအတိုင်းမှန်ပါ၏၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား ဤအကြံသည် ဤအတိုင်းမှန်ပါ၏၊ ဤဣန္ဒြေငါးပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် အမြိုက်နိဗ္ဗာန်သို့ သက်ဝင်ကုန်၏၊ အမြိုက်နိဗ္ဗာန်လျှင် လည်းလျောင်းရာ ရှိကုန်၏၊ အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိကုန်၏ဟု ဤအရာကို အကျွန်ုပ်သိပါ၏၊ ဤအရာကို အကျွန်ုပ်မြင်ပါ၏ဟု (လျှောက်၏)။

သတ္တမသုတ်။

## ၈-သူကရခတသုတ်

၅၂၈။ အခါတပါး၌ မြတ်စွာဘုရားသည် ဂိဇ္ဈကုဋ်တောင် သူကရခတလိုဏ်၌ (သိတင်းသုံး) နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် အသျှင်သာရိပုတြာကို မိန့်တော်မူ၏—"သာရိပုတြာ အာသဝကုန်ပြီးသော ရဟန်းသည် မြတ်စွာဘုရား၌ရင်း မြတ်စွာဘုရားအဆုံးအမ 'သာသနာ'၌ရင်း လွန်ကဲသော ရိုသေတုပ်ဝပ်မှု ဖြစ်လတ်သော် အဘယ်အကျိုးထူးကို ကောင်းစွာမြင်၍ ဖြစ်သနည်း" ဟု (မိန့်တော်မူ၏)၊ အာသဝကုန်ပြီးသော ရဟန်းသည် မြတ်စွာဘုရား၌ရင်း မြတ်စွာဘုရား အဆုံးအမ'သာသနာ'၌ရင်း လွန်ကဲသော ရိုသေတုပ်ဝပ်မှု ဖြစ်လတ်သော် အတုမရှိသော ယောဂ၏ ကုန်ရာ(အရဟတ္တဖိုလ်)ကို ကောင်းစွာမြင်၍ ဖြစ်ပါ၏ဟု လျှောက်၏။ သာရိပုတြာ ကောင်းပေစွ၊ ကောင်းပေစွ၊သာရိပုတြာ အာသဝကုန်ပြီးသော ရဟန်းသည် မြတ်စွာဘုရား၌ရင်း မြတ်စွာဘုရား အဆုံးအမ'သာသနာ'၌ရင်းလွန်ကဲသော ရိုသေတုပ်ဝပ်မှု ဖြစ်လတ်သော် အတုမရှိသော ယောဂ၏ ကုန်ရာ (အရဟတ္တဖိုလ်)ကို ကောင်းစွာမြင်၍ ဖြစ်၏။

သာရိပုတြာ အာသဝကုန်ပြီးသော ရဟန်းသည် မြတ်စွာဘုရား၌ရင်း မြတ်စွာဘုရား၏ အဆုံးအမ'သာသနာ'၌ရင်း လွန်ကဲသော ရိုသေတုပ်ဝပ်မှု ဖြစ်လတ်သော် အတုမရှိသော ယောဂ၏ကုန်ရာ (အရဟတ္တဖိုလ်)ကို ကောင်းစွာမြင်၍ ဖြစ်၏၊ ယင်း အတုမရှိသော ယောဂ၏ကုန်ရာ အရဟတ္တဖိုလ်ကား အဘယ်နည်း၊ အသျှင်ဘုရား ဤသာသနာတော်၌ အာသဝကုန်ပြီးသော ရဟန်းသည်

http://www.dhammadownload.com



(နိဗ္ဗာန်)သို့ ရောက်စေတတ်သော မဂ်ဉာဏ်သို့ ရောက်စေတတ်သော သဒ္ဓိန္ဒြေကို ပွါးများ၏။ ဝီရိယိန္ဒြေကို ပွါးများ၏။ပ။သတိန္ဒြေကို ပွါးများ၏။ပ။ သမာဓိန္ဒြေကို ပွါးများ၏။ပ။ (နိဗ္ဗာန်)သို့ ရောက်စေတတ်သော မဂ်ဉာဏ်သို့ရောက်စေတတ်သော ပညိန္ဒြေကို ပွါးများ၏။ အသျှင်ဘုရား အာသဝကုန်ပြီးသော ရဟန်းသည် မြတ်စွာဘုရား၌၎င်း မြတ်စွာဘုရား အဆုံးအမ'သာသနာ'၌၎င်း မြတ်သော ရိုသေတုပ်ဝပ်မှု ဖြစ်လတ်သော် အတုမရှိသော ယောဂကြိုးကုန်ရာ (အရဟတ္တဖိုလ်)ကို ကောင်းစွာမြင်၍ ဖြစ်ပါ၏၊ယင်း အတုမရှိသော ယောဂကြိုးကုန်ရာ (အရဟတ္တဖိုလ်)ကား ဤသည် ပင်တည်းဟု လျှောက်၏။ သာရိပုတြာ ကောင်းပေစွ၊ ကောင်းပေစွ၊ သာရိပုတြာ အာသဝကုန်ပြီးသော(ရဟန္တာ)ပုဂ္ဂိုလ်သည် မြတ်စွာဘုရား၌၎င်း မြတ်စွာဘုရားအဆုံးအမ'သာသနာ'၌၎င်း လွန်ကဲသော ရိုသေတုပ်ဝပ်မှု ဖြစ်လတ်သော် အတုမရှိသော ယောဂကြိုးကုန်ရာ (အရဟတ္တဖိုလ်)ကို ကောင်းစွာမြင်၍ ဖြစ်၏။ ယင်းအတုမရှိသော ယောဂကြိုးကုန်ရာ (အရဟတ္တဖိုလ်) ကား ဤသည် ပင်တည်း။

သာရိပုတြာ လွန်ကဲသော ရိုသေတုပ်ဝပ်မှု ဖြစ်သော အာသဝကုန်ပြီးသော ရဟန်းသည် မြတ်စွာဘုရား၌၎င်း မြတ်စွာဘုရား အဆုံးအမ'သာသနာ'တော်၌၎င်း လွန်ကဲသော ရိုသေတုပ်ဝပ်မှု ဖြစ်၏၊ယင်း လွန်ကဲသော ရိုသေတုပ်ဝပ်ခြင်းကား အဘယ်နည်း၊အသျှင်ဘုရား ဤသာသနာတော်၌ အာသဝကုန်ပြီးသော ရဟန်းသည် မြတ်စွာဘုရား၌ ရိုသေခြင်း တုပ်ဝပ်ခြင်းနှင့် တကွဖြစ်၍နေ၏၊ တရားတော်၌ ရိုသေခြင်း တုပ်ဝပ်ခြင်းနှင့် တကွဖြစ်၍နေ၏၊သံဃာတော်၌ ရိုသေခြင်း တုပ်ဝပ်ခြင်း နှင့်တကွ ဖြစ်၍နေ၏၊အကျင့်'သိက္ခာ'၌ ရိုသေခြင်း တုပ်ဝပ်ခြင်းနှင့် တကွဖြစ်၍နေ၏၊တည်ကြည်မှု 'သမာဓိ'၌ ရိုသေခြင်း တုပ်ဝပ်ခြင်းနှင့် တကွဖြစ်၍နေ၏။အသျှင်ဘုရား လွန်ကဲသော ရိုသေတုပ်ဝပ်မှု ဖြစ်သော အာသဝကုန်ပြီးသော ရဟန်းသည် မြတ်စွာဘုရား၌၎င်း မြတ်စွာဘုရားအဆုံးအမ 'သာသနာ'တော်၌၎င်း လွန်ကဲသော ရိုသေတုပ်ဝပ်မှုဖြစ်၏၊ ယင်းလွန်ကဲသော ရိုသေတုပ်ဝပ်မှုကား ဤသည်ပင်တည်း။ သာရိပုတြာ ကောင်းပေစွ၊ ကောင်းပေစွ၊ သာရိပုတြာ လွန်ကဲသော ရိုသေတုပ်ဝပ်မှုဖြစ်သော အာသဝကုန်ပြီးသော ရဟန်းသည် မြတ်စွာဘုရား၌၎င်း မြတ်စွာဘုရား အဆုံးအမ 'သာသနာ'၌၎င်း လွန်ကဲသော ရိုသေတုပ်ဝပ်မှုဖြစ်၏၊ယင်း လွန်ကဲသော ရိုသေတုပ်ဝပ် ခြင်းကား ဤသည်ပင်တည်းဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-ပဌမ ဥပ္ပါဒသုတ်

၅၂၉။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော(အလုံးစုံသော တရားတို့ကို)ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရား ထင်ရှားပွင့်သော အခါ၌သာ မဖြစ်ပေါ် ဘူးသေးကုန်သော ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သော ဤဣန္ဒြေငါးပါးတို့သည် ဖြစ်ပေါ်ကုန်၏။ အဘယ်ငါးပါး တို့နည်း၊ သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေတို့ တည်း။ ရဟန်းတို့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော မြတ်စွာဘုရား ထင်ရှားပွင့်သောအခါ၌သာ မဖြစ်ပေါ် ဘူးသေးကုန်သော ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သော ဤဣန္ဒြေငါးပါးတို့သည် ဖြစ်ပေါ်ကုန်၏ ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

http://www.dhammadownload.com



## ၁၀-ဒုတိယ ဥပ္ပါဒသုတ်

၅၃၀။ ရဟန်းတို့ မြတ်စွာဘုရား၏ အဆုံးအမ 'သာသနာ'တော်၌သာ မဖြစ်ပေါ်ဘူးသေးကုန်သော ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သော ဤဣန္ဒြေငါးပါးတို့သည် ဖြစ်ပေါ်ကုန်၏။ အဘယ်ငါးပါးတို့နည်း၊ သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေတို့တည်း။ ရဟန်းတို့ မြတ်စွာဘုရား၏ အဆုံးအမ 'သာသနာ'တော်၌သာ မဖြစ်ပေါ်ဘူးသေးကုန်သော ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သော ဤဣန္ဒြေငါးပါးတို့သည် ဖြစ်ပေါ်ကုန်၏ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

ခြောက်ခုမြောက် သူကရခတဝဂ် ပြီး၏။

---

## ၇-ဗောဓိပက္ခိယဝဂ် ၁-သံယောဇနသုတ်

၅၃၁။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ဤဣန္ဒြေငါးပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာပြုလုပ်အပ်ကုန်သည်ရှိသော် သံယောဇဉ်တို့ကို ပယ်ရန်အကျိုးငှါ ဖြစ်ကုန်၏။ အဘယ်ငါးပါးတို့နည်း၊ သဒ္ဓိန္ဒြေ။ပ။ ပညိန္ဒြေတို့တည်း။ ရဟန်းတို့ ဤဣန္ဒြေငါးပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည် ရှိသော် သံယောဇဉ်တို့ကို ပယ်ရန်အကျိုးငှါ ဖြစ်ကုန်၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-အနုသယသုတ်

၅၃၂။ ရဟန်းတို့ ဤဣန္ဒြေငါးပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာပြုလုပ်အပ်ကုန်သည်ရှိသော် အနုသယတို့ကို ကောင်းစွာ ပယ်ခွါခြင်းအကျိုးငှါ ဖြစ်ကုန်၏။ အဘယ်ငါးပါးတို့နည်း၊ သဒ္ဓိန္ဒြေ။ပ။ ပညိန္ဒြေတို့တည်း။ ရဟန်းတို့ ဤဣန္ဒြေငါးပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် အနုသယတို့ကို ကောင်းစွာ ပယ်ခွါခြင်းအကျိုးငှါ ဖြစ်ကုန်၏ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-ပရိညာသုတ်

၅၃၃။ ရဟန်းတို့ ဤဣန္ဒြေငါးပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် ရှည်လျားသော သံသရာခရီးကို ပိုင်းခြား၍ သိခြင်းအကျိုးငှါ ဖြစ်ကုန်၏။ အဘယ်ငါးပါးတို့နည်း၊ သဒ္ဓိန္ဒြေ။ပ။ ပညိန္ဒြေတို့တည်း။ ရဟန်းတို့ ဤဣန္ဒြေငါးပါးတို့ကို ပွါးများအပ် ကြိမ်ဖန်

http://www.dhammadownload.com



များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် ရှည်လျားသော 'သံသရာ'ခရီးကို ပိုင်းခြား၍သိခြင်း အကျိုးငှါ ဖြစ်ကုန်၏ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

## ၄-အာသဝက္ခယသုတ်

၁၃၄။ ရဟန်းတို့ ဤဣန္ဒြေငါးပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည် ရှိသော် အာသဝတရားတို့ ကုန်ခြင်းအကျိုးငှါ ဖြစ်ကုန်၏။ အဘယ်ငါးပါးတို့နည်း၊ သဒ္ဓိန္ဒြေ။ပ။ ပညိန္ဒြေတို့တည်း။ ရဟန်းတို့ ဤဣန္ဒြေငါးပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာပြုလုပ်အပ် ကုန်သည်ရှိသော် အာသဝတရားတို့ ကုန်ခြင်းအကျိုးငှါ ဖြစ်ကုန်၏။

ရဟန်းတို့ ဤဣန္ဒြေငါးပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် သံယောဇဉ်တို့ကို ပယ်ခြင်းအကျိုးငှါ ဖြစ်ကုန်၏၊ အနုသယတို့ကို ကောင်းစွာ ပယ်ခွါခြင်းအကျိုးငှါ ဖြစ်ကုန်၏၊ ရှည်လျားသော 'သံသရာ' ခရီးကို ပိုင်းခြား၍သိခြင်းအကျိုးငှါ ဖြစ်ကုန်၏၊ အာသဝ တရားတို့ ကုန်ခြင်းအကျိုးငှါ ဖြစ်ကုန်၏။ အဘယ်ငါးပါးတို့နည်း၊ သဒ္ဓိန္ဒြေ။ပ။ပညိန္ဒြေတို့တည်း။ ရဟန်းတို့ ဤဣန္ဒြေငါးပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် သံယောဇဉ်တို့ကို ပယ်ခြင်းအကျိုးငှါ ဖြစ်ကုန်၏၊အနုသယတို့ကို ကောင်းစွာ ပယ်ခွါခြင်းအကျိုးငှါ ဖြစ်ကုန်၏၊ ရှည်လျားသော 'သံသရာ' ခရီးကို ပိုင်းခြား၍ သိခြင်းအကျိုးငှါ ဖြစ်ကုန်၏၊ အာသဝ တရားတို့၏ ကုန်ခြင်းအကျိုးငှါ ဖြစ်ကုန်၏ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

## ၅-ပဌမ ဖလသုတ်

၁၃၅။ ရဟန်းတို့ ဣန္ဒြေတို့သည် ဤငါးပါးတို့တည်း။ အဘယ်ငါးပါးတို့နည်း၊ သဒ္ဓိန္ဒြေ။ပ။ ပညိန္ဒြေတို့တည်း။ ရဟန်းတို့ ဣန္ဒြေတို့သည် ဤငါးပါးတို့ပင်တည်း။ ရဟန်းတို့ ဤဣန္ဒြေငါးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် ယခုဘဝ၌ပင် အရဟတ္တဖိုလ်ကိုရနိုင်ခြင်း စွဲလမ်းမှု 'ဥပါဒါန်' အကြွင်းအကျန်ရှိခဲ့သော် အနာဂါမ်အဖြစ်သို့ ရောက်နိုင်ခြင်းဟူသော အကျိုးနှစ်ပါး တို့တွင် အကျိုးတပါးပါးကို(မချွတ်ရလိမ့်မည်ဟု) မြော်လင့်အပ်၏ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

## ၆-ဒုတိယ ဖလသုတ်

၁၃၆။ ရဟန်းတို့ ဣန္ဒြေတို့သည် ဤငါးပါးတို့တည်း၊ အဘယ်ငါးပါးတို့နည်း၊ သဒ္ဓိန္ဒြေ။ပ။ ပညိန္ဒြေတို့တည်း။ ရဟန်းတို့ ဣန္ဒြေတို့သည် ဤငါးပါးတို့ပင်တည်း။ ရဟန်းတို့ ဤဣန္ဒြေငါးပါး

http://www.dhammadownload.com



တို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် ခုနစ်ပါးသော အကျိုးအာနိသင်တို့ကို (မချွတ်ရလိမ့်မည်ဟု)မြော်လင့်အပ်၏။ခုနစ်ပါးသော အကျိုးအာနိသင်တို့ဟူသည် အဘယ်တို့နည်း၊ မျက်မှောက်ဘဝ၌ပင် မသေမီက အရဟတ္တဖိုလ်ကို ပြီးစေနိုင်၏၊ မျက်မှောက်ဘဝ၌ပင် မသေမီက အရဟတ္တဖိုလ်ကို မပြီးစေနိုင်ခဲ့မူ သေခါနီးအခါ၌ အရဟတ္တဖိုလ်ကို ပြီးစေနိုင်၏၊ မျက်မှောက်ဘဝ၌ပင် မသေမီက အရဟတ္တဖိုလ်ကို မပြီးစေနိုင်ခဲ့မူ သေခါနီးအခါ၌.အရဟတ္တဖိုလ်ကို မပြီးစေနိုင်ခဲ့မူ အောက်ပိုင်းသံယောဇဉ်ငါးပါးတို့ ကုန်ခြင်းကြောင့် (အသက်တမ်း၏)အလယ်၌ (အရဟတ္တဖိုလ်သို့ ရောက်လျက်)ပရိနိဗ္ဗာန်ပြုရသော အန္တရာပရိနိဗ္ဗာယီမည်သော အနာဂါမ်ဖြစ်နိုင်၏၊ အသက်တမ်း၏ ထက်ဝက်ကိုလွန်၍ (အရဟတ္တဖိုလ်သို့ ရောက်လျက်) ပရိနိဗ္ဗာန်ပြုရသော ဥပဟစ္စပရိနိဗ္ဗာယီမည်သော အနာဂါမ်ဖြစ်နိုင်၏၊ ပယောဂလုံ့လမပါပဲ (အရဟတ္တဖိုလ်သို့ ရောက်လျက်) ပရိနိဗ္ဗာန်ပြုရသော အသင်္ခါရပရိနိဗ္ဗာယီမည်သော အနာဂါမ် ဖြစ်နိုင်၏၊ ပယောဂလုံ့လနှင့်တကွ (အရဟတ္တဖိုလ်သို့ ရောက်လျက်) ပရိနိဗ္ဗာန်ပြုရသော သသင်္ခါရပရိနိဗ္ဗာယီမည်သော အနာဂါမ်ဖြစ်နိုင်၏၊ အထက်ဘုံ၌ဖြစ်၍ အစဉ်အတိုင်းတက်ကာ အကနိဋ္ဌဘုံ၌ (အရဟတ္တဖိုလ်သို့ ရောက်လျက်) ပရိနိဗ္ဗာန်ပြုရသော ဥဒ္ဓံသောတအကနိဋ္ဌဂါမီ မည်သော အနာဂါမ်ဖြစ်နိုင်၏။ ရဟန်းတို့ ဤဣန္ဒြေငါးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် ဤခုနစ်ပါးသော အကျိုးအာနိသင်တို့ကို(မချွတ်ရလိမ့်မည်ဟု)မြော်လင့်အပ်၏ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-ပဌမ ရုက္ခသုတ်

၅၃၇။ ရဟန်းတို့ ဇမ္ဗူဒိပ်ကျွန်း၌ ပေါက်ကုန်သော သစ်ပင်ဟူသမျှအားလုံးတို့ထက် ဇမ္ဗူသပြေပင်ကို မြတ်၏ဟု ဆိုအပ်သကဲ့သို့ ဤအတူပင် ဗောဓိပက္ခိယတရား အားလုံးတို့ထက် သိရန်အလို့ငှါ ပညိန္ဒြေကို မြတ်၏ဟု ဆိုအပ်၏။ ရဟန်းတို့ ဗောဓိပက္ခိယတရားတို့သည် အဘယ်တို့နည်း၊ ရဟန်းတို့ သဒ္ဓိန္ဒြေသည် ဗောဓိပက္ခိယတရားတည်း၊ ထိုသဒ္ဓိန္ဒြေသည် သိရန်အလို့ငှါ ဖြစ်၏။ ဝီရိယိန္ဒြေ။ပ။ သတိန္ဒြေ။ သမာဓိန္ဒြေ။ ပညိန္ဒြေသည် ဗောဓိပက္ခိယတရားတည်း၊ ထိုပညိန္ဒြေသည် သိရန်အလို့ငှါဖြစ်၏။ ရဟန်းတို့ ဇမ္ဗူဒိပ်ကျွန်း၌ ပေါက်ကုန်သော သစ်ပင်ဟူသမျှအားလုံးတို့ထက် ဇမ္ဗူသပြေပင်ကို မြတ်၏ဟု ဆိုအပ်သကဲ့သို့ ဤအတူပင် ဗောဓိပက္ခိယတရားအားလုံးတို့ထက် သိရန်အလို့ငှါ ပညိန္ဒြေကို မြတ်၏ ဟု ဆိုအပ်၏ ဟု (မိန့်တော်၏)။

သတ္တမသုတ်။

---

## ၈-ဒုတိယ ရုက္ခသုတ်

၅၃၈။ ရဟန်းတို့ တာဝတိံသာနတ်တို့၏ သစ်ပင်ဟူသမျှတို့ထက် ပင်လယ်ကသစ်ပင်ကို မြတ်၏ဟု ဆိုအပ်သကဲ့သို့ ဤအတူပင် ဗောဓိပက္ခိယတရားအားလုံးတို့ထက် သိရန်အလို့ငှါ ပညိန္ဒြေကို မြတ်၏ဟု ဆိုအပ်၏။ ရဟန်းတို့ ဗောဓိပက္ခိယတရားတို့သည် အဘယ်တို့နည်း၊ ရဟန်းတို့ သဒ္ဓိန္ဒြေသည် ဗောဓိပက္ခိယတရားတည်း၊ ထိုသဒ္ဓိန္ဒြေသည် သိရန်အလို့ငှါ ဖြစ်၏၊ ဝီရိယိန္ဒြေ။ပ။သတိန္ဒြေ။ သမာ

http://www.dhammadownload.com



မိန္ဒြေ။ ပညိန္ဒြေသည် ဗောဓိပက္ခိယတရားတည်း၊ထိုပညိန္ဒြေသည် သိရန် အလို့ငှါ ဖြစ်၏။ ရဟန်းတို့ တာဝတိံသာနတ်တို့၏ သစ်ပင်ဟူသမျှတို့ထက် ပင်လယ်ကသစ်ပင်ကို မြတ်၏ ဟု ဆိုအပ်သကဲ့သို့ ဤအတူပင် ဗောဓိပက္ခိယတရားအားလုံးတို့ထက် သိရန် အလို့ငှါ ပညိန္ဒြေကို မြတ်၏ ဟု ဆိုအပ်၏ ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

## ၉-တတိယ ရုက္ခသုတ်

၅၃၉။ ရဟန်းတို့ အသုရာတို့၏ သစ်ပင်ဟူသမျှတို့ထက် ဆန်းကြယ်သော သခွပ်ပင်ကို မြတ်၏ ဟု ဆိုအပ်သကဲ့သို့ ဤအတူပင် ဗောဓိပက္ခိယတရားအားလုံးတို့ထက် သိရန်အလို့ငှါ ပညိန္ဒြေကို မြတ်၏ဟု ဆိုအပ်၏။ ရဟန်းတို့ ဗောဓိပက္ခိယတရားတို့သည် အဘယ်တို့နည်း၊ ရဟန်းတို့ သဒ္ဓိန္ဒြေသည် ဗောဓိပက္ခိယတရားတည်း၊ ထိုသဒ္ဓိန္ဒြေသည် သိရန်အလို့ငှါ ဖြစ်၏၊ ဝီရိယိန္ဒြေ။ပ။ သတိန္ဒြေ။ သမာဓိန္ဒြေ။ ပညိန္ဒြေသည် ဗောဓိပက္ခိယတရားတည်း၊ ထိုပညိန္ဒြေသည် သိရန်အလို့ငှါ ဖြစ်၏။ ရဟန်းတို့ အသုရာတို့၏ သစ်ပင်ဟူသမျှတို့ထက် ဆန်းကြယ်သော သခွပ်ပင်ကို မြတ်၏ ဟု ဆိုအပ်သကဲ့သို့ ဤအတူပင် ဗောဓိပက္ခိယတရားအားလုံးတို့ထက် သိရန်အလို့ငှါ ပညိန္ဒြေကို မြတ်၏ ဟု ဆိုအပ်၏ ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

## ၁၀-စတုတ္ထ ရုက္ခသုတ်

၅၄၀။ ရဟန်းတို့ ဂဠုန်တို့၏ သစ်ပင်ဟူသမျှတို့ထက် အထွတ်ကဲ့သို့ တက်သော လက်ပံပင်ကို မြတ်၏ဟု ဆိုအပ်သကဲ့သို့ ဤအတူပင် ဗောဓိပက္ခိယတရားအားလုံးတို့ထက် သိရန်အလို့ငှါ ပညိန္ဒြေကို မြတ်၏ဟု ဆိုအပ်၏။ ရဟန်းတို့ ဗောဓိပက္ခိယတရားတို့သည် အဘယ်တို့နည်း၊ ရဟန်းတို့ သဒ္ဓိန္ဒြေသည် ဗောဓိပက္ခိယတရားတည်း၊ ထိုသဒ္ဓိန္ဒြေသည် သိရန်အလို့ငှါ ဖြစ်၏။ ဝီရိယိန္ဒြေ။ပ။ သတိန္ဒြေ။ သမာဓိန္ဒြေ။ ပညိန္ဒြေသည် ဗောဓိပက္ခိယတရားတည်း၊ ထိုပညိန္ဒြေသည် သိရန်အလို့ငှါ ဖြစ်၏။ ရဟန်းတို့ ဂဠုန်တို့၏ သစ်ပင်ဟူသမျှတို့ထက် အထွတ်ကဲ့သို့တက်သော လက်ပံပင်ကို မြတ်၏ဟု ဆိုအပ်သကဲ့သို့ ဤအတူပင် ဗောဓိပက္ခိယတရားအားလုံးတို့ထက် သိရန်အလို့ငှါ ပညိန္ဒြေကို မြတ်၏ဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

ခုနစ်ခုမြောက် ဗောဓိပက္ခိယဝဂ် ပြီး၏။

## ဂ-ဂင်္ဂါပေယျာလဝဂ်

## ၁-၁၂-ပါစီနစသော ၁၂-သုတ်

၅၄၁-၅၅၂။ ရဟန်းတို့ ဂင်္ဂါမြစ်သည် အရှေ့အရပ်သို့ ညွတ် ကိုင်း ရှိုင်းသကဲ့သို့ ဤအတူပင် ရဟန်းသည် ဣန္ဒြေငါးပါးတို့ကို ပွါးများသည်ရှိသော် ကြိမ်ဖန်များစွာ ပြုလုပ်သည်ရှိသော် နိဗ္ဗာန်

http://www.dhammadownload.com



သို့ ညွတ် ကိုင်း ရှိုင်း၏။ ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ဣန္ဒြေငါးပါးတို့ကို ပွါးများသည် ရှိသော် ကြိမ်ဖန်များစွာပြုလုပ်သည်ရှိသော် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်းသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် (ကိလေသာမှ) ဆိတ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ'ကင်းခြင်းကို မှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ညွတ်သော သဒ္ဓိန္ဒြေကို ပွါးများ၏။ဝီရိယိန္ဒြေကို။ပ။သတိန္ဒြေကို။ သမာဓိန္ဒြေကို။ (ကိလေသာမှ) ဆိတ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကို မှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ညွတ်သော ပညိန္ဒြေကို ပွါးများ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ဣန္ဒြေငါးပါးတို့ကို ပွါးများသည်ရှိသော် ကြိမ်ဖန်များစွာ ပြုလုပ်သည်ရှိသော် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်း၏ ဟု(မိန့်တော်မူ၏)။

ဒွါဒသမသုတ်။

ရှစ်ခုမြောက် ဂင်္ဂါပေယျာလဝဂ် ပြီး၏။

[အပ္ပမာဒဝဂ် ဗလကရဏီယဝဂ်နှင့် ဧသနာဝဂ်တို့ကို ချဲ့အပ်ကုန်၏]။

---

## ၁၂-ဩဃဝဂ်

### ၁-၁၀-ဩဃစသော ၁၀-သုတ်

၅၇၇-၅၉၆။ ရဟန်းတို့ အထက်ပိုင်း သံယောဇဉ်တို့ကား ဤငါးပါးတို့တည်း။ အဘယ်ငါးပါးတို့နည်း၊ ရူပရာဂ အရူပရာဂ မာန ဥဒ္ဓစ္စ အဝိဇ္ဇာတို့တည်း။ရဟန်းတို့ အထက်ပိုင်း သံယောဇဉ်တို့ကား ဤငါးပါးတို့ပင်တည်း။ ရဟန်းတို့ ဤအထက်ပိုင်း သံယောဇဉ်ငါးပါးတို့ကို ထူးသောဉာဏ်ဖြင့် သိခြင်းငှါ ပိုင်းခြား၍သိခြင်းငှါ ကုန်စေခြင်းငှါ ပယ်ခြင်းငှါဤဣန္ဒြေငါးပါးတို့ကိုပွါးများအပ်ကုန်၏။ အဘယ်ငါးပါးတို့နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် (ကိလေသာမှ)ဆိတ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကိုမှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ညွတ်သော သဒ္ဓိန္ဒြေကို ပွါးများ၏။ပ။ (ကိလေသာမှ)ဆိတ်ခြင်းကိုမှီသော စွဲမက်မှု'ရာဂ'ကင်းခြင်းကိုမှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ညွတ်သော ပညိန္ဒြေကို ပွါးများ၏။ ရဟန်းတို့ ဤအထက်ပိုင်း သံယောဇဉ်ငါးပါးတို့ကို ထူးသောဉာဏ်ဖြင့် သိခြင်းငှါ ပိုင်းခြား၍သိခြင်းငှါ ကုန်စေခြင်းငှါ ပယ်ခြင်းငှါ ဤဣန္ဒြေငါးပါးတို့ကို ပွါးများအပ်ကုန်၏ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

[မဂ္ဂသံယုတ်ကို ချဲ့အပ်သကဲ့သို့ ထို့အတူပင် ဣန္ဒြိယသံယုတ်ကို ချဲ့အပ်၏]။

တဆယ့်နှစ်ခုမြောက် ဩဃဝဂ် ပြီး၏။

---

## ၁၃-ဂင်္ဂါပေယျာလဝဂ်

### ၁-၁၂-ပါစီနစသော ၁၂-သုတ်

၅၉၇-၆၀၈။ ရဟန်းတို့ ဂင်္ဂါမြစ်သည် အရှေ့အရပ်သို့ ညွတ် ကိုင်း ရှိုင်းသကဲ့သို့ ဤအတူပင် ရဟန်းသည် ဣန္ဒြေငါးပါးတို့ကို ပွါးများသည်ရှိသော် ကြိမ်ဖန်များစွာ ပြုလုပ်သည်ရှိသော်

http://www.dhammadownload.com



နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်း၏။ ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ဇ္ဈာန်ငါးပါးတို့ကို ပွါးများသည်ရှိသော် ကြိမ်ဖန်များစွာ ပြုလုပ်သည်ရှိသော် နိဗ္ဗာန်သို့ ညွတ် ကိုင် ရှိုင်းသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် စွဲမက်မှု 'ရာဂ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော အမျက်ထွက်မှု 'ဒေါသ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော တွေဝေမှု 'မောဟ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော သဒ္ဓိန္ဒြေကို ပွါးများ၏။ပ။ စွဲမက်မှု'ရာဂ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော အမျက်ထွက်မှု 'ဒေါသ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော တွေဝေမှု 'မောဟ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော ပညိန္ဒြေကို ပွါးများ၏၊ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ဇ္ဈာန်ငါးပါးတို့ကို ပွါးများသည်ရှိသော် ကြိမ်ဖန်များစွာ ပြုလုပ်သည်ရှိသော် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်း၏ဟု (မိန့်တော်မူ၏)။

ဒွါဒသမသုတ်။

တဆယ့်သုံးခုမြောက် ဂင်္ဂါပေယျာလဝဂ် ပြီး၏။

[အပ္ပမာဒဝဂ် ဗလကရဏီယဝဂ်နှင့် သေနာဝဂ်တို့ကို ချဲ့အပ်ကုန်၏]။

---

## ၁၇-ဩဃဝဂ်

### ၁-၁၀-ဩဃစသော ၁၀-သုတ်

၆၄၁-၆၅၀။ ရဟန်းတို့ အထက်ပိုင်း သံယောဇဉ်တို့ကား ဤငါးပါးတို့တည်း။ အဘယ်ငါးပါးတို့နည်း၊ ရူပရာဂ အရူပရာဂ မာန ဥဒ္ဓစ္စ အဝိဇ္ဇာတို့တည်း။ ရဟန်းတို့ အထက်ပိုင်း သံယောဇဉ်တို့ကား ဤငါးပါးတို့ပင်တည်း။ ရဟန်းတို့ ဤအထက်ပိုင်း သံယောဇဉ်ငါးပါးတို့ကို ထူးသောဉာဏ်ဖြင့်သိခြင်းငှါ ပိုင်းခြား၍သိခြင်းငှါ ကုန်စေခြင်းငှါ ပယ်ခြင်းငှါ ဇ္ဈာန်ငါးပါးတို့ကို ပွါးများအပ်ကုန်၏။ အဘယ်ငါးပါးတို့နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် စွဲမက်မှု 'ရာဂ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော အမျက်ထွက်မှု 'ဒေါသ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော တွေဝေမှု 'မောဟ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော သဒ္ဓိန္ဒြေကို ပွါးများ၏။ ဝီရိယိန္ဒြေကို။ သတိန္ဒြေကို။ သမာဓိန္ဒြေကို ပွါးများ၏။ စွဲမက်မှု'ရာဂ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော အမျက်ထွက်မှု 'ဒေါသ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော တွေဝေမှု'မောဟ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော ပညိန္ဒြေကို ပွါးများ၏။ ရဟန်းတို့ ဤအထက်ပိုင်း သံယောဇဉ်ငါးပါးတို့ကို ထူးသောဉာဏ်ဖြင့် သိခြင်းငှါ ပိုင်းခြား၍သိခြင်းငှါ ကုန်စေခြင်းငှါ ပယ်ခြင်းငှါ ဤဇ္ဈာန်ငါးပါးတို့ကို ပွါးများအပ်ကုန်၏ဟု (မိန့်တော်မူ၏)။

တဆယ့်ခုနစ်ခုမြောက် ဩဃဝဂ် ပြီး၏။

**လေးခုမြောက် ဣန္ဒြိယသံယုတ် ပြီး၏။**

http://www.dhammadownload.com

# ၅-သမ္မပ္ပဓာနသံယုတ်

## ၁-ဂင်္ဂါပေယျာလဝဂ်

### ၁-၁၂-ပါစီနစသော ၁၂-သုတ်

၆၅၁-၆၆၂။ သာဝတ္ထိနိဒါန်း။ ထိုအခါ မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏— ရဟန်းတို့ သမ္မပ္ပဓာန်တို့သည် ဤလေးပါးတို့တည်း။ အဘယ်လေးပါးတို့နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မဖြစ်ကုန်သေးသော ယုတ်ညံ့သော အကုသိုလ်တရားတို့ကို မဖြစ်ပေါ်စေရန် အလို'ဆန္ဒ'ကို ဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကို ချီးမြှောက်၏၊ ဆောက်တည်၏။ ဖြစ်ကုန်ပြီးသော ယုတ်ညံ့သော အကုသိုလ်တရားတို့ကိုပယ်ရန် အလို'ဆန္ဒ'ကို ဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကို ချီးမြှောက်၏၊ ဆောက်တည်၏။ မဖြစ်ကုန်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေရန် အလို'ဆန္ဒ'ကို ဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကို ချီးမြှောက်၏၊ ဆောက်တည်၏။ ဖြစ်ကုန်ပြီးသောကုသိုလ်တရားတို့ကို တည်မြဲစေရန် မပျောက်ပျက်စေရန် တိုးတက်ဖြစ်ပွါးစေရန် ပြန့်ပြောစေရန် ပွါးများမှု ပြည့်စုံစေရန် အလို'ဆန္ဒ'ကို ဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကို ချီးမြှောက်၏၊ ဆောက်တည်၏။ ရဟန်းတို့ သမ္မပ္ပဓာန်တို့သည် ဤလေးပါးတို့ပင်တည်းဟု (မိန့်တော်မူ၏)။

ရဟန်းတို့ ဂင်္ဂါမြစ်သည် အရှေ့အရပ်သို့ ညွတ် ကိုင်း ရှိုင်းသကဲ့သို့ ဤအတူပင် ရဟန်းသည် သမ္မပ္ပဓာန်လေးပါးတို့ကို ပွါးများသည်ရှိသော် ကြိမ်ဖန်များစွာ ပြုလုပ်သည်ရှိသော် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်း၏။ ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် သမ္မပ္ပဓာန်လေးပါးတို့ကို ပွါးများသည်ရှိသော် ကြိမ်ဖန်များစွာ ပြုလုပ်သည်ရှိသော် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်းသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မဖြစ်ကုန်သေးသော ယုတ်ညံ့သော အကုသိုလ်တရားတို့ကို မဖြစ်စေရန် အလို'ဆန္ဒ'ကို ဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကို ချီးမြှောက်၏၊ ဆောက်တည်၏။ ဖြစ်ကုန်ပြီးသော ယုတ်ညံ့သော အကုသိုလ်တရားတို့ကို ပယ်ရန် အလို'ဆန္ဒ'ကို ဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကို ချီးမြှောက်၏၊ ဆောက်တည်၏။ မဖြစ်ကုန်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေရန် အလို'ဆန္ဒ'ကို ဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကို ချီးမြှောက်၏၊ ဆောက်တည်၏။ ဖြစ်ကုန်ပြီးသော ကုသိုလ်တရားတို့ကို တည်မြဲစေရန် မပျောက်ပျက်စေရန် တိုးတက်ဖြစ်ပွါးစေရန် ပြန့်ပြောစေရန် ပွါးများမှု ပြည့်စုံစေရန် အလို'ဆန္ဒ'ကို ဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကို ချီးမြှောက်၏၊ ဆောက်တည်၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် သမ္မပ္ပဓာန်လေးပါးတို့ကို ပွါးများသည်ရှိသော် ကြိမ်ဖန်များစွာ ပြုလုပ်သည်ရှိသော် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်း၏ဟု (မိန့်တော်မူ၏)။

ဒွါဒသမသုတ်။

ရှေးဦးစွာသော ဂင်္ဂါပေယျာလဝဂ် ပြီး၏။

[သမ္မပ္ပဓာနသံယုတ်၏ ဂင်္ဂါပေယျာလကို သမ္မပ္ပဓာန်၏ အစွမ်းအားဖြင့် ချဲ့အပ်၏]။

http://www.dhammadownload.com



## ၂-အပ္ပမာဒဝဂ်

[အပ္ပမာဒဝဂ်ကို သမ္မပ္ပဓာန်၏ အစွမ်းအားဖြင့် ချဲ့အပ်၏]။

## ၃-ဗလကရဏီယဝဂ်

### ၁-၁၂-ဗလကရဏီယစသော ၁၂-သုတ်

၆၇၃-၆၈၄။ ရဟန်းတို့ ဥပမာသော်ကား ခွန်အားဖြင့် ပြုလုပ်အပ်ကုန်သော အလုပ်ဟူသမျှ တို့ကို မြေကြီးကို မှီ၍ မြေကြီး၌ တည်၍ ပြုလုပ်အပ်ကုန်သကဲ့သို့ ရဟန်းတို့ ဤအတူပင် ရဟန်းသည် သီလကို မှီ၍ သီလ၌ တည်၍ သမ္မပ္ပဓာန်လေးပါးတို့ကို ပွါးများ၏၊ ကြိမ်ဖန်များစွာ ပြုလုပ်၏။ ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် သီလကိုမှီ၍ သီလ၌ တည်၍ သမ္မပ္ပဓာန်လေးပါးတို့ကို ပွါးများသနည်း၊ ကြိမ်ဖန်များစွာ ပြုလုပ်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မဖြစ်ကုန်သေးသော ယုတ်ညံ့သော အကုသိုလ်တရားတို့ကို မဖြစ်စေရန် အလို'ဆန္ဒ'ကို ဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကို ချီးမြှောက်၏၊ ဆောက်တည်၏။ပ။ ဖြစ်ကုန်ပြီးသော ကုသိုလ် တရားတို့ကို တည်မြဲစေရန် မပျောက်ပျက်စေရန် တိုးတက်ဖြစ်ပွါးစေရန် ပြန့်ပြောစေရန် ပွါးများမှု ပြည့်စုံစေရန် အလို'ဆန္ဒ'ကို ဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကို ချီးမြှောက်၏၊ ဆောက် တည်၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် သီလကို မှီ၍ သီလ၌ တည်၍ သမ္မပ္ပဓာန်လေးပါး တို့ကို ပွါးများ၏၊ ကြိမ်ဖန်များစွာ ပြုလုပ်၏ဟု (မိန့်တော်မူ၏)။ [ဤသို့ ဗလကရဏီယဝဂ်ကို သမ္မပ္ပဓာန်၏ အစွမ်းအားဖြင့် ချဲ့အပ်၏]။

ဒွါဒသမသုတ်။

သုံးခုမြောက် ဗလကရဏီယဝဂ် ပြီး၏။

## ၄-သေနာဝဂ်

### ၁-၁၀-သေနာစသော ၁၀-သုတ်

၆၈၅-၆၉၄။ ရဟန်းတို့ ရှာမှီးခြင်းတို့သည် ဤသုံးပါးတို့တည်း။ အဘယ်သုံးပါးတို့နည်း၊ ကာမကို ရှာမှီးခြင်း ဘဝကို ရှာမှီးခြင်း အကျင့်မြတ်ကို ရှာမှီးခြင်းတို့တည်း၊ ရဟန်းတို့ ရှာမှီး ခြင်းတို့သည် ဤသုံးပါးတို့တည်း။ ရဟန်းတို့ ဤရှာမှီးခြင်း သုံးပါး တို့ကို ထူးသောဉာဏ်ဖြင့် သိခြင်းငှါ ပိုင်းခြား၍ သိခြင်းငှါ ကုန်စေခြင်းငှါ ပယ်ခြင်းငှါ သမ္မပ္ပဓာန်လေးပါးတို့ကို ပွါးများအပ် ကုန်၏၊ အဘယ်လေးပါးတို့နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မဖြစ်ကုန်သေး သော ယုတ်ညံ့သော အကုသိုလ်တရားတို့ကို မဖြစ်စေရန် အလို'ဆန္ဒ'ကို ဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကို ချီးမြှောက်၏၊ ဆောက်တည်၏။ပ။ ဖြစ်ကုန်ပြီးသော ကုသိုလ်တရားတို့ကို တည်မြဲစေရန် မပျောက်ပျက်စေရန် တိုးတက်ဖြစ်ပွါးစေရန် ပြန့်ပြောစေရန် ပွါးများမှု ပြည့်စုံ စေရန် အလို'ဆန္ဒ'ကို ဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကို ချီးမြှောက်၏၊ ဆောက်တည်၏။

http://www.dhammadownload.com



ရဟန်းတို့ ဤရှာမှီးခြင်းသုံးပါးတို့ကို ထူးသောဉာဏ်ဖြင့် သိခြင်းငှါ ပိုင်းခြား၍ သိခြင်းငှါ ကုန်စေခြင်းငှါ ပယ်ခြင်းငှါ ဤသမ္မပ္ပဓာန်လေးပါးတို့ကို ပွါးများအပ်ကုန်၏ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

သေနာဝဂ်ပြီး၏။

---

## ၅-ဩဃဝဂ်

### ၁-၁၀-ဩဃစသော ၁၀-သုတ်

၆၉၅-၇၀၄။ ရဟန်းတို့ အထက်ပိုင်း သံယောဇဉ်တို့သည် ဤငါးပါးတို့တည်း။ အဘယ်ငါးပါးတို့နည်း၊ရူပရာဂ အရူပရာဂ မာန ဥဒ္ဓစ္စ အဝိဇ္ဇာတို့တည်း။ ရဟန်းတို့ အထက်ပိုင်းသံယောဇဉ်တို့သည် ဤငါးပါးတို့ပင်တည်း။ ရဟန်းတို့ အထက်ပိုင်းသံယောဇဉ်ငါးပါးတို့ကို ထူးသောဉာဏ်ဖြင့် သိခြင်းငှါ ပိုင်းခြား၍ သိခြင်းငှါ ကုန်စေခြင်းငှါ ပယ်ခြင်းငှါ ဤသမ္မပ္ပဓာန်လေးပါးတို့ကို ပွါးများအပ်ကုန်၏၊ အဘယ်လေးပါးတို့နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မဖြစ်ကုန်သေးသော ယုတ်ညံ့သော အကုသိုလ်တရားတို့ကို မဖြစ်စေရန် အလို'ဆန္ဒ'ကို ဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကို ချီးမြှောက်၏၊ ဆောက်တည်၏။ပ။ ဖြစ်ကုန်ပြီးသော ကုသိုလ်တရားတို့ကို တည်မြဲစေရန် မပျောက်ပျက်စေရန် တိုးတက်ဖြစ်ပွါးစေရန် ပြန့်ပြောစေရန် ပွါးများမှု ပြည့်စုံစေရန် အလို'ဆန္ဒ'ကို ဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကို ချီးမြှောက်၏၊ ဆောက်တည်၏။ ရဟန်းတို့ ဤအထက်ပိုင်း သံယောဇဉ်ငါးပါးတို့ကို ထူးသောဉာဏ်ဖြင့် သိခြင်းငှါ ပိုင်းခြား၍ သိခြင်းငှါ ကုန်စေခြင်းငှါ ပယ်ခြင်းငှါ ဤသမ္မပ္ပဓာန်လေးပါးတို့ကို ပွါးများအပ်ကုန်၏ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

ငါးခုမြောက် ဩဃဝဂ် ပြီး၏။

**ငါးခုမြောက် သမ္မပ္ပဓာနသံယုတ် ပြီး၏။**

http://www.dhammadownload.com

# ၆-ဗလသံယုတ်

## ၁-ဂင်္ဂါပေယျာလဝဂ်

### ၁-၁၂-ဗလစသော ၁၂-သုတ်

၇၀၅-၇၁၆။ ရဟန်းတို့ ဗိုလ်တို့သည် ဤငါးပါးတို့တည်း။ အဘယ်ငါးပါးတို့နည်း၊ သဒ္ဓါဗိုလ် ဝီရိယဗိုလ် သတိဗိုလ် သမာဓိဗိုလ် ပညာဗိုလ်တို့တည်း၊ ရဟန်းတို့ ဗိုလ်တို့သည် ဤငါးပါးတို့ပင် တည်း။ရဟန်းတို့ ဂင်္ဂါမြစ်သည် အရှေ့အရပ်သို့ ညွတ် ကိုင်း ရှိုင်းသကဲ့သို့ ဤအတူပင် ရဟန်းသည် ဗိုလ်ငါးပါးတို့ကို ပွါးများသည်ရှိသော် ကြိမ်ဖန်များစွာ ပြုလုပ်သည်ရှိသော် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်း၏။ ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ဗိုလ်ငါးပါးတို့ကို ပွါးများသည်ရှိသော် ကြိမ်ဖန်များစွာ ပြုလုပ်သည်ရှိသော် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်းသနည်း၊ ရဟန်းတို့ ဤသာသနာ တော်၌ ရဟန်းသည် (ကိလေသာမှ) ဆိတ်ခြင်းကို မှီသော စွဲမက်မှု'ရာဂ' ကင်းခြင်းကိုမှီသော ချုပ် ခြင်းကို မှီသော နိဗ္ဗာန်သို့ ညွတ်သော သဒ္ဓါဗိုလ်ကို ပွါးများ၏။ ဝီရိယဗိုလ်ကို ။ပ။ သတိဗိုလ်ကို။ သမာဓိဗိုလ်ကို။ (ကိလေသာမှ) ဆိတ်ခြင်းကိုမှီသော စွဲမက်မှု'ရာဂ'ကင်းခြင်းကိုမှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ ညွတ်သော ပညာဗိုလ်ကို ပွါးများ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ဗိုလ်ငါးပါးတို့ကို ပွါးများသည်ရှိသော် ကြိမ်ဖန်များစွာ ပြုလုပ်သည်ရှိသော် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်း၏ဟု (မိန့်တော်မူ၏)။

ဒွါဒသမသုတ်။

ရှေးဦးစွာသော ဂင်္ဂါပေယျာလဝဂ် ပြီး၏။

[အပ္ပမာဒဝဂ် ဗလကရဏီယဝဂ်နှင့် သေနာဝဂ်တို့ကို ချဲ့အပ်ကုန်၏]။

---

## ၅-ဩဃဝဂ်

### ၁-၁၀-ဩဃစသော ၁၀-သုတ်

၇၄၉-၇၅၈။ ရဟန်းတို့ အထက်ပိုင်း'သံယောဇဉ်'တို့သည် ဤငါးပါးတို့တည်း။ အဘယ်ငါးပါး တို့နည်း၊ ရူပရာဂ အရူပရာဂ မာန ဥဒ္ဒစ္စ အဝိဇ္ဇာတို့တည်း၊ ရဟန်းတို့ အထက်ပိုင်း သံယောဇဉ် တို့သည် ဤငါးပါးတို့ပင်တည်း။ ရဟန်းတို့ ဤအထက်ပိုင်း သံယောဇဉ် ငါးပါးတို့ကို ထူးသော ဉာဏ်ဖြင့် သိခြင်းငှါ ပိုင်းခြား၍ သိခြင်းငှါ ကုန်စေခြင်းငှါ ပယ်ခြင်းငှါ ဗိုလ်ငါးပါးတို့ကို ပွါးများအပ်ကုန်၏၊ အဘယ်ငါးပါးတို့နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် (ကိလေ သာမှ) ဆိတ်ခြင်းကိုမှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကိုမှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ ညွတ်သော သဒ္ဓါဗိုလ်ကို ပွါးများ၏။ ဝီရိယဗိုလ်ကို။ ပ။သတိဗိုလ်ကို။သမာဓိဗိုလ်ကို။ (ကိလေသာမှ) ဆိတ်ခြင်းကိုမှီသော စွဲမက်မှု'ရာဂ'ကင်းခြင်းကိုမှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ ညွတ်သော ပညာဗိုလ်ကို ပွါးများ၏။ ရဟန်းတို့ ဤအထက်ပိုင်း သံယောဇဉ် ငါးပါးတို့ကို ထူးသော ဉာဏ်ဖြင့် သိခြင်းငှါ ပိုင်းခြား၍သိခြင်းငှါ ကုန်စေခြင်းငှါ ပယ်ခြင်းငှါ ဤ ဗိုလ်ငါးပါးတို့ကို ပွါးများအပ် ကုန်၏ဟု (မိန့်တော်မူ၏)။ [ဤသို့ ချဲ့အပ်ကုန်၏]။

http://www.dhammadownload.com



## ၆-ဂင်္ဂါပေယျာလဝဂ်

### ၁-၁၂-ပါစီနစသော ၁၂-သုတ်

၇၅၉-၇၇၀။ ရဟန်းတို့ ဂင်္ဂါမြစ်သည် အရှေ့အရပ်သို့ ညွတ် ကိုင်း ရှိုင်းသကဲ့သို့ ဤအတူပင် ရဟန်းသည် ဗိုလ်ငါးပါးတို့ကို ပွါးများသည်ရှိသော် ကြိမ်ဖန်များစွာ ပြုလုပ်သည်ရှိသော် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်း၏။ ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ဗိုလ် ငါးပါးတို့ကို ပွါးများသည်ရှိသော် ကြိမ်ဖန်များစွာ ပြုလုပ်သည်ရှိသော် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်းသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် စွဲမက်မှု'ရာဂ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော အမျက်ထွက်မှု'ဒေါသ' ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော တွေဝေမှု'မောဟ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော ယုံကြည်မှု သဒ္ဓါဗိုလ်ကို ပွါးများ၏။ ဝီရိယဗိုလ်ကို။ပ။သတိဗိုလ်ကို။သမာဓိဗိုလ်ကို။ စွဲမက်မှု'ရာဂ' ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော အမျက်ထွက်မှု'ဒေါသ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံး ရှိသော တွေဝေမှု'မောဟ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော ပညာဗိုလ်ကို ပွါးများ၏။ရဟန်း တို့ ဤသို့လျှင် ရဟန်းသည် ဗိုလ်ငါးပါးတို့ကို ပွါးများသည်ရှိသော် ကြိမ်ဖန်များစွာ ပြုလုပ်သည် ရှိသော် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်း၏ဟု (မိန့်တော်မူ၏)။

ဒွါဒသမသုတ်။

ခြောက်ခုမြောက် ဂင်္ဂါပေယျာလဝဂ် ပြီး၏။

[အပ္ပမာဒဝဂ်နှင့် ဗလကရဏီယဝဂ်တို့ကို ချဲ့အပ်ကုန်၏]။

---

## ၉-ဧသနာဝဂ်

### ၁-၁၂-ဧသနာစသော ၁၂-သုတ်

၇၉၂-၈၀၂။ ဤအတူပင် စွဲမက်မှု'ရာဂ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော အမျက် ထွက်မှု'ဒေါသ'ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော တွေဝေမှု'မောဟ'ကိုပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော ပုဒ်အားဖြင့် ဧသနာဝဂ် ပါဠိတော်ကို ချဲ့အပ်၏။

ကိုးခုမြောက် ဧသနာဝဂ် ပြီး၏။

---

## ၁၀-ဩဃဝဂ်

### ၁-၁၀-ဩဃစသော ၁၀-သုတ်

၈၀၃-၈၁၂။ ရဟန်းတို့ အထက်ပိုင်း သံယောဇဉ်တို့သည် ဤ ငါးပါးတို့တည်း၊ အဘယ်ငါးပါး တို့နည်း၊ ရူပရာဂ အရူပရာဂ မာန ဥဒ္ဓစ္စ အဝိဇ္ဇာတို့တည်း။ ရဟန်းတို့ အထက်ပိုင်း သံယောဇဉ် တို့သည် ဤငါးပါးတို့ပင်တည်း၊ ရဟန်းတို့ ဤအထက်ပိုင်း သံယောဇဉ်ငါးပါးတို့ကို ထူးသော

http://www.dhammadownload.com



ဉာဏ်ဖြင့် သိခြင်းငှါ ပိုင်းခြား၍သိခြင်းငှါ ကုန်စေခြင်းငှါ ပယ်ခြင်းငှါ ဗိုလ်ငါးပါးတို့ကို ပွါးများအပ်ကုန်၏၊ အဘယ်ငါးပါးတို့နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် စွဲမက်မှု 'ရာဂ' ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော အမျက်ထွက်မှု 'ဒေါသ' ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော တွေဝေမှု 'မောဟ' ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော သဒ္ဓါဗိုလ်ကို ပွါးများ၏။ ဝီရိယဗိုလ်ကို။ပ။ သတိဗိုလ်ကို။ သမာဓိဗိုလ်ကို။ စွဲမက်မှု 'ရာဂ' ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော အမျက်ထွက်မှု 'ဒေါသ' ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော တွေဝေမှု 'မောဟ' ကို ပယ်ဖျောက်ခြင်းလျှင် အဆုံးရှိသော ပညာဗိုလ်ကို ပွါးများ၏။ ရဟန်းတို့ ဤအထက်ပိုင်း သံယောဇဉ်ငါးပါးတို့ကို ထူးသောဉာဏ်ဖြင့် သိခြင်းငှါ ပိုင်းခြား၍ သိခြင်းငှါ ကုန်စေခြင်းငှါ ပယ်ခြင်းငှါ ဤဗိုလ်ငါးပါးတို့ကို ပွါးများအပ်ကုန်၏ ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

ဆယ်ခုမြောက် ဩဃဝဂ် ပြီး၏။

**ခြောက်ခုမြောက် ဗလသံယုတ် ပြီး၏။**

http://www.dhammadownload.com

# ၇-ဣဒ္ဓိပါဒသံယုတ်

## ၁-စာပါလဝဂ် ၁-အပါရသုတ်

၈၁၃။ ရဟန်းတို့ ဣဒ္ဓိပါဒ် [၁] လေးပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည် ရှိသော် သံသရာဟူသော ဤဖက်ကမ်းမှ (နိဗ္ဗာန်ဟူသော)ထိုဖက်ကမ်းသို့ သွားရောက်ခြင်းငှါ ဖြစ်ကုန်၏။ အဘယ်လေးပါးတို့နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆန္ဒကို မှီ၍ ဖြစ်သောသမာဓိ အားထုတ်မှု လုံ့လတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏၊ ဝီရိယကိုမှီ၍ ဖြစ်သောသမာဓိ အားထုတ်မှု လုံ့လတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏၊စိတ်ကိုမှီ၍ဖြစ်သော သမာဓိ အားထုတ်မှုလုံ့လတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏၊ ပညာကိုမှီ၍ ဖြစ်သော သမာဓိ အားထုတ်မှု လုံ့လတို့နှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏။ ရဟန်းတို့ ဤဣဒ္ဓိပါဒ် လေးပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် (သံသရာဟူသော)ဤ ဖက်ကမ်းမှ (နိဗ္ဗာန်ဟူသော)ထိုဖက်ကမ်းသို့ သွားရောက်ခြင်းငှါ ဖြစ်ကုန်၏ဟု(မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-ဝိရဒ္ဓသုတ်

၈၁၄။ ရဟန်းတို့ ဣဒ္ဓိပါဒ်လေးပါးတို့ကို ချုတ်ယွင်းစေသူ ဟူသမျှတို့အား ကောင်းစွာ ဆင်းရဲ၏ကုန်ရာ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော အရိယမဂ်ကို ချုတ်ယွင်းစေသည် မည်၏။ ရဟန်းတို့ ဣဒ္ဓိပါဒ်လေးပါးတို့ကို အားထုတ်သူ ဟူသမျှတို့အား ကောင်းစွာ ဆင်းရဲ၏ကုန်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အရိယမဂ်ကို အားထုတ်အပ်သည်မည်၏။ အဘယ်လေးပါးတို့နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆန္ဒကိုမှီ၍ဖြစ်သော သမာဓိ အားထုတ်မှုလုံ့လတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏၊ ဝီရိယကိုမှီ၍ဖြစ်သော သမာဓိ။ပ။ စိတ်ကို မှီ၍ဖြစ်သော သမာဓိ။ပ။ပညာကို မှီ၍ဖြစ်သောသမာဓိ အားထုတ်မှု လုံ့လတို့နှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏။ ရဟန်းတို့ ဤဣဒ္ဓိပါဒ်လေးပါးတို့ကို ချုတ်ယွင်းစေသူ ဟူသမျှတို့အား ကောင်းစွာ ဆင်းရဲ၏ကုန်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အရိယမဂ်ကို ချုတ်ယွင်းစေသည် မည်၏၊ ဣဒ္ဓိပါဒ် လေးပါးတို့ကို အားထုတ်သူ ဟူသမျှတို့အား ကောင်းစွာ ဆင်းရဲ၏ကုန်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အရိယမဂ်ကို အားထုတ်အပ်သည် မည်၏ဟု(မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-အရိယသုတ်

၈၁၅။ ရဟန်းတို့ ဖြူစင်ကောင်းမြတ်၍ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်ကုန်သော ဤဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် ထိုဣဒ္ဓိပါဒ်ကို

---

[၁] ဣဒ္ဓိ-ပြီးစီး ပြည့်စုံခြင်း၊ ပါဒ-အခြေခံအကြောင်း—ဣဒ္ဓိပါဒ-ပြီးစီးပြည့်စုံခြင်း၏ အခြေခံအကြောင်းများဟူလို။

http://www.dhammadownload.com



ပြုလုပ်ပွါးများသူကို ကောင်းစွာ ဆင်းရဲကုန်ခြင်းအကျိုးငှါ ထုတ်ဆောင်ကုန်၏။ အဘယ်လေးပါးတို့နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆန္ဒကိုမှီ၍ ဖြစ်သောသမာဓိ အားထုတ်မှု လုံ့လတို့နှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏၊ ဝီရိယကို မှီ၍ဖြစ်သောသမာဓိ။ပ။စိတ်ကိုမှီ၍ ဖြစ်သောသမာဓိ။ပ။ပညာကို မှီ၍ဖြစ်သောသမာဓိ အားထုတ်မှု လုံ့လတို့နှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏။ ရဟန်းတို့ ဖြူစင်ကောင်းမြတ်၍ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သော ဤဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် ထိုဣဒ္ဓိပါဒ်ကို ပြုလုပ်ပွါးများသူကို ကောင်းစွာ ဆင်းရဲကုန်ခြင်းအကျိုးငှါ ထုတ်ဆောင်ကုန်၏ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-နိဗ္ဗိဒါသုတ်

၈၁၆။ ရဟန်းတို့ ဤဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် စင်စစ် ငြီးငွေ့ခြင်းငှါ စွဲမက်မှု'ရာဂ'ကင်းခြင်းငှါ ချုပ်ခြင်းငှါ ငြိမ်းအေးခြင်းငှါ အထူးသိခြင်းငှါ ကိုယ်တိုင်သိခြင်းငှါ နိဗ္ဗာန်အကျိုးငှါ ဖြစ်ကုန်၏။ အဘယ်လေးပါးတို့နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆန္ဒကိုမှီ၍ ဖြစ်သောသမာဓိ အားထုတ်မှု လုံ့လတို့နှင့်ပြည့်စုံသောဣဒ္ဓိပါဒ်ကို ပွါးများ၏၊ ဝီရိယကိုမှီ၍ ဖြစ်သောသမာဓိ။ပ။စိတ်ကိုမှီ၍ ဖြစ်သောသမာဓိ။ပ။ ပညာကိုမှီ၍ ဖြစ်သောသမာဓိ အားထုတ်မှု လုံ့လတို့နှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏။ ရဟန်းတို့ ဤဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် စင်စစ် ငြီးငွေ့ခြင်းငှါ စွဲမက်မှု'ရာဂ' ကင်းခြင်းငှါ ချုပ်ခြင်းငှါ(ကိလေသာ)ငြိမ်းအေးခြင်းငှါ အထူးသိခြင်းငှါ ကိုယ်တိုင်သိခြင်းငှါ နိဗ္ဗာန်အကျိုးငှါ ဖြစ်ကုန်၏ဟု(မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-ဣဒ္ဓိပဒေသသုတ်

၈၁၇။ ရဟန်းတို့ အတိတ်ကာလ၌ ဣဒ္ဓိတစိတ်တဒေသကို ပြီးစီးစေခဲ့ကြသူ သမဏဗြာဟ္မဏဟူသမျှ အားလုံးတို့သည် ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် ဣဒ္ဓိတစိတ်တဒေသကို ပြီးစီးစေခဲ့ကုန်ပြီ။ ရဟန်းတို့ အနာဂတ်ကာလ၌ ဣဒ္ဓိတစိတ်တဒေသကို ပြီးစီးစေလတ္တံ့သော သမဏဗြာဟ္မဏဟူသမျှ အားလုံးတို့သည် ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် ဣဒ္ဓိတစိတ်တဒေသကို ပြီးစီးစေကုန်လတ္တံ့။ ရဟန်းတို့ ပစ္စုပ္ပန်ကာလ၌ ဣဒ္ဓိတစိတ်တဒေသကို ပြီးစီးစေသူ သမဏဗြာဟ္မဏဟူသမျှအားလုံးတို့သည် ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် ဣဒ္ဓိတစိတ်တဒေသကို ပြီးစီးစေကုန်၏။

အဘယ်လေးပါးတို့နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆန္ဒကိုမှီ၍ဖြစ်သော သမာဓိ အားထုတ်မှုလုံ့လတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏၊ ဝီရိယကို မှီ၍ဖြစ်သော

---

• သံ မြန် - ၃-၁၅

http://www.dhammadownload.com



သမာဓိ။ပ။စိတ်ကိုမှီ၍ဖြစ်သော သမာဓိ။ပ။ပညာကိုမှီ၍ဖြစ်သော သမာဓိ အားထုတ်မှုလုံ့လတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏။ ရဟန်းတို့ အတိတ်ကာလ၌ ဣဒ္ဓိတစိတ်တဒေသကို ပြီးစီးစေခဲ့ကြသူ သမဏဗြာဟ္မဏဟူသမျှ အားလုံးတို့သည် ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် ဣဒ္ဓိတစိတ်တဒေသကို ပြီးစီးစေကုန်ပြီ။ ရဟန်းတို့ အနာဂတ်ကာလ၌ ဣဒ္ဓိတစိတ်တဒေသကို ပြီးစီးစေလတ္တံ့သော သမဏဗြာဟ္မဏဟူသမျှ အားလုံးတို့သည် ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် ဣဒ္ဓိတစိတ်တဒေသကို ပြီးစီးစေကုန်လတ္တံ့။ ရဟန်းတို့ ပစ္စုပ္ပန်ကာလ၌ ဣဒ္ဓိတစိတ်တဒေသကို ပြီးစီးစေသူ သမဏဗြာဟ္မဏဟူသမျှ အားလုံးတို့သည် ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် ဣဒ္ဓိတစိတ်တဒေသကို ပြီးစီးစေကုန်၏ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၆-သမတ္တသုတ်

၈၁၈။ ရဟန်းတို့ အတိတ်ကာလ၌ ဣဒ္ဓိအပြည့်အစုံကို ပြီးစီးစေခဲ့ကြသူ သမဏဗြာဟ္မဏဟူသမျှ အားလုံးတို့သည် ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် ဣဒ္ဓိအပြည့်အစုံကို ပြီးစီးစေခဲ့ကုန်ပြီ။ရဟန်းတို့ အနာဂတ်ကာလ၌ ဣဒ္ဓိအပြည့်အစုံပြီးစီးစေလတ္တံ့သော သမဏဗြာဟ္မဏဟူသမျှ အားလုံးတို့သည် ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် ဣဒ္ဓိအပြည့်အစုံ ပြီးစီးစေကုန်လတ္တံ့။ ရဟန်းတို့ ပစ္စုပ္ပန်ကာလ၌ ဣဒ္ဓိအပြည့်အစုံ ပြီးစီးစေကြသော သမဏဗြာဟ္မဏဟူသမျှ အားလုံးတို့သည် ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် ဣဒ္ဓိအပြည့်အစုံ ပြီးစီးစေကုန်၏။

အဘယ်လေးပါးတို့နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆန္ဒကိုမှီ၍ဖြစ်သော သမာဓိ အားထုတ်မှုလုံ့လတို့နှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏။ ဝီရိယကို မှီ၍ဖြစ်သော သမာဓိ။ပ။စိတ်ကိုမှီ၍ဖြစ်သော သမာဓိ။ပ။ပညာကိုမှီ၍ဖြစ်သောသမာဓိ အားထုတ်မှု လုံ့လတို့နှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏။ ရဟန်းတို့ အတိတ်ကာလ၌ ဣဒ္ဓိအပြည့်အစုံ ပြီးစီးစေခဲ့သော သမဏဗြာဟ္မဏဟူသမျှ အားလုံးတို့သည် ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် ဣဒ္ဓိအပြည့်အစုံ ပြီးစီးစေကုန်ပြီ။ ရဟန်းတို့ အနာဂတ်ကာလ၌ ဣဒ္ဓိအပြည့်အစုံ ပြီးစီးစေလတ္တံ့သော သမဏဗြာဟ္မဏဟူသမျှ အားလုံးတို့သည် ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် ဣဒ္ဓိအပြည့်အစုံ ပြီးစီးစေကုန်လတ္တံ့။ရဟန်းတို့ ပစ္စုပ္ပန်ကာလ၌ ဣဒ္ဓိအပြည့်အစုံ ပြီးစီးစေသော သမဏဗြာဟ္မဏဟူသမျှ အားလုံးတို့သည် ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် ဣဒ္ဓိအပြည့်အစုံ ပြီးစီးစေကုန်၏ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-ဘိက္ခုသုတ်

၈၁၉။ ရဟန်းတို့ အတိတ်ကာလ၌ အကြင်အာသဝကုန်ခြင်းကြောင့် အာသဝကင်းသော (ကိလေသာမှ) လွတ်မြောက်သော 'အရဟတ္တဖိုလ်'စိတ်နှင့် လွတ်မြောက်သော 'အရဟတ္တဖိုလ်' ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍နေခဲ့ကြသူ

http://www.dhammadownload.com



ရဟန်းဟူသမျှအားလုံးတို့သည် ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေခဲ့ကြကုန်ပြီ။ ရဟန်းတို့ အနာဂတ်ကာလ၌ အာသဝကုန်ခြင်းကြောင့် အာသဝကင်းသော (ကိလေသာမှ) လွတ်မြောက်သော 'အရဟတ္တဖိုလ်' စိတ်နှင့် လွတ်မြောက်သော 'အရဟတ္တဖိုလ်'ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍နေကြလတ္တံ့သော ရဟန်းဟူသမျှအားလုံးတို့သည် ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍နေကြကုန်လတ္တံ့။ ရဟန်းတို့ ပစ္စုပ္ပန်ကာလ၌ အာသဝကုန်ခြင်းကြောင့် အာသဝကင်းသော (ကိလေသာမှ) လွတ်မြောက်သော 'အရဟတ္တဖိုလ်' စိတ်နှင့် လွတ်မြောက်သော 'အရဟတ္တဖိုလ်'ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍နေကြသော ရဟန်းဟူသမျှ အားလုံးတို့သည် ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍နေကြကုန်၏။

အဘယ်လေးပါးတို့နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆန္ဒကိုမှီ၍ဖြစ်သော သမာဓိ အားထုတ်မှုလုံ့လတို့နှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏။ ဝီရိယကိုမှီ၍ဖြစ်သော သမာဓိ။ပ။စိတ်ကိုမှီ၍ဖြစ်သော သမာဓိ။ပ။ပညာကိုမှီ၍ဖြစ်သော သမာဓိ အားထုတ်မှု လုံ့လတို့နှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏။ ရဟန်းတို့ အတိတ်ကာလ၌ အာသဝကုန်ခြင်းကြောင့် အာသဝကင်းသော (ကိလေသာမှ)လွတ်မြောက်သော 'အရဟတ္တဖိုလ်'စိတ်နှင့် လွတ်မြောက်သော 'အရဟတ္တဖိုလ်' ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍နေခဲ့ကြသော ရဟန်းဟူသမျှ အားလုံးတို့သည် ဤဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေခဲ့ကြကုန်ပြီ။ ရဟန်းတို့ အနာဂတ်ကာလ၌ အာသဝကုန်ခြင်းကြောင့် အာသဝကင်းသော (ကိလေသာမှ) လွတ်မြောက်သော 'အရဟတ္တဖိုလ်'စိတ်နှင့် လွတ်မြောက်သော 'အရဟတ္တဖိုလ်' ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေကုန်လတ္တံ့သော ရဟန်းဟူသမျှအားလုံးတို့သည် ဤဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍နေကြကုန်လတ္တံ့။ ရဟန်းတို့ ပစ္စုပ္ပန်ကာလ၌ အာသဝကုန်ခြင်းကြောင့် အာသဝကင်းသော (ကိလေသာမှ) လွတ်မြောက်သော 'အရဟတ္တဖိုလ်' စိတ်နှင့် လွတ်မြောက်သော 'အရဟတ္တဖိုလ်'ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍နေကြကုန်သော ရဟန်းဟူသမျှအားလုံးတို့သည် ဤဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍နေကြကုန်၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ဂ-ဗုဒ္ဓသုတ်

၈၂၀။ ရဟန်းတို့ ဣဒ္ဓိပါဒ်တို့သည် ဤလေးပါးတို့တည်း။ အဘယ်လေးပါးတို့နည်း၊ ရဟန်းတို့ **ဤသာသနာတော်၌ ရဟန်းသည် ဆန္ဒကို မှီ၍ဖြစ်သော သမာဓိ အားထုတ်မှု လုံ့လတို့နှင့်**

http://www.dhammadownload.com



ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏။ ဝီရိယကို မှီ၍ဖြစ်သော သမာဓိ။ပ။ စိတ်ကို မှီ၍ဖြစ်သော သမာဓိ။ပ။ ပညာကို မှီ၍ဖြစ်သောသမာဓိ အားထုတ်မှု လှုံ့လတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏။ ရဟန်းတို့ ဤဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် စင်စစ်အားဖြင့် မြတ်စွာဘုရားကို ပူဇော်အထူးကို ခံတော်မူထိုက်သူ (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူပြီးသူဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

## ၉-ဉာဏသုတ်

၈၂၁။ ရဟန်းတို့ "ဤသည်ကား ဆန္ဒကို မှီ၍ဖြစ်သောသမာဓိ အားထုတ်မှု လှုံ့လတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်တည်း"ဟု (ဘုရားမဖြစ်မီ) ရှေးက မကြားဘူးသေးကုန်သော တရားတို့၌ ငါ့အား ပညာမျက်စိသည် ထင်ရှားဖြစ်ပေါ်လာပြီ၊ အသိဉာဏ်သည် ထင်ရှားဖြစ်ပေါ်လာပြီ၊ အပြားအားဖြင့် သိခြင်း 'ပညာ'သည် ထင်ရှားဖြစ်ပေါ်လာပြီ၊ ထိုးထွင်း၍ သိခြင်း 'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်ပေါ်လာပြီ၊ ပညာအလင်းရောင်သည် ထင်ရှားဖြစ်ပေါ်လာပြီ။ ရဟန်းတို့ "ဆန္ဒကို မှီ၍ဖြစ်သောသမာဓိ အားထုတ်မှုလှုံ့လတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများအပ်၏" ဟူ၍။ပ။ ပွါးများအပ်ပြီဟူ၍(ဘုရားမဖြစ်မီ)ရှေးက မကြားဘူးသေးကုန်သော တရားတို့၌ ငါ့အား ပညာမျက်စိသည် ထင်ရှားဖြစ်ပေါ်လာပြီ၊ အသိဉာဏ်သည် ထင်ရှားဖြစ်ပေါ်လာပြီ၊ အပြားအားဖြင့် သိခြင်း 'ပညာ'သည် ထင်ရှားဖြစ်ပေါ်လာပြီ၊ ထိုးထွင်း၍ သိခြင်း 'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်ပေါ်လာပြီ၊ ပညာအလင်းရောင်သည် ထင်ရှားဖြစ်ပေါ်လာပြီ။

ရဟန်းတို့ "ဤသည်ကား ဝီရိယကို မှီ၍ဖြစ်သောသမာဓိ အားထုတ်မှု လှုံ့လတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်တည်း"ဟု (ဘုရားမဖြစ်မီ) ရှေးက မကြားဘူးသေးကုန်သော တရားတို့၌ ငါ့အား ပညာမျက်စိသည် ထင်ရှားဖြစ်ပေါ်လာပြီ၊ အသိဉာဏ်သည် ထင်ရှားဖြစ်ပေါ်လာပြီ၊ အပြားအားဖြင့် သိခြင်း 'ပညာ'သည် ထင်ရှားဖြစ်ပေါ်လာပြီ၊ ထိုးထွင်း၍သိခြင်း 'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်ပေါ်လာပြီ။ ပညာအလင်းရောင်သည် ထင်ရှားဖြစ်ပေါ်လာပြီ။ ရဟန်းတို့ "ဝီရိယကို မှီ၍ဖြစ်သောသမာဓိ အားထုတ်မှု လှုံ့လတို့နှင့် ပြည့်စုံသော ထိုဣဒ္ဓိပါဒ်ကို ပွါးများအပ်၏"ဟူ၍။ပ။ ပွါးများအပ်ပြီဟူ၍ (ဘုရားမဖြစ်မီ) ရှေးက မကြားဘူးသေးကုန်သော တရားတို့၌ ငါ့အား ပညာမျက်စိသည် ထင်ရှားဖြစ်ပေါ်လာပြီ၊ အသိဉာဏ်သည် ထင်ရှားဖြစ်ပေါ်လာပြီ၊ အပြားအားဖြင့် သိခြင်း'ပညာ'သည် ထင်ရှားဖြစ်ပေါ်လာပြီ၊ ထိုးထွင်း၍သိခြင်း 'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်ပေါ်လာပြီ၊ ပညာအလင်းရောင်သည် ထင်ရှားဖြစ်ပေါ်လာပြီ။

ရဟန်းတို့ "ဤသည်ကား စိတ်ကို မှီ၍ဖြစ်သောသမာဓိ အားထုတ်မှု လှုံ့လတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်တည်း"ဟု (ဘုရားမဖြစ်မီ) ရှေးက မကြားဘူးသေးကုန်သော တရားတို့၌ ငါ့အား ပညာမျက်စိသည် ထင်ရှားဖြစ်ပေါ်လာပြီ၊ အသိဉာဏ်သည် ထင်ရှား ဖြစ်ပေါ်လာပြီ၊ အပြားအားဖြင့် သိခြင်း 'ပညာ'သည် ထင်ရှားဖြစ်ပေါ်လာပြီ၊ ထိုးထွင်း၍ သိခြင်း 'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်ပေါ်လာပြီ၊ ပညာအလင်းရောင်သည် ထင်ရှားဖြစ်ပေါ်လာပြီ။ ရဟန်းတို့ "စိတ်ကို မှီ၍ဖြစ်သောသမာဓိ အားထုတ်မှု လှုံ့လတို့နှင့် ပြည့်စုံသော ထိုဣဒ္ဓိပါဒ်ကို ပွါးများ၏" ဟူ၍။ပ။ ပွါးများအပ်ပြီဟူ၍ (ဘုရားမဖြစ်မီ) ရှေးက မကြားဘူးသေးကုန်သော တရားတို့၌ ငါ့အား ပညာမျက်စိသည် ထင်ရှားဖြစ်ပေါ်လာပြီ၊ အသိဉာဏ်သည် ထင်ရှားဖြစ်ပေါ်လာပြီ၊ အပြား

http://www.dhammadownload.com



အားဖြင့် သိခြင်း 'ပညာ'သည် ထင်ရှားဖြစ်ပေါ်လာပြီ၊ ထိုးထွင်း၍ သိခြင်း 'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်ပေါ်လာပြီ၊ ပညာအလင်းရောင်သည် ထင်ရှားဖြစ်ပေါ်လာပြီ။

ရဟန်းတို့ "ဤသည်ကား ပညာကို မှီ၍ဖြစ်သောသမာဓိ အားထုတ်မှု လုံ့လတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်တည်း"ဟု (ဘုရားမဖြစ်မီ) ရှေးက မကြားဘူးသေးကုန်သော တရားတို့၌ ငါ့အား ပညာမျက်စိသည် ထင်ရှားဖြစ်ပေါ်လာပြီ၊ အသိဉာဏ်သည် ထင်ရှားဖြစ်ပေါ်လာပြီ၊ အပြားအားဖြင့် သိခြင်း 'ပညာ'သည် ထင်ရှားဖြစ်ပေါ်လာပြီ၊ ထိုးထွင်း၍ သိခြင်း 'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်ပေါ်လာပြီ၊ ပညာအလင်းရောင်သည် ထင်ရှားဖြစ်ပေါ်လာပြီ။ ရဟန်းတို့ "ပညာကို မှီ၍ဖြစ်သောသမာဓိ အားထုတ်မှု လုံ့လတို့နှင့် ပြည့်စုံသော ထိုဣဒ္ဓိပါဒ်ကို ပွါးများအပ်၏" ဟူ၍ ။ပ။ ပွါးများအပ်ပြီဟူ၍ (ဘုရားမဖြစ်မီ) ရှေးက မကြားဘူးသေးကုန်သော တရားတို့၌ ငါ့အား ပညာမျက်စိသည် ထင်ရှားဖြစ်ပေါ်လာပြီ၊ အသိဉာဏ်သည် ထင်ရှားဖြစ်ပေါ်လာပြီ၊ အပြားအားဖြင့် သိခြင်း 'ပညာ'သည် ထင်ရှားဖြစ်ပေါ်လာပြီ၊ ထိုးထွင်း၍ သိခြင်း 'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်ပေါ်လာပြီ၊ ပညာအလင်းရောင်သည် ထင်ရှားဖြစ်ပေါ်လာပြီဟု (မိန့်တော်မူ၏)။

နဝမသုတ်။

## ၁၀-စေတိယသုတ်

၈၂၂။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်— အခါတပါး၌ မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သောကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန် သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူလျက် ဝေသာလီပြည်သို့ ဆွမ်းခံဝင်တော်မူ၏၊ ဝေသာလီပြည်၌ ဆွမ်းခံလှည့်လည်ပြီး၍ ဆွမ်းစားပြီးနောက် ဆွမ်းခံရွာမှ ဖဲခဲ့၍ "အာနန္ဒာ ထိုင်စရာ အခင်းကို ယူခဲ့လော့၊ စာပါလစေတီ¹ သို့ နေ့သန့်စင်ရန် အလို့ငှါ ချဉ်းကပ်ကုန်အံ့"ဟု အသျှင်အာနန္ဒာအား မိန့်တော်မူ၏။ "အသျှင်ဘုရား ကောင်းပါပြီ"ဟု အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဝန်ခံပြီးလျှင် ထိုင်စရာအခင်းကို ယူ၍ မြတ်စွာဘုရား၏ နောက်မှ နောက်မှ အစဉ်လိုက်လေ၏။ ထိုအခါ မြတ်စွာဘုရားသည် စာပါလစေတီသို့ ချဉ်းကပ်၍ ခင်းထားသောနေရာ၌ ထိုင်နေတော်မူ၏။ အသျှင်အာနန္ဒာသည်လည်း မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောနေရာ၌ ထိုင်နေ၏၊ တခုသောနေရာ၌ ထိုင်နေသော အသျှင်အာနန္ဒာအား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

အာနန္ဒာ ဝေသာလီပြည်သည် မွေ့လျော်ဖွယ်ရှိပေ၏၊ ဥဒေနစေတီသည် မွေ့လျော်ဖွယ် ရှိပေ၏၊ ဂေါတမကစေတီသည် မွေ့လျော်ဖွယ်ရှိပေ၏၊ သတ္တမ္ဗစေတီသည် မွေ့လျော်ဖွယ်ရှိပေ၏၊ ဗဟုပုတ္တစေတီသည် မွေ့လျော်ဖွယ်ရှိပေ၏၊ သာရန္ဒဒစေတီသည် မွေ့လျော်ဖွယ်ရှိပေ၏၊ စာပါလစေတီသည် မွေ့လျော်ဖွယ်ရှိပေ၏။ အာနန္ဒာ တစုံတယောက်သောသူသည် ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများထား၏၊ ကြိမ်ဖန်များစွာ ပြုလုပ်ထား၏၊ ယာဉ်ကဲ့သို့ ပြုလုပ်ထား၏၊ တည်ရာကဲ့သို့ ပြုလုပ်ထား၏၊ ဆောက်တည်ထား၏၊ ကောင်းစွာ ဆည်းပူးထား၏၊ ကောင်းစွာ အားထုတ်ထား၏၊ ထိုသူသည် အလိုရှိခဲ့သော် အာယုကပ်ပတ်သုံးဖြစ်စေ အာယုကပ်ထက်လွန်၍ဖြစ်စေ တည်နိုင်

---

¹-စာပါလ စေတိယ = ဂပါလ၊ စာပါလ မည်သော နတ်ဘီလူး၏။ စေတိယ၊ ပူဇော်ပသ ရာ အရပ်ဟူလို(အဋ္ဌကထာ)။

http://www.dhammadownload.com



ရာ၏။ အာနန္ဒာ မြတ်စွာဘုရားသည်ကား ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများထားပြီးဖြစ်၏၊ ကြိမ်ဖန်များစွာ ပြုလုပ်ထားပြီးဖြစ်၏၊ ယာဉ်ကဲ့သို့ ပြုလုပ်ထားပြီးဖြစ်၏၊ တည်ရာကဲ့သို့ ပြုလုပ်ထားပြီးဖြစ်၏၊ ဆောက်တည်ထားပြီးဖြစ်၏၊ ဆည်းပူးထားပြီး ဖြစ်၏၊ ကောင်းစွာ အားထုတ်ထားပြီးဖြစ်၏၊ အာနန္ဒာ သို့ဖြစ်၍ မြတ်စွာဘုရားသည် အလိုရှိခဲ့သော် အာယုကပ်ပတ်လုံးဖြစ်စေ အာယုကပ်ထက် လွန်၍ဖြစ်စေ တည်နိုင်ရာ၏ဟု မိန့်တော်မူ၏။

မြတ်စွာဘုရားသည် ထင်ရှားသောနိမိတ် အရိပ်အရောင်ကို ဤသို့ပင် ပြသော်လည်း အသျှင်အာနန္ဒာသည်ကား သဘောပေါက်ခြင်းငှါ မစွမ်းနိုင်ချေ၊ (ထို့ကြောင့်) "အသျှင်ဘုရား လူအများ၏ စီးပွါးချမ်းသာအလို့ငှါ နတ်လူတို့၏ အကျိုးစီးပွါးနှင့် ချမ်းသာအလို့ငှါ လောကကိုစောင့်ရှောက်ရန် ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အာယုကပ်ပတ်လုံး တည်တော်မူပါလော့၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် အာယုကပ်ပတ်လုံး တည်တော်မူပါလော့" ဟု မြတ်စွာဘုရားကို မတောင်းပန်မိချေ၊ မာရ်နတ်နှောင့်ယှက်ခံရသော စိတ်ရှိသူကဲ့သို့ပင် ဖြစ်ချေ၏။

မြတ်စွာဘုရားသည် နှစ်ကြိမ်မြောက်လည်း။ပ။ မြတ်စွာဘုရားသည် သုံးကြိမ်မြောက်လည်း အသျှင်အာနန္ဒာအား မိန့်တော်မူ၏— "အာနန္ဒာ ဝေသာလီပြည်သည် မွေ့လျော်ဖွယ်ရှိပေ၏၊ ဥဒေနစေတီသည် မွေ့လျော်ဖွယ်ရှိပေ၏၊ ဂေါတမကစေတီသည် မွေ့လျော်ဖွယ်ရှိပေ၏၊ သတ္တမ္ဗစေတီသည် မွေ့လျော်ဖွယ်ရှိပေ၏၊ ဗဟုပုတ္တစေတီသည် မွေ့လျော်ဖွယ်ရှိပေ၏၊ သာရန္ဒဒစေတီသည် မွေ့လျော်ဖွယ်ရှိပေ၏၊ စာပါလစေတီသည် မွေ့လျော်ဖွယ်ရှိပေ၏။ အာနန္ဒာ တစုံတယောက်သောသူသည် ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများထား၏၊ ကြိမ်ဖန်များစွာ ပြုလုပ်ထား၏၊ ယာဉ်ကဲ့သို့ ပြုလုပ်ထား၏၊ တည်ရာကဲ့သို့ ပြုလုပ်ထား၏၊ ဆောက်တည်ထား၏၊ ကောင်းစွာ ဆည်းပူးထား၏၊ ကောင်းစွာအားထုတ်ထား၏၊ ထိုသူသည် အလိုရှိခဲ့သော် အာယုကပ်ပတ်လုံးဖြစ်စေ အာယုကပ်ထက်လွန်၍ ဖြစ်စေ တည်နိုင်ရာ၏။ အာနန္ဒာ မြတ်စွာဘုရားသည်ကား ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများထားပြီးဖြစ်၏၊ ကြိမ်ဖန်များစွာ ပြုလုပ်ထားပြီးဖြစ်၏၊ ယာဉ်ကဲ့သို့ ပြုလုပ်ထားပြီးဖြစ်၏၊ တည်ရာကဲ့သို့ ပြုလုပ်ထားပြီး ဖြစ်၏၊ ဆောက်တည်ထားပြီး ဖြစ်၏၊ ဆည်းပူးထားပြီး ဖြစ်၏၊ ကောင်းစွာ အားထုတ်ထားပြီး ဖြစ်၏၊ အာနန္ဒာ သို့ဖြစ်၍ မြတ်စွာဘုရားသည် အလိုရှိခဲ့သော် အာယုကပ်ပတ်လုံးဖြစ်စေ အာယုကပ်ထက် လွန်၍ ဖြစ်စေ တည်နိုင်ရာ၏"ဟု မိန့်တော်မူ၏။

မြတ်စွာဘုရားသည် ထင်ရှားသော နိမိတ်အရိပ်အရောင်ကို ဤသို့ပင်ပြသော်လည်း အသျှင်အာနန္ဒာသည် သဘောပေါက်ခြင်းငှါ မစွမ်းနိုင်ချေ၊ (ထို့ကြောင့်) "အသျှင်ဘုရား လူအများ၏စီးပွါးချမ်းသာအလို့ငှါ နတ်လူတို့၏ အကျိုးစီးပွါးနှင့် ချမ်းသာအလို့ငှါ လောကကို စောင့်ရှောက်ရန် ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အာယုကပ်ပတ်လုံး တည်တော်မူပါလော့၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် အာယုကပ်ပတ်လုံး တည်တော်မူပါလော့"ဟု မြတ်စွာဘုရားကို မတောင်းပန်မိချေ၊ မာရ်နတ်နှောင့်ယှက်ခံရသော စိတ်ရှိသူကဲ့သို့ပင် ဖြစ်ချေ၏။

ထိုအခါ မြတ်စွာဘုရားသည် "အာနန္ဒာ သင်သွားလော့၊ ယခုအခါ၌ သွားရန်အချိန်ကို သင်သိ၏"ဟု အသျှင်အာနန္ဒာအား မိန့်တော်မူ၏။ "အသျှင်ဘုရား ကောင်းပါပြီ"ဟု အသျှင်အာနန္ဒာ

http://www.dhammadownload.com



သည် မြတ်စွာဘုရားအား ဝန်ခံပြီးလျှင် နေရာမှထကာ မြတ်စွာဘုရားကို ရှိခိုးလျက် အရိုအသေပြု ပြီးလျှင် မနီးမဝေးတခုသော သစ်ပင်ရင်း၌ ထိုင်နေ၏၊ ထိုအခါ ယုတ်မာသောမာရ်နတ်သည် အသျှင် အာနန္ဒာဖဲသွား၍ မကြာမြင့်မီ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ တခုသောနေရာ၌ ရပ်ပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏ —"အသျှင်ဘုရား ဘုန်းတော်ကြီးသော မြတ်စွာ ဘုရားသည် ယခုအခါ ပရိနိဗ္ဗာန်ပြုတော်မူပါလော့၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ယခုအခါ ပရိနိဗ္ဗာန်ပြုတော်မူပါလော့၊ အသျှင်ဘုရား မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုရန် ယခုအချိန်တန်ပါပြီ၊ အသျှင်ဘုရား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ ဘူးပါသည်'မာရ်နတ် ငါ၏တပည့် ရဟန်းတို့သည် အကြင်မျှလောက် ကာလပတ်လုံး တတ်သိလိမ္မာ မရှိကြသေး ကောင်းစွာ ဆုံးမပြီး မဖြစ်ကြသေး မရဲရင့်ကြသေး အကြားအမြင် မများကြသေး တရားတော်ကို မဆောင်နိုင်ကြသေး၊(လောကုတ္တရာ)တရားနှင့်လျော်သောတရားကို မကျင့်နိုင်ကြ သေး လျော်သောအကျင့်ကို မကျင့်နိုင်ကြသေး တရားနှင့်လျော်စွာ မကျင့်နိုင်ကြသေး မိမိတို့ ဆရာ့ဝါဒကို သင်ယူ၍ မပြောနိုင် မဟောနိုင် မပြနိုင် မတည်တံ့စေနိုင် မဖွင့်နိုင် မဝေဖန်နိုင် မပေါ်လွင်စေနိုင်ကြသေး၊ ပေါ်ပေါက်လာသော သူတပါးဝါဒကို အကြောင်းမှန်ဖြင့် ကောင်းစွာ နှိမ်နင်း၍ အံ့ဖွယ်ရှိသော တရားကို မဟောပြနိုင်ကြကုန်သေး၊ ထိုမျှလောက် ကာလပတ်လုံး ငါသည် ပရိနိဗ္ဗာန်ပြုမည် မဟုတ်' ဟု (မိန့်တော်မူဘူးပါသည်)။

အသျှင်ဘုရား ယခုအခါ၌ မြတ်စွာဘုရား၏ တပည့်ရဟန်းတို့သည် တတ်သိလိမ္မာ ရှိကြပါပြီ၊ ကောင်းစွာ ဆုံးမပြီးဖြစ်ကြပါပြီ၊ ရဲရင့်ကြပါပြီ၊ အကြားအမြင် များကြပါပြီ၊ တရားတော်ကို ဆောင်နိုင်ကြပါပြီ၊ လောကုတ္တရာတရားနှင့် လျော်သော တရားကို ကျင့်နိုင်ကြပါပြီ၊ လျော်သော အကျင့်ကို ကျင့်နိုင်ကြပါပြီ၊ တရားနှင့်လျော်စွာ ကျင့်နိုင်ကြပါပြီ၊ မိမိတို့ ဆရာ့ဝါဒကို သင်ယူ၍ ပြောနိုင် ဟောနိုင် ပြနိုင် တည်တံ့စေနိုင် ဖွင့်နိုင် ဝေဖန်နိုင် ပေါ်လွင်စေနိုင်ကြပါပြီ၊ ပေါ်ပေါက် လာသော သူတပါးဝါဒကို အကြောင်းမှန်ဖြင့် ကောင်းစွာနှိမ်နင်း၍ အံ့ဖွယ်ရှိသောတရားကို ဟော ပြနိုင်ကြပါကုန်ပြီ။ အသျှင်ဘုရား ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ယခုအခါ ပရိနိဗ္ဗာန် ပြုတော်မူပါလော့၊ ကောင်းသောစကားကို ဆိုတတ်တော်မူသော မြတ်စွာဘုရားသည် ယခုအခါ ပရိနိဗ္ဗာန်ပြုတော်မူပါလော့၊ အသျှင်ဘုရား မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုရန် ယခုအချိန်တန်ပါ ပြီ၊ အသျှင်ဘုရား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူဘူးပါသည်'မာရ်နတ် ငါ၏တပည့် ရဟန်းမတို့သည် အကြင်မျှလောက် ကာလပတ်လုံး တတ်သိလိမ္မာမရှိကြသေး ကောင်းစွာဆုံးမပြီး မဖြစ်ကြသေး မရဲရင့်ကြသေး အကြားအမြင်မများကြသေး တရားတော်ကို မဆောင်နိုင်ကြသေး (လောကုတ္တရာ) တရားနှင့်လျော်သော တရားကို မကျင့်နိုင်ကြသေး လျော်သောအကျင့်ကို မကျင့်နိုင်ကြသေး တရားနှင့်လျော်စွာ မကျင့်နိုင်ကြသေး မိမိတို့ဆရာ့ဝါဒကို သင်ယူ၍ မပြောနိုင် မဟောနိုင် မပြနိုင် မတည်တံ့စေနိုင် မဖွင့်နိုင် မဝေဖန်နိုင် မပေါ်လွင်စေနိုင်ကြသေး ပေါ်ပေါက် လာသော သူတပါးဝါဒကို အကြောင်းမှန်ဖြင့် ကောင်းစွာနှိမ်နင်း၍ အံ့ဖွယ်ရှိသော တရားကို မဟောပြနိုင်ကြသေး၊ထိုမျှလောက် ကာလပတ်လုံး ငါသည် ပရိနိဗ္ဗာန်ပြုတော်မူလိမ့်မည်မဟုတ်' ဟု (မိန့်တော်မူဘူးပါသည်)။

အသျှင်ဘုရား ယခုအခါ မြတ်စွာဘုရား၏ တပည့်ရဟန်းမတို့သည် တတ်သိလိမ္မာ ရှိကြပါပြီ၊ ကောင်းစွာဆုံးမပြီး ဖြစ်ကြပါပြီ၊ ရဲရင့်ကြပါပြီ၊ အကြားအမြင် များကြပါပြီ၊ တရားတော်ကို

http://www.dhammadownload.com



ဆောင်နိုင်ကြပါပြီ၊ (လောကုတ္တရာ)တရားနှင့်လျော်သော တရားကို ကျင့်နိုင်ကြပါပြီ၊ လျော်သော အကျင့်ကို ကျင့်နိုင်ကြပါပြီ၊ တရားနှင့်လျော်စွာ ကျင့်နိုင်ကြပါပြီ၊ မိမိတို့ ဆရာ့ဝါဒကို သင်ယူ၍ ပြောနိုင် ဟောနိုင် ပြနိုင် တည်တံ့စေနိုင် ဖွင့်နိုင် ဝေဖန်နိုင် ပေါ်လွင်စေနိုင်ကြပါပြီ၊ ပေါ်ပေါက်လာသော သူတပါးဝါဒကို အကြောင်းမှန်ဖြင့် ကောင်းစွာ နှိမ်နင်း၍ အံ့ဖွယ်ရှိသော တရားကို ဟောပြနိုင်ကြပါကုန်ပြီ။ အသျှင်ဘုရား ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ယခုအခါ ပရိနိဗ္ဗာန်ပြုတော်မူပါလော့၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ယခုအခါ ပရိနိဗ္ဗာန်ပြုတော်မူပါလော့၊ အသျှင်ဘုရား မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုရန် ယခုအချိန် တန်ပါပြီ၊ အသျှင်ဘုရား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူဘူးပါသည် 'မာရ်နတ် ငါ၏တပည့် ဥပါသကာ ဥပါသိကာမတို့သည် အကြင်မျှလောက် ကာလပတ်လုံး တတ်သိလိမ္မာမရှိကြသေး ကောင်းစွာ ဆုံးမပြီး မဖြစ်ကြသေး မရဲရင့်ကြသေး အကြားအမြင် မများကြသေး တရားတော်ကို မဆောင်နိုင်ကြသေး (လောကုတ္တရာ)တရားနှင့် လျော်သောတရားကို မကျင့်နိုင်ကြသေး လျော်သောအကျင့်ကို မကျင့်နိုင်ကြသေး တရားနှင့်လျော်စွာ မကျင့်နိုင်ကြသေး၊ မိမိတို့ ဆရာ့ဝါဒကို သင်ယူ၍ မပြောနိုင် မဟောနိုင် မပြနိုင် မတည်တံ့စေနိုင် မဖွင့်နိုင် မဝေဖန်နိုင် မပေါ်လွင်စေနိုင်ကြကုန်သေး ပေါ်ပေါက်လာသော သူတပါးဝါဒကို အကြောင်းမှန်ဖြင့် ကောင်းစွာ နှိမ်နင်း၍ အံ့ဖွယ်ရှိသောတရားကို မဟောပြနိုင်ကြကုန်သေး၊ ထိုမျှလောက်ကာလပတ်လုံး ငါသည် ပရိနိဗ္ဗာန်ပြုတော်မူမည် မဟုတ်'ဟု (မိန့်တော်မူဘူးပါသည်)။

အသျှင်ဘုရား ယခုအခါ မြတ်စွာဘုရား၏ ဥပါသကာ ဥပါသိကာမတို့သည် တတ်သိလိမ္မာရှိကြပါပြီ၊ ကောင်းစွာဆုံးမပြီး ဖြစ်ကြပါပြီ၊ ရဲရင့်ကြပါပြီ၊ အကြားအမြင်များကြပါပြီ၊ တရားတော်ကို ဆောင်နိုင်ကြပါပြီ၊ (လောကုတ္တရာ) တရားနှင့်လျော်သော တရားကို ကျင့်နိုင်ကြပါပြီ၊ လျော်သောအကျင့်ကို ကျင့်နိုင်ကြပါပြီ၊ တရားနှင့်လျော်စွာ ကျင့်နိုင်ကြပါပြီ၊ မိမိတို့ ဆရာ့ဝါဒကို သင်ယူ၍ ပြောနိုင် ဟောနိုင် ပြနိုင် တည်တံ့စေနိုင် ဖွင့်နိုင် ဝေဖန်နိုင် ပေါ်လွင်စေနိုင်ကြပါပြီ၊ ဖြစ်ပေါ်လာသော သူတပါးဝါဒကို အကြောင်းမှန်ဖြင့် ကောင်းစွာနှိမ်နင်း၍ အံ့ဖွယ်ရှိသော တရားကို ဟောပြနိုင်ကြပါကုန်ပြီ၊ အသျှင်ဘုရား ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ယခုအခါ ပရိနိဗ္ဗာန်ပြုတော်မူပါလော့၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ယခုအခါ ပရိနိဗ္ဗာန်ပြုတော်မူပါလော့၊ အသျှင်ဘုရား မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုရန် ယခု အချိန် တန်ပါပြီ။

အသျှင်ဘုရား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူဘူးပါသည် 'မာရ်နတ် ဤငါ၏ မြတ်သော အကျင့်ဟု ဆိုအပ်သော ဤသာသနာတော်သည် (ပညာရှိ)နတ်လူတို့ ကောင်းစွာ ပြနိုင်သည့်တိုင်အောင် မပြည့်စုံသေး မစည်ပင်သေး မပြန့်ပွါးသေး လူအများမသိသေး များစွာ မဖြစ်ထွန်းသေး၊ထိုမျှလောက်ကာလပတ်လုံး ငါသည် ပရိနိဗ္ဗာန်ပြုတော်မူမည်မဟုတ်'ဟု မိန့်တော်မူဘူးပါသည်။ အသျှင်ဘုရား ယခုအခါ မြတ်စွာဘုရား၏ မြတ်သောအကျင့်ဟု ဆိုအပ်သော ဤသာသနာတော်သည်(ပညာရှိ)နတ်လူတို့ ကောင်းစွာပြနိုင်သည့်တိုင်အောင် ပြည့်စုံပါပြီ၊စည်ပင်ပါပြီ၊ ပြန့်ပွါးပါပြီ၊ လူအများသိပါပြီ၊ များစွာဖြစ်ထွန်းပါပြီ၊ အသျှင်ဘုရား ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ယခုအခါ ပရိနိဗ္ဗာန်ပြုတော်မူပါလော့၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ယခုအခါ ပရိနိဗ္ဗာန်ပြုတော်မူပါလော့၊ အသျှင်ဘုရား မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုရန် ယခုအချိန်တန်ပါပြီ"ဟု လျှောက်၏။

http://www.dhammadownload.com



ဤသို့လျှောက်သော် မြတ်စွာဘုရားသည် ယုတ်မာသောမာရ်နတ်အား ဤစကားကို မိန့်တော်မူ၏ "မာရ်နတ် သင် မကြောင့်ကြလင့်၊ မြတ်စွာဘုရား၏ ပရိနိဗ္ဗာန်ပြုခြင်းသည် မကြာမီ ဖြစ်လိမ့်မည်၊ ဤနေ့မှ သုံးလလွန်သောအခါ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုလိမ့်မည်"ဟု မိန့်တော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် စာပါလစေတီ၌(နေစဉ်)သတိရှိလျက် ဆင်ခြင်လျက် အသက်ရှည်ရန် ပြုပြင်မှု 'အာယုသင်္ခါရ'ကို စွန့်လွှတ်တော်မူ၏၊ မြတ်စွာဘုရားသည် အသက်ရှည်ရန် ပြုပြင်မှု 'အာယုသင်္ခါရ'ကို စွန့်လွှတ်သောအခါ ကြက်သီးမွေးညင်းထလျက် ကြောက်မက်ဖွယ်ရာ ကြီးစွာသော မြေလျှင်လှုပ်ခြင်းသည် ဖြစ်လေ၏၊ တော်လည်းသံ (နတ်စည်)တို့သည်လည်း တခြိမ့်ခြိမ့် မြည်ဟီးကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ထိုအကြောင်းအရာကို သိတော်မူ၍ ထိုအခိုက်ဝယ် ဤဥဒါန်းစကားကို ကျူးရင့်တော်မူ၏—

> "မြတ်စွာဘုရားသည် အတုမဲ့နိဗ္ဗာန်နှင့် အဖန်ဖန်ဖြစ်မှုဘဝကို နှိုင်းချိန်လျက် ဘဝဖြစ်ရန် ပြုပြင်တတ်သော ကံကို စွန့်ပယ်ခဲ့လေပြီ၊ အဇ္ဈတ္တတရား၌ မွေ့လျော်ကာ ကောင်းစွာ တည်ကြည်သော စိတ်ရှိသည်ဖြစ်၍ ချပ်ဝတ်နှင့်တူသော မိမိသန္တာန်၌ရှိ ကိလေသာကွန်ရက်ကို ဖျက်ဆီးခဲ့လေပြီ"ဟု (ကျူးရင့်တော်မူ၏)။

ဒသမသုတ်။

ရှေးဦးစွာသော စာပါလဝဂ် ပြီး၏။

---

## ၂-ပါသာဒကမ္မနဝဂ် ၁-ပုဗ္ဗသုတ်

၈၂၃။ သာဝတ္ထိနိဒါန်း။ရဟန်းတို့ သစ္စာတရားကို မသိမီ(ဘုရားမဖြစ်သေး၍)ဘုရားလောင်းသာ ဖြစ်သော ငါ့အား "ဣဒ္ဓိပါဒ်ကို ပွါးများခြင်း အကြောင်းအထောက်အပံ့သည် အဘယ်နည်း"ဟု ဤအကြံသည်ဖြစ်ဘူး၏။ ရဟန်းသည် ဆန္ဒကိုမှီသော သမာဓိ အားထုတ်မှုတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏၊ ဤသို့ပွါးများသည်ရှိသော် ငါ၏အလို'ဆန္ဒ'သည် အလွန်လည်း မတွန့်ဆုတ်လတ္တံ့၊ အလွန်လည်း မတက်ကြွလတ္တံ့၊ အတွင်း၌လည်း မကျုံ့လတ္တံ့၊ အပ၌လည်း မပျံ့လွင့်လတ္တံ့၊ ရှေးအဘို့၌ကဲ့သို့ နောက်အဘို့၌ရှင်း နောက်အဘို့၌ကဲ့သို့ ရှေးအဘို့၌ရှင်း အောက်အဘို့၌ကဲ့သို့ အထက်အဘို့၌ရှင်း အထက်အဘို့၌ကဲ့သို့ အောက်အဘို့၌ရှင်း နေ့အဘို့၌ကဲ့သို့ ညဉ့်အဘို့၌ရှင်း ညဉ့်အဘို့၌ကဲ့သို့ နေ့အဘို့၌ရှင်း ရှေးအဘို့ နောက်အဘို့တို့၌ အမှတ်သညာရှိသည်ဖြစ်၍ နေ၏၊ ဤသို့ မြှေးယှက်ခြင်း မရှိသော ပွင့်လင်းသော စိတ်ဖြင့် အရောင်အလင်း ရှိလာအောင် စိတ်ကို ပွါးများ၏။

ဝီရိယကိုမှီ၍ဖြစ်သော သမာဓိ အားထုတ်မှုတို့နှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏၊ ဤသို့ ပွါးများသည်ရှိသော် ငါ၏ ဝီရိယသည် အလွန်လည်း မတွန့်ဆုတ်လတ္တံ့၊ အလွန်လည်း မတက်ကြွလတ္တံ့၊ အတွင်း၌လည်း မကျုံ့လတ္တံ့၊ အပ၌လည်း မပျံ့လွင့်လတ္တံ့၊ ရှေးအဘို့၌ကဲ့သို့ နောက်အဘို့၌ရှင်း နောက်အဘို့၌ကဲ့သို့ ရှေးအဘို့၌ရှင်း အောက်အဘို့၌ကဲ့သို့ အထက်အဘို့၌ရှင်း အထက်အဘို့၌ကဲ့သို့ အောက်အဘို့၌ရှင်း နေ့အဘို့၌ကဲ့သို့ ညဉ့်အဘို့၌ရှင်း ညဉ့်အဘို့၌ကဲ့သို့ နေ့အဘို့၌ရှင်း ရှေးအဘို့ နောက်အဘို့၌ အမှတ်သညာရှိသည်ဖြစ်၍နေ၏၊ ဤသို့ မြှေးယှက်ခြင်းမရှိသော ပွင့်လင်းသော စိတ်ဖြင့် အရောင်အလင်းရှိလာအောင် စိတ်ကို ပွါးများ၏။

http://www.dhammadownload.com



စိတ်ကိုမှီ၍ဖြစ်သော သမာဓိ အားထုတ်မှုတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏၊ ဤသို့ ပွါးများသည်ရှိသော် ငါ၏ စိတ်သည် အလွန်လည်း မတွန့်ဆုတ်လတ္တံ့၊ အလွန်လည်း မတက်ကြွလတ္တံ့၊ အတွင်း၌လည်း မကြုံ့လတ္တံ့၊ အပ၌လည်း မပျံ့လွင့်လတ္တံ့၊ ရှေးအဘို့၌ကဲ့သို့ နောက်အဘို့၌ရှင်း နောက်အဘို့၌ကဲ့သို့ ရှေးအဘို့၌ရှင်း အောက်အဘို့၌ကဲ့သို့ အထက်အဘို့၌ရှင်း အထက်အဘို့၌ကဲ့သို့ အောက်အဘို့၌ရှင်း နေ့အဘို့၌ကဲ့သို့ ညဉ့်အဘို့၌ရှင်း ညဉ့်အဘို့၌ကဲ့သို့ နေ့အဘို့၌ရှင်း ရှေးအဘို့နောက်အဘို့တို့၌ အမှတ်သညာရှိသည်ဖြစ်၍နေ၏၊ ဤသို့မြဲ့ယှက်ခြင်း မရှိသော ပွင့်လင်းသော စိတ်ဖြင့် အရောင်အလင်း ရှိလာအောင် စိတ်ကို ပွါးများ၏။

ပညာကို မှီ၍ဖြစ်သော သမာဓိ အားထုတ်မှုတို့နှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏၊ ဤသို့ ပွါးများသည်ရှိသော် ငါ၏ ပညာသည် အလွန်လည်း မတွန့်ဆုတ်လတ္တံ့၊ အလွန်လည်း မတက်ကြွလတ္တံ့၊ အတွင်း၌လည်း မကြုံ့လတ္တံ့၊ အပ၌လည်း မပျံ့လွင့်လတ္တံ့၊ ရှေးအဘို့၌ကဲ့သို့ နောက်အဘို့၌ရှင်း နောက်အဘို့၌ကဲ့သို့ ရှေးအဘို့၌ရှင်း အောက်အဘို့၌ကဲ့သို့ အထက်အဘို့၌ရှင်း အထက်အဘို့၌ကဲ့သို့ အောက်အဘို့၌ရှင်း နေ့အဘို့၌ကဲ့သို့ ညဉ့်အဘို့၌ရှင်း ညဉ့်အဘို့၌ကဲ့သို့ နေ့အဘို့၌ရှင်း ရှေးအဘို့နောက်အဘို့တို့၌ အမှတ်သညာ ရှိသည်ဖြစ်၍ နေ၏၊ ဤသို့ မြဲ့ယှက်ခြင်းမရှိသော ပွင့်လင်းသော စိတ်ဖြင့် အရောင်အလင်းရှိလာအောင် စိတ်ကို ပွါးများ၏။

ရဟန်းသည် ဣဒ္ဓိပါဒ်လေးပါးတို့ကို ဤသို့ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည် ရှိသော် များပြားသော တန်ခိုးဖန်ဆင်းခြင်းကို ပြီးစေ၏၊ တယောက်တည်း ဖြစ်လျက်လည်း အများဖြစ်သွား၏၊ အများဖြစ်လျက်လည်း တယောက်တည်းဖြစ်လာ၏၊ ကိုယ်ကို ထင်ရှားဖြစ်စေ၏၊ ကိုယ်ကို ပျောက်ကွယ်စေ၏၊ နံရံတဖက် တံတိုင်းတဖက် တောင်တဖက်သို့ မထိမငြိပဲ ကောင်းကင်၌ကဲ့သို့ သွားနိုင်၏၊ မြေ၌လည်း ငုပ်ခြင်း ပေါ်ခြင်းကို ရေ၌ကဲ့သို့ ပြုနိုင်၏၊ ရေ၌လည်း မကွဲစေပဲ မြေ၌ကဲ့သို့ သွားနိုင်၏၊ ကောင်းကင်၌လည်း ထက်ပယ်ဖွဲ့ခွေလျက် အတောင်ရှိသော ငှက်ကဲ့သို့ သွားနိုင်၏၊ ဤသို့တန်ခိုးကြီးကုန်သော ဤသို့ အာနုဘော်ကြီးကုန်သော ဤလနေတို့ကိုလည်း လက်ဖြင့် သုံးသပ်နိုင်၏၊ ဆုပ်ကိုင်နိုင်၏၊ ဗြဟ္မာ့ပြည်တိုင်အောင်လည်း ကိုယ်ကို မိမိ အလိုအတိုင်း ဖြစ်စေနိုင်၏။

ရဟန်းသည် ဣဒ္ဓိပါဒ်လေးပါးတို့ကို ဤသို့ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည် ရှိသော် အထူးသဖြင့် စင်ကြယ်သော လူတို့၏ နားကို လွန်သော နတ်တို့၏ နားနှင့် တူသောနား 'ဒိဗ္ဗသောတဉာဏ်' ဖြင့် နတ်၌လည်း ဖြစ်ကုန် လူ၌လည်း ဖြစ်ကုန်သော ဝေးသည်လည်း ဖြစ်ကုန် နီးသည်လည်း ဖြစ်ကုန်သော နှစ်မျိုးသော အသံတို့ကို ကြားနိုင်၏။

ရဟန်းသည် ဣဒ္ဓိပါဒ်လေးပါးတို့ကို ဤသို့ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည် ရှိသော် တပါးသော သတ္တဝါ တပါးသောပုဂ္ဂိုလ်တို့၏ စိတ်ကို (မိမိ) စိတ်ဖြင့် ပိုင်းခြား၍ သိ၏၊ တပ်မက်ခြင်း 'ရာဂ'နှင့် တကွသော စိတ်ကိုလည်း "တပ်မက်ခြင်း 'ရာဂ'နှင့် တကွသောစိတ်" ဟု သိ၏၊ တပ်မက်ခြင်း 'ရာဂ' ကင်းသော စိတ်ကိုလည်း "တပ်မက်ခြင်း 'ရာဂ' ကင်းသောစိတ်" ဟု သိ၏၊ အမျက်ထွက်ခြင်း 'ဒေါသ'နှင့်တကွသော စိတ်ကိုလည်း "အမျက်ထွက်ခြင်း 'ဒေါသ'နှင့် တကွသော စိတ်"ဟု သိ၏၊ အမျက်ထွက်ခြင်း 'ဒေါသ' ကင်းသော စိတ်ကိုလည်း "အမျက်ထွက်ခြင်း 'ဒေါသ' ကင်းသော စိတ်"ဟု သိ၏၊ တွေဝေခြင်း 'မောဟ'နှင့် တကွသော စိတ်ကိုလည်း "တွေဝေခြင်း

http://www.dhammadownload.com



မောဟ'နှင့် တကွသော စိတ်'' ဟု သိ၏၊ တွေဝေခြင်း 'မောဟ' ကင်းသော စိတ်ကိုလည်း ''တွေဝေခြင်း 'မောဟ' ကင်းသော စိတ်'' ဟု သိ၏၊ ကြုံ့သော 'သခိတ္တ' စိတ်ကိုလည်း ''ကြုံ့သော 'သံခိတ္တ'စိတ်''ဟုသိ၏၊ ပျံ့သော'ဝိက္ခိတ္တ'စိတ်ကိုလည်း ''ပျံ့သော 'ဝိက္ခိတ္တ'စိတ်'' ဟု သိ၏၊ မြတ်သည်၏ အဖြစ်သို့ရောက်သော 'မဟဂ္ဂုတ်' စိတ်ကိုလည်း ''မြတ်သည်၏ အဖြစ်သို့ရောက်သော 'မဟဂ္ဂုတ်'စိတ်'' ဟု သိ၏၊ မြတ်သည်၏ အဖြစ်သို့ မရောက်သော 'အမဟဂ္ဂုတ်'စိတ်ကိုလည်း ''မြတ်သည်၏ အဖြစ်သို့ မရောက်သော 'အမဟဂ္ဂုတ်'စိတ်''ဟု သိ၏၊ သာလွန်သော တရားရှိသော 'သဥတ္တရ'စိတ်ကိုလည်း ''သာလွန်သော တရားရှိသော 'သဥတ္တရ'စိတ်''ဟု သိ၏၊ သာလွန်သော တရားမရှိသော 'အနုတ္တရ'စိတ်ကိုလည်း ''သာလွန်သော တရားမရှိသော 'အနုတ္တရ'စိတ်'' ဟု သိ၏၊ တည်ကြည်သော'သမာဟိတ' စိတ်ကိုလည်း ''တည်ကြည်သော'သမာဟိတ' စိတ်''ဟု သိ၏၊ မတည်ကြည်သော'အသမာဟိတ'စိတ်ကိုလည်း''မတည်ကြည်သော 'အသမာဟိတ'စိတ်''ဟု သိ၏၊ လွတ်မြောက်သော 'ဝိမုတ္တ'စိတ်ကိုလည်း ''လွတ်မြောက်သော 'ဝိမုတ္တ'စိတ်'' ဟု သိ၏၊ မလွတ်မြောက်သော'အဝိမုတ္တ'စိတ်ကိုလည်း''မလွတ်မြောက်သော 'အဝိမုတ္တ'စိတ်''ဟု သိ၏။

ရဟန်းသည် ဣဒ္ဓိပါဒ် လေးပါးတို့ကို ဤသို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည် ရှိသော် များပြားသော ရှေး၌ ဖြစ်ဘူးသော ဘဝကို အောက်မေ့ နိုင်၏။ ဤသည်ကား အဘယ်နည်း၊ တဘဝကိုင်း နှစ်ဘဝတို့ကိုင်း သုံးဘဝတို့ကိုင်း လေးဘဝတို့ကိုင်း ငါးဘဝတို့ကိုင်း ဆယ်ဘဝတို့ကိုင်း ဘဝနှစ်ဆယ်တို့ကိုင်း ဘဝသုံးဆယ်တို့ကိုင်း ဘဝလေးဆယ်တို့ကိုင်း ဘဝငါးဆယ်တို့ကိုင်း ဘဝတရာကိုင်း ဘဝတထောင်ကိုင်း ဘဝတသိန်းကိုင်း များပြားသော ပျက်ကပ်တို့ကိုင်း များပြားသော ဖြစ်ကပ်တို့ကိုင်း များပြားသော ပျက်ကပ်ဖြစ်ကပ်တို့ကိုင်း ''ဤမည်သောဘဝ၌ (ငါသည်) ဤသို့သော အမည်ရှိခဲ့၏၊ ဤသို့သော အနွယ်ရှိခဲ့၏၊ ဤသို့သော အဆင်းရှိခဲ့၏၊ ဤသို့သော အစာရှိခဲ့၏၊ ဤသို့သော ချမ်းသာ ဆင်းရဲကို ခံစားခဲ့၏၊ ဤသို့သော အသက်အပိုင်းအခြား ရှိခဲ့၏၊ ထိုငါသည် ထိုဘဝမှသေခဲ့၍ ဤမည်သောဘဝ၌ ဖြစ်ပြန်၏၊ ထိုဘဝ၌လည်း ဤသို့သော အမည်ရှိခဲ့၏၊ ဤသို့သော အနွယ်ရှိခဲ့၏၊ ဤသို့သော အဆင်း ရှိခဲ့၏၊ ဤသို့သော အစာရှိခဲ့၏၊ ဤသို့သော ချမ်းသာ ဆင်းရဲကို ခံစားခဲ့၏၊ ဤသို့သော အသက်အပိုင်းအခြား ရှိခဲ့၏၊ ထိုငါသည် ထိုဘဝမှ သေခဲ့၍ ဤဘဝ၌ ဖြစ်ပြန်၏'' ဟု ညွှန်းပြဖွယ် အမည်အနွယ်နှင့်တကွ များပြားသော ရှေး၌ဖြစ်ဘူးသောဘဝကို အောက်မေ့နိုင်၏။

ရဟန်းသည် ဣဒ္ဓိပါဒ်လေးပါးတို့ကို ဤသို့ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည် ရှိသော် အထူးသဖြင့် စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်မျက်စိနှင့်တူသော မျက်စိ 'ဒိဗ္ဗစက္ခုဉာဏ်'ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သော သတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသောလားရာရှိသော သတ္တဝါ မကောင်းသော လားရာရှိသောသတ္တဝါတို့ကို မြင်၏၊ ကံအားလျော်စွာ ဖြစ်ပေါ်သော သတ္တဝါတို့ကို သိ၏ ''အချင်းတို့ ဤသတ္တဝါတို့သည် ကိုယ်ဖြင့်ပြုသော မကောင်းသောအကျင့် 'ကာယဒုစရိုက်'နှင့် ပြည့်စုံကုန်၏၊ နှုတ်ဖြင့်ပြုသော မကောင်းသောအကျင့် 'ဝစီဒုစရိုက်'နှင့် ပြည့်စုံကုန်၏၊ စိတ်ဖြင့်ပြုသော မကောင်းသောအကျင့် 'မနောဒုစရိုက်'နှင့် ပြည့်စုံကုန်၏၊ အရိယာတို့ကို စွပ်စွဲကုန်၏၊ မှားသော အယူရှိကုန်၏၊ မှားသောအယူဖြင့် ပြုသောကံ ရှိကုန်၏၊ ထိုသတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ချမ်းသာကင်းသော မကောင်း

http://www.dhammadownload.com



သောလားရာ ပျက်စီးကျရောက်ရာရ၍ ဖြစ်ပေါ်ကုန်၏၊ "အချင်းတို့ ဤသတ္တဝါတို့သည်ကား ကိုယ်ဖြင့်ပြုသော ကောင်းသောအကျင့် 'ကာယသုစရိုက်'နှင့် ပြည့်စုံကုန်၏၊ နှုတ်ဖြင့်ပြုသော ကောင်းသောအကျင့် 'ဝစီသုစရိုက်'နှင့် ပြည့်စုံကုန်၏၊ စိတ်ဖြင့်ပြုသော ကောင်းသောအကျင့် 'မနောသုစရိုက်'နှင့် ပြည့်စုံကုန်၏၊ အရိယာတို့ကို မစွပ်စွဲကုန်၊ မှန်သောအယူရှိကုန်၏၊ မှန်သော အယူဖြင့် ပြုသောကံရှိကုန်၏၊ ထိုသတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောလားရာ နတ်ပြည်၌ဖြစ်ပေါ်ကုန်၏"ဟု သိနိုင်၏။ ဤသို့လျှင် စင်ကြယ်သောလူတို့၏ မျက်စိထက်သာလွန်သော နတ်မျက်စိနှင့်တူသော မျက်စိ 'ဒိဗ္ဗစက္ခုဉာဏ်'ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သောသတ္တဝါ အဆင်းလှသောသတ္တဝါ အဆင်းမလှသောသတ္တဝါ ကောင်းသောလားရာရှိသောသတ္တဝါ မကောင်းသော လားရာရှိသောသတ္တဝါတို့ကို မြင်၏၊ ကံအားလျော်စွာ ဖြစ်ပေါ်သောသတ္တဝါတို့ကို သိ၏။

ရဟန်းသည် ဣဒ္ဓိပါဒ်လေးပါးတို့ကို ဤသို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည် ရှိသော် အာသဝကုန်ခြင်းကြောင့် အာသဝကင်းသော (ကိလေသာမှ) လွတ်မြောက်သော 'အရဟတ္တဖိုလ်'စိတ်နှင့် လွတ်မြောက်သော 'အရဟတ္တဖိုလ်' ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍နေ၏ဟု အကြံဖြစ်ခဲ့ဘူး၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-မဟပ္ဖလသုတ်

၈၂၄။ ရဟန်းတို့ ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည် ရှိသော်အကျိုးကြီးကုန်၏၊ အာနိသင်ကြီးကုန်၏။ ရဟန်းတို့ ဣဒ္ဓိပါဒ်လေးပါးတို့ကို အဘယ်သို့ ပွါးများအပ် ကြိမ်ဖန်များစွာပြုလုပ်အပ်ကုန်သည်ရှိသော် အကျိုးကြီးကုန်သနည်း၊ အာနိသင်ကြီးကုန်သနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆန္ဒကိုမှီ၍ဖြစ်သော သမာဓိ အားထုတ်မှုတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏။ ဤသို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် ငါ၏ဆန္ဒသည် အလွန်လည်း မတွန့်ဆုတ်လတ္တံ့၊ အလွန်လည်း မတက်ကြွလတ္တံ့၊ အတွင်း၌လည်း မကျုံ့လတ္တံ့၊ အပ၌လည်း မပျံ့လွင့်လတ္တံ့၊ ရှေးအဘို့၌ကဲ့သို့ နောက်အဘို့၌ရှိရင်း နောက်အဘို့၌ကဲ့သို့ ရှေးအဘို့၌ရှိရင်း အောက်အဘို့၌ကဲ့သို့ အထက်အဘို့၌ရှိရင်း အထက်အဘို့၌ကဲ့သို့ အောက်အဘို့၌ရှိရင်း နေ့အဘို့၌ကဲ့သို့ ညဥ့်အဘို့၌ရှိရင်း ညဥ့်အဘို့၌ကဲ့သို့ နေ့အဘို့၌ရှိရင်း ရှေးအဘို့ နောက်အဘို့တို့၌ အမှတ်သညာရှိသည်ဖြစ်၍ နေ၏၊ ဤသို့မြဲ့ယှက်ခြင်းမရှိသော ပွင့်လင်းသော စိတ်ဖြင့် အရောင်အလင်းရှိလာအောင် စိတ်ကို ပွါးများ၏။

ဝီရိယကိုမှီ၍ဖြစ်သော သမာဓိ။ပ။ စိတ်ကို မှီ၍ဖြစ်သော သမာဓိ။ပ။ ပညာကို မှီ၍ဖြစ်သော သမာဓိ အားထုတ်မှုတို့နှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏။ ဤသို့ ပွါးများသည်ရှိသော် ငါ၏ပညာသည် အလွန်လည်း မတွန့်ဆုတ်လတ္တံ့၊ အလွန်လည်း မတက်ကြွလတ္တံ့၊ အတွင်း၌လည်း မကျုံ့လတ္တံ့၊ အပ၌လည်း မပျံ့လွင့်လတ္တံ့၊ ရှေးအဘို့၌ကဲ့သို့ နောက်အဘို့၌ရှိရင်း နောက်အဘို့၌ ကဲ့သို့ ရှေးအဘို့၌ရှိရင်း အောက်အဘို့၌ကဲ့သို့ အထက်အဘို့၌ရှိရင်း အထက်အဘို့၌ကဲ့သို့ အောက်အဘို့

http://www.dhammadownload.com



ဥ်ရှင်း နေ့အဘို့ဥ်ကဲ့သို့ ညဉ့်အဘို့ဥ်ရှင်း ညဉ့်အဘို့ဥ်ကဲ့သို့ နေ့အဘို့ဥ်ရှင်း ရှေးအဘို့နောက်အဘို့တို့၌ အမှတ်သညာရှိသည်ဖြစ်၍ နေ၏၊ ဤသို့မြွေးယှက်ခြင်းမရှိသော ပွင့်လင်းသောစိတ်ဖြင့် အရောင်အလင်းရှိလာအောင် စိတ်ကို ပွါးများ၏။ ရဟန်းတို့ ဤသို့လျှင် ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများအပ်ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် အကျိုးကြီးကုန်၏၊ အာနိသင်ကြီးကုန်၏။

ရဟန်းတို့ ရဟန်းသည် ဣဒ္ဓိပါဒ်လေးပါးတို့ကို ဤသို့ပွါးများအပ် ကြိမ်ဖန်များစွာပြုလုပ်အပ်ကုန်သည်ရှိသော် များပြားသော တန်ခိုးဖန်ဆင်းခြင်းကို ပြီးစေ၏၊ တယောက်တည်းဖြစ်လျက်လည်း အများဖြစ်သွား၏။ပ။ဗြဟ္မာ့ပြည်တိုင်အောင်လည်း ကိုယ်ကို မိမိအလိုအတိုင်း ဖြစ်စေနိုင်၏။ပ။

ရဟန်းတို့ ရဟန်းသည် ဣဒ္ဓိပါဒ်လေးပါးတို့ကို ဤသို့ ပွါးများအပ် ကြိမ်ဖန်များစွာပြုလုပ်အပ်ကုန်သည်ရှိသော် အာသဝကုန်ခြင်းကြောင့် အာသဝကင်းသော (ကိလေသာမှ)လွတ်မြောက်သော 'အရဟတ္တဖိုလ်' စိတ်နှင့် လွတ်မြောက်သော 'အရဟတ္တဖိုလ်' ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍နေရ၏ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

## ၃-ဆန္ဒသမာဓိသုတ်

၈၂၅။ ရဟန်းတို့ ရဟန်းသည် ဆန္ဒကိုမှီ၍ သမာဓိကိုရခဲ့မူ စိတ်၏အာရုံတခုတည်း၌ဖြစ်မှု 'ဧကဂ္ဂတာ'ကို ရခဲ့မူ ဤသမာဓိမျိုးကို ဆန္ဒသမာဓိဟု ဆိုအပ်၏။ ထိုရဟန်းသည် မဖြစ်ကုန်သေးသော ယုတ်ညံ့သော အကုသိုလ်တရားတို့ကို မဖြစ်စေရန် အလို'ဆန္ဒ'ကို ဖြစ်စေ၏၊ ကြိုးစား၏၊ ဝီရိယကို အားထုတ်၏၊ စိတ်ကို ချီးမြှောက်၏၊ ဆောက်တည်၏။ ဖြစ်ကုန်ပြီးသော ယုတ်ညံ့သော အကုသိုလ်တရားတို့ကို ပယ်စွန့်ရန် အလို'ဆန္ဒ'ကို ဖြစ်စေ၏၊ ကြိုးစား၏၊ ဝီရိယကို အားထုတ်၏၊ စိတ်ကိုချီးမြှောက်၏၊ ဆောက်တည်၏။ မဖြစ်ကုန်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေရန် အလို 'ဆန္ဒ'ကို ဖြစ်စေ၏၊ ကြိုးစား၏ ဝီရိယကို အားထုတ်၏၊ စိတ်ကို ချီးမြှောက်၏၊ ဆောက်တည်၏။ ဖြစ်ကုန်ပြီးသော ကုသိုလ်တရားတို့ကို တည်တံ့စေရန် မပျောက်ပျက်စေရန် အလွန်တိုးပွါးစေရန် ပြန့်ပြောစေရန် ပွါးများမှုပြည့်စုံစေရန် အလို'ဆန္ဒ'ကို ဖြစ်စေ၏၊ကြိုးစား၏၊ ဝီရိယကို အားထုတ်၏၊ စိတ်ကိုချီးမြှောက်၏၊ ဆောက်တည်၏။ ဤတရားတို့ကို အားထုတ်မှုတို့ဟု ဆိုအပ်ကုန်၏။ ဤသို့လျှင် ဤသည်ကား ဆန္ဒတည်း၊ ဤသည်ကား ဆန္ဒကိုမှီ၍ဖြစ်သော သမာဓိတည်း၊ ဤသည်တို့ကား အားထုတ်မှုတို့တည်း။ ရဟန်းတို့ ဤသည်ကို ဆန္ဒကိုမှီ၍ဖြစ်သော သမာဓိ အားထုတ်မှုတို့နှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်ဟု ဆိုအပ်၏။

ရဟန်းတို့ ရဟန်းသည် ဝီရိယကိုမှီ၍ သမာဓိကို ရခဲ့မူ စိတ်၏အာရုံတခုတည်း၌ ဖြစ်မှု 'ဧကဂ္ဂတာ'ကို ရခဲ့မူ ဤသမာဓိမျိုးကို ဝီရိယသမာဓိဟု ဆိုအပ်၏။ထိုရဟန်းသည် မဖြစ်ကုန်သေးသော ယုတ်ညံ့ကုန်သော။ပ။ ဖြစ်ကုန်ပြီးသော ကုသိုလ်တရားတို့ကို တည်တံ့စေရန် မပျောက်ပျက်စေရန် အလွန်တိုးပွါးစေရန် ပြန့်ပြောစေရန် ပွါးများမှုပြည့်စုံစေရန် အလို 'ဆန္ဒကို' ဖြစ်စေ၏၊ ကြိုးစား၏၊ ဝီရိယကို အားထုတ်၏၊ စိတ်ကို ချီးမြှောက်၏၊ ဆောက်တည်၏။ ဤတရားတို့ကို

http://www.dhammadownload.com



အားထုတ်မှုတို့ဟု ဆိုအပ်ကုန်၏။ ဤသို့လျှင် ဤသည်ကား အားထုတ်မှု'ဝီရိယ'တည်း၊ ဤသည်ကား အားထုတ်မှု 'ဝီရိယ'ကို မှီ၍ဖြစ်သော တည်ကြည်မှု 'သမာဓိ'တည်း၊ ဤသည်တို့ကား အားထုတ်မှုတို့တည်း။ ရဟန်းတို့ ဤသည်ကို ဝီရိယကိုမှီ၍ဖြစ်သော သမာဓိ အားထုတ်မှုတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ဟု ဆိုအပ်၏။

ရဟန်းတို့ ရဟန်းသည် စိတ်ကိုမှီ၍ သမာဓိကိုရခဲ့မူ စိတ်၏အာရုံတခုတည်း၌ ဖြစ်မှု'ဧကဂ္ဂတာ'ကို ရခဲ့မူ ဤသမာဓိမျိုးကို စိတ္တသမာဓိဟု ဆိုအပ်၏။ ထိုရဟန်းသည် မဖြစ်ကုန်သေးသော ယုတ်ညံ့ကုန်သော။ပ။ ဖြစ်ကုန်ပြီးသော ကုသိုလ်တရားတို့ကို တည်တံ့စေရန် မပျောက်ပျက်စေရန် အလွန်တိုးပွါးစေရန် ပြန့်ပြောစေရန် ပွါးများမှုပြည့်စုံစေရန် ဆန္ဒကို ဖြစ်စေ၏၊ ကြိုးစား၏၊ ဝီရိယကို အားထုတ်၏၊ စိတ်ကို ချီးမြှောက်၏၊ ဆောက်တည်၏။ ဤတရားတို့ကို အားထုတ်မှုတို့ဟု ဆိုအပ်ကုန်၏။ ဤသို့လျှင် ဤသည်ကား စိတ်တည်း၊ ဤသည်ကား စိတ်ကို မှီ၍ဖြစ်သော သမာဓိတည်း၊ ဤသည်တို့ကား အားထုတ်မှုတို့တည်း။ ရဟန်းတို့ ဤသည်ကို စိတ်ကို မှီ၍ဖြစ်သော သမာဓိ အားထုတ်မှုတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ဟု ဆိုအပ်၏။

ရဟန်းတို့ ရဟန်းသည် ပညာကိုမှီ၍ သမာဓိကိုရခဲ့မူ စိတ်၏အာရုံတခုတည်း၌ဖြစ်မှု'ဧကဂ္ဂတာ'ကိုရခဲ့မူ ဤသမာဓိမျိုးကို ဝီမံသာသမာဓိဟု ဆိုအပ်၏။ ထိုရဟန်းသည် မဖြစ်ကုန်သေးသော ယုတ်ညံ့သော အကုသိုလ်တရားတို့ကို မဖြစ်စေရန် အလို'ဆန္ဒ'ကို ဖြစ်စေ၏၊ ကြိုးစား၏၊ ဝီရိယကို အားထုတ်၏၊ စိတ်ကို ချီးမြှောက်၏၊ ဆောက်တည်၏။ပ။ ဖြစ်ကုန်ပြီးသော ကုသိုလ်တရားတို့ကို တည်တံ့စေရန် မပျောက်ပျက်စေရန် အလွန်တိုးပွါးစေရန် ပြန့်ပြောစေရန် ပွါးများမှုပြည့်စုံစေရန် အလို'ဆန္ဒ'ကို ဖြစ်စေ၏၊ ကြိုးစား၏ ဝီရိယကို အားထုတ်၏၊ စိတ်ကို ချီးမြှောက်၏၊ ဆောက်တည်၏၊ ဤတရားတို့ကို အားထုတ်မှုတို့ဟု ဆိုအပ်ကုန်၏။ ဤသို့လျှင် ဤသည်ကား ပညာတည်း၊ ဤသည်ကား ပညာကိုမှီ၍ဖြစ်သော သမာဓိတည်း၊ ဤသည်တို့ကား အားထုတ်မှုတို့တည်း။ ရဟန်းတို့ ဤသည်ကို ပညာကိုမှီ၍ဖြစ်သော သမာဓိ အားထုတ်မှုတို့နှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်ဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

## ၄-မောဂ္ဂလာနသုတ်

၇၂၆။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်— အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်း မိဂါရမာတာ ဝိသာခါ ဆောက်လုပ်အပ်သောပြာသာဒ်၌ (သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ များစွာသောရဟန်းတို့သည် စိတ်ပျံ့လွင့်ကုန် အချည်းနှီး ထောင်လွှားကုန် လျှပ်ပေါ်ကုန် နှုတ်ကြမ်းကုန် ပြန့်ကြဲသောစကားရှိကုန် သတိလွတ်ကုန် ဆင်ခြင်ဉာဏ်မရှိကုန် မတည်ကြည်ကုန် စိတ်တုန်လှုပ်ကုန်သည်ဖြစ်၍ ဣန္ဒြေကို မစောင့်စည်းပဲ မိဂါရမာတာ ဝိသာခါ ဆောက်လုပ်သော ပြာသာဒ်အောက်၌ နေကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် အသျှင်မဟာမောဂ္ဂလာန်အား—"မောဂ္ဂလာန် ဤသီတင်းသုံးဖော်တို့သည် စိတ်ပျံ့လွင့်ကုန် အချည်းနှီး ထောင်လွှားကုန် လျှပ်ပေါ်ကုန် နှုတ်ကြမ်းကုန် ပြန့်ကြဲသောစကားရှိကုန် သတိလွတ်ကုန် ဆင်ခြင်ဉာဏ်မရှိကုန် မတည်ကြည်ကုန် စိတ်တုန်လှုပ်ကုန်သည်ဖြစ်၍ ဣန္ဒြေကို မစောင့်စည်းပဲ မိဂါရမာတာ ဝိသာခါ ဆောက်လုပ်သော ပြာသာဒ်အောက်၌နေကုန်၏၊ မောဂ္ဂလာန် သွားချေ၊ ထိုရဟန်းတို့ကို ထိတ်လန့်စေလော့"ဟု မိန့်တော်မူ၏။

http://www.dhammadownload.com



အသျှင်မဟာမောဂ္ဂလာန်သည် "အသျှင်ဘုရား ကောင်းပါပြီ"ဟု မြတ်စွာဘုရားအား ဝန်ခံ၍ ခြေမဖြင့် မိဂါရမာတာ ဝိသာခါ ဆောက်လုပ်သော ပြာသာဒ်ကို အထက်မှ အောက်သို့ လှုပ်စေနိုင်သော အောက်မှ အထက်သို့ လှုပ်စေနိုင်သော ဘေးတိုက် လှုပ်စေနိုင်သော အဘိညာဉ်တန်ခိုးကို ဖန်ဆင်းလေ၏။ ထိုအခါ ထိုရဟန်းတို့သည် ထိတ်လန့်ကုန် ကြက်သီးမွေးညင်းထကုန်သည်ဖြစ်၍ တခုသောနေရာ၌ ရပ်တည်ကုန်၏။ အသျှင်တို့ အံ့ဖွယ်ရှိစွတကား၊ အသျှင်ဘို့ မဖြစ်ဘူးမြဲဖြစ်စွတကား၊ လေလည်း မတိုက်၊ ဤမိဂါရမာတာ ဝိသာခါ ဆောက်လုပ်သော ပြာသာဒ်သည်လည်း နက်သောတွင်းရှိ၏၊ ကောင်းစွာ စိုက်ထူထား၏၊ မလှုပ်ရှားနိုင်၊ မတုန်လှုပ်နိုင်၊ သို့ဖြစ်ပါလျက်လည်း အထက်မှ အောက်သို့ လှုပ်၏၊အောက်မှ အထက်သို့ လှုပ်၏၊ဘေးတိုက် လှုပ်၏ဟု ပြောဆိုကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ထိုရဟန်းတို့ထံသို့ ချဉ်းကပ်တော်မူ၍ ထိုရဟန်းတို့အား "ရဟန်းတို့ သင်တို့သည် အဘယ့်ကြောင့် ထိတ်လန့်ကုန်သည် ကြက်သီးမွေးညင်းထကုန်သည်ဖြစ်၍ တခုသော နေရာ၌ ရပ်တည်ကုန်သနည်း"ဟု ဤစကားကို မိန့်တော်မူ၏။ အသျှင်ဘုရား အံ့ဖွယ်ရှိပါပေစွ၊ အသျှင်ဘုရား မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ၊ လေလည်း မတိုက်၊ ဤမိဂါရမာတာ ဝိသာခါ ဆောက်လုပ်သောပြာသာဒ်သည်လည်း နက်သောတွင်းရှိ၏၊ ကောင်းစွာ စိုက်ထူထား၏၊ မလှုပ်ရှားနိုင်ပါ၊ မတုန်လှုပ်နိုင်ပါ၊ သို့ဖြစ်ပါလျက်လည်း အထက်မှ အောက်သို့ လှုပ်ပါ၏၊ အောက်မှ အထက်သို့ လှုပ်ပါ၏၊ ဘေးတိုက် လှုပ်ပါ၏ဟု လျှောက်ကုန်၏။ ရဟန်းတို့ မောဂ္ဂလာန်မည်သော ရဟန်းသည် သင်တို့ကို ထိတ်လန့်စေလိုသောကြောင့် ခြေမဖြင့် မိဂါရမာတာဝိသာခါ ဆောက်လုပ်သော ပြာသာဒ်ကို အထက်မှ အောက်သို့ လှုပ်စေ၏၊ အောက်မှ အထက်သို့ လှုပ်စေ၏၊ ဘေးတိုက်လှုပ်စေ၏။ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ အဘယ်တရားတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာပြုလုပ်ခြင်းကြောင့် မောဂ္ဂလာန်မည်သော ရဟန်းသည် ဤသို့ တန်ခိုးကြီးသနည်း၊ ဤသို့ အာနုဘော်ကြီးသနည်းဟု မိန့်တော်မူ၏။ အသျှင်ဘုရား တပည့်တော်တို့အား တရားမတော်တို့သည် မြတ်စွာဘုရားလျှင် အရင်းအမြစ်ရှိပါကုန်၏၊မြတ်စွာဘုရားလျှင် ထုတ်ဆောင်သူရှိပါကုန်၏၊ မြတ်စွာဘုရားလျှင် ကိုးကွယ်ရာ ရှိပါကုန်၏၊ အသျှင်ဘုရား တောင်းပန်ပါ၏၊ ဤဟောအပ်သော တရား၏အနက်ကို မြတ်စွာဘုရား၏ ဉာဏ်၌သာလျှင် ထင်ပါစေလော့၊ မြတ်စွာဘုရား၏ အထံတော်မှကြားနာရသည်ရှိသော် ရဟန်းတို့သည် ဆောင်ထားရပါကုန်လတ္တံ့ဟု လျှောက်ကုန်၏။

ရဟန်းတို့ သို့ဖြစ်လျှင် နာကြကုန်လော့၊ ရဟန်းတို့ ဤဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာပြုလုပ်ခြင်းကြောင့် မောဂ္ဂလာန်မည်သော ရဟန်းသည် ဤသို့ တန်ခိုးကြီး၏၊ ဤသို့ အာနုဘော်ကြီး၏။ အဘယ်လေးပါးတို့နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ မောဂ္ဂလာန်မည်သော ရဟန်းသည် ဆန္ဒကို မှီ၍ဖြစ်သောသမာဓိ အားထုတ်မှုတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏၊ ဝီရိယကို မှီ၍ဖြစ်သော သမာဓိ။ပ။ စိတ်ကို မှီ၍ဖြစ်သော သမာဓိ။ပ။ ပညာကို မှီ၍ဖြစ်သောသမာဓိ အားထုတ်မှုတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏။ ဤသို့ ပွါးများသည်ရှိသော် ငါ၏ ပညာသည် အလွန်လည်း မတွန့်ဆုတ်လတ္တံ့၊ အလွန်လည်း မတက်ကြွလတ္တံ့၊ အတွင်း၌လည်း မကျုံ့လတ္တံ့၊ အပ၌လည်း မပျံ့လွင့်လတ္တံ့၊ ရှေးအဘို့၌ကဲ့သို့ နောက်အဘို့၌ရင်း နောက်အဘို့၌ကဲ့သို့ ရှေးအဘို့၌ရင်း အောက်အဘို့၌ကဲ့သို့ အထက်အဘို့၌ရင်း အထက်အဘို့၌ကဲ့သို့ အောက်အဘို့၌ရင်း နေ့အဘို့၌ကဲ့သို့ ညဉ့်အဘို့၌ရင်း ညဉ့်အဘို့၌ကဲ့သို့ နေ့အဘို့၌ရင်း ရှေးအဘို့

http://www.dhammadownload.com



နောက်အဘို့တို့၌ အမှတ်သညာရှိသည်ဖြစ်၍ နေ၏၊ ဤသို့ မြွေးယှက်ခြင်းမရှိသော ပွင့်လင်းသော စိတ်ဖြင့် အရောင်အလင်းရှိလာအောင် စိတ်ကို ပွါးများ၏။ ရဟန်းတို့ ဤဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် မောဂ္ဂလာန်မည်သောရဟန်းသည် ဤသို့ တန်ခိုးကြီး၏၊ ဤသို့ အာနုဘော်ကြီး၏။ ရဟန်းတို့ ဤဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် မောဂ္ဂလာန်မည်သော ရဟန်းသည် များပြားသော တန်ခိုးဖန်ဆင်းခြင်းကို ပြီးစေ၏၊ တယောက်တည်း ဖြစ်လျက်လည်း အများဖြစ်သွား၏၊ အများဖြစ်လျက်လည်း တယောက်တည်းဖြစ်လာ၏။ပ။ ဗြဟ္မာ့ပြည်ဘိုင်အောင်လည်း ကိုယ်ကို မိမိအလိုအတိုင်း ဖြစ်စေ၏။ ရဟန်းတို့ ဤဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် မောဂ္ဂလာန်မည်သော ရဟန်းသည် အာသဝကုန်ခြင်းကြောင့် အာသဝကင်းသော (ကိလေသာမှ) လွတ်မြောက်သော 'အရဟတ္တဖိုလ်'စိတ်နှင့် လွတ်မြောက်သော 'အရဟတ္တဖိုလ်'ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေရ၏ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-ဥဏ္ဏာဘဗြာဟ္မဏသုတ်

၈၂၇။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်— အခါတပါး၌ အသျှင်အာနန္ဒာသည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ ဥဏ္ဏာဘပုဏ္ဏားသည် အသျှင်အာနန္ဒာထံသို့ ချဉ်းကပ်၍ အသျှင်အာနန္ဒာနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုပြီးလျှင် တခုသော နေရာ၌ ထိုင်နေ၏၊ တခုသော နေရာ၌ ထိုင်နေပြီးသော် အသျှင်အာနန္ဒာအား— "အသျှင်အာနန္ဒာ ရဟန်းဂေါတမထံ၌ အဘယ်အကျိုးငှါ အကျင့်မြတ်ကို ကျင့်သုံးပါသနည်း"ဟု မေးလျှောက်၏။ ပုဏ္ဏား ဆန္ဒကို ပယ်ခြင်းအကျိုးငှါ မြတ်စွာဘုရားထံ၌ အကျင့်မြတ်ကို ကျင့်သုံး၏ဟု (ဆို၏)။

အသျှင်အာနန္ဒာ ထိုဆန္ဒကို ပယ်ရန် လမ်းစဉ်သည် ရှိပါသလော၊ ကျင့်စဉ်သည် ရှိပါသလောဟု (လျှောက်၏)။ ပုဏ္ဏား ထိုဆန္ဒကို ပယ်ရန် လမ်းစဉ်သည် ရှိ၏၊ ကျင့်စဉ်သည် ရှိ၏ဟု (ဆို၏)။ အသျှင်အာနန္ဒာ ထိုဆန္ဒကို ပယ်ရန် လမ်းစဉ်ဟူသည် အဘယ်ပါနည်း၊ ကျင့်စဉ်ဟူသည် အဘယ်ပါနည်းဟု(လျှောက်၏)။ပုဏ္ဏား ဤသာသနာတော်၌ ရဟန်းသည် ဆန္ဒကို မှီ၍ဖြစ်သော သမာဓိ အားထုတ်မှုတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏၊ ဝီရိယကို မှီ၍ ဖြစ်သော သမာဓိ။ပ။ စိတ်ကို မှီ၍ဖြစ်သော သမာဓိ။ပ။ ပညာကို မှီ၍ဖြစ်သောသမာဓိ အားထုတ်မှုတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏။ ပုဏ္ဏား ထိုဆန္ဒကို ပယ်ရန် လမ်းစဉ်သည်ကား ဤသည်ပင်တည်း၊ ကျင့်စဉ်သည်ကား ဤသည်ပင်တည်းဟု (ဆို၏)။

အသျှင်အာနန္ဒာ ဤသို့ ဖြစ်ခဲ့သော် အဆုံးရှိသော (ဗြဟ္မစရိယ) အကျင့် ဖြစ်ပါတော့မည်လော၊ အဆုံးမရှိသော (ဗြဟ္မစရိယ) အကျင့် မဟုတ်ပဲ ရှိပါတော့မည်လော၊ အလို'ဆန္ဒ'ဖြင့်ပင် အလို'ဆန္ဒ'ကို ပယ်အံ့ဟူသော အကြောင်းသည် မရှိနိုင်ပါ။ ပုဏ္ဏား သို့ဖြစ်လျှင် ဤအရာ၌ သင့်ကိုပင် တဖန်မြန်း၍ မေးဦးအံ့၊ သင် နှစ်သက်သည့်အတိုင်း ထိုအမေးကို ဖြေဆိုလော့။ ပုဏ္ဏား

http://www.dhammadownload.com



ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ သင့်အား "အရံသို့ သွားအံ့"ဟူသော အလို 'ဆန္ဒ'သည် ရှေး၌ ဖြစ်ခဲ့သည်မဟုတ်လော၊ အရံသို့ ရောက်ပြီးသော် ထိုသင့်အား ထိုအားလျော်သော အလို 'ဆန္ဒ' ငြိမ်းသည် မဟုတ်လောဟု (ဆို၏)။ အသျှင် ငြိမ်းပါ၏ဟု (လျှောက်၏)။ သင့်အား "အရံသို့ သွားအံ့"ဟု အားထုတ်မှု 'ဝီရိယ' သည် ရှေး၌ ဖြစ်ခဲ့သည် မဟုတ်လော၊ အရံသို့ ရောက်ပြီးသော် သင့်အား ထိုဖြစ်သော အားထုတ်မှု 'ဝီရိယ' ငြိမ်းသည် မဟုတ်လောဟု(ဆို၏)။ အသျှင် ငြိမ်းပါ၏ဟု (လျှောက်၏)။ သင့်အား "အရံသို့ သွားအံ့"ဟု စိတ်သည် ရှေး၌ ဖြစ်ခဲ့သည် မဟုတ်လော၊ အရံသို့ ရောက်ပြီးသော် သင့်အား ထိုအားလျော်သော စိတ် ငြိမ်းသည် မဟုတ်လောဟု (ဆို၏)။ အသျှင် ငြိမ်းပါ၏ဟု (လျှောက်၏)။ သင့်အား "အရံသို့ သွားအံ့"ဟု ပညာသည် ရှေး၌ ဖြစ်ခဲ့သည် မဟုတ်လော၊ အရံသို့ ရောက်ပြီးသော် သင့်အား ထိုအားလျော်သော ပညာ ငြိမ်းသည် မဟုတ်လောဟု (ဆို၏)။ အသျှင် ငြိမ်းပါ၏ဟု(လျှောက်၏)။

ပုဏ္ဏား ဤအတူပင် ပူဇော်အထူးကို ခံထိုက်သော အာသဝကုန်ပြီးသော မဂ်အကျင့်ကို ကျင့်သုံးပြီးသော မဂ်ကိစ္စကိုပြုပြီးသော ဝန်ကိုချထားပြီးသော မိမိအကျိုး(အရဟတ္တဖိုလ်) သို့ရောက်ပြီးသော ဘဝသံယောဇဉ်ကုန်ပြီးသော ကောင်းစွာသိ၍ လွတ်မြောက်ပြီးသော ရဟန်းအား အရဟတ္တဖိုလ်သို့ ရောက်ရန် အကျိုးငှါ ရှေး၌ အလို'ဆန္ဒ'သည် ဖြစ်၏၊ အရဟတ္တဖိုလ်သို့ ရောက်သည်ရှိသော် ထိုဖြစ်သော အလို'ဆန္ဒ' ငြိမ်း၏။ အရဟတ္တဖိုလ်သို့ ရောက်ရန်အကျိုးငှါ ရှေး၌ အားထုတ်မှု'ဝီရိယ' သည် ဖြစ်၏၊ အရဟတ္တဖိုလ်သို့ ရောက်သည်ရှိသော် ထိုဖြစ်သော အားထုတ်မှု'ဝီရိယ' ငြိမ်း၏။ အရဟတ္တဖိုလ်သို့ ရောက်ရန်အကျိုးငှါ ရှေး၌ စိတ်သည်ဖြစ်၏၊ အရဟတ္တဖိုလ်သို့ ရောက်သည်ရှိသော် ထိုဖြစ်သောစိတ် ငြိမ်း၏။ အရဟတ္တဖိုလ်သို့ ရောက်ရန်အကျိုးငှါ ရှေး၌ ပညာသည် ဖြစ်၏၊ အရဟတ္တဖိုလ်သို့ ရောက်သည်ရှိသော် ထိုဖြစ်သောပညာ ငြိမ်း၏။ ပုဏ္ဏား ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ဤသို့ ဖြစ်သည်ရှိသော် အဆုံးရှိသော(ဗြဟ္မစရိယ) အကျင့်ဖြစ်ပါ၏လော၊ အဆုံးမရှိသော(ဗြဟ္မစရိယ) အကျင့် မဟုတ်ပဲ ရှိပါ၏လောဟု မေးတော်မူ၏။

အသျှင်အာနန္ဒာ ဤသို့ဖြစ်သည်ရှိသော် မချွတ်ပင် အဆုံးရှိသော (ဗြဟ္မစရိယ)အကျင့် ဖြစ်ပါတော့၏၊ အဆုံးမရှိသော (ဗြဟ္မစရိယ)အကျင့် မဟုတ်နိုင်တော့ပါ။ အသျှင် အာနန္ဒာ (တရားတော်သည်)အလွန်နှစ်သက်ဖွယ် ရှိပါပေစွ၊ အသျှင်အာနန္ဒာ (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေစွ၊ အသျှင်အာနန္ဒာ မှောက်ထားသောအိုးကို လှန်ဘိသကဲ့သို့၎င်း ဖုံးလွှမ်းထားသော ဝတ္ထုကို ဖွင့်လှစ်ပြဘိသကဲ့သို့၎င်း မျက်စိလည်သောသူအား လမ်းမှန်ကိုပြောကြားဘိသကဲ့သို့၎င်း "မျက်စိရှိသောသူတို့သည် အဆင်းတို့ကို မြင်ကြလိမ့်မည်"ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသကဲ့သို့၎င်း ဤအတူသာလျှင် အသျှင်အာနန္ဒာသည် အကြောင်း အမျိုးမျိုးဖြင့် တရားတော်ကို ပြတော်မူပါပေ၏။ အသျှင်အာနန္ဒာ အကျွန်ုပ်သည် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ တရားတော်ကို၎င်း ရဟန်းသံဃာတော်ကို၎င်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ အသျှင်အာနန္ဒာသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သော ဥပါသကာဟု မှတ်တော်မူပါဟု (လျှောက်၏)။

ပဉ္စမသုတ်။

သံ-မြန်၃-၁၆

http://www.dhammadownload.com



## ၆-ပဌမ သမဏဗြာဟ္မဏသုတ်

၁၂၈။ ရဟန်းတို့ အတိတ်အခါ၌ တန်ခိုးအာနုဘော်ကြီးကုန်သော ထိုသမဏဗြာဟ္မဏဟူသမျှ အားလုံးတို့သည် ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ကြခြင်းကြောင့် တန်ခိုးအာနုဘော် ကြီးခဲ့ကြကုန်၏။ ရဟန်းတို့ အနာဂတ်အခါ၌ တန်ခိုးအာနုဘော်ကြီးကုန်သော သမဏဗြာဟ္မဏဟူသမျှ အားလုံးတို့သည် ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ကြခြင်းကြောင့် တန်ခိုးအာနုဘော် ကြီးကြကုန်လတ္တံ့။ ရဟန်းတို့ ယခုအခါ၌ တန်ခိုး အာနုဘော်ကြီးကုန်သော သမဏဗြာဟ္မဏဟူသမျှ အားလုံးတို့သည် ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများကြခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ကြခြင်းကြောင့် တန်ခိုးအာနုဘော် ကြီးကြကုန်၏။

အဘယ်လေးပါးတို့နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆန္ဒကိုမှီ၍ဖြစ်သော သမာဓိ အားထုတ်မှုတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏၊ ဝီရိယကို မှီ၍ဖြစ်သောသမာဓိ။ပ။ စိတ်ကို မှီ၍ဖြစ်သောသမာဓိ။ ပညာကို မှီ၍ဖြစ်သောသမာဓိ အားထုတ်မှုတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏။ ရဟန်းတို့ အတိတ်အခါ၌ တန်ခိုးအာနုဘော်ကြီးကုန်သော ထိုသမဏ ဗြာဟ္မဏဟူသမျှ အားလုံးတို့သည် ဤဣဒ္ဓိပါဒ်လေးပါးတို့ကိုပင် ပွါးများကြခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ကြခြင်းကြောင့် တန်ခိုးအာနုဘော် ကြီးကြကုန်၏။ ရဟန်းတို့ အနာဂတ်အခါ၌ တန်ခိုး အာနုဘော်ကြီးကုန်သော သမဏဗြာဟ္မဏဟူသမျှ အားလုံးတို့သည် ဤဣဒ္ဓိပါဒ်လေးပါးတို့ကိုပင် ပွါးများကြခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ကြခြင်းကြောင့် တန်ခိုးအာနုဘော် ကြီးကြကုန်လတ္တံ့။ ရဟန်းတို့ ပစ္စုပ္ပန်အခါ၌ တန်ခိုးအာနုဘော် ကြီးကုန်သော သမဏဗြာဟ္မဏဟူသမျှအားလုံးတို့သည် ဤဣဒ္ဓိပါဒ်လေးပါးတို့ကိုပင် ပွါးများကြခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ကြခြင်းကြောင့် တန်ခိုးအာနု ဘော်ကြီးကြကုန်၏ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-ဒုတိယ သမဏဗြာဟ္မဏသုတ်

၁၂၉။ ရဟန်းတို့ အတိတ်အခါက များပြားသော တန်ခိုးဖန်ဆင်းခြင်းကို ပြီးစေသော သမဏဗြာဟ္မဏဟူသမျှ အားလုံးတို့သည် တယောက်တည်း ဖြစ်လျက်လည်း အများဖြစ်နိုင် ကုန်၏၊အများဖြစ်လျက်လည်း တယောက်တည်း ဖြစ်နိုင်ခဲ့ကုန်၏၊ ကိုယ်ထင်ရှားဖြစ်စေနိုင်ခဲ့ကုန်၏၊ ကိုယ်ကို ပျောက်ကွယ်စေနိုင်ခဲ့ကုန်၏၊ နံရံတဖက် တံတိုင်းတဖက် တောင်တဖက်သို့ မထိမငြိပဲ ကောင်းကင်၌ကဲ့သို့ သွားလာနိုင်ခဲ့ကုန်၏၊ မြေ၌လည်း ငုပ်ခြင်း ပေါ်ခြင်းကို ရေ၌ကဲ့သို့ ပြုနိုင်ခဲ့ ကုန်၏၊ ရေ၌လည်း မကွဲစေပဲ မြေ၌ကဲ့သို့ သွားလာနိုင်ခဲ့ကုန်၏၊ ကောင်းကင်၌လည်း ထက်ဝယ်ဖွဲ့ခွေ လျက် အတောင်ရှိသောငှက်ကဲ့သို့ သွားလာနိုင်ခဲ့ကုန်၏။ ဤသို့ကြီးသော တန်ခိုးရှိကုန်သော ကြီးသောအာနုဘော်ရှိကုန်သော ဤလ နေတို့ကိုလည်း လက်ဖြင့် သုံးသပ်နိုင်ခဲ့ကုန်၏၊ဆုပ်ကိုင်နိုင်ခဲ့ ကုန်၏၊ဗြဟ္မာ့ပြည်တိုင်အောင်လည်း ကိုယ်ကို မိမိအလိုအတိုင်း ဖြစ်စေနိုင်ခဲ့ကုန်၏၊ထိုသမဏဗြာဟ္မဏ ဟူသမျှ အားလုံးတို့သည် ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာပြုလုပ်ခြင်းကြောင့် ဤသို့ တန်ခိုးအာနုဘော် ကြီးခဲ့ကြကုန်ပြီ။

http://www.dhammadownload.com



ရဟန်းတို့ အနာဂတ်အခါ၌ များပြားသော တန်ခိုးဖန်ဆင်းခြင်းနှင့် ပြည့်စုံလတ္တံ့ ဖြစ်ကုန်သော သမဏဗြာဟ္မဏဟူသမျှ အားလုံးတို့သည် တယောက်တည်းဖြစ်လျက်လည်း အများဖြစ်နိုင်ကုန်လတ္တံ့၊ အများဖြစ်လျက်လည်း တယောက်တည်း ဖြစ်လာနိုင်ကုန်လတ္တံ့၊ ကိုယ်ထင်ရှားဖြစ်စေနိုင်ကုန်လတ္တံ့၊ ကိုယ်ကိုပျောက်ကွယ်စေနိုင်ကုန်လတ္တံ့၊ နံရံတဖက် တံတိုင်းတဖက် တောင်တဖက်ကို မထိမငြိပဲ ကောင်းကင်၌ကဲ့သို့ သွားလာနိုင်ကုန်လတ္တံ့၊ မြေ၌လည်း ငုပ်ခြင်း ပေါ်ခြင်းကို ရေ၌ကဲ့သို့ပြုနိုင်ကုန်လတ္တံ့၊ ရေ၌လည်း မကွဲစေပဲ မြေ၌ကဲ့သို့ သွားလာနိုင်ကုန်လတ္တံ့၊ ကောင်းကင်၌လည်း ထက်ဝယ်ဖွဲ့ခွေလျက် အတောင်ရှိသော ငှက်ကဲ့သို့ သွားလာနိုင်ကုန်လတ္တံ့။ ဤသို့ ကြီးသော တန်ခိုးရှိကုန်သော ကြီးသောအာနုဘော်ရှိကုန်သော ဤလနေတို့ကိုလည်း လက်ဖြင့် သုံးသပ်နိုင်ကုန်လတ္တံ့၊ ဆုပ်ကိုင်နိုင်ကုန်လတ္တံ့၊ ဗြဟ္မာ့ပြည်တိုင်အောင်လည်း ကိုယ်ကို မိမိအလိုအတိုင်း ဖြစ်စေနိုင်ကုန်လတ္တံ့၊ ထိုသမဏ ဗြာဟ္မဏဟူသမျှအားလုံးတို့သည် ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာပြုလုပ်ခြင်းကြောင့် ဤသို့ တန်ခိုးအာနုဘော် ကြီးကြကုန်လတ္တံ့။

ရဟန်းတို့ ပစ္စုပ္ပန်အခါ၌ များပြားသော တန်ခိုးဖန်ဆင်းခြင်းနှင့် ပြည့်စုံကုန်သော သမဏဗြာဟ္မဏ ဟူသမျှ အားလုံးတို့သည် တယောက်တည်း ဖြစ်လျက်လည်း အများ ဖြစ်နိုင်ကုန်၏၊ အများဖြစ်လျက်လည်း တယောက်တည်း ဖြစ်နိုင်ကုန်၏၊ ကိုယ်ထင်ရှားဖြစ်စေနိုင်ကုန်၏၊ ကိုယ်ကိုပျောက်ကွယ်စေနိုင်ကုန်၏၊ နံရံတဖက် တံတိုင်းတဖက် တောင်တဖက်သို့ မထိမငြိပဲ ကောင်းကင်၌ကဲ့သို့ သွားလာနိုင်ကုန်၏၊ မြေ၌လည်း ငုပ်ခြင်း ပေါ်ခြင်းကို ရေ၌ကဲ့သို့ ပြုနိုင်ကုန်၏၊ ရေ၌လည်း မကွဲစေပဲ မြေ၌ကဲ့သို့ သွားလာနိုင်ကုန်၏၊ ကောင်းကင်၌လည်း ထက်ဝယ်ဖွဲ့ခွေလျက် အတောင်ရှိသော ငှက်ကဲ့သို့ သွားလာနိုင်ကုန်၏။ ဤသို့ကြီးသော တန်ခိုးရှိကုန်သော ကြီးသော အာနုဘော်ရှိကုန်သော ဤလ နေ တို့ကိုလည်း လက်ဖြင့် သုံးသပ်နိုင်ကုန်၏၊ ဆုပ်ကိုင်နိုင်ကုန်၏၊ ဗြဟ္မာ့ပြည်တိုင်အောင်လည်း ကိုယ်ကို မိမိအလိုအတိုင်း ဖြစ်စေနိုင်ကုန်၏၊ ထိုသမဏဗြာဟ္မဏဟူသမျှအားလုံးတို့သည် ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် ဤသို့ တန်ခိုးအာနုဘော် ကြီးကြကုန်၏။

အဘယ်လေးပါးတို့နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆန္ဒကိုမှီ၍ ဖြစ်သော သမာဓိ အားထုတ်မှုတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏၊ ဝီရိယကိုမှီ၍ဖြစ်သော သမာဓိ။ပ။ စိတ်ကို မှီ၍ဖြစ်သော သမာဓိ။ ပညာကို မှီ၍ဖြစ်သော သမာဓိ အားထုတ်မှုတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏။ ရဟန်းတို့ အတိတ်အခါ၌ များပြားသော တန်ခိုးဖန်ဆင်းခြင်းနှင့် ပြည့်စုံကုန်သော သမဏဗြာဟ္မဏဟူသမျှ အားလုံးတို့သည် တယောက်တည်း ဖြစ်လျက်လည်း အများဖြစ်သွားနိုင်ခဲ့ကုန်၏၊ အများဖြစ်လျက်လည်း တယောက်တည်း ဖြစ်လာနိုင်ခဲ့ကုန်၏။ပ။ ဗြဟ္မာ့ပြည်တိုင်အောင်လည်း ကိုယ်ကို မိမိအလိုအတိုင်း ဖြစ်စေနိုင်ခဲ့ကုန်၏၊ ထိုသမဏ ဗြာဟ္မဏဟူသမျှအားလုံးတို့သည် ဤဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် ဤသို့ တန်ခိုးအာနုဘော် ကြီးခဲ့ကြကုန်ပြီ။

ရဟန်းတို့ အနာဂတ်အခါ၌ များပြားသော တန်ခိုးဖန်ဆင်းခြင်းနှင့် ပြည့်စုံကုန်သော သမဏဗြာဟ္မဏဟူသမျှ အားလုံးတို့သည် တယောက်တည်းဖြစ်လျက်လည်း အများဖြစ်သွားနိုင်ကုန်လတ္တံ့၊ အများဖြစ်လျက်လည်း တယောက်တည်း ဖြစ်လာနိုင်ကုန်လတ္တံ့။ပ။ ဗြဟ္မာ့ပြည်တိုင်အောင်လည်း ကိုယ်ကို မိမိအလိုအတိုင်း ဖြစ်စေနိုင်ကုန်လတ္တံ့၊ ထိုသမဏဗြာဟ္မဏဟူသမျှအားလုံးတို့သည် ဤ

http://www.dhammadownload.com



ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် ဤသို့တန်ခိုးအာနုဘော် ကြီးကြကုန်လတ္တံ့။

ရဟန်းတို့ ပစ္စုပ္ပန်အခါ၌ များပြားသော တန်ခိုးဖန်ဆင်းခြင်းနှင့် ပြည့်စုံကုန်သော သမဏ ဗြာဟ္မဏ ဟူသမျှအားလုံးတို့သည် တယောက်တည်းဖြစ်လျက်လည်း အများဖြစ်သွားနိုင်ကုန်၏၊ အများဖြစ်လျက်လည်း တယောက်တည်း ဖြစ်လာနိုင်ကုန်၏။ပ။ ဗြဟ္မာ့ပြည်တိုင်အောင်လည်း ကိုယ်ကို မိမိအလိုအတိုင်း ဖြစ်စေနိုင်ကုန်၏၊ ထိုသမဏဗြာဟ္မဏဟူသမျှ အားလုံးတို့သည် ဤ ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် ဤသို့ တန်ခိုး အာနုဘော် ကြီးကြကုန်၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈-ဘိက္ခုသုတ်

၈၃၀။ ရဟန်းတို့ ရဟန်းသည် ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ် ခြင်းကြောင့် အာသဝကုန်သဖြင့် အာသဝကင်းသော (ကိလေသာမှ) လွတ်မြောက်သော (အရဟတ္တ ဖိုလ်) စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်) ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍နေရ၏။

အဘယ်လေးပါးတို့နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆန္ဒကိုမှီ၍ဖြစ်သော သမာဓိ အားထုတ်မှုတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏၊ ဝီရိယကိုမှီ၍ဖြစ်သောသမာဓိ။ပ။ စိတ်ကို မှီ၍ဖြစ်သော သမာဓိ။ ပညာကိုမှီ၍ဖြစ်သော သမာဓိ အားထုတ်မှုတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏။ ရဟန်းတို့ ရဟန်းသည် ဤဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန် များစွာ ပြုလုပ်ခြင်းကြောင့် အာသဝကုန်သဖြင့် အာသဝကင်းသော (ကိလေသာမှ) လွတ်မြောက် သော (အရဟတ္တဖိုလ်) စိတ်နှင့်လွတ်မြောက်သော (အရဟတ္တဖိုလ်) ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍နေရ၏ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

## ၉-ဣဒ္ဓါဒိဒေသနာသုတ်

၈၃၁။ ရဟန်းတို့ သင်တို့အား ဣဒ္ဓိကိုရင်း ဣဒ္ဓိပါဒ်ကိုရင်း ဣဒ္ဓိပါဒ်ပွါးများခြင်းကိုရင်း ဣဒ္ဓိပါဒ် ပွါးများခြင်းသို့ရောက်ကြောင်း အကျင့်ကိုရင်း ဟောကြားပေအံ့၊ ထိုတရားကို နာကြကုန်လော့။

ရဟန်းတို့ ဣဒ္ဓိဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် များပြား သော တန်ခိုးဖန်ဆင်းခြင်းကို ပြီးစေ၏။ တယောက်တည်း ဖြစ်လျက်လည်း အများဖြစ်သွားနိုင် ၏၊ အများဖြစ်လျက်လည်း တယောက်တည်း ဖြစ်လာနိုင်၏။ပ။ ဗြဟ္မာ့ပြည်တိုင်အောင်လည်း ကိုယ်ကို မိမိအလိုအတိုင်း ဖြစ်စေနိုင်၏၊ ရဟန်းတို့ ဤသည်ကို ဣဒ္ဓိဟု ဆိုအပ်၏။

http://www.dhammadownload.com



ရဟန်းတို့ ဣဒ္ဓိပါဒ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဣဒ္ဓိကိုရရန်ဖြစ်သော လမ်းစဉ်အကျင့်ကို ဣဒ္ဓိပါဒ်ဟု ဆိုအပ်၏။

ရဟန်းတို့ ဣဒ္ဓိပါဒ် ပွါးများခြင်းဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆန္ဒကို မှီ၍ဖြစ်သော သမာဓိ အားထုတ်မှုတို့နှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏၊ဝီရိယကို မှီ၍ဖြစ်သောသမာဓိ။ပ။ စိတ်ကိုမှီ၍ဖြစ်သောသမာဓိ။ ပညာကိုမှီ၍ဖြစ်သောသမာဓိ အားထုတ်မှုတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏။ ရဟန်းတို့ ဤသည်ကို ဣဒ္ဓိပါဒ် ပွါးများခြင်းဟု ဆိုအပ်၏။

ရဟန်းတို့ ဣဒ္ဓိပါဒ် ပွါးများခြင်းသို့ ရောက်ကြောင်း အကျင့်ဟူသည် အဘယ်နည်း၊ အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်ပင်တည်း၊ ဤသည်ကား အဘယ်နည်း၊ မှန်ကန်သော အမြင် 'သမ္မာဒိဋ္ဌိ' မှန်ကန်သောအကြံ 'သမ္မာသင်္ကပ္ပ' မှန်ကန်သောစကား 'သမ္မာဝါစာ' မှန်ကန်သောအလုပ် 'သမ္မာကမ္မန္တ' မှန်ကန်သော အသက်မွေးမှု 'သမ္မာအာဇီဝ' မှန်ကန်သော အားထုတ်မှု 'သမ္မာဝါယာမ' မှန်ကန်သော အောက်မေ့မှု'သမ္မာသတိ'မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ' တို့တည်း။ ရဟန်းတို့ ဤသည်ကို ဣဒ္ဓိပါဒ် ပွါးများခြင်းသို့ ရောက်ကြောင်းအကျင့် ဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-ဝိဘင်္ဂသုတ်

၈၃၂။ ရဟန်းတို့ ဤဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည် ရှိသော် အကျိုးကြီးကုန်၏၊ အာနိသင်ကြီးကုန်၏။

ရဟန်းတို့ အဘယ်သို့လျှင် ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် အကျိုးကြီးကုန်သနည်း၊ အာနိသင်ကြီးကုန်သနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆန္ဒကိုမှီ၍ဖြစ်သောသမာဓိ အားထုတ်မှုတို့နှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏။ ဤသို့ပွါးများသည်ရှိသော် ငါ၏အလို'ဆန္ဒ'သည် အလွန်လည်း မတွန့်ဆုတ်လတ္တံ့၊ အလွန်လည်း မတက်ကြွလတ္တံ့၊ အတွင်း၌လည်း မကျုံ့လတ္တံ့၊အပ၌လည်း မပျံ့လွင့်လတ္တံ့၊ရှေးအဘို၌ကဲ့သို့ နောက်အဘို၌ရှင်း နောက်အဘို၌ကဲ့သို့ ရှေးအဘို၌ရှင်း အောက်အဘို၌ကဲ့သို့ အထက်အဘို၌ရှင်း အထက်အဘို၌ကဲ့သို့ အောက်အဘို၌ရှင်း နေ့အဘို၌ကဲ့သို့ ညဉ့်အဘို၌ရှင်း ညဉ့်အဘို၌ကဲ့သို့ နေ့အဘို၌ရှင်း ရှေးအဘို နောက်အဘိုတို့၌ အမှတ်သညာ ရှိလျက်နေ၏၊ ဤသို့ မွေးယှက်ခြင်း မရှိသော ပွင့်လင်းသောစိတ်ဖြင့် အရောင်အလင်းရှိလာအောင် စိတ်ကို ပွါးများ၏၊ ဝီရိယကိုမှီ၍ ဖြစ်သော သမာဓိ။ပ။စိတ်ကိုမှီ၍ ဖြစ်သော သမာဓိ။ ပညာကိုမှီ၍ဖြစ်သောသမာဓိ အားထုတ်မှုတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏။ ဤသို့ ပွါးများသည်ရှိသော် ငါ၏ပညာသည် အလွန်လည်း မတွန့်ဆုတ်လတ္တံ့၊အလွန်လည်း မတက်ကြွလတ္တံ့၊ အတွင်း၌လည်း မကျုံ့လတ္တံ့၊အပ၌လည်း မပျံ့လွင့်လတ္တံ့၊ ရှေးအဘို၌ကဲ့သို့ နောက်အဘို၌ရှင်း နောက်အဘို၌ကဲ့သို့ ရှေးအဘို၌ရှင်း အောက်အဘို၌ကဲ့သို့ အထက်အဘို၌ရှင်း အထက်အဘို၌ကဲ့သို့ အောက်အဘို၌ရှင်း နေ့အဘို၌ကဲ့သို့ ညဉ့်အဘို၌ရှင်း ညဉ့်အဘို၌ကဲ့သို့ နေ့အဘို၌ရှင်း ရှေးအဘိုနောက်အဘိုတို့၌ အမှတ်သညာရှိလျက်နေ၏၊ဤသို့ မွေးယှက်ခြင်းမရှိသော ပွင့်လင်းသောစိတ်ဖြင့် အရောင်အလင်းရှိလာအောင် စိတ်ကို ပွါးများ၏။

http://www.dhammadownload.com



ရဟန်းတို့ အလွန်တွန့်ဆုတ်သော အလို'ဆန္ဒ'ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ပျင်းရိခြင်းနှင့် တကွဖြစ်သော ပျင်းရိခြင်းနှင့်ယှဉ်သော အလို'ဆန္ဒ' ကို အလွန်တွန့်ဆုတ်သော အလို'ဆန္ဒ' ဟု ဆိုအပ်၏။

ရဟန်းတို့ အလွန်တက်ကြွသော အလို'ဆန္ဒ' ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ပျံ့လွင့်မှု 'ဥဒ္ဓစ္စ' နှင့်တကွဖြစ်သော ပျံ့လွင့်မှု 'ဥဒ္ဓစ္စ' နှင့်ယှဉ်သော အလို 'ဆန္ဒ' ကို အလွန်တက်ကြွသော အလို 'ဆန္ဒ' ဟု ဆိုအပ်၏။

ရဟန်းတို့ အတွင်း၌ကျုံ့သော အလို'ဆန္ဒ'ဟူသည် အဘယ်နည်း၊ ရဟန်းတို့ လေးလံထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ'နှင့် ယှဉ်သော အလို'ဆန္ဒ'ကို အတွင်း၌ကျုံ့သော အလို'ဆန္ဒ' ဟု ဆိုအပ်၏။

ရဟန်းတို့ အပ၌ ပျံ့လွင့်သော အလို'ဆန္ဒ'ဟူသည် အဘယ်နည်း၊ ရဟန်းတို့ အပ၌ ကာမဂုဏ်ငါးပါးတို့ကို အကြောင်းပြု၍ ပျံ့လွင့်ကျယ်ပြန့်သော အလို'ဆန္ဒ' ကို အပ၌ ပျံ့လွင့်သော အလို 'ဆန္ဒ' ဟု ဆိုအပ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ရှေးအဘို့၌ကဲ့သို့ နောက်အဘို့၌ရင်း နောက်အဘို့၌ကဲ့သို့ ရှေးအဘို့၌ရင်း ရှေးအဘို့ နောက်အဘို့တို့၌ အမှတ်သညာရှိသည်ဖြစ်၍ နေသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ရှေးအဘို့ နောက်အဘို့တို့၌ဖြစ်သော အမှတ်သညာကို ကောင်းစွာ သင်ယူ၏၊ ကောင်းစွာ နှလုံးသွင်း၏၊ ကောင်းစွာ ဆောင်၏၊ ပညာဖြင့် ကောင်းစွာ ထိုးထွင်း၍သိ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ရှေးအဘို့၌ကဲ့သို့ နောက်အဘို့၌ရင်း နောက်အဘို့၌ကဲ့သို့ ရှေးအဘို့၌ရင်း ရှေးအဘို့ နောက်အဘို့တို့၌ အမှတ်သညာရှိလျက် နေ၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် အောက်အဘို့၌ကဲ့သို့ အထက်အဘို့၌ရင်း အထက်အဘို့၌ကဲ့သို့ အောက်အဘို့၌ရင်း အမှတ်သညာ ရှိသည်ဖြစ်၍ နေသနည်း၊ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ခြေဖဝါးမှအထက် ဆံပင်ဖျားမှ အောက် အရေပါးအဆုံးရှိသော အမျိုးမျိုးသော အညစ်အကြေးတို့ဖြင့် ပြည့်သော ဤကိုယ်ကိုမှင် "ဤကိုယ်၌ ဆံပင် မွေးညင်း ခြေသည်း လက်သည်း သွား အရေ အသား အကြော အရိုး ရိုးတွင်းချင်ဆီ အညို့ နှလုံး အသည်း အမြှေး အဖျဉ်း အဆုတ် အူမ အူသိမ် အစာသစ် အစာဟောင်း သည်းခြေ သလိပ် ပြည်သွေး ချွေး အဆီခဲ မျက်ရည် ဆီကြည် တံထွေး နှပ် အစေး ကျင်ငယ်သည် ရှိ၏"ဟု ရှုဆင်ခြင်၏။ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် အောက်အဘို့၌ကဲ့သို့ အထက်အဘို့၌ရင်း အထက်အဘို့၌ကဲ့သို့ အောက်အဘို့၌ရင်း အမှတ်သညာ ရှိသည်ဖြစ်၍ နေ၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် နေ့အဘို့၌ကဲ့သို့ ညဉ့်အဘို့၌ရင်း ညဉ့်အဘို့၌ကဲ့သို့ နေ့အဘို့၌ရင်း အမှတ်သညာ ရှိသည်ဖြစ်၍ နေသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အကြင် အခြင်းအရာ အသွင်သဏ္ဌာန် အကြောင်း 'နိမိတ်' တို့ဖြင့် နေ့အခါ၌ အလို'ဆန္ဒ' ကိုမှီ၍ ဖြစ်သောသမာဓိ အားထုတ်မှုတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏၊ ထိုရဟန်းသည် ထိုအခြင်းအရာ အသွင်သဏ္ဌာန်အကြောင်း'နိမိတ်'တို့ဖြင့်ပင် ညဉ့်အခါ၌ အလို'ဆန္ဒ'ကိုမှီ၍ဖြစ်သော သမာဓိ အားထုတ်မှုတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏၊ အကြင်အခြင်းအရာ အသွင်သဏ္ဌာန် အကြောင်း'နိမိတ်'တို့ဖြင့်ညဉ့်အခါ၌ အလို'ဆန္ဒ'ကိုမှီ၍ဖြစ်သော သမာဓိအားထုတ်မှုနှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏၊ထိုရဟန်းသည် ထိုအခြင်းအရာ အသွင်သဏ္ဌာန် အကြောင်း'နိမိတ်'တို့ဖြင့်ပင် နေ့အခါ၌ အလို'ဆန္ဒ' ကိုမှီ၍ဖြစ်သော သမာဓိ အားထုတ်မှုတို့နှင့်ပြည့်စုံသောဣဒ္ဓိပါဒ်ကို ပွါးများ၏။

http://www.dhammadownload.com



ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် နေ့အဘို့၌ကဲ့သို့ ညဉ့်အဘို့၌ရင်း ညဉ့်အဘို့၌ကဲ့သို့ နေ့အဘို့၌ ရင်း အမှတ်သညာ ရှိသည်ဖြစ်၍ နေ၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် မြှေးယှက်ခြင်းမရှိပဲ ပွင့်လင်းသော စိတ်ဖြင့် အရောင် အလင်းရှိလာအောင် စိတ်ကို ပွါးများသနည်း၊ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အလင်း ရောင်ဟု မှတ်မှု'အာလောကသညာ'ကို ကောင်းစွာယူ၏၊ နေ့ဟူသော အမှတ်ကို ကောင်းစွာ ဆောက်တည်ထား၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် မြှေးယှက်ခြင်း မရှိပဲ ပွင့်လင်းသော စိတ်ဖြင့် အရောင်အလင်း ရှိလာအောင် စိတ်ကို ပွါးများ၏။

ရဟန်းတို့ အလွန် တွန့်ဆုတ်သော အားထုတ်မှု'ဝီရိယ'ဟူသည် အဘယ်နည်း၊ရဟန်းတို့ ပျင်းရိ ခြင်းနှင့်တကွဖြစ်သော ပျင်းရိခြင်းနှင့်ယှဉ်သော အားထုတ်မှု 'ဝီရိယ'ကို အလွန် တွန့်ဆုတ်သော အားထုတ်မှု'ဝီရိယ'ဟု ဆိုအပ်၏။

ရဟန်းတို့ အလွန် တက်ကြွသော အားထုတ်မှု'ဝီရိယ' ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ပျံ့လွင့်မှု'ဥဒ္ဒစ္စ'နှင့် တကွဖြစ်သော ပျံ့လွင့်မှု'ဥဒ္ဒစ္စ'နှင့် ယှဉ်သော အားထုတ်မှု 'ဝီရိယ'ကို အလွန် တက်ကြွသော အားထုတ်မှု'ဝီရိယ'ဟု ဆိုအပ်၏။

ရဟန်းတို့ အတွင်း၌ ကြုံ့သော အားထုတ်မှု'ဝီရိယ'ဟူသည် အဘယ်နည်း၊ ရဟန်းတို့ လေးလံ ထိုင်းမှိုင်းမှု'ထိနမိဒ္ဓ'နှင့်တကွဖြစ်သော လေးလံထိုင်းမှိုင်းမှု'ထိနမိဒ္ဓ'နှင့်ယှဉ်သော အားထုတ်မှု'ဝီရိယ' ကို အတွင်း၌ ကြုံ့သော အားထုတ်မှု'ဝီရိယ'ဟု ဆိုအပ်၏။

ရဟန်းတို့ အပ၌ ပျံ့လွင့်သော အားထုတ်မှု 'ဝီရိယ' ဟူသည် အဘယ်နည်း၊ ရဟန်းတို့ အပ၌ ကာမဂုဏ် ငါးပါးတို့ကို အကြောင်းပြု၍ ပျံ့လွင့်ကျယ်ပြန့်သော အားထုတ်မှု 'ဝီရိယ'ကို အပ၌ ပျံ့လွင့်သော အားထုတ်မှု 'ဝီရိယ'ဟု ဆိုအပ်၏။ပ။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် မြှေးယှက်ခြင်းမရှိပဲ ပွင့်လင်းသောစိတ်ဖြင့် အရောင် အလင်း ရှိလာအောင် စိတ်ကို ပွါးများသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အလင်းရောင် ဟု မှတ်မှု 'အာလောကသညာ'ကို ကောင်းစွာယူ၏၊ နေ့ ဟူသော အမှတ်ကို ကောင်းစွာ ဆောက်တည်ထား၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် မြှေးယှက်ခြင်း မရှိပဲ ပွင့်လင်းသော စိတ်ဖြင့် အရောင်အလင်းရှိလာအောင် စိတ်ကို ပွါးများ၏။

ရဟန်းတို့ အလွန်တွန့်ဆုတ်သော စိတ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ပျင်းရိခြင်းနှင့် တကွဖြစ်သော ပျင်းရိခြင်းနှင့် ယှဉ်သော စိတ်ကို အလွန်တွန့်ဆုတ်သော စိတ်ဟု ဆိုအပ်၏။

ရဟန်းတို့ အလွန်တက်ကြွသော စိတ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ပျံ့လွင့်မှု 'ဥဒ္ဒစ္စ' နှင့် တကွဖြစ်သော ပျံ့လွင့်မှု'ဥဒ္ဒစ္စ'နှင့်ယှဉ်သော စိတ်ကို အလွန်တက်ကြွသော စိတ်ဟု ဆိုအပ်၏။

ရဟန်းတို့ အတွင်း၌ကြုံ့သော စိတ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ လေးလံ ထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ'နှင့်တကွဖြစ်သော လေးလံထိုင်းမှိုင်းမှု'ထိနမိဒ္ဓ'နှင့်ယှဉ်သော စိတ်ကိုအတွင်း၌ ကြုံ့သော စိတ်ဟု ဆိုအပ်၏။

ရဟန်းတို့ အပ၌ ပျံ့လွင့်သော စိတ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ အပ၌ ကာမဂုဏ်ငါးပါး တို့ကို အကြောင်းပြု၍ ပျံ့လွင့်ကျယ်ပြန့်သော စိတ်ကို အပ၌ ပျံ့လွင့်သော စိတ်ဟု ဆိုအပ်၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် မြှေးယှက်ခြင်း မရှိပဲ ပွင့်လင်းသော စိတ်ဖြင့် အရောင် အလင်း ရှိလာအောင် စိတ်ကို ပွါးများ၏။

http://www.dhammadownload.com



ရဟန်းတို့ အလွန်တွန့်ဆုတ်သော ပညာဟူသည် အဘယ်နည်း၊ ရဟန်းတို့ ပျင်းရိခြင်းနှင့် တကွဖြစ်သော ပျင်းရိခြင်းနှင့်ယှဉ်သော ပညာကို အလွန် တွန့်ဆုတ်သော ပညာ ဟု ဆိုအပ်၏။

ရဟန်းတို့ အလွန်တက်ကြွသော ပညာဟူသည် အဘယ်နည်း၊ ရဟန်းတို့ ပျံ့လွင့်မှု 'ဥဒ္ဓစ္စ'နှင့် တကွဖြစ်သော ပျံ့လွင့်မှု'ဥဒ္ဓစ္စ'နှင့် ယှဉ်သော ပညာကို အလွန်တက်ကြွသော ပညာဟု ဆိုအပ်၏။

ရဟန်းတို့ အတွင်း၌ ကျုံ့သော ပညာဟူသည် အဘယ်နည်း၊ ရဟန်းတို့ လေးလံထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ'နှင့် တကွဖြစ်သော လေးလံထိုင်းမှိုင်းမှု 'ထိနမိဒ္ဓ' နှင့် ယှဉ်သော ပညာကို အတွင်း၌ ကျုံ့သော ပညာ ဟု ဆိုအပ်၏။

ရဟန်းတို့ အပ၌ ပျံ့လွင့်သော ပညာဟူသည် အဘယ်နည်း၊ ရဟန်းတို့ အပ၌ ကာမဂုဏ် ငါးပါးတို့ကို အကြောင်းပြု၍ ပျံ့လွင့်ကျယ်ပြန့်သော ပညာကို အပ၌ ပျံ့လွင့်ကျယ်ပြန့်သော ပညာဟု ဆိုအပ်၏ ။ပ။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် မြေးယုက်ခြင်းမရှိပဲ ပွင့်လင်းသော စိတ်ဖြင့် အရောင်အလင်းရှိလာအောင် စိတ်ကို ပွါးများ၏၊ ရဟန်းတို့ ဤသို့လျှင် ဣဒ္ဓိပါဒ် လေးပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် အကျိုးကြီးကုန်၏၊ အာနိသင်ကြီးကုန်၏။

ရဟန်းတို့ ရဟန်းသည် ဤသို့လျှင် ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် များပြားသော တန်ခိုးဖန်ဆင်းခြင်းကို ပြီးစေ၏။ တယောက်တည်း ဖြစ်လျက်လည်း အများဖြစ်သွားနိုင်၏၊ အများဖြစ်လျက်လည်း တယောက်တည်းဖြစ်လာနိုင်၏။ပ။ ဗြဟ္မာ့ပြည်တိုင်အောင်လည်း ကိုယ်ကို မိမိအလိုအတိုင်းဖြစ်စေနိုင်၏။ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည် ရှိသော် အာသဝ ကုန်သဖြင့် အာသဝကင်းသော (ကိလေသာမှ) လွတ်မြောက်သော (အရဟတ္တဖိုလ်) စိတ်နှင့် လွတ်မြောက်သော(အရဟတ္တဖိုလ်)ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေရ၏ဟု(မိန့်တော်မူ၏)။

ဒသမသုတ်။

နှစ်ခုမြောက် ပါသာဒကမ္ပနဝဂ် ပြီး၏။

---

### ၃-အယောဂုဠဝဂ် ၁-မဂ္ဂသုတ်

၈၃၃။ သာဝတ္ထိနိဒါန်း။ရဟန်းတို့(သစ္စာလေးပါးကိုမသိမီ) ဘုရားမဖြစ်သေး၍ ဘုရားလောင်း သာဖြစ်သော ငါ့အား "ဣဒ္ဓိပါဒ်ကို ပွါးများရန်လမ်းသည် အဘယ်နည်း၊ ကျင့်စဉ်သည် အဘယ် နည်း"ဟု အကြံဖြစ်ခဲ့ဘူး၏။ရဟန်းတို့ ထိုငါ့အား ဤအကြံဖြစ်၏—ရဟန်းသည် အလို'ဆန္ဒ'ကိုမှီ၍ ဖြစ်သော သမာဓိ အားထုတ်မှု လုံ့လတို့နှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏၊ ဤသို့ပွါးများသည် ရှိသော် ငါ၏ အလို'ဆန္ဒ'သည် အလွန်လည်း မတွန့်ဆုတ်လတ္တံ့၊ အလွန်လည်း မတက်ကြွလတ္တံ့၊ အတွင်း၌လည်း မကျုံ့လတ္တံ့၊ အပ၌လည်း မပျံ့လွင့်လတ္တံ့၊ ရှေးအဘို့၌ကဲ့သို့ နောက်အဘို့၌ရှင်း နောက်အဘို့၌ကဲ့သို့ ရှေးအဘို့၌ရှင်း အောက်အဘို့၌ကဲ့သို့ အထက်အဘို့၌ရှင်း အထက်အဘို့၌ကဲ့သို့ အောက်အဘို့၌ရှင်း နေ့အဘို့၌ကဲ့သို့ ညဉ့်အဘို့၌ရှင်း ညဉ့်အဘို့၌ကဲ့သို့ နေ့အဘို့၌ရှင်း ရှေးအဘို့

http://www.dhammadownload.com



နောက်အဘို့တို့၌ အမှတ်သညာရှိလျက် နေ၏၊ ဤသို့ မြွေးယှက်ခြင်းမရှိပဲ ပွင့်လင်းသော စိတ်ဖြင့် အရောင်အလင်းရှိလာအောင် စိတ်ကို ပွါးများ၏။ ဝီရိယကို မှီ၍ဖြစ်သော သမာဓိ ။ပ။ စိတ်ကို မှီ၍ဖြစ်သော သမာဓိ။ ပညာကို မှီ၍ ဖြစ်သောသမာဓိ အားထုတ်မှု လုံ့လတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏၊ ဤသို့ ပွါးများသည်ရှိသော် ငါ၏ ပညာသည် အလွန်လည်း မတွန့်ဆုတ်လတ္တံ့၊ အလွန်လည်း မတက်ကြွလတ္တံ့၊ အတွင်း၌လည်း မကြုံ့လတ္တံ့၊ အပ၌လည်း မပျံ့လွင့်လတ္တံ့၊ ရှေးအဘို့၌ကဲ့သို့ နောက်အဘို့၌ရှိင်း နောက်အဘို့၌ကဲ့သို့ ရှေးအဘို့၌ရင်း အောက်အဘို့၌ကဲ့သို့ အထက်အဘို့၌ရင်း အထက်အဘို့၌ကဲ့သို့ အောက်အဘို့၌ရင်း နေ့အဘို့၌ကဲ့သို့ ညဉ့်အဘို့၌ရင်း ညဉ့်အဘို့၌ကဲ့သို့ နေ့အဘို့၌ရင်း ရှေးအဘို့ နောက်အဘို့တို့၌ အမှတ်သညာရှိလျက်နေ၏၊ ဤသို့ မြွေးယှက်ခြင်း မရှိပဲ ပွင့်လင်းသော စိတ်ဖြင့်·အရောင်အလင်းရှိလာအောင် စိတ်ကို ပွါးများ၏။

ရဟန်းတို့ ဤဣဒ္ဓိပါဒ်လေးပါးတို့ကို ဤသို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည် ရှိသော် များပြားသော တန်ခိုးဖန်ဆင်းခြင်းနှင့်ပြည့်စုံ၏၊တယောက်တည်း ဖြစ်လျက်လည်း အများ ဖြစ်သွားနိုင်၏၊ အများဖြစ်လျက်လည်း တယောက်တည်းဖြစ်လာနိုင်၏။ပ။ပြဟ္မာ့ပြည်တိုင်အောင် လည်း ကိုယ်ကို မိမိအလိုအတိုင်း ဖြစ်စေနိုင်၏။ ရဟန်းတို့ ဤဣဒ္ဓိပါဒ်လေးပါးတို့ကို ဤသို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် အာသဝကုန်ခြင်းကြောင့် အာသဝ ကင်းသော (ကိလေသာမှ) လွတ်မြောက်သော (အရဟတ္တဖိုလ်) စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်) ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေရ၏ ဤသို့အကြံဖြစ်၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

[အဘိညာဉ် ခြောက်ပါးတို့ကို ချဲ့အပ်ကုန်၏]။

---

## ၂-အယောဂုဠသုတ်

၇၃၄။ သာဝတ္ထိနိဒါန်း။ ထိုအခါ အသျှင် အာနန္ဒာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—"အသျှင်ဘုရား မြတ်စွာဘုရားသည် စိတ်ဖြင့်ပြီးသော နာမကာယဖြင့် ဗြဟ္မာ့ပြည်သို့ တန်ခိုးတော်ဖြင့် ချဉ်းကပ်တော်မူဘူးသည်ကို အမှတ် ရတော်မူပါ၏လော"ဟု (လျှောက်၏)။ အာနန္ဒာ စိတ်ဖြင့်ပြီးသော နာမကာယဖြင့် ဗြဟ္မာ့ပြည်သို့ တန်ခိုးဖြင့် ချဉ်းကပ်ဘူးသည်ကို ငါအမှတ်ရ၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား မြတ်စွာဘုရားသည် ဤမဟာဘုတ်လေးပါးဖြင့် ပြီးသော ရူပကာယဖြင့် ဗြဟ္မာ့ပြည်သို့ တန်ခိုးတော်ဖြင့် ချဉ်းကပ်တော်မူဘူးသည်ကို အမှတ် ရပါ၏လောဟု(လျှောက်၏)။ အာနန္ဒာ မဟာဘုတ် လေးပါးဖြင့်ပြီးသော ရူပကာယဖြင့် ဗြဟ္မာ့ ပြည်သို့ တန်ခိုးဖြင့် ချဉ်းကပ်ဘူးသည်ကို ငါအမှတ်ရ၏ဟု(မိန့်တော်မူ၏)။

အသျှင်ဘုရား မြတ်စွာဘုရား၏ စိတ်ဖြင့် ပြီးသော နာမကာယဖြင့် ဗြဟ္မာ့ ပြည်သို့ တန်ခိုး တော်ဖြင့် ချဉ်းကပ်ရန် စွမ်းနိုင်ခြင်းသည်ရင်း ဤမဟာဘုတ်လေးပါးဖြင့်ပြီးသော ရူပကာယဖြင့် ဗြဟ္မာ့ပြည်သို့ တန်ခိုးတော်ဖြင့် ချဉ်းကပ်တော်မူဘူးသည်ကို အမှတ် ရခြင်းသည်ရင်း အံ့ဖွယ်ရှိပါ

http://www.dhammadownload.com



ပေစွ၊ မဖြစ်ဘူးမြဲ ဖြစ်ပါပေစွဟု လျှောက်၏။ အာနန္ဒာ မြတ်စွာဘုရားတို့သည် အံ့ဖွယ်လည်း ရှိကုန်၏၊ အံ့ဖွယ်တရားနှင့်လည်း ပြည့်စုံကုန်၏။အာနန္ဒာ မြတ်စွာဘုရားတို့သည် မဖြစ်ဘူးမြဲလည်း ဖြစ်ကုန်၏၊ မဖြစ်ဘူးမြဲဖြစ်သော တရားတို့နှင့်လည်း ပြည့်စုံကုန်၏။

အာနန္ဒာ အကြင်အခါ၌ မြတ်စွာဘုရားသည် ကိုယ်ကိုလည်း စိတ်၌ တင်ထား၏၊စိတ်ကိုလည်း ကိုယ်၌တင်ထား၏၊ ချမ်းသာသော အမှတ်သညာကိုရင်း ပေါ့ပါးသော အမှတ်သညာကိုရင်း ကိုယ်၌သက်ဝင်စေ၍ နေ၏။ အာနန္ဒာ ထိုအခါ ငါဘုရား၏ ကိုယ်တော်သည် ပို၍လည်း ပေါ့ပါး၏၊ ပို၍လည်းနူးညံ့၏၊ ပို၍လည်း အမှု၌ခံ့၏၊ ပို၍လည်း ပြိုးပြိုးပြက် တောက်ပ၏။

အာနန္ဒာ ဥပမာသော်ကား တနေ့လုံး ပူစေအပ်သော သံတွေခဲသည် ပို၍လည်း ပေါ့ပါး၏၊ ပို၍လည်း နူးညံ့၏၊ ပို၍လည်း အမှု၌ခံ့၏၊ ပို၍လည်း ပြိုးပြိုးပြက် တောက်ပ၏။ အာနန္ဒာ ဤအတူပင် အကြင်အခါ၌ မြတ်စွာဘုရားသည် ကိုယ်ကိုလည်း စိတ်၌တင်ထား၏၊စိတ်ကိုလည်း ကိုယ်၌ တင်ထား၏၊ ချမ်းသာသော အမှတ်သညာကိုရင်း ပေါ့ပါးသော အမှတ်သညာကိုရင်း ကိုယ်၌ သက်ဝင်စေ၍ နေ၏၊အာနန္ဒာ ထိုအခါ၌ မြတ်စွာဘုရား၏ ကိုယ်တော်သည် ပို၍လည်း ပေါ့ပါး၏၊ ပို၍လည်း နူးညံ့၏၊ ပို၍လည်း အမှု၌ခံ့၏၊ ပို၍လည်း ပြိုးပြိုးပြက် တောက်ပ၏။

အာနန္ဒာ အကြင်အခါ၌ မြတ်စွာဘုရားသည် ကိုယ်ကိုလည်း စိတ်၌တင်ထား၏၊စိတ်ကိုလည်း ကိုယ်၌တင်ထား၏၊ ချမ်းသာသော အမှတ်သညာကိုရင်း ပေါ့ပါးသော အမှတ်သညာကိုရင်း ကိုယ်၌ သက်ဝင်စေ၍ နေ၏။ အာနန္ဒာ ထိုအခါ မြတ်စွာဘုရားသည် ကိုယ်ကိုလည်း စိတ်၌ တင်ထား၏၊ စိတ်ကိုလည်း ကိုယ်၌ တင်ထား၏၊ချမ်းသာသော အမှတ်သညာကိုရင်း ပေါ့ပါးသော အမှတ်သညာကိုရင်း ကိုယ်၌ သက်ဝင်စေ၍ နေ၏။အာနန္ဒာ ထိုအခါ၌ မြတ်စွာဘုရား၏ ကိုယ်သည် မပင်ပန်းပဲသာလျှင် မြေမှ ကောင်းကင်သို့ တက်နိုင်၏၊ ထိုမြတ်စွာဘုရားသည် များပြားသော တန်ခိုးဖန်ဆင်းခြင်းကို ပြီးစေ၏၊ထိုမြတ်စွာဘုရားသည် တပါးတည်း ဖြစ်လျက်လည်း အများဖြစ်သွားနိုင်၏၊ အများ ဖြစ်လျက်လည်း တပါးတည်း ဖြစ်လာနိုင်၏ ။ပ။ ဗြဟ္မာ့ပြည်တိုင်အောင်လည်း ကိုယ်တော်ကို မိမိအလိုအတိုင်း ဖြစ်စေနိုင်၏။

အာနန္ဒာ ပေါ့ပါးသော လဲမှို့စိုင်သည်ငှင်း ဝါဂွမ်းစိုင်သည်ငှင်း လေဆောင်ယူအပ်သည်ရှိသော် အလွယ်တကူသာလျှင် မြေမှကောင်းကင်သို့ တက်သကဲ့သို့ အာနန္ဒာ ဤအတူပင် အကြင် အခါ၌ မြတ်စွာဘုရားသည် ကိုယ်ကိုလည်း စိတ်၌ တင်ထား၏၊ စိတ်ကိုလည်း ကိုယ်၌ တင်ထား၏၊ ချမ်းသာသော အမှတ်သညာကိုရင်း ပေါ့ပါးသော အမှတ်သညာကိုရင်း ကိုယ်၌ သက်ဝင်စေ၍ နေ၏။အာနန္ဒာ ထိုအခါ၌ မြတ်စွာဘုရား၏ ကိုယ်တော်သည် မပင်ပန်းပဲသာလျှင် မြေမှ ကောင်းကင်သို့ တက်နိုင်၏၊ထိုမြတ်စွာဘုရားသည် များပြားသော တန်ခိုးဖန်ဆင်းခြင်းကို ပြီးစေ၏၊ ထိုမြတ်စွာဘုရားသည် တပါးတည်း ဖြစ်လျက်လည်း အများ ဖြစ်သွားနိုင်၏၊ အများဖြစ်လျက်လည်း တပါးတည်း ဖြစ်လာနိုင်၏ ။ပ။ ဗြဟ္မာ့ပြည် တိုင်အောင်လည်း ကိုယ်တော်ကို စိတ်အလို အတိုင်း ဖြစ်စေနိုင်၏ဟု (မိန့်တော်မူ၏)။

**ဒုတိယသုတ်။**

http://www.dhammadownload.com



## ၃-ဘိက္ခုသုတ်

၈၃၅။ ရဟန်းတို့ ဣန္ဒြိယ်တို့သည် ဤလေးပါးတို့တည်း။ အဘယ်လေးပါးတို့နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အလို 'ဆန္ဒ'ကို မှီ၍ဖြစ်သောသမာဓိ အားထုတ်မှု လုံ့လတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏၊ ဝီရိယကို မှီ၍ဖြစ်သော သမာဓိ။ပ။ စိတ်ကို မှီ၍ဖြစ်သော သမာဓိ။ ပညာကို မှီ၍ဖြစ်သော သမာဓိ အားထုတ်မှုလုံ့လတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏၊ ရဟန်းတို့ ဣဒ္ဓိပါဒ်တို့သည် ဤလေးပါးတို့ပင်တည်း။ ရဟန်းတို့ ဤဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် ရဟန်းသည် အာသဝကုန်သဖြင့် အာသဝကင်းသော(ကိလေသာမှ) လွတ်မြောက်သော (အရဟတ္တဖိုလ်)စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်) ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေရ၏ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-သုဒ္ဓိက သုတ်

၈၃၆။ ရဟန်းတို့ ဣဒ္ဓိပါဒ်တို့သည် ဤလေးပါးတို့တည်း။ အဘယ်လေးပါးတို့နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အလို'ဆန္ဒ'ကို မှီ၍ဖြစ်သောသမာဓိ အားထုတ်မှု လုံ့လတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏၊ ဝီရိယကို မှီ၍ဖြစ်သော သမာဓိ။ပ။ စိတ်ကို မှီ၍ဖြစ်သော သမာဓိ။ ပညာကို မှီ၍ဖြစ်သောသမာဓိ အားထုတ်မှု လုံ့လတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏။ ရဟန်းတို့ ဣဒ္ဓိပါဒ်တို့သည် ဤလေးပါးတို့ပင်တည်းဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-ပဌမ ဖလသုတ်

၈၃၇။ ရဟန်းတို့ ဣဒ္ဓိပါဒ်တို့သည် ဤလေးပါးတို့တည်း။ အဘယ်လေးပါးတို့နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အလို'ဆန္ဒ'ကို မှီ၍ဖြစ်သောသမာဓိ အားထုတ်မှု လုံ့လတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏။ ဝီရိယကို မှီ၍ဖြစ်သော သမာဓိ။ပ။ စိတ်ကို မှီ၍ဖြစ်သော သမာဓိ။ ပညာကို မှီ၍ဖြစ်သောသမာဓိ အားထုတ်မှု လုံ့လတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏၊ ရဟန်းတို့ ဣဒ္ဓိပါဒ်တို့သည် ဤလေးပါးတို့ပင်တည်း။ ရဟန်းတို့ ဤဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာပြုလုပ်ခြင်းကြောင့် ရဟန်းသည် ယခုဘဝ၌ပင် အရဟတ္တဖိုလ်ကို ရနိုင်ခြင်း (ဥပါဒါန်) အကြွင်းအကျန်ရှိခဲ့သော် အနာဂါမ်အဖြစ်သို့ ရောက်နိုင်ခြင်းဟူသော အကျိုးနှစ်ပါးတို့တွင် အကျိုးတပါးပါးကို(မချွတ်ရလိမ့်မည်ဟု) မြော်လင့်အပ်၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

http://www.dhammadownload.com



## ၆-ဒုတိယ ဖလသုတ်

၈၃၈။ ရဟန်းတို့ ဣဒ္ဓိပါဒ်တို့သည် ဤလေးပါးတို့တည်း၊ အဘယ်လေးပါးတို့နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အလို'ဆန္ဒ'ကို မှီ၍ဖြစ်သောသမာဓိ အားထုတ်မှု လုံ့လတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏၊ ဝီရိယကို မှီ၍ဖြစ်သော သမာဓိ။ပ။ စိတ်ကို မှီ၍ဖြစ်သော သမာဓိ။ ပညာကို မှီ၍ဖြစ်သောသမာဓိ အားထုတ်မှု လုံ့လတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏၊ ရဟန်းတို့ ဣဒ္ဓိပါဒ်တို့သည် ဤလေးပါးတို့တည်း။ ရဟန်းတို့ ဤဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် ခုနစ်ပါးသော အကျိုးအာနိသင်တို့ကို (မချွတ်ရလိမ့်မည်ဟု) မြော်လင့်အပ်၏။

အကျိုးအာနိသင်ခုနစ်ပါးတို့ဟူသည် အဘယ်တို့နည်း၊ မျက်မှောက်ဘဝ စောစောကပင်လျှင် အရဟတ္တဖိုလ်ကို ပြီးစေနိုင်၏။ မျက်မှောက်ဘဝ စောစောကပင် အရဟတ္တဖိုလ်ကို မပြီးစေနိုင်ခဲ့မူ သေခါနီးအခါ၌ အရဟတ္တဖိုလ်ကို ပြီးစေနိုင်၏၊ အကယ်၍ မျက်မှောက်ဘဝ စောစောကပင် အရဟတ္တဖိုလ်ကို မပြီးစေနိုင်ခဲ့မူ သေခါနီးအခါ၌ အရဟတ္တဖိုလ်ကို မပြီးစေနိုင်ခဲ့မူ အောက်ပိုင်း သံယောဇဉ်ငါးပါးတို့ ကုန်ခြင်းကြောင့် အသက်တမ်း၏ အလယ်၌ (အရဟတ္တဖိုလ်သို့ ရောက်လျက်) ပရိနိဗ္ဗာန်ပြုရသော အန္တရာပရိနိဗ္ဗာယီမည်သော အနာဂါမ် ဖြစ်နိုင်၏။အသက်တမ်း၏ ထက်ဝက်ကို လွန်၍ (အရဟတ္တဖိုလ်သို့ ရောက်လျက်) ပရိနိဗ္ဗာန်ပြုရသော ဥပဟစ္စပရိနိဗ္ဗာယီမည်သော အနာဂါမ် ဖြစ်နိုင်၏။ ပယောဂလုံ့လမပါပဲ (အရဟတ္တဖိုလ်သို့ ရောက်လျက်) ပရိနိဗ္ဗာန်ပြုရသော အသင်္ခါရ ပရိနိဗ္ဗာယီမည်သော အနာဂါမ်ဖြစ်နိုင်၏၊ ပယောဂလုံ့လနှင့် တကွ (အရဟတ္တဖိုလ်သို့ ရောက်လျက်) ပရိနိဗ္ဗာန်ပြုရသော သသင်္ခါရပရိနိဗ္ဗာယီမည်သော အနာဂါမ်ဖြစ်နိုင်၏။အထက်ဘုံသို့ အစဉ်အတိုင်း တက်၍ အကနိဋ္ဌဘုံသို့ ရောက်လျက် ပရိနိဗ္ဗာန်ပြုရသော ဥဒ္ဓံသောတအကနိဋ္ဌဂါမီမည်သော အနာဂါမ်ဖြစ်နိုင်၏။ ရဟန်းတို့ ဤဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်း ကြောင့် ဤခုနစ်ပါးသော အကျိုးအာနိသင်တို့ကို (မချွတ်ရလိမ့်မည်ဟု) မြော်လင့်အပ်၏ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-ပဌမ အာနန္ဒသုတ်

၈၃၉။ သာဝတ္ထိနိဒါန်း။ ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးလျက် တခုသော နေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကား ကို လျှောက်၏—

အသျှင်ဘုရား ဣဒ္ဓိဟူသည် အဘယ်ပါနည်း၊ဣဒ္ဓိပါဒ်ဟူသည် အဘယ်ပါနည်း၊ ဣဒ္ဓိပါဒ် ပွါးများခြင်းဟူသည် အဘယ်ပါနည်း၊ ဣဒ္ဓိပါဒ် ပွါးများခြင်းသို့ ရောက်ကြောင်းအကျင့်ဟူသည် အဘယ်ပါ နည်းဟု (လျှောက်၏)။ အာနန္ဒာ ဤသာသနာတော်၌ ရဟန်းသည် များပြားသော တန်ခိုး ဖန်ဆင်းခြင်းကို ပြီ စေ၏၊ တယောက်တည်း ဖြစ်လျက်လည်း အများဖြစ်သွားနိုင်၏၊ အများ ဖြစ်လျက်လည်း တယောက်တည်း ဖြစ်လာနိုင်၏။ပ။ပြဟ္မာ့ပြည်တိုင်အောင်လည်း ကိုယ်ကို မိမိအလို အတိုင်း ဖြစ်စေနိုင်၏၊ အာနန္ဒာ ဤသည်ကို ဣဒ္ဓိဟု ဆိုအပ်၏။

http://www.dhammadownload.com



အာနန္ဒာ ဣဒ္ဓိပါဒ်ဟူသည် အဘယ်နည်း၊ အာနန္ဒာ ဣဒ္ဓိကို ရရန်ဖြစ်သော လမ်းစဉ်အကျင့်ကို ဣဒ္ဓိပါဒ်ဟု ဆိုအပ်၏။

အာနန္ဒာ ဣဒ္ဓိပါဒ် ပွါးများခြင်းဟူသည် အဘယ်နည်း၊ အာနန္ဒာ ဤသာသနာတော်၌ ရဟန်းသည် 'ဆန္ဒ'ကိုမှီ၍ဖြစ်သောသမာဓိ အားထုတ်မှု လုံ့လတို့နှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏။ ဝီရိယကိုမှီ၍ဖြစ်သော သမာဓိ။ပ။ စိတ်ကိုမှီ၍ဖြစ်သော သမာဓိ။ ပညာကိုမှီ၍ဖြစ်သော သမာဓိ အားထုတ်မှု လုံ့လတို့နှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏။ အာနန္ဒာ ဤသည်ကို ဣဒ္ဓိပါဒ် ပွါးများခြင်းဟု ဆိုအပ်၏။

အာနန္ဒာ ဣဒ္ဓိပါဒ် ပွါးများခြင်းသို့ ရောက်ကြောင်း အကျင့်ဟူသည် အဘယ်နည်း၊ အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်ပင်တည်း၊ ဤသည်ကား အဘယ်နည်း၊ မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ'။ပ။မှန်ကန်သောတည်ကြည်မှု 'သမ္မာသမာဓိ' တို့တည်း။ အာနန္ဒာ ဤအရိယမဂ်ကို ဣဒ္ဓိပါဒ် ပွါးများခြင်းသို့ ရောက်ကြောင်းအကျင့်ဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-ဒုတိယ အာနန္ဒသုတ်

၈၄၀။ တခုသောနေရာ၌ ထိုင်နေသော အသျှင်အာနန္ဒာအား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—"အာနန္ဒာ ဣဒ္ဓိဟူသည် အဘယ်နည်း၊ ဣဒ္ဓိပါဒ်ဟူသည် အဘယ်နည်း၊ ဣဒ္ဓိပါဒ်ကို ပွါးများခြင်းဟူသည် အဘယ်နည်း၊ ဣဒ္ဓိပါဒ်ပွါးများခြင်းသို့ ရောက်ကြောင်း အကျင့်ဟူသည် အဘယ်နည်း"ဟု (မိန့်တော်မူ၏)။အသျှင်ဘုရား အကျွန်ုပ်တို့အား တရားတော်တို့သည် မြတ်စွာဘုရားလျှင် အရင်းအမြစ်ရှိပါကုန်၏၊ မြတ်စွာဘုရားလျှင် ထုတ်ဆောင်သူ ရှိပါကုန်၏။ပ။

အာနန္ဒာ ဤသာသနာတော်၌ ရဟန်းသည် များပြားသောတန်ခိုး ဖန်ဆင်းခြင်းကို ပြီးစေ၏၊ တယောက်တည်းဖြစ်လျက်လည်း အများဖြစ်သွားနိုင်၏၊ အများဖြစ်လျက်လည်း တယောက်တည်း ဖြစ်လာနိုင်၏။ပ။ ဗြဟ္မာ့ပြည်တိုင်အောင်လည်း ကိုယ်ကို မိမိအလိုအတိုင်း ဖြစ်စေနိုင်၏၊ အာနန္ဒာ ဤသည်ကို ဣဒ္ဓိဟု ဆိုအပ်၏။

အာနန္ဒာ ဣဒ္ဓိပါဒ်ဟူသည် အဘယ်နည်း၊ အာနန္ဒာ ဣဒ္ဓိကိုရရန်ဖြစ်သော လမ်းစဉ်အကျင့်ကို ဣဒ္ဓိပါဒ်ဟု ဆိုအပ်၏။

အာနန္ဒာ ဣဒ္ဓိပါဒ် ပွါးများခြင်းဟူသည် အဘယ်နည်း၊ အာနန္ဒာ ဤသာသနာတော်၌ ရဟန်းသည် အလို'ဆန္ဒ'ကိုမှီ၍ဖြစ်သော သမာဓိ အားထုတ်မှု လုံ့လတို့နှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏။ ဝီရိယကိုမှီ၍ဖြစ်သော သမာဓိ။ပ။ စိတ်ကိုမှီ၍ဖြစ်သော သမာဓိ၊ ပညာကိုမှီ၍ ဖြစ်သောသမာဓိ အားထုတ်မှု လုံ့လတို့နှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏။ အာနန္ဒာ ဤသည်ကို ဣဒ္ဓိပါဒ် ပွါးများခြင်းဟု ဆိုအပ်၏။

အာနန္ဒာ ဣဒ္ဓိပါဒ် ပွါးများခြင်းသို့ ရောက်ကြောင်း အကျင့်ဟူသည် အဘယ်နည်း၊ အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်ပင်တည်း။ ဤသည်ကား အဘယ်နည်း၊ မှန်ကန်သော

http://www.dhammadownload.com



အမြင် 'သမ္မာဒိဋ္ဌိ'။ပ။ မှန်ကန်သောတည်ကြည်မှု 'သမ္မာသမာဓိ'တို့တည်း။ အာနန္ဒာ ဤအရိယမဂ်ကို ဣဒ္ဓိပါဒ် ပွါးများခြင်းသို့ ရောက်ကြောင်း အကျင့်ဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

## ၉-ပဌမ ဘိက္ခုသုတ်

၈၄၁။ ထိုအခါ များစွာကုန်သော ရဟန်းတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးကုန်လျက် တခုသောနေရာ၌ ထိုင်နေကုန်ပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်ကုန်၏—"အသျှင်ဘုရား ဣဒ္ဓိဟူသည် အဘယ်ပါနည်း၊ ဣဒ္ဓိပါဒ်ဟူသည် အဘယ်ပါနည်း၊ ဣဒ္ဓိပါဒ် ပွါးများခြင်းဟူသည် အဘယ်ပါနည်း၊ ဣဒ္ဓိပါဒ် ပွါးများခြင်းသို့ ရောက်ကြောင်းအကျင့်ဟူသည် အဘယ်ပါနည်း"ဟု (လျှောက်ကုန်၏)။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် များပြားသော တန်ခိုးဖန်ဆင်းခြင်းကို ပြီးစေ၏၊ တယောက်တည်း ဖြစ်လျက်လည်း အများ ဖြစ်သွားနိုင်၏၊ အများဖြစ်လျက်လည်း တယောက်တည်း ဖြစ်လာနိုင်၏။ပ။ ဗြဟ္မာ့ပြည်တိုင်အောင်လည်း ကိုယ်ကို မိမိအလိုအတိုင်း ဖြစ်စေနိုင်၏။ ရဟန်းတို့ ဤသည်ကို ဣဒ္ဓိဟု ဆိုအပ်၏။

ရဟန်းတို့ ဣဒ္ဓိပါဒ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဣဒ္ဓိ ကို ရရန်ဖြစ်သော လမ်းစဉ်အကျင့်ကို ဣဒ္ဓိပါဒ်ဟု ဆိုအပ်၏။

ရဟန်းတို့ ဣဒ္ဓိပါဒ် ပွါးများခြင်းဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အလို'ဆန္ဒ'ကိုမှီ၍ဖြစ်သောသမာဓိ အားထုတ်မှုလုံ့လတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏၊ ဝီရိယကိုမှီ၍ဖြစ်သော သမာဓိ။ပ။စိတ်ကိုမှီ၍ဖြစ်သော သမာဓိ။ ပညာကိုမှီ၍ဖြစ်သော သမာဓိ အားထုတ်မှု လုံ့လတို့နှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏။ ရဟန်းတို့ ဤသည်ကို ဣဒ္ဓိပါဒ် ပွါးများခြင်းဟု ဆိုအပ်၏။

ရဟန်းတို့ ဣဒ္ဓိပါဒ် ပွါးများခြင်းသို့ ရောက်ကြောင်း အကျင့်ဟူသည် အဘယ်နည်း၊ အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်ပင်တည်း၊ ဤသည်ကား အဘယ်နည်း၊ မှန်ကန်သော အမြင် 'သမ္မာဒိဋ္ဌိ'။ပ။ မှန်ကန်သောတည်ကြည်မှု 'သမ္မာသမာဓိ'တို့တည်း။ ရဟန်းတို့ ဤအရိယမဂ်ကို ဣဒ္ဓိပါဒ် ပွါးများခြင်း သို့ ရောက်ကြောင်းအကျင့်ဟု ဆိုအပ်၏ဟု(မိန့်တော်မူ၏)။

နဝမသုတ်။

## ၁၀-ဒုတိယ ဘိက္ခုသုတ်

၈၄၂။ ထိုအခါ များစွာကုန်သော ရဟန်းတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကုန်၍။ပ။ တခုသောနေရာ၌ ထိုင်နေပြီးသော ထိုရဟန်းတို့အား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—"ရဟန်းတို့ ဣဒ္ဓိဟူသည် အဘယ်နည်း၊ ဣဒ္ဓိပါဒ်ဟူသည် အဘယ်နည်း၊ ဣဒ္ဓိပါဒ် ပွါးများခြင်းဟူသည် အဘယ်နည်း၊ ဣဒ္ဓိပါဒ် ပွါးများခြင်းသို့ ရောက်ကြောင်း အကျင့်ဟူသည် အဘယ်

http://www.dhammadownload.com



နည်း''ဟု(မိန့်တော်မူ၏)။အသျှင်ဘုရား အကျွန်ုပ်တို့အား တရားတော်တို့သည် မြတ်စွာဘုရားလျှင် အရင်းအမြစ်ရှိပါကုန်၏၊မြတ်စွာဘုရားလျှင် ထုတ်ဆောင်သူ ရှိပါကုန်၏။ပ။

ရဟန်းတို့ ဣဒ္ဓိဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် များပြားသော တန်ခိုးဖန်ဆင်းခြင်းကို ပြီးစေ၏၊ တယောက်တည်း ဖြစ်လျက်လည်း အများဖြစ်သွားနိုင်၏၊ အများဖြစ်လျက်လည်း တယောက်တည်း ဖြစ်သာနိုင်၏။ပ။ဗြဟ္မာ့ပြည်တိုင်အောင်လည်း ကိုယ်ကို မိမိအလိုအတိုင်း ဖြစ်စေနိုင်၏၊ ရဟန်းတို့ ဤသည်ကို ဣဒ္ဓိဟု ဆိုအပ်၏။

ရဟန်းတို့ ဣဒ္ဓိပါဒ်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဣဒ္ဓိကိုရရန်ဖြစ်သော လမ်းစဉ်အကျင့်ကို ဣဒ္ဓိပါဒ်ဟု ဆိုအပ်၏။

ရဟန်းတို့ ဣဒ္ဓိပါဒ် ပွါးများခြင်းဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အလို'ဆန္ဒ'ကိုမှီ၍ဖြစ်သောသမာဓိ အားထုတ်မှု လုံ့လတို့နှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏။ ဝီရိယကိုမှီ၍ဖြစ်သော သမာဓိ။ပ။ စိတ်ကိုမှီ၍ဖြစ်သော သမာဓိ။ ပညာကိုမှီ၍ဖြစ်သောသမာဓိ အားထုတ်မှုလုံ့လတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏။ ရဟန်းတို့ ဤသည်ကို ဣဒ္ဓိပါဒ် ပွါးများခြင်းဟု ဆိုအပ်၏။

ရဟန်းတို့ ဣဒ္ဓိပါဒ် ပွါးများခြင်းသို့ ရောက်ကြောင်း အကျင့်ဟူသည် အဘယ်နည်း၊ အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်ပင်တည်း၊ ဤသည်ကား အဘယ်နည်း၊ မှန်ကန်သော အမြင် 'သမ္မာဒိဋ္ဌိ'။ပ။မှန်ကန်သောတည်ကြည်မှု 'သမ္မာသမာဓိ'တို့တည်း။ ရဟန်းတို့ ဤအရိယမဂ်ကို ဣဒ္ဓိပါဒ် ပွါးများခြင်းသို့ ရောက်ကြောင်းအကျင့်ဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

---

## ၁၁-မောဂ္ဂလာနသုတ်

၈၄၃။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို ''ရဟန်းတို့ ထိုအရာကို အဘယ်သို့မှတ်ထင်ကုန်သနည်း၊ အဘယ်တရားတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် မောဂ္ဂလာန်မည်သောရဟန်းသည် ဤသို့ တန်ခိုးကြီးသနည်း၊ ဤသို့ အာနုဘော်ကြီးသနည်း''ဟု မိန့်တော်မူ၏။ အသျှင်ဘုရား အကျွန်ုပ်တို့အား တရားတော်တို့သည် မြတ်စွာဘုရားလျှင် အရင်းအမြစ်ရှိပါကုန်၏၊ မြတ်စွာဘုရားလျှင် ထုတ်ဆောင်သူ ရှိပါကုန်၏။ပ။ရဟန်းတို့ ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် မောဂ္ဂလာန်မည်သော ရဟန်းသည် ဤသို့ တန်ခိုးကြီး၏၊ ဤသို့ အာနုဘော်ကြီး၏။

အဘယ်လေးပါးတို့နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ မောဂ္ဂလာန်မည်သောရဟန်းသည် အလို'ဆန္ဒ'ကို မှီ၍ဖြစ်သောသမာဓိ အားထုတ်မှုလုံ့လတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကိုပွါးများ၏။ ဤသို့ ပွါးများသည်ရှိသော် ငါ၏အလို'ဆန္ဒ'သည် အလွန်လည်း မတွန့်ဆုတ်လတ္တံ့၊ အလွန်လည်း မတက်ကြွလတ္တံ့၊ အတွင်း၌လည်း မကျုံ့လတ္တံ့၊ အပ၌လည်း မပျံ့လွင့်လတ္တံ့၊ ရှေးအဘို့၌ကဲ့သို့ နောက်အဘို့၌ရင်း နောက်အဘို့၌ကဲ့သို့ ရှေးအဘို့၌ရင်း အောက်အဘို့၌ကဲ့သို့ အထက်အဘို့၌ရင်း အထက်အဘို့၌ကဲ့သို့ အောက်အဘို့၌ရင်း နေ့အဘို့၌ကဲ့သို့ ညဉ့်အဘို့၌ရင်း ညဉ့်အဘို့၌ကဲ့သို့

http://www.dhammadownload.com



နေ့အဘို့၌ရှင်း ရှေးအဘို့ နောက်အဘို့တို့၌ အမှတ်သညာရှိလျက် နေ၏၊ ဤသို့ မြွေးယှက်ခြင်းမရှိသော ပွင့်လင်းသောစိတ်ဖြင့် အရောင်အလင်းရှိလာအောင် စိတ်ကိုပွါးများ၏၊ ဝီရိယကို မှီ၍ဖြစ်သော သမာဓိ။ပ။ စိတ်ကို မှီ၍ဖြစ်သောသမာဓိ။ ပညာကို မှီ၍ဖြစ်သော သမာဓိအားထုတ်မှု လုံ့လတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏။ ဤသို့ ပွါးများသည်ရှိသော် ငါ၏ပညာသည် အလွန်လည်း မတွန့်ဆုတ်လတ္တံ့၊ အလွန်လည်း မတက်ကြွလတ္တံ့၊ အတွင်း၌လည်း မကျုံ့လတ္တံ့၊ အပ၌လည်း မပျံ့လွင့်လတ္တံ့၊ရှေးအဘို့ နောက်အဘို့တို့၌ အမှတ်သညာရှိလျက်။ပ။ဤသို့ မြွေးယှက်ခြင်းမရှိသော ပွင့်လင်းသောစိတ်ဖြင့် အရောင်အလင်းရှိလာအောင် စိတ်ကို ပွါးများ၏။ရဟန်းတို့ ဤဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် မောဂ္ဂလာန်မည်သော ရဟန်းသည် ဤသို့ တန်ခိုးကြီး၏၊ ဤသို့ အာနုဘော်ကြီး၏။

ရဟန်းတို့ ဤဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် မောဂ္ဂလာန်မည်သောရဟန်းသည် ဤသို့ များပြားသော တန်ခိုးဖန်ဆင်းခြင်းနှင့် ပြည့်စုံ၏၊ တယောက်တည်းဖြစ်လျက်လည်း အများဖြစ်သွားနိုင်၏၊ အများဖြစ်လျက်လည်း တယောက်တည်း ဖြစ်လာနိုင်၏။ပ။ ဗြဟ္မာ့ပြည်တိုင်အောင်လည်း ကိုယ်ကို မိမိအလိုအတိုင်း ဖြစ်စေနိုင်၏။ ရဟန်းတို့ ဤဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် မောဂ္ဂလာန်မည်သော ရဟန်းသည် အာသဝကုန်သဖြင့် အာသဝကင်းသော (ကိလေသာမှ) လွတ်မြောက်သော စိတ်ဖြင့် (ကိလေသာမှ)လွတ်မြောက်သော ပညာကို မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍နေရ၏ဟု (မိန့်တော်မူ၏)။

ကောဒသမသုတ်။

## ၁၂-တထာဂတသုတ်

၈၄၄။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို ဤသို့ မိန့်တော်မူ၏—"ရဟန်းတို့ ထိုအရာကို အဘယ်သို့မှတ်ထင်ကုန်သနည်း၊ အဘယ်တရားကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် မြတ်စွာဘုရားသည် ဤသို့ တန်ခိုးကြီးသနည်း၊ ဤသို့ အာနုဘော်ကြီးသနည်း"ဟု မိန့်တော်မူ၏။ အသျှင်ဘုရား အကျွန်ုပ်တို့အား တရားတော်တို့သည် မြတ်စွာဘုရားလျှင် အရင်းအမြစ်ရှိပါကုန်၏၊ မြတ်စွာဘုရားလျှင် ထုတ်ဆောင်သူ ရှိပါကုန်၏။ပ။ ရဟန်းတို့ ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် မြတ်စွာဘုရားသည် ဤသို့ တန်ခိုးကြီး၏၊ ဤသို့ အာနုဘော်ကြီး၏။

အဘယ်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် တန်ခိုးအာနုဘော်ကြီးသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ မြတ်စွာဘုရားသည် အလို'ဆန္ဒ'ကို မှီ၍ဖြစ်သော သမာဓိ အားထုတ်မှုလုံ့လတို့နှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏။ ဤသို့ ပွါးများသည်ရှိသော် ငါ၏ အလို'ဆန္ဒ'သည် အလွန်လည်း မတွန့်ဆုတ်လတ္တံ့၊ အလွန်လည်း မတက်ကြွလတ္တံ့၊ အတွင်း၌လည်း မကျုံ့လတ္တံ့၊အပ၌သည်း မပျံ့လွင့်လတ္တံ့။ရှေးအဘို့၌ကဲ့သို့ နောက်အဘို့၌ရှင်း နောက်အဘို့၌ကဲ့သို့ ရှေးအဘို့၌ရှင်း အောက်အဘို့၌ကဲ့သို့ အထက်အဘို့၌ရှင်း အထက်အဘို့၌ကဲ့သို့ အောက်အဘို့၌ရှင်း နေ့အဘို့၌ကဲ့သို့ ညဉ့်အဘို့၌ရှင်း ညဉ့်အဘို့၌ကဲ့သို့ နေ့အဘို့၌ရှင်း ရှေးအဘို့ နောက်အဘို့တို့၌ အမှတ်သညာရှိလျက် နေ၏၊ ဤသို့ မြွေးယှက်ခြင်းမရှိသော ပွင့်လင်းသောစိတ်ဖြင့် အရောင်

http://www.dhammadownload.com



အလင်းရှိသော စိတ်ကို ပွါးများ၏။ ဝီရိယကို မှီ၍ဖြစ်သော သမာဓိ။ပ။ စိတ်ကို မှီ၍ဖြစ်သော သမာဓိ။ ပညာကို မှီ၍ဖြစ်သောသမာဓိ အားထုတ်မှု လုံ့လတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏။ ဤသို့ ပွါးများသည်ရှိသော် ငါ၏ပညာသည် အလွန်လည်း မတွန့်ဆုတ်လတ္တံ့၊ အလွန်လည်း မတက်ကြွလတ္တံ့၊ အတွင်း၌လည်း မကျုံ့လတ္တံ့၊ အပ၌လည်း မပျံ့လွင့်လတ္တံ့၊ ရှေးအဘို့၌ကဲ့သို့ နောက်အဘို့၌ရှင်း နောက်အဘို့၌ကဲ့သို့ ရှေးအဘို့၌ကဲ့သို့ရှင်း အောက်အဘို့၌ကဲ့သို့ အထက်အဘို့၌ရှင်း အထက်အဘို့၌ကဲ့သို့ အောက်အဘို့၌ရှင်း နေ့အဘို့၌ကဲ့သို့ ညဉ့်အဘို့၌ရှင်း ညဉ့်အဘို့၌ကဲ့သို့ နေ့အဘို့၌ရှင်း ရှေးအဘို နောက်အဘိုတို့၌ အမှတ်သညာရှိလျက် နေ၏၊ ဤသို့ မြွေယှက်ခြင်းမရှိသော ပွင့်လင်းသော စိတ်ဖြင့် အရောင်အလင်းရှိလာအောင် စိတ်ကို ပွါးများ၏။ ရဟန်းတို့ ဤဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် မြတ်စွာဘုရားသည် ဤသို့ တန်ခိုးကြီး၏၊ ဤသို့ အာနုဘော်ကြီး၏။

ရဟန်းတို့ ဤဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် မြတ်စွာဘုရားသည် ဤသို့ များပြားသော တန်ခိုးဖန်ဆင်းခြင်းကို ပြီးစီးစေ၏၊ တယောက်တည်း ဖြစ်လျက်လည်း အများဖြစ်သွားနိုင်၏၊ အများဖြစ်လျက်လည်း တယောက်တည်း ဖြစ်လာနိုင်၏ ။ပ။ ဗြဟ္မာ့ပြည်တိုင်အောင်လည်း ကိုယ်ကို မိမိအလိုအတိုင်း ဖြစ်စေနိုင်၏။ ရဟန်းတို့ ဤဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် မြတ်စွာဘုရားသည် အာသဝကုန်သဖြင့် အာသဝကင်းသော (ကိလေသာမှ)လွတ်မြောက်သော (အရဟတ္တဖိုလ်)စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်)ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍နေရ၏ဟု (မိန့်တော်မူ၏)။

ဒွါဒသမသုတ်။

[အဘိညာဉ်ခြောက်ပါးတို့ကိုလည်း ချဲ့အပ်ကုန်၏]။

သုံးခုမြောက် အယောဂဝဂ် ပြီး၏။

---

## ၄-ဂင်္ဂါပေယျာလဝဂ်

### ၁-၁၂-ဂင်္ဂါနဒီစသော ၁၂-သုတ်

၈၄၅-၈၅၆။ ရဟန်းတို့ ဂင်္ဂါမြစ်သည် အရှေ့အရပ်သို့ ညွတ် ကိုင်း ရှိုင်းသကဲ့သို့ ဤအတူပင် ရဟန်းသည် ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများသည်ရှိသော် ကြိမ်ဖန်များစွာ ပြုလုပ်သည်ရှိသော် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်း၏။ ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများသည်ရှိသော် ကြိမ်ဖန်များစွာ ပြုလုပ်သည်ရှိသော် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်းသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အလို'ဆန္ဒ'ကို မှီ၍ဖြစ်သော သမာဓိ အားထုတ်မှုလုံ့လတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏၊ ဝီရိယကိုမှီ၍ဖြစ်သော သမာဓိ။ပ။စိတ်ကိုမှီ၍ဖြစ်သော သမာဓိ။ ပညာကို မှီ၍ဖြစ်သောသမာဓိ အားထုတ်မှုလုံ့လတို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏။

http://www.dhammadownload.com



ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများသည်ရှိသော် ကြိမ်ဖန်များစွာပြုလုပ်သည်ရှိသော် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်း၏ဟု(မိန့်တော်မူ၏)။

ဒွါဒသမသုတ်။

လေးခုမြောက် ဂင်္ဂါပေယျာလဝဂ် ပြီး၏။

[အပ္ပမာဒဝဂ် ဗလကရဏီယဝဂ်နှင့် ဧသနာဝဂ်တို့ကို ချဲ့အပ်ကုန်၏]။

---

## ၈-ဩဃဝဂ်

### ၁-၁၀-ဩဃာဒိသုတ်

၈၈၉-၈၉၈။ ရဟန်းတို့ အထက်ပိုင်း သံယောဇဉ်တို့သည် ဤငါးပါးတို့တည်း၊ အဘယ်ငါးပါးတို့နည်း၊ ရူပရာဂ အရူပရာဂ မာန ဥဒ္ဓစ္စ အဝိဇ္ဇာတို့တည်း။ ရဟန်းတို့ အထက်ပိုင်း သံယောဇဉ်တို့ကား ဤငါးပါးတို့ပင်တည်း။ ရဟန်းတို့ ဤအထက်ပိုင်းသံယောဇဉ်ငါးပါးတို့ကို ထူးသောဉာဏ်ဖြင့် သိခြင်းငှါ ပိုင်းခြား၍သိခြင်းငှါ ကုန်စေခြင်းငှါ ပယ်ခြင်းငှါ ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများအပ်ကုန်၏။ အဘယ်လေးပါးတို့နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အလို'ဆန္ဒ'ကို မှီ၍ဖြစ်သောသမာဓိ အားထုတ်မှုလုံ့လဘို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏။ ဝီရိယကိုမှီ၍ဖြစ်သော သမာဓိ။ပ။ စိတ်ကို မှီ၍ဖြစ်သော သမာဓိ။ ပညာကို မှီ၍ဖြစ်သော သမာဓိ အားထုတ်မှု လုံ့လတို့နှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်ကို ပွါးများ၏၊ ရဟန်းတို့ ဤအထက်ပိုင်း သံယောဇဉ်ငါးပါးတို့ကို ထူးသောဉာဏ်ဖြင့် သိခြင်းငှါ ပိုင်းခြား၍သိခြင်းငှါ ကုန်စေခြင်းငှါ ပယ်ခြင်းငှါ ဤဣဒ္ဓိပါဒ်လေးပါးတို့ကို ပွါးများ အပ်ကုန်၏ဟု (မိန့်တော်မူ၏)။

[မဂ္ဂသံယုတ်ကဲ့သို့ ထိုအတူ ချဲ့အပ်၏]။

ရှစ်ခုမြောက် ဩဃဝဂ် ပြီး၏။

**ခုနစ်ခုမြောက် ဣဒ္ဓိပါဒသံယုတ် ပြီး၏။**

http://www.dhammadownload.com

# ၈-အနုရုဒ္ဓသံယုတ်

## ၁-ရဟောဂတဝဂ် ၁-ပဌမ ရဟောဂတသုတ်

၇၉၉။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ အသျှင်အနုရုဒ္ဓါသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌(သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ အသျှင်အနုရုဒ္ဓါအား ဆိတ်ငြိမ်ရာသို့ကပ်လျက် တပါးတည်း ကိန်းအောင်းနေစဉ် ဤသို့သော စိတ်အကြံဖြစ်၏—"သတိပဋ္ဌာန်လေးပါးတို့ကို ချွတ်ယွင်းစေသူ ဟူသမျှတို့အား ကောင်းစွာ ဆင်းရဲကုန်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အရိယမဂ်ကို ချွတ်ယွင်းစေသည် မည်၏၊ သတိပဋ္ဌာန်လေးပါးတို့ကို အားထုတ်ကြသူ ဟူသမျှတို့အား ကောင်းစွာ ဆင်းရဲကုန်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အရိယမဂ်ကို အားထုတ်အပ်သည် မည်၏"ဟု အကြံဖြစ်၏။

ထိုအခါ အသျှင်မဟာမောဂ္ဂလာန်သည် အသျှင်အနုရုဒ္ဓါ၏ စိတ်အကြံကို(မိမိ)စိတ်ဖြင့် သိ၍ အားရှိသောယောကျ်ားသည် ကွေးသောလက်ကို ဆန့်သကဲ့သို့ရင်း ဆန့်သောလက်ကို ကွေးသကဲ့သို့ရင်း ထို့အတူပင် အသျှင်အနုရုဒ္ဓါ၏ မျက်မှောက်၌ ထင်ရှားဖြစ်ပေါ်လာ၏၊ ထိုအခါ အသျှင်မဟာမောဂ္ဂလာန်သည် အသျှင်အနုရုဒ္ဓါအား "ငါ့သျှင်အနုရုဒ္ဓါ ရဟန်းသည် အဘယ်မျှဖြင့် သတိပဋ္ဌာန်လေးပါးတို့ကို အားထုတ်အပ်သည် မည်ကုန်သနည်း"ဟု (မိန့်ဆို၏)။

ငါ့သျှင် ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာအားထုတ်သည်ဖြစ်၍ ဆင်ခြင်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် မိမိရုပ်အပေါင်း၌ ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ ဖြစ်နေ၏၊ မိမိရုပ်အပေါင်း၌ ပျက်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ မိမိရုပ်အပေါင်း၌ ဖြစ်ခြင်းပျက်ခြင်း သဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ပြင်းစွာ အားထုတ်သည်ဖြစ်၍ ဆင်ခြင်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် သူတပါး ရုပ်အပေါင်း၌ ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ သူတပါး ရုပ်အပေါင်း၌ ပျက်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ သူတပါး ရုပ်အပေါင်း၌ ဖြစ်ခြင်း ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ပြင်းစွာ အားထုတ်သည်ဖြစ်၍ ဆင်ခြင်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် မိမိသူတပါး ရုပ်အပေါင်း၌ ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ မိမိသူတပါး ရုပ်အပေါင်း၌ ပျက်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ မိမိသူတပါး ရုပ်အပေါင်း၌ ဖြစ်ခြင်းပျက်ခြင်း သဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ထိုရဟန်းသည် "စက်ဆုပ်ဖွယ် မဟုတ်သော အာရုံ၌ စက်ဆုပ်ဖွယ်"ဟု အမှတ်ရှိ၍ နေလိုခဲ့မူ ထိုအာရုံ၌ စက်ဆုပ်ဖွယ် အမှတ်ရှိလျက် နေ၏။ "စက်ဆုပ်ဖွယ်အာရုံ၌ စက်ဆုပ်ဖွယ် မဟုတ်"ဟု အမှတ်ရှိ၍ နေလိုခဲ့မူ ထိုအာရုံ၌ စက်ဆုပ်ဖွယ်မဟုတ်ဟု အမှတ်ရှိလျက် နေ၏။ "စက်ဆုပ်ဖွယ်မဟုတ်သောအာရုံ၌ရင်း စက်ဆုပ်ဖွယ်အာရုံ၌ရင်း စက်ဆုပ်ဖွယ်"ဟု အမှတ်ရှိလျက် နေလိုခဲ့မူ ထိုအာရုံ၌ စက်ဆုပ်ဖွယ်ဟု အမှတ်ရှိလျက် နေ၏။ "စက်ဆုပ်ဖွယ် အာရုံ၌ရင်း စက်ဆုပ်ဖွယ်မဟုတ်သောအာရုံ၌ရင်း စက်ဆုပ်ဖွယ်မဟုတ်"ဟု အမှတ်ရှိလျက် နေလိုခဲ့မူ ထိုအာရုံ၌ စက်ဆုပ်ဖွယ်

http://www.dhammadownload.com



မဟုတ်ဟု အမှတ်ရှိလျက် နေ၏။ "စက်ဆုပ်ဖွယ်မဟုတ်သော အာရုံကိုငင်း စက်ဆုပ်ဖွယ်အာရုံကိုငင်း ထိုနှစ်ပါးစုံကိုကြဉ်၍ သတိရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ်ရှိသည်ဖြစ်၍ အညီအမျှရှုလျက် နေလိုခဲ့မူ" ထိုအာရုံ၌ သတိရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ်ရှိသည်ဖြစ်၍ အညီအမျှရှုလျက် နေ၏။

ပြင်းစွာ အားထုတ်သည်ဖြစ်၍ ဆင်ခြင်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် မိမိဝေဒနာတို့၌ ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ မိမိဝေဒနာတို့၌ ပျက်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ မိမိဝေဒနာတို့၌ ဖြစ်ခြင်း ပျက်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ပြင်းစွာ အားထုတ်သည်ဖြစ်၍ ဆင်ခြင်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် သူတပါးဝေဒနာတို့၌ ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ သူတပါးဝေဒနာတို့၌ ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ သူတပါးဝေဒနာတို့၌ ဖြစ်ခြင်း ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ပြင်းစွာ အားထုတ်သည်ဖြစ်၍ ဆင်ခြင်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် မိမိသူတပါး ဝေဒနာတို့၌ ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ မိမိသူတပါး ဝေဒနာတို့၌ ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ မိမိသူတပါး ဝေဒနာတို့၌ ဖြစ်ခြင်း ပျက်ခြင်း သဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ထိုသူသည်"စက်ဆုပ်ဖွယ်မဟုတ်သော အာရုံ၌ စက်ဆုပ်ဖွယ်"ဟုအမှတ်ရှိ၍နေလိုခဲ့မူ ထိုအာရုံ၌ စက်ဆုပ်ဖွယ်ဟု အမှတ်ရှိ၍ နေ၏။ "စက်ဆုပ်ဖွယ်အာရုံ၌ စက်ဆုပ်ဖွယ်မဟုတ်"ဟု အမှတ်ရှိ၍နေလိုခဲ့မူ ထိုအာရုံ၌ စက်ဆုပ်ဖွယ်မဟုတ်ဟု အမှတ်ရှိ၍ နေ၏။ "စက်ဆုပ်ဖွယ်မဟုတ်သော အာရုံ၌ငင်း စက်ဆုပ်ဖွယ်အာရုံ၌ငင်း စက်ဆုပ်ဖွယ်"ဟု အမှတ်ရှိ၍ နေလိုခဲ့မူ ထိုအာရုံ၌ စက်ဆုပ်ဖွယ်ဟု အမှတ်ရှိ၍ နေ၏။ "စက်ဆုပ်ဖွယ်အာရုံ၌ငင်း စက်ဆုပ်ဖွယ်မဟုတ်သော အာရုံ၌ငင်း စက်ဆုပ်ဖွယ်မဟုတ်"ဟု အမှတ်ရှိ၍ နေလိုခဲ့မူ ထိုအာရုံ၌ စက်ဆုပ်ဖွယ်မဟုတ်ဟု အမှတ်ရှိ၍ နေ၏။ "စက်ဆုပ်ဖွယ်မဟုတ်သော အာရုံကိုငင်း စက်ဆုပ်ဖွယ်အာရုံကိုငင်း ထိုနှစ်ပါးစုံကို ကြဉ်၍ ဆင်ခြင်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ အညီအမျှ ရှုလျက် နေလိုခဲ့မူ" ထိုအာရုံ၌ ဆင်ခြင်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ အညီအမျှ ရှုလျက်နေ၏။

မိမိစိတ်၌။ပ။ သူတပါးစိတ်၌။ပ။ ပြင်းစွာ အားထုတ်သည်ဖြစ်၍ ဆင်ခြင်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် မိမိသူတပါးတို့၏ စိတ်၌ ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ မိမိသူတပါးတို့၏စိတ်၌ ပျက်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ မိမိသူတပါးတို့၏ စိတ်၌ ဖြစ်ခြင်း ပျက်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ထိုသူသည် "စက်ဆုပ်ဖွယ်မဟုတ်သော အာရုံ၌ စက်ဆုပ်ဖွယ်"ဟု အမှတ်ရှိ၍ နေလိုခဲ့မူ ထိုအာရုံ၌ စက်ဆုပ်ဖွယ်ဟု အမှတ်ရှိ၍နေ၏။ပ။ ထိုအာရုံ၌ ဆင်ခြင်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ အညီအမျှရှုလျက် နေ၏။

မိမိသဘောတရားတို့၌။ပ။ သူတပါးသဘောတရားတို့၌။ပ။ ပြင်းစွာ အားထုတ်သည်ဖြစ်၍ ဆင်ခြင်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် မိမိသူတပါးတို့၏ သဘောတရားတို့၌ ဖြစ်ခြင်းသဘောတရားကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍

http://www.dhammadownload.com



နေ၏၊ မိမိသူတပါးတို့၏ သဘောတရားတို့၌ ပျက်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊မိမိသူတပါးတို့၏ သဘောတရားတို့၌ ဖြစ်ခြင်းပျက်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍ နေ၏။ ထိုသူသည် "စက်ဆုပ်ဖွယ်မဟုတ်သော အာရုံ၌ စက်ဆုပ်ဖွယ်" ဟု အမှတ်ရှိ၍ နေလိုခဲ့မူ ထိုအာရုံ၌ စက်ဆုပ်ဖွယ်ဟု အမှတ်ရှိ၍နေ၏။ပ။ ထိုအာရုံ၌ ဆင်ခြင်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ အညီအမျှရှုလျက် နေ၏။ ငါ့သျှင် ဤမျှဖြင့်ပင် ရဟန်းသည် သတိပဋ္ဌာန်လေးပါးတို့ကို အားထုတ်အပ်သည် မည်ကုန်၏ဟု (မိန့်ဆို၏)။

ပဌမသုတ်။

## ၂-ဒုတိယ ရဟောဂတသုတ်

၉၀၀။ သာဝတ္ထိနိဒါန်း။ ထိုအခါ အသျှင်အနုရုဒ္ဓါအား ဆိတ်ငြိမ်ရာသို့ကပ်လျက် တပါးတည်း ကိန်းအောင်းနေစဉ် ဤသို့သော စိတ်အကြံဖြစ်၏—"သတိပဋ္ဌာန်လေးပါးတို့ကို ချွတ်ယွင်းစေသူ ဟူသမျှတို့အား ကောင်းစွာ ဆင်းရဲကုန်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အရိယမဂ်ကို ချွတ်ယွင်း စေသည်မည်၏၊ သတိပဋ္ဌာန်လေးပါးတို့ကို အားထုတ်သူဟူသမျှတို့အား ကောင်းစွာဆင်းရဲကုန်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အရိယမဂ်ကို အားထုတ်သည် မည်၏" ဟု အကြံဖြစ်၏။

ထိုအခါ အသျှင်မဟာမောဂ္ဂလာန်သည် အသျှင်အနုရုဒ္ဓါ၏ စိတ်အကြံကို (မိမိ) စိတ်ဖြင့် သိ၍ အားရှိသော ယောကျ်ားသည် ကွေးသောလက်ကို ဆန့်သကဲ့သို့ရင်း ဆန့်သောလက်ကို ကွေးသကဲ့သို့ရင်း ထိုအတူပင် အသျှင်အနုရုဒ္ဓါ၏ မျက်မှောက်၌ ထင်ရှား ဖြစ်ပေါ် လာ၏။

ထိုအခါ အသျှင်မဟာမောဂ္ဂလာန်သည် အသျှင်အနုရုဒ္ဓါအား "ငါ့သျှင်အနုရုဒ္ဓါ အဘယ်မျှဖြင့် ရဟန်းသည် သတိပဋ္ဌာန်လေးပါးတို့ကို အားထုတ်အပ်သည် မည်ကုန်သနည်း" ဟု (မိန့်ဆို၏)။ ငါ့သျှင် ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာအားထုတ်သည်ဖြစ်၍ ဆင်ခြင်ဉာဏ် ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် မိမိရုပ်အပေါင်း၌ ရုပ်အပေါင်းဟု အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ သူတပါးရုပ်အပေါင်း၌ ရုပ်အပေါင်းဟု အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ပြင်းစွာအားထုတ်သည်ဖြစ်၍ ဆင်ခြင်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် မိမိ သူတပါးတို့၏ ရုပ်အပေါင်း၌ ရုပ်အပေါင်းဟု အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ပြင်းစွာအားထုတ်သည်ဖြစ်၍ ဆင်ခြင်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် မိမိဝေဒနာတို့၌ ဝေဒနာဟု အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍နေ၏။ ပြင်းစွာ အားထုတ်သည်ဖြစ်၍ ဆင်ခြင်ဉာဏ် ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် သူတပါးဝေဒနာတို့၌ ဝေဒနာဟု အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ပြင်းစွာအားထုတ်သည်ဖြစ်၍ ဆင်ခြင်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် မိမိသူတပါး၏ ဝေဒနာတို့၌ ဝေဒနာဟု အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ပြင်းစွာအားထုတ်သည်ဖြစ်၍ ဆင်ခြင်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် မိမိစိတ်၌။ပ။ သူတပါးစိတ်၌။ပ။ မိမိသူတပါးတို့၏

http://www.dhammadownload.com



စိတ်၌ စိတ်ဟု အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ပြင်းစွာအားထုတ်သည်ဖြစ်၍ ဆင်ခြင်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် မိမိသဘောတရားတို့၌။ပ။ သူတပါး သဘောတရားတို့၌။ပ။ မိမိ သူတပါးတို့၏ သဘောတရားတို့၌ သဘောတရားတို့ဟု အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ငါ့သျှင် ဤမျှဖြင့်ပင် ရဟန်းသည် ဤသတိပဋ္ဌာန်လေးပါးတို့ကို အားထုတ်အပ်သည် မည်ကုန်၏ဟု (မိန့်ဆို၏)။

ဒုတိယသုတ်။

---

## ၃-သုတနုသုတ်

၉၀၁။ အခါတပါး၌ အသျှင်အနုရုဒ္ဓါသည် သာဝတ္ထိပြည် သုတနုမြစ်ကမ်း၌ (သီတင်းသုံး) နေတော်မူ၏၊ထိုအခါ များစွာသောရဟန်းတို့သည် အသျှင်အနုရုဒ္ဓါထံသို့ ချဉ်းကပ်ကုန်၍ အသျှင်အနုရုဒ္ဓါနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုပြီးလျှင် တခုသောနေရာ၌ ထိုင်နေကြပြီးသော် အသျှင်အနုရုဒ္ဓါအား ဤစကားကို လျှောက်ကုန်၏— "အသျှင်အနုရုဒ္ဓါသည် အဘယ်တရားတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် မြတ်သောအဘိညာဉ်ရှိသည့် အဖြစ်သို့ ရောက်ပါသနည်း"ဟု လျှောက်ကုန်၏။

ငါ့သျှင်တို့ ငါသည် သတိပဋ္ဌာန်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာပြုလုပ်ခြင်းကြောင့် မြတ်သောအဘိညာဉ်ရှိသည့်အဖြစ်သို့ ရောက်၏။ အဘယ်လေးပါးတို့နည်း၊ ငါ့သျှင်တို့ ဤသာသနာတော်၌ ငါသည် ပြင်းစွာအားထုတ်သည်ဖြစ်၍ ဆင်ခြင်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ရုပ်အပေါင်းဟု အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ဝေဒနာတို့၌။ပ။ စိတ်၌။ပ။ပြင်းစွာအားထုတ်သည်ဖြစ်၍ ဆင်ခြင်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် သဘောတရားတို့၌ သဘောတရားတို့ဟု အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ငါ့သျှင်တို့ ငါသည် ဤသတိပဋ္ဌာန်လေးပါးတို့ကိုပင် ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် မြတ်သောအဘိညာဉ်ရှိသည့် အဖြစ်သို့ ရောက်၏။ ငါ့သျှင်တို့ ထို့ပြင် ငါသည် ဤသတိပဋ္ဌာန်လေးပါးတို့ကိုပင် ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် အယုတ်တရားကို အယုတ်တရားအားဖြင့် သိ၏၊ အလတ်တရားကို အလတ်တရားအားဖြင့် သိ၏၊ အမြတ်တရားကို အမြတ်တရားအားဖြင့် သိ၏ဟု (မိန့်ဆို၏)။

တတိယသုတ်။

---

## ၄-ပဌမ ကဏ္ဍကီသုတ်

၉၀၂။ အခါတပါး၌ အသျှင်အနုရုဒ္ဓါ အသျှင်သာရိပုတြာနှင့် အသျှင်မဟာမောဂ္ဂလာန်တို့သည် သာကေတမြို့ ကဏ္ဍကီတော၌ (သီတင်းသုံး) နေကုန်၏၊ ထိုအခါ အသျှင်သာရိပုတြာနှင့် အသျှင်မဟာမောဂ္ဂလာန်တို့သည် ညနေချမ်းအချိန်၌ တပါးတည်း ကိန်းအောင်းရာမှ ထခဲ့ကုန်၍ အသျှင်အနုရုဒ္ဓါထံသို့ ချဉ်းကပ်ကုန်ပြီးလျှင် အသျှင်အနုရုဒ္ဓါနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုပြီးလျှင် တခုသောနေရာ၌ ထိုင်နေကြကုန်၏၊ ထိုအခါ အသျှင်သာရိပုတြာသည် အသျှင်

http://www.dhammadownload.com



အနုရုဒ္ဓါအား "ငါ့သျှင်အနုရုဒ္ဓါ ကျင့်ဆဲ'သေခ' ရဟန်းသည် အဘယ်တရားတို့သို့ ကပ်ရောက်၍ နေထိုက်သနည်း"ဟု (မေး၏)။

ငါ့သျှင်သာရိပုတြာ ကျင့်ဆဲ'သေခ' ရဟန်းသည် သတိပဋ္ဌာန်လေးပါးတို့သို့ ကပ်ရောက်၍ နေထိုက်၏၊ အဘယ်လေးပါးတို့နည်း၊ ငါ့သျှင် ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာအားထုတ်သည်ဖြစ်၍ ဆင်ခြင်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ရုပ်အပေါင်းဟု အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ ဝေဒနာတို့၌။ပ။ စိတ်၌။ပ။ ပြင်းစွာအားထုတ်သည်ဖြစ်၍ ဆင်ခြင်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် သဘောတရားတို့၌ သဘောတရားတို့ဟု အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ငါ့သျှင်သာရိပုတြာ ကျင့်ဆဲ'သေခ' ရဟန်းသည် ဤသတိပဋ္ဌာန်လေးပါးတို့သို့ ကပ်ရောက်၍ နေထိုက်၏ဟု (မိန့်ဆို၏)။

စတုတ္ထသုတ်။

---

## ၅-ဒုတိယ ကဏ္ဍကီသုတ်

၉၀၃။ သာကေတနိဒါန်း။ တခုသောနေရာ၌ ထိုင်နေသော အသျှင်သာရိပုတြာသည် အသျှင်အနုရုဒ္ဓါအား "ငါ့သျှင်အနုရုဒ္ဓါ ကျင့်ပြီး'အသေခ'ရဟန်းသည် အဘယ်တရားတို့သို့ ကပ်ရောက်၍ နေထိုက်သနည်း"ဟု (မေး၏)။ ငါ့သျှင်သာရိပုတြာ ကျင့်ပြီး 'အသေခ' ရဟန်းသည် သတိပဋ္ဌာန်လေးပါးတို့သို့ ကပ်ရောက်၍ နေထိုက်၏၊ အဘယ်လေးပါးတို့နည်း၊ ငါ့သျှင် ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာအားထုတ်သည်ဖြစ်၍ ဆင်ခြင်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ရုပ်အပေါင်းဟု အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍နေ၏၊ ဝေဒနာတို့၌။ပ။ စိတ်၌။ပ။ ပြင်းစွာအားထုတ်သည်ဖြစ်၍ ဆင်ခြင်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် သဘောတရားတို့၌ သဘောတရားတို့ဟု အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ငါ့သျှင်သာရိပုတြာ ကျင့်ပြီး 'အသေခ' ရဟန်းသည် ဤသတိပဋ္ဌာန်လေးပါးတို့သို့ ကပ်ရောက်၍ နေထိုက်၏ဟု (မိန့်ဆို၏)။

ပဉ္စမသုတ်။

---

## ၆-တတိယ ကဏ္ဍကီသုတ်

၉၀၄။ သာကေတနိဒါန်း။ တခုသောနေရာ၌ ထိုင်နေသော အသျှင်သာရိပုတြာသည် အသျှင်အနုရုဒ္ဓါအား "အသျှင်အနုရုဒ္ဓါသည် အဘယ်တရားတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် မြတ်သော အဘိညာဉ်ရှိသည့်အဖြစ်သို့ ရောက်သနည်း"ဟု (မေး၏)။ ငါ့သျှင်ငါသည် သတိပဋ္ဌာန်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် မြတ်သော

http://www.dhammadownload.com



အဘိညာဉ်ရှိသည့် အဖြစ်သို့ ရောက်၏၊ အဘယ်လေးပါးတို့နည်း၊ ငါ့သျှင် ဤသာသနာတော်၌ ငါသည် ပြင်းစွာ အားထုတ်သည်ဖြစ်၍ ဆင်ခြင်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည် ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ရုပ်အပေါင်းဟု အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ ဝေဒနာတို့၌။ပ။ စိတ်၌။ပ။ ပြင်းစွာ အားထုတ်သည်ဖြစ်၍ ဆင်ခြင်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် သဘောတရားတို့၌ သဘောတရားတို့ဟု အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ ငါ့သျှင် ငါသည် ဤသတိပဋ္ဌာန်လေးပါးတို့ကိုပင် ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် မြတ်သော အဘိညာဉ်ရှိသည့် အဖြစ်သို့ရောက်၏။ ငါ့သျှင် ထို့ပြင်လည်း ငါသည် ဤသတိပဋ္ဌာန်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် လောကတထောင်ကို သိနိုင်၏ဟု (မိန့်ဆို၏)။

ဆဋ္ဌသုတ်။

## ၇-တဏှက္ခယသုတ်

၉၀၅။ သာဝတ္ထိနိဒါန်း။ ထိုအခါ အသျှင်အနုရုဒ္ဓါသည် "ငါ့သျှင်ရဟန်းတို့"ဟု ရဟန်းတို့ကို ခေါ်တော်မူ၏၊ ထိုရဟန်းတို့သည် "ငါ့သျှင်"ဟု အသျှင်အနုရုဒ္ဓါအား ပြန်လျှောက်ကြကုန်၏။ အသျှင်အနုရုဒ္ဓါသည် ငါ့သျှင်တို့ သတိပဋ္ဌာန်လေးပါးတို့ကို ပွါးများကုန် ကြိမ်ဖန်များစွာ ပြုလုပ်ကုန်သည်ရှိသော် တဏှာကုန်ခြင်းငှါ ဖြစ်ကုန်၏၊ အဘယ်လေးပါးတို့နည်း၊ ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းဟု အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ဝေဒနာတို့၌။ပ။စိတ်၌။ပ။ပြင်းစွာအားထုတ်သည်ဖြစ်၍ ဆင်ခြင်ဉာဏ် ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ ရှိသည်ဖြစ်၍ နေ၏။ ငါ့သျှင်တို့ ဤသတိပဋ္ဌာန်လေးပါးတို့ကို ပွါးများကုန် ကြိမ်ဖန်များစွာ ပြုလုပ်ကုန်သည်ရှိသော် တဏှာကုန်ခြင်းငှါ ဖြစ်ကုန်၏ဟု (မိန့်ဆို၏)။

သတ္တမသုတ်။

## ၈-သလဠာဂါရသုတ်

၉၀၆။ အခါတပါး၌ အသျှင်အနုရုဒ္ဓါသည် သာဝတ္ထိမြည် ထင်ရှူးပင်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ အသျှင်အနုရုဒ္ဓါသည် ရဟန်းတို့ကို ခေါ်တော်မူ၏။ပ။ငါ့သျှင်တို့ လူအပေါင်းသည် အရှေ့သို့ ညွတ် ကိုင်း ရှိုင်းသော ဂင်္ဂါမြစ်ကို အနောက်သို့ ညွတ် ကိုင်း ရှိုင်းအောင် ပြုကုန်အံ့ဟု ပေါက်တူး ခြင်းတောင်းကို ယူလျက်လာရာ၏၊ ငါ့သျှင်တို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ ထိုလူအပေါင်းသည် ဂင်္ဂါမြစ်ကို အနောက်သို့ ညွတ် ကိုင်း ရှိုင်းအောင် ပြုလုပ်နိုင်အံ့လောဟု မေးလေ၏။ ငါ့သျှင် မပြုလုပ်နိုင်ပါ။ ထိုမပြုလုပ်နိုင်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ငါ့သျှင် ဂင်္ဂါမြစ်သည် အရှေ့သို့ ညွတ် ကိုင်း ရှိုင်း၏၊ ထိုဂင်္ဂါမြစ်ကို အနောက်သို့ ညွတ် ကိုင်း ရှိုင်းအောင် ပြုလုပ်ရန် မလွယ်ပါ၊ ပြုလုပ်သမျှ ကာလပတ်လုံး လူအပေါင်းအား ပင်ပန်း ဆင်းရဲခြင်း ဖြစ်ရာ၏။

http://www.dhammadownload.com



ငါ့သျှင်တို့ ဤအတူပင် သတိပဋ္ဌာန်လေးပါးတို့ကို ပွါးများသော ကြိမ်ဖန်များစွာပြုလုပ်သော ရဟန်းကို မင်းတို့သည်၎င်း မင်းအမတ်ကြီးတို့သည်၎င်း မိတ်ဆွေတို့သည်၎င်း ခင်ပွန်းတို့သည်၎င်း ဆွေမျိုးတို့သည်၎င်း သားချင်းတို့သည်၎င်း "အမောင်ယောကျ်ား လာလော့၊ ဤဖန်ရည်ဆိုးထားသော သင်္ကန်းကို ဝတ်ခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ခေါင်းတုံးရိတ်လျက် ခွက်လက်စွဲကာ လှည့်လည်ခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ လာလော့ လူထွက်၍ သုံးဆောင်ခံစားဖွယ် စည်းစိမ်တို့ကို သုံးဆောင်ခံစားပါလော့၊ ကောင်းမှုတို့ကိုလည်း ပြုလုပ်ပါလော့"ဟု စည်းစိမ်ဘို့ဖြင့် ရွေးရှုဆောင်၍ ဖိတ်ကြားကုန်ငြားအံ့၊ ငါ့သျှင်တို့ သတိပဋ္ဌာန်လေးပါးတို့ကို ပွါးများပြီးသော ကြိမ်ဖန်များစွာ ပြုလုပ်ပြီးသော ထိုရဟန်းသည် သိက္ခာချ၍ လူထွက်အံ့ဟူသော ဤအကြောင်းသည် မရှိ။ ထိုသို့ မရှိခြင်းသည် အဘယ့်ကြောင့်နည်း၊စိတ်သည် ရှည်ကြာသော ကာလပတ်လုံး (ကိလေသာမှ) ဆိတ်ခြင်း၌ ညွတ် ကိုင်း ရှိုင်း၏၊ ထို့ကြောင့် လူထွက်လိမ့်မည် ဟူသော ဤအကြောင်းသည် မရှိနိုင်။ ငါ့သျှင်တို့ အဘယ်သို့လျှင် ရဟန်းသည် သတိပဋ္ဌာန်လေးပါးတို့ကို ပွါးများသနည်း၊ကြိမ်ဖန်များစွာပြုလုပ်သနည်း။ငါ့သျှင်တို့ ဤသာသနာတော်၌ ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍နေ၏၊ ဝေဒနာတို့၌။ပ။ စိတ်၌ ။ပ။ ပြင်းစွာ အားထုတ်သည် ဖြစ်၍ ဆင်ခြင်ဉာဏ် ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍နေ၏။ ငါ့သျှင်တို့ ဤသို့လျှင် ရဟန်းသည် သတိပဋ္ဌာန်လေးပါးတို့ကို ပွါးများ၏၊ ကြိမ်ဖန်များစွာ ပြုလုပ်၏ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-အမ္ဗပါလိဝနသုတ်

၉၀၇။ အခါတပါး၌ အသျှင်အနုရုဒ္ဓါနှင့် အသျှင်သာရိပုတြာတို့သည် ဝေသာလီပြည် အမ္ဗပါလိဥယျာဉ်၌(သီတင်းသုံး)နေကုန်၏၊ ထိုအခါ အသျှင်သာရိပုတြာသည် ညနေချမ်း အချိန် တပါးတည်း ကိန်းအောင်းရာမှ ထ၍။ပ။တခုသော နေရာ၌ ထိုင်နေ၏၊ တခုသော နေရာ၌ ထိုင်နေသော အသျှင်သာရိပုတြာသည် အသျှင်အနုရုဒ္ဓါအား—

ငါ့သျှင်အနုရုဒ္ဓါ သင်၏ ဣန္ဒြေတို့သည် အလွန်ကြည်လင်ကုန်၏၊ မျက်နှာအဆင်းသည် စင်ကြယ်၏၊ ဖြူစင်၏၊ အသျှင်အနုရုဒ္ဓါသည် အဘယ်နေခြင်းမျိုးဖြင့် ယခု အနေများပါ သနည်းဟု မေး၏။ငါ့သျှင် ငါသည် ယခုအခါ သတိပဋ္ဌာန်လေးပါးတို့၌ ကောင်းစွာ တည်သော စိတ်ရှိသည်ဖြစ်၍ အနေများ၏။ အဘယ်လေးပါးတို့နည်း၊ ငါ့သျှင် ဤသာသနာတော်၌ ငါသည် ပြင်းစွာ အားထုတ်သည်ဖြစ်၍ ဆင်ခြင်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ရုပ်အပေါင်းဟု အကြိမ်ကြိမ် ရှုလေ့ ရှိသည်ဖြစ်၍ နေ၏၊ ဝေဒနာတို့၌။ပ။စိတ်၌။ပ။ပြင်းစွာ အားထုတ်သည်ဖြစ်၍ ဆင်ခြင်ဉာဏ် ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍ နေ၏။

http://www.dhammadownload.com



ငါ့သျှင် ငါသည် ယခု ဤသတိပဋ္ဌာန်လေးပါးတို့၌ ကောင်းစွာ တည်သောစိတ်ရှိသည်ဖြစ်၍ အနေများ၏။ ငါ့သျှင် အာသဝကုန်ပြီးသော မဂ်အကျင့်ကို ကျင့်သုံးပြီးသော မဂ်ကိစ္စကို ပြုပြီးသော ဝန်ကို ချပြီးသော မိမိအကျိုး အရဟတ္တဖိုလ်သို့ ရောက်ပြီးသော ဘဝသံယောဇဉ်ကုန်ပြီးသော ကောင်းစွာ သိ၍ လွတ်မြောက်ပြီးဖြစ်သော ရဟန်းသည်လည်း ဤသတိပဋ္ဌာန်လေးပါးတို့၌ ကောင်းစွာတည်သော စိတ်ရှိသည်ဖြစ်၍ အနေများ၏ဟု ဖြေဆို၏။

ငါ့သျှင် ငါတို့သည် အရတော်လေစွ၊ ငါ့သျှင် ငါတို့သည် ကောင်းစွာ ရအပ်ပေစွ၊ ဟောကြားသော အသျှင်အနုရုဒ္ဓါ၏ အထံမှသာ (ကိုယ်တိုင် ရဟန္တာအဖြစ်ကို ပြသည့်) မြတ်သော စကားကို ကြားရကုန်၏ ဟု (မိန့်ဆို၏)။

နဝမသုတ်။

## ၁၀-ဗာဠ္ဟဂိလာနသုတ်

၉၀၈။ အခါတပါး၌ အသျှင်အနုရုဒ္ဓါသည် သာဝတ္ထိပြည် အန္ဓဝန်တော၌ အနာရောဂါနှိပ်စက်ရကား ဆင်းရဲခြင်းသို့ရောက်လျက် ပြင်းထန်စွာ မကျန်းမမာဖြစ်လျက် နေ၏။ ထိုအခါ များစွာကုန်သော ရဟန်းတို့သည် အသျှင်အနုရုဒ္ဓါထံသို့ ချဉ်းကပ်ကုန်၍ အသျှင်အနုရုဒ္ဓါအား အဘယ်နေခြင်းမျိုးဖြင့် နေသော အသျှင်အနုရုဒ္ဓါ၏ စိတ်ကို ဖြစ်ပေါ်လာကုန်သော ကိုယ်၌ စွဲကပ်သော ဆင်းရဲဝေဒနာတို့သည် သိမ်းယူ၍ မတည်နိုင်ကုန်သနည်းဟု လျှောက်ကုန်၏။ ငါ့သျှင်တို့ သတိပဋ္ဌာန်လေးပါးတို့၌ ကောင်းစွာ တည်သောစိတ်ရှိသည်ဖြစ်၍ နေသော ငါ၏ စိတ်ကို ဖြစ်ပေါ်လာကုန်သော ကိုယ်၌ စွဲကပ်သော ဆင်းရဲဝေဒနာတို့သည် သိမ်းယူ၍ မတည်နိုင်ကုန်။ အဘယ်လေးပါးတို့နည်း၊ ငါ့သျှင်တို့ ဤသာသနာတော်၌ ငါသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ဝေဒနာတို့၌။ပ။ စိတ်၌။ပ။ ပြင်းစွာ အားထုတ်သည်ဖြစ်၍ ဆင်ခြင်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ငါ့သျှင်တို့ ဤသတိပဋ္ဌာန်လေးပါးတို့၌ ကောင်းစွာ တည်သောစိတ်ရှိသည်ဖြစ်၍ နေသော ငါ၏ စိတ်ကို ဖြစ်ပေါ်လာကုန်သော ကိုယ်၌ စွဲကပ်သော ဆင်းရဲဝေဒနာတို့သည် သိမ်းယူ၍ မတည်နိုင်ကုန်ဟု (မိန့်ဆို၏)။

ဒသမသုတ်။

ရှေးဦးစွာသော ရဟောဂတဝဂ် ပြီး၏။

## ၂-ဒုတိယဝဂ် ၁-ကပ္ပသဟဿသုတ်

၉၀၉။ အခါတပါး၌ အသျှင်အနုရုဒ္ဓါသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ များစွာကုန်သော ရဟန်းတို့သည် အသျှင်အနုရုဒ္ဓါထံသို့ ချဉ်းကပ်ကုန်၍ အသျှင်အနုရုဒ္ဓါနှင့် အတူ။ပ။ တခုသော နေရာ၌ ထိုင်နေကုန်ပြီးသော် အသျှင်အနုရုဒ္ဓါအား—

http://www.dhammadownload.com



အသျှင်အနုရုဒ္ဓါသည် အဘယ်တရားတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် မြတ်သော အဘိညာဉ်ရှိသည့်အဖြစ်သို့ ရောက်ပါသနည်းဟု လျှောက်ကုန်၏။ ငါ့သျှင်တို့ ငါသည် သတိပဋ္ဌာန်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် မြတ်သော အဘိညာဉ်ရှိသည့်အဖြစ်သို့ ရောက်၏။ အဘယ်လေးပါးတို့နည်း၊ ငါ့သျှင်တို့ ဤသာသနာတော်၌ ငါသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ဝေဒနာတို့၌။ပ။ စိတ်၌။ပ။ ပြင်းစွာ အားထုတ်သည်ဖြစ်၍ ဆင်ခြင်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်လျက် သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍နေ၏။ ငါ့သျှင်တို့ ငါသည် ဤသတိပဋ္ဌာန်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် မြတ်သော အဘိညာဉ်ရှိသည့်အဖြစ်သို့ ရောက်၏၊ ငါ့သျှင်တို့ ထို့ပြင်လည်း ငါသည် ဤသတိပဋ္ဌာန်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် ကမ္ဘာတထောင်တိုင်အောင် အောက်မေ့နိုင်၏ဟု (မိန့်ဆို၏)။

ပဌမသုတ်။

---

## ၂-ဣဒ္ဓိဝိဓသုတ်

၉၁၀။ ငါ့သျှင်တို့ ထို့ပြင်လည်း ငါသည် ဤသတိပဋ္ဌာန်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် များပြားသော တန်ခိုးဖန်ဆင်းခြင်းကို ပြီးစေ၏၊ တယောက်တည်းဖြစ်သျက်လည်း အများဖြစ်သွားနိုင်၏။ပ။ ဗြဟ္မာ့ပြည်တိုင်အောင်လည်း ကိုယ်ကို မိမိအလိုအတိုင်း ဖြစ်စေနိုင်၏ဟု (မိန့်ဆို၏)။

ဒုတိယသုတ်။

---

## ၃-ဒိဗ္ဗသောတသုတ်

၉၁၁။ ငါ့သျှင်တို့ ထို့ပြင်လည်း ငါသည် ဤသတိပဋ္ဌာန်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် အထူးသဖြင့် စင်ကြယ်သော လူတို့၏ နားကို လွန်သော နတ်တို့၏ နားနှင့် တူသော 'ဒိဗ္ဗသောတအဘိညာဉ်'ဖြင့် နတ်၌လည်း ဖြစ်ကုန် လူ၌လည်း ဖြစ်ကုန်သော ဝေးသည်လည်း ဖြစ်ကုန် နီးသည်လည်း ဖြစ်ကုန်သော နှစ်မျိုးသော အသံတို့ကို ကြားနိုင်၏ဟု (မိန့်ဆို၏)။

တတိယသုတ်။

---

## ၄-စေတောပရိယသုတ်

၉၁၂။ ငါ့သျှင်တို့ ထို့ပြင်လည်း ငါသည် ဤသတိပဋ္ဌာန်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် တပါးသော သတ္တဝါ တပါးသော ပုဂ္ဂိုလ်တို့၏စိတ်ကို (မိမိ)စိတ်ဖြင့် ပိုင်းခြား၍ သိနိုင်၏၊ စွဲမက်မှု 'ရာဂ'နှင့် တကွသော စိတ်ကိုလည်း စွဲမက်မှု 'ရာဂ'နှင့် တကွသော

http://www.dhammadownload.com



စိတ်ဟု သိ၏။ ပ။ မလွတ်မြောက်သော စိတ်ကိုလည်း မလွတ်မြောက်သော စိတ်ဟု သိ၏ဟု (မိန့်ဆို၏)။

စတုတ္ထသုတ်။

---

## ၅-ဌာနသုတ်

၉၁၃။ ငါ့သျှင်တို့ ထို့ပြင်လည်း ငါသည် ဤသတိပဋ္ဌာန်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် အကြောင်းဟုတ်သည်ကိုလည်း အကြောင်းဟုတ်သောအားဖြင့် အကြောင်းမဟုတ်သည်ကိုလည်း အကြောင်းမဟုတ်သောအားဖြင့် ဟုတ်တိုင်းမှန်စွာ သိ၏ဟု (မိန့်ဆို၏)။

ပဉ္စမသုတ်။

---

## ၆-ကမ္မသမာဒါနသုတ်

၉၁၄။ ငါ့သျှင်တို့ ထို့ပြင်လည်း ငါသည် ဤသတိပဋ္ဌာန်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်ကုန်သော ဆောက်တည်အပ်သော ကံတို့၏အကျိုးတရားကို အရာအားလျော်စွာ အကြောင်းအားလျော်စွာ ဟုတ်တိုင်းမှန်စွာ သိ၏ဟု (မိန့်ဆို၏)။

ဆဋ္ဌသုတ်။

---

## ၇-သဗ္ဗတ္ထဂါမိနီသုတ်

၉၁၅။ ငါ့သျှင်တို့ ထို့ပြင်လည်း ငါသည် ဤသတိပဋ္ဌာန်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် အလုံးစုံသောဘဝသို့ ရောက်ကြောင်းအကျင့်ကို ဟုတ်တိုင်းမှန်စွာ သိ၏ဟု (မိန့်ဆို၏)။

သတ္တမသုတ်။

---

## ၈-နာနာဓာတုသုတ်

၉၁၆။ ငါ့သျှင်တို့ ထို့ပြင်လည်း ငါသည် ဤသတိပဋ္ဌာန်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် များစွာသောဓာတ် အမျိုးမျိုးသောဓာတ်ရှိသော လောကကို ဟုတ်တိုင်းမှန်စွာ သိ၏ဟု (မိန့်ဆို၏)။

အဋ္ဌမသုတ်။

http://www.dhammadownload.com



### ၉-နာနာဓိမုတ္တိသုတ်

၉၁၇။ ငါ့သျှင်တို့ ထို့ပြင်လည်း ငါသည် ဤသတိပဋ္ဌာန်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် သတ္တဝါတို့၏ အမျိုးမျိုးသော နှလုံးသွင်းခြင်းကို ဟုတ်တိုင်းမှန်စွာ သိ၏ဟု (မိန့်ဆို၏)။

နဝမသုတ်။

---

### ၁၀-ဣန္ဒြိယပရောပရိယတ္တသုတ်

၉၁၈။ ငါ့သျှင်တို့ ထို့ပြင်လည်း ငါသည် ဤသတိပဋ္ဌာန်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် တပါးသောသတ္တဝါ တပါးသောပုဂ္ဂိုလ်တို့၏ ဣန္ဒြေအနုအရင့်ကို ဟုတ်တိုင်းမှန်စွာ သိ၏ဟု (မိန့်ဆို၏)

ဒသမသုတ်။

---

### ၁၁-ဈာနာဒိသုတ်

၉၁၉။ ငါ့သျှင်တို့ ထို့ပြင်လည်း ငါသည် ဤသတိပဋ္ဌာန်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် ဈာန် ဝိမောက္ခ သမာဓိ သမာပတ်တို့၏ ညစ်နွမ်းခြင်း ဖြူစင်ခြင်း ထမြောက်ခြင်းကို ဟုတ်တိုင်းမှန်စွာ သိ၏ဟု (မိန့်ဆို၏)။

ဧကာဒသမသုတ်။

---

### ၁၂-ပုဗ္ဗေနိဝါသသုတ်

၉၂၀။ ငါ့သျှင်တို့ ထို့ပြင်လည်း ငါသည် ဤသတိပဋ္ဌာန်လေးပါးတို့ကို ပွါးများခြင်းကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် ရှေး၌ နေဘူးသော ဘဝများစွာကို အောက်မေ့နိုင်၏၊ ဤသည်ကား အဘယ်နည်း၊ တဘဝကိုရင်း နှစ်ဘဝကိုရင်း။ပ။အခြင်းအရာနှင့်တကွ ညွှန်းပြဖွယ် အမည်အနွယ်နှင့်တကွ ရှေး၌ နေဘူးသော ဘဝများစွာကို အောက်မေ့နိုင်၏ဟု (မိန့်ဆို၏)။

ဒွါဒသမသုတ်။

---

### ၁၃-ဒိဗ္ဗစက္ခုသုတ်

၉၂၁။ ငါ့သျှင်တို့ ထို့ပြင်လည်း ငါသည် ဤသတိပဋ္ဌာန်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် အထူးသဖြင့်စင်ကြယ်သော လူတို့၏အမြင်ကို လွန်သော နတ်မျက်စိနှင့်တူသော မျက်စိ'ဒိဗ္ဗစက္ခုဉာဏ်'ဖြင့် သေဆဲသတ္တဝါ ဖြစ်ပေါ်ဆဲသတ္တဝါတို့ကို မြင်နိုင်၏။ပ။

http://www.dhammadownload.com



ဤသို့ အထူးသဖြင့် စင်ကြယ်သော လူတို့၏မျက်စိအမြင်ကို လွန်သော နတ်မျက်စိနှင့်တူသော မျက်စိ'ဒိဗ္ဗစက္ခုဉာဏ်'ဖြင့် ကံအားလျော်စွာ ဖြစ်ကုန်သော သတ္တဝါတို့ကို သိနိုင်၏ဟု(မိန့်ဆို၏)။

တေရသမသုတ်။

---

## ၁၄-အာသဝက္ခယသုတ်

၉၂၂။ ငါ့သျှင်တို့ ထို့ပြင်လည်း ငါသည် ဤသတိပဋ္ဌာန်လေးပါးတို့ကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် အာသဝကုန်ခြင်းကြောင့် အာသဝကင်းသော (ကိလေသာမှ) လွတ်မြောက်သော (အရဟတ္တဖိုလ်) စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်) ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍နေနိုင်၏ဟု(မိန့်ဆို၏)။

စုဒ္ဒသမသုတ်။

ဒုတိယဝဂ် ပြီး၏။

ရှစ်ခုမြောက် အနုရုဒ္ဓသံယုတ် ပြီး၏။

http://www.dhammadownload.com

# ၉-ဈာနသံယုတ်

## ၁-ဂင်္ဂါပေယျာလဝဂ်

### ၁-၁၂-ဈာန်စသော ၁၂-သုတ်

၉၂၃-၉၃၄။ သာဝတ္ထိနိဒါန်း။ ထိုအခါ။ပ။ရဟန်းတို့ ဈာန်တို့ကား ဤလေးပါးတို့တည်း။ အဘယ်လေးပါးတို့နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကာမတို့မှ ဆိတ်၍ သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်မှု'ဝိတက်'နှင့်တကွဖြစ်သော သုံးသပ်မှု 'ဝိစာရ'နှင့် တကွဖြစ်သော နီဝရဏဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်မှု'ပီတိ' ချမ်းသာမှု 'သုခ'ရှိသော ပဌမဈာန်သို့ ရောက်၍နေ၏။ ဝိတက် ဝိစာရ ငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကို ကြည်လင်စေတတ်သော စိတ်၏တည်ကြည်မှု'သမာဓိ'ကို ပွါးစေတတ်သော ကြံစည်မှု 'ဝိတက်'မရှိသော သုံးသပ်မှု'ဝိစာရ'မရှိသော တည်ကြည်မှု'သမာဓိ'ကြောင့်ဖြစ်သော နှစ်သိမ့်မှု 'ပီတိ' ချမ်းသာမှု'သုခ'ရှိသော ဒုတိယဈာန်သို့ ရောက်၍နေ၏။ နှစ်သိမ့်မှု'ပီတိ'ကိုလည်း မတပ်မက်ခြင်းကြောင့် လျစ်လျူရှုသည် ဖြစ်၍နေ၏၊ သတိသမ္ပဇဉ်ရှိသည်ဖြစ်၍ ချမ်းသာမှု'သုခ' ကိုလည်း ကိုယ်ဖြင့်ခံစား၏၊ အကြင်တတိယဈာန်ကြောင့် ထိုသူ့ကို လျစ်လျူရှုသူ သတိရှိသူ ချမ်းသာစွာနေလေ့ရှိသူဟု အရိယာပုဂ္ဂိုလ်တို့သည် ပြောကြားကုန်၏၊ရဟန်းသည် ထိုတတိယဈာန်သို့ရောက်၍နေ၏။ ချမ်းသာဆင်းရဲကို ပယ်ခြင်းကြောင့်ရင်း ရှေးဦးကပင်လျှင် ဝမ်းသာခြင်း နှလုံးမသာခြင်းတို့၏ချုပ်နှင့်ခြင်းကြောင့်ရင်း ချမ်းသာဆင်းရဲမရှိသော လျစ်လျူရှုမှု'ဥပေက္ခာ'ကြောင့် ဖြစ်သည့် သတိ၏ စင်ကြယ်ခြင်းရှိသော စတုတ္ထဈာန်သို့ ရောက်၍နေ၏။ ရဟန်းတို့ ဈာန်တို့ကား ဤလေးပါးတို့ပင်တည်း။

ရဟန်းတို့ ဂင်္ဂါမြစ်သည် အရှေ့သို့ ညွတ် ကိုင်း ရှိုင်းသကဲ့သို့ ဤအတူပင် ရဟန်းသည် ဈာန်လေးပါးတို့ကို ပွါးများသည်ရှိသော် ကြိမ်ဖန်များစွာ ပြုလုပ်သည်ရှိသော် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်း၏။ ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ဈာန်လေးပါးတို့ကို ပွါးများသည်ရှိသော် ကြိမ်ဖန်များစွာ ပြုလုပ်သည်ရှိသော် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်းသနည်း။ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကာမတို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်မှု 'ဝိတက်' နှင့်တကွဖြစ်သော သုံးသပ်မှု 'ဝိစာရ'နှင့် တကွဖြစ်သော နီဝရဏဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်မှု'ပီတိ' ချမ်းသာမှု 'သုခ' ရှိသော ပဌမဈာန်သို့ ရောက်၍နေ၏၊ ဝိတက် ဝိစာရတို့၏ ငြိမ်းခြင်းကြောင့်။ပ။ ဒုတိယဈာန်သို့။တတိယဈာန်သို့။စတုတ္ထဈာန်သို့ ရောက်၍နေ၏။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ဈာန်လေးပါးတို့ကို ပွါးများသည်ရှိသော် ကြိမ်ဖန်များစွာ ပြုလုပ်သည်ရှိသော် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်း၏ဟု (မိန့်တော်မူ၏)။

ဒွါဒသမသုတ်။

ရှေးဦးစွာသော ဂင်္ဂါပေယျာလဝဂ် ပြီး၏။

[အပ္ပမာဒဝဂ် ဗလကရဏီယဝဂ် ဧသနာဝဂ်တို့ကို ချဲ့အပ်ကုန်၏]။

http://www.dhammadownload.com



## ၅-ဈာနသံယုတ်

### ၁-၁၀-ဈာနစသော ၁၀-သုတ်

၉၆၇-၉၇၆။ ရဟန်းတို့ အထက်ပိုင်း သံယောဇဉ်တို့ကား ဤငါးပါးတို့တည်း၊ အဘယ်ငါးပါးတို့နည်း၊ ရူပရာဂ အရူပရာဂ မာန ဥဒ္ဓစ္စ အဝိဇ္ဇာတို့တည်း။ ရဟန်းတို့ အထက်ပိုင်းသံယောဇဉ်တို့ကား ဤငါးပါးတို့ပင်တည်း၊ ရဟန်းတို့ ဤအထက်ပိုင်း သံယောဇဉ်တို့ကို ထူးသောဉာဏ်ဖြင့် သိခြင်းငှါ ပိုင်းခြား၍သိခြင်းငှါ ကုန်စေခြင်းငှါ ပယ်ခြင်းငှါ ဈာန်လေးပါးတို့ကို ပွါးများအပ်ကုန်၏၊ အဘယ်လေးပါးတို့နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကာမတို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်မှု 'ဝိတက်'နှင့် တကွဖြစ်သော သုံးသပ်မှု 'ဝိစာရ'နှင့်တကွဖြစ်သော နီဝရဏဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သိမ့်မှု 'ပီတိ' ချမ်းသာမှု'သုခ' ရှိသော ပဌမဈာန်သို့ ရောက်၍နေ၏။ ဝိတက် ဝိစာရတို့ ငြိမ်းခြင်းကြောင့် မိမိကိုယ်၌ စိတ်ကို ကြည်လင်စေတတ်သော စိတ်၏ဘည်ကြည်မှု 'သမာဓိ' ကို ဖြစ်စေတတ်သော ကြံစည်မှု 'ဝိတက်' မရှိသော သုံးသပ်မှု 'ဝိစာရ' မရှိသော တည်ကြည်မှု 'သမာဓိ' ကြောင့်ဖြစ်သော နှစ်သိမ့်မှု 'ပီတိ' ချမ်းသာမှု 'သုခ' ရှိသော ဒုတိယဈာန်သို့ ရောက်၍နေ၏။ပ။ တတိယဈာန်သို့ ရောက်၍နေ၏။ပ။ စတုတ္ထဈာန်သို့ရောက်၍နေ၏။ရဟန်းတို့ ဤအထက်ပိုင်း သံယောဇဉ်ငါးပါးတို့ကိုထူးသောဉာဏ်ဖြင့် သိခြင်းငှါ ပိုင်းခြား၍ သိခြင်းငှါ ကုန်စေခြင်းငှါ ပယ်ခြင်းငှါ ဤဈာန်လေးပါးတို့ကို ပွါးများအပ်ကုန်၏ဟု (မိန့်တော်မူ၏)။

[မဂ္ဂသံယုတ်ကိုကဲ့သို့ ချဲ့အပ်၏]။

**ကိုးခုမြောက် ဈာနသံယုတ် ပြီး၏။**

http://www.dhammadownload.com

# ၁၀-အာနာပါနသံယုတ်

## ၁-ဧကဓမ္မဝဂ် ၁-ဧကဓမ္မသုတ်

၉၇၇။ သာဝတ္ထိနိဒါန်း။ ထိုအခါ။ပ။ ဤစကားကို မိန့်တော်မူ၏—ရဟန်းတို့ တခုသောတရားကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် အကျိုးကြီး၏၊ အာနိသင်ကြီး၏။ တခုသောတရားဟူသည် အဘယ်နည်း၊ ထွက်သက်ဝင်သက်ကို အောက်မေ့မှု ‘အာနာပါနဿတိ’ ပင်တည်း။ ရဟန်းတို့ အဘယ်သို့လျှင် အာနာပါနဿတိကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် အကျိုးကြီးသနည်း၊ အာနိသင်ကြီးသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် တောသို့သွားရောက်၍ဖြစ်စေ သစ်ပင်ရင်းသို့ သွားရောက်၍ဖြစ်စေ ဆိတ်ငြိမ်ရာသို့ သွားရောက်၍ဖြစ်စေ တင်ပလ္လင်ခွေပြီးလျှင် ကိုယ်ကိုဖြောင့်မတ်စွာထား၍ သတိကို (ကမ္မဋ္ဌာန်းသို့) ရှေးရှုဖြစ်စေလျက် ထိုင်နေ၏၊ ထိုရဟန်းသည် သတိရှိလျက်သာလျှင် ထွက်သက်လေကို ထုတ်၏၊ သတိရှိလျက်သာလျှင် ဝင်သက်လေကို ရှူ၏။ ရှည်ရှည် ထွက်သက်လေကို ထုတ်လျှင်လည်း “ရှည်ရှည်ထွက်သက်လေကို ထုတ်၏”ဟု သိ၏၊ ရှည်ရှည် ဝင်သက်လေကို ရှူလျှင်လည်း “ရှည်ရှည်ဝင်သက်လေကို ရှူ၏”ဟု သိ၏၊ တိုတိုထွက်သက်လေကို ထုတ်လျှင်လည်း “တိုတိုထွက်သက်လေကို ထုတ်၏”ဟု သိ၏၊ တိုတိုဝင်သက်လေကို ရှူလျှင်လည်း “တိုတိုဝင်သက်လေကို ရှူ၏”ဟု သိ၏။ အစ အလယ် အဆုံး အလုံးစုံသော ထွက်လေအပေါင်းကို “ထင်ရှားသိလျက် ထွက်သက်လေကို ထုတ်မည်”ဟု ကျင့်၏၊ အစ အလယ် အဆုံး အလုံးစုံသော ဝင်လေအပေါင်းကို “ထင်ရှားသိလျက် ဝင်သက်လေကို ရှူမည်”ဟု အားထုတ်၍ ကျင့်၏၊ ရုန့်ရင်းသော ထွက်သက်လေကို ငြိမ်းအေးစေလျက် “ထွက်သက်လေကို ထုတ်မည်” ဟု အားထုတ်၍ ကျင့်၏၊ ရုန့်ရင်းသော ဝင်သက်လေကို ငြိမ်းအေးစေလျက် “ဝင်သက်လေကို ရှူမည်”ဟု အားထုတ်၍ ကျင့်၏၊ နှစ်သိမ့်မှု ‘ပီတိ’ ကို ထင်ရှားသိလျက် “ထွက်သက်လေကို ထုတ်အံ့”ဟု အားထုတ်၍ ကျင့်၏၊ နှစ်သိမ့်မှု ‘ပီတိ’ကို ထင်ရှားသိလျက် “ဝင်သက်လေကို ရှူအံ့” ဟု အားထုတ်၍ ကျင့်၏၊ ချမ်းသာခြင်း ‘သုခ’ကို ထင်ရှားသိလျက် “ထွက်သက်လေကို ထုတ်အံ့”ဟု အားထုတ်၍ ကျင့်၏၊ ချမ်းသာခြင်း ‘သုခ’ကို ထင်ရှားသိလျက် “ဝင်သက်လေကို ရှူအံ့”ဟု အားထုတ်၍ ကျင့်၏၊ စိတ္တသင်္ခါရကို ထင်ရှားသိလျက် “ထွက်သက်လေကို ထုတ်အံ့”ဟု အားထုတ်၍ ကျင့်၏၊ စိတ္တသင်္ခါရကို ထင်ရှားသိလျက် “ဝင်သက်လေကို ရှူအံ့”ဟု အားထုတ်၍ ကျင့်၏၊ စိတ္တသင်္ခါရကို ချုပ်ငြိမ်းစေလျက် “ထွက်သက်လေကို ထုတ်အံ့”ဟု အားထုတ်၍ ကျင့်၏၊ စိတ္တသင်္ခါရကို ချုပ်ငြိမ်းစေလျက်“ဝင်သက်လေကို ရှူအံ့”ဟု အားထုတ်၍ ကျင့်၏၊ စိတ်ကို ထင်ရှားသိလျက်“ထွက်သက်လေကို ထုတ်အံ့”ဟု အားထုတ်၍ ကျင့်၏၊ စိတ်ကို ထင်ရှားသိလျက် “ဝင်သက်လေကို ရှူအံ့”ဟု အားထုတ်၍ ကျင့်၏၊ စိတ်ကို လွန်စွာဝမ်းမြောက်စေလျက် “ထွက်သက်လေကို ထုတ်အံ့”ဟု အားထုတ်၍ ကျင့်၏၊ စိတ်ကို လွန်စွာ ဝမ်းမြောက်စေလျက်“ဝင်သက်လေကို ရှူအံ့”ဟု အားထုတ်၍ ကျင့်၏၊ စိတ်ကို ကောင်းစွာ ထားလျက် “ထွက်သက်လေကို ထုတ်အံ့”ဟု အားထုတ်၍ ကျင့်၏၊ စိတ်ကို ကောင်းစွာ ထားလျက် “ဝင်သက်လေကို ရှူအံ့”ဟု အားထုတ်၍ ကျင့်၏၊ စိတ်ကို လွတ်စေလျက် “ထွက်သက်လေကို ထုတ်အံ့”ဟုအားထုတ်၍ ကျင့်၏၊ စိတ်ကို လွတ်စေလျက်“ဝင်သက်လေကို ရှူအံ့”ဟု အားထုတ်၍ ကျင့်၏၊ အနိစ္စဟု အဖန်တလဲလဲရှုလျက် “ထွက်သက်လေကို ထုတ်အံ့”ဟု အားထုတ်၍ ကျင့်၏၊ အနိစ္စဟု

http://www.dhammadownload.com



အဖန်တလဲလဲရှုလျက်"ဝင်သက်လေကို ရှူအံ့"ဟု အားထုတ်၍ ကျင့်၏၊ရာဂကင်းမှုကို အဖန်တလဲလဲ ရှုလျက်"ထွက်သက်လေကို ထုတ်အံ့"ဟု အားထုတ်၍ ကျင့်၏၊ ရာဂကင်းမှုကို အဖန်တလဲလဲရှုလျက် "ဝင်သက်လေကို ရှူအံ့"ဟု အားထုတ်၍ ကျင့်၏၊ ချုပ်ငြိမ်းမှုကို အဖန်တလဲလဲရှုလျက်"ထွက်သက် လေကို ထုတ်အံ့"ဟု အားထုတ်၍ ကျင့်၏၊ ချုပ်ငြိမ်းမှုကို အဖန်တလဲလဲရှုလျက် "ဝင်သက်လေကို ရှူအံ့"ဟု အားထုတ်၍ ကျင့်၏၊ စွန့်လွှတ်မှုကို အဖန်တလဲလဲရှုလျက်"ထွက်သက်လေကို ထုတ်အံ့" ဟု အားထုတ်၍ ကျင့်၏၊စွန့်လွှတ်မှုကို အဖန်တလဲလဲရှုလျက်"ဝင်သက်လေကိုရှူအံ့"ဟု အားထုတ်၍ ကျင့်၏။ ရဟန်းတို့ ဤသို့လျှင် အာနာပါနဿတိကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ် သည်ရှိသော် အကျိုးကြီး၏၊ အာနိသင်ကြီး၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

## ၂-ဗောဇ္ဈင်္ဂသုတ်

၉၇၈။ ရဟန်းတို့ အာနာပါနဿတိကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် အကျိုးကြီး၏၊ အာနိသင်ကြီး၏။ ရဟန်းတို့ အာနာပါနဿတိကို အဘယ်သို့လျှင် ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် အကျိုးကြီးသနည်း၊ အာနိသင်ကြီးသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် အာနာပါနဿတိနှင့်တကွဖြစ်သော(ကိလေသာမှ) ဆိတ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ'ကင်းခြင်းကို မှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ညွတ်သော သတိ သမ္ဗောဇ္ဈင်ကို ပွါးများ၏။ အာနာပါနဿတိနှင့်တကွဖြစ်သော ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ပွါးများ ၏။ပ။ အာနာပါနဿတိနှင့် တကွဖြစ်သော (ကိလေသာမှ) ဆိတ်ခြင်းကို မှီသော စွဲမက်မှု'ရာဂ' ကင်းခြင်းကို မှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ညွတ်သော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများ၏။ ရဟန်းတို့ အာနာပါနဿတိကို ဤသို့ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် အကျိုးကြီး၏၊ အာနိသင်ကြီး၏ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

## ၃-သုဒ္ဓိကသုတ်

၉၇၉။ ရဟန်းတို့အာနာပါနဿတိကို ပွါးများအပ် ကြိမ်ဖန်များစွာ , ပြုလုပ်အပ်သည်ရှိသော် အကျိုးကြီး၏၊ အာနိသင်ကြီး၏။ ရဟန်းတို့ အာနာပါနဿတိကို အဘယ်သို့လျှင် ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် အကျိုးကြီးသနည်း၊ အာနိသင်ကြီးသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် တောသို့သွားရောက်၍ဖြစ်စေ သစ်ပင်ရင်းသို့ သွားရောက်၍ ဖြစ်စေ ဆိတ်ငြိမ်ရာသို့သွားရောက်၍ဖြစ်စေ တင်ပလ္လင်ခွေပြီးလျှင် ကိုယ်ကို ဖြောင့်မတ်စွာထား၍ သတိကို(ကမ္မဋ္ဌာန်းသို့) ရှေးရှုဖြစ်စေလျက် ထိုင်နေ၏။ ထိုရဟန်းသည် သတိရှိလျက်သာလျှင် ထွက်သက်လေကို ထုတ်၏၊ သတိရှိလျက်သာလျှင် ဝင်သက်လေကို ရှူ၏။ပ။ စွန့်လွှတ်မှုကို အဖန် တလဲလဲရှုလျက် "ထွက်သက်လေကိုထုတ်အံ့"ဟု အားထုတ်၍ ကျင့်၏၊စွန့်လွှတ်မှုကို အဖန်တလဲလဲ ရှုလျက်"ဝင်သက်လေကို ရှူအံ့"ဟု အားထုတ်၍ ကျင့်၏။ရဟန်းတို့ အာနာပါနဿတိကို ဤသို့ပွါး များအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် အကျိုးကြီး၏၊ အာနိသင်ကြီး၏ဟု (မိန့်တော် မူ၏)။

တတိယသုတ်။

http://www.dhammadownload.com



## ၄-ပဌမ ဖလသုတ်

၉၇၀။ ရဟန်းတို့ အာနာပါနဿတိကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် အကျိုးကြီး၏၊ အာနိသင်ကြီး၏။ ရဟန်းတို့ အာနာပါနဿတိကို အဘယ်သို့လျှင် ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် အကျိုးကြီးသနည်း၊ အာနိသင်ကြီးသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် တောသို့သွားရောက်၍ဖြစ်စေ သစ်ပင်ရင်းသို့ သွားရောက်၍ဖြစ်စေ ဆိတ်ငြိမ်ရာသို့သွားရောက်၍ဖြစ်စေ တင်ပလ္လင်ခွေပြီးလျှင် ကိုယ်ကို ဖြောင့်မတ်စွာထား၍ သတိကို(ကမ္မဋ္ဌာန်းသို့) ရှေးရှုဖြစ်စေလျက် ထိုင်နေ၏၊ထိုရဟန်းသည် သတိရှိလျက်သာလျှင် ထွက်သက်လေကို ထုတ်၏၊သတိရှိလျက်သာလျှင် ဝင်သက်လေကို ရှူ၏။ပ။စွန့်လွှတ်မှုကို အဖန်တလဲလဲရှုလျက် ''ထွက်သက်လေကို ထုတ်အံ့''ဟု အားထုတ်၍ ကျင့်၏၊စွန့်လွှတ်မှုကို အဖန်တလဲလဲရှုလျက် ''ဝင်သက်လေကို ရှူအံ့''ဟု အားထုတ်၍ ကျင့်၏။ရဟန်းတို့ အာနာပါနဿတိကို ဤသို့ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် အကျိုးကြီး၏၊ အာနိသင်ကြီး၏။ ရဟန်းတို့ အာနာပါနဿတိကို ဤသို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် ယခုဘဝ၌ပင် အရဟတ္တဖိုလ်ကို ရနိုင်ခြင်း စွဲလမ်းမှု 'ဥပါဒါန်' အကြွင်းအကျန်ရှိခဲ့သော် အနာဂါမ် အဖြစ်သို့ ရောက်နိုင်ခြင်းဟူသော အကျိုးနှစ်ပါးတို့တွင် အကျိုးတပါးပါးကို(မချွတ်ရလိမ့်မည်ဟု)မြော်လင့်အပ်၏ဟု(မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-ဒုတိယ ဖလသုတ်

၉၇၁။ ရဟန်းတို့ အာနာပါနဿတိကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် အကျိုးကြီး၏၊ အာနိသင်ကြီး၏။ ရဟန်းတို့ အာနာပါနဿတိကို အဘယ်သို့လျှင် ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် အကျိုးကြီးသနည်း၊အာနိသင်ကြီးသနည်း။ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် တောသို့ သွားရောက်၍ဖြစ်စေ သစ်ပင်ရင်းသို့သွားရောက်၍ ဖြစ်စေ ဆိတ်ငြိမ်ရာသို့သွားရောက်၍ ဖြစ်စေ တင်ပလ္လင် ခွေပြီးလျှင် ကိုယ်ကို ဖြောင့်မတ်စွာ ထား၍ သတိကို (ကမ္မဋ္ဌာန်းသို့)ရှေးရှုဖြစ်စေလျက် ထိုင်နေ၏။ ထိုရဟန်းသည် သတိရှိလျက်သာလျှင် ထွက်သက်လေကို ထုတ်၏၊ သတိရှိလျက်သာလျှင် ဝင်သက်လေကို ရှူ၏။ပ။ စွန့်လွှတ်မှုကို အဖန်တလဲလဲရှုလျက် ထွက်သက်လေကို ထုတ်အံ့ဟု အားထုတ်၍ ကျင့်၏၊ စွန့်လွှတ်မှုကို အဖန်တလဲလဲ ရှုလျက် ဝင်သက်လေကို ရှူအံ့ဟု အားထုတ်၍ ကျင့်၏။ ရဟန်းတို့ အာနာပါနဿတိကို ဤသို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် အကျိုးကြီး၏၊ အာနိသင်ကြီး၏။

ရဟန်းတို့ အာနာပါနဿတိကို ဤသို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် ခုနစ်ပါးသော အကျိုးအာနိသင်တို့ကို (မချွတ်ရလိမ့်မည်ဟု) မြော်လင့်အပ်၏။ ခုနစ်ပါးသော အကျိုး အာနိသင် ဟူသည် အဘယ်တို့နည်း၊ မျက်မှောက် ဘဝ၌ပင် မသေမီ စောစောက အရဟတ္တဖိုလ်ကို ပြီးစေနိုင်၏၊ မျက်မှောက်ဘဝ၌ပင် မသေမီ စောစောက အရဟတ္တဖိုလ်ကို မပြီးစေနိုင်ခဲ့မူ သေခါနီးအခါ၌ အရဟတ္တဖိုလ်ကို ပြီးစေနိုင်၏၊မျက်မှောက်ဘဝ၌ပင် မသေမီ စောစောက အရဟတ္တဖိုလ်ကို မပြီးစေနိုင်ခဲ့မူ သေခါနီးအခါ၌ အရဟတ္တဖိုလ်ကို မပြီးစေနိုင်ခဲ့မူ အောက်ပိုင်း

http://www.dhammadownload.com



သံယောဇဉ် ငါးပါးတို့ ကုန်ခြင်းကြောင့် အသက်တမ်း၏ အလယ်၌ အရဟတ္တဖိုလ်သို့ ရောက်၍ ပရိနိဗ္ဗာန်ပြုရသော အန္တရာပရိနိဗ္ဗာယီမည်သော အနာဂါမ်ဖြစ်နိုင်၏၊ အသက်တမ်း၏ ထက်ဝက်ကို လွန်လျက် အရဟတ္တဖိုလ်သို့ရောက်၍ ပရိနိဗ္ဗာန်ပြုရသော ဥပဟစ္စပရိနိဗ္ဗာယီမည်သော အနာဂါမ်ဖြစ်နိုင်၏၊ဗယောဂလုံ့လမပါပဲ(အရဟတ္တဖိုလ်သို့ရောက်လျက်)ပရိနိဗ္ဗာန်ပြုရသော အသင်္ခါရပရိနိဗ္ဗာယီမည်သော အနာဂါမ်ဖြစ်နိုင်၏၊ပယောဂ လုံ့လနှင့်တကွ(အရဟတ္တဖိုလ်သို့ ရောက်လျက်)ပရိနိဗ္ဗာန်ပြုရသော သသင်္ခါရပရိနိဗ္ဗာယီမည်သော အနာဂါမ်ဖြစ်နိုင်၏၊ အထက်အထက်ဘုံသို့ အဆင့်ဆင့်တက်၍(အကနိဋ္ဌဘုံသို့ ရောက်လျက် အရဟတ္တဖိုလ်သို့ ရောက်သော)ဥဒ္ဓံသောတအကနိဋ္ဌ ဂါမီမည်သောအနာဂါမ်ဖြစ်နိုင်၏။ရဟန်းတို့ အာနာပါနဿတိကို ဤသို့ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် ဤခုနစ်ပါးသော အကျိုးအာနိသင်တို့ကို (မချွတ်ရလိမ့်မည်ဟု)မြော်လင့်အပ်၏ဟု(မိန့်တော်မူ၏)။

ပဥ္စမသုတ်။

## ၆-အရိဋ္ဌသုတ်

၉၇၂။ သာဝတ္ထိနိဒါန်း။ ထိုအခါ မြတ်စွာဘုရားသည်။ပ။ “ရဟန်းတို့ သင်တို့သည် အာနာပါနဿတိကို ပွါးများကြကုန်၏လော”ဟု ဤစကားကို မိန့်တော်မူ၏။ ဤသို့ မိန့်တော်မူသည်ရှိသော် အသျှင်အရိဋ္ဌသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—“အသျှင်ဘုရား အကျွန်ုပ်သည် အာနာပါနဿတိကို ပွါးများပါ၏”ဟု ဤစကားကို လျှောက်၏။အရိဋ္ဌ သင်သည် အာနာပါနဿတိကို အဘယ်သို့ ပွါးများသနည်း။ အသျှင်ဘုရား အကျွန်ုပ်သည် လွန်ပြီး ‘အတိတ်’ ကာမဂုဏ်တို့၌ ကာမကို လိုချင်မှု ‘ကာမစ္ဆန္ဒ’ကို ပယ်ပါ၏၊ အကျွန်ုပ်အား အနာဂတ် ကာမဂုဏ်တို့၌ ကာမကို လိုချင်မှု‘ကာမစ္ဆန္ဒ’သည် ကင်းပါ၏၊ အကျွန်ုပ်သည် အတွင်းအပ အာယတနတရားတို့၌ ထိပါးမှု‘ပဋိဃ’နှင့် ယှဉ်သော မှတ်သားမှု ‘သညာ’ကို ကောင်းစွာ ပယ်ဖျောက်ပါ၏၊ ထိုအကျွန်ုပ်သည် သတိရှိလျက်သာလျှင် ထွက်သက်လေကို ထုတ်ပါ၏၊ သတိရှိလျက်သာလျှင် ဝင်သက်လေကို ရှူပါ၏။ အသျှင်ဘုရား အကျွန်ုပ်သည် အာနာပါနဿတိကို ဤသို့ပင် ပွါးများပါ၏ဟု(လျှောက်၏)။

အရိဋ္ဌ အာနာပါနဿတိသည် ရှိ၏၊ဤအာနာပါနဿတိသည် မရှိသည် မဟုတ်ဟု (ငါ) ဆို၏။ အရိဋ္ဌ စင်စစ်အားဖြင့် အာနာပါနဿတိကို အကျယ်အားဖြင့်အပြည့်အစုံကြားနာလော့၊ကောင်းစွာ နှလုံးသွင်းလော့၊ ဟောပေအံ့ဟု မိန့်တော်မူလတ်သော်“အသျှင်ဘုရား ကောင်းပါပြီ”ဟု အသျှင်အရိဋ္ဌသည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထား၏။မြတ်စွာဘုရားသည် ဤတရားတော်ကို ဟောတော်မူ၏—

အရိဋ္ဌ အဘယ်သို့လျှင် အာနာပါနဿတိသည် အကျယ်အားဖြင့် အပြည့်အစုံ ဖြစ်သနည်း၊ အရိဋ္ဌ ဤသာသနာတော်၌ရဟန်းသည် တောသို့သွားရောက်၍ဖြစ်စေ သစ်ပင်ရင်းသို့ သွားရောက်၍ဖြစ်စေ ဆိတ်ငြိမ်ရာသို့ သွားရောက်၍ဖြစ်စေ တင်ပလ္လင်ခွေပြီးလျှင် ကိုယ်ကို ဖြောင့်မတ်စွာထား၍ သတိကို (ကမ္မဋ္ဌာန်းသို့)ရှေးရှု ဖြစ်စေလျက် ထိုင်နေ၏။ ထိုရဟန်းသည် သတိရှိလျက်သာလျှင် ထွက်သက်လေကို ထုတ်၏၊သတိ ရှိလျက်သာလျှင် ဝင်သက်လေကို ရှူ၏၊ရှည်ရှည်ထွက်သက်လေကို ထုတ်လျှင်လည်း“ရှည်ရှည် ထွက်သက်လေကို ထုတ်၏”ဟုသိ၏၊ ရှည်ရှည်ဝင်သက်လေကို ရှူလျှင်

http://www.dhammadownload.com



လည်း "ရှည်ရှည် ဝင်သက်လေကို ရှူ၏"ဟု သိ၏။ပ။"စွန့်လွှတ်မှုကို အဖန်တလဲလဲရှုလျက် ထွက်သက်လေကို ထုတ်အံ့"ဟု အားထုတ်၍ ကျင့်၏၊"စွန့်လွှတ်မှုကို အဖန်တလဲလဲရှုလျက် ဝင်သက်လေကို ရှူအံ့"ဟု အားထုတ်၍ ကျင့်၏။ အရိဋ္ဌ ဤသို့လျှင် အာနာပါနဿတိသည် အကျယ်အားဖြင့် အပြည့်အစုံဖြစ်၏ဟု(မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-မဟာကပ္ပိနသုတ်

၉၇၁။ သာဝတ္ထိနိဒါန်း။ ထိုအခါ အသျှင်မဟာကပ္ပိနသည် မြတ်စွာဘုရား၏ မနီးမဝေး၌ တင်ပလ္လင်ခွေပြီးလျှင် ကိုယ်ကိုဖြောင့်မတ်စွာထား၍သတိကို(ကမ္မဋ္ဌာန်းသို့)ရှေးရှုဖြစ်စေလျက် ထိုင်နေ၏။မြတ်စွာဘုရားသည် တင်ပလ္လင်ခွေပြီးလျှင် ကိုယ်ကိုဖြောင့်မတ်စွာထား၍ သတိကို(ကမ္မဋ္ဌာန်းသို့) ရှေးရှုဖြစ်စေလျက် အနီး၌ထိုင်နေသော အသျှင်မဟာကပ္ပိနကို မြင်တော်မူလေ၏၊ မြင်တော်မူပြီးလတ်သော် ရဟန်းတို့ကို—ရဟန်းတို့ ဤရဟန်း၏ ကိုယ်တုန်ခြင်းကိုဖြစ်စေ လှုပ်ခြင်းကိုဖြစ်စေ သင်တို့မြင်ကုန်သလောဟု မိန့်တော်မူ၏။အသျှင်ဘုရား သံဃာ့အလယ်၌ဖြစ်စေ တပါးတည်း ဆိတ်ငြိမ်ရာ၌ဖြစ်စေ ထိုအသျှင်ထိုင်နေသည်ကို မြင်ကြရသောအခါ၌ ထိုအသျှင်၏ ကိုယ်တုန်ခြင်းကိုဖြစ်စေ လှုပ်ခြင်းကိုဖြစ်စေ အကျွန်ုပ်တို့ မမြင်ရပါဟု (လျှောက်ကုန်၏)။

ရဟန်းတို့ အကြင်တည်ကြည်မှု'သမာဓိ'ကိုပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် ကိုယ်တုန်ခြင်းသည်ဖြစ်စေ လှုပ်ခြင်းသည်ဖြစ်စေ မဖြစ်၊ စိတ်၏တုန်ခြင်းသည်ဖြစ်စေ လှုပ်ခြင်းသည်ဖြစ်စေ မဖြစ်။ရဟန်းတို့ ထိုရဟန်းသည် ထိုသမာဓိကို အလိုရှိတိုင်း ရ၏၊မဆင်းရဲဘဲ ရ၏၊မပင်ပန်းပဲ ရ၏။ ရဟန်းတို့ အဘယ်သမာဓိကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် ကိုယ်တုန်ခြင်းသည်ဖြစ်စေ လှုပ်ခြင်းသည်ဖြစ်စေ မဖြစ်သနည်း၊ စိတ်တုန်ခြင်းသည်ဖြစ်စေ လှုပ်ခြင်းသည်ဖြစ်စေ မဖြစ်သနည်း။

ရဟန်းတို့ အာနာပါနဿတိနှင့်ယှဉ်သော သမာဓိကို ပွါးများခြင်း ကြိမ်ဖန်များစွာ ပြုလုပ်ခြင်းကြောင့် ကိုယ်တုန်ခြင်းသည်ဖြစ်စေ လှုပ်ခြင်းသည်ဖြစ်စေ မဖြစ်၊ စိတ်တုန်ခြင်းသည်ဖြစ်စေ လှုပ်ခြင်းသည်ဖြစ်စေ မဖြစ်။ ရဟန်းတို့ အာနာပါနဿတိနှင့်ယှဉ်သော သမာဓိကို အဘယ်သို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် ကိုယ်တုန်ခြင်းသည်ဖြစ်စေ လှုပ်ခြင်းသည်ဖြစ်စေ မဖြစ်သနည်း၊ စိတ်တုန်ခြင်းသည်ဖြစ်စေ လှုပ်ခြင်းသည်ဖြစ်စေ မဖြစ်သနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် တောသို့သွားရောက်၍ဖြစ်စေ သစ်ပင်ရင်းသို့ သွားရောက်၍ဖြစ်စေ ဆိတ်ငြိမ်ရာသို့ သွားရောက်၍ဖြစ်စေ တင်ပလ္လင်ခွေပြီးလျှင် ကိုယ်ကိုဖြောင့်မတ်စွာထား၍ သတိကို(ကမ္မဋ္ဌာန်းသို့)ရှေးရှုဖြစ်စေလျက် ထိုင်နေ၏။ထိုရဟန်းသည် သတိရှိလျက်သာလျှင် ထွက်သက်လေကို ထုတ်၏၊သတိရှိလျက်သာလျှင် ဝင်သက်လေကို ရှူ၏။ပ။"စွန့်လွှတ်မှုကို အဖန်တလဲလဲရှုလျက် ထွက်သက်လေကို ထုတ်အံ့"ဟု အားထုတ်၍ကျင့်၏၊"စွန့်လွှတ်မှုကို အဖန်တလဲလဲရှုလျက် ဝင်သက်လေကို ရှူအံ့"ဟု အားထုတ်၍ ကျင့်၏။ရဟန်းတို့ အာနာပါနဿတိနှင့်ယှဉ်သော သမာဓိကို ဤသို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် ကိုယ်တုန်ခြင်း

http://www.dhammadownload.com



သည်ရှင်း လှုပ်ခြင်းသည်ရှင်း မဖြစ်၊စိတ်တုန်ခြင်းသည်ရှင်း လှုပ်ခြင်းသည်ရှင်း မဖြစ်ဟု(မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-ပဒီပေါပမသုတ်

၉၇၃။ ရဟန်းတို့ အာနာပါနဿတိနှင့်ယှဉ်သော သမာဓိကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် အကျိုးကြီး၏၊ အာနိသင်ကြီး၏။ ရဟန်းတို့ အာနာပါနဿတိနှင့်ယှဉ်သော သမာဓိကို အဘယ်သို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် အကျိုးကြီးသနည်း၊ အာနိသင်ကြီးသနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် တောသို့ သွားရောက်၍ဖြစ်စေ သစ်ပင်ရင်းသို့ သွားရောက်၍ဖြစ်စေ ဆိတ်ငြိမ်ရာသို့ သွားရောက်၍ဖြစ်စေ တင်ပလ္လင်ခွေပြီးလျှင် ကိုယ်ကိုဖြောင့်မတ်စွာထား၍ သတိကို(ကမ္မဋ္ဌာန်းသို့)ရှေးရှုဖြစ်စေလျက် ထိုင်နေ၏။ထိုရဟန် သည် သတိရှိလျက်သာလျှင် ထွက်သက်လေကို ထုတ်၏၊ သတိရှိလျက်သာလျှင် ဝင်သက်လေကို ရှူ၏၊ ရှည်ရှည် ထွက်သက်လေကို ထုတ်လျှင်လည်း "ရှည်ရှည်ထွက်သက်လေကို ထုတ်၏"ဟု သိ၏၊ ရှည်ရှည် ဝင်သက်လေကို ရှူလျှင်လည်း"ရှည်ရှည်ဝင်သက်လေကို ရှူ၏"ဟု သိ၏။ပ။ "စွန့်လွှတ် မှုကို အဖန်တလဲလဲရှုလျက် ထွက်သက်လေကို ထုတ်အံ့"ဟု အားထုတ်၍ ကျင့်၏၊ "စွန့်လွှတ်မှုကို အဖန်တလဲလဲရှုလျက် ဝင်သက်လေကို ရှူအံ့"ဟု အားထုတ်၍ ကျင့်၏။ရဟန်းတို့ အာနာပါနဿတိနှင့်ယှဉ်သော သမာဓိကို ဤသို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် အကျိုးကြီး၏၊အာနိသင်ကြီး၏။

ရဟန်းတို့ ငါသည် ဘုရားမဖြစ်မီ ရှေးအခါက သစ္စာလေးပါးကို မသိသေးသော ဘုရားလောင်း ဖြစ်စဉ် ဤနေခြင်းမျိုးဖြင့် အနေများခဲ့၏၊ ရဟန်းတို့ ဤနေခြင်းမျိုးဖြင့် အနေများခဲ့သော ငါ့အား ကိုယ်သည် မပင်ပန်း၊ မျက်စိတို့သည် မပင်ပန်းကုန်၊ ငါ၏စိတ်သည်လည်း မစွဲလမ်းမူ၍ အာသဝတို့မှ လွတ်မြောက်၏။

ရဟန်းတို့ ထို့ကြောင့်ပင် ဤသာသနာတော်၌ ရဟန်းသည် "ကိုယ်မပင်ပန်းရာ၊ မျက်စိတို့ မပင်ပန်းကုန်ရာ၊ငါ၏စိတ်သည်လည်း မစွဲလမ်းမူ၍ အာသဝတို့မှ လွတ်မြောက်ရာ၏"ဟု အလိုရှိခဲ့မူ အာနာပါနဿတိနှင့်ယှဉ်သော သမာဓိကိုသာ ကောင်းစွာ နှလုံးသွင်းအပ်၏။ရဟန်းတို့ ထို့ကြောင့်ပင် ဤသာသနာတော်၌ ရဟန်းသည်"ငါသည် အိမ်၌နေသူ လူတို့၏ကာမဂုဏ်ကိုမှီသော အောက်မေ့မှု ကြံစည်မှုတို့ကို ပယ်ကုန်ရာ၏"ဟုလည်း အလိုရှိခဲ့မူ အာနာပါနဿတိနှင့်ယှဉ်သော သမာဓိကိုသာ ကောင်းစွာ နှလုံးသွင်းအပ်၏။ ရဟန်းတို့ ထို့ကြောင့်ပင် ဤသာသနာတော်၌ ရဟန်းသည် "စက်ဆုပ်ဖွယ်မဟုတ်သော အာရုံ၌ စက်ဆုပ်ဖွယ်အမှတ် ရှိသည်ဖြစ်၍ နေလို၏"ဟုလည်း အလိုရှိခဲ့မူဤအာနာပါနဿတိနှင့်ယှဉ်သော သမာဓိကိုသာ ကောင်းစွာနှလုံးသွင်းအပ်၏။ရဟန်းတို့ ထို့ကြောင့်ပင် ဤသာသနာတော်၌ ရဟန်းသည် "စက်ဆုပ်ဖွယ်အာရုံ၌ စက်ဆုပ်ဖွယ်မဟုတ်"ဟု အမှတ်ရှိသည် ဖြစ်၍နေလို၏ဟုလည်း အလိုရှိခဲ့မူ ဤအာနာပါနဿတိနှင့်ယှဉ်သော သမာဓိကိုသာ ကောင်းစွာ နှလုံးသွင်းအပ်၏။ ရဟန်းတို့ ထို့ကြောင့်ပင် ဤသာသနာတော်၌ ရဟန်းသည် စက်ဆုပ်ဖွယ်အာရုံ၌ရှင်း စက်ဆုပ်ဖွယ်မဟုတ်သော အာရုံ၌ရှင်း စက်ဆုပ်ဖွယ်ဟု အမှတ်ရှိသည်

http://www.dhammadownload.com



ဖြစ်၍ နေလို၏ဟုလည်း အလိုရှိခဲ့မူ ဤအာနာပါနဿတိနှင့်ယှဉ်သော သမာဓိကိုသာ ကောင်းစွာ နှလုံးသွင်းအပ်၏။ ရဟန်းတို့ ထို့ကြောင့်ပင် ဤသာသနာတော်၌ ရဟန်းသည် "စက်ဆုပ်ဖွယ်အာရုံ၌၎င်း စက်ဆုပ်ဖွယ်မဟုတ်သော အာရုံ၌၎င်း စက်ဆုပ်ဖွယ်မဟုတ်ဟု အမှတ်ရှိသည်ဖြစ်၍ နေလို၏"ဟုလည်း အလိုရှိခဲ့မူ ဤအာနာပါနဿတိနှင့်ယှဉ်သော သမာဓိကိုသာ ကောင်းစွာ နှလုံးသွင်းအပ်၏။ ရဟန်းတို့ ထို့ကြောင့်ပင် ဤသာသနာတော်၌ ရဟန်းသည် "စက်ဆုပ်ဖွယ်မဟုတ်သောအာရုံကို၎င်း စက်ဆုပ်ဖွယ်အာရုံကို၎င်း ထိုနှစ်မျိုးစုံကိုကြဉ်၍ ဆင်ခြင်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ အမျှရှုလျက်နေလို၏"ဟုလည်း အလိုရှိခဲ့မူ ဤအာနာပါနဿတိနှင့်ယှဉ်သော သမာဓိကိုသာ ကောင်းစွာ နှလုံးသွင်းအပ်၏။

ရဟန်းတို့ ထို့ကြောင့်ပင် ဤသာသနာတော်၌ ရဟန်းသည် "ကာမတို့မှဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်မှု'ဝိတက်'နှင့်တကွဖြစ်သော သုံးသပ်ဆင်ခြင်မှု 'ဝိစာရ'နှင့်တကွဖြစ်သော နီဝရဏဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်မှု'ပီတိ' ချမ်းသာမှု'သုခ' ရှိသော ပဌမစျာန်သို့ ရောက်၍နေလို၏"ဟုလည်း အလိုရှိခဲ့မူ ဤအာနာပါနဿတိနှင့် ယှဉ်သော သမာဓိကိုသာ ကောင်းစွာ နှလုံးသွင်းအပ်၏။ရဟန်းတို့ ထို့ကြောင့်ပင် ဤသာသနာတော်၌ ရဟန်းသည် "ဝိတက် ဝိစာရတို့ငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကို ကြည်လ[illegible]စေတတ်သော စိတ်တည်ကြည်မှု 'သမာဓိ'ကို ပွါးစေတတ်သော ကြံစည်မှု'ဝိတက်' မရှိသော သုံးသပ်ဆင်ခြင်မှု 'ဝိစာရ'မရှိသော တည်ကြည်မှု'သမာဓိ'ကြောင့်ဖြစ်သော နှစ်သိမ့်မှု'ပီတိ' ချမ်းသာမှု'သုခ'ရှိသော ဒုတိယစျာန်သို့ ရောက်၍ နေလို၏"ဟုလည်း အလိုရှိခဲ့မူ ဤအာနာပါနဿတိနှင့် ယှဉ်သော သမာဓိကိုသာ ကောင်းစွာ နှလုံးသွင်းအပ်၏။ရဟန်းတို့ ထို့ကြောင့်ပင် ဤသာသနာတော်၌ ရဟန်းသည် "နှစ်သိမ့်မှု'ပီတိ'ကိုလည်း မတပ်မက်ခြင်းကြောင့် လျစ်လျူရှုလျက် နေလို၏၊သတိ'သမ္ပဇဉ်'နှင့်ပြည့်စုံသည်ဖြစ်၍ ချမ်းသာ'သုခ'ကိုလည်း ကိုယ်ဖြင့် ခံစားလို၏၊အကြင်တတိယစျာန်ကြောင့် ထိုသူ့ကို 'လျစ်လျူရှုသူ သတိရှိသူ ချမ်းသာစွာ နေလေ့ရှိသူ'ဟု အရိယာပုဂ္ဂိုလ်တို့သည် ပြောကြားကုန်၏၊ ထိုတတိယစျာန်သို့ရောက်၍နေလို၏"ဟုလည်း အလိုရှိခဲ့မူ ဤအာနာပါနဿတိနှင့်ယှဉ်သော[illegible] ကိုသာ ကောင်းစွာ နှလုံးသွင်းအပ်၏။ရဟန်းတို့ ထို့ကြောင့်ပင် ဤသာသနာတော်[illegible]ည် "ချမ်းသာဆင်းရဲကို ပယ်ခြင်းကြောင့်၎င်း ရှေးဦးကပင်လျှင် ဝမ်းသာခြင်း နှလုံးမသာခြင်းတို့၏ချုပ်နှင့်ခြင်းကြောင့်၎င်း ဆင်းရဲ ချမ်းသာ မရှိသော လျစ်လျူရှုမှု'ဥပေက္ခာ' ကြောင့် ဖြစ်သည့် သတိ၏ စင်ကြယ်ခြင်းရှိသော စတုတ္ထစျာန်သို့ ရောက်၍ နေလို၏"ဟုလည်း အလိုရှိခဲ့မူ ဤအာနာပါနဿတိနှင့် ယှဉ်သော သမာဓိကိုသာ ကောင်းစွာ နှလုံးသွင်းအပ်၏။

ရဟန်းတို့ ထို့ကြောင့်ပင် ဤသာသနာတော်၌ ရဟန်းသည် "အလုံးစုံသော ရူပသညာတို့ကို လွန်မြောက်ခြင်းကြောင့် ထိခိုက်မှု 'ပဋိဃသညာ'တို့၏ ချုပ်ခြင်းကြောင့် အမျိုးမျိုးသော မှတ်သားမှု 'နာနတ္တသညာ'တို့ကို နှလုံးမသွင်းခြင်းကြောင့် 'ကောင်းကင်သည် အဆုံးမရှိ'ဟု (စီးဖြန်းကာ)အာကာသာနဉ္စာယတနစျာန်သို့ ရောက်၍ နေလို၏"ဟုလည်း အလိုရှိခဲ့မူ ဤအာနာပါနဿတိနှင့် ယှဉ်သော သမာဓိကိုသာ ကောင်းစွာ နှလုံးသွင်းအပ်၏။ ရဟန်းတို့ ထို့ကြောင့်ပင် ဤသာသနာတော်၌ ရဟန်းသည် "အလုံးစုံသော အာကာသာနဉ္စာယတနစျာန်ကို လွန်မြောက်၍ ဝိညာဏ်သည် အဆုံးမရှိ'ဟု(စီးဖြန်းကာ) ဝိညာဏဉ္စာယတနစျာန်သို့ ရောက်၍ နေလို၏"ဟုလည်း အလိုရှိခဲ့မူ ဤအာနာပါနဿတိနှင့် ယှဉ်သော သမာဓိကိုသာ ကောင်းစွာ နှလုံးသွင်းအပ်၏။ ရဟန်းတို့ ထို့ကြောင့်ပင် ဤသာသနာတော်၌ ရဟန်းသည် "အလုံးစုံသော ဝိညာဏဉ္စာယတန

http://www.dhammadownload.com



ဈာန်ကို လွန်မြောက်၍ 'တစုံတရာမျှ မရှိ'ဟု (စီးဖြန်းကာ) အာကိဉ္စညာယတနဈာန်သို့ ရောက်၍ နေလို၏"ဟုလည်း အလိုရှိခဲ့မူ ဤအာနာပါနဿတိနှင့် ယှဉ်သော သမာဓိကိုသာ ကောင်းစွာ နှလုံးသွင်းအပ်၏။ ရဟန်းတို့ ထို့ကြောင့်ပင် ဤသာသနာတော်၌ ရဟန်းသည် "အလုံးစုံသော အာကိဉ္စညာယတနဈာန်ကို လွန်မြောက်၍ နေဝသညာနာသညာယတနဈာန်သို့ ရောက်၍ နေလို၏"ဟုလည်း အလိုရှိခဲ့မူဤအာနာပါနဿတိနှင့် ယှဉ်သော သမာဓိကို ကောင်းစွာ နှလုံးသွင်းအပ်၏။ ရဟန်းတို့ ထို့ကြောင့်ပင် ဤသာသနာတော်၌ ရဟန်းသည် "အလုံးစုံသော နေဝသညာနာသညာယတနဈာန်ကို လွန်မြောက်၍ သညာ ဝေဒနာတို့၏ ချုပ်ရာ နိရောဓသမာပတ်သို့ ရောက်၍ နေလို၏"ဟုလည်း အလိုရှိခဲ့မူ ဤအာနာပါနဿတိနှင့် ယှဉ်သော သမာဓိကိုသာ ကောင်းစွာ နှလုံးသွင်းအပ်၏။

ရဟန်းတို့ အာနာပါနဿတိနှင့် ယှဉ်သော သမာဓိကို ဤသို့ ပွါးများအပ်သည်ရှိသော် ကြမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် သုခဝေဒနာကိုလည်း ခံစားသည်ဖြစ်ခဲ့မူ ထိုသုခဝေဒနာသည် "မမြဲ"ဟု သိ၏၊ "လွှမ်းမိုး၍ မတည်နိုင်"ဟု သိ၏၊ "မနှစ်သက်အပ်"ဟု သိ၏။ ဒုက္ခဝေဒနာကို ခံစားသည် ဖြစ်ခဲ့မူ ထိုဒုက္ခဝေဒနာသည် "မမြဲ"ဟု သိ၏၊ "လွှမ်းမိုး၍ မတည်နိုင်"ဟု သိ၏၊ "မနှစ်သက်အပ်"ဟု သိ၏။ ဥပေက္ခာဝေဒနာကို ခံစားသည် ဖြစ်ခဲ့မူ ထိုဥပေက္ခာဝေဒနာသည် "မမြဲ"ဟု သိ၏၊ "လွှမ်းမိုး၍ မတည်နိုင်"ဟု သိ၏၊ "မနှစ်သက်အပ်"ဟု သိ၏။ သုခဝေဒနာကို ခံစားသည် ဖြစ်ခဲ့မူ မယှဉ်သည်ဖြစ်၍ ထိုဝေဒနာကို ခံစား၏။ ဒုက္ခဝေဒနာကို ခံစားသည် ဖြစ်ခဲ့မူ မယှဉ်သည်ဖြစ်၍ ထိုဝေဒနာကို ခံစား၏။ဥပေက္ခာဝေဒနာကို ခံစားသည်ဖြစ်ခဲ့မူ မယှဉ်သည်ဖြစ်၍ ထိုဝေဒနာကို ခံစား၏။ ထိုသူသည် ကိုယ်အပိုင်းအခြားရှိသော ဝေဒနာကို ခံစားသည်ရှိသော် "ကိုယ်အပိုင်းအခြားရှိသော ဝေဒနာကို ခံစား၏"ဟု သိ၏၊ အသက်အပိုင်းအခြားရှိသော ဝေဒနာကို ခံစားသည်ရှိသော် "အသက်အပိုင်းအခြားရှိသော ဝေဒနာကို ခံစား၏"ဟု သိ၏။ ခန္ဓာကိုယ် ပျက်စီးသည်မှ အထက်ဖြစ်သော နောက်ကာလ၌ အသက်ဆုံးသည်တိုင်အောင် "ဤဘဝ၌ပင် အလုံးစုံသော ခံစားခြင်းတို့ကို မနှစ်သက်အပ်ကုန်သည်ဖြစ်၍ ငြိမ်းအေးကုန်လတ္တံ့" ဟု သိ၏။

ရဟန်းတို့ ဥပမာသော်ကား ဆီကို စွဲ၍၎င်း မီးစာကို စွဲ၍၎င်း ဆီမီးသည် တောက်လောင်ရာ၏၊ ထိုဆီကုန်ခြင်းကြောင့်၎င်း မီးစာကုန်ခြင်းကြောင့်၎င်း မီးစာမရှိသည်ဖြစ်၍ ငြိမ်းရာ၏။ ရဟန်းတို့ ဤအတူပင် ရဟန်းသည် ကိုယ်အပိုင်းအခြားရှိသော ဝေဒနာကို ခံစားသည်ရှိသော် ကိုယ်အပိုင်းအခြားရှိသော ဝေဒနာကို ခံစား၏ ဟု သိ၏၊ အသက်အပိုင်းအခြားရှိသော ဝေဒနာကို ခံစားသည်ရှိသော် "အသက်အပိုင်းအခြားရှိသော ဝေဒနာကို ခံစား၏"ဟု သိ၏၊ ခန္ဓာကိုယ် ပျက်စီးသည်မှ အထက်ဖြစ်သော နောက်ကာလ၌ အသက်ဆုံးသည်တိုင်အောင် "ဤဘဝ၌ပင်လျှင် အလုံးစုံသော ခံစားခြင်းတို့ကို မနှစ်သက်အပ်ကုန်သည်ဖြစ်၍ ငြိမ်းအေးကုန်လတ္တံ့"ဟု သိ၏ဟု(မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-ဝေသာလီသုတ်

၉၈၅။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်— အခါတပါး၌ မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ဆောင်ပေါက်သော ကျောင်း၌ (သီတင်းသုံး) နေတော်

http://www.dhammadownload.com



မှု၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့အား များစွာသော အကြောင်းဖြင့် အသုဘတရားကို ဟောကြားတော်မူ၏၊ အသုဘကမ္မဋ္ဌာန်း၏ ဂုဏ်ကို ဟောကြားတော်မူ၏၊ အသုဘကမ္မဋ္ဌာန်း ပွါးများခြင်း၏ ဂုဏ်ကို ဟောကြားတော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် "ရဟန်းတို့ ငါဘုရားသည် လဝက်ပတ်လုံး (လထက်ဝက် ဆယ့်ငါးရက်တိုင်တိုင်) တပါးတည်း ကိန်းအောင်းနေလို၏၊ဆွမ်းပို့မည့် ရဟန်းမှတပါး ငါ၏ထံသို့ မည်သူမျှ မချဉ်းကပ်ရ"ဟု ရဟန်းတို့အား မိန့်တော်မူ၏။ ထိုရဟန်းတို့သည် "ကောင်းပါပြီ အသျှင်ဘုရား"ဟု မြတ်စွာဘုရားအား ဝန်ခံ၍ မြတ်စွာဘုရားထံသို့ ဆွမ်းပို့သော ရဟန်းမှတပါး မည်သူမျှ မချဉ်းကပ်ကုန်။

ထိုအခါ မြတ်စွာဘုရားသည် "များစွာသော အကြောင်းဖြင့် အသုဘတရားကို ဟောကြားတော်မူ၏၊ အသုဘကမ္မဋ္ဌာန်း၏ဂုဏ်ကို ဟောကြားတော်မူ၏၊ အသုဘကမ္မဋ္ဌာန်း ပွါးများခြင်း၏ ဂုဏ်ကို ဟောကြားတော်မူ၏"ဟု ထိုရဟန်းတို့သည် များစွာသော အခြင်းအရာတို့ဖြင့် ပြွမ်းသော အသုဘဘာဝနာ၌ အားထုတ်ခြင်းကို အစဉ်ကြိုးစား အားထုတ်လျက် နေကြကုန်၏၊ ထိုရဟန်းတို့သည် မိမိခန္ဓာကိုယ်၌ ငြီးငွေ့ကုန် ရှက်နိုးကုန် စက်ဆုပ်ကုန်ရကား အသက်ကို ဆောင်တတ်သော ဓားလက်နက်ကို ရှာမှီးကြကုန်၏၊ ရဟန်းဆယ်ပါးတို့သည်လည်း တနေ့ခြင်းဖြင့် ဓားကို ဆောင်ကြကုန်၏၊(ဓားဖြင့် သတ်သေကြကုန်၏၊)ရဟန်းနှစ်ဆယ်တို့သည်လည်း ။ပ။ရဟန်းသုံးဆယ်တို့သည်လည်း တနေ့ခြင်းဖြင့် ဓားကို ဆောင်ကြကုန်၏။

ထို့နောက်မြတ်စွာဘုရားသည် ထိုလဝက်ကုန်သဖြင့် (တပါးတည်း)ကိန်းအောင်နေရာမှထတော်မူခဲ့၍ အသျှင်အာနန္ဒာကို "အာနန္ဒာ အဘယ့်ကြောင့် ရဟန်းအပေါင်းသည် နည်းပါးသကဲ့သို့ ဖြစ်သနည်း"ဟု မိန့်တော်မူ၏။ အသျှင်ဘုရား မှန်ပါ၏ "မြတ်စွာဘုရားသည် ရဟန်းတို့အား များစွာသော အကြောင်းဖြင့် အသုဘတရားကို ဟောကြားတော်မူ၏၊ အသုဘကမ္မဋ္ဌာန်း၏ ဂုဏ်ကို ဟောကြားတော်မူ၏၊ အသုဘကမ္မဋ္ဌာန်း ပွါးများခြင်း၏ဂုဏ်ကို ဟောကြားတော်မူ၏"ဟု များစွာသော အကြောင်းတို့ဖြင့် ပြွမ်းသော အသုဘဘာဝနာ၌ အားထုတ်မှုကို အစဉ်ကြိုးစား အားထုတ်လျက် နေကြကုန်၏။ ထိုရဟန်းတို့သည် ဤခန္ဓာကိုယ်၌ ငြီးငွေ့ကုန် ရှက်နိုးကုန် စက်ဆုပ်ကုန်ရကား အသက်ကို ဆောင်တတ်သော ဓားလက်နက်ကို ရှာမှီးကုန်ပါ၏၊ ရဟန်းဆယ်ပါးတို့သည်လည်း တနေ့ခြင်းဖြင့် ဓားကို ဆောင်ကုန်၏၊ (ဓားဖြင့် သတ်သေကြကုန်၏) ရဟန်းနှစ်ဆယ်တို့သည်လည်း။ပ။ ရဟန်းသုံးဆယ်တို့သည်လည်း တနေ့ခြင်းဖြင့် ဓားကို ဆောင်ကြကုန်၏။ အသျှင်ဘုရား တောင်းပန်ပါ၏၊ မြတ်စွာဘုရားသည် (အသုဘကမ္မဋ္ဌာန်းမှ) တပါးသော တရားဒေသနာတော်ကို ဟောကြားတော်မူပါ၊ (ယင်းတရားဒေသနာတော်ကြောင့်) ဤရဟန်းအပေါင်းသည် အရဟတ္တဖိုလ်၌ တည်ရာပါ၏ ဟု(လျှောက်၏)။

အာနန္ဒာ သို့ဖြစ်လျှင် ဝေသာလီပြည်ကို အမှီပြု၍ နေကုန်သော ရဟန်းအားလုံးတို့ကို စည်းဝေးရာစရပ်၌ စုဝေးစေလော့ဟု မိန့်တော်မူ၏။ "အသျှင်ဘုရား ကောင်းပါပြီ"ဟု အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဝန်ခံလျှောက်ထား၍ ဝေသာလီပြည်ကို အမှီပြု၍ နေကုန်သော ရဟန်းအားလုံးတို့ကို စည်းဝေးရာစရပ်၌ စုဝေးစေပြီးလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍

http://www.dhammadownload.com



မြတ်စွာဘုရားအား "အသျှင်ဘုရား ရဟန်းအပေါင်းသည် စုဝေးနေကြပါပြီ၊ ယခုအခါ၌ ကြွရန်အချိန်ကို အသျှင်ဘုရား သိပါ၏၊ ကြွရန်မှာ အသျှင်ဘုရား၏ အလိုအတိုင်း ဖြစ်ပါ၏"ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် စည်းဝေးရာစရပ်သို့ ချဉ်းကပ်၍ ခင်းထားသောနေရာ၌ ထိုင်နေတော်မူပြီးသော် ရဟန်းတို့ကို ရဟန်းတို့ ဤအာနာပါနဿတိသမာဓိသည် ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် ငြိမ်လည်း ငြိမ်သက်၏၊မွန်လည်း မွန်မြတ်၏၊ ထပ်လောင်း (ဖြည့်စွက်စရာ)လည်း မလို၊ ချမ်းသာသော နေရာလည်းဖြစ်၏၊ ဖြစ်တိုင်း ဖြစ်တိုင်းသော အကုသိုလ်အယုတ်တရားတို့ကိုလည်း တခဏခြင်း ကွယ်ပျောက်ငြိမ်းအေးစေနိုင်၏။

ရဟန်းတို့ နွေလတို့၏ နောက်ဆုံးလ၌ အထက်သို့ လွင့်တက်သော မြူမှုန်ကို အခါမဲ့ သည်းထန်စွာ (ရွာသွန်းသော) မိုးကြီးသည် တခဏခြင်း ကွယ်ပျောက် ငြိမ်းအေးစေနိုင်သကဲ့သို့ ဤအတူပင် ရဟန်းတို့ အာနာပါနဿတိ သမာဓိသည် ပွါးများလေ့လာအပ်သည်ရှိသော် ငြိမ်လည်း ငြိမ်သက်၏၊ မွန်လည်း မွန်မြတ်၏၊ထပ်လောင်း (ဖြည့်စွက်စရာ)လည်း မလို၊ ချမ်းသာသောနေရာလည်းဖြစ်၏၊ ဖြစ်တိုင်းဖြစ်တိုင်းသော အကုသိုလ်အယုတ်တရားတို့ကိုလည်း တခဏခြင်း ကွယ်ပျောက်ငြိမ်းအေးစေနိုင်၏။ ရဟန်းတို့ အာနာပါနဿတိသမာဓိသည် အဘယ်သို့ ပွါးများလေ့လာအပ်သည်ရှိသော် ငြိမ်လည်း ငြိမ်သက် မွန်လည်း မွန်မြတ်သနည်း၊ ထပ်လောင်းဖြည့်စွက်စရာလည်း မလို ချမ်းသာသောနေရာလည်းဖြစ်၍ ဖြစ်တိုင်းဖြစ်တိုင်းသော အကုသိုလ်အယုတ်တရားတို့ကို တခဏခြင်း ကွယ်ပျောက်ငြိမ်းအေးစေနိုင်သနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် တောသို့သွားရောက်၍ဖြစ်စေ သစ်ပင်ရင်းသို့ သွားရောက်၍ဖြစ်စေ ဆိတ်ငြိမ်ရာသို့ သွားရောက်၍ဖြစ်စေ တင်ပလ္လင်ခွေပြီးလျှင် ကိုယ်ကိုဖြောင့်မတ်စွာ ထား၍ သတိကို(ကမ္မဋ္ဌာန်းသို့) ရှေးရှုဖြစ်စေလျက် ထိုင်နေ၏၊ ထိုရဟန်းသည် သတိရှိလျက်သာလျှင် ဝင်သက်လေကို ရှူ၏။ပ။ တဖန် စွန့်လွှတ်မှုကို အဖန်ဖန်ရှုလျက် "ထွက်သက်လေကို ထုတ်အံ့"ဟု အားထုတ်၍ ကျင့်၏၊တဖန်စွန့်လွှတ်မှုကို အဖန်ဖန်ရှုလျက် "ဝင်သက်လေကို ရှူအံ့"ဟု အားထုတ်၍ ကျင့်၏။ ရဟန်းတို့ ဤသို့ ပွါးများလေ့လာအပ်သော ဤအာနာပါနဿတိသမာဓိသည် ငြိမ်လည်း ငြိမ်သက်၏၊ မွန်လည်း မွန်မြတ်၏၊ ထပ်လောင်းဖြည့်စွက်စရာလည်း မလို၊ ချမ်းသာသော နေရာလည်းဖြစ်၏၊ ဖြစ်တိုင်းဖြစ်တိုင်းသော အကုသိုလ်အယုတ်တရားတို့ကိုလည်း တခဏခြင်းကွယ်ပျောက် ငြိမ်းအေးစေနိုင်၏ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-ကိမိလသုတ်

၉၈၆။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် ကိမိလမြို့ ဝါးတော၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် အသျှင်ကိမိလကို "ကိမိလ အာနာပါနဿတိသမာဓိကို အဘယ်သို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် အကျိုးကြီးသနည်း၊ အာနိသင်ကြီးသနည်း"ဟု မိန့်တော်မူ၏။

http://www.dhammadownload.com



ဤသို့ မိန့်တော်မူလတ်သော် အသျှင်ကိမိလသည် ဆိတ်ဆိတ်နေလေ၏။ နှစ်ကြိမ်မြောက်လည်း မြတ်စွာဘုရားသည်။ပ။ သုံးကြိမ်မြောက်လည်း မြတ်စွာဘုရားသည် အသျှင်ကိမိလကို "ကိမိလ အာနာပါနဿတိသမာဓိကို အဘယ်သို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် အကျိုးကြီးသနည်း အာနိသင်ကြီးသနည်း"ဟု မိန့်တော်မူ၏။ သုံးကြိမ်မြောက်လည်း အသျှင် ကိမိလသည် ဆိတ်ဆိတ်နေလေ၏။

ဤသို့ မိန့်တော်မူသည်ရှိသော် အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏"ဘုန်းတော်ကြီးသော မြတ်စွာဘုရား ဤအာနာပါနဿတိသမာဓိကို ဟောတော်မူရန် အချိန်တန်ပါပြီ၊ ကောင်းသောစကားကို မိန့်ဆိုတော်မူတတ်သော မြတ်စွာဘုရား ဤအာနာပါ နဿတိသမာဓိကို ဟောတော်မူရန် အချိန်တန်ပါပြီ၊ မြတ်စွာဘုရား၏ အထံမှ ကြားနာရ၍ ရဟန်းတို့သည် ဆောင်ထားရပါကုန်လတ္တံ့"ဟု လျှောက်၏။ အာနန္ဒာ သို့ဖြစ်လျှင် နာကြားလော့၊ ကောင်းစွာ နှလုံးသွင်းလော့၊ ဟောကြားအံ့ဟု မိန့်တော်မူ၏။ "အသျှင်ဘုရား ကောင်းပါပြီ"ဟု အသျှင်အာနန္ဒာသည် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထား၏၊ မြတ်စွာဘုရားသည် ဤတရားစကားကို ဟောတော်မူ၏—

အာနန္ဒာ အာနာပါနဿတိ သမာဓိကို အဘယ်သို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ် သည်ရှိသော် အကျိုးကြီးသနည်း၊ အာနိသင်ကြီးသနည်း၊ အာနန္ဒာ ဤသာသနာတော်၌ ရဟန်းသည် တောသို့ သွားရောက်၍ဖြစ်စေ သစ်ပင်ရင်းသို့ သွားရောက်၍ဖြစ်စေ ဆိတ်ငြိမ်ရာသို့ သွားရောက်၍ဖြစ်စေ တင်ပလ္လင်ခွေ၍ ကိုယ်ကို ဖြောင့်မတ်စွာထားပြီးလျှင် သတိကို (ကမ္မဋ္ဌာန်း သို့) ရှေးရှုဖြစ်စေလျက် ထိုင်နေ၏၊ ထိုရဟန်းသည် သတိရှိလျက်သာလျှင် ထွက်သက်လေကို ထုတ်၏၊ သတိရှိလျက်သာလျှင် ဝင်သက်လေကို ရှူ၏။ပ။ တဖန် စွန့်လွှတ်မှုကို အဖန်ဖန်ရှုလျက် "ထွက်သက်လေကို ထုတ်အံ့"ဟု အားထုတ်၍ကျင့်၏၊ တဖန် စွန့်လွှတ်မှုကို အဖန်ဖန်ရှုလျက် "ဝင်သက်လေကို ရှူအံ့"ဟု အားထုတ်၍ ကျင့်၏။ အာနန္ဒာ အာနာပါနဿတိသမာဓိကို ဤသို့ ပွါးများအပ် ကြိမ်ဖန်များစွာပြုလုပ်အပ်သည်ရှိသော် အကျိုးကြီး၏၊ အာနိသင်ကြီး၏။

အာနန္ဒာ အကြင်အခါ၌ ရဟန်းသည် ရှည်ရှည်ထွက်သက်လေကို ထုတ်လျှင်လည်း "ရှည်ရှည် ထွက်သက်လေကို ထုတ်၏" ထုသိ၏၊ ရှည်ရှည်ဝင်သက်လေကို ရှူလျှင်လည်း "ရှည်ရှည်ဝင်သက် လေကို ရှူ၏"ဟု သိ၏၊ တိုတိုထွက်သက်လေကို ထုတ်လျှင်လည်း "တိုတိုထွက်သက်လေကို ထုတ်၏" ဟု သိ၏၊ တိုတိုဝင်သက်လေကို ရှူလျှင်လည်း "တိုတိုဝင်သက်လေကို ရှူ၏"ဟု သိ၏။ "အစ အလယ်အဆုံး အလုံးစုံသော ထွက်သက်လေအပေါင်းကို ထင်ရှားသိလျက် ထွက်သက်လေ ကို ထုတ်မည်"ဟု အားထုတ်၍ ကျင့်၏၊ "အစ အလယ် အဆုံး အလုံးစုံသော ဝင်သက်လေ အပေါင်းကို ထင်ရှားသိလျက် ဝင်သက်လေကို ရှူမည်"ဟု အားထုတ်၍ ကျင့်၏၊ "ရုန့်ရင်းသော ထွက်သက်လေကို ငြိမ်းအေးစေလျက် ထွက်သက်လေကို ထုတ်မည်"ဟု အားထုတ်၍ ကျင့်၏၊ ရုန့်ရင်းသော ဝင်သက်လေကို ငြိမ်းအေးစေလျက် ဝင်သက်လေကို ရှူမည်"ဟု အားထုတ်၍ ကျင့်၏။အာနန္ဒာ ထိုအခါ၌ ရဟန်းသည် ပြင်းစွာ အားထုတ်သည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် ရုပ်အပေါင်း ၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလျက်နေ၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ အာနန္ဒာ ဤထွက်သက် ဝင်သက်ကို (ပထဝီစသော)ကာယတို့တွင် တပါး ပါဝင်သော (ဝါယော) ကာယ ဟု ငါဆို၏။ အာနန္ဒာ ထို့ကြောင့်ပင် ရဟန်းသည် ထိုအခါ၌ ပြင်းစွာအားထုတ်သည်ဖြစ်၍

http://www.dhammadownload.com



ဆင်ခြင်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလျက်နေ၏။ (၁)

အာနန္ဒာ အကြင်အခါ၌ ရဟန်းသည် "နှစ်သိမ့်ခြင်း 'ပီတိ' ကို ထင်ရှားသိသည်ဖြစ်၍ ထွက်သက်လေကို ထုတ်အံ့"ဟု အားထုတ်၍ ကျင့်၏၊ နှစ်သိမ့်ခြင်း 'ပီတိ'ကို ထင်ရှားသိသည်ဖြစ်၍ ဝင်သက်လေကို ရှူအံ့"ဟု အားထုတ်၍ ကျင့်၏၊ "ချမ်းသာခြင်း 'သုခ'ကို ထင်ရှားသိသည်ဖြစ်၍ ထွက်သက်လေကို ထုတ်အံ့"ဟု အားထုတ်၍ ကျင့်၏၊ "ချမ်းသာခြင်း 'သုခ'ကို ထင်ရှားသိသည်ဖြစ်၍ ဝင်သက်လေကို ရှူအံ့"ဟု အားထုတ်၍ ကျင့်၏။ "(ဝေဒနာသညာဟူသော) စိတ္တသင်္ခါရကို ထင်ရှားသိသည်ဖြစ်၍ ထွက်သက်လေကို ထုတ်အံ့"ဟု အားထုတ်၍ကျင့်၏၊ "(ဝေဒနာသညာဟူသော) စိတ္တသင်္ခါရကို ထင်ရှားသိသည်ဖြစ်၍ ဝင်သက်လေကို ရှူအံ့"ဟု အားထုတ်၍ ကျင့်၏။ "(ဝေဒနာသညာဟူသော) စိတ္တသင်္ခါရကို ငြိမ်းစေလျက် ထွက်သက်လေကို ထုတ်အံ့" ဟု အားထုတ်၍ ကျင့်၏၊ "(ဝေဒနာသညာဟူသော) စိတ္တသင်္ခါရကို ငြိမ်းစေလျက် ဝင်သက်လေကို ရှူအံ့"ဟု အားထုတ်၍ ကျင့်၏။အာနန္ဒာ ထိုအခါ၌ ရဟန်းသည် ပြင်းစွာအားထုတ်သည်ဖြစ်၍ ဆင်ခြင်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်၍ ဝေဒနာတို့၌ ဝေဒနာတို့ကို အကြိမ်ကြိမ်ရှုလျက် နေ၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ အာနန္ဒာ ဤထွက်သက် ဝင်သက်လေတို့ကို ကောင်းစွာနှလုံးသွင်းခြင်းကို ဝေဒနာတို့တွင် တပါး ပါဝင်သော ဝေဒနာဟု ငါဆို၏။ အာနန္ဒာ ထို့ကြောင့်ပင် ရဟန်းသည် ထိုအခါ၌ ပြင်းစွာအားထုတ်သည်ဖြစ်၍ ဆင်ခြင်ဉာဏ် ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် ဝေဒနာတို့၌ ဝေဒနာတို့ကို အကြိမ်ကြိမ်ရှုလျက် နေ၏။ (၂)

အာနန္ဒာ အကြင်အခါ၌ ရဟန်းသည် "စိတ်ကို ထင်ရှားသိသည်ဖြစ်၍ ထွက်သက်လေကို ထုတ်အံ့"ဟု အားထုတ်၍ ကျင့်၏၊ "စိတ်ကိုထင်ရှားသိသည်ဖြစ်၍ ဝင်သက်လေကို ရှူအံ့"ဟု အားထုတ်၍ ကျင့်၏၊ စိတ်ကို အလွန်ဝမ်းမြောက်စေလျက်။ပ။ စိတ်ကို ကောင်းစွာ တည်ကြည်စေလျက်။ "စိတ်ကို (နီဝရဏစသည်မှ) လွတ်မြောက်စေလျက် ထွက်သက်လေကို ထုတ်အံ့"ဟု အားထုတ်၍ ကျင့်၏၊ "စိတ်ကို (နီဝရဏစသည်မှ) လွတ်မြောက်စေလျက် ဝင်သက်လေကို ရှူအံ့"ဟု အားထုတ်၍ ကျင့်၏။ အာနန္ဒာ ထိုအခါ၌ ရဟန်းသည် ပြင်းစွာအားထုတ်သည်ဖြစ်၍ ဆင်ခြင်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်၍ စိတ်၌ စိတ်ကို အကြိမ်ကြိမ်ရှုလျက် နေ၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊အာနန္ဒာ သတိလွတ်သော ဆင်ခြင်ဉာဏ်မရှိသောသူအား အာနာပါနဿတိသမာဓိ ပွါးများခြင်းကို ငါမဆို၊ အာနန္ဒာ ထို့ကြောင့်ပင် ရဟန်းသည် ထိုအခါ၌ ပြင်းစွာအားထုတ်သည်ဖြစ်၍ ဆင်ခြင်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်၍ စိတ်၌ စိတ်ကို အကြိမ်ကြိမ် ရှုလျက်နေ၏။ (၃)

အာနန္ဒာ အကြင်အခါ၌ ရဟန်းသည် "မမြဲဟု အကြိမ်ကြိမ်ရှုလျက် ထွက်သက်လေကို ထုတ်အံ့"ဟု အားထုတ်၍ ကျင့်၏။ပ။ စွဲမက်ခြင်း ကင်းမှုကို အကြိမ်ကြိမ်ရှုလျက်။ ချုပ်မှုကို အကြိမ်ကြိမ်ရှုလျက်။ "တဖန်စွန့်လွှတ်မှုကို အကြိမ်ကြိမ်ရှုလျက် ထွက်သက်လေကို ထုတ်အံ့"ဟု အားထုတ်၍ ကျင့်၏၊ "တဖန်စွန့်လွှတ်မှုကို အကြိမ်ကြိမ်ရှုလျက် ဝင်သက်လေကို ရှူအံ့"ဟု အားထုတ်၍ ကျင့်၏။ အာနန္ဒာ ထိုအခါ၌ ရဟန်းသည် ပြင်းစွာအားထုတ်သည်ဖြစ်၍ ဆင်ခြင်ဉာဏ် ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်၍ သဘော

http://www.dhammadownload.com



တရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလျက် နေ၏၊ ထိုရဟန်းသည် အဘိဇ္ဈာဒေါမနဿတို့ကင်းပျောက်သည်ကို ပညာဖြင့်မြင်၍ ကောင်းစွာ လျစ်လျူရှု၏။ အာနန္ဒာ ထို့ကြောင့်ပင် ရဟန်းသည် ထိုအခါ၌ ပြင်းစွာ အားထုတ်သည်ဖြစ်၍ ဆင်ခြင်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်၍ သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလျက် နေ၏။ (၄)

အာနန္ဒာ လမ်းလေးခွ၌ရှိသော မြေမှုန့်ပုံကြီးကို အရှေ့အရပ်မှ လာသော လှည်းသည်ငှင်း ရထားသည်ငှင်း ဖျက်ဆီးသကဲ့သို့ အနောက်အရပ်မှလာသော။ မြောက်အရပ်မှ လာသော။ တောင်အရပ်မှလာသော လှည်းသည်ငှင်း ရထားသည်ငှင်း ဖျက်ဆီးသကဲ့သို့ အာနန္ဒာ ထို့အတူပင် ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုသည်ဖြစ်၍ နေသော်လည်း အကုသိုလ် အယုတ်တရားတို့ကို ဖျက်ဆီးနိုင်သည်သာတည်း။ ဝေဒနာတို့၌။ပ။ စိတ်၌။ပ။ သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုသည်ဖြစ်၍ နေသော်လည်း အကုသိုလ်အယုတ်တရားတို့ကို ဖျက်ဆီးနိုင်သည်သာတည်းဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

ရှေးဦးစွာသော ဝဂ်ပြီး၏။

---

## ၂-ဒုတိယဝဂ် ၁-ဣစ္ဆာနင်္ဂလသုတ်

၉၈၇။ အခါတပါး၌ မြတ်စွာဘုရားသည် ဣစ္ဆာနင်္ဂလရွာ ဣစ္ဆာနင်္ဂလတောအုပ်၌ (သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို—"ရဟန်းတို့ ငါသည် သုံးလပတ်လုံး (တပါးတည်း) ကိန်းအောင်းနေလို၏၊ ဆွမ်းပို့မည့် ရဟန်းမှတပါး ငါ၏ထံသို့ မည်သူမျှ မချဉ်းကပ်ရ"ဟု မိန့်တော်မူ၏၊ ထိုရဟန်းတို့သည် "ကောင်းပါပြီ အသျှင်ဘုရား"ဟု မြတ်စွာဘုရားအား ဝန်ခံ၍ မြတ်စွာဘုရားထံသို့ ဆွမ်းပို့သော ရဟန်းမှတပါး မည်သူမျှ မချဉ်းကပ်ကုန်။

ထို့နောက် မြတ်စွာဘုရားသည် ထိုသုံးလလွန်သဖြင့် (တပါးတည်း) ကိန်းအောင်းရာမှထတော်မူ၍ ရဟန်းတို့ကို မိန့်တော်မူ၏—ရဟန်းတို့ သာသနာ့ပြင်ပ အယူရှိကုန်သော ပရိဗိုဇ်တို့က "ငါ့သျှင်တို့ ရဟန်းဂေါတမသည် မိုးလပတ်လုံး အဘယ်နေခြင်းမျိုးဖြင့် အနေများသနည်း"ဟု အကယ်၍ မေးကုန်ငြားအံ့၊ရဟန်းတို့ ဤသို့အမေးခံရကုန်သော သင်တို့သည် သာသနာ့ပြင်ပ အယူရှိကုန်သော ပရိဗိုဇ်တို့အား "ငါ့သျှင်တို့ မြတ်စွာဘုရားသည် မိုးလပတ်လုံး အာနာပါနဿတိသမာဓိဖြင့် အနေများ၏"ဟု ဖြေကုန်ရာ၏။ ရဟန်းတို့ ဤသာသနာတော်၌ ငါသည် သတိရှိလျက် ထွက်သက်လေကို ထုတ်၏၊ သတိရှိလျက် ဝင်သက်လေကို ရှူ၏။ ရှည်ရှည်ထွက်သက်လေကို ထုတ်လျှင်လည်း "ရှည်ရှည်ထွက်သက်လေကိုထုတ်၏"ဟု သိ၏၊ ရှည်ရှည်ဝင်သက်လေကို ရှူလျှင်လည်း "ရှည်ရှည် ဝင်သက်လေကို ရှူ၏"ဟု သိ၏။ တိုတိုထွက်သက်လေကို ထုတ်လျှင်လည်း "တိုတို ထွက်သက်လေကို ထုတ်၏"ဟု သိ၏၊ တိုတို ဝင်သက်လေကို ရှူလျှင်လည်း "တိုတိုဝင်သက်လေကို ရှူ၏"ဟု သိ၏၊ "အစ အလယ် အဆုံး အလုံးစုံသော ထွက်သက်လေ အပေါင်းကို ထင်ရှားသိသည်ဖြစ်၍ ထွက်သက်လေကို ထုတ်အံ့"ဟု သိ၏။ပ။ "စွန့်လွှတ်မှုကို အဖန်တလဲလဲ ရှုလျက် ထွက်သက်လေကို ထုတ်အံ့"ဟု သိ၏၊ "စွန့်လွှတ်မှုကို အဖန်တလဲလဲရှုလျက် ဝင်သက်လေကို ရှူအံ့"ဟု သိ၏။

http://www.dhammadownload.com



ရဟန်းတို့ အကြင်နေခြင်းမျိုးကို ကောင်းစွာဆိုလိုသူသည် အရိယာတို့၏ နေခြင်းဟူ၍ရင်း မြတ်သော နေခြင်းဟူ၍ရင်း မြတ်စွာဘုရား၏ နေခြင်းဟူ၍ရင်း ဆိုရာ၏။ ထိုနေခြင်းမျိုးကို ကောင်းစွာဆိုလိုသူသည် အာနာပါနဿတိ သမာဓိကို အရိယာတို့၏ နေခြင်းဟူ၍ရင်း မြတ်သော နေခြင်းဟူ၍ရင်း မြတ်စွာဘုရား၏ နေခြင်းဟူ၍ရင်း ဆိုရာ၏။ ရဟန်းတို့ ကျင့်ဆဲ 'သေခ' ဖြစ်ကုန်သော အရဟတ္တဖိုလ်သို့ မရောက်သေးကုန်သော အတုမရှိသော ယောဂ၏ကုန်ရာ (နိဗ္ဗာန်)ကို တောင့်တ၍နေကုန်သော ရဟန်းတို့အား အာနာပါနဿတိသမာဓိကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် အာသဝ ကုန်ခြင်းငှါ ဖြစ်၏။ ရဟန်းတို့ ပူဇော်အထူးကို ခံထိုက်ကုန်သော အာသဝကုန်ပြီးကုန်သော (မဂ်အကျင့်ကို) ကျင့်သုံးပြီးကုန်သော မဂ်ကိစ္စကို ပြုပြီးကုန်သော ခန္ဓာဝန်ကို ချပြီးကုန်သော မိမိအကျိုး (အရဟတ္တဖိုလ်)သို့ ရောက်ပြီးကုန်သော ဘဝသံယောဇဉ် ကုန်ပြီးကုန်သော ကောင်းစွာသိ၍ လွတ်မြောက်ပြီးကုန်သော ရဟန်းတို့အား အာနာပါနဿတိ သမာဓိကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေခြင်းငှါလည်း အောက်မေ့မှု 'သတိ' ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'နှင့် ပြည့်စုံခြင်းငှါလည်း ဖြစ်၏။

ရဟန်းတို့ အကြင်နေခြင်းမျိုးကို ကောင်းစွာ ဆိုလိုသူသည် အရိယာတို့၏ နေခြင်းဟူ၍ရင်း မြတ်သောနေခြင်းဟူရင်း မြတ်စွာဘုရား၏ နေခြင်းဟူ၍ရင်း ဆိုရာ၏။ ထိုနေခြင်းမျိုးကို ကောင်းစွာဆိုလိုသူသည် အာနာပါနဿတိ သမာဓိကို အရိယာတို့၏နေခြင်းဟူ၍ရင်း မြတ်သောနေခြင်း ဟူ၍ရင်း မြတ်စွာဘုရား၏ နေခြင်းဟူ၍ရင်း ဆိုရာ၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

## ၂-ကင်္ခေယျသုတ်

၉၈၈။ အခါတပါး၌ အသျှင်လောမသကင်္ဘိယသည် သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံ ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ မဟာနာမ်သာကီဝင်မင်းသည် အသျှင်လောမသ ကင်္ဘိယထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေပြီးသော် အသျှင်လောမသကင်္ဘိယ အား ဤစကားကို လျှောက်၏—"အသျှင်ဘုရား ထိုသေက္ခပုဂ္ဂိုလ်တို့၏ နေခြင်းမျိုးသည်ပင် မြတ်စွာဘုရား၏ နေခြင်းမျိုးဖြစ်ပါသလော၊ သို့မဟုတ် သေက္ခပုဂ္ဂိုလ်တို့၏ နေခြင်းမျိုးသည် တခြားဖြစ်၍ မြတ်စွာဘုရား၏ နေခြင်းမျိုးသည် တခြားဖြစ်ပါသလော"ဟု လျှောက်၏။

ဒါယကာမဟာနာမ် ထိုသေက္ခပုဂ္ဂိုလ်တို့၏ နေခြင်းမျိုးသည် မြတ်စွာဘုရား၏ နေခြင်းမျိုး မဟုတ်သည်သာတည်း၊ ဒါယကာမဟာနာမ် သေက္ခပုဂ္ဂိုလ်တို့၏ နေခြင်းမျိုးသည် တခြားဖြစ်၍ မြတ်စွာဘုရား၏ နေခြင်းမျိုးသည် တခြားသာ ဖြစ်၏။ ဒါယကာမဟာနာမ် သေက္ခဖြစ်သော် အရဟတ္တဖိုလ်သို့ မရောက်သေးကုန်သော အတုမရှိသော ယောဂ၏ကုန်ရာ (နိဗ္ဗာန်)ကို တောင့်တ၍ နေကုန်သော ရဟန်းတို့သည် နီဝရဏငါးပါးတို့ကို ပယ်၍ နေကုန်၏၊ အဘယ်ငါးပါးတို့နည်း၊ ကာမစ္ဆန္ဒနီဝရဏကိုပယ်၍ နေကုန်၏။ ဗျာပါဒနီဝရဏကို။ပ။ ထိနမိဒ္ဓနီဝရဏကို။ ဥဒ္ဓစ္စကုက္ကုစ္စ နီဝရဏကို။ ဝိစိကိစ္ဆာနီဝရဏကို ပယ်၍ နေကုန်၏။

ဒါယကာမဟာနာမ် သေက္ခဖြစ်ကုန်သော အရဟတ္တဖိုလ်သို့ မရောက်သေးကုန်သော အတု မရှိသော ယောဂ၏ကုန်ရာ(နိဗ္ဗာန်)ကို တောင့်တ၍နေကုန်သော ရဟန်းတို့သည် ဤနီဝရဏငါးပါး တို့ကို ပယ်၍ နေကုန်၏။

http://www.dhammadownload.com



ဒါယကာမဟာနာမ် ပူဇော်အထူးကို ခံထိုက်ကုန်သော အာသဝကုန်ပြီးကုန်သော(မဂ်အကျင့်ကို)ကျင့်သုံးပြီးကုန်သော မဂ်ကိစ္စကို ပြုပြီးကုန်သော ခန္ဓာဝန်ကို ချပြီးကုန်သော မိမိအကျိုး (အရဟတ္တဖိုလ်)သို့ ရောက်ပြီးကုန်သော ဘဝသံယောဇဉ်ကုန်ပြီးကုန်သော ကောင်းစွာသိ၍ လွတ်မြောက်ပြီးကုန်သော ရဟန်းတို့သည် နီဝရဏငါးပါးတို့ကို ပယ်ပြီးဖြစ်ကုန်၏၊(အဝိဇ္ဇာတဏှာ) အမြစ်ရင်းကို အကြွင်းမဲ့ ဖြတ်ပြီးဖြစ်ကုန်၏၊ နုတ်ပြီးသောထန်းပင်ရာကဲ့သို့ ပြုပြီးဖြစ်ကုန်၏၊ နောင်တဖန် မဖြစ်ခြင်းကို ပြုပြီးဖြစ်ကုန်၏၊ နောင်အခါ ဖြစ်ခြင်းသဘောမရှိကုန်။ အဘယ်ငါးပါးတို့နည်း၊ ကာမစ္ဆန္ဒနီဝရဏကို ပယ်ပြီးဖြစ်၏၊ အမြစ်ရင်းကို အကြွင်းမဲ့ဖြတ်ပြီးဖြစ်၏၊ နုတ်ပြီးသောထန်းပင်ရာကဲ့သို့ ပြုပြီးဖြစ်၏၊ နောင်တဖန် မဖြစ်ခြင်းကို ပြုပြီးဖြစ်၏၊ နောင်အခါ ဖြစ်ခြင်းသဘောမရှိ၊ ဗျာပါဒနီဝရဏကို ပယ်ပြီးဖြစ်၏။ပ။ ထိနမိဒ္ဓနီဝရဏကို။ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏကို။ ဝိစိကိစ္ဆာနီဝရဏကို ပယ်ပြီးဖြစ်၏၊ အမြစ်ရင်းကို အကြွင်းမဲ့ဖြတ်ပြီးဖြစ်၏၊ နုတ်ပြီးသောထန်းပင်ရာကဲ့သို့ ပြုပြီးဖြစ်၏၊ နောင်တဖန် မဖြစ်ခြင်းကို ပြုပြီးဖြစ်၏၊ နောင်အခါ ဖြစ်ခြင်းသဘောမရှိ။

ဒါယကာမဟာနာမ် ပူဇော်အထူးကို ခံထိုက်ကုန်သော အာသဝကုန်ပြီးကုန်သော(မဂ်အကျင့်ကို) ကျင့်သုံးပြီးကုန်သော မဂ်ကိစ္စကို ပြုပြီးကုန်သော ခန္ဓာဝန်ကို ချပြီးကုန်သော မိမိအကျိုး (အရဟတ္တဖိုလ်) သို့ ရောက်ပြီးကုန်သော ဘဝသံယောဇဉ်ကုန်ပြီးကုန်သော ကောင်းစွာသိ၍ လွတ်မြောက်ပြီးကုန်သော ရဟန္တာတို့သည် ဤနီဝရဏငါးပါးတို့ကို ပယ်ပြီးဖြစ်ကုန်၏၊ အမြစ်ရင်းကို အကြွင်းမဲ့ဖြတ်ပြီးဖြစ်ကုန်၏၊ နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုပြီးဖြစ်ကုန်၏၊ နောင်တဖန် မဖြစ်ခြင်းကို ပြုပြီးဖြစ်ကုန်၏၊ နောင်အခါ ဖြစ်ခြင်းသဘော မရှိကုန်။ ဒါယကာမဟာနာမ် သေက္ခပုဂ္ဂိုလ်တို့၏ နေခြင်းမျိုးသည် တခြားဖြစ်၍ မြတ်စွာဘုရား၏ နေခြင်းမျိုးသည် တခြားသာတည်း၊ ထိုတခြားတပါးဖြစ်ပုံကို ဤအကြောင်းဖြင့်လည်း သိအပ်၏။

ဒါယကာမဟာနာမ် အခါတပါး၌ မြတ်စွာဘုရားသည် ဣစ္ဆာနင်္ဂလရွာ ဣစ္ဆာနင်္ဂလတောအုပ်၌ (သီတင်းသုံး)နေတော်မူ၏၊ ဒါယကာမဟာနာမ် ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို "ရဟန်းတို့ ငါသည် သုံးလပတ်လုံး တပါးတည်း ကိန်းအောင်းနေလို၏၊ ဆွမ်းပို့မည့် ရဟန်းမှတပါး ငါ့ထံသို့ မည်သူမျှမချဉ်းကပ်ရ"ဟု မိန့်တော်မူ၏။ "အသျှင်ဘုရား ကောင်းပါပြီ"ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ဝန်ခံလျှောက်ထားကြပြီးလျှင် ဆွမ်းပို့မည့် ရဟန်းမှတပါး မည်သူမျှ မြတ်စွာဘုရားထံသို့ မချဉ်းကပ်ကုန်။

ငါ့သျှင်တို့ ထို့နောက် မြတ်စွာဘုရားသည် ထိုသုံးလလွန်သဖြင့် တပါးတည်း ကိန်းအောင်းရာမှ ထတော်မူ၍ ရဟန်းတို့ကို မိန့်တော်မူ၏— ရဟန်းတို့ သာသနာ့ပြင်ပ အယူရှိကြကုန်သော ပရိဗိုဇ်တို့က "ငါ့သျှင်တို့ အဘယ်နေခြင်းမျိုးဖြင့် ရဟန်းဂေါတမသည် မိုးလပတ်လုံးအနေများသနည်း"ဟု ဤသို့ မေးလာကြကုန်မူ ဤသို့ အမေးခံရကုန်သော သင်တို့သည် သာသနာ့ပြင်ပ အယူရှိကုန်သော ပရိဗိုဇ်တို့အား "ငါ့သျှင်တို့ မြတ်စွာဘုရားသည် မိုးလပတ်လုံး အာနာပါနဿတိသမာဓိဖြင့် အနေများ၏"ဟု ဤသို့ ပြောကြားကုန်ရာ၏ဟု ဖြေကုန်ရာ၏၊ ရဟန်းတို့ ဤသာသနာတော်၌ ငါသည် သတိရှိလျက် ထွက်သက်လေကို ထုတ်၏၊သတိရှိလျက် ဝင်သက်လေကို ရှူ၏။ ရှည်ရှည်ထွက်သက်လေကို ထုတ်လျှင်လည်း "ရှည်ရှည် ထွက်သက်လေကိုထုတ်၏"ဟု သိ၏၊ ရှည်ရှည် ဝင်သက်လေကို ရှူလျှင်လည်း "ရှည်ရှည်ဝင်သက်လေကို ရှူ၏"ဟု သိ၏။ပ။ "တဖန် စွန့်လွှတ်မှုကို အဖန်တလဲလဲ ရှုလျက် ထွက်သက်လေကို ထုတ်အံ့"ဟု သိ၏၊ "တဖန်စွန့်လွှတ်မှုကို အဖန်တလဲလဲ ရှုလျက် ဝင်သက်လေကို ရှူအံ့"ဟု သိ၏။

http://www.dhammadownload.com



ရဟန်းတို့ အကြင်နေခြင်းမျိုးကို ကောင်းစွာဆိုလိုသူသည် အရိယာတို့၏ နေခြင်းဟူ၍ရင်း မြတ်သောနေခြင်းဟူ၍ရင်း မြတ်စွာဘုရား၏ နေခြင်းဟူ၍ရင်း ပြောဆိုရာ၏၊ ထိုနေခြင်းမျိုးကို ကောင်းစွာဆိုလိုသူသည် အာနာပါနဿတိသမာဓိကို အရိယာတို့၏ နေခြင်းဟူ၍ရင်း မြတ်သော နေခြင်းဟူ၍ရင်း မြတ်စွာဘုရား၏ နေခြင်းဟူ၍ရင်း ပြောဆိုရာ၏။

ရဟန်းတို့ သေက္ခဖြစ်ကုန်သော အရဟတ္တဖိုလ်သို့ မရောက်သေးကုန်သော အတုမရှိသော ယောဂ၏ကုန်ရာ(နိဗ္ဗာန်)ကို တောင့်တ၍နေကုန်သော ရဟန်းတို့အား အာနာပါနဿတိသမာဓိကို ပွါးများအပ် ကြိမ်ဖန်များစွာပြုလုပ်အပ်သည်ရှိသော် အာသဝကုန်ခြင်းငှါ ဖြစ်၏။

ရဟန်းတို့ ပူဇော်အထူးကို ခံထိုက်ကုန်သော အာသဝကုန်ပြီးကုန်သော (မဂ်အကျင့်ကို) ကျင့်သုံးပြီးကုန်သော မဂ်ကိစ္စကိုပြုပြီးကုန်သော ခန္ဓာဝန်ကို ချပြီးကုန်သော မိမိအကျိုး (အရဟတ္တဖိုလ်)သို့ ရောက်ပြီးကုန်သော ဘဝသံယောဇဉ် ကုန်ပြီးကုန်သော ကောင်းစွာသိ၍ လွတ်မြောက်ပြီးကုန်သော ရဟန်းတို့အား အာနာပါနဿတိသမာဓိကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် ယခုဘဝ၌ပင် ချမ်းသာစွာနေခြင်းငှါရင်း အောက်မေ့မှု 'သတိ' ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' နှင့် ပြည့်စုံခြင်းငှါရင်း ဖြစ်၏။

ရဟန်းတို့ အကြင်နေခြင်းမျိုးကို ကောင်းစွာ ဆိုလိုသူသည် အရိယာတို့၏ နေခြင်းဟူ၍ရင်း မြတ်သောနေခြင်းဟူ၍ရင်း မြတ်စွာဘုရား၏ နေခြင်းဟူ၍ရင်း ဆိုရာ၏၊ ထိုနေခြင်းမျိုးကို ကောင်းစွာ ဆိုလိုသူသည် အာနာပါနဿတိ သမာဓိကို အရိယာတို့၏ နေခြင်းဟူ၍ရင်း မြတ်သောနေခြင်းဟူ၍ရင်း မြတ်စွာဘုရား၏ နေခြင်းဟူ၍ရင်း ဆိုရာ၏။ ဒါယကာမဟာနာမ် သေက္ခပုဂ္ဂိုလ်တို့၏ နေခြင်းမျိုးသည် တခြားဖြစ်၍ မြတ်စွာဘုရား၏နေခြင်းမျိုးသည် တခြားသာတည်း၊ ထိုတခြားတပါးဖြစ်ပုံကို ဤအကြောင်းဖြင့်လည်း သိအပ်၏။ ဤသို့ မြတ်စွာဘုရား မိန့်တော်မူ၏ဟု (ဆို၏)။

ဒုတိယသုတ်။

---

## ၃-ပဌမ အာနန္ဒသုတ်

၉၇၉။ သာဝတ္ထိနိဒါန်း။ ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏— "အသျှင်ဘုရား တမျိုးတည်းသောတရားကို ပွါးများအပ် ကြိမ်ဖန်များစွာပြုလုပ်အပ်သည်ရှိသော် တရားလေးမျိုးတို့ကို ပြည့်စေ၏၊ တရားလေးမျိုးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာပြုလုပ်အပ်ကုန်သည်ရှိသော် တရားခုနစ်မျိုးတို့ကို ပြည့်စေကုန်၏၊ တရားခုနစ်မျိုးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် တရားနှစ်မျိုးတို့ကို ပြည့်စေကုန်၏၊ (ဤတရားမျိုးသည်) ရှိပါ၏လော"ဟု (လျှောက်၏)။

အာနန္ဒာ တမျိုးတည်းသော တရားကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် တရားလေးမျိုးတို့ကို ပြည့်စေ၏၊ တရားလေးမျိုးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် တရားခုနစ်မျိုးတို့ကို ပြည့်စေကုန်၏၊ တရားခုနစ်မျိုးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် တရားနှစ်မျိုးတို့ကို ပြည့်စေကုန်၏၊ (ဤတရားမျိုးသည်) ရှိသည်သာတည်း။

http://www.dhammadownload.com



အသျှင်ဘုရား အဘယ်တမျိုးတည်းသော တရားကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် တရားလေးမျိုးတို့ကို ပြည့်စေပါသနည်း၊ တရားလေးမျိုးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် တရားခုနစ်မျိုးတို့ကို ပြည့်စေပါကုန်သနည်း၊ တရားခုနစ်မျိုးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် တရားနှစ်မျိုးတို့ကို ပြည့်စေပါကုန်သနည်းဟု လျှောက်၏၊ အာနန္ဒာ အာနာပါနဿတိသမာဓိတည်းဟူသော တမျိုးတည်းသော တရားကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် သတိပဋ္ဌာန်လေးပါးတို့ကို ပြည့်စေ၏၊ သတိပဋ္ဌာန်လေးပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပြည့်စေကုန်၏၊ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် အသိဉာဏ် 'ဝိဇ္ဇာ' လွတ်မြောက်မှု 'ဝိမုတ္တိ' ကို ပြည့်စေကုန်၏။

အာနန္ဒာ အာနာပါနဿတိ သမာဓိကို အဘယ်သို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် သတိပဋ္ဌာန်လေးပါးတို့ကို ပြည့်စေသနည်း။ အာနန္ဒာ ဤသာသနာတော်၌ ရဟန်းသည် တောသို့သွားရောက်၍ဖြစ်စေ သစ်ပင်ရင်းသို့ သွားရောက်၍ဖြစ်စေ ဆိတ်ငြိမ်ရာသို့ သွားရောက်၍ဖြစ်စေ တင်ပလ္လင်ခွေပြီးလျှင် ကိုယ်ကိုဖြောင့်မတ်စွာထားလျက် သတိကို ကမ္မဋ္ဌာန်းသို့ရှေးရှုဖြစ်စေ၍ ထိုင်နေ၏။ထိုရဟန်းသည် သတိရှိလျက် ထွက်သက်လေကို ထုတ်၏၊သတိရှိလျက် ဝင်သက်လေကို ရှူ၏။ ရှည်ရှည်ထွက်သက်လေကို ထုတ်လျှင်လည်း "ရှည်ရှည်ထွက်သက်လေကို ထုတ်၏"ဟု သိ၏၊ ရှည်ရှည်ဝင်သက်လေကို ရှူလျှင်လည်း "ရှည်ရှည်ဝင်သက်လေကို ရှူ၏"ဟု သိ၏။ပ။ "တဖန်စွန့်လွှတ်မှုကို အဖန်တလဲလဲရှုလျက် ထွက်သက်လေကို ထုတ်အံ့"ဟု အားထုတ်၍ ကျင့်၏၊ "တဖန်စွန့်လွှတ်မှုကို အဖန်တလဲလဲရှုလျက် ဝင်သက်လေကို ရှူအံ့"ဟု အားထုတ်၍ ကျင့်၏။ အာနန္ဒာ အကြင်အခါ၌ ရဟန်းသည် ရှည်ရှည် ထွက်သက်လေကို ထုတ်လျှင်လည်း "ရှည်ရှည်ထွက်သက်လေကို ထုတ်၏"ဟု သိ၏၊ ရှည်ရှည်ဝင်သက်လေကို ရှူလျှင်လည်း "ရှည်ရှည်ဝင်သက်လေကို ရှူ၏"ဟု သိ၏။ တိုတို။ပ။ "ရှုန့်ရင်းသော ထွက်သက်လေကို ငြိမ်းစေလျက် ထွက်သက်လေကို ထုတ်အံ့"ဟု အားထုတ်၍ ကျင့်၏၊"ရှုန့်ရင်းသော ဝင်သက်လေကို ငြိမ်းစေလျက် ဝင်သက်လေကို ရှူအံ့"ဟု အားထုတ်၍ ကျင့်၏။ အာနန္ဒာ ထိုအခါ၌ ရဟန်းသည် ပြင်းစွာ အားထုတ်သည်ဖြစ်၍ ဆင်ခြင်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်၍ ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလျက် နေ၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ အာနန္ဒာ ဤ ထွက်သက်လေ ဝင်သက်လေကို(ပထဝီစသော)ကာယတို့တွင် တပါး ပါဝင်သော (ဝါယောကာယ)ဟုငါဆို၏။ အာနန္ဒာ ထို့ကြောင့်ပင် ရဟန်းသည် ထိုအခါ၌ ပြင်းစွာအားထုတ်သည်ဖြစ်၍ ဆင်ခြင်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်၍ ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလျက် နေ၏။ (၁)

အာနန္ဒာ အကြင်အခါ၌ ရဟန်းသည်"နှစ်သိမ့်ခြင်း'ပီတိ'ကို ထင်ရှားသိသည်ဖြစ်၍ ထွက်သက်လေကို ထုတ်အံ့"ဟု အားထုတ်၍ ကျင့်၏၊ "နှစ်သိမ့်ခြင်း 'ပီတိ'ကို ထင်ရှားသိသည်ဖြစ်၍ ဝင်သက်လေကို ရှူအံ့" ဟု အားထုတ်၍ ကျင့်၏။ ချမ်းသာခြင်း'သုခ'ကို ထင်ရှားသိသည် ဖြစ်၍။ပ။ (ဝေဒနာသညာ ဟူသော) စိတ္တသင်္ခါရကို ထင်ရှားသိသည်ဖြစ်၍။ပ။ (ဝေဒနာသညာဟူသော) စိတ္တသင်္ခါရကို ငြိမ်းစေလျက် ထွက်သက်လေကို ထုတ်အံ့ဟု အားထုတ်၍ ကျင့်၏၊(ဝေဒနာသညာဟူသော)စိတ္တသင်္ခါရကို ငြိမ်းစေလျက် ဝင်သက်လေကို ရှူအံ့ဟု အားထုတ်၍ ကျင့်၏။ အာနန္ဒာ ထိုအခါ၌ ရဟန်းသည် ပြင်းစွာအားထုတ်သည်ဖြစ်၍ ဆင်ခြင်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍

http://www.dhammadownload.com



လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် ဝေဒနာတို့၌ ဝေဒနာတို့ကို အကြိမ်ကြိမ် ရှုလျက် နေ၏။ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ အာနန္ဒာ ဤထွက်သက်လေ ဝင်သက်လေတို့ကို ကောင်းစွာနှလုံးသွင်းခြင်းကို ဝေဒနာတို့တွင် ဝေဒနာတပါးဟု ငါဆို၏။ အာနန္ဒာ ထို့ကြောင့်ပင် ရဟန်းသည် ထိုအခါ၌ ပြင်းစွာအားထုတ်သည်ဖြစ်၍ ဆင်ခြင်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်၍ ဝေဒနာတို့၌ ဝေဒနာတို့ကို အကြိမ်ကြိမ်ရှုလျက် နေ၏။ (၂)

အာနန္ဒာ အကြင်အခါ၌ ရဟန်းသည် "စိတ်ကို ထင်ရှားသိသည်ဖြစ်၍ ထွက်သက်လေကို ထုတ်အံ့"ဟု အားထုတ်၍ ကျင့်၏၊ "စိတ်ကို ထင်ရှားသိသည်ဖြစ်၍ ဝင်သက်လေကို ရှူအံ့"ဟု အားထုတ်၍ ကျင့်၏။ စိတ်ကို အလွန်ဝမ်းမြောက်စေလျက်။ပ။ စိတ်ကို ကောင်းစွာတည်ကြည်စေလျက်။ပ။စိတ်ကို နီဝရဏ စသည်မှ လွတ်မြောက်စေလျက် ထွက်သက်လေကို ထုတ်အံ့ဟု အားထုတ်၍ ကျင့်၏၊ စိတ်ကို နီဝရဏစသည်မှ လွတ်မြောက်စေလျက် ဝင်သက်လေကို ရှူအံ့ဟု အားထုတ်၍ ကျင့်၏။ အာနန္ဒာ ထိုအခါ၌ ရဟန်းသည် ပြင်းစွာအားထုတ်သည်ဖြစ်၍ ဆင်ခြင်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်၍ စိတ်၌ စိတ်ကို အကြိမ်ကြိမ်ရှုလျက် နေ၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ အာနန္ဒာ သတိလွတ်သော ဆင်ခြင်ဉာဏ် မရှိသောသူအား အာနာပါနဿတိ သမာဓိပွါးများခြင်းကို ငါမဆို။ အာနန္ဒာ ထို့ကြောင့်ပင် ရဟန်းသည် ထိုအခါ၌ ပြင်းစွာအားထုတ်သည်ဖြစ်၍ ဆင်ခြင်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်၍ စိတ်၌ စိတ်ကို အကြိမ်ကြိမ် ရှုလျက် နေ၏။ (၃)

အာနန္ဒာ အကြင်အခါ၌ ရဟန်းသည် မမြဲဟု အကြိမ်ကြိမ်ရှုလျက်။ပ။ စွဲမက်မှု ကင်းခြင်းကို အကြိမ်ကြိမ်ရှုလျက်။ချုပ်မှုကို အကြိမ်ကြိမ်ရှုလျက်။စွန့်လွှတ်မှုကို အကြိမ်ကြိမ်ရှုလျက်။ထွက်သက်လေကို ထုတ်အံ့ဟု အားထုတ်၍ကျင့်၏၊စွန့်လွှတ်မှုကို အကြိမ်ကြိမ်ရှုလျက် ဝင်သက်လေကို ရှူအံ့ဟု အားထုတ်၍ကျင့်၏။အာနန္ဒာ ထိုအခါ၌ ရဟန်းသည် ပြင်းစွာ အားထုတ်သည်ဖြစ်၍ ဆင်ခြင်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်၍ သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလျက် နေ၏၊ ထိုရဟန်းသည် အဘိဇ္ဈာဒေါမနဿတို့ ကင်းပျောက်သည်ကို ပညာဖြင့် မြင်၍ ကောင်းစွာ လျစ်လျူရှု၏။ အာနန္ဒာ ထို့ကြောင့်ပင် ရဟန်းသည် ထိုအခါ၌ ပြင်းစွာ အားထုတ်သည်ဖြစ်၍ ဆင်ခြင်ဉာဏ် ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်၍ သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလျက် နေ၏။ (၄)

အာနန္ဒာ အာနာပါနဿတိသမာဓိကို ဤသို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် သတိပဋ္ဌာန်လေးပါးတို့ကို ပြည့်စေ၏။

အာနန္ဒာ သတိပဋ္ဌာန်လေးပါးတို့ကို အဘယ်သို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် ဗောဇ္ဈင် ခုနစ်ပါးတို့ကို ပြည့်စေကုန်သနည်း။အာနန္ဒာ အကြင်အခါ၌ ရဟန်းသည် ထင်သော သတိရှိသည်ဖြစ်၍ ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှု၍ နေ၏၊ အာနန္ဒာ ထိုအခါ၌ ရဟန်းအား သတိမလွတ်၊ အာနန္ဒာ ရဟန်းအား ထင်သော သတိရှိသည်ဖြစ်၍ သတိမလွတ်သောအခါ၌ ရဟန်းအား သတိသမ္ဗောဇ္ဈင်သည် ပြည့်စုံ၏။ အာနန္ဒာ ထိုအခါ၌ ရဟန်းသည်

http://www.dhammadownload.com



သတိသမ္ဗောဇ္ဈင်ကို ပွါးများ၏၊ ထိုအခါ၌ သတိသမ္ဗောဇ္ဈင်သည် ရဟန်းအား ပွါးများပြည့်စုံခြင်းသို့ ရောက်၏။ (၁)

ထိုရဟန်းသည် ထိုသို့ သတိရှိသည်ဖြစ်၍ နေလတ်သော် ထိုတရားကို ပညာဖြင့် စိစစ်၏၊ လှည့်လည် ကျက်စား၏၊ အထပ်ထပ် ဆင်ခြင်ခြင်းသို့ ရောက်၏၊ အာနန္ဒာ အကြင် အခါ၌ ရဟန်းသည် ထိုသို့ သတိရှိသည်ဖြစ်၍ နေလတ်သော် ထိုတရားကို ပညာဖြင့် စိစစ်၏၊ လှည့်လည် ကျက်စား၏၊ အထပ်ထပ် ဆင်ခြင်ခြင်းသို့ ရောက်၏၊ ထိုအခါ၌ ရဟန်းအား ဓမ္မဝိစယသမ္ဗောဇ္ဈင်သည် ပြည့်စုံ၏။ (၂)

အာနန္ဒာ ရဟန်းသည် ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ပွါးများ၏၊ ထိုအခါ၌ ဓမ္မဝိစယ သမ္ဗောဇ္ဈင်သည် ရဟန်းအား ပွါးများ ပြည့်စုံခြင်းသို့ ရောက်၏။ ထိုတရားကို ပညာဖြင့် စိစစ်သော လှည့်လည်ကျက်စားသော အထပ်ထပ် ဆင်ခြင်ခြင်းသို့ရောက်သော ထို ရဟန်းအား မတွန့်မဆုတ် ကြိုးစားအားထုတ်မှု 'ဝီရိယ' သည် ဖြစ်၏။ အာနန္ဒာ အကြင်အခါ၌ ထိုတရားကို ပညာဖြင့် စိစစ်သော လှည့်လည်ကျက်စားသော အထပ်ထပ် ဆင်ခြင်ခြင်းသို့ ရောက်သော ရဟန်းအား မတွန့် မဆုတ် ကြိုးစားအားထုတ်မှု'ဝီရိယ'သည် ဖြစ်၏၊ ထိုအခါ ရဟန်းအား ဝီရိယသမ္ဗောဇ္ဈင်သည် ပြည့်စုံ၏။ ထိုအခါ ရဟန်းသည် ဝီရိယသမ္ဗောဇ္ဈင်ကို ပွါးများ၏၊ ထိုအခါ ဝီရိယသမ္ဗောဇ္ဈင်သည် ရဟန်းအား ပွါးများပြည့်စုံခြင်းသို့ ရောက်၏။ (၃)

ကြိုးစားအားထုတ်မှု 'ဝီရိယ' ရှိသော ရဟန်းအား (ကိလေသာဟူသော) အာမိသကင်းသော နှစ်သိမ့်ခြင်း'ပီတိ'သည် ဖြစ်၏။ အာနန္ဒာ ကြိုးစားအားထုတ်မှု' ဝီရိယ'ရှိသော ရဟန်းအား (ကိလေသာဟူသော)အာမိသကင်းသော နှစ်သိမ့်ခြင်း 'ပီတိ'ဖြစ်သောအခါ ပီတိသမ္ဗောဇ္ဈင်သည် ရဟန်းအား ပြည့်စုံ၏။ ထိုအခါ ရဟန်းသည် ပီတိသမ္ဗောဇ္ဈင်ကို ပွါးများ၏၊ ထိုအခါ ရဟန်းအား ပီတိသမ္ဗောဇ္ဈင်သည် ပွါးများပြည့်စုံခြင်းသို့ ရောက်၏။ (၄)

နှစ်သိမ့်သော စိတ်ရှိသော ရဟန်းအား ကိုယ်သည်လည်း ငြိမ်းအေး၏၊ စိတ်သည်လည်း ငြိမ်းအေး၏။ အာနန္ဒာ အကြင်အခါ၌ နှစ်သိမ့်သော စိတ်ရှိသော ရဟန်းအား ကိုယ်သည်လည်း ငြိမ်းအေး၏၊ စိတ်သည်လည်း ငြိမ်းအေး၏၊ ထိုအခါ ပဿဒ္ဓိသမ္ဗောဇ္ဈင်သည် ရဟန်းအား ပြည့်စုံ၏၊ ထိုအခါ ရဟန်းသည် ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ပွါးများ၏၊ ထိုအခါ ရဟန်းအား ပဿဒ္ဓိသမ္ဗောဇ္ဈင်သည် ပွါးများပြည့်စုံခြင်းသို့ ရောက်၏။ (၅)

ငြိမ်းအေးသော ကိုယ်ရှိသော ချမ်းသာသော ရဟန်း၏ စိတ်သည် တည်ကြည်၏။ အာနန္ဒာ ငြိမ်းအေးသော ကိုယ်ရှိသော ချမ်းသာသော ရဟန်း၏စိတ်သည် တည်ကြည်သောအခါ သမာဓိသမ္ဗောဇ္ဈင်သည် ရဟန်းအား ပြည့်စုံ၏။ ထိုအခါ ရဟန်းသည် သမာဓိသမ္ဗောဇ္ဈင်ကို ပွါးများ၏၊ ထိုအခါ ရဟန်းအား သမာဓိသမ္ဗောဇ္ဈင်သည် ပွါးများပြည့်စုံခြင်းသို့ ရောက်၏။ (၆)

ထိုရဟန်းသည် ထိုသို့တည်ကြည်သော စိတ်ကို ကောင်းစွာ အညီအမျှ ရှု၏။အာနန္ဒာ ရဟန်းသည် ထိုသို့တည်ကြည်သော စိတ်ကို ကောင်းစွာ အညီအမျှ ရှုသောအခါ ဥပေက္ခာသမ္ဗောဇ္ဈင်သည် ရဟန်းအား ပြည့်စုံ၏။ အာနန္ဒာ ထိုအခါ ရဟန်းသည် ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများ၏၊ ထိုအခါ ရဟန်းအား ဥပေက္ခာသမ္ဗောဇ္ဈင်သည် ပွါးများပြည့်စုံခြင်းသို့ ရောက်၏။ (၇)

အာနန္ဒာ အကြင်အခါ၌ ရဟန်းသည် ထင်သော သတိရှိသည်ဖြစ်၍ ဝေဒနာတို့၌။ပ။စိတ်၌။ပ။ သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလျက် နေ၏၊ ထိုအခါ ရဟန်းအား သတိ

http://www.dhammadownload.com



မလွတ်။ အာနန္ဒာ ရဟန်းအား ထင်သော သတိရှိသည် ဖြစ်၍ သတိ မလွတ်သောအခါ သတိသမ္ဗောဇ္ဈင်သည် ရဟန်းအား ပြည့်စုံ၏။ ထိုအခါ ရဟန်းသည် သတိသမ္ဗောဇ္ဈင်ကို ပွါးများ၏၊ ထိုအခါ ရဟန်းအား သတိသမ္ဗောဇ္ဈင်သည် ပွါးများပြည့်စုံခြင်းသို့ ရောက်၏။ [ပဌမသတိပဋ္ဌာန်နည်းတူ ချဲ့အပ်၏]။

ထို ရဟန်းသည် ထိုသို့ တည်ကြည်သော စိတ်ကို ကောင်းစွာ အညီအမျှ ရှု၏။ အာနန္ဒာ ရဟန်းသည် ထိုသို့ တည်ကြည်သော စိတ်ကို ကောင်းစွာ အညီအမျှ ရှုသောအခါ ဥပေက္ခာသမ္ဗောဇ္ဈင်သည် ရဟန်းအား ပြည့်စုံ၏။ ထိုအခါ ရဟန်းသည် ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများ၏၊ ထိုအခါ ရဟန်းအား ဥပေက္ခာသမ္ဗောဇ္ဈင်သည် ပွါးများပြည့်စုံခြင်းသို့ ရောက်၏။ အာနန္ဒာ သတိပဋ္ဌာန်လေးပါးတို့ကို ဤသို့ ပွါးများအပ် ဤသို့ ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပြည့်စေကုန်၏။

အာနန္ဒာ ဗောဇ္ဈင်ခုနစ်ပါးတို့ကို အဘယ်သို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် အသိဉာဏ် 'ဝိဇ္ဇာ'နှင့် လွတ်မြောက်မှု 'ဝိမုတ္တိ'ကို ပြည့်စေကုန်သနည်း။ အာနန္ဒာ ဤသာသနာတော်၌ ရဟန်းသည် (ကိလေသာမှ) ဆိတ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ'ကင်းခြင်းကို မှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ ညွတ်သော သတိသမ္ဗောဇ္ဈင်ကို ပွါးများ၏၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ပွါးများ၏။ပ။ (ကိလေသာမှ) ဆိတ်ခြင်းကို မှီသော စွဲမက်မှု 'ရာဂ' ကင်းခြင်းကို မှီသော ချုပ်ခြင်းကို မှီသော နိဗ္ဗာန်သို့ ညွတ်သော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများ၏။ အာနန္ဒာ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ဤသို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် အသိဉာဏ်'ဝိဇ္ဇာ'နှင့် လွတ်မြောက်မှု 'ဝိမုတ္တိ'ကို ပြည့်စေကုန်၏ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-ဒုတိယ အာနန္ဒသုတ်

၉၉၀။ ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသော နေရာ၌ ထိုင်နေ၏၊ တခုသော နေရာ၌ ထိုင်နေသော အသျှင်အာနန္ဒာအား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—"အာနန္ဒာ တမျိုးတည်းသော တရားကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် တရားလေးမျိုးတို့ကို ပြည့်စေ၏၊ တရားလေးမျိုးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် တရားခုနစ်မျိုးတို့ကို ပြည့်စေကုန်၏၊ တရားခုနစ်မျိုးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် တရားနှစ်မျိုးတို့ကို ပြည့်စေကုန်၏၊ (ဤတရားမျိုးသည်) ရှိသလော"ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား တပည့်တော်တို့အား တရားတော်တို့သည် မြတ်စွာဘုရားလျှင် အရင်းအမြစ် ရှိပါကုန်၏။ပ။ အာနန္ဒာ တမျိုးတည်းသော တရားကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် တရားလေးမျိုးတို့ကို ပြည့်စေ၏၊ တရားလေးမျိုးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် တရားခုနစ်မျိုးတို့ကို ပြည့်စေကုန်၏၊ တရားခုနစ်မျိုးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် တရားနှစ်မျိုးတို့ကို ပြည့်စေကုန်၏၊ (ဤတရားမျိုးသည်) ရှိသည်သာတည်း။

http://www.dhammadownload.com



အာနန္ဒာ အဘယ်တမျိုးတည်းသော တရားကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် တရားလေးမျိုးတို့ကို ပြည့်စေသနည်း၊ တရားလေးမျိုးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် တရားခုနစ်မျိုးတို့ကို ပြည့်စေကုန်သနည်း၊ တရားခုနစ်မျိုးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် တရားနှစ်မျိုးတို့ကို ပြည့်စေကုန်သနည်း။ အာနန္ဒာ အာနာပါနဿတိသမာဓိတည်းဟူသော တမျိုးတည်းသောတရားကိုပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် သတိပဋ္ဌာန်လေးပါးတို့ကို ပြည့်စေ၏၊ သတိပဋ္ဌာန်လေးပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပြည့်စေကုန်၏၊ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် အသိဉာဏ် 'ဝိဇ္ဇာ'နှင့် လွတ်မြောက်မှု'ဝိမုတ္တိ' ကို ပြည့်စေကုန်၏။ အာနန္ဒာ အာနာပါနဿတိသမာဓိကို အဘယ်သို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် သတိပဋ္ဌာန်လေးပါးတို့ကို ပြည့်စေသနည်း။ အာနန္ဒာ ဤသာသနာတော်၌ ရဟန်းသည် တောသို့သွားရောက်၍ ဖြစ်စေ။ပ။ အာနန္ဒာ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ဤသို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် အသိဉာဏ် 'ဝိဇ္ဇာ'နှင့် လွတ်မြောက်မှု'ဝိမုတ္တိ'ကို ပြည့်စေကုန်၏ ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-ပဌမ ဘိက္ခုသုတ်

၉၉၁။ ထိုအခါ များစွာကုန်သော ရဟန်းတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကုန်၍ မြတ်စွာဘုရားကို ရှိခိုးကုန်လျက် တခုသော နေရာ၌ ထိုင်နေကုန်ပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်ကုန်၏—"အသျှင်ဘုရား တမျိုးတည်းသော တရားကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် တရားလေးမျိုးတို့ကို ပြည့်စေ၏၊ တရားလေးမျိုးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် တရားခုနစ်မျိုးတို့ကို ပြည့်စေကုန်၏၊ တရားခုနစ်မျိုးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် တရားနှစ်မျိုးတို့ကို ပြည့်စေကုန်၏၊ (ဤတရားမျိုးသည်) ရှိပါသလော"ဟု (လျှောက်ကုန်၏)။ ရဟန်းတို့ တမျိုးတည်းသော တရားကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် တရားလေးမျိုးတို့ကို ပြည့်စေ၏၊ တရားလေးမျိုးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် တရားခုနစ်မျိုးတို့ကို ပြည့်စေကုန်၏၊ တရားခုနစ်မျိုးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် တရားနှစ်မျိုးတို့ကို ပြည့်စေကုန်၏၊ (ဤတရားမျိုးသည်) ရှိသည်သာတည်း ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား အဘယ်တမျိုးတည်းသော တရားကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် တရားလေးမျိုးတို့ကို ပြည့်စေပါသနည်း၊ တရားလေးမျိုးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် တရားခုနစ်မျိုးတို့ကို ပြည့်စေပါကုန်သနည်း၊ တရားခုနစ်မျိုးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် တရားနှစ်မျိုးတို့ကို ပြည့်စေပါကုန်သနည်းဟု လျှောက်ကုန်၏။ရဟန်းတို့ အာနာပါနဿတိ သမာဓိဟူသော တမျိုးတည်းသောတရားကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် သတိပဋ္ဌာန်လေးပါးတို့ကို ပြည့်စေ၏၊ သတိပဋ္ဌာန်လေးပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် ဗောဇ္ဈင်ခုနစ်

http://www.dhammadownload.com



ပါးတို့ကို ပြည့်စေကုန်၏၊ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည် ရှိသော် အသိဉာဏ်'ဝိဇ္ဇာ'နှင့် လွတ်မြောက်မှု 'ဝိမုတ္တိ'ကို ပြည့်စေကုန်၏။

ရဟန်းတို့ အာနာပါနဿတိသမာဓိကို အဘယ်သို့ ပွါးများအပ် ကြိမ်ဖန်များစွာပြုလုပ် အပ်သည်ရှိသော် သတိပဋ္ဌာန်လေးပါးတို့ကို ပြည့်စေသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် တောသို့သွားရောက်၍ ဖြစ်စေ။ပ။ ရဟန်းတို့ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ဤသို့ ပွါးများ အပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် အသိဉာဏ်'ဝိဇ္ဇာ'နှင့် လွတ်မြောက်မှု'ဝိမုတ္တိ'ကို ပြည့်စေကုန်၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

## ၆-ဒုတိယ ဘိက္ခုသုတ်

၉၉၂။ ထိုအခါ များစွာကုန်သော ရဟန်းတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကုန်၍ မြတ်စွာ ဘုရားကို ရှိခိုးကုန်လျက် တခုသောနေရာ၌ ထိုင်နေကုန်၏၊ တခုသောနေရာ၌ ထိုင်နေကုန်သော ထိုရဟန်းတို့အား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—"ရဟန်းတို့ တမျိုးတည်းသော တရားကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် တရားလေးမျိုးတို့ကို ပြည့်စေ၏၊ တရားလေးမျိုးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာပြုလုပ်အပ်ကုန်သည်ရှိသော် တရားခုနစ်မျိုးတို့ကို ပြည့်စေကုန်၏၊ တရားခုနစ်မျိုးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် တရားနှစ်မျိုးတို့ကို ပြည့်စေကုန်၏၊ (ဤတရားမျိုးသည်) ရှိသလော"ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား တပည့်တော်တို့အား တရားတော်တို့သည် မြတ်စွာဘုရားလျှင် အရင်းအမြစ်ရှိပါကုန် ၏။ပ။ မြတ်စွာဘုရားထံမှ ကြားနာရကုန်သည်ရှိသော် ရဟန်းတို့သည် ဆောင်ထားရပါကုန်လတ္တံ့ ဟု (လျှောက်ကုန်၏)။ ရဟန်းတို့ တမျိုးတည်းသော တရားကို ပွါးများအပ်ကြိမ်ဖန်များစွာပြုလုပ် အပ်သည်ရှိသော် တရားလေးမျိုးတို့ကို ပြည့်စေ၏၊ တရားလေးမျိုးတို့ကို ပွါးများအပ် ကြိမ်ဖန် များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် တရားခုနစ်မျိုးတို့ကို ပြည့်စေကုန်၏၊ တရားခုနစ်မျိုးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် တရားနှစ်မျိုးတို့ကို ပြည့်စေကုန်၏၊ (ဤတရားမျိုးသည်) ရှိသည်သာတည်း။

ရဟန်းတို့ အဘယ်တမျိုးတည်းသော တရားကို ပွါးများအပ် ကြိမ်ဖန်များစွာပြုလုပ်အပ် သည်ရှိသော် တရားလေးမျိုးတို့ကို ပြည့်စေသနည်း၊ တရားလေးမျိုးတို့ကို ပွါးများအပ် ကြိမ်ဖန် များစွာပြုလုပ်အပ်ကုန်သည်ရှိသော် တရားခုနစ်မျိုးတို့ကို ပြည့်စေကုန်သနည်း၊ တရားခုနစ်မျိုးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် တရားနှစ်မျိုးတို့ကို ပြည့်စေကုန်သနည်း။ ရဟန်းတို့ အာနာပါနဿတိသမာဓိဟူသော တမျိုးတည်းသောတရားကို ပွါးများအပ် ကြိမ်ဖန် များစွာပြုလုပ်အပ်သည်ရှိသော် သတိပဋ္ဌာန်လေးပါးတို့ကို ပြည့်စေကုန်၏၊သတိပဋ္ဌာန်လေးပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပြည့်စေကုန်၏၊ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် အသိဉာဏ် 'ဝိဇ္ဇာ'နှင့် လွတ်မြောက်မှု 'ဝိမုတ္တိ'ကို ပြည့်စေကုန်၏။

http://www.dhammadownload.com



ရဟန်းတို့ အာနာပါနဿတိ သမာဓိကို အဘယ်သို့ပွါးများအပ် ကြိမ်ဖန်များစွာပြုလုပ်အပ်သည် ရှိသော် သတိပဋ္ဌာန်လေးပါးတို့ကို ပြည့်စေသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် တောသို့သွားရောက်၍ဖြစ်စေ သစ်ပင်ရင်းသို့သွားရောက်၍ဖြစ်စေ ဆိတ်ငြိမ်ရာအရပ်သို့ သွားရောက်၍ဖြစ်စေ တင်ပလ္လင်ခွေပြီးလျှင် ကိုယ်ကို ဖြောင့်မတ်စွာထားလျက် သတိကို ကမ္မဋ္ဌာန်းသို့ ရှေးရှုဖြစ်စေ၍ ထိုင်နေ၏။ ထိုရဟန်းသည် သတိရှိလျက် ထွက်သက်လေကို ထုတ်၏၊ သတိရှိလျက် ဝင်သက်လေကို ရှူ၏။ပ။ စွန့်လွှတ်မှုကို အကြိမ်ကြိမ်ရှုလျက် ထွက်သက်လေကို ထုတ်အံ့ဟု အားထုတ်၍ ကျင့်၏၊ စွန့်လွှတ်မှုကို အကြိမ်ကြိမ်ရှုလျက် ဝင်သက်လေကို ရှူအံ့ဟု အားထုတ်၍ ကျင့်၏။

ရဟန်းတို့ အကြင်အခါ၌ ရဟန်းသည် ရှည်ရှည်ထွက်သက်လေကို ထုတ်လျှင်လည်း "ရှည်ရှည် ထွက်သက်လေကို ထုတ်၏"ဟု သိ၏၊ ရှည်ရှည်ဝင်သက်လေကို ရှူလျှင်လည်း "ရှည်ရှည်ဝင်သက် လေကို ရှူ၏"ဟု သိ၏။ တိုတိုထွက်သက်လေကို ထုတ်လျှင်လည်း။ပ။အစ အလယ် အဆုံး အလုံးစုံ သော ထွက်သက်လေအပေါင်းကို ထင်ရှားသိလျက်။ပ။ "ရုန့်ရင်းသော ထွက်သက်လေကိုငြိမ်းစေ လျက် ထွက်သက်လေကို ထုတ်အံ့"ဟု အားထုတ်၍ကျင့်၏၊ "ရုန့်ရင်းသော ဝင်သက်လေကို ငြိမ်းစေ လျက် ဝင်သက်လေကို ရှူအံ့"ဟု အားထုတ်၍ ကျင့်၏၊ ရဟန်းတို့ ထိုအခါ၌ ရဟန်းသည် ပြင်းစွာ အားထုတ်သည်ဖြစ်၍ ဆင်ခြင်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမန ဿကို ပယ်ဖျောက်၍ ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလျက် နေ၏။ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ ဤထွက်သက်လေ ဝင်သက်လေကို (ပထဝီစသော)ကာယတို့တွင် တပါးပါဝင်သော ဝါယောကာယဟု ငါဆို၏။ ရဟန်းတို့ ထို့ကြောင့်ပင် ရဟန်းသည် ထိုအခါ၌ ပြင်းစွာအားထုတ်သည်ဖြစ်၍ ဆင်ခြင်ဉာဏ် ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်၍ ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလျက် နေ၏။ (၁)

ရဟန်းတို့ အကြင်အခါ၌ ရဟန်းသည် နှစ်သိမ့်ခြင်း 'ပီတိ' ကို ထင်ရှားသိသည်ဖြစ်၍။ပ။ချမ်း သာခြင်း 'သုခ'ကို ထင်ရှားသိသည်ဖြစ်၍။ပ။ (ဝေဒနာသညာဟူသော) စိတ္တသင်္ခါရကို ထင်ရှား သိသည်ဖြစ်၍။ပ။ (ဝေဒနာသညာဟူသော) စိတ္တသင်္ခါရကို ငြိမ်းစေလျက် ထွက်သက်လေကို ထုတ်အံ့ဟု အားထုတ်၍ ကျင့်၏၊ (ဝေဒနာသညာဟူသော) စိတ္တသင်္ခါရကို ငြိမ်းစေလျက် ဝင်သက် လေကို ရှူအံ့ဟု အားထုတ်၍ကျင့်၏။ ရဟန်းတို့ ထိုအခါ၌ ရဟန်းသည် ပြင်းစွာ အားထုတ်သည် ဖြစ်၍ ဆင်ခြင်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက် ၍ ဝေဒနာတို့၌ ဝေဒနာတို့ကို အကြိမ်ကြိမ်ရှုလျက် နေ၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့် နည်း၊ရဟန်းတို့ ဤထွက်သက်လေဝင်သက်လေတို့ကို ကောင်းစွာ နှလုံးသွင်းခြင်းကို ဝေဒနာတို့တွင် ဝေဒနာတပါးဟု ငါဆို၏။ ရဟန်းတို့ ထို့ကြောင့်ပင် ရဟန်းသည် ထိုအခါ၌ ပြင်းစွာ အားထုတ် သည်ဖြစ်၍ ဆင်ခြင်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်၍ ဝေဒနာတို့၌ ဝေဒနာတို့ကို အကြိမ်ကြိမ်ရှုလျက် နေ၏။ (၂)

ရဟန်းတို့ အကြင်အခါ၌ ရဟန်းသည် စိတ်ကို ထင်ရှားသိသည်ဖြစ်၍။ပ။စိတ်ကို အလွန်ဝမ်း မြောက်စေလျက်။ပ။စိတ်ကို ကောင်းစွာ တည်ကြည်စေလျက်။ပ။ထွက်သက်လေကို ထုတ်အံ့ဟု အားထုတ်၍ကျင့်၏၊စိတ်ကို ကောင်းစွာတည်ကြည်စေလျက် ဝင်သက်လေကို ရှူအံ့ဟု အားထုတ်၍ ကျင့်၏။စိတ်ကို နီဝရဏစသည်မှ လွတ်မြောက်စေလျက် ထွက်သက်လေကို ထုတ်အံ့ဟု အားထုတ်၍ ကျင့်၏၊ စိတ်ကို နီဝရဏစသည်မှ လွတ်မြောက်စေလျက် ဝင်သက်လေကို ရှူအံ့ဟု အားထုတ်၍

http://www.dhammadownload.com



ကျင့်၏။ ရဟန်းတို့ ထိုအခါ၌ ရဟန်းသည် ပြင်းစွာ အားထုတ်သည်ဖြစ်၍ ဆင်ခြင်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်၍ စိတ်၌ စိတ်ကို အကြိမ်ကြိမ် ရှုလျက် နေ၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ သတိလွတ်သော ဆင်ခြင်ဉာဏ် မရှိသောသူအား အာနာပါနဿတိ သမာဓိကိုပွါးများခြင်းကို ငါမဆို။ ရဟန်းတို့ ထို့ကြောင့်ပင် ရဟန်းသည် ထိုအခါ၌ ပြင်းစွာအားထုတ်သည်ဖြစ်၍ ဆင်ခြင်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်၍ စိတ်၌ စိတ်ကို အကြိမ်ကြိမ် ရှုလျက် နေ၏။ (၃)

ရဟန်းတို့ အကြင်အခါ၌ ရဟန်းသည် မမြဲဟု အကြိမ်ကြိမ်ရှုလျက်။ပ။ စွဲမက်မှုကင်းခြင်းကို အကြိမ်ကြိမ်ရှုလျက်။ ချုပ်မှုကို အကြိမ်ကြိမ် ရှုလျက်။ စွန့်လွှတ်မှုကို အကြိမ်ကြိမ် ရှုလျက် ထွက်သက်လေကို ထုတ်အံ့ဟု အားထုတ်၍ ကျင့်၏၊ စွန့်လွှတ်မှုကို အကြိမ်ကြိမ်ရှုလျက် ဝင်သက်လေကို ရှူအံ့ဟု အားထုတ်၍ ကျင့်၏။ ရဟန်းတို့ ထိုအခါ၌ ရဟန်းသည် ပြင်းစွာအားထုတ်သည်ဖြစ်၍ ဆင်ခြင်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်၍ သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလျက် နေ၏။ ထိုရဟန်းသည် အဘိဇ္ဈာဒေါမနဿကင်းပျောက်သည်ကို ပညာဖြင့်မြင်၍ ကောင်းစွာ လျစ်လျူရှု၏။ ရဟန်းတို့ ထို့ကြောင့်ပင် ရဟန်းသည် ထိုအခါ၌ ပြင်းစွာအားထုတ်သည်ဖြစ်၍ ဆင်ခြင်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်၍ သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလျက် နေ၏။ (၄)

ရဟန်းတို့ အာနာပါနဿတိ သမာဓိကို ဤသို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် သတိပဋ္ဌာန်လေးပါးတို့ကို ပြည့်စေ၏။

ရဟန်းတို့ သတိပဋ္ဌာန်လေးပါးတို့ကို အဘယ်သို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပြည့်စေကုန်သနည်း။ ရဟန်းတို့ အကြင်အခါ၌ ရဟန်းသည် ထင်သောသတိရှိသည်ဖြစ်၍ ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလျက် နေ၏၊ ရဟန်းတို့ ထိုအခါ၌ ရဟန်းအား သတိမလွတ်။ ရဟန်းတို့ ရဟန်းအား ထင်သောသတိရှိသည်ဖြစ်၍ သတိမလွတ်သောအခါ၌ ရဟန်းအား သတိသမ္ဗောဇ္ဈင်သည် ပြည့်စုံ၏။ ရဟန်းတို့ ထိုအခါ၌ ရဟန်းသည် သတိသမ္ဗောဇ္ဈင်ကို ပွါးများ၏၊ ထိုအခါ၌ သတိသမ္ဗောဇ္ဈင်သည် ရဟန်းအား ပွါးများပြည့်စုံခြင်းသို့ ရောက်၏။ (၁)

ထိုရဟန်းသည် ထိုသို့ သတိရှိသည်ဖြစ်၍ နေလတ်သော် ထိုတရားကို ပညာဖြင့် စိစစ်၏၊ လှည့်လည် ကျက်စား၏၊ အထပ်ထပ် ဆင်ခြင်ခြင်းသို့ ရောက်၏။ ထိုအခါ၌ ရဟန်းအား ဓမ္မဝိစယသမ္ဗောဇ္ဈင်သည် ပြည့်စုံ၏၊ ထိုအခါ၌ ရဟန်းသည် ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ပွါးများ၏၊ ထိုအခါ၌ ဓမ္မဝိစယသမ္ဗောဇ္ဈင်သည် ရဟန်းအား ပွါးများပြည့်စုံခြင်းသို့ ရောက်၏။ (၂)

ထိုတရားကို ပညာဖြင့် စိစစ်သော လှည့်လည်ကျက်စားသော အထပ်ထပ် ဆင်ခြင်ခြင်းသို့ ရောက်သော ထိုရဟန်းအား မတွန့်မဆုတ် ကြိုးစားအားထုတ်မှု 'ဝီရိယ' သည် ဖြစ်၏။ ရဟန်းတို့ ထိုတရားကို ပညာဖြင့် စိစစ်သော လှည့်လည်ကျက်စားသော အထပ်ထပ်ဆင်ခြင်ခြင်းသို့ ရောက်သော ရဟန်းအား မတွန့်မဆုတ် ကြိုးစားအားထုတ်မှု 'ဝီရိယ' သည်ဖြစ်၏၊ ထိုအခါ ရဟန်းအား ဝီရိယသမ္ဗောဇ္ဈင်သည် ပြည့်စုံ၏။ ထိုအခါ၌ ရဟန်းသည် ဝီရိယသမ္ဗောဇ္ဈင်ကို ပွါးများ၏။ ထိုအခါ၌ ဝီရိယသမ္ဗောဇ္ဈင်သည် ရဟန်းအား ပွါးများပြည့်စုံခြင်းသို့ ရောက်၏။ (၃)

http://www.dhammadownload.com



ကြိုးစားအားထုတ်မှု 'ဝီရိယ' ရှိသော ရဟန်းအား ကိလေသာဟူသော အာမိသကင်းသော နှစ်သိမ့်ခြင်း 'ပီတိ'သည် ဖြစ်၏။ ရဟန်းတို့ ကြိုးစားအားထုတ်မှု'ဝီရိယ'ရှိသော ရဟန်းအား (ကိလေသာဟူသော)အာမိသကင်းသော နှစ်သိမ့်မှု'ပီတိ'ဖြစ်သောအခါ ပီတိသမ္ဗောဇ္ဈင်သည် ရဟန်းအား ပြည့်စုံ၏။ ထိုအခါ ရဟန်းသည် ပီတိသမ္ဗောဇ္ဈင်ကို ပွါးများ၏၊ ထိုအခါ ရဟန်းအား ပီတိသမ္ဗောဇ္ဈင်သည် ပွါးများပြည့်စုံခြင်းသို့ ရောက်၏။ (၄)

နှစ်သိမ့်သောစိတ်ရှိသော ရဟန်းအား ကိုယ်သည်လည်း ငြိမ်းအေး၏၊ စိတ်သည်လည်း ငြိမ်းအေး၏။ ရဟန်းတို့ အကြင်အခါ၌ နှစ်သိမ့်သောစိတ်ရှိသော ရဟန်းအား ကိုယ်သည်လည်း ငြိမ်းအေး၏၊စိတ်သည်လည်း ငြိမ်းအေး၏၊ထိုအခါ၌ ပဿဒ္ဓိသမ္ဗောဇ္ဈင်သည် ရဟန်းအား ပြည့်စုံ၏။ ထိုအခါ ရဟန်းသည် ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ပွါးများ၏၊ ထိုအခါ ရဟန်းအား ပဿဒ္ဓိသမ္ဗောဇ္ဈင်သည် ပွါးများပြည့်စုံခြင်းသို့ ရောက်၏။ (၅)

ငြိမ်းအေးသော ကိုယ်ရှိသော ချမ်းသာသော ရဟန်း၏စိတ်သည် တည်ကြည်၏၊ ရဟန်းတို့ ငြိမ်းအေးသော ကိုယ်ရှိသော ချမ်းသာသော ရဟန်း၏စိတ်သည် တည်ကြည်သောအခါ သမာဓိသမ္ဗောဇ္ဈင်သည် ရဟန်းအား ပြည့်စုံ၏။ ထိုအခါ ရဟန်းသည် သမာဓိသမ္ဗောဇ္ဈင်ကို ပွါးများ၏၊ ထိုအခါ ရဟန်းအား သမာဓိသမ္ဗောဇ္ဈင်သည် ပွါးများပြည့်စုံခြင်းသို့ ရောက်၏။ (၆)

ထိုရဟန်းသည် ထိုသို့ တည်ကြည်သော စိတ်ကို ကောင်းစွာ အညီအမျှ ရှု၏။ ရဟန်းတို့ ရဟန်းသည် ထိုသို့ တည်ကြည်သော စိတ်ကို ကောင်းစွာ အညီအမျှ ရှုသောအခါ ဥပေက္ခာသမ္ဗောဇ္ဈင်သည် ရဟန်းအား ပြည့်စုံ၏။ ရဟန်းတို့ ထိုအခါ ရဟန်းသည် ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများ၏၊ ထိုအခါ ရဟန်းအား ဥပေက္ခာသမ္ဗောဇ္ဈင်သည် ပွါးများပြည့်စုံခြင်းသို့ ရောက်၏။ (၇)

ရဟန်းတို့ ရဟန်းသည် ထင်သောသတိရှိသည်ဖြစ်၍ ဝေဒနာတို့၌။ပ။စိတ်၌။ပ။သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလျက် နေသောအခါ ရဟန်းအား သတိမလွတ်။ရဟန်းတို့ ရဟန်းအား ထင်သောသတိရှိသည်ဖြစ်၍ သတိမလွတ်သောအခါ သတိသမ္ဗောဇ္ဈင်သည် ရဟန်းအား ပြည့်စုံ၏။ ထိုအခါ ရဟန်းသည် သတိသမ္ဗောဇ္ဈင်ကို ပွါးများ၏၊ ထိုအခါ ရဟန်းအား သတိသမ္ဗောဇ္ဈင်သည် ပွါးများပြည့်စုံခြင်းသို့ ရောက်၏။ပ။

ထိုရဟန်းသည် ထိုသို့ တည်ကြည်သော စိတ်ကို ကောင်းစွာ အညီအမျှ ရှု၏။ ရဟန်းတို့ ရဟန်းသည် ထိုသို့ တည်ကြည်သောစိတ်ကို ကောင်းစွာ အညီအမျှ ရှုသောအခါ ဥပေက္ခာသမ္ဗောဇ္ဈင်သည် ရဟန်းအား ပြည့်စုံ၏။ထိုအခါ ရဟန်းသည် ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများ၏၊ ထိုအခါ ရဟန်းအား ဥပေက္ခာသမ္ဗောဇ္ဈင်သည် ပွါးများပြည့်စုံခြင်းသို့ ရောက်၏။ ရဟန်းတို့ သတိပဋ္ဌာန်လေးပါးတို့ကို ဤသို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် ဗောဇ္ဈင်ခုနစ်ပါးတို့ကို ပြည့်စေကုန်၏။

ရဟန်းတို့ ဗောဇ္ဈင်ခုနစ်ပါးတို့ကို အဘယ်သို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် အသိဉာဏ်'ဝိဇ္ဇာ'နှင့် လွတ်မြောက်မှု'ဝိမုတ္တိ'ကို ပြည့်စေကုန်သနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် (ကိလေသာမှ)ဆိတ်ခြင်းကိုမှီသော စွဲမက်မှု'ရာဂ'ကင်းခြင်းကို မှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ညွတ်သော သတိသမ္ဗောဇ္ဈင်ကို ပွါးများ၏။ပ။(ကိလေသာမှ)ဆိတ်ခြင်းကိုမှီသော စွဲမက်မှု'ရာဂ'ကင်းခြင်းကိုမှီသော ချုပ်ခြင်းကိုမှီသော နိဗ္ဗာန်သို့ညွတ်သော ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများ၏။ ရဟန်းတို့ ဗောဇ္ဈင်ခုနစ်ပါးတို့ကို ဤသို့ ပွါးများအပ်

http://www.dhammadownload.com



ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် အသိဉာဏ်'ဝိဇ္ဇာ'နှင့် လွတ်မြောက်မှု'ဝိမုတ္တိ'ကို ပြည့်စေကုန်၏ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-သံယောဇနပ္ပဟာနသုတ်

၉၉၃။ ရဟန်းတို့ အာနာပါနဿတိ သမာဓိကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည် ရှိသော် သံယောဇဉ်ကို ပယ်ခြင်းငှါ ဖြစ်၏။ပ။

သတ္တမသုတ်။

## ၈-အနုသယသမုဂ္ဃါတသုတ်

၉၉၄။ အနုသယတို့ကို ကောင်းစွာ မွှါခြင်းငှါ ဖြစ်၏။

အဋ္ဌမသုတ်။

## ၉-အဒ္ဓါနပရိညာသုတ်

၉၉၅။ အစွန့်'ကာလ'ကို ပိုင်းခြားသိခြင်းငှါ ဖြစ်၏။

နဝမသုတ်။

## ၁၀-အာသဝက္ခယသုတ်

၉၉၆။ အာသဝတို့ ကုန်ခြင်းငှါ ဖြစ်၏။ ရဟန်းတို့ အာနာပါနဿတိ သမာဓိကို အဘယ်သို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် သံယောဇဉ်ကို ပယ်ခြင်းငှါ ဖြစ်သနည်း။ အနုသယတို့ကို ကောင်းစွာ ခွါခြင်းငှါ ဖြစ်သနည်း။ အစွန့်'ကာလ'ကို ပိုင်းခြားသိခြင်းငှါ ဖြစ်သနည်း။ အာသဝတို့ ကုန်ခြင်းငှါ ဖြစ်သနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် တောသို့သွားရောက်၍ဖြစ်စေ သစ်ပင်ရင်းသို့ သွားရောက်၍ဖြစ်စေ။ပ။ စွန့်လွှတ်မှုကို အကြိမ်ကြိမ် ရှုလျက် ထွက်သက်လေကို ထုတ်အံ့ဟု အားထုတ်၍ ကျင့်၏၊ စွန့်လွှတ်မှုကို အကြိမ်ကြိမ်ရှုလျက် ဝင်သက်လေကို ရှူအံ့ဟု အားထုတ်၍ ကျင့်၏။ ရဟန်းတို့ အာနာပါနဿတိသမာဓိကို ဤသို့ ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် (သံယောဇဉ်)ကို ပယ်ခြင်းငှါ ဖြစ်၏။ပ။ အနုသယတို့ကိုကောင်းစွာခွါခြင်းငှါ ဖြစ်၏။အစွန့်'ကာလ'ကို ပိုင်းခြားသိခြင်းငှါ ဖြစ်၏။အာသဝတို့ ကုန်ခြင်းငှါ ဖြစ်၏ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

ဒုတိယဝဂ် ပြီး၏။

**ဆယ်ခုမြောက် အာနာပါနသံယုတ် ပြီး၏။**

http://www.dhammadownload.com

# ၁၁-သောတာပတ္တိသံယုတ်

## ၁-ဝေဠုဒွါရဝဂ် ၁-စက္ကဝတ္တိရာဇသုတ်

၉၉၇။ သာဝတ္ထိနိဒါန်း။ ထိုအခါ မြတ်စွာဘုရားသည်။ပ။ ဤစကားကို မိန့်တော်မူ၏— "ရဟန်းတို့ စကြဝတေးမင်းသည် လေးကျွန်းတို့ကို အစိုးရခြင်း ကြီးမှူးခြင်းဟူသော မင်းအဖြစ်ကို ပြုစေပြီး၍ ခန္ဓာကိုယ် ပျက်စီးလျက် သေပြီးသည်မှနောက်၌ ကောင်းသော သူတို့၏ လားရာ နတ်ပြည်ဝယ် တာဝတိံသာနတ်တို့၏ အသင်းဝင် အဖြစ်ဖြင့် ဖြစ်ရာ၏၊ ထိုစကြဝတေးမင်းသည် ထိုနတ်ပြည်ဝယ် နန္ဒဝန်ဉယျာဉ်၌ နတ်သမီးအပေါင်းခြံရံလျက် နတ်တို့၏ ကာမဂုဏ်ငါးပါးတို့နှင့် ကုံလုံပြည့်စုံစွာ စမ့်ယ် ခံစားရငြားသော်လည်း ထိုစကြဝတေးမင်းသည် တရားလေးမျိုးတို့နှင့် မပြည့်စုံသောကြောင့် ငရဲမှ မလွတ်နိုင်၊ တိရစ္ဆာန်ဘဝမှ မလွတ်နိုင်၊ ပြိတ္တာဘုံမှ မလွတ်နိုင်၊ မကောင်းသော သူတို့၏ လားရောက်ရာ ပျက်စီးကျရောက်ရာ အပါယ်မှ မလွတ်နိုင်။ ရဟန်းတို့ အရိယာတပည့်သည် ဆွမ်းခံလှည့်လည်၍ ရသော ဆွမ်းဖြင့် မျှတလျက် ပုဆိုးပိုင်းကို စပ်ထားသော သင်္ကန်းကို ဆောင်ငြားသော်လည်း ထိုရဟန်းသည် တရားလေးမျိုးတို့နှင့် ပြည့်စုံသောကြောင့် ငရဲမှ လွတ်၏၊ တိရစ္ဆာန်ဘဝမှ လွတ်၏၊ ပြိတ္တာဘုံမှ လွတ်၏၊ မကောင်းသော သူတို့၏ လားရောက်ရာ ပျက်စီးကျရောက်ရာ အပါယ်မှ လွတ်၏။

အဘယ်လေးမျိုးတို့နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အရိယာတပည့်သည် "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏၊ (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏၊အသိဉာဏ်'ဝိဇ္ဇာ'အကျင့်'စရဏ'နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတ မည်တော်မူ၏၊လောကကို သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူ၏၊ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ်ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရောပုရိသဒမ္မသာရထိ မည်တော်မူ၏၊နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသောအကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏" ဟု မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။ "တရားတော်သည် မြတ်စွာဘုရား ကောင်းစွာ ဟောထားသော တရားတော်ပါပေတည်း၊ ကိုယ်တိုင် သိမြင်နိုင်သော တရားတော်ပါပေတည်း၊ အခါမလင့် အကျိုးပေးတတ်သော တရားတော်ပါပေတည်း၊လာလှည့် ရှုလှည့်ဟု ပြထိုက်သော တရားတော်ပါပေတည်း၊ မိမိ၏ ကိုယ်ထဲစိတ်ထဲ၌ ဆောင်ယူထားထိုက်သော တရားတော်ပါပေတည်း၊ (အရိယာ) ပညာရှိတို့သာ ကိုယ်စီကိုယ်ငှ သိနိုင်ခံစားနိုင်သော တရားတော်ပါပေတည်း"ဟု တရားတော်၌ မတုန်မလှုပ်ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။"မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် ကောင်းသော အကျင့်ရှိတော်မူပါပေ၏၊ မြတ်စွာဘုရား၏ တပည့်သားသံဃာတော်သည် ဖြောင့်မတ်သော အကျင့်ရှိတော်မူပါပေ၏၊ မြတ်စွာဘုရား၏ တပည့်သားသံဃာတော်သည် မှန်ကန်သော အကျင့်ရှိတော်မူပါပေ၏၊မြတ်စွာဘုရား၏ တပည့်သားသံဃာတော်သည် လျော်ကန်သော အကျင့်ရှိတော်မူပါပေ၏၊

http://www.dhammadownload.com



အစုံအားဖြင့် လေးစုံ ပုဂ္ဂိုလ်အားဖြင့် ရှစ်ပါး အရေအတွက်ရှိသော မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် (အရပ်ဝေးမှ) ဆောင်လာ၍သော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်တော်မူပါပေ၏၊ ဧည့်သည်တို့အလို့ငှါ စီမံထားသော ဝတ္ထုကိုသော်လည်း ခံတော်မူထိုက်ပါပေ၏၊ တမလွန်အတွက် ရည်မြှော်သော အလှူကို ခံတော်မူထိုက်ပါပေ၏၊ လက်အုပ်ချီခြင်းငှါ ထိုက်ပါပေ၏၊ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်တော်မူပါပေ၏”ဟု သံဃာတော်၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏၊ မကျိုး မပေါက် မပြောက် မကျားကုန်သော တဏှာ ကျွန် အဖြစ်မှ လွတ်မြောက်စေကုန်သော ပညာရှိတို့ ချီးမွမ်းအပ်ကုန်သော မှားသောအားဖြင့် မသုံးသပ်အပ်ကုန်သော တည်ကြည်မှု ‘သမာဓိ’ကို ဖြစ်စေတတ်ကုန်သော အရိယာတို့ နှစ်သက်အပ်ကုန်သော သီလတို့နှင့် ပြည့်စုံ၏။ ဤလေးပါးသော တရားတို့နှင့် ပြည့်စုံ၏။ ရဟန်းတို့ လေးကျွန်းတို့ကို ရခြင်း တရားလေးမျိုးတို့ကို ရခြင်းနှစ်မျိုးတို့တွင် လေးကျွန်းတို့ကို ရခြင်းသည် တရားလေးမျိုးတို့ကို ရခြင်း၏ တဆယ့်ခြောက်စိတ်တွင် တစိတ်ကိုမျှ မမှီနိုင်ပေဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-ဗြဟ္မစရိယောဂဓသုတ်

၉၉၈။ ရဟန်းတို့ တရားလေးမျိုးတို့နှင့် ပြည့်စုံသော အရိယာတပည့်သည် ပျက်စီးကျရောက်ခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိသော သောတာပန် ဖြစ်၏။

အဘယ်လေးပါးတို့နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အရိယာတပည့်သည် ‘‘ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏၊ (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏၊အသိဉာဏ်‘ဝိဇ္ဇာ’အကျင့်‘စရဏ’နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတ မည်တော်မူ၏၊လောကကို သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူ၏၊ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ်ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရောပုရိသဒမ္မသာရထိ မည်တော်မူ၏၊ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊(သစ္စာလေးပါး တရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏”ဟု ဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။ တရားတော်၌။ပ။ သံဃာတော်၌။ပ။ မကျိုးကုန်သော။ပ။ တည်ကြည်မှု ‘သမာဓိ’ကို ဖြစ်စေတတ်ကုန်သော အရိယာတို့ နှစ်သက်အပ်ကုန်သော သီလတို့နှင့် ပြည့်စုံ၏။ ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့် ပြည့်စုံသော အရိယာတပည့်သည် ပျက်စီးကျရောက်ခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိသော သောတာပန် ဖြစ်၏။

http://www.dhammadownload.com



ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဤစကားကို ဟောတော်မူ၏၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ဤစကားကို ဟောတော်မူပြီးနောက် ဤဂါထာကို မိန့်တော်မူပြန်၏—

"ယုံကြည်မှု 'သဒ္ဓါ' ကျင့်သုံးမှု 'သီလ' ကြည်ညိုမှု 'ပသာဒ' နှင့် တရားတော်ကို သိမြင်မှု'ဓမ္မဒဿန' ရှိကြသောပုဂ္ဂိုလ်တို့သည် အကျင့်မြတ်၏အတွင်းသို့ဝင်၍ တည်သော (အထက်မဂ်နှင့်ယှဉ်သော)ချမ်းသာသို့ သင့်လျော်သောအခါ၌ စင်စစ်အားဖြင့် ရောက်နိုင်ကုန်၏" ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-ဒီဃာဝု ဥပါသကသုတ်

၉၉၉။ အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့ကို အစာကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ ဒီဃာဝု ဥပါသကာသည် အနာရောဂါ နှိပ်စက်ရကား ဆင်းရဲခြင်းသို့ရောက်လျက် ပြင်းထန်စွာ မကျန်းမမာ ဖြစ်နေ၏၊ ထိုအခါ ဒီဃာဝု ဥပါသကာသည် အဖဖြစ်သော ဇောတိကသူကြွယ်ကို "ဖခင်သူကြွယ် လာလော့၊ ဖခင်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ အသျှင်ဘုရား 'ဒီဃာဝုဥပါသကာသည် အနာရောဂါနှိပ်စက်ရကား ဆင်းရဲခြင်းသို့ရောက်လျက် ပြင်းထန်စွာ မကျန်းမမာဖြစ်နေပါ၏၊ ဒီဃာဝုဥပါသကာသည် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးခေါင်းဖြင့် ရှိခိုးလိုက်ပါ၏'ဟု အကျွန်ုပ်၏စကားဖြင့် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးခေါင်းဖြင့် ရှိခိုးပါလော့၊ ထို့ပြင်လည်း 'အသျှင်ဘုရား တောင်းပန်ပါ၏၊ မြတ်စွာဘုရားသည် အစဉ်သနားသည်ကို အကြောင်းပြု၍ ဒီဃာဝုဥပါသကာ၏အိမ်သို့ ချဉ်းကပ်တော်မူပါ'ဟု ဤသို့လည်း လျှောက်ပါလော့"ဟု ပြောဆို၏။ "ချစ်သား ကောင်းပြီ"ဟု ဇောတိကသူကြွယ်သည် ဒီဃာဝုဥပါသကာအား ဝန်ခံပြီးလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏ "အသျှင်ဘုရား ဒီဃာဝုဥပါသကာသည် အနာရောဂါနှိပ်စက်ရကား ဆင်းရဲခြင်းသို့ရောက်လျက် ပြင်းထန်စွာ မကျန်းမမာဖြစ်နေပါ၏၊ ဒီဃာဝုဥပါသကာသည် မြတ်စွာဘုရား၏ခြေတော်တို့ကို ဦးခေါင်းဖြင့် ရှိခိုးလိုက်ပါ၏၊ 'အသျှင်ဘုရား တောင်းပန်ပါ၏၊ မြတ်စွာဘုရားသည် အစဉ်သနားသည်ကို အကြောင်းပြု၍ ဒီဃာဝုဥပါသကာ၏အိမ်သို့ ချဉ်းကပ်တော်မူပါ'ဟု ဤသို့လည်း လျှောက်ပါ၏"ဟု လျှောက်၏။ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူ၏။

ထို့နောက် မြတ်စွာဘုရားသည် သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ဆောင်ယူလျက် ဒီဃာဝု ဥပါသကာ၏ အိမ်သို့ချဉ်းကပ်၍ ခင်းထားသောနေရာ၌ ထိုင်နေတော်မူပြီးလျှင် ဒီဃာဝုဥပါသကာအား "ဒီဃာဝု သင် ခန့်ကျန်း၏လော၊ မျှတ၏လော၊ ဆင်းရဲဝေဒနာတို့သည် ဆုတ်ယုတ်ကုန်၏လော၊ မတိုးပွါးပဲ ရှိပါကုန်၏လော၊ ဆင်းရဲဝေဒနာတို့သည် ဆုတ်ယုတ်၏ဟု ထင်ပါ၏လော၊ တိုးပွါး၏ဟု မထင်ပဲ ရှိပါ၏လော"ဟု မိန့်တော်မူ၏။ အသျှင်ဘုရား တပည့်တော်သည် မခန့်ကျန်းပါ၊ မမျှတပါ၊ ဆင်းရဲဝေဒနာတို့သည် တိုးပွါးပါကုန်၏၊ မဆုတ်ယုတ်ပါကုန်၊ ဆင်းရဲဝေဒနာတို့သည် တိုးပွါး၏ဟုသာ ထင်ပါ၏၊ ဆုတ်ယုတ်၏ဟု မထင်ပါဟု လျှောက်၏။ ဒီဃာဝု သို့ဖြစ်လျှင် သင်သည် ဤသို့ကျင့်ရမည် "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်း

http://www.dhammadownload.com



ကြောင့်လည်း အရဟံမည်တော်မူပါပေ၏၊ (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူပါပေ၏၊ အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ'နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူပါပေ၏၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတ မည်တော်မူပါပေ၏၊ လောကကို သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူပါပေ၏၊ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ် ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရော ပုရိသ ဒမ္မသာရထိ မည်တော်မူပါပေ၏၊ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူပါပေ၏၊ (သစ္စာလေးပါး တရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူပါပေ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူပါပေ၏" ဟု မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံသူဖြစ်ပေအံ့။ တရားတော်၌။ပ။ သံဃာတော်၌။ပ။ မကျိုးကုန်သော။ပ။ တည်ကြည်မှု'သမာဓိ'ကို ဖြစ်စေတတ်ကုန်သော အရိယာတို့ နှစ်သက်အပ်သော သီလတို့နှင့်ပြည့်စုံသူဖြစ်ပေအံ့၊ ဒီဃာဝု ဤသို့လျှင် သင်သည် ကျင့်ရမည်ဟု မိန့်တော်မူ၏။

အသျှင်ဘုရား မြတ်စွာဘုရား ဟောတော်မူအပ်ကုန်သော သောတာပန်၏ အင်္ဂါလေးမျိုးတို့သည် တပည့်တော်၌ ရှိပါကုန်၏၊ တပည့်တော်သည်လည်း ထိုတရားတို့၌ ထင်မြင်ပါ၏။ အသျှင်ဘုရား အကျွန်ုပ်သည် "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူပါပေ၏။ပ။ နတ်လူတို့၏ ဆရာ ဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူပါပေ၏၊ (သစ္စာလေးပါး တရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူပါပေ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူပါပေ၏"ဟု မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။ တရားတော်၌။ပ။သံဃာတော်၌။ပ။မကျိုးကုန်သော။ပ။တည်ကြည်မှု 'သမာဓိကို' ဖြစ်စေတတ်ကုန်သော အရိယာတို့ နှစ်သက်အပ်ကုန်သော သီလတို့နှင့်ပြည့်စုံပါ၏ဟု လျှောက်၏။ ဒီဃာဝု သို့ဖြစ်လျှင် သင်သည် ဤသောတာပန်အင်္ဂါလေးမျိုးတို့၌ တည်ပြီး၍ ဝိဇ္ဇာ(မဂ်ဉာဏ်)လျှင် အဘို့ရှိသော တရားခြောက်ပါးတို့ကို တဆင့်တက်၍ ပွါးများရာ၏။ "ဒီဃာဝု ဤသာသနာတော်၌ သင်သည် အလုံးစုံသော သင်္ခါရ တရားတို့၌ မမြဲဟု အဖန်တလဲလဲရှုလျက် နေလော့၊ မမြဲသောသင်္ခါရတရား၌ ဆင်းရဲ၏ဟု အမှတ်ရှိသည်ဖြစ်၍ရင်း ဆင်းရဲသော သင်္ခါရ တရား၌ အတ္တမဟုတ်ဟု အမှတ်ရှိသည်ဖြစ်၍ရင်း ပယ်စွန့်အံ့ဟု အမှတ်ရှိသည်ဖြစ်၍ရင်း စွဲမက်မှုကင်းစေအံ့ဟု အမှတ်ရှိသည်ဖြစ်၍ရင်း ချုပ်ငြိမ်းစေအံ့ဟု အမှတ်ရှိသည်ဖြစ်၍ရင်း နေလော့" ဒီဃာဝု သင်သည် ဤသို့ ကျင့်ရမည်ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား မြတ်စွာဘုရား ဟောတော်မူသော ဝိဇ္ဇာ (မဂ်ဉာဏ်)လျှင် အဘို့ရှိသော တရားခြောက်ပါးတို့သည် အကျွန်ုပ်၌ ရှိပါကုန်၏၊ အကျွန်ုပ်သည်လည်း ထိုတရားတို့၌ ထင်မြင်ပါ၏။ အသျှင်ဘုရား အကျွန်ုပ်သည် အလုံးစုံသော သင်္ခါရတရားတို့၌ မမြဲဟု အဖန်တလဲလဲ ရှုလျက် နေပါ၏၊ မမြဲသော သင်္ခါရတရား၌ ဆင်းရဲ၏ဟု အမှတ်ရှိသည် ဖြစ်၍ရင်း ဆင်းရဲသော သင်္ခါရ တရား၌ အတ္တမဟုတ်ဟု အမှတ်ရှိသည်ဖြစ်၍ရင်း ပယ်စွန့်အံ့ဟု အမှတ်ရှိသည် ဖြစ်၍ရင်း စွဲမက်မှု ကင်းစေအံ့ဟု အမှတ်ရှိသည် ဖြစ်၍ရင်း ချုပ်ငြိမ်းစေအံ့ဟု အမှတ်ရှိသည် ဖြစ်၍ရင်း နေပါ၏၊ အသျှင်ဘုရား ဤဖခင်ဖြစ်သော ဇောတိကသူကြွယ်သည် တပည့်တော် ကွယ်လွန်သဖြင့် ဆင်းရဲ

http://www.dhammadownload.com



ခြင်းသို့ မရောက်ပါစေလင့်ဟု တပည့်တော်အား ဤအကြံ ဖြစ်ပါ၏ဟု လျှောက်၏။ ချစ်သား ဒီဃာဝု "သင်သည် ဤသို့ နှလုံးမသွင်းလင့်၊ ချစ်သားဒီဃာဝု တိုက်တွန်း၏၊ မြတ်စွာဘုရား ဟောကြားသည်ကိုသာ သင် ကောင်းစွာ နှလုံးသွင်းလော့"ဟု (ဇောတိကသူကြွယ်)ကဆို၏။

ထို့နောက် မြတ်စွာဘုရားသည် ဒီဃာဝုဥပါသကာကို ဤအဆုံးအမဖြင့် ဆုံးမပြီးလျှင် နေရာမှထကာ ဖဲသွားတော်မူလေ၏။ ထို့နောက် ဒီဃာဝုဥပါသကာသည် မြတ်စွာဘုရား ဖဲသွား၍ မကြာမီ ကွယ်လွန်လေ၏။ ထိုအခါ များစွာသော ရဟန်းတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကုန်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေကြပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်ကုန်၏ "အသျှင်ဘုရား မြတ်စွာဘုရားသည် အကျဉ်းမျှဖြင့် ဆုံးမတော်မူအပ်သော ဒီဃာဝုဥပါသကာသည် ကွယ်လွန်ခဲ့ပါပြီ၊ ထို ဥပါသကာ၏ လားရောက်ရာ 'ဂတိ' ကား အဘယ်ပါနည်း၊ လည်းလျောင်းရာကား အဘယ်ပါနည်း"ဟု (လျှောက်ကုန်၏)။ ရဟန်းတို့ ပညာရှိသော ဒီဃာဝုဥပါသကာသည် နိဗ္ဗာန်အားလျော်သော မဂ်ဖိုလ်တရားကို ရရောက်ခဲ့ပြီ၊ တရားဟောပုဂ္ဂိုလ်ဖြစ်သော ငါ့ကို မပင်ပန်းစေ၊ ရဟန်းတို့ ဒီဃာဝုဥပါသကာသည် အောက်ပိုင်း သံယောဇဉ် ငါးပါးတို့ ကုန်ခြင်းကြောင့် ဗြဟ္မာ့ဘုံ၌ဖြစ်ပြီးလျှင် ပရိနိဗ္ဗာန် ပြုမည့်သူဖြစ်၍ ထိုဘုံမှ ပြန်လည်ခြင်းသဘော မရှိတော့ပြီဟု (မိန့်တော်မူ၏)။

တတိယသုတ်။

## ၄-ပဌမ သာရိပုတ္တသုတ်

၁၀၀၀။ အခါတပါး၌ အသျှင်သာရိပုတြာနှင့် အသျှင်အာနန္ဒာတို့သည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး) နေကုန်၏၊ ထိုအခါ အသျှင်အာနန္ဒာသည် ညနေချမ်းအချိန် တပါးတည်း ကိန်းအောင်းရာမှ ထခဲ့ကာ။ပ။ တခုသော နေရာ၌ ထိုင်နေပြီးသော် အသျှင်သာရိပုတြာအား ဤစကားကို လျှောက်၏ "ငါ့သျှင်သာရိပုတြာ အဘယ် တရားတို့နှင့် ပြည့်စုံခြင်းဟူသော အကြောင်းကြောင့် ဤသတ္တဝါကို မြတ်စွာဘုရားသည် ပျက်စီးကျရောက်ခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာ ရှိသော သောတာပန် ဟု ဟောကြားတော်မူပါသနည်း"ဟု(လျှောက်၏)။ ငါ့သျှင် တရားလေးမျိုးတို့နှင့် ပြည့်စုံခြင်းဟူသော အကြောင်းကြောင့် ဤသတ္တဝါကို မြတ်စွာဘုရားသည် "ပျက်စီးကျရောက်ခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာ ရှိသော သောတာပန်"ဟု ဟောကြားတော်မူ၏။

အဘယ်လေးမျိုးတို့နည်း၊ ငါ့သျှင် ဤသာသနာတော်၌ အရိယာတပည့်သည် "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏ ။ပ။ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏"ဟု ဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။ တရားတော်၌။ပ။ သံဃာတော်၌။ပ။ မကျိုးကုန်သော။ပ။ တည်ကြည်မှု 'သမာဓိ' ကို ဖြစ်စေတတ်ကုန်သော အရိယာတို့ နှစ်သက်အပ်ကုန်သော သီလတို့နှင့် ပြည့်စုံ၏။ ငါ့သျှင် ဤတရားလေးမျိုးတို့နှင့် ပြည့်စုံခြင်းဟူသော အကြောင်းကြောင့် ဤသတ္တဝါကို မြတ်စွာဘုရားသည် ပျက်စီးကျရောက်ခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်မဂ် သုံးပါးလျှင် လည်းလျောင်းရာရှိသော သောတာပန်ဟု ဟောကြားတော်မူ၏ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

http://www.dhammadownload.com



## ၅-ဒုတိယ သာရိပုတ္တသုတ်

၁၀၀၁။ ထိုအခါ အသျှင်သာရိပုတြာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသော နေရာ၌ ထိုင်နေ၏။ တခုသော နေရာ၌ ထိုင်နေသော အသျှင်သာရိပုတြာအား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏ "သာရိပုတြာ သောတာပန် ဖြစ်ကြောင်း သောတာပန်ဖြစ်ကြောင်းဟု ဆိုအပ်၏၊ သာရိပုတြာ သောတာပန် ဖြစ်ကြောင်းဟူသည် အဘယ်နည်း" ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား သူတော်ကောင်းကို မှီဝဲခြင်းသည် သောတာပန် ဖြစ်ကြောင်းတည်း၊ သူတော်ကောင်းတို့၏ တရားကို ကြားနာခြင်းသည် သောတာပန် ဖြစ်ကြောင်းတည်း၊ သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်းသည် သောတာပန်ဖြစ်ကြောင်းတည်း၊ လောကုတ္တရာတရားအားလျော်သော တရားကို ကျင့်ခြင်းသည် သောတာပန် ဖြစ်ကြောင်းတည်းဟု လျှောက်၏၊ သာရိပုတြာ ကောင်းပေစွ ကောင်းပေစွ၊ သာရိပုတြာ သူတော်ကောင်းကို မှီဝဲခြင်းသည် သောတာပန်ဖြစ်ကြောင်းတည်း၊ သူတော်ကောင်းတို့၏ တရားကို ကြားနာခြင်းသည် သောတာပန် ဖြစ်ကြောင်းတည်း၊ သင့်လျော်သော အားဖြင့် နှလုံးသွင်းခြင်းသည် သောတာပန် ဖြစ်ကြောင်းတည်း၊ လောကုတ္တရာတရားအားလျော်သော တရားကို ကျင့်ခြင်းသည် သောတာပန် ဖြစ်ကြောင်းတည်း။

သာရိပုတြာ "သောတ သောတ" ဟု ဤစကားကို ဆိုအပ်၏၊ သာရိပုတြာ သောတဟူသည် အဘယ်နည်း။ အသျှင်ဘုရား အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်သည်ပင် သောတ မည်ပါ၏၊ ဤသည်ကား အဘယ်နည်း၊ မှန်ကန်သော အမြင် 'သမ္မာဒိဋ္ဌိ' မှန်ကန်သော အကြံအစည် 'သမ္မာသင်္ကပ္ပ' မှန်ကန်သောစကား 'သမ္မာဝါစာ' မှန်ကန်သောအလုပ် 'သမ္မာကမ္မန္တ' မှန်ကန်သော အသက်မွေးမှု 'သမ္မာအာဇီဝ' မှန်ကန်သော လုံ့လ 'သမ္မာဝါယာမ' မှန်ကန်သော အောက်မေ့မှု 'သမ္မာသတိ' မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ' တို့ပါတည်း။ သာရိပုတြာ ကောင်းပေစွ၊ ကောင်းပေစွ၊ အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်သည်ပင် သောတမည်၏။ ဤသည်ကား အဘယ်နည်း၊ မှန်ကန်သော အမြင် 'သမ္မာဒိဋ္ဌိ' ။ပ။ မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ' တို့တည်း။

သာရိပုတြာ "သောတာပန် သောတာပန်" ဟု ဤစကားကို ဆို၏၊ သာရိပုတြာ သောတာပန်ဟူသည် အဘယ်နည်းဟု မိန့်တော်မူ၏။ အသျှင်ဘုရား အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်နှင့် ပြည့်စုံသောသူကို သောတာပန်ဟု ဆိုအပ်ပါ၏၊ ထိုအသျှင်သည် ဤသို့သောအမည် ဤသို့သော အနွယ်ရှိပါ၏ဟု လျှောက်၏။ သာရိပုတြာ ကောင်းပေစွ၊ ကောင်းပေစွ၊ သာရိပုတြာ အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်နှင့် ပြည့်စုံသောသူကို သောတာပန်ဟု ဆိုအပ်၏၊ ထိုအသျှင်သည် ဤသို့သောအမည် ဤသို့သော အနွယ်ရှိ၏ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၆-ထပတိသုတ်

၁၀၀၂။ သာဝတ္ထိနိဒါန်း။ ထိုအခါ မြတ်စွာဘုရားသည် "ဝါတွင်းသုံးလလွန်၍ သင်္ကန်းကိစ္စပြီးသောအခါ မြတ်စွာဘုရားသည် ဒေသစာရီကြွတော်မူလတ္တံ့" ဟု များစွာသော ရဟန်းတို့သည်

http://www.dhammadownload.com



မြတ်စွာဘုရား၏ သက်နီးကို ချုပ်ဆိုးကြကုန်၏။ ထိုအခါ ဣသိဒတ္တနှင့် ပုရာဏမည်သော လက်သမား တို့သည် တစုံတခုသော ပြုဖွယ်ကိစ္စဖြင့် သာခုကရွာ၌ နေကုန်၏၊ မြတ်စွာဘုရားသည် “ဝါတွင်း သုံးလလွန်၍ သင်္ကန်းကိစ္စပြီးသောအခါ ဒေသစာရီကြွတော်မူလတ္တံ့”ဟု များစွာကုန်သော ရဟန်း တို့သည် မြတ်စွာဘုရား၏ သင်္ကန်းချုပ်ဆိုးခြင်းကို ပြုလုပ်ကုန်သတဲ့ဟု ဣသိဒတ္တနှင့် ပုရာဏမည် သော လက်သမားတို့ ကြားကုန်၏။

ထိုအခါ ဣသိဒတ္တနှင့် ပုရာဏလက်သမားတို့သည် ယောကျ်ားတယောက်ကို “အချင်း ယောကျ်ား သင်သည် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရား ကြွလာတော်မူသည်ကို မြင်သောအခါ ငါတို့အား ပြောကြားလှည့်လော့”ဟု မှာထား၍ လမ်း၌ (အစောင့်) ထားကုန်၏။ စောင့်နေသော ထို ယောကျ်ားသည် နှစ်ရက် သုံးရက်ရှိသောအခါ မြတ်စွာဘုရား အဝေးမှကြွလာသည်ကို မြင်ရ၍ ဣသိဒတ္တနှင့် ပုရာဏလက်သမားတို့ထံသို့ ချဉ်းကပ်ပြီးလျှင် “အသျှင်တို့ ပူဇော်အထူးကို ခံတော်မူ ထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော ဤမြတ်စွာဘုရားသည် ကြွလာတော်မူ၏၊ ယခုသွားရန် အချိန်ကို သိပါကုန်၏ (သွားရန်မှာ အသျှင်တို့၏ အလိုအတိုင်းပင် ဖြစ်ပါသည်)”ဟု ပြောလေ၏။

ဣသိဒတ္တနှင့် ပုရာဏလက်သမားတို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကုန်၍ မြတ်စွာဘုရားကို ရှိခိုးလျက် မြတ်စွာဘုရား၏ နောက်မှ နောက်မှ အစဉ်လိုက်ကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် လမ်းမှဖဲ၍ခွါခဲ့၍ သစ်ပင်တပင်ရင်းသို့ ချဉ်းကပ်တော်မူပြီးလျှင် ခင်းထားသောနေရာ၌ ထိုင်နေတော် မူ၏။ ဣသိဒတ္တနှင့် ပုရာဏလက်သမားတို့သည် မြတ်စွာဘုရားကို ရှိခိုး၍ တခုသောနေရာ၌ ထိုင်နေ ကုန်ပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်ကုန်၏—

အသျှင်ဘုရား မြတ်စွာဘုရားသည် “သာဝတ္ထိပြည်မှ ကောသလတိုင်းအတွင်းရှိ ဇနပုဒ်တို့သို့ ဒေသစာရီ ကြွတော်မူလတ္တံ့”ဟု တပည့်တော်တို့ ကြားရသောအခါ “မြတ်စွာဘုရားသည် ငါတို့ နှင့် ဝေးတော့မည်”ဟု အကျွန်ုပ်တို့အား မနှစ်လိုခြင်း နှလုံးမသာခြင်း ဖြစ်ပါ၏။ အသျှင်ဘုရား မြတ်စွာဘုရားသည် “သာဝတ္ထိပြည်မှ ကောသလတိုင်းအတွင်းရှိ ဇနပုဒ်တို့သို့ ဒေသစာရီကြွတော် မူ၏”ဟု အကျွန်ုပ်တို့ ကြားရသောအခါ “မြတ်စွာဘုရားသည် ငါတို့နှင့် ဝေးခဲ့ပြီ”ဟု တပည့်တော် တို့အား မနှစ်လိုခြင်း နှလုံးမသာခြင်းသည် ဖြစ်ပါ၏။

အသျှင်ဘုရား မြတ်စွာဘုရားသည် “ကောသလတိုင်းမှ မလ္လတိုင်းသို့ ဒေသစာရီ ကြွတော်မူ လတ္တံ့”ဟု အကျွန်ုပ်တို့ ကြားရသောအခါ “မြတ်စွာဘုရားသည် ငါတို့နှင့် ဝေးတော့မည်”ဟု အကျွန်ုပ်တို့အား မနှစ်လိုခြင်း နှလုံးမသာခြင်း ဖြစ်ပါ၏။ အသျှင်ဘုရား “မြတ်စွာဘုရားသည် ကောသလတိုင်းမှ မလ္လတိုင်းသို့ ဒေသစာရီ ကြွတော်မူ၏”ဟု အကျွန်ုပ်တို့ ကြားရသော အခါ “မြတ်စွာဘုရားသည် ငါတို့နှင့် ဝေးခဲ့ပြီ”ဟု အကျွန်ုပ်တို့အား မနှစ်လိုခြင်း နှလုံးမသာခြင်း ဖြစ်ပါ၏။

အသျှင်ဘုရား မြတ်စွာဘုရားသည် “မလ္လတိုင်းမှ ဝဇ္ဇီတိုင်းသို့ ဒေသစာရီ ကြွတော်မူလတ္တံ့”ဟု အကျွန်ုပ်တို့ ကြားရသောအခါ “မြတ်စွာဘုရား သည် ငါတို့နှင့် ဝေးတော့မည်”ဟု အကျွန်ုပ်တို့အား မနှစ်လိုခြင်း နှလုံးမသာခြင်း ဖြစ်ပါ၏။ အသျှင်ဘုရား မြတ်စွာဘုရားသည် “မလ္လတိုင်းမှ ဝဇ္ဇီတိုင်း သို့ ဒေသစာရီ ကြွတော်မူ၏”ဟု အကျွန်ုပ်တို့ ကြားရသောအခါ “မြတ်စွာဘုရားသည် ငါတို့နှင့် ဝေးခဲ့ပြီ”ဟု အကျွန်ုပ်တို့အား မနှစ်လိုခြင်း နှလုံးမသာခြင်း ဖြစ်ပါ၏။

http://www.dhammadownload.com



အသျှင်ဘုရား မြတ်စွာဘုရားသည် "ဝဇ္ဇီတိုင်းမှ ကာသိတိုင်းသို့ ဒေသစာရီကြွတော်မူလတ္တံ့"ဟု အကျွန်ုပ်တို့ ကြားရသောအခါ"မြတ်စွာဘုရားသည် ငါတို့နှင့် ဝေးတော့မည်"ဟု အကျွန်ုပ်တို့အား မနှစ်လိုခြင်း နှလုံးမသာခြင်းဖြစ်ပါ၏။ အသျှင်ဘုရား မြတ်စွာဘုရားသည်"ဝဇ္ဇီတိုင်းမှ ကာသိတိုင်းသို့ ဒေသစာရီ ကြွတော်မူ၏" ဟု အကျွန်ုပ်တို့ ကြားရသောအခါ "မြတ်စွာဘုရားသည် ငါတို့နှင့် ဝေးခဲ့ပြီ"ဟု အကျွန်ုပ်တို့အား မနှစ်လိုခြင်း နှလုံးမသာခြင်း ဖြစ်ပါ၏။

အသျှင်ဘုရား မြတ်စွာဘုရားသည် "ကာသိတိုင်းမှ မဂဓတိုင်းသို့ ဒေသစာရီကြွတော်မူလတ္တံ့" ဟု အကျွန်ုပ်တို့ ကြားရသောအခါ "မြတ်စွာဘုရားသည် ငါတို့နှင့် ဝေးတော့မည်"ဟု အကျွန်ုပ်တို့အား မနှစ်လိုခြင်း နှလုံးမသာခြင်း ဖြစ်ပါ၏။ အသျှင်ဘုရား မြတ်စွာဘုရားသည် "ကာသိတိုင်းမှ မာဂဓတိုင်းသို့ ဒေသစာရီ ကြွတော်မူ၏"ဟု အကျွန်ုပ်တို့ ကြားရသောအခါ "မြတ်စွာဘုရားသည် ငါတို့နှင့် ဝေးခဲ့ပြီ"ဟု အကျွန်ုပ်တို့အား မနှစ်လိုခြင်း နှလုံးမသာခြင်း ဖြစ်ပါ၏။

အသျှင်ဘုရား မြတ်စွာဘုရားသည်"မဂဓတိုင်းမှ ကာသိတိုင်းသို့ ဒေသစာရီ ကြွတော်မူလတ္တံ့" ဟု အကျွန်ုပ်တို့ ကြားရသောအခါ "မြတ်စွာဘုရားသည် ငါတို့နှင့် နီးတော့မည်"ဟု အကျွန်ုပ်တို့အား နှစ်လိုခြင်း ဝမ်းသာခြင်းဖြစ်ပါ၏။ အသျှင်ဘုရား မြတ်စွာဘုရားသည်"မဂဓတိုင်းမှ ကာသိတိုင်းသို့ ဒေသစာရီကြွတော်မူ၏"ဟု အကျွန်ုပ်တို့ ကြားရသောအခါ"မြတ်စွာဘုရားသည် ငါတို့နှင့် နီးလေပြီ"ဟု အကျွန်ုပ်တို့အား နှစ်လိုခြင်း ဝမ်းသာခြင်း ဖြစ်ပါ၏။

အသျှင်ဘုရား မြတ်စွာဘုရားသည် "ကာသိတိုင်းမှ ဝဇ္ဇီတိုင်းသို့ ဒေသစာရီ ကြွတော်မူလတ္တံ့" ဟု အကျွန်ုပ်တို့ ကြားရသောအခါ "မြတ်စွာဘုရားသည် ငါတို့နှင့် နီးတော့မည်"ဟု အကျွန်ုပ်တို့အား နှစ်လိုခြင်း ဝမ်းသာခြင်း ဖြစ်ပါ၏။ အသျှင်ဘုရား မြတ်စွာဘုရားသည် "ကာသိတိုင်းမှ ဝဇ္ဇီတိုင်းသို့ ဒေသစာရီ ကြွတော်မူ၏"ဟု အကျွန်ုပ်တို့ ကြားရသောအခါ "မြတ်စွာဘုရားသည် ငါတို့နှင့် နီးလေပြီ"ဟု အကျွန်ုပ်တို့အား နှစ်လိုခြင်း ဝမ်းသာခြင်း ဖြစ်ပါ၏။

အသျှင်ဘုရား မြတ်စွာဘုရားသည် "ဝဇ္ဇီတိုင်းမှ မလ္လတိုင်းသို့ ဒေသစာရီ ကြွတော်မူလတ္တံ့"ဟု အကျွန်ုပ်တို့ ကြားရသောအခါ "မြတ်စွာဘုရားသည် ငါတို့နှင့် နီးတော့မည်"ဟု အကျွန်ုပ်တို့အား နှစ်လိုခြင်း ဝမ်းသာခြင်း ဖြစ်ပါ၏။ အသျှင်ဘုရား မြတ်စွာဘုရားသည် "ဝဇ္ဇီတိုင်းမှ မလ္လတိုင်းသို့ ဒေသစာရီ ကြွတော်မူ၏"ဟု အကျွန်ုပ်တို့ ကြားရသောအခါ "မြတ်စွာဘုရားသည် ငါတို့နှင့် နီးလေပြီ"ဟု အကျွန်ုပ်တို့အား နှစ်လိုခြင်း ဝမ်းသာခြင်း ဖြစ်ပါ၏။

အသျှင်ဘုရား မြတ်စွာဘုရားသည် "မလ္လတိုင်းမှ ကောသလတိုင်းသို့ ဒေသစာရီ ကြွတော်မူလတ္တံ့"ဟု အကျွန်ုပ်တို့ ကြားရသောအခါ "မြတ်စွာဘုရားသည် ငါတို့နှင့် နီးတော့မည်"ဟု အကျွန်ုပ်တို့အား နှစ်လိုခြင်း ဝမ်းသာခြင်း ဖြစ်ပါ၏။ အသျှင်ဘုရား "မြတ်စွာဘုရားသည် မလ္လတိုင်းမှ ကောသလတိုင်းသို့ ဒေသစာရီ ကြွတော်မူ၏"ဟု အကျွန်ုပ်တို့ ကြားရသောအခါ "မြတ်စွာဘုရားသည် ငါတို့နှင့် နီးလေပြီ"ဟု အကျွန်ုပ်တို့အား နှစ်လိုခြင်း ဝမ်းသာခြင်း ဖြစ်ပါ၏။

အသျှင်ဘုရား မြတ်စွာဘုရားသည် "ကောသလတိုင်းတွင်းရှိ ဇနပုဒ်တို့မှ သာဝတ္ထိပြည်သို့ ဒေသစာရီကြွတော်မူလတ္တံ့"ဟု အကျွန်ုပ်တို့ ကြားရသောအခါ "မြတ်စွာဘုရားသည် ငါတို့နှင့်

http://www.dhammadownload.com



နီးတော့မည်”ဟု အကျွန်ုပ်တို့အား နှစ်လို့ခြင်း ဝမ်းသာခြင်း ဖြစ်ပါ၏၊ အသျှင်ဘုရား မြတ်စွာဘုရားသည်“သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌(သီတင်းသုံး) နေတော်မူ၏”ဟု အကျွန်ုပ်တို့ ကြားရသောအခါ “မြတ်စွာဘုရားသည် ငါတို့နှင့် နီးလေပြီ”ဟု အကျွန်ုပ်တို့အား များစွာ နှစ်လို့ခြင်း ဝမ်းသာခြင်း ဖြစ်ပါ၏ဟု (လျှောက်ကုန်၏)။

လက်သမားတို့ ထို့ကြောင့်ပင် အိမ်ရာတည်ထောင်လူ့ဘောင်၌ နေခြင်းသည် ကျဉ်းမြောင်း၏၊ ကိလေသာမြူ ထရာ ခရီးနှင့် တူ၏၊ ရဟန်းအဖြစ်သည် လွှင်ပြင်နှင့် တူ၏၊ လက်သမားတို့ သင်တို့သည် မမေ့လျော့ခြင်းငှါ သင့်လျော်သည်သာတည်းဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား ဤကျဉ်းမြောင်းခြင်းထက် ပို၍လည်း ကျဉ်းမြောင်းသော ပို၍ ကျဉ်းမြောင်းသည်ဟုလည်း ဆိုအပ်သော ကျဉ်းမြောင်းခြင်းတမျိုး ရှိပါသေး၏ဟု (လျှောက်ကုန်၏)။ လက်သမားတို့ ဤကျဉ်းမြောင်းခြင်းထက် ပို၍လည်း ကျဉ်းမြောင်းသော ပို၍ ကျဉ်းမြောင်းသည်ဟုလည်း ဆိုအပ်သော ကျဉ်းမြောင်းခြင်း တမျိုးဟူသည် အဘယ်နည်းဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား တပည့်တော်တို့သည် ပသေနဒီကောသလမင်း ဥယျာဉ်တော်သို့ ထွက်သွားလိုသောအခါ ပသေနဒီကောသလမင်း၏ စီးတော်ဆင်တို့ကို တန်ဆာဆင်ပြီး၍ ပသေနဒီကောသလမင်း၏ ချစ်ခင်ဖွယ် နှစ်သက်ဖွယ်ရှိကုန်သော မိဖုရားတို့ကို ရှေ့တယောက် နောက်တယောက် ထိုင်စေကုန်၏၊ အသျှင်ဘုရား ထိုမိဖုရားတို့၏ အနံ့သည် နံ့သာကြုတ်မှ ဖွင့်ထုတ်ခါစ နံ့သာဖြင့် လိမ်းခြယ်ကုန်သော မင်းသမီးငယ်တို့၏ အနံ့ကဲ့သို့ ဖြစ်ပါ၏၊ အသျှင်ဘုရား ထိုမိဖုရားတို့၏ ကိုယ်အတွေ့သည် ချမ်းသာစွာ ကြီးပြင်းလာကုန်သော မင်းသမီးငယ်တို့၏ လဲစိုင် ဝါဂွမ်းစိုင်နှင့် တူသော ကိုယ်အတွေ့ကဲ့သို့ ဖြစ်ပါ၏၊ အသျှင်ဘုရား ထိုအခါ၌ ဆင်ကိုလည်း စောင့်ရှောက်ရပါ၏၊ ထိုမိဖုရားတို့ကိုလည်း စောင့်ရှောက်ရပါကုန်၏၊ မိမိကိုယ်ကိုလည်း စောင့်ရှောက်ရပါ၏၊ အသျှင်ဘုရား အကျွန်ုပ်တို့သည် ထိုမိဖုရားတို့အပေါ်၌ စိတ်ယုတ် စိတ်ညံ့ဖြစ်စေဘူးသည်ကို မသိစဘူးပါ။ အသျှင်ဘုရား ဤအဖြစ်သည် ထိုမြတ်စွာဘုရား မိန့်တော်မူသော ကျဉ်းမြောင်းခြင်းထက် ပို၍လည်း ကျဉ်းမြောင်းသော ပို၍ ကျဉ်းမြောင်းသည်ဟုလည်း ဆိုအပ်သော ကျဉ်းမြောင်းခြင်းတမျိုး ဖြစ်ပါ၏ဟု (လျှောက်ကုန်၏)။

လက်သမားတို့ ထို့ကြောင့်ပင် အိမ်ရာတည်ထောင်လူ့ဘောင်၌ နေခြင်းသည် ကျဉ်းမြောင်း၏၊ ကိလေသာမြူ ထရာ ခရီးနှင့် တူ၏၊ ရဟန်းအဖြစ်သည် လွှင်ပြင်နှင့် တူ၏၊ လက်သမားတို့ သင်တို့သည် မမေ့လျော့ခြင်းငှါ သင့်လျော်သည်သာတည်း။ လက်သမားတို့ တရားလေးမျိုးတို့နှင့် ပြည့်စုံသော အရိယာတပည့်သည် ပျက်စီးကျရောက်ခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိသော သောတာပန်ဖြစ်၏။

အဘယ်လေးပါးတို့နှင့်နည်း၊ လက်သမားတို့ ဤသာသနာတော်၌ အရိယာတပည့်သည် “ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ပ။ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏”ဟု မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။ တရားတော်၌။ပ။ သံဃာတော်၌။ပ။ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။ ဝန်တိုမှု ‘မစ္ဆေရ’ အညစ်အကြေး

http://www.dhammadownload.com



ကင်းသောစိတ်ဖြင့် အိမ်၌ ဦးစီးကာ နေ၏၊ လွတ်လွတ် စွန့်ကြဲတတ်၏၊ (လှူဒါန်းရန်) ဆေးကြော ထားသော လက်ရှိ၏၊ စွန့်ကြဲခြင်း၌ မွေ့လျော်၏၊ ဖုန်းတောင်းယာစကာတို့နှင့် စပ်ယှဉ်၏၊ ပေးကမ်းခြင်း ဝေခြမ်းခြင်း၌ မွေ့လျော်၏။ လက်သမားတို့ ဤတရားလေးမျိုးတို့နှင့် ပြည့်စုံသော အရိယာတပည့်သည် ပျက်စီးကျရောက်ခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်မဂ် သုံးပါးလျှင် လည်းလျောင်းရာရှိသော သောတာပန်ဖြစ်၏။

လက်သမားတို့ သင်တို့သည် "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ပ။ နတ်လူတို့၏ ဆရာ ဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏"ဟု မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညို ခြင်းနှင့် ပြည့်စုံ၏။ တရားတော်၌။ပ။ သံဃာတော်၌။ပ။ (မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ ၏)။ အိမ်၌ရှိသော လှူဖွယ်ဝတ္ထုဟူသမျှအားလုံးကို သီလရှိကုန်သော ကောင်းသော သဘော ရှိကုန်သော ပုဂ္ဂိုလ်တို့နှင့် မခွဲခြားအပ်။ လက်သမားတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန် သနည်း၊ ပေးကမ်းခြင်း ဝေခြမ်းခြင်း၌ သင်တို့နှင့် တူမျှကုန်သော လူတို့သည် ကောသလတိုင်း၌ အဘယ်မျှ ရှိကုန်အံ့နည်းဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား အကျွန်ုပ်တို့အား အရတော်ပေစွ၊ အသျှင်ဘုရား အကျွန်ုပ်တို့အား ကောင်းစွာ ရအပ်ပေစွ၊ အသျှင်ဘုရား မြတ်စွာဘုရားသည် အကျွန်ုပ်တို့၏ အကြောင်းကို သိတော်မူ၏ဟု လျှောက်ကုန်၏။

ဆဋ္ဌသုတ်။

---

## ၇-ဝေဠုဒွါရေယျသုတ်

၁၀၀၃။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်— အခါတပါး၌ မြတ်စွာဘုရားသည် များစွာသော ရဟန်းသံဃာနှင့်အတူ ကောသလတိုင်း၌ ဒေသစာရီ ကြွတော်မူသည်ရှိသော် ကောသလတိုင်းတို့၌ ဝေဠုဒွါရမည်သော ပုဏ္ဏားရွာသို့ ရောက်တော်မူ၏။ ထိုဝေဠုဒွါရ ရွာသား ပုဏ္ဏားနှင့်အမျိုးသားတို့သည် (ဤသို့) ကြားသိလေကုန်၏ "အချင်းတို့ သာကီဝင်မင်းမျိုး မှ ရဟန်းပြုသည့် သာကီဝင်မင်းသား ရဟန်းဂေါတမသည် များစွာသော ရဟန်းသံဃာနှင့်အတူ ကောသလတိုင်းတို့၌ ဒေသစာရီ လှည့်လည်တော်မူရာ ဝေဠုဒွါရရွာသို့ ရောက်လာ၏"ဟု ကြားကုန် ၏။ ထိုအသျှင်ဂေါတမ၏ ကျော်စောသတင်းသည် ဤသို့ ပြန့်နှံ့၍ ထွက်၏၊ "ထိုမြတ်စွာဘုရား သည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူပါ ပေ၏။ (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူပါပေ၏၊ အသိဉာဏ် 'ဝိဇ္ဇာ' အကျင့် 'စရဏ' နှင့် ပြည့်စုံတော် မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူပါပေ၏၊ ကောင်းသောစကားကို ဆိုတော် မူတတ်သော အကြောင်းကြောင့်လည်း သုဂတ မည်တော်မူပါပေ၏၊ လောကကို သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူပါပေ၏၊ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ ပုဂ္ဂိုလ်ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရောပုရိသ ဒမ္မသာရထိ မည်

http://www.dhammadownload.com



တော်မူပါပေ၏၊နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူပါပေ၏၊ (သစ္စာလေးပါး တရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူပါပေ၏၊ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူပါပေ၏”ဟု ပြန့်နှံ့၍ထွက်၏။ “ထိုမြတ်စွာဘုရားသည် နတ် မာရ်နတ် ဗြဟ္မာနှင့် တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏမင်းများ လူများနှင့် တကွသော လူ့လောကကို ကိုယ်တိုင် ထူးသော ဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုလျက် ဟောကြားတော်မူ၏။ ထိုမြတ်စွာဘုရားသည် အစ၏ကောင်းခြင်း အလယ်၏ကောင်းခြင်း အဆုံး၏ကောင်းခြင်းရှိသော အနက်နှင့်ပြည့်စုံသော သဒ္ဒါနှင့် ပြည့်စုံသော တရားကို ဟောတော်မူ၏၊ အလုံးစုံ ပြည့်စုံသော စင်ကြယ်သော မြတ်သော အကျင့်ကိုပြတော်မူ၏၊ထိုသို့ သဘောရှိသော ရဟန္တာပုဂ္ဂိုလ်တို့ကို ဖူးမြင်ရခြင်းသည် ကောင်းသည် သာတည်း”ဟု ကြားသိလေကုန်၏။

ထို့နောက် ထိုဝေဠုဒွါရ ရွာသား ပုဏ္ဏားနှင့် အမျိုးသားဘို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကုန်၍ အချို့သောသူတို့သည် မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောနေရာ၌ ထိုင်နေကုန်၏၊အချို့တို့သည် မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဖွယ် အောက်မေ့ဖွယ် နှုတ်ဆက်စကားကို ပြောဆိုပြီးလျှင် တခုသော နေရာ၌ ထိုင်နေကုန်၏၊ အချို့တို့သည် မြတ်စွာဘုရားရှိရာသို့ လက်အုပ်ချီကုန်လျက် တခုသော နေရာ၌ ထိုင်နေကုန်၏၊ အချို့တို့သည် မြတ်စွာဘုရား၏အနီး၌ အမည် အနွယ်ကို လျှောက်ကြား၍ တခုသော နေရာ၌ ထိုင်နေကုန်၏၊ အချို့တို့သည် တခုသောနေရာ၌ ဆိတ်ဆိတ် ထိုင်နေကုန်၏။ထိုဝေဠုဒွါရရွာသား ပုဏ္ဏားနှင့်အမျိုးသားတို့သည် တခုသောနေရာ၌ ထိုင်နေကြပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်ကုန်၏“အသျှင်ဂေါတမ အကျွန်ုပ်တို့သည် ဤသို့သော အလို'ဆန္ဒ'အဓိပ္ပါယ်ရှိကုန်သည်ဖြစ်၍ သားမယားတို့ဖြင့် ကျဉ်းမြောင်းသော အိမ်ရာ၌ နေလိုကြပါကုန်၏၊ ကာသိတိုင်းထွက် စန္ဒကူးကို သုံးဆောင် ခံစားလိုကြပါကုန်၏၊ ပန်းပန်ခြင်း နံ့သာခြယ်ခြင်း နံ့သာပျောင်း လိမ်းခြင်းကို ပြုလိုကြပါကုန်၏၊ ရွှေငွေကို လက်ခံ သာယာ လိုကြပါကုန်၏၊ ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသော သူတို့၏ လားရောက်ရာ နတ်ပြည်သို့ ရောက်လိုကြပါကုန်၏။ အသျှင်ဂေါတမသည် ဤသို့ အလို'ဆန္ဒ' အဓိပ္ပါယ်ရှိကုန်သော ထိုအကျွန်ုပ်တို့အား အလိုအတိုင်းဖြစ်နိုင် ရောက်နိုင်လောက်သော အခြင်းအရာအားဖြင့် တရားကို ဟောတော်မူပါ” ဟု (လျှောက်ကုန်၏)။

အမျိုးသားတို့ သင်တို့အား မိမိကိုယ်၌ ဆောင်ထားထိုက်သော တရားဒေသနာကို ဟောကြားပေအံ့၊ ထိုတရားကို နာကြကုန်လော့၊ ကောင်းစွာ နှလုံး သွင်းကြကုန်လော့၊ ဟောပေအံ့ဟု မိန့်တော်မူ၏။ “အသျှင်ဘုရား ကောင်းပါပြီ”ဟု ထိုဝေဠုဒွါရရွာသား ပုဏ္ဏားနှင့်အမျိုးသားတို့သည် မြတ်စွာဘုရားအား ပြန်လျှောက်ကုန်၏၊ မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

အမျိုးသားတို့ မိမိကိုယ်၌ ဆောင်ထားထိုက်သော တရားဒေသနာဟူသည် အဘယ်နည်း၊ အမျိုးသားတို့“ငါသည် အသက်ရှင်လို မသေလို ချမ်းသာလို၏၊ ဆင်းရဲကို စက်ဆုပ်၏၊ အကြင်သူသည် အသက်ရှင်လို မသေလို ချမ်းသာလိုသော ဆင်းရဲကို စက်ဆုပ်သော ငါ့အား ဇီဝိတိန္ဒြေမှ ချွေးအံ့၊ ငါသည် ထိုသူ၏ ထိုသတ်မှုကို မချစ်မနှစ်သက်၊ ငါကလည်း အသက်ရှင်လို မသေလို ချမ်းသာလိုသော ဆင်းရဲကို စက်ဆုပ်သော သူတပါးကို ဇီဝိတိန္ဒြေမှ ချွေးအံ့၊ သူတပါးက

http://www.dhammadownload.com



လည်း ထိုသတ်မှုကို မချစ်မနှစ်သက်၊ ငါသည် မချစ်မနှစ်သက်သော တရားကို သူတပါးသည်လည်း မချစ်မနှစ်သက်၊ ငါမချစ်မနှစ်သက်သော ထိုတရားနှင့် သူတပါးကို အဘယ့်ကြောင့် ယှဉ်စေရာအံ့နည်း ဟု အရိယာတပည့်သည် ဤသို့ ဆင်ခြင်၍ မိမိကိုယ်တိုင်လည်း သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊ သူတပါးကိုလည်း သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏၊ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၏ ဂုဏ်ကျေးဇူးကိုလည်း ပြောဆို၏၊ ဤသို့ ထိုသူ၏ ကိုယ်ကျင့်ကောင်းခြင်းသည် အစွန်းသုံးပါးမှ စင်ကြယ်၏။

အမျိုးသားတို့ နောက်တမျိုးကား "အကြင် သူသည် ငါမပေးသော ဥစ္စာကို ခိုးလိုသော စိတ်ဖြင့် ခိုးယူငြားအံ့၊ ငါသည် ထိုသူ၏ ခိုးယူမှုကို မချစ်မနှစ်သက်၊ ငါကလည်း(သူတပါး)မပေးသော ဥစ္စာကို ခိုးလိုသော စိတ်ဖြင့် ခိုးယူငြားအံ့၊ သူတပါးကလည်း ထိုခိုးယူမှုကို မချစ်မနှစ်သက်၊ ငါသည် မချစ်မနှစ်သက်သော တရားကို သူတပါးသည်လည်း မချစ်မနှစ်သက်၊ ငါမချစ်မနှစ်သက်သော ထိုတရားနှင့် သူတပါးကို အဘယ့်ကြောင့် ယှဉ်စေရာအံ့နည်း" ဟု အရိယာတပည့်သည် ဤသို့ ဆင်ခြင်၍ မိမိကိုယ်တိုင်လည်း မပေးသော ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်၏၊ သူတပါးကိုလည်း မပေးသော ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏၊ မပေးသော ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၏ ဂုဏ်ကျေးဇူးကိုလည်း ပြောဆို၏၊ ဤသို့ ထိုသူ၏ ကိုယ်ကျင့်ကောင်းခြင်းသည် အစွန်းသုံးပါးမှ စင်ကြယ်၏။

အမျိုးသားတို့ နောက်တမျိုးကား "အကြင်သူသည် ငါ၏ သားမယားတို့၌ လွန်ကျူးခြင်းသို့ ရောက်ငြားအံ့၊ ငါသည် ထိုသူ၏ ထိုလွန်ကျူးမှုကို မချစ်မနှစ်သက်၊ ငါကလည်း (သူတပါး၏)သားမယားတို့၌ လွန်ကျူးခြင်းသို့ ရောက်ငြားအံ့၊ သူတပါးကလည်း ထိုလွန်ကျူးမှုကို မချစ်မနှစ်သက်၊ ငါမချစ်မနှစ်သက်သော တရားကို သူတပါးကလည်း မချစ်မနှစ်သက်၊ ငါမချစ်မနှစ်သက်သော ထိုတရားနှင့် သူတပါးကို အဘယ့်ကြောင့် ယှဉ်စေရာအံ့နည်း"ဟု အရိယာတပည့်သည် ဤသို့ ဆင်ခြင်၍ မိမိကိုယ်တိုင်လည်း ကာမတို့၌ မှားသောအားဖြင့် ကျင့်ခြင်းမှ ရှောင်ကြဉ်၏၊ သူတပါးကိုလည်း ကာမတို့၌ မှားသောအားဖြင့် ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏၊ ကာမတို့၌ မှားသောအားဖြင့် ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း၏ ဂုဏ်ကျေးဇူးကိုလည်း ပြောဆို၏၊ ဤသို့ ထိုသူ၏ ကိုယ်ကျင့်ကောင်းခြင်းသည် အစွန်းသုံးပါးမှ စင်ကြယ်၏။

အမျိုးသားတို့ နောက်တမျိုးကား "အကြင်သူသည် မမှန်ပြောခြင်းဖြင့် ငါ၏အကျိုးကို ချိုးဖျက်ငြားအံ့၊ ငါသည် ထိုသူ၏ မမှန်ပြောဆိုမှုမျိုးကို မချစ်မနှစ်သက်၊ ငါကလည်း မမှန်ပြောခြင်းဖြင့် သူတပါး၏အကျိုးကို ချိုးဖျက်ငြားအံ့၊ သူတပါးကလည်း ထိုမမှန်ပြောဆိုမှုမျိုးကို မချစ်မနှစ်သက်၊ ငါမချစ်မနှစ်သက်သော တရားကို သူတပါးသည်လည်း မချစ်မနှစ်သက်၊ ငါမချစ်မနှစ်သက်သော ထိုတရားနှင့် သူတပါးကို အဘယ့်ကြောင့် ယှဉ်စေရာအံ့နည်း"ဟု အရိယာတပည့်သည် ဤသို့ ဆင်ခြင်၍ မိမိကိုယ်တိုင်လည်း မမှန်ပြောခြင်းမှ ရှောင်ကြဉ်၏၊ သူတပါးကိုလည်း မမှန်ပြောခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏၊ မမှန်ပြောခြင်းမှ ရှောင်ကြဉ်ခြင်း၏ ဂုဏ်ကျေးဇူးကိုလည်း ပြောဆို၏၊ ဤသို့ ထိုသူ၏ နှုတ်ကျင့်ကောင်းခြင်းသည် အစွန်းသုံးပါးမှ စင်ကြယ်၏။

အမျိုးသားတို့ နောက်တမျိုးကား အကြင်သူသည် ကုန်းစကားဖြင့် ငါ့ကို မိတ်ဆွေတို့နှင့် ခွဲငြားအံ့၊ ငါသည် ထိုသူ၏ကုန်းချောမှုမျိုးကို မချစ်မနှစ်သက်၊ ငါကလည်း ကုန်းစကားဖြင့်

http://www.dhammadownload.com



သူတပါးကို မိတ်ဆွေတို့နှင့် ခွဲခြားအံ့၊ သူတပါးသည်လည်း ထိုကုန်းချောမှုမျိုးကို မချစ်မနှစ်သက်။ပ။ ဤသို့ ထိုသူ၏ နှုတ်ကျင့်ကောင်းခြင်းသည် အစွန်းသုံးပါးမှ စင်ကြယ်၏။

အမျိုးသားတို့ နောက်တမျိုးကား အကြင်သူသည် ကြမ်းထမ်းသောစကားဖြင့် ငါ့ကို ပြောဆိုငြားအံ့၊ ငါသည် ထိုသူ၏ ကြမ်းထမ်းစွာပြောဆိုမှုကို မချစ်မနှစ်သက်၊ ငါကလည်း သူတပါးကို ကြမ်းထမ်းသောစကားဖြင့် ပြောဆိုငြားအံ့၊ သူတပါးသည်လည်း ထိုကြမ်းထမ်းစွာပြောဆိုမှုကို မချစ်မနှစ်သက်။ပ။ဤသို့ ထိုသူ၏ နှုတ်ကျင့်ကောင်းခြင်းသည် အစွန်းသုံးပါးမှ စင်ကြယ်၏။

အမျိုးသားတို့ နောက်တမျိုးကား အကြင်သူသည် ငါ့ကို ပြိန်ဖျင်းသောစကားဖြင့် ပြောဆိုငြားအံ့၊ ငါသည် ထိုသူ၏ အပြိန်အဖျင်း ပြောဆိုမှုကို မချစ်မနှစ်သက်၊ ငါကလည်း သူတပါးကို ပြိန်ဖျင်းသောစကားဖြင့် ပြောဆိုငြားအံ့၊ သူတပါးသည်လည်း ထိုအပြိန်အဖျင်း ပြောဆိုမှုကို မချစ်မနှစ်သက်၊ ငါမချစ်မနှစ်သက်သောတရားကို သူတပါးသည်လည်း မချစ်မနှစ်သက်၊ ငါမချစ်မနှစ်သက်သော ထိုတရားနှင့် သူတပါးကို အဘယ့်ကြောင့် ယှဉ်စေရာအံ့နည်း''ဟု အရိယာတပည့်သည် ဤသို့ ဆင်ခြင်၍ မိမိကိုယ်တိုင်လည်း ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏၊ သူတပါးကိုလည်း ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေ၏၊ ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၏ ဂုဏ်ကျေးဇူးကိုလည်း ပြောဆို၏၊ ဤသို့ ထိုသူ၏ နှုတ်ကျင့်ကောင်းခြင်းသည် အစွန်းသုံးပါးမှ စင်ကြယ်၏။

ထိုအရိယာတပည့်သည် ''ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ပ။ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏''ဟု မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။ တရားတော်၌။ပ။ မြတ်စွာဘုရား၏ တပည့်သားသံဃာတော်သည် ကောင်းသောအကျင့် ရှိတော်မူပါပေ၏။ပ။ လူအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်၏ဟု သံဃာတော်၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။ မကျိုးကုန်သော။ပ။ တည်ကြည်မှု 'သမာဓိ'ကို ဖြစ်စေတတ်ကုန်သော အရိယာတို့ နှစ်သက်အပ်ကုန်သော သီလတို့နှင့် ပြည့်စုံ၏။ အမျိုးသားတို့ အရိယာတပည့်သည် ဤသူတော်ကောင်းတရား ခုနစ်ပါးတို့နှင့် ပြည့်စုံခြင်းကြောင့် အလိုရှိခဲ့သော် ဤလိုလားအပ်သော အကြောင်းလေးမျိုးတို့ဖြင့် မိမိကိုယ်ကို ကိုယ်တိုင်ပင်(ငါ့အား)ငရဲပဋိသန္ဓေကုန်ပြီ၊ တိရစ္ဆာန် ပဋိသန္ဓေကုန်ပြီ၊ ပြိတ္တာပဋိသန္ဓေကုန်ပြီ၊ မကောင်းသောသူတို့၏ လားရောက်ရာ ပျက်စီးကျရောက်ရာ ချမ်းသာကင်းရာ အပါယ်ပဋိသန္ဓေကုန်ပြီ၊ ငါသည် ပျက်စီးကျရောက်ခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိသော သောတာ ပန်ဖြစ်၏ဟု ပြောကြားနိုင်ရာ၏။

ဤသို့ မိန့်တော်မူလတ်သော် ဝေဠုဒွါရရွာသား ပုဏ္ဏားနှင့် အမျိုးသားတို့သည် မြတ်စွာဘုရားအား ဤစကားကို လျှောက်ကုန်၏ ''အသျှင်ဂေါတမ (တရားတော်သည်) အလွန်နှစ်သက်ဖွယ် ရှိပါပေစွ။ပ။ အကျွန်ုပ်တို့သည် အသျှင်ဂေါတမကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါကုန်၏၊ တရားတော်ကိုရင်း ရဟန်းသံဃာတော်ကိုရင်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါကုန်၏၊ အသျှင်ဂေါတမ သည် အကျွန်ုပ်တို့ကို ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်သော ဥပါသကာ''ဟု မှတ်တော်မူ ပါဟု (လျှောက်ကုန်၏)။

သတ္တမသုတ်။

http://www.dhammadownload.com



## ၈-၉၄မ ဂိဉ္ဇကာဝသထသုတ်

၁၀၀၄။ အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်—အခါတပါး၌မြတ်စွာဘုရားသည် ဉာတိက ရွာ အုတ်ကျောင်း၌ (သိတင်းသုံး) နေတော်မူ၏၊ထိုအခါ အသျှင်အာနန္ဒာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

အသျှင်ဘုရား သာဠှမည်သော ရဟန်းသည် ကွယ်လွန်ခဲ့ပါပြီ၊ ထိုသာဠှ၏ လားရာ 'ဂတိ' ကား အဘယ်ပါနည်း၊ တမလွန်ဘဝကား အဘယ်ပါနည်း။ အသျှင်ဘုရား နန္ဒာမည်သော ရဟန်းမသည် ကွယ်လွန်ခဲ့ပါပြီ၊ ထိုရဟန်းမ၏ လားရာ 'ဂတိ' ကား အဘယ်ပါနည်း၊ တမလွန်ဘဝကား အဘယ် ပါနည်း။အသျှင်ဘုရား သုဒတ္တမည်သော ဥပါသကာသည် ကွယ်လွန်ခဲ့ပါပြီ၊ထိုဥပါသကာ၏ လားရာ 'ဂတိ' ကား အဘယ်ပါနည်း၊ တမလွန်ဘဝကား အဘယ်ပါနည်း။ အသျှင်ဘုရား သုဇာတာမည် သော ဥပါသိကာမသည် ကွယ်လွန်ခဲ့ပါပြီ၊ ထိုဥပါသိကာမ၏ လားရာ 'ဂတိ' ကား အဘယ်ပါနည်း၊ တမလွန်ဘဝကား အဘယ်ပါနည်းဟု (လျှောက်၏)။

အာနန္ဒာ ကွယ်လွန်သွားသော သာဠှရဟန်းသည် အာသဝတို့၏ ကုန်ခြင်းကြောင့် အာသဝ ကင်း၍ (ကိလေသာမှ) လွတ်မြောက်သော (အရဟတ္တဖိုလ်) စိတ်နှင့် လွတ်မြောက်သော (အရဟတ္တ ဖိုလ်) ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍နေသော ရဟန္တာပေတည်း။ အာနန္ဒာ ကွယ်လွန်သွားသော နန္ဒာရဟန်းမသည် အောက်ပိုင်းသံယောဇဉ် ငါးပါးတို့ ကုန်ခြင်းကြောင့် ထိုဗြဟ္မာ့ဘုံ၌ဖြစ်၍ ထိုဘုံမှပြန်လည်ခြင်း သဘောမရှိပဲ ပရိနိဗ္ဗာန်ပြုမည့် အနာဂါမ်ပေတည်း။ အာနန္ဒာ ကွယ်လွန်သွားသော သုဒတ္တ ဥပါသကာသည် သံယောဇဉ်သုံးပါးတို့ ကုန်သည့်ပြင် တပ်မက်မှု 'ရာဂ' အမျက်ထွက်မှု 'ဒေါသ' တွေဝေမှု 'မောဟ' တို့၏ ခေါင်းပါး ခြင်းကြောင့် ဤလူ့ပြည်သို့ တကြိမ်သာလာ၍ ဆင်းရဲ၏အဆုံးကိုပြုမည့် သကဒါဂါမ်ပေတည်း။ အာနန္ဒာ ကွယ်လွန်သွားသော သုဇာတာ ဥပါသိကာမသည် သံယောဇဉ်သုံးပါးတို့ ကုန်ခြင်းကြောင့် အပါယ်သို့ ကျရောက်ခြင်းသဘောမရှိ ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာ ရှိသော သောတာပန်ပေတည်း။

အာနန္ဒာ ဤအရာသည် အံ့ဖွယ်မဟုတ်၊ အာနန္ဒာ လူသားဖြစ်သူ သေတိုင်းပင် ငါဘုရားထံသို့ ချဉ်းကပ်၍ ဤအကြောင်းအရာကို မေးမြန်းနေကြလျှင် မြတ်စွာဘုရားအား ပင်ပန်းခြင်းသာ ဖြစ်ရာ၏၊ အာနန္ဒာ ထို့ကြောင့် ကြေးမုံ (တရား) မည်သော ဒေသနာတော်ကို ဟောကြား ပေအံ့၊ ယင်း ကြေးမုံတရားနှင့် ပြည့်စုံသော အရိယာသာဝကသည် ပြောကြားလိုပါမူ "ငါ့အား ငရဲပဋိသန္ဓေကုန်ပြီ၊ တိရစ္ဆာန်ပဋိသန္ဓေကုန်ပြီ၊ ပြိတ္တာပဋိသန္ဓေကုန်ပြီ၊ မကောင်းသောသူတို့၏ လားရောက်ရာ ပျက်စီးကျရောက်ရာ ချမ်းသာကင်းရာ အပါယ်ပဋိသန္ဓေကုန်ပြီ၊ ငါသည် ပျက်စီးကျရောက်ခြင်း သဘောမရှိ ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာ ရှိသော သောတာပန်ဖြစ်၏"ဟု မိမိကိုယ်တိုင် မိမိအကြောင်းကို ပြောကြားနိုင်ပေ၏။

ယင်း ကြေးမုံတရားကား အဘယ်နည်း၊ အာနန္ဒာ ဤသာသနာတော်၌ အရိယာတပည့်သည် "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ပ။ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝ မနုဿာနံ မည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်

http://www.dhammadownload.com



တော်မူ၏”ဟု မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။ တရားတော်၌။ပ။ သံဃာတော်၌။ပ။ (မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏)။ မကျိုးမပေါက် မပြောက်မကျားကုန်သော။ပ။တည်ကြည်မှု 'သမာဓိ'ကို ဖြစ်စေတတ်သော အရိယာတို့ နှစ်သက်အပ်သော သီလတို့နှင့် ပြည့်စုံ၏။ ဤသည်ပင် ကြေးမုံတရားတည်း။ ယင်းကြေးမုံတရားနှင့် ပြည့်စုံသော အရိယာတပည့်သည် ပြောကြားလိုခဲ့မူ “ငါ့အား ငရဲပဋိသန္ဓေကုန်ပြီ၊ တိရစ္ဆာန်ပဋိသန္ဓေကုန်ပြီ၊ ပြိတ္တာပဋိသန္ဓေကုန်ပြီ၊ မကောင်းသောသူတို့၏ လားရောက်ရာ ပျက်စီးကျရောက်ရာ အပါယ်ပဋိသန္ဓေကုန်ပြီ၊ ငါသည် ပျက်စီးခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိသော သောတာပန်ဖြစ်၏” ဟု မိမိကိုယ်တိုင်ပင် မိမိအကြောင်းကို ပြောကြားနိုင်ပေ၏ ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

[ဤသုံးသုတ်တို့သည် နိဒါန်းတူကုန်၏]။

---

## ၉-ဒုတိယ ဂိဉ္ဇကာဝသထသုတ်

၁၀၀၅။ အသျှင်အာနန္ဒာသည် တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—“အသျှင်ဘုရား အသောကမည်သော ရဟန်းသည် ကွယ်လွန်ခဲ့ပါပြီ၊ ထိုရဟန်း၏ လားရာ 'ဂတိ'ကား အဘယ်ပါနည်း၊ တမလွန် ဘဝကား အဘယ်ပါနည်း။ အသျှင်ဘုရား အသောကာမည်သော ရဟန်းမသည် ကွယ်လွန်ခဲ့ပါပြီ။ပ။အသျှင်ဘုရား အသောကမည်သော ဥပါသကာသည် ကွယ်လွန်ခဲ့ပါပြီ။ပ။ အသျှင်ဘုရား အသောကာမည်သော ဥပါသိကာမသည် ကွယ်လွန်ခဲ့ပါပြီ၊ ထိုဥပါသိကာမ၏ လားရာ 'ဂတိ'ကား အဘယ်ပါနည်း၊ တမလွန် ဘဝကား အဘယ်ပါနည်း”ဟု (လျှောက်၏)။

အာနန္ဒာ ကွယ်လွန်သွားသော အသောကရဟန်းသည် အာသဝတို့ကုန်ခြင်းကြောင့် အာသဝကင်း၍ (ကိလေသာမှ) လွတ်မြောက်သော (အရဟတ္တဖိုလ်) စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်)ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍နေသော ရဟန္တာပေတည်း။ပ။ [ရှေးစကားပြင် တရားနှင့် နိဒါန်းတူ၏]။

အာနန္ဒာ ဤသည်ပင် ကြေးမုံတရားတည်း၊ အာနန္ဒာ ယင်းတရားတို့နှင့် ပြည့်စုံသော အရိယာတပည့်သည် ပြောကြားလိုပါမူ “ငါ့အား ငရဲပဋိသန္ဓေကုန်ပြီ၊ တိရစ္ဆာန်ပဋိသန္ဓေကုန်ပြီ၊ ပြိတ္တာပဋိသန္ဓေကုန်ပြီ၊ မကောင်းသောသူတို့၏ လားရောက်ရာ ပျက်စီးကျရောက်ရာ အပါယ်ပဋိသန္ဓေကုန်ပြီးဖြစ်၏၊ ငါသည် ပျက်စီးကျရောက်ခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိသော သောတာပန်ဖြစ်၏”ဟု မိမိကိုယ်တိုင်ပင် မိမိအကြောင်းကို ပြောကြားနိုင်ပေ၏ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-တတိယ ဂိဉ္ဇကာဝသထသုတ်

၁၀၀၆။ အသျှင်အာနန္ဒာသည် တခုတည်းသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏“အသျှင်ဘုရား ဉာတိကရွာ၌ ကက္ကဋမည်သော ဥပါသကာသည် ကွယ်လွန်

http://www.dhammadownload.com



ခဲ့ပါပြီ၊ ထိုဥပါသကာ၏ လားရာ'ဂတိ'ကား အဘယ်ပါနည်း၊ တမလွန်ဘဝကား' အဘယ်ပါနည်း။ အသျှင်ဘုရား ဉာတိကရွာ၌ ကဋိဘမည်သော ဥပါသကာသည်။ အသျှင်ဘုရား ဉာတိကရွာ၌ နိကတမည်သော ဥပါသကာသည်။ အသျှင်ဘုရား ဉာတိကရွာ၌ ကဋိဿဟမည်သော ဥပါသကာသည်။ အသျှင်ဘုရား ဉာတိကရွာ၌ တုဋ္ဌမည်သော ဥပါသကာသည်။ အသျှင်ဘုရား ဉာတိကရွာ၌ သံတုဋ္ဌမည်သော ဥပါသကာသည်။ အသျှင်ဘုရား ဉာတိကရွာ၌ ဘဒ္ဒမည်သော ဥပါသကာသည်။ အသျှင်ဘုရား ဉာတိကရွာ၌ သုဘဒ္ဒမည်သော ဥပါသကာသည် ကွယ်လွန်ခဲ့ပါပြီ၊ ထိုဥပါသကာ၏ လားရာ'ဂတိ'ကား အဘယ်ပါနည်း၊ တမလွန်ဘဝကား အဘယ်ပါနည်း''ဟု (လျှောက်၏)။

အာနန္ဒာ ကွယ်လွန်သွားသော ကက္ကဋဥပါသကာသည် အောက်ပိုင်းသံယောဇဉ် ငါးပါးတို့ ကုန်ခြင်းကြောင့် ထိုဗြဟ္မာ့ဘုံ၌ဖြစ်၍ ထိုဗြဟ္မာ့ဘုံမှ ပြန်မလာပဲ ပရိနိဗ္ဗာန်ပြုမည့် အနာဂါမ် ပေတည်း။ အာနန္ဒာ ကဋိဘသည်။ အာနန္ဒာ နိကတသည်။ အာနန္ဒာ ကဋိဿဟသည်။ အာနန္ဒာ တုဋ္ဌသည်။ အာနန္ဒာ သံတုဋ္ဌသည်။ အာနန္ဒာ ဘဒ္ဒသည်။ အာနန္ဒာ ကွယ်လွန်သွားသော သုဘဒ္ဒသည် အောက်ပိုင်းသံယောဇဉ် ငါးပါးတို့ ကုန်ခြင်းကြောင့် ထိုဗြဟ္မာ့ဘုံ၌ဖြစ်၍ ထိုဗြဟ္မာ့ဘုံမှပြန်လာခြင်း သဘောမရှိပဲ ပရိနိဗ္ဗာန်ပြုမည့် အနာဂါမ်ပုဂ္ဂိုလ်ပေတည်း။ [အလုံးစုံသော သူတို့ကို အလားဘူ ပြုအပ်ကုန်၏]။

အာနန္ဒာ ကွယ်လွန် သွားကုန်သော ဉာတိကရွာ၌ ဥပါသကာငါးဆယ်ကျော်တို့သည် အောက်ပိုင်း သံယောဇဉ်ငါးပါးတို့ ကုန်ခြင်းကြောင့် ထိုဗြဟ္မာ့ဘုံ၌ဖြစ်၍ ထိုဗြဟ္မာ့ဘုံမှ ပြန်လာခြင်း သဘောမရှိပဲ ပရိနိဗ္ဗာန်ပြုကြမည့် အနာဂါမ်တို့တည်း။ အာနန္ဒာ ကွယ်လွန်သွားကုန်သော ဉာတိကရွာ၌ ဥပါသကာကိုးဆယ့်ခြောက်ယောက်တို့သည် သံယောဇဉ် သုံးပါးတို့ ကုန်သည့်ပြင် စွဲမက်မှု'ရာဂ' အမျက်ထွက်မှု 'ဒေါသ' တွေဝေမှု 'မောဟ' တို့ ခေါင်းပါးခြင်းကြောင့် တကြိမ်သာ ဤ(ကာမ)ဘုံသို့လာ၍ ဆင်းရဲ၏ အဆုံးကို ပြုကြမည့် သကဒါဂါမ်တို့တည်း။ အာနန္ဒာ ကွယ်လွန်သွားသော ဉာတိကရွာ၌ ဥပါသိကာ ငါးရာ့ခြောက်ယောက်တို့သည် သံယောဇဉ်သုံးပါးတို့ ကုန်ခြင်းကြောင့် ပျက်စီးကျရောက်ခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိသော သောတာပန်တို့တည်း။

အာနန္ဒာ ဤအရာသည် အံ့ဖွယ်မဟုတ်၊ အာနန္ဒာ လူသားဖြစ်သူ သေဘိုင်းပင် ငါဘုရားထံသို့ ချဉ်းကပ်၍ ဤအကြောင်းအရာကို မေးမြန်းနေကြလျှင် မြတ်စွာဘုရားအား ပင်ပန်းခြင်းသာ ဖြစ်ရာ၏။ အာနန္ဒာ ထို့ကြောင့် ကြေးမုံတရားမည်သော ဒေသနာတော်ကို ဟောကြားပေအံ့၊ ယင်း ကြေးမုံတရားနှင့် ပြည့်စုံသော အရိယာတပည့်သည် ပြောကြားလိုမူ "ငါ့အား ငရဲ ပဋိသန္ဓေကုန်ပြီ၊ တိရစ္ဆာန် ပဋိသန္ဓေကုန်ပြီ၊ ပြိတ္တာ ပဋိသန္ဓေကုန်ပြီ၊ မကောင်းသော သူတို့၏ လားရောက်ရာ ပျက်စီးကျရောက်ရာ အပါယ် ပဋိသန္ဓေကုန်ပြီ၊ ငါသည် ပျက်စီးကျရောက်ခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိသော သောတာပန်ဖြစ်၏''ဟု မိမိကိုယ်တိုင်ပင်လျှင် မိမိအကြောင်းကို ပြောကြားနိုင်ရာ၏။

ယင်း ကြေးမုံတရားကား အဘယ်နည်း၊ အာနန္ဒာ ဤသာသနာတော်၌ အရိယာတပည့်သည် "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏၊ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို) သိစေတော်မူသော အကြောင်း

http://www.dhammadownload.com



ကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏''ဟု မြတ်စွာဘုရား၌ မတုန်မလှုပ်ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။တရားတော်၌။ပ။သံဃာတော်၌။ပ။ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။ မကျိုးမပေါက် မပြောက်မကျားကုန်သော။ပ။ တည်ကြည်မှု 'သမာဓိ'ကို ဖြစ်စေတတ်ကုန်သော အရိယာတို့ နှစ်သက်အပ်ကုန်သော သီလတို့နှင့် ပြည့်စုံ၏။ ဤသည်ပင် ကြေးမုံတရားတည်း။ အာနန္ဒာ ယင်း ကြေးမုံတရားနှင့် ပြည့်စုံသော အရိယာတပည့်သည် ပြောကြားလိုမူ "ငါ့အား ငရဲပဋိသန္ဓေကုန်ပြီ၊ တိရစ္ဆာန်ပဋိသန္ဓေကုန်ပြီ၊ ပြိတ္တာပဋိသန္ဓေကုန်ပြီ၊ မကောင်းသောသူတို့၏ လားရောက်ရာ ပျက်စီးကျရောက်ရာ အပါယ် ပဋိသန္ဓေကုန်ပြီ၊ ငါသည် ပျက်စီးကျရောက်ခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်မဂ် သုံးပါးလျှင် လည်းလျောင်းရာရှိသော သောတာပန်ဖြစ်၏" ဟု မိမိကိုယ်တိုင်ပင် မိမိအကြောင်းကို ပြောကြားနိုင်ရာ၏ ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

ရှေးဦးစွာသော ဝေဠုဒွါရဝဂ် ပြီး၏။

---

## ၂-ရာဇကာရာမဝဂ် ၁-သဟဿဘိက္ခုနီသံဃသုတ်

၁၀၀၇။ အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် မင်းကျောင်း၌(သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ တထောင်သော ဘိက္ခုနီသံဃာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောနေရာ၌ တည်နေကုန်၏၊ တခုသောနေရာ၌ တည်နေကုန်ပြီးသော ထို ရဟန်းမတို့အား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

ရဟန်းမတို့ လေးမျိုးသော တရားတို့နှင့် ပြည့်စုံသော အရိယာတပည့်သည် ပျက်စီးကျရောက်ခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိသော သောတာပန်ဖြစ်၏။ အဘယ်လေးပါးတို့နည်း၊ ရဟန်းမတို့ ဤသာသနာတော်၌ အရိယာတပည့်သည် "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ပ။ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာ ဒေဝမနုဿာနံ မည်တော်မူ၏၊(သစ္စာလေးပါး တရားတို့ကို)သိစေတော်မူသော အကြောင်းကြောင့် လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏"ဟု မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။ တရားတော်၌။ပ။ သံဃာတော်၌။ပ။ (မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏)၊ မကျိုးမပေါက် မပြောက်မကျားကုန်သော။ပ။တည်ကြည်မှု 'သမာဓိ' ကို ဖြစ်စေတတ်သော အရိယာတို့ နှစ်သက်အပ်ကုန်သော သီလတို့နှင့် ပြည့်စုံ၏။ ရဟန်းမတို့ ဤတရားလေးမျိုးတို့နှင့် ပြည့်စုံသော အရိယာတပည့်သည် ပျက်စီးကျရောက်ခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိသော သောတာပန်ဖြစ်၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

http://www.dhammadownload.com



## ၂-ဗြာဟ္မဏသုတ်

၁၀၀၈။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ဗြာဟ္မဏတို့သည် ကြီးပွါးခြင်းသို့ ရောက်ကြောင်းမည်သော အကျင့်ကို ပညတ်ကုန်၏၊ ထိုဗြာဟ္မဏတို့သည် တပည့်ကို ဤသို့ ဆောက်တည်စေကုန်၏— "အချင်းယောကျ်ား လာလော့၊ သင်သည် စောစောထ၍ အရှေ့သို့ ရှေးရှု သွားလော့၊ သင်သည် ချောက်ကို မရှောင်လင့်၊ ကမ်းပါးပြတ်ကို မရှောင်လင့်၊ သစ်ငုတ်ကို မရှောင်လင့်၊ ဆူးရှိရာကို မရှောင်လင့်၊ တန်စီးအိုင်ကို မရှောင်လင့်၊ တန်စီးတွင်းကို မရှောင်လင့်၊ ကျရာအရပ်မှာပင် သေခြင်းကို လိုလား (တောင့်တ)ရာ၏၊ အချင်းယောကျ်ား ဤ(အကျင့်)ဖြင့် သင်သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော သုဂတိ၏ လားရောက်ရာ နတ်ပြည်၌ ဖြစ်လတ္တံ့"ဟု (ဆောက်တည်စေကုန်၏)။

ရဟန်းတို့ ဤအကျင့်သည် ဗြာဟ္မဏတို့၏ မိုက်မဲမှုမျှသာတည်း၊ တွေဝေမှုမျှသာတည်း၊ ငြီးငွေ့ခြင်းငှါ မဖြစ်၊ စွဲမက်မှုကင်းခြင်းငှါ မဖြစ်၊ ချုပ်ခြင်းငှါ မဖြစ်၊ ငြိမ်းအေးခြင်းငှါ မဖြစ်၊ ထိုးထွင်း၍ သိခြင်းငှါ မဖြစ်၊ ကိုယ်တိုင်သိခြင်းငှါ မဖြစ်၊ နိဗ္ဗာန်အလို့ငှါ မဖြစ်။ ရဟန်းတို့ ငါသည်ကား အရိယာ၏ ဝိနည်း၌ ကြီးပွါးခြင်းသို့ ရောက်ကြောင်း အကျင့်ကို သိစေအံ့၊ ယင်းအကျင့်သည် စင်စစ် ငြီးငွေ့ခြင်းငှါ စွဲမက်မှုကင်းခြင်းငှါ ချုပ်ခြင်းငှါ ငြိမ်းအေးခြင်းငှါ ထိုးထွင်း၍ သိခြင်းငှါ ကိုယ်တိုင်သိခြင်းငှါ နိဗ္ဗာန်အလို့ငှါ ဖြစ်၏။

ရဟန်းတို့ စင်စစ် ငြီးငွေ့ခြင်းငှါ။ပ။ နိဗ္ဗာန်အလို့ငှါဖြစ်သော ထိုအရိယာ၏ဝိနည်း၌ ကြီးပွါးခြင်းသို့ ရောက်ကြောင်း အကျင့်ဟူသည် အဘယ်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အရိယာတပည့်သည် "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ပ။နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏"ဟု မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။ တရားတော်၌။ပ။သံဃာတော်၌။ပ။ (မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏)။ မကျိုးမပေါက် မပြောက် မကျားကုန်သော။ပ။တည်ကြည်မှု 'သမာဓိ'ကို ဖြစ်စေတတ်သော အရိယာတို့ နှစ်သက်အပ်သော သီလတို့နှင့် ပြည့်စုံ၏။ ရဟန်းတို့ ဤသည်ကား စင်စစ် ငြီးငွေ့ခြင်းငှါ။ပ။နိဗ္ဗာန်အလို့ငှါ ဖြစ်သော ထိုကြီးပွါးခြင်းသို့ ရောက်ကြောင်း အကျင့်ပင်တည်းဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-အာနန္ဒတ္ထေရသုတ်

၁၀၀၉။ အခါတပါး၌ အသျှင်အာနန္ဒာနှင့် အသျှင်သာရိပုတြာတို့သည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏အရံဖြစ်သော ဇေတဝန်ကျောင်း၌(သီတင်းသုံး)နေကုန်၏၊ထိုအခါ အသျှင်သာရိပုတြာသည် ညနေချမ်းအချိန်၌ တပါးတည်း ကိန်းအောင်းရာမှထခဲ့၍ အသျှင်အာနန္ဒာထံသို့ ချဉ်းကပ်ပြီးလျှင် အသျှင်အာနန္ဒာနှင့်အတူ ဝမ်းမြောက် ဝမ်းသာ နှုတ်ဆက်ပြောဆို၏။ဝမ်းမြောက်ဖွယ်

http://www.dhammadownload.com



အမှတ်ရဖွယ်စကားကို ပြောဆိုပြီးဆုံးစေပြီးလျှင် တခုသောနေရာ၌ ထိုင်နေပြီးသော် အသျှင်အာနန္ဒာအား ဤစကားကို ဆို၏—"ငါ့သျှင်အာနန္ဒာ အဘယ်တရားတို့ကို ပယ်ခြင်းကြောင့် အဘယ်တရားတို့နှင့် ပြည့်စုံခြင်းကြောင့် ဤသတ္တဝါကို မြတ်စွာဘုရားသည် 'ပျက်စီးကျရောက်ခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိသော သောတာပန်ဖြစ်၏'ဟု ဟောကြားတော်မူအပ်ပါသနည်း"ဟု ဆို၏၊ ငါ့သျှင် တရားလေးပါးတို့ကို ပယ်၍ ဤတရားလေးပါးတို့နှင့် ပြည့်စုံခြင်းကြောင့် ဤသတ္တဝါကို မြတ်စွာဘုရားသည် "ပျက်စီးကျရောက်ခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိသော သောတာပန်ဖြစ်၏"ဟု ဟောကြားတော်မူပါ၏။

အဘယ်လေးပါးတို့နည်း၊ ငါ့သျှင် မြတ်စွာဘုရား၌ အကြင်သို့သဘောရှိသော မကြည်ညိုခြင်းနှင့်ပြည့်စုံသော အကြားအမြင်မရှိသော ပုထုဇဉ်သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ မကောင်းသောသူတို့၏ လားရောက်ရာ ပျက်စီးကျရောက်ရာ ငရဲ၌ ဖြစ်ရ၏၊ မြတ်စွာဘုရား၌ ထိုသို့သဘောရှိသော မကြည်ညိုခြင်းသည် ထိုအရိယာတပည့်အား မဖြစ်။ ငါ့သျှင် မြတ်စွာဘုရား၌ အကြင်သို့ သဘောရှိသော မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံသော အကြားအမြင်ရှိသော အရိယာတပည့်သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောသူတို့၏ လားရောက်ရာ နတ်ပြည်၌ ဖြစ်ရ၏၊ "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ပ။ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏"ဟု မြတ်စွာဘုရား၌ ထိုသို့ သဘောရှိသော မတုန်မလှုပ် ကြည်ညိုခြင်းသည် ထိုအရိယာတပည့်အား ဖြစ်၏။

ငါ့သျှင် တရား၌ အကြင်သို့ သဘောရှိသော မကြည်ညိုခြင်းနှင့် ပြည့်စုံသော အကြားအမြင်မရှိသော ပုထုဇဉ်သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ မကောင်းသောသူတို့၏ လားရောက်ရာ ပျက်စီးကျရောက်ရာ ငရဲ၌ ဖြစ်ရ၏၊တရား၌ ထိုသို့သဘောရှိသော မကြည်ညိုခြင်းသည် ထိုအရိယာတပည့်အား မဖြစ်။ ငါ့သျှင် တရား၌ အကြင်သို့သဘောရှိသော မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံသော အကြားအမြင်ရှိသော အရိယာတပည့်သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောသူတို့၏ လားရောက်ရာ နတ်ပြည်၌ ဖြစ်ရ၏။ "တရားတော်သည် မြတ်စွာဘုရား ကောင်းစွာဟောကြားတော်မူအပ်သော တရားတော်ဖြစ်၏။ပ။ (အရိယာ) ပညာရှိတို့သာ ကိုယ်စီကိုယ်ငှ သိနိုင် ခံစားနိုင်သော တရားတော်ဖြစ်၏"ဟု တရားတော်၌ ထိုသို့ သဘောရှိသော မတုန်မလှုပ် ကြည်ညိုခြင်းသည် ထိုအရိယာတပည့်အား ဖြစ်၏။

ငါ့သျှင် သံဃာ၌ အကြင်သို့ သဘောရှိသော မကြည်ညိုခြင်းနှင့် ပြည့်စုံသော အကြားအမြင်မရှိသော ပုထုဇဉ်သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ မကောင်းသောသူတို့၏ လားရောက်ရာ ပျက်စီးကျရောက်ရာ ငရဲ၌ ဖြစ်ရ၏၊ သံဃာ၌ ထိုသို့သဘောရှိသော မကြည်ညိုခြင်းသည် ထိုအရိယာတပည့်အား မဖြစ်။ ငါ့သျှင် သံဃာ၌ အကြင်သို့သဘောရှိသော မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံသော အကြားအမြင်ရှိသော အရိယာတပည့်သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောသူတို့၏ လားရောက်ရာ နတ်ပြည်၌ ဖြစ်ရ၏။

http://www.dhammadownload.com



"မြတ်စွာဘုရား၏ တပည့်သာဝကသံဃာတော်သည် ကောင်းသော အကျင့်ရှိတော်မူပါပေ၏ ။ပ။ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်ပါပေ၏"ဟု သံဃာ၌ ထိုသို့သဘော ရှိသော မတုန်မလှုပ် ကြည်ညိုခြင်းသည် ထိုအရိယာတပည့်အား ဖြစ်၏။

ငါ့သျှင် အကြင်သို့ သဘောရှိသော သီလမရှိခြင်းနှင့် ပြည့်စုံသော အကြားအမြင် မရှိသော ပုထုဇဉ်သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ မကောင်းသော သူတို့၏ လားရောက်ရာ ပျက်စီးကျရောက်ရာ ငရဲ၌ ဖြစ်ရ၏၊ ထိုသို့သဘောရှိသော သီလမရှိခြင်းသည် ထိုအရိယာတပည့်အား မဖြစ်။ ငါ့သျှင် အရိယာတို့ နှစ်သက်အပ်သော အကြင်သို့ သဘောရှိသော သီလတို့နှင့် ပြည့်စုံသော အကြားအမြင်ရှိသော အရိယာတပည့်သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောသူတို့၏ လားရောက်ရာ နတ်ပြည်၌ ဖြစ်ရ၏၊ မကျိုးမပေါက် မပြောက် မကျားကုန်သော။ပ။တည်ကြည်မှု'သမာဓိ'ကို ဖြစ်စေတတ်သော အရိယာတို့ နှစ်သက် အပ်ကုန်သော ထိုသို့သဘောရှိသော သီလတို့သည် ထိုအရိယာ တပည့်အား ဖြစ်ကုန်၏။ ငါ့သျှင် ဤတရားလေးပါးတို့ကို ပယ်၍ ဤတရားလေးပါးတို့နှင့် ပြည့်စုံခြင်းကြောင့် ဤသတ္တဝါကို မြတ်စွာ ဘုရားသည်"ပျက်စီးကျရောက်ခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်မဂ် သုံးပါးလျှင် လည်းလျောင်းရာရှိသော သောတာပန်ဖြစ်၏ ဟု ဟောကြားတော်မူပါ၏"ဟု (မိန့်ဆို၏)။

တတိယသုတ်။

---

## ၄-ဒုဂ္ဂတိဘယသုတ်

၁၀၁၀။ ရဟန်းတို့ တရားလေးမျိုးတို့နှင့် ပြည့်စုံသော အရိယာတပည့်သည် မကောင်းသော သူတို့၏ လားရောက်ရာ'ဒုဂ္ဂတိ' ဘေးဟူသမျှ အလုံးစုံကို ကောင်းစွာ လွန်မြောက်၏။ အဘယ် လေးပါးတို့နှင့်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အရိယာတပည့်သည် "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ပ။ နတ်လူ တို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏။ (သစ္စာလေးပါးတရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏"ဟု မြတ်စွာဘုရား ၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။ တရားတော်၌။ပ။ သံဃာတော်၌။ပ။ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။ မကျိုးမပေါက် မပြောက် မကျားကုန်သော။ပ။ တည်ကြည်မှု'သမာဓိ' ကို ဖြစ်စေတတ်သော အရိယာတို့ နှစ်သက်အပ်ကုန်သော သီလတို့နှင့် ပြည့်စုံ၏။ ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့်ပြည့်စုံသော အရိယာတပည့်သည် မကောင်းသော သူတို့၏ လားရောက်ရာ 'ဒုဂ္ဂတိ' ဘေးဟူသမျှ အလုံးစုံကို ကောင်းစွာ လွန်မြောက်၏ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-ဒုဂ္ဂတိ ဝိနိပါတဘယသုတ်

၁၀၁၁။ ရဟန်းတို့ တရားလေးမျိုးတို့နှင့် ပြည့်စုံသော အရိယာတပည့်သည် မကောင်းသော သူတို့၏ လားရောက်ရာ ပျက်စီးကျရောက်ရာ ဘေးဟူသမျှ အလုံးစုံကို ကောင်းစွာ လွန်မြောက်၏။

http://www.dhammadownload.com



အဘယ်လေးပါးတို့နှင့်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အရိယာတပည့်သည် "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ပ။ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏"ဟု မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။ တရားတော်၌။ပ။ သံဃာတော်၌။ပ။ (မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏)။ မကျိုး မပေါက် မပြောက် မကျားကုန်သော။ပ။ တည်ကြည်မှု 'သမာဓိ' ကို ဖြစ်စေတတ်သော အရိယာတို့ နှစ်သက်အပ်သော သီလတို့နှင့် ပြည့်စုံ၏။ ရဟန်းတို့ ဤတရားလေးမျိုးတို့နှင့် ပြည့်စုံသော အရိယာတပည့်သည် မကောင်းသော သူတို့၏ လားရောက်ရာ ပျက်စီးကျရောက်ရာ ဘေးဟူသမျှ အလုံးစုံကို လွန်မြောက်၏ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၆-ပဌမ မိတ္တာမစ္စသုတ်

၁၀၁၂။ ရဟန်းတို့ အစဉ်သနား(စောင့်ရှောက်) ထိုက်ကုန်သော သူတို့ကိုရင်း မိမိစကားကို လိုက်နာလိမ့်မည်ဟု မှတ်ထင်ရကုန်သော မိတ်ဆွေခင်ပွန်း ဆွေမျိုးသားချင်းတို့ကိုရင်း သောတာပန်၏ အင်္ဂါလေးမျိုးတို့၌ ဆောက်တည်စေအပ်ကုန်၏၊ သွင်းထားအပ်ကုန်၏၊ တည်စေ အပ်ကုန်၏။ အဘယ်လေးပါးတို့နည်း၊ "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ပ။ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုး ကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏"ဟု မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်း၌ ဆောက်တည်စေအပ်ကုန်၏၊ သွင်းထားအပ်ကုန်၏၊ တည်စေအပ်ကုန်၏။ တရားတော်၌။ပ။ သံဃာတော်၌။ပ။ (မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏)။ မကျိုးမပေါက် မပြောက်မကျားကုန်သော။ပ။ တည်ကြည်မှု 'သမာဓိ' ကို ဖြစ်စေတတ်သော အရိယာတို့ နှစ်သက်အပ်သော သီလတို့၌ ဆောက်တည်စေအပ်ကုန်၏၊ သွင်းထားအပ်ကုန်၏၊ တည်စေအပ်ကုန်၏၊ ရဟန်းတို့ အစဉ်သနား စောင့်ရှောက်ထိုက်ကုန်သော သူတို့ကိုရင်း မိမိစကားကို လိုက်နာလိမ့်မည်ဟု မှတ်ထင်ရကုန်သော မိတ်ဆွေခင်ပွန်း ဆွေမျိုးသားချင်းတို့ကိုရင်း သောတာပန်၏ အင်္ဂါလေးမျိုးတို့၌ ဆောက်တည်စေအပ်ကုန်၏၊ သွင်းထားအပ်ကုန်၏၊ တည်စေအပ်ကုန်၏ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-ဒုတိယ မိတ္တာမစ္စသုတ်

၁၀၁၃။ ရဟန်းတို့ အစဉ်သနား(စောင့်ရှောက်) ထိုက်ကုန်သော သူတို့ကိုရင်း မိမိစကားကို လိုက်နာလိမ့်မည်ဟု မှတ်ထင်ရကုန်သော မိတ်ဆွေခင်ပွန်း ဆွေမျိုးသားချင်းတို့ကိုရင်း သောတာ

http://www.dhammadownload.com



ပန်၏ အင်္ဂါလေးမျိုးတို့၌ ဆောက်တည်စေအပ်ကုန်၏၊ သွင်းထားအပ်ကုန်၏၊ တည်စေအပ်ကုန်၏။ အဘယ်လေးပါးတို့နှင့်နည်း၊ "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ပ။ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏" ဟု မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်း၌ ဆောက်တည်စေအပ်ကုန်၏၊ သွင်းထားအပ်ကုန်၏၊ တည်စေအပ်ကုန်၏။

ရဟန်းတို့ ပထဝီဓာတ် အာပေါဓာတ် တေဇောဓာတ် ဝါယောဓာတ်ဟူသော မဟာဘုတ်လေးပါးတို့၏ ဖောက်ပြန်ခြင်းသည် ဖြစ်ရာသေး၏၊ မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံသော အရိယာတပည့်၏ ဖောက်ပြန်ခြင်းသည် မဖြစ်ရာ၊ ထိုအရာ၌ ဤကား ဖောက်ပြန်ပုံတည်း၊ မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံသော ထိုအရိယာတပည့်သည် စင်စစ်အားဖြင့် ငရဲ၌ငှင်း တိရစ္ဆာန်ဘဝ၌ငှင်း ပြိတ္တာဘဝ၌ငှင်း ဖြစ်လတ္တံ့ ဟူသော ဤအကြောင်းမျိုးသည် မရှိ။ တရားတော်၌။ပ။ သံဃာတော်၌။ပ။ မကျိုး မပေါက် မပြောက် မကျားကုန်သော။ပ။ တည်ကြည်မှု'သမာဓိ'ကို ဖြစ်စေတတ်သော အရိယာတို့ နှစ်သက်အပ်သော သီလတို့၌ ဆောက်တည်စေအပ်ကုန်၏၊ သွင်းထားအပ်ကုန်၏၊ တည်စေအပ်ကုန်၏။ ရဟန်းတို့ ပထဝီဓာတ် အာပေါဓာတ် တေဇောဓာတ် ဝါယောဓာတ် ဟူသော မဟာဘုတ်လေးပါးတို့၏ ဖောက်ပြန်ခြင်းသည် ဖြစ်ရာသေး၏၊ အရိယာတို့ နှစ်သက်အပ်သော သီလတို့နှင့် ပြည့်စုံသော အရိယာတို့၏ ဖောက်ပြန်ခြင်းသည် မဖြစ်ရာ၊ ထိုအရာ၌ ဤကား ဖောက်ပြန်ပုံတည်း၊ အရိယာတို့ နှစ်သက်အပ်သော သီလတို့နှင့် ပြည့်စုံသော ထိုအရိယာတပည့်သည် စင်စစ်အားဖြင့် ငရဲ၌ငှင်း တိရစ္ဆာန်ဘဝ၌ငှင်း ပြိတ္တာဘဝ၌ငှင်း ဖြစ်လတ္တံ့ ဟူသော ဤအကြောင်းမျိုးသည် မရှိ။ ရဟန်းတို့ အစဉ်သနား စောင့်ရှောက်ထိုက်သော သူတို့ကိုငှင်း မိမိစကားကို လိုက်နာလိမ့်မည်ဟု မှတ်ထင်ရသော မိတ်ဆွေခင်ပွန်း ဆွေမျိုးသားချင်းတို့ကိုငှင်း သောတာပန်၏ အင်္ဂါလေးမျိုးတို့၌ ဆောက်တည်စေအပ်ကုန်၏၊ သွင်းထားအပ်ကုန်၏၊ တည်စေအပ်ကုန်၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-ပဌမ ဒေဝစာရိကသုတ်

၁၀၁၄။ သာဝတ္ထိနိဒါန်း။ ထိုအခါ အသျှင်မဟာမောဂ္ဂလာန်သည် အားရှိသော ယောကျ်ားသည် ကွေးသောလက်ကို ဆန့်သကဲ့သို့ငှင်း ဆန့်သောလက်ကို ကွေးသကဲ့သို့ငှင်း ဤအတူပင် ဇေတဝန်ကျောင်းတော်မှ ကွယ်ခဲ့၍ တာဝတိံသာနတ်ပြည်၌ ထင်ရှားဖြစ်လေ၏၊ ထိုအခါ များစွာကုန်သော တာဝတိံသာနတ်တို့သည် အသျှင်မဟာမောဂ္ဂလာန်ထံသို့ ချဉ်းကပ်ကုန်၍ အသျှင်မဟာမောဂ္ဂလာန်ကို ရှိခိုးကုန်လျက် တခုသော နေရာ၌ ထိုင်နေကုန်၏၊ တခုသောနေရာ၌ ထိုင်နေကုန်သော ထိုနတ်တို့အား အသျှင်မဟာမောဂ္ဂလာန်သည် ဤစကားကို မိန့်တော်မူ၏—

နတ်သားတို့ "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ပ။ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း

http://www.dhammadownload.com



သတ္ထာဒေဝမနုဿာန မည်တော်မူ၏၊ (သစ္စာလေးပါးတရားတို့ကို)သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏''ဟု မြတ်စွာဘုရား၌ မတုန်မလှုပ်ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်းသည် ကောင်းသည်သာတည်း။ နတ်သားတို့ ဤလောက၌ အချို့သော သတ္တဝါတို့သည် မြတ်စွာဘုရား၌ ဤသို့ မတုန်မလှုပ်ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်းဟူသော အကြောင်းကြောင့် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသော သူတို့၏ လားရောက်ရာ နတ်ပြည်၌ ဖြစ်ရကုန်၏။ တရားတော်၌။ပ။ သံဃာတော်၌။ပ။ (မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏)။ နတ်သားတို့ မကျိုးမပေါက် မပြောက် မကျားကုန်သော။ပ။ တည်ကြည်မှု 'သမာဓိ'ကို ဖြစ်စေတတ်သော အရိယာတို့ နှစ်သက်အပ်ကုန်သော သီလတို့နှင့် ပြည့်စုံခြင်းသည် ကောင်းသည်သာတည်း။ နတ်သားတို့ ဤလောက၌ အချို့သောသတ္တဝါတို့သည်။ပ။ အရိယာတို့ နှစ်သက်အပ်သော သီလတို့နှင့် ပြည့်စုံခြင်းဟူသော အကြောင်းကြောင့် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသော သူတို့၏ လားရောက်ရာ နတ်ပြည်၌ ဖြစ်ရကုန်၏ဟု (မိန့်တော်မူ၏)။

အသျှင်မောဂ္ဂလာန် ''ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ပ။ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါးတရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏''ဟု မြတ်စွာဘုရား၌ မတုန်မလှုပ်ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်းသည် ကောင်းသည်သာတည်း။ အသျှင်မောဂ္ဂလာန် ဤလောက၌ အချို့သော သတ္တဝါတို့သည် ဤသို့ မြတ်စွာဘုရား၌ မတုန်မလှုပ်ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်းဟူသော အကြောင်းကြောင့် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောသူတို့၏ လားရောက်ရာ နတ်ပြည်၌ ဖြစ်ရကုန်၏၊ အသျှင်မောဂ္ဂလာန် တရားတော်၌။ပ။ သံဃာတော်၌။ပ။ အသျှင်မောဂ္ဂလာန် မကျိုးမပေါက် မပြောက်မကျားကုန်သော အရိယာတို့နှစ်သက်အပ်သော သီလတို့နှင့်ပြည့်စုံခြင်းသည် ကောင်းသည်သာတည်း။ အသျှင်မောဂ္ဂလာန် ဤလောက၌ အချို့သောသတ္တဝါတို့သည် ဤသို့။ပ။ အရိယာတို့ နှစ်သက်အပ်သော သီလတို့နှင့်ပြည့်စုံခြင်းဟူသော အကြောင်းကြောင့် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောသူတို့၏ လားရောက်ရာ နတ်ပြည်၌ ဖြစ်ရကုန်၏ဟု (လျှောက်ကုန်၏)။

အဋ္ဌမသုတ်။

---

## ၉-ဒုတိယ ဒေဝစာရိကသုတ်

၁၀၁၅။ သာဝတ္ထိနိဒါန်း။ ထိုအခါ အသျှင်မဟာမောဂ္ဂလာန်သည် အားရှိသော ယောကျ်ားသည် ကွေးသော လက်ကို ဆန့်သကဲ့သို့၎င်း ဆန့်သောလက်ကို ကွေးသကဲ့သို့၎င်း ဤအတူပင် ဇေတဝန်ကျောင်းတော်မှ ကွယ်ခဲ့၍ တာဝတိံသာနတ်ပြည်၌ ထင်ရှားဖြစ်လေ၏။ ထိုအခါ များစွာကုန်သော တာဝတိံသာနတ်တို့သည် အသျှင်မဟာမောဂ္ဂလာန်ထံသို့ ချဉ်းကပ်ကုန်၍

http://www.dhammadownload.com



အသျှင်မဟာမောဂ္ဂလာန်ကို ရှိခိုးကုန်လျက် တခုသောနေရာ၌ ထိုင်နေကုန်၏၊ တခုသောနေရာ၌ ထိုင်နေကုန်သော ထိုနတ်တို့အား အသျှင်မဟာမောဂ္ဂလာန်သည် ဤစကားကို မိန့်တော်မူ၏—

နတ်သားတို့ "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ပ။နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊(သစ္စာလေးပါးတရားတို့ကို)သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓမည်တော်မူ၏၊ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏"ဟု မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့်ပြည့်စုံခြင်းသည် ကောင်းသည်သာတည်း။ နတ်သားတို့ ဤလောက၌ အချို့သောသတ္တဝါတို့သည် ဤသို့ မြတ်စွာဘုရား၌ မတုန်မလှုပ်ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်းဟူသော အကြောင်းကြောင့် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောသူတို့၏ လားရောက်ရာ နတ်ပြည်၌ ဖြစ်ရဘူးကုန်ပြီ။ နတ်သားတို့ တရားတော်၌။ပ။သံဃာတော်၌။ပ။ (မတုန်မလှုပ်ကြည်ညိုခြင်းနှင့် ပြည့်စုံ၏) ။နတ်သားတို့ မကျိုးမပေါက် မပြောက်မကျားကုန်သော။ပ။တည်ကြည်မှု'သမာဓိ'ကို ဖြစ်စေတတ်သော အရိယာတို့ နှစ်သက်အပ်သော သီလတို့နှင့် ပြည့်စုံခြင်းသည် ကောင်းသည်သာတည်း။ နတ်သားတို့ ဤလောက၌ အချို့သောသတ္တဝါတို့သည် ဤသို့ မကျိုးမပေါက် မပြောက်မကျားကုန်သော။ပ။ တည်ကြည်မှု 'သမာဓိ'ကို ဖြစ်စေတတ်သော အရိယာတို့ နှစ်သက်အပ်သော သီလတို့နှင့်ပြည့်စုံခြင်းဟူသော အကြောင်းကြောင့် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောသူတို့၏ လားရောက်ရာ နတ်ပြည်၌ ဖြစ်ခဲ့ရဘူးကုန်ပြီ။

အသျှင်မောဂ္ဂလာန် "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ပ။နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါးတရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏"ဟု မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့်ပြည့်စုံခြင်းသည် ကောင်းသည်သာတည်း။ အသျှင်မောဂ္ဂလာန် ဤလောက၌ အချို့သောသတ္တဝါတို့သည် ဤသို့ မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့်ပြည့်စုံခြင်းဟူသော အကြောင်းကြောင့် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောသူတို့၏ လားရောက်ရာ နတ်ပြည်၌ ဖြစ်ရဘူးကုန်ပြီ။ အသျှင်မောဂ္ဂလာန် တရားတော်၌။ပ။ သံဃာတော်၌။ပ။ (မတုန်မလှုပ်ကြည်ညိုခြင်းနှင့် ပြည့်စုံ၏)။ အသျှင်မောဂ္ဂလာန် မကျိုးမပေါက် မပြောက်မကျားကုန်သော။ပ။တည်ကြည်မှု'သမာဓိ'ကို ဖြစ်စေတတ်သော အရိယာတို့ နှစ်သက်အပ်သော သီလတို့နှင့်ပြည့်စုံခြင်းသည် ကောင်းသည်သာတည်း။ အသျှင်မောဂ္ဂလာန် ဤလောက၌ အချို့သောသတ္တဝါတို့သည် ဤသို့ မကျိုးမပေါက် မပြောက်မကျားကုန်သော။ပ။တည်ကြည်မှု'သမာဓိ'ကိုဖြစ်စေတတ်သော အရိယာတို့ နှစ်သက်အပ်သော သီလတို့နှင့်ပြည့်စုံခြင်းဟူသော အကြောင်းကြောင့် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောသူတို့၏ လားရောက်ရာ နတ်ပြည်၌ ဖြစ်ရဘူးကုန်ပြီဟု (လျှောက်ထားကုန်၏)။

နဝမသုတ်။

http://www.dhammadownload.com



## ၁၀-တတိယ ဒေဝစာရိကသုတ်

၁၀၁၆။ ထိုအခါ မြတ်စွာဘုရားသည် အားရှိသော ယောကျ်ားသည် ကွေးသောလက်ကို ဆန့်သကဲ့သို့ရင်း ဆန့်သောလက်ကို ကွေးသကဲ့သို့ရင်း ထိုအတူပင် ဇေတဝန်ကျောင်းတော်မှ ကွယ်ခဲ့၍ တာဝတိံသာနတ်ပြည်၌ ထင်ရှား ဖြစ်တော်မူလေ၏၊ ထိုအခါ များစွာကုန်သော တာဝတိံသာနတ်တို့သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ကုန်၍ မြတ်စွာဘုရားကို ရှိခိုးကုန်လျက် တခုသောနေရာ၌ ထိုင်နေကုန်၏၊ တခုသောနေရာ၌ ထိုင်နေကြပြီးသော ထိုနတ်တို့အား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

နတ်သားတို့ "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံမည်တော်မူ၏။ပ။နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါးတရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါမည်တော်မူ၏" ဟု မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့်ပြည့်စုံခြင်းသည် ကောင်းသည်သာတည်း။ နတ်သားတို့ ဤလောက၌ အချို့သောသတ္တဝါတို့သည် ဤသို့ မြတ်စွာဘုရားကို မတုန်မလှုပ် ကြည်ညိုခြင်းနှင့်ပြည့်စုံခြင်းဟူသော အကြောင်းကြောင့် ပျက်စီးကျရောက်ခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိသော သောတာပန်တို့ဖြစ်ကုန်၏။ နတ်သားတို့ တရားတော်၌။ပ။ သံဃာတော်၌။ပ။ (မတုန်မလှုပ်ကြည်ညိုခြင်းနှင့်ပြည့်စုံ၏)။ နတ်သားတို့ မကျိုးမပေါက် မပြောက်မကျားကုန်သော။ပ။ တည်ကြည်မှု 'သမာဓိ'ကို ဖြစ်စေတတ်သော အရိယာတို့နှစ်သက်အပ်သော သီလတို့နှင့်ပြည့်စုံခြင်းသည် ကောင်းသည်သာတည်း။ နတ်သားတို့ ဤလောက၌ အချို့သောသတ္တဝါတို့သည် ဤသို့ မကျိုးမပေါက် မပြောက်မကျားကုန်သော။ပ။ တည်ကြည်မှု 'သမာဓိ'ကို ဖြစ်စေတတ်သော အရိယာတို့နှစ်သက်အပ်သော သီလတို့နှင့် ပြည့်စုံခြင်းဟူသော အကြောင်းကြောင့် ပျက်စီးကျရောက်ခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိသော သောတာပန်တို့ဖြစ်ကုန်၏ ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ပ။ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါးတရားတို့ကို)သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓမည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏" ဟု မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်းသည် ကောင်းသည်သာတည်း။ အသျှင်ဘုရား ဤသတ္တဝါအပေါင်းသည် ဤသို့မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်းဟူသော အကြောင်းကြောင့် ပျက်စီးကျရောက်ခြင်းသဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိသော သောတာပန်ဖြစ်ပါ၏။ အသျှင်ဘုရား တရားတော်၌။ပ။ သံဃာတော်၌။ပ။ အသျှင်ဘုရား မကျိုးမပေါက် မပြောက်မကျားကုန်သော။ပ။ တည်ကြည်မှု 'သမာဓိ'ကို ဖြစ်စေတတ်သော အရိယာတို့ နှစ်သက်အပ်သော သီလတို့နှင့်ပြည့်စုံခြင်းသည် ကောင်းသည်သာတည်း။ အသျှင်ဘုရား ဤသတ္တဝါအပေါင်းသည် ဤသို့ မကျိုးမပေါက် မပြောက်မကျားကုန်သော။ပ။ တည်ကြည်မှု 'သမာဓိ'ကို ဖြစ်စေတတ်သော အရိယာတို့နှစ်သက်

http://www.dhammadownload.com



အပ်သော သီလတို့နှင့်ပြည့်စုံခြင်းဟူသော အကြောင်းကြောင့် ပျက်စီးကျရောက်ခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိသော သောတာပန် ဖြစ်ပါ၏ဟု (လျှောက်ထားကုန်၏)။

ဒသမသုတ်။

နှစ်ခုမြောက် ရာဇကာရာမဝဂ် ပြီး၏။

---

## ၃-သရဏာနိဝဂ် ၁-ပဌမ မဟာနာမသုတ်

၁၀၁၇။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ မဟာနာမ်သာကီဝင်မင်းသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—"အသျှင်ဘုရား ဤကပိလဝတ်ပြည်သည် ပြည့်စုံကြွယ်ဝ၏၊ စည်ပင်ဝပြော၏၊ များသော လူဦးရေရှိ၏၊ လူမျိုးစုံတို့ဖြင့် ပြွမ်း၏၊ လမ်းတိုလမ်းကျဉ်းလည်း ရှိ၏၊ အသျှင်ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရားကိုင်း၊ စိတ်ကို တိုးပွါးစေနိုင်ကုန်သော ရဟန်းတို့ကိုင်း ဆည်းကပ်ခစားပြီး၍ ညနေချမ်းအချိန်၌ ကပိလဝတ်ပြည်သို့ ဝင်သည်ရှိသော် လှည့်လည်ပြေးသွားသော ဆင်နှင့်လည်း တွေ့ဆုံပါ၏၊ လှည့်လည်ပြေးသွားသော မြင်းနှင့်လည်း တွေ့ဆုံပါ၏၊ လှည့်လည်ပြေးသွားသော ရထားနှင့်လည်း တွေ့ဆုံပါ၏၊ လှည့်လည်ပြေးသွားသော လှည်းနှင့်လည်း တွေ့ဆုံပါ၏၊ လှည့်လည်ပြေးသွားသော ယောကျ်ားနှင့်လည်း တွေ့ဆုံပါ၏၊ အသျှင်ဘုရား ထိုအခါ အကျွန်ုပ်အား မြတ်စွာဘုရားကို အာရုံပြု၍ ဖြစ်သောသတိသည် လွတ်သည်သာတည်း၊ တရားကို အာရုံပြု၍ ဖြစ်သောသတိသည် လွတ်သည်သာတည်း၊ သံဃာကို အာရုံပြု၍ဖြစ်သောသတိသည် လွတ်သည်သာတည်း"။ အသျှင်ဘုရား ထိုအကျွန်ုပ်အား "ငါသည် ဤအချိန်၌သေမူ ငါ၏လားရောက်ရာ 'ဂတိ'ကား အဘယ်နည်း၊ ငါ၏တမလွန်ဘဝကား အဘယ်နည်း"ဟု ဤသို့အကြံဖြစ်ပါ၏ဟု (လျှောက်ထား၏)။

မဟာနာမ် မကြောက်လင့်၊ မဟာနာမ် မကြောက်လင့်၊ သင့်အား မယုတ်ညံ့သော သေခြင်း ဖြစ်လတ္တံ့၊ သင့်အား မယုတ်ညံ့သော ကွယ်လွန်ခြင်းဖြစ်လတ္တံ့၊ မဟာနာမ် ရှည်မြင့်စွာသော ကာလပတ်လုံး သဒ္ဓါဖြင့်ထုံအပ်သောစိတ် သီလဖြင့် ထုံအပ်သောစိတ် အကြားအမြင်ဖြင့် ထုံအပ်သောစိတ် စွန့်ကြဲခြင်းဖြင့် ထုံအပ်သောစိတ် ပညာဖြင့်ထုံအပ်သောစိတ်ရှိသူ တစုံတယောက်၏ ကိုယ်သည် ရုပ်ရှိ၏၊ မဟာဘုတ်လေးပါး အစုအဝေးဖြစ်၏၊ မိဖတို့မှ ပေါက်ဖွား၏၊ ထမင်း မုံ့တို့ဖြင့် ကြီးပွါးရ၏၊ မမြဲခြင်း ပွတ်သပ်ပေးရခြင်း ဆုပ်နယ်ပေးရခြင်း ပြိုကွဲပျက်စီးခြင်း သဘောရှိ၏၊ ဤအရပ်၌ပင် ထိုကိုယ်ကို ကျီးတို့လည်း ထိုးဆိတ်ကုန်၏၊ လင်းတတို့လည်း ထိုးဆိတ်ကုန်၏၊ သိန်းစွန်တို့လည်း ထိုးဆိတ်ကုန်၏၊ အိမ်ခွေးတို့လည်း ခဲစားကုန်၏၊ တောခွေးတို့လည်း ခဲစားကုန်၏၊ အမျိုးမျိုးသော ပိုးသတ္တဝါတို့လည်း ခဲစားကုန်၏၊ ထိုသူ၏ရှည်မြင့်စွာသော ကာလပတ်လုံး သဒ္ဓါဖြင့်ထုံအပ်သော။ပ။ပညာဖြင့်ထုံအပ်သော စိတ်သည် အထက်သို့သာ တက်လေ့ရှိ၏၊ ထူးခြားစွာ သွားလေ့ရှိ၏။

http://www.dhammadownload.com



မဟာနာမ် ဥပမာသော်ကား ယောကျ်ားသည် ထောပတ်အိုးကိုသော်၎င်း ဆီအိုးကိုသော်၎င်း နက်သော ရေအိုင်၌ဆင်း၍ ခွဲပြားအံ့၊ ထိုရေအိုင်၌ ထိုအိုး၏ အိုးခြမ်းကွဲ ကြီးငယ်သည် အောက်သို့ ကျဆင်း၍ ထောပတ်သည်၎င်း ဆီသည်၎င်း အထက်သို့သာ တက်ရာ၏ ထူးခြားစွာ သွားရာ၏။ မဟာနာမ် ဤအတူပင် ရှည်မြင့်စွာသော ကာလပတ်လုံး သဒ္ဓါဖြင့် ထုံအပ်သောစိတ်။ပ။ပညာဖြင့် ထုံအပ်သော စိတ်ရှိသူ တစုံတယောက်၏ ကိုယ်သည် ရုပ်ရှိ၏၊ မဟာဘုတ်လေးပါး အစုအဝေးဖြစ်၏၊ မိဖတို့မှ ပေါက်ဖွား၏၊ ထမင်းမုံ့တို့ဖြင့် ကြီးပွါးရ၏၊ မမြဲခြင်း ပွတ်သပ်ပေးရခြင်း ဆုပ်နယ်ပေးရခြင်း ပြိုကွဲပျက်စီးခြင်း သဘောရှိ၏၊ ဤအရပ်၌ပင် ထိုကိုယ်ကို ကျီးတို့လည်း ထိုးဆိတ်ကုန်၏၊ လင်းတတို့လည်း ထိုးဆိတ်ကုန်၏၊ သိန်းစွန်တို့လည်း ထိုးဆိတ်ကုန်၏၊ အိမ်ခွေးတို့လည်း ခဲစားကုန်၏၊ တောခွေးတို့လည်း ခဲစားကုန်၏၊ အမျိုးမျိုးသော ပိုးသတ္တဝါတို့လည်း ခဲစားကုန်၏၊ ထိုသူ၏ ရှည်မြင့်စွာသော ကာလပတ်လုံး သဒ္ဓါဖြင့် ထုံအပ်သော။ပ။ ပညာဖြင့် ထုံအပ်သော စိတ်သည် အထက်သို့သာ တက်လေ့ရှိ၏၊ ထူးခြားစွာ သွားလေ့ရှိ၏။ မဟာနာမ် သင်သည် ရှည်မြင့်စွာသော ကာလပတ်လုံး သဒ္ဓါဖြင့် ထုံအပ်သောစိတ်။ပ။ ပညာဖြင့် ထုံအပ်သော စိတ်ရှိ၏၊ မဟာနာမ် မကြောက်လင့်၊ မဟာနာမ် မကြောက်လင့်၊ သင့်အား မယုတ်ညံ့သော သေခြင်းဖြစ်လတ္တံ့၊ သင့်အား မယုတ်ညံ့သော ကွယ်လွန်ခြင်း ဖြစ်လတ္တံ့ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-ဒုတိယ မဟာနာမသုတ်

၁၀၁၈။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံမကျောင်း၌(သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ မဟာနာမ် သာကီဝင်မင်းသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—"အသျှင်ဘုရား ဤကပိလဝတ်ပြည်သည် ပြည့်စုံကြွယ်ဝ၏၊ စည်ပင်ဝပြော၏၊ များသော လူဦးရေရှိ၏၊ လူမျိုးစုံတို့ဖြင့် ပြွမ်း၏၊ လမ်းတိုလမ်းကျဉ်းလည်း ရှိ၏၊ အသျှင်ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရားကို၎င်း စိတ်ကို တိုးပွါးစေနိုင်ကုန်သော ရဟန်းတို့ကို၎င်း ဆည်းကပ်ခစားပြီး၍ ညနေချမ်းအချိန်၌ ကပိလဝတ်ပြည်သို့ ဝင်သည်ရှိသော် လှည့်လည်ပြေးသွားသော ဆင်နှင့်လည်း တွေ့ဆုံပါ၏၊ လှည့်လည်ပြေးသွားသော မြင်းနှင့်လည်း တွေ့ဆုံပါ၏၊ လှည့်လည်ပြေးသွားသော ရထားနှင့်လည်း တွေ့ဆုံပါ၏၊ လှည့်လည်ပြေးသွားသော လှည်းနှင့်လည်း တွေ့ဆုံပါ၏၊ လှည့်လည်ပြေးသွားသော ယောကျ်ားနှင့်လည်း တွေ့ဆုံပါ၏၊ အသျှင်ဘုရား ထိုအခါ အကျွန်ုပ်အား မြတ်စွာဘုရားကို အာရုံပြု၍ဖြစ်သော သတိသည် လွတ်သည်သာတည်း၊ တရားကို အာရုံပြု၍ဖြစ်သော သတိသည် လွတ်သည်သာတည်း၊ သံဃာကို အာရုံပြု၍ဖြစ်သော သတိသည် လွတ်သည်သာတည်း"။အသျှင်ဘုရား ထိုအကျွန်ုပ်အား "ငါသည် ဤအချိန်၌သေမူ ငါ၏လားရောက်ရာ 'ဂတိ' ကား အဘယ်နည်း၊ ငါ၏ တမလွန်ဘဝကား အဘယ်နည်း"ဟု ဤသို့ အကြံဖြစ်ပါ၏ဟု (လျှောက်ထား၏)။

မဟာနာမ် မကြောက်လင့်၊ မဟာနာမ် မကြောက်လင့်၊ သင့်အား မယုတ်ညံ့သော သေခြင်း ဖြစ်လတ္တံ့၊ သင့်အား မယုတ်ညံ့သော ကွယ်လွန်ခြင်းဖြစ်လတ္တံ့၊ မဟာနာမ် တရားလေးမျိုးတို့နှင့် ပြည့်စုံသော အရိယာတပည့်သည် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်း၏။ အဘယ်လေးပါးတို့နှင့်နည်း၊

http://www.dhammadownload.com



မဟာနာမ် ဤသာသနာတော်၌ အရိယာတပည့်သည် "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ပ။နတ်လူတို့၏ ဆရာ ဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊(သစ္စာလေးပါး တရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုး ကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါမည်တော်မူ၏"ဟု မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။ တရားတော်၌။ပ။ သံဃာတော်၌။ပ။ မကျိုးမပေါက် မပြောက် မကျားကုန်သော။ပ။ တည်ကြည်မှု 'သမာဓိ'ကို ဖြစ်စေတတ်သော အရိယာတို့နှစ်သက်အပ်သော သီလတို့နှင့်ပြည့်စုံ၏။

မဟာနာမ် ဥပမာသော်ကား အရှေ့သို့ ညွတ် ကိုင်း ရှိုင်းသော သစ်ပင်သည် အမြစ်ကို ဖြတ်သည် ရှိသော် အဘယ်အရပ်၌ လဲကျရာသနည်းဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား ညွတ် ကိုင်း ရှိုင်းရာ အရပ်၌ လဲကျရာပါ၏ဟု (လျှောက်၏)။ မဟာနာမ် ဤအတူပင် ဤတရားလေးမျိုးတို့နှင့် ပြည့်စုံသော အရိယာတပည့်သည် နိဗ္ဗာန်သို့ ညွတ် ကိုင်း ရှိုင်း၏ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

## ၃-ဂေါဓသက္ကသုတ်

၁၀၁၉။ ကပိလဝတ်နိဒါန်း။ ထိုအခါ မဟာနာမ်သာကီဝင်မင်းသည် ဂေါဓသာကီဝင်ထံသို့ ချဉ်းကပ်ပြီးလျှင် ဂေါဓသာကီဝင်အား—"ဂေါဓ အဘယ်တရားတို့နှင့် ပြည့်စုံသောသူကို ပျက်စီး ကျရောက်ခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာ ရှိသော သောတာပန်ပုဂ္ဂိုလ်ဟု သင်သိပါသနည်း"ဟု ဤစကားကို ပြောကြား၏။

မဟာနာမ် တရားသုံးပါးတို့နှင့် ပြည့်စုံသူကို ပျက်စီးကျရောက်ခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိသော သောတာပန်ပုဂ္ဂိုလ်ဟု ငါသိ ပါ၏။ အဘယ်သုံးပါးတို့နှင့်နည်း၊ မဟာနာမ် ဤသာသနာတော်၌ "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ပ။ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို)သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏"ဟု မြတ်စွာ ဘုရား၌ မတုန်မလှုပ်ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။ တရားတော်၌။ပ။ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် ကောင်းသောအကျင့်ရှိ၏။ပ။ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်၏ဟု သံဃာတော်၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့်ပြည့်စုံ၏။ မဟာနာမ် ဤတရား သုံးပါးတို့နှင့်ပြည့်စုံသူကို ပျက်စီးကျရောက်ခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်မဂ် သုံးပါးလျှင် လည်းလျောင်းရာရှိသော သောတာပန်ပုဂ္ဂိုလ်ဟု ငါသိ၏။

မဟာနာမ် အဘယ်တရားတို့နှင့်ပြည့်စုံသူကို ပျက်စီးကျရောက်ခြင်းသဘော မရှိသော ကိန်းသေ မြဲသော အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိသော သောတာပန်ပုဂ္ဂိုလ်ဟု သင်သိပါသနည်း ဟု (ဆို၏)။ ဂေါဓ တရားလေးပါးတို့နှင့် ပြည့်စုံသူကို ပျက်စီးကျရောက်ခြင်း သဘောမရှိသော

http://www.dhammadownload.com



ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လည်းလျှောင်းရာရှိသော သောတာပန်ပုဂ္ဂိုလ်ဟု ငါသိ၏။အဘယ်လေးပါးတို့နှင့်နည်း၊ဂေါဓ ဤသာသနာတော်၌“ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ပ။ နတ်လူတို့၏ဆရာ ဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုး ကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏”ဟု မြတ်စွာဘုရား၌ မတုန် မလှုပ်ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။ တရားတော်၌။ပ။ သံဃာတော်၌။ပ။ (မတုန်မလှုပ် ကြည်ညို ခြင်းနှင့် ပြည့်စုံ၏)။ မကျိုးမပေါက် မပြောက်မကျားကုန်သော။ပ။ တည်ကြည်မှု 'သမာဓိ'ကို ဖြစ်စေတတ်သော အရိယာတို့ နှစ်သက်အပ်သော သီလတို့နှင့် ပြည့်စုံ၏။ ဂေါဓ ဤတရားလေးပါး တို့နှင့် ပြည့်စုံသူကို ပျက်စီးကျရောက်ခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါး လျှင် လည်းလျှောင်းရာရှိသော သောတာပန်ပုဂ္ဂိုလ်ဟု ငါသိ၏ဟု ပြောကြား၏။

မဟာနာမ် သင် ဆိုင်းငံ့ပါဦး၊ မဟာနာမ် သင်ဆိုင်းငံ့ပါဦး၊ မြတ်စွာဘုရားသာ ဤတရားတို့နှင့် ပြည့်စုံသူကိုရင်း မပြည့်စုံသူကိုရင်း ဤအရာကို သိတော်မူရာ၏။ ဂေါဓ လာသွားကုန်အံ့၊ မြတ်စွာ ဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြားကုန်အံ့ဟု (ပြောဆို လေ၏)။ထို့နောက် မဟာနာမ်သာကီဝင်မင်းနှင့် ဂေါဓသာကီဝင်တို့သည် မြတ်စွာဘုရားထံသို့ ချဉ်း ကပ်၍ မြတ်စွာဘုရားကိုရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေကုန်၏၊ မဟာနာမ်သာကီဝင်မင်း သည် တခုသော နေရာ၌ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်ထား၏—

အသျှင်ဘုရား အကျွန်ုပ်သည် ဂေါဓသာကီဝင်ထံသို့ ချဉ်းကပ်၍ ဂေါဓသာကီဝင်အား ဤ စကားကို ဆိုပါ၏—“ဂေါဓ အဘယ်တရားတို့နှင့် ပြည့်စုံသူကို ပျက်စီးကျရောက်ခြင်း သဘော ရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လည်းလျှောင်းရာရှိသော သောတာပန်ပုဂ္ဂိုလ်ဟု သင်သိပါသနည်း။ အသျှင်ဘုရား ဤသို့ဆိုသည်ရှိသော် ဂေါဓသာကီဝင်သည် အကျွန်ုပ်အား ဤ စကားကို ဆိုပါ၏—

မဟာနာမ် တရားသုံးပါးတို့နှင့် ပြည့်စုံသူကို ပျက်စီးကျရောက်ခြင်း သဘောမရှိသော ကိန်းသေ မြဲသော အထက်မဂ်သုံးပါးလျှင် လည်းလျှောင်းရာရှိသော သောတာပန်ပုဂ္ဂိုလ်ဟု ငါသိ၏။အဘယ် သုံးပါးတို့နှင့်နည်း၊ မဟာနာမ် ဤသာသနာတော်၌ “ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သောအကြောင်းကြောင့်လည်း အရဟံမည်တော်မူ၏။ပ။နတ်လူတို့၏ ဆရာဖြစ်တော် မူသောအကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊(သစ္စာလေးပါးတ ရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓမည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါမည်တော်မူ၏”ဟု အရိယာတပည့်သည် မြတ်စွာဘုရား၌ မတုန် မလှုပ် ကြည်ညိုခြင်းနှင့်ပြည့်စုံ၏။ပ။တရားတော်၌။ပ။“မြတ်စွာဘုရား၏ တပည့်သားသံဃာတော် သည် ကောင်းသော အကျင့်ရှိ၏။ပ။ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေ ဖြစ်၏”ဟု သံဃာတော်၌ မတုန်မလှုပ်ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။မဟာနာမ် ဤတရားသုံးပါးတို့နှင့် ပြည့်စုံသူကို ပျက်စီးကျရောက်ခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လည်းလျှောင်းရာရှိသော သောတာပန်ပုဂ္ဂိုလ်ဖြစ်၏ဟု ငါသိ၏။ မဟာနာမ် အဘယ်တရားတို့နှင့်

http://www.dhammadownload.com



ပြည့်စုံသူကို ပျက်စီးကျရောက်ခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိသော သောတာပန်ပုဂ္ဂိုလ်ဟု သင်သိပါသနည်းဟု (ဤစကားကို ပြောဆို ပါ၏)။

အသျှင်ဘုရား ဤသို့ဆိုသော် အကျွန်ုပ်သည် ဂေါဓသာကီဝင်အား—"ဂေါဓ တရားလေးပါးတို့ နှင့် ပြည့်စုံသူကို ပျက်စီးကျရောက်ခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိသော သောတာပန်ပုဂ္ဂိုလ်ဟု ငါသိ၏။ အဘယ်လေးပါးတို့နှင့်နည်း၊ ဂေါဓ ဤသာသနာတော်၌ "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့် လည်း အရဟံ မည်တော်မူ၏။ပ။နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါးတရားတို့ကို) သိစေတော်မူသော အကြောင်း ကြောင့်လည်း ဗုဒ္ဓမည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏"ဟု အရိယာတပည့်သည် မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။ တရားတော်၌။ပ။ သံဃာတော်၌။ပ။ (မတုန်မလှုပ် ကြည်ညိုခြင်းနှင့်ပြည့်စုံ၏)။ မကျိုးမပေါက် မပြောက်မကျားကုန်သော။ပ။ တည်ကြည်မှု 'သမာဓိ'ကို ဖြစ်စေတတ်ကုန်သော အရိယာတို့ နှစ်သက်အပ်သော သီလတို့နှင့် ပြည့်စုံ၏။ ဂေါဓ ဤတရားလေးပါးတို့နှင့် ပြည့်စုံသူကို ပျက်စီး ကျရောက်ခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာ ရှိသော သောတာပန်ပုဂ္ဂိုလ်ဟု ငါသိ၏"ဟု ဤစကားကို ဆိုပါ၏။

အသျှင်ဘုရား ဤသို့ပြောဆိုသည်ရှိသော် ဂေါဓသာကီဝင်သည် တပည့်တော်အား "မဟာနာမ် သင် ဆိုင်းငံ့ပါဦး၊ မဟာနာမ် သင် ဆိုင်းငံ့ပါဦး၊ မြတ်စွာဘုရားသာ ဤတရားတို့နှင့် ပြည့်စုံသူကို ၎င်း မပြည့်စုံသူကို၎င်း ဤအရာကို သိတော်မူရာ၏" ဟု ဤစကားကို ပြောဆိုပါ၏။ အသျှင်ဘုရား ငြင်းခုံမှု အကြောင်း တစုံတခုဖြစ်ပေါ်၍ မြတ်စွာဘုရားက တဖက် ဘိက္ခုသံဃာကတဖက် ဖြစ်ခဲ့မူ အကျွန်ုပ်သည် မြတ်စွာဘုရားဖက်၌သာ ဖြစ်ပါအံ့၊ အသျှင်ဘုရား မြတ်စွာဘုရားသည် အကျွန်ုပ်ကို ဤသို့ကြည်ညိုသူဟု မှတ်တော်မူပါ။ အသျှင်ဘုရား ငြင်းခုံမှုအကြောင်း တစုံတခု ဖြစ်ပေါ်၍ မြတ်စွာဘုရားကတဖက် ဘိက္ခုသံဃာနှင့် ဘိက္ခုနီသံဃာကတဖက် ဖြစ်ခဲ့မူ အကျွန်ုပ်သည် မြတ်စွာ ဘုရားဖက်၌သာ ဖြစ်ပါအံ့၊ အသျှင်ဘုရား မြတ်စွာဘုရားသည် အကျွန်ုပ်ကို ဤသို့ ကြည်ညိုသူဟု မှတ်တော်မူပါ။ အသျှင်ဘုရား ငြင်းခုံမှုအကြောင်း တစုံတခုဖြစ်ပေါ်၍ မြတ်စွာဘုရားကတဖက် ဘိက္ခုသံဃာ ဘိက္ခုနီသံဃာနှင့် ဥပါသကာတို့ကတဖက် ဖြစ်ကြလျှင် တပည့်တော်သည် မြတ်စွာ ဘုရားဖက်၌သာ ဖြစ်ပါအံ့၊ အသျှင်ဘုရား မြတ်စွာဘုရားသည် အကျွန်ုပ်ကို ဤသို့ကြည်ညိုသူဟု မှတ်တော်မူပါ။ အသျှင်ဘုရား ငြင်းခုံမှုအကြောင်း တစုံတခုဖြစ်ပေါ်၍ မြတ်စွာဘုရားကတဖက် ဘိက္ခုသံဃာ ဘိက္ခုနီသံဃာ ဥပါသကာနှင့် ဥပါသိကာမတို့ကတဖက် ဖြစ်ကြလျှင် အကျွန်ုပ်သည် မြတ်စွာဘုရားဖက်၌သာ ဖြစ်ပါအံ့၊ အသျှင်ဘုရား မြတ်စွာဘုရားသည် အကျွန်ုပ်ကို ဤသို့ကြည်ညို သူဟု မှတ်တော်မူပါ။ အသျှင်ဘုရား ငြင်းခုံမှု အကြောင်းတစုံတခု ဖြစ်ပေါ်၍ မြတ်စွာဘုရားက တဖက် ဘိက္ခုသံဃာ ဘိက္ခုနီသံဃာ ဥပါသကာ ဥပါသိကာမတို့နှင့် နတ် မာရ်နတ် ဗြဟ္မာနှင့်တကွ သော နတ်လောကနှင့် သမဏဗြာဟ္မဏမင်းများ လူများနှင့်တကွ လူ့လောကက တဖက် ဖြစ်ကြ လျှင် တပည့်တော်သည် မြတ်စွာဘုရားဖက်၌သာ ဖြစ်ပါအံ့၊ အသျှင်ဘုရား မြတ်စွာဘုရားသည် အကျွန်ုပ်ကို ဤသို့ကြည်ညိုသူဟု မှတ်တော်မူပါဟု လျှောက်၏။ ဂေါဓ ဤသို့ အယူဝါဒရှိသော သင်သည် မဟာနာမ် သာကီဝင်မင်းကို အဘယ်သို့ ပြောလိုထနည်း။ အသျှင်ဘုရား ဤသို့ အယူ

http://www.dhammadownload.com



ဝါဒရှိသော တပည့်တော်သည် မဟာနာမ်သာကီဝင်ကို ကောင်းမြတ်လိမ္မာသည်မှတပါး တစုံတရာကိုမျှ မဆိုလိုပါဟု (လျှောက်၏)။

တတိယသုတ်။

---

## ၄-ပဌမ သရဏာနိသက္ကသုတ်

၁၀၂၀။ ကပိလဝတ်နိဒါန်း။ ထိုအခါ သရဏာနိသာကီဝင်သည် ကွယ်လွန်ခဲ့၏၊ ကွယ်လွန်ခဲ့သော ထိုသရဏာနိသာကီဝင်ကို မြတ်စွာဘုရားသည် "ပျက်စီးကျရောက်ခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိသော သောတာပန်ဖြစ်သည်"ဟု မိန့်ကြားတော်မူ၏။ ထိုအခါ များစွာကုန်သော သာကီဝင်တို့သည် ပေါင်းဆုံစုဝေး၍ "အချင်းတို့ အံ့ဖွယ်ဖြစ်စွတကား၊ အချင်းတို့ မဖြစ်ဘူးမြဲဖြစ်စွတကား၊ အကျင့်၌အားနည်း၍ သေရည်သေရက်ကို သောက်လေ့ရှိသော ကွယ်လွန်ပြီးသော ထိုသရဏာနိသာကီဝင်ကိုပင် ထိုမြတ်စွာဘုရားသည် ပျက်စီးကျရောက်ခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာ ရှိသော သောတာပန်ဖြစ်၏ဟု မိန့်ကြားတော်မူဘိသေး၏၊ ယခု အဘယ်သူသည် သောတာပန် မဖြစ်ပဲ ရှိအံ့နည်း"ဟု ကဲ့ရဲ့ရှုတ်ချ ပြစ်တင်ပြောဆိုကြကုန်၏။

ထိုအခါ မဟာနာမ်သာကီဝင်မင်းသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—အသျှင်ဘုရား ကွယ်လွန်ခဲ့ပြီးသော သရဏာနိသာကီဝင်ကို မြတ်စွာဘုရားသည်"ပျက်စီးကျရောက်ခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိသော သောတာပန်"ဟု မိန့်ကြားတော်မူ၏၊ အသျှင်ဘုရား ထိုအခါ များစွာကုန်သော သာကီဝင်တို့သည် ပေါင်းဆုံစုဝေး၍ "အချင်းတို့ အံ့ဖွယ်ဖြစ်ပေစွ၊ အချင်းတို့ မဖြစ်ဘူးမြဲဖြစ်ပေစွ၊ အကျင့် အားနည်း၍ သေရည်သေရက်သောက်လေ့ရှိသော ကွယ်လွန်ပြီးသော ထိုသရဏာနိသာကီဝင်ကိုပင် မြတ်စွာဘုရားသည် "ပျက်စီးကျရောက်ခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိသော သောတာပန်ဖြစ်၏"ဟု မိန့်ကြားတော်မူဘိသေး၏၊ ယခု အဘယ်သူသည် သောတာပန်မဖြစ်ပဲ ရှိအံ့နည်း"ဟု ကဲ့ရဲ့ရှုတ်ချ ပြစ်တင်ပြောဆိုကြကုန်၏ဟု လျှောက်၏။

မဟာနာမ် အကြင်ဥပါသကာသည် ရှည်မြင့်စွာသော ကာလပတ်လုံး ဘုရားကို ကိုးကွယ်ဆည်းကပ်၏၊ တရားကို ကိုးကွယ်ဆည်းကပ်၏၊ သံဃာကို ကိုးကွယ်ဆည်းကပ်၏၊ ထိုသူသည် အဘယ်မှာ ပျက်စီးကျရောက်ခြင်းသို့ ရောက်ရာအံ့နည်း။ မဟာနာမ် ကောင်းစွာပြောဆိုလိုသူသည် "ရှည်မြင့်စွာသော ကာလပတ်လုံး ဥပါသကာသည် ဘုရားကို ကိုးကွယ်ဆည်းကပ်၏၊ တရားကို ကိုးကွယ်ဆည်းကပ်၏၊ သံဃာကို ကိုးကွယ်ဆည်းကပ်၏"ဟု ပြောဆိုငြားအံ့၊ သရဏာနိသာကီဝင်ကိုသာ ပြောဆိုရာ၏။ မဟာနာမ် သရဏာနိသာကီဝင်သည် ရှည်မြင့်စွာသော ကာလပတ်လုံး ဘုရားကို ကိုးကွယ်ဆည်းကပ်၏၊ တရားကို ကိုးကွယ်ဆည်းကပ်၏၊ သံဃာကို ကိုးကွယ်ဆည်းကပ်၏၊ ထိုသရဏာနိသာကီဝင်သည် အဘယ်မှာ ပျက်စီးကျရောက်ခြင်းသို့ ရောက်နိုင်ပါအံ့နည်း။

http://www.dhammadownload.com



မဟာနာမ် အချို့သောပုဂ္ဂိုလ်သည် "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံမည်တော်မူ၏။ပ။ နတ်လူတို့၏ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါးတရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါမည်တော်မူ၏" ဟု မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။ တရားတော်၌။ပ။ သံဃာတော်၌။ပ။ (မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏)။ ရွှင်သောပညာ ရှိ၏၊ လျင်မြန်သောပညာရှိ၏၊ (ကိလေသာမှ)လွတ်မြောက်မှု 'ဝိမုတ္တိ' နှင့်လည်း ပြည့်စုံ၏၊ ထိုသူသည် အာသဝကုန်ခြင်းကြောင့် အာသဝကင်း၍(ကိလေသာမှ)လွတ်မြောက်သော (အရဟတ္တဖိုလ်)စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်) ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍နေသော ရဟန္တာဖြစ်၏၊ မဟာနာမ် ဤပုဂ္ဂိုလ်သည်လည်း ငရဲမှ လွတ်၏၊ တိရစ္ဆာန်ဘဝမှ လွတ်၏၊ ပြိတ္တာဘဝမှ လွတ်၏၊ မကောင်းသောသူတို့၏ လားရောက်ရာ ပျက်စီးကျရောက်ရာ ဒုဂ္ဂတိဘဝမှ လွတ်၏။

မဟာနာမ် အချို့သောပုဂ္ဂိုလ်သည်ကား "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ပ။နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊(သစ္စာလေးပါးတရားတို့ကို)သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုး ကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏"ဟု မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့်ပြည့်စုံ၏။ တရားတော်၌။ပ။သံဃာတော်၌။ပ။(မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏)။ ရွှင်သော ပညာရှိ၏၊ လျင်မြန်သော ပညာရှိ၏၊ (ကိလေသာမှ) လွတ်မြောက်မှု 'ဝိမုတ္တိ'နှင့် မပြည့်စုံ၊ ထိုသူသည် အောက်ပိုင်းသံယောဇဉ်ငါးပါးတို့ ကုန်ခြင်းကြောင့် ဗြဟ္မာ့ဘုံ၌ ဥပပတ်ပဋိသန္ဓေနေ၍ ထိုဘုံမှ ပြန်လာခြင်းသဘောမရှိသော ထိုဗြဟ္မာ့ဘုံ၌ ပရိနိဗ္ဗာန်ပြုမည့် အနာဂါမ်ဖြစ်၏၊ မဟာနာမ် ဤပုဂ္ဂိုလ်သည်လည်း ငရဲမှ လွတ်၏၊ တိရစ္ဆာန်ဘဝမှ လွတ်၏၊ပြိတ္တာဘဝမှ လွတ်၏၊ မကောင်းသောသူတို့၏ လားရောက်ရာ ပျက်စီးကျရောက်ရာ ဒုဂ္ဂတိဘဝမှ လွတ်၏။

မဟာနာမ် အချို့သောပုဂ္ဂိုလ်သည်ကား "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ပ။နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊(သစ္စာလေးပါးတရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏"ဟု မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။တရားတော်၌။ပ။သံဃာတော်၌။ပ။(မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏)။ ရွှင်သော ပညာ မရှိ၊လျင်မြန်သော ပညာမရှိ၊(ကိလေသာမှ)လွတ်မြောက်မှု'ဝိမုတ္တိ' နှင့် မပြည့်စုံ၊ထိုသူသည် သံယောဇဉ် သုံးပါးတို့ကုန်သည့်ပြင် စွဲမက်မှု'ရာဂ' အမျက်ထွက်မှု'ဒေါသ' တွေဝေမှု'မောဟ'တို့ ခေါင်းပါးခြင်းကြောင့် ဤကာမဘုံသို့ တကြိမ်သာပြန်လာ၍ ဆင်းရဲ၏အဆုံးကိုပြုမည့် သကဒါဂါမ် ဖြစ်၏။မဟာနာမ် ဤပုဂ္ဂိုလ်သည်လည်း ငရဲမှ လွတ်၏၊ တိရစ္ဆာန်ဘဝမှ လွတ်၏၊ ပြိတ္တာဘဝမှ လွတ်၏၊မကောင်းသောသူတို့၏ လားရောက်ရာ ပျက်စီးကျရောက်ရာ ဒုဂ္ဂတိဘဝမှ လွတ်၏။

မဟာနာမ် အချို့သောပုဂ္ဂိုလ်သည်ကား "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ပ။နတ်လူတို့၏ ဆရာဖြစ်တော်မူသော

http://www.dhammadownload.com



အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏”ဟု မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။ တရားတော်၌။ပ။သံဃာတော်၌။ပ။ (မတုန်မလှုပ် ကြည်ညိုခြင်းနှင့်ပြည့်စုံ၏)။ ရွှင်သော ပညာမရှိ၊ လျင်မြန်သော ပညာ မရှိ၊ (ကိလေသာမှ) လွတ်မြောက်မှု ‘ဝိမုတ္တိ’နှင့်လည်း မပြည့်စုံ၊ ထိုသူသည် သံယောဇဉ်သုံးပါးတို့ ကုန်ခြင်းကြောင့် ပျက်စီးကျရောက်ခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိသော သောတာပန်ဖြစ်၏။ မဟာနာမ် ဤပုဂ္ဂိုလ်သည်လည်း ငရဲမှ လွတ်၏၊ တိရစ္ဆာန်ဘဝမှ လွတ်၏၊ ပြိတ္တာဘဝမှ လွတ်၏၊ မကောင်းသောသူတို့၏ လားရောက်ရာ ပျက်စီးကျရောက်ရာ ဒုဂ္ဂတိဘဝမှ လွတ်၏။

မဟာနာမ် အချို့သောပုဂ္ဂိုလ်သည်ကား မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့်မပြည့်စုံ။ တရားတော်၌။ပ။သံဃာတော်၌။ပ။ (မတုန်မလှုပ် ကြည်ညိုခြင်းနှင့်မပြည့်စုံ)။ ရွှင်သောပညာမရှိ၊ လျင်မြန်သော ပညာမရှိ၊ (ကိလေသာမှ)လွတ်မြောက်မှု‘ဝိမုတ္တိ’နှင့်လည်း မပြည့်စုံ၊ သို့ရာတွင် ထိုသူ့အား သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေဟူသော ဤတရားတို့သည် ဖြစ်ကုန်၏၊ ထိုသူသည် မြတ်စွာဘုရား သိစေတော်မူသော တရားတို့ကိုလည်း ပညာဖြင့် နှိုင်းဆရှုကြည့်နိုင်၏။ မဟာနာမ် ဤပုဂ္ဂိုလ်သည်လည်း ငရဲသို့ မရောက်၊ တိရစ္ဆာန်ဘဝသို့ မရောက်၊ ပြိတ္တာဘဝသို့ မရောက်၊မကောင်းသောသူတို့၏ လားရောက်ရာ ပျက်စီးကျရောက်ရာ ဒုဂ္ဂတိဘဝသို့ မရောက်။

မဟာနာမ် အချို့သောပုဂ္ဂိုလ်သည်ကား မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့်မပြည့်စုံ၊ တရားတော်၌။ပ။သံဃာတော်၌။ပ။ (မတုန်မလှုပ် ကြည်ညိုခြင်းနှင့် မပြည့်စုံ)။ ရွှင်သော ပညာမရှိ၊ လျင်မြန်သော ပညာမရှိ၊ (ကိလေသာမှ) လွတ်မြောက်မှု‘ဝိမုတ္တိ’နှင့်လည်း မပြည့်စုံ၊ သို့ရာတွင် ထိုသူ့အား သဒ္ဓိန္ဒြေ။ပ။ပညိန္ဒြေဟူသော ဤတရားတို့သည် ဖြစ်ကုန်၏၊ထိုသူ့အား မြတ်စွာဘုရား၌ ယုံကြည်ခြင်းမျှ ချစ်ခြင်းမျှသည်သာဖြစ်၏။ မဟာနာမ် ဤပုဂ္ဂိုလ်သည်လည်း ငရဲသို့ မရောက်၊ တိရစ္ဆာန်ဘဝသို့ မရောက်၊ပြိတ္တာဘဝသို့ မရောက်၊ မကောင်းသောသူတို့၏ လားရောက်ရာ ပျက်စီး ကျရောက်ရာ ဒုဂ္ဂတိဘဝသို့ မရောက်။ မဟာနာမ် အကယ်၍ ဤအနှစ်ရှိသော သစ်ပင်ကြီးတို့သည် ကောင်းသောစကား မကောင်းသောစကားကို ဆိုနိုင်ကုန်ငြားအံ့၊ ငါသည် ဤအနှစ်ရှိသော သစ်ပင်ကြီးတို့ကို ပျက်စီးကျရောက်ခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါး လျှင် လည်းလျောင်းရာရှိသော သောတာပန်တို့ဟု ပြောကြားရာ၏၊ သရဏာနိသာကီဝင်ကိုကား အဘယ်ဆိုဖွယ်ရာရှိအံ့နည်း၊ မဟာနာမ် သရဏာနိသာကီဝင်သည် သေခါနီး၌ အကျင့်‘သိက္ခာ’ကို ဆောက်တည်ပြီးသူဖြစ်၏ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-ဒုတိယ သရဏာနိသက္ကသုတ်

၁၀၂၁။ ကပိလဝတ်နိဒါန်း။ ထိုအခါ သရဏာနိသာကီဝင်သည် ကွယ်လွန်၏၊ ကွယ်လွန်ပြီးသော သရဏာနိသာကီဝင်ကို မြတ်စွာဘုရားသည် “ပျက်စီးကျရောက်ခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိသော သောတာပန် ဖြစ်၏”ဟု မိန့်ကြားတော်မူ၏။ ထိုအခါ များစွာကုန်သော သာကီဝင်တို့သည် ပေါင်းဆုံစုဝေး၍ “အချင်းတို့

http://www.dhammadownload.com



အံ့ဖွယ်ဖြစ်စွတကား၊ အချင်းတို့ မဖြစ်ဘူးမြဲ ဖြစ်စွတကား၊ အကျင့်သိက္ခာ၌ အပြည့်အစုံ ပြုကျင့်လေ့ မရှိ ကွယ်လွန်သော သရဏာနိသာကီဝင်ကိုပင် မြတ်စွာဘုရားသည် 'ပျက်စီးကျရောက်ခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိသော သောတာပန်ဖြစ်၏'ဟု မိန့်ကြားတော်မူဘိသေး၏၊ ယခုအခါ အဘယ်သူသည် သောတာပန် မဖြစ်ပဲ ရှိအံ့နည်း"ဟု ကဲ့ရဲ့ ရှုတ်ချ ပြစ်တင်ပြောဆိုကြကုန်၏၊ ထိုအခါ မဟာနာမ်သာကီဝင်မင်းသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏—

အသျှင်ဘုရား ကွယ်လွန်ခဲ့ပြီးသော သရဏာနိသာကီဝင်ကို မြတ်စွာဘုရားသည် 'ပျက်စီးကျရောက်ခြင်းသဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိသော သောတာပန်ဖြစ်၏'ဟု မိန့်ကြားတော်မူ၏၊ အသျှင်ဘုရား ထိုအခါ များစွာကုန်သော သာကီဝင်တို့သည် ပေါင်းဆုံစုဝေး၍ 'အချင်းတို့ အံ့ဖွယ်ဖြစ်စွတကား၊ အချင်းတို့ မဖြစ်ဘူးမြဲ ဖြစ်စွတကား၊ အကျင့်သိက္ခာ၌ အပြည့်အစုံပြုကျင့်လေ့မရှိ ကွယ်လွန်ပြီးသော သရဏာနိသာကီဝင်ကိုပင် မြတ်စွာဘုရားသည် ပျက်စီးကျရောက်ခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိသော သောတာပန်ဖြစ်၏'ဟု မိန့်ကြားတော်မူဘိသေး၏၊ ယခုအခါ၌ အဘယ်သူသည် သောတာပန် မဖြစ်ပဲ ရှိအံ့နည်း"ဟု ကဲ့ရဲ့ ရှုတ်ချ ပြစ်တင် ပြောဆိုကြပါကုန်၏ဟု (လျှောက်၏)။

မဟာနာမ် အကြင်ဥပါသကာသည် ရှည်မြင့်စွာသော ကာလပတ်လုံး မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်၏၊ တရားကို ကိုးကွယ်ဆည်းကပ်၏၊ သံဃာကို ကိုးကွယ်ဆည်းကပ်၏၊ ထိုသူသည် အဘယ်မှာ ပျက်စီးကျရောက်ခြင်းသို့ ရောက်ရာအံ့နည်း။ မဟာနာမ် ကောင်းစွာ ပြောဆိုလိုသူသည် "ရှည်မြင့်စွာသော ကာလပတ်လုံး တရားကို ကိုးကွယ်ဆည်းကပ်သူဖြစ်၏၊ သံဃာကို ကိုးကွယ်ဆည်းကပ်သူဖြစ်၏"ဟု ပြောဆိုလိုငြားအံ့၊ သရဏာနိသာကီဝင်ကိုသာ ပြောဆိုရာ၏။ မဟာနာမ် သရဏာနိသာကီဝင်သည် "ရှည်မြင့်စွာသော ကာလပတ်လုံး မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်သူဖြစ်၏၊ တရားကို ကိုးကွယ်ဆည်းကပ်သူဖြစ်၏၊ သံဃာကို ကိုးကွယ်ဆည်းကပ်သူဖြစ်၏၊ ထိုသရဏာနိသာကီဝင်သည် အဘယ်မှာ ပျက်စီးကျရောက်ခြင်းသို့ ရောက်ရာအံ့နည်း"။

မဟာနာမ် အချို့သော ပုဂ္ဂိုလ်သည် "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ပ။ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါးတရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓမည်တော်မူ၏၊ ဘုန်းတန်ခိုး ကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါမည်တော်မူ၏"ဟု မြတ်စွာဘုရား၌ စင်စစ်အားဖြင့် ဖြစ်သော အလွန်ကြည်ညိုခြင်းဖြစ်၏၊ တရားတော်၌။ပ။ သံဃာတော်၌။ပ။ အလွန်ကြည်ညိုခြင်း ဖြစ်၏၊ ရွှင်သောပညာရှိ၏၊ လျင်မြန်သော ပညာရှိ၏၊ (ကိလေသာမှ) လွတ်မြောက်မှု 'ဝိမုတ္တိ'နှင့်လည်း ပြည့်စုံ၏၊ ထိုသူသည် အာသဝကုန်ခြင်းကြောင့် အာသဝကင်း၍ (ကိလေသာမှ) လွတ်မြောက်သော (အရဟတ္တဖိုလ်) စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်) ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍နေသော ရဟန္တာဖြစ်၏၊ မဟာနာမ် ဤပုဂ္ဂိုလ်

http://www.dhammadownload.com



သည်လည်း ငရဲမှ လွတ်၏၊ တိရစ္ဆာန်ဘဝမှ လွတ်၏၊ ပြိတ္တာဘဝမှ လွတ်၏၊ မကောင်းသော သူတို့၏ လားရောက်ရာ ပျက်စီးကျရောက်ရာ အပါယ်မှ လွတ်၏။

မဟာနာမ် အချို့သော ပုဂ္ဂိုလ်သည်ကား "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ပ။ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါးတရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏"ဟု မြတ်စွာဘုရား၌ စင်စစ်အားဖြင့်ဖြစ်သော အလွန်ကြည်ညိုခြင်းဖြစ်၏၊ တရားတော်၌။ပ။ သံဃာတော်၌။ပ။ အလွန်ကြည်ညိုခြင်းဖြစ်၏၊ ရွှင်သောပညာရှိ၏၊ လျင်မြန်သော ပညာရှိ၏၊ (ကိလေသာမှ)လွတ်မြောက်မှု 'ဝိမုတ္တိ' နှင့်လည်း မပြည့်စုံ၊ ထိုသူသည် အောက်ပိုင်းသံယောဇဉ်ငါးပါးတို့ ကုန်ခြင်းကြောင့် အသက်တမ်း၏ အလယ်၌ (အရဟတ္တဖိုလ်သို့ ရောက်လျက်) ပရိနိဗ္ဗာန်ပြုရသော အန္တရာပရိနိဗ္ဗာယီအနာဂါမ် ဖြစ်၏၊ အသက်တမ်း၏ ထက်ဝက်ကို လွန်၍(အရဟတ္တဖိုလ်သို့ ရောက်လျက်)ပရိနိဗ္ဗာန်ပြုရသော ဥပဟစ္စပရိနိဗ္ဗာယီအနာဂါမ် ဖြစ်၏၊အားထုတ်မှု 'ပယောဂ' မပါပဲ (အရဟတ္တဖိုလ်သို့ ရောက်လျက်) ပရိနိဗ္ဗာန်ပြုရသော အသင်္ခါရပရိနိဗ္ဗာယီအနာဂါမ်ဖြစ်၏၊ အားထုတ်မှု 'ပယောဂ' နှင့် တကွ (အရဟတ္တဖိုလ်သို့ ရောက်လျက်) ပရိနိဗ္ဗာန်ပြုရသော သသင်္ခါရပရိနိဗ္ဗာယီအနာဂါမ်ဖြစ်၏၊ အထက်သို့ အစဉ်အတိုင်းတက်၍ အကနိဋ္ဌဘုံ၌ (အရဟတ္တဖိုလ်သို့ ရောက်လျက်) ပရိနိဗ္ဗာန်စံမည့် ဥဒ္ဓံသောတအကနိဋ္ဌဂါမီအနာဂါမ်ဖြစ်၏၊ မဟာနာမ် ဤပုဂ္ဂိုလ်သည်လည်း ငရဲမှ လွတ်၏၊ တိရစ္ဆာန်ဘဝမှ လွတ်၏၊ ပြိတ္တာဘဝမှ လွတ်၏၊ မကောင်းသောသူတို့၏ လားရောက်ရာ ပျက်စီး ကျရောက်ရာ အပါယ်မှ လွတ်၏။

မဟာနာမ် အချို့သော ပုဂ္ဂိုလ်သည်ကား "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ပ။နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊(သစ္စာလေးပါးတရားတို့ကို)သိစေတော်မူသော အကြောင်းကြောင့်လည်းဗုဒ္ဓမည်တော်၏၊ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏"ဟု မြတ်စွာဘုရား၌ စင်စစ်အားဖြင့် ဖြစ်သော အလွန်ကြည်ညိုခြင်းဖြစ်၏၊ တရားတော်၌။ပ။ သံဃာတော်၌။ပ။ အလွန်ကြည်ညိုခြင်းဖြစ်၏၊ ရွှင်သော ပညာမရှိ၊ လျင်မြန်သော ပညာမရှိ၊ (ကိလေသာမှ) လွတ်မြောက်မှု 'ဝိမုတ္တိ' နှင့်လည်း မပြည့်စုံ။ ထိုသူသည် သံယောဇဉ်သုံးပါးတို့ ကုန်သည့်ပြင် စွဲမက်မှု 'ရာဂ' အမျက်ထွက်မှု 'ဒေါသ' တွေဝေမှု 'မောဟ' တို့ ခေါင်းပါးခြင်းကြောင့် ဤ(ကာမ)ဘုံသို့ တကြိမ်သာ ပြန်လာ၍ ဆင်းရဲ၏ အဆုံးကို ပြုမည့် သကဒါဂါမ်ဖြစ်၏၊ မဟာနာမ် ဤပုဂ္ဂိုလ်သည်လည်း ငရဲမှ လွတ်၏၊ တိရစ္ဆာန် ဘဝမှ လွတ်၏၊ ပြိတ္တာဘဝမှ လွတ်၏၊မကောင်းသောသူတို့၏ လားရောက်ရာ ပျက်စီးကျရောက်ရာ အပါယ်မှ လွတ်၏။

မဟာနာမ် အချို့သောပုဂ္ဂိုလ်သည်ကား "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ပ။နတ်လူတို့၏ဆရာ ဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါးတရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏" ဟု မြတ်စွာဘုရား၌ စင်စစ်အားဖြင့် ဖြစ်သော

http://www.dhammadownload.com



အလွန်ကြည်ညိုခြင်းဖြစ်၏၊ တရားတော်၌ ။ပ။ သံဃာတော်၌ ။ပ။ အလွန်ကြည်ညိုခြင်းဖြစ်၏၊ ရွှင်သောပညာမရှိ၊ လျင်မြန်သောပညာမရှိ၊ (ကိလေသာမှ) လွတ်မြောက်မှု 'ဝိမုတ္တိ' နှင့်လည်း ပြည့်စုံ၏။ ထိုသူသည် သံယောဇဉ်သုံးပါးတို့ ကုန်ခြင်းကြောင့် ပျက်စီး ကျရောက်ခြင်း သဘော မရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိသော သောတာပန်ဖြစ်၏။ မဟာနာမ် ဤပုဂ္ဂိုလ်သည်လည်း ငရဲမှ လွတ်၏၊ တိရစ္ဆာန်ဘဝမှ လွတ်၏၊ပြိတ္တာဘဝမှ လွတ်၏၊ မကောင်းသောသူတို့၏ လားရောက်ရာ ပျက်စီးကျရောက်ရာ အပါယ်မှ လွတ်၏။

မဟာနာမ် အချို့သောပုဂ္ဂိုလ်သည်ကား မြတ်စွာဘုရား၌ စင်စစ်အားဖြင့်ဖြစ်သော အလွန်ကြည်ညိုခြင်းမဖြစ်၊ ။ပ။ တရားတော်၌။ပ။သံဃာတော်၌။ပ။(မဖြစ်)၊ ရွှင်သောပညာမရှိ၊ လျင်မြန်သောပညာမရှိ၊ (ကိလေသာမှ) လွတ်မြောက်မှု'ဝိမုတ္တိ'နှင့်လည်း မပြည့်စုံ၊ သို့ရာတွင် ထိုသူ့အား သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေ ဟူသော ဤတရားတို့သည် ဖြစ်ကုန်၏၊ ထိုသူသည် မြတ်စွာဘုရား သိစေတော်မူသော တရားတို့ကိုလည်း ပညာဖြင့် နှိုင်းဆ ကြည့်နိုင်၏။ မဟာနာမ် ဤပုဂ္ဂိုလ်သည်လည်း ငရဲသို့ မရောက်၊ တိရစ္ဆာန်ဘဝသို့ မရောက်၊ ပြိတ္တာဘဝသို့ မရောက်၊ မကောင်းသောသူတို့၏ လားရောက်ရာ ပျက်စီးကျရောက်ရာ အပါယ်သို့ မရောက်။

မဟာနာမ် ဤသာသနာတော်၌ အချို့သော ပုဂ္ဂိုလ်သည်ကား မြတ်စွာဘုရား၌ စင်စစ်အားဖြင့်ဖြစ်သော အလွန်ကြည်ညိုခြင်း မဖြစ်၊ တရားတော်၌။ပ။သံဃာတော်၌။ပ။(မဖြစ်)၊ရွှင်သော ပညာမရှိ၊ လျင်မြန်သောပညာ မရှိ၊(ကိလေသာမှ) လွတ်မြောက်မှု 'ဝိမုတ္တိ' နှင့်လည်း မပြည့်စုံ၊ သို့ရာတွင် ထိုသူ့အား သဒ္ဓိန္ဒြေ။ပ။ ပညိန္ဒြေဟူသော ဤတရားတို့သည် ဖြစ်ကုန်၏၊ ထိုသူ့အား မြတ်စွာဘုရား၌ ယုံကြည်ခြင်းမျှ ချစ်ခြင်းမျှသည်သာ ဖြစ်၏။ မဟာနာမ် ဤပုဂ္ဂိုလ်သည်လည်း ငရဲသို့ မရောက်၊ တိရစ္ဆာန်ဘဝသို့ မရောက်၊ ပြိတ္တာဘဝသို့ မရောက်၊ မကောင်းသောသူတို့၏ လားရောက်ရာ ပျက်စီးကျရောက်ရာ အပါယ်သို့ မရောက်။

မဟာနာမ် ဥပမာသော်ကား မြေမကောင်းသော သစ်ငုတ်ကို မနုတ်ထွင်ရသေးသော လယ်ညံ့၌ မျိုးစေ့တို့သည်လည်း ကျိုးပျက်ကုန်၏၊ ပုပ်ကုန်၏၊ လေ နေပူ နှိပ်စက်ကုန်၏၊ အနှစ်မရှိကုန်၊ ကောင်းစွာ သိုလှောင်မထားခဲ့ရကုန်၊ မိုးသည်လည်း ကောင်းစွာ မရွာသွန်းရာ၊ ထိုမျိုးစေ့တို့သည် ကြီးပွါးစည်ပင် ပြန့်ပြောခြင်းသို့ ရောက်ကုန်ရာသလော။ အသျှင်ဘုရား မရောက်ကုန်ရာပါ။ မဟာနာမ် ဤအတူပင် ဤလောက၌ တရားကို မကောင်းသဖြင့် ဟောကြားအပ်၏၊ မကောင်းသဖြင့် သိစေအပ်၏၊ (ဝဋ်ဆင်းရဲမှ) လွတ်မြောက်ကြောင်းလည်း မဟုတ်၊ အေးငြိမ်းခြင်းကိုလည်း မဖြစ်စေနိုင်၊ မြတ်စွာဘုရားတို့ ဟောကြားအပ်သော တရားမျိုးလည်း မဟုတ်၊ ဤတရားမျိုးကို လယ်ညံ့(နှင့်တူ၏)ဟု ငါဆို၏၊ ထိုတရားမျိုး၌ တပည့်သည် တရားအားလျော်သော အကျင့်ကို ကျင့်နေ၏၊ ရိုသေစွာ ကျင့်၏၊ တရားအားလျော်စွာ ကျင့်၏၊ ဤကျင့်ခြင်းမျိုးကို မျိုးစေ့ညံ့ (နှင့်တူ၏) ဟု ငါဆို၏။

မဟာနာမ် ဥပမာသော်ကား မြေကောင်းသော သစ်ငုတ်ကို နုတ်ထွင်ပြီးသော လယ်ကောင်း၌ မျိုးစေ့တို့သည်လည်း မကျိုးပျက်ကုန်၊ မပုပ်ကုန်၊လေ နေပူ မနှိပ်စက်ကုန်၊ အနှစ်ရှိကုန်၏၊ ကောင်းစွာ သိုလှောင်ထားခဲ့ရကုန်၏၊ မိုးသည်လည်း ကောင်းစွာ ရွာသွန်းရာ၏၊ ထိုမျိုးစေ့တို့သည် ကြီးပွါး စည်ပင် ပြန့်ပြောခြင်းသို့ ရောက်ကုန်ရာသလော။ အသျှင်ဘုရား ရောက်ကုန်ရာပါ၏။ မဟာနာမ် ဤအတူပင် ဤလောက၌ တရားကို ကောင်းစွာ ဟောကြားအပ်၏၊ ကောင်းစွာ

http://www.dhammadownload.com



သိစေအပ်၏၊ (ဝဋ်ဆင်းရဲမှ) ထွက်မြောက်ကြောင်းဖြစ်၏၊ အေးငြိမ်းခြင်းကိုလည်း ဖြစ်စေနိုင်၏၊ မြတ်စွာဘုရားတို့ ဟောကြားအပ်သော တရားမျိုးဖြစ်၏၊ဤတရားမျိုးကို လယ်ကောင်း(နှင့်တူ၏) ဟု ငါဆို၏၊ ထိုတရား၌ တပည့်သည် တရားအားလျော်သော အကျင့်ကို ကျင့်နေ၏၊ရှိသေစွာကျင့်၏၊ တရားအားလျော်စွာ ကျင့်၏၊ ဤကျင့်ခြင်းမျိုးကိုမျိုးစေ့ကောင်း(နှင့်တူ၏) ဟု ငါဆို၏၊ သရဏာနိသာကီဝင်ကို အဘယ်ဆိုဖွယ်ရှိအံ့နည်း၊ မဟာနာမ် သရဏာနိသာကီဝင်သည် သေခါနီးအခါ၌ အကျင့်ကို အပြည့်အစုံပြုကျင့်သောသူ ဖြစ်၏ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၆-ပဌမ အနာထပိဏ္ဍိကသုတ်

၁၀၂၂။ သာဝတ္ထိနိဒါန်း။ထိုအခါ အနာထပိဏ်သူဌေးသည် အနာနိုပ်စက်ရကား ဆင်းရဲခြင်းသို့ ရောက်လျက် ပြင်းထန်စွာ မကျန်းမမာဖြစ်နေ၏၊ ထိုအခါ အနာထပိဏ်သူဌေးသည် ယောကျ်ား တယောက်ကို "အမောင်ယောကျ်ား လာဦး၊ သင်သည် အသျှင်သာရိပုတြာထံသို့ ချဉ်းကပ်၍ အသျှင်ဘုရား အနာထပိဏ်သူဌေးသည် အနာနိုပ်စက်ရကား ဆင်းရဲခြင်းသို့ ရောက်လျက် ပြင်းထန်စွာ မကျန်းမမာဖြစ်နေပါ၏၊ ထိုသူဌေးသည် အသျှင်သာရိပုတြာ၏ ခြေတော်တို့ကို ဦးခိုက်လိုက်ပါ၏" ဟု ငါ၏ စကားဖြင့် အသျှင်သာရိပုတြာ၏ ခြေတော်တို့ကို ဦးခေါင်းဖြင့် ရှိခိုးလော့၊ "အသျှင်ဘုရား တောင်းပန်ပါ၏၊ အသျှင်သာရိပုတြာသည် အစဉ်သနားသည်ကို အကြောင်းပြု၍ အနာထပိဏ်သူဌေး၏အိမ်သို့ ချဉ်းကပ်တော်မူပါ" ဟု ဤသို့လည်း လျှောက်လေလော့ဟု ပြောဆိုလေ၏။

"အသျှင် ကောင်းပါပြီ"ဟု ထိုယောကျ်ားသည် အနာထပိဏ်သူဌေးအား ဝန်ခံပြီးလျှင် အသျှင်သာရိပုတြာထံသို့ ချဉ်းကပ်၍ အသျှင်သာရိပုတြာကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေပြီးသော် အသျှင်သာရိပုတြာအား ဤစကားကို လျှောက်၏—

အသျှင်ဘုရား အနာထပိဏ်သူဌေးသည် အနာနိုပ်စက်ရကား ဆင်းရဲခြင်းသို့ ရောက်လျက် ပြင်းထန်စွာ မကျန်းမမာဖြစ်နေပါ၏၊ ထိုသူဌေးသည် အသျှင်သာရိပုတြာ၏ ခြေတော်တို့ကို ဦးခိုက်လိုက်ပါ၏။ "အသျှင်ဘုရား တောင်းပန်ပါ၏၊ အသျှင်သာရိပုတြာသည် အစဉ်သနားသည်ကို အကြောင်းပြု၍ အနာထပိဏ်သူဌေး၏ အိမ်သို့ ချဉ်းကပ်တော်မူပါ"ဟု ဤသို့လည်း လျှောက်လိုက်ပါ၏ ဟု (လျှောက်၏)။ အသျှင်သာရိပုတြာသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူ၏။

ထို့နောက် အသျှင်သာရိပုတြာသည် သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ဆောင်ယူလျက် နောက်လိုက် ရဟန်း အသျှင်အာနန္ဒာနှင့်အတူ အနာထပိဏ်သူဌေး၏ အိမ်သို့ ချဉ်းကပ်၍ ခင်းထားသော နေရာ၌ ထိုင်နေတော်မူပြီးလျှင် အနာထပိဏ်သူဌေးကို "သူဌေး သင် ခန့်ကျန်း၏လော၊မျှတ၏လော၊ ဆင်းရဲဝေဒနာတို့သည် မတိုးမူ၍ ဆုတ်ကုန်၏လော၊ ဆုတ်သောအခြင်းအရာ မတိုးသော အခြင်းအရာသည် ထင်ပါ၏လော"ဟု မေးလေ၏။ အသျှင်ဘုရား တပည့်တော် မခန့်ကျန်းပါ၊ မမျှတပါ၊ ပြင်းထန်သော ဆင်းရဲဝေဒနာတို့သည် မဆုတ်မူ၍ တိုးပါကုန်၏၊ တိုးသော အခြင်းအရာ မဆုတ်သော အခြင်းအရာသည် ထင်ပါ၏ဟု လျှောက်၏။

http://www.dhammadownload.com



သူဌေး မြတ်စွာဘုရား၌ အကြင်သို့သဘောရှိသော မကြည်ညိုခြင်းနှင့် ပြည့်စုံသော အကြား အမြင်မရှိသော ပုထုဇဉ်သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ မကောင်းသော သူတို့၏ လားရောက်ရာ ပျက်စီးကျရောက်ရာ အပါယ်ငရဲ၌ဖြစ်ရ၏၊ မြတ်စွာဘုရား၌ ထိုသို့သဘော ရှိသော ကြည်ညိုခြင်းသည် သင့်အား မရှိ။ သူဌေး"ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော် မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏၊ နတ်လူတို့၏ ဆရာဖြစ်တော် မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို)သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓမည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော် မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏" ဟု မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းသည် သင့်အား ရှိသည်သာတည်း ၊ ထိုမြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညို ခြင်းကို မိမိကိုယ်၌ ကောင်းစွာရှုဆင်ခြင်သော သင့်အား ဝေဒနာသည် ခဏခြင်းပင် ငြိမ်းရာ၏။

သူဌေး တရားတော်၌ အကြင်သို့ သဘောရှိသော မကြည်ညိုခြင်းနှင့် ပြည့်စုံသော အကြား အမြင်မရှိသော ပုထုဇဉ်သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ မကောင်းသော သူတို့၏ လားရောက်ရာ ပျက်စီးကျရောက်ရာ အပါယ်ငရဲ၌ဖြစ်ရ၏၊ တရားတော်၌ ထိုသို့ သဘော ရှိသော မကြည်ညိုခြင်းသည် သင့်အား မရှိ။ သူဌေး"မြတ်စွာဘုရားသည် တရားတော်ကို ကောင်းစွာ ဟောကြားတော်မူ၏။ပ။ (အရိယာ)ပညာရှိတို့သာ ကိုယ်စီကိုယ်ငှ သိနိုင်ခံစားနိုင်သောတရား ဖြစ်၏"ဟု တရားတော်၌ မတုန်မလှုပ် ကြည်ညိုခြင်းသည် သင့်အား ရှိသည်သာတည်း၊ ထိုတရား တော်၌ မတုန်မလှုပ် ကြည်ညိုခြင်းကို မိမိကိုယ်၌ ကောင်းစွာ ရှုဆင်ခြင်သော သင့်အား ဝေဒနာ သည် ခဏခြင်းပင် ငြိမ်းရာ၏။

သူဌေး သံဃာတော်၌ အကြင်သို့သဘောရှိသော မကြည်ညိုခြင်းနှင့်ပြည့်စုံသော အကြားအမြင် မရှိသော ပုထုဇဉ်သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ မကောင်းသော သူတို့၏ လားရောက်ရာ ပျက်စီးကျရောက်ရာ အပါယ်ငရဲ၌ ဖြစ်ရ၏၊ သံဃာတော်၌ ထိုသို့ သဘောရှိသော မကြည်ညိုခြင်းသည် သင့်အား မရှိ။ သူဌေး"မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် ကောင်းသော အကျင့်ရှိတော်မူပါ၏။ပ။ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံးလယ်မြေ ဖြစ်၏"ဟု သံဃာတော်၌ မတုန်မလှုပ် ကြည်ညိုခြင်းသည် သင့်အား ရှိသည်သာတည်း၊ ထို သံဃာတော်၌ မတုန်မလှုပ် ကြည်ညိုခြင်းကို မိမိကိုယ်၌ ကောင်းစွာ ရှုဆင်ခြင်သော သင့်အား ဝေဒနာသည် ခဏခြင်းပင် ငြိမ်းရာ၏။

သူဌေး အကြင်သို့သဘောရှိသော သီလပျက်ခြင်းနှင့် ပြည့်စုံသော အကြားအမြင် မရှိသော ပုထုဇဉ်သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ မကောင်းသော သူတို့၏လားရောက်ရာ ပျက်စီးကျရောက်ရာ အပါယ်ငရဲ၌ ဖြစ်ရ၏၊ ထိုသို့သဘောရှိသော သီလ ပျက်ခြင်းသည် သင့်အား မရှိ။ သူဌေး အရိယာတို့ နှစ်သက်အပ်သော ။ပ။ တည်ကြည်မှု 'သမာဓိ' ကို ဖြစ်စေတတ်သော သီလတို့သည် သင့်အား ရှိကုန်သည်သာတည်း၊ ထိုအရိယာတို့ နှစ်သက်သော သီလတို့ကို မိမိကိုယ်၌ ကောင်းစွာ ရှုဆင်ခြင်သော သင့်အား ဝေဒနာသည် ခဏခြင်းပင် ငြိမ်းရာ၏။

သူဌေး အကြင်သို့ သဘောရှိသော မှားယွင်းသော အမြင်'မိစ္ဆာဒိဋ္ဌိ'နှင့်ပြည့်စုံသော အကြား အမြင်မရှိသော ပုထုဇဉ်သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ မကောင်းသော သူတို့ ၏ လားရောက်ရာ ပျက်စီးကျရောက်ရာ အပါယ်ငရဲ၌ ဖြစ်ရ၏၊ ထိုသို့ သဘောရှိသော မှားယွင်း

http://www.dhammadownload.com



သော အမြင် 'မိစ္ဆာဒိဋ္ဌိ'သည် သင့်အား မရှိ။ သူဌေး မှန်ကန်သော အမြင် 'သမ္မာဒိဋ္ဌိ' သည် သင့်အား ရှိသည်သာတည်း၊ ထိုမှန်ကန်သော အမြင်'သမ္မာဒိဋ္ဌိ'ကို မိမိကိုယ်၌ ကောင်းစွာ ရှုဆင်ခြင်သော သင့်အား ဝေဒနာသည် ခဏခြင်းပင် ငြိမ်းရာ၏။

သူဌေး ဖြကြင်သို့ သဘောရှိသော မှားယွင်းသော ကြံစည်မှု'မိစ္ဆာသင်္ကပ္ပ'နှင့် ပြည့်စုံသော အကြားအမြင်မရှိသော ပုထုဇဉ်သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ မကောင်းသော သူတို့၏ လားရောက်ရာ ပျက်စီးကျရောက်ရာ အပါယ်ငရဲ၌ ဖြစ်ရ၏၊ ထိုသို့ သဘောရှိသော မှားယွင်းသော ကြံစည်မှု'မိစ္ဆာသင်္ကပ္ပ'သည် သင့်အား မရှိ။ သူဌေး မှန်ကန်သော ကြံစည်မှု 'သမ္မာသင်္ကပ္ပ'သည် သင့်အား ရှိသည်သာတည်း၊ ထိုမှန်ကန်သော ကြံစည်မှု'သမ္မာသင်္ကပ္ပ'ကို မိမိကိုယ်၌ ကောင်းစွာ ရှုဆင်ခြင်သော သင့်အား ဝေဒနာသည် ခဏခြင်းပင် ငြိမ်းရာ၏။

သူဌေး အကြင်သို့ သဘောရှိသော မှားယွင်းသော ပြောဆိုမှု'မိစ္ဆာဝါစာ'နှင့် ပြည့်စုံသော အကြားအမြင်မရှိသော ပုထုဇဉ်သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ မကောင်းသော သူတို့၏ လားရောက်ရာ ပျက်စီးကျရောက်ရာ အပါယ်ငရဲ၌ ဖြစ်ရ၏၊ ထိုသို့ သဘောရှိသော မှားယွင်းသော ပြောဆိုမှု'မိစ္ဆာဝါစာ'သည် သင့်အား မရှိ၊ သူဌေး မှန်ကန်သော ပြောဆိုမှု 'သမ္မာဝါစာ'သည် သင့်အား ရှိသည်သာတည်း၊ ထိုမှန်ကန်သော ပြောဆိုမှု 'သမ္မာဝါစာ'ကို မိမိကိုယ်၌ ကောင်းစွာ ရှုဆင်ခြင်သော သင့်အား ဝေဒနာသည် ခဏခြင်းပင် ငြိမ်းရာ၏။

သူဌေး အကြင်သို့ သဘောရှိသော မှားယွင်းသော အလုပ် 'မိစ္ဆာကမ္မန္တ'နှင့် ပြည့်စုံသော အကြားအမြင်မရှိသော ပုထုဇဉ်သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ မကောင်းသော သူတို့၏လားရောက်ရာ ပျက်စီးကျရောက်ရာ အပါယ်ငရဲ၌ဖြစ်ရ၏၊ ထိုသို့ သဘောရှိသော မှားယွင်းသော အလုပ် 'မိစ္ဆာကမ္မန္တ'သည် သင့်အား မရှိ။ သူဌေး မှန်ကန်သော အလုပ် 'သမ္မာကမ္မန္တ'သည် သင့်အား ရှိသည်သာတည်း၊ ထိုမှန်ကန်သော အလုပ်'သမ္မာကမ္မန္တ'ကို မိမိ ကိုယ်၌ ကောင်းစွာရှုဆင်ခြင်သော သင့်အား ဝေဒနာသည် ခဏခြင်းပင် ငြိမ်းရာ၏။

သူဌေး အကြင်သို့ သဘောရှိသော မှားယွင်းသော အသက်မွေးမှု'မိစ္ဆာဇီဝ'နှင့် ပြည့်စုံသော အကြားအမြင်မရှိသော ပုထုဇဉ်သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌မကောင်းသော သူတို့၏လားရောက်ရာ ပျက်စီးကျရောက်ရာ အပါယ်ငရဲ၌ ဖြစ်ရ၏၊ထိုသို့သဘောရှိသော မှားယွင်းသော အသက်မွေးမှု 'မိစ္ဆာဇီဝ'သည် သင့်အား မရှိ။ သူဌေး မှန်ကန်သော အသက်မွေးမှု'သမ္မာအာဇီဝ' သည် သင့်အား ရှိသည်သာတည်း၊ ထိုမှန်ကန်သော အသက်မွေးမှု'သမ္မာအာဇီဝ'ကို မိမိကိုယ်၌ ကောင်းစွာရှုဆင်ခြင်သော သင့်အား ဝေဒနာသည် ခဏခြင်းပင် ငြိမ်းရာ၏။

သူဌေး အကြင်သို့ သဘောရှိသော မှားယွင်းသော အားထုတ်မှု 'မိစ္ဆာဝါယာမ' နှင့် ပြည့်စုံသော အကြားအမြင်မရှိသော ပုထုဇဉ်သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ မကောင်းသော သူတို့၏ လားရောက်ရာ ပျက်စီးကျရောက်ရာ အပါယ်ငရဲ၌ ဖြစ်ရ၏၊ ထိုသို့ သဘောရှိသော မှားယွင်းသော အားထုတ်မှု 'မိစ္ဆာဝါယာမ'သည် သင့်အား မရှိ။သူဌေး မှန်ကန်သော အားထုတ်မှု 'သမ္မာဝါယာမ'သည် သင့်အား ရှိသည်သာတည်း၊ ထိုမှန်ကန်သော အားထုတ်မှု 'သမ္မာဝါယာမ' ကို မိမိကိုယ်၌ ကောင်းစွာရှုဆင်ခြင်သော သင့်အား ဝေဒနာသည် ခဏခြင်းပင် ငြိမ်းရာ၏။

http://www.dhammadownload.com



သူဌေး အကြင်သို့ သဘောရှိသော မှားယွင်းသော အောက်မေ့မှု 'မိစ္ဆာသတိ' နှင့် ပြည့်စုံသော အကြားအမြင် မရှိသော ပုထုဇဉ်သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ မကောင်းသော သူတို့၏ လားရောက်ရာ ပျက်စီးကျရောက်ရာ အပါယ်ငရဲ၌ ဖြစ်ရ၏၊ ထိုသို့သဘောရှိသော မှားယွင်းသော အောက်မေ့မှု 'မိစ္ဆာသတိ' သည် သင့်အား မရှိ။ သူဌေး မှန်ကန်သောအောက်မေ့မှု 'သမ္မာသတိ' သည် သင့်အား ရှိသည်သာတည်း၊ ထိုမှန်ကန်သောအောက်မေ့မှု 'သမ္မာသတိ' ကို မိမိကိုယ်၌ ကောင်းစွာရှုဆင်ခြင်သော သင့်အား ဝေဒနာသည် ခဏခြင်းပင် ငြိမ်းရာ၏။

သူဌေး အကြင်သို့ သဘောရှိသော မှားယွင်းသော တည်ကြည်မှု 'မိစ္ဆာသမာဓိ' နှင့် ပြည့်စုံသော အကြားအမြင် မရှိသော ပုထုဇဉ်သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ မကောင်းသော သူတို့၏ လားရောက်ရာ ပျက်စီးကျရောက်ရာ အပါယ်ငရဲ၌ဖြစ်ရ၏၊ ထိုသို့ သဘောရှိသော မှားယွင်းသော တည်ကြည်မှု 'မိစ္ဆာသမာဓိ' သည် သင့်အား မရှိ။ သူဌေး မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ' သည် သင့်အား ရှိသည်သာတည်း၊ ထိုမှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ' ကို မိမိကိုယ်၌ ကောင်းစွာရှုဆင်ခြင်သော သင့်အား ဝေဒနာသည် ခဏခြင်းပင် ငြိမ်းရာ၏။

သူဌေး အကြင်သို့ သဘောရှိသော မှားယွင်းသော (အသိ) ဉာဏ်နှင့် ပြည့်စုံသော အကြားအမြင်မရှိသော ပုထုဇဉ်သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ မကောင်းသော သူတို့၏ လားရောက်ရာ ပျက်စီးကျရောက်ရာ အပါယ်ငရဲ၌ ဖြစ်ရ၏၊ ထိုသို့ သဘောရှိသော မှားယွင်းသော (အသိ) ဉာဏ်သည် သင့်အား မရှိ။ သူဌေး မှန်ကန်သော (အသိ) ဉာဏ်သည် သင့်အား ရှိသည်သာတည်း၊ ထိုမှန်ကန်သော (အသိ) ဉာဏ်ကို မိမိကိုယ်၌ ကောင်းစွာ ရှုဆင်ခြင်သော သင့်အား ဝေဒနာသည် ခဏခြင်းပင် ငြိမ်းရာ၏။

သူဌေး အကြင်သို့ သဘောရှိသော မှားယွင်းသော လွတ်မြောက်မှုနှင့် ပြည့်စုံသော အကြားအမြင်မရှိသော ပုထုဇဉ်သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ မကောင်းသောသူတို့၏ လားရောက်ရာ ပျက်စီးကျရောက်ရာ အပါယ်ငရဲ၌ဖြစ်ရ၏၊ ထိုသို့သဘောရှိသော မှားယွင်းသော လွတ်မြောက်မှုသည် သင့်အား မရှိ။ သူဌေး မှန်ကန်သော လွတ်မြောက်မှုသည် သင့်အား ရှိသည်သာတည်း၊ ထိုမှန်ကန်သော လွတ်မြောက်မှုကို မိမိကိုယ်၌ ကောင်းစွာ ရှုဆင်ခြင်သော သင့်အား ဝေဒနာသည် ခဏခြင်းပင် ငြိမ်းရာ၏ဟု (မိန့်တော်မူ၏)။

ထိုအခါ အနာထပိဏ်သူဌေးအား ဝေဒနာတို့သည် ခဏခြင်းပင် ငြိမ်းကုန်၏၊ ထိုအခါ အနာထပိဏ်သူဌေးသည် အသျှင်သာရိပုတြာကိုလည်း အသျှင်အာနန္ဒာကိုလည်း မိမိအတွက် ချက်ပြီး ဖြစ်သော ထမင်းအိုးမှ ထမင်းဖြင့်ပင် လုပ်ကျွေးလေ၏။ ထိုအခါ အသျှင်သာရိပုတြာသည် ဆွမ်းစားပြီး၍ သပိတ်မှလက်ကို ဖယ်ပြီးသော် အနာထပိဏ်သူဌေးသည် နိမ့်သောနေရာတခု၌ ထိုင်နေ၏၊ တခုသောနေရာ၌ ထိုင်နေသော အနာထပိဏ်သူဌေးအား အသျှင်သာရိပုတြာသည် ဤဂါထာတို့ဖြင့် အနုမောဒနာ ပြုတော်မူ၏—

"အကြင်သူအား မြတ်စွာဘုရား၌ မတုန်မလှုပ် ကောင်းစွာတည်သော ယုံကြည်မှု 'သဒ္ဓါ' လည်း ရှိ၏၊ ကောင်းသော အရိယာတို့ နှစ်သက်အပ်သော ချီးမွမ်းထိုက်သော သီလလည်း ရှိ၏။

http://www.dhammadownload.com



သံဃာတော်၌ ကြည်ညိုခြင်းလည်း ရှိ၏၊ ဖြောင့်မတ်သော အမြင်လည်း ရှိ၏၊ ထိုသူ့ကို သူဆင်းရဲမဟုတ်ဟု ဆိုကုန်၏၊ ထိုသူ၏ အသက်ရှင်ခြင်းသည် အချည်းနှီးမဖြစ်။

ထို့ကြောင့် ယုံကြည်မှုကိုရင်း သီလကိုရင်း ကြည်ညိုခြင်းကိုရင်း တရားတော်ကို ရှုမြင်ခြင်းကိုရင်း အောက်မေ့သော ပညာရှိသည် မြတ်စွာဘုရား၏ အဆုံးအမတော်ကို အဖန်တလဲလဲ အားထုတ်ရာ၏"ဟု (အနုမောဒနာ ပြုတော်မူ၏)။

ထို့နောက် အသျှင်သာရိပုတြာသည် အနာထပိဏ်သူဌေးကို ဤဂါထာတို့ဖြင့် အနုမောဒနာပြုပြီးလျှင် နေရာမှထ၍ ဖဲကြွလေ၏။

ထို့နောက် အသျှင်အာနန္ဒာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောနေရာ၌ ထိုင်နေ၏၊ တခုသော နေရာ၌ထိုင်နေသော အသျှင်အာနန္ဒာအား မြတ်စွာဘုရားသည် "အာနန္ဒာ ယခုနေမွန်းတည့်အချိန်၌ သင်အဘယ်က လာသနည်း"ဟု မိန့်တော်မူ၏။ အသျှင်ဘုရား အသျှင်သာရိပုတြာသည် အနာထပိဏ်သူဌေးကို ဤသို့ ဤသို့သော ဆုံးမခြင်းဖြင့် ဆုံးမတော်မူ၏ဟု လျှောက်၏။ အာနန္ဒာ သာရိပုတြာသည် ပညာရှိ၏၊ "အာနန္ဒာ သာရိပုတြာသည် ပညာကြီး၏၊ ယင်း(သာရိပုတြာ)သည် သောတာပန် အင်္ဂါလေးပါးတို့ကို အခြင်းအရာဆယ်ပါးတို့ဖြင့် ဝေဖန်နိုင်ဘိ၏"ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-ဒုတိယ အနာထပိဏ္ဍိကသုတ်

၁၀၂၃။ သာဝတ္ထိနိဒါန်း။ ထိုအခါ အနာထပိဏ်သူဌေးသည် အနာနှိပ်စက်ရကား ဆင်းရဲခြင်းသို့ရောက်လျက် ပြင်းထန်စွာ မကျန်းမမာ ဖြစ်နေ၏။ ထိုအခါ အနာထပိဏ်သူဌေးသည် ယောကျ်ားတယောက်ကို "အမောင်ယောကျ်ား လာဦး၊ သင်သည် အသျှင်အာနန္ဒာထံသို့ ချဉ်းကပ်၍ အသျှင်ဘုရား အနာထပိဏ်သူဌေးသည် အနာနှိပ်စက်ရကား ဆင်းရဲခြင်းသို့ရောက်လျက် ပြင်းထန်စွာ မကျန်းမမာ ဖြစ်နေပါ၏၊ ထိုသူဌေးသည် အသျှင်အာနန္ဒာ၏ ခြေတော်တို့ကို ဦးခိုက်လိုက်ပါ၏ဟု ငါ၏ စကားဖြင့် အသျှင်အာနန္ဒာ၏ ခြေတော်တို့ကို ဦးခေါင်းဖြင့် ရှိခိုးလော့၊ 'အသျှင်ဘုရား တောင်းပန်ပါ၏၊ အသျှင်အာနန္ဒာသည် အစဉ်သနားသည်ကို အကြောင်းပြု၍ အနာထပိဏ်သူဌေး၏ အိမ်သို့ ချဉ်းကပ်တော်မူပါ'ဟု ဤသို့လည်း လျှောက်လေလော့"ဟု ပြောဆိုလေ၏။

"အသျှင် ကောင်းပါပြီ"ဟု ထိုယောကျ်ားသည် အနာထပိဏ်သူဌေးအား ဝန်ခံပြီးလျှင် အသျှင်အာနန္ဒာထံသို့ ချဉ်းကပ်၍ အသျှင်အာနန္ဒာကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေပြီးသော် အသျှင်အာနန္ဒာအား ဤစကားကို လျှောက်၏— "အသျှင်ဘုရား အနာထပိဏ်သူဌေးသည် အနာနှိပ်စက်ရကား ဆင်းရဲခြင်းသို့ရောက်လျက် ပြင်းထန်စွာ မကျန်းမမာ ဖြစ်နေပါ၏၊ ထိုသူဌေးသည် အသျှင်အာနန္ဒာ၏ ခြေတော်တို့ကို ဦးခိုက်လိုက်ပါ၏၊ 'အသျှင်ဘုရား တောင်းပန်ပါ၏၊ အသျှင်အာနန္ဒာသည် အစဉ်သနားသည်ကို အကြောင်းပြု၍ အနာထပိဏ်သူဌေးအိမ်သို့ ချဉ်းကပ်တော်မူပါ' ဟု ဤသို့လည်း လျှောက်လိုက်ပါ၏"ဟု လျှောက်၏။ အသျှင်အာနန္ဒာသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူ၏။

http://www.dhammadownload.com



ထိုနောက် အသျှင်အာနန္ဒာသည် နံနက်အချိန် သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ဆောင်ယူပြီးလျှင် အနာထပိဏ်သူဌေးအိမ်သို့ ချဉ်းကပ်၍ ခင်းထားသော နေရာ၌ ထိုင်နေတော်မူပြီးလျှင် အနာထပိဏ်သူဌေးကို "သူဌေး သင် ခံနိုင်ရည်ရှိ၏လော၊ မျှတ၏လော၊ ဆင်းရဲဝေဒနာတို့သည် မတိုးမူ၍ ဆုတ်ယုတ်ကုန်၏လော၊ ဆုတ်ယုတ်သောအခြင်းအရာ မတိုးသော အခြင်းအရာသည် ထင်ပါ၏လော"ဟု မေးတော်မူ၏။ အသျှင်ဘုရား တပည့်တော် မခံနိုင်ပါ၊ မမျှတပါ၊ ပြင်းထန်သော ဆင်းရဲဝေဒနာတို့သည် မဆုတ်ယုတ်မူ၍ တိုးပါကုန်၏၊ တိုးသော အခြင်းအရာ မဆုတ်ယုတ်သော အခြင်းအရာသည် ထင်ပါ၏ဟု လျှောက်၏။

သူဌေး တရားလေးပါးတို့နှင့် ပြည့်စုံသော အကြားအမြင်မရှိသော ပုထုဇဉ်အား ထိတ်လန့်တုန်လှုပ်မှု တမလွန်ဘဝ၏ အကြောင်းဖြစ်သော သေရခြင်းကို ကြောက်မှုသည် ဖြစ်၏၊ အဘယ်လေးပါးတို့နှင့်နည်း။ သူဌေး ဤလောက၌ အကြားအမြင်မရှိသော ပုထုဇဉ်သည် ဘုရား၌ မကြည်ညိုခြင်းနှင့် ပြည့်စုံ၏၊ ထို ဘုရား၌မကြည်ညိုခြင်းကို မိမိကိုယ်၌ ကောင်းစွာ ရှုဆင်ခြင်သော ထိုသူ့အား ထိတ်လန့်တုန်လှုပ်မှု တမလွန်ဘဝ၏ အကြောင်းဖြစ်သော သေရခြင်းကို ကြောက်မှုသည် ဖြစ်၏။

သူဌေး နောက်တမျိုးကား အကြားအမြင်မရှိသော ပုထုဇဉ်သည် တရားတော်၌ မကြည်ညိုခြင်းနှင့် ပြည့်စုံ၏၊ ထို တရားတော်၌ မကြည်ညိုခြင်းကို မိမိကိုယ်၌ ကောင်းစွာ ရှုဆင်ခြင်သော ထိုသူ့အား ထိတ်လန့်တုန်လှုပ်မှု တမလွန်ဘဝ၏ အကြောင်းဖြစ်သော သေရခြင်းကို ကြောက်မှုသည် ဖြစ်၏။

သူဌေး နောက်တမျိုးကား အကြားအမြင် မရှိသော ပုထုဇဉ်သည် သံဃာတော်၌ မကြည်ညိုခြင်းနှင့် ပြည့်စုံ၏၊ ထို သံဃာတော်၌ မကြည်ညိုခြင်းကို မိမိကိုယ်၌ ကောင်းစွာ ရှုဆင်ခြင်သော ထိုသူ့အား ထိတ်လန့်တုန်လှုပ်မှု တမလွန်ဘဝ၏ အကြောင်းဖြစ်သော သေရခြင်းကို ကြောက်မှုသည် ဖြစ်၏။

သူဌေး နောက်တမျိုးကား အကြားအမြင် မရှိသော ပုထုဇဉ်သည် သီလပျက်ခြင်းနှင့် ပြည့်စုံ၏၊ ထို သီလပျက်ခြင်းကို မိမိကိုယ်၌ ကောင်းစွာ ရှုဆင်ခြင်သော ထိုသူ့အား ထိတ်လန့်တုန်လှုပ်မှု တမလွန်ဘဝ၏ အကြောင်းဖြစ်သော သေရခြင်းကို ကြောက်မှုသည် ဖြစ်၏။ သူဌေး ဤတရားလေးပါးတို့နှင့် ပြည့်စုံသော အကြားအမြင် မရှိသော ပုထုဇဉ်အား ထိတ်လန့်တုန်လှုပ်မှု တမလွန်ဘဝ၏ အကြောင်းဖြစ်သော သေရခြင်းကို ကြောက်မှုသည် ဖြစ်၏။

သူဌေး တရားလေးပါးတို့နှင့် ပြည့်စုံသော အကြားအမြင်ရှိသော အရိယာတပည့်အား ထိတ်လန့်တုန်လှုပ်မှု တမလွန်ဘဝ၏ အကြောင်းဖြစ်သော သေရခြင်းကို ကြောက်မှုသည် ဖြစ်၏။ အဘယ်လေးပါးတို့နှင့်နည်း၊ သူဌေး ဤသာသနာတော်၌ အကြားအမြင်ရှိသော အရိယာတပည့်သည် "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ပ။ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာ ဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏"ဟု မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏၊ ထို မြတ်စွာဘုရား၌

http://www.dhammadownload.com



မတုန်မလှုပ် ကြည်ညိုခြင်းကို မိမိကိုယ်၌ကောင်းစွာ ရှုဆင်ခြင်သော ထိုသူ့အား ထိတ်လန့်တုန်လှုပ်မှု တမလွန်ဘဝ၏ အကြောင်းဖြစ်သော သေရခြင်းကို ကြောက်မှုသည် မဖြစ်။

သူဌေး နောက်တမျိုးကား အကြားအမြင်ရှိသော အရိယာတပည့်သည် "မြတ်စွာဘုရား ဟောထားသော တရားတော်သည် ကောင်းစွာ ဟောထားသော တရားဖြစ်၏။ပ။ (အရိယာ) ပညာရှိတို့သာ ကိုယ်စီကိုယ်င သိနိုင်ခံစားနိုင်သော တရားဖြစ်၏"ဟု တရားတော်၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏၊ထို တရားတော်၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်းကို မိမိကိုယ်၌ ကောင်းစွာ ရှုဆင်ခြင်သော ထိုသူ့အား ထိတ်လန့်တုန်လှုပ်မှု တမလွန်ဘဝ၏ အကြောင်းဖြစ်သော သေရခြင်းကို ကြောက်မှုသည် မဖြစ်။

သူဌေး နောက်တမျိုးကား အကြားအမြင်ရှိသော အရိယာတပည့်သည် "မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် ကောင်းသောအကျင့် ရှိတော်မူပါပေ၏။ပ။ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်၏"ဟု သံဃာတော်၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏၊ ထိုသံဃာတော်၌ မတုန်မလှုပ် ကြည်ညိုခြင်းကို မိမိကိုယ်၌ ကောင်းစွာ ရှုဆင်ခြင်သော ထိုသူ့အား ထိတ်လန့်တုန်လှုပ်မှု တမလွန်ဘဝ၏ အကြောင်းဖြစ်သော သေရခြင်းကို ကြောက်မှု သည် မဖြစ်။

သူဌေး နောက်တမျိုးကား အကြားအမြင်ရှိသော အရိယာတပည့်သည် မကျိုး မပေါက် မပြောက် မကျားကုန်သော။ပ။ တည်ကြည်မှု'သမာဓိ'ကို ဖြစ်စေတတ်သော အရိယာတို့ နှစ်သက် အပ်သော သီလတို့နှင့် ပြည့်စုံ၏၊ အရိယာတို့ နှစ်သက်အပ်သော ထိုသီလတို့ကို မိမိကိုယ်၌ ကောင်းစွာ ရှုဆင်ခြင်သော ထိုသူ့အား ထိတ်လန့်တုန်လှုပ်မှု တမလွန်ဘဝ၏ အကြောင်းဖြစ် သော သေရခြင်းကို ကြောက်မှုသည် မဖြစ်။ သူဌေး ဤတရားလေးပါးတို့နှင့် ပြည့်စုံသော အကြားအမြင်ရှိသော အရိယာတပည့်အား ထိတ်လန့်တုန်လှုပ်မှု တမလွန်ဘဝ၏ အကြောင်းဖြစ် သော သေရခြင်းကို ကြောက်မှုသည် မဖြစ်ဟု မိန့်တော်မူ၏။

အသျှင်ဘုရားအာနန္ဒာ အကျွန်ုပ် မကြောက်ပါ၊ အကျွန်ုပ်သည် အဘယ့်ကြောင့် ကြောက် ရမည်နည်း၊ အသျှင်ဘုရား "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ပ။ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္တာဒေဝမနုဿာနံ မည်တော်မူ၏၊(သစ္စာလေးပါး တရားတို့ကို)သိစေ တော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏"ဟု အကျွန်ုပ်သည် မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံပါ၏။ တရားတော်၌။ပ။"မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် ကောင်းသောအကျင့် ရှိတော်မူပါပေ၏။ပ။သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေ ဖြစ်၏"ဟု သံဃာတော်၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံပါ၏။ အသျှင်ဘုရား မြတ်စွာဘုရား ဟောထားတော်မူသော သိက္ခာပုဒ်တို့တွင် မိမိကိုယ်၌ လူတို့နှင့် သင့်လျော် လျောက်ပတ်သော သိက္ခာပုဒ် တပါးပါးကျိုးပျက်ခြင်းကို တပည့်တော် မမြင်ပါဟု လျှောက်၏။သူဌေး သင့်အား အရ တော်ပေစွ၊ သူဌေး သင့်အား ကောင်းစွာ ရအပ်ပေစွ၊ သူဌေး သောတာပတ္တိဖိုလ်ကို သင်ဖြေကြား ပေ၏ဟု (မိန့်တော်မူ၏)။

**သတ္တမသုတ်။**

http://www.dhammadownload.com



## ၈-ပဌမ ဘယဝေရူပသန္တသုတ်

၁၀၂၄။ သာဝတ္ထိနိဒါန်း။ တခုသောနေရာ၌ ထိုင်နေသော အနာထပိဏ်သူဌေးအား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—သူဌေး အကြင့်ကြောင့် အရိယာတပည့်အား ဘေးရန်ငါးပါးတို့လည်း ငြိမ်းကုန်၏၊ သောတာပန်၏ အင်္ဂါလေးပါးတို့နှင့်လည်း ပြည့်စုံ၏၊ ထိုအရိယာတပည့်သည် မြတ်သော အသိဉာဏ်ကိုလည်း ပညာဖြင့် ကောင်းစွာမြင်၏၊ကောင်းစွာထိုးထွင်း၍ သိ၏၊(ထို့ကြောင့်) ထိုအရိယာတပည့်သည် အလိုရှိခဲ့သော် ငရဲပဋိသန္ဓေကုန်ပြီ၊ တိရစ္ဆာန်ပဋိသန္ဓေကုန်ပြီ၊ ပြိတ္တာပဋိသန္ဓေကုန်ပြီ၊ မကောင်းသောသူတို့၏ လားရောက်ရာ ပျက်စီးကျရောက်ရာ အပါယ်ပဋိသန္ဓေကုန်ပြီ၊ ငါသည် ပျက်စီးကျရောက်ခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိသော သောတာပန်ဖြစ်ပြီဟု မိမိကိုယ်တိုင်ပင် မိမိအကြောင်းကို ပြောကြားနိုင်ရာ၏။

အဘယ်ဘေးရန်ငါးပါးတို့ ငြိမ်းကုန်သနည်း၊ သူဌေး သူ့အသက်ကို သတ်လေ့ရှိသူသည် သူ့အသက်ကို သတ်ခြင်းအကြောင်းကြောင့် မျက်မှောက်ဘဝ၌ဖြစ်သော ဘေးရန်ကိုလည်း တိုးပွါးစေ၏၊ တမလွန်ဘဝ၌ဖြစ်သော ဘေးရန်ကိုလည်း တိုးပွါးစေ၏၊စိတ်၌ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာယာခြင်းကိုလည်း ခံစားရ၏၊ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်သူအား ဤသို့သော ဘေးရန်သည် ငြိမ်း၏။ သူဌေး မပေးသည်ကို ယူလေ့ရှိသူသည်။ပ။သူဌေး ကာမတို့၌ မှားယွင်းစွာ ကျင့်လေ့ရှိသူသည်။ပ။သူဌေး မမှန်စကား ပြောကြားလေ့ရှိသူသည်။ သူဌေး မေ့လျော့ကြောင်းဖြစ်သော သေရည်သေရက်ကို သောက်လေ့ရှိသူသည် မေ့လျော့ကြောင်းဖြစ်သော သေရည်သေရက်ကို မသောက်ခြင်းအကြောင်းကြောင့် မျက်မှောက်ဘဝ၌ဖြစ်သော ဘေးရန်ကိုလည်း တိုးပွါးစေ၏၊ တမလွန်ဘဝ၌ဖြစ်သော ဘေးရန်ကိုလည်း တိုးပွါးစေ၏၊ စိတ်၌ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာယာခြင်းကိုလည်း ခံစားရ၏၊မေ့လျော့ကြောင်းဖြစ်သော သေရည်သေရက်ကို သောက်ခြင်းမှရှောင်ကြဉ်သူအား ဤသို့သော ဘေးရန်သည် ငြိမ်း၏။ ဤဘေးရန်ငါးပါးတို့သည် ငြိမ်းကုန်၏။

အဘယ် သောတာပန်၏ အင်္ဂါလေးပါးတို့နှင့် ပြည့်စုံသနည်း၊ သူဌေး ဤသာသနာတော်၌ အရိယာတပည့်သည် "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ပ။နတ်လူတို့၏ဆရာ ဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္တာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏"ဟု ဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။တရားတော်၌။ပ။ သံဃာတော်၌။ပ။(မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏)။ မကျိုးမပေါက် မပြောက်မကျားကုန်သော။ပ။တည်ကြည်မှု 'သမာဓိ'ကိုဖြစ်စေတတ်သော အရိယာတို့ နှစ်သက်အပ်သော သီလတို့နှင့်ပြည့်စုံ၏။ ဤ သောတာပန်၏ အင်္ဂါလေးပါးတို့နှင့် ပြည့်စုံ၏။

ထိုအရိယာတပည့်သည် အဘယ် မြတ်သောအသိဉာဏ်ကို ပညာဖြင့် ကောင်းစွာမြင်သနည်း၊ ကောင်းစွာ ထိုးထွင်း၍သိသနည်း၊သူဌေး ဤသာသနာတော်၌ အရိယာတပည့်သည် ပဋိစ္စသမုပ္ပါဒ်ကိုပင် ကောင်းစွာ သင့်လျော်သောအားဖြင့် နှလုံးသွင်း၏"ဤသို့ ဤအကြောင်းဖြစ်သည်ရှိသော် ဤအကျိုးဖြစ်၏၊ ဤအကြောင်းဖြစ်ခြင်းကြောင့် ဤအကျိုးဖြစ်၏၊ ဤသို့ ဤအကြောင်းမဖြစ်

http://www.dhammadownload.com



သည်ရှိသော် ဤအကျိုးမဖြစ်၊ဤအကြောင်းချုပ်ခြင်းကြောင့် ဤအကျိုးချုပ်၏၊ မသိမှု'အဝိဇ္ဇာ' အကြောင်းခံကြောင့် ပြုစီရင်မှု'သင်္ခါရ'တို့ ဖြစ်ကုန်၏၊ ပြုစီရင်မှု'သင်္ခါရ' အကြောင်းခံကြောင့် သိမှု'ဝိညာဉ်'ဖြစ်၏။ပ။ဤသို့လျှင် အလုံးစုံသော ဤဆင်းရဲအစုသည် ဖြစ်ပွါး၏။ မသိမှု'အဝိဇ္ဇာ' ၏သာလျှင် အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ချုပ်ခြင်းကြောင့် ပြုစီရင်မှု'သင်္ခါရ'ချုပ်၏။ပ။ဤသို့လျှင် အလုံးစုံသော ဤဆင်းရဲအစု ချုပ်ပျောက်၏"ဟု နှလုံးသွင်း၏။ ထိုအရိယာတပည့်သည် ဤမြတ်သောအသိဉာဏ်ကို ပညာဖြင့် ကောင်းစွာမြင်၏၊ ကောင်းစွာ ထိုးထွင်း၍ သိ၏။

သူဌေး အကြင့်ကြောင့် အရိယာတပည့်အား ဤဘေးရန်ငါးပါးတို့လည်း ငြိမ်းကုန်၏၊ ဤ သောတာပန်၏အင်္ဂါလေးပါးတို့နှင့်လည်း ပြည့်စုံ၏၊ ထိုအရိယာတပည့်သည် ဤမြတ်သော အသိဉာဏ်ကိုလည်း ပညာဖြင့် ကောင်းစွာမြင်၏၊ ကောင်းစွာ ထိုးထွင်း၍ သိ၏၊ (ထို့ကြောင့်) ထိုအရိယာတပည့်သည် အလိုရှိခဲ့သော် ငရဲပဋိသန္ဓေကုန်ပြီ၊ တိရစ္ဆာန်ပဋိသန္ဓေကုန်ပြီ၊ ပြိတ္တာပဋိသန္ဓေကုန်ပြီ၊မကောင်းသောသူတို့၏ လားရောက်ရာ ပျက်စီးကျရောက်ရာ အပါယ်ပဋိသန္ဓေကုန်ပြီ၊ ငါသည်(အပါယ်၌)ကျခြင်းသဘော မရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိသော သောတာပန်ဖြစ်၏ဟု မိမိကိုယ်တိုင်ပင် မိမိအကြောင်းကို ပြောကြားနိုင်ရာ၏ ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-ဒုတိယ ဘယဝေရူပသန္တသုတ်

၁၀၂၅။ သာဝတ္ထိနိဒါန်း။ပ။ ရဟန်းတို့ အကြင့်ကြောင့် အရိယာတပည့်အား ဤဘေးရန် ငါးပါးတို့သည် ငြိမ်းကုန်၏၊ ဤ သောတာပန်၏ အင်္ဂါလေးပါးတို့နှင့် ပြည့်စုံ၏၊ ထိုအရိယာ တပည့်သည် ဤမြတ်သော အသိဉာဏ်ကိုလည်း ပညာဖြင့် ကောင်းစွာမြင်၏၊ ကောင်းစွာထိုးထွင်း၍ သိ၏၊ (ထို့ကြောင့်) ထိုအရိယာတပည့်သည် အလိုရှိခဲ့သော် ငရဲပဋိသန္ဓေကုန်ပြီ၊ တိရစ္ဆာန် ပဋိသန္ဓေကုန်ပြီ၊ ပြိတ္တာပဋိသန္ဓေကုန်ပြီ၊ မကောင်းသောသူတို့၏ လားရောက်ရာ ပျက်စီး ကျရောက်ရာ အပါယ်ပဋိသန္ဓေကုန်ပြီ၊ ငါသည် ပျက်စီးကျရောက်ခြင်း သဘောမရှိသော ကိန်းသေ မြဲသော အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိသော သောတာပန်ဖြစ်၏ဟု မိမိကိုယ်တိုင်ပင် မိမိအကြောင်းကို ပြောကြားနိုင်ရာ၏ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-နန္ဒကလိစ္ဆဝိသုတ်

၁၀၂၆။ အခါတပါး၌ မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ဆောင် ပေါက်သောကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ နန္ဒကမည်သော လိစ္ဆဝီအမတ် ကြီးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေ၏၊ တခုသောနေရာ၌ ထိုင်နေသော နန္ဒကမည်သော လိစ္ဆဝီအမတ်ကြီးအား မြတ်စွာ ဘုရားသည် ဤစကားကို မိန့်တော်မူ၏—

http://www.dhammadownload.com



နန္ဒက တရားလေးပါးတို့နှင့် ပြည့်စုံသော အရိယာတပည့်သည် ပျက်စီးကျရောက်ခြင်း သဘော မရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိသော သောတာပန် ဖြစ်၏။ အဘယ်လေးပါးတို့နှင့်နည်း၊ နန္ဒက ဤသာသနာတော်၌ အရိယာတပည့်သည် "ထို မြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ပ။ နတ်လူတို့၏ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝ မနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့် လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏"ဟု မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။ တရားတော်၌။ပ။ သံဃာတော်၌။ပ။ မကျိုးမပေါက် မပြောက် မကျားကုန်သော။ပ။ တည်ကြည်မှု 'သမာဓိ'ကို ဖြစ်စေတတ်သော အရိယာတို့ နှစ်သက်အပ်သော သီလတို့နှင့်ပြည့်စုံ၏။ နန္ဒက ဤတရားလေးပါး တို့နှင့် ပြည့်စုံသော အရိယာတပည့်သည် ပျက်စီးကျရောက်ခြင်း သဘောမရှိသော ကိန်းသေ မြဲသော အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိသော သောတာပန်ဖြစ်၏။

နန္ဒက ထို့ပြင် ဤတရားလေးပါးတို့နှင့် ပြည့်စုံသော အရိယာတပည့်သည် နတ်၌ဖြစ်သော အသက်နှင့်ရင်း လူ၌ဖြစ်သော အသက်နှင့်ရင်း ယှဉ်၏၊ နတ်၌ဖြစ်သော အဆင်းနှင့်ရင်း လူ၌ ဖြစ်သော အဆင်းနှင့်ရင်း ယှဉ်၏၊ နတ်၌ဖြစ်သော ချမ်းသာနှင့်ရင်း လူ၌ဖြစ်သော ချမ်းသာနှင့် ရင်း ယှဉ်၏၊ နတ်၌ဖြစ်သော အခြံအရံနှင့်ရင်း လူ၌ဖြစ်သော အခြံအရံနှင့်ရင်း ယှဉ်၏၊ နတ်၏ အစိုးရခြင်းနှင့်ရင်း လူ၏အစိုးရခြင်းနှင့်ရင်း ယှဉ်၏။ နန္ဒက ထိုစကားကို အခြားသောသမဏထံမှ ရင်း အခြားသောဗြာဟ္မဏထံမှရင်း ကြားရ၍ ငါပြောဆိုခြင်းမဟုတ်၊ စင်စစ်မူကား ငါကိုယ်တိုင် သိသော ငါကိုယ်တိုင်မြင်သော ငါကိုယ်တိုင်ထင်သော အရာကိုသာလျှင် ငါပြောဆို၏ ဟု မိန့်တော် မူ၏။

ဤသို့ မိန့်တော်မူပြီးသော် ယောကျ်ားတယောက်သည် လိစ္ဆဝီအမတ်ကြီး နန္ဒကအား "အသျှင် ရေချိုးချိန်ပါတည်း" ဟု ပြောလေ၏။ အချင်း ယခု ဤအပဖြစ်သော ရေချိုးခြင်းဖြင့် အကျိုး မရှိ၊ မြတ်စွာဘုရား၌ ကြည်ညိုခြင်းဟူသော အတွင်းဖြစ်သော ဤရေချိုးခြင်းသာ သင့်မြတ်သည် ဖြစ်လတ္တံ့ ဟု (ပြောဆိုလေ၏)။

ဒသမသုတ်။

သုံးခုမြောက် သရဏာနိဝဂ် ပြီး၏။

---

## ၄-ပုညာဘိသန္ဒဝဂ် ၁-ပဌမ ပုညာဘိသန္ဒသုတ်

၁၀၂၇။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ချမ်းသာခြင်း၏ အကြောင်းဖြစ်ကုန်သော ကောင်းမှုအစု ကုသိုလ်အယဉ်တို့သည် ဤလေးပါးတို့တည်း။ အဘယ်လေးပါးတို့နည်း၊ ရဟန်းတို့ ဤသာသနာ တော်၌ အရိယာတပည့်သည် "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ပ။ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏"ဟု မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့်

http://www.dhammadownload.com



ပြည့်စုံ၏၊ ဤကား ချမ်းသာခြင်း၏ အကြောင်းဖြစ်သော ပဌမ ကောင်းမှုအစု ကုသိုလ်အယဉ်တည်း။

ရဟန်းတို့ နောက်တမျိုးကား အရိယာတပည့်သည် တရားတော်သည်“မြတ်စွာဘုရား ကောင်းစွာ ဟောတော်မူသော တရားတော်ပါပေတည်း။ပ။ (အရိယာ) ပညာရှိတို့သာ ကိုယ်စီကိုယ်ငှသိနိုင် ခံစားနိုင်သော တရားတော်ပါပေတည်း”ဟု တရားတော်၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏၊ ဤကား ချမ်းသာခြင်း၏ အကြောင်းဖြစ်သော ဒုတိယကောင်းမှုအစု ကုသိုလ်အယဉ်တည်း။

ရဟန်းတို့ နောက်တမျိုးကား အရိယာတပည့်သည်“မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် ကောင်းသောအကျင့် ရှိတော်မူပါပေ၏။ပ။ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်တော်မူပါပေ၏”ဟု သံဃာတော်၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏၊ ဤကား ချမ်းသာခြင်း၏ အကြောင်းဖြစ်သော တတိယကောင်းမှုအစု ကုသိုလ်အယဉ်တည်း။

ရဟန်းတို့ နောက်တမျိုးကား အရိယာတပည့်သည် မကျိုးမပေါက် မပြောက်မကျားကုန်သော။ပ။တည်ကြည်မှု ‘သမာဓိ’ကို ဖြစ်စေတတ်သော အရိယာတို့ နှစ်သက်အပ်သော သီလတို့နှင့် ပြည့်စုံ၏၊ ဤကား ချမ်းသာခြင်း၏ အကြောင်းဖြစ်သော စတုတ္ထကောင်းမှုအစု ကုသိုလ်အယဉ်တည်း။ ရဟန်းတို့ ချမ်းသာခြင်း၏ အကြောင်းဖြစ်သော ကောင်းမှုအစု ကုသိုလ်အယဉ်တို့သည် ဤလေးပါးတို့ပင်တည်းဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

## ၂-ဒုတိယ ပုညာဘိသန္ဒသုတ်

၁၀၂၈။ ရဟန်းတို့ ချမ်းသာခြင်း၏ အကြောင်းဖြစ်သော ကောင်းမှုအစု ကုသိုလ်အယဉ်တို့သည် ဤလေးပါးတို့တည်း။ အဘယ်လေးပါးတို့နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အရိယာတပည့်သည် “ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ပ။ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏” ဟု မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏၊ ဤကား ချမ်းသာခြင်း၏ အကြောင်းဖြစ်သော ပဌမကောင်းမှုအစု ကုသိုလ်အယဉ်တည်း။

ရဟန်းတို့ နောက်တမျိုးကား အရိယာတပည့်သည် တရားတော်၌ ။ပ။ သံဃာတော်၌။ပ။

ရဟန်းတို့ နောက်တမျိုးကား အရိယာတပည့်သည် ဝန်တိုမှု‘မစ္ဆေရ’အညစ်အကြေး ကင်းသော စိတ်ဖြင့် အိမ်၌နေ၏ လွတ်လွတ် စွန့်ကြဲတတ်၏၊ (လှူဒါန်းရန်)ဆေးကြော ထားသော လက်ရှိ၏ စွန့်ကြဲခြင်း၌ မွေ့လျော်၏၊ဖုန်းတောင်းယာစကာတို့နှင့် စပ်ယှဉ်၏၊ပေးကမ်းဝေဖန်ခြင်း၌ မွေ့လျော်၏၊ ဤကား ချမ်းသာခြင်း၏ အကြောင်းဖြစ်သော စတုတ္ထကောင်းမှုအစု ကုသိုလ်အယဉ်တည်း။ ရဟန်းတို့ ချမ်းသာခြင်း၏ အကြောင်းဖြစ်သော ကောင်းမှုအစု ကုသိုလ်အယဉ်တို့သည် ဤလေးပါးတို့ပင်တည်း ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

http://www.dhammadownload.com



## ၃-တတိယ ပုညာဘိသန္ဒသုတ်

၁၀၂၉။ ရဟန်းတို့ ချမ်းသာခြင်း၏ အကြောင်းဖြစ်သော ကောင်းမှုအစု ကုသိုလ်အယဉ်တို့သည် ဤလေးပါးတို့တည်း။ အဘယ်လေးပါးတို့နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အရိယာတပည့်သည် "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ပ။ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏"ဟု မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏၊ ဤကား ချမ်းသာခြင်း၏ အကြောင်းဖြစ်သော ပဌမကောင်းမှုအစု ကုသိုလ်အယဉ်တည်း။

ရဟန်းတို့ နောက်တမျိုးကား အရိယာတပည့်သည် တရားတော်၌။ပ။ သံဃာတော်၌။ပ။

ရဟန်းတို့ နောက်တမျိုးကား အရိယာတပည့်သည် ပညာရှိ၏၊ အဖြစ် အပျက်ကို သိသော ပညာနှင့် ပြည့်စုံ၏၊ ဖောက်ထွင်း၍ သိနိုင်သော ကောင်းစွာ ဆင်းရဲကုန်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော မြတ်သောပညာနှင့် ပြည့်စုံ၏၊ ဤကား ချမ်းသာခြင်း၏ အကြောင်းဖြစ်သော စတုတ္ထကောင်းမှုအစု ကုသိုလ်အယဉ်တည်း။ ရဟန်းတို့ ချမ်းသာခြင်း၏ အကြောင်းဖြစ်သော ကောင်းမှုအစု ကုသိုလ်အယဉ်တို့သည် ဤလေးပါးတို့ပင်တည်း ဟု(မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-ပဌမ ဒေဝပဒသုတ်

၁၀၃၀။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ မစင်ကြယ်သော သတ္တဝါတို့ကို စင်ကြယ်စေခြင်းငှါ မဖြူစင်သော သတ္တဝါတို့ကို ဖြူစင်စေခြင်းငှါ နတ်တို့၏ဉာဏ်ဖြင့် ရောက်အပ်ကုန်သော တရားတို့သည် ဤလေးပါးတို့တည်း။

အဘယ်လေးပါးတို့နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အရိယာတပည့်သည် "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ပ။ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏"ဟု မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏၊ ဤကား မစင်ကြယ်သော သတ္တဝါတို့ကို စင်ကြယ်စေခြင်းငှါ မဖြူစင်သော သတ္တဝါတို့ကို ဖြူစင်စေခြင်းငှါ နတ်တို့၏ဉာဏ်ဖြင့် ရောက်အပ်သော ပဌမ တရားတည်း။

ရဟန်းတို့ နောက်တမျိုးကား အရိယာတပည့်သည် တရားတော်၌။ပ။ သံဃာတော်၌။ပ။

ရဟန်းတို့ နောက်တမျိုးကား အရိယာတပည့်သည် မကျိုး မပေါက် မပြောက် မကျား ကုန်သော။ပ။တည်ကြည်မှု 'သမာဓိ'ကို ဖြစ်စေတတ်သော အရိယာတို့ နှစ်သက်အပ်သော သီလတို့နှင့်

http://www.dhammadownload.com



ပြည့်စုံ၏၊ ဤကား မစင်ကြယ်သော သတ္တဝါတို့ကို စင်ကြယ်စေခြင်းငှါ မဖြူစင်သော သတ္တဝါတို့ကို ဖြူစင်စေခြင်းငှါ နတ်တို့၏ ဉာဏ်ဖြင့်ရောက်အပ်သော စတုတ္ထတရားတည်း။ ရဟန်းတို့ မစင်ကြယ်သော သတ္တဝါတို့ကို စင်ကြယ်စေခြင်းငှါ မဖြူစင်သော သတ္တဝါတို့ကို ဖြူစင်စေခြင်းငှါ နတ်တို့၏ ဉာဏ်ဖြင့် ရောက်အပ်ကုန်သော တရားတို့သည် ဤလေးပါးတို့ပင်တည်းဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-ဒုတိယဒေဝပဒသုတ်

၁၀၃၁။ ရဟန်းတို့ မစင်ကြယ်သော သတ္တဝါတို့ကို စင်ကြယ်စေခြင်းငှါ မဖြူစင်သော သတ္တဝါကို ဖြူစင်စေခြင်းငှါ နတ်တို့၏ ဉာဏ်ဖြင့်ရောက်အပ်ကုန်သော တရားတို့သည် ဤလေးပါးတို့တည်း။

အဘယ်လေးပါးတို့နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အရိယာတပည့်သည် "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ပ။နတ်လူတို့၏ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံမည်တော်မူ၏၊ (သစ္စာလေးပါးတရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓမည်တော်မူ၏၊ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါမည်တော်မူ၏"ဟု မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့်ပြည့်စုံ၏။ထိုသူသည် "နတ်တို့၏ဉာဏ်ဖြင့် ရောက်အပ်သော တရားဟူသည် အဘယ်နည်း"ဟု ဆင်ခြင်၏။ 'ညှဉ်းပန်းနှိပ်စက်မှု မရှိကြကုန်ဟု နတ်တို့အကြောင်းကို ယခု ငါကြားရ၏' ငါသည် ထိတ်လန့်တတ်သော သူကိုဖြစ်စေ (ထိတ်လန့်မှုမရှိ) ခိုင်မြဲသောသူကိုဖြစ်စေ တဦးတယောက်ကိုမျှ မညှဉ်းဆဲ မနှိပ်စက်၊ငါသည် နတ်တို့၏ ဉာဏ်ဖြင့် ရောက်အပ်သော တရားတို့နှင့်ပြည့်စုံ၍ နေ၏"ဟု ထိုသူသည် သိ၏၊ ဤကား မစင်ကြယ်သော သတ္တဝါတို့ကို စင်ကြယ်စေခြင်းငှါ မဖြူစင်သော သတ္တဝါတို့ကို ဖြူစင်စေခြင်းငှါ နတ်တို့၏ဉာဏ်ဖြင့် ရောက်အပ်သော ပဌမတရားတည်း။

ရဟန်းတို့ နောက်တမျိုးကား အရိယာတပည့်သည် တရားတော်၌။ပ။သံဃာတော်၌။ပ။

ရဟန်းတို့ နောက်တမျိုးကား အရိယာတပည့်သည် မကျိုးမပေါက် မပြောက်မကျားကုန်သော။ပ။တည်ကြည်မှု 'သမာဓိ' ကို ဖြစ်စေတတ်သော အရိယာတို့နှစ်သက်အပ်သော သီလတို့နှင့် ပြည့်စုံ၏။ ထိုသူသည် နတ်တို့၏ဉာဏ်ဖြင့် ရောက်အပ်ကုန်သော တရားဟူသည် အဘယ်နည်း ဟု ဤသို့ ဆင်ခြင်၏။ "ညှဉ်းပန်းနှိပ်စက်မှု မရှိကြကုန်ဟု နတ်တို့၏ အကြောင်းကို ယခု ငါကြားရ၏၊ငါသည် ထိတ်လန့်တတ်သော သူကိုဖြစ်စေ (ထိတ်လန့်မှုမရှိ) ခိုင်မြဲသူကိုဖြစ်စေ တဦးတယောက်ကိုမျှ မညှဉ်းဆဲ မနှိပ်စက်၊ ငါသည် နတ်တို့၏ ဉာဏ်ဖြင့် ရောက်အပ်သောတရားတို့နှင့် ပြည့်စုံ၍ နေ၏"ဟု ထိုသူသည် သိ၏၊ ဤကား မစင်ကြယ်သော သတ္တဝါတို့ကို စင်ကြယ်စေခြင်းငှါ မဖြူစင်သော သတ္တဝါတို့ကို ဖြူစင်စေခြင်းငှါ နတ်တို့၏ဉာဏ်ဖြင့် ရောက်အပ်သော စတုတ္ထတရားတည်း။ ရဟန်းတို့ မစင်ကြယ်သော သတ္တဝါတို့ကို စင်ကြယ်စေခြင်းငှါ မဖြူစင်သော သတ္တဝါတို့ကို ဖြူစင်စေခြင်းငှါ နတ်တို့၏ဉာဏ်ဖြင့် ရောက်အပ်ကုန်သော တရားတို့သည် ဤလေးပါးတို့ပင်တည်း ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

http://www.dhammadownload.com



## ၆-ဒေဝ သဘာဂသုတ်

၁၀၃၂။ ရဟန်းတို့ တရားလေးပါးတို့နှင့် ပြည့်စုံသူကို နတ်တို့ နှစ်သက်ကုန်သည်ဖြစ်၍ သဘောတူသူ၏အဖြစ်ကို ပြောကြားကုန်၏။ အဘယ်လေးပါးတို့နှင့်နည်း၊ရဟန်းတို့ ဤသာသနာတော်၌ အရိယာတပည့်သည် "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ပ။နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊(သစ္စာလေးပါး တရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့် လည်း ဘဂဝါ မည်တော်မူ၏"ဟု မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏၊ မြတ်စွာ ဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၍ ဤဘုံမှစုတေပြီး ထိုဘုံ၌ ဖြစ်ကုန်သော နတ်တို့အား ဤအကြံသည်ဖြစ်၏ "ငါတို့သည် အကြင်သို့သဘောရှိသော ဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်း နှင့် ပြည့်စုံ၍ ထိုလူ့ဘုံမှစုတေပြီး ဤနတ်ဘုံ၌ ဖြစ်ကုန်၏၊ထိုသို့သဘောရှိသော ဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံသော အရိယာတပည့်သည်လည်း နတ်တို့ထံသို့ ရောက်လာလတ္တံ့" ဟု အကြံဖြစ်၏။

ရဟန်းတို့ နောက်တမျိုးကား အရိယာတပည့်သည် တရားတော်၌။ပ။သံဃာတော်၌။ပ။ ရဟန်းတို့ နောက်တမျိုးကား အရိယာတပည့်သည် မကျိုးမပေါက် မပြောက်မကျားကုန်သော။ပ။ တည်ကြည်မှု'သမာဓိ'ကို ဖြစ်စေတတ်သော အရိယာတို့ နှစ်သက်အပ်သော သီလတို့နှင့် ပြည့်စုံ၏။ အရိယာတို့နှစ်သက်အပ်သောသီလတို့နှင့် ပြည့်စုံကြ၍ ဤလူ့ဘုံမှစုတေပြီး ထိုနတ်ဘုံ၌ ဖြစ်ကုန် သော နတ်တို့အား ဤအကြံသည်ဖြစ်၏ "ငါတို့သည် အကြင်သို့ သဘောရှိသော အရိယာတို့နှစ် သက်အပ်သော သီလတို့နှင့်ပြည့်စုံကြ၍ ထိုလူ့ဘုံမှ စုတေပြီး ဤနတ်ဘုံ၌ ဖြစ်ကုန်၏၊ ထိုသို့ သဘောရှိသော အရိယာတို့နှစ်သက်အပ်သော သီလတို့နှင့်ပြည့်စုံသော အရိယာတပည့်သည်လည်း နတ်တို့ထံသို့ ရောက်လာလတ္တံ့"ဟု အကြံဖြစ်၏။ ရဟန်းတို့ ဤတရားလေးပါးတို့နှင့် ပြည့်စုံသော သူကို နတ်တို့ နှစ်သက်ကုန်သည်ဖြစ်၍ သဘောတူသူ၏ အဖြစ်ကို ပြောဆိုကုန်၏ဟု(မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-မဟာနာမသုတ်

၁၀၃၃။ အခါတပါး၌ မြတ်စွာဘုရားသည် သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ မဟာနာမ်သာကီဝင်မင်းသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာ ဘုရားအား—

အသျှင်ဘုရား အဘယ်မျှဖြင့် ဉပါသကာဖြစ်ပါသနည်းဟု '(လျှောက်၏)။ မဟာနာမ် အကြင်မှ ကြောင့် မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်၏၊ တရားတော်ကို ကိုးကွယ်ဆည်းကပ်၏၊ သံဃာတော်ကို ကိုးကွယ်ဆည်းကပ်၏၊မဟာနာမ် ဤမျှဖြင့် ဉပါသကာဖြစ်၏ဟု (မိန့်တော်မူ၏)။

http://www.dhammadownload.com



အသျှင်ဘုရား အဘယ်မျှဖြင့် ဥပါသကာသည် သီလနှင့်ပြည့်စုံပါသနည်း ဟု (လျှောက်၏)။ မဟာနာမ် အကြင့်ကြောင့် ဥပါသကာသည် သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်လေ့ရှိ၏၊ မပေးသည်ကို ခိုးယူခြင်းမှ ရှောင်ကြဉ်လေ့ရှိ၏၊ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်လေ့ရှိ၏၊ မမှန်ပြောခြင်းမှ ရှောင်ကြဉ်လေ့ရှိ၏၊ မေ့လျော့ကြောင်းဖြစ်သော သေရည်သေရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်လေ့ရှိ၏၊ မဟာနာမ် ဤမျှဖြင့် ဥပါသကာသည် သီလနှင့်ပြည့်စုံ၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား အဘယ်မျှဖြင့် ဥပါသကာသည် ယုံကြည်မှု 'သဒ္ဓါ' နှင့် ပြည့်စုံပါသနည်းဟု (လျှောက်၏)။ မဟာနာမ် ဤသာသနာတော်၌ ဥပါသကာသည် ယုံကြည်မှု 'သဒ္ဓါ' ရှိ၏ "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ပ။ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏" ဟု မြတ်စွာဘုရား၏ ဗောဓိဉာဏ်ကို ယုံကြည်၏၊ မဟာနာမ် ဤမျှဖြင့် ဥပါသကာသည် ယုံကြည်မှု 'သဒ္ဓါ' နှင့် ပြည့်စုံ၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား အဘယ်မျှဖြင့် ဥပါသကာသည် စွန့်ကြဲမှု 'စာဂ' နှင့် ပြည့်စုံပါသနည်းဟု (လျှောက်၏)။ မဟာနာမ် ဤသာသနာတော်၌ ဥပါသကာသည် ဝန်တိုမှု 'မစ္ဆေရ' ကင်းသော စိတ်ဖြင့် အိမ်၌နေ၏၊ လွတ်လွတ်စွန့်ကြဲတတ်၏၊ (လှူဒါန်းရန်) ဆေးကြောထားသော လက်ရှိ၏၊ စွန့်ကြဲခြင်း၌ မွေ့လျော်၏၊ ဖုန်းတောင်းယာစကာတို့နှင့် စပ်ယှဉ်၏၊ ပေးကမ်းခြင်း ဝေဖန်ခြင်း၌ မွေ့လျော်၏၊ မဟာနာမ် ဤမျှဖြင့် ဥပါသကာသည် စွန့်ကြဲမှု 'စာဂ' နှင့် ပြည့်စုံ၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား အဘယ်မျှဖြင့် ဥပါသကာသည် ပညာနှင့် ပြည့်စုံပါသနည်းဟု (လျှောက်၏)။ မဟာနာမ် ဤသာသနာတော်၌ ဥပါသကာသည် ပညာရှိ၏၊ အဖြစ်အပျက်ကို သိသော ပညာနှင့် ပြည့်စုံ၏၊ ဖောက်ထွင်း၍ သိသော ကောင်းစွာ ဆင်းရဲကုန်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သော မြတ်သော ပညာနှင့် ပြည့်စုံ၏၊ မဟာနာမ် ဤမျှဖြင့် ဥပါသကာသည် ပညာနှင့် ပြည့်စုံ၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-ဝဿသုတ်

၁၀၃၄။ ရဟန်းတို့ ဥပမာသော်ကား တောင်ထိပ်၌ မိုးကြီး သည်းထန်စွာ ရွာသည်ရှိသော် ထိုရေသည် ချိုင့်ဝှမ်းရာအရပ်သို့ စီးဆင်း၍ တောင်ချောက်ကြား ပပ်ကြားကွဲ မြောင်းငယ် မြောင်းကြီးတို့ကို ပြည့်စေ၏၊ တောင်ချောက်ကြား ပပ်ကြားကွဲ မြောင်းငယ် မြောင်းကြီး ချောက်ငယ်တို့ ပြည့်သည်ရှိသော် အိုင်ငယ်တို့ကို ပြည့်စေကုန်၏၊ အိုင်ငယ်တို့ ပြည့်သည်ရှိသော် အိုင်ကြီးတို့ကို ပြည့်စေကုန်၏၊ အိုင်ကြီးတို့ ပြည့်သည်ရှိသော် မြစ်ငယ်တို့ကို ပြည့်စေကုန်၏၊ မြစ်ငယ်တို့ ပြည့်သည်ရှိသော် မြစ်ကြီးတို့ကို ပြည့်စေကုန်၏၊ မြစ်ကြီးတို့ ပြည့်သည်ရှိသော် မဟာသမုဒ္ဒရာကို ပြည့်စေကုန်၏။ရဟန်းတို့ ဤအတူပင် အရိယာတပည့်အား ဘုရား၌ မတုန်မလှုပ်

http://www.dhammadownload.com



ကြည်ညိုခြင်းသည်ရင်း တရားတော်၌ မတုန်မလှုပ် ကြည်ညိုခြင်းသည်ရင်း သံဃာတော်၌ မတုန်မလှုပ် ကြည်ညိုခြင်းသည်ရင်း အရိယာတို့ နှစ်သက်အပ်သော သီလတို့သည်ရင်း ရှိကုန်၏၊ ဤတရားတို့သည် စီးဆင်းကုန်သည်ရှိသော် နိဗ္ဗာန်ဟူသော တဖက်ကမ်းသို့ ရောက်၍ အာသဝတို့ကုန်ခြင်းငှါ ဖြစ်ကုန်၏ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-ကာဠိဂေါဓာသုတ်

၁၀၃၅။ အခါတပါး၌ မြတ်စွာဘုရားသည် သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကို ဆောင်ယူပြီးလျှင် ကာဠိဂေါဓာမည်သော သာကီဝင်မင်းသမီးအိမ်သို့ ချဉ်းကပ်၍ ခင်းထားသော နေရာ၌ ထိုင်နေတော်မူ၏၊ ထိုအခါ ကာဠိဂေါဓာသာကီဝင်မင်းသမီးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသော နေရာ၌ ထိုင်နေ၏၊ တခုသော နေရာ၌ ထိုင်နေသော ကာဠိဂေါဓာသာကီဝင်မင်းသမီးအား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏—

ဂေါဓာ တရားလေးပါးတို့နှင့် ပြည့်စုံသော အရိယာတပည့်မသည် ပျက်စီးကျရောက်ခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိသော သောတာပန်ဖြစ်၏။ အဘယ်လေးပါးတို့နှင့်နည်း၊ ဂေါဓာ ဤသာသနာတော်၌ အရိယာတပည့်မသည် "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ပ။ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏။ (သစ္စာလေးပါး တရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏။ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏"ဟု မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။ တရားတော်၌။ပ။ သံဃာတော်၌။ပ။ ဝန်တိုမှု 'မစ္ဆေရ'ကင်းသောစိတ်ဖြင့် အိမ်၌နေ၏၊ လွတ်လွတ်စွန့်ကြဲတတ်၏၊ (လှူဒါန်းရန်) ဆေးကြောထားသော လက်ရှိ၏၊ စွန့်ကြဲခြင်း၌ မွေ့လျော်၏၊ ဖုန်းတောင်းယာစကာတို့နှင့် စပ်ယှဉ်၏၊ ပေးကမ်းဝေဖန်ခြင်း၌ မွေ့လျော်၏။ ဂေါဓာ ဤတရားလေးပါးတို့နှင့် ပြည့်စုံသော အရိယာတပည့်မသည် ပျက်စီးကျရောက်ခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်မဂ် သုံးပါးလျှင် လည်းလျောင်းရာရှိသော သောတာပန်ဖြစ်၏ဟု မိန့်တော်မူ၏။

အသျှင်ဘုရား မြတ်စွာဘုရား ဟောတော်မူအပ်ကုန်သော သောတာပန်၏ အင်္ဂါလေးပါးတို့သည် အကျွန်ုပ်၌ ရှိပါကုန်၏၊ အကျွန်ုပ်သည်လည်း ထိုတရားတို့၌ ကောင်းစွာ ထင်မြင်ပါ၏။ အသျှင်ဘုရား "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ပ။ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏"ဟု အကျွန်ုပ်သည် မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံပါ၏။ တရားတော်၌။ပ။ သံဃာတော်၌။ပ။ အိမ်၌(ရှိသော) လှူဒါန်းဖွယ်ဟူသမျှအားလုံးကို သီလရှိကုန်

http://www.dhammadownload.com



သော ကောင်းသော တရားရှိသူတို့နှင့် မခွဲခြားပါ ဟု လျှောက်၏။ ဂေါဓာ သင်သည် အရတော်ပေစွ၊ ဂေါဓာ သင်သည် ကောင်းစွာ ရအပ်ပေစွ၊ ဂေါဓာ သောတာပတ္တိဖိုလ်ကို သင် ပြောကြားအပ်ပေပြီဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-နန္ဒိယသက္ကသုတ်

၁၀၃၆။ အခါတပါး၌ မြတ်စွာဘုရားသည် သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ (သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ နန္ဒိယသာကီဝင်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား "အသျှင်ဘုရား သောတာပန်၏အင်္ဂါလေးပါးတို့ အချင်းခပ်သိမ်း အခါခပ်သိမ်းမရှိသော အရိယာတပည့်သည် မေ့မေ့လျော့လျော့ နေလေ့ရှိသူ ဖြစ်ပါသလော"ဟု (လျှောက်၏)။

နန္ဒိယ သောတာပန်၏အင်္ဂါလေးပါးတို့ အချင်းခပ်သိမ်း အခါခပ်သိမ်း မရှိသောသူကို အပဖြစ်သော ပုထုဇဉ်အတို့၌ တည်သူဟု ငါဆို၏၊ နန္ဒိယ စင်စစ်သော်ကား မေ့မေ့လျော့လျော့ နေလေ့ရှိသော အရိယာတပည့်လည်း ရှိ၏၊ မမေ့မလျော့ နေလေ့ရှိသော အရိယာတပည့်လည်း ရှိ၏၊ ထိုတရားကို နာလော့၊ ကောင်းစွာ နှလုံးသွင်းလော့၊ ငါဟောပေအံ့ဟု (မိန့်တော်မူ၏)။ "အသျှင်ဘုရား ကောင်းပါပြီ"ဟု နန္ဒိယသာကီဝင်သည် မြတ်စွာဘုရားအား ပြန်လျှောက်၏။ မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏—

နန္ဒိယ အဘယ်သို့လျှင် အရိယာတပည့်သည် မေ့မေ့လျော့လျော့ နေလေ့ရှိသနည်း၊ နန္ဒိယ ဤသာသနာတော်၌ အရိယာတပည့်သည် "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ပ။နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏"ဟု မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။ ထိုအရိယာတပည့်သည် မြတ်စွာဘုရား၌ ထိုမတုန်မလှုပ် ကြည်ညိုခြင်းဖြင့် တင်းတိမ်ရောင့်ရဲ၏၊ နေ့၌ ဆိတ်ငြိမ်စွာနေခြင်းအကျိုးငှါရင်း ညဉ့်၌ (တဦးတည်း)ကိန်းအောင်းခြင်းအကျိုးငှါရင်း တဆင့်တက်၍ အားမထုတ်၊ ဤသို့ မေ့မေ့လျော့လျော့ နေသော ထိုအရိယာတပည့်အား ဝမ်းမြောက်မှုမဖြစ်၊ ဝမ်းမြောက်မှု မဖြစ်လတ်သော် နှစ်သိမ့်မှု'ပီတိ'မဖြစ်၊ နှစ်သိမ့်မှု 'ပီတိ' မရှိလတ်သော် ငြိမ်းအေးမှု'ပဿဒ္ဓိ'မဖြစ်၊ ငြိမ်းအေးမှု'ပဿဒ္ဓိ'မရှိလတ်သော် ဆင်းရဲစွာနေရ၏၊ ဆင်းရဲစွာနေရသူ၏စိတ်သည် မတည်ကြည်နိုင်၊ စိတ်မတည်ကြည်သည်ရှိသော် (သမထဝိပဿနာ)တရားတို့သည် ထင်စွာမဖြစ်ကုန်၊ (သမထဝိပဿနာ)တရားတို့ ထင်စွာမဖြစ်ခြင်းကြောင့် မေ့မေ့လျော့လျော့ နေလေ့ရှိသူဟု ခေါ်ဆိုအပ်၏။

နန္ဒိယ နောက်တမျိုးကား အရိယာတပည့်သည် တရားတော်၌။ပ။ သံဃာတော်၌။ပ။ မကျိုးမပေါက် မပြောက်မကျားကုန်သော။ပ။ တည်ကြည်မှု 'သမာဓိ'ကို ဖြစ်စေတတ်သော အရိယာတို့ နှစ်သက်အပ်သော သီလတို့နှင့်ပြည့်စုံ၏၊ ထိုအရိယာတပည့်သည် ထိုအရိယာတို့နှစ်သက်အပ်သော သီလတို့ဖြင့် တင်းတိမ်ရောင့်ရဲ၏၊ နေ့၌ ဆိတ်ငြိမ်စွာ နေခြင်းအကျိုးငှါရင်း

http://www.dhammadownload.com



ညဉ့်၌ (တဦးတည်း) ကိန်းအောင်းခြင်း အကျိုးငှါရင်း တဆင့်တက်၍ အားမထုတ်၊ ဤသို့ မေ့မေ့လျော့လျော့နေသော ထိုအရိယာတပည့်အား ဝမ်းမြောက်မှု မဖြစ်၊ ဝမ်းမြောက်မှု မဖြစ်လတ်သော် နှစ်သိမ့်မှု'ပီတိ'မဖြစ်၊ နှစ်သိမ့်မှု'ပီတိ'မဖြစ်လတ်သော် ငြိမ်းအေးမှု'ပဿဒ္ဓိ'မဖြစ်၊ငြိမ်းအေးမှု'ပဿဒ္ဓိ'မဖြစ်လတ်သော် ဆင်းရဲစွာနေရ၏၊ ဆင်းရဲစွာနေရသူ၏စိတ်သည် မတည်ကြည်နိုင်၊ စိတ် မတည်ကြည်သည်ရှိသော် (သမထဝိပဿနာ)တရားတို့သည် ထင်စွာ မဖြစ်ကုန်၊ (သမထဝိပဿနာ)တရားတို့ ထင်စွာ မဖြစ်ခြင်းကြောင့် မေ့မေ့လျော့လျော့နေလေ့ရှိသူဟု ခေါ်ဆိုအပ်၏၊ နန္ဒိယ ဤသို့လျှင် အရိယာတပည့်သည် မေ့မေ့လျော့လျော့နေလေ့ရှိသူ ဖြစ်၏။

နန္ဒိယ အဘယ်သို့လျှင် အရိယာတပည့်သည် မမေ့မလျော့နေလေ့ရှိသူ ဖြစ်သနည်း၊ နန္ဒိယ ဤသာသနာတော်၌ အရိယာတပည့်သည် "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ပ။နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏"ဟု မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏၊ထိုအရိယာတပည့်သည် မြတ်စွာဘုရား၌ ထိုသို့ မတုန်မလှုပ် ကြည်ညိုခြင်းဖြင့် မတင်းတိမ် မရောင့်ရဲ၊ နေ့၌ ဆိတ်ငြိမ်စွာနေခြင်းအကျိုးငှါရင်း ညဉ့်၌(တဦးတည်း)ကိန်းအောင်းခြင်းအကျိုး ငှါရင်း တဆင့်တက်၍ အားထုတ်၏၊ ဤသို့ မမေ့မလျော့နေသော ထိုအရိယာတပည့်အား ဝမ်းမြောက်မှုဖြစ်၏၊ ဝမ်းမြောက်သူအား နှစ်သိမ့်မှု'ပီတိ'ဖြစ်၏၊ နှစ်သိမ့်မှု'ပီတိ'ရှိသူ၏ကိုယ်သည် ငြိမ်းအေး၏ ငြိမ်းအေးသော ကိုယ်ရှိသောသူသည် ချမ်းသာကို ခံစားရ၏၊ချမ်းသာသူ၏စိတ်သည် တည်ကြည်၏၊ စိတ်တည်ကြည်သည်ရှိသော် (သမထဝိပဿနာ)တရားတို့သည် ထင်စွာဖြစ်ကုန်၏၊ (သမထဝိပဿနာ)တရားတို့ ထင်စွာဖြစ်ခြင်းကြောင့် မမေ့မလျော့နေလေ့ရှိသူဟု ခေါ်ဆိုအပ်၏။

နန္ဒိယ နောက်တမျိုးကား အရိယာတပည့်သည် တရားတော်၌။ပ။ သံဃာတော်၌။ပ။ မကျိုးမပေါက် မပြောက်မကျားကုန်သော။ပ။ တည်ကြည်မှု 'သမာဓိ'ကို ဖြစ်စေတတ်သော အရိယာတို့နှစ်သက်အပ်သော သီလတို့နှင့်ပြည့်စုံ၏၊ ထိုအရိယာတပည့်သည် ထိုအရိယာတို့နှစ်သက်အပ်သော သီလတို့ဖြင့် မတင်းတိမ် မရောင့်ရဲ၊ နေ့၌ဆိတ်ငြိမ်စွာနေခြင်းအကျိုးငှါရင်း ညဉ့်၌(တဦးတည်း)ကိန်းအောင်းခြင်း အကျိုးငှါရင်း တဆင့်တက်၍ အားထုတ်၏၊ဤသို့ မမေ့မလျော့နေသော ထိုအရိယာတပည့်အား ဝမ်းမြောက်မှုဖြစ်၏၊ ဝမ်းမြောက်သူအား နှစ်သိမ့်မှု 'ပီတိ'ဖြစ်၏၊ နှစ်သိမ့်မှု 'ပီတိ'ရှိသူ၏ ကိုယ်သည် ငြိမ်းအေး၏၊ငြိမ်းအေးသော ကိုယ်ရှိသောသူသည် ချမ်းသာကို ခံစားရ၏၊ချမ်းသာသူ၏စိတ်သည် တည်ကြည်၏၊ စိတ်တည်ကြည်သည်ရှိသော် (သမထဝိပဿနာ)တရားတို့သည် ထင်စွာ ဖြစ်ကုန်၏၊ (သမထဝိပဿနာ)တရားတို့ ထင်စွာ ဖြစ်ခြင်းကြောင့် မမေ့မလျော့ နေလေ့ရှိသူဟု ခေါ်ဆိုအပ်၏။ နန္ဒိယ ဤသို့လျှင် အရိယာတပည့်သည် မမေ့မလျော့နေလေ့ရှိသူဖြစ်၏ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

**လေးခုမြောက် ပုညာဘိသန္ဒဝဂ် ပြီး၏။**

http://www.dhammadownload.com



## ၅-သဂါထကပုညာဘိသန္ဒဝဂ် ၁-ပဌမ အဘိသန္ဒသုတ်

၁၀၃၇။ ရဟန်းတို့ ချမ်းသာခြင်း အကြောင်းဖြစ်သော ကောင်းမှုအစု ကုသိုလ်အယဉ်တို့သည် ဤလေးပါးတို့တည်း။ အဘယ်လေးပါးတို့နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အရိယာတပည့်သည် "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ပ။ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုး ကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏" ဟု မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။ ဤကား ချမ်းသာခြင်း၏ အကြောင်းဖြစ်သော ပဌမကောင်းမှုအစု ကုသိုလ် အယဉ်တည်း။

ရဟန်းတို့ နောက်တမျိုးကား အရိယာဘပည့်သည် တရားတော်၌။ပ။ သံဃာတော်၌။ပ။ မကျိုးမပေါက် မပြောက်မကျားကုန်သော။ပ။ တည်ကြည်မှု 'သမာဓိ'ကို ဖြစ်စေတတ်သော အရိယာတို့ နှစ်သက်အပ်သော သီလတို့နှင့် ပြည့်စုံ၏။ ဤကား ချမ်းသာခြင်း၏ အကြောင်းဖြစ်သော စတုတ္ထကောင်းမှုအစု ကုသိုလ် အယဉ်ဘည်း။ရဟန်းတို့ ချမ်းသာခြင်း၏ အကြောင်းဖြစ်သော ကောင်းမှုအစု ကုသိုလ်အယဉ်တို့သည် ဤလေးပါးတို့ပင်တည်း။

ရဟန်းတို့ ဤ ချမ်းသာခြင်း၏ အကြောင်းဖြစ်သော ကောင်းမှုအစု ကုသိုလ် အယဉ်လေးပါးတို့နှင့် ပြည့်စုံသော အရိယာတပည့်၏ ကောင်းမှုအတိုင်းအရှည်ကို "ချမ်းသာခြင်း၏ အကြောင်းဖြစ်သော ကောင်းမှုအစု ကုသိုလ်အယဉ်သည် ဤမျှလောက်ရှိ၏" ဟု ရေဘွက်ချန် မလွယ်ကူ၊ စင်စစ်သော်ကား မရေတွက်နိုင်သော မနှိုင်းရှည့်နိုင်သော ကောင်းမှုအစုကြီးဟူ၍သာ ခေါ် ဆိုရ၏။

ရဟန်းတို့ ဥပမာသော်ကား မဟာသမုဒြာ၌ "ဤမျှလောက် ရေကွန်းစား ပမာဏရှိကုန်၏" ဟူ၍၎င်း "ဤမျှလောက် ရေကွန်းစား အရာပမာဏရှိကုန်၏" ဟူ၍၎င်း "ဤမျှလောက် ရေကွန်းစား အထောင်ပမာဏရှိကုန်၏" ဟူ၍၎င်း "ဤမျှလောက် ရေကွန်းစား အသိန်းပမာဏရှိကုန်၏" ဟူ၍၎င်း ဤသို့ ရေအတိုင်းအရှည်ကို ရေတွက်ရန် မလွယ်ကူ၊ စင်စစ်သော်ကား "မရေတွက်နိုင်သော မနှိုင်းရှည့်နိုင်သော များပြားစွာသော ရေအစု" ဟုသာ ခေါ်ဆိုရ၏။ ရဟန်းတို့ ဤအတူပင် ဤကောင်းမှုအစု ကုသိုလ် အယဉ်လေးပါးတို့နှင့် ပြည့်စုံသော အရိယာတပည့်၏ ကောင်းမှုအတိုင်းအရှည်ကို "ချမ်းသာခြင်း၏ အကြောင်းဖြစ်သော ကောင်းမှုအစု ကုသိုလ်အယဉ်သည် ဤမျှလောက်ရှိ၏" ဟု ရေတွက်ရန် မလွယ်ကူ၊စင်စစ်အားဖြင့် မရေတွက်နိုင်သော မနှိုင်းရှည့်နိုင်သော ကောင်းမှုအစုကြီးဟူ၍သာ ခေါ်ဆိုရ၏ဟု (ဟောတော်မူ၏)။

မြတ်စွာဘုရားသည် ဤတရားစကားကို ဟောတော်မူပြီးနောက် ဤဂါထာကိုမိန့်တော်မူပြန်၏—

"များစွာကြောက်မက်ဖွယ်ကောင်း၍ မတိုင်းတာနိုင်သည့် အိုင်ကြီးဖြစ်သော ရတနာအပေါင်းတို့၏ တည်ရာဖြစ်သော မဟာသမုဒြာသို့ လူအပေါင်းတို့မှီဝဲရာ များစွာသော မြစ်တို့သည် စီးဝင်ကပ်ရောက်ကုန်၏။

http://www.dhammadownload.com



မြစ်တို့သည် သမုဒ္ဒရာသို့ ကပ်ရောက်ကုန်သကဲ့သို့ ဤအတူ ထမင်းအဖျော်အဝတ်တို့ကို ပေးလှူတတ်သော ကျောင်း အိပ်ရာ နေရာတို့ကိုရင်း အခင်းကိုရင်း ပေးလှူတတ်သော ပညာရှိပုဂ္ဂိုလ်သို့ ကောင်းမှုအစုတို့သည် ကပ်ရောက်ကုန်၏"ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-ဒုတိယ အဘိသန္ဒသုတ်

၁၀၃၈။ ရဟန်းတို့ ချမ်းသာခြင်း၏ အကြောင်းဖြစ်သော ကောင်းမှုအစု ကုသိုလ်အယဉ်တို့သည် ဤလေးပါးတို့တည်း။ အဘယ်လေးပါးတို့နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အရိယာတပည့်သည် "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ပ။ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို)သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏"ဟု မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။ ဤကား ချမ်းသာခြင်း၏ အကြောင်းဖြစ်သော ပဌမကောင်းမှုအစု ကုသိုလ်အယဉ်တည်း။

ရဟန်းတို့ နောက်တမျိုးကား အရိယာတပည့်သည် တရားတော်၌။ပ။ သံဃာတော်၌။ပ။

ရဟန်းတို့ နောက်တမျိုးကား အရိယာတပည့်သည် ဝန်တိုမှု 'မစ္ဆေရ' အညစ်အကြေး ကင်းစင်သော စိတ်ဖြင့် အိမ်၌နေ၏၊ လွတ်လွတ် စွန့်ကြဲတတ်၏၊(လှူဒါန်းရန်) ဆေးကြောထားသော လက်ရှိ၏၊ စွန့်ကြဲခြင်း၌ မွေ့လျော်၏၊ ဖုန်းတောင်းယာစကာတို့နှင့် စပ်ယှဉ်၏၊ ပေးကမ်းဝေဖန်ခြင်း၌ မွေ့လျော်၏၊ ဤကား ချမ်းသာခြင်း၏ အကြောင်းဖြစ်သော စတုတ္ထကောင်းမှုအစု ကုသိုလ်အယဉ်တည်း။ ရဟန်းတို့ ချမ်းသာခြင်း၏ အကြောင်းဖြစ်သော ကောင်းမှုအစု ကုသိုလ်အယဉ်တို့သည် ဤလေးပါးတို့ပင်တည်း။

ရဟန်းတို့ ချမ်းသာခြင်း၏အကြောင်းဖြစ်သော ဤကောင်းမှုအစု ကုသိုလ် အယဉ်လေးပါးတို့နှင့် ပြည့်စုံသော အရိယာတပည့်၏ ကောင်းမှုအတိုင်းအရှည်ကို "ချမ်းသာခြင်း၏အကြောင်းဖြစ်သော ကောင်းမှုအစု ကုသိုလ်အယဉ်သည် ဤမျှလောက်ရှိ၏"ဟု ရေတွက်ရန် မလွယ်ကူ၊စင်စစ်သော်ကား မရေတွက်နိုင်သော မနှိုင်းရှည့်နိုင်သော ကောင်းမှုအစုကြီးဟူ၍သာ ခေါ် ဆိုရ၏။

ရဟန်းတို့ ဂင်္ဂါ ယမုနာ အစိရဝတီ သရဘူ မဟီဟူကုန်သော ဤမြစ်ကြီးတို့ စီးဆင်းပေါင်းဆုံရာ အရပ်၌ "ဤမျှလောက် ရေကွန်းစား ပမာဏရှိကုန်၏"ဟူ၍ရင်း "ဤမျှလောက် ရေကွန်းစား အရာ ပမာဏရှိကုန်၏"ဟူ၍ရင်း "ဤမျှလောက် ရေကွန်းစား အထောင်ပမာဏ ရှိကုန်၏"ဟူ၍ရင်း "ဤမျှလောက် ရေကွန်းစား အသိန်းပမာဏရှိကုန်၏" ဟူ၍ရင်း ဤသို့ ရေအတိုင်းအရှည်ကို ရေတွက်ရန် မလွယ်ကူ၊စင်စစ်သော်ကား "မရေတွက်နိုင် မနှိုင်းရှည့်နိုင်သော ရေအစုကြီး"ဟူ၍သာ ခေါ် ဆိုရသကဲ့သို့ ရဟန်းတို့ ဤအတူပင် ဤကောင်းမှုအစု ကုသိုလ် အယဉ်လေးသွယ်တို့နှင့် ပြည့်စုံသော အရိယာတပည့်၏ ကောင်းမှု အတိုင်းအရှည်ကို "ချမ်းသာခြင်း၏ အကြောင်းဖြစ်သော ကောင်းမှုအစု ကုသိုလ် အယဉ်သည် ဤမျှလောက် ရှိ၏"ဟု ရေတွက်ရန် မလွယ်ကူ၊ စင်စစ်

http://www.dhammadownload.com



သော်ကား''မရေတွက်နိုင် မန္ဒိုင်းရှည့်နိုင်သော ကောင်းမှုအစုဟူ၍သာ ခေါ်ဆိုရ၏ဟု(ဟောတော်မူ၏)။

မြတ်စွာဘုရားသည် ဤတရားစကားကို ဟောတော်မူပြီးနောက် ဤဂါထာကို မိန့်တော်မူပြန်၏—

"များစွာ ကြောက်မက်ဖွယ်ကောင်း၍ မတိုင်းတာနိုင်သည့် အိုင်ကြီးဖြစ်သော ရတနာ အပေါင်းတို့၏ တည်ရာဖြစ်သော မဟာသမုဒ္ဒရာသို့ လူအပေါင်းတို့ မှီဝဲရာဖြစ်သော များစွာသော မြစ်တို့သည် စီးဝင် ကပ်ရောက်ကုန်၏။

မြစ်တို့သည် သမုဒ္ဒရာသို့ ကပ်ရောက်ကုန်သကဲ့သို့ ဤအတူ ထမင်း အဖျော် အဝတ် တို့ကို ပေးလှူတတ်သော ကျောင်းအိပ်ရာ နေရာတို့ကိုရင်း အခင်းကိုရင်း ပေးလှူတတ် သော ပညာရှိ ပုဂ္ဂိုလ်သို့ ကောင်းမှုအစုတို့သည် ကပ်ရောက်ကုန်၏"ဟု(မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-တတိယ အဘိသန္ဒသုတ်

၁၀၃၉။ ရဟန်းတို့ ချမ်းသာခြင်း၏ အကြောင်းဖြစ်သော ကောင်းမှုအစု ကုသိုလ်အယဉ်တို့သည် ဤလေးပါးတို့တည်း။ အဘယ်လေးပါးတို့နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အရိယာတပည့် သည် "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံမည်တော်မူ၏။ပ။နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝ မနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို) သိစေဘော်မူသော အကြောင်းကြောင့် လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည် တော်မူ၏"ဟု မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။ ဤကား ချမ်းသာခြင်း၏ အကြောင်းဖြစ်သော ပဌမ ကောင်းမှုအစု ကုသိုလ်အယဉ်တည်း။

ရဟန်းတို့ နောက်တမျိုးကား အရိယာ တပည့်သည် တရားတော်၌။ပ။ သံဃာတော်၌ ။ပ။ ရဟန်းတို့ နောက်တမျိုးကား အရိယာတပည့်သည် ပညာရှိ၏၊ အဖြစ်အပျက်ကို သိသော ပညာ နှင့်ပြည့်စုံ၏၊ ဖောက်ထွင်း၍ သိနိုင်သော ကောင်းစွာဆင်းရဲကုန်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သောမြတ်သောပညာနှင့် ပြည့်စုံ၏။ဤကား ချမ်းသာခြင်း၏ အကြောင်းဖြစ်သော စတုတ္ထ ကောင်းမှုအစု ကုသိုလ်အယဉ်တည်း။ရဟန်းတို့ ချမ်းသာခြင်း၏ အကြောင်းဖြစ်သော ကောင်းမှု အစု ကုသိုလ်အယဉ်တို့သည် ဤလေးပါးတို့ပင်တည်း။

ရဟန်းတို့ ဤကောင်းမှုအစု ကုသိုလ်အယဉ်လေးသွယ်တို့နှင့် ပြည့်စုံသော အရိယာတပည့်၏ ကောင်းမှု အတိုင်းအရှည်ကို "ချမ်းသာခြင်း၏ အကြောင်းဖြစ်သော ကောင်းမှုအစု ကုသိုလ် အယဉ်သည် ဤမျှလောက် ရှိ၏"ဟု ရေတွက်ရန် မလွယ်ကူ၊ စင်စစ်သော်ကား "မရေတွက်နိုင် သော မန္ဒိုင်းရှည့်နိုင်သော ကောင်းမှုအစုကြီး"ဟူ၍သာ ခေါ်ဆိုရ၏ဟု (ဟောတော်မူ၏)။

http://www.dhammadownload.com



မြတ်စွာဘုရားသည် ဤတရားစကားကို ဟောတော်မူပြီးနောက် ဤဂါထာကို မိန့်တော်မူပြန်၏—

"ကောင်းမှုကို လိုလားသူသည် မဂ်ကုသိုလ်၌တည်၍ အမြိုက်နိဗ္ဗာန်သို့ ရောက်ခြင်းအကျိုးငှါ အရဟတ္တမဂ်ကို ပွါးများ၏၊ တရားအနှစ် အရဟတ္တဖိုလ်ကို ရသည်ဖြစ်၍ ကိလေသာ ကုန်ရာ နိဗ္ဗာန်၌ မွေ့လျော်သော သူသည် သေမင်း လာခြင်းဟည်း ဟူသော အကြောင်းကြောင့် မတုန်မလှုပ်တော့ပေ"ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

## ၄-ပဥ္စမ မဟာဒ္ဓနသုတ်

၁၀၄၀။ ရဟန်းတို့ တရားလေးပါးတို့နှင့် ပြည့်စုံသော အရိယာတပည့်ကို ကြွယ်ဝသူ များသော ဥစ္စာစည်းစိမ်ရှိသူဟု ဆိုအပ်၏။

အဘယ်လေးပါးတို့နှင့်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အရိယာ တပည့်သည်"ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ပ။နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊(သစ္စာလေးပါးတရားတို့ကို)သိစေတော်မူသောအကြောင်းကြောင့်လည်း ဗုဒ္ဓမည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏"ဟု မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။ တရားတော်၌။ပ။ သံဃာတော်၌။ပ။ မကျိုးမပေါက် မပြောက်မကျားကုန်သော။ပ။ တည်ကြည်မှု 'သမာဓိ'ကို ဖြစ်စေတတ်သော အရိယာတို့ နှစ်သက်အပ်သော သီလတို့နှင့် ပြည့်စုံ၏။ ရဟန်းတို့ ဤတရားလေးပါးတို့နှင့် ပြည့်စုံသော အရိယာတပည့်ကို ကြွယ်ဝသူ များသော ဥစ္စာစည်းစိမ် ရှိသူဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

## ၅-ဒုတိယ မဟာဒ္ဓနသုတ်

၁၀၄၁။ ရဟန်းတို့ တရားလေးပါးတို့နှင့် ပြည့်စုံသော အရိယာတပည့်ကို ကြွယ်ဝသူ များသော ဥစ္စာ စည်းစိမ်ရှိသူ အခြံအရံများသူဟု ဆိုအပ်၏။

အဘယ်လေးပါးတို့နှင့်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အရိယာတပည့်သည်"ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ပ။နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊(သစ္စာလေးပါး တရားတို့ကို)သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏"ဟု မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။ တရားတော်၌။ပ။ သံဃာတော်၌။ပ။ မကျိုးမပေါက် မပြောက်မကျားကုန်သော။ပ။ တည်ကြည်မှု'သမာဓိ'ကို ဖြစ်စေတတ်သော အရိယာတို့ နှစ်သက်အပ်သော သီလတို့နှင့် ပြည့်စုံ၏။ ရဟန်းတို့ ဤတရားလေးပါးတို့နှင့်ပြည့်စုံသော အရိယာ

http://www.dhammadownload.com



တပည့်ကို ကြွယ်ဝသူ များသော ဥစ္စာ စည်းစိမ်ရှိသူ အခြံအရံများသူဟု ဆိုအပ်၏ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၆-သုဒ္ဓကသုတ်

၁၀၄၂။ ရဟန်းတို့ တရားလေးပါးတို့နှင့် ပြည့်စုံသော အရိယာတပည့်သည် ပျက်စီး ကျရောက်ခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်မဂ် သုံးပါးလျှင် လည်းလျောင်းရာ ရှိသော သောတာပန်ဖြစ်၏။

အဘယ်လေးပါးတို့နှင့်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အရိယာတပည့်သည် "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ပ။ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏" ဟု မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့်ပြည့်စုံ၏။ တရားတော်၌။ပ။ သံဃာတော်၌။ပ။ မကျိုးမပေါက် မပြောက်မကျားကုန်သော။ပ။ တည်ကြည်မှု 'သမာဓိ'ကို ဖြစ်စေတတ်သော အရိယာတို့ နှစ်သက်အပ်သော သီလတို့နှင့် ပြည့်စုံ၏။ ရဟန်းတို့ ဤတရားလေးပါးတို့နှင့် ပြည့်စုံသော အရိယာတပည့်သည် ပျက်စီး ကျရောက်ခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိသော သောတာပန် ဖြစ်၏ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-နန္ဒိယသုတ်

၁၀၄၃။ ကပိလဝတ်နိဒါန်း။ တခုသောနေရာ၌ ထိုင်နေသော နန္ဒိယသာကီဝင်အား မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏—နန္ဒိယ တရားလေးပါးတို့နှင့် ပြည့်စုံသော အရိယာတပည့်သည် ပျက်စီးကျရောက်ခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိသော သောတာပန်ဖြစ်၏။

အဘယ်လေးပါးတို့နှင့်နည်း၊ နန္ဒိယ ဤသာသနာတော်၌ အရိယာတပည့်သည် "ထိုမြတ်စွာသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ပ။ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏" ဟု မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့်ပြည့်စုံ၏။ တရားတော်၌။ပ။ သံဃာတော်၌။ပ။ မကျိုးမပေါက် မပြောက်မကျားကုန်သော။ပ။ တည်ကြည်မှု 'သမာဓိ'ကို ဖြစ်စေတတ်သော အရိယာတို့နှစ်သက်

http://www.dhammadownload.com



အပ်သော သီလတို့နှင့် ပြည့်စုံ၏။ နန္ဒိယ ဤတရားလေးပါးတို့နှင့်ပြည့်စုံသော အရိယာတပည့်သည် ပျက်စီးကျရောက်ခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လည်းလျောင်း ရာရှိသော သောတာပန်ဖြစ်၏ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈-ဘဒ္ဒိယသုတ်

၁၀၄၄။ ကပိလဝတ်နိဒါန်း။ တခုသောနေရာ၌ ထိုင်နေသော ဘဒ္ဒိယသာကီဝင်အား မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏—ဘဒ္ဒိယ တရားလေးပါးတို့နှင့်ပြည့်စုံသော အရိယာတပည့်သည် ပျက်စီးကျရောက်ခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိသော သောတာပန်ဖြစ်၏။

အဘယ်လေးပါးတို့နှင့်နည်း၊ ဘဒ္ဒိယ ဤသာသနာတော်၌ အရိယာတပည့်သည် မြတ်စွာဘုရား၌။ပ။တရားတော်၌။ပ။သံဃာတော်၌။ပ။ မကျိုးမပေါက် မပြောက် မကျားကုန်သော။ပ။ တည်ကြည်မှု'သမာဓိ'ကို ဖြစ်စေတတ်သော အရိယာတို့ နှစ်သက်အပ်သော သီလတို့နှင့် ပြည့်စုံ၏။ ဘဒ္ဒိယ ဤတရားလေးပါးတို့နှင့်ပြည့်စုံသော အရိယာတပည့်သည် ပျက်စီးကျရောက်ခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိသော သောတာပန်ဖြစ်၏ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

## ၉-မဟာနာမသုတ်

၁၀၄၅။ ကပိလဝတ်နိဒါန်း။ တခုသော နေရာ၌ထိုင်နေသော မဟာနာမ် သာကီဝင်မင်းအား မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏—မဟာနာမ် ဤတရားလေးပါးတို့နှင့်ပြည့်စုံသော အရိယာတပည့်သည်။ပ။ အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိသော သောတာပန်ဖြစ်၏။

အဘယ်လေးပါးတို့နှင့်နည်း၊ မဟာနာမ် ဤသာသနာတော်၌ အရိယာတပည့်သည် မြတ်စွာဘုရား၌။ပ။တရားတော်၌။ပ။သံဃာတော်၌။ပ။ မကျိုးမပေါက် မပြောက်မကျားကုန်သော။ပ။ တည်ကြည်မှု 'သမာဓိ'ကို ဖြစ်စေတတ်သော အရိယာတို့ နှစ်သက်အပ်သော သီလတို့နှင့်ပြည့်စုံ၏။ မဟာနာမ် ဤတရားလေးပါးတို့နှင့် ပြည့်စုံသော အရိယာတပည့်သည် ပျက်စီးကျရောက်ခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိသော သောတာပန်ဖြစ်၏ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

http://www.dhammadownload.com



## ၁၀-အင်္ဂသုတ်

၁၀၄၆။ ရဟန်းတို့ သောတာပန်(ဖြစ်ကြောင်း) အင်္ဂါတို့သည် ဤလေးပါးတို့တည်း။ အဘယ်လေးပါးတို့နည်း၊ သူတော်ကောင်းကို မှီဝဲပေါင်းသင်းခြင်း သူတော်ကောင်းတရားကို ကြားနာခြင်း သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်း တရားအားလျော်သော အကျင့်ကို ကျင့်ခြင်းတို့တည်း။ ရဟန်းတို့ သောတာပန်ဖြစ်ကြောင်း အင်္ဂါတို့သည် ဤလေးပါးတို့ပင်တည်းဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

ငါးခုမြောက် သဂါထကပုညာဘိသန္ဒဝဂ် ပြီး၏။

---

## ၆-သပ္ပညဝဂ် ၁-သဂါထကသုတ်

၁၀၄၇။ ရဟန်းတို့ တရားလေးပါးတို့နှင့် ပြည့်စုံသော အရိယာတပည့်သည် ပျက်စီးကျရောက်ခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိသော သောတာပန်ဖြစ်၏။

အဘယ်လေးပါးတို့နှင့်နည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အရိယာတပည့်သည် "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ပ။ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏။ (သစ္စာလေးပါး တရားတို့ကို) သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏"ဟု မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။ တရားတော်၌။ပ။ သံဃာတော်၌။ပ။ မကျိုးမပေါက် မပြောက် မကျား ကုန်သော။ပ။ တည်ကြည်မှု 'သမာဓိ'ကို ဖြစ်စေတတ်သော အရိယာတို့ နှစ်သက်အပ်သော သီလတို့နှင့်ပြည့်စုံ၏။ ရဟန်းတို့ ဤတရားလေးပါးတို့နှင့် ပြည့်စုံသော အရိယာတပည့်သည် ပျက်စီးကျရောက်ခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိသော သောတာပန်ဖြစ်၏ဟု မိန့်တော်မူ၏။ မြတ်စွာဘုရားသည် ဤတရားစကားကို ဟောတော်မူပြီးနောက် ဤဂါထာကို မိန့်တော်မူပြန်၏—

> "အကြင်သူအား မြတ်စွာဘုရား၌ မတုန်မလှုပ် ကောင်းစွာတည်သော ယုံကြည်မှု 'သဒ္ဓါ'လည်း ရှိ၏၊ ကောင်းသောအရိယာတို့ နှစ်သက်သော ချီးမွမ်းထိုက်သော သီလလည်း ရှိ၏။
>
> သံဃာတော်၌ ကြည်ညိုခြင်းလည်း ရှိ၏၊ ဖြောင့်မတ်သော အမြင်လည်း ရှိ၏၊ ထိုသူ့ကို သူဆင်းရဲမဟုတ်ဟု ဆိုကုန်၏၊ ထိုသူ၏ အသက်ရှင်ခြင်းသည် အချည်းနှီးမဖြစ်။
>
> ထို့ကြောင့် ယုံကြည်မှု'သဒ္ဓါ'ကိုရင်း သီလကိုရင်း ကြည်ညိုခြင်းကိုရင်း တရားတော်ကို ရှုမြင်ခြင်းကိုရင်း မြတ်စွာဘုရား၏ အဆုံးအမတော်ကို အောက်မေ့သော ပညာရှိသည် အဖန်တလဲလဲ အားထုတ်ရာ၏"ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

http://www.dhammadownload.com



## ၂-ဝဿံဝုတ္ထသုတ်

၁၀၄၇။ အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏အရံဖြစ်သော ဇေတဝန်ကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ ရဟန်းတပါးသည် သာဝတ္ထိပြည်၌ ဝါကျွတ်ခဲ့၍ တစုံတခုသော ပြုဖွယ်ကိစ္စဖြင့် ကပိလဝတ်ပြည်သို့ ရောက်လာ၏။ "ရဟန်းတပါးသည် သာဝတ္ထိပြည်၌ ဝါကျွတ်ခဲ့၍ ကပိလဝတ်ပြည်သို့ ရောက်လာသတတ်"ဟု ကပိလဝတ်ပြည်သား သာကီဝင်တို့သည် ကြားကုန်၏။

ထိုအခါ ကပိလဝတ်ပြည်သား သာကီဝင်တို့သည် ထိုရဟန်းထံသို့ ချဉ်းကပ်ကုန်၍ ထိုရဟန်းကို ရှိခိုးလျက် တခုသောနေရာ၌ ထိုင်နေကုန်ပြီးသော် ထိုရဟန်းအား "အသျှင်ဘုရား မြတ်စွာဘုရား ကျန်းမာတော်မူပါ၏လော၊ အားရှိတော်မူပါ၏လော"ဟု (လျှောက်ကုန်၏)။ ဒါယကာတို့ မြတ်စွာဘုရားသည် ကျန်းမာတော်မူပါ၏၊ အားရှိတော်မူပါ၏။ အသျှင်ဘုရား အသျှင်သာရိပုတြာနှင့် အသျှင်မဟာမောဂ္ဂလာန်တို့သည်လည်း ကျန်းမာပါကုန်၏လော၊ အားရှိပါကုန်၏လော။ ဒါယကာတို့ အသျှင်သာရိပုတြာနှင့် အသျှင်မဟာမောဂ္ဂလာန်တို့သည်လည်း ကျန်းမာပါကုန်၏၊ အားရှိပါကုန်၏။ အသျှင်ဘုရား ရဟန်းသံဃာသည်လည်း ကျန်းမာပါ၏လော၊ အားရှိပါ၏လော၊ ဒါယကာတို့ ရဟန်းသံဃာသည်လည်း ကျန်းမာပါ၏၊ အားရှိပါ၏။ အသျှင်ဘုရား အသျှင်သည် ဤဝါတွင်း၌ မြတ်စွာဘုရား၏ မျက်မှောက်တော်မှ နာကြားသင်ယူခဲ့သော တရားတော် တစုံတခု ရှိပါသလော။ ဒါယကာတို့ ငါသည် မြတ်စွာဘုရား၏ အထံတော်မှ ဤဆိုလတ္တံ့သော တရားကို နာကြား သင်ယူခဲ့ရ၏၊ "ရဟန်းတို့ အာသဝကုန်ခြင်းကြောင့် အာသဝကင်း၍ (ကိလေသာမှ) လွတ်မြောက်သော (အရဟတ္တဖိုလ်) စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်) ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍နေကုန်သော ရဟန်းတို့သည် နည်းကုန်၏၊ စင်စစ်အားဖြင့် အောက်ပိုင်းသံယောဇဉ်ငါးပါးတို့ ကုန်ခြင်းကြောင့် ဗြဟ္မာ့ဘုံမှ ပြန်လည်ခြင်း သဘောမရှိပဲ ဗြဟ္မာ့ဘုံ၌ ပရိနိဗ္ဗာန်ပြုမည့် အနာဂါမ်ရဟန်းတို့သာ ပို၍များကုန်၏" ဟူသော တရားတော်ကို နာကြား သင်ယူခဲ့ရ၏။

ဒါယကာတို့ ထို့ပြင်လည်း "ရဟန်းတို့ အောက်ပိုင်း သံယောဇဉ်ငါးပါးတို့ ကုန်ခြင်းကြောင့် ဗြဟ္မာ့ဘုံမှပြန်လည်ခြင်း သဘောမရှိပဲ ဗြဟ္မာ့ဘုံ၌ ပရိနိဗ္ဗာန်ပြုမည့် အနာဂါမ်ရဟန်းတို့သည် နည်းကုန်၏၊ စင်စစ်အားဖြင့် သံယောဇဉ်သုံးပါးတို့ ကုန်သည့်ပြင် စွဲမက်မှု 'ရာဂ' အမျက်ထွက်မှု 'ဒေါသ' တွေဝေမှု 'မောဟ'တို့ ခေါင်းပါးခြင်းကြောင့် တကြိမ်သာ ဤကာမဘုံသို့ လာ၍ ဆင်းရဲ၏ အဆုံးကို ပြုကြမည့် သကဒါဂါမ်ရဟန်းတို့သာ ပို၍များကုန်၏"ဟူသော တရားတော်ကို မြတ်စွာဘုရား၏ မျက်မှောက်တော်မှ နာကြား သင်ယူခဲ့ရ၏။

ဒါယကာတို့ ထို့ပြင်လည်း "ရဟန်းတို့ သံယောဇဉ်သုံးပါးတို့ ကုန်သည့်ပြင် စွဲမက်မှု 'ရာဂ' အမျက်ထွက်မှု 'ဒေါသ' တွေဝေမှု 'မောဟ'တို့ ခေါင်းပါးခြင်းကြောင့် တကြိမ်သာ ဤကာမဘုံသို့ လာ၍ ဆင်းရဲ၏ အဆုံးကို ပြုကြမည့် သကဒါဂါမ် ရဟန်းတို့သည် နည်းကုန်၏၊ စင်စစ်အားဖြင့် သံယောဇဉ်သုံးပါးတို့ ကုန်ခြင်းကြောင့် ပျက်စီးကျရောက်ခြင်းသဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိသော သောတာပန်ရဟန်းတို့သာ ပို၍များကုန်၏"

http://www.dhammadownload.com



ဟူသော ဤတရားကိုလည်း ငါသည် မြတ်စွာဘုရား၏ မျက်မှောက်တော်မှ နာကြား သင်ယူခဲ့ရ၏ဟု (မိန့်ဆိုလေ၏)။

ဒုတိယသုတ်။

---

## ၃-ဓမ္မဒိန္နသုတ်

၁၀၄၉။ အခါတပါး၌ မြတ်စွာဘုရားသည် ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တော၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ ဓမ္မဒိန္နဥပါသကာသည် ဥပါသကာငါးရာတို့နှင့်အတူ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏ "အသျှင်ဘုရား မြတ်စွာဘုရားသည် အကျွန်ုပ်တို့ကို သွန်သင်တော်မူပါ၊ အသျှင်ဘုရား မြတ်စွာဘုရားသည် အကျွန်ုပ်တို့ကို ဆုံးမတော်မူပါ၊ ယင်းသို့ သွန်သင်ဆုံးမခြင်းသည် အကျွန်ုပ်တို့အား ကြာရှည်စွာသော ကာလပတ်လုံး အစီးအပွါးရှိခြင်းငှါ ချမ်းသာခြင်းငှါ ဖြစ်ရာပါ၏"ဟု (လျှောက်၏)။

ဓမ္မဒိန္န သို့ဖြစ်လျှင် သင်သည် ဤသို့ ကျင့်ရမည် "နက်နဲကုန်သော နက်နဲသော အနက်ရှိကုန်သော လောကမှ လွတ်မြောက်ကြောင်းဖြစ်ကုန်သော ဆိတ်သုဉ်းမှု 'သုညတ' နှင့် စပ်ကုန်သော ဘုရားဟော သုတ္တန်တို့ကို အခါခပ်သိမ်း ရရောက်၍ နေကုန်အံ့"ဟု ဤသို့လျှင် သင်တို့ ကျင့်ရမည်ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား သားသမီးတို့ဖြင့် ကျဉ်းမြောင်းသောနေရာ၌ နေကြရကုန်သော ကာသိတိုင်းထွက် စန္ဒကူးကို အစဉ်သုံးဆောင်ကုန်သော ပန်းပန်ခြင်း နံ့သာခြယ်ခြင်း နံ့သာပျောင်း လိမ်းခြင်းကို ဆောင်ကြသော ရွှေငွေကို သာယာသော တပည့်တော်တို့သည် နက်နဲကုန်သော နက်နဲသော အနက်ရှိကုန်သော လောကမှ လွတ်မြောက်ကြောင်းဖြစ်ကုန်သော ဆိတ်သုဉ်းမှု 'သုညတ' နှင့် စပ်ကုန်သော ဘုရားဟော သုတ္တန်တို့ကို အခါခပ်သိမ်း ရရောက်၍ နေခြင်းငှါ မလွယ်ပါ၊ အသျှင်ဘုရား သိက္ခာပုဒ်ငါးပါးတို့၌ တည်ကြသော တပည့်တော်တို့အား မြတ်စွာဘုရားသည် အထက်ဖြစ်သောတရားကို ဟောတော်မူပါဟု (လျှောက်၏)။

ဓမ္မဒိန္န သို့ဖြစ်လျှင် သင်သည် ဤသို့ကျင့်ရမည်"ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ပ။ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို)သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏"ဟု မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံကုန်အံ့။ တရားတော်၌။ပ။ သံဃာတော်၌။ပ။ မကျိုးမပေါက် မပြောက်မကျားကုန်သော။ပ။ တည်ကြည်မှု 'သမာဓိ' ကို ဖြစ်စေတတ်သော အရိယာတို့နှစ်သက်အပ်သော သီလတို့နှင့် ပြည့်စုံကုန်အံ့ဟု ဤသို့လျှင် သင်တို့ ကျင့်ရမည်ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား မြတ်စွာဘုရား ဟောတော်မူအပ်သော ထိုသောတာပန် အင်္ဂါလေးပါးတို့သည် အကျွန်ုပ်တို့၌ ရှိပါကုန်၏၊ အကျွန်ုပ်တို့သည်လည်း ထိုတရားတို့၌ ကောင်းစွာထင်ပါကုန်၏။ အသျှင်ဘုရား "ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ပ။ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း

http://www.dhammadownload.com



သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊(သစ္စာလေးပါး တရားတို့ကို)သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏” ဟု မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံပါကုန်၏။ တရားတော်၌။ပ။ သံဃာတော်၌။ပ။ မကျိုးမပေါက် မပြောက်မကျားကုန်သော။ပ။တည်ကြည်မှု ‘သမာဓိ’ကို ဖြစ်စေတတ်သော အရိယာတို့ နှစ်သက်အပ်သော သီလတို့နှင့် ပြည့်စုံပါကုန်၏ဟု လျှောက်၏။ ဓမ္မဒိန္န သင် အရတော်ပေစွ၊ဓမ္မဒိန္န သင် ကောင်းစွာ ရအပ်ပေစွ၊ သင်တို့သည် သောတာပတ္တိဖိုလ်ကို ပြောကြားအပ်ပြီဟု (မိန့်တော်မူ၏)။

တတိယသုတ်။

## ၄-ဂိလာနသုတ်

၁၀၅၀။ အခါတပါး၌ မြတ်စွာဘုရားသည် သက္ကတိုင်း ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ “မြတ်စွာဘုရားသည် ဝါတွင်းသုံးလလွန်၍ သင်္ကန်းကိစ္စပြီးသောအခါ ဒေသစာရီ ကြွတော်မူလတ္တံ့”ဟု များစွာသော ရဟန်းတို့သည် မြတ်စွာဘုရား၏ သင်္ကန်းကို ချုပ်ဆိုးကြကုန်၏၊ “မြတ်စွာဘုရားသည် ဝါတွင်းသုံးလလွန်၍ သင်္ကန်းကိစ္စပြီးဆုံးသောအခါ ဒေသစာရီ ကြွတော်မူလတ္တံ့”ဟု များစွာသော ရဟန်းတို့သည် မြတ်စွာဘုရား၏ သင်္ကန်းကို ချုပ်ဆိုးကြကုန်သတတ်ဟု မဟာနာမ်သာကီဝင်သည် ကြားလေ၏။ ထိုအခါ မဟာနာမ်သာကီဝင်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏ “အသျှင်ဘုရား မြတ်စွာဘုရားသည် ဝါတွင်းသုံးလလွန်၍ သင်္ကန်းကိစ္စပြီးဆုံးသောအခါ ဒေသစာရီ ကြွတော်မူလတ္တံ့”ဟု များစွာသော ရဟန်းတို့သည် မြတ်စွာဘုရား၏ သင်္ကန်းကို ချုပ်ဆိုးကြကုန်သတတ်ဟု ဤသတင်းကို အကျွန်ုပ် ကြားရပါသည်၊ အသျှင်ဘုရား ‘ပညာနှင့်ပြည့်စုံသော ဥပါသကာသည် အနာရောဂါ နှိပ်စက်ရကား ဆင်းရဲခြင်းသို့ ရောက်လျက် ပြင်းထန်စွာ မကျန်းမမာဖြစ်နေသော ပညာနှင့်ပြည့်စုံသော ဥပါသကာကို ဆုံးမထိုက်၏’ ဟူသော ဤစကားကို မြတ်စွာဘုရား၏ မျက်မှောက်တော်မှ မကြားရဘူးပါ၊ မနာယူရဘူးပါ”ဟု (လျှောက်၏)။

မဟာနာမ် ပညာနှင့်ပြည့်စုံသော ဥပါသကာသည် အနာရောဂါ နှိပ်စက်ရကား ဆင်းရဲခြင်းသို့ ရောက်လျက် ပြင်းထန်စွာ မကျန်းမမာဖြစ်နေသော ပညာနှင့် ပြည့်စုံသော ဥပါသကာကို သက်သာရာ ရစေသော တရားလေးပါးတို့ဖြင့် သက်သာစေရမည်၊ “ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံ မည်တော်မူ၏။ပ။ နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏၊ (သစ္စာလေးပါး တရားတို့ကို)သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ မည်တော်မူ၏၊ ဘုန်းတန်ခိုးကြီးတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါမည်တော်မူ၏”ဟု မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းသည် အသျှင်မှာ ရှိ၏၊အသျှင်သည် နှစ်သိမ့်ပါလော့။ တရားတော်၌။ပ။ သံဃာတော်၌။ပ။ (မတုန်မလှုပ်ကြည်ညိုခြင်းသည်) အသျှင်မှာ ရှိ၏၊အသျှင်သည် နှစ်သိမ့်ပါလော့။ မကျိုးမပေါက် မပြောက်မကျားကုန်သော။ပ။ တည်ကြည်မှု ‘သမာဓိ’ ကို ဖြစ်စေတတ်သော အရိယာတို့ နှစ်သက်အပ်သော သီလတို့သည် အသျှင်မှာ ရှိ၏၊အသျှင်သည် နှစ်သိမ့်ပါလော့။

http://www.dhammadownload.com



မဟာနာမ် ပညာနှင့်ပြည့်စုံသော ဥပါသကာသည် အနာရောဂါနှိပ်စက်ရကား ဆင်းရဲခြင်းသို့ ရောက်လျက် ပြင်းတန်စွာ မကျန်းမမာ ဖြစ်နေသော ပညာနှင့် ပြည့်စုံသော ဥပါသကာကို ဤ သက်သာရာ ရစေတတ်သော တရားလေးပါးတို့ဖြင့် သက်သာစေပြီးလျှင် မိဖတို့၌ ငဲ့ကွက်ခြင်းသည် အသျှင်မှာ ရှိသလော ဟု ဤသို့ပြောဆိုရာ၏၊ "မိဖတို့၌ ငဲ့ကွက်ခြင်းသည် အကျွန်ုပ်မှာ ရှိပါ၏"ဟု အကယ်၍ ပြောဆိုခဲ့မူ "အသျှင်သည် သေခြင်းနှင့်စပ်၏၊ သေခြင်းသဘောရှိ၏၊ အသျှင်သည် မိဖတို့၌ ငဲ့ကွက်ခြင်းကို ပြုစေကာမူ သေရမည်သာတည်း၊ အသျှင်သည် မိဖတို့၌ ငဲ့ကွက်ခြင်းကို မပြုစေကာမူ သေရမည်သာတည်း၊ တောင်းပန်ပါ၏၊ မိဖတို့၌ ငဲ့ကွက်ခြင်းကို အသျှင် စွန့်လွှတ်ပါ"ဟု ထိုသူ့ကို ဤသို့ ပြောဆိုရာ၏။

"မိဖတို့၌ ငါ၏ ငဲ့ကွက်ခြင်းကို စွန့်ပါပြီ" ဟု ဤသို့ ပြောဆိုခဲ့မူ သားမယားတို့၌ ငဲ့ကွက်ခြင်းသည် အသျှင်မှာ ရှိပါသလောဟု ထိုသူ့ကို ဤသို့ ပြောဆိုရာ၏။ "သားမယားတို့၌ ငဲ့ကွက်ခြင်းသည် အကျွန်ုပ်မှာ ရှိပါ၏"ဟု ဤသို့ ပြောဆိုခဲ့မူ အသျှင်သည် သေခြင်းနှင့် စပ်၏၊ သေခြင်းသဘော ရှိ၏၊ အသျှင်သည် သားမယားတို့၌ ငဲ့ကွက်ခြင်းကို ပြုစေကာမူ သေရမည်သာတည်း၊ အသျှင်သည် သားမယားတို့၌ ငဲ့ကွက်ခြင်းကို မပြုစေကာမူ သေရမည်သာတည်း၊ တောင်းပန်ပါ၏၊ သားမယားတို့၌ ငဲ့ကွက်ခြင်းကို အသျှင် စွန့်လွှတ်ပါဟု ထိုသူ့ကို ဤသို့ ပြောဆိုရာ၏။

"သားမယားတို့၌ ငဲ့ကွက်ခြင်းကို စွန့်ပါပြီ"ဟု ဤသို့ ပြောဆိုခဲ့မူ လူတို့၌ ဖြစ်သော ကာမဂုဏ် ငါးပါးတို့၌ ငဲ့ကွက်ခြင်းသည် အသျှင်မှာ ရှိပါသလော ဟု ဤသို့ ပြောဆိုရာ၏။ "လူတို့၌ ဖြစ်သော ကာမဂုဏ် ငါးပါးတို့၌ ငဲ့ကွက်ခြင်းသည် အကျွန်ုပ်မှာ ရှိပါ၏"ဟု ဤသို့ပြောဆိုခဲ့မူ အသျှင် လူတို့၌ ဖြစ်သော ကာမဂုဏ်တို့ထက် နတ်၌ ဖြစ်သော ကာမဂုဏ်တို့သည် ပို၍ နှစ်သက်ဖွယ်လည်း ရှိကုန်၏၊ ပို၍လည်း မြတ်ကုန်၏၊ တောင်းပန်ပါ၏၊ အသျှင်သည် လူတို့၌ ဖြစ်သော ကာမဂုဏ်တို့မှ စိတ်ကို ထစေ၍ စာတုမဟာရာဇ်နတ်တို့၌ စိတ်ကို ထားပါ ဟု ထိုသူ့ကို ဤသို့ ပြောဆိုရာ၏။

လူတို့၌ ဖြစ်သော ကာမဂုဏ်တို့မှ ငါ၏ စိတ်ကို ထစေခဲ့ပြီ၊ စာတုမဟာရာဇ်နတ်တို့၌ စိတ်ကို ထားပြီးပြီ ဟု ထိုသူသည် ဤသို့ ပြောဆိုခဲ့မူ အသျှင် စာတုမဟာရာဇ်နတ်တို့ထက် တာဝတိံသာ နတ်တို့သည် ပို၍ နှစ်သက်ဖွယ်လည်း ရှိကုန်၏၊ ပို၍လည်း မြတ်ကုန်၏၊ တောင်းပန်ပါ၏၊ အသျှင်သည် စာတုမဟာရာဇ်နတ်တို့မှ စိတ်ကိုထစေ၍ တာဝတိံသာနတ်တို့၌ စိတ်ကို ထားပါဟု ထိုသူ့ကို ဤသို့ပြောဆိုရာ၏။ "စာတုမဟာရာဇ်နတ်တို့မှ ငါ၏ စိတ်ကို ထစေခဲ့ပြီ၊ တာဝတိံသာနတ်တို့၌ စိတ်ကို ထားပြီးပြီ"ဟု ဤသို့ပြောဆိုခဲ့မူ အသျှင် တာဝတိံသာနတ်တို့ထက် ယာမာနတ်တို့သည်။ပ။ တုသိတာနတ်တို့သည်။ပ။ နိမ္မာနရတိနတ်တို့သည်။ပ။ ပရနိမ္မိတဝသဝတ္တီနတ်တို့သည်။ပ။ အသျှင် ပရနိမ္မိတဝသဝတ္တီနတ်တို့ထက် ဗြဟ္မာ့ဘုံသည် ပို၍ နှစ်သက်ဖွယ်လည်း ရှိ၏၊ ပို၍လည်း မြတ်၏၊ တောင်းပန်ပါ၏၊ အသျှင်သည် ပရနိမ္မိတဝသဝတ္တီနတ်တို့မှ စိတ်ကို ထစေ၍ ဗြဟ္မာ့ဘုံ၌ စိတ်ကို ထားပါဟု ထိုသူ့ကို ဤသို့ ပြောဆိုရာ၏။

ပရနိမ္မိတဝသဝတ္တီနတ်တို့မှ ငါ၏ စိတ်ကို ထစေခဲ့ပြီ၊ ဗြဟ္မာ့ဘုံ၌ စိတ်ကို ထားပြီးပြီဟု ဤသို့ ပြောဆိုခဲ့မူ အသျှင် ဗြဟ္မာ့ဘုံသည်လည်း မမြဲပါ၊ မခိုင်မြဲပါ၊ သက္ကာယ၌ အကျုံးဝင်၏၊ တောင်းပန်ပါ၏၊ အသျှင်သည် ဗြဟ္မာ့ဘုံမှ စိတ်ကို ထစေ၍ သက္ကာယ(ထင်ရှားရှိသောခန္ဓာ)၏ ချုပ်ရာ၌ စိတ်ကို ဆောင်ပါလော့ ဟု ဤသို့ ပြောဆိုရာ၏။

ဗြဟ္မာ့ဘုံမှ ငါ၏စိတ်ကို ထစေခဲ့ပြီ၊ သက္ကာယ၏ ချုပ်ရာ၌ စိတ်ကို ဆောင်ပါ၏ ဟု ဤသို့ ပြောဆိုခဲ့မူ မဟာနာမ် ဤသို့ လွတ်မြောက်သော စိတ်ရှိသော ဥပါသကာအား အာသဝမှ

http://www.dhammadownload.com



လွတ်ပြီးသော စိတ်ရှိသော ရဟန်းနှင့် အရဟတ္တဖိုလ် စိတ်အားဖြင့် ထူးခြားမှု တစုံတရာ မရှိဟု ငါဆို၏ဟု(မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-သောတာပတ္တိဖလသုတ်

၁၀၅၁။ ရဟန်းတို့ ဤတရားလေးပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည် ရှိသော် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ဖြစ်ကုန်၏၊ အဘယ်လေးပါးတို့နည်း၊ သူတော်ကောင်းကို မှီဝဲခြင်း သူတော်ကောင်းတရားကို ကြားနာခြင်း သင့်လျော်သော အားဖြင့် နှလုံးသွင်းခြင်း တရားအားလျော်သော အကျင့်ကို ကျင့်ခြင်းတို့တည်း။ ရဟန်းတို့ ဤတရားလေးပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ဖြစ်ကုန်၏ဟု(မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၆-သကဒါဂါမိဖလသုတ်

၁၀၅၂။ ရဟန်းတို့ ဤတရား လေးပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ဖြစ်ကုန်၏။ အဘယ်လေးပါးတို့နည်း။ပ။ ဖြစ်ကုန်၏ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-အနာဂါမိဖလသုတ်

၁၀၅၃။ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ဖြစ်ကုန်၏။

သတ္တမသုတ်။

---

## ၈-အရဟတ္တဖလသုတ်

၁၀၅၄။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ဖြစ်ကုန်၏။

အဋ္ဌမသုတ်။

---

## ၉-ပညာပဋိလာဘသုတ်

၁၀၅၅။ ပညာကို ရခြင်းငှါ ဖြစ်ကုန်၏။

နဝမသုတ်။

http://www.dhammadownload.com



### ၁၀-ပညာဝုဒ္ဓိသုတ်

၁၀၅၆။ ပညာတိုးပွါးခြင်းငှါ ဖြစ်ကုန်၏။

ဒသမသုတ်။

---

### ၁၁-ပညာဝေပုလ္လသုတ်

၁၀၅၇။ ပညာ ပြန့်ပြောခြင်းငှါ ဖြစ်ကုန်၏ဟု (မိန့်တော်မူ၏)။

ဧကာဒသမသုတ်။

ခြောက်ခုမြောက် သပ္ပညဝဂ် ပြီး၏။

---

### ၇-မဟာပညဝဂ် ၁-မဟာပညာသုတ်

၁၀၅၈။ ရဟန်းတို့ ဤတရားလေးပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် ပညာကြီးခြင်းငှါ ဖြစ်ကုန်၏၊ အဘယ်လေးပါးတို့နည်း၊ သူတော်ကောင်းကို မှီဝဲခြင်း သူတော်ကောင်းတရားကို ကြားနာခြင်း သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်း တရားအားလျော်သော အကျင့်ကို ကျင့်ခြင်းတို့တည်း။ ရဟန်းတို့ ဤတရားလေးပါးတို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် ပညာကြီးခြင်းငှါ ဖြစ်ကုန်၏ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

### ၂-ပုထုပညာသုတ်

၁၀၅၉။ ပညာများခြင်းငှါ ဖြစ်ကုန်၏။

ဒုတိယသုတ်။

---

### ၃-ဝိပုလပညာသုတ်

၁၀၆၀။ ပညာပြန့်ပြောခြင်းငှါ ဖြစ်ကုန်၏။

တတိယသုတ်။

---

### ၄-ဂမ္ဘီရပညာသုတ်

၁၀၆၁။ ပညာနက်နဲခြင်းငှါ ဖြစ်ကုန်၏။

စတုတ္ထသုတ်။

http://www.dhammadownload.com



## ၅-အပ္ပမတ္တပညာသုတ်

၁၀၆၂။ ပညာအတိုင်းအရှည် မရှိခြင်းငှါ ဖြစ်ကုန်၏။

ပဉ္စမသုတ်။

---

## ၆-ဘူရိပညာသုတ်

၁၀၆၃။ မြေအထုနှင့်တူသော ပညာရှိခြင်းငှါ ဖြစ်ကုန်၏။

ဆဋ္ဌသုတ်။

---

## ၇-ပညာဗာဟုလ္လသုတ်

၁၀၆၄။ ပညာပေါများခြင်းငှါ ဖြစ်ကုန်၏။

သတ္တမသုတ်။

---

## ၈-သီဃပညာသုတ်

၁၀၆၅။ ပညာ လျင်မြန်ခြင်းငှါ ဖြစ်ကုန်၏။

အဋ္ဌမသုတ်။

---

## ၉-လဟုပညာသုတ်

၁၀၆၆။ ပညာပေါ့ပါးခြင်းငှါ ဖြစ်ကုန်၏။

နဝမသုတ်။

---

## ၁၀-ဟာသပညာသုတ်

၁၀၆၇။ ပညာရွှင်ခြင်းငှါ ဖြစ်ကုန်၏။

ဒသမသုတ်။

---

## ၁၁-ဇဝနပညာသုတ်

၁၀၆၈။ ပညာလျင်ခြင်းငှါ ဖြစ်ကုန်၏။

ဧကာဒသမသုတ်။

http://www.dhammadownload.com



## ၁၂-တိက္ခပညာသုတ်

၁၀၆၉။ ပညာထက်ခြင်းငှါ ဖြစ်ကုန်၏။

ဧကါဒသမသုတ်။

---

## ၁၃-နိဗ္ဗေဓိကပညာသုတ်

၁၀၇၀။ ထွင်းဖောက်၍သိနိုင်သော ပညာရှိခြင်းငှါ ဖြစ်ကုန်၏။ အဘယ်လေးပါးတို့နည်း၊ သူတော်ကောင်းကို မှီဝဲခြင်း သူတော်ကောင်းတရားကို ကြားနာခြင်း သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်း တရားအားလျော်သော အကျင့်ကို ကျင့်ခြင်းတို့တည်း။ရဟန်းတို့ ဤတရားလေးပါး တို့ကို ပွါးများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် ထွင်းဖောက်၍သိနိုင်သော ပညာရှိခြင်းငှါ ဖြစ်ကုန်၏ဟု (မိန့်တော်မူ၏)။

တေရသမသုတ်။

ခုနစ်ခုမြောက် မဟာပညဝဂ် ပြီး၏။

**ထဆယ့်တခုမြောက် သောတာပတ္တိသံယုတ် ပြီး၏။**

http://www.dhammadownload.com

# ၁၂-သစ္စသံယုတ်

## ၁-သမာဓိဝဂ် ၁-သမာဓိသုတ်

၁၀၇၁။ သာဝတ္ထိနိဒါန်း။ပ။ ရဟန်းတို့ တည်ကြည်မှု 'သမာဓိ'ကို ပွါးများကြကုန်လော့၊ ရဟန်းတို့ တည်ကြည်သော ရဟန်းသည် ဟုတ်တိုင်းမှန်စွာ သိ၏၊ အဘယ်သို့လျှင် ဟုတ်တိုင်းမှန်စွာ သိသနည်း၊ "ဤကား ဆင်းရဲတည်း"ဟု ဟုတ်တိုင်းမှန်စွာ သိ၏၊ "ဤကား ဆင်းရဲဖြစ်ပေါ်ကြောင်းတည်း"ဟု ဟုတ်တိုင်းမှန်စွာ သိ၏၊ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) တည်း"ဟု ဟုတ်တိုင်းမှန်စွာ သိ၏၊ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်တည်း"ဟု ဟုတ်တိုင်းမှန်စွာ သိ၏၊ ရဟန်းတို့ တည်ကြည်မှု 'သမာဓိ'ကို ပွါးများကြကုန်လော့၊ ရဟန်းတို့ တည်ကြည်သောရဟန်းသည် ဟုတ်တိုင်းမှန်စွာသိ၏။

ရဟန်းတို့ ထို့ကြောင့် "ဤကား ဆင်းရဲတည်း"ဟု သိရန် အားထုတ်ရမည်၊ "ဤကား ဆင်းရဲဖြစ်ပေါ်ကြောင်းတည်း"ဟု သိရန် အားထုတ်ရမည်၊ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)တည်း" ဟု သိရန် အားထုတ်ရမည်၊ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း"ဟု သိရန် အားထုတ်ရမည်ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-ပဋိသလ္လာနသုတ်

၁၀၇၂။ ရဟန်းတို့ (တပါးတည်း) ကိန်းအောင်းနေခြင်း၌ အားထုတ်ခြင်းသို့ ရောက်ကြကုန်လော့၊ ရဟန်းတို့ တပါးတည်း ကိန်းအောင်းသောရဟန်းသည် ဟုတ်တိုင်းမှန်စွာသိ၏၊ အဘယ်သို့လျှင် ဟုတ်တိုင်းမှန်စွာ သိသနည်း၊ "ဤကား ဆင်းရဲတည်း" ဟု ဟုတ်တိုင်းမှန်စွာ သိ၏၊ "ဤကား ဆင်းရဲဖြစ်ပေါ်ကြောင်းတည်း"ဟု ဟုတ်တိုင်းမှန်စွာ သိ၏၊ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)တည်း"ဟု ဟုတ်တိုင်းမှန်စွာ သိ၏၊ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း"ဟု ဟုတ်တိုင်းမှန်စွာ သိ၏။ ရဟန်းတို့(တပါးတည်း)ကိန်းအောင်းခြင်း၌ အားထုတ်ခြင်းသို့ ရောက်ကြကုန်လော့၊ ရဟန်းတို့ (တပါးတည်း) ကိန်းအောင်းသော ရဟန်းသည် ဟုတ်တိုင်းမှန်စွာ သိ၏။

ရဟန်းတို့ ထို့ကြောင့်"ဤကား ဆင်းရဲတည်း"ဟု သိရန် အားထုတ်ရမည်၊ "ဤကား ဆင်းရဲဖြစ်ပေါ်ကြောင်းတည်း"ဟု သိရန် အားထုတ်ရမည်၊ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)တည်း" ဟု သိရန် အားထုတ်ရမည်၊ "ဤကား ဆင်းရဲချုပ်ရာ(နိဗ္ဗာန်) သို့ ရောက်ကြောင်း အကျင့်တည်း"ဟု သိရန် အားထုတ်ရမည်ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-ပဌမ ကုလပုတ္တသုတ်

၁၀၇၃။ ရဟန်းတို့ အတိတ်အခါ၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ကောင်းစွာဝင်ရောက် ရဟန်းပြုကြသော အမျိုးကောင်းသား ဟူသမျှအားလုံးတို့သည် အရိယသစ္စာ လေးပါးတို့ကို

http://www.dhammadownload.com



ဟုတ်တိုင်းမှန်စွာ သိခြင်းအကျိုးငှါ ဝင်ရောက်ကြကုန်ပြီ။ ရဟန်းတို့ အနာဂတ်အခါ၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ကောင်းစွာ ဝင်ရောက်ရဟန်းပြုကြသော အမျိုးကောင်းသားဟူသမျှ အားလုံးတို့သည် အရိယသစ္စာ လေးပါးတို့ကို ဟုတ်တိုင်းမှန်စွာ သိခြင်းအကျိုးငှါ ဝင်ရောက်ကုန်လတ္တံ့။ ရဟန်းတို့ ပစ္စုပ္ပန်အခါ၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ကောင်းစွာ ဝင်ရောက်ရဟန်းပြုကြသော အမျိုးကောင်းသားဟူသမျှ အားလုံးတို့သည် အရိယသစ္စာ လေးပါးတို့ကို ဟုတ်တိုင်းမှန်စွာ သိခြင်းအကျိုးငှါ ဝင်ရောက်ကုန်၏။

အဘယ်လေးပါးတို့နည်း၊ ဆင်းရဲဖြစ်သော အရိယာတို့၏အမှန်တရား ဆင်းရဲ၏အကြောင်းဖြစ်သော အရိယာတို့၏ အမှန်တရား ဆင်းရဲ၏ချုပ်ရာဖြစ်သော အရိယာတို့၏ အမှန်တရား ဆင်းရဲ၏ချုပ်ရာ(နိဗ္ဗာန်)သို့ရောက်ကြောင်း အကျင့်ဖြစ်သော အရိယာတို့၏ အမှန်တရားတို့တည်း။ရဟန်းတို့ ရှေးအခါ၌ လူ့ဘောင်မှရဟန်းဘောင်သို့ ကောင်းစွာ ဝင်ရောက်ကုန်ပြီ။ပ။ဝင်ရောက်ကုန်လတ္တံ့။ပ။ အမျိုးကောင်းသားဟူသမျှ အားလုံးတို့သည် အရိယာတို့၏ အမှန်တရား (သစ္စာ) လေးပါးတို့ကို သိခြင်းအကျိုးငှါသာ ဝင်ရောက်ကြကုန်၏။

ရဟန်းတို့ ထို့ကြောင့် "ဤကား ဆင်းရဲတည်း" ဟု သိရန် အားထုတ်ရမည်၊ "ဤကား ဆင်းရဲ ဖြစ်ပေါ်ကြောင်းတည်း" ဟု သိရန် အားထုတ်ရမည်၊ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)တည်း" ဟု သိရန် အားထုတ်ရမည်၊ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်တည်း" ဟု သိရန် အားထုတ်ရမည်ဟု (မိန့်တော်မူ၏)။

**တတိယသုတ်။**

---

## ၄-ဒုတိယ ကုလပုတ္တသုတ်

၁၀၇၄။ ရဟန်းတို့ အတိတ်အခါ၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ကောင်းစွာ ဝင်ရောက်ကြသော အမျိုးကောင်းသားဟူသမျှ အားလုံးတို့သည် မှန်စွာသိကုန်၏၊ ထို အမျိုးကောင်းသားဟူသမျှ အားလုံးတို့သည် အရိယသစ္စာလေးပါးတို့ကို ဟုတ်တိုင်းမှန်စွာ သိကုန်ပြီ။ ရဟန်းတို့ အနာဂတ်အခါ၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ကောင်းစွာဝင်ရောက်ကြမည့် အမျိုးကောင်းသားဟူသမျှ အားလုံးတို့သည် အရိယသစ္စာလေးပါးတို့ကို ဟုတ်တိုင်းမှန်စွာ သိကုန်လတ္တံ့။ ရဟန်းတို့ ယခုပစ္စုပ္ပန်အခါ၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ကောင်းစွာဝင်ရောက်ကြသော အမျိုးကောင်းသားဟူသမျှ အားလုံးတို့သည် အရိယသစ္စာလေးပါးတို့ကို ဟုတ်တိုင်းမှန်စွာ သိကုန်၏။

အဘယ်လေးပါးတို့နည်း၊ ဆင်းရဲဖြစ်သော အရိယာတို့၏ အမှန်တရား ဆင်းရဲ၏ အကြောင်းဖြစ်သော အရိယာတို့၏ အမှန်တရား ဆင်းရဲ၏ချုပ်ရာဖြစ်သော အရိယာတို့၏ အမှန်တရား ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)သို့ရောက်ကြောင်း အကျင့်ဖြစ်သော အရိယာတို့၏ အမှန်တရားတို့တည်း။ ရဟန်းတို့ အတိတ်အခါ၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ကောင်းစွာဝင်ရောက်ကြသော အမျိုးကောင်းသားဟူသမျှ အားလုံးတို့သည် အရိယသစ္စာလေးပါးတို့ကို ဟုတ်တိုင်းမှန်စွာ သိကုန်ပြီ။ပ။ သိကုန်လတ္တံ့။ပ။ သိကုန်၏။

http://www.dhammadownload.com



ရဟန်းတို့ ထိုကြောင့် "ဤကား ဆင်းရဲတည်း"ဟု သိရန် အားထုတ်ရမည်။ပ။ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း"ဟု သိရန် အားထုတ်ရမည်ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

## ၅-ပဉ္စမ သမဏဗြာဟ္မဏသုတ်

၁၀၇၅။ ရဟန်းတို့ အတိတ်အခါ၌ ဟုတ်တိုင်းမှန်စွာ ထိုးထွင်း၍ သိကုန်သော ထို သမဏ ဗြာဟ္မဏဟူသမျှအားလုံးတို့သည် အရိယသစ္စာ လေးပါးတို့ကို ဟုတ်တိုင်းမှန်စွာ ထိုးထွင်း၍ သိကုန်ပြီ။ရဟန်းတို့ အနာဂတ်အခါ၌ ဟုတ်တိုင်းမှန်စွာ ထိုးထွင်း၍ သိကုန်သည့် သမဏဗြာဟ္မဏ ဟူသမျှအားလုံးတို့သည် အရိယသစ္စာ လေးပါးတို့ကို ဟုတ်တိုင်းမှန်စွာ ထိုးထွင်း၍ သိကုန်လတ္တံ့။ ရဟန်းတို့ ယခုပစ္စုပ္ပန်အခါ၌ ဟုတ်တိုင်းမှန်စွာ ထိုးထွင်း၍ သိကုန်သော သမဏဗြာဟ္မဏ ဟူသမျှ အားလုံးတို့သည် အရိယသစ္စာ လေးပါးတို့ကို ဟုတ်တိုင်းမှန်စွာ ထိုးထွင်း၍ သိကုန်၏။

အဘယ်လေးပါးတို့နည်း၊ ဆင်းရဲဖြစ်သော အရိယာတို့၏ အမှန်တရား။ပ။ ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ဖြစ်သော အရိယာတို့၏ အမှန်တရားတည်း။ ရဟန်းတို့ အတိတ်အခါ၌ သမဏ ဗြာဟ္မဏဟူသမျှ အားလုံးတို့သည် ဟုတ်တိုင်းမှန်စွာ ထိုးထွင်း၍ သိကုန်ပြီ။ပ။ သိကုန်လတ္တံ့။ပ။ သိကုန်၏။ထိုသမဏဗြာဟ္မဏဟူသမျှ အားလုံးတို့သည် ဤ(အရိယသစ္စာ) လေးပါးတို့ကို ဟုတ်တိုင်းမှန်စွာ ထိုးထွင်း၍ သိကုန်၏။

ရဟန်းတို့ ထိုကြောင့် "ဤကား ဆင်းရဲတည်း"ဟု သိရန် အားထုတ်ရမည်။ပ။ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း"ဟု သိရန် အားထုတ်ရမည်ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

## ၆-ဒုတိယ သမဏ ဗြာဟ္မဏသုတ်

၁၀၇၆။ ရဟန်းတို့ အတိတ်အခါ၌ ဟုတ်တိုင်းမှန်စွာ ထိုးထွင်း၍ သိခြင်းကို ပြကုန်သော သမဏဗြာဟ္မဏဟူသမျှ အားလုံးတို့သည် အရိယသစ္စာလေးပါးတို့ကို ဟုတ်တိုင်းမှန်စွာ ထိုးထွင်း၍ သိခြင်းကို ပြကုန်ပြီ။ ရဟန်းတို့ အနာဂတ်အခါ၌ ဟုတ်တိုင်းမှန်စွာ ထိုးထွင်း၍ သိခြင်းကို ပြကုန်သော သမဏဗြာဟ္မဏဟူသမျှ အားလုံးတို့သည် အရိယသစ္စာ လေးပါးတို့ကို ဟုတ်တိုင်းမှန်စွာ ထိုးထွင်း၍သိခြင်းကို ပြကုန်လတ္တံ့။ ရဟန်းတို့ ယခုပစ္စုပ္ပန်အခါ၌ ဟုတ်တိုင်းမှန်စွာ ထိုးထွင်းသိခြင်း ကို ပြကုန်သော သမဏဗြာဟ္မဏဟူသမျှ အားလုံးတို့သည် အရိယသစ္စာလေးပါးတို့ကို ဟုတ်တိုင်း မှန်စွာ ထိုးထွင်း၍သိခြင်းကို ပြကုန်၏။

အဘယ်လေးပါးတို့နည်း၊ ဆင်းရဲဖြစ်သော အရိယာတို့၏ အမှန်တရား။ပ။ ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ရောက်ကြောင်း အကျင့်ဖြစ်သော အရိယာတို့၏အမှန်တရားတည်း။ ရဟန်းတို့ အတိတ် အခါ၌ ဟုတ်တိုင်းမှန်စွာ ထိုးထွင်း၍သိခြင်းကို ပြကုန်ပြီ။ပ။ ပြကုန်လတ္တံ့။ပ။ ပြကုန်၏။

http://www.dhammadownload.com



ထိုသမဏ ဗြာဟ္မဏဟူသမျှ အားလုံးတို့သည် ဤ(အရိယသစ္စာ)လေးပါးတို့ကို ဟုတ်တိုင်းမှန်စွာ ထိုးထွင်း၍ သိခြင်းကို ပြုကုန်၏။

ရဟန်းတို့ ထို့ကြောင့်"ဤကား ဆင်းရဲတည်း"ဟု သိရန် အားထုတ်ရမည်။ပ။"ဤကား ဆင်းရဲ ချုပ်ရာ(နိဗ္ဗာန်)သို့ရောက်ကြောင်း အကျင့်တည်း"ဟု သိရန် အားထုတ်ရမည်ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-ဝိတက္ကသုတ်

၁၀၇၇။ ရဟန်းတို့ ယုတ်မာသော အကုသိုလ်အကြံအစည်တို့ကို မကြံစည်ကုန်ရာ၊ ဤအကြံ အစည်ကား အဘယ်နည်း၊ ကာမ၌ ကြံစည်မှု 'ကာမဝိတက်' ပျက်စီးစေရန် ကြံစည်မှု 'ဗျာပါဒ ဝိတက်' ညှဉ်းဆဲရန် ကြံစည်မှု'ဝိဟိံသာဝိတက်' တို့တည်း။ ထိုသို့ မကြံစည်သင့်ခြင်းသည် အဘယ့် ကြောင့်နည်း၊ ရဟန်းတို့ ဤအကြံအစည်တို့သည် အကျိုးစီးပွါးနှင့် မစပ်ကုန်၊ မဂ်တည်းဟူသော အကျင့်မြတ်၏ အစမဟုတ်ကုန်၊ ငြီးငွေ့ရန် တပ်ခြင်းကင်းရန် ချုပ်ရန် ငြိမ်းရန် ထူးသောဉာဏ် ဖြင့် သိရန် ကိုယ်တိုင်သိရန် တဏှာမှ ထွက်မြောက်ရန် မဖြစ်ကုန်။

ရဟန်းတို့ သင်တို့သည် ကြံစည်လိုကြကုန်သော်"ဤကား ဆင်းရဲတည်း"ဟု ကြံစည်ကုန်ရာ၏၊ "ဤကား ဆင်းရဲဖြစ်ပေါ်ကြောင်းတည်း"ဟု ကြံစည်ကုန်ရာ၏၊ "ဤကား ဆင်းရဲချုပ်ရာ(နိဗ္ဗာန်) တည်း"ဟု ကြံစည်ကုန်ရာ၏၊ "ဤကား ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း" ဟု ကြံစည်ကုန်ရာ၏။ ထိုသို့ ကြံစည်သင့်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ အကြံ အစည်တို့သည် အကျိုးစီးပွါးနှင့်စပ်ကုန်၏၊ မဂ်တည်းဟူသော အကျင့်မြတ်၏ အစဖြစ်ကုန်၏၊ ငြီးငွေ့ ရန် တပ်ခြင်းကင်းရန် ချုပ်ရန် ငြိမ်းရန် ထူးသောဉာဏ်ဖြင့်သိရန် ကိုယ်တိုင်သိရန် တဏှာမှ ထွက် မြောက်ရန် ဖြစ်ကုန်၏။

ရဟန်းတို့ ထို့ကြောင့် "ဤကား ဆင်းရဲတည်း"ဟု သိရန် အားထုတ်ရမည်။ပ။ "ဤကား ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)သို့ရောက်ကြောင်း အကျင့်တည်း"ဟု သိရန် အားထုတ်ရမည်ဟု (မိန့်တော် မူ၏)။

သတ္တမသုတ်။

## ၈-စိန္တသုတ်

၁၀၇၈။ ရဟန်းတို့ "လောကသည် မြဲ၏"ဟူ၍၎င်း "လောကသည် မမြဲ"ဟူ၍၎င်း "လောက သည် အဆုံးရှိ၏"ဟူ၍၎င်း "လောကသည် အဆုံးမရှိ" ဟူ၍၎င်း "ထိုအသက်သည်ပင် ထိုကိုယ် ဖြစ်၏"ဟူ၍၎င်း "အသက်သည်တခြား ကိုယ်သည်တခြား" ဟူ၍၎င်း "သတ္တဝါသည် သေပြီး သည်မှနောက်၌ ဖြစ်၏" ဟူ၍၎င်း "သတ္တဝါသည် သေပြီးသည်မှနောက်၌ မဖြစ်"ဟူ၍၎င်း "သတ္တ ဝါသည် သေပြီးသည်မှနောက်၌ ဖြစ်လည်းဖြစ် မဖြစ်လည်း မဖြစ်" ဟူ၍၎င်း "သတ္တဝါသည် သေပြီးသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်းမဟုတ်" ဟူ၍၎င်း ဤသို့ ယုတ်ညံ့ သော အကုသိုလ်စိတ်ကို မကြံစည်ကုန်ရာ။ ထိုသို့ မကြံစည်သင့်ခြင်းသည် အဘယ့်ကြောင့်နည်း၊

http://www.dhammadownload.com



ရဟန်းတို့ ဤအကြံအစည်သည် အကျိုးစီးပွါးနှင့်မစပ်၊ မဂ်တည်းဟူသော အကျင့်မြတ်၏ အစမဟုတ်၊ ငြီးငွေ့ရန် တပ်ခြင်းကင်းရန် ချုပ်ရန် ငြိမ်းအေးရန် ထူးသောဉာဏ်ဖြင့်သိရန် ကိုယ်တိုင်သိရန်. တဏှာမှ ထွက်မြောက်ရန် မဖြစ်။

ရဟန်းတို့ သင်တို့သည် ကြံစည်လိုကြကုန်သော် "ဤကား ဆင်းရဲတည်း"ဟု ကြံစည်ကုန်ရာ၏၊ "ဤကား ဆင်းရဲဖြစ်ပေါ်ကြောင်းတည်း"ဟု ကြံစည်ကုန်ရာ၏၊ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)တည်း"ဟု ကြံစည်ကုန်ရာ၏၊ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း"ဟု ကြံစည်ကုန်ရာ၏။ ထိုသို့ကြံစည်သင့်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ ဤအကြံအစည်သည် အကျိုးစီးပွါးနှင့်စပ်၏၊ မဂ်တည်းဟူသော အကျင့်မြတ်၏ အစဖြစ်၏၊ ငြီးငွေ့ရန် တပ်ခြင်းကင်းရန် ချုပ်ရန် ငြိမ်းရန် ထူးသောဉာဏ်ဖြင့် သိရန် ကိုယ်တိုင်သိရန် တဏှာမှ ထွက်မြောက်ရန် ဖြစ်၏။

ရဟန်းတို့ ထို့ကြောင့် "ဤကား ဆင်းရဲတည်း"ဟု သိရန် အားထုတ်ရမည်။ပ။ "ဤကား ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)သို့ရောက်ကြောင်း အကျင့်တည်း"ဟု သိရန် အားထုတ်ရမည်ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-ဝိဂ္ဂါဟိကကထာသုတ်

၁၀၇၉။ ရဟန်းတို့ "သင်သည် ဤဓမ္မဝိနယကို မသိ၊ ငါသည် ဤဓမ္မဝိနယကို သိ၏။ သင်သည် ဤဓမ္မဝိနယကို အဘယ်သို့သိနိုင်အံ့နည်း၊ သင်သည် မှားသောအကျင့်ရှိသူဖြစ်၏၊ ငါသည် မှန်သော အကျင့်ရှိသူဖြစ်၏၊ ငါ၏ စကားသည် စေ့စပ်၏၊ သင်၏ စကားသည် မစေ့စပ်၊ သင်သည် ရှေးဦး ဆိုသင့်သည်ကို နောက်မှဆို၏၊နောက်မှ ဆိုသင့်သည်ကို ရှေးဦးဆို၏၊သင်၏ ကြာမြင့်စွာ လေ့လာထားသော စကားသည် (သင့်ထံသို့) ပြန်လှည့်၍ တည်လေပြီ၊ သင့်အယူ၌ရှိသော အပြစ်ကို ငါတင်ပြပြီးပြီ၊ သင် အရေးနိမ့်ပြီ၊ (ငါတင်ပြသော) အပြစ်မှ လွတ်မြောက်ရန် ရှာကြံချေဦးလော့၊ အကယ်၍ စွမ်းနိုင်လျှင်လည်း (ယခုပင်) ဖြေရှင်းလော့"ဟု အချင်းချင်း အငြင်းစကားကို မပြောဆိုကုန်ရာ။ ထိုသို့ မပြောဆိုသင့်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ ဤစကားသည် အကျိုးစီးပွါးနှင့် မစပ်၊ မဂ်တည်း ဟူသော အကျင့်မြတ်၏ အစမဟုတ်၊ ငြီးငွေ့ရန် တပ်ခြင်းကင်းရန် ချုပ်ရန် ငြိမ်းရန် ထူးသောဉာဏ်ဖြင့် သိရန် ကိုယ်တိုင်သိရန် တဏှာမှ ထွက်မြောက်ရန် မဖြစ်။

ရဟန်းတို့ သင်တို့သည် ပြောဆိုလိုကုန်သည်ရှိသော် "ဤကား ဆင်းရဲတည်း"ဟု ပြောဆိုကုန်ရာ၏၊ "ဤကား ဆင်းရဲဖြစ်ပေါ်ကြောင်းတည်း"ဟု ပြောဆိုကုန်ရာ၏၊ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)တည်း"ဟု ပြောဆိုကုန်ရာ၏၊ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း"ဟု ပြောဆိုကုန်ရာ၏။ပ။ သိရန် အားထုတ်ရမည်ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

http://www.dhammadownload.com



## ၁၀-တိရစ္ဆာနကထာသုတ်

၁၀၈၀။ ရဟန်းတို့ များပြားသော ဖီလာစကားကို မပြောကုန်ရာ။ ဤသည်ကား အဘယ်နည်း မင်းနှင့်စပ်သောစကား ခိုးသူနှင့်စပ်သောစကား အမတ်ကြီးနှင့်စပ်သောစကား စစ်သည်နှင့်စပ်သောစကား ကြောက်မက်ဖွယ်နှင့်စပ်သောစကား စစ်ထိုးခြင်းနှင့်စပ်သောစကား စားဖွယ်နှင့်စပ်သောစကား သောက်ဖွယ်နှင့်စပ်သောစကား အဝတ်နှင့်စပ်သောစကား အိပ်ရာနှင့်စပ်သောစကား ပန်းနှင့်စပ်သောစကား နံ့သာနှင့်စပ်သောစကား ဆွေမျိုးနှင့်စပ်သောစကား ယာဉ်နှင့်စပ်သောစကား ရွာနှင့်စပ်သောစကား နိဂုံးနှင့်စပ်သောစကား မြို့နှင့်စပ်သောစကား နယ်နှင့်စပ်သောစကား မိန်းမနှင့်စပ်သောစကား သူရဲကောင်းနှင့်စပ်သောစကား လမ်းနှင့်စပ်သောစကား ရေခပ်ဆိပ်နှင့်စပ်သောစကား သေလွန်သူနှင့်စပ်သောစကား အထွေထွေနှင့်စပ်သောစကား လောက (အကြောင်း)နှင့်စပ်သောစကား သမုဒ္ဒရာ(အကြောင်း)နှင့်စပ်သောစကား ကြီးပွါးခြင်း ဆုတ်ယုတ်ခြင်းနှင့်စပ်သော စကားတို့တည်း။ ထိုသို့မပြောသင့်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ ဤစကားသည် အကျိုးစီးပွါး နှင့်မစပ်၊ မဂ်တည်းဟူသော အကျင့်မြတ်၏ အစမဟုတ်၊ ငြီးငွေ့ရန် တပ်ခြင်း ကင်းရန် ချုပ်ရန် ငြိမ်းအေးရန် ထူးသောဉာဏ်ဖြင့် သိရန် ကိုယ်တိုင်သိရန် တဏှာမှထွက်မြောက်ရန် မဖြစ်။

ရဟန်းတို့ သင်တို့ပြောဆိုလိုသည်ရှိသော် "ဤကား ဆင်းရဲတည်း"ဟု ပြောဆိုကုန်ရာ၏၊ "ဤကား ဆင်းရဲဖြစ်ပေါ်ကြောင်းတည်း"ဟု ပြောဆိုကုန်ရာ၏၊ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)တည်း"ဟု ပြောဆိုကုန်ရာ၏၊ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း" ဟု ပြောဆိုကုန်ရာ၏။ ထိုသို့ ပြောဆိုသင့်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ ဤစကားသည် အကျိုးစီးပွါးနှင့်စပ်၏၊ မဂ်တည်းဟူသော အကျင့်မြတ်၏ အစဖြစ်၏၊ ငြီးငွေ့ရန် တပ်ခြင်း ကင်းရန် ချုပ်ရန် ငြိမ်းအေးရန် ထူးသောဉာဏ်ဖြင့် သိရန် ကိုယ်တိုင်သိရန် တဏှာမှ ထွက်မြောက်ရန် ဖြစ်၏။

ရဟန်းတို့ ထို့ကြောင့် "ဤကား ဆင်းရဲတည်း"ဟု သိရန် အားထုတ်ရမည်။ပ။"ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း" ဟု သိရန် အားထုတ်ရမည်ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

ရှေးဦးစွာသော သမာဓိဝဂ် ပြီး၏။

---

## ၂-ဓမ္မစက္ကပ္ပဝတ္တနဝဂ် ၁-ဓမ္မစက္ကပ္ပဝတ္တနသုတ်

၁၀၈၁။ အခါတပါး၌ မြတ်စွာဘုရားသည် ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တော၌ (သီတင်းသုံး )နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီ ရဟန်းဖို့ကို မိန့်တော်မူ၏— ရဟန်းတို့ ရဟန်းဖြစ်သူသည် အစွန်းနှစ်ပါးတို့ကို မမှီဝဲအပ်ကုန်။ အဘယ်နှစ်ပါးတို့နည်း၊ ယုတ်ညံ့၍ ရွာသူတို့၏ အကျင့်ဖြစ်သော ပုထုဇဉ်တို့၏ အလေ့အကျင့်သာဖြစ်၍ အရိယာတို့၏ အလေ့အကျင့် မဟုတ်သော အကျိုးစီးပွါးနှင့် မစပ်ယှဉ်သော ကာမဂုဏ်တို့၌ ကာမဂုဏ်ချမ်းသာကို ကပ်ငြိသော အားဖြင့် အဖန်တလဲလဲ လိုက်စားအားထုတ်ခြင်းရင်း ကိုယ်စိတ်၏ ဆင်းရဲခြင်းကို ဖြစ်စေတတ်

http://www.dhammadownload.com



သော အရိယာတို့၏ အကျင့်မဟုတ်သော အကျိုးစီးပွါးနှင့် မစပ်ယှဉ်သော ကိုယ်ပင်ပန်းမှုကို အားထုတ်ခြင်းရှင်း ဤနှစ်ပါးတို့တည်း။ ရဟန်းတို့ ဤအစွန်း နှစ်ပါးတို့သို့ မကပ်ရောက်မူ၍ မြတ်စွာဘုရားသည် အထူးသဖြင့် သိတော်မူအပ်သော ပညာမျက်စိကို ပြုတတ်သော ဉာဏ်အမြင်ကို ပြုတတ်သော အလယ်အလတ်ဖြစ်သော အကျင့်သည် ကိလေသာငြိမ်းရန် အလို့ငှါ ဖြစ်၏၊ ထူးသော ဉာဏ်ဖြင့် သိရန် အလို့ငှါဖြစ်၏၊ သစ္စာလေးပါးကို သိရန် အလို့ငှါ ဖြစ်၏၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် အလို့ငှါ ဖြစ်၏။

ရဟန်းတို့ မြတ်စွာဘုရားသည် အထူးသဖြင့် သိတော်မူအပ်သော ပညာမျက်စိကို ပြုတတ်သော ဉာဏ်အမြင်ကို ပြုတတ်သော ကိလေသာ ငြိမ်းခြင်းကို ထူးသော ဉာဏ်ဖြင့် သိခြင်း သစ္စာလေးပါး ကိုသိခြင်း နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှါ ဖြစ်သော ထိုအလယ် အလတ်ဖြစ်သော မြတ်သော အကျင့်ကား အဘယ်နည်း၊ အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်ပင်တည်း။ ဤသည်ကား အဘယ် နည်း၊ မှန်ကန်သောအမြင်'သမ္မာဒိဋ္ဌိ' မှန်ကန်သော ကြံစည်မှု'သမ္မာသင်္ကပ္ပ' မှန်ကန်သော စကား 'သမ္မာဝါစာ' မှန်ကန်သောအလုပ်'သမ္မာကမ္မန္တ'မှန်ကန်သော အသက်မွေးမှု'သမ္မာအာဇီဝ'မှန်ကန် သော လုံ့လ'သမ္မာဝါယာမ'မှန်ကန်သော အောက်မေ့မှု 'သမ္မာသတိ'မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ' တို့တည်း။ ရဟန်းတို့ မြတ်စွာဘုရားသည် အထူးသဖြင့် သိတော်မူအပ်သော ပညာ မျက်စိကို ပြုတတ်သော ဉာဏ်အမြင်ကို ပြုတတ်သော အလယ် အလတ်ဖြစ်သော မြတ်သော အကျင့်သည် ကိလေသာ ငြိမ်းရန်အလို့ငှါ ဖြစ်၏၊ (သစ္စာလေးပါးကို) သိရန်အလို့ငှါ ဖြစ်၏၊ နိဗ္ဗာန် ကို မျက်မှောက်ပြုရန် အလို့ငှါ ဖြစ်၏။

ရဟန်းတို့ ဤသည်ကား ဆင်းရဲဖြစ်သော အရိယာတို့၏ အမှန်တရားတည်း၊ ပဋိသန္ဓေ တည်နေ ရခြင်းသည်လည်း ဆင်းရဲ၏၊ အိုရခြင်းသည်လည်း ဆင်းရဲ၏၊ နာခြင်းသည်လည်း ဆင်းရဲ၏၊ သေရ ခြင်းသည်လည်း ဆင်းရဲ၏၊ မချစ်သော သူတို့နှင့်အတူနေရခြင်းသည်လည်း ဆင်းရဲ၏၊ ချစ်သော သူတို့နှင့် ကွေကွင်းရခြင်းသည်လည်း ဆင်းရဲ၏၊ လိုချင်ရာကို မရခြင်းသည်လည်း ဆင်းရဲ၏၊ အကျဉ်း အားဖြင့် စွဲလမ်းရာအာရုံဖြစ်သော ခန္ဓာငါးပါးတို့သည်လည်း ဆင်းရဲကုန်၏။ ရဟန်းတို့ ဤသည် ကား ဆင်းရဲ၏ အကြောင်းဖြစ်သော အရိယာတို့၏ အမှန်တရားတည်း၊ အကြင်တဏှာသည် ဘဝ သစ်၌ ဖြစ်စေတတ်၏၊ နှစ်သက်ခြင်း တပ်မက်ခြင်းနှင့်တကွဖြစ်၏၊ ထိုထိုအာရုံ၌ လွန်စွာ နှစ်သက် တတ်၏၊ ထိုတပ်မက်မှု'တဏှာ'ဟူသည် အဘယ်နည်း၊ ကာမ၌ တပ်မက်မှု'ကာမတဏှာ' သဿတ ဒိဋ္ဌိနှင့်တကွဖြစ်သော တပ်မက်မှု'ဘဝတဏှာ'ဥစ္ဆေဒဒိဋ္ဌိနှင့် တကွဖြစ်သော 'ဝိဘဝတဏှာ'တို့တည်း။ ရဟန်းတို့ ဤသည်ကား ဆင်းရဲ၏ ချုပ်ရာဖြစ်သော အရိယာတို့၏ အမှန်တရားတည်း။ ယင်း ဆင်းရဲ၏ ချုပ်ငြိမ်းရာဟူသည် ထိုတပ်မက်မှု'တဏှာ'၏ သာလျှင် အကြွင်းမဲ့ စွဲမက်မှု ကင်းပျောက် ချုပ်ငြိမ်းရာ စွန့်လွှတ်ရာ တဖန်စွန့်ပယ်ရာ လွတ်မြောက်ရာ မကပ်ငြိရာပင်ဖြစ်၏။ ရဟန်းတို့ ဤသည် ကား ဆင်းရဲ၏ ချုပ်ရာ (နိဗ္ဗာန်) သို့ ရောက်ကြောင်း အကျင့် ဖြစ်သော အရိယာတို့၏ အမှန် တရားတည်း၊ ဤအရိယမဂ်သည် အင်္ဂါရှစ်ပါးရှိ၏၊ အင်္ဂါရှစ်ပါးဟူသော်ကား မှန်ကန်သော အမြင် 'သမ္မာဒိဋ္ဌိ'။ပ။ မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ'တို့တည်း။

ရဟန်းတို့ ဤသည်ကား ဆင်းရဲဖြစ်သော အရိယာတို့၏ အမှန်တရားမည်၏ဟု (ဘုရားမဖြစ်မီ) ရှေးက မကြားဘူးကုန်သော (ဒုက္ခသစ္စာ) တရားတို့၌ ငါဘုရားအား ပညာမျက်စိသည် ထင်ရှား ဖြစ်၏၊ အသိဉာဏ်သည် ထင်ရှားဖြစ်၏၊ အပြားအားဖြင့် သိတတ်သောဉာဏ် 'ပညာ'သည်

http://www.dhammadownload.com



ထင်ရှားဖြစ်၏၊ ထိုးထွင်း၍သိသော ဉာဏ်'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်၏၊ အလင်းရောင်သည် ထင်ရှားဖြစ်၏။ ရဟန်းတို့ မြတ်စွာဘုရားသည် ထိုဆင်းရဲဖြစ်သော အရိယာတို့၏ အမှန်တရားကို စင်စစ် ပိုင်းခြား၍ သိထိုက်၏ ဟု ငါ့အား ရှေး၌ ။ပ။ ဖြစ်ပေါ်လာ၏။ ရဟန်းတို့ ငါသည် "ထိုဆင်းရဲဖြစ်သော အရိယာတို့၏ အမှန်တရားကို ပိုင်းခြား၍ သိခဲ့ပြီ"ဟု (ဘုရားမဖြစ်မီ) ရှေးက မကြားဘူးကုန်သော (ဒုက္ခသစ္စာ) တရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏၊ အသိဉာဏ်သည် ထင်ရှားဖြစ်၏၊ အပြားအားဖြင့် သိတတ်သော ဉာဏ်'ပညာ'သည် ထင်ရှား ဖြစ်၏၊ ထိုးထွင်း၍ သိသော ဉာဏ်'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်၏၊ အလင်းရောင်သည် ထင်ရှားဖြစ်၏။

ရဟန်းတို့ "ဤတရားသည် ဆင်းရဲကြောင်း ဖြစ်သော အရိယာတို့၏ အမှန်တရားမည်၏"ဟု ငါ့အား (ဘုရားမဖြစ်မီ) ရှေးက မကြားဘူးကုန်သော (သမုဒယသစ္စာ) တရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏၊ အသိဉာဏ်သည် ထင်ရှားဖြစ်၏၊ အပြားအားဖြင့် သိတတ်သော ဉာဏ် 'ပညာ'သည် ထင်ရှားဖြစ်၏၊ ထိုးထွင်း၍ သိသော ဉာဏ်'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်၏၊ အလင်းရောင်သည် ထင်ရှားဖြစ်၏။ ရဟန်းတို့ မြတ်စွာဘုရားသည် "ထိုဆင်းရဲခြင်း၏ အကြောင်းဖြစ်သော ဤအရိယာတို့၏ အမှန်တရားကို ပယ်အပ်၏"ဟု ရှေးက မကြားဘူးကုန်သော တရားတို့၌။ပ။ ဖြစ်ပေါ်လာ၏။ ရဟန်းတို့ မြတ်စွာဘုရားသည်"ထိုဆင်းရဲကြောင်း ဖြစ်သော ဤအရိယာတို့၏ အမှန်တရားကို ပယ်ပြီးပြီ"ဟု (ဘုရားမဖြစ်မီ) ရှေးက မကြားဘူးကုန်သော (သမုဒယသစ္စာ) တရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏၊ အသိဉာဏ်သည် ထင်ရှားဖြစ်၏၊ အပြားအားဖြင့် သိတတ်သော ဉာဏ်'ပညာ'သည် ထင်ရှားဖြစ်၏၊ ထိုးထွင်း၍သိသော ဉာဏ် 'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်၏၊ အလင်းရောင်သည် ထင်ရှားဖြစ်၏။

ရဟန်းတို့ "ဤနိဗ္ဗာန်သည် ဆင်းရဲ ချုပ်ရာဖြစ်သော အရိယာတို့၏ အမှန်တရားမည်၏" ဟု (ဘုရားမဖြစ်မီ) ရှေးက မကြားဘူးကုန်သော (နိရောဓသစ္စာ) တရားတို့၌ ငါ့အား ပညာမျက်စိသည် ထင်ရှားဖြစ်၏၊ အသိဉာဏ်သည် ထင်ရှားဖြစ်၏၊ အပြားအားဖြင့် သိတတ်သော ဉာဏ်'ပညာ'သည် ထင်ရှားဖြစ်၏၊ ထိုးထွင်း၍သိသော ဉာဏ် 'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်၏၊ အလင်းရောင်သည် ထင်ရှားဖြစ်၏။ ရဟန်းတို့ "ထိုဆင်းရဲခြင်း၏ ချုပ်ရာဖြစ်သော အရိယာတို့၏ အမှန်တရားကို မျက်မှောက်ပြုအပ်၏"ဟု (ဘုရားမဖြစ်မီ) ရှေးက မကြားဘူးကုန်သော တရားတို့၌။ပ။ ဖြစ်ပေါ်လာ၏။ ရဟန်းတို့ (ဘုရားမဖြစ်မီ) "ထိုဆင်းရဲချုပ်ရာဖြစ်သော အရိယာတို့၏ အမှန်တရားကို မျက်မှောက်ပြု၏"ဟု (ဘုရားမဖြစ်မီ) ရှေးက မကြားဘူးကုန်သော (နိရောဓသစ္စာ) တရားတို့၌ ငါ့အား ပညာမျက်စိသည် ထင်ရှားဖြစ်၏၊ အသိဉာဏ်သည် ထင်ရှားဖြစ်၏၊ အပြားအားဖြင့် သိတတ်သော ဉာဏ်'ပညာ'သည် ထင်ရှားဖြစ်၏၊ ထိုးထွင်း၍သိသော ဉာဏ်'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်၏၊ အလင်းရောင်သည် ထင်ရှားဖြစ်၏။

ရဟန်းတို့ "ဤတရားသည် ဆင်းရဲ ချုပ်ရာ (နိဗ္ဗာန်သို့) ရောက်ကြောင်း အကျင့်ဖြစ်သော အရိယာတို့၏ အမှန်တရားမည်၏" ဟု (ဘုရားမဖြစ်မီ) ရှေးက မကြားဘူးကုန်သော (မဂ္ဂသစ္စာ) တရားတို့၌ ငါ့အား ပညာမျက်စိသည် ထင်ရှားဖြစ်၏၊ အသိဉာဏ်သည် ထင်ရှားဖြစ်၏၊ အပြားအားဖြင့် သိတတ်သော ဉာဏ် 'ပညာ'သည် ထင်ရှားဖြစ်၏၊ ထိုးထွင်း၍ သိသော ဉာဏ် 'ဝိဇ္ဇာ' သည် ထင်ရှားဖြစ်၏၊ အလင်းရောင်သည် ထင်ရှားဖြစ်၏။ ရဟန်းတို့ "ထိုဆင်းရဲခြင်း၏ ချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ဖြစ်သော ဤအရိယာတို့၏ အမှန်တရားကို ပွါးများအပ်၏" ဟု (ဘုရားမဖြစ်မီ) ရှေးက မကြားဘူးကုန်သော တရားတို့၌။ပ။ ဖြစ်ပေါ်

http://www.dhammadownload.com



လာ၏၊ ရဟန်းတို့ "ထိုဆင်းရဲ ချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ဖြစ်သော အရိယာတို့၏ အမှန်တရားကို ပွါးများပြီးပြီ" ဟု (ဘုရားမဖြစ်မီ) ရှေးကမကြားဘူးကုန်သော (မဂ္ဂသစ္စာ) တရားတို့၌ ငါ့အား ပညာမျက်စိသည် ထင်ရှားဖြစ်၏၊ အသိဉာဏ်သည် ထင်ရှားဖြစ်၏၊ အပြားအားဖြင့် သိတတ်သော ဉာဏ်'ပညာ'သည် ထင်ရှားဖြစ်၏၊ ထိုးထွင်း၍သိသော ဉာဏ်'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်၏၊ အလင်းရောင်သည် ထင်ရှားဖြစ်၏။

ရဟန်းတို့ ဤ(အရိယာတို့၏ အမှန်တရား)လေးပါးတို့၌ ဤသို့ သုံးပါးသော အပြန် တဆယ့်နှစ်ပါးသော အခြင်းအရာရှိသော မှန်ကန်သော ဉာဏ်အမြင် မစင်ကြယ်သေးသမျှ ကာလပတ်လုံး ငါသည် နတ် မာရ်နတ် ဗြဟ္မာနှင့်တကွသော နတ်လောကနှင့် သမဏ ဗြာဟ္မဏမင်းများ လူများနှင့်တကွသော လူ့လောက၌ အတုမရှိသော အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိသော (အရဟတ္တမဂ်)ဉာဏ်ကို သိပြီဟု ဝန်မခံခဲ့ချေ။

ရဟန်းတို့ ဤ(အရိယာတို့၏ အမှန်တရား)လေးပါးတို့၌ ဤသို့ သုံးပါးသော အပြန် တဆယ့်နှစ်ပါးသော အခြင်းအရာရှိသော မှန်ကန်သော ဉာဏ်အမြင်သည် စင်ကြယ်လာသော အခါ၌သာလျှင် ငါသည် နတ် မာရ်နတ် ဗြဟ္မာနှင့် တကွသော နတ်လောကနှင့် သမဏ ဗြာဟ္မဏမင်းများ လူများနှင့် တကွသော လူ့လောက၌ အတုမရှိသော အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိသော (အရဟတ္တမဂ်) ဉာဏ်ကို သိပြီဟူ၍ ဝန်ခံခဲ့၏၊ ငါ၏ (ကိလေသာတို့မှ) လွတ်မြောက်မှုသည် မပျက်စီးနိုင်ပြီ၊ ဤကား အဆုံးစွန်သော ဘဝတည်း၊ ယခုအခါ ဘဝသစ်၌ ဖြစ်ခြင်း မရှိတော့ပြီဟု ငါ့အား ပစ္စဝေက္ခဏာဉာဏ်အမြင်သည် ဖြစ်ပေါ်လာ၏။

မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူ၏၊ ပဉ္စဝဂ္ဂီငါးပါး ရဟန်းတို့သည် နှစ်လိုကုန်သည် ဖြစ်၍ မြတ်စွာဘုရား၏ တရားတော်ကို ဝမ်းမြောက်စွာ လက်ခံကြလေကုန်၏။ ဤဂါထာမဖက် သက်သက်သော ဒေသနာတော်ကို ဟောတော်မူသည်ရှိသော် အသျှင်ကောဏ္ဍညအား ဖြစ်ခြင်းသဘောရှိသော တရားအလုံးစုံသည် ချုပ်ခြင်းသဘောရှိ၏ဟု (ကိလေသာ)မြူ အညစ်အကြေး ကင်းသော တရားမျက်စိ 'သောတာပတ္တိမဂ်ဉာဏ်' သည် ဖြစ်ပေါ်လာ၏။

ဤသို့ မြတ်စွာဘုရားသည် ဓမ္မစကြာတရားတော်ကို ဟောတော်မူသည်ရှိသော် ဗာရာဏသီပြည် ဣသိပတနမိဂဒါဝုန်တောဝယ် "လောက၌ သမဏ ဗြာဟ္မဏ နတ် မာရ်နတ် ဗြဟ္မာတဦးတယောက်မျှ မဟောနိုင်သော အတုမရှိသော ဤဓမ္မစကြာတရားတော်ကို ဟောတော်မူ၏"ဟု ဘုမ္မစိုးနတ်တို့သည် ကောင်းချီးပေးသံကို အဆင့်ဆင့် ကြွေးကြော်ကုန်၏။ ဘုမ္မစိုးနတ်တို့၏ ကောင်းချီးပေးသံကို ကြား၍ မြတ်စွာဘုရားသည် ဗာရာဏသီပြည် ဣသိပတနမိဂဒါဝုန်တောဝယ် "လောက၌ သမဏ ဗြာဟ္မဏ နတ် မာရ်နတ် ဗြဟ္မာတဦးတယောက်မျှ မဟောနိုင်သော အတုမရှိသော ဤဓမ္မစကြာတရားတော်ကို မြတ်စွာဘုရား ဟောတော်မူ၏"ဟု စာတုမဟာရာဇ်နတ်တို့သည် အဆင့်ဆင့် ကြွေးကြော်ကုန်၏။ စာတုမဟာရာဇ်နတ်တို့၏ ကောင်းချီးပေးသံကို ကြား၍ တာဝတိံသာနတ်တို့သည်။ပ။ ယာမာနတ်တို့သည်။ပ။ တုသိတာနတ်တို့သည်။ပ။ နိမ္မာနရတိနတ်တို့သည်။ပ။ ပရနိမ္မိတဝသဝတ္တီနတ်တို့သည်။ပ။ မြတ်စွာဘုရားသည် ဗာရာဏသီပြည် ဣသိပတနမိဂဒါဝုန်တောဝယ် "လောက၌ သမဏ ဗြာဟ္မဏ နတ် မာရ်နတ် ဗြဟ္မာ တဦးတယောက်မျှ မဟောနိုင်သော အတုမရှိသော ဤဓမ္မစကြာတရားတော်ကို ဟောတော်မူ၏"ဟု ဗြဟ္မာတို့သည် ကောင်းချီးပေးသံကို အဆင့်ဆင့် ကြွေးကြော်ကုန်၏။

http://www.dhammadownload.com



ဤသို့လျှင် ထိုအခါ ထိုအခါ ထိုကာလတွင် အကနိဋ္ဌဗြဟ္မာ့ပြည်တိုင်အောင် ကောင်းချီးသံသည် ပြန့်နှံ့၍ တက်၏၊ ဤတသောင်းသော လောကဓာတ်သည်လည်း တုန်လှုပ်၏၊ ပြင်းစွာ တုန်လှုပ်၏၊ ထက်ဝန်းကျင် တုန်လှုပ်၏၊ အတိုင်းအရှည်မရှိ ကြီးမားသော အရောင်အလင်းသည်လည်း လောက၌ နတ်တို့၏ အာနုဘော်ကို ကျော်လွန်၍ ထင်ရှားဖြစ်ပေါ်၏။

ထိုအခါ မြတ်စွာဘုရားသည် "ရဟန်းတို့ ကောဏ္ဍညသည် သစ္စာလေးပါးတရားကို သိလေပြီ တကား၊ ရဟန်းတို့ ကောဏ္ဍညသည် သစ္စာလေးပါးတရားကို သိလေပြီတကား" ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။ ဤဥဒါန်းကို ကျူးရင့်တော်မူသောကြောင့်သာလျှင် အသျှင်ကောဏ္ဍညအား "အညာသိကောဏ္ဍည" ဟူ၍သာ အမည်တွင်၏။

ပဌမသုတ်။

---

## ၂-တထာဂတသုတ်

၁၀၈၂။ ရဟန်းတို့ ဤကား ဆင်းရဲဖြစ်သော အရိယာတို့၏ အမှန်တရားမည်၏ဟု (ဘုရားမဖြစ်မီ) ရှေးက မကြားဘူးကုန်သော ဒုက္ခသစ္စာတရားတို့၌ မြတ်စွာဘုရားတို့အား ပညာမျက်စိသည် ထင်ရှားဖြစ်၏၊ အသိဉာဏ်သည် ထင်ရှားဖြစ်၏၊ အပြားအားဖြင့် သိတတ်သော ဉာဏ် 'ပညာ' သည် ထင်ရှားဖြစ်၏၊ ထိုးထွင်း၍သိသော ဉာဏ် 'ဝိဇ္ဇာ' သည် ထင်ရှားဖြစ်၏၊ အလင်းရောင်သည် ထင်ရှား ဖြစ်၏။ ရဟန်းတို့ "ထိုဆင်းရဲဖြစ်သော အမှန်တရား ဒုက္ခသစ္စာကို ပိုင်းခြား၍ သိထိုက်၏" ဟု မြတ်စွာဘုရားတို့အား ( ဘုရားမဖြစ်မီ ) ရှေးက မကြားဘူးကုန်သော ။ပ။ ထင်ရှားဖြစ်၏။ ရဟန်းတို့ "ထိုဆင်းရဲဖြစ်သော အရိယာတို့၏ အမှန်တရား ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခဲ့ပြီးပြီဟု မြတ်စွာဘုရားတို့အား (ဘုရားမဖြစ်မီ) ရှေးက မကြားဘူးကုန်သော ဒုက္ခသစ္စာတရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏၊ အသိဉာဏ်သည် ထင်ရှားဖြစ်၏၊ အပြားအားဖြင့် သိတတ်သော ဉာဏ် 'ပညာ' သည် ထင်ရှားဖြစ်၏၊ ထိုးထွင်း၍ သိသော ဉာဏ် 'ဝိဇ္ဇာ' သည် ထင်ရှားဖြစ်၏၊ အလင်းရောင်သည် ထင်ရှားဖြစ်၏။

ရဟန်းတို့ "ဤတရားသည် ဆင်းရဲခြင်း၏ အကြောင်းဖြစ်သော အရိယာတို့၏ အမှန်တရား မည်၏" ဟု မြတ်စွာဘုရားတို့အား (ဘုရားမဖြစ်မီ) ရှေးက မကြားဘူးကုန်သော သမုဒယသစ္စာတရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏၊ အသိဉာဏ်သည် ထင်ရှားဖြစ်၏၊ အပြားအားဖြင့် သိတတ်သော ဉာဏ် 'ပညာ' သည် ထင်ရှားဖြစ်၏၊ ထိုးထွင်း၍သိသော ဉာဏ် 'ဝိဇ္ဇာ' သည် ထင်ရှား ဖြစ်၏၊ အလင်းရောင်သည် ထင်ရှားဖြစ်၏။ ရဟန်းတို့ "ထိုဆင်းရဲခြင်း၏ အကြောင်းဖြစ်သော အရိယာတို့၏ အမှန်တရားကို ပယ်အပ်၏" ဟု မြတ်စွာဘုရားတို့အား (ဘုရားမဖြစ်မီ) ရှေးက မကြားဘူးကုန်သော။ပ။ ထင်ရှားဖြစ်၏။ ရဟန်းတို့ "ထိုဆင်းရဲခြင်း၏ အကြောင်းဖြစ်သော အရိယာတို့၏ အမှန်တရားကို ပယ်ပြီးပြီ" ဟု မြတ်စွာဘုရားတို့အား (ဘုရားမဖြစ်မီ) ရှေးက မကြား ဘူးကုန်သော သမုဒယသစ္စာတရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏၊ အသိဉာဏ်သည် ထင်ရှားဖြစ်၏၊ အပြားအားဖြင့် သိတတ်သော ဉာဏ် 'ပညာ' သည် ထင်ရှားဖြစ်၏၊ ထိုးထွင်း၍ သိသော ဉာဏ် 'ဝိဇ္ဇာ' သည် ထင်ရှားဖြစ်၏၊ အလင်းရောင်သည် ထင်ရှားဖြစ်၏။

http://www.dhammadownload.com



ရဟန်းတို့ "ဤနိဗ္ဗာန်ကား ဆင်းရဲခြင်း၏ ချုပ်ရာဖြစ်သော အရိယာတို့၏ အမှန်တရားမည်၏" ဟု မြတ်စွာဘုရားတို့အား (ဘုရားမဖြစ်မီ)ရှေးက မကြားဘူးကုန်သော (နိရောဓသစ္စာ)တရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏၊ အသိဉာဏ်သည် ထင်ရှားဖြစ်၏၊ အပြားအားဖြင့် သိတတ်သော ဉာဏ်'ပညာ'သည် ထင်ရှားဖြစ်၏၊ ထိုးထွင်း၍သိသော ဉာဏ်'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်၏၊ အလင်းရောင်သည် ထင်ရှားဖြစ်၏။ ရဟန်းတို့ "ထိုဆင်းရဲခြင်း၏ ချုပ်ရာဖြစ်သော အရိယာတို့၏ အမှန်တရားကို မျက်မှောက်ပြုအပ်၏"ဟု မြတ်စွာဘုရားတို့အား (ဘုရားမဖြစ်မီ)ရှေးက မကြားဘူးကုန်သော။ပ။ ဖြစ်ပေါ်လာ၏။ ရဟန်းတို့ "ဆင်းရဲခြင်း၏ ချုပ်ရာဖြစ်သော ဤအရိယာတို့၏ အမှန်တရားကို မျက်မှောက်ပြုပြီးပြီ"ဟု မြတ်စွာဘုရားတို့အား (ဘုရားမဖြစ်မီ) ရှေးက မကြားဘူးကုန်သော (နိရောဓသစ္စာ)တရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏၊အသိဉာဏ်သည် ထင်ရှားဖြစ်၏၊ အပြားအားဖြင့် သိတတ်သော ဉာဏ်'ပညာ'သည် ထင်ရှားဖြစ်၏၊ ထိုးထွင်း၍ သိသော ဉာဏ် 'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်၏၊ အလင်းရောင်သည် ထင်ရှားဖြစ်၏။

ရဟန်းတို့ "ဤတရားသည် ဆင်းရဲခြင်း၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ဖြစ်သော အရိယာတို့၏ အမှန်တရားတည်း"ဟု မြတ်စွာဘုရားတို့အား (ဘုရားမဖြစ်မီ) ရှေးက မကြားဘူးကုန်သော (မဂ္ဂသစ္စာ)တရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏၊ အသိဉာဏ်သည် ထင်ရှားဖြစ်၏၊အပြားအားဖြင့် သိတတ်သော ဉာဏ်'ပညာ'သည် ထင်ရှားဖြစ်၏ ထိုးထွင်း၍သိသော ဉာဏ် 'ဝိဇ္ဇာ'သည် ထင်ရှားဖြစ်၏၊အလင်းရောင်သည် ထင်ရှားဖြစ်၏။ ရဟန်းတို့ "ထိုဆင်းရဲခြင်း၏ ချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ဖြစ်သော အရိယာတို့၏ အမှန်တရားကို ပွါးများအပ်၏" ဟု မြတ်စွာဘုရားတို့အား (ဘုရားမဖြစ်မီ)ရှေးက မကြားဘူးကုန်သော တရားတို့၌။ပ။ထင်ရှားဖြစ်၏။ ရဟန်းတို့ "ထိုဆင်းရဲခြင်း၏ ချုပ်ရာ(နိဗ္ဗာန်)သို့ရောက်ကြောင်း အကျင့်ဖြစ်သော အရိယာတို့၏ အမှန်တရားကို ပွါးများပြီးပြီ"ဟု မြတ်စွာဘုရားတို့အား (ဘုရားမဖြစ်မီ)ရှေးက မကြားဘူးကုန်သော(မဂ္ဂသစ္စာ)တရားတို့၌ ပညာမျက်စိသည် ထင်ရှားဖြစ်၏၊အသိဉာဏ်သည် ထင်ရှားဖြစ်၏၊ အပြားအားဖြင့် သိတတ်သော ဉာဏ်'ပညာ'သည် ထင်ရှားဖြစ်၏၊ထိုးထွင်း၍သိသော ဉာဏ်'ဝိဇ္ဇာ' သည် ထင်ရှားဖြစ်၏၊ အလင်းရောင်သည် ထင်ရှားဖြစ်၏ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-ခန္ဓသုတ်

၁၀၇၃။ ရဟန်းတို့ အရိယာတို့၏ အမှန်တရား'အရိယသစ္စာ'တို့သည် ဤလေးပါးတို့တည်း။ အဘယ်လေးပါးတို့နည်း၊ ဆင်းရဲဖြစ်သော အရိယာတို့၏ အမှန်တရား ဆင်းရဲ၏ အကြောင်းဖြစ်သော အရိယာတို့၏ အမှန်တရား ဆင်းရဲ၏ချုပ်ရာဖြစ်သော အရိယာတို့၏ အမှန်တရား ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်ဖြစ်သော အရိယာတို့၏ အမှန်တရားတို့တည်း။

ရဟန်းတို့ ဆင်းရဲဖြစ်သော အရိယာတို့၏ အမှန်တရားဟူသည် အဘယ်နည်း၊ "ဥပါဒါနက္ခန္ဓာ ငါးပါးတို့တည်း"ဟု ပြောဆိုရာ၏။ဤဥပါဒါနက္ခန္ဓာဟူသည်အဘယ်နည်း၊ရုပ်ဟူသော ဥပါဒါနက္ခန္ဓာ ။ပ။ ဝိညာဏ်ဟူသော ဥပါဒါနက္ခန္ဓာတို့တည်း။ ရဟန်းတို့ ဤတရားကို ဆင်းရဲဖြစ်သော အရိယာတို့၏ အမှန်တရားဟု ဆိုရ၏။

http://www.dhammadownload.com



ရဟန်းတို့ ဆင်းရဲ၏ အကြောင်းဖြစ်သော အရိယာတို့၏ အမှန်တရားဟူသည် အဘယ်နည်း၊ ဘဝသစ်၌ ဖြစ်စေတတ်သော နှစ်သက်ခြင်း တပ်မက်ခြင်းနှင့်တကွဖြစ်သော ထိုထိုအာရုံ၌ လွန်စွာ နှစ်သက်တတ်သော တပ်မက်မှု 'တဏှာ' ပင်တည်း။ ဤသည်ကား အဘယ်နည်း၊ကာမ၌ တပ်မက်မှု 'ကာမတဏှာ' သဿတဒိဋ္ဌိနှင့်တကွဖြစ်သော 'ဘဝတဏှာ' ဥစ္ဆေဒဒိဋ္ဌိနှင့်တကွဖြစ်သော 'ဝိဘဝတဏှာ' တို့တည်း။ ရဟန်းတို့ ဤတရားကို ဆင်းရဲ၏ အကြောင်းဖြစ်သော အရိယာတို့၏ အမှန်တရားဟု ဆိုအပ်၏။

ရဟန်းတို့ ဆင်းရဲ၏ချုပ်ရာ (နိဗ္ဗာန်) ဖြစ်သော အရိယာတို့၏ အမှန်တရားဟူသည် အဘယ်နည်း၊ ထိုတပ်မက်မှု 'တဏှာ' ၏သာလျှင် အကြွင်းမဲ့စွဲမက်မှု ကင်းပျောက်ချုပ်ငြိမ်းရာ စွန့်လွှတ်ရာ တဖန်စွန့်ပယ်ရာ လွတ်မြောက်ရာ မကပ်ငြိရာဖြစ်သော (နိဗ္ဗာန်) ပင်တည်း။ ရဟန်းတို့ ဤတရားကို ဆင်းရဲ၏ ချုပ်ရာ (နိဗ္ဗာန်) ဖြစ်သော အရိယာတို့၏ အမှန်တရားဟု ဆိုအပ်၏။

ရဟန်းတို့ ဆင်းရဲ၏ချုပ်ရာ (နိဗ္ဗာန်) သို့ ရောက်ကြောင်း အကျင့်ဖြစ်သော အရိယာတို့၏ အမှန်တရားဟူသည် အဘယ်နည်း၊ အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်ပင်တည်း၊ ဤသည်ကား အဘယ်နည်း၊မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ' ။ပ။မှန်ကန်သောတည်ကြည်မှု 'သမ္မာသမာဓိ' တို့တည်း။ ရဟန်းတို့ ဤတရားကို ဆင်းရဲ၏ ချုပ်ရာ (နိဗ္ဗာန်) သို့ ရောက်ကြောင်း အကျင့်ဖြစ်သော အရိယာတို့၏ အမှန်တရားဟု ဆိုအပ်၏။ရဟန်းတို့ အရိယာတို့၏ အမှန်တရားတို့သည် ဤလေးပါးတို့ပင်တည်း။

ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ "ဤကား ဆင်းရဲတည်း" ဟု သိရန် အားထုတ်ရမည်။ပ။ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) သို့ ရောက်ကြောင်း အကျင့်တည်း" ဟု သိရန် အားထုတ်ရမည်ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-အဇ္ဈတ္တိကာယတနသုတ်

၁၀၈၄။ ရဟန်းတို့ အရိယာတို့၏ အမှန်တရားတို့သည် ဤလေးပါးတို့တည်း၊ အဘယ်လေးပါးတို့နည်း၊ ဆင်းရဲဖြစ်သော အရိယာတို့၏ အမှန်တရား ဆင်းရဲဖြစ်ပေါ်ကြောင်း ဖြစ်သော အရိယာတို့၏ အမှန်တရား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) ဖြစ်သော အရိယာတို့၏ အမှန်တရား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) သို့ ရောက်ကြောင်း အကျင့်ဖြစ်သော အရိယာတို့၏ အမှန်တရားတို့တည်း။

ရဟန်းတို့ ဆင်းရဲဖြစ်သော အရိယာတို့၏ အမှန်တရားဟူသည် အဘယ်နည်း၊ "အဇ္ဈတ္တသန္တာန်၌ဖြစ်သော (အာယတန) ခြောက်ပါးတို့တည်း" ဟု ပြောဆိုရာ၏။ အဘယ်ခြောက်ပါးတို့နည်း၊ စက္ခာယတန။ပ။ မနာယတနတို့တည်း။ ရဟန်းတို့ ဤတရားကို ဆင်းရဲဖြစ်သော အရိယာတို့၏ အမှန်တရားဟု ဆိုအပ်၏။

ရဟန်းတို့ ဆင်းရဲဖြစ်ပေါ်ကြောင်းဖြစ်သော အရိယာတို့၏ အမှန်တရားဟူသည် အဘယ်နည်း၊ ဘဝသစ်၌ ဖြစ်စေတတ်သော နှစ်သက်ခြင်း တပ်မက်ခြင်းနှင့် တကွဖြစ်သော ထိုထိုအာရုံ၌ လွန်စွာ နှစ်သက်တတ်သော တပ်မက်မှု တဏှာပင်တည်း။ ဤသည်ကား အဘယ်နည်း၊ ကာမတို့၌ တပ်မက်မှု

http://www.dhammadownload.com



'ကာမတဏှာ' သဿတဒိဋ္ဌိနှင့် တကွဖြစ်သော 'ဘဝတဏှာ' ဥစ္ဆေဒဒိဋ္ဌိနှင့် တကွဖြစ်သော 'ဝိဘဝတဏှာ' တို့တည်း၊ ရဟန်းတို့ ဤတရားကို ဆင်းရဲဖြစ်ပေါ်ကြောင်းဖြစ်သော အရိယာတို့၏ အမှန်တရားဟု ဆိုအပ်၏။

ရဟန်းတို့ ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)ဖြစ်သော အရိယာတို့၏ အမှန်တရားဟူသည် အဘယ်နည်း၊ ထိုတပ်မက်မှု တဏှာ၏သာလျှင် အကြွင်းမဲ့ စွဲမက်မှု ကင်းပျောက်ချုပ်ငြိမ်းရာ စွန့်လွှတ်ရာ တဖန် စွန့်ပယ်ရာ လွတ်မြောက်ရာ မကပ်ငြိရာဖြစ်သော နိဗ္ဗာန်ပင်တည်း။ ရဟန်းတို့ ဤတရားကို ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)ဖြစ်သော အရိယာတို့၏ အမှန်တရားဟု ဆိုအပ်၏။

ရဟန်းတို့ ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ဖြစ်သော အရိယာတို့၏ အမှန်တရားဟူသည် အဘယ်နည်း၊ အင်္ဂါရှစ်ပါးရှိသော ဤအရိယမဂ်ပင်တည်း။ ဤသည်ကား အဘယ်နည်း၊ မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ' ။ပ။ မှန်ကန်သော တည်ကြည်မှု 'သမ္မာသမာဓိ' တို့တည်း။ ရဟန်းတို့ ဤတရားကို ဆင်းရဲ၏ ချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ဖြစ်သော အရိယာတို့၏ အမှန်တရားဟု ဆိုအပ်၏။ ရဟန်းတို့ အရိယာတို့၏ အမှန်တရားတို့သည် ဤလေးပါးတို့ပင်တည်း။

ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ "ဤကား ဆင်းရဲတည်း"ဟု သိရန် အားထုတ်ရမည်။ပ။ "ဤကား ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း"ဟု သိရန် အားထုတ်ရမည်ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-ပဉ္စမ ခါရဏသုတ်

၁၁၀၅။ ရဟန်းတို့ "ငါဟောကြားအပ်သော အရိယာတို့၏ အမှန်တရားလေးပါးတို့ကို သင်တို့ ဆောင်ထားကြကုန်၏လော"ဟု ဤသို့ မိန့်တော်မူလတ်သော် ရဟန်းတပါးသည် မြတ်စွာဘုရား အား "အသျှင်ဘုရား မြတ်စွာဘုရား ဟောကြားတော်မူအပ်သော အရိယာတို့၏ အမှန်တရား လေးပါးတို့ကို အကျွန်ုပ်ဆောင်ထားပါ၏"ဟု(လျှောက်ထား၏)။ရဟန်း"ငါဟောကြားအပ်သော အရိယာတို့၏ အမှန်တရားလေးပါးတို့ကို အဘယ်သို့လျှင် သင်ဆောင်ထားသနည်း"ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား မြတ်စွာဘုရား ပဌမဟောတော်မူအပ်သော ဆင်းရဲဖြစ်သော အရိယာတို့၏ အမှန်တရားကို အကျွန်ုပ်ဆောင်ထားပါ၏။ အသျှင်ဘုရား မြတ်စွာဘုရား ဒုတိယဟော တော်မူအပ်သော ဆင်းရဲဖြစ်ပေါ်ကြောင်းဖြစ်သော အရိယာတို့၏ အမှန်တရားကို အကျွန်ုပ် ဆောင်ထားပါ၏။ အသျှင်ဘုရား မြတ်စွာဘုရား တတိယဟောတော်မူအပ်သော ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) ဖြစ်သော အရိယာတို့၏ အမှန်တရားကို အကျွန်ုပ် ဆောင်ထားပါ၏။ အသျှင်ဘုရား မြတ်စွာဘုရား စတုတ္ထ ဟောတော်မူအပ်သော ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ဖြစ်သော အရိယာတို့၏ အမှန်တရားကို အကျွန်ုပ် ဆောင်ထားပါ၏။ အသျှင်ဘုရား "မြတ်စွာဘုရား ဟောကြားတော်မူအပ်သော အရိယာတို့၏ အမှန်တရားလေးပါးတို့ကို ဤသို့ **အကျွန်ုပ် ဆောင်ထားပါ၏**"ဟု လျှောက်၏။

http://www.dhammadownload.com



ရဟန်း ကောင်းပေစွ၊ ကောင်းပေစွ၊ ရဟန်း ငါဟောကြားသော အရိယာတို့၏ အမှန်တရား လေးပါးတို့ကို ကောင်းစွာပင် သင်ဆောင်ထားပေ၏။ ရဟန်း ပဌမ ငါဟောကြားသော ဆင်းရဲ ဖြစ်သော အရိယာတို့၏ အမှန်တရားကို ထိုအတိုင်းပင် သင်ဆောင်ထားလေ့။ ရဟန်း ဒုတိယ ငါဟောကြားသော ဆင်းရဲကြောင်းဖြစ်သော အရိယာတို့၏ အမှန်တရားကို ထိုအတိုင်းပင် သင်ဆောင်ထားလေ့။ ရဟန်း တတိယ ငါဟောကြားသော ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) ဖြစ်သော အရိယာတို့၏ အမှန်တရားကို ထိုအတိုင်းပင် သင်ဆောင်ထားလေ့။ ရဟန်း စတုတ္ထ ငါဟောကြား သော ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) သို့ ရောက်ကြောင်း အကျင့်ဖြစ်သော အရိယာတို့၏ အမှန်တရား ကို ထိုအတိုင်းပင် သင်ဆောင်ထားလေ့။ ရဟန်း "ငါဟောကြားသော အရိယာတို့၏ အမှန်တရား လေးပါးတို့ကို ဤသို့ပင် သင်ဆောင်ထားလေ့"ဟု (မိန့်တော်မူ၏)။

ရဟန်း ထို့ကြောင့် ဤသာသနာတော်၌ "ဤကား ဆင်းရဲတည်း"ဟု သိရန် အားထုတ်ရမည်။ပ။ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း"ဟု သိရန် အားထုတ် ရမည်ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၆-ဒုတိယ ခေတ္တသုတ်

၁၀၈၆။ ရဟန်းတို့ "ငါဟောကြားအပ်သော အရိယာတို့၏ အမှန်တရားလေးပါးတို့ကို သင်တို့ ဆောင်ထားကြကုန်၏လော"ဟု ဤသို့ မိန့်တော်မူလတ်သော် ရဟန်းတပါးသည် မြတ်စွာဘုရား အား "အသျှင်ဘုရား မြတ်စွာဘုရား ဟောကြားတော်မူအပ်ကုန်သော အရိယာတို့၏ အမှန်တရား လေးပါးတို့ကို အကျွန်ုပ် ဆောင်ထားပါ၏"ဟု (လျှောက်ထား၏)။ ရဟန်း "ငါဟောကြားအပ် ကုန်သော အရိယာတို့၏ အမှန်တရား လေးပါးတို့ကို အဘယ်သို့လျှင် သင်ဆောင်ထားသနည်း"ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား မြတ်စွာဘုရား ပဌမဟောတော်မူသော ဆင်းရဲဖြစ်သော အရိယာတို့၏ အမှန် တရားကို အကျွန်ုပ်ဆောင်ထားပါ၏။ အသျှင်ဘုရား "ရဟန်းဂေါတမ ဟောကြားအပ်သော ဆင်းရဲဖြစ်သော ပဌမ အရိယသစ္စာတရားသည် မဟုတ်မမှန်သေး၊ ငါသည် ဆင်းရဲဖြစ်သော ပဌမ အရိယသစ္စာတရားကို ပယ်စွန့်၍ အခြားသော ဒုက္ခဖြစ်သော ပဌမအရိယသစ္စာတရားကို ပညပ်အံ့" ဟု တဦးဦးသော သမဏကဖြစ်စေ ဗြာဟ္မဏကဖြစ်စေ ပြောဆိုရာသော အကြောင်းမရှိပါ။ အသျှင်ဘုရား မြတ်စွာဘုရား ဒုတိယဟောတော်မူသော ဆင်းရဲဖြစ်သော အရိယသစ္စာတရားကို အကျွန်ုပ် ဆောင်ထားပါ၏။ပ။ အသျှင်ဘုရား မြတ်စွာဘုရား စတုတ္ထဟောတော်မူသော ဆင်းရဲ ချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်းဖြစ်သော အရိယသစ္စာတရားကို အကျွန်ုပ် ဆောင်ထားပါ၏။ အသျှင်ဘုရား "ရဟန်းဂေါတမ ဟောကြားအပ်သော ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)သို့ရောက်ကြောင်း အကျင့်ဖြစ်သော စတုတ္ထအရိယသစ္စာတရားသည် မဟုတ်မမှန်သေး၊ ငါသည် ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ဖြစ်သော စတုတ္ထအရိယသစ္စာတရားကို ပယ်စွန့်၍ အခြား သော စတုတ္ထအရိယသစ္စာတရားကို ပညပ်အံ့" ဟု တဦးဦးသော သမဏကဖြစ်စေ ဗြာဟ္မဏက ဖြစ်စေ ပြောဆိုရာသော အကြောင်းမရှိပါ။ အသျှင်ဘုရား "မြတ်စွာဘုရား ဟောကြားအပ်ကုန် သော အရိယသစ္စာလေးပါးတို့ကို ဤသို့လျှင် အကျွန်ုပ်ဆောင်ထားပါ၏"ဟု (လျှောက်၏)။

http://www.dhammadownload.com



ရဟန်း ကောင်းပေစွ၊ ကောင်းပေစွ၊ ရဟန်း ငါဟောကြားအပ်ကုန်သော အရိယသစ္စာ လေးပါးတို့ကို ကောင်းစွာပင် သင်ဆောင်ထားပေ၏။ ရဟန်း ပဌမ ငါဟောကြားအပ်သော ဆင်းရဲဖြစ်သော အရိယာတို့၏ အမှန်တရားကို ထိုအတိုင်းပင် သင်ဆောင်ထားလော့။ ရဟန်း "ရဟန်းဂေါတမ ဟောကြားသော ဆင်းရဲဖြစ်သော ပဌမအရိယသစ္စာတရားသည် မဟုတ်မမှန်သေး၊ ငါသည် ထိုဆင်းရဲဟု ဆိုအပ်သော ပဌမဒုက္ခအရိယသစ္စာတရားကို ပယ်စွန့်၍ အခြားသော ဆင်းရဲဖြစ်သော ပဌမအရိယသစ္စာတရားကို ပညပ်အံ့"ဟု တဉ်းဦးသော သမဏက ဖြစ်စေ ဗြာဟ္မဏက ဖြစ်စေ ပြောဆိုရာသော အကြောင်းမရှိ။ ရဟန်း ဆင်းရဲဖြစ်ပေါ်ကြောင်းကို။ပ။ ရဟန်း ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)ကို။ပ။ ရဟန်း ငါဟောကြားအပ်သော ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ဖြစ်သော စတုတ္ထ အရိယသစ္စာတရားကို ထိုအတိုင်းပင် သင်ဆောင်ထားလော့၊ ရဟန်း "ရဟန်းဂေါတမ ဟောကြားအပ်သော ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ဖြစ်သော စတုတ္ထအရိယသစ္စာတရားသည် မဟုတ်မမှန်သေး၊ ငါသည် ထိုဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ဖြစ်သော စတုတ္ထအရိယသစ္စာတရားကို ပယ်စွန့်၍ အခြားသော ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ဖြစ်သော စတုတ္ထအရိယသစ္စာတရားကို ပညပ်အံ့"ဟု တဉ်းဦးသော သမဏကဖြစ်စေ ဗြာဟ္မဏကဖြစ်စေ ပြောဆိုရာသော အကြောင်းမရှိ။ ရဟန်း "ငါဟောကြားအပ်ကုန်သော အရိယာတို့၏ အမှန်တရားလေးပါးတို့ကို ဤသို့ပင် သင်ဆောင်ထားလော့"ဟု (မိန့်တော်မူ၏)။

ရဟန်း ထို့ကြောင့် ဤသာသနာတော်၌ "ဤကား ဆင်းရဲတည်း"ဟု သိရန် အားထုတ်ရမည်။ပ။ "ဤကား ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)သို့ရောက်ကြောင်း အကျင့်တည်း"ဟု သိရန် အားထုတ်ရမည်ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်၊

## ၇-အဝိဇ္ဇာသုတ်

၁၀၈၇။ ထိုရဟန်းသည် တခုသော နေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား "အသျှင်ဘုရား အမှန်မသိမှု 'အဝိဇ္ဇာ'ဟူသည် အဘယ်ပါနည်း၊ အဘယ်မျှဖြင့် အမှန်မသိမှု 'အဝိဇ္ဇာ'သို့ ရောက်သူ ဖြစ်ပါသနည်း"ဟု လျှောက်ထား၏။ ရဟန်း ဆင်းရဲကို မသိခြင်း ဆင်းရဲဖြစ်ပေါ်ကြောင်းကို မသိခြင်း ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)ကို မသိခြင်း ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ကို မသိခြင်းကို အမှန်မသိမှု 'အဝိဇ္ဇာ'ဟု ဆိုအပ်၏၊ ဤမျှဖြင့်လည်း အမှန်မသိမှု 'အဝိဇ္ဇာ'သို့ ရောက်သူ ဖြစ်၏ဟု (မိန့်တော်မူ၏)။

ရဟန်း ထို့ကြောင့် ဤသာသနာတော်၌ "ဤကား ဆင်းရဲတည်း"ဟု သိရန် အားထုတ်ရမည်။ပ။ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) သို့ ရောက်ကြောင်း အကျင့်တည်း" ဟု သိရန် အားထုတ်ရမည်ဟု(မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈-ဝိဇ္ဇာသုတ်

၁၀၈၈။ ထိုအခါ ရဟန်းတပါးသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား "အသျှင်ဘုရား ထိုးထွင်း၍သိမှု

http://www.dhammadownload.com



'ဝိဇ္ဇာ' ထိုးထွင်း၍သိမှု 'ဝိဇ္ဇာ' ဟု ဆိုအပ်ပါ၏၊ အသျှင်ဘုရား ထိုးထွင်း၍သိမှု 'ဝိဇ္ဇာ' ဟူသည် အဘယ်ပါနည်း၊ အဘယ်မျှဖြင့် ထိုးထွင်း၍သိမှု 'ဝိဇ္ဇာ' သို့ ရောက်သူ ဖြစ်ပါသနည်း" ဟု (လျှောက်၏)။ ရဟန်း ဆင်းရဲကို သိခြင်း ဆင်းရဲဖြစ်ပေါ်ကြောင်းကို သိခြင်း ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)ကို သိခြင်း ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်ကို သိခြင်းကို ထိုးထွင်း၍ သိမှု 'ဝိဇ္ဇာ'ဟု ဆိုအပ်၏၊ ဤမျှဖြင့်လည်း ထိုးထွင်း၍သိမှု 'ဝိဇ္ဇာ'သို့ ရောက်သူ ဖြစ်၏။

ရဟန်း ထို့ကြောင့် ဤသာသနာတော်၌ "ဤကား ဆင်းရဲတည်း"ဟု သိရန် အားထုတ်ရမည်။ပ။ "ဤကား ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း"ဟု သိရန် အားထုတ်ရမည်ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-သင်္ကာသနသုတ်

၁၀၇၉။ ရဟန်းတို့ "ဤကား ဒုက္ခဖြစ်သော အရိယသစ္စာ" ဟု ငါပညတ်သောတရား၌ ဤအကြောင်းကြောင့်လည်း ဤဆင်းရဲသည် အရိယသစ္စာ မည်၏ဟု (ချဲ့အပ်သည်ရှိသော်)၊ အက္ခရာတို့သည် အတိုင်းအရှည် မရှိကုန်၊ ဗျည်းတို့သည် အတိုင်းအရှည် မရှိကုန်၊ ဝေဖန်ခြင်း တို့သည် အတိုင်းအရှည် မရှိကုန်။ ဤကား ဒုက္ခဖြစ်ပေါ်ကြောင်း ဖြစ်သော။ပ။ ဤကား ဒုက္ခချုပ်ရာ (နိဗ္ဗာန်)ဖြစ်သော။ပ။ "ဤကား ဒုက္ခချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့် ဖြစ်သော အရိယသစ္စာ"ဟု ငါပညတ်သောတရား၌ ဤအကြောင်းကြောင့်လည်း ဤဆင်းရဲ ချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်သည် အရိယသစ္စာမည်၏ဟု (ချဲ့အပ်သည်ရှိသော်) အက္ခရာတို့သည် အတိုင်းအရှည် မရှိကုန်၊ ဗျည်းတို့သည် အတိုင်းအရှည် မရှိကုန်၊ ဝေဖန်ခြင်းတို့သည် အတိုင်းအရှည် မရှိကုန်။

ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ "ဤကား ဆင်းရဲတည်း" ဟု သိရန် အားထုတ် ရမည်။ပ။"ဤကား ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း"ဟု သိရန် အားထုတ် ရမည်ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-တထသုတ်

၁၀၈၀။ ရဟန်းတို့ ဤတရားလေးပါးတို့သည် မှန်ကုန်၏၊ မချွတ်ယွင်းကုန်၊ တပါးသော အခြင်းအရာအားဖြင့် မဖြစ်ကုန်။ အဘယ်လေးပါးတို့နည်း၊ ရဟန်းတို့ ဤဆင်းရဲတရားသည် မှန်၏၊ မချွတ်မယွင်း၊ တပါးသောအခြင်းအရာအားဖြင့် မဖြစ်။ ဤဆင်းရဲ ဖြစ်ပေါ်ကြောင်းတရားသည် မှန်၏၊မချွတ်မယွင်း၊ တပါးသော အခြင်းအရာအားဖြင့် မဖြစ်။ ဤဆင်းရဲချုပ်ရာ (နိဗ္ဗာန်)တရား သည် မှန်၏၊ မချွတ်မယွင်း၊ တပါးသော အခြင်းအရာအားဖြင့် မဖြစ်။ ဤဆင်းရဲချုပ်ရာ (နိဗ္ဗာန်) သို့ ရောက်ကြောင်း အကျင့်တရားသည် မှန်၏၊ မချွတ်မယွင်း၊ တပါးသော အခြင်းအရာအားဖြင့် မဖြစ်။ ရဟန်းတို့ ဤတရားလေးပါးတို့သည် မှန်ကုန်၏၊ မချွတ်မယွင်းကုန်၊ တပါးသော အခြင်း အရာအားဖြင့် မဖြစ်ကုန်။

http://www.dhammadownload.com



ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ "ဤကား ဆင်းရဲတည်း"ဟု သိရန် အားထုတ်ရမည်။ပ။"ဤကား ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း"ဟု သိရန် အားထုတ်ရမည်ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

နှစ်ခုမြောက် ဓမ္မစက္ကပ္ပဝတ္တနဝဂ် ပြီး၏။

---

## ၃-ကောဋိဂါမဝဂ် ၁-ပဌမ ကောဋိဂါမသုတ်

၁၀၉၁။ အခါတပါး၌ မြတ်စွာဘုရားသည် ဝဇ္ဇီတိုင်း ကောဋိရွာ၌(သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို မိန့်တော်မူ၏— "ရဟန်းတို့ အရိယသစ္စာလေးပါးတို့ကို လျော်စွာမသိခြင်းကြောင့် ထိုးထွင်း၍မသိခြင်းကြောင့် ငါသည်၎င်း သင်တို့သည်၎င်း ရှည်လျားစွာသော ဤ(သံသရာ)ကာလပတ်လုံး ပြေးသွားခဲ့ရလှလေပြီ ကျင်လည်ခဲ့ရလှလေပြီ။

အဘယ်လေးပါးတို့ကို (မသိခြင်းကြောင့်)နည်း၊ ရဟန်းတို့ ဆင်းရဲဖြစ်သော အရိယာတို့၏ အမှန်တရားကို လျော်စွာမသိခြင်းကြောင့် ထိုးထွင်း၍မသိခြင်းကြောင့် ငါသည်၎င်း သင်တို့သည်၎င်း ရှည်လျားစွာသော ဤ(သံသရာ)ကာလပတ်လုံး ပြေးသွားခဲ့ရလှလေပြီ ကျင်လည်ခဲ့ရလှလေပြီ။ ဆင်းရဲဖြစ်ပေါ်ကြောင်းဖြစ်သော အရိယာတို့၏ အမှန်တရားကို။ပ။ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)ဖြစ်သော အရိယာတို့၏ အမှန်တရားကို။ပ။ ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ဖြစ်သော အရိယာတို့၏ အမှန်တရားကို လျော်စွာမသိခြင်းကြောင့် ထိုးထွင်း၍ မသိခြင်းကြောင့် ငါသည်၎င်း သင်တို့သည်၎င်း ရှည်လျားစွာသော ဤ(သံသရာ) ကာလပတ်လုံး ပြေးသွားခဲ့ရလှလေပြီ ကျင်လည်ခဲ့ရလှလေပြီ။ ရဟန်းတို့ ထိုဆင်းရဲဖြစ်သော အရိယာတို့၏ အမှန်တရားကို လျော်စွာသိပြီ ထိုးထွင်း၍သိပြီ။ ဆင်းရဲဖြစ်ပေါ်ကြောင်းဖြစ်သော အရိယာတို့၏ အမှန်တရားကို လျော်စွာသိပြီ ထိုးထွင်း၍သိပြီ။ ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)ဖြစ်သော အရိယာတို့၏ အမှန်တရားကို လျော်စွာသိပြီ ထိုးထွင်း၍သိပြီ။ ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) သို့ ရောက်ကြောင်း အကျင့်ဖြစ်သော အရိယာတို့၏ အမှန်တရားကို လျော်စွာသိပြီ၊ ထိုးထွင်း၍သိပြီ ဘဝတို့၌ တပ်မက်ခြင်း 'ဘဝတဏှာ' ကို အကျွင်းမဲ့ဖြတ်ပြီးပြီ၊ ဘဝသစ်သို့ ဆွဲဆောင်တတ်သော ကြိုးနှင့်တူစွာ ဘဝတဏှာသည် ကုန်လေပြီ၊ ယခုအခါ တဖန်ဘဝသစ်၌ ဖြစ်ခြင်းမရှိတော့ပြီ"ဟု မိန့်တော်မူ၏။

မြတ်စွာဘုရားသည် ဤတရားစကားကို ဟောတော်မူ၏။ ဤတရားစကားကို ဟောတော်မူပြီးနောက် ဤဂါထာကို မိန့်တော်မူပြန်၏—

"(အရိယသစ္စာ)လေးပါးတို့ကို ဟုတ်မှန်သောအတိုင်း မသိမြင်ခြင်းကြောင့် ထိုထိုဘဝတို့၌ ရှည်လျားစွာသော (သံသရာ)ကာလပတ်လုံး ကျင်လည်ခဲ့ရလှလေပြီ။

ထိုအရိယသစ္စာတို့ကို (ငါ) သိမြင်ပေပြီ၊ ဘဝသစ်သို့ ဆွဲဆောင်တတ်သောကြိုးနှင့်တူစွာ ဘဝတဏှာကို ကောင်းစွာ နုတ်ပယ်ပြီးပေပြီ၊ ဆင်းရဲ၏အမြစ်ကို အကြွင်းမဲ့ဖြတ်ပြီးပေပြီ၊ ယခုအခါ တဖန်ဘဝသစ်၌ ဖြစ်ခြင်းမရှိတော့ပြီ"ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

http://www.dhammadownload.com



## ၂-ဒုတိယ ကောဋိဂါမသုတ်

၁၀၉၂။ ရဟန်းတို့ "ဤကား ဆင်းရဲ"ဟု ဟုတ်တိုင်းမှန်စွာ မသိကြသူ "ဤကား ဆင်းရဲဖြစ်ပေါ်ကြောင်း"ဟု ဟုတ်တိုင်းမှန်စွာ မသိကြသူ"ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)"ဟု ဟုတ်တိုင်းမှန်စွာ မသိကြသူ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်သို့)ရောက်ကြောင်း အကျင့်"ဟု ဟုတ်တိုင်းမှန်စွာ မသိကြသူ သမဏဗြာဟ္မဏဟူသမျှတို့ကို သမဏတို့တွင်လည်း သမဏဟု မသမုတ်အပ်ကုန်၊ ဗြာဟ္မဏတို့တွင်လည်း ဗြာဟ္မဏဟု မသမုတ်အပ်ကုန်၊ ထိုအသျှင်တို့သည် သမဏဖြစ်ကျိုးကိုင်း ဗြာဟ္မဏဖြစ်ကျိုးကိုင်း မျက်မှောက် ဘဝ၌ပင် ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ မနေကြရကုန်။

ရဟန်းတို့ "ဤကား ဆင်းရဲ"ဟု ဟုတ်တိုင်းမှန်စွာ သိကြသူ"ဤကား ဆင်းရဲဖြစ်ပေါ်ကြောင်း" ဟု ဟုတ်တိုင်းမှန်စွာ သိကြသူ"ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)"ဟု ဟုတ်တိုင်းမှန်စွာ သိကြသူ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်"ဟု ဟုတ်တိုင်းမှန်စွာ သိကြသူ ထိုသမဏ ဗြာဟ္မဏတို့ကို သမဏတို့တွင်လည်း သမဏဟု သမုတ်အပ်ကုန်၏၊ ဗြာဟ္မဏတို့တွင်လည်း ဗြာဟ္မဏဟု သမုတ်အပ်ကုန်၏၊ ထိုအသျှင်တို့သည် သမဏဖြစ်ကျိုးကိုင်း ဗြာဟ္မဏဖြစ်ကျိုးကိုင်း မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ရောက်၍ နေကြရကုန်၏ဟု မိန့်တော်မူ၏။

မြတ်စွာဘုရားသည် ဤတရားစကားကို ဟောတော်မူပြီးနောက် ဤဂါထာကို မိန့်တော်မူပြန်၏—

"ဆင်းရဲကိုင်း ဆင်းရဲ ဖြစ်ပေါ်ကြောင်းကိုင်း အချင်းခပ်သိမ်း အကြွင်းမဲ့ ဆင်းရဲချုပ်ရာ နိဗ္ဗာန်ကိုင်း ဆင်းရဲငြိမ်းအေးရာသို့ ရောက်ကြောင်း မဂ်ကိုင်း မသိကြသူတို့သည် (ကိလေသာမှ) လွတ်မြောက်သော (အရဟတ္တဖိုလ်)စိတ်နှင့် (ကိလေသာမှ) လွတ်မြောက်သော (အရဟတ္တဖိုလ်)ပညာမှ ဆုတ်ယုတ်ကုန်၏၊ထို သူတို့သည် ဘဝ၏ အဆုံးကို ပြုလုပ်ရန် မထိုက်တန်ကုန်၊ အမှန်စင်စစ် ပဋိသန္ဓေနေရခြင်း အိုရခြင်းသို့ ကပ်ရောက်ရကုန်၏။

ဆင်းရဲကိုင်း ဆင်းရဲဖြစ်ပေါ်ကြောင်းကိုင်း အချင်းခပ်သိမ်းအကြွင်းမဲ့ ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)ကိုင်း ဆင်းရဲ ငြိမ်းအေးရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း မဂ်ကိုင်း သိကြသူတို့သည် (ကိလေသာမှ) လွတ်မြောက်သော (အရဟတ္တဖိုလ်)စိတ်နှင့် (ကိလေသာမှ) လွတ်မြောက်သော (အရဟတ္တဖိုလ်) ပညာနှင့် ပြည့်စုံကုန်၏၊ ထိုသူတို့သည် ဘဝ၏အဆုံးကို ပြုလုပ်ရန် ထိုက်တန်ကုန်၏၊ ပဋိသန္ဓေနေရခြင်း အိုရခြင်းသို့ မကပ်ရောက်ရကုန်" ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-သမ္မာသမ္ဗုဒ္ဓသုတ်

၁၀၉၃။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ အရိယာတို့၏ အမှန်တရားတို့သည် ဤလေးပါးတို့တည်း။ အဘယ်လေးပါးတို့နည်းဟူမူ ဆင်းရဲဖြစ်သော အရိယာတို့၏ အမှန်တရား။ပ။ ဆင်းရဲချုပ်ရာ

http://www.dhammadownload.com



(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ဖြစ်သော အရိယာတို့၏ အမှန်တရားတို့တည်း။ ရဟန်းတို့ အရိယာတို့၏ အမှန်တရားတို့သည် ဤ လေးပါးတို့ပင်တည်း။ ရဟန်းတို့ ဤအရိယာတို့၏ အမှန်တရားလေးပါးတို့ကို ဟုတ်တိုင်းမှန်စွာ ကိုယ်တိုင် ထိုးထွင်း၍ သိခြင်းကြောင့် ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားကို "သမ္မာသမ္ဗုဒ္ဓ" ဟု ဆိုအပ်၏။

ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ "ဤကား ဆင်းရဲတည်း" ဟု သိရန် အားထုတ်ရမည်။ပ။ "ဤကား ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း" ဟု သိရန် အားထုတ်ရမည် ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

## ၄-အရဟန္တသုတ်

၁၀၉၄။ သာဝတ္ထိနိဒါန်း။ ရဟန်းတို့ ရှေးအတိတ် အခါက ပူဇော်အထူးကို ခံတော် မူထိုက်ကုန်သော ဟုတ်တိုင်းမှန်စွာ ကိုယ်တိုင်ထိုးထွင်း၍ သိတော်မူကုန်ပြီးသော မြတ်စွာဘုရားဟူသမျှ အားလုံးတို့သည် အရိယသစ္စာတရား လေးပါးတို့ကို ဟုတ်တိုင်းမှန်စွာ ကိုယ်တိုင်ထိုးထွင်း၍ သိတော်မူကုန်ပြီ။ ရဟန်းတို့ အနာဂတ်အခါ၌ ပူဇော်အထူးကို ခံတော်မူထိုက်ကုန်သော ဟုတ်တိုင်းမှန်စွာ ကိုယ်တိုင်ထိုးထွင်း၍ သိတော်မူကုန်မည့် မြတ်စွာဘုရား ဟူသမျှအားလုံးတို့သည် အရိယသစ္စာတရားလေးပါးတို့ကို ဟုတ်တိုင်းမှန်စွာ ကိုယ်တိုင်ထိုးထွင်း၍ သိတော်မူကုန်လတ္တံ့။ ရဟန်းတို့ ယခုပစ္စုပ္ပန်အခါ၌ ပူဇော်အထူးကို ခံတော်မူထိုက်ကုန်သော ဟုတ်တိုင်းမှန်စွာ ကိုယ်တိုင်ထိုးထွင်း၍ သိတော်မူကုန်သော မြတ်စွာဘုရား ဟူသမျှအားလုံးတို့သည် အရိယသစ္စာတရား လေးပါးတို့ကို ဟုတ်တိုင်းမှန်စွာ ကိုယ်တိုင်ထိုးထွင်း၍ သိတော်မူကုန်၏။

အဘယ်လေးပါးတို့နည်း၊ ဆင်းရဲဖြစ်သော အရိယာတို့၏ အမှန်တရား ဆင်းရဲဖြစ်ပေါ်ကြောင်း ဖြစ်သော အရိယာတို့၏ အမှန်တရား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) ဖြစ်သော အရိယာတို့၏ အမှန်တရား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ဖြစ်သော အရိယာတို့၏ အမှန်တရားတို့တည်း။ ရဟန်းတို့ ရှေးအတိတ်အခါက ပူဇော်အထူးကို ခံတော်မူထိုက်ကုန်သော ဟုတ်တိုင်းမှန်စွာ ကိုယ်တိုင်ထိုးထွင်း၍ သိတော်မူကုန်ပြီးသော မြတ်စွာဘုရား ဟူသမျှအားလုံးတို့သည်။ပ။ သိတော်မူကုန်မည့် မြတ်စွာဘုရား ဟူသမျှအားလုံးတို့သည်။ပ။ သိတော်မူကုန်သော မြတ်စွာဘုရားဟူသမျှ အားလုံးတို့သည် ဤအရိယာတို့၏ အမှန်တရားလေးပါးတို့ကို ဟုတ်တိုင်းမှန်စွာ ကိုယ်တိုင်ထိုးထွင်း၍ သိတော်မူကုန်၏။

ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ "ဤကား ဆင်းရဲတည်း" ဟု သိရန် အားထုတ်ရမည်။ပ။ "ဤကား ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း" ဟု သိရန် အားထုတ်ရမည်ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

## ၅-အာသဝက္ခယသုတ်

၁၀၉၅။ ရဟန်းတို့ သိသူ မြင်သူအား အာသဝကုန်ခြင်းကို ငါဆို၏၊ မသိသူ မမြင်သူအား အာသဝကုန်ခြင်းကို ငါမဆို။ ရဟန်းတို့ အဘယ်သို့ သိသူ မြင်သူအား အာသဝကုန်ခြင်းသည်

http://www.dhammadownload.com



ဖြစ်သနည်း၊ ရဟန်းတို့ "ဤကား ဆင်းရဲတည်း"ဟု သိသူ မြင်သူအား အာသဝကုန်၏၊ "ဤကား ဆင်းရဲဖြစ်ပေါ် ကြောင်းတည်း"ဟု သိသူ မြင်သူအား အာသဝကုန်၏၊ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)တည်း"ဟု သိသူ မြင်သူအား အာသဝကုန်၏၊ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း"ဟု သိသူ မြင်သူအား အာသဝကုန်၏။ ရဟန်းတို့ ဤသို့သိသူ မြင်သူအား အာသဝကုန်ခြင်းသည် ဖြစ်၏။

ရဟန်းတို့ ထို့ကြောင့် "ဤကား ဆင်းရဲတည်း"ဟု သိရန် အားထုတ်ရမည်။ပ။ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း"ဟု သိရန် အားထုတ်ရမည်ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၆-မိတ္တသုတ်

၁၀၉၆။ ရဟန်းတို့ အစဉ်သနား (စောင့်ရှောက်) ထိုက်သူ ဟူသမျှတို့ကိုလည်းကောင်း မိမိစကားကို လိုက်နာလိမ့်မည်ဟု မှတ်ထင်ရကုန်သော မိတ်ဆွေ ခင်ပွန်း ဆွေမျိုး သားချင်း ဟူသမျှတို့ကိုလည်းကောင်း အရိယသစ္စာတရား လေးပါးတို့ကို ဟုတ်တိုင်းမှန်စွာ သိခြင်း အကျိုးငှါ ဆောက်တည်စေအပ်ကုန်၏၊ သွင်းထားအပ်ကုန်၏၊ တည်စေအပ်ကုန်၏။

အဘယ်လေးပါးတို့နည်း၊ ဆင်းရဲဖြစ်သော အရိယာတို့၏ အမှန်တရား ဆင်းရဲဖြစ်ပေါ် ကြောင်းဖြစ်သော အရိယာတို့၏ အမှန်တရား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) ဖြစ်သော အရိယာတို့၏ အမှန်တရား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ဖြစ်သော အရိယာတို့၏ အမှန်တရားတို့တည်း။ ရဟန်းတို့ အစဉ်သနား (စောင့်ရှောက်) ထိုက်သူ ဟူသမျှတို့ကိုလည်းကောင်း မိမိစကားကို လိုက်နာလိမ့်မည်ဟု မှတ်ထင်ရကုန်သော မိတ်ဆွေ ခင်ပွန်း ဆွေမျိုး သားချင်း ဟူသမျှတို့ကိုလည်းကောင်း ဤအရိယသစ္စာတရား လေးပါးတို့ကို ဟုတ်တိုင်းမှန်စွာ သိခြင်းအကျိုးငှါ ဆောက်တည်စေအပ်ကုန်၏၊ သွင်းထားအပ်ကုန်၏၊ တည်စေအပ်ကုန်၏။

ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ "ဤကား ဆင်းရဲတည်း" ဟု သိရန် အားထုတ်ရမည်။ပ။ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း" ဟု သိရန် အားထုတ်ရမည်ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

---

## ၇-တထသုတ်

၁၀၉၇။ ရဟန်းတို့ အရိယာတို့၏ အမှန်တရားတို့သည် ဤလေးပါးတို့တည်း။ အဘယ်လေးပါးတို့နည်း၊ ဆင်းရဲဖြစ်သော အရိယာတို့၏ အမှန်တရား ဆင်းရဲဖြစ်ပေါ် ကြောင်းဖြစ်သော အရိယာတို့၏ အမှန်တရား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)ဖြစ်သော အရိယာတို့၏ အမှန်တရား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ဖြစ်သော အရိယာတို့၏ အမှန်တရားတို့တည်း။ ရဟန်းတို့ အရိယသစ္စာလေးပါးတို့သည် မှန်ကုန်၏၊ မချွတ်ယွင်းကုန်၊ တပါးသော အခြင်းအရာအားဖြင့် မဖြစ်ကုန်၊ ထို့ကြောင့် "အရိယသစ္စာ"ဟု ဆိုအပ်ကုန်၏။

http://www.dhammadownload.com



ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ "ဤကား ဆင်းရဲတည်း"ဟု သိရန် အားထုတ်ရမည်။ပ။ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း"ဟု သိရန် အားထုတ်ရမည်ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈-လောကသုတ်

၁၀၉၈။ ရဟန်းတို့ အရိယာတို့၏ အမှန်တရားတို့သည် ဤလေးပါးတို့တည်း။ အဘယ်လေးပါးတို့နည်း၊ ဆင်းရဲဖြစ်သော အရိယာတို့၏ အမှန်တရား ဆင်းရဲဖြစ်ပေါ်ကြောင်း ဖြစ်သော အရိယာတို့၏ အမှန်တရား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)ဖြစ်သော အရိယာတို့၏ အမှန်တရား ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ဖြစ်သော အရိယာတို့၏ အမှန်တရားတို့တည်း။ နတ်မာရ်နတ် ဗြဟ္မာနှင့်တကွသော နတ်လောကနှင့် သမဏဗြာဟ္မဏ မင်းများ လူများနှင့်တကွသော လူ့လောက၌ မြတ်စွာဘုရားသည် အရိယမည်၏၊ ထို့ကြောင့် "အရိယသစ္စာတို့"ဟု ခေါ်ဆိုအပ်ကုန်၏။

ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ "ဤကား ဆင်းရဲတည်း"ဟု သိရန် အားထုတ်ရမည်။ပ။ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း"ဟု သိရန် အားထုတ်ရမည်ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

## ၉-ပရိညေယျသုတ်

၁၀၉၉။ ရဟန်းတို့ အရိယာတို့၏ အမှန်တရားတို့သည် ဤလေးပါးတို့တည်း။အဘယ်လေးပါးတို့နည်း၊ ဆင်းရဲဖြစ်သော အရိယာတို့၏အမှန်တရား ဆင်းရဲဖြစ်ပေါ်ကြောင်းဖြစ်သော အရိယာတို့၏အမှန်တရား ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)ဖြစ်သော အရိယာတို့၏အမှန်တရား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ဖြစ်သော အရိယာတို့၏ အမှန်တရားတို့တည်း၊ ရဟန်းတို့ အရိယာတို့၏ အမှန်တရားတို့သည် ဤလေးပါးတို့တည်း။ ရဟန်းတို့ ဤအရိယာတို့၏ အမှန်တရား လေးပါးတို့တွင် ပိုင်းခြားသိအပ်သော အရိယသစ္စာသည် ရှိ၏၊ ပယ်အပ်သော အရိယသစ္စာသည် ရှိ၏၊ မျက်မှောက်ပြုအပ်သော အရိယသစ္စာသည် ရှိ၏၊ ပွါးများအပ်သော အရိယသစ္စာသည် ရှိ၏။

ရဟန်းတို့ အဘယ်အရိယသစ္စာကို ပိုင်းခြားသိအပ်သနည်း၊ရဟန်းတို့ ဆင်းရဲဖြစ်သော အရိယသစ္စာကို ပိုင်းခြားသိအပ်၏၊ ဆင်းရဲဖြစ်ပေါ်ကြောင်းဖြစ်သော အရိယသစ္စာကို ပယ်အပ်၏၊ ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)ဖြစ်သော အရိယသစ္စာကို မျက်မှောက်ပြုအပ်၏၊ ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်ဖြစ်သော အရိယသစ္စာကို ပွါးများအပ်၏။

ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ "ဤကား ဆင်းရဲတည်း"ဟု သိရန် အားထုတ်ရမည်။ပ။ "ဤကား ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း"ဟု သိရန် အားထုတ်ရမည်ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

http://www.dhammadownload.com



## ၁၀-ဂဝမ္ပတိသုတ်

၁၁၀၀။ အခါတပါး၌ များစွာသော မထေရ်ရဟန်းတို့သည် စေတတိုင်း သဟဉ္စနိကမြို့၌ (သီတင်းသုံး)နေကုန်၏၊ ထိုအခါ များစွာသော မထေရ်ရဟန်းတို့သည် ဆွမ်းစားပြီးနောက် ဆွမ်းခံရွာမှ ဖဲခဲ့ကြ၍ တန်ဆောင်းဝန်း၌ စုဝေးထိုင်နေကြစဉ် "ငါ့သျှင်တို့ ဆင်းရဲကို မြင်သော သူသည် ဆင်းရဲ ဖြစ်ပေါ်ကြောင်းကိုလည်း မြင်သလော၊ ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)ကိုလည်း မြင်သလော၊ ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ကိုလည်း မြင်သလော"ဟု ဤသို့သော အကြား၌ ဖြစ်သောစကားသည် ဖြစ်ပေါ်လာ၏။

ဤသို့ ပြောဆိုကြသည်ရှိသော် အသျှင်ဂဝမ္ပတိမထေရ်သည် ရဟန်းတို့အား ဤစကားကို ဆို၏ "ငါ့သျှင်တို့ ဤတရားစကားကို မြတ်စွာဘုရား မျက်မှောက်တော်မှ ကြားနာသင်ယူခဲ့ရ၏၊ 'ရဟန်းတို့ ဆင်းရဲကို မြင်သောသူသည် ဆင်းရဲဖြစ်ပေါ်ကြောင်းကိုလည်း မြင်၏၊ ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)ကိုလည်း မြင်၏၊ ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ကိုလည်း မြင်၏၊ ဆင်းရဲဖြစ်ပေါ်ကြောင်းကို မြင်သောသူသည် ဆင်းရဲကိုလည်း မြင်၏၊ ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)ကိုလည်း မြင်၏၊ ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ကိုလည်း မြင်၏၊ ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)ကို မြင်သောသူသည် ဆင်းရဲကိုလည်း မြင်၏၊ ဆင်းရဲဖြစ်ပေါ်ကြောင်းကိုလည်း မြင်၏၊ ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်ကိုလည်း မြင်၏၊ ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ကို မြင်သောသူသည် ဆင်းရဲကိုလည်း မြင်၏၊ ဆင်းရဲဖြစ်ပေါ်ကြောင်းကိုလည်း မြင်၏၊ ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)ကိုလည်း မြင်၏'ဟု ဤတရားစကားကို မြတ်စွာဘုရား မျက်မှောက်တော်မှ ကြားနာ သင်ယူခဲ့ရ၏"ဟု ပြောဆိုလေ၏။

ဒသမသုတ်။

သုံးခုမြောက် ကောဋိဂါမဝဂ် ပြီး၏။

---

## ၄-သီသပါဝနဝဂ် ၁ သီသပါဝနသုတ်

၁၁၀၁။ အခါတပါး၌ မြတ်စွာဘုရားသည် ကောသမ္ဗီပြည် ယင်းတိုက်တော၌(သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် အနည်းငယ်သော ယင်းတိုက်ရွက်တို့ကို လက်ဖြင့် ကိုင်၍ "ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကြကုန်သနည်း၊ ငါ-လက်ဖြင့် ကိုင်ထားအပ်ကုန်သော အနည်းငယ်သော ယင်းတိုက်ရွက်တို့နှင့် ယင်းတိုက်တောတွင်းရှိ ယင်းတိုက်ရွက်တို့သည် အဘယ်က များပြားသနည်း"ဟု ရဟန်းတို့ကို မိန့်တော်မူ၏။အသျှင်ဘုရား မြတ်စွာဘုရားလက်ဖြင့် ကိုင်ထားအပ်ကုန်သော ယင်းတိုက်ရွက်တို့သည် နည်းလှပါကုန်၏၊ စင်စစ်သော်ကား ယင်းတိုက် တောတွင်းရှိ ယင်းတိုက်ရွက်တို့သာ များလှပါကုန်၏ဟု(လျှောက်ကုန်၏)။ ရဟန်းတို့ ဤအတူပင် ငါသည် ထူးသောဉာဏ်ဖြင့်သိ၍ မဟောအပ်သောတရားသည်သာ များပြား၏၊ အဘယ့်ကြောင့် ထိုတရားကို ငါမဟောသနည်းဟူမူ—ရဟန်းတို့ ထိုတရားသည် အကျိုးစီးပွါးနှင့်မစပ်၊ မဂ်တည်းဟူသော အကျင့်မြတ်၏ အစမဟုတ်၊ငြီးငွေ့ရန် တပ်မက်မှုကင်းရန် မဖြစ်၊ ချုပ်ရန် ငြိမ်းရန် ထူးသော ဉာဏ်ဖြင့်သိရန် ကိုယ်တိုင်သိရန် တရားမှထွက်မြောက်ရန် မဖြစ်၊ ထို့ကြောင့် ထိုတရားကို ငါ မဟောအပ်။

http://www.dhammadownload.com



ရဟန်းတို့ အဘယ်တရားမျိုးကို ငါဟောအပ်သနည်းဟူမူ—ရဟန်းတို့ "ဤကား ဆင်းရဲတည်း" ဟု ငါဟောအပ်၏၊ "ဤကား ဆင်းရဲဖြစ်ပေါ်ကြောင်းတည်း"ဟု ငါဟောအပ်၏၊ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) တည်း" ဟု ငါဟောအပ်၏၊ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း"ဟု ငါဟောအပ်၏။

ရဟန်းတို့ အဘယ့်ကြောင့် ထိုတရားကို ဟောသနည်းဟူမူ— ရဟန်းတို့ ထိုတရားသည် အကျိုးစီးပွါးနှင့်စပ်၏၊ မဂ်တည်းဟူသော အကျင့်မြတ်၏ အစဖြစ်၏၊ ထိုတရားသည် ငြီးငွေ့ရန် တပ်မက်မှုကင်းရန် ချုပ်ရန် ငြိမ်းရန် ထူးသောဉာဏ်ဖြင့်သိရန် ကိုယ်တိုင်သိရန် တဏှာမှ ထွက်မြောက်ရန်ဖြစ်၏၊ ထို့ကြောင့် ထိုတရားကို ဟောအပ်၏။

ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ "ဤကား ဆင်းရဲတည်း"ဟု သိရန် အားထုတ်ရမည် ။ ပ ။ "ဤကား ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း"ဟု သိရန် အားထုတ်ရမည်ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၂-ခဒိရပတ္တသုတ်

၁၁၀၂။ "ငါသည် ဆင်းရဲဖြစ်သော အရိယာတို့၏ အမှန်တရားကို ဟုတ်တိုင်းမှန်စွာ ထိုးထွင်း မသိမူ၍ ဆင်းရဲဖြစ်ပေါ်ကြောင်းဖြစ်သော အရိယာတို့၏ အမှန်တရားကို ဟုတ်တိုင်းမှန်စွာ ထိုးထွင်းမသိမူ၍ ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)ဖြစ်သော အရိယာတို့၏ အမှန်တရားကို ဟုတ်တိုင်းမှန်စွာ ထိုးထွင်းမသိမူ၍ ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်မြတ်ဖြစ်သော အရိယာတို့၏ အမှန်တရားကို ဟုတ်တိုင်းမှန်စွာ ထိုးထွင်းမသိမူ၍ ကောင်းစွာ ဆင်းရဲ၏အဆုံးကို ပြုလိမ့်မည်"ဟု ဤသို့ ပြောရသော အကြောင်းသည် မရှိ။

ရဟန်းတို့ ဥပမာသော်ကား "ငါသည် ရှားရွက်တို့ကိုငင်း ထင်းရှူးရွက်တို့ကိုငင်း ရှစ်ရှားရွက်တို့ကိုငင်း ဖက်ခွက်ပြုလုပ်၍ ရေကိုမူလည်း ဆောင်အံ့၊ (ဖက်လိပ်) နားတောင်း ပြုလုပ်၍ မူလည်း ပန်အံ့"ဟု ဤသို့ ပြောဆိုရသော အကြောင်းသည် မရှိသကဲ့သို့ ထို့အတူပင် ရဟန်းတို့ "ငါသည် ဆင်းရဲဖြစ်သော အရိယာတို့၏ အမှန်တရားကို ဟုတ်တိုင်းမှန်စွာ ထိုးထွင်း မသိမူ၍။ပ။ ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ဖြစ်သော အရိယာတို့၏ အမှန်တရားကို ဟုတ်တိုင်းမှန်စွာ ထိုးထွင်းမသိမူ၍ ကောင်းစွာ ဆင်းရဲ၏ အဆုံးကို ပြုနိုင်လိမ့်မည်"ဟု ဤသို့ပြောဆိုရသော အကြောင်းသည် မရှိ။

ရဟန်းတို့ "ငါသည် ဆင်းရဲဖြစ်သော အရိယာတို့၏ အမှန်တရားကို ဟုတ်တိုင်းမှန်စွာ ထိုးထွင်း သိသည်ဖြစ်၍ ဆင်းရဲဖြစ်ပေါ်ကြောင်းဖြစ်သော အရိယာတို့၏ အမှန်တရားကို ထိုးထွင်းသိသည် ဖြစ်၍ ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) ဖြစ်သော အရိယာတို့၏ အမှန်တရားကို ထိုးထွင်းသိသည်ဖြစ်၍ ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ဖြစ်သော အရိယာတို့၏ အမှန်တရားကို ထိုးထွင်းသိသည်ဖြစ်၍ ကောင်းစွာ ဆင်းရဲ၏ အဆုံးကို ပြုနိုင်လိမ့်မည်"ဟု ဤသို့ ပြောဆိုရသော အကြောင်းသည် ရှိ၏။

ရဟန်းတို့ ဥပမာသော်ကား "ငါသည် ပဒုမာကြာရွက်တို့ကိုငင်း ပေါက်ရွက်တို့ကိုငင်း ခွေးတောက် (မာလော)ရွက်တို့ကိုငင်း ဖက်ခွက်ပြုလုပ်၍ ရေကိုမူလည်း ဆောင်အံ့ (ဖက်လိပ်)

http://www.dhammadownload.com



နားတောင်း ပြုလုပ်၍မူလည်း ပန်အံ့”ဟု ဤသို့ပြောဆိုရသော အကြောင်းရှိသကဲ့သို့ ထို့အတူပင် ရဟန်းတို့ “ငါသည် ဆင်းရဲဖြစ်သော အရိယာတို့၏ အမှန်တရားကို ဟုတ်တိုင်းမှန်စွာ ထိုးထွင်း သိသည်ဖြစ်၍။ပ။ ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ဖြစ်သော အရိယာတို့၏ အမှန်တရားကို ဟုတ်တိုင်းမှန်စွာ ထိုးထွင်းသိသည်ဖြစ်၍ ကောင်းစွာဆင်းရဲ၏အဆုံးကို ပြုနိုင်လိမ့်မည်”ဟု ဤသို့ ပြောဆိုရသော အကြောင်းသည် ရှိ၏။

ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ “ဤကား ဆင်းရဲတည်း”ဟု သိရန် အားထုတ်ရမည်။ပ။ “ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း”ဟု သိရန် အားထုတ်ရမည်ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

### ၃-ဒဏ္ဍသုတ်

၁၁၀၃။ ရဟန်းတို့ ဥပမာသော်ကား ကောင်းကင်ထက်သို့ ပစ်လွှင့်သော တုတ်သည် တခါတရံလည်း အရင်းဖြင့် ကျ၍ တခါတရံလည်း အဖျားဖြင့် ကျသကဲ့သို့ ရဟန်းတို့ ထို့အတူပင် အဝိဇ္ဇာ ပိတ်ဆို့ခံရကုန်၍ တဏှာဖြင့် ချည်နှောင်ခံရကုန်သည်ဖြစ်၍ ပြေးသွားကြရ ကျင်လည်ကြရကုန်သော သတ္တဝါတို့သည် တခါတရံလည်း ဤလောကမှ တမလွန်လောကသို့ သွားရကုန်၏၊ တခါတရံလည်း တမလွန်လောကမှ ဤလောကသို့ လာရကုန်၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ အရိယာတို့၏ အမှန်တရားလေးပါးတို့ကို မမြင်ကြခြင်းကြောင့်တည်း။ အဘယ်လေးပါးတို့နည်း ၊ ဆင်းရဲဖြစ်သော အရိယာတို့၏ အမှန်တရား။ပ။ ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်ဖြစ်သော အရိယာတို့၏ အမှန်တရားတို့ဘည်း။

ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ “ဤကား ဆင်းရဲတည်း”ဟု သိရန် အားထုတ်ရမည်။ပ။ “ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း”ဟု သိရန် အားထုတ်ရမည်ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

### ၄-စေလသုတ်

၁၁၀၄။ ရဟန်းတို့ အဝတ်ပုဆိုး၌သော်၎င်း ဦးခေါင်း၌သော်၎င်း မီးလောင်သည်ရှိသော် အဘယ်သို့ ပြုလုပ်ရာသနည်းဟု မိန့်တော်မူ၏၊ အသျှင်ဘုရား အဝတ်ပုဆိုး၌သော်၎င်း ဦးခေါင်း၌သော်၎င်း မီးလောင်သည်ရှိသော် ထိုအဝတ်ပုဆိုးကိုသော်၎င်း ဦးခေါင်းကိုသော်၎င်း ငြိမ်းအေးစေခြင်းငှါ လွန်ကဲသော အလို ‘ဆန္ဒ’ လုံ့လအားထုတ်မှု အပြင်းအထန် အားထုတ်မှု မဆုတ်နစ်မှု အောက်မေ့မှု ဆင်ခြင်ဉာဏ်ကို ပြုလုပ်ရပါ၏ဟု (လျှောက်ကုန်၏)။

ရဟန်းတို့ မီးလောင်သော အဝတ်ပုဆိုးကိုသော်၎င်း ဦးခေါင်းကိုသော်၎င်း လျစ်လျူရှု၍ နှလုံးမသွင်းမူ၍ ထိုးထွင်းမသိရသေးသော အရိယာတို့၏ အမှန်တရားလေးပါးတို့ကို ဟုတ်တိုင်းမှန်စွာ ထိုးထွင်းသိခြင်းအကျိုးငှါ အလို ‘ဆန္ဒ’ လုံ့လအားထုတ်မှု အပြင်းအထန်အားထုတ်မှု

http://www.dhammadownload.com



မဆုတ်နစ်မှု အောက်မေ့မှု ဆင်ခြင်ဉာဏ်ကို ပြုလုပ်ရမည်။ အဘယ်လေးပါးတို့နည်း၊ ဆင်းရဲဖြစ်သော အရိယာတို့၏ အမှန်တရား။ပ။ ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ဖြစ်သော အရိယာတို့၏ အမှန်တရားတို့တည်း။

ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ "ဤကား ဆင်းရဲတည်း"ဟု သိရန် အားထုတ်ရမည်။ပ။ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း"ဟု သိရန် အားထုတ်ရမည်ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

## ၅-သတ္တိသတသုတ်

၁၁၀၅၊ ရဟန်းတို့ ဥပမာသော်ကား ယောကျ်ားသည် အသက်အနှစ်တရာရှိ၏၊ အနှစ်တရာ အသက်ရှည်၏၊ ထိုသူ့ကို "အမောင်ယောကျ်ား လာလော့၊ နံနက်အခါ၌ သင့်ကို လှံချက်တရာဖြင့် ညှဉ်းပန်းကုန်လတ္တံ့၊ မွန်းတည့်အခါ၌ လှံချက်တရာဖြင့် ညှဉ်းပန်းကုန်လတ္တံ့၊ ညနေချမ်းအခါ၌ လှံချက်တရာဖြင့် ညှဉ်းပန်းကုန်လတ္တံ့၊ အမောင်ယောကျ်ား နေ့တိုင်း နေ့တိုင်း လှံချက်သုံးရာ သုံးရာတို့ဖြင့် ညှဉ်းပန်းခံရသော သင်သည် အသက်အနှစ်တရာရှိသည်ဖြစ်၍ အနှစ်တရာ အသက်ရှည်သည်ဖြစ်၍ အနှစ်တရာကုန်လွန်သောအခါ ထိုးထွင်းမသိရသေးသော အရိယာတို့၏ အမှန်တရား လေးပါးတို့ကို ထိုးထွင်း သိရလိမ့်မည်"ဟု ဤသို့ ပြောရာ၏။

ရဟန်းတို့ အကျိုးလိုလားသော အမျိုးကောင်းသားသည် အညှဉ်းပန်းခံရန် ကပ်ရောက်ထိုက်၏၊ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ ဤသံသရာ၏ အစကို မသိနိုင်ရကား လှံထိုးခံရသူ သန်လျက်ဖြတ်ခံရသူ ပုဆိန်ပေါက်ခံရသူတို့၏ ရှေးအစွန်းသည် မထင်သောကြောင့်တည်း၊ ရဟန်းတို့ ဤသို့ လှံထိုး သန်လျက်ဖြတ် ပုဆိန်ပေါက်ခံရ၍ သစ္စာလေးပါးကို သိခဲ့မူ အရိယသစ္စာလေးပါး သိမှုကို ဆင်းရဲခြင်း နှလုံးမသာခြင်းနှင့်တကွဖြစ်၏ဟု ငါမဆို၊ ရဟန်းတို့ စင်စစ်သော်ကား အရိယသစ္စာလေးပါးသိမှုကို ချမ်းသာခြင်း ဝမ်းမြောက်ခြင်းနှင့် တကွသာ ဖြစ်၏ဟု ငါဆို၏။ အဘယ်လေးပါးတို့နည်း၊ ဆင်းရဲဖြစ်သော အရိယာတို့၏ အမှန်တရား။ပ။ ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ဖြစ်သော အရိယာတို့၏ အမှန်တရားတို့တည်း။

ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ "ဤကား ဆင်းရဲတည်း"ဟု သိရန် အားထုတ်ရမည်။ပ။ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း"ဟု သိရန် အားထုတ်ရမည်ဟု(မိန့်တော်မူ၏)။

ပဉ္စမသုတ်။

## ၆-ပါဏသုတ်

၁၁၀၆။ ရဟန်းတို့ ဥပမာသော်ကား ယောကျ်ားသည် ဤဇမ္ဗူဒိပ်ကျွန်း၌ မြက် သစ်သား သစ်ခက် သစ်ရွက်တို့ကို ဖြတ်တောက်ခုတ်ရွေ၍ တပေါင်းထည်း စုပုံရာ၏၊ တပေါင်းတည်း

http://www.dhammadownload.com



စုပ်၍ တံစို့လုပ်ရာ၏၊ တံစို့လုပ်၍ မဟာသမုဒြာ၌ ရှိသော သတ္တဝါကြီးတို့ကို တံစို့ကြီးတို့၌ သီရာ၏၊ မဟာသမုဒြာ၌ရှိသော သတ္တဝါလတ်တို့ကို တံစို့လတ်တို့၌ သီရာ၏၊ မဟာသမုဒြာ၌ရှိသော သတ္တဝါငယ်တို့ကို တံစို့ငယ်တို့၌ သီရာ၏၊ရဟန်းတို့ စင်စစ်သော်ကား ဤဇမ္ဗူဒိပ်ကျွန်း၌ မြက် သစ်သား သစ်ခက် သစ်ရွက်သည် ကုန်သော် ကုန်ရာ၏၊ မဟာသမုဒြာ၌ (တံစို့သီနိုင်လောက်အောင်) ကြီးသောသတ္တဝါတို့သည်ကား မကုန်နိုင်ရာ၊ ရဟန်းတို့ မဟာသမုဒြာ၌ အတ္တဘော သိမ်မွေ့ခြင်းကြောင့် တံစို့မသီနိုင်လောက်အောင်ပင် သေးမွှားသော သတ္တဝါတို့သည် ထို့ထက်ပင် များပြားကုန်သေး၏။

ရဟန်းတို့ ဤသို့လျှင် အပါယ်သတ္တဝါသည် များပြား၏၊ ရဟန်းတို့ ဤသို့ များပြားသော အပါယ်သတ္တဝါမှ လွတ်မြောက်ပြီးသော အမြင်မှန် (မဂ်ပညာ)နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် "ဤကား ဆင်းရဲတည်း"ဟု ဟုတ်တိုင်းမှန်စွာ သိ၏။ပ။ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း"ဟု ဟုတ်တိုင်းမှန်စွာ သိ၏။

ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ "ဤကား ဆင်းရဲတည်း"ဟု သိရန် အားထုတ်ရမည်။ပ။ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) သို့ ရောက်ကြောင်း အကျင့်တည်း"ဟု သိရန် အားထုတ်ရမည်ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-ပဌမ သူရိယသုတ်

၁၁၀၇။ ရဟန်းတို့ အရုဏ်တက်ခြင်းသည် နေထွက်ပေါ်ခြင်း၏ ရှေ့ပြေး ပုဗ္ဗနိမိတ်ဖြစ်သကဲ့သို့ ဤတူအပင် ရဟန်း၏ မှန်ကန်သောအမြင် 'သမ္မာဒိဋ္ဌိ' သည် အရိယာတို့၏ အမှန်တရား သစ္စာလေးပါးတို့ကို ဟုတ်တိုင်းမှန်စွာ ထိုးထွင်းသိခြင်း၏ ရှေ့ပြေး ပုဗ္ဗနိမိတ်ဖြစ်၏၊ ထိုရဟန်းသည် "ဤကား ဆင်းရဲတည်း"ဟု ဟုတ်တိုင်းမှန်စွာ သိလိမ့်မည်။ပ။ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) သို့ ရောက်ကြောင်း အကျင့်တည်းဟု ဟုတ်တိုင်းမှန်စွာ သိလိမ့်မည်"ဟု မျှော်လင့်အပ်၏။

ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ "ဤကား ဆင်းရဲတည်း"ဟု သိရန် အားထုတ်ရမည်။ပ။ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း" ဟု သိရန် အားထုတ်ရမည် ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

## ၈-ဒုတိယ သူရိယသုတ်

၁၁၀၈။ ရဟန်းတို့ လ နေ တို့သည် လောက၌ မဖြစ်ကြသေးသမျှ ကာလပတ်လုံး ကြီးစွာသော အလင်းရောင်၏ ဖြစ်ပေါ်လာခြင်းသည် မဖြစ်သေး၊ ထိုအခါ၌ အမိုက်ထု အမှောင်ထုသည် ဖြစ်၏၊ ညဉ့်နေ့တို့သည်လည်း မထင်ကုန်သေး၊ လ လခွဲတို့သည်လည်း မထင်ကုန်သေး၊ ဥတု နှစ်တို့သည်လည်း မထင်ကုန်သေး။

http://www.dhammadownload.com



ရဟန်းတို့ လ နေတို့သည် လောက၌ ဖြစ်ပေါ်ကြသော အခါမှစ၍ ကြီးစွာသော အလင်းရောင်၏ ဖြစ်ပေါ်လာခြင်းသည် ဖြစ်၏၊ ထိုအခါ၌ အမိုက်ထု အမှောင်ထုသည် မဖြစ်၊ ထိုအခါ၌ ညဉ့် နေ့တို့သည် ထင်ကုန်၏၊ လ လခွဲတို့သည်လည်း ထင်ကုန်၏၊ ဥတု နှစ်တို့သည်လည်း ထင်ကုန်၏။ ရဟန်းတို့ ဤအတူပင် လောက၌ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရား ပွင့်တော်မမူသေးသမျှ ကာလပတ်လုံး ကြီးစွာသော အလင်းရောင် မဖြစ်ပေါ်လာသေး၊ ထိုအခါ၌ အမိုက်ထု အမှောင်ထုသာ ဖြစ်၏၊ အရိယာတို့၏ အမှန်တရား သစ္စာလေးပါးတို့ကို ပြောကြားခြင်း ဟောခြင်း သိစေခြင်း ဖြစ်စေခြင်း ဖွင့်လှစ်ခြင်း ဝေဖန်ခြင်းနှင့် ပေါ်လွင်အောင် ပြုခြင်းတို့သည် မဖြစ်ကုန်။

ရဟန်းတို့ လောက၌ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရား ပွင့်တော်မူသောအခါမှစ၍ ကြီးစွာသော အလင်းရောင် ဖြစ်ပေါ်လာ၏၊ ထိုအခါ၌ အမိုက်ထု အမှောင်ထုသည် မဖြစ်၊ ထိုအခါ၌ မြတ်သော အရိယာတို့၏ အမှန်တရား သစ္စာလေးပါးတို့ကို ပြောကြားခြင်း ဟောကြားခြင်း သိစေခြင်း ဖြစ်စေခြင်း ဖွင့်လှစ်ခြင်း ဝေဖန်ခြင်း ပေါ်လွင်အောင်ပြုခြင်းတို့သည် ဖြစ်ကုန်၏။ အဘယ်လေးပါးတို့နည်း၊ ဆင်းရဲဖြစ်သော အရိယာတို့၏ အမှန်တရား။ပ။ ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ဖြစ်သော အရိယာတို့၏ အမှန်တရားတို့တည်း။

ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ "ဤကား ဆင်းရဲဘည်း"ဟု သိရန် အားထုတ်ရမည်။ပ။ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) သို့ ရောက်ကြောင်း အကျင့်တည်း"ဟု သိရန် အားထုတ်ရမည်ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-ဣန္ဒခီလသုတ်

၁၁၀၉။ ရဟန်းတို့ "ဤကား ဆင်းရဲတည်း"ဟု ဟုတ်တိုင်းမှန်စွာ မသိကြသူ။ပ။ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) သို့ ရောက်ကြောင်း အကျင့်တည်း"ဟု ဟုတ်တိုင်းမှန်စွာ မသိကြသူ သမဏဗြာဟ္မဏဟူသမျှတို့သည် "ဤအသျှင်သည် သိသင့်သည်ကို သိယောင်တကား မြင်သင့်သည်ကို မြင်ယောင်တကား"ဟု အခြားသော သမဏဗြာဟ္မဏာတို့၏မျက်နှာကို မော်ကြည့်ကြရကုန်၏။

ရဟန်းတို့ ဥပမာသော်ကား လေဆောင်ယူနိုင်လောက်အောင် ပေါ့ပါး၍ မြေညီရာ၌ချထားသော လဲစိုင် ဝါဂွမ်းစိုင်ကို အရှေ့မှတိုက်ခတ်သော လေသည် အနောက်သို့ ဆောင်ယူသွားရာ၏၊ အနောက်မှ တိုက်ခတ်သောလေသည် အရှေ့သို့ ဆောင်ယူသွားရာ၏၊ မြောက်မှ တိုက်ခတ်သော လေသည် တောင်သို့ ဆောင်ယူသွားရာ၏၊ တောင်မှတိုက်ခတ်သောလေသည် မြောက်သို့ဆောင်ယူသွားရာ၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ လဲ ဝါဂွမ်းစိုင်၏ ပေါ့ခြင်းကြောင့်တည်း။ ရဟန်းတို့ ဤအတူပင် "ဤကား ဆင်းရဲတည်း"ဟု ဟုတ်တိုင်းမှန်စွာ မသိကြသူ။ပ။ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) သို့ ရောက်ကြောင်း အကျင့်တည်း"ဟု ဟုတ်တိုင်းမှန်စွာ မသိကြသူ သမဏဗြာဟ္မဏဟူသမျှတို့သည် "ဤအသျှင်သည် သိသင့်သည်ကို သိယောင်တကား၊ မြင်သင့်သည်ကို မြင်ယောင်တကား"ဟု အခြားသော သမဏဗြာဟ္မဏတို့၏ မျက်နှာကို မော်ကြည့်

http://www.dhammadownload.com



ကြရကုန်၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ အရိယာတို့၏ အမှန်တရား သစ္စာလေးပါးတို့ကို မမြင်ခြင်းကြောင့်တည်း။

ရဟန်းတို့ "ဤကား ဆင်းရဲတည်း" ဟု ဟုတ်တိုင်းမှန်စွာ သိကြသူ။ပ။ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း" ဟု ဟုတ်တိုင်းမှန်စွာ သိကြသူ သမဏဗြာဟ္မဏ ဟူသမျှတို့သည် "ဤအသျှင်သည် သိသင့်သည်ကို သိယောင်တကား မြင်သင့်သည်ကို မြင်ယောင် တကား" ဟု အခြားသော သမဏဗြာဟ္မဏတို့၏ မျက်နှာကို မေ့ မကြည့်ကြရကုန်။

ရဟန်းတို့ ဥပမာသော်ကား မြေဝင်နက်၍ ကောင်းစွာ စိုက်ထားသော သံတိုင်သည်ရင်း တံခါး တိုင်သည်ရင်း မတုန်မလှုပ်၊ အရှေ့အရပ်မှ လေပြင်းမုန်တိုင်း တိုက်ခတ်လာစေကာမူ မတုန်မလှုပ် မယိမ်းမယိုင်နိုင်ရာ။ အနောက်အရပ်မှ တိုက်ခတ်လာစေကာမူ။ပ။ မြောက်အရပ်မှ တိုက်ခတ် လာစေကာမူ။ပ။တောင်အရပ်မှ လေပြင်းမုန်တိုင်း တိုက်ခတ်လာစေကာမူ မတုန်မလှုပ် မယိမ်းမယိုင် နိုင်ရာ။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်းဟူမူ—ရဟန်းတို့ မြေဝင်နက်၍ တံခါးတိုင်ကို ကောင်းစွာ စိုက်ထားခြင်းကြောင့်တည်း။ရဟန်းတို့ ဤအတူပင် "ဤကား ဆင်းရဲတည်း" ဟု ဟုတ် တိုင်းမှန်စွာသိကြသူ။ပ။ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ရောက်ကြောင်း အကျင့်တည်း" ဟု ဟုတ်တိုင်းမှန်စွာသိကြသူ သမဏဗြာဟ္မဏဟူသမျှတို့သည် "ဤအသျှင်သည် သိသင့်သည်ကို သိယောင်တကား မြင်သင့်သည်ကို မြင်ယောင်တကား" ဟု အခြားသော သမဏဗြာဟ္မဏတို့၏ မျက်နှာကို မေ့ မကြည့်ကြရကုန်။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်းဟူမူ—ရဟန်းတို့ အရိယာတို့၏ အမှန်တရား သစ္စာလေးပါးတို့ကို ကောင်းစွာမြင်ခြင်းကြောင့်တည်း၊ အဘယ်လေး ပါးတို့နည်း၊ ဆင်းရဲဖြစ်သော အရိယာတို့၏ အမှန်တရား။ပ။ ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက် ကြောင်း အကျင့်ဖြစ်သော အရိယာတို့၏ အမှန်တရားတို့တည်း။

ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ "ဤကား ဆင်းရဲတည်း" ဟု သိရန် အားထုတ်ရ မည်။ပ။ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်တည်း" ဟု သိရန် အားထုတ် ရမည်ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-ဝါဒတ္ထိကသုတ်

၁၁၁၀။ ရဟန်းတို့ တစုံတယောက်သောရဟန်းသည် "ဤကား ဆင်းရဲတည်း" ဟု ဟုတ်တိုင်း မှန်စွာသိ၏။ပ။ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း" ဟု ဟုတ် တိုင်းမှန်စွာသိ၏၊ အယူ(ဝါဒ)ကို အလိုရှိ၍ အယူဝါဒကို ရှာလေ့ရှိသော သမဏဗြာဟ္မဏသည် "ထိုရဟန်းအား အယူ(ဝါဒ)ကိုတင်အံ့" ဟု အရှေ့အရပ်မှရင်း အနောက်အရပ်မှရင်း မြောက် အရပ်မှရင်း တောင်အရပ်မှရင်း လာစေကာမူ ထိုဟုတ်တိုင်းမှန်စွာသိသော ရဟန်းကို အကြောင်း ယုတ္တိနှင့်တကွ တုန်လှုပ်စေလတ္တံ့ ယိမ်းယိုင်စေလတ္တံ့ဟူသော အကြောင်းသည် မရှိ။

ရဟန်းတို့ ဥပမာသော်ကား မြေဝင်ရှစ်တောင် မြေပေါ် ရှစ်တောင်ရှိ၍ တဆယ့်ခြောက်တောင် ရှိ ကျောက်တိုင်သည် အရှေ့အရပ်မှရင်း။ပ။ အနောက်အရပ်မှရင်း။ မြောက်အရပ်မှရင်း။ တောင် အရပ်မှရင်း လေပြင်းမုန်တိုင်း တိုက်ခတ်လာစေကာမူ မတုန်မလှုပ် မယိမ်းမယိုင် နိုင်ရာ။ ထိုသို့

http://www.dhammadownload.com



ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ရဟန်းတို့ မြေဝင်နက်၍ ကျောက်တိုင်ကို ကောင်းစွာစိုက်ထားခြင်းကြောင့်တည်း။ ရဟန်းတို့ ဤအတူပင် အကြင်ရဟန်းသည်''ဤကား ဆင်းရဲတည်း''ဟု ဟုတ်တိုင်းမှန်စွာသိ၏။ပ။''ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) သို့ ရောက်ကြောင်း အကျင့်တည်း''ဟု ဟုတ်တိုင်းမှန်စွာ သိ၏၊ အယူ(ဝါဒ)ကို အလိုရှိ၍ အယူ(ဝါဒ)ကို ရှာလေ့ရှိသော သမဏဗြာဟ္မဏသည် ထိုရဟန်းအား အယူ (ဝါဒ)ကို တင်အံ့ဟု အရှေ့အရပ်မှရင်း။ အနောက်အရပ်မှရင်း။ မြောက်အရပ်ရင်း။တောင်အရပ်မှရင်း အကယ်၍ လာရာ၏ ထိုဟုတ်တိုင်းမှန်စွာသိသော ရဟန်းကို အကြောင်းနှင့်တကွ တုန်လှုပ်ယိမ်းယိုင်စေနိုင်လတ္တံ့ဟူသော အကြောင်းသည် မရှိ။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်းဟူမူ—ရဟန်းတို့ အရိယာတို့၏ အမှန်တရားလေးပါးတို့ကို ကောင်းစွာမြင်ခြင်းကြောင့်တည်း။အဘယ်လေးပါးတို့ကိုနည်း၊ ဆင်းရဲဖြစ်သော အရိယာတို့၏ အမှန်တရား။ပ။ **ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ဖြစ်သော အရိယာတို့၏ အမှန်တရားတို့တည်း။**

ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ ''ဤကား ဆင်းရဲတည်း''ဟု သိရန် အားထုတ်ရမည်။ပ။ ''ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း''ဟု သိရန် အားထုတ်ရမည်ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

လေးခုမြောက် သီသပါဝနဝဂ် ပြီး၏။

---

## ၅-ပပါတဝဂ် ၁-လောကစိန္တာသုတ်

၁၁၁၁။ အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့ကို အစာကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ (သီတင်းသုံး)နေတော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကို မိန့်တော်မူ၏—''ရဟန်းတို့ ရှေးကဖြစ်ဘူးသည်ကား ယောကျ်ားတယောက်သည် 'ကြံစည်ဖွယ်ရာ လောကရေးရာ 'လောကစိန္တာ'ကို ကြံအံ့'ဟု ရာဇဂြိုဟ်ပြည်မှ ထွက်၍ သုမာဂဓရေကန်ရှိရာသို့ ချဉ်းကပ်ပြီးလျှင် သုမာဂဓရေကန်ကမ်းနား၌ လောကစိန္တာကို ကြံလျက် ထိုင်နေ၏၊ ရဟန်းတို့ ထိုယောကျ်ားသည် သုမာဂဓရေကန်ကမ်းနား၌ ကြာစွယ်ကြာရင်းသို့ ဝင်သွားသော အင်္ဂါလေးပါးရှိသော စစ်သည်ကို မြင်ရ၍ 'ငါသည်ကား ရူးလေယောင်တကား၊ ငါသည်ကား စိတ်ပျံ့လွင့်လေယောင်တကား၊ လောက၌ မရှိသောအရာကို ငါမြင်၏'ဟု ဤသို့ အကြံဖြစ်လေ၏။ ရဟန်းတို့ ထို့နောက် ထိုယောကျ်ားသည် မြို့သို့ဝင်၍ 'အသျှင်တို့ ငါသည်ကား ရူးလေယောင်တကား၊အသျှင်တို့ ငါသည်ကား စိတ်ပျံ့လွင့်လေယောင်တကား၊ လောက၌ မရှိသောအရာကို ငါမြင်၏'ဟု များစွာသော လူအပေါင်းအား ပြောကြားလေ၏။

အမောင်ယောကျ်ား အဘယ်သို့လျှင် သင်ရူးသနည်း၊ အမောင်ယောကျ်ား အဘယ်သို့လျှင် သင် စိတ်ပျံ့လွင့်သနည်း၊သင်မြင်သော အရာသည် လောက၌ စိုးစဉ်းမျှ မရှိသလောဟု မေးကြ၏။ အသျှင်တို့ ဤအရပ်၌ ငါသည် လောကစိန္တာကို ကြံအံ့ ဟု ရာဇဂြိုဟ်ပြည်မှ ထွက်ခဲ့၍ သုမာဂဓရေကန်ရှိရာသို့ ချဉ်းကပ်ပြီးလျှင် သုမာဂဓရေကန်ကမ်းနား၌ လောကစိန္တာကို ကြံလျက် ထိုင်နေပါ၏၊ အရှင်တို့ ငါသည် သုမာဂဓ ရေကန်ကမ်းနား၌ ကြာစွယ်ကြာရင်းသို့ ဝင်သွားသော အင်္ဂါ

http://www.dhammadownload.com



လေးပါးရှိသော စစ်သည်ကို မြင်ရပါ၏၊ အရှင်တို့ ငါသည် ဤသို့လျှင် ရှုပါ၏၊ ဤသို့လျှင် စိတ်ပျံ့လွင့်ပါ၏၊ငါမြင်သော ဤအရာသည်လည်း လောကဌ်မရှိဟု ပြောကြား၏။အမောင်ယောကျ်ား သင်သည် အမှန် ရူးလေပြီ၊ အမှန် စိတ်ပျံ့လွင့်လေပြီ၊သင် မြင်သော ဤအရာသည်လည်း လောကဌ် မရှိ”ဟု ပြောကုန်၏။

ရဟန်းတို့ ထိုယောကျ်ားသည် အမှန်ကိုသာ မြင်၏၊ မမှန်ကို မြင်သည် မဟုတ်။ ရဟန်းတို့ ရှေးကဖြစ်ဘူးသည်ကား နတ်နှင့်အသုရာတို့ စစ်ပွဲသည် ရင်ဆိုင် ချီတက်ခဲ့ဘူး၏၊ ရဟန်းတို့ ထိုစစ်ပွဲ၌ နတ်တို့ အောင်မြင်ကုန်၏၊ အသုရာတို့ ရှုံးနိမ့်ကုန်၏၊ ရဟန်းတို့ ရှုံးနိမ့်သော အသုရာတို့သည် ကြောက်လန့်ကုန်သည်ဖြစ်၍ နတ်တို့ကို မိန်းမော တွေဝေစေလျက် ကြာစွယ် ကြာရင်းဖြင့် အသုရာပြည်သို့ ဝင်ကုန်၏။

ရဟန်းတို့ ထို့ကြောင့် လောကသည် မြဲ၏ဟုရင်း လောကသည် မမြဲဟုရင်း လောကသည် အဆုံးရှိ၏ဟုရင်း လောကသည် အဆုံးမရှိဟုရင်း ထိုအသက်သည်ပင် ထိုကိုယ်ဖြစ်၏ဟုရင်း အသက်သည် တခြား ကိုယ်သည်တခြားဟုရင်း သတ္တဝါသည် သေပြီးသည်မှ နောက်၌ ဖြစ်၏ဟုရင်း သတ္တဝါသည် သေပြီးသည်မှ နောက်၌ မဖြစ်ဟုရင်း သတ္တဝါသည် သေပြီးသည်မှနောက်၌ ဖြစ်လည်းဖြစ် မဖြစ်လည်း မဖြစ်ဟုရင်း သတ္တဝါသည် သေပြီးသည်မှနောက်၌ ဖြစ်သည်လည်း မဟုတ် မဖြစ်သည်လည်း မဟုတ်ဟုရင်း လောကစိန္တာကို မကြံကုန်ရာ။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ ဤအကြံသည် အကျိုးစီးပွါးနှင့် မစပ်၊ မဂ်ဟူသော အကျင့်မြတ်၏ အစမဟုတ်၊ ငြီးငွေ့ရန် တပ်မက်မှုကင်းရန် ချုပ်ရန် ငြိမ်းအေးရန် ထိုးထွင်း၍ သိရန် ကိုယ်တိုင်သိရန် တဏှာမှ ထွက်မြောက်ရန် မဖြစ်။

ရဟန်းတို့ သင်တို့ ကြံစည်လိုကုန်သည်ရှိသော်“ဤကား ဆင်းရဲတည်း”ဟု ကြံစည်ကုန်ရာ၏။ပ။ “ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ရောက်ကြောင်း အကျင့်တည်း”ဟု ကြံစည်ကုန်ရာ၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ ဤ အကြံအစည်သည် အကျိုးစီးပွါးနှင့် စပ်၏၊ ဤအကြံအစည်သည် မဂ်တည်းဟူသော အကျင့်မြတ်၏ အစဖြစ်၏၊ ဤအကြံအစည်သည် ငြီးငွေ့ရန် တပ်မက်မှုကင်းရန် ချုပ်ရန် ငြိမ်းအေးရန် ထိုးထွင်း၍သိရန် ကိုယ်တိုင်သိရန် တဏှာမှ ထွက်မြောက်ရန် ဖြစ်၏။

ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ “ဤကား ဆင်းရဲတည်း” ဟု သိရန် အားထုတ်ရမည်။ပ။“ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) သို့ရောက်ကြောင်း အကျင့်တည်း”ဟု သိရန်အားထုတ်ရမည်ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

---

## ၂-ပပါတသုတ်

၁၁၂။ အခါတပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ (သီတင်းသုံး) နေတော်မူ၏၊ ထို အခါ မြတ်စွာဘုရားသည် “ရဟန်းတို့ နေ့သန့်စင်ရန် ပဋိဘာနတောင်ထွတ်သို့ သွားကြကုန်အံ့”ဟု ရဟန်းတို့ကို မိန့်တော်မူလတ်သော် “ကောင်းပါပြီ အသျှင်ဘုရား” ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရားအား ပြန်လျှောက်ကြကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည် များစွာကုန်သော ရဟန်းတို့နှင့်အတူ ပဋိဘာနတောင်ထွတ်သို့ ချဉ်းကပ်တော်မူ၏၊ ရဟန်းတပါးသည်

http://www.dhammadownload.com



ပဋိဘာနတောင်ထွတ်၌ ကြီးစွာသော ကျောက်ကမ်းပါးကို မြင်ရ၍ မြတ်စွာဘုရားအား "အသျှင်ဘုရား ဤကျောက်ကမ်းပါးသည် ကြီးလေစွ၊ အသျှင်ဘုရား ဤကျောက်ကမ်းပါးသည် အလွန်ကြောက်မက်ဖွယ်ကောင်းလေစွ၊ အသျှင်ဘုရား ဤကျောက်ကမ်းပါးထက် ပို၍လည်း ကြီးသော ပို၍လည်း ကြောက်မက်ဖွယ် ကောင်းသော အခြားသော ကျောက်ကမ်းပါးသည် ရှိပါသေးသလော"ဟု ဤစကားကို လျှောက်၏။ ရဟန်း ဤကျောက်ကမ်းပါးထက် ပို၍လည်း ကြီးသော ပို၍လည်း ကြောက်မက်ဖွယ်ကောင်းသော အခြားသော ကျောက်ကမ်းပါးသည် ရှိသေး၏ဟု မိန့်တော်မူ၏။

အသျှင်ဘုရား ဤကျောက်ကမ်းပါးထက် ပို၍လည်း ကြီးသော ပို၍လည်း ကြောက်မက်ဖွယ် ကောင်းသော အခြားသော ကျောက်ကမ်းပါးသည် အဘယ်ပါနည်း ဟု လျှောက်၏။ ရဟန်း "ဤကား ဆင်းရဲဘည်း"ဟု ဟုတ်တိုင်းမှန်စွာ မသိကြသူ "ဤကား ဆင်းရဲဖြစ်ပေါ် ကြောင်းတည်း" ဟု ဟုတ်တိုင်းမှန်စွာ မသိကြသူ "ဤကား ဆင်းရဲချုပ်ရာ နိဗ္ဗာန်တည်း"ဟု ဟုတ်တိုင်း မှန်စွာ မသိကြသူ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း"ဟု ဟုတ်တိုင်းမှန်စွာ မသိကြသူ ထိုသမဏဗြာဟ္မဏဟူသမျှတို့သည် ပဋိသန္ဓေနေမှု 'ဇာတိ'ကို ဖြစ်စေတတ်ကုန်သော ပြုစီရင်မှု 'သင်္ခါရ' တို့၌ မွေ့လျော်ကုန်၏၊ အိုမှု 'ဇရာ' ကို ဖြစ်စေဘတ်ကုန်သော ပြုစီရင်မှု 'သင်္ခါရ' တို့၌ မွေ့လျော်ကုန်၏၊ သေမှု 'မရဏ' ကို ဖြစ်စေတတ်ကုန်သော ပြုစီရင်မှု 'သင်္ခါရ' တို့၌ မွေ့လျော်ကုန်၏၊ ပူဆွေးမှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု နှလုံးမသာမှု ပြင်းစွာ စိုးရိမ်မှုတို့ကို ဖြစ်စေတတ်ကုန်သော ပြုစီရင်မှု 'သင်္ခါရ' တို့၌ မွေ့လျော်ကုန်၏။ ထိုသမဏဗြာဟ္မဏတို့သည် ပဋိသန္ဓေနေမှု 'ဇာတိ'ကို ဖြစ်စေတတ်ကုန်သော သင်္ခါရတို့၌ မွေ့လျော်ကုန်သောကြောင့် အိုမှု 'ဇရာ'ကို ဖြစ်စေတတ်ကုန်သော သင်္ခါရတို့၌ မွေ့လျော်ကုန်သောကြောင့် သေမှု 'မရဏ' ကို ဖြစ်စေတတ်ကုန်သော သင်္ခါရတို့၌ မွေ့လျော်ကုန်သောကြောင့် ပူဆွေးမှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု နှလုံးမသာမှု ပြင်းစွာ စိုးရိမ်မှုဘို့ကို ဖြစ်စေတတ်ကုန်သော သင်္ခါရဘို့၌ မွေ့လျော်ကုန်သောကြောင့် ပဋိသန္ဓေနေမှု 'ဇာတိ'ကို ဖြစ်စေတတ်ကုန်သော သင်္ခါရတို့ကိုလည်း ပြုစီရင်ကုန်၏၊ အိုမှု 'ဇရာ'ကို ဖြစ်စေတတ်ကုန်သော သင်္ခါရတို့ကိုလည်း ပြုစီရင်ကုန်၏၊ သေမှု 'မရဏ'ကို ဖြစ်စေတတ်ကုန်သော သင်္ခါရတို့ကိုလည်း ပြုစီရင်ကုန်၏၊ စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု နှလုံးမသာမှု ပြင်းစွာ ပင်ပန်းမှုဘို့ကို ဖြစ်စေတတ်ကုန်သော သင်္ခါရဘို့ကိုလည်း ပြုစီရင်ကုန်၏။

ထိုသူတို့သည် ပဋိသန္ဓေနေမှု 'ဇာတိ'ကို ဖြစ်စေတတ်ကုန်သော ကံသင်္ခါရတို့ကိုလည်း ပြုစီရင်၍ အိုမှုကို ဖြစ်စေတတ်ကုန်သော ကံ သင်္ခါရတို့ကိုလည်း ပြုစီရင်၍ သေမှု 'မရဏ' ကို ဖြစ်စေတတ်ကုန်သော ကံသင်္ခါရတို့ကိုလည်း ပြုစီရင်၍ စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု နှလုံးမသာမှု ပြင်းစွာပင်ပန်းမှုကို ဖြစ်စေတတ်ကုန်သော ကံသင်္ခါရတို့ကိုလည်း ပြုစီရင်၍ ပဋိသန္ဓေနေမှု 'ဇာတိ' ကျောက်ကမ်းပါးသို့လည်း ကျရကုန်၏၊ အိုမှု ကျောက်ကမ်းပါးသို့လည်း ကျရကုန်၏၊ သေမှုကျောက်ကမ်းပါးသို့လည်း ကျရကုန်၏၊ စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု နှလုံးမသာမှု ပြင်းစွာပင်ပန်းမှု ကျောက်ကမ်းပါးသို့လည်း ကျရကုန်၏။ ထိုသူတို့သည် ပဋိသန္ဓေနေမှု အိုမှု သေမှု စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု နှလုံးမသာမှု ပြင်းစွာ ပင်ပန်းမှုဟူသော ဆင်းရဲအပေါင်းမှ မလွတ်ကုန်ဟု ငါဆို၏။

ရဟန်းတို့ "ဤကား ဆင်းရဲတည်း"ဟု ဟုတ်တိုင်းမှန်စွာ သိကြသူ။ပ။ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်တည်း"ဟု ဟုတ်တိုင်းမှန်စွာ သိကြသူ သမဏဗြာဟ္မဏဟူ

http://www.dhammadownload.com



သမျှတို့သည် ပဋိသန္ဓေနေမှု 'ဇာတိ'ကို ဖြစ်စေတတ်ကုန်သော ကံသင်္ခါရတို့၌ မမွေ့လျော်ကုန်၊ အိုမှုကို ဖြစ်စေတတ်ကုန်သော ကံသင်္ခါရတို့၌ မမွေ့လျော်ကုန်၊ သေမှုကို ဖြစ်စေတတ်ကုန်သော ကံသင်္ခါရတို့၌ မမွေ့လျော်ကုန် စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု နှလုံးမသာမှု ပြင်းစွာ ပင်ပန်းမှုတို့ကို ဖြစ်စေတတ်ကုန်သော ကံသင်္ခါရတို့၌ မမွေ့လျော်ကုန်။ ထိုသမဏဗြာဟ္မဏတို့သည် ပဋိသန္ဓေနေမှုကို ဖြစ်စေတတ်ကုန်သော ကံသင်္ခါရတို့၌ မမွေ့လျော်ကုန်သောကြောင့် အိုမှုကို ဖြစ်စေတတ်ကုန်သော ကံသင်္ခါရတို့၌ မမွေ့လျော်ကုန်သောကြောင့် သေမှုကို ဖြစ်စေတတ်ကုန်သော ကံသင်္ခါရတို့၌ မမွေ့လျော်ကုန်သောကြောင့် စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု နှလုံးမသာမှု ပြင်းစွာပင်ပန်းမှုတို့ကို ဖြစ်စေတတ်ကုန်သော ကံသင်္ခါရတို့၌ မမွေ့လျော်ကုန်သောကြောင့် ပဋိသန္ဓေနေမှုကို ဖြစ်စေတတ်ကုန်သော ကံသင်္ခါရတို့ကိုလည်း မပြုစီရင်ကုန်၊ အိုမှုကို ဖြစ်စေတတ်ကုန်သော ကံသင်္ခါရတို့ကိုလည်း မပြုစီရင်ကုန်၊ သေမှုကို ဖြစ်စေတတ်ကုန်သော ကံသင်္ခါရတို့ကိုလည်း မပြုစီရင်ကုန်၊ စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု နှလုံးမသာမှု ပြင်းစွာပင်ပန်းမှုတို့ကို ဖြစ်စေတတ်ကုန်သော ကံသင်္ခါရတို့ကိုလည်း မပြုစီရင်ကုန်။ ထိုသူတို့သည် ပဋိသန္ဓေနေမှုကို ဖြစ်စေတတ်ကုန်သော ကံသင်္ခါရတို့ကိုလည်း မပြုစီရင်သောကြောင့် အိုမှုကို ဖြစ်စေတတ်ကုန်သော ကံသင်္ခါရတို့ကိုလည်း မပြုစီရင်သောကြောင့် သေမှုကို ဖြစ်စေတတ်ကုန်သော ကံသင်္ခါရတို့ကိုလည်း မပြုစီရင်သောကြောင့် စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု နှလုံးမသာမှု ပြင်းစွာပင်ပန်းမှုတို့ကို ပြုစီရင်တတ်ကုန်သော ကံသင်္ခါရတို့ကိုလည်း မပြုစီရင်သောကြောင့် ပဋိသန္ဓေနေမှု ချောက်ကမ်းပါး၌လည်း မကျရကုန်၊ အိုမှုချောက်ကမ်းပါး၌လည်း မကျရကုန်၊ သေမှု ချောက်ကမ်းပါး၌လည်း မကျရကုန်၊ စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု နှလုံးမသာမှု ပြင်းစွာပင်ပန်းမှု ချောက်ကမ်းပါး၌လည်း မကျရကုန်။ ထိုသူတို့သည် ပဋိသန္ဓေနေမှု အိုမှု သေမှု ပူဆွေးမှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု နှလုံးမသာမှု ပြင်းစွာ ပင်ပန်းမှုဟူသော ဆင်းရဲအပေါင်းမှ လွတ်ရကုန်၏ဟု ငါဟော၏။

ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ "ဤကား ဆင်းရဲတည်း"ဟု သိရန် အားထုတ်ရမည်။ပ။ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း"ဟု သိရန် အားထုတ်ရမည်ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-မဟာပရိဠာဟသုတ်

၁၁၁၃။ ရဟန်းတို့ မဟာပရိဠာဟ[၁]မည်သော ငရဲသည် ရှိ၏၊ ထိုငရဲ၌ အဆင်းဟူသမျှကို မျက်စိဖြင့် မြင်ရသည်ရှိသော် မလိုလားဖွယ် အဆင်းကိုသာ မြင်ရ၏၊ လိုလားဖွယ် အဆင်းကို မမြင်ရ၊ မနှစ်ခြိုက်ဖွယ် အဆင်းကိုသာ မြင်ရ၏၊ နှစ်ခြိုက်ဖွယ်အဆင်းကို မမြင်ရ၊ မမြတ်နိုးဖွယ် အဆင်းကိုသာ မြင်ရ၏၊ မြတ်နိုးဖွယ်အဆင်းကို မမြင်ရ၊ အသံဟူသမျှကို နားဖြင့်ကြားရသည် ရှိသော်။ပ။ တွေ့ထိမှုဟူသမျှကို ကိုယ်ဖြင့် တွေ့ထိရသည်ရှိသော်။ပ။ သဘောတရားဟူသမျှကို စိတ်ဖြင့် သိရသည်ရှိသော် မလိုလားဖွယ် သဘောကိုသာ သိရ၏၊ လိုလားဖွယ်သဘောကို မသိရ၊ မနှစ်ခြိုက်ဖွယ်သဘောကိုသာ သိရ၏၊ နှစ်ခြိုက်ဖွယ်သဘောကို မသိရ၊ မမြတ်နိုးဖွယ်သဘောကိုသာ

---

၁· မဟာ = ကြီးသော (ပြင်းထန်သော) - ပရိဠာဟ = ပူပန်ခြင်း။ ကြီးကျယ်ပြင်းထန်သော ပူပန်ခြင်းရှိသော ငရဲ။

http://www.dhammadownload.com



သိရ၏၊ မြတ်နိုးဖွယ်သဘောကို မသိရဟု မိန့်တော်မူလတ်သော် ရဟန်းတပါးသည် မြတ်စွာဘုရားအား "အသျှင်ဘုရား ထိုပူလောင်ခြင်းသည် ကြီးလေစွ၊ အသျှင်ဘုရား ထိုပူလောင်ခြင်းသည် အလွန်ကြီးလေစွ၊ အသျှင်ဘုရား ထိုပူလောင်ခြင်းထက် ပို၍လည်းကြီးသော ပို၍လည်း ကြောက်ဖွယ်ကောင်းသော အခြားသောပူလောင်ခြင်းသည် ရှိပါသေးသလော"ဟု လျှောက်၏။

ရဟန်းတို့ ထိုပူလောင်ခြင်းထက် ပို၍လည်းကြီးသော ပို၍လည်း ကြောက်ဖွယ်ကောင်းသော အခြားသော ပူလောင်ခြင်းသည် ရှိသေး၏ဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား ထိုပူလောင်ခြင်းထက် ပို၍လည်း ကြီးသော ပို၍လည်း ကြောက်ဖွယ် ကောင်းသော အခြားသော ပူလောင်ခြင်းဟူသည် အဘယ်ပါနည်း။ ရဟန်းတို့ "ဤကား ဆင်းရဲတည်း"ဟု ဟုတ်တိုင်းမှန်စွာ မသိကြသူ။ပ။ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း"ဟု ဟုတ်တိုင်းမှန်စွာ မသိကြသူ သမဏဗြာဟ္မဏဟူသမျှတို့သည် ပဋိသန္ဓေနေမှုကို ဖြစ်စေတတ်ကုန်သော ကံသင်္ခါရတို့၌ မွေ့လျော်ကုန်၏။ပ။ မွေ့လျော်ကုန်သည်ဖြစ်၍။ပ။ ပြုစီရင်ကုန်၏၊ ပြုစီရင်သည်ဖြစ်၍။ပ။ ပဋိသန္ဓေနေမှု အပူဖြင့်လည်း ပူလောင်ကုန်၏၊ အိုမှုအပူဖြင့်လည်း ပူလောင်ကုန်၏၊ သေမှုအပူဖြင့်လည်း ပူလောင်ကုန်၏၊ စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု နှလုံးမသာမှု ပြင်းစွာပင်ပန်းမှု အပူဖြင့်လည်း ပူလောင်ကုန်၏။ ထိုသူတို့သည် ပဋိသန္ဓေနေမှု အိုမှု သေမှု စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု နှလုံးမသာမှု ပြင်းစွာပင်ပန်းမှုတို့ဟူသော ဆင်းရဲမှ မလွတ်ကုန်ဟု ငါဆို၏။

ရဟန်းတို့ "ဤကား ဆင်းရဲတည်း"ဟု ဟုတ်တိုင်းမှန်စွာ သိကြသူ။ပ။ "ဤကား ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း"ဟု ဟုတ်တိုင်းမှန်စွာ သိကြသူ သမဏဗြာဟ္မဏဟူသမျှတို့သည် ပဋိသန္ဓေနေမှုကို ဖြစ်စေတတ်ကုန်သော ကံသင်္ခါရတို့၌ မမွေ့လျော်ကုန်။ပ။ မမွေ့လျော်ကုန်သည်ဖြစ်၍။ပ။ မပြုစီရင်ကုန်၊ မပြုစီရင်သည်ဖြစ်၍ ပဋိသန္ဓေနေမှု အပူဖြင့်လည်း မပူလောင်ကုန်၊ အိုမှုအပူဖြင့်လည်း မပူလောင်ကုန်၊ သေမှုအပူဖြင့်လည်း မပူလောင်ကုန်၊ စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု နှလုံးမသာမှု ပြင်းစွာပင်ပန်းမှု အပူဖြင့်လည်း မပူလောင်ကုန်။ ထိုသူတို့သည် ပဋိသန္ဓေနေမှု အိုမှု သေမှု စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု နှလုံးမသာမှု ပြင်းစွာပင်ပန်းမှုဟူသော ဆင်းရဲမှ လွတ်ကုန်၏ဟု ငါဆို၏။

ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ "ဤကား ဆင်းရဲတည်း"ဟု သိရန် အားထုတ်ရမည်။ပ။ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း"ဟု သိရန် အားထုတ်ရမည်ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-ကူဋာဂါရသုတ်

**၁၁၁၄။ ရဟန်းတို့ "ငါသည် ဆင်းရဲဖြစ်သော အရိယာတို့၏ အမှန်တရားကို ဟုတ်တိုင်းမှန်စွာ မသိမူ၍။ပ။ ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ဖြစ်သော အရိယာတို့၏ အမှန်တရားကို ဟုတ်တိုင်းမှန်စွာ မသိမူ၍ ကောင်းစွာ ဆင်းရဲ၏အဆုံးကို ပြုအံ့"ဟု ပြောဆိုနိုင်ရာသော အကြောင်းမရှိ။**

http://www.dhammadownload.com



ရဟန်းတို့ ဥပမာသော်ကား "ငါသည် ပြာသာဒ်ဆောင်တပ်သော အိမ်၏ အောက်ပိုင်းကို မဆောက်လုပ်သေးမူ၍ အထက်ပိုင်းကို တင်အံ့"ဟု ပြောဆိုနိုင်ရာသော အကြောင်းသည် မရှိ။ ရဟန်းတို့ ဤအတူပင် "ငါသည် ဆင်းရဲဖြစ်သော အရိယာတို့၏ အမှန်တရားကို ဟုတ်တိုင်းမှန်စွာ မသိမူ၍။ပ။ ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) သို့ ရောက်ကြောင်း အကျင့်ဖြစ်သော အရိယာတို့၏ အမှန်တရားကို ဟုတ်တိုင်းမှန်စွာ မသိမူ၍ ကောင်းစွာဆင်းရဲ၏ အဆုံးကိုပြုအံ့"ဟု ပြောဆိုနိုင်ရာသော အကြောင်းမရှိ။

ရဟန်းတို့ "ငါသည် ဆင်းရဲဖြစ်သော အရိယာတို့၏ အမှန်တရားကို သိ၍။ပ။ ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ဖြစ်သော အရိယာတို့၏ အမှန်တရားကို သိ၍ ကောင်းစွာ ဆင်းရဲ၏ အဆုံးကို ပြုအံ့"ဟု ပြောဆိုနိုင်ရာသော အကြောင်းသည် ရှိ၏။

ရဟန်းတို့ ဥပမာသော်ကား "ငါသည် ပြာသာဒ်ဆောင်တပ်သော အိမ်၏ အောက်ပိုင်းကို ဆောက်လုပ်ပြီး၍ အထက်ပိုင်းကို တင်အံ့"ဟု ပြောဆိုနိုင်ရာသော အကြောင်းသည် ရှိ၏၊ ရဟန်းတို့ ဤအတူပင် "ငါသည် ဆင်းရဲဖြစ်သော အရိယာတို့၏ အမှန်တရားကို သိ၍။ပ။ ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ဖြစ်သော အရိယာတို့၏ အမှန်တရားကို သိ၍ ကောင်းစွာ ဆင်းရဲ၏အဆုံးကို ပြုအံ့"ဟု ပြောဆိုနိုင်ရာသော အကြောင်းသည် ရှိ၏။

ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ "ဤကား ဆင်းရဲတည်း"ဟု သိရန် အားထုတ်ရမည်။ပ။ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း"ဟု သိရန် အားထုတ်ရမည်ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

## ၅-ဝါလသုတ်

၁၁၁၅။ အခါတပါး၌ မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တော ပြာသာဒ်ဆောင် ပေါက်သောကျောင်း၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ အသျှင်အာနန္ဒာသည် နံနက်အချိန် သင်္ကန်းကိုပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူဆောင်ပြီးလျှင် ဝေသာလီပြည်သို့ ဆွမ်းခံဝင်၏၊ အသျှင် အာနန္ဒာသည် မင်းကွန်း၌ မြားပစ်အတတ်ကို ပြုလုပ် (လေ့ကျင့်)ကုန်သော ဝေးသောအရပ်မှပင် မြားကို သေးငယ်သော သံကောက်ပေါက်ဖြင့် အဆင့်ဆင့် မလွဲမချော်ဝင်၍ ကျစေနိုင်ကုန်သော များစွာသော လိစ္ဆဝီမင်းသားငယ်တို့ကို တွေ့မြင်ရ၍ "ဤလိစ္ဆဝီမင်းသားငယ်တို့သည် (လေး အတတ်ကို) တတ်မြောက် ပေကုန်စွတကား၊ ဤလိစ္ဆဝီမင်းသားငယ်တို့သည် ကောင်းစွာ တတ်မြောက်ပေကုန်စွတကား၊ဝေးသောအရပ်မှပင် မြားကို သေးငယ်သော သံကောက်ပေါက်ဖြင့် အဆင့်ဆင့် မလွဲမချော်ဝင်၍ ကျစေနိုင်ကြပါပေစွ"ဟု အကြံဖြစ်၏။

ထို့နောက် အသျှင်အာနန္ဒာသည် ဝေသာလီပြည်၌ ဆွမ်းခံလှည့်လည်၍ ဆွမ်းစားပြီးနောက် ဆွမ်းခံရွာမှ ဖဲခွါခဲ့ကာ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသော နေရာ၌ ထိုင်နေလျက် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏ "အသျှင်ဘုရား အကျွန်ုပ်သည် ဤနေ့နံနက်အချိန် သင်္ကန်းကို ပြင်ဝတ်၍ သပိတ်သင်္ကန်းကိုဆောင်ယူလျက် ဝေသာလီပြည်သို့ ဆွမ်းခံဝင်ပါ၏၊ အသျှင်ဘုရား အကျွန်ုပ်သည် မင်းကွန်း၌ မြားပစ်အတတ်ကို ပြုလုပ် (လေ့ကျင့်) ကုန်သော ဝေးသောအရပ်မှပင် မြားကို သေးငယ်သော သံကောက်ပေါက်ဖြင့် အဆင့်ဆင့် မလွဲ

http://www.dhammadownload.com



မချော် ဝင်၍ကျစေနိုင်ကုန်သော များစွာသော လိစ္ဆဝီမင်းသားငယ်တို့ကို တွေ့မြင်ရ၍ 'ဤလိစ္ဆဝီမင်းသားငယ်တို့သည် (လေးအတတ်ကို) တတ်မြောက်ပေကုန်စွတကား၊ ဤလိစ္ဆဝီမင်းသားငယ်တို့သည် ကောင်းစွာ တတ်မြောက်ပေကုန်စွတကား၊ ဝေးသောအရပ်မှပင် မြှားကို သေးငယ်သော သံကောက်ပေါက်ဖြင့် အဆင့်ဆင့် မလွဲမချော်ဝင်၍ ကျစေနိုင်ကြပါပေစွ'ဟု အကျွန်ုပ်အား အကြံဖြစ်ပါသည်ဟု (ဤစကားကို လျှောက်၏)။

အာနန္ဒာ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ အကြင်သူသည် ဝေးသော အရပ်မှပင် မြှားကို သေးငယ်သော သံကောက်ပေါက်ဖြင့် အဆင့်ဆင့် မလွဲမချော်ဝင်၍ ကျစေနိုင်ရာ၏၊အကြင်သူသည်ကား ခုနစ်စိတ် ခွဲစိတ်ထားသော သားမြီးဖျား အချင်းချင်း (အဖျားဖြင့် အဖျားကို) ထိုးဖောက်နိုင်ရာ၏၊ (ဤနှစ်မျိုးတွင်)အဘယ်က ပို၍ ခဲယဉ်းသနည်းဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား အကြင်သူသည် ခုနစ်စိတ် ခွဲစိတ်ထားသော သားမြီးဖျား အချင်းချင်း(အဖျားဖြင့်အဖျားကို) ထိုးဖောက်နိုင်ရာ၏၊ ဤအရာကသာလျှင် ပို၍ခဲယဉ်းပါ၏ဟု(လျှောက်၏)။ အာနန္ဒာ စင်စစ်အားဖြင့် "ဤကား ဆင်းရဲတည်း"ဟု ဟုတ်တိုင်းမှန်စွာ သိကြသူ။ပ။ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း"ဟု ဟုတ်တိုင်းမှန်စွာ သိကြသူတို့သည် ပို၍ ထိုးထွင်းသိနိုင်ခဲသော အရာကို ထိုးထွင်းသိကုန်၏။

အာနန္ဒာ ထို့ကြောင့် ဤသာသနာတော်၌ "ဤကား ဆင်းရဲတည်း"ဟု သိရန် အားထုတ်ရမည်။ပ။ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း"ဟု သိရန် အားထုတ်ရမည်ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

---

## ၆-အန္ဓကာရသုတ်

၁၁၁၆။ ရဟန်းတို့ ဆင်းရဲ၍ အပိတ်အပင်မရှိ ဟင်းလင်းပွင့်လျက် အမိုက်မှောင်အတိဖြစ်ကုန်သော လောကန္တရိက်ငရဲတို့သည် ရှိကုန်၏၊ ယင်းငရဲ၌ ဤမျှ တန်ခိုးအာနုဘော်ကြီးကုန်သော လ နေ တို့၏ အရောင်ကို မခံစားရကုန်ဟု မိန့်တော်မူလတ်သော် ရဟန်းတပါးသည် မြတ်စွာဘုရားအား "အသျှင်ဘုရား ထိုအမှောင်သည် ကြီးပေစွတကား၊ အသျှင်ဘုရား ထိုအမှောင်သည် အလွန်ကြီးပေစွတကား၊ အသျှင်ဘုရား ထိုအမှောင်ထက် ပို၍လည်းကြီးသော ပို၍လည်းကြောက်ဖွယ်ကောင်းသော အခြားသော အမှောင်သည် ရှိပါသေးသလော"ဟု လျှောက်၏။ ရဟန်း ထိုအမှောင်ထက် ပို၍လည်းကြီးသော ပို၍လည်းကြောက်ဖွယ်ကောင်းသော အခြားသော အမှောင်သည် ရှိသေး၏ဟု (မိန့်တော်မူ၏)။

အသျှင်ဘုရား ထိုအမှောင်ထက် ပို၍လည်းကြီးသော ပို၍လည်း ကြောက်ဖွယ်ကောင်းသော အခြားသော အမှောင်ဟူသည် အဘယ်ပါနည်းဟု (လျှောက်၏)။ ရဟန်း "ဤကား ဆင်းရဲတည်း"ဟု ဟုတ်တိုင်းမှန်စွာ မသိကြသူ။ပ။"ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း"ဟု ဟုတ်တိုင်းမှန်စွာ မသိကြသူ သမဏဗြာဟ္မဏဟူသမျှတို့သည် ပဋိသန္ဓေနေမှုကို ဖြစ်စေတတ်ကုန်သော ကံသင်္ခါရတို့၌ မွေ့လျော်ကုန်၏။ပ။မွေ့လျော်ကုန်သည်ဖြစ်၍ ပြုစီရင်ကုန်၏။ပ။ ပြုစီရင်ကုန်သည်ဖြစ်၍ ပဋိသန္ဓေနေမှု အမှောင်၌လည်း ကျကုန်၏၊ အိုမှုအမှောင်၌လည်း ကျကုန်၏၊ သေမှုအမှောင်၌လည်း ကျကုန်၏၊ စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု နှလုံး

http://www.dhammadownload.com



မသာမှု ပြင်းစွာပင်ပန်းမှု အမှောင်၌လည်း ကျကုန်၏။ ထိုသူတို့သည် ပဋိသန္ဓေနေမှု အိုမှု သေမှု စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု နှလုံးမသာမှု ပြင်းစွာပင်ပန်းမှုဟူသော ဆင်းရဲမှ မလွတ်ရကုန်ဟု ငါဆို၏။

ရဟန်းတို့ "ဤကား ဆင်းရဲတည်း"ဟု ဟုတ်တိုင်းမှန်စွာ သိကြသူ။ပ။"ဤကား ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း"ဟု ဟုတ်တိုင်းမှန်စွာ သိကြသူ ထိုသမဏဗြာဟ္မဏဟူသမျှတို့သည် ပဋိသန္ဓေနေမှုကို ဖြစ်စေတတ်ကုန်သော ပြုစီရင်မှု 'သင်္ခါရ'တို့၌ မမွေ့လျော်ကုန်။ပ။မမွေ့လျော်ကုန်သည်ဖြစ်၍ မပြုစီရင်ကုန်။ပ။မပြုစီရင်ကုန်သည်ဖြစ်၍ ပဋိသန္ဓေနေမှု အမှောင်၌လည်း မကျကုန်၊ အိုမှု အမှောင်၌လည်း မကျကုန်၊ သေမှု အမှောင်၌လည်း မကျကုန်၊ စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု နှလုံးမသာမှု ပြင်းစွာပင်ပန်းမှု အမှောင်တို့၌လည်း မကျကုန်။ ထိုသူတို့သည် ပဋိသန္ဓေနေမှု အိုမှု သေမှု စိုးရိမ်မှု ငိုကြွေးမှု ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု နှလုံးမသာမှု ပြင်းစွာပင်ပန်းမှုဟူသော ဆင်းရဲမှလွတ်ကုန်၏ဟု ငါဆို၏။

ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ "ဤကား ဆင်းရဲတည်း"ဟု သိရန် အားထုတ်ရမည်။ပ။"ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း"ဟု သိရန် အားထုတ်ရမည်ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-ပဥ္စမ ဆိဂ္ဂဠယုဂသုတ်

၁၁၁၇။ ရဟန်းတို့ ဥပမာသော်ကား ယောကျ်ား (တယောက်)သည် မဟာသမုဒြာ၌ အပေါက်တခုရှိသော ထမ်းပိုးကို ပစ်ချရာ၏၊ ထိုသမုဒြာ၌လည်း လိပ်ကန်းသည် ရှိရာ၏၊ ထိုလိပ်ကန်းသည် အနှစ်တရာ အနှစ်တရာ ကုန်လွန်သောအခါ၌ တကြိမ်တကြိမ် ပေါ်ရာ၏။ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊စင်စစ်အားဖြင့် အနှစ်တရာ အနှစ်တရာ ကုန်လွန်သော အခါ၌ တကြိမ်တကြိမ်ပေါ်သော လိပ်ကန်းသည် ဤအပေါက်တခုသာရှိသော ထမ်းပိုး၌ လည်ပင်းစွပ်နိုင်ရာသလောဟု (မိန့်တော်မူ၏)။ အသျှင်ဘုရား ရှည်ကြာသော ကာလကုန်လွန်သည် ရှိသော် တခါတရံ စွပ်နိုင်ကောင်းတန်ရာပါ၏ဟု (လျှောက်ကုန်၏)။

ရဟန်းတို့ အနှစ်တရာ အနှစ်တရာကုန်လွန်သောအခါ တကြိမ်တကြိမ်ပေါ်သော ထိုလိပ်ကန်းသည် ဤအပေါက်တခုသာရှိသော ထမ်းပိုး၌ လည်ပင်းစွပ်မိနိုင်ခြင်းက ပို၍မြန်ရာသေး၏၊ တကြိမ်မျှ (အပါယ်သို့) ပျက်စီးကျရောက်သွားသော လူမိုက်သည် လူအဖြစ်ကိုရရန် မလွယ်ကူတော့ချေဟု ငါဆို၏။

ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ ဤအပါယ်ဘုံ၌ တရားနှင့်အညီကျင့်ခြင်း မျှမျှတတကျင့်ခြင်း ကုသိုလ်ကောင်းမှုကိုပြုခြင်းသည် မရှိ၊ အချင်းချင်းစားခြင်း အားနည်းသူကို စားခြင်းသည်သာ ဖြစ်၏၊ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ အရိယာတို့၏ အမှန်တရား သစ္စာလေးပါးတို့ကို မမြင်ခြင်းကြောင့်တည်း။ အဘယ်လေးပါးတို့နည်း၊ ဆင်းရဲဖြစ်သော အရိယာတို့၏ အမှန်တရား။ပ။ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ဖြစ်သော အရိယာတို့၏ အမှန်တရားတို့တည်း။

http://www.dhammadownload.com



ရဟန်းတို့ ထိုကြောင့် ဤသာသနာတော်၌ "ဤကား ဆင်းရဲတည်း"ဟု သိရန် အားထုတ်ရမည်။ပ။"ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း"ဟု သိရန် အားထုတ်ရမည်ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

---

## ၈-ဒုတိယ ဆိဂ္ဂဠယုဂသုတ်

၁၁၁၈။ ရဟန်းတို့ ဥပမာသော်ကား ဤမြေကြီးသည် ရေတပြင်တည်း ဖြစ်ရာ၏၊ ထိုရေအပြင်၌ ယောက်ျား(တယောက်)သည် အပေါက်တခုသာရှိသော ထမ်းပိုးကိုပစ်ချရာ၏၊ထိုထမ်းပိုးကို အရှေ့လေသည် အနောက်သို့ တိုက်ခတ် ဆောင်ယူသွားရာ၏။ အနောက်လေသည် အရှေ့သို့ တိုက်ခတ် ဆောင်ယူသွားရာ၏။ မြောက်လေသည် တောင်သို့ တိုက်ခတ် ဆောင်ယူသွားရာ၏။ တောင်လေသည် မြောက်သို့ တိုက်ခတ်ဆောင်ယူသွားရာ၏။ ထိုရေအပြင်၌ လိပ်ကန်းသည် ရှိရာ၏၊ ထိုလိပ်ကန်းသည် အနှစ်တရာ အနှစ်တရာကုန်လွန်သောအခါ တကြိမ်တကြိမ်ပေါ်ရာ၏။ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ စင်စစ်အားဖြင့် အနှစ်တရာ အနှစ်တရာကုန်လွန်သောအခါ တကြိမ်တကြိမ်ပေါ်သော လိပ်ကန်းသည် ဤအပေါက်တခုသာရှိသော ထမ်းပိုး၌ လည်ပင်းစွပ်မိနိုင်ရာ သလောဟု (မိန့်တော်မူ၏)။အသျှင်ဘုရား အနှစ်တရာ အနှစ်တရာ ကုန်လွန်သောအခါ တကြိမ်တကြိမ်ပေါ်သော ထိုလိပ်ကန်းသည် ဤအပေါက်တခုသာရှိသော ထမ်းပိုး၌ လည်ပင်းစွပ်နိုင်မှုသည် အကြောင်းညီညွတ်မှု ဖြစ်၏။

ရဟန်းတို့ ဤအတူပင် လူအဖြစ်ကိုရခြင်းသည် အကြောင်းညီညွတ်မှု ဖြစ်၏၊ရဟန်းတို့ ဤအတူပင် လောက၌ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရား ပွင့်လာခြင်းသည် အကြောင်းညီညွတ်မှု ဖြစ်၏၊ရဟန်းတို့ လောက၌ မြတ်စွာဘုရား ဟောကြားတော်မူသော ဓမ္မဝိနယထွန်းတောက်ပခြင်းသည် အကြောင်းညီညွတ်မှု ဖြစ်၏။ရဟန်းတို့ ထိုသူသည် ဤလူ့ အဖြစ်ကိုရ၏၊လောက၌ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရား ဖြစ်ပေါ်လာ၏၊ လောက၌ မြတ်စွာဘုရား ဟောကြားတော်မူသော ဓမ္မဝိနယသည်လည်း ထွန်းတောက်ပ၏။

ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ "ဤကား ဆင်းရဲတည်း"ဟု သိရန် အားထုတ်ရမည်။ပ။ဤကား ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း ဟု သိရန် အားထုတ်ရမည်ဟု(မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-ပဌမ သိနေရုပဗ္ဗတရာဇသုတ်

၁၁၁၉။ ရဟန်းတို့ ဥပမာသော်ကား ယောက်ျား(တယောက်)သည် ပဲနောက်စေ့မျှ ရှိသော ကျောက်စရစ်ခုနစ်လုံးတို့ကို မြင့်မိုရ်တောင်မင်း၏ အနီး၌ ချထားရာ၏။ ရဟန်းတို့ ထိုအရာ

http://www.dhammadownload.com



ကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ အနီး၌ ချထားသော ပဲနောက်စေ့မျှရှိသော ကျောက်စရစ်ခုနစ်လုံးတို့နှင့် မြင့်မိုရ်တောင်မင်းသည် အဘယ်ကပို၍ များသနည်းဟု မိန့်တော်မူ၏။အသျှင်ဘုရား ဤမြင့်မိုရ်တောင်မင်းသည်သာ ပို၍များပါ၏၊ အနီး၌ ချထားသော ပဲနောက်စေ့မျှရှိသော ကျောက်စရစ်ခုနစ်လုံးတို့ကား အနည်းငယ်မျှသာ ဖြစ်ပါကုန်၏၊မြင့်မိုရ်တောင်မင်းကိုထောက်ဆ၍ အနီး၌ချထားသော ပဲနောက်စေ့မျှသာရှိသော ကျောက်စရစ်ခုနစ်လုံးတို့သည် မရေတွက်လောက်ကုန် မနှိုင်းရှည့်လောက်ကုန် အစိတ်အပိုင်းမျှသို့လည်း မရောက်ကုန်ဟု လျှောက်ကုန်၏။ ရဟန်းတို့ ဤအတူပင် မဂ်ဉာဏ်နှင့်ပြည့်စုံသော (သစ္စာကို) ထိုးထွင်း သိပြီးသော အရိယာတပည့်ဖြစ်သော ပုဂ္ဂိုလ်၏ ကုန်ဆုံးပြီးသော ဆင်းရဲသည်သာ ပို၍များ၏၊ အကြွင်းအကျန်သည် အနည်းငယ်မျှသာတည်း၊ ကုန်ဆုံးပြီ သော ရှေးက ဆင်းရဲ အစုကို ထောက်ဆ၍ အလွန်ဆုံး ခုနစ်ကြိမ်မျှသာရသူ (သတ္တက္ခတ္တုပရမ)၏ အဖြစ်ဟူသော ဆင်းရဲသည်ကား မရေတွက်လောက် မနှိုင်းရှည့်လောက် အစိတ်အပိုင်းမျှသို့လည်း မရောက်၊ ယင်းပုဂ္ဂိုလ်သည် ဤကား ဆင်းရဲတည်းဟု ဟုတ်တိုင်း မှန်စွာသိ၏။ပ။ ဤကား ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်းဟု ဟုတ်တိုင်း မှန်စွာသိ၏။

ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ "ဤကား ဆင်းရဲတည်း"ဟု သိရန် အားထုတ်ရမည်၊ ။ပ။ "ဤကား ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း"ဟု သိရန် အားထုတ်ရမည်ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-ဒုတိယ သိနေရုပဗ္ဗတရာဇသုတ်

၁၁၂၀။ ရဟန်းတို့ ဤမြင့်မိုရ်တောင်မင်းသည် ပဲနောက်စေ့မျှလောက်ရှိ ကျောက်စရစ်ခုနစ်လုံးစာမျှသာ ကြွင်းကျန်၍ ကုန်ဆုံးခြင်းသို့ ရောက်ရာ၏။ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊မြင့်မိုရ်တောင်မင်း၏ ကုန်ဆုံးပြီးသော အရာနှင့် ကြွင်းကျန်သော ပဲနောက်စေ့မျှရှိသော ကျောက်စရစ် ခုနစ်လုံးတို့သည် အဘယ်ကပို၍ များသနည်းဟု မိန့်တော်မူ၏။ အသျှင်ဘုရား မြင့်မိုရ်တောင်မင်း၏ ကုန်ဆုံးပြီးသော အရာသည်ကား ပို၍များပါ၏၊ ကြွင်းကျန်သည့် ပဲနောက်စေ့မျှရှိသော ကျောက်စရစ်ခုနစ်လုံးတို့သည် အနည်းငယ်မျှသာ ဖြစ်ပါကုန်၏၊မြင့်မိုရ်တောင်မင်း၏ ကုန်ဆုံးပြီးသော အရာကို ထောက်ဆ၍ ကြွင်းကျန်သော ပဲနောက်စေ့မျှရှိသော ကျောက်စရစ် ခုနစ်လုံးတို့သည် မရေတွက်လောက်ကုန် မနှိုင်းရှည့်လောက်ကုန် အစိတ်အပိုင်းသို့လည်း မရောက်ပါကုန်ဟု လျှောက်ကုန်၏။ ရဟန်းတို့ ဤအတူပင် မဂ်ဉာဏ်နှင့် ပြည့်စုံသော(သစ္စာကို) ထိုးထွင်း သိပြီးသော အရိယာတပည့်ဖြစ်သော ပုဂ္ဂိုလ်၏ ကုန်ဆုံးပြီးသော ဆင်းရဲသည်သာ ပို၍များ၏၊ အကြွင်းအကျန် ဆင်းရဲသည် အနည်းငယ်မျှသာတည်း၊ ကုန်ဆုံးပြီးသော ရှေးက ဆင်းရဲအစုကို ထောက်ဆ၍ အလွန်ဆုံး ခုနစ်ကြိမ်မျှလာရသူ (သတ္တက္ခတ္တုပရမ)၏ အဖြစ်ဟူသော ဆင်းရဲသည်ကား မရေတွက်လောက် မနှိုင်းရှည့်လောက် အစိတ်အပိုင်းမျှသို့လည်း မရောက်၊ ယင်းပုဂ္ဂိုလ်သည် ဤကား ဆင်းရဲမှုတည်းဟု ဟုတ်တိုင်းမှန်စွာ သိ၏။ပ။ ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်းဟု ဟုတ်တိုင်းမှန်စွာ သိ၏။

http://www.dhammadownload.com



ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ "ဤကား ဆင်းရဲတည်း" ဟု သိရန် အားထုတ်ရမည်။ပ။ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း"ဟု သိရန် အားထုတ်ရမည်ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

ငါးခုမြောက် ပပါတဝဂ် ပြီး၏။

## ၆-အဘိသမယဝဂ် ၁-နခသိခသုတ်

၁၁၂၁။ ထိုအခါ မြတ်စွာဘုရားသည် လက်သည်းဖျားပေါ်၌ မြေမှုန့်အနည်းငယ်ကို တင်ထား၍ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ လက်သည်းဖျား ပေါ်၌ ငါတင်ထားသော ဤမြေမှုန့်အနည်းငယ်နှင့် ဤ(ကမ္ဘာ)မြေကြီးသည် အဘယ် အရာက ပို၍ များသနည်းဟု ရဟန်းတို့ကို မိန့်တော်မူ၏။ အသျှင်ဘုရား ဤ(ကမ္ဘာ)မြေကြီးကသာ ပို၍ များပါ၏၊ လက်သည်းဖျား ပေါ်၌ မြတ်စွာဘုရား တင်ထားတော်မူသော မြေမှုန့်သည်ကား အနည်းငယ်မျှသာတည်း။ (ကမ္ဘာ) မြေကြီးကို ထောက်ဆ၍ လက်သည်းဖျားပေါ်၌ မြတ်စွာဘုရား တင်ထားတော်မူသော မြေမှုန့် အနည်းငယ်သည် မရေတွက်လောက် မနှိုင်းရှည့်လောက် အစိတ်အပိုင်းသို့လည်း မရောက်နိုင်ပါဟု လျှောက်ကုန်၏။ ရဟန်းတို့ ဤအတူပင် မဂ်ဉာဏ်နှင့် ပြည့်စုံသော သစ္စာကို ထိုးထွင်း သိပြီးသော အရိယာတပည့်ဖြစ်သော ထိုပုဂ္ဂိုလ်၏ ကုန်ဆုံးပြီးသော ဆင်းရဲကသာ ပို၍ များ၏၊ အကြွင်း အကျန် ဆင်းရဲသည် အနည်းငယ်မျှသာတည်း၊ ကုန်ဆုံးပြီးသော ရှေးဆင်းရဲ အစုကို ထောက်ဆ၍ အလွန်ဆုံး ခုနစ်ကြိမ်မျှလာရသူ (သတ္တက္ခတ္တုပရမ)၏ အဖြစ်ဟူသော ဆင်းရဲသည် မရေတွက်လောက် မနှိုင်းရှည့်လောက် အစိတ်အပိုင်းသို့လည်း မရောက်နိုင်၊ ယင်း ပုဂ္ဂိုလ်သည် "ဤကား ဆင်းရဲတည်း"ဟု ဟုတ်တိုင်းမှန်စွာ သိ၏ ။ပ။ "ဤကား ဆင်းရဲ ချုပ်ရာ (နိဗ္ဗာန်) သို့ ရောက်ကြောင်း အကျင့်တည်း"ဟု ဟုတ်တိုင်းမှန်စွာ သိ၏။

ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ "ဤကား ဆင်းရဲတည်း"ဟု သိရန် အားထုတ်ရမည်။ပ။"ဤကား ဆင်းရဲချုပ်ရာ( နိဗ္ဗာန် )သို့ ရောက်ကြောင်း အကျင့်တည်း "ဟု သိရန် အားထုတ်ရမည်ဟု(မိန့်တော်မူ၏)။

ပဌမသုတ်။

## ၂-ပေါက္ခရဏီသုတ်

၁၁၂၂။ ရဟန်းတို့ ဥပမာသော်ကား ရေကန်သည် အလျားယူဇနာငါးဆယ် အနံယူဇနာ ငါးဆယ် အစောက်ယူဇနာငါးဆယ် တိုင်တိုင်ရှိ၏၊ ကျီးသောက်နိုင်လောက်အောင် ကမ်းနှုတ်ခမ်းနှင့်အညီ ရေပြည့်နေ၏၊ ထိုရေကန်မှ ယောကျ်ား(တယောက်)သည် သမန်းမြက်ဖျားဖြင့် ရေကို ထုတ်ဆောင်ရာ၏၊ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ သမန်းမြက်ဖျားဖြင့် ထုတ်ဆောင်ယူသောရေနှင့် ရေကန်ရှိရေသည် အဘယ်က ပို၍များသနည်းဟု မိန့်တော်မူ၏။ အသျှင်ဘုရား ရေကန်ရှိ ဤရေကသာ ပို၍များပါ၏၊ သမန်းမြက်ဖျားဖြင့် ထုတ်ဆောင်သော

http://www.dhammadownload.com



ရေသည် အနည်းငယ်မျှသာတည်း၊ရေကန်ရှိရေကို ထောက်ဆ၍ သမန်းမြက်ဖျားဖြင့် ထုတ်ဆောင်သောရေသည် မရေတွက်လောက်ကုန် မနှိုင်းရှည့်လောက်ကုန် အစိတ်အပိုင်းသို့လည်း မရောက်နိုင်ပါကုန်ဟု (လျှောက်ကုန်၏)။ ရဟန်းတို့ ဤအတူပင် အရိယာတပည့်ဖြစ်သော ပုဂ္ဂိုလ်အား။ပ။ အားထုတ်ရမည်ဟု (မိန့်တော်မူ၏)။

ဒုတိယသုတ်။

---

## ၃-ပဌမ သံဘေဇ္ဇသုတ်

၁၁၂၃။ ရဟန်းတို့ ဥပမာသော်ကား ဂင်္ဂါ ယမုနာ အစိရဝတီ သရဘူ မဟီဟူသော ဤမြစ်ကြီးတို့ စီးဆင်းပေါင်းဆုံရာ အရပ်မှ ယောကျ်ား(တယောက်)သည် ရေနှစ်စက်တို့ကိုသော်၎င်း သုံးစက်တို့ကိုသော်၎င်း ထုတ်ဆောင်ရာ၏၊ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း။ ထုတ်ဆောင်သော ရေနှစ်စက်သုံးစက်တို့နှင့် မြစ်ကြီးငါးသွယ် ပေါင်းဆုံရာရှိ ရေသည် အဘယ်အရာက ပို၍များသနည်းဟု မိန့်တော်မူ၏။ အသျှင်ဘုရား မြစ်ကြီးငါးသွယ် ပေါင်းဆုံရာရှိ ရေကသာ ပို၍များပါ၏၊ ထုတ်ဆောင်သော ရေနှစ်စက်သုံးစက်တို့ကား အနည်းငယ်မျှသာ ဖြစ်ပါကုန်၏၊မြစ်ကြီးငါးသွယ် ပေါင်းဆုံရာရှိ ရေကိုထောက်ဆ၍ ထုတ်ဆောင်သော ရေနှစ်စက်သုံးစက်တို့သည် မရေတွက်လောက်ကုန် မနှိုင်းရှည့်လောက်ကုန် အစိတ်အပိုင်းသို့လည်း မရောက်နိုင်ပါကုန်ဟု (လျှောက်ကုန်၏)။ ရဟန်းတို့ ဤအတူပင် အရိယာတပည့်ဖြစ်သော ပုဂ္ဂိုလ်အား။ပ။ အားထုတ်ရမည် ဟု (မိန့်တော်မူ၏)။

တတိယသုတ်။

---

## ၄-ဒုတိယ သံဘေဇ္ဇသုတ်

၁၁၂၄။ ရဟန်းတို့ ဥပမာသော်ကား ဂင်္ဂါ ယမုနာ အစိရဝတီ သရဘူ မဟီဟူသော ဤမြစ်ကြီးတို့ စီးဆင်းပေါင်းဆုံရာရှိ ရေသည် နှစ်စက်သုံးစက်သာ ကြွင်းကျန်၍ ကုန်ခန်းခြင်းသို့ ရောက်ရာ၏၊ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း။ ကုန်ခန်းပြီးသော မြစ်ကြီးငါးသွယ်ပေါင်းဆုံရာရှိရေနှင့် ကြွင်းကျန်သော ရေနှစ်စက်သုံးစက်တို့သည် အဘယ်အရာက ပို၍များသနည်းဟု မိန့်တော်မူ၏။ အသျှင်ဘုရား ကုန်ခန်းပြီးသော မြစ်ကြီးငါးသွယ် ပေါင်းဆုံရာရှိ ရေကသာ ပို၍များပါ၏၊ ကြွင်းကျန်သော ရေနှစ်စက်သုံးစက်တို့ကား အနည်းငယ်မျှသာတည်း၊ ကုန်ခန်းပြီးသော မြစ်ကြီးငါးသွယ် ပေါင်းဆုံရာရှိရေကို ထောက်ဆ၍ ကြွင်းကျန်သော ရေနှစ်စက်သုံးစက်တို့သည် မရေတွက်လောက်ကုန် မနှိုင်းရှည့်လောက်ကုန် အစိတ်အပိုင်းသို့လည်း မရောက်နိုင်ပါကုန် ဟု (လျှောက်ကုန်၏)။ ရဟန်းတို့ ဤအတူပင် အရိယာတပည့်ဖြစ်သော ပုဂ္ဂိုလ်အား။ပ။ အားထုတ်ရမည် ဟု (မိန့်တော်မူ၏)။

စတုတ္ထသုတ်။

---

## ၅-မဟာပထဝီသုတ်

၁၁၂၅။ ရဟန်းတို့ ဥပမာသော်ကား ယောကျ်ား (တယောက်)သည် (ကမ္ဘာ)မြေကြီးပေါ်၌ ဆီးစေ့မျှရှိသော မြေကြီးခဲခုနစ်လုံးတို့ကို ချထားရာ၏၊ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်

http://www.dhammadownload.com



ကုန်သနည်း၊ ချထားသော သီးစေ့မျှရှိသော မြေကြီးခဲခုနစ်လုံးနှင့် ဤ(ကမ္ဘာ)မြေကြီးသည် အဘယ်အရာက ပို၍များသနည်းဟု မိန့်တော်မူ၏။ အသျှင်ဘုရား ဤ(ကမ္ဘာ)မြေကြီးကသာပို၍ များပါ၏၊ ချထားသော သီးစေ့မျှရှိသော မြေကြီးခဲခုနစ်လုံးသည် အနည်းငယ်မျှသာတည်း၊ (ကမ္ဘာ)မြေကြီးကို ထောက်ဆ၍ ချထားသော သီးစေ့မျှရှိသော မြေကြီးခဲခုနစ်လုံးတို့သည် မရေတွက်လောက်ကုန် မနှိုင်းရှည့်လောက်ကုန် အစိတ်အပိုင်းသို့လည်း မရောက်နိုင်ပါကုန် ဟု (လျှောက်ကုန်၏)။ ရဟန်းတို့ ဤအတူပင် အရိယာတပည့်ဖြစ်သော ပုဂ္ဂိုလ်အား။ပ။အားထုတ်ရမည်ဟု (မိန့်တော်မူ၏)။

ပဉ္စမသုတ်။

## ၆-ဒုတိယ မဟာပထဝီသုတ်

၁၁၂၆။ ရဟန်းတို့ ဥပမာသော်ကား(ကမ္ဘာ)မြေကြီးသည် သီးစေ့မျှရှိသော မြေကြီးခဲခုနစ်လုံးတို့ကိုသာ ကြွင်းကျန်စေ၍ ကုန်ဆုံးခြင်းသို့ ရောက်ရာ၏၊ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ ကုန်ဆုံးပြီးသော (ကမ္ဘာ)မြေကြီးနှင့် ကြွင်းကျန်သော သီးစေ့မျှသာရှိသော မြေကြီးခဲခုနစ်လုံးတို့သည် အဘယ်အရာက ပို၍ များသနည်းဟု မိန့်တော်မူ၏။ အသျှင်ဘုရား ကုန်ဆုံးပြီးသော ဤ(ကမ္ဘာ)မြေကြီးကသာ ပို၍များပါ၏၊ ကြွင်းကျန်ကုန်သော သီးစေ့မျှသာရှိသော မြေကြီးခဲခုနစ်လုံးတို့သည် အနည်းငယ်မျှသာတည်း၊ ကုန်ဆုံးပြီးသော(ကမ္ဘာ)မြေကြီးကို ထောက်ဆ၍ ကြွင်းကျန်သော သီးစေ့မျှသာရှိသော မြေကြီးခဲခုနစ်လုံးတို့သည် မရေတွက်လောက်ကုန် မနှိုင်းရှည့်လောက်ကုန် အစိတ်အပိုင်းသို့လည်း မရောက်နိုင်ပါကုန်ဟု (လျှောက်ကုန်၏)။ ရဟန်းတို့ ဤအတူပင် အရိယာတပည့်ဖြစ်သော ပုဂ္ဂိုလ်အား။ပ။ အားထုတ်ရမည်ဟု (မိန့်တော်မူ၏)။

ဆဋ္ဌသုတ်။

## ၇-ပဌမ မဟာသမုဒ္ဒသုတ်

၁၁၂၇။ ရဟန်းတို့ ဥပမာသော်ကား ယောကျ်ား(တယောက်)သည် မဟာသမုဒ္ဒရာမှ ရေနှစ်စက်သုံးစက်တို့ကို ထုတ်ဆောင်ကုန်၏၊ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ ထုတ်ဆောင်သော ရေနှစ်စက်သုံးစက်တို့နှင့် မဟာသမုဒ္ဒရာရှိရေသည် အဘယ်အရာက ပို၍များသနည်းဟု မိန့်တော်မူ၏။ အသျှင်ဘုရား မဟာသမုဒ္ဒရာရှိရေကသာ ပို၍များပါ၏၊ ထုတ်ဆောင်ပြီးသော ရေနှစ်စက်သုံးစက်တို့သည် အနည်းငယ်မျှသာတည်း၊ မဟာသမုဒ္ဒရာရှိရေကို ထောက်ဆ၍ ထုတ်ဆောင်ပြီးသော ရေနှစ်စက်သုံးစက်တို့သည် မရေတွက်လောက်ကုန် မနှိုင်းရှည့်လောက်ကုန် အစိတ်အပိုင်းသို့လည်း မရောက်နိုင်ပါကုန်ဟု (လျှောက်ကုန်၏)။ ရဟန်းတို့ ဤအတူပင် အရိယာတပည့်ဖြစ်သော ပုဂ္ဂိုလ်အား။ပ။ အားထုတ်ရမည်ဟု (မိန့်တော်မူ၏)။

သတ္တမသုတ်။

http://www.dhammadownload.com



## ၈-ဒုတိယ မဟာသမုဒ္ဒသုတ်

၁၁၂၈။ ရဟန်းတို့ မဟာသမုဒ္ဒရာရှိရေသည် ရေနှစ်စက် သုံးစက်တို့ကိုသာ ကြွင်းကျန်စေ၍ ကုန်ခန်းခြင်းသို့ ရောက်ရာ၏၊ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ မဟာသမုဒ္ဒရာရှိ ကုန်ခန်းပြီးသော ရေနှင့် ကြွင်းကျန်သော ရေနှစ်စက် သုံးစက်တို့သည် အဘယ်အရာက ပို၍ များသနည်းဟု မိန့်တော်မူ၏။ အသျှင်ဘုရား ကုန်ခန်းပြီးသော မဟာသမုဒ္ဒရာရှိ ရေကသာ ပို၍ များပါ၏၊ ကြွင်းကျန်သော ရေနှစ်စက် သုံးစက်တို့သည် အနည်းငယ်မျှသာတည်း၊ ကုန်ခန်းပြီးသော မဟာသမုဒ္ဒရာရှိ ရေကို ထောက်ဆ၍ ကြွင်းကျန်သော ရေနှစ်စက် သုံးစက်တို့သည် မရေတွက်လောက်ကုန် မနှိုင်းရှည့်လောက်ကုန် အစိတ်အပိုင်းသို့လည်း မရောက်နိုင်ပါကုန်ဟု (လျှောက်ကုန်၏)။ ရဟန်းတို့ ဤအတူပင် အရိယာတပည့်ဖြစ်သော ပုဂ္ဂိုလ်အား။ပ။ အားထုတ်ရမည်ဟု (မိန့်တော်မူ၏)။

အဋ္ဌမသုတ်။

---

## ၉-ပဌမ ပဗ္ဗတူပမသုတ်

၁၁၂၉။ ရဟန်းတို့ ဥပမာသော်ကား မုန်ညင်းစေ့မျှရှိသော ကျောက်စရစ်ခုနစ်လုံးတို့ကို ဟိမဝန္တာတောင်မင်း၏ အနီး၌ ချထားရာ၏၊ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ မုန်ညင်းစေ့မျှရှိသော ကျောက်စရစ် ခုနစ်လုံးတို့နှင့် ဟိမဝန္တာတောင်မင်းသည် အဘယ်အရာက ပို၍များသနည်းဟု မိန့်တော်မူ၏။ အသျှင်ဘုရား ဟိမဝန္တာတောင်မင်းကသာ ပို၍ များပါ၏၊ အနီး၌ ချထားသော မုန်ညင်းစေ့မျှရှိသော ကျောက်စရစ် ခုနစ်လုံးတို့သည် အနည်းငယ်မျှသာတည်း၊ဟိမဝန္တာတောင်မင်းကို ထောက်ဆ၍ အနီး၌ ချထားသော မုန်ညင်းစေ့မျှရှိသော ကျောက်စရစ် ခုနစ်လုံးတို့သည် မရေတွက်လောက်ကုန် မနှိုင်းရှည့်လောက်ကုန် အစိတ်အပိုင်းသို့လည်း မရောက်နိုင်ပါကုန်ဟု (လျှောက်ကုန်၏)။ ရဟန်းတို့ ဤအတူပင် အရိယာတပည့်ဖြစ်သော ပုဂ္ဂိုလ်အား။ပ။ အားထုတ်ရမည်ဟု (မိန့်တော်မူ၏)။

နဝမသုတ်။

---

## ၁၀-ဒုတိယ ပဗ္ဗတူပမသုတ်

၁၁၃၀။ ရဟန်းတို့ ဥပမာသော်ကား ဟိမဝန္တာတောင်မင်းသည် မုန်ညင်းစေ့မျှရှိသော ကျောက်စရစ်ခုနစ်လုံးတို့ကိုသာ ကြွင်းကျန်စေ၍ ကုန်ဆုံးခြင်းသို့ ရောက်ရာ၏၊ ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ကုန်ဆုံးပြီးသော ဟိမဝန္တာတောင်မင်းနှင့် ကြွင်းကျန်သော မုန်ညင်းစေ့မျှရှိသော ကျောက်စရစ်ခုနစ်လုံးတို့သည် အဘယ်အရာက ပို၍များသနည်းဟု မိန့်တော်မူ၏။ အသျှင်ဘုရား ဤကုန်ဆုံးပြီးသော ဟိမဝန္တာတောင်မင်းကသာ ပို၍ များပါ၏၊ ကြွင်းကျန်သော မုန်ညင်းစေ့မျှရှိသော ကျောက်စရစ်ခုနစ်လုံးတို့သည် အနည်းငယ်မျှသာတည်း၊ ကုန်ဆုံးပြီးသော ဟိမဝန္တာတောင်မင်းကို ထောက်ဆ၍ ကြွင်းကျန်သော မုန်ညင်းစေ့မျှရှိသော ကျောက်စရစ်

http://www.dhammadownload.com



ခုနစ်လုံးတို့သည် မရေတွက်လောက်ကုန် မနှိုင်းရှည့်လောက်ကုန် အစိတ်အပိုင်းသို့လည်း မရောက်နိုင်ပါကုန်ဟု လျှောက်ကုန်၏။ ရဟန်းတို့ ဤအတူပင် မဂ်ဉာဏ်နှင့် ပြည့်စုံသော သစ္စာကို ထိုးထွင်း၍ သိသော အရိယာတပည့်ဖြစ်သော ပုဂ္ဂိုလ်အား ကုန်ဆုံးပြီးသော ဆင်းရဲကသာ ပို၍များပါ၏၊ အကြွင်းအကျန် ဆင်းရဲသည် အနည်းငယ်မျှသာတည်း၊ ကုန်ဆုံးပြီးသော ရှေးဆင်းရဲအစုကို ထောက်ဆ၍ အလွန်ဆုံး ခုနစ်ကြိမ်မျှ လာရသူ (သတ္တက္ခတ္တုပရမ)၏ အဖြစ်ဟူသော ဆင်းရဲသည် မရေတွက်လောက် မနှိုင်းရှည့်လောက် အစိတ်အပိုင်းသို့လည်း မရောက်နိုင်၊ ယင်းပုဂ္ဂိုလ်သည် "ဤကား ဆင်းရဲတည်း"ဟု ဟုတ်တိုင်းမှန်စွာ သိ၏။ပ။ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း"ဟု ဟုတ်တိုင်းမှန်စွာ သိ၏။

ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ "ဤကား ဆင်းရဲတည်း"ဟု သိရန် အားထုတ်ရမည်။ပ။ ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း"ဟု သိရန် အားထုတ်ရမည်ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

ခြောက်ခုမြောက် အဘိသမယဝဂ် ပြီး၏။

---

## ၇-ပဌမ အာမကဓညပေယျာလဝဂ်

### ၁-အညတြသုတ်

၁၁၃၁။ ထိုအခါ မြတ်စွာဘုရားသည် လက်သည်းဖျားပေါ်၌ မြေမှုန့်အနည်းငယ်ကို တင်ထား၍ "ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ လက်သည်းဖျားပေါ်၌ ငါ တင်ထားသော မြေမှုန့်အနည်းငယ်နှင့် ဤ(ကမ္ဘာ)မြေကြီးသည် အဘယ်အရာက ပို၍ များသနည်း"ဟု ရဟန်းတို့ကို မိန့်တော်မူ၏။ အသျှင်ဘုရား ဤ(ကမ္ဘာ)မြေကြီးကသာ ပို၍ များပါ၏၊ လက်သည်းဖျားပေါ်၌ မြတ်စွာဘုရား တင်ထားတော်မူသော မြေမှုန့်ကား အနည်းငယ်မျှသာတည်း၊ (ကမ္ဘာ)မြေကြီးကို ထောက်ဆ၍ လက်သည်းဖျားပေါ်၌ မြတ်စွာဘုရား တင်ထားတော်မူသော မြေမှုန့်အနည်းငယ်သည် မရေတွက်လောက် မနှိုင်းရှည့်လောက် အစိတ်အပိုင်းသို့လည်း မရောက်နိုင်ပါဟု (လျှောက်ကုန်၏)။ ရဟန်းတို့ ဤအတူပင် လူ့ဘုံ၌ ဖြစ်ကြသော သတ္တဝါတို့သည် အနည်းငယ်မျှသာတည်း၊ စင်စစ်အားဖြင့် လူ့ဘုံမှ တပါးသော ဘုံ၌ ဖြစ်ကြသော သတ္တဝါတို့သာ ပို၍ များကုန်၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း၊ ရဟန်းတို့ အရိယာတို့၏ အမှန်တရား သစ္စာလေးပါးတို့ကို မမြင်ခြင်းကြောင့်တည်း၊ အဘယ်လေးပါးတို့နည်း၊ ဆင်းရဲဖြစ်သော အရိယာတို့၏ အမှန်တရား။ပ။ ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ဖြစ်သော အရိယာတို့၏ အမှန်တရားတို့တည်း။

ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ "ဤကား ဆင်းရဲတည်း"ဟု သိရန် အားထုတ်ရမည်။ပ။ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း"ဟု သိရန် အားထုတ်ရမည်ဟု (မိန့်တော်မူ၏)။

ပဌမသုတ်။

http://www.dhammadownload.com



## ၂-ပစ္စန္တသုတ်

၁၁၃၂။ ထိုအခါ မြတ်စွာဘုရားသည် လက်သည်းဖျားပေါ်၌ မြေမှုန့်အနည်းငယ်ကို တင်ထား၍ "ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊လက်သည်းဖျားပေါ်၌ ငါ တင်ထားသော မြေမှုန့်အနည်းငယ်နှင့် ဤ(ကမ္ဘာ)မြေကြီးသည် အဘယ်အရာက ပို၍ များသနည်း"ဟု ရဟန်းတို့ကို မိန့်တော်မူ၏။ အသျှင်ဘုရား ဤ(ကမ္ဘာ)မြေကြီးကသာ ပို၍ များကုန်၏၊ လက်သည်းဖျားပေါ်၌ မြတ်စွာဘုရား တင်ထားတော်မူသော မြေမှုန့်ကား အနည်းငယ်မျှသာတည်း၊ (ကမ္ဘာ) မြေကြီးကို ထောက်ဆ၍ လက်သည်းဖျားပေါ်၌ မြတ်စွာဘုရား တင်ထားတော်မူသော မြေမှုန့် အနည်းငယ်သည် မရေတွက်လောက် မနှိုင်းရှည့်လောက် အစိတ်အပိုင်းသို့လည်း မရောက်နိုင်ပါဟု (လျှောက်ကုန်၏)။

ရဟန်းတို့ ဤအတူပင် မဇ္ဈိမတိုင်း ဇနပုဒ်တို့၌ဖြစ်ကြသော သတ္တဝါတို့သည် အနည်းငယ်မျှသာတည်း၊ စင်စစ်အားဖြင့် တိုင်းစွန် (ပစ္စန္တရိက်) ဇနပုဒ်တို့ဝယ် မသိတတ်သော လူရိုင်းမျိုးတို့၌ ဖြစ်ကြသော သတ္တဝါတို့သည်သာ ပို၍ များကုန်၏။ပ။

ဒုတိယသုတ်။

---

## ၃-ပညာသုတ်

၁၁၃၃။ ရဟန်းတို့ ဤအတူပင် မြတ်သော ပညာမျက်စိနှင့် ပြည့်စုံကုန်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊ စင်စစ်အားဖြင့်(အဝိဇ္ဇာ)ဖြစ်သော ပြင်းစွာတွေဝေသော သတ္တဝါတို့သည်သာ ပို၍ များကုန်၏။ပ။

တတိယသုတ်။

---

## ၄-သုရာမေရယသုတ်

၁၁၃၄။ ရဟန်းတို့ ဤအတူပင် မေ့လျော့ကြောင်းဖြစ်သော မူးယစ်စေတတ်သော သေရည်သေရက်မှ ရှောင်ကြဉ်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊ စင်စစ်အားဖြင့် မေ့လျော့ကြောင်း ဖြစ်သော မူးယစ်စေတတ်သော သေရည်သေရက်မှ မရှောင်ကြဉ်သော သတ္တဝါတို့သည်သာ ပို၍ များကုန်၏။ပ။

စတုတ္ထသုတ်။

---

## ၅-ဩဒကသုတ်

၁၁၃၅။ ရဟန်းတို့ ဤအတူပင် ကုန်း၌ဖြစ်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊ စင်စစ်အားဖြင့် ရေ၌ဖြစ်သော သတ္တဝါတို့သည်သာ ပို၍ များကုန်၏။ပ။

ပဉ္စမသုတ်။

http://www.dhammadownload.com



## ၆-မတ္တေယျသုတ်

၁၁၃၆။ ရဟန်းတို့ ဤအတူပင် အမိ၌ ဝတ်တရားကို ကောင်းစွာ ပြုကျင့်ဆောင်ရွက်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊ စင်စစ်အားဖြင့် အမိ၌ ဝတ်တရားကို ကောင်းစွာမကျင့် မဆောင်ရွက်ကုန်သော သတ္တဝါတို့သည်သာ ပို၍ များကုန်၏။ပ။

ဆဋ္ဌသုတ်။

## ၇-ပေတ္တေယျသုတ်

၁၁၃၇။ ရဟန်းတို့ ဤအတူပင် အဖ၌ ဝတ်တရားကို ကောင်းစွာ ပြုကျင့်ဆောင်ရွက်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊ စင်စစ်အားဖြင့် အဖ၌ ဝတ်တရားကို ကောင်းစွာ မကျင့် မဆောင်ရွက်ကုန်သော သတ္တဝါတို့သည်သာ ပို၍ များကုန်၏။ပ။

သတ္တမသုတ်။

## ၈-သာမညသုတ်

၁၁၃၈။ ရဟန်းတို့ ဤအတူပင် ရဟန်း၌ ဝတ်တရားကို ကောင်းစွာ ပြုကျင့်ဆောင်ရွက်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊ စင်စစ်အားဖြင့် ရဟန်း၌ ဝတ်တရားကို ကောင်းစွာ မကျင့် မဆောင်ရွက်ကုန်သော သတ္တဝါတို့သည်သာ ပို၍ များကုန်၏။ပ။

အဋ္ဌမသုတ်။

## ၉-ဗြဟ္မညသုတ်

၁၁၃၉။ ရဟန်းတို့ ဤအတူပင် သူတော်သူမြတ် (ဗြာဟ္မဏ)တို့ အပေါ်၌ ဝတ်တရားကို ကောင်းစွာ ပြုကျင့်ဆောင်ရွက်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊ စင်စစ်အားဖြင့် သူတော်သူမြတ်(ဗြာဟ္မဏ)တို့ အပေါ်၌ ဝတ်တရားကို ကောင်းစွာ မကျင့် မဆောင်ရွက်ကုန်သော သတ္တဝါတို့သည်သာ ပို၍ များကုန်၏။ပ။

နဝမသုတ်။

## ၁၀-ပစာယိကသုတ်

၁၁၄၀။ ရဟန်းတို့ ဤအတူပင် ကြီးသော ပုဂ္ဂိုလ်တို့ကို ရိုသေသော သတ္တဝါတို့သည် နည်းပါးကုန်၏၊စင်စစ်အားဖြင့် ကြီးသော ပုဂ္ဂိုလ်တို့ကို မရိုသေသော သတ္တဝါတို့သည်သာ ပို၍ များကုန်၏ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

ခုနစ်ခုမြောက် ပဉ္စမ အာမကဓညပေယျာလဝဂ် ပြီး၏။

http://www.dhammadownload.com



## ၈-ဒုတိယ အာမကဓညပေယျာလဝဂ်

### ၁-ပါဏာတိပါတသုတ်

၁၁၄၁။ ရဟန်းတို့ ဤအတူပင် အသက်သတ်ခြင်းမှ ရှောင်ကြဉ်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊ စင်စစ်အားဖြင့် အသက်သတ်ခြင်းမှ မရှောင်ကြဉ်သော သတ္တဝါတို့သည်သာ ပို၍ များကုန်၏။ပ။

ပဌမသုတ်။

---

### ၂-အဒိန္နာဒါနသုတ်

၁၁၄၂။ ရဟန်းတို့ ဤအတူပင် မပေးသည်ကို ယူခြင်းမှရှောင်ကြဉ်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊ စင်စစ်အားဖြင့် မပေးသည်ကို ယူခြင်းမှ မရှောင်ကြဉ်သော သတ္တဝါတို့သည်သာ ပို၍ များကုန်၏။ပ။

ဒုတိယသုတ်။

---

### ၃-ကာမေသုမိစ္ဆာစာရသုတ်

၁၁၄၃။ ရဟန်းတို့ ဤအတူပင် ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊ စင်စစ်အားဖြင့် ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ မရှောင်ကြဉ်သော သတ္တဝါတို့သည်သာ ပို၍ များကုန်၏။ပ။

တတိယသုတ်။

---

### ၄-မုသာဝါဒသုတ်

၁၁၄၄။ ရဟန်းတို့ ဤအတူပင် မမှန်ပြောခြင်းမှ ရှောင်ကြဉ်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊ စင်စစ်အားဖြင့် မမှန်ပြောခြင်းမှ မရှောင်ကြဉ်သော သတ္တဝါတို့သည်သာ ပို၍ များကုန်၏။ပ။

စတုတ္ထသုတ်။

---

### ၅-ပေသုညသုတ်

၁၁၄၅။ ရဟန်းတို့ ဤအတူပင် ကုန်းစကား ပြောဆိုခြင်းမှ ရှောင်ကြဉ်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊ စင်စစ်အားဖြင့် ကုန်းစကား ပြောဆိုခြင်းမှ မရှောင်ကြဉ်သော သတ္တဝါတို့သည်သာ ပို၍ များကုန်၏။ပ။

ပဉ္စမသုတ်။

http://www.dhammadownload.com



## ၆-ဖရုသဝါစာသုတ်

၁၁၄၆။ ရဟန်းတို့ ဤအတူပင် ကြမ်းထမ်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြည်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊ စင်စစ်အားဖြင့် ကြမ်းထမ်းသော စကားကို ပြောဆိုခြင်းမှ မရှောင်ကြဉ်သော သတ္တဝါတို့သည်သာ ပို၍ များကုန်၏။ပ။

ဆဋ္ဌသုတ်။

---

## ၇-သမ္ဖပ္ပလာပသုတ်

၁၁၄၇။ ရဟန်းတို့ ဤအတူပင် ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊ စင်စစ်အားဖြင့် ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်းမှ မရှောင်ကြဉ်သော သတ္တဝါတို့သည်သာ ပို၍ များကုန်၏။ပ။

သတ္တမသုတ်။

---

## ၈-ဗီဇဂါမသုတ်

၁၁၄၈။ ရဟန်းတို့ ဤအတူပင် မျိုးစေ့အပေါင်း အပင်အပေါင်းကို ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊ စင်စစ်အားဖြင့် မျိုးစေ့အပေါင်း အပင်အပေါင်းကို ဖျက်ဆီးခြင်းမှ မရှောင်ကြဉ်သော သတ္တဝါတို့သည်သာ ပို၍ များကုန်၏။ပ။

အဋ္ဌမသုတ်။

---

## ၉-ဝိကာလဘောဇနသုတ်

၁၁၄၉။ ရဟန်းတို့ ဤအတူပင် ညစာစားခြင်းမှ ရှောင်ကြဉ်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊ စင်စစ်အားဖြင့် ညစာစားခြင်းမှ မရှောင်ကြဉ်သော သတ္တဝါတို့သည်သာ ပို၍ များကုန်၏။ပ။

နဝမသုတ်။

---

## ၁၀-ဂန္ဓဝိလေပနသုတ်

၁၁၅၀။ ရဟန်းတို့ ဤအတူပင် ပန်းပန်ခြင်း နံ့သာခြယ်ခြင်း နံ့သာပျောင်းလိမ်းခြင်းမှ ရှောင်ကြဉ်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊ စင်စစ်အားဖြင့် ပန်းပန်ခြင်း နံ့သာခြယ်ခြင်း နံ့သာပျောင်းလိမ်းခြင်းမှ မရှောင်ကြဉ်သော သတ္တဝါတို့သည်သာ ပို၍ များကုန်၏ဟု (မိန့်တော်မူ၏)။

ဒသမသုတ်။

ရှစ်ခုမြောက် ဒုတိယ အာမကဓညပေယျာလဝဂ် ပြီး၏။

http://www.dhammadownload.com



## ၉-တတိယ အာမကဓညပေယျာလဝဂ်

### ၁-နစ္စဂီတသုတ်

၁၁၅၁။ ရဟန်းတို့ ဤအတူပင် ကခြင်း သီခြင်း တီးမှုတ်ခြင်း (သူတော်ကောင်းတရား၏) ဆူးငြောင့်ဖြစ်သော ပွဲကြည့်ခြင်းမှ ရှောင်ကြဉ်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊ စင်စစ် အားဖြင့် ကခြင်း သီခြင်း တီးမှုတ်ခြင်း (သူတော်ကောင်းတရား၏) ဆူးငြောင့်ဖြစ်သော ပွဲကြည့် ခြင်းမှ မရှောင်ကြဉ်သော သတ္တဝါတို့သည်သာ ပို၍ များကုန်၏။ပ။

ပဌမသုတ်။

---

### ၂-ဥစ္စာသယနသုတ်

၁၁၅၂။ ရဟန်းတို့ ဤအတူပင် မြင့်သောနေရာ မြတ်သောနေရာမှ ရှောင်ကြဉ်သော သတ္တဝါ တို့သည် နည်းပါးကုန်၏၊ စင်စစ်အားဖြင့် မြင့်သောနေရာ မြတ်သောနေရာမှ မရှောင်ကြဉ်သော သတ္တဝါတို့သည်သာ ပို၍ များကုန်၏။ပ။

ဒုတိယသုတ်။

---

### ၃-ဇာတရူပရဇတသုတ်

၁၁၅၃။ ရဟန်းတို့ ဤအတူပင် ရွှေငွေကို ခံယူခြင်းမှ ရှောင်ကြဉ်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊ စင်စစ်အားဖြင့် ရွှေငွေကို ခံယူခြင်းမှ မရှောင်ကြဉ်သော သတ္တဝါတို့သည်သာ ပို၍ များကုန်၏။ပ။

တတိယသုတ်။

---

### ၄-အာမကဓညသုတ်

၁၁၅၄။ ရဟန်းတို့ ဤအတူပင် ကောက်စိမ်းကို ခံယူခြင်းမှ ရှောင်ကြဉ်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊ စင်စစ်အားဖြင့် ကောက်စိမ်းကို ခံယူခြင်းမှ မရှောင်ကြဉ်သော သတ္တဝါတို့သည် သာ ပို၍ များကုန်၏။ပ။

စတုတ္ထသုတ်။

---

### ၅-အာမကမံသသုတ်

၁၁၅၅။ ရဟန်းတို့ ဤအတူပင် အသားစိမ်းကို ခံယူခြင်းမှ ရှောင်ကြဉ်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊ စင်စစ်အားဖြင့် အသားစိမ်းကို ခံယူခြင်းမှ မရှောင်ကြဉ်သော သတ္တဝါတို့သည် သာ ပို၍ များကုန်၏။ပ။

ပဉ္စမသုတ်။

http://www.dhammadownload.com



## ၆-ကုမာရိကသုတ်

၁၁၅၆။ ရဟန်းတို့ ဤအတူပင် မိန်းမအို မိန်းမပျိုတို့ကို ခံယူခြင်းမှ ရှောင်ကြဉ်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊ စင်စစ်အားဖြင့် မိန်းမအို မိန်းမပျိုတို့ကို ခံယူခြင်းမှ မရှောင်ကြဉ်သော သတ္တဝါတို့သည်သာ ပို၍ များကုန်၏။ပ။

ဆဋ္ဌသုတ်။

---

## ၇-ဒါသိဒါသသုတ်

၁၁၅၇။ ရဟန်းတို့ ဤအတူပင် ကျွန်မိန်းမ ကျွန်ယောကျ်ားတို့ကို ခံယူခြင်းမှ ရှောင်ကြဉ်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊ စင်စစ်အားဖြင့် ကျွန်မိန်းမ ကျွန်ယောကျ်ားတို့ကို ခံယူခြင်းမှ မရှောင်ကြဉ်သော သတ္တဝါတို့သည်သာ ပို၍ များကုန်၏။ပ။

သတ္တမသုတ်။

---

## ၈-အဇေဠကသုတ်

၁၁၅၈။ ရဟန်းတို့ ဤအတူပင် ဆိတ်နှင့်သိုးကို ခံယူခြင်းမှ ရှောင်ကြဉ်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊ စင်စစ်အားဖြင့် ဆိတ်နှင့်သိုးကို ခံယူခြင်းမှ မရှောင်ကြဉ်သော သတ္တဝါတို့သည်သာ ပို၍ များကုန်၏။ပ။

အဋ္ဌမသုတ်။

---

## ၉-ကုက္ကုဋသူကရသုတ်

၁၁၅၉။ ရဟန်းတို့ ဤအတူပင် ကြက် ဝက်ကို ခံယူခြင်းမှ ရှောင်ကြဉ်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊ စင်စစ်အားဖြင့် ကြက်ဝက်ကို ခံယူခြင်းမှ မရှောင်ကြဉ်သော သတ္တဝါတို့သည်သာ ပို၍ များကုန်၏။ပ။

နဝမသုတ်။

---

## ၁၀-ဟတ္ထိဂဝဿသုတ်

၁၁၆၀။ ရဟန်းတို့ ဤအတူပင် ဆင် နွား မြင်း မြည်းကို ခံယူခြင်းမှ ရှောင်ကြဉ်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊ စင်စစ်အားဖြင့် ဆင် နွား မြင်း မြည်းကို ခံယူခြင်းမှ မရှောင်ကြဉ်သော သတ္တဝါတို့သည်သာ ပို၍ များကုန်၏။

ဒသမသုတ်။

ကိုးခုမြောက် တတိယ အာမကဓညပေယျာလဝဂ် ပြီး၏။

http://www.dhammadownload.com



## ၁၀-စတုတ္ထ အာမကဓညပေယျာလဝဂ်

### ၁-ခေတ္တဝတ္ထုသုတ်

၁၁၆၁။ ရဟန်းတို့ ဤအတူပင် လယ်နှင့် ယာကို ခံယူခြင်းမှ ရှောင်ကြဉ်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊ စင်စစ်အားဖြင့် လယ်နှင့် ယာကို ခံယူခြင်းမှ မရှောင်ကြဉ်သော သတ္တဝါတို့သည်သာ ပို၍ များကုန်၏။ပ။

ပဌမသုတ်။

### ၂-ကယ ဝိက္ကယသုတ်

၁၁၆၂။ ရဟန်းတို့ ဤအတူပင် ဝယ်မှု ရောင်းမှုမှ ရှောင်ကြဉ်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊ စင်စစ်အားဖြင့် ဝယ်မှု ရောင်းမှုမှ မရှောင်ကြဉ်သော သတ္တဝါတို့သည်သာ ပို၍ များကုန်၏။ပ။

ဒုတိယသုတ်။

### ၃-ဒူတေယျသုတ်

၁၁၆၃။ ရဟန်းတို့ ဤအတူပင် တမန်အမှု အစေအပါးအမှုကို ဆောင်ရွက်ခြင်းမှ ရှောင်ကြဉ်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊စင်စစ်အားဖြင့် တမန်အမှု အစေအပါးအမှုကို ဆောင်ရွက်ခြင်းမှ မရှောင်ကြဉ်သော သတ္တဝါတို့သည်သာ ပို၍ များကုန်၏။ပ။

တတိယသုတ်။

### ၄-တုလာကူဋသုတ်

၁၁၆၄။ ရဟန်းတို့ ဤအတူပင် ချိန်စဉ်းလဲ အသပြာစဉ်းလဲ ခြင်တွယ်တိုင်းတာ စဉ်းလဲခြင်းမှ ရှောင်ကြဉ်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊ စင်စစ်အားဖြင့် ချိန်စဉ်းလဲ အသပြာစဉ်းလဲ ခြင်တွယ်တိုင်းတာ စဉ်းလဲခြင်းမှ မရှောင်ကြဉ်သော သတ္တဝါတို့သည်သာ ပို၍ များကုန်၏။ပ။

စတုတ္ထသုတ်။

### ၅-ဥက္ကောဋနသုတ်

၁၁၆၅။ ရဟန်းတို့ ဤအတူပင် တံစိုးယူခြင်း လှည့်ဖြားခြင်း အတုပြု၍ လိမ်ခြင်းတည်းဟူသော ကောက်ကျစ်ခြင်းမှ ရှောင်ကြဉ်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊ စင်စစ်အားဖြင့် တံစိုးယူခြင်း လှည့်ဖြားခြင်း အတုပြု၍ လိမ်ခြင်းတည်းဟူသော ကောက်ကျစ်ခြင်းမှ မရှောင်ကြဉ်သော သတ္တဝါတို့သည်သာ ပို၍ များကုန်၏။ပ။

ပဉ္စမသုတ်။

http://www.dhammadownload.com



## ၆-၁၁-ဆေဒနာဒိသုတ်

၁၁၆၆-၁၁၇၁။ ရဟန်းတို့ ဤအတူပင် (လက်ခြေစသည်ကို) ဖြတ်ခြင်း သတ်ခြင်း နှောင်ဖွဲ့ခြင်း (ခရီးသွားတို့ကို) လုယက်ခြင်း (ရွာနိဂုံးတို့ကို) ဖျက်ဆီးခြင်း ဒမြတိုက်ခြင်းမှ ရှောင်ကြဉ်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊ စင်စစ်အားဖြင့် ဖြတ်ခြင်း သတ်ခြင်း နှောင်ဖွဲ့ခြင်း ခရီးသွားတို့ကို လုယက်ခြင်း ရွာနိဂုံးတို့ကို ဖျက်ဆီးခြင်း ဒမြတိုက်ခြင်းမှ မရှောင်ကြဉ်သော သတ္တဝါတို့သည်သာ ပို၍ များကုန်၏။ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်းဟူမူ—ရဟန်းတို့ အရိယာတို့၏ အမှန်တရား သစ္စာလေးပါးတို့ကို မမြင်ခြင်းကြောင့်တည်း။ အဘယ်လေးပါးတို့နည်း၊ ဆင်းရဲဟူသော အရိယာတို့၏ အမှန်တရား။ပ။ ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) သို့ ရောက်ကြောင်း အကျင့်ဟူသော အရိယာတို့၏ အမှန်တရားတို့တည်း။

ရဟန်းတို့ ထို့ကြောင့် "ဤကား ဆင်းရဲတည်း"ဟု သိရန် အားထုတ်ရမည်။ပ။ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) သို့ ရောက်ကြောင်းအကျင့်တည်း"ဟု သိရန် အားထုတ်ရမည်ဟု (မိန့်တော်မူ၏)။

ကောဒသမသုတ်။

ဆယ်ခုမြောက် စတုတ္ထ အာမကဓညပေယျာလဝဂ် ပြီး၏။

## ၁၁-ပဉ္စ ဂတိပေယျာလဝဂ်

### ၁-မနုဿစုတိ နိရယသုတ်

၁၁၇၂။ ထိုအခါ မြတ်စွာဘုရားသည် လက်သည်းဖျားပေါ်၌ မြေမှုန့်အနည်းငယ်ကို တင်ထား၍ "ရဟန်းတို့ ထိုအရာကို အဘယ်သို့ မှတ်ထင်ကုန်သနည်း၊ လက်သည်းဖျားပေါ်၌ ငါ တင်ထားသော မြေမှုန့်နှင့် ဤ(ကမ္ဘာ) မြေကြီးသည် အဘယ်က ပို၍ များသနည်း"ဟု ရဟန်းတို့ကို မိန့်တော်မူ၏။ အသျှင်ဘုရား ဤ(ကမ္ဘာ) မြေကြီးကသာ ပို၍ များပါ၏၊ လက်သည်းဖျားပေါ်၌ မြတ်စွာဘုရား တင်ထားတော်မူသော မြေမှုန့်သည် အနည်းငယ်သာတည်း၊ (ကမ္ဘာ) မြေကြီးကို ထောက်ဆ၍ လက်သည်းဖျားပေါ်၌ မြတ်စွာဘုရား တင်ထားတော်မူသော မြေမှုန့်သည် မရေတွက်လောက် မနှိုင်းရှည့်လောက် အစိတ်အပိုင်းသို့လည်း မရောက် နိုင်ပါဟု (လျှောက်ကုန်၏)။ ရဟန်းတို့ ဤအတူပင် လူ့ဘဝမှ စုတေ၍ လူ့ဘဝ၌ ပြန်ဖြစ်ကြသော သတ္တဝါတို့သည် နည်းပါးကုန်၏၊ စင်စစ်အားဖြင့် လူ့ဘဝမှ စုတေ၍ ငရဲ၌ ဖြစ်ကြသော သတ္တဝါတို့သည်သာ ပို၍ များကုန်၏။ပ။

ပဌမသုတ်။

### ၂-မနုဿစုတိ တိရစ္ဆာနသုတ်

၁၁၇၃။ ရဟန်းတို့ ဤအတူပင် လူ့ဘဝမှ စုတေ၍ လူ့ဘဝ၌ ဖြစ်ကုန်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊ စင်စစ်အားဖြင့် လူ့ဘဝမှ စုတေ၍ တိရစ္ဆာန်မျိုး၌ ဖြစ်ကုန်သော သတ္တဝါတို့သည်သာ ပို၍ များကုန်၏။ပ။

ဒုတိယသုတ်။

http://www.dhammadownload.com



## ၃-မနုဿစုတိ ပေတ္တိဝိသယသုတ်

၁၁၇၄။ ရဟန်းတို့ ဤအတူပင် လူ့ဘဝမှ စုတေ၍ လူ့ဘဝ၌ ပြန်ဖြစ်ကြကုန်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊ စင်စစ်အားဖြင့် လူ့ဘဝမှ စုတေ၍ ပြိတ္တာဘဝ၌ ဖြစ်ကုန်သော သတ္တဝါတို့သည်သာ ပို၍ များကုန်၏။ပ။

တတိယသုတ်။

---

## ၄-၅-၆-မနုဿစုတိ ဒေဝနိရယာဒိသုတ်

၁၁၇၅-၁၁၇၇။ ရဟန်းတို့ ဤအတူပင် လူ့ဘဝမှ စုတေ၍ နတ်ဘဝ၌ ဖြစ်ကုန်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊ စင်စစ်အားဖြင့် လူ့ဘဝမှ စုတေ၍ ငရဲ၌ ဖြစ်ကုန်သော သတ္တဝါတို့သည်သာ ပို၍ များကုန်၏။ပ။ တိရစ္ဆာန်ဘဝ၌ ဖြစ်ကုန်သော သတ္တဝါတို့သည်သာ ပို၍ များကုန်၏။ပ။ ပြိတ္တာဘဝ၌ ဖြစ်ကုန်သော သတ္တဝါတို့သည်သာ ပို၍ များကုန်၏။ပ။

ဆဋ္ဌသုတ်။

---

## ၇-၉-ဒေဝစုတိ နိရယာဒိသုတ်

၁၁၇၈-၁၁၈၀။ ရဟန်းတို့ ဤအတူပင် နတ်ဘဝမှ စုတေ၍ နတ်ဘဝ၌ ဖြစ်ကုန်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊ စင်စစ်အားဖြင့် နတ်ဘဝမှ စုတေ၍ ငရဲ၌ ဖြစ်ကုန်သော သတ္တဝါတို့သည်သာ ပို၍ များကုန်၏။ပ။ တိရစ္ဆာန်ဘဝ၌ ဖြစ်ကုန်သော သတ္တဝါတို့သည်သာ ပို၍ များကုန်၏။ပ။ ပြိတ္တာဘဝ၌ ဖြစ်ကုန်သော သတ္တဝါတို့သည်သာ ပို၍ များကုန်၏။ပ။

နဝမသုတ်။

---

## ၁၀-၁၂-ဒေဝမနုဿနိရယသုတ်

၁၁၈၁-၁၁၈၃။ ရဟန်းတို့ ဤအတူပင် နတ်ဘဝမှ စုတေ၍ လူ့ဘဝ၌ ဖြစ်ကုန်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊စင်စစ်အားဖြင့် နတ်ဘဝမှ စုတေ၍ ငရဲ၌ ဖြစ်ကုန်သော သတ္တဝါတို့သည်သာ ပို၍များကုန်၏။ပ။ တိရစ္ဆာန်ဘဝ၌ဖြစ်ကုန်သော သတ္တဝါတို့သည်သာ ပို၍များကုန်၏။ပ။ ပြိတ္တာဘဝ၌ဖြစ်ကုန်သော သတ္တဝါတို့သည်သာ ပို၍များကုန်၏။ပ။

ဒွါဒသမသုတ်။

http://www.dhammadownload.com



## ၁၃-၁၅-နိရယမနုဿနိရယာဒိသုတ်

၁၁၇၄-၁၁၇၆။ ရဟန်းတို့ ဤအတူပင် ငရဲမှ စုတေ၍ လူ့ဘဝ၌ ဖြစ်ကုန်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊ စင်စစ်အားဖြင့် ငရဲမှ စုတေ၍ ငရဲ၌ ဖြစ်ကုန်သော သတ္တဝါတို့သည်သာ ပို၍များကုန်၏။ပ။တိရစ္ဆာန်ဘဝ၌ဖြစ်ကုန်သော သတ္တဝါတို့သည်သာ ပို၍ များကုန်၏။ပ။ ပြိတ္တာဘဝ၌ ဖြစ်ကုန်သော သတ္တဝါတို့သည်သာ ပို၍များကုန်၏။ပ။

ပန္နရသမသုတ်။

## ၁၆-၁၈-နိရယဒေဝနိရယာဒိသုတ်

၁၁၇၇-၁၁၇၉။ ရဟန်းတို့ ဤအတူပင် ငရဲမှ စုတေ၍ နတ်ဘဝ၌ ဖြစ်ကုန်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊ စင်စစ်အားဖြင့် ငရဲမှ စုတေ၍ ငရဲ၌ ဖြစ်ကုန်သော သတ္တဝါတို့သည်သာ ပို၍များကုန်၏။ပ။ တိရစ္ဆာန်ဘဝ၌ ဖြစ်ကုန်သော သတ္တဝါတို့သည်သာ ပို၍ များကုန်၏။ပ။ ပြိတ္တာဘဝ၌ ဖြစ်ကုန်သော သတ္တဝါတို့သည်သာ ပို၍ များကုန်၏။ပ။

အဋ္ဌာရသမသုတ်။

## ၁၉-၂၁-တိရစ္ဆာနမနုဿနိရယာဒိသုတ်

၁၁၈၀-၁၁၈၂။ ရဟန်းတို့ ဤအတူပင် တိရစ္ဆာန်ဘဝမှ စုတေ၍ လူ့ဘဝ၌ ဖြစ်ကုန်သော သတ္တဝါတို့သည် နည်းပါးကုန်၏။ စင်စစ်အားဖြင့် တိရစ္ဆာန်ဘဝမှ စုတေ၍ ငရဲ၌ဖြစ်ကုန်သော သတ္တဝါတို့သည်သာ ပို၍များကုန်၏။ပ။ တိရစ္ဆာန်ဘဝ၌ ဖြစ်ကုန်သော သတ္တဝါတို့သည်သာ ပို၍ များကုန်၏။ပ။ ပြိတ္တာဘဝ၌ ဖြစ်ကုန်သော သတ္တဝါတို့သည်သာ ပို၍ များကုန်၏။ပ။

ဧကဝီသတိမသုတ်။

## ၂၂-၂၄-တိရစ္ဆာနဒေဝနိရယာဒိသုတ်

၁၁၈၃-၁၁၈၅။ ရဟန်းတို့ ဤအတူပင် တိရစ္ဆာန်ဘဝမှ စုတေ၍ နတ်ဘဝ၌ ဖြစ်ကုန်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊ စင်စစ်အားဖြင့် တိရစ္ဆာန်ဘဝမှစုတေ၍ ငရဲ၌ ဖြစ်ကုန်သော သတ္တဝါတို့သည်သာ ပို၍များကုန်၏။ပ။ တိရစ္ဆာန်ဘဝ၌ ဖြစ်ကုန်သော သတ္တဝါတို့သည်သာ ပို၍ များကုန်၏ ။ပ။ပြိတ္တာ ဘဝ၌ ဖြစ်ကုန်သော သတ္တဝါတို့သည်သာ ပို၍ များကုန်၏။ပ။

စတုဝီသတိမသုတ်။

## ၂၅-၂၇-ပေတ္တိမနုဿနိရယာဒိသုတ်

၁၁၈၆-၁၁၈၈။ ရဟန်းတို့ ဤအတူပင် ပြိတ္တာဘဝမှ စုတေ၍ လူ့ဘဝ၌ ဖြစ်ကုန်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊ စင်စစ်အားဖြင့် ပြိတ္တာဘဝမှ စုတေ၍ ငရဲ၌ဖြစ်ကုန်သော သတ္တဝါတို့သည်သာ ပို၍ များကုန်၏။ပ။တိရစ္ဆာန်ဘဝ၌ ဖြစ်ကုန်သော သတ္တဝါတို့သည်သာ ပို၍များကုန်၏။ပ။ပြိတ္တာဘဝ၌ ဖြစ်ကုန်သော သတ္တဝါတို့သည်သာ ပို၍များကုန်၏။ပ။

သတ္တဝီသတိမသုတ်။

http://www.dhammadownload.com



## ၂၈-၂၉-ပေတ္တိဒေဝနိရယာဒိသုတ်

၁၁၉၉-၁၂၀၀။ ရဟန်းတို့ ဤအတူပင် ပြိတ္တာဘဝမှ စုတေ၍ နတ်ဘဝ၌ ဖြစ်ကုန်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊ စင်စစ်အားဖြင့် ပြိတ္တာဘဝမှ စုတေ၍ ငရဲ၌ ဖြစ်ကုန်သော သတ္တဝါတို့သည်သာ ပို၍ များကုန်၏။ ရဟန်းတို့ ဤအတူပင် ပြိတ္တာဘဝမှ စုတေ၍ နတ်ဘဝ၌ ဖြစ်ကုန်သော သတ္တဝါတို့သည် နည်းပါးကုန်၏။ စင်စစ်အားဖြင့် ပြိတ္တာဘဝမှ စုတေ၍ တိရစ္ဆာန်ဘဝ၌ ဖြစ်ကုန်သော သတ္တဝါတို့သည်သာ ပို၍ များကုန်၏။ပ။

ကေူနတိံသတိမသုတ်။

---

## ၃၀-ပေတ္တိဒေဝပေတ္တိဝိသယသုတ်

၁၂၀၁။ ရဟန်းတို့ ဤအတူပင် ပြိတ္တာဘဝမှ စုတေ၍ နတ်ဘဝ၌ ဖြစ်ကုန်သော သတ္တဝါတို့သည် နည်းပါးကုန်၏၊ စင်စစ်အားဖြင့် ပြိတ္တာဘဝမှ စုတေ၍ ပြိတ္တာဘဝ၌ ဖြစ်ကုန်သော သတ္တဝါတို့သည်သာ ပို၍ များကုန်၏၊ ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း ဟူမူ—ရဟန်းတို့ အရိယသစ္စာတရား လေးပါးတို့ကို မမြင်ခြင်းကြောင့်တည်း။ အဘယ်လေးပါးတို့နည်း၊ ဆင်းရဲဟူသော အရိယာတို့၏ အမှန်တရား ဆင်းရဲဖြစ်ပေါ်ကြောင်းဟူသော အရိယာတို့၏ အမှန်တရား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) ဟူသော အရိယာတို့၏ အမှန်တရား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ဟူသော အရိယာတို့၏ အမှန်တရားတို့တည်း။

ရဟန်းတို့ ထို့ကြောင့် ဤသာသနာတော်၌ "ဤကား ဆင်းရဲတည်း"ဟု သိရန် အားထုတ်ရမည်၊ "ဤကင်း ဆင်းရဲဖြစ်ပေါ်ကြောင်းတည်း"ဟု သိရန် အားထုတ်ရမည်၊ "ဤကား ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)တည်း"ဟု သိရန် အားထုတ်ရမည်၊ "ဤကား ဆင်းရဲချုပ်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း"ဟု သိရန် အားထုတ်ရမည်။ မြတ်စွာဘုရားသည် ဤ တရားတော် ကို ဟောတော်မူ၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရား ဟောတော်မူသော တရားတော်ကို နှစ်လိုကုန်သည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူကြလေကုန်သတည်း။

တိံသတိမသုတ်။

**တဆယ့်တခုမြောက် ပဉ္စဂတိပေယျာလဝဂ် ပြီး၏။**

**တဆယ့်နှစ်ခုမြောက် သစ္စသံယုတ် ပြီး၏။**

# မဟာဝဂ္ဂသံယုတ် ပြီး၏။

http://www.dhammadownload.com

# မဟာဝဂ္ဂသံယုတ်ပါဠိတော် မြန်မာပြန်

## မှတ်သားဖွယ် အက္ခရာစဉ်


| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ အ ]** | |
| အကုသိုလ်နှင့် ကုသိုလ်ဖြစ်ရန် ရှေးသွား နောက်လိုက် တရားများ | ၁ |
| အခါမဲ့မိုးဥပမာ တရားဒေသနာ | ၄၉ |
| အင်္ဂတိုင်း | ၂၀၃ |
| အစိရဝတီမြစ် | ၃၄၊၄၀၇ |
| အဇပါလညောင်ပင် | ၁၅၀ |
| အဋ္ဌနတော | ၆၉ |
| အဇ္ဈတ္တိကာယတနခြောက်ပါး အရိယသစ္စာ | ၃၇၉ |
| အညစ်အကြေး သုံးမျိုး | ၅၆ |
| အင်္ဂုတ္တိုကမင်္ဂ အကျယ် | ၈ |
| အဋ္ဌိကသညာစသည် ပွါးများခြင်း အကျိုး | ၁၁၇ |
| အန္ဓဝန်တော | ၂၆၆ |
| အနာထပိဏ်သူဌေး | ၃၃၅ |
| အနာထပိဏ်သူဌေး မကျန်းမာစဉ် အသျှင်သာရိပုတြာ အသျှင် အာနန္ဒာတို့ ဟောသော တရားများ | ၃၃၅၊ ၃၃၉ |
| အနုရုဒ္ဓါ၊အသျှင် | ၁၅၇၊၂၅၉ |
| အနုသယခုနစ်မျိုး | ၅၉ |
| အပရိဟာနိယတရားခုနစ်ပါး | ၈၁ |
| အမ္ဗပါလိ သရက်ဥယျာဉ် | ၁၂၇၊ ၂၆၅ |
| အဘယမင်းသား | ၁၁၅ |
| အမတနှင့်အမတသို့ရောက်ကြောင်းလမ်းစဉ် | ၈ |
| အရိယာရဟန်းတို့ လူ့ဘောင်မလည်ပုံ (ဂင်္ဂါမြစ်ဥပမာ) | ၅၂ |
| အရိယာတို့ အမှန်တရားလေးပါး | ၃၇၇ |
| အရှက်တော်ဥပမာ အရိယသစ္စာ | ၃၉၃ |
| **[ အ ]** | |
| အရှေ့သို့ကိုင်းသော အိမ်ဥပမာ တရား ဒေသနာ | ၄၇ |
| အဝိဇ္ဇာ | ၁ |
| အဝိဇ္ဇာကိုခွဲဖောက်နိုင် မခွဲဖောက်နိုင် မဂ္ဂဘာဝနာ (သလေးစပါး ဥပမာ) | ၁၀ |
| အသိဉာဏ် 'ဝိဇ္ဇာ' လွတ်မြောက်မှု 'ဝိမုတ္တိ'တို့ကို ပြည့်စုံစေနိုင်သောတရား အဆင့်ဆင့်များ | ၆၉ |
| အသုဘကထာနှင့်စပ်သော အာနာပါ နဿတိကထာ(နွေရာသီရွာသော မိုးကြီးဥပမာ) | ၂၈၈ |
| အသောကရဟန်း | ၃၁၃ |
| **[ အာ ]** | |
| အာနန္ဒာ၊ အသျှင် | ၁၃၉၊ ၂၁၄၊ ၂၅၂၊ ၂၈၈ |
| အာနာပါနဿတိ၏ အကျိုးခုနစ်ပါး | ၂၇၅ |
| အာနာပါနဿတိနှင့် သတိပဋ္ဌာန် လေးပါး စပ်ယှဉ်ချက် | ၂၈၂ |
| အာပဏနိဂုံး | ၂၀၃ |
| အာယုသင်္ခါရလွှတ်ပုံ | ၂၃၃ |
| အာသဝသုံးမျိုး | ၅၅ |
| အာသဝကုန်ပြီး ရဟန်းသည် သာသနာတော်၌ တုပ်ဝပ်ခြင်း၏ အကြောင်း တရားများ | ၂၁၀ |
| **[ ဣ ]** | |
| ဣစ္ဆာနင်္ဂလရွာ | ၂၈၅ |
| ဣစ္ဆာနင်္ဂလတောအုပ် | ၂၈၅ |
| ဣန္ဒြေတရားများ(ဂင်္ဂါမြစ်ဥပမာ) | ၂၁၅ |

http://www.dhammadownload.com




အက္ခရာစဉ် — စာမျက်နှာ

[ ဣ ]

ဣန္ဒြေငါးပါး ဗိုလ်ငါးပါးတို့အကြောင်း ပရိယာယ်အားဖြင့် တူပုံ ကွဲပြား ခြားနားပုံ(ကျွန်းသောင်ရှိ မြစ်ဥပမာ) ၁၉၈
ဣန္ဒြေသုံးမျိုး ခြောက်မျိုး ၁၈၅၊ ၁၈၆
ဣန္ဒြေငါးပါး ဒေသနာများ ၁၇၅
ဣန္ဒြေငါးပါးတို့ ပြီးစီးပြည့်စုံခြင်းစသော အရိယာဖြစ်စဉ် ၁၈၁
ဣန္ဒြေငါးပါးကို အကျယ်ဝေဖန်ရာ ဒေသနာ ၁၇၈
ဣန္ဒြေငါးပါးတို့ကို စတုက္ကငါးမျိုးတို့၌ ရှုမှတ်ရပုံ ၁၇၇
ဣန္ဒြေငါးပါး ပွါးများရခြင်း၏ အကျိုး တရားများ ၂၁၃
ဣဒ္ဓိတစိတ်တဒေသကိုပြီးစေခဲ့သော သမဏ ဗြာဟ္မဏတို့ပွါးများခဲ့သော တရားများ ၂၂၅
ဣဒ္ဓိနှင့် ဣဒ္ဓိပါဒ်ထူးခြားပုံ ၂၄၄
ဣဒ္ဓိပါဒ်လေးပါးကို ပွါးများထားနိုင်က အာယုကပ် ပတ်လုံးဖြစ်စေ လွန်၍ ဖြစ်စေ တည်နေနိုင်ပုံ ၂၂၉
ဣဒ္ဓိပါဒ်လေးပါးကိုပွါးများသဖြင့် အဘိညာဉ်ခြောက်ပါး ပြီးစီးနိုင်ပုံ ၂၃၃
ဣဒ္ဓိပါဒ်ပွါးများပုံအကျယ် ၂၄၅
ဣဒ္ဓိပါဒ်ပွါးရန်လမ်းစဉ် (ဘုရားလောင်း အကြံအစည်) ၂၄၈
ဣဒ္ဓိ ဣဒ္ဓိပါဒ်နှင့် ဣဒ္ဓိပါဒ်ပွါးများခြင်း အထူး ၂၅၃
ဣဒ္ဓိပါဒ်ပွါးများမှုကြောင့်ရအပ်သော အကျိုးခုနစ်ပါး ၂၅၂
ဣဒ္ဓိပါဒ်ပွါးများမှုကြောင့် အသျှင်မဟာ မောဂ္ဂလာန် တန်ခိုးကြီးပုံ ၂၅၅
ဣသိပတန မိဂဒါဝုန်တော ၃၇၃

[ ဤ ]

ဤသိဒတ္တလက်သမား ၃၀၅
အိမ်အထွတ်ဥပမာ တရားဒေသနာ ၄၂

[ ဥ ]

ဥက္ကာစေလမြို့ ၁၄၆
ဥဏ္ဏာဘာပုဏ္ဏား ၁၉၇၊ ၂၄၀
ဥတ္တိယ၊ အသျှင် ၂၀၊ ၁၄၉
ဥဒါယီ၊ အသျှင် ၈၄
ဥဒေနစေတီ ၂၂၉
ဥဒ္ဓံဘာဂိယသံယောဇဉ်ငါးမျိုး ၆၁
ဥပဝါန၊ အသျှင် ၇၂
ဥပါသကာနှင့်စပ်သောအမေးအဖြေများ ၃၄၈
ဥပါဒါနက္ခန္ဓာငါးမျိုး ၆၀
ဥပါဒါနက္ခန္ဓာငါးမျိုးနှင့် အရိယသစ္စာ ၃၇၈
ဥပါဒါန် ဂန္ထလေးမျိုး ၅၉
ဥရုဝေလတော ၁၅၀
ဥရုဝေလကပ္ပနိဂုံး ၂၀၆
ဦးခေါင်း၌မီးလောင်သူဥပမာ အရိယသစ္စာ ၃၉၁

[ ဩ ]

ဩဃ ယောဂလေးမျိုး ၅၈
ဩရမ္ဘာဂိယသံယောဇဉ်ငါးမျိုး ၆၁

[ က ]

ကက္ကဋဥပါသကာ ၃၁၃
ကဏ္ဍကီတော ၁၅၇၊ ၂၆၂
ကပိလဝတ်ပြည် ၂၈၆၊ ၃၂၄
ကပိလဝတ်ပြည် စည်ပင်ဝပြောမှု စသည်တို့ကြောင့် သတိလွတ်ကင်း ပုံတို့ကို မဟာနာမ်လျှောက်ချက် ၃၂၄
ကပိလဝတ်ပြည်သို့ ကြွလာသော ရဟန်းအား မြတ်စွာဘုရားကျန်းမာ ကြောင်းကိုသာကီဝင်တို့မေးမြန်းကြပုံ ၃၆၀

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[က]** | |
| ကမ္ဘာမြေကြီးနှင့် ဆီးစေ့မျှရှိ ခဲခုနစ်လုံး | ၄၀၇ |
| ကာမဂုဏ်ငါးပါးနှင့် ပယ်စွန့်ရန်တရားများ | ၂၀ |
| ကာမဂုဏ်ငါးမျိုး | ၆၀ |
| ကာဠိဂေါဓာ သာကီဝင်မင်းသမီး | ၃၅၀ |
| ကိမိလ၊ အသျှင် | ၂၀၂ |
| ကိမိလမြို့ | ၂၀၂ |
| ကုက္ကုဋ္ဌာရုံကျောင်း | ၁၅၊၁၅၃ |
| ကုဏ္ဍလိယပရိဗိုဇ် | ၆၉ |
| ကောဋိရွာ | ၃၀၄ |
| ကောလိယတိုင်း | ၁၀၄ |
| ကောသလတိုင်း | ၁၃၀၊၂၀၅ |
| ကောသမ္ဗီပြည် | ၂၀၂၊၃၀၉ |
| ကောင်းကင်လေဥပမာ တရားဒေသနာ | ၄၉ |
| ကောင်းကင်သို့ ပစ်လွှင့်သော တုတ်ဥပမာ အရိယသစ္စာ | ၃၉၁ |
| ကောင်းခြင်းပြည့်ကြွယ် တိုင်းကြီးမယ် | ၁၅၂ |
| ကောင်းမှုအစု ကုသိုလ်အယဉ် မဟာ သမုဒ္ဒရာ ရေဥပမာ | ၃၅၃ |
| ကောင်းမှုအစု ကုသိုလ်အယဉ် လေးပါး | ၃၄၄၊၃၄၅ |
| ကိုယ်ချင်းစာတရားတော် | ၃၀၈ |
| ကိုယ်တုန်ခြင်း လှုပ်ခြင်းမရှိနိုင်သော သမာဓိ | ၂၇၇ |
| ကိုယ်မပင်ပန်းမှုစသောအကျိုးကို အလို ရှိသူတို့ အားထုတ်သင့်သောသမာဓိ | ၂၇၈ |
| ကျောက်စရစ်နှင့် မြင့်မိုရ်တောင် | ၄၀၅ |
| ကျောက်တိုင်ဥပမာ အရိယသစ္စာ | ၃၉၅ |
| ကြာရွက်ဥပမာ အရိယသစ္စာ | ၃၉၀ |
| ကွယ်လွန်သူ သာကီဝင်တဦးအား သောတာပန်ဟု မိန့်ကြားသဖြင့် ကဲ့ရဲ့ရှုတ်ချကြပုံ | ၃၂၉ |
| **[ခ]** | |
| ခံစားမှု(ဝေဒယိတ)၏အကြောင်း တရားများ | ၁၂ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ခ]** | |
| ချမ်းသာကြွယ်ဝသူ များသောစည်းစိမ် ဥစ္စာရှိသူများ | ၃၅၆ |
| ချောက်ကမ်းပါးဥပမာ အရိယသစ္စာ | ၃၉၇ |
| **[ဂ]** | |
| ဂင်္ဂါစသော မြစ်ကြီးငါးသွယ်ဥပမာ တရားဒေသနာ | ၃၃ |
| ဂင်္ဂါမြစ် | ၃၃၊၄၀၇ |
| ဂဝမ္ပတိ၊ အသျှင် | ၃၀၉ |
| ဂိဇ္ဈကုဋ်တောင် | ၁၁၅၊၃၉၇ |
| ဂေါဓာသာကီဝင် | ၃၂၆ |
| **[ဃ]** | |
| ဃောသိတာရုံကျောင်း | ၂၀၂ |
| **[င]** | |
| ငြောင့်သုံးမျိုး | ၅၆ |
| **[စ]** | |
| စကြဝတေးမင်း | ၉၂၊၂၉၉ |
| စကြဝတေးမင်း၏ ရတနာခုနစ်ပါး | ၉၂ |
| စကြဝတေးမင်းနှင့် အရိယာသာဝက နှိုင်းယှဉ်ချက် | ၂၉၉ |
| စာပါလစေတီ | ၂၂၉ |
| စေတတိုင်း | ၃၀၉ |
| စေတောဝိမုတ္တိနှင့် ပညာဝိမုတ္တိကို မျက်မှောက်ပြုကြသူတို့ ပွါးများခဲ့သော တရားများ | ၂၂၇ |
| စားတော်ကဲဥပမာ တရားဒေသနာ | ၁၃၅ |
| စိတ်၏မှီခိုရာစသည် တရားဒေသနာ | ၁၈၇ |
| **[ဆ]** | |
| ဆန္ဒကိုပယ်ရန် လမ်းစဉ်တရားများ | ၂၄၀ |
| ဆန္ဒ,ဝီရိယ,စိတ္တ,ဝီမံသာသမာဓိဖြစ်ပုံ | ၂၃၇ |
| ဆင်ခြေရာဥပမာ တရားဒေသနာ | ၄၂ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ဇ ] | |
| ဇနပဒကလျာဏီ | ၁၅၂ |
| ဇမ္ဗူ့သပြေပင် | ၂၁၄ |
| ဇာဏုဿောဏိပုဏ္ဏား | ၄ |
| ဇောတိကသူကြွယ် | ၃၀၁ |
| [ ည ] | |
| ဉာတိကရွာအုတ်ကျောင်း | ၃၁၂ |
| ညှဉ်းဆဲတတ်သော'နီဃ'တရားသုံးမျိုး | ၅၇ |
| [ တ ] | |
| တခုသောတရား'ကေဗမ္ဗ'များ | ၂၈ |
| တခုတည်းသောဣန္ဒြေကို အကြောင်းပြု၍ ငါ-ရဟန္တာဟု ပြောကြားနိုင်ပုံ | ၂၀၀ |
| တဏှာသုံးမျိုး | ၅၇ |
| တရားတမျိုးပွါးက တရားလေးမျိုး ပြည့်စုံပုံ | ၂၀၆ |
| တရားခုနစ်မျိုးပွါးက တရားနှစ်မျိုး ပြည့်စုံပုံ | ၂၀၈ |
| တရားလေးမျိုးပွါးက တရားခုနစ်မျိုး ပြည့်စုံပုံ | ၂၀၆ |
| တရားလေးမျိုးပယ်က တရားလေးမျိုးနှင့် ပြည့်စုံသောကြောင့် သောတာပန်ဟု မိန့်ဆိုပုံ | ၃၁၆ |
| တာဝတိံသာ၌ အသျှင်မဟာမောဂ္ဂလာန် ဟောသောတရားများ | ၃၂၀ |
| တိရစ္ဆာနကထာ | ၃၇၃ |
| တည်ရာ မှီရာရှိ မရှိစိတ်(အိုးဥပမာ) | ၁၉ |
| တည်ရာမြေကြီးဥပမာ တရားဒေသနာ | ၄၄ |
| တည်းခိုရာအိမ်ဥပမာ တရားဒေသနာ | ၅၁ |
| တန်ခိုးအာနုဘော်ကြီးကုန်သော သမဏဗြာဟ္မဏတို့ ပွါးများရသော တရားများ | ၂၄၂ |
| တောင်ထိပ်၌ရွာသွန်းသော မိုးကြီးဥပမာ တရားဒေသနာ | ၃၄၉ |
| [ ထ ] | |
| ထင်းရှူးပင်ကျောင်း | ၂၆၄ |
| ထောင်လွှားမှု'မာန'သုံးမျိုး | ၅၅ |
| [ ဒ ] | |
| ဒီဃာဝု ဉပါသကာ | ၃၀၁ |
| ဒုက္ခသုံးမျိုး | ၅၆ |
| ဒုဂ္ဂတိဘေးအားလုံးကို လွန်မြောက်နိုင်သူ | ၃၁၈ |
| [ ဓ ] | |
| ဓမ္မဒိန္နဉပါသကာ | ၃၆၁ |
| ဓမ္မစကြာတရားဒေသနာ | ၃၇၃ |
| ဓမ္မာဒါသတရားတော် | ၃၁၂ |
| [ န ] | |
| နဂါးဥပမာဗောဇ္ဈင်ခုနစ်ပါး | ၆၂ |
| နဂါးဉပမာတရားဒေသနာ | ၄၆ |
| နန္ဒကလိစ္ဆဝီအမတ်ကြီး | ၃၄၃ |
| နန္ဒိယပရိဗိုဇ် | ၁၁ |
| နန္ဒိယသာကီဝင် | ၃၅၁၊ ၃၅၇ |
| နာမကာယ ရူပကာယဖြင့် ဖြဟ္မာ့ပြည်သို့ ချဉ်းကပ်တော်မူပုံ | ၂၄၉ |
| နာဋ္ဌနွမြို့ | ၁၄၂ |
| နိဂြောဓာရုံကျောင်း | ၂၈၆၊၃၂၄ |
| နိဗ္ဗာန်သို့ ကေန်ရောက်နိုင်သော တရားများ | ၁၁ |
| နီဝရဏငါးပါး ဗောဇ္ဈင်ခုနစ်ပါးတို့ အကြောင်းတရားများ | ၆၂၊၉၅ |
| နီဝရဏငါးမျိုး | ၆၀ |
| နေအရုဏ်တက်ခြင်း ဥပမာ တရားဒေသနာ | ၂၆၊၇၄ |
| နေရဉ္ဇရာမြစ် | ၁၅၀ |
| နတ်တို့နှင့် တူသော အဘိုးရှိသူများ | ၃၄၈ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ပ ]** | |
| ပဥ္စဝဂ္ဂီရဟန်း | ၃၇၃ |
| ပစ္စည်းမဲ့သူနှင့် ကြွယ်ဝသူ | ၉၃ |
| ပဋိဘာနတောင်ထွတ် | ၃၉၇ |
| ပညာအားနည်းအောင်ပြုလုပ်တတ်သော တရားငါးပါး | ၈၈ |
| ပညာမဲ့၍ ဖျင်းအသူနှင့် ပညာရှိသူ | ၉၃ |
| ပညိန္ဒြေအမြတ်ဖြစ်ပုံ | ၂၀၆၊၂၀၈ |
| ပသေနဒီကောသလမင်း | ၃၀၇ |
| ပါဋလိပုတ်ပြည် | ၁၅ |
| ပါဝါရိကသရက်ဥယျာဉ် | ၁၄၂ |
| ပိဏ္ဍောလဘာရဒွါဇ၊အသျှင် | ၂၀၂ |
| ပုဏ္ဏားတို့ ပညတ်သော ကြီးပွါးကြောင်း တရားများ | ၃၁၆ |
| ပုဗ္ဗကောဋ္ဌကအရပ် | ၁၉၉ |
| ပုဗ္ဗာရုံကျောင်း | ၁၉၆ |
| ပုရာဏလက်သမား | ၃၀၅ |
| ပိုင်းခြားသိအပ်သော အရိယသစ္စာ စသည် | ၃၈၈ |
| ပင်လယ်ကသစ်ပင် | ၂၁၄ |
| ပြာသာဒ်ဆောင်အိမ်ဥပမာ အရိယသစ္စာ | ၄၀၀ |
| ပွါးများအပ်သော ဣန္ဒြေငါးပါးတို့ နိဗ္ဗာန်သို့ သက်ဝင်ဟန် ကိုယ်တွေ့ဒိဋ္ဌသိရပုံ | ၁၉၉ |
| **[ ဖ ]** | |
| ဖီလာစကား | ၃၇၃ |
| ဖောက်ခွဲတတ်သော(နိဗ္ဗေဓဘာဂိယ) လမ်းစဉ် | ၈၃ |
| ဖြစ်ရာဘဝသုံးမျိုး | ၅၅ |
| **[ ဗ ]** | |
| ဗဟုပုတ္တကစေတီ | ၂၂၉ |
| ဗာရာဏသီပြည် | ၃၇၃ |
| ဗာဟိယ၊အသျှင် | ၁၄၈ |
| ဗီဇဂါမ် ဘူတဂါမ် | ၄၆ |
| ဗိလုံးငှက်နှင့် သိန်းငှက်ဥပမာ တရားဒေသနာ | ၁၃၂ |
| ဗောဇ္ဈင်ခုနစ်ပါးကို အသျှင်သာရိပုတြာ ပွါးများနေနိုင်ပုံ (ပုဆိုးဥပမာ) | ၆၈ |
| ဗောဇ္ဈင်သုံးမျိုး(ကဿပ,မောဂ္ဂလာန, ဗုဒ္ဓ) | ၇၅ |
| ဗောဇ္ဈင်တရားတို့၏ အတွင်းအပ အင်္ဂါများ | ၉၄၊၉၅ |
| ဗောဇ္ဈင်ခုနစ်ပါး ပွါးများသင့်သောအခါ | ၁၀၂ |
| ဗောဓိပက္ခိယအဝင်အပါ ဣန္ဒြေငါးပါးတို့ အနက် ပညိန္ဒြေအမြတ်ဆုံးဖြစ်ပုံ (စန္ဒကူးနီဥပမာ) | ၂၀၈ |
| ဗောဓိပက္ခိယအဝင်အပါ (ခြင်္သေ့မင်း ဥပမာ) | ၂၀၅ |
| ဗိုလ်ငါးပါး (ဂင်္ဂါမြစ်ဥပမာ) | ၂၂၃ |
| ဗြဟ္မစရိယ၏ တရားကိုယ် | ၇ |
| ဗြဟ္မညနှင့် ဗြဟ္မညဖလစသည် | ၂၃ |
| ဗြဟ္မစရိယကျင့်သုံးခြင်း၏ အကျိုးတရားများ | ၂၄ |
| **[ ဘ ]** | |
| ဘဒ္ဒ၊အသျှင် | ၁၅၊၁၅၃ |
| ဘဒ္ဒိယသာကီဝင် | ၃၅၈ |
| ဘိက္ခုနီမတထောင်တို့အား ဟောသော တရားဒေသနာ | ၃၁၅ |
| ဘေးရန်ငါးပါးငြိမ်း၍ သောတာပန် အင်္ဂါလေးပါးနှင့် ပြည့်စုံသူ | ၃၄၂ |
| **[ မ ]** | |
| မကြံစည်သင့်,စိန္တာဆယ်မျိုးနှင့် ကြံစည်သင့် စိန္တာလေးမျိုး | ၃၁၇ |
| မကြံစည်သင့် ဝိတက်သုံးမျိုးနှင့် ကြံစည်သင့် ဝိတက်လေးမျိုး | ၃၇၁ |

http://www.dhammadownload.com




| အကြွရာစဉ် | စာမျက်နှာ |
|---|---|
| **[ မ ]** | |
| မစင်ကြယ် မဖြူစင်သူတို့ စင်ကြယ်ဖြူစင် စေရန် နတ်တို့ဉာဏ်ဖြင့် ရောက်အပ်သော 'ဒေဝပဒ'တရားလေးပါး | ၃၄၆၊၃၄၇ |
| မပြောသင့်သောစကားနှင့် ပြောသင့်သောစကား | ၄၇၂ |
| မမြတ်သောအကျင့်'အဗြဟ္မစရိယ'နှင့် မြတ်သောအကျင့်'ဗြဟ္မစရိယ' | ၁၅ |
| မလ္လတိုင်း | ၂၀၆ |
| မသိမမြင်ခြင်း၏ အကြောင်း အထောက်အပံ့ ရှိ မရှိ | ၁၁၅ |
| မဟာကပ္ပိနအသျှင် | ၂၇၇ |
| မဟာကဿပအသျှင် | ၇၅ |
| မဟာစုန္ဒအသျှင် | ၇၇၊၁၄၅ |
| မဟာနာမ်သာကီဝင်မင်း | ၂၀၆၊၃၂၄၊၃၄၀ ၃၅၀၊၃၆၂ |
| မဟာပရိဋ္ဌာဟရေဲ | ၃၉၉ |
| မဟာမောဂ္ဂလာန်၊ အသျှင် | ၇၆၊၂၃၀၊၂၅၅၊ ၃၂၀ |
| မဟာဝုန်တော | ၄၀၁ |
| မဟာသမုဒ္ဒရာ၌ သတ္တဝါတို့များပုံဥပမာ အရိယသစ္စာ | ၃၉၂ |
| မဟာသမုဒ္ဒရာရေနှင့် ရေနှစ်စက်သုံးစက် | ၄၀၀ |
| မဟီမြစ် | ၃၄၊၄၀၇ |
| မာနဒိန္နသူကြွယ် | ၁၆၀ |
| မိဂါရမာတာ'ဝိသာခါ'၏ ပြာသာဒ် ဆောင်တုန်လှုပ်ရကြောင်းတရားများ | ၂၃၀ |
| မိဂါရမာတာ ဝိသာခါ ပြာသာဒ် | ၁၉၆ |
| မိမိစကားကို လိုက်နာလိမ့်မည်ဟု ထင်မှတ်ရသူတို့အား ဆောက်တည်စေရမည့်တရား | ၃၁၉ |
| မိမိစကားကို လိုက်နာလိမ့်မည်ဟုထင်မှတ် ရသူတို့အား ဟောကြားရမည့်တရား | ၁၇၁ |
| မိမိကိုယ်ကိုသာ မှီခိုအားကိုးရန် ဟောပြအပ်သော ဒေသနာ | ၁၄၆ |
| **[ မ ]** | |
| မိမိအကျိုး သူတပါးအကျိုးတို့ကို ဟုတ်တိုင်းမှန်စွာ မသိခြင်း၏ အကြောင်းများ | ၁၁၀ |
| မာရ်မင်း၏ စစ်သည်ကို နှိမ်နင်းကြောင်း လမ်းစဉ် | ၉၂ |
| မိတ်ဆွေကောင်းရှိသည့် အဖြစ်သည် သာသနဗြဟ္မစရိယကို ထက်ဝက်အကျိုး ပြီးစေပုံ (အသျှင်အာနန္ဒာအမြင်) | ၂ |
| မိတ်ဆွေကောင်းရှိသည့် အဖြစ်သည် အားလုံးအကျိုးပြီးစေပုံ (အသျှင်သာရိပုတြာအမြင်) | ၃ |
| မြတ်သောအဘိညာဉ်နှင့်ပြည့်စုံခြင်း၏ အကြောင်းတရားများ | ၁၅၀ |
| မြတ်သော အဘိညာဉ်ရှိသူအဖြစ်သို့ ရောက်ကြောင်း အကျင့်များ | ၂၆၂ |
| မြတ်စွာဘုရား၌ မိမိယုံကြည်မှုကို လျှောက်ထားသော အကြောင်း စကားများ | ၃၂၆ |
| မြတ်စွာဘုရားသည် ဘုရားဖြစ်ပြီး နောက်၌လည်း အာနာပါနဿတိ ပွါးများပုံ | ၂၈၅ |
| မြတ်စွာဘုရားတရားတို့၌ ဆရာစား ချန်ထားခြင်း မရှိပုံ | ၁၃၇ |
| မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးနောက် သူတော်ကောင်းတရား ရှည်ကြာစွာ တည်ခြင်း, မတည်ခြင်း၏ အကြောင်းတရားများ | ၁၅၄ |
| မြတ်စွာဘုရား ပွင့်တော်မူသော အခါ၌သာဖြစ်ပေါ် နိုင်သောတရားများ | ၇၃ |
| မြတ်စွာဘုရားနှင့် အညတိတ္ထိယတို့၏ မေတ္တာစေတောဝိမုတ္တိစသည်တို့ ကွာခြားပုံ | ၁၀၄ |

http://www.dhammadownload.com



အက္ခရာစဉ် စာမျက်နှာ

[ မ ]


မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်ကို အသျှင်သာရိပုတြာက ဓမ္မာန္ဝယ ဉာဏ်ဖြင့်သိပုံ ၁၄၂

မြတ်စွာဘုရား ဥပမာရှိသောတရားများ ၄၀

မြတ်စွာဘုရားပွင့်တော်မူသောအခါ၌သာ ဖြစ်နိုင်သောတရားများ ၁၃

မြတ်စွာဘုရား အကြံတော်ကို သဟမ္ပတိ ဗြဟ္မာ မိမိကိုယ်တွေ့ဖြင့် ထောက်ခံပုံ ၂၀၉

မြတ်စွာဘုရား ကိုယ်ရေအဆင်းတော် ဆုတ်ယုတ်ပုံ အာနန္ဒာ လျှောက်ထားချက် ၁၉၆

မြတ်စွာဘုရား၌ ယုံကြည်မှု သဒ္ဓိန္ဒြေရှိ သူအား ကြွင်းဣန္ဒြေလေးပါးတို့ဖြစ်ပုံ ၂၀၃

မြတ်စွာဘုရား အရဟံ၊ သမ္မာသမ္ဗုဒ္ဓ မည်ခြင်းအကြောင်းများ ၂၂၇

မြစ်ကြီးငါးစင်းရေနှင့်နှစ်စက်မျှသောရေ ၄၀၇

မျောက်နှင့် မျောက်နှဲစေးဥပမာ တရား ဒေသနာ ၁၃၃

မြွှားပစ်အတတ်ဥပမာ အရိယသစ္စာ ၄၀၁

မှတ်သိပ်မှု'တသိန'တရားသုံးမျိုး ၅၈

မှားသောအကျင့် မိစ္ဆာပဋိပတ္တိနှင့် မှန်ကန်သောအကျင့် သမ္မာပဋိပဒါ ၁၇

မှောက်ထားသောအိုးဥပမာတရားဒေသနာ၄၇


[ ယ ]


ယမုနာမြစ် ၃၄၊၄၀၇

ယူဇနာငါးဆယ် အလျား၊အနံ၊ အစောက်ရှိရေကန်ကြီးနှင့် သမန်းမြက်ဖျားရှိရေ ဥပမာ တရားဒေသနာ ၆၄၀

ယင်းတိုက်တော ၃၈၉

ယင်းတိုက်ရွက်ဥပမာ တရားဒေသနာ ၃၈၉

ယောကျ်ားမြတ်ဟု ခေါ်ဆိုထိုက်ပုံ ၁၄၂


[ ရ ]


ရဟန်းပြုသူတို့၊ ကာလသုံးပါး၌ တောင့်တသောတရားများ ၃၆၈၊၃၆၉

ရာဇဂြိုဟ်ပြည် ၃၉၇

ရှာမှီးခြင်း'ဧသနာ'သုံးမျိုး ၅၃၊၂၁၉

ရှေ့တရားထူးထက်မြတ်သော နောက်တရားထူးကိုသိပုံ ၁၃၉

ရှားရွက်ဖက်ခွက်ဥပမာ အရိယသစ္စာ ၃၉၀

ရွှေ၏အညစ်အကြေးငါးမျိုးဥပမာ တရားဒေသနာ ၈၆


[ လ ]


လိစ္ဆဝီမင်းသားငယ်များ ၄၀၁

လူ့ဘောင် ကျဉ်းမြောင်းသည်ထက် ပို၍ကျဉ်းမြောင်းခြင်းတမျိုး ၃၀၅

လဲဝါဂွမ်းစိုင်နှင့် တံခါးဘိုင်ဥပမာ အရိယသစ္စာ ၃၉၄

လောကစိန္တာကိုကြံသူ ၃၉၆

လောကန္တရိက်ငရဲ၏အမိုက်မှောင် ၄၀၂

လောကီဗြဟ္မယာဉ်နှင့် လောကုတ္တရာ ဗြဟ္မယာဉ် ၄

လောကုတ္တရာသုညတနှင့်စပ်သော သုတ္တန်တို့သည် လူပုဂ္ဂိုလ်တို့ အတွက် မလွယ်ကူပုံ ၃၆၁

လောမသကံဘိယ၊ အသျှင် ၂၈၆

လက်ပံပင် ၂၁၅

လက်သည်းဖျားရှိ မြေမှုန့်နှင့် မဟာပထဝီမြေကြီးဥပမာ ၄၀၆

လိပ်ကန်း ဥပမာ တရား ဒေသနာ ၄၀၃

လှန်ချက်တရာ ဥပမာ အရိယသစ္စာ ၃၉၂


[ ဝ ]


ဝဇ္ဇီတိုင်း ၁၄၆၊ ၃၈၄

ဝိဟာရသုံးပါးနှင့် အာနာပါနဿတိ သမာဓိ ၂၈၆

ဝေဒနာသုံးမျိုး ၅၇

http://www.dhammadownload.com




အက္ခရာစဉ် — စာမျက်နှာ

[ ဝ ]

ဝေဒနိန္ဒြေတို့ ဖြစ်ပေါ်ပုံ သစ်သား
မီးဥပမာ ၁၉၃
ဝေသာလီပြည် ၁၃၇၊၂၀၀၊၄၀၁
ဝေဠုဒွါရပုဏ္ဏားရွာ ၃၀၀
ဝေဠုဝရွာငယ် ၁၃၇
ဝေဠုဝန်ကျောင်း ၇၅၊၇၆၊၇၇

[ သ ]

သက္ကတိုင်း ၂၀၆၊၃၂၄
သက္ကရနိဂုံး ၂
သခွတ်ပင် ၂၁၅
သဂ်ါရဝပုဏ္ဏား ၁၁၀
သတ္တမ္ဗစေတီ ၂၂၉
သတိပဋ္ဌာန်ပွါးနေသူ၏ စိတ်ကို
ဒုက္ခဝေဒနာတို့ မသိမ်းယူနိုင်ပုံ ၂၆၆
သတိပဋ္ဌာန်တရားများ ၁၂၇
သတိပဋ္ဌာန် ပွါးများသောရဟန်း
လူမထွက်ပုံ ၂၆၄
သတိပဋ္ဌာန်လေးပါး ပွါးများသူသည်
စက်ဆုပ်ဖွယ်အာရုံတို့၌ နိုင်နင်းစွာ
ထားနိုင်ပုံ ၂၅၉
သမ္မပ္ပဓာန်တရားများ (မြေကြီးဥပမာ)
ဂင်္ဂါမြစ် ဥပမာ ၂၁၀၊၂၁၉
သမာဓိပွါးသောရဟန်း တယောက်တည်း
ကိန်းအောင်းသော ရဟန်းတို့
သိရသောတရားများ ၃၆၀
သမုဒ္ဒါကူး ကြိမ်ချုပ်လှေ ဥပမာ
တရားဒေသနာ ၅၀
သရဏာနိသာကီဝင် ၃၂၉
သရဘူမြစ် ၃၄၊၄၀၇
သလေးစပါး ဥပမာ တရားဒေသနာ ၄၀
သဟမ္ပတိဗြဟ္မာ ၁၅၁၊၁၆၀၊၂၀၉
သဟဇ္ဇနိကမြို့ ၃၀၉
သာကေတမြို့ ၆၉၊၁၅၇၊၁၉၀
သာမညနှင့်သာမညတ္ထ ၂၃



အက္ခရာစဉ် — စာမျက်နှာ

[ သ ]

သာမညနှင့် သာမညဖလ ၂၂
သာရန္ဒဒစေတီ ၂၂၉
သာရိပုတြာ ပရိနိဗ္ဗာန်စံသည်နှင့်
စပ်၍ဟောတော်မူပုံ ၁၄၅
သာရိပုတြာ၊အသျှင် ၃၊၆၀၊၁၄၅၊၂၁၀၊၃၀၃
သာလပုဏ္ဏားရွာ ၁၃၀၊၂၀၅
သာသနဗြဟ္မစရိယကို ကျင့်သုံးရခြင်း၏
အကျိုးနှင့်လမ်းစဉ် ၆
သာဠှရဟန်း ၃၁၂
သိရိဝဍ္ဎသူကြွယ် ၁၅၀
သီလစသော တရားငါးမျိုး ပြည့်စုံသော
ရဟန်းတို့အား ဖူးမြော်ရခြင်း
စသည်တို့၏ ကျေးဇူးများ ၆၅
သုတနု မြစ်ကမ်း ၂၆၂
သုမာဂဓ ရေကန် ၃၉၆
သုမ္ဘတိုင်း ၀၄၊၁၅၁
သူကရခတလိုဏ် ၂၁၀
သူတော်ကောင်းတရား ဆုတ်ယုတ်
ကြောင်း မဆုတ်ယုတ်ကြောင်း
တရားများ ၁၅၅
သူယုတ်မာနှင့် သူတော်ကောင်း ၁၀
သေခပုဂ္ဂိုလ် အသေခပုဂ္ဂိုလ် ဖြစ်ကြောင်း
တရားများ ၁၅၇
သေခပုဂ္ဂိုလ်ဖြစ်ကြောင်းတရားများ ၁၃
သေတကနိဂုံး ၀၄
သေဒကနိဂုံး ၁၅၁
သောတ သောတာပန္န အထူး ၃၀၄
သောတာပန်ဖြစ်ကြောင်းတရားလေးပါး ၃၀၄
သောတာပတ္တိ အင်္ဂါလေးမျိုး၌တည်၍
ဝိဇ္ဇာဘာဂိယ တရားခြောက်မျိုး
ပွါးများရပုံ ၃၀၁
သံသရာ ဟူသော ဤဖက်ကမ်းမှ
ထိုဖက်ကမ်းသို့ ကူးရန်တရားများ ၂၂၊၂၂၄

http://www.dhammadownload.com




| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| [ သ ] | |
| သက်သာရာရစေသော တရား လေးပါးနှင့် ငါးကြက်မှုဆယ်ပါးကို စွန့်လွှတ်ရန် တရားများ | ၃၆၂ |
| သစ်ပင်ငယ်တို့ကို လွှမ်းမိုးပေါက်ရောက်တတ်သော သစ်ပင်ကြီး ဥပမာ တရားဒေသနာ | ၉၀ |
| သိန်းနှင့် ဗီလုံးငှက် | ၁၃၂ |
| [ ဟ ] | |
| ဟာလိဒ္ဒ ဝသနနိဂုံး | ၁၀၄ |
| ဟိမဝန္တာတောင်နှင့် မုန်ညင်းစေ့မျှရှိ ခဲခုနစ်လုံးဥပမာ တရားဒေသနာ | ၄၀၉ |

http://www.dhammadownload.com

# ပန်းတိုင်

ပဋိဝေဓ (ထိုးထွင်းသိ) ပန်းတိုင်သို့

မျက်မှောက်ပြုနိုင်ရန်

ပရိယတ္တိ (စာသိ)နှင့် ပဋိပတ္တိ (ကျင့်သိ)

ဟူသော အကျင့်နှစ်ဖြာစလုံး ကို

ယှဉ်တွဲကျင့်သုံး

သာသနာပြုကြပါစို့ ...

http://www.dhammadownload.com

# မြင့်မြတ် ပုဂ္ဂိုလ်

# (NOBLE PERSON)

လောကီ နှင့် လောကုတ္တရာ အတွက်

မိမိ အကျိုး နှင့် အများ အကျိုးရှိအောင်

ဆောင်ရွက်သူသည်သာလျှင်

အနှစ်ပြည့်ဝဆုံးသော

အအောင်မြင်ဆုံးသော

အမြင့်မြတ်ဆုံးသော... ပုဂ္ဂိုလ်